
ဒေါက်တာ ရှိတ်အဗ္ဗဒူရာမန်

၏

# တစ်ထောင့်တစ်ည ပြောရသော ပသီပုံပြင်ဝတ္ထုကြီး

မူရင်း



မြန်မာပြည်တွင်
အာရေဘီရန်နိုက်ကို
ပထမဆုံး မြန်မာပြန်ဆိုထားသော

## ဒေါက်တာ ရှိတ်အဗ္ဗဒူရာမန်
## ၏

# တစ်ထောင့်တစ်ည ပြောရသော
# ပသီပုံပြင် ဝတ္ထုကြီး

## မူရင်း

## ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက် ပေးကြသော ဦးကျော်လင်း (ဓမ္မာစရိယ၊ ပါဠိပါရဂူ)၊ ဦးအောင်ညွှန့် (ဓမ္မာစရိယ)၊ ဦးသန်းဆွေ၊ ဦးမျှားနီ တို့အား လည်းကောင်း၊ ကွန်ပျူတာစာစီပေးသော မောင်မျိုးနှင့်အဖွဲ့အား လည်းကောင်း၊ ပန်းချီ လင်းဝဏ္ဏ၊ ကိုစိုးစံတို့အား လည်းကောင်း၊ ခင်ချိုထွန်းစာပေတိုက်မှ ကျေးဇူးအထူး တင်ရှိပါ ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဦးသိန်းထွန်း**

**ခင်ချိုထွန်းစာပေ**

**အမှတ်(၈၆)၊ ၃၇ လမ်း၊ ရန်ကုန်မြို့။**

**စီစဉ်သူ**
ဦးသိန်းထွန်း
ခင်ရှိုထွန်းစာပေ
**မျက်နှာဖုံးပန်းချီ** - လင်းဝဏ္ဏ
**အုပ်ရေ** - ၁၀၀၀
**ထုတ်ဝေသည့်ကာလ** - ၂၀၁၂ ခုနှစ်၊ ဇွန်လ
**အကြိမ်** - ဒုတိယအကြိမ်
**တန်ဖိုး** -

**(မြဝတီမဂ္ဂဇင်းမှ)**

## တို့ဗမာမူစလင်ကြီးများ၏ လက်ရာများ

### သီရိပျံချီ ဦးသာမြတ် ရေးသည်

ဘာသာပြန်ဝတ္ထုကြီးများနှင့် စပ်လျဉ်း၍ ကျွန်တော့်စာအုပ်စင်မှ တို့ဗမာမူစလင် စာရေးဆရာကြီးများ၏ လက်ရာများကို စာပေလောကအတွက် ဝမ်းမြောက်စွာ ဖော်ပြ ရေးသားပေအံ့။

မြန်မာစာ ဝါသနာထုံသော သူအချို့တို့သည် ပြင်သစ်စာရေးဆရာကြီး အလက်ဇန္ဒာ ဒျူမား၏ (The Count of Monte Cristo) ဝတ္ထုကိုမှီး၍ ပညာရှင် ဦးလှကျော် (James Hla Gyaw) ဘာသာပြန်ထားသော "မောင်ရင်မောင်-မမယ်မ" ခေါ် မြန်မာဘာသာ ဝတ္ထုအဖြစ် အသိအမှတ်ပြုကြပါသည်။ ယင်းဘာသာပြန် ဝတ္ထုကို ၁၉၀၄ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေဖြန့်ချိ၏။

(၁) ကိုရင်မောင်-မမယ်မဝတ္ထုထက် ၁၅ - နှစ်စော၍ ပုံနှိပ်ထုတ်ဝေသော "ဟာတင်တာယီဝတ္ထုတော်ကြီး"

(၂) ခုနှစ်သက္ကရာဇ်တူ (၁၉၀၄ ခု) ရေးသားပုံနှိပ်ထုတ်ဝေသော "ယူဆွတ်ဖို့လိုင်ခါ မင်းသမီး မင်းသား ဇာတ်နိပါတ် ဝတ္ထုတော်ကြီး" နှင့်

(၃) "တစ်ထောင့်တစ်ည ပြောရသော ပသီပုံပြင်ဝတ္ထုကြီး" (၁၉၀၉ ခုနှစ်ထုတ်) ကို တို့ဗမာမူစလင် စာရေးဆရာကြီးများ၏ လက်ရာများအဖြစ် လူသိနည်းပါးသည့်အပြင် စာပေလောကတွင် ဘာသာပြန်ဝတ္ထုများအဖြစ် ထင်ရှားသင့်သလောက် မထင်ရှားခဲ့သည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပေသည်။

ယင်းဘာသာပြန် ဝတ္ထုသုံးအုပ်၏ အတ္ထုပ္ပတ္တိကို အကျဉ်းအားဖြင့် ဖော်ပြရေးသား လိုပါသည်။ "ဟာတင်တာယီဝတ္ထုတော်ကြီး" ကို မော်လမြိုင်မြို့ဇာတိ ရန်ကုန်မြို့ သံဖြူတန်း

ရပ်နေ မူဟာမ္မက်အီဆွတ်၏သား မူဟာမ္မက်ရှုံရှုဒင်၊ မြန်မာအခေါ် စာရေးမောင်ဘိုးခင်သည် ဟိန္ဒီ၊ ကလယ်ဘာသာ စာအုပ်များမှ မြန်မာဘာသာသို့ မူရင်းအတိုင်း ပြန်ဆိုရေးသားကြောင်းကို မျက်နာဖုံးတွင် ဖော်ပြထားပါသည်။ ဦးထွန်းငြိမ်းအဘိဓာန်အရွယ် စာမျက်နှာ ၅၂၀ ရှိ၏။ "၁၂၅၁ ခု၊ နယုန်လဆုတ် ၁ ရက်၊ ၁၈၈၉ ခု၊ ဇွန်လ ၁၃ ရက်၊ ၅ တေးနေ့တွင် ၎င်း ဟာတင်တာယီ ဝတ္ထုတော်ကြီးကို စက်တင်ပုံနှိပ်၍ ပြီးဆုံးခြင်းသို့ ရောက်လေသတည်း" ဟု ဝတ္ထုအဆုံးတွင် ရေးထား၏။ ယင်းစာအုပ်ကို ရန်ကုန်မြို့ ဟံသာဝတီ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၏။ ဤဝတ္ထုစာအုပ်ကြီး၌ ထီးသုံးနန်းသုံး စကားလုံးများ ကြွယ်ဝလှသဖြင့် ကျွန်တော့်အတွက်ကား ဖတ်ရှု၍ မငြီးနိုင်ချေ။ ကျွန်တော် (၁၆) နှစ်သားအရွယ်တွင် ဟိန္ဒီပုံပြင် ဝတ္ထုများကို ကောင်းစွာ ဖတ်တတ်သောအခါ တို့ဗမာမူစလင် ကျေးဇူးရှင် ဆရာ အဗ္ဗဒူလာက ဤဘာသာပြန် ဝတ္ထုကြီးနှင့် ယှဉ်တွဲ၍ ဟိန္ဒီဘာသာပြန် ဟာတင်တာယီဝတ္ထုကြီးကို အဓိပ္ပါယ်ဖော်ပြ သင်ကြားပေးသဖြင့် ကျွန်တော်၏ တစ်သက်တာတွင် မမေ့နိုင်သော စာအုပ်ဖြစ်ပါသည်။ ဤစာအုပ်ကို စိတ်ဝင်စားလှသဖြင့် အူရဒူ (Urdu) ဘာသာကိုလည်း တတ်မှန်းမသိ ဖတ်တတ်သွားချေတော့သည်။ ဤအဖြစ်ကို ကြို့ပင်ကောက်မြို့နှင့် ပြည်မြို့ ကျောင်းနေဖက်များ (ဒဂုံဇေယျခေါ် ဦးယောအပါအဝင်) သိကြပါ၏။ ကိုယ်ရည်သွေးရာရသဖြင့် သည်းခံ ဖတ်ရှုရန် တောင်းပန်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤဝတ္ထုကြီး၏ "စာပေရသ" ခံလိုလျှင် ဟိန္ဒီဘာသာ တတ်ကျွမ်းရုံမျှနှင့် မပြီးဘဲ အာရဗီနှင့် အူရဒူအရေးအသား အက္ခရာများ တတ်ကျွမ်းရန် အလွန်လိုပါသည်။ ဤဝတ္ထုကြီးများကို မူရင်း အာရဗီဖာရစီ (ပါသျှန်ခေါ် ကုလားနီ) ဘာသာနှင့် ရေးသားထားသော စာအုပ်များမှ တစ်ဆင့် ဟိန္ဒီနှင့် အူရဒူ ဘာသာဖြင့် ပြန်ဆိုရကြောင်းကို ကုန္ဒိယစာပေလောက၌ ထင်ရှားပါသည်။

(၂) ၁၉၀၄ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသော "ယူဆွတ်ဇိုလိုင်ခါမင်းသမီး မင်းသား ဇာတ်နိပါတ် ဝတ္ထုတော်ကြီး" ကို မန္တလေးသား ဦးကာစင် ရေးသည်ဟု အဆိုရှိသည်။ ကျွန်တော်အမှန်မသိပါ။ ဤဝတ္ထုအဆုံး၌ "၁၂၆၆ ခု သီတင်းကျွတ် လဆန်း ၁၄ ရက် ယူစွတ်ဂံဗရ်နှင့် ဇိုလိုင်ခါမိဖုရားအကြောင်းကို မို့စ်လ်မန် ယောက်ျားမိန်းမတို့၌ ဖတ်ရှုတ်စေရန် စီကုံးရေးသားခြင်းသည် ဤတွင်ရွေ့ အပြီးသတ်ပါသည်။ နောင်လာ အမျိုးသားတို့ မှတ်သား ကုန်စေသတည်း" ဟု ရေးသားထား၏။ စာမျက်နှာ ၁၅၅ ရှိပါသည်။ ဤဝတ္ထုစာအုပ်ကို မန္တလေးမြို့ ၈၃ ကုန်သည်လမ်း တိုက်တန်းရပ် တိုက်နံပါတ် ၄၀ မောင်ကာစင်ထံ စာပေး

မှာထားပါက စာတိုက်က ပို့ပါမည်။ စာအုပ်မူပိုင်စာအုပ်ရှင် (မသက်တင်နှင့် မဖုန်းခင်) (ZABUMYETMHANPRESS) ဟု မျက်နှာဖုံးအောက်ပိုင်းတွင် ရေးထား၏။

(၃) "တစ်ထောင့်တစ်ညပြောရသော ပသီပုံပြင်ဝတ္ထုကြီး"ကို ၁၉၀၉ ခုနှစ်တွင် ဗိလတ်ပြန်ဘွဲ့ရ ခရိုင်ဆရာဝန်ကြီး ရှိတ်အဗ္ဗဒူရာမန် (Dr.S.A, Rahman) ရေးသား ပုံနှိပ်ထုတ်ဝေသည်။ ဝတ္ထုကြီးကို အတွဲပေါင်းနှစ်ဆယ် ရေးရ၏။ တစ်အုပ်လျှင် စာမျက်နှာ ၁၀၀ ကျော်ခန့်ရှိသည်။ ကျောင်းသုံးစာအုပ် ဖြစ်ခဲ့ဖူးကြောင်းကိုလည်း ကြားသိရပါ၏။ ဤစာရေး ဆရာကြီး ဆရာဝန်ကြီး ဒေါက်တာရာမန်သည် နိုင်ငံကျော်ရုပ်ရှင်မင်းသားကြီး ဒဂုန်ပ ဦးဘတင်၏ မွေးသဖခင် ကျေးဇူးရှင်ဖြစ်ပါသည်။

ဤမင်းသားကြီးသည် ကျွန်တော်တို့နှင့်အတူ က,ဘက်ဖြစ်သည့်အပြင် ရန်ကုန်အစိုးရ ကောလိပ် (ယခုယူနီဗာစီတီကောလိပ်) တွင် ကျောင်းသား အဖြစ်နှင့် ရှေးဦးစွာ ပြဇာတ် မင်းသားအဖြစ် ကပြပါသည်။ ပထမရှေးဦးစွာ ၁၉၁၇ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ဂျူဗလီရုံတွင် ပြဇာတ်ကို ကောလိပ် ကျောင်းသားများသည် ကပြသဖြင့် ရန်ကုန်မြို့တော်၏ အသည်းစွဲများ ဖြစ်ခဲ့ဖူးပါ၏။ ဤကား စကားချပ်တည်း။ ဆရာဝန်ကြီး၏ အရေးအသားသည် ညက်ညော ပြေပြစ်လှပါ၏။

"နိဒါန်းကို မဖတ်က ရုပ်လုံးမပေါ်မည်ဖြစ်၍ ဖတ်ရှုကြရန် တောင်းပန်လိုပါသည်။ သက္ကရာဇ် ၁၂၇၀ ပြည့် နယုန်လအတွင်း ပုံနှိပ်ပြီးစီးသည်။ စာအုပ်ရေ ၁၀၀၀၊ ရန်ကုန်မြို့ ၂၅ လမ်း၊ စာဆိုတန်း တိုက်နံပါတ် ၄၉၊ ကဝိမျက်မှန် စာပုံနှိပ်တိုက်" ဟု မျက်နှာဖုံးအောက်ပိုင်းတွင် ရေးသားပုံနှိပ်ထား၏။

မျက်မှောက်ခေတ် စာရေးဆရာများ ဝေဖန်သုံးသပ်ဖတ်ရှုရန်အလို့ငှာ အထက်ဖော်ပြပါ တို့ဗမာမူစလင် စာရေးဆရာကြီးသုံးဦး၏ လက်ရာများကို အသီးသီး အသကအသက ဖော်ပြ ရေးသားပါသည်။

## (၁) ဟာတင်တာယီ ဝတ္ထုတော်ကြီးမှ ကောက်နုတ်ချက်

"လောကဓာတ်ဟု၊ ပညတ်ရိုက်ကူး၊ ရှေးလွန်ဦး၌၊ အထူးစဉ်လာ၊ ဓမ္မတာဖြင့်၊ ကမ္ဘာကို ရေအားကြီးစွာ၊ လွှမ်းမိုးသောအခါဝယ်၊ သမုဒ္ဒရာအပြင်၌ ဘုရားသခင်၏ တမန်တော်ဖြစ်သော (နဘီနူဟူအာလေဟစ်ဆလံသခင်) အရှင်မြတ်နှင့် အတူတကွ၊ ညီမျှသော စိတ်မနောဖြင့်၊

သဘော်ာထက်တွင် ဆောင်တင်ယူလာသော သားတော်မြတ်အမှန် (ရှမ်) (ဟာမ်)နှင့် (ဟာဖွယ်) ဟူသော သားတော်မြတ်သုံးပါးတို့က ဆင်းကွဲသက်လာတော်မူသဖြင့် ကြည်ဖြူနှစ်သက်ဖွယ်သော ဂုဏ်အလုံးစုံသော ဈာန်ဉာဏ်တော်အပေါင်းတို့အား သနားကြင်နာတော်မူသော ကရုဏာတော်စွဲသဖြင့် ငရဲ၏ အတွင်းမှ ချမ်းသာခြင်း ရလေအောင် ရွက်ဆောင်ကယ်တင်လိုသော စေတနာနှင့် ကောင်းစွာပြည့်စုံတော် မူသော (နဘီမူဟမ္မက်) သခင်အား ဘုရားကိုယ်တော်မြတ်၏ တမန်တော်အရာနှင့် ဘွဲ့နာမံတံဆိပ် ခတ်နှိပ်ထွန်းပစွာ ဖွားမြင်လာသော အာရဘီတိုင်းခရိုင် နိုင်ငံကြီးအတွင်း၌ ရွာသွန်းခြင်းဟုဆိုအပ်သော မိုးလေဝသမှစ၍ ခပ်သိမ်းသော အကြောင်းအရာတို့ဖြင့် ကောင်းစွာ စည်ပင်လျက်ရှိသော ယမံပြည်ကြီးကို စည်ထီးနှင့်တကွ အုပ်စိုးစံပါယ်တော်မူသော ဘုရင်သည်ကား (တာယီ) အရှင်ဘုရင်မင်းမြတ်ဖြစ်သတည်း။ ထိုသို့အုပ်စိုးတော်မူသော မိမိ၏ တိုင်းခရိုင်တွင် နေထိုင်ပျော်ပိုက်သူအပေါင်းတို့နှင့်တကွ များလှစွာသော စစ်သည်ဗိုလ်ပါ ရိပ်သာခြွေခံ မိဿံမောင်းမပေါင်းဆသီးသီး မှူးကြီးမတ်ရာ သေနာပတိ အစရှိသော သူဌေးသူကြွယ် သွယ်သွယ်စုံစီကုန်သည် လယ်လုပ်တို့မှစ၍ များလှစွာသော ပြည်သူလူအပေါင်းတို့အား ရင်ဝယ်သားကဲ့သို့ သနားပိုက်ထုပ် စိုးအုပ်ကြည့်ရှုတော်မူသဖြင့် ကြည်ဖြူစေတနာ သဒ္ဓါဝံ့ရဲ စွန့်ကြဲပေးကမ်းလှူဒါန်းချီးမြှင့် မင်းကျင့်တရား ဆယ်ပါးညီမှု ပြည်သူပြည်သားတို့၏ စိတ်ဒွိဟ မရှိရဘဲ နည်းလှစွာသော အလိုဖြင့် လူတစ်ကိုယ်လျှင် တစ်သပြာကျ ဤမျှသာ ကောက်ခံယူ ခွဲလျက်သူရဲသူခက် လက်နက်ကိုင်အများတို့၏ စားနပ်ရိက္ခာ အရာရာသော လက္ခဏ်ကျွေးတို့ကို ပေးစေတော်မူပြီးမှ ကြွင်းသမျှသော ဥစ္စာတို့ကို ဘဏ္ဍာတော်ဟူ၍ ပြုလုပ်စေသည်။ ထိုသို့ပြုလုပ်၍ထားသော ရတနာ ဘဏ္ဍာတော်များကို တစ်စုံတစ်ယောက်အားမျှ ကွက်ကျားဝန်တိုမနာလိုသောစိတ် မရှိကြားဘဲ များစွာသောလူတို့ပင် ကြည်ဖြူညီမျှ သဘောကျလျက်ပြည်မခရိုင် နိုင်ငံထီးနန်းတို့ကို သိမ်းမြန်းစိုးစံတော်မူသည်ကာလ ဘထွေးတော်မင်းတရား၌ ဖွားမြင်တော်မူသော သမီးတော်တစ်ပါးကို ယောက်ျားဆို၍ မတွေ့မမြင်စေရ၊ မိန်းမအစောင့်အရှောက်တို့နှင့်သာ လုံခြုံစွာထိန်းသိမ်းလျက် မတိမ်းမပါး ရွယ်ရောက်ကြားကငါးပါးသော ကောင်းခြင်းတို့နှင့်တကွ လှယဉ်ကျေးစွာ မင်းသမီးနှင့် မြှောက်ချီးပဋ္ဌင် သဘင်ပွဲလမ်း မင်းခမ်းမင်းနား ဆန်းပြား ကြီးကျယ်စွာ ကျင်းပရွက်ဆောင်သဖြင့် မောင်လှယ်နမလှယ်

နင်းအပ်၍ လက်ထပ်တော်မူပြီးသည်မှ ကာလမြင့်ရှည် ချမ်းကြည် အေးငြိမ်းစွာ စံပွာယ်တော်မူသတည်း။" (အပိုဒ် ၁)။

**မှတ်ချက်။** ။ သီပေါမင်းတရား ပါတော်မူပြီးနောက် လေးနှစ်ခန့် ကြာတွင် ရေးသားသော ဘာသာပြန်ဝတ္ထုဖြစ်သဖြင့် ထီးသုံးနန်းသုံး စကားများနှင့်တကွ ကဗျာလင်္ကာဆန်ဆန် ရေးသားထားသော စာမူဖြစ်ကြောင်း မှတ်သားရာသည်။

## (၂) "ယူဆွတ်ဇို့လိုင်ခါ မင်းသမီးမင်းသား ဇာတ်နိပါတ်ဝတ္ထုတော်ကြီးမှ ကောက်နုတ်ချက်"

### ပထမ ဇို့လိုင်ခါမင်းသမီး အိပ်မက်မြင်ခန်း

(၁) လွန်ခဲ့ပြီးသော ဇမာနာ ချိန်အခါကာလ၌ နိုင်ငံသီးခြား အာရပ်ဇာတ်စတန်တွင် (ထို့ငှမွတ်စ) အမည်ရှိသော ဧကရာဇ်မင်းဖျားသည် မင်းကျင့်တရား ဆယ်ပါးနှင့်ညီညွတ်စွာ စည်ထီးခရိုင် နိုင်ငံနှင့်တကွ စိုးစံအုပ်ချုပ် မင်းလုပ်၍ ရှိနေတော်မူသောအခါ သမီးတော်တစ်ပါး ဇို့လိုင်ခါဟုနာမံထား ထွန်းကားတော်မူကုန်၏။ ထိုသမီးတော်မြတ်လည်း ဖြူခြင်း၊ မည်းခြင်း၊ နိမ့်ခြင်း၊ မြင့်ခြင်း၊ ဆူခြင်း၊ ကြုံခြင်းဟုဆိုအပ်သော အပြစ်ခြောက်ပါးနှင့်လွတ်ကင်းလျက် အရွယ်ကောင်းခြင်း၊ ဆံကောင်းခြင်း၊ အသံကောင်းခြင်း၊ အရိုး၊ သွားကောင်းခြင်း၊ အသားကောင်းခြင်းဖြင့် ကောင်းခြင်းငါးဖြာမှပြည့်စုံ၍ ဂုဏ်ရှိန်လျှံပ၊ ပုဏ္ဏမိန်စန္ဒကဲ့သို့ (အရပ်) လူမျိုးတို့တွင် ထင်ရှားခြင်းရှိရကား ခမည်းတော်မင်းဖျားလည်း သနားချစ်ခင် မနောမယ ကျောက်ပတ္တမြားကို ထောက်ထားခါ ရှုဆင်ယင်သကဲ့သို့ ရုပ်သွင်ယုယ ရှုမဝလျက် တုပမရှိ ယုယတော်မူဘိ၍ ဇာတိထပ်ဘွား ထိပ်စုနတ်မြတ်ဖျားဟု ကိုးပါးသော နဝရတ်၊ ဆယ်ပါးသောရတနာ မွမ်းမံရာတင့်ဆန်းလျက် တစ်ပင်တိုင်မြနန်းနှင့် စံမြန်းစေသည်တွင် အထိန်းတော်၊ အချီတော်၊ အချော့တော်၊ အကြီးတော် ရံရွေတော်မည်မှဲ့လျက် ဝဲလှဲ့ယာလှဲ့ အပျိုတော်ယိမ်းဖွဲ့၍ မိန်းမငယ်လက်ပါးစေ အပါးတော်တွင် ခစားလိုရှိရာ ပျော်ပါလေဟု မိန့်ရွှေခွန်းပြန် သမီးတော်မြတ် ဇို့လိုင်ခံကို တင့်စံရန် နန်းဘွားမှ မင်းခမ်းမင်းနားဖြင့် မြှောက်စား၍ ရှိနေလေသတည်း။ ။ (အပိုဒ် ၁)။

**မှတ်ချက်။** ။ အထက်တွင်ဖော်ပြပါ ဟာတင်တာယီ ဝတ္ထုတော်ကြီးနှင့် အရေးအသား အသုံးအနှုန်းဖွဲ့ပုံတူပါသည်။ ဤခေတ်တွင် ရေးပုံရေးနည်းကို နှိုင်းယှဉ်ကြည့်ရာ

သည်၊ သီပေါမင်းတရား ပါတော်မူပြီးနောက် (၁၉) နှစ်ခန့်အကြာတွင် ရေးသားသော ဘာသာပြန်ဝတ္ထုဖြစ်ပါသည်။

**(၃) တစ်ထောင်နှင့်တစ်ညပြောရသော ပသီပုံပြင်ဝတ္ထုကြီး စာအုပ်နံပါတ်တစ်မှ ကောက်နုတ်ချက်၊**

**ဂျူဒါအကြောင်း**

"ရှေးသရောအခါ အိုမာအမည်ရှိသော ကုန်သည်တစ်ယောက်၌ သားသုံးယောက် ရှိကုန်၏။ ထိုသားသုံးယောက်တို့၏ အမည်နာမမှာ အကြီးကား ဆာလင်၊ အလတ်ကား ဆီလီ၊ အငယ်ဆုံးကား ဂျူဒါဟူ၍ အသီးသီးမှည့်ခေါ် ပညတ်လေသတည်း။

သို့ရာတွင် ဖခင်ကုန်သည်ကြီးသည် အငယ်ဆုံးဖြစ်သော ဂျူဒါကို သားကြီး သားလတ်တို့ထက် သာလွန်ချစ်မြတ်နိုး၏။ ထိုအခါ အိုမာဆိုသူ ဖခင်သည် ဤသို့ ကြံ၏၊ ငါသည် ဇရာဗျာဓိရောဂါဖိသဖြင့် အကယ်၍ ကွယ်လွန်အနိစ္စ ရောက်သည်ရှိသော် ငါ့သားထွေးကို အရေးမကြည်ညို အစ်ကိုနှစ်ယောက်တို့ ဝေါက်ငမ်းနိုပ်စက်၍ နေ့ရက်ရှိသမျှ ဆင်းရဲရလိမ့်မည် တကားဟု ကြံစည်စဉ်းစား၍ ကေဒီဟုဆိုအပ်သော မြို့သူကြီးကိုခေါ်ပြီးလျှင် မိမိပိုင် သက်ရှိ သက်မဲ့ ပစ္စည်းရပ်များကို လေးပုံပုံ၍ မိမိ မယားခင်ပွန်းအားတစ်ပုံ၊ သားသုံးယောက်တို့အား တစ်ပုံစီ ခွဲဝေပေးကမ်းလေသတည်း။

ထို့နောက်များမကြာမီ ကုန်သည်ကြီးသည် ဇရာဒုဗ္ဗလ ဒုက္ခဖိစီး၍ ကွယ်လွန်အနိစ္စ ရောက်သည်ရှိသော် သားကြီးနှစ်ယောက်တို့လည်း မိမိတို့ ဖခင်မသေမီ စိုးရိမ်ကြောင့်ကြသည့် အတိုင်း ဂျူဒါကို ညှဉ်းပန်းနှိပ်စက်ရန် ကြံရွယ်အားထုတ်လျက်ရှိနေရာ ဂျူဒါလည်း တရားသူကြီး၊ အရပ်ဂုဏ်သရေရှိလူကြီးများကို မိမိအိမ်သို့ ပင့်ဖိတ်၍ ဆုံးဖြတ်စေသဖြင့် ပရိသတ်တို့ အလယ်၌ မိမိအစ်ကိုများကို တရားသဖြင့် အောင်နိုင်၏။ ထို့နောက် အစ်ကိုများလည်း တစ်ဦးနှင့်တစ်ဦး ရန်ဆူးငြောင့်ထင် မှတ်လျက် မကျေမအေးနိုင်သောကြောင့် လွှတ်တော်ရုံးတော်သို့ တက်ပြီးလျှင် ဂျူဒါနှင့် အကြိမ်ကြိမ် တရားတစ်ဘောင် ပြိုင်ဆိုင်ပြောဆိုကြရာ ကြေးငွေအမြောက်အမြား သုံးဦးသားတို့ပင် ကုန်ကျလေ၏။ ထိုအခါ ဂျူဒါ၏အစ်ကို ဆာလင်၊ ဆီလီတို့သည် မိမိတို့မိခင်၌ရှိသော ကြေးငွေကို အကြိမ်ကြိမ်

ယူသောကြောင့် မိခင်လည်း ကြေးငွေပြုန်းတီးလျက် ဆင်းရဲခြင်းအဖြစ်သို့ ရောက်လေသတည်း"။ (အပိုဒ်တို သုံးပိုဒ်)။

**မှတ်ချက်။** ။ သီပေါမင်း ပါတော်မူပြီးနောက် (၂၄) နှစ်ခန့်အကြာတွင် ရေးသားသော ဘာသာပြန်ဝတ္ထုကြီးဖြစ်၏။ ယဉ်ကျေးသိမ်မွေ့သော အသုံးအနှုန်းဖြင့် တန်ဆာဆင်ယင်ထားသော ဝတ္ထုပင်ဖြစ်ငြားသော်လည်း အထက်ဖော်ပြပါ ဝတ္ထုနှစ်အုပ်ကဲ့သို့ ကဗျာဆန်ဆန်မရေးချေ။ ဤဝတ္ထုသုံးအုပ်ကို နှိုင်းယှဉ်၍ ဖတ်ရှုခြင်းအားဖြင့် ရေးနည်းရေးပုံ ပြောင်းလဲလာပုံကို အထူးတလည် မှတ်သားရမည့်အပြင် ခေတ်ပြိုင်နှစ်ပြိုင် ရေးသားထားခဲ့သော "ယုဆွတ် ဇို့လိုင်ခါဝတ္ထုနှင့် ကိုရင်မောင် - မမယ်မ ဝတ္ထုဘာသာပြန် ရေးသားပုံနှိုင်းယှဉ်၍ ဖတ်ရှုသင့်သည်။ အင်္ဂလိပ်စာတတ် ရေးသော မြန်မာဘာသာပြန်ဝတ္ထုနှင့် ဟိန္ဒီ - အူရဒူ ဘာသာစကားများသာ တတ်သော ပညာရှင်များ မြန်မာဘာသာပြန်ရေးသည့် ဝတ္ထုများတွင် အသုံးအနှုန်းလည်း ကွာခြားသည်ဟု ယူဆရာသည်။ ထို့အတူ ပါဠိဘာသာစကားကိုသာ တတ်သော ပညာရှင်များ ငါးရာ့ငါးဆယ့်ဝတ္ထုများကို မြန်မာဘာသာ ပြန်ဆိုရာ၌လည်း အသုံးအနှုန်း တစ်မျိုးတစ်ဖုံ ဖြစ်နေပုံကိုလည်း နှိုင်းယှဉ်၍ ဖတ်ရှုသင့်ကြောင်းကို အကြံညာဏ်ပေးလိုက်ပါသည်။ ထို့ပြင် မူရင်းဘာသာနှင့် ရေးသားထားသောဝတ္ထုကို ဘာသာပြန်ဝတ္ထုနှင့် ယှဉ်တွဲ၍ ဖတ်နိုင်လျှင် သာ၍ပင်အကျိုးများပါသည်။

**သာမြတ်**

(ရှုမဝမဂ္ဂဇင်းမှ)

## ပသီပုံပြင်ဝတ္ထုကို ပထမဆုံးရေးသားသူ

**ဒဂုဏ်ပဦးဘတင် ရေးသည်။**

မြန်မာနိုင်ငံတော်ကြီးကို အင်္ဂလိပ်လူမျိုးတို့သည် လက်နက်အားကိုးဖြင့် စိုးမိုးအုပ်ချုပ်မင်းလုပ်သောအခါ ကာလမှစ၍ မြန်မာလူမျိုးတို့အား အင်္ဂလိပ်ဘာသာကို သင်ကြားပေးမှသာလျှင် မိမိတို့အုပ်စိုးရန် လွယ်ကူမည်ဟု သိကြသော အင်္ဂလိပ်အစိုးရတို့သည် မြန်မာလူမျိုးတို့အား အင်္ဂလိပ်စာကို သင်ကြားပေးကြလေသည်။

ယင်းတို့၏ အကျိုးအတွက် ယင်းတို့၏ ဘာသာကို သင်ကြရသော မြန်မာတို့သည်လည်း ယင်းတို့အုပ်စိုးသော ဆယ်နှစ်မျှကာလ အတွင်းတွင်ပင် ယင်းတို့၏ အင်္ဂလိပ်စာကို ကောင်းစွာ ရေးဖတ်နိုင်စွမ်းရှိလာခဲ့ကြလေသည်။

ဤကဲ့သို့ အင်္ဂလိပ်စာကို ကောင်းစွာတတ်မြောက်သွားကြသော မြန်မာလူမျိုးထဲတွင် ကျွန်တော်၏ မြင့်မိုရ်တောင်ဦး မကကျူးသော မွေးသဖခင် ကျေးဇူးတော်ရှင် ဖြစ်သည့် ဦးဖိုးသာဖံခေါ် ဒေါက်တာ ရှိတ်အဗ္ဗဒူရာမန်သည်လည်း တစ်ယောက် အပါအဝင်ဖြစ်ခဲ့သည်။

ကျွန်တော့်ဖခင်၏ အဖေသည် အင်္ဂလိပ်စစ်တပ်နှင့်အတူ ပထမမြန်မာစစ် ဖြစ်စဉ်ကပင် အိန္ဒိယပြည်မှပါလာသော ဒေါက်တာ ရာဟင်ဘောက်ခေါ်သော ပသီလူမျိုးဖြစ်သည်။ (ဟိုစဉ်က မူဆလင်ဘာသာကိုးကွယ်သော အိန္ဒိယ ဟိန္ဒူစတန်လူမျိုးကို ပသီလူမျိုးဟု ခေါ်သည်) ကျွန်တော့်ဖခင်၏ အမေမှာ သရက်မြို့နေ ဗုဒ္ဓဘာသာမြန်မာအမျိုးသမီး ဒေါ်သက်ဖြစ်သည်။

ဗုဒ္ဓဘာသာ မြန်မာစစ်စစ်အမိနှင့် ပသီဘာသာဝင် ဟိန္ဒူစတန်လူမျိုးစစ်စစ် အဖမှ ပေါက်ဖွားသော ကျွန်တော့်ဖခင်ကို ထိုစဉ်ကာလအခေါ်ဖြင့် ခေါ်ရလျှင် ကုလားကပြား၊ သို့မဟုတ် ဇေရဘာဒီလူမျိုးဖြစ်သည်။ ယခုကာလအခေါ်နှင့်ဆိုလျှင် ဗမာမူဆလင်လူမျိုး ဖြစ်သည်။

ကျွန်တော့်အဖေသည် ရန်ကုန်ဟိုက်စကူးကျောင်းမှာ ၁၄ - နှစ်သားက ခုနစ်တန်းအောင်၍ မဒရတ်မြို့ ဆေးကျောင်းတွင် ၄ - နှစ်သင်ပြီးနောက် ဆေးရုံလက်ထောက်ခေါ် Hospital Assistant ရာထူးဖြင့် ၁၈၈၉-ခုနှစ်မှစ၍ ထမ်းရွက်ခဲ့သည်။ ထိုရာထူးဖြင့် ရောင့်ရဲတင်းတိမ်းခြင်းမရှိသော ကျွန်တော့်ဖခင်သည် ပညာသင်ရန် ခွင့်ယူပြီးလျှင် အင်ထရင်းခေါ် ၉-တန်း စားမေးပွဲကိုလည်းကောင်း၊ (ယခု မက်ထရစ်အတန်း) အက်ဖ်အေ စာမေးပွဲကိုလည်းကောင်း (ယခု အိုင်အေ) အောင်မြင်ခဲ့သည်။

ထိုအခါမှာ Arabian Nights Entertainment ခေါ်သော အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် "အာရေဗျနိုင်ငံ၏ ညအခါဖျော်ဖြေရန်ဝတ္ထု" စာအုပ်ကို ၁၈၉၆-ခုနှစ်တွင် ကျွန်တော်၏ ဖခင်ကြီးက မြန်မာဘာသာသို့ ပြန်ဆိုရေးသားပုံနှိပ်ကာ ထုတ်ဝေရောင်းချခဲ့သည်။ ထိုစာအုပ်မှာ အရွယ်အားဖြင့် အလျား ၈ လက်မခွဲ၊ အနံ ၅ - လက်မရှိပြီး စာမျက်နှာ ၆၆၁ ပါဝင်လေသည်။ အဖုံးမှာ ချုပ်ထူအဖုံး အနီရောင်ဖြစ်ပြီး ဘေးဖက်တစ်ခုတည်းတွင် ရွှေစာလုံးကြီးဖြင့် "ပသီပုံပြင်ဝတ္ထုကြီးအကျယ် ပထမတွဲ" ဟု ရိုက်နှိပ်ကာ အဖိုးငွေ ငါးကျပ်ဖြင့် ရောင်းခဲ့သည်။

ထိုစာအုပ်ကို လူကြိုက်များသော်လည်း အဖိုးငွေငါးကျပ်ဖြင့် အလွယ်တကူ ဝယ်ယူကာ မဖတ်နိုင်သော ပရိသတ်က များနေသဖြင့် စာဖတ်ပရိသတ်၏ ဆန္ဒကို လိုက်လျောသောအားဖြင့် တစ်ကျပ်တန် စာအုပ်တစ်အုပ်ကို ရိုက်ထုတ်ခဲ့လေသည်။ ထိုစာအုပ်ကို ပညာရေးဌာနမှ အလယ်တန်းမြန်မာစာ စာအုပ်အဖြစ် ပြဋ္ဌာန်းခြင်းကို ခံယူရသေးသည်။ ၁၉၀၀-ပြည့်နှစ်မတိုင်မီက အလယ်တန်းကျောင်းသားများသည် ထိုစာအုပ်ကို ဖတ်ခဲ့ကြရသည်။

ယခုအခါ ထိုပသီပုံပြင်ဝတ္ထုကို ဖတ်ဖူးကြသူကို မဆိုထားဘိ၊ ထိုစာအုပ်ကို မြင်ဖူးသောသူတို့ပင် အလွန်ရှားနေချေပြီ။ ရှေးဟောင်းမြန်မာစာပေတို့ကို ရှာဖွေလိုက်စားသောသူ အချို့သာလျှင် ထိုစာအုပ်ကို မြင်ဖူးဖတ်ဖူးကြပေသည်။

ထိုစာအုပ်တွင် ရေးသားသော စကားလုံးများ၊ အသုံးအနှုန်းများ၊ သတ်ပုံများနှင့် ပုဒ်ငယ်ပုဒ်ကြီး ဖြတ်ပုံများမှာ လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်က နည်းအတိုင်း ဖြစ်ပေသည်။

ယခုခေတ် စာဖတ်ပရိသတ်တို့အား ဗဟုသုတရစေလိုသော စေတနာဖြင့် ကျွန်တော့်ဖခင်ဖြစ်သူ ဦးဖိုးသာဖံခေါ် ဒေါက်တာ အက်စ်၊ အေ ရာမန်၏ ပသီပုံပြင်ဝတ္ထုမှ စာသားများကို

အောက်ပါအတိုင်း ရေးသားဖော်ပြအပ်ပါသည်။ ရှမဝတိုက်ထုတ် သခင်ဘသောင်းရေးသော "တထောင့်တည"နှင့် ယှဉ်ဖတ်ပါက နှစ်ခြောက်ဆယ်အတွင်း မြန်မာစာရေးသားခြင်း၏ ကွာခြားလာပုံကို မျက်ဝါးထင်ထင်မြင်နိုင်ကြပါလိမ့်မည်။

**ဒေါက်တာ အက်စ်-အေ ရာမန်**

ကျွန်တော်၏ ဖခင်သည် မိုဟာမေဒင်ဘာသာကို ကိုးကွယ်လင့်ကစား ဗုဒ္ဓဘာသာ စာရေးဆရာများကဲ့သို့ ပသီပုံပြင်ဝတ္ထု ရေးခြင်းသည် မတွေးတတ်မကြံတတ်အောင် အံ့ဩဖွယ် ကောင်းခြင်းတစ်ရပ်ပေတည်း။ ဝတ္ထုရေးရာတွင် မြန်မာဘာသာပြန်သက်သက် မဟုတ်ချေ။ အကွက်ဆိုက်သောအချက်ရလျှင် ရသလို မြန်မာမှုများကို ထည့်သွင်းရေးသားလေ့ရှိသည်။ ယန္တရားဖြင့် ပြုလုပ်ထားသော စက်ရုပ်မြင်းပျံအကြောင်းတွင် နတ်တမျှလှပသော ဖီရိုရှား မင်းသား၏ဇနီး ဘင်ဂေါ်မင်းသမီးကို ကာက်ရှမီမင်းကြီးက ချစ်တင်းကြိုက်တင်း ဆိုရာတွင် ဘာသာပြန်ဆိုခြင်းသက်သက်မျှ မဟုတ်သည်ကို အောက်ပါအတိုင်း ဖတ်ရှုရပြန်ပါသည်။

"မောင်တော်၊ ကျွန်မလျှောက်တင်ပါမည်၊ နားဆင်တော်မူပါ၊ အကြင်သူသည် တစ်စုံတစ်ယောက်သောသူနှင့် ပေါင်းသင်းချစ်ခင်ပြီးမှ၊ ထိုမိန်းမကို မိမိက တစ်ဖန် ချစ်ခင်မြတ်နိုးပြန်သည်ဟူသော ယောကျ်ားများသည် ပမာတန္တပုံဆောင်၍ ပြသည်ရှိသော် အခြားသူတို့နှင့် ချစ်ခင်ပြီးသော မိန်းမသည် ပွဲတော်ကျ ထမင်းဟင်းလျာနှင့် ပမာတူပါသည်၊ သောက်တော်ရေကျန်နှင့် တူပါသည်၊ ဝတ်လဲတော်ကျ အထည်အလိပ်နှင့် တူပါသည်၊ ပန်တော်ကျပန်းနှင့် အလားတူပါသည်၊ သို့ဖြစ်ပါ၍ ဤမြို့တော်၌ ပွင့်သစ်စပန်းနှင့် အလား တူသော တစ်ဆယ့်ငါးနှစ်ရွယ် တင့်တယ်လျောက်ပတ် သင့်မြတ်သောသူတို့ကို ရွေးခြယ်၍၊ မြောက်စားတော် တင်မြှောက်တော်မူပါလျှင်၊ ပွင့်သစ်သောပန်းကို ဆင်မြန်းသည်နှင့် အလား တူပါသည်၊ ထူးမြတ်ကောင်းမွန်သော လွန်းရာကျော်ရွှေပုဆိုးကို ဝတ်ဆင်သည်နှင့် တူပါသည်၊ ကောင်းမွန်စွာချက်ကြော်၍ ဆက်အပ်သော ပွဲတော်အုပ်နှင့်တူပါသည်၊ အေးမြကြည်လင်သော သောက်ရေဦးနှင့် တူပါသည်၊ သို့ဖြစ်ပါ၍ ကျွန်တော်မသည်လည်း ပန်တော်ကျပန်းနှင့် တူပါသည်၊ ဝတ်လဲတော်ကျနှင့် တူပါသည်၊ ပွဲတော်ကျနှင့် တူပါသည်၊ သောက်တော် ရေကြွင်းရေကျန်နှင့် တူပါသည်ဟူသောအကြောင်း"ကို တင်လျှောက်သတည်း။

ထိုအခါ ကက်ရှမီရမင်းကြီးလည်း ဤသို့ မိန့်တော်မူ၏။ "နမတော် နားထောင်ပါလော၊ မောင်တော်ပြောမည်၊ ရွှေဘောက်သောက်လင်းယင်ရှာ၍၊ တစ်ခုလပ် မိန်းမတစ်ယောက် ရှိသတတ်၊ ထိုမိန်းမသည် ဆင်းရဲနွမ်းပါးသည်နှင့် သားငါးနစ်ရှယ်ကို လက်ဖြင့်ဆွဲငင်ပြီးလျှင် ပင်းယမြို့သို့လာရာတွင်၊ သီဟာသူမင်းသည် မြို့ကိုလှည့်လည်၍ ကြည့်ရှုခိုက် ကြိမ်ကြိုက် သည်နှင့် ထိုမိန်းမကိုမြင်လျှင် ချစ်ခင်သောအာရုံက ပြောမကုန်အောင် အားကြီးသောကြောင့် ၎င်းမိန်းမကို မိဖုရားမြှောက်တင်မူဖူးလေသည်" ဟု ရေးသားထားရာ သီဟာသူမင်းမှာ မြန်မာရာဇဝင်တွင် ထင်ရှားကျော်ဇောသော မင်းတစ်ပါးဖြစ်သည်။ ထိုကက်ရှမီရမင်းကြီးမှာ ဒဏ္ဍာရီတွင် စိတ်ကူးဖြင့်ရေးသားထားသော မင်းဖြစ်သည်။ သို့လင့်ကစား မြန်မာစာဖတ် ပရိသတ်အား မြန်မာရာဇဝင်မှ ဖြစ်ရပ်တစ်ချက်ကို အကွက်ဆိုက်သဖြင့် ထည့်သွင်း ရေးသားချက်မျိုးများနှင့်လည်း စာအုပ်ကို တန်ဆာဆင်ထားပြန်သေးသည်။

ကျွန်တော်၏ ဖခင် အလွန်နစ်သက်သောစာများမှာ နန်းတွင်းဇာတ်တော်များဖြစ်သည့် ကုန္ဒာဝံသဇာတ်၊ ရာမဇာတ်တော်ကြီးများ ဖြစ်သည့်အားလျော်စွာ ထိုဇာတ်တော်ကြီးများတွင် ရေးသားသောစာသားများကဲ့သို့ ပသီပုံပြင်ဝတ္ထုကို တန်ဆာဆင်ထားပေသည်။

(တာဂျာမူလွတ်မင်းသားနှင့် ဒွန်နယာမင်းသမီးအကြောင်းတွင် မင်းသားကလေး ပူဆွေးဒုက္ခရောက်၍ ငိုကြွေးမြည်တမ်းသော အခန်းတွင် အောက်ပါလင်္ကာအတိုင်း စီကုံး ရေးသား ထားသည်ကို တွေ့ရပါသည်။)

**လင်္ကာ။** ။ ရတုဂိမ္ဟ၊ ခါချိန်နွေဝယ်၊ တိမ်ခြေမှိုင်းညို၊ ကြက်ဆောင်းလိုနှင့်၊ စိုခဲ့တစ်ခါ၊ ဝါခဲ့တချို့၊ ဆိုင်းစို့စို့ဖြင့်၊ သိုင်းလို့ရစ်ချီ၊ တိမ်ဝဇီဝယ်၊ သိင်္ဂီရောရ၊ ဆေးစုံစု၍၊ အနအပျောင်း၊ ရှုမညောင်းအောင်၊ တိုးအောင်းနရား၊ သစ်ကျားခြသေ့်၊ ဆင်နှင့်တွေ့၍၊ ရေ့မယောင်ယောင်၊ အဝါပေါင်မှာ၊ ပြာမှောင်ရေးရပ်၊ မင်ဆေးချုပ်၍၊ တိမ်ပုပ်တိမ်ခဲ၊ တိမ်ပုလဲကို၊ တိမ်ရွှဲသဏ္ဍာန်၊ မြင်ရပြန်သော်၊ ဖန်ဖန်ဆွေးရိ၊ အောက်မေ့မိခဲ့၊ မချိပူလောင်၊ နောင်သည်းခေါင်မှာ၊ ဆွေးနောင်ရမွှက်၊ တသက်သက်နှင့်၊ မြမျက်အဏ္ဏဝါ၊ ဆထက်သာ၍၊ မာလာသရဖီ၊ နင်းဆီပိတောက်၊ ကြက်မောက်သဇင်၊ ပန်းတော်ဝင်လည်း၊ ဒွါဒသင်ပြောင်း၊ ငန့်မညောင်းဘဲ၊ တောင်စောင်းတောင်ဆင့်၊ နာမောင်းဝင့်လျက်၊ အသင့်ထွေထွေ၊ ပွင့်ကြလေခဲ့၊ ဂိန်နွေသမယ၊ ရှိန်ဝေကြွလျက်၊ မြပရစ်ဖူး၊ သစ်သစ်လူး၍၊ ခေတ်ကူးတော့မည်၊ စိတ်ကရည်လျက်၊ မကြည်ပူပန်၊ နတ်ဆင်ရန်ကို၊ အိမ်ပြန်နောင်ပု၊ ခူးမည်ပြုသော်၊ ရတုလန့်နိုး၊

စုံပြည့်ဖြိုး၍၊ အရိုးသန္တာ၊ အညှာမြလျော၊ အကြောသိင်္ဂီ၊ ဣန္ဒနီနှင့်၊ ပလီပလာ၊ ပန်းစကဝါတို့၊ ရွက်ညှာညှိုးခွေ၊ ကျိုး၍နေခဲ့၊ အခြေထွေးတိတ်၊ ရေးနမိတ်ကို၊ ကောင့်စိတ်မအေး၊ ခုတိုင်းဆွေး၍၊ တွေးမိလေလေ၊ လွမ်းမကြေခဲ့၊ အသေတော်စော၊ နနချောကို၊ နမြော်တက်ခေါက်၊ လက်ကိုဖျောက်၍၊ အရောက်စက္ကဝါ၊ ပြေးချင်ပါလည်း၊ မရသာဘူး၊ သေမင်းဦး၍၊ ကျော့မှူးသဇင်၊ ရှင့်ရုပ်သွင်ကို၊ အယဉ်အကျေး၊ ထင်ထင့်ရေး၍၊ လေးတရာဆီ၊ ဆေးသိင်္ဂီနှင့်၊ ပန်းချီအမှူး၊ ဓာတ်ပုံကူး၍၊ တင့်ထူးဆွကြွ၊ နှောင့်နှမကို၊ မယူရလေ၊ စိတ်မကြေခဲ့၊ ထွေထွေအကြောင်း၊ စေ့စေ့ပေါင်းသော်၊ အောင်းမေ့ခါခါ၊ လွမ်းရမှာလည်း၊ အကြောအရှည်၊ ဖြစ်လိမ့်မည်ကြောင့်၊ မကြည်စိတ်နောက်၊ တက်ကိုခေါက်၍၊ တောင်မြောက်လှည့်ကာ၊ ပြေးရပါတကားဟုဆို၍ ငိုချင်းကောက်ပြီးလျှင် တစ်ယောက်ချင်း အိမ်သို့ပြန်လာခဲ့လေသတည်း။

ဤသို့ ဆို၍ ငိုချင်းကောက်ပြီးလျှင် ဆိုသောစာပုဒ်တွင် "ကောက်" ဟူသောစကားလုံးသည် ရေးစကားဖြစ်သည်။ ဓားပိန်ဦးမောင်ကြီးရေးသော ခြောက်ပြားတန်ဇာတ်စာအုပ်များ၏ ငိုချင်းများအလယ်တွင် "စကားညှပ်" ဟု စကားပြေဖြင့် ရေးသားပြီးလျှင် တစ်ဖန် အငိုပြန်ကောက်ဟု ငိုချင်းကို ဆက်လက်ရေးသားသည်ကို တွေ့ဖူးပါသည်။

ပသီပုံပြင်ဝတ္ထုကြီး၏ ပထမတွဲနောက်တွင် ဒုတိယ၊ တတိယစသည်တို့ကို ဆက်လက်ရိုက်နှိပ်ရန် အစီအစဉ်ရှိသော်လည်း မြန်မာပြည်တွင် ကူးစက်ပြန့်ပွားတတ်သော ရောဂါများမှာ အနှံ့အပြားဖြစ်နေသဖြင့် ထိုရောဂါများမှ ကာကွယ်ရန် စာရွက်စာတမ်းစာလွှာ စသည်များကို မြန်မာဘာသာဖြင့် ပြန့်ချိရန် အစိုးရ၏တာဝန်ကို ထမ်းဆောင်နေရသဖြင့် တစ်ကြောင်း၊ ကျောက်ကြီးရောဂါ ကျရောက်ပြန်သဖြင့် ထိုရောဂါကို ကာကွယ်ရန် ကျောက်ထိုးဆရာသင်တန်းဖွင့်ရာတွင် ကျောက်ထိုးဆရာဖြစ်သင်တန်း လက်စွဲစာအုပ်ကို ရေးသားနေရပြန်သဖြင့် တစ်ကြောင်း၊ မြန်မာစာဖြင့် ရေးသားပြီးသော ယင်းစာအုပ်ကိုပင် အစိုးရကနိုင်းစေချက်အရ (Manaul of Vaccination) ဟုအမည်ပေးကာ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသား ရိုက်နှိပ်ရပြန်သဖြင့်တစ်ကြောင်း၊ ကျောက်ရောဂါ ကာကွယ်ရန် ကျောက်ဆေးထိုးခြင်း အယုံအကြည်မရှိ၍ ဆေးထိုးခြင်းမှ ကင်းလွတ်ရန် ပုန်းအောင်းခြင်း၊ ငြင်းပယ်ခြင်းပြုနေကြသော ပြည်သူလူထုအား နားလည်မှုရှိအောင် ကျုံးသွင်းနားချ ဟောပြောနေရသော

လေးလံသည့် တာဝန်ကြီးများကို ထမ်းဆောင်နေရပြန်သည့် အကြောင်းများကြောင့် ဆက်လက်၍ ရေးသားပုံနှိပ်ခြင်းမပြုနိုင်ခဲ့ချေ။

ဆက်လက်၍ ကျွန်တော့်ဖခင်ကြီး၏ အရည်အချင်းများကို ကျွန်တော်ကိုယ်တိုင် ရေးသားသည်ကို ဖတ်ရသည်ထက်၊ သတင်းစာအယ်ဒီတာများက ရေးသားသည်ကို ဖတ်ရသည်က စာဖတ်ပရိသတ်မှာ ပို၍တန်ဖိုးထားမည်ကို သိသဖြင့် ၁၉၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက် အင်္ဂါနေ့ထုတ် ရန်ကုန်ဂေဇက်သတင်းစာက အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော ဒေါက်တာ အက်(စ်) အေရာမန် အနိစ္စရောက်ခြင်းအကြောင်း ဆောင်းပါးကို အောက်ပါအတိုင်း မြန်မာဘာသာ ပြန်ဆိုခြင်းအားဖြင့် ကျွန်တော်၏ မွေးသဖခင် ကျေးဇူးရှင်နှင့် မွေးသမိခင် ကျေးဇူးတော်ရှင် ဆရာဝန်ကတော် မမယုတို့အား ကံ ၃ ပါးမှ ပြစ်မှားမိသော ကံများရှိပါက ပျောက်ပါစေခြင်းအကျိုးငှာ ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏။

ဒေါက်တာအက်(စ်)အေရာမန် (LRCP, LRCS (Edin) LFPS) အနိစ္စရောက်သွားကြောင်း သတင်းကို ကြားရသော ဒေါက်တာနှင့် အကျွမ်းဝင်သူတို့သည် ကြေကွဲဝမ်းနည်းကြမည်၊ ၁၈၇၀ ခုနှစ်၊ ဇန်နဝါရီလဆန်း ၁ ရက်နေ့မွေးဖွား၍ ၁၈၈၉ ခုနှစ်၊ ဂျူလိုင်လ ၂၅ ရက်နေ့ ဆရာဝန်ရာထူးကို ထမ်းဆောင်ခဲ့သည်။ အမှုထမ်းခါစကပင်လျှင် ထူးချွန်သော အရည်အချင်းကို သိသဖြင့် သူ့အား ယိုးဒယားနယ်စပ်ကော်မရှင်နှင့် အထူးတာဝန် ထမ်းရွက်စေခဲ့သည်။ မိမိ၏ ပညာအရည်အချင်းဖြင့် ဆေးသိပ္ပံသို့ဝင်ခွင့် မရကြောင်း သိသောအခါ အလုပ်မှခွင့်ယူ၍ ကျောင်းပြန်နေကာ အင်ထရင့်နှင့် အက်ဖ်အေစာမေးပွဲတို့ကို နှစ်အနည်းငယ်အတွင်း အောင်မြင်ခဲ့၏။ အိန္ဒိယဒီဂရီမျှဖြင့် တင်းမတိမ်သေးသဖြင့် ဗြိတိသျှ နိုင်ငံတော် ဆေးပညာဒီဂရီကို သွားရောက်ဆွတ်ခူးသော မြန်မာလူမျိုးတွင် သူသည် ပထမဖြစ်၏။ ထိုဒီဂရီများကို တိုတောင်းသော ၉ လ အတွင်းတွင် ဆွတ်ခူးခဲ့သဖြင့်လည်း မိမိ၏ လုပ်ဖော်ကိုင်ဖက်များကို အံ့အားသင့်စေခဲ့သည်။ သို့နှင့် ၎င်းအား လက်ထောက် ဆရာဝန်အတန်းတွင် အမြင့်ဆုံးအဆင့်သို့ ခန့်ထားလိုက်လေသည်။ ၁၉၀၁ ခုမှ ၁၉၀၅ ခုနှစ်အတွင်းတွင် ရန်ကုန်ဆေးရုံကြီး၌ ခက်ခဲ၍ လေးလံသော တာဝန်ဝတ္တရားများကို ဆောင်ရွက်စေခဲ့သည်။ ၁၉၀၅ ခု ဧပြီလ ၁၇ ရက်နေ့တွင် ဒိစတြိတ် ဆရာဝန်ကြီးရာထူးသို့ တိုးမြှင့်ခန့်ထားခဲ့သည်။ ထိုရာထူးကို မြန်မာလူမျိုးတို့အား မည်သည့်အခါကမျှ မပေးခဲ့ချေ။ ထိုရာထူးဖြင့် သုံးခွ၊ ရမည်းသင်း၊ ရွှေဘို၊ ဖျာပုံ၊ သထုံ၊ ကသာနှင့် အောက်ချင်းတွင်း

ခရိုင်များသို့သွား၍ ဆောင်ရွက်ရသည်။ ၁၉၀၇ ခုနှစ်တွင် ကျောက်ကြီးရောဂါ တိုက်ဖျက်ရေးအတွက် ဟံသာဝတီခရိုင်မှာ တာဝန်ကျခဲ့သည်။ ပုလိပ်ရောဂါ ကာကွယ်ဆေးထိုးရန် တိုက်တွန်းနှိုးဆော်ရေးတာဝန်ကို ရန်ကုန်မြို့ မြူနီစီပယ်အဖွဲ့အတွက် ကူညီခဲ့ရသည်။ ဤကြီးလေးသော တာဝန်ကို ချထားပေးခြင်း၏ အကြောင်းရင်းမှာ ၎င်း၏ အလုပ်ဝတ္တရားများတွင် အထမြောက်စွာ တာဝန်ကျေပွန်မှု၊ ၎င်း၏ မြန်မာစာပေ၌ တတ်ကျွမ်းမှုနှင့် ဆက်ဆံရာတွင် အဆင်ပြေမှု၊ လူထု၏ ခင်မင်ချစ်ခင် လေးစားမှုများကြောင့်လည်း ဖြစ်သည်။ အနိစ္စမရောက်မီကာလမှာလည်း ပထမသူနာပြုသင်တန်းစာကို ပြုစုဆဲဖြစ်လေသည်။

ဒေါက်တာရာမန် ကွယ်လွန်အနိစ္စရောက်ခြင်းကြောင့် မြန်မာပြည်သူအပေါင်းမှာ တတ်ကျွမ်းသော သမားတော်တစ်ယောက်နှင့် တာဝန်သိသိ ဖွဲ့ရှိရှိ ဆောင်ရွက်တတ်သော ပုဂ္ဂိုလ်တစ်ဦး ဆုံးရှုံးကြလေသည်။ မိမိအသက်ကို အန္တရာယ်ပြုတော့မည့် ဆီးချိုရောဂါဆိုးကြီးသည် မိမိအား ဖိစီးနိပ်စက်နေသည်ကို ကြိုတင်သိလင့်ကစား ပထမကမ္ဘာစစ်ကြီးဖြစ်နေသည့်ကာလအတွင်း ဖြစ်နေသဖြင့် စစ်မြေပြင်သို့လွှတ်ရန် ဆရာဝန်မြောက်မြားစွာလိုနေသောအခါဖြစ်နေ၍ မိမိခံစားခွင့်ရှိသော အနားယူဆေးကုခွင့်ကို စွန့်လွှတ်ကာ တိုင်းပြည်အပေါ်တွင် သစ္စာရှိရှိနှင့် အမှုတော်ကို ထမ်းဆောင်ခဲ့လေသည်။

(အသက် ၄၇ နှစ်တွင် ရှေ့ဆက်နောက်ဆက် ကွယ်လွန်သွားကြသော မိဖနှစ်ပါးတို့သည် ကောင်းရာသုဂတိသို့ လားကြပါစေဟု နေ့စဉ်မေတ္တာပို့ အမျှအတမ်း ဝေငှလျက်ရှိသော သား ဘတင် ဒဂုဏ်ပ)။

**ဒဂုဏ်ပ ဦးဘတင်**

The Rangoon Gazette, Tuesday, August Ist, 1916

Death of Dr.S.A.Rahman

The news of the death of Dr.Shaik Abdul Rahman, L.R.C.P. and S (Edin)L.F.P.S (Glas)will be received with deep concern by all who knew him. Borm on the 1st. January 1870, he jooned the Civil Medical department, Burma, as a hospital assistant on the 25th. Joly, 1889. Early in his career he proved himself to be a useful assistant and as the medical officer with the Siamese Boundary Commission he gave evidence of his capabilities. On finding he could no gain admission to a Mediacl College, he obtained leave from his department and re-entered school as an Entrance student and a couple of years later he passed his First Arts Examination. Not satisfied with wecuring and Indian medical qualification he set out for Edinburg after he had completed the Licentiates' perliminary examination at Calcutta: He was the first among Burmese students in medicine to seek a British of the Royal College of Edinburg and the Faculty of Glasgow, Within the short period or nine months. On his return from Europe and in recognition of the example he had set, the Government appointed him to a civil assistant surgeonship of the highest grade. Between the years 1901 and 1905 he held the responsible and difficult posttion of senior assistant surgeon at the Rangoon General Hospital. Further promotion was given him on the 17th . April 1905 as a district Civil Surgeon. He held for various periods charge of the Thongwa, Yamethin, Shwebo, Pyapon, Thaton, Katha, and Lower Chindwin Districts. In the year 1907 he was placed on special duty in connection with vaccination in the Hanthawaddy districts, and in the following year was employed

within the limits of the Rangoon Municipality in Lecturing to the people on the advantages of anti-plague inoculation and in encouraging them to accept treatment. His selection for these duties was guided not only by the good work he and done wherever he had served, but by his zeal in his profession and his knowledge of the vernaculars and the respect with which he was regarded by all classes to the inhabitants. He had the intimate knowledge if Burmese, and besides producing from time to time leaflets in that language in various epidemic diseases and the means of combatiing them, he compiledin English a useful manual of vaccination, and also translated the "Arabian Nights Entertainments" into Burmese. A revised edition of the latter has been adopted as a textbook for use in Anglo-Vernacular schools. Shortly before his dealty he had perpared and arranged for the publication in Burmese of a First Aid Manual for the use of the St. John Ambulance Association.

By the death of Dr.Rahman, Government and the people of the province have lost an efficient and zealous officer. Early this year, he discovered he had fallen a vivtim to that dire disease., diabetes and though recognising the difficulties of combating it while he remained in the service, he loyally forewent his clains for leave beause of the depletion of his department of medical officers for service with the armies during the war.

Death.

Rahman. On July 29, 1916 at Maymyo, Dr. Shaik Abdul Rahman, Civil Surgeon, Monywa, Lower Chindwin district, aged 46 years and six months.

# တစ်ထောင်နှင့်တစ်ည ပြောရသော ပသီပုံပြင်ဝတ္ထုကြီးအကျယ်၏ အတ္ထုပ္ပတ္တိ

ရှေးဖျားမဆွ၊ အာဒိသမယအခါ၌ အာရပ်လူမျိုးတို့ မဂဓဘာသာဖြင့် ရေးသားထားရှိသော အာရေဘီယံနိုက်ခေါ် တစ်ထောင်နှင့်တစ်ညပြောရသော ပသီပုံပြင်ဝတ္ထုကြီးကို ထိုနောက်တွင် ပစ္ဆိမဌာနဖြစ်သော အနောက်ဘက် ဉရောပတိုက်သားတို့သည် မိမိတို့ မာဂဓဘာသာဖြင့် လည်းကောင်း ထို့ပြင် အာရှတိုက် တိုင်းနိုင်ငံသားတို့သည် မိမိတို့ မာဂဓဘာသာဖြင့် လည်းကောင်း၊ ကောင်းစွာ ရေးသားထားအပ်သော ၎င်းအာရေဘီယံနိုက်ခေါ် ဝတ္ထုကြီးကို အင်္ဂလိပ်လူမျိုးတို့ မဂဓဘာသာဖြင့် ပုံနှိပ်လုပ်ဆောင်ထားရှိရာ ၎င်းဝတ္ထုကြီး၌ ပါရှိသော ဇာတ်ဝတ္ထုများအနက် အကောင်းဆုံး ဇာတ်ဝတ္ထုတို့ကို ကောက်နုတ်ယူငင်၍ မြန်မာဘာသာဖြင့် ပြန်ဆိုလျက် တစ်ထောင်နှင့်တစ်ညပြောရသော ပသီပုံပြင်ဝတ္ထုကြီး အကျယ်ဟူသော ထိပ်ကမ္ပည်းကို ကုံးနှောင်ဖွဲ့ချည်၍ ယခုအခါ ရန်ကုန်မြို့ အစိုးရ ဆေးရုံတော်ကြီး၌၊ ဘိလပ်မြို့မှ ဘွဲ့တံဆိပ်များနှင့်တကွ ပြန်လာ၍ ဆရာဝန်၏ အလုပ်ကို လုပ်ကိုင်နေသူ ကျွန်ုပ် ရှိတ်အဗ္ဗဒူရာမန်က အမျိုးလေးပါးတို့ ဖတ်ရှုစေခြင်းအလို့ငှာ သေသပ် ကောင်းမွန်စွာ ပုံနှိပ်လုပ်ဆောင်ထားပါသည်။ ၎င်းအာရေဘီယံနိုက်ခေါ် ဝတ္ထုကြီးကို အထက်ဆိုခဲ့ပြီးသော ဉရောပတိုက်သားတို့မှစ၍ အရပ်ရပ်တိုင်းပြည် နိုင်ငံသားတို့သည် နှစ်သက်အံ့ဩ ပြောပချီးမွမ်းလျက် ဝါစုဂ္ဂတပြု၍ ဖတ်ရှုလေ့လာကြသဖြင့် ယခု ပုံနှိပ် လုပ်ဆောင်အပ်သော ၎င်းပသီပုံပြင် ဝတ္ထုကြီးကိုလည်း အမျိုးလေးပါးတို့သည် မနောမယ ဇောတိရသ ကျောက်ပတ္တမြားကို လက်ဝယ်ရရှိသော ယောက်ျားကဲ့သို့ နှစ်သက် ဝမ်းမြောက်စွာ၊ ဖတ်ရှုလေ့လာတော်မူကြလိမ့်မည်ဟု အယူအထင် စိတ်တွင် မျှော်လင့် ယုံကြည်ရင်းရှိကြပါသည်။

ကလေးလူငယ်နုနယ်စွာသော ငယ်သွေတန်စို လုလင်ပျိုစသော မန္တဒသက၊ ခိင္ဍ ဒသက၊ ဝဏ္ဏဒသက၊ ဗလဒသက၊ ပညာဒသက၊ ဟာထနီဒသက၊ ပဗ္ဘရအကုင္ဒလဒသက၊ မုဠ္ဍဒသက၊ အနဌာနသယနဒသက စသော အရွယ်ဆယ်ပါးတွင် အကျုံးဝင်သော သူတို့ ဖတ်ရှုကြသဖြင့် ခြားနားသိသာရန် ကမ္ပည်းခတ်ဘိသကဲ့သို့ ထင်ရှားလွယ်ကူစွာသော ဝါကျ စကားတို့ဖြင့် စီကုံးပုံနှိပ် လုပ်ဆောင်ထားပါသည်။ အထက်ပုံနှိပ် လုပ်ဆောင်သော စာအုပ်များသည် ကုန်စင်၍ ယခုတစ်ဖန် တစ်ထောင်နှင့်တစ်ညပြောရသော ပသီပုံပြင် ဝတ္ထုကြီးအကျယ်ဟူ၍ ထိပ်ကမ္ပည်းကို ကုံးနှောင်ဖွဲ့ချီ၍ ပုံနှိပ်လုပ်ဆောင် စာအုပ်ပြုလုပ်ထား ပါသည်။

ယင်းသို့လျှင် အင်္ဂလိပ်လူမျိုးတို့ မဂဓဘာသာမှ တစ်ဖန်မြန်မာဘာသာပြန်ဆို ပုံနှိပ် လုပ်ဆောင်ရန် ရှေးဦးအာဒိကမ္မိကပြု၍ တိုက်တွန်းနှိုးဆော်တော်မူသော ဆေးမင်းကြီး ကာလာနယ်လီတီသခင်မှစ၍ ၎င်းပြင် နာဂရသန္နိဝါသ သမဂ္ဂ ဖြစ်သော မိတ်ဆွေ ကလျာဏအပေါင်းတို့အား ကျွန်ုပ်သည် လွန်မင်းစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**မဟာမင်္ဂလာ၊ မြရောင်တင့်ရှန်း၊ ကျွန်းဇမ္ဗူဒိပ်၊ ကွန်းငှုထိပ်တွင်၊ အတိတ်ပဘာဝ၊ ဇာတကဖြင့်၊ ပမာဏကင်း၊ အဆန်းအယဉ်၊ ကျမ်းနှင့်ယှဉ်၍၊ စဉ်ကာခင်းသည်၊ မင်းထိုက်စိုးတန်၊ ဒေသန္တရ၊ ရဋ္ဌသီးသီး၊ ဝှဲချီမြည်သံ၊ လှိုက်ဆူညံလျက်၊ စံတည်လောင်းရတနာအစု ဂုဏ်သေတ္တုကဲ့သို့၊ ရှုဖွယ်ကောင်းလှသော၊ ကြောင်းအရပ်ရပ်၊ အတ္ထုပ္ပတ်ကို၊ နဝရတ်မျက်ရှင်၊ တန်ဆာဆင်သကဲ့သို့၊ ဥဒ္ဒင်ဘွေဟီ၊ သရေစည်လှ၍၊ တစ်ထောင်နှင့်တစ်ည** ပြောရသော ပသီပုံပြင်ဝတ္ထုကြီးအကျယ်ကို ယခုအခါ ရန်ကုန်မြို့ အစိုးရဆေးရုံတော်ကြီး၌ ဘိလပ်မြို့မှ ဘွဲ့တံဆိပ်များနှင့်တကွ ပြန်လာ၍ ဆရာဝန်၏ အလုပ်ကို လုပ်ကိုင်နေသူ ရှိတ်အဗ္ဗဒူရာမန်က အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာဖြင့် ပြန်ဆိုလျက်။

**သက္ကရာဇ် ၁၂၆၆ ခု၊ ပြာသိုလအတွင်း**

**ပထမတွဲကို**

**(၁၀၀၀)**

**ပုံနှိပ်လုပ်ဆောင်၍ပြီးသည်**

**ဗြိတစ်ယှုမြန်မာပုံနှိပ်တိုက်**

## မာတိကာ

၁။ တစ်ထောင့်တစ်ညပြောရသော ပသီပုံပြင်ဝတ္ထုကြီးအကျယ်၏ အတ္ထုပ္ပတ္တိအကြောင်း
၂။ နိဒါန်း
၃။ သူဌေးကြီးတစ်ယောက်နှင့် ဘီလူးကြီးအကြောင်း
၄။ ပထမခရီးသည်နှင့် သမင်မအကြောင်း
၅။ ဒုတိယခရီးသည်နှင့် ခွေးနက်နှစ်ကောင်အကြောင်း
၆။ တတိယခရီးသည်နှင့် မြည်းအကြောင်း
၇။ ယန္တရားဖြင့် ပြုလုပ်သော စက်ရုပ်မြင်းပျံအကြောင်း
၈။ တံငါသည်အကြောင်း
၉။ ယူနန်ရှင်ဘုရင်နှင့် ဒူဘိန်ဆေးသမားအကြောင်း
၁၀။ လင်မယားနှစ်ယောက်နှင့် သာလိကာအကြောင်း
၁၁။ ရာဇဒဏ်ကိုခံရသော အမတ်ကြီးအကြောင်း
၁၂။ အလက္ခဲ့အိုင်ရလင်ကျွန်းကို အစိုးရသောမင်းကြီး
၁၃။ မနာလိုဝန်တိုခြင်းဖြစ်ကြသော ညီအစ်မတို့အကြောင်း
၁၄။ အဟာမက်မင်းသားနှင့် ပရိဘနောင်နတ်သမီးအကြောင်း
၁၅။ သစ်တော့သီးသုံးလုံးအကြောင်း
၁၆။ ဆံမရှူးဒင်၏ သမီးနှင့် နူရာဒင်၏သားတို့အကြောင်း
၁၇။ ခရီးသည်သုံးယောက်တို့အကြောင်း
၁၈။ ပထမခရီးသည်အကြောင်း
၁၉။ ဒုတိယခရီးသည်အကြောင်း
၂၀။ ကောက်ကျစ်သူနှင့် ပညာရှိသူတို့အကြောင်း

၂၁။ ဒုတိယခရီးသည်အကြောင်း အဆက်
၂၂။ တတိယခရီးသည်အကြောင်း
၂၃။ ပထမမိန်းမအကြောင်း
၂၄။ ဒုတိယမိန်းမအကြောင်း
၂၅။ ကမာရက်ဇမန်မင်းသားနှင့် ပဒေါင်ရာမင်းသမီးအကြောင်း
၂၆။ နိယာမနှင့် နော်အန်တို့အကြောင်း
၂၇။ ဆင်းတဘက်နှင့် သူဆင်းရဲကူလီအကြောင်း
၂၈။ ဆင်းတဘက်၏ ပထမကုန်ကူးသန်းခြင်းအကြောင်း
၂၉။ ဆင်းတဘက်၏ ဒုတိယကုန်ကူးသန်းခြင်းအကြောင်း
၃၀။ ဆင်းတဘက်၏ တတိယကုန်ကူးသန်းခြင်းအကြောင်း
၃၁။ ဆင်းတဘက်၏ စတုတ္ထကုန်ကူးသန်းခြင်းအကြောင်း
၃၂။ ဆင်းတဘက်၏ ပဉ္စမကုန်ကူးသန်းခြင်းအကြောင်း
၃၃။ ဆင်းတဘက်၏ ဆဋ္ဌမကုန်ကူးသန်းခြင်းအကြောင်း
၃၄။ ဆင်းတဘက်၏ သတ္တမကုန်ကူးသန်းခြင်းအကြောင်း
၃၅။ အာလာဒင်နှင့် ကြွစ္စာသယမှန်အိမ်အကြောင်း
၃၆။ ကြေးဝါမြို့ကြီး၏အကြောင်း
၃၇။ တာဂျာမူလွတ်မင်းသားနှင့် ဒွန်နယားမင်းသမီးအကြောင်း
၃၈။ အာဇီနှင့် အာဇီဇယ်တို့အကြောင်း
၃၉။ တာဂျာမူလွတ်မင်းသားနှင့် ဒွန်နယားမင်းသမီးအကြောင်း (အဆက်)
၄၀။ ဘက်ကာ၏သား အလီနှင့် ရှယ်မအယ်လ်နာအကြောင်း
၄၁။ အလီဒင်အဘူရှာမက်အကြောင်း

မာတိကာပြီး၏။

# နိဒါန်း

ရှေးအထက်ကျော်ကာလက ဆက်ဆံတွေ့ကြုံခဲ့ရသော အကြောင်းများကို နောက်လူနောက်သားတို့ သိကျွမ်းနားလည်စေရန် အမတ်ကြီး၏သမီး ရှာရဇတ်သည် ရက်ပေါင်းတစ်ထောင့်တစ်ညတိုင်တိုင် ထုတ်ဖော်ပြောဆိုခဲ့ရသည်။ မည်သည့်အခါတွင် မည်သည့်အကြောင်းကြောင့် ယင်းကဲ့သို့ ထုတ်ဖော်ပြောဆိုခဲ့ရသည်ဟု သိမှတ်ကြစေဖို့ ၎င်းပုံပြင်ဝတ္ထုဖြစ်ပေါ်လာရခြင်း၏အကြောင်း ဆိုပေအံ့။

## သားတော်ကြီးက ဖခင်၏ အရိုက်အရာဆက်ခံခဲ့

ရှေးလွန်လေပြီးသောကာလ၌ အိန္ဒိယပြည်နှင့် တရုတ်ပြည်ကြီးဟု ဆိုအပ်သော မြို့ကြီးမြို့ငယ်တို့ကို စိုးမိုးအုပ်ချုပ်တော်မူသော ဘုရင်ကြီးတစ်ပါးရှိလေ၏။ ထိုဘုရင်ကြီး၌ သားတော်နှစ်ပါး ရှိသည့်အနက် သားတော်အကြီးကိုကား ရှာဒီယာဟူသော ဘွဲ့အမည်ကိုပေး၍ အငယ်ကိုမူ ရှာဇီမန်ဟူသော ဘွဲ့အမည်ကို ပေး၏။ ထိုသားတော်နှစ်ပါးတို့သည် အချိန်အရွယ် ရောက်လတ်သောအခါ ခမည်းတော်ကြီး နတ်ပြည်စံလွန်တော်မူသည်ဖြစ်၍ သားတော်အကြီး ရှာဒီယာသည် ခမည်းတော် အရိုက်အရာကိုခံယူ၍ ညီတော်အငယ် ရှာဇီမန်မင်းသားအား စမာကံဟူသောပြည်ကို ခွဲဝေပေးကမ်း၍ မင်းပြုလုပ်စေ၏။

ထိုသို့ ညီနောင်နှစ်ပါးတို့ စိုးစံအုပ်ချုပ် မင်းလုပ်ကြသောကာလ မင်းကျင့်တရားဆယ်ပါး၊ ဗြဟ္မစိုရ်တရား လေးပါး၊ အပရိဟာနိယတရား ခုနစ်ပါးတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်သည်နှင့် မြို့ကြီးမြို့ငယ်၊ ရွာကြီးရွာငယ်၊ နိဂုံး၊ ဇနပုဒ်တို့မှစ၍ ငြိမ်သက်ပိပြားခြင်းကြောင့် တိုင်းသူပြည်သား လူအများတို့သည် သက်ကြည်ညိုလေးမြတ်ခြင်း ရှိကြ၏။ ထို့အပြင် ရဟန်း ပုဏ္ဏား၊ သူဌေးသူကြွယ်တို့သည်လည်း ထို့အတူ သာဓုအနုမောဒနာပြုကြလေ၏။

ဤကဲ့သို့ နှစ်ပေါင်းများစွာ ရှည်ကြာသောကာလ နောင်တော်ရှာဒီယာမင်းကြီးသည် ညီတော်ရှာဇီမန်မင်းနှင့် တွေ့မြင်လိုသော ဆန္ဒတော်ရှိ၍ စိန်ကောင်း၊ ကျောက်ကောင်း၊ ပတ္တမြားကောင်းတို့နှင့် ဆင်ရတနာ၊ မြင်းရတနာတို့ကို လက်ဆောင်တော်ပြု ပြီးသော်

ညီတော်ထံ ရာဇသံရွှေပေလွှာဖြင့် ညီတော်သည် ငါ၏ထံသို့ အဖူးအမြော် လာရောက်ရမည့် အကြောင်းနှင့် သံအမတ်ကြီးများ စေလွှတ်ရန် အမတ်ကြီးလေးပါးအား အမိန့်တော်ရှိလေ၏။

## ရှာဇီမန်မင်းထံ ဆက်သရန် ရာဇသံစာကား

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အိန္ဒိယတိုင်းကြီးနှင့် တရုတ်ပြည်ကြီးများ အပြင် အထူးထူးသော မြို့ကြီးမြို့ငယ်၊ ဇနပုဒ်၊ နိုင်ငံအလုံးကို အုပ်ချုပ်တော်မူလျက် ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော နောင်တော်ရှာဒီယာ ဘုရင်မင်းမြတ်က ရာဇသံရွှေပေလွှာဖြင့် စမာကံပြည်ကို စိုးမိုးစံပယ်တော်မူသည့် ညီတော် ရှာဇီမန်မင်းအား ကြားရောက်လိုက်သည်။ နောင်တော်သည် ခမည်းတော်မင်းကြီး တစ်သီးတစ်ဖန် နတ်ဌာန် ပြောင်းကြွတော်မူသည့်နေ့မှစ၍ ယခုထက်တိုင် လပေါင်း၊ နှစ်ပေါင်းများစွာ ကွဲကွာစံနေရသည် ဖြစ်သောကြောင့် ညီတော်ထံပို့ရောက်ရန် စိန်ကောင်း၊ ကျောက်ကောင်း၊ ပတ္တမြားကောင်း ရတနာတို့ဖြင့် ဆင်ယာဉ်မြင်းယာဉ်တို့ကို လက်ဆောင်တော်ပြု၍ ရာဇသံစာပါ သံအမတ်ကြီး များကို စေလွှတ်တော်မူလိုက်ရာ ယခုနောင်တော်၏ ရာဇသံရွှေစာရောက်သည်နှင့် တစ်ပြိုင်နက် နောင်တော်၏ ရွှေဖဝါးတော်မြတ်အောက်သို့ အဖူးမြော်လာရောက်ရမည့် အကြောင်းကို ရာဇသံဖြင့် ကြားရောက်လိုက်သည် ညီတော် ရှာဇီမန်။

သံအမတ်ကြီးလည်း မင်းကြီးက ယင်းသို့ပေးပို့ရန် မိန့်တော်မူပြီးသည့်နောက် သုံးရက် အတွင်းတွင် ပြည့်စုံအောင်စီမံ၍ လေးရက်မြောက်နေ့၌ စမာကံပြည်သို့ ထွက်ခွာလာရာ ခရီးလမ်းစဉ်တစ်လျှောက်တို့၌ ရှိကြသော ထီးဆောင်းမင်းအပေါင်းတို့သည် ရှာဒီယာမင်းကြီး၏ သံအမတ်ကြီးအဖြစ်ကို သိကြလျှင်ပင် ကောင်းမွန်ထူးမြတ်သော လက်ဆောင်ပဏ္ဏာကာရ တို့ကို ကိုယ်နှင့်တန်ရုံတန်ရုံ ကိုယ်စီကိုယ်စီ ဆက်သကြလေ၏။ ထိုအခါ သံအမတ်ကြီးလည်း အစဉ်သဖြင့် သွားလတ်သော် လေးရက်မြောက်သောနေ့၌ စမာကံမြို့သို့ ဆိုက်ရောက်လေ သဖြင့် မှူးမတ်သေနာပတိ အပေါင်းတို့နှင့်တွေ့၍ နှုတ်ဆက်မေးမြန်းပြီးလျှင် နောင်တော် ရှာဒီယာမင်းကြီး၏ သံတမန်တော်အဖြစ်ဖြင့် ရာဇသံစာနှင့် လာရောက်ရကြောင်း၊ ရှာဇီမန်မင်းကြီးထံ သံတော်ဦးတင်စေရန် အကြောင်းများကို ပြောလေ၏။

ထိုအခါ အမတ်ကြီးများလည်း မင်းကြီးထံ ဝင်ရောက်ပြီးသော် အရှင့်နောင်တော် ဘုရင်မင်းမြတ်ထံက သံတော်ကြီး၊ တမန်တော်ကြီးများ ဆိုက်ရောက်ပါသည်ဟု သံတော်ဦး

တင်လေလျှင် ရှာဇီမန်မင်းကြီးလည်း အဆိုင်းအငံ့ အကန့်အကွက် မရှိစေရ၊ ဝင်စေဟု မိန့်တော်မူလေသော် အမတ်ကြီးများလည်း ထိုအကြောင်းကို သံအမတ်ကြီးထံ ပြန်ကြား ပြောဆိုရာ သံအမတ်ကြီးသည် နောင်တော်က ပေးပို့တော်မူလိုက်သော စိန်ကျောက်၊ ပတ္တမြား၊ ဆင်ယာဉ် မြင်းယာဉ် စသော လက်ဆောင်တော်များနှင့်တကွ ရာဇသံစာကို ဆက်သလေ၏။

## စစ်အင်္ဂါလေးပါးနှင့်အညီ ထွက်လာခဲ့ရာ

ထိုအခါ နောင်တော်၏ ရာဇသံစာကို ဖတ်လျှောက်စေပြီးလျှင် ငါသည် နောင်တော်၏ အမိန့်အာဏာတော်အတိုင်း နောင်တော်ထံ သုံးရက်လွန်မှ သွားတော်မူအံ့၊ အလုံးစုံသော အစာအာဟာရ၊ စားနပ်ရိက္ခာတို့ကို လည်းကောင်း၊ ကိုယ်ရံ စစ်သည် ရဲမက်တော်တို့ကို လည်းကောင်း၊ အရန်သင့်စီမံရှိစေရမည်။ နောင်တော်၏ သံအမတ်ကြီးများကိုလည်း ကောင်းမွန်သော နေရာထိုင်ခင်း၊ တည်းအိမ်၊ နေအိမ်၊ အစားအသောက် အစုံအလင်နှင့်တကွ ကောင်းမွန်စွာထားကြရမည်ဟု အမိန့်တော်ရှိပြီးလျှင် ဆုလာဘ်သပ်ပကာတို့ကို ပေးသနား တော်မူလေ၏။ သုံးရက်မြောက်သောနေ့၌ အမတ်ကြီးများသည် ခြေသူရဲ၊ ဆင်စီးသူရဲ၊ မြင်းစီးသူရဲ၊ ရထားစီးသူရဲဟူသော စစ်အင်္ဂါလေးပါးတို့ဖြင့် အစားအစာ၊ ရိက္ခာတို့ကို ကုလားအုတ်များမှာ တင်ဆောင်ပြီးလျှင် အရန်သင့် ရှိပါကြောင်းကို တင်လျှောက်ကြလေ၏။ မင်းကြီးလည်း အမတ်ကြီးလေးယောက်အနက် တစ်ယောက်သော အမတ်ကြီးကို တိုင်းပြည် နိုင်ငံအလုံးကို ငါပြန်လည်တော်မမူမည့် အတွင်း ကောင်းမွန်စွာ ကြည့်ရှုစောင့်ထိန်းရစ်ရမည်ဟု အပ်နှံတော်မူပြီးလျှင် စစ်အင်္ဂါလေးပါးစသော တပ်တောင်တာ ဗိုလ်ထုနှင့်တကွ ထွက်တော်မူ လေသော် တောစခန်းသို့ ဆိုက်ရောက်တော်မူလေ၏။ ထိုအခါ တပ်တော်ချရပ်ပြီးလျှင် တဲနန်းတော်နှင့် စံနေတော်မူရာ ညနေချမ်း အချိန်ရောက်သောကာလ ပြည်တော်ဝယ် ကျန်ရှိရစ်သော ဝတ္ထုတစ်ခုကို သတိရရှိတော်မူ၍ အမတ်ကြီးတို့အား ခေါ်တော်မူပြီးလျှင် ရဲမက်၊ တပ်တော်သားတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ကြပ်ရစ်ကြရမည်၊ ငါသည် အနည်းငယ်သော ကိုယ်ရံ တပ်တော်သားတို့နှင့် ပြည်တော်သို့ ခေတ္တပြန်လည်တော်မူမည်ဟု မိန့်တော်မူပြီး တပ်တော်လှည့်လေ၏။

## မိဖုရားခေါင်ကြီး၏ လုပ်ရပ်

မင်းကြီးလည်း နန်းတော်သို့ ညချမ်းသောအခါ ရောက်တော်မူသည်နှင့် သလွန်တော်ဆောင်သို့ မှန်နန်းတော်ရှေ့ကဖြတ်၍ ဝင်တော်မူရာ အဂ္ဂမဟေသီ တောင်နန်း မိဖုရားခေါင်ကြီးသည် အစေအပါးဖြစ်သော ကပ္ပလီကြီးတစ်ယောက်နှင့်အတူ ယှဉ်တွဲစက်တော်ခေါ်လျက်ရှိနေတော်မူသည်ကို မြင်တော်မူလေသော် မင်းကြီးသည် ရုတ်တရက် အမျက်တော်ရှိ၍ စက္ခုအလင်းမရသောသူကဲ့သို့ မည်သည့်အရာကိုမျှ မမြင်မစွမ်းနိုင် ဖြစ်တော်မူ၏။ ဤသို့လည်း စိတ်ထင်အောက်မေ့တော်မူလေ၏။ ဩော် ယခု ငါထွက်စံတော်မူရာ ငါ၏နယ်ပယ်နိုင်ငံ နိမိတ်ကို မလွန်ချေသေး၊ အကယ်၍ ရည်လတာရှည်ပြီးလျှင် နောင်တော်၏ပြည်သို့ ဆိုက်ရောက်တော်မူသောအခါ မိဖုရားကြီးသည် မည်ကဲ့သို့ ကျင့်ကြံလိမ့်မည်ကို မသိနိုင်ဟု ကြံတော်မူ၍ အမျက်ဒေါသဖြစ်ခြင်းကြောင့် သန်လျက်ကို အိမ်မှထုတ်၍ မိဖုရားကြီးနှင့် ကပ္ပလီကျွန်ယောက်ျားအား တစ်ခါတည်းဖြင့် အဆုံးကွပ်မျက်မူပြီးမှ တပ်တော်ရှိရာသို့ ပြန်တော်မူခဲ့လေ၏။ နံနက် မိုးသောက်သောအခါ ချီတက်စေရန် နောင်တော်၏ ပြည်တော်သို့ ဆိုက်ရောက်တော်မူသည်နှင့် တစ်ပြိုင်နက် နောင်တော်ရှိရာ ရာဇပလ္လင်ဥကင်ရှေ့သို့ ဝင်တော်မူလေ၏။

## ညီတော်ကိုခေါ်သော်လည်း လိုက်မလာခဲ့

နောင်တော် ရှာဒီယာမင်းကြီးလည်း ညီတော်ကို မြင်တော်မူလျှင်ပင် အလွန်ဝမ်းမြောက်တော်မူသည်ဖြစ်၍ နှုတ်ခွန်းဆက်သတော်မူပြီးလျှင် ပျော်ရွှင်ဝမ်းမြောက်တော်မူကြောင်း စကားစမြည်များကို မိန့်တော်မူလေ၏။ ညီတော်မှာမူကား မိမိမိဖုရားကြီး၏ အဖြစ်အပျက် အကြောင်းအရာကို အောက်မေ့ဆင်ခြင်တော်မူပြီးလျှင် တမြေ့မြေ့ဝမ်းထဲတွင် ဆွေးတော်မူလာသောကြောင့် နှလုံးတော် မသာယာခြင်းပြင်းစွာ ဖြစ်တော်မူလေ၏။ နောင်တော် မင်းကြီးလည်း ညီတော်၏ အမူအရာ မျက်နှာတော် မသာယာခြင်းကို မြင်တော်မူလေသော် ငါ၏ ညီတော်သည် မည်သည့် အကြောင်းကြောင့် ညှိုးငယ် နွမ်းလျတော်မူဘိသနည်း၊ ပြည်တော်ကို လွမ်းဆွတ်တော်မူပါသလော၊ သို့မဟုတ် မိဖုရားကိုပင် အောက်မေ့တသတော်မူသလော၊ မည်သည့် အကြောင်းနည်းဟု မေးမြန်းတော်မူရာ ညီတော်လည်း ဘုရားညီတော်သည် ကိုယ်လက်မအီမသာခြင်းကြောင့် ညှိုးငယ်စွာဖြစ်ပါသည်၊ အခြား

မည်သည့် အကြောင်းကြောင့်မှ မဟုတ်ပါဟု မိဖုရားကြီး အကြောင်းကို ပိတ်ဖုံးလျှို့ဝှက်၍ တင်လျှောက်လေ၏။ ထိုအခါ နောင်တော်မင်းကြီးသည် တစ်ဖန်ညီတော်အား ယခု ညီတော်သည် စိတ်လက်မသာဟန်ရှိ၏။ ငါနှင့်အတူ တောကစားလိုက်တော်မူခဲ့ရမည်၊ ထိုအခါ စိတ်လက်မသာခြင်းတို့ ပြေရှင်းပပျောက်လတ္တံ့၊ လိုက်တော်မူခဲ့ဟု ခေါ်တော်မူလေသော် ညီတော်လည်း လိုက်တော်မမူလို၍ ငြင်းဆန်ဖယ်ရှားပြီးလျှင် နေတော်မူရစ်သောကြောင့် နောင်တော်ဘုရင်မင်းမြတ်သာလျှင် တောကစား ထွက်စံတော်မူလေ၏။

## မရီးတော်နှင့် နှိုင်းစာသော်

ထိုအခါ ညီတော်လည်း စိတ်လက်မသာယာခြင်းတို့မှ ပြေပျောက်စေခြင်းငှာ နန်းတော်လေသာပြတင်းကို ဖွင့်လှစ်ပြီးလျှင် ဉယျာဉ်တော်ကို ကြည့်ရှုတော်မူရာ မရီးတော်ဖြစ်သော မိဖုရားကြီးသည် နောက်လိုက်နောက်ပါ ကပ္ပလီကြီး နှစ်ဆယ်တို့နှင့် ဉယျာဉ်တော်သို့ ထွက်တော်မူပြီး ကပ္ပလီကြီးတို့နှင့် နေထွက်သည့်အချိန်မှ နေဝင်ချိန်တိုင်အောင် မတော်မလျော် လော်လည်ခြင်းမကင်းဘဲ ဖက်ယက်နမ်းရှုပ်ခြင်း ပြု၍နေသည်ကို မြင်တော်မူလေ၏။ ထိုအခါမှ သြော် ငါ၏ မိဖုရားကြီးသည် ယခု ငါ၏ မရီးတော်မိဖုရားကြီးနှင့် နှိုင်းစာဆင်ခြင်လျှင် တော်သေးစွတကားဟု စိတ်လက်မသာယာခြင်းတို့ကို ဖြေဖျောက်၍ ညှိုးငယ်ခြင်းမှ သက်သာယာရစေတော်မူ၏။ နောင်တော်လည်း တောကစားရာမှ ပြန်လည်တော်မူခဲ့ရာ နန်းတော်သို့ရောက်လျှင် ညီတော်အား နှုတ်ခွန်းဆက်သတော်မူ၍ ငါ၏ ညီတော်သည် ယခုအခါကား အထက်ကနှင့်မတူ မျက်နှာတော် အလွန်သာယာရွှင်ပျနေ၏။ အကြောင်းကို သိအောင် မေးဦးအံ့ဟုကြံ၍ ငါ၏ ညီတော်သည် ရောက်စကနှင့်မတူ၊ မျက်နှာတော် ရွှင်လန်းပြည့်ဖြိုးနေသည်မှာ မည်သည့်အကြောင်းနည်းဟု မေးမြန်းတော်မူလေ၏။ ညီတော်ကလည်း နောင်တော်ဘုရား ပထမအခါက မျက်နှာမသာယာခြင်းကား ဘုရားညီတော်သည် တိုင်းတော်ပြည်တော်မှ ထွက်ခွာလာရာ ခရီးလမ်းစခန်း ကျရောက်သော ကာလ၊ နောင်တော်ကို ဆက်သရန် အထူးထူးသော ရတနာ ကျောက်မျက်မြတ်တို့ မေ့လျော့ ကျန်ရစ်ခဲ့ခြင်းကြောင့် ယူငင်ရန်ပြန်သွားရာ မိဖုရားကြီးသည် အစေအပါးဖြစ်သော ကပ္ပလီကြီးနှင့် လော်လည်ခြင်း မကင်းရှိသည်ကို ညီတော် တွေ့မြင်တော်မူရသောကြောင့် နှစ်ယောက်လုံးပင် အသက်ဆုံးရှုံးအောင် ကွပ်မျက်ခဲ့ရခြင်းကို အတိုင်းတိုင်းအပြည်ပြည်

မင်းတို့ ကြားသိမည်ကို ရှက်ခြင်းကြောင့် မျက်နှာမသာမယာခြင်းဖြစ်ပါသည်၊ ယခု စိတ်လက်သာယာသည့်အဖြစ်ကို တင်လျှောက်ရမည်ဆိုပါလျှင် ရာဇဝတ်တော်မှ ချမ်းသာ ပေးသနားတော်မူပါဟု တင်လျှောက်လေ၏။

ထိုအခါ နောင်တော်က ခွင့်ပေးရာ နောင်တော်ဘုရား၊ နောင်တော်၏ လက်ယာတော်နေ ကြင်ဆွေမဟာ ဘမရာစံဖြစ်သော မိဖုရားကြီးကို ဘုရားညီတော်သည် လေသာပြတင်းမှ ကြည့်ရှုနေစဉ် ကပ္ပလီနစ်ဆယ်တို့နှင့် နံနက်က ညနေတိုင်အောင် ပျော်ပါးကစားလျက် လော်လည်နေသည်ကို မြင်ရသောကြောင့် ငါ၏ မိဖုရားသာလျှင်မဟုတ်၊ မရီးတော်လည်း ထို့အတူဖြစ်ချေသည်ကို စိတ်လက်မအီမသာခြင်းတို့မှ ပပျောက်၍ ချမ်းသာခြင်းသို့ ရောက်ပါသည်ဟု တင်လျှောက်လေ၏၊ ထိုအခါ နောင်တော်ကြီးလည်း မျက်မြင် ကိုယ်တွေ့ သိလိုတော်မူသောကြောင့် ကောင်းလှပြီညီတော်၊ နံနက်မိုးသောက်ရောက်လတ်သော် တောကစား ထွက်တော်မူမည်ပြု၍ နောင်တော် ချောင်းမြောင်း၍ကြည့်ရှုတော်မူအံ့ဟု အမိန့်တော်ရှိပြီးသော် နံနက်မိုးသောက်သောအခါ တောကစားထွက်တော်မူမည်ဟု မိန့်တော်မူပြီးလျှင် တောသို့ထွက်တော်မမူဘဲ ညီတော်နှင့်အတူတကွ ချောင်းမြောင်း ကြည့်ရှုတော်မူစဉ် မိဖုရားကြီးသည် ယမန်နေ့ကကဲ့သို့ ကပ္ပလီ နစ်ဆယ်တို့နှင့် ထွက်တော်မူခဲ့ပြီးသော် လော်လည်ခြင်းငါးပါးအနက် ကာမဂုဏ်၌ လော်လည်ပြုကျင့်သည်ကို ဒိဋ္ဌမြင်တော်မူရလေ၏။

## ထောက်လှမ်းစုံစမ်းကြစို့

ထိုအခါ နောင်တော်မင်းကြီးသည် ညီတော်အား ဤသို့တိုင်ပင်တော်မူ၏၊ ညီတော်၊ ငါတို့သည် သန်းခေါင်ယံအချိန် လူသံတိတ်ဆိတ်သောအခါ၌ မည်သူတစ်ဦးတစ်ယောက်မျှ မသိစေရဘဲ ထွက်တော်မူကြပြီးလျှင် အခြားသူ၏ မယားများသည် ဤကဲ့သို့ပင် ကျင့်ကြံသည်၊ မကျင့်ကြံသည်ကို သိရအောင် ထောက်လှမ်းစုံစမ်းမည်၊ နောင်အခြားသောသူတို့၏ မယားများ ဤကဲ့သို့ပင် ကျင့်ကြံကြမူ ငါတို့ရသေ့ရဟန်း ပြုလုပ်ကြအံ့၊ ငါတို့မယားချည်းသာ ဤသို့ လော်လည်သည်ဖြစ်မူ သေရခြင်းက ကောင်းလေ၏ဟု တိုင်ပင်စကားမိန့်ကြားတော်မူရာ ညီတော်လည်း သဘောကျ နစ်သက်တော်မူသောကြောင့် တိုင်ပင်တော်မူပြီးလျှင် ညဥ့်အခါ ထွက်တော်မူကြလေ၏။

## ဘီလူးကြီးနှင့်မိန်းမငယ်

ညီနောင်နှစ်ပါးတို့ ထွက်တော်မူကြရာ တစ်နေ့သ၌ အလွန်တရာ မြပမာကဲ့သို့ စိမ်းလဲ့အေးကြည်စွာသော ရေတို့သည် လျှော့ကျစီးဆင်းလျက်ရှိသော မြစ်ကမ်းယံအစပ်၌ အရိပ်အာဝါသ ကောင်းသော အမိကရ သစ်ပင်ကြီးတစ်ပင်ကို တွေ့လေ၏။ ထိုသစ်ပင်ကြီး၏ အရိပ်ဝယ် ခိုမှီကြည့်ရှုနားနေတော်မူကြစဉ် ထန်းပင်၏ အမြင့်ပမာဏမျှရှိသော လှိုင်းလုံးကြီး တို့သည် မြစ်၏ အလယ်မှကမ်းခြေသို့ တရွေ့ရွေ့လိမ့်လာကြသည်၊ ကြောက်ရွံ့ခြင်း ဖြစ်တော်မူသောကြောင့် ညီနောင်နှစ်ပါးတို့သည် သစ်ပင်ထက်သို့ တက်တော်မူကြပြီးလျှင် ထိုလှိုင်းတို့ မည်သို့ဖြစ်မည်ကို ကြည့်ရှုနေစဉ် တရွေ့ရွေ့ကမ်းခြေသို့ ကပ်ပြီးလျှင် ထိုလှိုင်းမှ ဘီလူးကြီးသည် ထိုသစ်ပင်၏ အောက်တွင်ချ၍ သေတ္တာကြီးကို ဖွင့်လှစ်သောအခါ သေတ္တာငယ်တစ်ခုကို တွေ့လေ၏။ ထိုသေတ္တာငယ်ကို ဖွင့်လှစ်သောအခါမှ အလွန်လှပ ရှုမဝသော မိန်းမငယ်သည် ထွက်ပေါ်လာရာ ဘီလူးကြီးသည် ထိုမိန်းမငယ်အား သင်သူငယ်မကို ငါသည် ချစ်ခင်ဆဲဆဲ၌ သင့်ကိုငါ ဆောင်ကြဉ်းခဲ့ခြင်း ဖြစ်သည်ဟု ပြောဆို ပြီးလျှင် မိန်းမငယ်၏ ပေါင်ထက်ဝယ် ခေါင်းအုံး၍ လျောင်းအိပ်လေ၏၊ ထိုမိန်းမငယ်လည်း တောင်မြောက်လေးပါးကို ကြည့်ရှုပြန်က သစ်ပင်ထက်၌ ညီနောင်နှစ်ပါးကို မြင်လေသော် ဘီလူးကြီးခေါင်းကို မြေပြင်သို့ ပစ်ချ၍ ထပြီးလျှင် သင်တို့ ဆင်းခဲ့ကြဟု ခေါ်လေ၏။ ညီနောင်နှစ်ပါးတို့လည်း ထိုမိန်းမငယ်၌ အမိအုပ်ထိန်းခြင်း၊ အဖ၏အုပ်ထိန်းခြင်း၊ မောင်၏ အုပ်ထိန်းခြင်း၊ အစ်မ၏ အုပ်ထိန်းခြင်း စသည်ဖြင့် အုပ်ထိန်းခြင်းနှစ်ဆယ်အနက် ကာမပိုင် တည်းဟူသော လင်သည် အုပ်ထိန်းလျက် ရှိသည်လည်း တစ်ကြောင်း၊ ဘီလူးကြီးကို ကြောက်ရွံ့သည်လည်း တစ်ကြောင်းများကြောင့် မလာမူ၍ ငြင်းဆန်ပယ်ရှားတော်မူကြလေ၏။

## လက်စွပ်နှစ်ကွင်းပေးခဲ့ရ

ထိုမိန်းမငယ်က တစ်ဖန် ဤသို့ပြောပြန်လေ၏။ သင်တို့ ဆင်းလျှင်ဆင်းခဲ့၊ မဆင်းခဲ့မူ ဘီလူးကြီးကိုနှိုး၍ သင်တို့ကို သတ်စားစေအံ့ဟု အကြိမ်ကြိမ်ခြိမ်းခြောက်ကာ ပြောဆိုလေ၏။ ညီနောင်နှစ်ပါးတို့သည် ကြောက်ရွံ့သဖြင့် ဆင်းလာရလေ၏။ ထိုအခါမှ မိန်းမငယ်လည်း မိမိ အလိုဆန္ဒရှိသမျှကို ပြီးစေပြီးသော် အိတ်၌ရှိသော လက်စွပ် ကိုးဆယ့်ရှစ်ကွင်းကို ထုတ်ဖော် ပြသပြီးလျှင် ဤသို့ပြောပြန်၏။ ယခု ကျွန်ုပ်၏ လက်ဝယ်ရှိသော လက်စွပ် ကိုးဆယ့်

ရှစ်ကွင်းသည် မောင်တို့ကဲ့သို့သော် သူတို့ထံမှရသော လက်စွပ်တို့တည်း၊ မောင်တို့လည်း လက်စွပ်နှစ်ကွင်းပေးရမည်၊ မောင်တို့ထံက လက်စွပ်ရမှ တစ်ရာပြည့်မည်ဟု တောင်းရာ ညီနောင်နှစ်ပါးတို့လည်း ကြောက်ရွံ့ခြင်းကြောင့် လက်စွပ်ကိုပေးရလေ၏။ မိန်းမငယ်က တစ်ဖန် ဤသို့ပြောပြန်၏။ ကျွန်ုပ်ကို အခြားသူနှင့် လက်ထပ်မင်္ဂလာ ပြုမည်ရှိဆဲအခါ ဘီလူးကြီးသည် ခိုးဆောင်လာပြီးသော် ထိုသေတ္တာ၏ အတွင်းဝယ် သော့ခုနစ်ချက်ခတ်၍ ထားခြင်းကြောင့် လော်လည်ခြင်းအမှုကို ကျင့်ကြံလိုသောဆန္ဒရှိက ဤကဲ့သို့ကျင့်ကြံမှ အရေးပြီးတော့သည်ဟု ပြန်ပြောလေ၏။

ထိုအခါ မိန်းမငယ် ပြောသောစကားကို ကြားတော်မူကြလျှင် ညီနောင်နှစ်ပါးတို့သည် အလွန်အံ့သြခြင်းဖြစ်၍ ယခု ငါတို့ ကြုံကြိုက်ရသည်ထက် ဆိုးစွတကားဟု ပြောပြီးလျှင် ပြည်တော်သို့ ပြန်တော်မူခဲ့ကြလေ၏။

## မိန်းမငယ်များ ဆက်သရန်

ပြည်တော်သို့ရောက်လျှင် မိဖုရားကြီးအား ရာဇဒဏ်ခတ်၍ သတ်စေဟူသော အမိန့်တော်ကို ထုတ်ပြန်ပြီးလျှင် အမတ်ကြီးအား ဤသို့ အမိန့်တော်ပြန်၏။ ယမန်နေ့မှစ၍ မိန်းမတို့ဝယ် ဝေါရီအရွယ်၊ ကညာအရွယ်၊ သွေးစမ်းအရွယ် စသည်ဖြင့် အရွယ်လေးပါး ရှိသည့်အနက်က ကညာဟူသောအရွယ်၊ မငယ်လွန်းမကြီးလွန်းသော မိန်းမငယ်တို့ကို တစ်နေ့လျှင် တစ်ယောက်ကျ ရှာကြံဆက်သရမည်၊ ယနေ့ဆက်သသော သူတို့ကို နက်ဖြန်၊ နက်ဖြန်ဆက်သသော သူတို့ကို သံဘက်၊ သံဘက် ဆက်သသော သူတို့ကို ဖန်ဆွဲ အဆိုင်းအငံ့မရှိ သတ်ကြရမည်ဟု မိန့်တော်မူလေ၏။ အမတ်ကြီးလည်း ရှာဒီယာမင်းကြီး၏ အမိန့်တော်အတိုင်း တစ်နေ့လျှင် တစ်ယောက်ကျဆက်သရာ သုံးနှစ်ကျော်ခန့် ရောက်သော ကာလ အရွယ်တော်သော မိန်းမတို့ ရှာမရဖြစ်လေ၍ အိမ်သို့ပြန်ခဲ့ပြီး ငါသည် ယနေ့ မဆက်မသနိုင်က မည်သို့သော ရာဇဝတ်ဒဏ်အပြစ်ကို ပေးမည်မသိဟု ညည်းညူပြီးသော် စိတ်လက်မသာမယာ ဖြစ်လေ၏။

ထိုအမတ်ကြီး၌လည်း သမီးအကြီးကား ရှာရာဇတ်၊ သမီးငယ်ကား ဒင်နယာဇတ်ဟူ၍ သမီးနှစ်ယောက်ရှိသည်။ သမီးအကြီး ရှာရာဇတ်သည် တစ်ထောင်တစ်သောင်းသော ပုံပြင်တို့ကို နားလည်ကျွမ်းကျင်လေ၏။ ထိုသမီးအကြီးသည် အဖ၏မျက်နှာ မသာခြင်းကို

မြင်လတ်သော် ပြည်ကြီးသခင် ဘုရင်မင်းမြတ်က မိန်းမငယ်တို့ကို နေ့စဉ်ဆက်သရမည့် အမိန့်တော်ရှိသည်တွင် ယနေ့ မဆက်မသနိုင်ခြင်းကြောင့် ရာဇဝတ်တော်ကို ခံရမည်ဖြစ်၍ အဖသည် ဤသို့ မှိုင်တွေဝေလျက် နလုံးမသာရှိနေသည်ဟု ပြန်ပြောလေ၏။

ထိုအခါ သမီးက ဖခင် ပူပင်သောက ဗျာပါရမဖြစ်ပါလင့်၊ ကျွန်ုပ်ကို မင်းကြီးထံ ဆက်သပါ၊ ကျွန်ုပ်၏ အသက်သည် သေလိုမူသေပစေ၊ အသက်မသေပြန်က အခြားသော မိန်းမတို့ အသက်ချမ်းသာပါလိမ့်မည်၊ ချမ်းသာသောအခါ ကျွန်ုပ်သည် ကယ်ဆယ်ရသော အကျိုးအားကြောင့် ကုသိုလ်ကောင်းမှု မဖြစ်ပွားပါလောဟု ပြောလေ၏။

## မြည်းနှင့် နွားတို့ဥပမာ

အမတ်ကြီးလည်း အို ငါ၏ ချစ်သမီး မြွေပူရာဝယ် ကင်းမှောင့်သည်ဆိုသော လောကစကားပုံသို့ လည်းကောင်း၊ ကုန်သည် တစ်ယောက်၌ရှိသော မြည်းနှင့် နွားကဲ့သို့ လည်းကောင်း ရှိတော့သည်ဟု ပြောလေသော် ဖခင်၊ မြည်းနှင့်နွားသည် မည်သို့ အကြောင်းနည်း ပြန်ကြားပါဦးလောဟု တောင်းပန်လေသော် ဖခင်အမတ်ကြီးက ပြန်ပြောသည်မှာ ချစ်သမီး အခါတစ်ပါး၌ မဂဓစကားကို တတ်သိနားလည်သော ကုန်သည် တစ်ယောက်ရှိ၏။ ထိုကုန်သည်၌ မြည်းတစ်ကောင်နှင့် နွားတစ်ကောင်လည်း ရှိလေ၏။ ထိုကုန်သည်သည် မြည်းကိုကား အလျင်အမြန် တစ်စုံတစ်ခုအရေးကိစ္စရှိလျှင် စီးနင်းသွား၍ ထိုသို့ စီးနင်း၍ ပြန်လာသောအခါ၌ ဂျုံကုလားပဲ စသည်တို့ကို ကျွေးမွေးကာ ကောင်းမွန်စွာ ထားလေ၏။ နွားကိုကား ကောက်ရိုးတို့ကိုသာလျှင် ကျွေးမွေး၏။ တစ်နေ့သ၌ နွားသည် မြည်းအား ဤသို့ဆို၏၊ အချင်းမြည်း၊ ငါလုပ်ကိုင်ရခြင်းသည် ပင်ပန်း၏၊ သင့်မှာမူကား ချမ်းသာစွဟု ပြောဆိုလေ၏။ ထိုအခါ မြည်းသည် နွားအား ဤသို့အကြံပေး၏။ သင့်ကို လယ်ထွန်ရန် အယူလာသောအခါ မထဘဲ လှဲ၍အိပ်နေ၊ ရိုက်နက်ပြန်ကလည်း ရိုက်နက် သည့်အခါ ထပြီးလျှင် လှဲ၍ပင်အိပ်မြဲတိုင်း အိပ်နေ၊ ထိုအခါ သင့်ကို မကျန်းမာသည်ထင်မှတ်၍ အစာတို့ကို ကျွေးမွေးသောအခါလည်း မစားလေလင့်ဟု ဆိုလေ၏၊ နံနက်အချိန်တိုင် ရောက်သောကာလ လယ်ထွန်သမားသည် နွားကိုယူမည်လာရာ နွားသည် မြည်းပြောဆိုသည့် အတိုင်း နေလေ၏။ လယ်ထွန်သမားသည် ကုန်သည်အား ပြန်ကြားရာ ယမန်နေ့ညက မြည်းနှင့်နွားတို့ ပြောကြသောစကားကိုကြား၍ လယ်ထွန်သမားအား မြည်းကိုယူ၍

လယ်ထွန်စေ၏။ နောက်နေ့ကျပြန်သောအခါလည်း မြည်းကိုပင် ထွန်စေပြန်၏။ ထိုအခါ မြည်းသည် အသားအရေပိန်ချုံးလာလေ၏။ နွားက မြည်းသည် ငါ့အား အကြံပေးလေသောကြောင့် ငါ ချမ်းသာစွာ နေရပေသည်ဟု ကျေးဇူးဥပကာရ အထူးတင်လေ၏။

မြည်းလည်း ညနေ လယ်ထွန်ရာမှ ပြန်လာလတ်သော် အလွန်တရာပင်ပန်းခြင်းကြောင့် လည်ဆယ်ကြံဖန်၍ နွားအား ဤသို့ပြောပြလေ၏။ ငါ့အား လယ်ထွန်ရာ အရပ်သို့ ယူဆောင်သွားသော်လည်း မည်သည့်လုပ်ငန်းကိုမျှ မလုပ်မဆောင်ရချေ။ သို့ရာတွင် ငါ့သခင်ပြောသော စကားကို ကြားခဲ့ရသည်၊ နွားသည် မကျန်းမမာခြင်းဖြင့် အသက်သေလျှင် အသုံးမကျချေ၊ ယခုပင် သတ်မှတော်မည်၊ ယင်းကိုသတ်လိုက်က အသားကိုလည်း စားရ၏၊ အရေကိုလည်း ခြေနင်းဖိနပ်စသည် လုပ်ရ၏ဟု ပြောသောစကားကို ကြားခဲ့ရသည်။ ငါ သင့်အား သနားကြင်နာသဖြင့် ပြောပါသည်ဟု ဆိုလေသော် နွားသည် အလွန်ကြောက်ရွံ့ခြင်း ဖြစ်လေ၏။

**နောက်မမေးတော့ပါ**

နံနက်မိုးသောက် ရောက်သောအခါ ကုန်သည်လင်မယားတို့သည် အိမ်ပေါ်မှ ဆင်းသက်ခဲ့ကြပြီး ခြံ၏အနီးအနားဝယ် ထိုင်နေစဉ် လယ်ထွန်သမားလာသည်တွင် နွားသည် အမြီးကို လှုပ်ယမ်းလျက် ခုန်ပေါက်မြူးထူးနေသည်ကို ကုန်သည်မြင်လျှင် ပြုံးရွှင်ရယ်မောလေ၏။ ထိုအခါ မိန်းမသည် မောင် မည်သည့်အကြောင်းကြောင့် ပြုံးရွှင်ရယ်မောသနည်းဟု မေးလေသော် ငါသည် သင့်အား ငါ၏ပြုံးရွှင်ရယ်မောခြင်းအကြောင်းကို မပြောအပ်ဖြစ်ချေ။ အကယ်၍ ငါ ပြောခဲ့ပါမူ အသက်ဆုံးရှုံးခြင်းသို့ ရောက်ရတော့မည်ဟု ပြောလေ၏။ ဤသို့ပင် ပြောဆိုသော်လည်း အလွန်သိလိုလှသောကြောင့် အကြိမ်ကြိမ်အဖန်ဖန် မနားမနေ ဆေးမေးလေသော် ထိုကုန်သည် ကောင်းပြီ ငါ၏ အသက်ပင်သေသော်လည်း သေပစေတော့၊ ပြောရတော့မည်၊ ငါ၏ကလေးသားမြေး သူငယ်တို့ကိုသာ ကောင်းမွန်စွာ ထိန်းသိမ်း ကြည့်ရှုစောင်မရစ်ပါဟု ပြောဆိုပြီးလျှင် လာခဲ့ရာ အိမ်၌မွေးမြူထားသော ကြက်ဖ တစ်ကောင်နှင့် ကြက်မငါးဆယ်တို့လည်း ရှိကြ၏။ ၎င်းပြင် ခွေးလည်းတစ်ကောင်ရှိ၏၊ ထိုကုန်သည်လာစဉ် အခါ၌ ခွေးသည် ကြက်ဖအား ငါတို့သခင်သည် သေတော့အံ့၊ သင် ဝမ်းမသာပါလောဟု မေးလေ၏။ မည်သည့်အကြောင်းကြောင့် သေမည်နည်းဟု ကြက်ဖက မေးမြန်းလျှင်

အခြားမဟုတ်၊ မယားမေးသော စကားကို ပြန်ပြောရမည်ဖြစ်၍ သေတော့မည်ဟု ခွေးကပြောရာ ကြက်ဖက တစ်ဖန်ပြောပြန်၏။ ငါတို့၏ သခင်သည် ဉာဏ်ပညာ နည်းလေစွတကား၊ ငါ၌ ကြက်မငါးဆယ်ရှိ၏၊ ထိုကြက်မတို့သည် တစ်ကောင်နှင့်တစ်ကောင် မသင့်မတင့် ရှိနေသည်ကို မြင်ပါ၏လော၊ ယခုလည်း ခက်ခဲသည်မဟုတ်၊ မိန်းမအား ပြောမည်ဆိုပြီးလျှင် အခန်းဆောင်အတွင်းသို့ ခေါ်သွားပြီး တပြာနှင်တံတို့ဖြင့် နာကျင်စွာ ရိုက်နှက်ပါက မေးဝံ့တော့မည်လောဟုဆို၏။ ထိုအခါ ကုန်သည်သည် ကြက်ဖပြောသော စကားကိုကြားလေလျှင် အိမ်ထက်သို့တက်သွားပြီး မိန်းမအား အခန်းတွင်းသို့ လာခဲ့လော့၊ ပြင်ဘက်မှာမူ လူသူလေးပါးတို့ ကြားသိ၍ မတော်မလျော်ချေဟု ပြော၏၊ မိန်းမသည် အခန်းတွင်းသို့ ဝင်လာသောကာလ၊ တပြာနှင်တံနှင့် နာကျင်စွာ ရိုက်နှက်လေ၏။ မိန်းမက နောင်ကိုမမေးပါပြီဟု ဝန်ခံလေမှ မရိုက်မနှက်ဘဲ နေလေ၏။ ဤအခါမှစ၍ နောင်အသက် ဆုံးသည်တိုင်အောင် ပေါင်းသင်းကြရလေ၏။

ဤဉပမာပုံ သက်သေကိုပြောပြီးလျှင် အမတ်ကြီး၏သမီး ရှာရာဇတ်လည်း အဖအား မင်းကြီးထံ ဆက်သပေးပါလောဟု အကြိမ်ကြိမ်အဖန်ဖန်ပူဆာသံဖြင့် ပြောဆိုသောကြောင့် အဖလည်းဆက်မည်ဟု ဝန်ခံရလေ၏။ ထိုအခါ ရှာရာဇတ်သည် ညီမငယ် ဒင်နယာဇတ်အား ဤသို့ မှာထားခဲ့လေ၏။ ငါသည် ထိုနန်းတော်သို့ ဆိုက်ရောက်သောအခါ သင့်ကို ခေါ်ခိုင်းစေလိုက်အံ့၊ ထိုအခါ လိုက်လာစေခဲ့ပြီးလျှင် ငါ့အား အခွင့်အချိန်ကို ကြည့်ရှုဆင်ခြင်၍ ထူးဆန်းသော ပုံသက်သေဝတ္ထုများကို ပြောဆိုပါလောဟု တောင်းပန်တိုက်တွန်းရမည်ဟု မှာထားခဲ့လေ၏။

## မျက်ရည်ကျရသည့်အကြောင်း

အမတ်ကြီးလည်း မိမိသမီး ရှာရာဇတ်ကို ခေါ်ဆောင်ခဲ့ပြီးသော် မင်းကြီးအား ဆက်သ လေ၏။ ရှာရာဇတ်လည်း မင်းကြီး၏ ရှေ့တော်သို့ ဆိုက်ရောက်လျှင်ပင် မျက်ရည်တို့ အသွယ်သွယ် ယိုကျလေသော် မင်းကြီးသည် ငိုယိုခြင်းကား မည်သည့် အကြောင်းနည်းဟု မေးတော်မူ၏။ ရှာရာဇတ်လည်း အခြားအကြောင်းကြောင့် မဟုတ်ပါ၊ အလွန်ချစ်ခင် စုံမက်လှသော ညီမအား ခွဲခွာ၍ လာရခြင်းကြောင့် ယင်းသို့မျက်ရည်ကျခြင်း ဖြစ်ပါသည်ဟု လျှောက်လေ၏။

## တစ်ထောင့်တစ်ညပုံပြင်များ ပြောပြီး

ထိုအခါ မင်းကြီးသည် အမတ်တို့ကို စေလွှတ်၍ ညီမကိုခေါ်စေ၏။ ညီမ ရောက်လာသောအခါ သလွန်တော်၏ အပါးဝယ် ခစားစေ၍ မင်းကြီး၏ မျက်နှာတော်သာ ကြည့်သောအခါ၌ ညီမငယ်က မိမိ၏ အစ်မကြီးအား ပြောဆိုသည်မှာ ကျွန်ုပ်၏အစ်မ ယနေ့တစ်ညသာ တွေ့ချိန်ရတော့မည်ဖြစ်၍ ထူးဆန်းသောပုံပြင်ကို ပြောခဲ့ပါဦးဟုဆိုလေလျှင် အစ်မကြီးလည်း ငါသည် ဘုန်းတော်ကံတော်ရှင် ဘုရင်မင်းမြတ်က ခွင့်ပေးတော်မူမှသာလျှင် ပြောမည်ဟုဆိုလေ၏။ မင်းကြီးက ပုံပြင်နိပါတ်များကို ပြောသာပြောပါလော၊ ငါလည်း နာယူတော်မူအံ့ဟု အမိန့်တော်ရှိလေ၍ ၎င်းည၌အခါကစ၍ ရက်ပေါင်း အရေအတွက် တစ်ထောင်နှင့်တစ်ညပတ်လုံး ယခုဖော်ပြလတ္တံ့သော ဝတ္ထု နိပါတ်ဇာတ်ပုံပြင်တို့ကို ကောင်းမွန် သေချာစွာ လင်းကျင်းဟောပြောလေသတည်း။

**နိဒါန်းပြီး၏။**

# သူဌေးကြီးတစ်ယောက်နှင့် ဘီလူးကြီးအကြောင်း

အမတ်ကြီး၏ သမီး ရှာရာဇတ်က ဦးစွာပထမပုံပြင်ဝတ္ထုကို တင်လျှောက်လေသည်၊ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရွှေနန်းသခင် ဘုရင်မြတ်အား ရွှေနားတော် တင်လျှောက်ပါအံ့၊ ရှေးရှေးအခါ ဥစ္စာဘဏ္ဍာ ရွှေငွေကျောက်သံ ပတ္တမြားတို့မှစ၍ လယ်ယာ ချောင်းမြောင်း ကျေးကျွန်သင်းပင်းစသော သက်ရှိ သက်မဲ့ ဥစ္စာ ပစ္စည်းတို့ အလွန်ပေါများ ကြွယ်ဝလျက် အတိုင်းတိုင်းအပြည်ပြည်သို့ အစဉ်မပြတ် ကူးသန်းရောင်းဝယ်ဖောက်ကား သွားလာနေသော သူဌေးကြီးတစ်ယောက်ရှိပါသည်။ တစ်နေ့သ၌ ထိုသူဌေးကြီးသည် တိုင်းကြီးပြည်ကြီး မြို့ကြီး မြို့ငယ်တို့ရှိ ကြွေးမြီများကို တောင်းရမ်းသိမ်းစုရန် အစားအစာ စားနပ်ရိက္ခာတို့ကို လုံလောက်ပြည့်စုံစွာ ယူဆောင်ခဲ့ပြီးသော် မြင်းပေါ်ထက်သို့ တက်စီး၍ ကြည်းကြောင်းခရီးကန္တာရဖြင့် သွားလေ၏။ တောလမ်းခရီး ကျရောက်သောကာလ နေမိုး၏ အရှိန်တို့ ပူပြင်းခြင်းကြောင့် ဆာလောင်မွတ်သိပ်လှသည်နှင့် အရိပ်ဆာယာအေးမြ ကောင်းမွန်သော သစ်ပင်တစ်ပင်၏ အရိပ်ဝယ် မြင်းပေါ်မှဆင်းသက်ပြီး ဆာလောင်ခြင်းမှ ပြေပျောက်စေခြင်းငှာ မိမိ၌ ပါရှိသော စွန်ပလွန်သီးတို့ကို စားသောက်သုံးဆောင်၍ အစေ့တို့ကို ပစ်စွန့်လေ၏။

ထိုအခါ ဘီလူးကြီးတစ်ကောင်သည် သန်လျက်ကို စွဲကိုင်လျက် ရုတ်တရက် ရောင်တခင် ပေါ်ပေါက်လာပြီးလျှင် သင်သည် ငါ၏သားကို သတ်သောသူဖြစ်၍ သင့်ကိုယခု ငါ သတ်ရတော့မည်ဟု ပြောလေ၏။ သူဌေးကြီးက ဤသို့ပြန်ပြော၏။ အချင်းဘီလူး နားထောင် ပါဦး၊ ကျွန်ုပ်သည်ကား ငယ်ရွယ်စဉ်အခါကစ၍ ယခုအရွယ်အသက်တိုင် အခြားသူတို့၏ အသက်ဝိညာဉ်ဆို၍ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးရှိသည်တွင် ကိုယ်ဖြင့်သော် လည်းကောင်း၊ နှုတ်ဖြင့်သော် လည်းကောင်း ပြုကျင့်မည်ကိုဝေး၍ မနောကံတည်းဟူသော စိတ်မျှဖြင့်ပင် မပြစ်မှားဖူးပါ။ အချင်းဘီလူး သင်၏သားကို မည်သည့်အခါ၌ ငါ သတ်မိပါ သနည်း၊ ပြန်ကြားလင်းကျင်းတော်မူပါဟု ပြောလေ၏။

## သတ်လိုက သတ်ပါ၊ သို့ရာတွင်

ဘီလူးကြီးကလည်း ဟယ်လူသား၊ နင်သည် စွန်ပလွန်သီးကိုစားသုံး၍ အစေ့ကို ပစ်စွန့်လိုက်စဉ်အခါက ငါ့သားကို ထိမှန်လေသဖြင့် အသက်သေဆုံးခြင်းသို့ ရောက်ရသည်။ သင့်ကိုလည်း သေစားသေစေအံ့ဟု ဆိုပြီးလျှင် ဆွဲငင်ပုတ်ခတ် ရိုက်နက်ခြင်းကို ပြုသည်။ သူဌေးကြီးသည် ပြင်းပြစွာငိုကြွေး မြည်တမ်းပြီးသော် အရှင် ဘီလူးကြီး သတ်လိုလျှင်လည်း သတ်တော်မူပါ၊ သို့ရာတွင် ကျွန်ုပ်၌သားသမီးတို့ များပြားစွာရှိခြင်းကြောင့် ဥစ္စာပစ္စည်းတို့ကို ခွဲဝေပေးကမ်းခြင်းငှာ လည်းကောင်း၊ ကျွန်ုပ်လက်အောက်ဖြစ်သော သူဌေးငယ်တို့နှင့် ရရန်ယူရန်မှစ၍ စာချုပ်စာရင်းအင်းတို့ကို ရှင်းလင်းရအောင် လည်းကောင်း၊ ကျွန်ုပ်၏ နေရပ်ဌာနသို့ ခေတ္တပြန်လည်ရန် တစ်နှစ်တာ ခွင့်ပေးတော်မူပါ၊ နောင်တစ်နှစ်စေ့ရောက်သော ကာလ အမှန်ဆက်ဆက် လာရောက်ပါအံ့၊ ယုံကြည်တော်မမူပါလျှင်လည်း အလိုရှိသော သစ္စာကို ပေးတော်မူပါဟု ခွင့်တောင်းလေ၏။ ဘီလူးကြီးလည်း ကောင်းပြီ သင်သစ္စာကတိ ရှိသည့်အတိုင်း တစ်နှစ်စေ့ရောက်သောကာလ ဤနေရာသို့ ဆက်ဆက်လာရောက်ရမည်ဟု ဝန်ခံစေပြီးလျှင် ကွယ်ပျောက်လေ၏။

သူဌေးကြီးလည်း စိတ်လက်မသာ ဗျာပါသောကဖြစ်လျက် ပြန်လည်လာလတ်သော် မိမိအိမ်သို့ ဆိုက်ရောက်လျှင် သားမယားတို့က သူဌေးကြီးသည် အထက်အထက် ကာလကနှင့်မတူ အမူကွဲပြား မျက်နှာထား မသာမယာခြင်းသည်ကား မည်သို့သော အကြောင်းနည်းဟု သိလိုသောဆန္ဒရှိကြ၍ သူဌေးကြီး၏ အပါးသို့ ချဉ်းကပ်ပြီးလျှင် သူဌေးကတော်က ဤသို့ မေးလေ၏။ အရှင်သူဌေးကြီး မျက်နှာမသာမယာဖြစ်ခြင်းသည်ကား မည်သည့် အကြောင်းနည်း၊ ကျွန်ုပ်သည် အိမ်ထောင်ပရိဘောဂ အလုံးစုံကို ထိန်းသိမ်း စောင့်ရှောက်ခြင်းဖြင့် အရှင်သူဌေးကြီး၏ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုခြင်း၊ အရှင်သူဌေးကြီး နောက်မှအိပ်ခြင်း၊ နောက်မှစားခြင်း စသည်ဖြင့် မယားကောင်းတို့ဝတ်ငါးပါး အကျယ် နှစ်ဆယ့်ငါးပါး ရှိသည့်အနက် တစ်စုံတစ်ခု ချွတ်ယွင်းပါသလော၊ သို့တည်းမဟုတ် အသုံးအစွဲ အစားအသောက်တို့၌ ဖော်လည်ခြင်း၊ အခြားတစ်ပါးသော ယောကျာ်းတို့နှင့် ဖော်လည်ခြင်း၊ အခြားသော သူတို့၏အိမ်ကို အကြောင်းကိစ္စမရှိဘဲလျက် ကြိမ်ဖန်များစွာ သွားလာခြင်း စသည်တို့ဖြင့် မိန်းမတို့၏ ဖော်လည်ခြင်းငါးပါး ရှိသည့်အနက် တစ်ပါးပါးကို ကျူးလွန် ကျင့်ကြံမိပါသလော၊ ဤအကြောင်းအပြစ်တို့မှ ကင်းခဲ့ပြန်ပါမူ သားသမီးတို့၌လည်း

ရင်းသားသမီးတို့၏ ဝတ်ငါးပါးကို မကျေပွန်ပါသလောဟု မေးလေ၏။ သူဌေးကြီးသည် ပြင်းထန်စွာ ငိုကြွေး၍ ဤသို့ပြန်ပြော၏။ ရှင်မ ငါသည် နောက်တစ်နှစ်သာလျှင် သင်တို့နှင့် အတူတကွ နေရတော့မည်၊ တစ်နှစ်စေ့ရောက်သောကာလ ဘီလူးကြီး၏ အသေသတ်ခြင်းကို သွား၍ခံရလတ္တံ့၊ ထိုအတွက် ငါသည် စိတ်နှလုံး မသာယာခြင်း ဖြစ်သည်ဟု ပြောလေ၏။

## ကိုယ့်အသက်ထက် မြတ်သောအရာ မရှိ

ထိုအခါ သူဌေးကတော်က အရှင်သူဌေးကြီး မည်ကဲ့သို့ ပြောဘိသနည်း၊ ယခုအခါ အသက်ဘေးမှ လွတ်လာပါလျက် တစ်ဖန်ဘီလူး၏ အသတ်ကိုခံရမည်ဆိုသော် နည်းလမ်း မဟုတ်ချေ၊ ဘုရား တရား သံဃာမှတစ်ပါး ကိုယ့်အသက်ထက် မြတ်သောအရာ ချစ်ခင်သော အရာသည် ရှိပါသလောဟု ဆို၏။ သူဌေးကတော်၊ ငါသည်ကား အသက်ပင် သေရခြားသော်လည်း နမြောတပ်မက်နှစ်သက်ဖွယ် မရှိ၊ မုသာဝါဒဖြစ်သော မဟုတ်မမှန်သော စကားကိုကား ငါမသုံးလို၊ ဘီလူးကြီးထံဝယ် တစ်နှစ်စေ့ရောက်သောကာလ လာခဲ့ပါမည်ဟု ဝန်ခံသစ္စာ ကတိပြုခဲ့ပြီး ဖြစ်သည်ဟု ပြန်ပြောလေ၏။

သူဌေးကတော်မှစ၍ သားသမီး ကျေးကျွန် ခြွေရံသင်းပင်း အပေါင်းတို့သည် ယခုလတ်တလော သေဆုံးဘိသကဲ့သို့ တစ်ပြိုင်နက် ပြင်းထန်စွာ ငိုကြွေးပူဆွေးကြလေ၏။ သူဌေးကြီးလည်း သားသမီးတို့အား ရွှေငွေဥစ္စာ ဘဏ္ဍာ ပရိဘောဂ လယ်ယာကန်ချောင်း ဆည်မြောင်း အလုံးစုံကို အကုန် ခွဲဝေပေးကမ်းပြီး လက်အောက် သူဌေးငယ်တို့နှင့် ရှင်းလင်းအောင် ပြုလုပ်လေ၏။ ကိစ္စအားလုံးပြီး၍ တစ်နှစ်စေ့ရောက်လတ်သော် သူဌေးကတော်ကို မိမိအနားသို့ခေါ်ကာ ဤသို့မှာထားရာလေ၏။ ရှင်မ သူဌေးကတော်၊ ယခုတစ်နှစ်စေ့ ရောက်ပြီဖြစ်၍ ငါသည် ဘီလူးထံ သွားရချေတော့မည်၊ ငါမရှိသော အခါကာလ၌ ငါရှိဘိသကဲ့သို့ မသင့်လျော်မလျောက်ပတ်သော အကျင့်အကြံမရှိဘဲ ဘုရား တရား သံဃာကို ဆည်းကပ်ကိုးကွယ်ရစ်ပါလော့၊ ထိုအပြင် ငါ၏သားသမီးများကိုလည်း ငါမရှိသည့်အတွက် ရေးအခါထက်တိုး၍ ဂရုဓမ္မစိုက်ထုတ်ပြီးလျှင် ငြိုးငယ်ပင်ပန်းခြင်း မရှိစေရအောင် ကြည့်ရှုစောင်မပြီး ငါချစ်မည့်အတွက်ပါ တစ်ဆကို နှစ်ဆတိုး၍ ချစ်ခင်ရစ်ပါလောဟု မှာထားလေ၏။

ထို့နောက် သားသမီးများကိုခေါ်၍ ဤသို့ မှာထားပြန်လေ၏။ ငါ၏ရင်သွေး ချစ်သား ချစ်သမီးတစ်စုတို့၊ အဖမရှိသည့်နောက် သင်တို့ မိခင်အား စိတ်လက်မချမ်းမသာ ပူဇာသောက မရောက်မရှိစေရအောင် ဝတ်ကြီး ဝတ်ငယ်တို့ကို မလစ်လပ်ကြစေနှင့်၊ အဖရှိစဉ်အခါ၌ မိခင်အားကောင်းစွာ ရှိသေကြောက်ရွံ့ခန့်ငြားသည်ထက် ယခုနှစ်ဆတိုး၍ ချစ်ကြောက်ရိုသေ ခန့်ငြားကြရမည်၊ မိခင် ဆုံးမသွန်သွင်သော စကားကိုလည်း ငြင်းပယ်ခြင်းမရှိ မြေဝယ်မကျ နားထောင်နာယူရစ်ကြလော့၊ အသွားအလာ အစားအသောက် အနေအထိုင်စသည့် အရာမှာလည်း ထို့အတူ မိခင်မကြိုက်မနှစ်သက်က မပြုလုပ်ဘဲ ရှောင်ကြဉ်ကြရမည်ဟု မှာထားခဲ့ပြီး သူဌေးကြီးသည် သားသမီးတို့အား ဖက်ယမ်းနမ်းရှုပ်ကာ ငိုကြွေးရာလေ၏။

ထို့နောက် သူဌေးကြီးသည် သားမယား ဆွေမျိုးပေါက်ဖော် ဖြစ်သူတို့ကိုလည်းကောင်း၊ အိမ်နီးဝန်းကျင်နေ မိတ်ဆွေတို့အား လည်းကောင်း နှုတ်ခွန်းဆက်လက်ပြီးသော် ဘီလူးကြီးနှင့် ကတိပြုခဲ့သော အရပ်ဌာသို့ သွားရာလေ၏။ အိမ်၌ကျန်ရှိရစ်ကြသော သားမယားတို့လည်း ပြင်းထန်စွာငိုကြွေးလျက် နေရစ်ကြရလေ၏။ သူဌေးကြီးလည်း အစဉ်သဖြင့် သွားလတ်သော် ယခင်က သစ်ပင်အရိပ်အောက်သို့ ဆိုက်ရောက်လျှင် အချိန်မရောက်သေးသည်နှင့် ဘီလူးကြီးကို စောင့်ဆိုင်းလျက်နေ၏။

ထိုအခါ ခရီးသွားတစ်ယောက်သည် သမင်တစ်ကောင်ကို လက်ဝယ်ဆွဲလျက် အစဉ်သဖြင့်လာရာ သူဌေးကြီးကို မြင်လေသော် သင်သည် ဤအရပ်၌ လူသူလည်းမရှိ၊ တစ်ကိုယ် တစ်ကာယတည်း ထိုင်နေခြင်းမှာ အဘယ်အကြောင်းနည်းဟု မေးလေ၏။ သူဌေးကြီးသည် အလုံးစုံကို ပြန်ကြားပြောဆိုသောကာလ အို ကျွန်ုပ်၏အစ်ကို၊ သင်၏ အကြောင်းအရာသည် ထူးဆန်းအံ့သြဖွယ်ရာတည်း၊ အသက်ဘေးမှ ချမ်းသာပြီးသောသူသည် တစ်ဖန်ပြန်လည်၍ အသတ်ကိုခံမည်ဆိုသည်ကား ထူးဆန်းပေစွ၊ သင်၏ အကြောင်းကို ကောင်းမွန်စွာကြည့်ဦးအံ့ဟု ပြောပြီးလျှင် စောင့်ဆိုင်းရပ်တန့်နေလေ၏၊ ထိုအခါ ဒုတိယ ခရီးသွားတစ်ယောက်သည် ခွေးနက်နှစ်ကောင်ကိုဆွဲ၍ လာပြီးသော် ရှေ့လူကဲ့သို့ မေးမြန်းပြီးမှ စောင့်ဆိုင်း ရပ်တန့်လျက်နေပြန်၏။ တစ်ဖန် တတိယခရီးသွားသည်လည်း ထိုလူနှစ်ယောက် ကဲ့သို့ မြည်းတစ်ကောင်ကို ဆွဲ၍လာရာ ဤကဲ့သို့ပင် မေးမြန်း၍ စောင့်ဆိုင်းရပ်တန့် ကြည့်ရှုပြန်လေ၏။

### သင့်အကြောင်းက ပို၍ထူးဆန်းနေလျှင်

ထို့နောက် များမကြာမီအတွင်း လေပြင်းမုန်တိုင်းတို့ တိုက်ခတ်၍ မြူမှုန်တို့သည် ထောင်းထောင်းထလျက် ကြီးမားသော လေပွေကြီး ထလတ်ပြီးသော် ဘီလူးကြီးသည် သန်လျက်ကို ကိုင်စွဲလျက် ပေါ်လာပြီးကာ သူဌေးကြီးကို သတ်မည် ပြုလေ၏။ ထိုအခါ သူဌေးကြီးသည်လည်း သေရမည့်ဘေးကို ကြောက်ရွံ့ခြင်းကြောင့် ပြင်းထန်စွာ ငိုကြွေး မြည်တမ်းရာ ပထမခရီးသွားသည် ဘီလူးကြီးအား ဦးညွှတ်၍ အသင်ဘီလူးမင်း ဆိုင်းငံ့ တော်မူပါဦး၊ ယခုသူဌေးနှင့် ဘီလူးမင်းတို့ ဖြစ်ရသည့် အကြောင်းထက် ကျွန်ုပ်၏ အကြောင်းသည် ထူးဆန်းအံ့သြဖွယ် ကောင်းသည်ဟု သဘောရရှိပါမူ ဤသူဌေး၏ အသက်ကို သုံးပုံပြု၍ တစ်ပုံကိုချမ်းသာပေးပါလော့၊ ကျွန်ုပ်၏အကြောင်းကို အစအဆုံးတိုင် ပြန်ပြောပါအံ့ဟု ပြောလေ၏။ ဘီလူးကြီးလည်း ကောင်းပြီ၊ နားထောင်အံ့၊ ငါ့အား ပြန်ကြား ပြောဆိုပါတော့၊ အကယ်၍ သင့်အကြောင်းကား ငါတို့၏ အကြောင်းထက် ထူးဆန်းအံ့သြဖွယ် ကောင်းသည်ဖြစ်အံ့၊ သူဌေးအသက်ကို သုံးပုံပြုလျက် သင်တောင်းသည့် တစ်ပုံကို ချမ်းသာပေးမည်ဟု ပြောလေသတည်း။

* * *

## ပထမခရီးသည်နှင့် သမင်မအကြောင်း

အသင်ဘီလူးမင်း၊ နားထောင်တော်မူပါ၊ ယခု အသင်ဘီလူးမင်း မြင်တော်မူသော သမင်မသည် ကျွန်ုပ်၏ နမတစ်ဝမ်းကွဲတည်း၊ ကျွန်ုပ်သည် အသက်ငယ်ရွယ်ပျိုနစဉ်အခါကပင် ထိုမိန်းမငယ်နှင့် ပေါင်းဖော်သင့်မြတ်စွာ နေထိုင်ကြရာ အနှစ်သုံးဆယ်တိုင်တိုင် သားသမီး တစ်ယောက်မျှ မရမရှိခြင်းကြောင့် ကျွန်ုပ်တို့၏ အစေအပါးဖြစ်သော မိန်းမတစ်ယောက်သည် အလွန်တရာလှပတင့်တယ် သနားချစ်ခင်ဖွယ်ကောင်း၍ ထိုမိန်းမငယ်နှင့်ပေါင်းသင်းကြပြန်မှ သားတစ်ယောက် ဖွားမြင်ရာ တစ်ဆယ့်ငါးနှစ်အရွယ်သို့တိုင် ရောက်လေ၏။

တစ်ရံသောနေ့၌ ကျွန်ုပ်သည် ကုန်စည်များကို ရောင်းဝယ်ရန်ကိစ္စနှင့် ထွက်သွား လေသော် ကျွန်ုပ်မရှိစဉ်အခါ၌ နမဖြစ်သော မိန်းမကြီးသည် ဂါထာမန္တန်ရားတည်းဟူသော

ပယောဂဆေးဝါးတို့ဖြင့် သားကိုန္ွားသငယ်ဖြစ်စေပြီးသော် အမိကိုလည်း န္ွားမကြီးဖြစ်စေ၏။ ကျွန်ုပ်လည်း ကုန်စည်များကို ဝယ်ခြမ်းရောင်းချပြီးသော် တစ်ဖန်ပြန်လည်ရောက်သောကာလ ထိုသားအမိကို မမြင်မတွေ့သောကြောင့် မေးစစ်ရာ မိန်းမကြီးက ဤသို့ပြောဆိုလေ၏။ သင်၏ မိန်းမငယ်သည် သေလေပြီ၊ သားမှာမူကား မည်သည့်အရပ်ဌာနသို့ သွားသည်မသိ၊ ပျောက်ကွယ်သည်မှာ တစ်လလောက်ကြာရှိပြီဟု ပြောဆိုလေလျှင် ကျွန်ုပ်သည် အလွန်တရာ သောကမကင်း ပူဆွေးခြင်းနှင့်ပင် ကျွန်ုပ်တို့၏ ဘာသာအလျောက် အစ်နေ့တိုင်ရောက်အောင် နေလေသော် အစ်နေ့ကျရောက်ကာလ အသားအရေဆူဖြိုး ဝလင်စွာသောန္ွားတစ်ကောင်ကို ထုတ်ယူခဲ့ဟုပြောရာတွင် န္ွားမကြီးကို ယူဆောင်ခဲ့ခြင်းကြောင့် န္ွားမကြီးသည် သေရအံ့သော ဘေးမှ အလွန်တရာကြောက်ရွံ့တုန်လှုပ်သဖြင့် ကျွန်ုပ်ကိုမြင်လျှင် မြည်တမ်းဟစ်ကြွေးလျက် မျက်ရည်တို့အသွယ်သွယ် စီးကျလျက်နှင့်ပင် ကျွန်ုပ်သည် ဓားကိုယူ၍ သတ်လိုက်က အသားမရှိ အရိုးနှင့် အရေသာဖြစ်လေ၏။ ကျွန်ုပ်လည်းတစ်ဖန် ငါသည် န္ွားမကြီးကို သတ်မိသည်မှာ အကျိုးကျေးဇူးမရှိ၊ န္ွားငယ်တစ်ကောင်ကို ယူခဲ့ဦးလော့ဟု ခိုင်းစေပြန်ရာ ကျွန်ုပ်၏သား န္ွားငယ်ကို ယူဆောင်ခဲ့ခြင်းကြောင့် န္ွားငယ်သည် ကျွန်ုပ်ကိုမြင်သည်နှင့် တစ်ပြိုင်နက် ရုတ်တရက်ကြိုးကို တိုးဖြတ်ရုန်းဖြတ်ကာ ကျွန်ုပ်ထံပြေးလာ၍ ဦးခေါင်းဖြင့် ဦးခိုက်ပြီးလျှင် ပြင်းထန်စွာ မြည်တမ်းလေ၏။ ထိုအခါ ကျွန်ုပ်သည် န္ွားငယ်အား အလွန်ကြင်နာသနားခြင်း ဖြစ်သောကြောင့် န္ွားငယ်ကိုရှုကြည့်၍ စိတ်မချမ်းသာခြင်းများစွာ ဖြစ်လေ၏။

ထိုအခါ ရှာရာဇတ်လည်း လျှောက်တင်နေသော ပုံပြင်စကားကို ရပ်တန့်ပြီးလျှင် ယခုကား နေဝန်းပေါ်ထွက်၍ နံနက်မိုးသောက်ပြီ ဖြစ်ပါသောကြောင့် ရှေ့ကိုလည်း လျှောက်တင်ရန်မှာ အလွန်ရှည်များလှပါသေးသည်ဟု လျှောက်တင်လေ၏။ ထိုအခါ ညီမငယ်က ထောက်ခံပြောဆိုသည်မှာ အို အစ်မကြီး အစ်မကြီးလျှောက်တင်ပြောဆိုသော ပုံပြင်သည် သာယာနာပျော်ဖွယ်ရှိလှပေ၏၊ ကောင်းပေစွ၊ ထူးဆန်းပေစွဟု ချီးမွမ်း ထောမနာစကား ပြောဆိုလေသော် အစ်မကြီးက ငါ၏ညီမငယ် အကယ်၍ ဘုန်းတော်သခင် ဘုရင်မင်းမြတ်သည် အသက်ကို ချမ်းသာပေးတော်မူပါမူ နောက်တစ်ညဉ့်ဆက်လက်၍ လျှောက်တင်ပြောဆိုရက အလွန်ပင်ကောင်းအံ့ဟု ပြောလေ၏။

ရှာဒီယာမင်းကြီးသည် အချင်းမိန်းမ၊ သင်သည် ယင်းကဲ့သို့ ပုံပြင်ဝတ္ထုစကားကို ပြောဆို၍ မပြီးဆုံးသမျှ ကာလပတ်လုံး သင့်ကို အသက်ဘေးမှ ချမ်းသာပေးတော်မူမည်ဟု မိန့်တော်မူပြီးလျှင် မင်းကြီးသည် နံနက်မိုးသောက်ပြီ ဖြစ်သောကြောင့် ရာဇပလ္လင်ဥကင်ရှေ့သို့ ပိုလ်ရှုခံရန်ထွက်စံတော်မူ၏၊ မျူးမတ်သေနာပတိအပေါင်းတို့လည်း ယနေ့သတ်ရန်မိန်းမကို အမိန့်မထုတ်သေးသောကြောင့် စောင့်ဆိုင်းရပ်ငံ့နေကြရာ နံနက်က နေဝင်သည့်တိုင်အောင် အမိန့်မကျဘဲ ညီလာခံအစုကွဲလေသော် မင်းကြီးလည်း စံရာသလွန်တော်ဆောင်သို့ ထွက်တော်မူလေ၏။ ထို သလွန်ပေါ်သို့ရောက်တော်မူလျှင် ရှာရာဇတ်အား ဆက်လက်၍ လျှောက်တင်ပြောဆိုစေ၏။

ထိုအခါ ရှာရာဇတ်သည် ဆက်လက်၍ လျှောက်တင်ပြောဆိုသည်မှာ အရှင်မင်းမြတ် ထိုအခါ နွားငယ်သည် တုံ့ပြန်မပြောမဆိုနိုင်ရှိ၍သာ မပြောမဆိုဘဲ ပုဆစ်တုပ်ပြီးလျှင် ဦးခေါင်းဖြင့်ဝပ်ခြင်းကိုပြုသော် ကျွန်ုပ်လည်း အလွန်သနားခြင်းဖြစ်လတ်၍ ထိုနွားငယ်အား မသတ်ဘဲ ဘဏ္ဍာစိုးကိုပြန်၍ ထားရန်နိုင်းစေလေသော် ဘဏ္ဍာစိုးလည်း ယူဆောင်၍ သွားလေ၏။

နောက်တစ်နေ့မနက် မိုးသောက်လတ်သော် ဘဏ္ဍာစိုးက လာ၍ပြောဆိုသည်မှာ အရှင်၊ ကျွန်ုပ်သည် သတင်းတစ်ခုကြားသိခဲ့ရ၏၊ နားထောင်ပါဦးလော၊ ကျွန်ုပ်သမီးငယ်မှာ ရွယ်စဉ်အခါက အမယ်အိုကြီးတစ်ယောက်သည် အလုံးစုံသော စုန်းပယောဂ အတတ်ပညာတို့ကို သင်ကြားပြသသောကြောင့် ကောင်းမွန်စွာ တတ်မြောက်သဖြင့် ယမန်နေ့က နွားငယ်ကို ယူဆောင်သွားစဉ်အခါက ၎င်းနွားငယ်ကိုမြင်လျှင် ကျွန်ုပ်၏သမီးသည် ကြီးစွာရယ်ပြီးမှ တစ်ဖန် ငိုယိုပြန်၏။ ထိုအခါ ကျွန်ုပ်သည် မည်သည့်အကြောင်းကြောင့် ရယ်ခြင်း၊ ငိုခြင်းတို့ကို ပြုသနည်းဟု စိစစ်မေးမြန်းရာ ဖခင်၊ အခြားသောအကြောင်းကြောင့် ရယ်သည်မဟုတ်ပါ၊ ထိုနွားငယ်သည် ကျွန်ုပ်တို့သခင်၏ သားတည်း၊ မသတ်မူ၍ အသက်ဘေးမှ လွတ်ကင်း ချမ်းသာ ပေးသနားခြင်းကို ဝမ်းမြောက်ဝမ်းသာဖြစ်၍ ရယ်ပါသည်။ ငိုသည်မှာမူကား အထက်ကသတ်သော နွားမကြီးသည် ကျွန်ုပ်၏ သခင်မတည်း၊ အသက်သေဆုံးခြင်းကြောင့် သနားကရုဏာ သက်ရောက်သဖြင့် ငိုယိုပါသည်ဟု ပြောဆိုသောကြောင့် လာရောက်ပြောဆိုခြင်းဖြစ်သည်ဟု ဆိုလေ၏။ ကျွန်ုပ်လည်း ဘဏ္ဍာစိုး၏ သမီးရှိရာသို့ ဘဏ္ဍာစိုးနှင့်အတူ

လိုက်ခဲ့ပြီး သင့်ဖခင်ပြောဆိုသည့်အတိုင်းပင် ဟုတ်မှန်သလောဟုမေးရာ ဟုတ်ပါ၏ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်လည်း သင်သည် နွားငယ်ကို လူပြန်ဖြစ်စေခြင်းမှာ တတ်စွမ်းနိုင်ပါ၏လော၊ အကယ်၍ တတ်စွမ်းနိုင်ပါအံ့၊ ငါ၏ဥစ္စာပစ္စည်းဘဏ္ဍာ အပေါင်းတို့ကို သင့်အား ပေးကမ်းဆောင်နှင်း၍ သင့်ကိုလည်း ငါ၏ ခင်ပွန်းအရာသို့ တင်မြှောက်ပါအံ့ဟု ပြော၏။ ဘဏ္ဍာစိုး၏ သမီးလည်း မည်သည့် ဥစ္စာဘဏ္ဍာကိုမျှ အလိုဆန္ဒမရှိပါ၊ အလိုဆန္ဒကို ပြောရမည်မှာ ပထမခင်ပွန်းအဖြစ်ကို တင်မြှောက်၍ ဒုတိယမယားကြီးအား ကျွန်ုပ်ကို အပ်ပါလော့ဟု ခွင့်တောင်းလေ၏။ ကျွန်ုပ်လည်း သင် အလိုရှိသည့်အတိုင်းပင်ပြုအံ့၊ လူ၏ ပကတိအစဉ်အတိုင်း ရှေးကကဲ့သို့ ပြန်၍ဖြစ်အောင်သာ ကြံဆောင်အားထုတ်ပါဟု ပြောလေလျှင် ရေတစ်ခွက်ကို ယူဆောင်ခဲ့ပြီး ရေကို ဂါထာမန္တရားဖြင့် မန်းမှုတ်၍ နွားငယ်ကို ပက်ဖျန်းလိုက်လိုက်သည်နှင့် တစ်ပြိုင်နက် မနုဿလူသားပကတိ ရှေးကကဲ့သို့ ဖြစ်လာလေ၏။ ကျွန်ုပ်သည် ကတိရှိသည့်အတိုင်း ခင်ပွန်းပြုပြီးသော် မယားကြီးကိုလည်း တစ်ဖန် သမင်မအဖြစ်သို့ ရောက်အောင် ပြုလေ၏။ သို့ဖြစ်၍ ထိုသမင်မကို ကျွန်ုပ်သွားတိုင်း တောခရီးလမ်းတို့၌ အတူတကွ ယူဆောင်ခြင်းဖြစ်ပါသည်ဟု ဘီလူးကြီးအား ပြောလေ၏။ ဘီလူးကြီးလည်း ယင်းသို့ပြောဆိုသဖြင့် သင်၏အကြောင်းသည် ငါတို့အကြောင်းထက် ထူးကဲပေသောကြောင့် သူဌေးကြီးအား အသက်ကို သုံးပုံပြု၍ တစ်ပုံကိုခွင့်ပေးမည်ဟု ဝန်ခံ၍ ခွင့်ပေးလေ၏။

ထို့နောက် ဒုတိယခွေးနက်နှစ်ကောင်နှင့် လာသောခရီးသည်ကထ၍ သခင်ဘီလူးကြီး၊ ကျွန်ုပ်သည်လည်း ကျွန်ုပ်၏အကြောင်းကို ၎င်းနည်းတူ ပြောကြားပါရစေ၊ အကယ်၍ အခြားသူကဲ့သို့ပင် ထူးဆန်းအံ့သြဖွယ်ကောင်းပါမူ ၎င်းသူဌေးကြီး၏ အသက်ကို သုံးပုံပြု၍ တစ်ပုံကိုချမ်းသာပေးပါဟု ခွင့်တောင်း၏။ ဘီလူးကြီးက ကောင်းပြီ ထူးဆန်းအံ့သြဖွယ် ဖြစ်လျှင် ချမ်းသာပေးအံ့၊ ပြောလော့ဟု ဆိုလေသတည်း။

* * *

# ဒုတိယခရီးသည်နှင့် ခွေးနက်နှစ်ကောင်အကြောင်း

အို အရှင်ဘီလူးကြီး၊ ဤခွေးနှစ်ကောင်သည် အခြားမဟုတ်ပါ၊ ကျွန်ုပ်၏ ညီများ ပင်တည်း။ ကျွန်ုပ်၏ဖခင် ကွယ်ပြီးပြီးနောက် အသပြာသုံးသောင်းကျန်ရှိရာ ကျွန်ုပ်တို့ ညီအစ်ကို သုံးယောက်ခွဲဝေးပြီးသော် ကျွန်ုပ်၏ကုန်စည်များကို ဆိုင်ကနားကြီးတည်၍ ကောင်းမွန်စွာ ရောင်းချ၏။ ညီနှစ်ယောက်မှာမူ ခရီးသွားကုန်သည် အဖြစ်နှင့် ရောင်းဝယ် ဖောက်ကား သွားလာရှိနေကြသည်။ ညီတစ်ယောက်သည် ပြန်လည်လာခဲ့ပြီးသော် ဝမ်းနည်းစွာနှင့် ဥစ္စာပစ္စည်းတို့သည် မြတ်စွန်းခြင်းမရှိ၊ ရှုံးပါးခြင်းသို့ ရောက်ရလေပြီဟုပြောကာ ကျွန်ုပ်၏ညီသည် ကျွန်ုပ်နှင့်အတူတကွ တစ်ဆိုင်တည်းပင် ရောင်းချနေထိုင်စေ၏။ တစ်နှစ်စေ့ရောက်သောကာလ အရင်းအမြတ်ကို စိစစ်တွက်ချက်ကြည့်ရာ အသပြာ နှစ်သောင်းမြတ်စွန်းလေ၏။ ထိုအမြတ်အစွန်းကိုလည်း ညီအစ်ကိုနှစ်ယောက် ညီမျှစွာ ခွဲဝေယူငင်ကြပြီးနောက် ညီတစ်ယောက်သည် အထက်ကညီကဲ့သို့ပင် ရှုံးပါးခြင်းသို့ရောက်၍ ပြန်လည်လာခဲ့ပြီးလျှင် ရှေးနည်းတူပင် ကောင်းမွန်စွာ ထားလေ၏။

များမကြာမီပင် ထိုညီနှစ်ယောက်တို့သည် အထက်ကကဲ့သို့ ခရီးသွားကုန်သည် ပြုလုပ်လိုကြသော်လည်း ခွင့်မပေးဘဲ ကျွန်ုပ်နှင့်အတူ ရောင်းဝယ်ဖောက်ကားခြင်းအမှုကို ပြု၍နေကြ၏။ ခြောက်နှစ်ခန့် ကြာသောကာလ အမြတ်အစွန်းတို့ကို တွက်ချက်ကြည့်ရှု ပြန်သော် အသပြာခြောက်သောင်း မြတ်စွန်းခြင်းကြောင့် ထိုခြောက်သောင်းသော အသပြာကို ထက်ဝက်ခွဲပြီး သုံးသောင်းသော အသပြာဖြင့် ဥယျာဉ်လယ်ယာချောင်းမြောင်းတို့ကို ဝယ်၏။ ကျန်တစ်ဝက်သုံးသောင်းသော အသပြာတို့ကို တစ်ယောက်လျှင် တစ်သောင်းကျစီ ခွဲဝေယူငင်ကြပြီး ကုန်စည်တို့ကို ဝယ်ခြမ်း၍ သင်္ဘော၌တင်ဆောင်ပြီး ပင်လယ်ခရီးဖြင့် ရောင်းချရန် သွားကြလေ၏။ တစ်လခရီးကျရောက်ကာလ မြို့တစ်မြို့ကိုဆိုက်ရောက်ရာ ကုန်စည်တို့ကို ရောင်းချသောအခါ အထူးပင်မြတ်စွန်းလေ၏။ တစ်ဖန် ထိုမြို့မှ ထွက်ခွာလာရာ တင့်တယ်သော မိန်းမငယ်တစ်ယောက်သည် လာရောက်၍ ရိုသေလေးမြတ်စွာ နှုတ်ဆက် မေးမြန်းခြင်းကို ပြု၏။ ကျွန်ုပ်သည် သနားချစ်ခင်ကြင်နာသဖြင့် အတူခေါ်ဆောင်ခဲ့ပြီး လက်ဝတ်လက်စား ပုတီး၊ နားတောင်းတို့ကိုပေးကမ်း၍ ကောင်းမွန်စွာထားပြီး ပေါင်းသင်းခဲ့၏။

သဘော်ဆက်၍ ထွက်ခွာလာခဲ့ရာ ကျွန်ုပ်က ထိုမိန်းမအား ကြင်နာလေးမြတ်ခြင်းကို ညီနှစ်ယောက်တို့က မနာလိုဝန်တိုဖြစ်ခြင်းကြောင့် ကျွန်ုပ်ကိုသတ်၍ ဥစ္စာဘဏ္ဍာကုန်စည်ကို ယူကြမည်ဟု တိုင်ပင်ကြပြီး ကျွန်ုပ်တို့ အိပ်ပျော်နေစဉ်အခိုက်၌ ကျွန်ုပ်တို့နှစ်ယောက်ကို ရေသို့ပစ်ချလေလျှင် ထိုမိန်းမငယ်သည် ရုတ်တရက် နိုးလတ်၍ ရေ၌မနစ်မြုပ်စေခြင်းငှာ တတ်သောဂါထာမန္တန်ပညာတို့ဖြင့် မန်းမှုတ်ပြီး သောင်စပ်ပေါ်သို့ ယူဆောင်ကယ်တင်၍ ထားလေ၏။ နံနက်မိုးသောက်လတ်သောအခါ မိန်းမငယ်က ဤသို့မေးလေ၏။ အမောင့်ကို မည်သူ ဤအရပ်သို့ ဆောင်ကြဉ်းခဲ့သနည်း၊ အသက်ဘေးမှ မည်သူကယ်ယူသနည်း၊ ကျွန်ုပ်သည်သာလျှင် အလွန်တရာချစ်ခင်ကြင်နာခြင်းကြောင့် စုန်းပယောဂရှိန်းဝင်ဆာယာ တည်းဟူသော အတတ်ပညာတို့ တတ်မြောက်လိမ္မာသဖြင့် အမောင့်အား ကျွန်ုပ်ပင် ကယ်ဆယ်ခြင်း ဖြစ်သည်။ သင့်ညီများကိုလည်း မကောင်းသဖြင့် ကြံစည်ကြသောသူဖြစ်၍ ယခုပင် သတ်အံ့ဟု ပြောလေ၏။ ကျွန်ုပ်လည်း ထိုမိန်းမငယ်အား ကျေးဇူးအထူး တင်ရှိကြောင်းမှစ၍ ညီများနှင့် နောက်နောက်အခါက နေထိုင်ခဲ့ကြရသည်ဟူ၍ အကြောင်းမျိုးစုံတို့ကို အကုန်ပြန်ကြား ပြောဆိုခဲ့သည်၊ မိန်းမငယ်လည်း စိတ်လက် မကြေမချမ်းနိုင် ဖြစ်ခြင်းကြောင့် ယနေ့ညကား သူ၏သဘော်ကို နှစ်မြုပ်၍ ပျက်စီးခြင်း ဖြစ်စေအံ့ဟု ပြောလေ၏။ ထိုအခါ မိန်းမငယ်အား ကျွန်ုပ် ဤသို့ တောင်းပန်၏။ သင်သည် ဤကဲ့သို့ပြုလုပ်မည် ဆိုသော်လည်း အခြားသူမဟုတ်၊ ကျွန်ုပ်၏ ညီပင်ဖြစ်ချေသောကြောင့် မပြုမလုပ်ပါလင့်ဟုပြောလေရာ ကျွန်ုပ်ကို ခါးမှကိုင်၍ ကောင်းကင်သို့ ပျံတက်ယူဆောင် ခဲ့ပြီးသော် ကျွန်ုပ်၏ နေရင်းအိမ်၌ ချထားပြီး ကွယ်ပျောက်လေ၏။ ကျွန်ုပ်လည်း အိမ်နီးချင်း ဖြစ်သူတို့ကို နှုတ်ခွန်းဆက်ပြီးမှ ကုန်စည်များကို ထပ်မံဝယ်ခြမ်းပြီးလျှင် ဆိုင်ကနားကို ဖွင့်လှစ်ရောင်းချရပြန်၏။

နောက်တစ်ရက်နေ့၌ ဆိုင်မှအိမ်သို့ပြန်လာခဲ့ရာ အိမ်ထက်ဝယ် ခွေးနှစ်ကောင်ကို တွေ့ရှိရသည်။ ခွေးတို့သည် ကျွန်ုပ်အပါးသို့လာ၍ လူးလည်းပြီးသော် မျက်ရည်စီးကျနေကြလေ၏။ ကျွန်ုပ်လည်း မည်သည့်အကြောင်းမျှ မသိခြင်းကြောင့် ကြည့်ရှုနေစဉ် ကျွန်ုပ်၏ မိန်းမငယ်သည် ရုတ်တရက်ပေါ်ထွက်လာပြီး ထိုခွေးနှစ်ကောင်ကား အခြားမဟုတ်၊ သင်၏ညီနှစ်ယောက်ပင်တည်းဟု ပြောလေ၏။ ဤကဲ့သို့ဖြစ်ခြင်းမှာလည်း ကျွန်ုပ်ကိုယ်တိုင် ပြုလုပ်သည်မဟုတ်၊ ညီမငယ်အား စေလွှတ်၍ ပြုလုပ်စေခြင်းဖြစ်သည်၊ ဆယ်နှစ်

စေ့ရောက်သောကာလမှ လူပကတိဖြစ်မည်ဟု ပြောလေ၏။ ထိုအတွက် ခွေးနှစ်ကောင်တို့သည် ကျွန်ုပ်၏ညီများ ဖြစ်ခြင်းကြောင့် ကျွန်ုပ်သွားလေရာ အရပ်ဌာကို ခေါ်ဆောင်ခဲ့ရခြင်း ဖြစ်ပါသည်ဟု ပြော၏။ ယင်းသို့ပြောသောအခါ ဘီလူးကြီးက သင်၏အကြောင်းလည်း ထူးဆန်းပေသောကြောင့် အသင့်အတွက် ဤသူဌေးကြီးအား အသက်ကိုသုံးပုံပြု၍ တစ်ပုံကို ချမ်းသာပေးအံ့ဟုပြော၍ ချမ်းသာပေးလေ၏။

ထို့နောက် တတိယခရီးသည်ကလည်း အရှင်ဘီလူးကြီး ကျွန်ုပ်၏အကြောင်းကိုလည်း ၎င်းနည်းပြောပါဦးအံ့။ အကယ်၍ ထူးဆန်းအံ့ဩဖွယ်အကြောင်း ဖြစ်ပါမူ ဤသူဌေးကြီး၏ အသက်ကို သုံးပုံပြု၍ တစ်ပုံကိုချမ်းသာပေးမည်လောဟု မေး၏၊ ကောင်းပြီ သင်ပြောတိုင်း အံ့ဩဖွယ်ဖြစ်သည်မှန်က ငါသည် ချမ်းသာပေးအံ့ ပြန်ကြားလောဟု ခွင့်ပြုလေသတည်း။

* * *

## တတိယခရီးသည်နှင့် မြည်းအကြောင်း

အရှင်ဘီလူးကြီး၊ ဤမြည်းမသည် ကျွန်ုပ်၏ မိန်းမပင်တည်း၊ တစ်နေ့သ၌ အစေအပါး ဖြစ်သော ကပ္ပလီတစ်ယောက်နှင့် မတော်မတရားသော လော်လည်ခြင်းအမှု ပြုကျင့်သည်ကို ကျွန်ုပ်ဒိဋ္ဌတွေ့ရှိရာ မိန်းမငယ်သည် ရေတစ်ခွက်ကို ယူ၍ ကျွန်ုပ်အား ပက်ဖျန်းလိုက်ခြင်းကြောင့် ခွေးဖြစ်လေပြီးသော် ကျွန်ုပ်သည်လည်း အမဲသည်၏ ဆိုင်သို့ ပြေးဝင်ရာ အမဲသည်၏ သမီးသည် စုန်းပယောဂ အတတ်ပညာတို့ကို တတ်မြောက်ခြင်းကြောင့် ကျွန်ုပ်အား လူပကတိ ဖြစ်စေပြီးမှ ကျွန်ုပ်၏ မယားကို မြည်းမဖြစ်အောင် လုပ်၏ဟု ဘီလူးကြီးအား ပြောဆိုလေ၏။ သင့်ကိုလည်း အထက်လူနှစ်ဦးကဲ့သို့ သူဌေးကြီး၏ အသက်ကို သုံးပုံပြု၍ တစ်ပုံကို ချမ်းသာပေးအံ့ဟု ပြောပြီးလျှင် သူဌေးကြီးကို မသတ်ဘဲ ချမ်းသာပေး၍ လွှတ်လိုက်သည်၊ သူဌေးကြီးသည် ထိုလူသုံးယောက်အား အတိုင်းမသိသော ကျေးဇူးတို့ဆပ်၍ပင် မကုန်နိုင်အောင် ရှိပါသည်ဟုပြော၍ ကိုယ်စီကိုယ်စီ ထွက်သွားကြလေသတည်း။

* * *

ယင်းသို့သော် ပုံပြင်ဝတ္ထုကို ပြောဆိုလျှင် ရှာရာဇတ်က ညီမငယ်အား ငါ၏ ညီမ၊ ဤပုံပြင်ဝတ္ထုကား အနည်းငယ်မျှသာတည်း၊ ထို့ပြင်လည်း ယန္တရားဖြင့်လုပ်သော စက်ရုပ်မြင်းပျံ၏ ပုံပြင်ဝတ္ထုကားမည်သို့နည်း၊ ပြောပါဦးလောဟု အမိန့်တော်ရှိလေသော် ဆက်လက်၍ လျှောက်တင် ပြောဆိုလေသတည်း။

## ယန္တရားဖြင့်ပြုလုပ်သော စက်ရုပ်မြင်းပျံအကြောင်း

ရှေးလွန်လေပြီးသောအခါ ပါရှားပြည်ကိုအစိုးရသော ပါရှားအမည်ရှိ ဘုရင်ကြီးသည် မင်းကျင့်တရားဆယ်ပါးနှင့် ပြည့်စုံစွာ အဂတိလေးပါးမလိုက်စားဘဲ တရားသဖြင့် မင်းပြုတော်မူလေ၏။ ထိုမင်းကြီး၌ သားတော် ဖိရိုရှားအမည်ရှိ မင်းသားကို အိမ်ရှေ့အရာအပ်နှင်းတော်မူ၏။ သမီးတော်ကိုလည်း တစ်ပင်တိုင်မြနန်းနှင့် ဆန်းလှအောင် ဆောက်လုပ်၍ထားပြီးလျှင် တင့်တယ်စွာ စံစားစေ၏။ ထိုအခါ ဤတိုင်းပြည်၌ နှစ်၏အထူး၊ တန်ခူးလအခါမယ၌ တိုင်းသူပြည်သား လူအများတို့သည် ဇာတ်ပွဲ၊ ရုပ်သေးပွဲ၊ မျက်လှည့်ပွဲ၊ လက်ဝှေ့ပွဲ၊ ကြိုးတန်းလျှောက်၊ ကြိမ်တန်းလျှောက်စသော ပွဲသဘင်အမျိုးမျိုးတို့ကို ပြုလုပ်ကခုန် တီးမှုတ်စေ၏။ ရေသွန်းခြင်းကိုလည်း ပြုလုပ်ကြ၏။ ပါရှားဘုရင်မင်းကြီးလည်း မင်္ဂလာသကြံန်တော် ခေါ်ပြီးလျှင် ရေကန်တော့ခံတော်မူ၏။ မှူးတော်၊ မတ်တော်၊ သူဌေး သူကြွယ်၊ ကုန်သည်လယ်လုပ်မှစ၍ ခပ်သိမ်းသော အမျိုးလေးပါးတို့၏ ရေကန်တော့ခြင်းကိုလည်း ခံတော်မူ၏။ ဤသို့လျှင် ပွဲသဘင်ဆင်ယင်ကျင်းပ၍ သကြံန်တော်ခေါ်ပြီး ရေကန်တော့ ခံတော်မူခိုက် ဝဏ္ဏအမည်ရှိ ပုဏ္ဏားတစ်ယောက်သည် ယန္တရားဖြင့် ပြုလုပ်အပ်သော စက်ရုပ်မြင်းပျံကိုစီးနင်းပြီး အရှင်မင်းမြတ်၊ ဤမြင်းသည် အလွန်ထူးဆန်းအံ့ဩဖွယ်ရှိသော မြင်းပါတည်းဟု လျှောက်ထားလေ၏။

ဤသို့လျှောက်ထားလျှင် အချင်းပုဏ္ဏား၊ သင်၏မြင်းသည် မည်ကဲ့သို့သော မြင်းနည်း၊ အစွမ်းသတ္တိ မည်ကဲ့သို့ရှိသနည်း စသည်ဖြင့် မေးတော်မူလျှင် အရှင်မင်းမြတ်၊ ဤမြင်းသည် ယန္တရားစက်ဖြင့်ပြုလုပ်သော စက်ရုပ်မြင်းပျံတည်း၊ အလိုရှိသော အရပ်ဌာနသို့ တစ်မုဟုတ်ခန့်မျှနှင့်ပင် ရောက်ပေါက်နိုင်ပါသည်ဟု လျှောက်တင်လေလျှင် မင်းကြီးသည် ကောင်းပြီပုဏ္ဏား၊ သင်လျှောက်တင်သည့်အတိုင်း ဟုတ်မဟုတ်ကို စူးစမ်းဆင်ခြင်အံ့ဟုဆို၍ ညို့ညို့မှိုင်းမှိုင်း

မြူတွေဆိုင်းသော အရပ်ဌာနကို ညွှန်ကြားပြသကာ ဤအရပ်မှ တစ်စုံတစ်ခုသော သစ်ကိုင်းသစ်ခက်ကို ယူဆောင်ပြီးလျှင် ငါ၏ရှေ့တော်သို့ ဆောလျင်စွာ ရောက်အောင်ပြန်ခဲ့ရမည်ဟု အမိန့်တော်ရှိလိုက်သည်။ ကောင်းလှပါပြီ အရှင်မင်းကြီး ကြည့်ရှုတော်မူပါလောဟုဆို၍ ၎င်းစက်ရုပ် မြင်းပျံထက်သို့ တက်စီးပြီးလျှင် ညွှန်ပြသော အရပ်ဌာနသို့သွားကာ သစ်ကိုင်းသစ်ခက်တို့ကို ယူဆောင်ပြီးလျှင် တစ်မုဟုတ်ခန့်တွင် ပြန်လာ၍ မင်းကြီးထံ ဆက်သလေ၏။

ထိုအခါ မင်းကြီးသည် များစွာအံ့သြချီးမွမ်းပြီး သင်၏စက်မြင်းသည် အစွမ်းသတ္တိ ရှိပေသည်။ အဖိုးမည်မျှ ပေးရမည်နည်းဟု အမိန့်တော်ရှိလေသော် အရှင်မင်းမြတ် ကျွန်ုပ်သည် ရွှေငွေဥစ္စာဘဏ္ဍာတို့ကို အလိုမရှိပါ။ ဤမြင်းကို ရရှိသည့်အကြောင်းမှာ ကျွန်ုပ်သည် ချစ်လှစွာသော သမီးကိုပေး၍ လဲလှယ်ဝယ်ယူရပါသည်။ သို့ဖြစ်၍ သမီးတော်ကို ပေးသနားတော်မူပါလျှင် ဤမြင်းကို အရှင်မင်းကြီးအား ဆက်သပါမည်ဟု တင်လျှောက်လေ၏။ ထိုသို့တင်လျှောက်လျှင် မင်းကြီးလည်း သမီးတော်နှင့် လဲလှယ်လိုသော ဆန္ဒရှိ၍ သားတော်အကြီး ဖီရိုရှားမင်းသားနှင့် တိုင်ပင်တော်မူ၏။ သားတော်ဖီရိုရှား အိမ်ရှေ့ ဥပရာဇာလည်း များစွာဒေါသအမျက် ထွက်လက်၍ ခမည်းတော်မင်းကြီး မည်ကဲ့သို့ အမိန့်တော်ရှိပါသနည်း။ မဟာမျိုး မဟာနွယ်မဟုတ်၊ ယုတ်ညံ့သိမ်ငယ်သော ဤပုဏ္ဏားနှင့် ကျွန်ုပ်၏ နမတော်သည် ထိုက်တန်ပါ၏လော၊ ပုဏ္ဏားတို့ မည်သည်ကား ကောက်ကျစ်စဉ်းလဲကြ၏။ သို့ဖြစ်၍ ဤပုဏ္ဏားကို အဘယ်မှာ ပေးအံ့နည်းဟု တင်လျှောက်လေ၏။

ခမည်းတော် မင်းကြီးသည် ချစ်သား၊ ယန္တရားစက်ရုပ် မြင်းပျံသည် စကြာရတနာတို့နှင့် အတူပင်ဖြစ်သည်။ အလိုရှိအပ်သော အရပ်သို့ တစ်မုဟုတ်ချင်းနှင့်ပင် ရောက်နိုင်လေသည်၊ သို့ဖြစ်၍ ဤမျှလောက်ထူးမြတ်သော မြင်းပျံရတနာကို ဘယ်မှာရနိုင်ပါအံ့နည်း၊ အကယ်၍ ငါ၏သမီးတော်နှင့် လဲလှယ်ခြင်းကိုမပြုမူ အခြားနိုင်ငံသို့သွား၍ ဤအကြောင်းကို ပြသပြောကြားလျှင် ငါတို့ထက် ဘုန်းလက်ရုံး အာဏာသာလွန်သည် မဖြစ်ပါလော၊ ချစ်သား မယုံမကြည်ရှိခဲ့လျှင် စမ်းသပ်ကြည့်ရှုပါဦးအံ့ဟု ဆိုပြီးလျှင် မြင်းပျံထက်သို့ တက်စီး၍ အချင်းပုဏ္ဏား၊ မည်ကဲ့သို့ပြုရသနည်းဟု မေးလတ်သော် အရှင်သား စီးတော်မူသော ကုန်းနှီးထက်က စက်ခလုတ်ကို လက်နှင့်နှိပ်လိုက်ပါလျှင် အာကာသကောင်းကင်သို့ ပျံသန်းနိုင်ပါသည်၊ မြင်း၏ဇက်ကြိုးကို လက်ဝဲလက်ယာသို့ငင်လျှင် လိုရာအရပ်သို့ သွားနိုင်ပါသည်ဟု ပြောဆို၏။ ပုဏ္ဏားစကားကို အစအလယ်အဆုံး သုံးပါးကုန်စင်အောင် မနာမယူ

နားမထောင်မူ၍ အိမ်ရှေ့မင်းလည်း ထိုစကားကို ကြားလျှင် ရုတ်တရက် ကုန်းနှီးထက်က စက်ခလုတ်ကို လက်နှင့်နှိပ်လိုက်လျှင် ကောင်းကင်သို့ ပျံတက်လေ၏။ ကောင်းကင်သို့ ရောက်လျှင် မည်ကဲ့သို့မှ မပြုမလုပ်တတ်၍ ယန္တရားစက်မြင်းဆောင်ကြဉ်းရာသို့သာ လိုက်ပါရလေ၏။ ညဥ့်သန်းခေါင်အချိန်ရောက်လျှင် ဤသို့ စဉ်းစားဆင်ခြင်တော်မူ၏။ ကောင်းကင်သို့ တက်စေတတ်သော စက်ခလုတ်ရှိလျှင် အောက်သို့သက်စေသော စက်ခလုတ်လည်း ရှိတန်ရာ၏ဟု စူးစမ်းဆင်ခြင်ကာ အရှေ့အနောက် တောင်မြောက် လေးပါးကို စမ်းသပ်ကြည့်ရှု၏။ ကုန်းနှီးနောက်က ခလုတ်ကိုတွေ့၍ ထိုခလုတ်ကို နှိပ်လိုက်ရာ တဖြည်းဖြည်းအောက်သို့ သက်၍ဘင်ဂေါ်တိုင်းပြည်ကို အစိုးရသော ဘင်ဂေါ်မင်းကြီး၏ သမီးတော်စံနေသော တစ်ပင်တိုင်နန်းတော်ပေါ်သို့ ကျရောက်လေ၏။

ထိုသို့ကျရောက်လေလျှင် အမိုးပေါ်က တရွေ့ရွေ့ဆင်းသက်ပြီးလျှင် ပြတင်းပေါက်မှ ဝင်တော်မူလေသော် ရွှေဖြင့်အတိပြီးသော တိုက်ခန်းကိုတွေ့လေ၏။ ထိုတိုက်ခန်းကိုဖွင့်လှစ်၍ ဝင်သွားလေလျှင် မြကြာရံတော်ကိုချ၍ နတ်သမီးတမျှ လှပတင့်တယ် ရှုချင်ဖွယ်ကောင်းသော လက်ပါးစေ ရံရွေအပျိုတော်တို့ ခြံရံပြီးလျှင် စိန်စီသော သလွန်တော်ပေါ်ဝယ် စက်တော်ခေါ် နေသည့် မင်းသမီးကို ဖီရိုရှားမင်းသား မြင်တော်မူလျှင် ငေးမေ့မူးမော်ရာမှထ၍ ခံတွင်းကို ဟပြီးလျှင် ချစ်ဖွယ်ကောင်းစွာ ချစ်ဖွယ်ကောင်းစွာဟု မြည်တမ်းပြီးလျှင် မြကြာရံတော်ကိုမ၍ ထတော်မူဟု နှိုးလေ၏။ မင်းသမီးလည်း ရုတ်ခြည်းထပြီးလျှင် ဤသို့မေးလင့်၏။ ဘယ်တိုင်းပြည် ဘယ်ဌာနီက လာတော်မူခဲ့လေသနည်း၊ အဘယ်မင်း၏ သားတော်နည်း၊ အဘယ်အမည်တော်ရှိသနည်း၊ တစ်ပင်တိုင်မြနန်းသို့ မကြောက်မရွံ့ ဝံ့ဝံ့စားစား ရောက်လာသည်မှာ မည်သူက ခိုင်းစေ၍ ရောက်လာသနည်းဟု အကြောင်းခြင်းတကို စုံလင်စွာမေး၏။

## မင်းသား၏ ပရိယာယ်

ဖီရိုရှားမင်းသားလည်း ဤသို့ကြံ၏။ ငါသည် ယန္တရားစက်မြင်းကို စီးနင်းသည်မှာ မည်သည့် စက်ခလုတ်ကို နှိပ်ရမည် မသိသောကြောင့် သင်၏ တစ်ပင်တိုင်မြနန်းသို့ ရောက်လာသည်ဟုပြောလျှင် ယုတ်ညံ့သိမ်ဖျင်းရာ ရောက်ချေတော့မည်၊ ဥပါယ်တံမျဉ်ဖြင့် ပြောမှ သင့်မည်ဟုကြံ၍ ဤသို့ပြော၏။ ချစ်နမ၊ ဤမြနန်းအောင်ချာသို့ ရောက်လာသည်မှာ အခြားမဟုတ်၊ မောင်တော်နေသော တိုင်းပြည်မှာ ပါရှားတည်း၊ ခမည်းတော်အမည်မှာ

ပါရှားမင်းကြီးတည်း၊ မောင်တော်၏အမည်မှာ ဖီရိုရှားမင်းသားတည်း၊ ရဲရဲဝံ့ဝံ့လာသည်ဆိုသည်မှာ သွင်ပြင်ရုပ်ဝါကို မြင်ရုံဖြင့် သိသင့်ပါပြီ၊ မည်သူမျှ ခိုင်းစေ၍ လာရောက်သည်မဟုတ်ပါ၊ ယခု မောင်တော်လာရောက်သည်မှာ အခြားကိစ္စမဟုတ်၊ ပန်းတို့ရနံ့သည်လေအောက်သို့ မွှေးကြိုင်နိုင်ပါသည်၊ လေညာအထက်သို့ ဆန်တက်၍ မွှေးခြင်းငှာ မစွမ်းနိုင်ပါ၊ နတ်နယ်တမျှ ချောကြောင်း၊ လှကြောင်း သတင်းကောင်းများသည် လေညာလေအောက်သို့ ပျံ့နှံ့သည့်အတိုင်း ဆံပင်၏ ကောင်းခြင်းမှအစ အသား၊ အရိုး အရေနှင့် အရွယ်၏ ကောင်းခြင်းဟူသော ကောင်းခြင်းငါးဖြာ လက္ခဏာကြန်အင်္ဂါတို့နှင့် ပြည့်စုံညီညွတ်ကြောင်း ကျော်စောသည်နှင့်အညီ ရှုချင်ဖွယ်ကောင်းကြောင်း၊ ပန်းချီပန်းပုတို့သည် ရေးတူခြင်းငှာ မစွမ်းနိုင်ဖြစ်ကြောင်း၊ များစွာသော ဇာတ်ရုပ်သေး ကချေသည် စောင်းအငြိမ့်တို့၌ စီကုံးနှုန်းဖွဲ့သော သီချင်းသံကို ကြားသိတော်မူသည်ဖြစ်၍ ဤမျှလောက် လှပတင့်တယ် ရှုချင်ဖွယ်ကောင်းသော မိန်းမကို မရရအောင် ကြံဆောင်တော်မူပါအံ့ဟု နှလုံးသွင်း၍ နမစံနေသော ဤမြနန်း အောင်ချာသို့ ဆောလျင်စွာ ရောက်လာရပါသည်ဟု ပြောဆိုလေ၏။

## မင်းသမီး၏ မာယာ

ထိုအခါ ဘင်ဂေါ်မင်းသမီးသည် ဤသို့ကြံ၏။ ဤသူသည် မင်းသားနှင့်ပင် သွင်ပြင်လက္ခဏာတူ၏။ ကိုယ်၏ အသွင်အပြင်၌လည်း ချစ်ခင်စုံမက်နှစ်သက်ဖွယ် ကောင်းလှ၏။ ထိုသို့ ကောင်းငြားသော်လည်း မချစ်ခင်မစုံမက်ဟု မိန်းမတို့ပရိယာယ်မာယာဖြင့် ဟန်ဆောင်၍ ငါပြောဦးအံ့ဟုကြံကာ ဤသို့ ဆိုလေ၏။ မောင်တော်၊ တစ်ရပ်တစ်ကျေး အဝေးနိုင်ငံသားများသည် မိမိတို့အကြံအစည် ပြည့်စုံခဲ့လျှင် လိုရာအရပ်သို့ ပြန်သွားတတ်ကြပါသည်။ ထိုအခါ ချစ်ခင်စုံမက် နှစ်သက်တွယ်တာလျက် ကျန်ရှိရစ်သောသူများမှာ ချစ်ရက်နှင့်ခွဲရသောကြောင့် အလွန်ပင် ပူဆွေးသောက ရောက်ကြရပါသည်။ သို့ဖြစ်၍ မောင်တော်တို့ စံနေသော တိုင်းရွှေပြည်၌သာလျှင် လှပတင့်တယ် ရှုချင်ဖွယ်ကောင်းသော မိန်းမတို့ကို ရှာကြံ၍ ယူတော်မူပါဟု ပြောဆိုတော်မူပြီးလျှင် ရံရွေတော်အပျိုတော်တို့ကို ခေါ်ဆောင်၍ မောင်တော် အိပ်စက်တော်မူရန် သင့်တင့်လျောက်ပတ်သောအရပ်၌ သလွန်တော်များကို ပြင်ဆင်ခင်းကျင်းထားရမည်ဆိုပြီး စကားကြီးဆယ်ခွန်းတို့၌ ရေစစ်ကရားဟူသော ပြောဆိုနည်းဖြင့် ပြောဆို

ပြီးလျှင် ယနေ့ညဥ့်တွင် ဤစကားဖြင့် ရပ်စဲ၍ မင်းသားလည်း သင့်တင့်သောအရပ်၌ပင် စက်တော်ခေါ်ရလေသတည်း။

## ပုဏ္ဏားကိုစွပ်စွဲပြီ

ထိုအခါ ဖီရိုရှားမင်းသား၏ ခမည်းတော်မင်းကြီးသည်လည်း သားတော်နှင့် စက်မြင်းပျံသည် ပျောက်ခြင်းမလှ ပျောက်သွားသည်ကို မြင်တော်မူလျှင် ဝဏ္ဏပုဏ္ဏားသည် ငါ့သားတော်အိမ်ရှေ့ဥပရာဇာအား မတရားသဖြင့် ဆေးဝါးမန္တရားတို့နှင့် ပြုလုပ်သောကြောင့် ဤသို့ဖြစ်ရာ၏ဟု နှလုံးသွင်းပြီးလျှင် ဟယ်ပုဏ္ဏားယုတ်၊ ငါ၏သားတော်ကို ဘယ်သို့သော ဆေးဝါး မန္တရားတို့ဖြင့် ပြုလုပ်၍ ပျောက်ပျက်စေဘိသနည်း၊ သားတော်သည် ငါ၏ မျက်မှောက်က ကွယ်ပျောက်သွားသည်မှာ ငါ၏ အသည်းနှလုံးတို့သည် ပြတ်ကြွေဘိသကဲ့သို့ ငါထင်တော်မူသည်၊ ငါ့သားကို အဘယ်ကြောင့် ဤကဲ့သို့ပြုလုပ်ဘိသနည်းဟု ဆိုတော်မူလေ၏။ ပုဏ္ဏားလည်း အရှင်မင်းမြတ်၊ အရှင့်သားတော်ကို မည်ကဲ့သို့သော ဆေးဝါးမန္တရားတို့ဖြင့်မှ ပြုလုပ်သည်မဟုတ်ပါ၊ ဤယန္တရားစက်မြင်းပျံသည် ကုန်းနှီးအထက်က စက်ခလုတ်ကို နှိပ်လိုက်လျှင် အာကာသကောင်းကင်သို့ ပျံတက်နိုင်ပါသည်၊ ကုန်းနှီးနောက်က စက်ခလုတ်ကို နှိပ်လိုက်လျှင် အောက်သို့ ဆင်းသက်နိုင်ပါသည်၊ လက်ဝဲ လက်ယာ ဇက်ကြိုးကိုဆွဲငင်လျှင် လိုအပ်သောအရပ်သို့ သွားရောက်နိုင်ပါသည်၊ အရှင့်သားတော်သည် စကား၏ အစအလယ်အဆုံး သုံးပါးကို မနာယူမူ၍ မြင်းပျံ၏ ကုန်းနှီးထက်က စက်ခလုတ်ကို နှိပ်လိုက်သောကြောင့် ယန္တရားစက်မြင်း၏ ဆောင်ကြဉ်းရာသို့ ပါသွားသည်ဟု သံတော်ဦး တင်လေ၏။

အချင်းပုဏ္ဏား၊ သင်ပြောသောစကားကို ငါယုံတော်မမူ၊ ငါ့သားတော်သည် သုံးနှစ် အတွင်းတွင် ပြည်တော်သို့ ပြန်လည်၍ ဆိုက်ရောက်ခဲ့လျှင် သင့်အား အသက်ဘေးမှ ချမ်းသာပေးမည်၊ သုံးနှစ်စေ့မြောက်၍ သားတော်မလာ မရောက်ခဲ့လျှင် သင်ပုဏ္ဏားအား ဆုံးခန်းတိုင်အောင် စီရင်တော်မူမည်ဆို၍ ပုဏ္ဏာအား ချုပ်နှောင်၍ မသေရုံထားတော်မူ၏။

## ဥယျာဉ်၌အတူပျော်ရန် မင်းသမီးကခေါ်ပြီ

နံနက်မိုးသောက် ရောက်လေသောအခါ ဘင်ဂေါ်မင်းသမီးသည် ရံရွေတော်တို့ကို ယနေ့ ဥယျာဉ်တော်၌ ပျော်ပါးရွှင်မြူးလိုသည်ဖြစ်၍ ကောင်းမွန်သော စားသောက်ဖွယ် ဆီဦးထောပတ် ချဉ်သားသနပ် ကောင်းမြတ်သော အရသာတို့ကို ပြင်ဆင်ချက်ပြုတ် လုပ်ကိုင်၍ ယူခဲ့ကြလော့ဟု ပြောဆိုလေ၏၊ ထို့နောက် မောင်တော်ဖီရိုရှား မင်းသားထံသွား၍ သံတော်ဦးတင်ကြလေ၊ နမတော်ဘင်ဂေါ်မင်းသမီးက ဥယျာဉ်တော်သို့ ရှုကြည့်လည်ပတ်ရန် ထွက်စံတော်မူပါဟူ၍ လျှောက်တင်ချေဟု မှာထားတော်မူလိုက်၏။ ရံရွေတော်တို့လည်း ဖီရိုရှားမင်းသားထံသို့ သွားကာ အရှင့်သား၊ ဘင်ဂေါ်ထိပ်ခေါင်တင် မဖုရားက အရှင့်သားတော်နှင့် အတူ ဥယျာဉ်တော်သို့ ထွက်စံလိုကြောင်း လျှောက်ထားရပါသည်ဟု သံတော်ဦးတင်လေ၏။ ဖီရိုရှားမင်းသားလည်း ကောင်းပြီ၊ နမတော် ဘင်ဂေါ်မင်းသမီးနှင့်အတူ လိုက်အံ့ဟုဆို၍ အတူထွက်ကြွတော်မူလေ၏။

ဥယျာဉ်တော်သို့ ဆိုက်ရောက်လျှင် ဘင်ဂေါ်မင်းသမီးသည် ဤသို့ ပြသလေ၏။ မောင်တော် ဤဥယျာဉ်၌ သရက်ပင်ပျိုသည် မြရည်ဖြင့် လိမ်းကျံသကဲ့သို့ စိမ်းစိမ်းစိုစိုနုပျိုသော အရွက်အခက်နှင့်လည်း ပြည့်စုံပါ၏။ ထိုသရက်ပင်တို့၌ ဆင့်ကာဆင့်ကာ သီးပွင့်ကုန်သော သရက်သီးတို့သည် ပျားလဘို့ကဲ့သို့ ချိုမြိန်ကောင်းမြတ်သော အရသာနှင့် ပြည့်စုံ၏။ ထိုမှတစ်ပါးလည်း မုဒရက်ပင်၊ ပိန်းနဲပင်၊ ဒူးရင်း၊ လိမ္မော်၊ ကျွဲကော၊ နရွဲ၊ ထောက်ရှာ၊ မာလကာ၊ သြဇာပင် အစရှိသော စားကောင်းသောက်ဖွယ်ရှိသည့် ချိုမြကောင်းမြတ်သော အသီးအပွင့်တို့ကို ရှုကြည့်တော်မူပါဦး၊ ထိုမှတစ်ပါးလည်း ဖွန်ပန်း၊ မုလေးပန်း၊ စွယ်တော်ပန်း၊ နှင်းဆီပန်း၊ ရွှေဖီကြက်ရန်း၊ ဂမုန်း၊ ခတ္တာ၊ ဇီဇဝါ၊ ဒေါနမှစ၍ ပန်းမျိုးစုံပွင့်ဖြိုးသော ဤဥယျာဉ်တို့ကို ကြည့်တော်မူပါဟုဆို၍ ပန်းဥယျာဉ်ကိုပြလေ၏။

တစ်ဖန် စိတ္တလတာ ရေကန်ကိုပြသလို၍ မောင်တော်၊ ဤစိတ္တလတာရေကန်သည် အေးမြကြည်လင်၏၊ ရွှေသဲ ငွေသဲတို့ဖြင့် ကြဲဖြန့်ထား၏။ ကြာမျိုးငါးပါးတို့ဖြင့်လည်း ပြည့်စုံ၏။ ဤကန်၌ ဟင်္သာ၊ စက်ကဝက်တို့သည် လည်ချင်းယှက်ကာ မြူးကြသည်ကို မောင်တော်ဘုရား ကြည့်တော်မူပါ၊ ထိုအခိုက် ရံရွေအပျိုတော်တို့က ထိပ်ခေါင်တင်မဖုရား ပွဲတော်တည်ရန် အချိန်ကျရောက်ပါပြီဟု လျှောက်ထားလေလျှင် ကောင်းပြီ၊ ပွဲတော်တည်အံ့၊ ပြင်ဆင်ကြလော ဟုဆို၍ မောင်တော်ဖီရိုရှားမင်းသားနှင့်အတူ ပွဲတော်တည်ကြလေ၏။

## အသက်စွန့်၍ ဝံ့ဝံ့စားစား လာခဲ့ပါသည်

ပွဲတော်တည်ပြီးလျှင် ဗီရိရှားမင်းသားက ဤသို့ စ၍ ပြောတော်မူ၏။ နမတော် ယမန်နေ့ညက မောင်တော် ပြောဆိုသောစကားများကို နမတော်ငြင်းပယ်၍ တစ်ရပ်တစ်ကျေး အဝေးနိုင်ငံသားများသည် အကြံအစည်ပြည့်စုံခဲ့လျှင် မိမိတို့နေထိုင်သော အရပ်ဌာနသို့ ပြန်တတ်ပါသည် ဆိုသောစကားကို မောင်တော် မနှစ်သက်ပါ၊ ကျွန်ုပ်သည် နမတော်၏ ချောကြောင်း၊ လှကြောင်းသတင်းကို ကြားသိတော်မူစအခါကပင် မေတ္တာဟူသမျှ စုပေါင်း၍ တစ်ကြောင်းတည်း စိတ်ထားပါသည်၊ နမတော်က မချစ်ခင် မစုံမက်သည့် အသံနှင့် မောင်တော်တို့ စံနေသော တိုင်းတော် ပြည်တော်၌သာလျှင် လှပတင့်တယ် ရှုချင်ဖွယ် ကောင်းသော မိန်းမတို့ကို ရှာကြံ၍ ယူတော်မူပါဟု လျှောက်တင်သည်မှာ မောင်တော်ရှာကြံ၍ မယူတတ်ပါသလော၊ တိုင်းတော်ပြည်တော်၌ ရှိကြသောမိန်းမတို့ထက် အဆအရာ အဆအထောင်မျှသာလွန်၍ ချစ်ခင်စုံမက်နှစ်သက်သောကြောင့် အလွန်ဝေးကွာသော နမစံနေသည့် ဤပြည်တော်သို့ အသက်ကိုစွန့်၍ ဝံ့ဝံ့စားစားလာသည်များကို နမ၏ မချစ်ယောင် မစုံမက်ယောင် စကားကြားသိတော်မူရသောကြောင့် များစွာမနှစ်သက်ပါ၊ ပမာတန္တု ဥပမာပြု၍ပြောပြမည်၊ နမနားထောင်ပါ၊ သိုက်ဆရာတစ်ယောက်သည် တစ်ခုသော အရပ်၌ ရွှေအိုးငွေအိုးရှိမည်ဟု သိုက်စာကျရောက်လေသော် ထိုသိုက်စာကျသည့်အတိုင်း ၎င်းအရပ်ဌာနသို့ သွားရောက်တူးဖော်သည်၊ ရွှေအိုး ငွေအိုးတွေ့လေ၍ ရွှေအိုးငွေအိုးတို့ကို တင်ယူမည်ဟု လက်လှမ်းလိုက်ရာ လက်လှမ်းသည်နှင့်တစ်ပြိုင်နက် ရွှေအိုးငွေအိုးတို့သည် ပျောက်ကွယ်ဘိသကဲ့သို့ မောင်တော်သည်လည်း ဤမျှလောက်အလှမ်းကွာဝေးသောအရပ်သို့ ဝံ့ဝံ့စားစား အသက်ကိုပမာဏမထားဘဲ လာပါလျက်နှင့် စကားကို တိမ်းဖယ်သွေရှောင်၍ ပြောဆိုခြင်းသည် ထိုရွှေအိုးငွေအိုးကို လက်လှမ်းသော ယောက်ျားကဲ့သို့ ဖြစ်ချေသည်။ သို့ဖြစ်၍ ချစ်ခင်မည် စုံမက်မည် ဤနှစ်လီကို အတည်ကျကျသိရပါမှ နမတို့စံနေသော ဤရွှေပြည်တော်တွင် တာရှည်လေးမြင့်စွာ နေနိုင်ပါမည်ဟု ပြောဆိုလေ၏။

## လက်ဖက်ကောင်းစားလိုလျှင် တောင်တက်နေးပါ

ဘင်ဂေါ်မင်းသမီးလည်း ဤသို့ပြောဆိုလေ၏။ မောင်တော် အဘယ်ကြောင့် ဤမျှလောက် အလျင်လိုဘိသနည်း၊ လက်ဖက်ကောင်းစားလိုလျှင် ပလောင်တောင်တက်

နေးစေဟု ဆိုရိုးစကားရှိပါသည်။ ဖြည်းဖြည်းသာသာ တွေးတွေးဆဆပြုလုပ်မှသာလျှင် အရာရာတို့၌ နေရာတကျဖြစ်တတ်ပါသည်၊ ကျွန်မတို့မိန်းမသားများသည် ရောင်းကုန်နှင့် အလားတူပါသည်၊ ပတ္တမြားကျောက်မျက်ရတနာသည် အနာအဆာတစ်ခု တွေ့လျှင် အဖိုးလည်း အကဲမရောက်ဘိသကဲ့သို့ သူနာတစ်ယောက်သည် မသင့်မတင့်သော ဆေးကိုစားသုံးမိ၍ ရောဂါအနာတို့သည် ကြီးပွားလာဘိသကဲ့သို့ စဉ်းစဉ်းစားစား ဆင်ခြင် တိုင်းထွာ၍ ပြုလုပ်မှသာလျှင် အရာရာ၌ တော်သင့်ရန်ရှိပါသည်ဟုဆို၍ မောင်တော် တိုင်းပြည်တော်သို့ဝင်ရန် အချိန်ကျရောက်ပါပြီ၊ ထတော်မူပါဟု လျှောက်တင်၍ အတွင်းတော် သို့ ဝင်ကြလေ၏။

ဖီရိုရှားမင်းသားသည် နှစ်ရှည်လများကြာရှိ၍ တစတစမင်းသမီးအား ချစ်ခင်စုံမက် နှစ်သက်သည့်အကြောင်းကို ပြောဖန်များလတ်သော် ဘင်ဂေါ်မင်းသမီးလည်း ချစ်ခင်စုံမက် သည်နှင့် အတူတကွပေါင်းဖက်ကြလေသတည်း။

## တိတ်တဆိတ်ချစ်နေခြင်းမှာ မသင့်ပါ

ထိုအခါ ဘင်ဂေါ်မင်းသမီးသည် ဤသို့ပြောဆိုလေ၏။ မောင်တော် ယခုကဲ့သို့ တိတ်တဆိတ် ချစ်ခင်စုံမက် ပေါင်းဖက်ခြင်းသည် မသင့်လျော်ပါ၊ ခမည်းတော်ဘုရားထံ မောင်တော်၏ မင်းရိုးမင်းနွယ်အစစ် မဟာရာဇ်ဖြစ်တော်မူကြောင်း တင်လျှောက်ပြီးလျှင် ခမည်းတော်ဘုရားက ထိမ်းမြားလက်ထပ်ပေးတော်မူခဲ့လျှင် အရှည်သဖြင့် သင့်လျော်မည်၊ ယခုအတူတကွ ရှေ့တော်သို့ဝင်ရောက်တော်မူပါဟု ပြောဆိုလေ၏။ ဖီရိုရှားမင်းသားက ဤသို့ ပြောဆိုလေ၏။ နမတော်၊ ဤတိုင်းပြည်၌ မျက်နှာသိမ်ငယ်စွာ မထိမ်းမြားလိုပါ၊ မောင်တော်တို့ စံနေတော်မူသော တိုင်းရွှေပြည်သို့ ရောက်လျှင် ကြီးကျယ်ခမ်းနားစွာ ဘုံနန်းပြသာဒ်တို့ ဆောက်လုပ်၍ ထိမ်းမြားလက်ထပ်ခြင်းကိုပြုလုပ်လျှင် အလွန်သင့်လျော်ပါသည်၊ သို့ဖြစ်၍ မောင်တော်စီးနင်းလာသော ယန္တရားစက်မြင်းပျံထက်သို့ တက်ပါ၊ ယခု သွားကြအံ့ဟု ပြောဆိုလေ၏။

## ချစ်လျှင်လိုက်ခဲ့၊ မချစ်လျှင်နေခဲ့ပါတော့

ထိုအခါ ဘင်ဂေါ်မင်းသမီးက မောင်တော်မည်ကဲ့သို့ အမိန့်ရှိပါသနည်း။ ဓမ္မတာ အစဉ်အလာအားဖြင့် မိန်းမတို့ရှိသော အရပ်ဌာနဠ်သာ ထိမ်းမြားလက်ထပ်ခြင်းပြုလုပ်ကြသော အစဉ်အလာရှိပါသည်။ သို့ဖြစ်၍ မောင်တော်အမိန့်တော်ရှိသည်မှာ မသင့်မလျော် ဖြစ်ပါသည်ဟု ပြောဆိုလေ၏။ ဖီရိုရှားမင်းသားကလည်း ဤသို့ ပြန်ပြောဆို၏။ နမတော် တောင်တောင်ဤဤ သွေဖည်၍ မပြောဆိုပါလင့်၊ မောင်တော်ကို ချစ်ခင်စုံမက် မေတ္တာသက်လျှင် မောင်တော်နှင့်အတူ လိုက်ခဲ့ပါ၊ မချစ်ခင် မစုံမက်ခဲ့မူ နေရစ်လော့ဟု ဆိုပြီးလျှင် ယန္တရားစက်မြင်းပျံထက် တက်စီးမည့်ဟန်ပြု၏။

ထိုအခါ ဘင်ဂေါ်မင်းသမီးသည် ငယ်မူငယ်ရာအသံဖြင့် သနားဖွယ်ရာ ဤသို့ ပြောဆိုလေ၏။ မောင်တော်ပြောဆိုသော စကားသည် အမှန်ပင်ဖြစ်ပါသည်။ အကြင်တစ်ရပ် တစ်ကျေး အဝေးနိုင်ငံသားတို့သည် မိမိတို့အကြံအစည်ပြည့်စုံခဲ့ပါလျှင် ကိုယ့်မြို့ကိုယ့်ရွာသို့ ပြန်တတ်ပါသည်။ ထိုအခါ ကျန်ရှိရစ်သူများမှာ ချစ်ရက်နှင့် ခွဲရသောကြောင့် အလွန်ပင် ဆင်းရဲဒုက္ခ ဖြစ်ပါသည်။ ယခု ဤသို့ဖြစ်ချေတော့မည်ဟု ပြောဆိုလေ၏။ ထိုသို့ ပြောဆိုလေလျှင် ဖီရိုရှားမင်းသားသည်လည်း နမတော် စကားကို ချဲ့နွဲ့သွယ်ဝိုက်၍ မပြောဆိုပါနှင့်တော့၊ ချစ်ခင်စုံမက်နှစ်သက်ခဲ့လျှင် လိုက်ခဲ့ပါ၊ မချစ်ခင် မစုံမက်လျှင် နေရစ်ခဲ့ပါလော့ဟု ပြောဆိုပြီးလျှင် မြင်းထက်သို့ တက်မည့်ဟန် ပြုပြန်၏။

## လိုက်ခဲ့ပါမည်၊ အသစ်မြင်လျှင် ပစ်မထားပါနဲ့

ဘင်ဂေါ်မင်းသမီးလည်း ဤသို့စဉ်းစားဆင်ခြင်း၏။ ငါသည် အကျိုးသင့်အကြောင်းသင့် အခွင့်ကုန်ပြောငြားသော်လည်း သူသဘောမကျဖြစ်တော့သည်၊ မြင်းထက်သို့တက်စီးလျက် အမှန်ပင်သူသွားတော့မည်ဖြစ်သည်၊ ငါငင်၍ သူ မယိမ်း၊ သူသိမ်းရာ ငါပါရတော့မည် တကားဆို၍ မောင်တော်ဘုရား၊ မောင်တော်သွားလျှင် အဘယ်မှာ ကျွန်ုပ်နေရစ်အံ့နည်း၊ မောင်တော်နှင့်အတူ လိုက်ပါအံ့၊ သို့သော် မောင်တော်၏ တိုင်းပြည်တော်သို့ရောက်လျှင် ကျွန်မအား အထူးသဖြင့် ချစ်ခင်တော်မူပါ၊ နောက်အသစ်ကိုမြင်၍ အချစ်မဝင်ဘဲ အပြစ်တော်တင်ခဲ့မူ အလွန်ပင်ဆင်းရဲဒုက္ခ ရောက်ရမည်ဖြစ်၍ နောင်ရေးကို ကြောက်သော ကြောင့် လျှောက်ထားရပါသည်ဟု ပြောဆိုလေ၏။

## စက်မြင်းပျံပေါ်တက်ကာ လိုက်လေပြီ

ဖီရိုရှားမင်းသားလည်း ဤသို့ ပြောဆိုလေ၏။ နမတော် စိုးရိမ်ကြောင့်ကြ မပူဆွေးပါနှင့်၊ မောင်တော်သည် ဘိသေက ပလ္လင်ပျံဝယ် ဘိသိက်တော်ခံခဲ့လျှင် ဘမရာဆောင် နှောင်ညာ အထွတ် ရှစ်သောင်းနတ်တွင် တမွတ်တင်ထား မိဖုရားခေါင်ကြီးအရာသို့ မြှောက်တင်ထားပါမည်ဟုဆိုပြီးလျှင် ယန္တရားစက်မြင်းပျံထက်သို့ မင်းသမီးကိုပွေ့ပိုက်ဖက်ကာ တင်ပြီးလျှင် မိမိနေထိုင်သော တိုင်းပြည်သို့ ပြန်လည်၍ လာခဲ့လေ၏။

## ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်မည်

ပါရှားပြည်သို့ ပြန်ရောက်လျှင် ဘင်ဂေါ်မင်းသမီးကို ဥယျာဉ်မှူးထံ အပ်နှင်းခဲ့ပြီး ဤသို့မှာထားခဲ့သည်၊ အချင်းဥယျာဉ်မှူး၊ ငါမလာမီ နမတော်ကို ကောင်းမွန်စွာ စောင့်ရှောက်ရမည်ဟု အမိန့်တော်မှတ်ပြီးလျှင် မင်းသမီးကိုလည်း ဤကဲ့သို့ ပြောဆိုမှာထားတော်မူခဲ့သည်။ နမတော်၊ မောင်တော်သည် ခမည်းတော်ထံ နမတော်ပါလာကြောင်း လျှောက်တင်ပြီးလျှင် ကောင်းမွန်သော ဘုံနန်းပြာသဒ်တို့ကို ဆောက်လုပ်စေ၍ လက်ထပ်မင်္ဂလာ ကြီးကျယ်စွာ အခမ်းအနားကို ပြုလုပ်ပါမည်၊ မောင်တော်သည် ခမည်းတော်ဘုရား ရှေ့တော်သို့ ရောက်သောအခါ၌လည်း မှူးတော် မတ်တော် ရံရွေတော်တို့ကိုလည်း စေလွှတ်၍ ခရီးဦးကြိုဆိုစေပါမည်၊ ခေတ္တခဏမျှ ဤဥယျာဉ်တွင် ဆိုင်းငံ့၍စံနေရစ်ပါဦးဟု မှာထားခဲ့လေ၏။

ဘင်ဂေါ်မင်းသမီးက ဤသို့ လျှောက်တင်လေ၏။ မောင်တော်ဘုရား၊ ကျွန်မသည် မောင်တော်ကိုအားကိုး၍ ယခု လိုက်လာပါသည်။ ဘယ်ကိုခွဲခွာ၍ သွားမည်ကြံပါသနည်း၊ ခမည်းတော်ဘုရားထံ ကျွန်မပါ အတူတကွ လိုက်ပါလိုပါသည်၊ ဖီရိုရှားမင်းသားကလည်း မောင်တော်သည် နမတော်နှင့် တစ်မိနစ်မျှ ခွဲခွာ၍ သွားလိုသောဆန္ဒမရှိပါ၊ သို့သော် နမတော် သိမ်ငယ်ရာကျမည်ဖြစ်သည်က တစ်ကြောင်း၊ ခမည်းတော်ဘုရားကိုလည်း အကျိုးသင့် အကြောင်းသင့် အခွင့်အကုန်တင်ရန် ရှိသည်က တစ်ကြောင်းကြောင့် ဤဥယျာဉ်၌ ခေတ္တမျှဆိုင်းငံ့၍ စံနေနှင့်ပါ။ မောင်တော် တာရှည်စွာမနေပါ၊ အလျင်အမြန် နမတော်ထံသို့ လာပါမည်၊ ထိုအခါ ဘင်ဂေါ်မင်းသမီးလည်း မောင်တော်ဘုရား တာရှည်လေးမြင့်စွာ နေတော်မမူပါလင့်၊ အလျင်အမြန်လာပါ။ အကယ်၍ မောင်တော်ဘုရား တာရှည်လေးမြင့်

နွဲ့ဖင့်စွာ စံနေတော်မူခဲ့ပါမူ အကျွန်ုပ်အသက်ရှင်သည်ကို မတွေ့မမြင်ရပြီ မှတ်ယူတော်မူပါဟု တင်လျှောက်လေ၏။

ထိုအခါ ဖီရိုရှားမင်းသားက နမတော် စိုးရိမ်ကြောင့်ကြ ဗျာပါရမရှိပါလင့်၊ မောင်တော်ဘုရားသည် ခမည်းတော်ကို တင်လျှောက်ပြီးလျှင် ဆင်မြင်းဗိုလ်ပါများစွာတို့နှင့် ချီထွက်၍ နမတော်ကို ခရီးဦးကြိုဆိုခေါ်ငင်ပါမည်ဟု ပြောဆိုပြီးလျှင် ခမည်းတော်ထံသို့ သွားလေ၏။

ခမည်းတော်မင်းကြီးလည်း သားတော်နှင့် နှစ်လတာရှည်စွာ ကွေကွင်းစံနေရ၍ သားတော်မျက်နှာတော်ကို မြင်တော်မူလျှင် ဝမ်းမြောက်ဝမ်းသာ မျက်နှာရွှင်ပြုံး နှလုံးချမ်းမြေ့ဖြစ်လေ၏။

## ဖြစ်ကြောင်းကုန်စင် လျှောက်တင်ပြီ

ထိုအခါ သားတော် ဖီရိုရှားမင်းသားသည် ခမည်းတော်မင်းကြီးအား ဤသို့ လျှောက်တင်လေ၏။ သားတော်သည် ခမည်းတော်ဘုရားရှေ့တော်၌ ပုဏ္ဏား၏ ယန္တရားစက်မြင်းကို စီးနင်းသွားရာ တက်သောစက်ခလုတ်ကိုသာ သိသောကြောင့် သက်သောစက်ခလုတ်ကိုမသိ၍ ယန္တရားမြင်း၏ ဆောင်ကြဉ်းရာကို လိုက်သွားရပါသည်။ ညဉ့်သန်းခေါင်ယံသို့ ရောက်လျှင် ဤသို့ စဉ်းစားဆင်ခြင်မိပါသည်။ တက်သောစက်ခလုတ်ရှိလျှင် ဆင်းသက်သော စက်ခလုတ်လည်း ရှိရာတန်၏ဟု နှလုံးသွင်း၍ ကုန်းနှီး၏ရှေ့နောက် နံဘေးလေးဌာနကို စူးစမ်းရှာဖွေပါသည်။ ကုန်းနှီးနောက်က စက်ခလုတ်ကိုတွေ့သောကြောင့် ထိုစက်ခလုတ်ကို လက်နှင့် နှိပ်လိုက်လျှင် တရွေ့ရွေ့ဆင်းသက်၍ ဘင်ဂေါ်တိုင်းပြည်ကို အစိုးရသော ဘင်ဂေါ်မင်းကြီး၏ သမီးတော်ဗိမာန်သို့ ကျရောက်ပါသည်။ သားတော်လည်း ထိုမင်းသမီးနှင့် ချစ်ခင်စုံမက်၊ နှစ်သက်မြတ်နိုးသောကြောင့် မင်းသမီးကိုဆောင်ကြဉ်း၍ လာခဲ့ပါသည်။ မင်းသမီးနှင့် ထိမ်းမြားလက်ထပ်ရန် ဘုံနန်းပြာသာဒ် အရပ်ရပ်တို့ကို ဆောက်လုပ်စီမံ ပေးသနားတော်မူပါဟု လျှောက်တင်လေ၏။

ခမည်းတော်မင်းကြီးသည် မှူးမတ်တို့နှင့် ဤသို့ တိုင်ပင်တော်မူသည်။ မှူးတော်မတ်တော်တို့ ယခု ငါ့သားနှင့်တကွ ကွေကွင်းရသည်မှာ ဤဝဂ်ဏ္ဍပုဏ္ဏား၏ ယန္တရားစက်ရုပ်မြင်းကြောင့်ပင် ဖြစ်လေသည်။ သို့သော်လည်း ငါ၏သားတော်သည် မသေမပျောက်

ပြန်ရောက်တော်မူလာသည်ကို အလွန်ဝမ်းမြောက်တော်မူသည်။ သို့ဖြစ်၍ ရှေးရှေးသော မင်းကောင်းမင်းမြတ်တို့ ထုံးကို အနုန်းတန္တုပြု၍ ဝင်္ကပုဏ္ဏားအား အသက်ဘေးမှ ချမ်းသာပေးတော်မူပြီးလျှင် ယန္တရားစက်မြင်းကို ၎င်းပုဏ္ဏားလက်သို့ ပြန်အပ်လိုက်ရမည်ဟု အမိန့်တော်မြတ် မှတ်တော်မူ၏။ မှူးတော်မတ်တော်တို့သည် ပုဏ္ဏားကို ထောင်အကျဉ်း သွင်းထားသည်မှလွှတ်ပြီးလျှင် ဤသို့ပြောဆိုလေ၏။ ဟယ်ပုဏ္ဏားယုတ်၊ သင်၏ စက်မြင်းကြောင့် သားတော် ဖီရိုရှားမင်းသားနှင့် ကွေကွင်းရခြင်း ဖြစ်ရလေသည်။ သို့သော်လည်း သင့်ကိုဘုရင်မင်းမြတ်က အပြစ်မပေးဘဲ သင်၏စက်မြင်းကိုပြန်၍ အပ်နှင်း လိုက်သည်။ သင်အလိုဆန္ဒရှိသော အရပ်ဌာနသို့ပြန်သွားတော့ဟု ပြောဆိုကြလေ၏။

## ပုဏ္ဏားယုတ်၏ အကြံ

ဝင်္ကပုဏ္ဏားက ဤသို့ကြိမ်းပပြောဆိုလေ၏။ ငါ၏မြင်းပျံစက်ရုပ်သည် အလွန်တန်ခိုး က္ကဒ္ဓိပါဒ်တို့နှင့် ပြည့်စုံသောကြောင့် ဘင်ဂေါ်မင်းသမီးကိုရလာသည်။ ငါ့အား သမီးတော်ကို မပေးဘဲ မြင်းကိုပြန်၍ အပ်နှင်းခြင်းသည် မသင့်မလျော်ဖြစ်လေသည်။ ဤမင်းစဉ်းလဲ မင်းကောက်ကျစ် သားအဖတို့၏ အကျိုးမဲ့ခြင်းကို ကြံဆောင်တော်မူအံ့၊ ငါ့ကိုထောင်သွင်း၍ အကျဉ်းချထားဘိသကဲ့သို့ ဤသူတို့သားအဖစိတ်ကို ကျဉ်းမြောင်းစေအံ့၊ ငါ၏နှလုံးကို ပူပန်စေဘိသကဲ့သို့ ဤမင်းသားအဖတို့ကိုလည်း ပူပန်စေအံ့ဟု ကြိမ်းပပြောဆိုပြီးလျှင် တော်သင့်ရာက ရုပ်ဖျောက်နေလေ၏။

ခမည်းတော်မင်းကြီးလည်း သားတော်တင်လျှောက်သည်ကို အားရနှစ်သက်တော် မူသည်ဖြစ်၍ မှူးတော်၊ မတ်တော်တို့ ငါ၏သားတော်ကို ဘင်ဂေါ်မင်းသမီးနှင့် ဧကရာဇ်မင်းမြတ်၏ ရင်သွေးတော်တို့ကို ထိမ်းမြားလက်ထပ်တော်မူသကဲ့သို့ ကောင်းမွန်စွာ မင်္ဂလာစုလျား ထင်ရှားရစ်ပတ်၍ ထိမ်းမြားလက်ထပ်တော်မူလိုသည်၊ ဘုံနန်းပြာသာဒ်တို့ကို ဆောက်လုပ်ကြကုန်လော့၊ ငါ၏ရွှေနန်းတော်မှသည် ချွေးမစံနေတော်မူသော ဥယျာဉ်တော် အထိ သဲဖြူများကိုခင်းခြင်း၊ ရာဇမှတ်ကာရံခြင်းကို ပြုလုပ်ကြကုန်လော၊ ထိုမှတစ်ပါး ဤတိုင်းတော်ပြည်တော်၌ ရှိကြကုန်သော ဇာတ်၊ ရုပ်သေး၊ အငြိမ့်သဘင် စသည်တို့ကိုလည်း ကျူးသီတီးမှုတ် ကခုန်ကြစေကုန်၊ စစ်သည်ဗိုလ်ပါ ရဲမက်တို့ကိုလည်း ခင်းကျင်း၍ ဆင်မြင်းဝေါယာဉ်တို့ဖြင့် ချွေးမတော် ဘင်ဂေါ်မင်းသမီးကို တင်ယူကြစေဟု အမိန့်တော်မြတ်

မှတ်တော်မူလေ၏။ မှူးတော်မတ်တော်တို့လည်း အမိန့်တော်အတိုင်း ဘုံပြာသာဒ်တို့ကို အသင့်ဆောက်လုပ်ပြီးလျှင် ဆင်မြင်းဗိုလ်ပါ တပ်ဝင်းတို့ကို ခင်းကျင်းပြီးလျှင် ဝေါယာဉ်တို့ ပြင်ဆင်၍ ချွေးမတော်ရှိရာ ဥယျာဉ်တော်သို့ သွားကြလေ၏။

## မင်းသမီးကို ပုဏ္ဏားက လှည့်စားခေါ်သွားပြီ

ထိုအခါ ဝင်္ကပုဏ္ဏားသည် ယခင့်ါအတွက် အခါအခွင့်သင့်လျော်လေပြီဆို၍ ယန္တရား စက်မြင်းကို စီးနင်းပြီးလျှင် ရှေးဦးစွာ ဥယျာဉ်တော်သို့သွားပြီးကာ ဘင်ဂေါ်မင်းသမီးအား ဤသို့ပြောဆိုလေ၏။ အရှင်မ၊ အရှင်မယောက္ခမတော်မင်းမြတ်က မင်းသမီးအား ဤသို့ ပြောဆိုလေ၏။ အရှင်မ၊ အရှင်မယောက္ခမတော်မင်းမြတ်က သားတော် ဖီရိုရှားမင်းသားနှင့် ထိမ်းမြားလက်ထပ်ရန် ဘုံနန်းပြာသာဒ်တို့ကို ဆောက်လုပ်ပြီးစီးပါပြီ၊ ပွဲလမ်းသဘင်တို့ ဆင်ယင်ကျင်းပနေကြပါပြီ၊ လက်ထပ် ထိမ်းမြားရန် အချိန်နာရီနက္ခတ် သင့်မြတ် ကြိမ်ကြိုက်သည်ဖြစ်ပါ၍ ယခုဆောလျင်စွာ အရှင်ယောက္ခမတော်က ချွေးမတော် ဘင်ဂေါ် မင်းသမီးကို ကောင်းမွန်စွာ တင်ဆောင်ချေဟု အမိန့်တော်မှတ်တော်မူသည်ကို ဦးထိပ် ပန်ဆင်၍ အမြန်လာခဲ့ရပါသည်၊ မြင်းတော်ထက်သို့ ဆောလျင်စွာ တက်ကြွတော်မူပါဟု လျှောက်တင်လေ၏။ ဘင်ဂေါ်မင်းသမီးလည်း မောင်တော်နှင့် ခွဲခွာ၍နေရသည့်အတွက် အကယ်ထင်မှတ်ကာ မြင်းပျံပေါ်သို့ တက်လေ၏။ မင်းသမီး မြင်းပေါ်သို့ရောက်လျှင် ဝင်္ကပုဏ္ဏားလည်း မြင်းကိုစီးနင်းပြီးလျှင် ဘင်ဂေါ်မင်းသမီးကို ဆောင်ကြဉ်း၍ သွားလေ၏။

မှူးတော်မတ်တော်တို့လည်း ဗိုလ်ထုဗိုလ်ခြေနှင့် ချွေးမတော်ကို ဆောင်ယူရန် ဥယျာဉ်တော်သို့ ရောက်ကြသောအခါ ဥယျာဉ်မှူးတို့ကို မေးကြလေ၏။ အချင်းဥယျာဉ်မှူး၊ ဘင်ဂေါ်ထိပ်ခေါင်တင် သခင်မသည် ဘယ်မှာရှိတော်မူသနည်း၊ ဥယျာဉ်မှူးလည်း ဤသို့ ပြောဆိုလေ၏။ အမတ်မင်းတို့ ယခုပင်လျှင် ရွှေနန်းရှင် ဘုရင်မင်းကြီးက ချွေးမတော်ကို ဆောလျင်စွာဆောင်ကြဉ်းရမည် အမိန့်တော်ရှိလိုက်သည်ဆို၍ ပုဏ္ဏားတစ်ယောက်သည် မြင်းပျံနှင့်ဆောင်ကြဉ်း၍ သွားပါသည်ဟု ပြောဆိုလေ၏။

မှူးတော်မတ်တော်တို့သည် ယခုလာခြင်းကား အရေးမလှဖြစ်ကြလေပြီ။ မြင်းနှင့် ပုဏ္ဏားတစ်ယောက် ဆောင်ကြဉ်းထွက်သွားသည် ဆိုသည်မှာ အခြားပုဏ္ဏားမဟုတ်နိုင်၊ ထောင်အတွင်း အကျဉ်းသွင်းထားသော ဝင်္ကပုဏ္ဏားပင် ဖြစ်နိုင်သည်၊ သို့ဖြစ်၍ တာရှည်စွာ

နေ၍မလျော်ချေ၊ ယခုဆောလျင်စွာ ရွှေနားတော်ကြားလျှောက်ထားမှ သင့်လျော်မည် ဆိုပြီးလျှင် နန်းတော်သို့ ဝင်ကြလေ၏။ မင်းကြီး ရှေ့တော်သို့ရောက်လျှင် မင်းကြီးက ဤသို့မေး၏။ မှူးတော်မတ်တော်တို့၊ ငါ၏ ချွေးမတော် ပါလာခဲ့ပြီလော၊ ဘယ်မှထားသနည်း၊ မှန်လှပါ ကျွန်တော်မျိုးမှူးမတ်တို့ လျှောက်တင်ပါမည်၊ ရွှေနားစိုက်တော်မူပါ၊ ကျွန်တော်မျိုးတို့သည် အရှင်မင်းမြတ် အမိန့်တော်ကို နာခံပြီးလျှင် ချွေးမတော်ကို ဆောင်ယူရန်သွားရာ ကျွန်တော်မျိုးတို့မရောက်မီ ဝင်္ကပုဏ္ဏားသည် ယန္တရားစက်မြင်းနှင့် ဆောင်ကြဉ်းသွားပါသည်ဟု လျှောက်တင်ကြလေ၏။

မင်းကြီးသည် မှူးတော် မတ်တော်တို့လျှောက်တင်သံ ကြားသိတော်မူလျှင် ရွှေမျက်နှာ မရွှင်မကြည်လင်ဘဲ ဤသို့ မိန့်တော်မူလေ၏။ မှူးတော်မတ်တော်တို့၊ ဤအတိုင်းမှန်ခဲ့လျှင် ဝင်္ကပုဏ္ဏားသည် အလွန်ရိုင်းပြစော်ကားလေသည် တကား၊ ပုဏ္ဏားကို လိုက်လံ ရှာဖွေကြရမည်၊ တွေ့ရှိလျှင် အသက်ကို ဆုံးရှုံးအောင် စီရင်ကြရမည်ဟု အမိန့်တော်ရှိပြီးလျှင် ဤအကြောင်းကို သားတော်ဖီရိုရှားမင်းသားအား သွား၍လျှောက်တင်ကြလေဟု အမိန့်တော် ရှိလေ၏။

မှူးမတ်များလည်း သားတော်ထံသွား၍ ဤသို့လျှောက်တင်ကြသည်။ ဘုန်းသမ္ဘာတော် ကြီးမြတ်တော်မူလှသော အရှင့်သားတော်၊ အရှင်မြတ်ဥယျာဉ်တော်၌ ထားခဲ့သော ဘင်ဂေါ် ထိပ်ခေါင်တင်ကို ဝင်္ကပုဏ္ဏားသည် ယန္တရားစက်မြင်းနှင့် ဆောင်ကြဉ်း၍ သွားပါပြီ။ ဖီရိုရှား မင်းသားသည် မှူးတော် မတ်တော်တို့၏ တင်လျှောက်သော စကားကို ကြားသိတော်မူလျှင် များစွာပူဆွေးမြည်တမ်းလျက် ငိုကြွေးလေ၏။

## မင်းသမီးကိုထားပြီး သစ်သီးရှာထွက်စဉ်

ထိုအခါ ဝင်္ကပုဏ္ဏားသည် ယန္တရားစက်မြင်းကို စီးနင်းပြီးလျှင် ဟယ် မင်းစဉ်းလဲ မင်းကောက်ကျစ်တို့၊ ငါ့ကို ထောင်သွင်း၍ အကျဉ်းချထားဘိသကဲ့သို့ သင်တို့၏ စိတ်နှလုံး ကျဉ်းမြောင်းလေလော၊ ငါပူပန်ဘိသကဲ့သို့ ပူပန်ကြလေလောဟုဆို၍ နန်းတော်အပေါ်မှာ ခုနစ်ပတ်လှည့်လည်ကြိမ်းပပြီး ဘင်ဂေါ်မင်းသမီးကို ဆောင်ယူသွားကာ ကက်ရှမိရပြည်၏ အစွန်ဖြစ်သော တစ်ခုသော တောအုပ်သို့ ရောက်လေ၏၊ ထိုတောအုပ်သို့ရောက်လျှင် သစ်သီးဝလံတို့ကို ရှာဖွေရန် ဝင်္ကပုဏ္ဏားသည် မြင်းနှင့်မင်းသမီးကိုထား၍ တောသို့ဝင်သွား၏။

## မင်းသမီးနှင့် ကက်ရှမိရမင်းကြီးတို့ တွေ့ကြရာ

ထိုအခါ ကက်ရှမိရပြည်ကို အစိုးရသောမင်းကြီးသည် တောကစားခြင်း၌ ဝါသနာထုံသောကြောင့် နောက်လိုက်နောက်ပါ ကျေးကျွန်တို့နှင့် တောလှည့်လည်ရာ ထိုတောအုပ်သို့ ရောက်လျှင် ဘင်ဂေါ်မင်းသမီးကို မြင်လေ၏။ ဤမိန်းမကား လုံးရပ်သဏ္ဌာန်ကြန်အင်လက္ခဏာ ကိုယ်ရောင်ကိုယ်ဝါတို့နှင့် ပြည့်စုံ၏။ လူလည်းမက နတ်တမျှဖြင့် လှပတင့်တယ် ရှုချင်ဖွယ်ကောင်းလှသော ဤမိန်းမသည် တောအုပ်၌ တစ်ယောက်တည်း နေဘိသည်၊ လူမဟုတ်တန်ရာ၊ ငါစူးစမ်းအံ့ဟုကြံ၍ အချင်း၊ သင်ကား ဤတောအုပ်၌ အဖော်မပါ တစ်ကိုယ်တည်းသာနေသည်မှာ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗလော၊ အသင်ဘယ်အမျိုးနည်း၊ အမည်အသို့ခေါ်သနည်း၊ သင့်ကို ငါသိလိုသည်ဟု မေးလေ၏။

ဘင်ဂေါ်မင်းသမီးက အရှင်မြတ်၊ အကျွန်ုပ်သည် နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗနတ် အသူရာမဟုတ်ပါ၊ ဘင်ဂေါ်တိုင်းကြီးကို အစိုးရတော်မူသော ဘင်ဂေါ်မင်းကြီး၏ သမီးတော်ဖြစ်ပါသည်။ အကျွန်ုပ်၏ အမည်မှာ ဘင်ဂေါ်မင်းသမီးဟု ခေါ်တွင်ပါသည်၊ ကျွန်ုပ်၏ခင်ပွန်း ယောက်ျားမှာ ပါရှာပြည်ကို အစိုးရသော ပါရှာဘုရင်မင်းကြီး၏သားတော် ဖီရိုရှားမင်းသား ဖြစ်ပါသည်၊ ကျွန်မကို ဥယျာဉ်တော်၌ ခေတ္တထားခဲ့သည့်အခိုက် အဓမ္မဝါဒီ အလဇ္ဇီပုဏ္ဏားယုတ် ဝဂ်န္တက မတရားသဖြင့် ကျွန်မကို ခိုးယူဆောင်ကြဉ်း၍ လာပါသည်။ ကယ်ယူနိုင်လျှင် ကယ်ယူတော်မူပါကုန်လောဟု ပြောဆိုလေ၏။

ကက်ရှမိရမင်းကြီးက ချစ်နမ၊ မစိုးရိမ်လင့်၊ ကျွန်ုပ်ကယ်ဆယ်နိုင်မည်ဟု ဆိုနေစဉ် ပုဏ္ဏားသည် တောမှပြန်လည်လာ၍ ကက်ရှမိရမင်းကြီးနှင့် ဘင်ဂေါ်မင်းသမီး စကားပြောနေသည်ကို မြင်လေ၏။ ပုဏ္ဏားသည် ပြူးတူးကြောင်တောင် မျက်မှောင်ကြုတ်ကြုတ် ပြုလုပ်ပြီးလျှင် ငါ၏မယားနှင့် စကားပြောဆိုသည်မှာ အသူနည်း၊ အသင်အဘယ်မျိုးနည်း စသည်တို့ဖြင့် ကြိမ်းပပြောဆို မေးမြန်းလေ၏။

ထိုအခါ ကက်ရှမိရမင်းကြီးက ဟယ် ပုဏ္ဏားယုတ်၊ ပုဏ္ဏားညစ်၊ သင်သည် သူ၏သားမယားကို မတရားသဖြင့် ခိုးယူဆောင်ကြဉ်းလာသော သူတစ်ယောက်ဖြစ်သည်၊ ရာဇဒဏ်သင့်စေရမည်ဟု ဆိုပြီးလျှင် နောက်လိုက်နောက်ပါတို့ကို ခေါ်ပြီးလျှင် ဖမ်းဆီးချုပ်နှောင်စေကာ လက်ခြေကို ဓား၊ သန်လျက်ဖြင့် ဖြတ်ပြီး ဤတောအုပ်၌ ပစ်ထားခဲ့လေ၏။ ဘင်ဂေါ်မင်းသမီးကိုလည်း မြင်းနှင့်တကွ ဆောင်ကြဉ်းပြီးလျှင် တိုင်းပြည်တော်သို့ ဝင်လေ၏။

## မင်းသမီးနှင့် မင်းကြီးတို့ဖြစ်အင်

ကက်ရှမိရမင်းကြီးသည် ပြည်တော်သို့ရောက်လျှင် ဘင်ဂေါ်မင်းသမီးအား ဤသို့ ပြော၏။ ချစ်နမ၊ မောင်တော်သည် နမ၏ မျက်နှာတော်ကို ရှေးဦးစွာ မြင်စကပင် အလွန်ချစ်ခင် စုံမက်နှစ်သက်သောအာရုံ၊ အဖုံဖုံငြိတွယ်သောကြောင့် ပုဏ္ဏား၏ ရန်ကို တွန်းလှန်ခဲ့၏၊ ထိုသို့ဖြစ်၍ မောင်တော်ကဲ့သို့ မေတ္တာတော်ရှိ၊ မရှိကို သိလိုပါသည်ဟု မေးလတ်သော် မောင်တော်ဘုရား၊ ဘယ်သို့ အမိန့်တော်ရှိပါသနည်း၊ ကျွန်မသည် ရှေးဦးစွာမြင်စကပင် မောင်ကြီးအရင်းထင်မှတ်၍ ငါ၌ကိုးကွယ်အားထားရာ မောင်ကြီးအရင်းတွေ့လေသည်ဟု နှလုံး၌စွဲပိုက်၍ လိုက်လာခဲ့ပါသည်၊ တိုင်းတော်ပြည်တော်သို့ရောက်လျှင် မည်ကဲ့သို့သော စကားကို ဆိုတော်မူဘိသနည်း၊ ဤစကားမျိုးမကြားလိုပါဟု ပြောလေ၏။ ကက်ရှမိရ မင်းကြီးလည်း ဤသို့ဆိုပြန်၏၊ နမ ရှေးဦးအစ ညဉ့်ဦးကပင် ငါ၏မေတ္တာဟူသရွေ့ နမအပေါ်အားလုံး စုပေါင်းကျရောက်နေပါပြီ၊ သို့ဖြစ်၍ မောင်တော်ကဲ့သို့ နှလုံးသွင်း သင့်ပါသည်ဟု ပြောဆိုလေ၏။

## ပွဲတော်ကျ၊ သောက်တော်ရေကျန်နှင့်တူပါသည်

ဘင်ဂေါ်မင်းသမီးက မောင်တော်၊ ကျွန်မလျှောက်တင်ပါမည်၊ တစ်စုံတစ်ယောက်သော သူနှင့် ပေါင်းသင်းချစ်ခင်ပြီးသော မိန်းမကို တစ်ဖန်ချစ်ခင်မြတ်နိုးသော ယောကျာ်းသည် ပမာတန္တုပုံဆောင်၍ ပြုသည်ရှိသော် အခြားသူတို့နှင့် ချစ်ခင်ပြီးသော မိန်းမသည် ပွဲတော်ကျ ထမင်းဟင်းလျာနှင့် ပမာတူပါသည်၊ သောက်တော်ရေကျန်နှင့်တူပါသည်၊ ဝတ်လဲတော်ကျ အထည်အလိပ်နှင့်တူပါသည်၊ ပန်တော်ကျ ပန်းနှင့်အလားတူပါသည်၊ သို့ဖြစ်ပါ၍ ဤမြို့တော်၌ ပွင့်သစ်စပန်းနှင့် အလားတူသော တစ်ဆယ့်ငါးနှစ်အရွယ် တင့်တယ်လျောက်ပတ် သင့်မြတ်သော သူတို့ကို ရွေးချယ်၍ မိဖုရားတင်မြှောက်တော်မူပါလျှင် ပွင့်သစ်သောပန်းကို ဆင်မြန်းသည်နှင့် အလားတူပါသည်၊ ထူးမြတ်ကောင်းမွန်သော လွန်းရာကျော် ရွှေပုဆိုးကို ဝတ်ဆင်သည်နှင့်တူပါသည်၊ ကောင်းမွန်စွာ ချက်ကြော်၍ ဆက်အပ်သော ပွဲတော်အုပ်နှင့် တူပါသည်၊ အေးမြကြည်လင်သော သောက်ရေအိုးနှင့် တူပါသည်။

ထိုအခါ ကက်ရှမိရမင်းကြီးလည်း ဤသို့မိန့်တော်မူ၏၊ နမတော် နားထောင်ပါလော၊ မောင်တော်ပြောမည်၊ ရွှေဘောက်သောက် လင်းယာဉ်ရှာ၌ သားငါးနှစ်အရွယ်ကို လက်ဖြင့်

ဆွဲပြီး ပင်းယမြို့သို့လာရာ သီဟသူမင်းက မြို့ကိုလှည့်လည်၍ ကြည့်ရှုခိုက် ကြုံကြိုက်သည်နှင့် ထိုမိန်းမကိုမြင်လျှင် ချစ်ခင်သော အာရုံက ပြောမကုန်အောင် အားကြီးသောကြောင့် ၎င်းမိန်းမကို မိဖုရားမြှောက်တင်တော်မူဖူးလေသည်။

## မတို့မည်သည်မှာ အဆင်းသာပဓာန

ဤကဲ့သို့ ထုံးများကို နှလုံးသွင်း၍ မိန်းမတို့မည်သည်မှာ အဆင်းသဏ္ဍာန်တို့ကသာ လိုရင်းပဓာန ဖြစ်ချေသည်။ အဟောင်းပင် ဖြစ်သော်လည်း အချစ်ကို သွေမကွက်ဘဲ မောင်တော်သည် အသစ်ကို မစုံမက်လိုပါဟု ဆို၏၊ ဘင်ဂေါ်မင်းသမီးလည်း ဤကဲ့သို့ မချစ်၊ မခင်၊ မစုံမက်သည်ကိုသာ ပြောဆိုနေ၍ ကိုယ်လုပ်မောင်းမများကို ဖျောင်းဖျ၍ နားချစေ၏၊ နားချပါသော်လည်း ချစ်ခင်သည့်အကြောင်းကို မပြောသည်ဖြစ်၍ အတင်းပင် မိဖုရားတင်မြှောက်မည် ကြံစည်လတ်သော် ဘင်ဂေါ်မင်းသမီးလည်း ရှုးချင်ယောင်ဆောင်လျက် ရောက်တတ်ရာရာ စကားကိုသာ ပြောဆိုလေ၏။

ထိုသို့ပြောဆိုလေလျှင် ကက်ရှမိရမင်းကြီးလည်း အမှန်ရူးချေပြီထင်၍ မြို့တော်တွင် ကျော်စောထင်ရှားသော သမားတော်များကိုခေါ်၍ ကုစားလေ၏။ ထိုသို့ ကုစားသော်လည်း မပျောက်မငြိမ်နိုင်ရှိလတ်သော် မြို့ကိုစည်လည်၍ မည်သူမဆို ဘင်ဂေါ်မင်းသမီး၏ ရူးသွပ်သော ဝေဒနာကို ပျောက်ငြိမ်းအောင်ကုသနိုင်မူ အလိုရှိသမျှ ရွှေငွေဘဏ္ဍာများစွာသော ပစ္စည်းများကို ပေးသနားတော်မူမည်ဟု မောင်းစည်လှည့်စေ၏။

## မင်းသမီးရှာရန် ထွက်လာခဲ့သော်

ထိုအခါ ဖီရိုရှားမင်းသားသည် နှမတော် ဘင်ဂေါ်မင်းသမီးအတွက် စိတ်စက် မကြည်မလင် ပူပင်ခြင်းအားကြီးလှသောကြောင့် ငါသည် ဤတိုင်းပြည်၌ ကောင်းမွန်စွာသော စည်းစိမ်ချမ်းသာကို ခံစားစံစား၍ နေရခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ နှမတော် ဘင်ဂေါ်မင်းသမီး ရှိတော်မူသော အရပ်ကိုမေး၍ တဖြည်းဖြည်း လှမ်းချေအံ့ဆိုလျက် တစ်ကိုယ်ချင်း ထွက်လာ၍ ရသေ့ရဟန်းပြုလုပ်ပြီးလျှင် တောခွင်မြိုင်တန်း ခရီးကြမ်းကို ကွန့်မြန်းထွက်လာခဲ့လေ၏။

## သတင်းသန့်သန့် ကြားရပြီ

တောတောင်သေလာ ဟိမဝါကိုလှည့်ကာပတ်ကာ ဖြေမသာနိုင်၊ ခွေကာယိုင်၊ ဂနိုင်ရပ်တွင်၊ မပြတ်ဖွေရှာ၊ မတွေ့ပါ၊ ပူသာမောက်လို့ ကဲတော့တယ်ဟူ၍ လွမ်းဆွတ်တသလျက် ငိုကြွေးမြည်တမ်းလေသည်၊ ပင်ပန်းစွာရှာပါသော်လည်း ဘယ်မှာမှမတွေ့၍ တစ်ဖန်ရွာစဉ်ကိုမေးလျက် တဖြည်းဖြည်း သွားပြန်သည်ရှိသော် ဤသို့သော သတင်းကို ကြားသိရလေ၏။ ဤမည်သော တိုင်းပြည်မှ ဤမည်သော မင်းကြီးတစ်ပါးသည် တစ်ခုသော တောအုပ်၌ မင်းသမီးတစ်ပါးနှင့် ယန္တရားစက်မြင်းကြီး တစ်စီးကို ရရှိလေသည်၊ တိုင်းတော်ပြည်တော်သို့ ရောက်လျှင် မင်းသမီးလည်း ထိုရောက်သောခဏ၌ပင် ရူးသွပ်ပျံ့လွင့်သွားသည်ဟု သတင်းသန့်သန့် ကြားလေ၏။

ယင်းသို့ကြားရပြီးနောက် တစ်ဖန်ဆက်၍ သွားပြန်လျှင် မင်းသားသည် ကက်ရှမိရတိုင်းပြည်သို့ ရောက်လေ၏။ ထိုတိုင်းပြည်သို့ ရောက်လျှင် မြို့သူမြို့သားတို့ ပြောဆိုကြသော မည်သူမဆို ကက်ရှမိရမင်းကြီး တောမှယူဆောင်လာသော ဘင်ဂေါ်မင်းသမီး ရူးသွပ်နေသည်ကို ကုစားနိုင်လျှင် ရွှေငွေဘဏ္ဍာများစွာ ပေးသနားတော်မူလိမ့်မည်၊ မည်သူမဆို အယုတ်အလတ်အမြတ်မရွေး ကုစားနိုင်သူရှိလျှင် ကက်ရှမိရမင်းကြီးထံသို့ ဝင်ရောက်၍ လျှောက်ထားကြကုန်ဟုဆိုသော မြို့သူမြို့သားတို့ စကားကိုကြားရလျှင် အလွန်ဝမ်းမြောက်၍ ဆေးသမားအယောင်ဆောင်လျက် ကက်ရှမိရမင်းကြီး ရှေ့တော်သို့ ဝင်လေ၏။ ရှေ့တော်သို့ ရောက်လျှင် မှန်လှပါဘုရား အရှင်၏ နမတော် ရူးသွပ်သောဝေဒနာ စွဲကပ်နေသည်ကို ကျွန်တော်မျိုး တောတွင်းသား ကြားသိရပါသည်၊ ထိုရောဂါဝေဒနာတော်ကို ကုစားနိုင်ပါသည်ဟု သံတော်ဦးတင်လေ၏။

ကက်ရှမိရမင်းကြီးက အချင်းယောက်ျား၊ အမှန်ပင် သင်ကုစားနိုင်သလောဟု မေး၍ အမှန်ကုစားနိုင်ကြောင်း လျှောက်တင်လေလျှင် ကောင်းပြီ သင်ကုစားနိုင်ပါက ကုစားလော့၊ ရောဂါဝေဒနာ ကင်းရှင်းစွာ ပျောက်ငြိမ်းခဲ့မူ သင်လိုသမျှသော ရွှေငွေကို ငါပေးသနားတော်မူမည်၊ ကုစားရန်ဆေးဝါးအမြစ်၊ အသီး၊ အပွင့်၊ အခေါက်တို့ကိုသာ ပြောလောဟု မေးမြန်းလျှင် အသီး၊ အပွင့်၊ အခေါက်၊ အရွက် အမြစ်တို့ မလိုပါ၊ ကလောင်တံ၊ မင်အိုး၊ စက္ကူတို့ကိုသာ ပေးသနားတော်မူပါဟု တင်လျှောက်လေ၏၊ မင်းကြီးလည်း သင်တောင်းသည့်အတိုင်း ငါပေးအံ့ ယူလော့ဆို၍ ပေးလေ၏။

## သမားယောင်ဆောင်လာသူ မင်းသား၏ စာကိုတွေ့ရသော်

ထိုအခါ ဖီရိုရှားမင်းသားလည်း ဘင်ဂေါ်မင်းသမီးနှင့် ကွဲကွာနေသည့်နေ့ကစ၍ အာဟာရများကို ပွဲတော်မတည်နိုင်သည့်အကြောင်း၊ စက်တော်ခေါ်၍ မပျော်နိုင်ကြောင်း၊ တောအလုံးအနှံ့အောင် ရှာဖွေ၍ မတွေ့နိုင်ရှိသောကြောင့် ဤမြို့သို့ ရောက်လာရကြောင်း၊ ယခုနေ့တိုင် ငိုယိုနေရ၍ မျက်ရည်မစဲသည့်အကြောင်း၊ ယခု ဆေးဆရာအယောင်ဆောင်၍ ကုမရန်လာသည့်အကြောင်း ဖြစ်သမျှအကြောင်း အရပ်ရပ်တို့ကို စေ့စုံအောင်စာဖြင့် စီကုံးရေးသားပြီးလျှင် ဘင်ဂေါ်မင်းသမီးထံသို့ ပို့စေ၏။

ဤစာကိုမြင်ရလျှင် ဘင်ဂေါ်မင်းသမီးလည်း ယခုအခါ မောင်တော်ဖီရိုရှားမင်းသားနှင့် တွေ့ရတော့မည်ဟု နှလုံးထားပြီးလျှင် ရူးသွပ်ယောင်ဆောင်သော ရောဂါဝေဒနာမှ ပျောက်ငြိမ်းယောင်ဆောင်လေ၏၊ ထိုအခါ ကက်ရှမိရမင်းကြီးသည် များစွာအားရ ဝမ်းသာတော်မူသည်ဖြစ်၍ အရပ်ရပ်အမြို့မြို့က ဆရာများကို ခေါ်ငင်ကုသပါသော်လည်း နမတော်၏ရောဂါသည် မသက်မသာ၊ ယခု သင်ကုမှ သက်သာသည်ဆိုပြီးလျှင် ကြိုးစား၍ ကုသပါ၊ သင့်အား ရွှေငွေဥစ္စာတို့ကို သင်အလိုရှိသမျှ ငါပေးသနားတော်မူမည်ဆိုပြီးလျှင် ကြိုးစား၍ကုသရန် တိုက်တွန်းလေ၏။

## ဝေဒနာတော့ ပျောက်ပြီ၊ ဥပါဒါန်သာကျန်တော့သည်

ထိုအခါ ဖီရိုရှားမင်းသားသည် ဤသို့ပြော၏၊ အရှင်မင်းကြီး၊ ရူးသွပ်သော ရောဂါဝေဒနာကား ပျောက်ကင်းလေပြီ၊ သို့သော်လည်း စွဲလမ်းသော ဥပါဒါန်ရှိ၍ ထိုဥပါဒါန်ကို ပျောက်အောင် ကုစားမှသာလျှင် ဤရောဂါဝေဒနာကင်းရှင်းစွာ ပျောက်မည်ဟု ပြော၏၊ မည်သည့်ဥပါဒါန်နည်းဟု မေးသော် ဥပါဒါန်ဆိုသည်မှာ ဤရောဂါဝေဒနာသည် အစပထမ၌ မည်ကဲ့သို့ ဖြစ်ပွားလာသည်၊ မည်ကဲ့သို့သောကြောင်းအချက်ကြောင့် ဖြစ်ပွားသည်ကို ရှေးဦးအစ မူလအရင်း သိရှိမှသာလျှင် ဤရောဂါဝေဒနာကို ကင်းရှင်း၍အကြွင်းအကျန်မရှိ ပျောက်ငြိမ်းအောင် ကုသနိုင်ပါမည်ဟု လျှောက်ထားလေ၏။

ထိုအခါ မင်းကြီးက အချင်းဆေးဆရာ၊ နားထောင်လော ငါပြောကြားမည်၊ မူလဖြစ်ပွားသော အကြောင်းအရာကား ဤသို့တည်း၊ ဤမိန်းမကို တစ်ခုသောတောအုပ်မှ ငါရခဲ့သည်၊ ၎င်းမိန်းမကို ပုဏ္ဏားတစ်ယောက်သည် ယန္တရားစက်မြင်းကိုစီး၍ တစ်တိုင်း

တစ်နိုင်ငံက ခိုးယူဆောင်ကြဉ်းလာသည်၊ ထိုပုဏ္ဏားကိုလည်း ငါသည် လက်ခြေတို့ကိုဖြတ်၍ ထိုတောအုပ်မှာ ပစ်ထားခဲ့သည် စသည်ဖြင့် စကားအရပ်ရပ်ဖြင့် ပြန်ကြားပြောပြလေသည်။

ထိုအခါ ဖီရိုရှားမင်းသားက အရှင်မင်းမြတ် မိန့်တော်မူသောစကား၏ အရိပ်နိမိတ်ကို ထောက်လျှင် ဤမင်းသမီးသည် မြင်း၌စွဲလမ်းသော ဥပါဒါန်ဖြစ်ပါသည်၊ ထိုမြင်းနှင့်တကွ အရှင့်နမတော်ကို မန်းမှုတ်၍ စွဲလမ်းသော ဥပါဒါန်ကိုချွတ်ရပါမူ ဤရောဂါဝေဒနာသည် ကုန်စင်အောင်ပျောက်ငြိမ်းပါလိမ့်မည်ဟု လျှောက်ထားလေ၏၊ ကက်ရှမိရမင်းကြီးက မည်ကဲ့သို့သော အစီအစဉ်ကို ပြုပြင်ရမည်နည်းဟု မေးသော် မှန်လှပါ ပြုပြင်ရန်နည်းလမ်းမှာ အရှင့်နန်းတော်၌ မီးခုနစ်ထပ်ဝိုင်းရန်ရပါမည်၊ ထိုမီးခုနစ်ထပ်ဝိုင်းရန်ပြီးလျှင် လူအများလည်း ဝိုင်းဝန်း၍ကြည့်ရှုကြပါစေ၊ ထိုပရိသတ်တို့အလယ်၌ အရှင့်နမတော်နှင့် မြင်းကို လက်ယာက ထား၍ အရှင်က လက်ဝဲက ထိုင်တော်မူပြီးလျှင် အမွှေးနံ့သာရည်တို့ကို ဆွတ်ဖျန်း၍ မန်းမှုတ်ရပါမူ ဤရောဂါဝေဒနာသည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကုန်စင်အောင် ပျောက်ငြိမ်းပါလိမ့်မည်ဟု လျှောက်တင်လေ၏။

ထိုအခါ ကက်ရှမိရမင်းကြီးက မီးခုနစ်ထပ်ကို ညှိထွန်းစေ၍ ပရိသတ်တို့ကိုလည်း စည်းဝေးစေ၏၊ ထိုပရိသတ်တို့၏ အလယ်တွင် ရွှေတိုက်တော်၌ သိမ်းဆည်း၍ထားသော ယန္တရားစက်မြင်းကို ထုတ်ယူပြီးလျှင် မြင်းကိုအလယ်ကထား၍ ဘင်ဂေါ်မင်းသမီးကို လက်ယာဘက်မှ နေစေကာ မိမိကား လက်ဝဲဘက်မှ ထိုင်တော်မူလေ၏။

## မင်းသမီးကို ပြန်ခေါ်ခဲ့ပြီး မိဖုရားမြှောက်လေ၏

ထိုအခါ ဖီရိုရှားမင်းသားသည် မန်းမှုတ်ယောင်ဆောင်ပြီးလျှင် အမွှေးနံ့သာရည်တို့ဖြင့် ဆွတ်ဖျန်း၍ ဘင်ဂေါ်မင်းသမီးကို မြင်းပေါ်သို့တင်ပြီးလျှင် မိမိပါတက်စီး၍ ကုန်းနှီးထက်က စက်ခလုတ်ကို လက်ဖြင့်နှိပ်လိုက်လျှင် ကောင်းကင်သို့ ပျံတက်လေ၏၊ ကောင်းကင်သို့ ရောက်လျှင် ကြိမ်းပပြောဆိုသည်မှာကား အချင်း ကက်ရှမိရမင်းကြီး၊ သင်သည် ဘင်ဂေါ် မင်းသမီးအား ချစ်ခင်စုံမက် နှစ်သက်အောင် လူပျိုစကား မပြောမဆိုတတ်သေး၊ နောင်ဤကဲ့သို့ မိန်းမများကိုတွေ့လျှင် ပြောဆိုတတ်အောင် ငါ့ထံ၌ သင်ဦးလောဟု ပြက်ရယ်ပြုပြီးလျှင် နန်းတော်ကို နှစ်ပတ်လှည့်လည်၍ မြင်းကို စိုင်းနှင်းပြီးလျှင် မိမိတို့နေရင်း ပါရှားပြည်သို့ ပျံသွားလေ၏၊ တိုင်းတော် ပြည်တော်သို့ ရောက်လျှင် ရှေးကကဲ့သို့

ဉယျာဉ်တော်မှာ မထားတော့ဘဲ နန်းတော်အတွင်းသို့ ဆောင်ကြဉ်း၍ မိဖုရားမြှောက်လေသတည်း။

ဤသို့ ပုံပြင်ဝတ္ထုကို လျှောက်တင်ပြောဆိုပြီးနောက် ရှာရာဇတ်က အရှင်မင်းကြီး၊ တံငါသည်၏ ပုံပြင်ဝတ္ထုကို ကြားနာတော်မူရလျှင်လည်း အံ့ဩဖွယ်ကောင်းလှပါသည်ဟု လျှောက်တင်သော် မင်းကြီးက လျှောက်တင်ဦးလောဟု အမိန့်တော်ရှိ၍ တံငါသည်ဝတ္ထုကို ဆက်၍လျှောက်တင်ပြန်လေသတည်း။

***

## တံငါသည်အကြောင်း

ရှေးသောအခါ တံငါသည်တစ်ယောက်သည် တံငါလုပ်ခြင်း၊ ပိုက်ကွန်ပစ်ခြင်းတို့ကို နံနက်မိုးသောက်နေအရုဏ် မတက်မီအတွင်း သုံးကြိမ်သာ ငါးများကို ပစ်ဖမ်းမည်ဟု ကတိပြု၍ လုပ်ကိုင်လေ၏။ တစ်ခုသောနေ့၌ ပိုက်ကွန်ကိုပစ်လိုက်သောကာလ ပိုက်ကွန်သည် အလွန်တရာ လေးလံ၍ အားကြိုးမာန်တက် ဆွဲငင်ရှုကြည့်သောအခါ မြင်းသေတစ်ကောင် ပါလာသည်ကို တွေ့ရ၏။ ပိုက်ကွန်တို့ ပြတ်စုတ်ခြင်းကြောင့် အပေါက်တို့ကို ဖာပြီးလျှင် တစ်ဖန်ပြန်ပစ်လေသော် ရွှံ့ဖြင့်ပစ်သော တောင်းစုတ်၊ တောင်းပဲ့တို့သာ ပါရှိလေသည်။ တံငါသည်သည် ဤသို့ ကြံအောက်မေ့လေ၏၊ သြော် ငါသည်ကား အလွန်တရာ ဆင်းရဲပင်ပန်းဒုက္ခရောက်၍ တံငါအလုပ်ကို လုပ်ကိုင်စားသောက်ရသည်မှာ အများသော တံငါတို့နှင့်မတူ၊ တစ်နေ့လျှင် မိုးမလင်းမီအတွင်း သုံးကြိမ်သာပစ်ရပါမည်၊ ယခု နှစ်ကြိမ်ပစ်လိုက်သော ပိုက်ကွန်သည် ငါးလည်းတစ်ကောင်မျှမရ၊ ပိုက်ကွန်သာစုတ်ပြတ်တော့သည်၊ ဤတစ်ကြိမ်မှ မရခဲ့လျှင် ငါ၏ သားမယားတို့သည် လည်းကောင်း၊ ငါသည် လည်းကောင်း ငတ်မွတ်ရချေတော့မည်တကားဟု စိတ်၌ပူဆွေးခြင်းဖြင့် တစ်ဖန်ပစ်ပြန်ရာ ချိပ်တံဆိပ်တို့ဖြင့် ခတ်နှိပ်လျက်ရှိသော ကြေးအိုးတစ်လုံးကို ရရှိလေသည်။ ကြည့်ရှုရန် ဖွင့်လှစ်သောကာလ မီးခိုးလုံးသို့ သဏ္ဍာန်ရှိသော အခိုးအငွေ့တို့သည် ကောင်းကင်သို့ ပျံတက်ပြီးမှ တရွေ့ရွေ့ဖြင့် ၎င်းအခိုးတို့သည် ပျောက်၍ ဘီလူးကြီးပေါ်ထွက်လာလေ၏။

## ကျေးဇူးရှင်ကို ကျေးစွပ်မည်လော

ထိုသို့ပေါ်ထွက်လာသော ငှင်းဘီလူးက တံငါသည်အား ဤသို့ပြောလေ၏၊ အသင်လူသား အသင်သည် ငါ့အသက်ကို ကယ်ဆယ်ခြင်းကြောင့် သင်၏အသက်ကို ကေန်ဆုံးရှုံးအောင် စီရင်အံ့ဟုဆိုပြီး သန်လျက်ဖြင့် ဖြတ်မည်ရွယ်လေ၏။ ထိုအခါ တံငါသည်က အသင်ဘီလူး၊ သင်သည် ယုတ်မာသောသူပါတကား၊ မိုက်လှ၏တကား၊ ငါသည် အသက်သခင်တည်း၊ ငါကယ်ဆယ်၍ သင်အသက်ဘေးမှ ချမ်းသာသည်ကို ကျေးဇူးရှင်အား ကျေးစွပ်မည်ကြံသလော၊ သင်၏အကြံသည် မတော်ချေ၊ ဥပမာဆိုသည်ရှိသော် သရေပေါ်မှာအိပ်၍ သရေနားကို စားသော ခွေးကဲ့သို့လည်းကောင်း၊ အိမ်ရိပ်တွင်နေ၍ အိမ်ရှင်ကို ဟောင်သော ခွေးကဲ့သို့ပင် လည်းကောင်း၊ သစ်ပင်အရိပ်အာဝါသကို ခိုကိုး၍ နားနေပြီးလျှင် ငှင်းသစ်ပင်၏ အခက်ကို ချိုးဖွဲ့ဖျက်ဆီးသော သူကဲ့သို့ လည်းကောင်း၊ ငါ့ကို သင်သတ်မည်ဆိုချေသည်၊ ငါသည် သင်၏ ကျေးဇူးရှင်ပါတကားဟု ပြောလေ၏။

## ကတိထားခဲ့ပုံကို ရှင်းပြပြီး

ဘီလူးက ငါသည် ယုတ်မာ၍ ကျေးဇူးမသိတတ်သည်မဟုတ်၊ အထက်ကျော်ကာလက ရှင်ဘုရင်တစ်ပါးနှင့် စစ်ရေးပြိုင်ကြရာ စစ်ရေးနိမ့်ခြင်းကြောင့် ငှင်းကြေးအိုးနှင့်ငါ့ကိုထည့်၍ ရေ၌မျှောရာ ဤသို့သစ္စာထား၏၊ မျှောလိုက်သည့်နေ့မှစ၍ ပထမနှစ်တစ်ရာအတွင်း ငါ့အား ကယ်ဆယ်ပါမူ ကယ်ဆယ်သောသူကို တိုင်းပြည်နှင့်တကွ ထီးနန်းကိုပေးအပ်ကာ ကျေးဇူးဆပ်အံ့ဟု ကြံစည်ပါသော်လည်း တစ်စုံတစ်ယောက်သောသူမျှ ငါ့ကို မကယ်ဆယ်၊ တစ်ဖန် နောက် ဒုတိယနှစ်တစ်ရာအတွင် ကယ်ဆယ်ကြပါမူ ထိုကယ်ဆယ်သောသူအား သူဌေးကြီးအဖြစ်ကို ရအောင်စောင်မ၍ ကျေးဇူးကိုဆပ်ပါမည်၊ အနှစ်နှစ်ရာတိုင်တိုင် မည်သူ တစ်ဦးတစ်ယောက်ကမျှ ကယ်ဆယ်ခြင်းမပြု၊ ယခုတတိယ အနှစ်တစ်ရာမှာ ကယ်ဆယ်သော သူဖြစ်ပါမူ အသက်ကိုသတ်အံ့ဟု ငါကတိပြုထားချေသည်၊ ထို့ဖြစ်၍ သင့်အား အသက်ကို ချမ်းသာမပေးနိုင်၊ သတ်အံ့ဟု ပြောသည်။

ထိုအခါ တံငါသည်က ပရိယာယ်မာယာဖြင့် ပြန်ပြောသည်မှာ သင်သည် ငါ့ကို သတ်မည် ဆိုသည်မှာ ရှိပါစေတော့၊ သို့ရာတွင် သင့်ကိုယ်သည် အလွန်ကြီးမားသော ကိုယ်ပါ တကား၊ သင်သည် ဤကြေးအိုးမှ ထွက်လာသည်ဟု ပြောသည်မှာ ငါယုံကြည်ခြင်းမရှိ၊

သင်မည်ကဲ့သို့သော နည်းဖြင့် ထွက်ခဲ့နိုင်အံ့နည်း၊ သင်ထွက်ခဲ့သည်မှန်လျှင် ဝင်နိုင်ရမည်၊ ဝင်၍ပြပါလော၊ ဝင်ပြနိုင်မှ ငါ ယုံကြည်မည်ဟု ပြောလေ၏၊ ထိုအခါ ဘီလူးလည်း ကောင်းပြီ၊ ဝင်၍ပြအံ့ဟု ပြောဆိုပြီးလျှင် အထက်ကကဲ့သို့ အခိုးအလျှံတို့သည် ဖြစ်လတ်၍ ကြေးအိုး အတွင်းသို့ဝင်ပြီး ငါသည် ကြေးအိုးအတွင်းသို့ ရောက်ပြီဟု ပြောလေ၏၊ တံငါသည်လည်း ကြေးအိုးကို ပိတ်မြဲပိတ်ထားလေ၍ ဤသို့ပြောလေ၏၊ အိုဘီလူး ယခု သင်သည် ၎င်းကြေးအိုးထဲက ထွက်ရတော့မည်မဟုတ်၊ သင့်ကိုရေသို့ပြန်၍ မျှောလိုက်အံ့ဟု ပြောသော အခါ ဘီလူးလည်း ကြောက်ရွံ့ခြင်းကြောင့် အသင်လူသား ငါ၏အသက် ချမ်းသာပေးပါ၊ သင့်အား ဥစ္စာရွှေငွေများ ရရာသောနည်းကို ပြောကြားပါမည်ဟု ဆိုလေ၏၊ ထိုအခါ တံငါသည်က သင့်ကို ငါယခုလွှတ်လိုက်က ယူနန်ရှင်ဘုရင်နှင့် ဒူဘိန်အမည်ရှိသော ဆေးသမားကဲ့သို့ ရှိလိမ့်မည်၊ သို့ဖြစ်၍ သင့်ကို ငါမလွှတ်ဟု ပြောလေ၏၊ ထိုအခါ ဘီလူးက ဤသို့ မေး၏၊ ယူနန်ရှင်ဘုရင်နှင့် ဒူဘိန်အမည်ရှိသော ဆေးသမားအကြောင်းကား အသို့နည်း၊ ပြောပါဦးလောဟုဆို၍ ထိုတံငါသည်သည် ၎င်းအကြောင်းကို ဘီလူးအား ပြန်ပြောလေသတည်း။

***

## ယူနန်ရှင်ဘုရင်နှင့် ဒူဘိန်ဆေးသမားအကြောင်း

အသင်ဘီလူး၊ နားထောင်ပါလော၊ ရှေးသောအခါ ယူနန်ရှင်ဘုရင်တစ်ပါးရှိလေ၏၊ ထိုရှင်ဘုရင်သည် ကုဋ္ဌနူနာစွဲကပ်လေ၍ ဒူဘိန်အမည်ရှိသော ဆေးသမားကို ကုသပါလော၊ ဥစ္စာပစ္စည်းဘဏ္ဍာတို့ကို သင်အလိုရှိသမျှ ပေးမည်၊ ပျောက်ကင်းအောင် ကုသပါဆို၏။ ဆေးသမားလည်း ကောင်းပြီ၊ အရှင်မင်းကြီး၏ ရောဂါကို ပျောက်ကင်းချမ်းသာပါစေအံ့၊ အရှင်မင်းကြီး ဤဆေးသုံးလုံးကို ယူပါလော၊ ၎င်းဆေးသုံးလုံးအနက် တစ်လုံးသောဆေးမှာ သိဂ်ဟုအမည်ရှိ၏။ ဤဆေးကို ပလီလုံး၏ အတွင်းမှ သွင်းထားပါလော၊ တစ်လုံးသော ဆေးမှာကား ဇာတဝ အမည်ရှိ၏၊ ဤဆေးကိုလည်း ပလိတံအတွင်းမှာ သွင်းပြီးလျှင် ပလိကစားရာ ကွင်းပြင်သို့ သွားကစားပါ၊ အရှင်မင်းကြီးသည် မောပန်းတော်မူသဖြင့်

ချွေးတို့သည် ယိုထွက်လတ္တံ့၊ ထိုအခါ လက်ကထွက်သော ချွေးတို့သည် ပလီတံတို့ စီးဆင်းပါလိမ့်မည်၊ ဤသို့စီးဆင်းသောအခါကျမှ ပထဝီဓာတ်၊ တေဇောဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ်တည်းဟူသော ဓာတ်လေးပါးတို့သည် တသမတ်တည်း ညီညွတ်လာပါလိမ့်မည်၊ ထိုသို့ ညီညွတ်သောအခါကျမှ အရှင်မင်းကြီးသည် နန်းတော်သို့ပြန်လည်တော်မူ၍ပြီးလျှင် ရေမိုးသုံးသပ်စံပယ်တော်မူပြီးမှ ကျန်သောဆေးတစ်လုံးကို သုံးဆောင်တော်မူ၍ စက်တော်ခေါ်တော်မူပါ၊ စက်တော်ခေါ်ရာမှ နိုးတော်မူသောကာလ ၎င်းကုဋ္ဌနူနာသည် ပျောက်ကင်းချမ်းသာကျန်းမာပကတိ ရှိတော်မူပါလိမ့်မည်ဟု လျှောက်တင်လေ၏။ မင်းကြီးလည်း ဆရာပြောသည့်အတိုင်း အလုံးစုံတို့ကို ပြုလုပ်လေသောကာလ ရောဂါဝေဒနာတို့ ပျောက်ကင်းလေ၏။ မင်းကြီးလည်း ဒူဘိန်ဆေးသမားကို ကတိရှိသည့်အတိုင်း အလိုရှိသမျှသော ဥစ္စာဘဏ္ဍာ အသုံးအဆောင်ပေး၍ ထားရှုံမှုမက အလုံးစုံတို့ကို တိုင်ပင်နှီးနှောပြောဆိုလေ၏။

## နန်းလုမည့်သူ ကွပ်မျက်ပါ

ထိုအခါ အမတ်ကြီးတို့သည် ဆေးသမားအား ဝန်တိုမစ္ဆရိယဖြင့် အကောက်ကြံ၍ မင်းကြီးအား တင်လျှောက်သည်မှာ အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် ဆေးသမားအား အလွန်ယုံကြည်တော်မူသည်မှာ မှားလေ၏။ ဤဆေးသမားသည် သင်မင်းကြီးကို ပုန်ကန်ပုန်စားပြု၍ နန်းကိုလုယူလိမ့်မည်၊ သတိထားတော်မူပါ။ ကွပ်မျက်လျှင်လည်း ကွပ်မျက်တော်မူပါဟု တင်လျှောက်ကြလေ၏။

မင်းကြီးလည်း အနည်းငယ်မျှယုံကြည်တော်မမူ၍ အမတ်ကြီးတို့ သင်တို့ တင်လျှောက်ကြသည်ကား မနာလို၍သာ တင်လျှောက်ခြင်းဖြစ်သဖြင့် ငါယုံကြည်ခြင်းမရှိဟု မိန့်တော်မူလေ၏။ အမတ်တို့လည်း ထပ်မံ၍ လျှောက်တင်ပြန်သည်မှာ အရှင်မင်းကြီး၊ လောက၌ လူဆိုသည်မှာ သူစိမ်းတို့ကြံစည်ရန် ခက်ခဲလှပါသည်၊ လူယုံသတ်က သေတတ်ပါသည်၊ စဉ်းစားတော်မူပါဟု တင်လျှောက်ပြန်၏။ မင်းကြီးလည်း အမတ်ကြီးတို့၊ လင်မယားနစ်ယောက်နှင့် သာရကာ၏ ပုံဝတ္ထုကို ငါပြောမည်၊ နားထောင်ဟုဆို၍ ၎င်းဝတ္ထုကို မိန့်တော်မူလေ၏။

***

# လင်မယားနှစ်ယောက်နှင့် သာလိကာအကြောင်း

အမတ်တို့၊ ရှေးသောအခါ သူဌေးကြီးတစ်ယောက်မှာ အလွန်တရာလှပသော မယားတစ်ယောက်ရှိသတဲ့၊ ထိုမိန်းမကို မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှ ခွဲခွာ၍ သွားလာခြင်းမရှိ၊ အလွန်ချစ်ခင်ကြင်နာလေ၏။ တစ်နေ့သ၌ လူကဲ့သို့ ပြန်လှန် ပြောဆိုတတ်သော သာလိကာတစ်ကောင်ကို ရ၍ ယူဆောင်ခဲ့ပြီးလျှင် လှောင်ချိုင့်အိမ်၌ ကောင်းမွန်စွာ မွေးမြူ၍ထားလေ၏။

တစ်နေ့သ၌ ထိုသူဌေးကြီးသည် တစ်ညအိပ်ဝေးသော ခရီးကိုသွားလေရာ သူဌေးကြီး၏ မိန်းမသည် ယောကျ်ားငယ်တစ်ယောက်နှင့် ပေါင်းသင်း၍ လော်လည် ခြင်းကို ပြုလေ၏။ သူဌေးကြီးသည် နံနက်မိုးသောက်သဖြင့် ပြန်လာခဲ့ပြီးလျှင် အိမ်သို့ရောက်သော် သာလိကာအား ဆိတ်ကွယ်သောအရပ်သို့ ယူဆောင်ခဲ့ပြီးလျှင် မေးမြန်း၏။ သာလိကာက သူဌေးကြီး၏မိန်းမ မသင့်မလျော်ကျင့်ကြံသမျှကို အလုံးစုံပြန်ကြား၏။ သူဌေးကြီးသည် သာလိကာအား ထားခဲ့ပြီးလျှင် မိန်းမထံသို့ ရောက်သောအခါ စောင်းမြောင်း၍ ဤသို့ဆို၏။ မိန်းမတို့သဘောသည် လင် ယောကျ်ားမရှိသောအခါ လင်ငယ်တစ်ယောက်ထားခြင်း၊ မတော်လော်လည် ပြုကျင့်ကြံခြင်းသည်ကား မကောင်းဟု ဆိုလေ၏။ မယားမိန်းမသည် မိမိကိုယ်ပင် တိုက်ရိုက်မပြောသော်လည်း အလွန်တရာ ကြောက်လန့်ခြင်း ဖြစ်လေ၏။ နောက်တစ်နေ့၌ သူဌေးကြီးသည် တစ်ညအိပ်ခရီးပင်သွားပြန်လေသော် သူဌေးကြီး၏ မိန်းမသည် ဤသို့ကြံအောက်မေ့လေ၏။ ငါ၏အကြောင်းကို အခြားလူတစ်ဦး တစ်ယောက်မျှ မကြားမသိ၊ အိမ်သူအိမ်သား အစေအပါးတို့ ပြောဆိုကြ၍ သူဌေးကြီးသိမည်ဟု တွေးလျက် အိမ်သူအိမ်သားတို့ကို မောင်းမဲရိုက်နှက် ပုတ်ခတ်၍ မေးသည်။ သို့သော် အိမ်သူအိမ်သားတို့က မပြောကြောင်းကိုသာ ပြန်ကြားပြောဆိုကြလေ၏။

ထိုအခါ အိမ်သူအိမ်သားတို့ မပြောကြားကြောင်းကို သိလတ်သော် သာလိကာအား နှိပ်စက်ညှဉ်းဆဲအံ့ဟု အစေအပါးတို့အားခေါ်၍ တစ်ယောက်သောသူအား ရေဖြင့်ပက်စေ၏။ တစ်ယောက်သောသူကား မီးရောင်၏ အလင်းကို မှန်ဖြင့်ပြစေ၏။ တစ်ယောက်သောသူကို သာလိကာ၏ အောက်တည့်တည့်မှ နေစေပြီးလျှင် ဂျုံများကိုကြိတ်စေ၏။ ဤကဲ့သို့ ကြိမ်ဖန်များစွာ ပြုလုပ်လတ်သော် သာလိကာသည် မောပန်းဒုက္ခရောက်ကာ မသေရုံမျှ

ရှိလေ၏။ သူဌေးလည်း နံနက်မိုးသောက်၍ ပြန်လာလတ်သော် သာလိကာအား တစ်ဖန် မေးမြန်းလေ၏။

## လှည့်ဖြားသော သာလိကာလော

ထိုအခါ သာလိကာက ပြောဆိုသည်မှာ ယမန်နေ့ညအခါက မိုးကြီးပြင်းထန်စွာရွာ၍ စိုစွတ်သည်က တစ်ကြောင်း၊ မိုးချုန်းသည်က တစ်ကြောင်း၊ လျှပ်စီးတို့ တစ်ပြောင်ပြောင် တလက်လက် ပြက်လက်သည်က တစ်ကြောင်း ကျွန်ုပ် မည်သည့်အကြောင်းကိုမျှမသိ၊ ကြက်သီးမွေးညှင်းထပြီးလျှင် ချမ်း၍ ခိုက်ခိုက်တုန်လျက် နေပါသည်ဟု ပြောလေ၏၊ ထိုအခါ သူဌေးကြီးလည်း ငါသည် မိုးရွာသည်မှန်လျှင် သိရမည်၊ သာရကာကား လိမ်လည် လှည့်ဖြားတတ်သော သာရကာတည်းဟု အမျက်ဒေါသထွက်၍ ပေါင်နစ်ခုကို ကိုင်ပြီးလျှင် ဖြဲ၍သတ်လိုက်လေ၏။ ထို့နောက် လေးငါးရက် စသည်ဖြင့် ကြာလတ်သော် အိမ်နီးချင်း အပေါင်းအဖော်တို့က သူဌေးကြီး၏ မိန်းမ လင်ငယ်ထားကြောင်း၊ မတော်လော်လည် ကျင့်ကြံကြောင်း သာလိကာကိုလည်း ရေဖြင့်ပက်ခြင်း၊ မှန်ဖြင့်ပြခြင်း စသည်တို့ကိုပြကြောင်း သူဌေးကြီးအား ပြန်ကြားကြသည်။ သူဌေးကြီးလည်း သာလိကာကို သတ်မိသည်ကား မှားစွတကားဟု ဤအခါမှ နောင်တရဘိသကဲ့သို့ ယခုလည်း ဆေးသမားကို သတ်ချေက မတော်တကား၊ အကယ်၍ ဆေးသမားသည် ငါ့အား မကောင်းကြံသောသူ ဖြစ်ပါမူ အထက်ငါ၏ ရောဂါကို ကုသစဉ်အခါ သေစေတတ်သော အဆိပ်အတောက် စသည်တို့ကို ထည့်၍ပေးလျှင် ငါသည် မသေပါလော၊ သို့ဖြစ်၍ အမတ်ကြီးတို့ တင်လျှောက်ကြသည်ကို အယူတော်မရှိဟု ငြင်းပယ်လေ၏။

ထိုအခါ အမတ်ကြီးတို့သည် မင်းကြီးအား ထပ်မံ၍ တင်လျှောက်ပြန်သည်မှာ အကယ်၍ အရှင်မင်းမြတ်အား တင်လျှောက်သော စကားသည် မဟုတ်မမှန်ခဲ့လျှင် ရှေးအခါက ရာဇဒဏ်ကိုခံရသော အမတ်ကြီးကဲ့သို့ အကျွန်ုပ်တို့အားလည်း စီရင်တော်မူပါဟု တင်လျှောက်လေသော် ရာဇဒဏ်ကိုခံရသော အမတ်ကြီးအကြောင်းကား အဘယ်သို့နည်းဟု မေးမြန်းသဖြင့် ဤသို့တင်လျှောက်လေသတည်း။

***

# ရာဇဒဏ်ကိုခံရသော အမတ်ကြီး

ရှေးသောအခါ မင်းကြီးတစ်ပါးရှိသတဲ့၊ ထိုမင်းကြီးသည် သားတော်အား အိမ်ရှေ့အရာကိုပေး၍ ထိုအိမ်ရှေ့မင်းသည် တစ်နေ့သ၌ မှူးမတ်တို့နှင့်အတူ တောကစား ထွက်တော်မူလေသော် တောသို့ရောက်လျှင် ချေငယ်၊ သမင်၊ စိုင်၊ ဆတ်တို့ကို လိုက်လံ ဖမ်းဆီးကြရာ အိမ်ရှေ့မင်းသည် မှူးမတ်အခြွေအရံတို့နှင့် ကွဲသွားပြီးလျှင် မြင်းတစ်ကောင်နှင့် မျက်စိလည် လမ်းမှား သွားလေသည်။

**မင်းသမီးယောင်ဆောင်သော ဘီလူးမနှင့်တွေ့ပြီ**

ဘီလူးမတစ်ယောက်သည် မင်းသမီးအယောင်ဆောင်ကာ တောထဲတွင် ပရိယာယ်မာယာတို့ဖြင့် မင်းသားလေးလာရာ လမ်းခရီးဝယ် စောင့်ဆိုင်းနေလေ၏။ မင်းသားလည်း လာလမ်း၊ လာစခန်းသို့ မပြန်တတ်သဖြင့် မင်းသမီးအယောင်ဆောင်သော ဘီလူးမနှင့် တွေ့လေ၏။ ထိုအခါ မင်းသားက ဤသို့မေးလေ၏၊ အသင်မင်းသမီး၊ မည်သည့် အကြောင်းကြောင့် တောစခန်းဝယ် တစ်ယောက်တည်း နေထိုင်သနည်း၊ မည်သို့သော အကြောင်းနည်း၊ ပြန်ကြားပါလောဟု ဆို၏။ ဘီလူးမ မင်းသမီးက လိမ်လည်၍ ပြောသည်မှာ အရှင်၊ ကျွန်ုပ်မှာ အခြွေအရံတို့နှင့် အပြင်းပြေ တောလည်ထွက်ခဲ့ရာ ထိုအခြွေအရံတို့နှင့် ကွဲပြားပြီး တစ်ကိုယ်တည်း ဖြစ်ခြင်းကြောင့် အဖော်အပေါင်းတို့အား စောင့်ငံ့လျက် နေပါသည်ဟု ပြောလေ၏။

မင်းသားက ယုံကြည်တော်မူ၍ ကောင်းပြီ၊ ငါနှင့်အတူပင် မြင်းပေါ်သို့ တက်စီးလျက် လိုက်ခဲ့လောဟုဆို၍ မြင်းနှင့်တင်ဆောင်ခဲ့ရာ ဘီလူးမလမ်းညွှန်ပြရာသို့ မင်းသားလည်း သွားလေ၏။ အတော်ခရီးဝေးလတ်သော် အိမ်ပျက်ကြီးတစ်ခုအနီးသို့ ဆိုက်ရောက်ရာ ဘီလူးမင်းသမီးက ဤသို့ပြော၏၊ အရှင်၊ အကျွန်ုပ် အလွန်တရာ မောပန်းနေပါသည်၊ ဤနေရာတွင် ခေတ္တနားကြစို့ဟု ဆိုပြီး ဘီလူးမမင်းသမီးသည် ဤသို့ဟစ်အော်ပြန်လေ၏။ ကျွန်ုပ်၏ အဖေ၊ အမေ၊ မောင်၊ သားတို့ ယနေ့သင်တို့အတွက် အစားအစာလုံလောက်ပြီ၊ လာကြလောဟု

ဟစ်အော်လေရာ ဘီလူးအပေါင်းတို့ သောသောညံမျှ ထွက်လာကြသောအသံကို မင်းသား ကြားတော်မူလေ၏။

ဘီလူးမဖြစ်သည်ကို ဤအခါမှ သိခြင်းကြောင့် မင်းသားသည် မြင်းကို အတင်း မောင်းနှင်၍ ထွက်ပြေးခဲ့သဖြင့် အသက်ဘေးမှ လွတ်ကင်းချမ်းသာ၍ ပြည်တော်သို့ ဆိုက်ရောက်လေ၏။

ဤကဲ့သို့ အလုံးစုံသော အကြောင်းအရာတို့ကို မင်းကြီးအား ကောင်းမွန်စွာ တင်လျှောက်လေသော် မင်းကြီးသည် အမတ်ကြီးအား ဆုံးရှုံးအောင်စီရင်တော်မူလေ၏၊ ထို့အတူ ယခုလည်း ဒူဘိန်မည်သော ဆေးသမားသည် အခြားသောတိုင်းနိုင်ငံက သူလျှို အမှန်ဖြစ်ပါသည်ဟု အကြိမ်ကြိမ် တင်လျှောက်ကြသောကာလ မင်းကြီးလည်း အယူတော် ရှိရကား ကောင်းပြီး ဆေးသမားအား သတ်အံ့ဟု အမိန့်တော်ရှိပြီး ကြိုးဖြင့် ချည်နှောင်ခြင်း ပြုလေ၏။

ထိုအခါ ဆေးသမားလည်း အကြိမ်ကြိမ်အဖန်ဖန် အသက်ကို ချမ်းသာပေးပါဟု မင်းကြီးအား တင်လျှောက်တောင်းပန်သော်လည်း ချမ်းသာပေးတော်မမူသောကြောင့် ဆေးသမားက ဤသို့ လျှောက်ပြန်လေ၏။ အရှင်မင်းမြတ်၊ သတ်တော်မူလိုလျှင် သတ်တော်မူ ပါတော့၊ သို့ရာတွင် ယနေ့တစ်ရက်မျှ အသက်ဘေးမှ ချမ်းသာပေးတော်မူပါ၊ နံနက်ဖြန် နံနက်တွင် အလိုတော်အတိုင်း သတ်လိုလျှင် သတ်တော်မူပါဟု လျှောက်လေ၏။ မင်းကြီးက မည်သည့်ကိစ္စကြောင့် တစ်ရက်တာမျှ သင်၏အသက်ကို အလိုရှိသနည်းဟု မေးတော်မူ လေသော် ဆေးသမားက ဤသို့ တင်လျှောက်လေ၏။ အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် ကျွန်ုပ်ကို ချမ်းသာမပေးမူ၍ အသက်သေရမည်ဖြစ်ပါလျှင် ကျွန်ုပ်၏စာပေပရိယတ္တိတို့ကို ကျွန်ုပ်ချစ်ခင်သောသူတို့အား ဝေငှပေးကမ်းပြီးလျှင် အကောင်းဆုံးသော စာအုပ်တစ်အုပ်ကို အရှင့်အား ဆက်သလိုပါသည်ဟု တင်လျှောက်လေ၏။

ထိုအခါ မင်းကြီးက ဒူဘိန်ဆေးသမား တင်လျှောက်သည့်အတိုင်း တစ်ရက်တာ ခွင့်ပေးလေရာ ဒူဘိန်သည် အလုံးစုံသော အိမ်ထောင်ပရိဘောဂတို့ကို ဝေငှပေးကမ်း၍ စာအုပ်ကို အဆိပ်အတောက်တည်းဟူသော ဆေးတို့ဖြင့် သုတ်လိမ်းလျက် စက္ကူဖြင့် ထုပ်ပေးကာ မင်းကြီးထံဆက်သပြီး ဤသို့လျှောက်လေ၏။ အရှင်မင်းကြီး၊ အကျွန်ုပ်အား အရှင်မင်းကြီးက လည်ပင်းကိုဖြတ်သောအခါ ဦးခေါင်းတစ်နေရာမှ မည်သည့်နေရာမှာ

ဧင်းစာအုပ်ကို အသုံးကျမည်ကို တင်လျှောက်ပါမည်၊ အကျွန်ုပ်၏ လည်ပင်းကို အခု ဖြတ်ပါလောဟု ဆို၏။

## ဆေးသမားရော မင်းကြီးပါ ကွယ်လွန်

ထိုအခါ မင်းကြီးလည်း ဆေးဆရာ တင်လျှောက်သည့်အတိုင်း စာအုပ်ထုပ်ကို လက်တော်ဝယ်ကိုင်၍ ဆေးသမားလည်ကို ဖြတ်ကြလောဟု အမိန့်တော်ထုတ်လေ၏။ ဦးခေါင်းပြတ်သွားသောအခါ ဆေးသမားက တင်လျှောက်သည်မှာ အရှင်မင်းကြီး၊ စာအုပ်ကို ဖွင့်၍ လှန်တော်မူပါဟုဆိုလေ၏။ မင်းကြီးသည် ထုပ်သောစက္ကူကိုဖွင့်၍ ပထမအချပ်ကို လှန်၏။ ဆေးသမားလည်း အရှင်မင်းကြီး၊ မြန်မြန်လှန်ပါဦးလောဟု တင်လျှောက်ပြန်ရာ မင်းကြီးသည် အလျင်အမြန်လှန်၍ ရစေခြင်းငှာ လက်ဖြင့် တံတွေးတို့ကိုသုတ်၍ လှန်လေ၏။ ဆေးသမားလည်း အရှင်မင်းကြီး၊ လှန်ပါဦးဟု အကြိမ်ကြိမ်တင်လျှောက်၏၊ မင်းကြီးလည်း တံတွေးတို့ကို လျှာဖျားဝယ်မနားမနေတို့လျက် လှန်ဖန်များလတ်သော် ဆေးသမား အသက်ကုန်ခြင်းတို့ ရောက်လေ၏။ စက္ကူ၌ သုတ်လိမ်း၍ထားသော အဆိပ်အတောက်တို့ မင်းကြီး၏ လျှာဖျားဝယ်လူးသောကြောင့် မင်းကြီးလည်း နတ်ရွာစံတော်မူလေ၏။

ဤအရာ၌ မင်းကြီးသည် ဆေးသမားက အကြိမ်ကြိမ်တောင်းပန်စဉ် အကယ်၍ ချမ်းသာပေးခဲ့မူ မင်းကြီးသေရမည်မဟုတ်၊ ယခုလည်း ငါသည် ကြိမ်ဖန်များစွာ တောင်းပန်လျက် ငါ့အား လွှတ်မူ နှစ်ဦးစလုံးမကောင်းပါလောဟု ပြောလေသော် ဘီလူးသည် စကားများယွင်း၍ ပြုမိသည်ကို သည်းခံပါလောဟု ပြောပြီးလျှင် ဘီလူးက ဤသို့ သစ္စာဆိုလေ၏။ အသင်လူသား၊ ငါသည် အသက်ဘေးမှချမ်းသာလျှင် အသင့်အား ဥစ္စာပစ္စည်း ရရန် နည်းလမ်းကို ညွှန်ကြားပါအံ့၊ သင့်ကို ငါ အကောက်ကြံလျှင် ငါ၏ အသက်သည် သင်၏ လက်တွင်း၌ ဆုံးရှုံးစေသောဝ်ဟု သစ္စာအဓိဋ္ဌာန်ပြုလေ၏။

## ကြေးအိုးကို ဖွင့်လိုက်သော်

ထိုအခါ တံငါသည်က ကြေးအိုးကို ဖွင့်လေသော် ဘီလူးသည် အထက်ကကဲ့သို့ ထွက်လာ၍ ကြေးအိုးကို ရေသို့ကန်ကျောက်လိုက်ပြီးလျှင် အသင် လူသား၊ သင့်ကို ယခုသတ်အံ့ဟု သန်လျက်ဖြင့် မိုးပြီးလျှင် ကလူကစားပြုလေ၏။ တံငါက အကယ်ပင်

သတ်အံ့ဟုထင်၍ မသတ်ပါမည့်အကြောင်း တောင်းပန်သောအခါ ဘီလူးက ဤသို့ ပြောလေ၏။ အသင်လူသား၊ မကြောင့်ပါလင့်၊ အသင့်အား ငါသည် ကလူကစားပြုခြင်းမျှသာ၊ ယခုငါသည် သစ္စာကတိရှိသည့်အတိုင်း သင့်အား ဥစ္စာပစ္စည်း ရရန်သောနည်းလမ်းကို ညွှန်ကြားအံ့၊ နားထောင်ပါလော၊ ယခု သင်နေသော ရွာမရှိပါလော၊ ၎င်းရွာမှ ရှေ့တည့်တည့်သို့ သွားလတ်သော် သုံးနာရီခန့်ကြာသော် သင်သည် တောင်လေးတောင်ကို တွေ့လတ္တံ့၊ ထိုတောင် လေးတောင်၏ အလယ်၌ ရေကန်တစ်ခုရှိသည်၊ ထိုကန်ဝယ် အနီ၊ အဝါ၊ အပြာ၊ အဖြူအရောင်လေးမျိုးသော ငါးတို့ ရှိကြလေ၏။ ထိုငါးတို့နေရာကို နံနက်မိုးမလင်းမီ သုံးနာရီအချိန်သင်သွားလျှင် ခြောက်နာရီအချိန်မျှ ရောက်လတ္တံ့၊ ထိုအခါ ငါးတို့ ပိုက်ကွန်ဖြင့် ပစ်ဖမ်းသောအခါ ၎င်းလေးမျိုးသောငါးကို ရရှိမည်၊ သင်သွား၍ ရောင်းပါ၊ အဖိုးများစွာ ရပါလိမ့်မည်၊ သို့ရာတွင် တစ်နေ့လျှင် တစ်ကြိမ်ထက်ပိုမို၍ ဖမ်းဆီးခြင်းကို မပြုလုပ်ပါနှင့်ဟု ညွှန်ကြားပြသပြောဆိုပြီးလျှင် ဘီလူးလည်း ကွယ်လေ၏။

## စားဖိုအိမ်မှ နတ်သားထွက်လာ

တံငါသည်လည်း အိမ်သို့ပြန်ခဲ့ပြီးလျှင် နံနက်နေအရုဏ်တက်ချိန်၌ ဘီလူးညွှန်ကြားခဲ့သည့်အတိုင်း သွားပြီးသော် ငါးတို့ကို ဖမ်းဆီး၍ ယူခဲ့ပြီး ပြည့်ရှင်မင်းကြီးအား ဆက်သလေ၏။ ထိုအခါ မင်းကြီးလည်း ထူးဆန်းသော ငါးကို ဆက်သသောသူတကားဟုဆိုကာ အသပြာတစ်ထောင် ပေးတော်မူလိုက်ပြီးလျှင် စားတော်ကဲအား ခေါ်တော်မူပြီး အချင်း စားတော်ကဲ၊ ဤငါးတို့သည်ကား အသပြာတစ်ထောင်ပေး၍ ဝယ်လိုက်ရသော ငါးတို့တည်း၊ ကောင်းမွန်စွာ ကြော်လော့ဟု မှာထားလျက် စားတော်ကဲအား ပေးအပ်လိုက်လေ၏။ စားတော်ကဲလည်း ယူဆောင်ခဲ့ပြီးလျှင် စားဖိုအိမ်သို့ ဝင်ပြီး ကြော်လေ၏။ ထိုအခါ ငါးတို့သည် တစ်ဖက်ကျက်၍ တစ်ဖက်သို့ လှန်မည်အပြုတွင် စားဖိုအိမ်သည်ထက်ခြမ်းကွဲ၍ အလွန်တစ်ရာ လှပသော နတ်သားထွက်လာပြီး ဤအနားတွင်ပင်လျှင် မတ်ရပ်နေလေ၏။ ထိုအခါ ငါးတို့သည် ခေါင်းထောင်၍ နတ်သားအား ဤသို့ ပြောလေ၏။ ကယ်ပါလော၊ ငါတို့သည် သူမေတ္တာရှိက ငါမေတ္တာရှိအံ့၊ ငါ့မေတ္တာရှိမှလည်း၊ သူ့မေတ္တာရှိအံ့၊ ထိုအခါ နတ်သားလည်း ကောင်းပြီဟုဆိုပြီးလျှင် ကြော်သောဒယ်အိုးကို လှန်လိုက်ရာ ငါးတို့သည် မီးထဲသို့ကျ၍

ကျွမ်းမည်းလေကုန်၏။ နတ်သားလည်း ပြန်၍ ဝင်သွားလေပြီးသော် စားဖိုအိမ်လည်း ပကတိအတိုင်းစေ့၍ သွားလေ၏။

ထိုအခါ စားတော်ကဲသည် အလွန်တရာ ပူဆွေးဒုက္ခရောက်၍ မှိုင်ဝေလျက် နေလေ၏။ အမတ်ကြီးလာရောက်၍ စားတော်ကဲအား ဤသို့မေးလေ၏၊ အချင်းစားတော်ကဲ၊ ငါးများကို ကြော်လှော်၍ မပြီးသေးသလော၊ အဘယ်မှာနည်း၊ မည်သည့်အကြောင်းကြောင့် ငိုကြွေး မြည်တမ်းလျက် မှိုင်ငေး၍ နေရသနည်းဟု မေးလေသော် စားတော်ကဲလည်း အလုံးစုံကို ပြန်ကြားပြောဆိုလေ၏။

ထိုအခါ အမတ်ကြီးက စားတော်ကဲအား သင်မစိုးရိမ်လင့်၊ မင်းကြီးအား ကြံဖန် လီဆယ်၍ တင်လျှောက်အံ့ဟု ပြောဆိုခဲ့ပြီး မင်းကြီးထံတွင် စားတော်ကဲအား အပြစ်မရှိအောင် ကြံ၍ တင်လျှောက်လေ၏။ မင်းကြီးလည်း တံငါသည်အား ငါးများကို ထပ်မံ၍ ဆက်သ ရဦးမည်ဟု အမိန့်တော်ရှိလေသော် တံငါသည်က ယနေ့ကား မဆက်သနိုင်ပါ၊ နက်ဖြန်နံနက်မှ ဆက်သနိုင်ပါမည်ဟု တင်လျှောက်ခဲ့ပြီး နံနက်နေ အရုဏ် တက်လတ်သောအခါ ယမန်နေ့ ကဲ့သို့ သွားလေ၏။ ငါးများကို ဖမ်းဆီး၍ ယူခဲ့ပြီး မင်းကြီးအား ဆက်သပြန်ရာ မင်းကြီးလည်း အသပြာတစ်ထောင် ပေးသနားတော်မူလိုက်၏။ ထိုငါးများကိုလည်း စားတော်ကဲအား ကြော်လှော်ရန် ပေးအပ်တော်မူလိုက်သောအခါ အမတ်ကြီးလည်း အတူတကွ လိုက်ခဲ့၍ ကြည့်ရှု စောင့်ငံ့ပြီး နေလေ၏။ စားတော်ကဲလည်း ယခင်နည်းအတိုင်းကြော်၍ တစ်ဖက် ကျက်သောအခါ တစ်ဖက်ကိုလှန်မည်ပြုစဉ် စားတော်ကဲအိမ်သည် ကွဲအက်ပြီး နတ်သားလည်း ထွက်လာမြဲထွက်လာကာ ငါးတို့သည် ခေါင်းထောင်မြဲထောင်ပြီးသော် ပြောကြပြန်လေ၏။ နတ်သားသည် ဒယ်အိုးကိုမှောက်လှန်၍ ထွက်ခဲ့သောနေရာသို့ ဝင်သွားသော် စားတော်ဖို သည် ပကတိအတိုင်း ဖြစ်ပြန်လေ၏။

ထိုအခါ အမတ်ကြီးလည်း အလွန်တရာ ထူးဆန်းအံ့ဩသောအကြောင်း ဖြစ်၍ မင်းကြီးထံ သွားရောက်ပြီးလျှင် အလုံးစုံကို ပြန်ကြားလျှောက်တင်လေ၏။ မင်းကြီးလည်း သိလိုတော်မူသောဆန္ဒရှိ၍ တံငါသည်အား ခေါ်တော်မူပြီးလျှင် ထပ်မံဆက်သရဦးမည်ဟု အမိန့်တော်ရှိလေ၏။ တံငါသည်လည်း နက်ဖြန်နံနက်မှဆက်သနိုင်ပါမည်ဟု လျှောက်တင်ခဲ့ပြီး ပြန်ခဲ့လေ၏။ နံနက်နေအရုဏ် တက်သောကာလ ငါးများကို သွားရောက်ဖမ်းခဲ့ပြီးလျှင် မင်းကြီးအား ဆက်သပြန်လေ၏။ မင်းကြီးလည်း ၎င်းငါးတို့ကို အခြားအရပ်၌ မကြော်စေဘဲ

ညီလာခံရာ မှူးမတ်သေနာပတိတို့၏အလယ် မင်းရင်ပြင်ရှေ့ဝယ် မီးဖိုများကို ပြုလုပ်၍ ကြော်စေလေ၏။

## နန်းတော်ကွဲပြီး သားရဲကြီးထွက်လာပြီ

ထိုအခါ နန်းတော်သည် ထက်ခြမ်းကွဲအက်ပြီးလျှင် မည်းမှောင်နတ်ကြုတ်စွာ ဘီလူးကဲ့သို့ သဏ္ဍာန်ရှိသော သားရဲကြီးထွက်ပေါ်လာလျက် ငါးတို့သည် ယခင်ကဲ့သို့ ခေါင်းထောင်ပြီး သင်သည် ငါးတို့အား ကယ်ပါလောဟု ပြောဆိုကြလေ၏။ သရဲကြီးက ဒယ်အိုးကို မှောက်လှန်၍ ထွက်လာသောနေရာသို့ ဝင်သွားလေ၏။ နန်းတော်လည်း ပကတိအတိုင်း ပြန်၍ဖြစ်လေ၏။ မင်းကြီးသည် အလွန်တရာ ထူးဆန်းအံ့သြဖွယ်သော အကြောင်းဖြစ်၍ သိလိုတော်မူသော ဆန္ဒတော်ရှိလှသောကြောင့် တံငါသည်အား ခေါ်တော်မူပြီးလျှင် အလုံးစုံကို စစ်မေးမေးမြန်းတော်မူလေ၏။ တံငါသည်လည်း ဤငါးရှိသောအရပ်ကား ဝေးလှသည်မဟုတ်၊ အရှင်မင်းကြီး၏နန်းတော်မှ အချိန်သုံးနာရီမျှသွားလျှင် ရောက်နိုင်ပါသည်၊ ဤငါးရှိသော ရေကန်မှာလည်း တောင်လေးတောင်ခြံရံလျက်ရှိပါသည်ဟု တင်လျှောက်လေ၏။

ထိုအခါ မင်းကြီးလည်း အလွန်တရာသိလိုလှသော ဆန္ဒတော်ရှိ၍ တံငါသည်ကို ခရီးလမ်းညွှန်ကြားစေပြီးသော် တပ်တောင်တာဗိုလ်ထုနှင့်တကွ ထွက်ချီတော်မူခဲ့ကာ တောင်လေးတောင်၏ အလယ်၌ရှိသော ရေကန်သို့ရောက်မှ တပ်တော်ကို ရပ်ခိုင်းစေ၏။ အလုံးစုံကို သေချာစွာ သိလိုတော်မူခြင်းကြောင့် တစ်ကိုယ်တည်းသာလျှင် ထွက်ကြွတော်မူ၍ ဤသို့ ကြံ၏။ ငါသည် ထီးနန်းကိုစိုးမိုးစံပယ်၍ နေသည်မှာ နှစ်လတာရှည်လှလေပြီ။ အထက်ထက်က မည်သူတစ်ဦးတစ်ယောက်မှ ကြားဖူးမြင်ဖူးသည်မရှိ၊ ယခုမှတွေ့မြင်ရသည်ကား အလွန်ထူးဆန်းခြင်းဖြစ်သည်။ သို့ဖြစ်၍ ၎င်းအဖြစ်အပျက်ကို ပြန်လှန်ပြောဆိုနိုင်သောသူကို ရှာဦးအံ့ဟုကြံ၍ ဤတောင်၏ အနီးအနားဝယ် လှည့်ပတ်ကြည့်ရှုလေ၏။ မဝေးမနီး ဖြစ်သော ခရီးဝယ် နန်းတော်တစ်ခုကို မြင်လေ၏။ ၎င်းနန်းတော်ဝယ် လူသူရှိက ပြန်လှန် ပြောဆိုနိုင်ရာ အကြောင်းရှိ၏ဟု ကြံအောက်မေ့လျှင် နန်းတော်ရှိရာသို့ လာခဲ့လေ၏။ နန်းတော်တံခါးဝသို့ ရောက်သောအခါ တံခါးကိုလက်ဖြင့် သုံးကြိမ်တိုင်တိုင်ခေါက်သော်လည်း မည်သူ တစ်ဦး တစ်ယောက်မျှ မရှိ၍ ဖွင့်လှစ်ပေးမည့်သူ မရှိခြင်းကြောင့် တံခါးကိုအတင်းဖွင့်ပြီး ဝင်သွားလေ၏။

ထိုအခါ ရွှေဖြင့်လည်းကောင်း၊ ငွေ၊ ဖန်၊ စိန်၊ ကျောက်တို့ဖြင့် မွမ်းမံခြယ်လှယ်ထားသော လှပတင့်တယ်သော အဆောင်တို့ကို မြင်ရလေ၏။ ထိုအဆောင်တို့ကို လှည့်လည်ကြည့်ရှုခဲ့ပြီးသော် အဆောင်တို့၏အလယ်ရှိ သာယာနှပျိုသော ပန်းပင်များနှင့် ကြည်လင်အေးမြသော ရေပန်းရေကန်စသည်တို့၌ သာရကာ၊ ကမာ၊ ဉသြအစရှိသော ငှက်တို့သည်လည်း ကန်ထက်မှာ ဝဲပျံပျော်မြူးနေကြသည်။ ပျားပိတုန်းတောင်စာ စသည်တို့သည်လည်း အေးမြသာယာသော အသံဖြင့် သောသောညံလျက် ပင်ယံထက်၌ လူးလာပြန်သွား ပန်းဝတ်မှုန်တို့ကိုစားကာ ကစားပျော်မြူး ချစ်ကြူးလူလို မဖိုတွဲလျက် နွဲ့ယှက်မကွာ ရှိနေကြသည်။ ဉယျာဉ်၏ လေးထောင့်ရှိ လေးကောင်သော ခြသေ့်တို့မှ ကျောက်သံပတ္တမြား အစရှိသော ရတနာခုနစ်ပါးတို့သည် ခံတွင်းမှစီးသွယ်ကျလျက်နေလေ၏။ ထိုအခါ မင်းကြီးသည် စိတ်နှလုံး ကြည်နူးခြင်းဖြစ်၍ ၎င်းဉယျာဉ်ဝယ် ထိုင်တော်မူပြီးလျှင် ကြည့်ရှု၍နေလေ၏။

ထိုအခါ နန်းကျာဘုရင်တစ်ပါးသည် အလွန်တရာ ပူဆွေးဒုက္ခရောက်ခြင်းကြောင့် ဤသို့ ညည်းညူလေ၏။ ဩော် ငါသည်ကား အလွန်တရာ ဒုက္ခရောက်စွတကား အဆက်ဆက်သော ဘဝတို့မှ မည်သို့သော ဝိပါက်ပါခဲ့သနည်း။ မကောင်းကံ ကံကြမ္မာတို့သည် ငါ့အား တိုက်တွန်းနှိုးဆော်ဘိ၏တကား၊ ငါ့မှာ ကာယသုခလည်း မရှိ၊ စိတ္တသုခလည်းမရှိ၊ ငါ၏ကိုယ်သည် ပင်ပန်းဆင်းရဲစွတကား၊ ဤဘဝ၌ လူဖြစ်ကျိုးယုတ်လေစွ၊ ငါ၏မိခင်သည် ငါ့ကိုမွေးသော ကျေးဇူးမနပ်လေစွတကား၊ ဤကဲ့သို့ ခံနေရသော ဝဋ်ဒုက္ခသည် ဘယ်အခါမှ လွတ်ကင်းမည် မသိ၊ ဆင်းရဲပင်ပန်းစွာ နေရခြင်းကြောင့် ငါ၏မျက်ရည်သည် အစဉ်မပျက် စီးကျရလေ၏၊ တဏှာ၌ တပ်မက်မော၍ ကာမဂုဏ်တည်းဟူသော မိန်းမနောက်သို့ လိုက်စားပြီး သံယောဇဉ်မကင်းသောသူတို့သည် နောက်ဆုံးနေ့၌ ဤသို့သော ဒုက္ခရောက်တတ်စွကား၊ ငါ့အား တစ်စုံတစ်ယောက်သောသူတို့ကမှ မကယ်ဆယ်ကြပါလေ၊ ငါ၏ ဒုက္ခဆင်းရဲကြီးလေစွတကားဟု ညည်းညူလေ၏။

ထိုအခါ မင်းကြီးလည်း ဤသို့ ညည်းညူသောအသံကို ကြားရလေလျှင် ကရုဏာတရားဖြစ်သည်က တစ်ကြောင်း၊ ငါးတို့၏အကြောင်း ပြန်ကြားပြောဆိုနိုင်လိမ့်မည် ထင်မှတ်တော်မူသည်က တစ်ကြောင်းကြောင့် ရှာဖွေ၍ကြည့်ရှုလေ၏။ ရွှေကန့်လန့်ကာကို လှန်လိုက်သောအခါ ထိုနန်းကျာဘုရင်ကို တွေ့မြင်ရလေ၏။ မင်းကြီးသည် ၎င်းဘုရင်အား

သင်မင်းသား ကျန်းခံ့သာစွာရှိပါ၏လော၊ စားတော်ခေါ်၍ ကောင်းမြိန်ပါ၏လော၊ စက်တော်ခေါ်၍ ပျော်ပါ၏လော စသည်ဖြင့် မေးလေ၏။

နန်းကျမင်းလည်း အရှင်မင်းကြီး ကျန်းခံ့သာရှိပါ၏။ မည်သည့် အရပ်ဌာနက ကြွတော်မူခဲ့ပါသနည်း၊ မည်သည့်အရပ်သို့ ကြွတော်မူမည်နည်း၊ အရှင်မင်းကြီးကြွလာသည်ကို ကျွန်ုပ်ထ၍ အရိုအသေအလေးအမြတ် မပြုနိုင်၍ ဝတ်မကျေပွန်ရှိသည်ကို သည်းခံတော်မူပါဟု တောင်းပန်လေ၏။ ထိုအခါ မင်းကြီးက သင်မင်းသား ဤကဲ့သို့ ပြန်လှန်နှုတ်ခွန်းဆက်သည်ကို ကျေးဇူးအထူးတင်ပါပြီ၊ သို့ရာတွင် ကျွန်ုပ်အား တစ်ခုသောအကြောင်းကို ပြန်ကြား ပြောဆိုပါလော၊ သင်မင်းသား ဤအရပ်နှင့် မနီးမဝေးသောနေရာဝယ် တောင်လေးလုံးရှိ၏၊ ထိုတောင်တို့၏အလယ် ရေကန်တစ်ခုဝယ် အဖြူ၊ အပြာ၊ အနီ၊ အဝါ အစရှိသော ငါးတို့ရှိကြ၏၊ ထိုအကြောင်းကို သင်မင်းသားသိလျှင် ကျွန်ုပ်အား ပြန်ကြားပါလောဟု မိန့်တော်မူ၏။ နန်းကျမင်းသည် မည်သို့သောစကားကိုမျှ ပြန်လှန်ပြောဆိုခြင်းမပြုဘဲ ရှိုက်ကြီးတငင် ငိုယိုပြန်၏။ ထိုအခါ မင်းကြီးသည် ထိုနန်းကျမင်းအား သနားကရုဏာရှိ၍ သင်မင်းသား ငိုကြွေးခြင်းကို မပြုပါနှင့်၊ သည်းခံပါလော၊ မည်သည့်အကြောင်းကြောင့် ငိုကြွေးပါသနည်း၊ သင်မင်းသားသည် ငိုကြွေးဖွယ်အကြောင်း မရှိတကား၊ သင်မင်းသားသည် အလွန်တရာ ကောင်းမွန်သော နန်းတော်ဖြင့်လည်းကောင်း၊ သာယာနုပျိုသော ဥယျာဉ်တို့ဖြင့်လည်းကောင်း ပြည့်စုံပါသည်၊ ရွှေငွေကျောက်သံပတ္တမြားမှာလည်း မကုန်မခန်းနိုင်အောင် ပေါများကြွယ်ဝ ပါသည်၊ ဒုက္ခရောက်ဖွယ်မရှိဘဲ ဆင်းရဲဒုက္ခဖြစ်နေရခြင်းသည် မည်သို့သော အကြောင်း ကြောင့်နည်း၊ ပြန်ကြားဖြေဆိုပါလော၊ ကျွန်ုပ်လည်း သင်မင်းသားအား ကူညီ ထောက်ပံ့ နိုင်သော အကြောင်းဖြစ်ပါမူ ကူညီထောက်ပံ့ပါအံ့၊ မစိုးရိမ်လင့်၊ မပူဆွေးလင့်၊ သင်၏ ဒုက္ခပရိဒေဝတည်းဟူသော မီးတို့ကို သိမ်းဆည်း၍ ပြန်ကြားပါလော၊ သင်၏ ငိုကြွေးခြင်းကို မြင်ရ၍ ကျွန်ုပ်ပင် ဝမ်းနည်းစွတကားဟု ပြောဆိုလေ၏။

## ကျွန်ုပ်ဒုက္ခနှင့် တူသူမရှိပါ

ထိုအခါ နန်းကျမင်းက အရှင်မင်းကြီး၊ ဤကမ္ဘာဝယ် ကျွန်ုပ်၏ဒုက္ခနှင့်တူသော သူ မကြားဖူးတကား၊ အို အရှင်မင်းကြီး၊ အရှင်မင်းကြီးအား ပြန်လည်ဖြေကြားရမည်ဆိုသော် ကျွန်ုပ်၏ မျက်ရည်တို့သည် မဆည်နိုင်သည်ထက် မဆည်နိုင်အောင် ရှိတော့မည်၊ အသက်

သေရသော်မှ ကောင်းပါလေဦးမည်၊ ယခုအရှင်မင်းကြီးကို မြင်တွေ့ရ၍ အလွန်ပင် ဝမ်းမြောက်အားကိုးပါသည်၊ သို့သော် အရှင်မင်းကြီးသည် သိတော်မူလိုသောဆန္ဒရှိက ကျွန်ုပ် ပြန်ကြားဖြေဆိုပါအံ့၊ နားထောင်ပါလောဟုဆို၍ ပြန်ပြောလေသတည်း။

***

## အလက္ခဒိုင်ရလင်ကျွန်းကို အစိုးရတော်မူသောမင်းကြီး

အရှင်မင်းကြီး၊ ကျွန်ုပ်၏ခမည်းတော် မဟာမက်မင်းကြီးသည် အလက္ခဒိုင်ရလင် အမည်ရသော ကျွန်းလေးကျွန်းကို ပိုင်စိုးတော်မူ၏။ ထိုကျွန်းလေးကျွန်းသည်လည်း အခြားမှာ မဟုတ်၊ အရှင်မင်းကြီးတွေ့ခဲ့သော တောင်လေးလုံးပင်တည်း။ ၎င်းပြင် ကျွန်းလေးကျွန်းတို့ အလယ်ဝယ် အလွန်တင့်တယ်သော မြို့တော်လည်း ရှိ၏။ ထိုမြို့တော်သည်လည်း အခြားမဟုတ် ဤတောင်လေးလုံးတို့၏ အလယ်ရှိသော ရေကန်ပင်တည်း၊ ဤအကြောင်း တို့ကို ဆက်လက်၍ ပြောသောအခါ သိတော်မူပါလိမ့်မည်ဟု ဆိုပြီးလျှင် မျက်ရည်တို့ အသွယ်သွယ်စီးကျလာလေ၏။ မင်းကြီးလည်း သင်မင်းသား ပူဆွေးဒုက္ခတို့ကို သိမ်းဆည်းကာ တရားနဲ့သာဖြေပါလော၊ လောက၌ သတ္တဝါဟူသမျှ ဒုက္ခကင်းခြင်းမရှိ၊ နိဗ္ဗာန်ရမှသာလျှင် ဒုက္ခတို့သည် ကင်း၏၊ သင်၏မျက်ရည်ကို သိမ်းပါလောဟုဆို၏။

### မိဖုရားအကြောင်း ပြောပြပုံ

နန်းကျဘုရင်မင်းကလည်း အရှင်မင်းကြီး နားထောင်တော်မူပါ၊ အကျွန်ုပ်၏ ခမည်းတော် မဟာမက်မင်းကြီးသည် အသက် ခုနစ်ဆယ်အရွယ်၌ နတ်ရွာစံတော်မူရာ အကျွန်ုပ် ထီးမွေနန်းမွေကို ဆက်ခံစံစားရ၏။ အကျွန်ုပ်နှင့် သက်တူရွယ်တူဖြစ်သည်က တစ်ကြောင်း၊ အကျွန်ုပ်၏နမတော် တစ်ဝမ်းကွဲ ဖြစ်သည်တစ်ကြောင်း၊ ငယ်စဉ်အခါကပင် ကစားဖော် ကစားဖက်ဖြစ်သည်က တစ်ကြောင်းတို့ကြောင့် တောင်ညာစံ ဒေဝီမဟေသီ မိဖုရားကြီး၏အရာကို အပ်နှင်းလျက် ဘိသိတ်ခံ၍ စံနေခဲ့ပါသည်။ များမကြာမီအတွင်း သူသည် သစ္စာကတိကို ဖောက်ပြန်ကျူးလွန်မည်ကြံ၍ အကျွန်ုပ်အား ဤသို့ပြု၏။

အကျွန်ုပ်သည် ညဥ့်စက်တော်ခေါ်ခါနီးအခါ အစဉ်မပြတ်ရေကို သောက်လေ့ရှိ၏။ ထိုအခါ မိဖုရားသည် မကောင်းသောအကြံအစည်တို့ကို ကျင့်ကြံလို၍ အိပ်ပျော်စေတတ်သော ဆေးတို့ကို ခတ်ပြီးလျှင် ရေကို နေ့တိုင်း ဆက်သလေ့ရှိ၏။ ကျွန်ုပ်သည် နေထွက်တိုင်ရောက်မှ စက်တော်ခေါ်ရာမှနိုး၏။ ဤအကြောင်းကို သိလတ်သော် တစ်နေ့သ၌ အကျွန်ုပ်သည် ရေကို သောက်ဟန်ပြု၍ စက်တော်ခေါ်ဟန်ဆောင်ပြီးနေလေ၏။ မိဖုဂုားသည် စက်တော်ခေါ်ပြီ ထင်မှတ်သဖြင့် ထွက်သွားသည်။ အကျွန်ုပ်က သန်လျက်ကိုကိုင်စွဲပြီး နောက်မှ အမှတ်မဲ့ လိုက်လံကြည့်ရှုသည်။ အထပ်ထပ်သော တံခါးတို့ကို မန္တန်တို့ဖြင့် မန်းမှုတ်ဖွင့်လှစ်စေပြီး နောက်ဆုံးတံခါး ရောက်သောအခါ တံခါးကိုဖွင့်၍ ဥယျာဉ်အတွင်းသို့ ဝင်သည်၊ အလွန်တရာ မည်းမှောင်နက်ကြုတ်လျက် ကျက်သရေမရှိ၊ စက်ဆုပ်ဖွယ်ကောင်းလှသော ကပ္ပလီကြီးအား မိဖုရားသည် မည်ကဲ့သို့ သဘောထား၍ ချစ်ခင်သည်ကိုမသိ၊ ၎င်းကပ္ပလီထံ သွားသည်။

**အခစားနောက်ကျ၍ အရိုက်ခံရ**

အကျွန်ုပ်သည်လည်း သစ်ပင်၊ ပန်းပင်အစရှိသည်တို့ကို ကွယ်ကာ ပုန်းလျှိုးပြီး ကြည့်ရှုနေသည်။ သူ၏ အချစ်တော်က အခစားနောက်ကျသည်ဟု တပြာနှင်တံတို့ဖြင့် ရိုက်နက်သည်ကိုပင် ငိုယိုခြင်းမရှိ၊ ပြုံးကာရယ်ကာ ဝပ်လျှိုး၍ အခစားမပျက်နေဘိသည်။ ကျွန်ုပ်သည် အလွန်တရာ အံ့သြခြင်းဖြင့် ကြည့်ရှုနေမိသည်။ ၎င်းနောက် ကပ္ပလီကြီးသည် အကြိမ်ကြိမ်အဖန်ဖန် ရိုက်သောအခါ မိဖုရားက ဤသို့ပြောသည်။ အကျွန်ုပ်အား ချမ်းသာပေးပါ၊ အကျွန်ုပ်သည် အလွန်တရာ ချစ်ခင်ကြင်နာပါသည်၊ ကြောက်လည်းကြောက်ရွံ့ပါသည်၊ မင်းကြီးကို လင်ဟူ၍မျှ မအောက်မေ့ဘဲ သင့်အပေါ်သာ မေတ္တာအားကြီးလှပါသည်၊ ဤသို့ ပြောကာ အတူယှဉ်ပူးလျက် လမ်းလျှောက်၏၊ ကပ္ပလီကြီးက ပြန်ပြောသည်မှာ သင်သည် ငါ့အား လိမ်လည်လှည့်ဖြား၍ ပြောချေပြီ၊ ငါ့ကိုချစ်ခင်မေတ္တာရှိသည်ဟု နင်ပြောသည်မှာ မည်ကဲ့သို့သော အကြောင်းကိုထောက်၍ ငါသိရမည်နည်း၊ ယုံကြည်လောက်အောင် ငါ့အား ပြောလော့ဟုဆို၏။

ထိုအခါ မိဖုရားက ပြောသည်မှာ အကျွန်ုပ်က မေတ္တာမရှိဟု ထင်မှတ်လျှင် အရှင်အလိုရှိက ယခုအကျွန်ုပ်တို့ စံနေသော ကျွန်းလေးကျွန်းကိုလည်းကောင်း၊ မြို့တော်ကို လည်းကောင်း၊ လူသူသတ္တဝါတို့ကို လည်းကောင်း၊ လင်ဖြစ်သော မင်းကြီးအား လည်းကောင်း

နံနက်လင်းသည်က နေမထွက်မီအတွင်းတွင် ပျောက်ပျက်ဆုံးရှုံးခြင်းဖြစ်ပါစေသောဟု ပြောဆိုပြီး အတူလမ်းလျှောက်ကြသည်။ အကျွန်ုပ်သည် သန်လျက်ကို အိမ်မှုနတ်၍ ကပ္ပလီကြီးအား လည်ကိုဖြတ်ချလိုက်သော် မိဖုရားသည် ဆေးဝါးတို့ဖြင့် သုတ်လိမ်းပြီးလျှင် ဖက်ယမ်းနမ်းရှုပ်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်းတို့ကို ပြု၍နေသည်၊ အကျွန်ုပ်လည်း သေပြီ ဟူသော အမှတ်ဖြင့် နန်းတော်သို့ ပြန်လည်လာခဲ့သည်။

## တရားနင့်သာ ဖြေပါလော

ဤသို့လာခဲ့ပြီးနောက် တစ်နှစ်ပတ်လုံး မိဖုရားသည် သူ့အကြောင်း အကျွန်ုပ် မသိသော အမှတ်ဖြင့် တိတ်တဆိတ် သူ၏လင်ငယ်ရှိရာသို့ သွားပြီး ကလူကျီစယ်လျက် ချစ်ခင်ကြင်နာခြင်းများကို ဖွဲ့နွဲ့ပြောဆိုပြီး ငိုကြွေးမြည်တမ်း၍ တစ်နှစ်ပတ်လုံးနေသော်လည်း မည်ကဲ့သို့သော စကားတစ်ခွန်းကိုမျှ ဆိုမြည်တမ်းခြင်းမရှိဘဲ၊ မသိသကဲ့သို့သာ နေပါသည်ဟု မင်းကြီးအား ပြောပြပြီးလျှင် နန်းကျမင်းသည် မျက်ရည်အသွယ်သွယ်နှင့်သာ ငိုကြွေး မြည်တမ်း၍ နေလေ၏။ မင်းကြီးက ဤသို့ ပြောလေ၏။ သင်မင်းသား ငိုကြွေးမြည်တမ်းခြင်းကို မပြုပါလင့်၊ သင့်အား ဤကဲ့သို့ ယုတ်မာသော မိန်းမသည် လာ၍စောင့်မ ကယ်ဆယ်မည် မဟုတ်၊ မိန်းမတို့ မည်သည်မှာ ယုတ်မာသော အကျင့်ကိုသာ ကျင့်တတ်လှလေသည်၊ တရားနင့်သာ ဖြေပါလော၊ ပူဆွေးသောဒုက္ခတို့ကို ဖြေဖျောက်ပါ၊ သင်မင်းသား၏ ဖြစ်ပုံကို ဆက်လက်၍ သိရပါစေဦးဟု မင်းကြီးက ဆို၏။

နန်းကျမင်းက ပြောပြန်သည်မှာ အရှင်မင်းကြီး အကျွန်ုပ်သည် တရားနင့်ဖြေပါ၏။ ဖြေပင်ဖြေငြားသော်လည်း ဒုက္ခကြီးလှသူဖြစ်၍ မပြေနိုင်အောင် ရှိပါတော့သည်။ အရှင်မင်းကြီး နားထောင်တော်မူပါဦးလော၊ ၎င်းမိဖုရားသည် တစ်နှစ်ပတ်လုံး ငိုကြွေးခြင်းကိုပြုပြီးနောက် တစ်ဖန် နန်းတော်ရှေ့ဥယျာဉ်အတွင်းမှာ ဂူပုံတော်ဆောင်ဆောက်လိုသည်ဟု အကျွန်ုပ်ကို ပြောလာပြန်၍ ဆောက်စေဟူသော အမိန့်ကိုပေးရာ လှပတင့်တယ်စွာ ဆောက်လုပ်ပြီး ကပ္ပလီကြီးကို ဤဂူပုံတော်ဆောင်ထဲတွင်ပင်ထား၍ တစ်နှစ်ပတ်လုံး ငိုကြွေးမြည်တမ်းလျက် နေပါသည်။ ဤကဲ့သို့ နှစ်နှစ်ပတ်လုံးနေပြီး အကျွန်ုပ်ကို အသက်ရှိသည်ဟု မထင်မှတ်ဘဲ ဝတ်ကြီးဝတ်ငယ်ကိုလည်းမပြု၊ ၎င်းဂူပုံတော်ဆောင်ထဲသို့ သွား၍ ကပ္ပလီကြီးအား နှုတ်ခွန်း

တုံ့ပြန် စကားစမြည်ပြောပါဦးလော၊ ထတော်မူပါဦးလော၊ ထိုင်တော်မူပါဦးလော စသည်ဖြင့် ဖွဲ့နွဲ့၍ ငိုကြွေးမြည်တမ်းပြန်သည်၊ တစ်နှစ်လုံးလုံးပင်ကြာရှိပါသည်။

## နောက်ယောင်ခံ၍ လိုက်ကြည့်ရာ

ဤသို့ သုံးနှစ်စေ့သောကာလ မိဖုရားသည် မည်ကဲ့သို့သော စကားတို့ကို ပြောဆိုသည်၊ မည်ကဲ့သို့ နေထိုင်သည်ကို သိရအောင် ပူပုံတော်ဆောင်သို့ မိဖုရားသွားသောအခါ အကျွန်ုပ် အမှတ်မဲ့ နောက်ယောင်ခံ၍ လိုက်လံကြည့်ရှုသည်။ ကပ္ပလီကြီးအား ချစ်ခင်၍ မေတ္တာရှိ၍ ဤကဲ့သို့ နေရကြောင်းပြော၍ ငိုကြွေးမြည်တမ်းသည်ကို မြင်ပြန်ရသဖြင့် အကျွန်ုပ်သည် ဤသို့ပြော၏။ အသင်မိဖုရား၊ သင်သည် သုံးနှစ်တိုင်တိုင် သင်၏ သဘောဆန္ဒရှိတိုင်း ကျင့်ကြံပြီးလျှင် ငိုယိုမြည်တမ်းလျက် နေရသည်မှာ ရောင့်ရဲခြင်း မရှိသေးသလော၊ သင်သည် လွန်မင်း၍ တန်တော့လေဟု အကျွန်ုပ်က ပြောသည်။

## ဂါထာဖြင့် မန်းမှုတ်လိုက်ရာ

ထိုအခါ မိဖုရားသည် ကပ္ပလီကြီးအား သန်လျက်ဖြင့် ခုတ်ဖြတ်သည်ကို ရိပ်မိသောကြောင့် သင်ပင်ပြုလုပ်သည်ဟု အကျွန်ုပ်အား အမျက်ဒေါသထွက်၍ မန်းမှုတ်လိုက်ရာ အကျွန်ုပ် ကိုယ်တစ်ပိုင်းသည် အရှင်မင်းကြီး မြင်တော်မူသည့်အတိုင်း ကျောက်တစ်ပိုင်း လူတစ်ပိုင်းဖြစ်ပြီးလျှင် မည်သို့သောနည်းဖြင့် ဤနေရာသို့ ရောက်လာသည်ကို မသိဘဲ ရောက်နေရသည်၊ အကျွန်ုပ်ပိုင်စိုးသော ကျွန်းလေးကျွန်းလည်း အရှင်မင်းကြီး တွေ့တော်မူခဲ့သော တောလေးတောင်ပင် ဖြစ်၍သွားပါသည်။ အကျွန်ုပ်စံနေသော မြို့တော်မှာလည်း တောင်လေးလုံး၏ အလယ်ဝယ် ရေကန်ဖြစ်နေပါပြီ၊ ပသီ၊ ရေဝတီ၊ ခရစ်ယာန်၊ ပဂျိရန် အစရှိသော လူလေးမျိုးတို့မှာလည်း ၎င်းကန်၏ အတွင်းမှာ အနီ၊ အဝါ၊ အဖြူ၊ အပြာဟူသော ငါးလေးမျိုးတို့ပင်တည်း။

အရှင်မင်းကြီး၊ ဤမျှသာမကပါသေး၊ ၎င်းနေ့ကစ၍ ယနေ့ထက်တိုင် မိဖုရားသည် အကျွန်ုပ်အား လိပ်ကျောက်ဆူးတို့ဖြင့် အချက်တစ်ရာတစ်ရာ နေ့တိုင်း နံနက်စောစောလာ၍ တစ်ချက်တစ်ချက်လျှင် သွေးချောင်းစီးအောင် ရိုက်နှက်သည်။ ထိုအခါ အကျွန်ုပ်က မိဖုရားအား သင်မိဖုရား၊ ချမ်းသာပေးပါလော၊ ကျွန်ုပ်နှင့် သင်မိဖုရားကား အခြားသော

သူတို့နှင့်မတူ၊ ကျွန်ုပ်၏ဖခင် မင်းကြီးသည် သင်မိဖုရား၏ ခမည်းတော်နှင့် ညီအစ်ကိုရင်းတစ်အူတုံ့ဆင်း ဖြစ်သောကြောင့် အိမ်ရှေ့မင်း၏ အရာစည်းစိမ်ကိုပေး၍ထားရာ နတ်ရွာစံလွန်သောအခါ သင်မိဖုရားအား သားသမီးတော် အရင်းအခြာကဲ့သို့မခြား အဆိုတော်၊ အထိန်းတော်၊ နို့ထိန်းတို့နှင့်ထားသည်၊ အသင်မိဖုရားနှင့် ကျွန်ုပ် မောင်နမလည်း မောင်နမ၊ နို့လည်းနို့စို့ဖက်၊ ကစားလည်းကစားဖက်၊ ဤအခါကပင် မုန့်တစ်ခုရသော် တစ်ဖဲ့ဖဲ့၍ သင့်ကိုပေးခဲ့၏၊ တစ်ခြမ်းတစ်ဖဲ့တည်းရမူ ကျွန်ုပ်မစားမူ၍ သင့်အားသာလျှင် ပေး၏။ ထိုမျှသာမကသေး ဝတ်ချိန်၊ စားချိန်ရောက်သောအခါ၌လည်း ပတီနားတောင်း အဝတ်အစားတို့ကို မညှိုးမငယ်စေရ၊ ကျွန်ုပ်မဝတ်ဆင်ဘဲ သင့်အားပေး၏။

## တောင်ညာစံမိဖုရားမြှောက်ခဲ့

ထို့နောက် ကျွန်ုပ်ခမည်းတော် နတ်ရွာစံလွန်တော်မူသော် ကျွန်ုပ်သည် ထီးမွေ၊ နန်းမွေကို ဆက်ခံရသည်၊ ထိုအခါ အခြားသူတို့ကို ဆံတစ်ချည်ပမာဏမျှ စိတ်နှင့်ပြစ်မှားခြင်း မရှိဘဲ သင့်ကိုသာ တောင်ညာစံဒေဝီ မိဖုရားကြီးအရာကို တင်မြှောက်၍ ထားပါသည်၊ မိဖုရားကြီး တင်မြှောက်ပြီးနောက် သင့်၌အပြစ်ရှိသော်လည်း မရှိသကဲ့သို့ ကျွန်ုပ်သည် ရယ်မော၍ နေပါသည်။ အပြစ်ကြီးရှိပြန်ကလည်း ရိုက်နက်ဆဲဆို ငေါက်ငမ်းမည်ဝေး၍ ကြန္ဓေမျက်နှာထားမျှ ပျက်ယွင်းခြင်းမရှိ၊ မသိမမြင်သကဲ့သို့ နေပါသည်။ ထို့အပြင် သင်သည် စိတ်ပူခြင်း၊ စိတ်ညစ်ညူးခြင်း၊ နလုံးမသာယာခြင်း ဖြစ်ရမည်ဝေး၍ ရေကြည်တစ်ပေါက်စင်ခဲ့လျှင်ပင် ငါ၏နမတော်သည် အေးမြရှာလိမ့်မည်ဟု ဝတ်လဲတော်ပုဆိုး၊ တဘက်နှင့် သုတ်သင်၍ ပေးခဲ့သည်။ ၎င်းပြင် သင်သည် နမလည်းနမ၊ မိဖုရားလည်း မိဖုရား ဖြစ်ခြင်းကြောင့် ကျွန်ုပ်အား ချမ်းသာပေးပါဟု တောင်းပန်သော်လည်း မရချေ။ အချက်တစ်ရာ ပြည့်အောင်သာရိုက်နက်၍ ရွှေငွေကျောက်သံပတ္တမြားတို့ဖြင့် ပြုလုပ်သော ကမ္ဗလာတို့ကို ဝတ်ဆင်ပြန်လျက် မခံ့ငြားသော အမူအရာတို့ဖြင့် ပြောင်လှောင်ခြင်းကိုပြုပြီးမှ ကပ္ပလီကြီး ရှိရာသို့ သွားပါသည်ဟု အလုံးစုံပြန်ပြောပြီး နန်းကျမင်းသည် မဆည်နိုင်အောင်ပင် ငိုကြွေးမြည်တမ်း လေ၏။

## ကပ္ပလီအယောင်ဆောင်လျက် စက်တော်ခေါ်နေပုံ

ထိုအခါ မင်းကြီးသည် နန်းကျမင်းအား ဤသို့ပြောလေ၏။ သင်မင်းသား၊ စိုးရိမ်ကြောင့်ကြ ပူဆွေးခြင်း မဖြစ်ပါနှင့်၊ သင့်အား ငါစောင်မကယ်ဆယ်အံ့၊ သင့်ကို မြင်ရသောကြောင့် ငါသည် အလွန်သနား ချစ်ခင်ခြင်းနှင့်တကွ မေတ္တာကရုဏာသက်ပါ၏ဟု ပြောစဉ် မိဖုရားလာချိန်ဖြစ်၍ မင်းကြီးက တိမ်းရှောင်၍ နေသည်၊ မိဖုရားသည် နန်းကျမင်းအား ဝင်၍ရိုက်သောအခါ မင်းကြီးသည် ပူပုံတော်ဆောင် ကပ္ပလီကြီးရှိရာသို့ သွားပြီးလျှင် ကပ္ပလီကြီး အားသတ်၍ ကပ္ပလီကြီးယောင်ဆောင်လျက် စောင်ကို ခေါင်းမြီးခြုံထားသည်။ သန်လျက်ကို အနီးနားတွင်ထားပြီး စက်တော်ခေါ်ယောင် ဆောင်နေလေ၏။

## ရေကိုမန်း၍ ပက်ဖျန်းလိုက်သော်

မိဖုရားသည် မင်းအား အချက်တစ်ရာပြည့်အောင် ရိုက်နက်ပြီးသော် ခါတိုင်းကဲ့သို့ပင် ကပ္ပလီကြီးဟု ထင်မှတ်၍ ဖွဲ့နွဲ့ပြောဆိုပြီးလျှင် ထတော်မူပါဦးလော၊ စကားတို့ကိုပြန်၍ ပြောဆိုခြင်း ပြုပါလော စသည်ဖြင့် ငိုကြွေးမြည်တမ်းသည်။ ထိုအခါ မင်းကြီးက မိဖုရားအား သင်၏လင် မင်းအား ပကတိအတိုင်း ဖြစ်ပါစေလော၊ ပကတိအတိုင်းဖြစ်သောအခါ စကားပြောနိုင်လိမ့်မည်ဟု ပြောဆို၏။ မိဖုရားလည်း ကပ္ပလီကြီးဟု ထင်မှတ်၍ ကောင်းပါပြီ၊ ရှေးကကဲ့သို့ ပကတိဖြစ်စေအံ့ဟု ပြောခဲ့ပြီးသော် ရေကိုမန်း၍ ပက်ဖျန်းသည်၊ ထို့နောက် ပကတိအတိုင်း ဖြစ်လေသော် နန်းကျမင်းအား နင် ဤနန်းတော်၌မနေနှင့်၊ အဝေးမြို့ကျေးရွာသို့ သွားလောဟု ရိုက်နက်ပြီး ပြန်လာခဲ့လေ၏။

## ပကတိအတိုင်း ပြန်ဖြစ်ကြပြီ

နန်းကျမင်းလည်း မိဖုရားအား ကြောက်ရွံ့ခြင်းကြောင့် ပုန်းလျှိုး၍နေလေ၏။ မိဖုရားလည်း မင်းသည် ရှေးကကဲ့သို့ဖြစ်ပါစေ၊ စကားပြောပါလော၊ ထပါထိုင်ပါလောဟု ပြောလေ၏။ ထိုအခါ မင်းကြီးက ပြောပြန်သည်မှာ၊ သင်မိဖုရား၊ သင်နှင့်ငါ အတူတကွ သွားလာ နေထိုင်လို၍ ရှေးကကဲ့သို့ ပကတိအတိုင်း ဖြစ်လိုပါမူ တောင်လေးလုံးတို့ကို လည်းကောင်း၊ ရေကန်တို့ကို လည်းကောင်း၊ ငါးတို့ကို လည်းကောင်း ပကတိအတိုင်း ဖြစ်စေဦးလောဟု ပြောပြန်၏။ မိဖုရားလည်း ရှေးကကဲ့သို့ပင် အထင်နှင့် ဝမ်းပန်းသာလှစွာ

ယခု ငါ၏ အလိုဆန္ဒပြည့်စုံတော့မည်ဟု ထင်မှတ်၍ ရေဖြင့် ပက်ဖျန်းလိုက်သည်။ တောင်လေးလုံးတို့မှာလည်း အလက္ခိအိုင်ရလင်ကျွန်းလေးကျွန်း၊ ကန်မှာလည်း နေပြည်တော်၊ အနီ၊ အဝါအစရှိသော ငါးတို့မှာလည်း လူလေးမျိုးတို့ပင်၊ ရှေးကကဲ့သို့ နန်းတော်မှာလည်း နန်းတော်၊ ကျောင်းနေရာမှာလည်းကျောင်း၊ အိမ်နေရာမှာလည်း အိမ်၊ ဈေးနေရာမှာလည်း ဈေး၊ ဥယျာဉ်နေရာမှာလည်း ဥယျာဉ်တို့ပြန်ဖြစ်လေ၏။ ထိုအခါ မိဖုရားလည်း ပြန်လည်ခဲ့ပြီး အလုံးစုံတို့သည် ရှေးကကဲ့သို့ ချို့ယွင်းခြင်းမရှိ ဖြစ်ပါပြီ၊ ထတော်မူပါလော၊ ထိုင်တော်မူပါလော စသည်ဖြင့် ပြောလေ၏။ မင်းကြီးလည်း ယခုကား မိဖုရားကိုသတ်ရန်အချိန်တန်ပြီဟု အောက်မေ့ပြီးလျှင် မိမိအနား၌ထားသော သန်လျက်ကိုယူ၍ မိဖုရား၏လည်ကို ဖြတ်လေ၏။

မိဖုရားသေသောကာလ မင်းကြီးလည်း နန်းကျမင်းနှင့်အတူ တိုင်းပြည်နိုင်ငံကို လှည့်လည်ကြည့်ရှုပြီး နန်းကျမင်းအား ဤသို့ပြောဆိုလေ၏။ အသင်မင်းသား ယခုကား သင်၏ အလိုဆန္ဒပြည့်စုံပြီ၊ ငါသည်လည်း ပြည်တော်သို့ ပြန်တော်မူမည်၊ သင်မင်းသားလည်း နန်းစံမြဲနန်းစံရစ်လော၊ ထိုအခါ နန်းကျမင်းက မင်းကြီးအား ဤသို့ပြောလေ၏။ အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် မြင်းမိုရ်တောင်မျှမက အလွန်တရာကြီးမားလှသော ကျေးဇူးရှင် ဖြစ်ပါသည်။ အရှင်မင်းကြီးသည် ကျွန်ုပ်ကို သားဟူသောအမှတ်ဖြင့် ထားတော်မူ၍ အကျွန်ုပ်၏ ကျွန်းလေးကျွန်းကို သိမ်းယူပြီး နန်းစံတော်မူပါ၊ အရှင်မင်းကြီးသည် ပြည်တော်သို့ ပြန်လည်တော်မူမည် ဆိုသော်လည်း သုံးနှစ်ပတ်လုံးပြန်မှ ရောက်ပါမည်၊ အထက်ကကဲ့သို့ မဟုတ်ပါဟု ပြော၏။

မင်းကြီးက သင်မင်းသား၊ သင်ပြောဆိုသည်မှာလည်း ဟုတ်၏။ သို့သော် ပြည်တော်သို့ ပြန်ဦးမှ တော်ချေမည်။ သင်မင်းသားကိုလည်း သားအရင်းကဲ့သို့ ငါအလွန်တရာ ချစ်ခင်မေတ္တာရှိ၏။ ငါ၏ ပြည်တော်သို့ လိုက်ခဲ့ရမည်ဟု ခေါ်တော်မူရာ ပြည်တော်သို့လိုက်သဖြင့် ဆိုက်ရောက်သောကာလ အထက်က တံငါသည်အား ခေါ်၍ တံငါသည်၏ သမီးနှစ်ယောက်အား အကြီးကို မင်း၏ မိဖုရားအရာသို့ မြှောက်တင်သည်။ အငယ်ကို ထိုမင်းနှင့် ထိမ်းမြားလက်ထပ်၍ ပေးသည်။ တံငါသည်ကို ဘဏ္ဍာစိုးအရာပေးပြီး ထိုမင်း စံနေသော အလက္ခိအိုင်ရလင်ကျွန်းလေးကျွန်းကို အမတ်ကြီးအားပေး၍ မင်းပြုလုပ်စေသတည်း။

ရှာရာဇတ်သည် တံငါသည်ပုံပြင်ဝတ္ထုကို လျှောက်တင်ပြောဆိုပြီးလျှင် ညီမငယ်အား မနာလို ဝန်တိုမစ္ဆရိယ ဖြစ်ကြသော ညီမတို့၏ အကြောင်းကား အထူးပင်အံ့ဩပြင် ကောင်းလှပါသည်ဟုဆိုကာ ဤသို့ဆက်၍ တင်လျှောက်ရလေသတည်း။

***

## မနာလိုဝန်တိုသူ ညီအစ်မများ

ရှေးလွန်လေပြီးသောအခါ ပါရှားပြည်၌ ထီးနန်းစိုးစံတော်မူသော မင်းတစ်ပါးသည် သားတော်စရိုစချ အမည်ရှိသော မင်းသားကို အိမ်ရှေ့ဥပရာဇာဘွဲ့အမည်ပေးသနားတော်မူ၍ အိမ်ရှေ့မင်းအဖြစ် ထားတော်မူ၏။ အိမ်ရှေ့မင်းသည် ခမည်းတော်၏ စိုးမိုးစံပယ်ခြင်းကို ပြည်သူပြည်သားတို့ နှစ်ခြိုက်၊ မနှစ်ကြိုက်ကို လည်းကောင်း၊ တိုင်းရေးပြည်မှုငြိမ်သက်သည်၊ မငြိမ်သက်သည်ကို လည်းကောင်း၊ အစဉ်မပျက်ကြားသိတော်မူလိုသော ဆန္ဒရှိသူဖြစ်သည်။ သို့ဖြစ်၍ သူလျှိုအမတ်တို့ကို မခိုင်းစေဘဲ ကိုယ်တော်တိုင်ပင် လက်သုံးတော်ရွှေဓားစွဲ အမတ်ကြီးကိုခေါ်တော်မူကာ နေ့စဉ်ညဥ့်အခါ လှည့်လည်စုံစမ်းသည်။ အိမ်ရှေ့မင်းအဖြစ် မသိစေရန် ဆင်းရဲသားကဲ့သို့ ဝတ်စားဆင်ယင်တော်မူသည်။

ထို့နောက် များမကြာမီ ခမည်းတော်မင်းကြီး နတ်ထံပြောင်းကြွတော်မူသဖြင့် ထီးနန်းကို သိမ်းမြန်းစိုးစံ အုပ်ချုပ်တော်မူရလေ၏။ မင်းအဖြစ်သို့ ရောက်သော်လည်း ရှေးကကဲ့သို့ပင် တိုင်းပြည်ကိုလှည့်လည်စုံစမ်း ထောက်လှမ်းတော်မူလေ၏။ တစ်ညဥ့်၌ လက်သုံးတော် ရွှေဓားစွဲအမတ်ကြီးကို ခေါ်တော်မူ၍ တိုင်းပြည်ကို လှည့်လည်တော်မူစဉ် တိုင်းပြည်၏ အစွန်ဖြစ်သော အနောက်မျက်နှာအရပ်ဝယ် အလွန်တရာ နုပျိုလှပ တင့်တယ်သော ညီမသုံးယောက်တို့ တစ်ယောက်နှင့်တစ်ယောက် ဆွေးနွေးတိုင်ပင် နေကြသော အိမ်၏ အနီးအပါးသို့ ရောက်တော်မူလေ၏။ သူတို့ မည်သို့သောစကားကို ပြောကြားမည်နည်းဟု သိလိုတော်မူသောကြောင့် ငြိမ်သက်ဆိတ်ကွယ်သော နေရာက ချောင်းမြောင်း၍ နားထောင်တော်မူလေ၏။

## ညီအစ်မတို့ပြောဆိုနေကြပုံ

ထိုအခါ အစ်မကြီးက ညီမအလတ်၊ ညီမအငယ်တို့ကို ပြောဆိုသည်မှာ ငါ၏ ညီမများတို့၊ ရှေးလူကြီးတို့၏ ဆိုရိုးစကား ရှိသည့်အတိုင်း ဆံထုံးရှိက သျှောင် (ရောင်) ရှိမှ တင့်တယ်ဆိုသည်၊ ငါ၏ အိမ်ထောင်ရှင်လင်၏ အဖြစ်ဖြင့် ဘုန်းတော်ကြီးလှသည်၊ ရွှေနန်းရှင်၏ စားတော်ကဲကိုရလျှင် အလိုရှိသော သားငါးဟင်းလျာမုန့်တို့ကို စားရမည်၊ ထိုအခါ ငါ၏အလိုဆန္ဒပြီးတော့သည်ဟု ပြောဆို၏။ ထို့နောက် ညီမအလတ်က အစ်မ၊ ညီမတို့ ကျွန်မမှာလည်း အိမ်ထောင်ရှင် လင်၏အဖြစ်ဖြင့် ဘုန်းတော်ကြီးလှသော ရွှေနန်းရှင်၏ ဘဏ္ဍာစိုးကိုရပါက ပတီး နားတောင်း လက်ဝတ်လက်စားမှစ၍ အစားအသောက်မှာ ဆိုဖွယ်ရာမရှိ ပေါများ၍ မကုန်မခန်းနိုင်အောင် ရှိမည်၊ ထိုအခါ ကျွန်မအလိုဆန္ဒလည်း ပြီးငြိမ်းတော့သည်ဟု ဆိုလေ၏။ ထို့နောက် အငယ်ဆုံးဖြစ်သော ညီမသည် အလှ အယဉ်ကျေးဆုံး ဖြစ်သည်နှင့် ကောက်ပင်ရိတ်လှည်းစကားဖြင့် ညီအစ်မနှစ်ဦးတို့ ပြောဆိုကြသော စကားကို သိမ်းခြုံကာ ဤသို့ပြောဆိုသည်။ ကျွန်မလည်း အစ်မများကဲ့သို့ အိမ်ထောင်ရှင် လင်၏အဖြစ်ဖြင့် ထီးနန်း တိုင်းပြည်ကို အုပ်စိုးစံမြန်းသော ရွှေနန်းရှင်ကိုရပါက တစ်တိုင်းတစ်ပြည်လုံး ကျွန်ုပ်လက်အောက် ခြေသား အခြွေအရံအသင်းအပင်း ဖြစ်ကြတော့မည်၊ ထိုအခါ လက်ဝတ်လက်စား ပတီး၊ နားတောင်းဆိုသည်မှာ ကျွန်မ မသုံးစွဲလိုမှ တခြားသူတို့ သုံးစွဲရတော့မည်၊ အစားအသောက်၊ ခဲဖွယ်ဘောဇဉ် မုန့်ပဲ သားရေစာမှာလည်း ကျွန်မက ကျန်မှ သူတကာတို့ စားသောက်ရမည်၊ သို့ဖြစ်၍ ရွှေနန်းရှင် ဘုရင်ဧကရာဇ်ကို ရပါက ကျွန်ုပ်၏ အလိုဆန္ဒပြီးတော့သည်ဟု ပြောဆိုလေ၏။

ထိုစကားများကို ပြောဆိုပြီးကာလ ညီအစ်မသုံးဦးတို့သည် တစ်ယောက်နှင့် တစ်ယောက် ရယ်မောကြ၍ အိပ်ရာခန်းအတွင်းသို့ ကိုယ်စီဝင်ကြလေ၏။ မင်းကြီးလည်း ရွှေဓားစွဲအမတ်ကြီးကို အမိန့်တော်ရှိသည်မှာ ၎င်းအိမ်ကို အမှတ်အသားထားခဲ့၍ နံနက်မိုးသောက် ညီလာခံသို့ဝင်သောအခါ ငါ၏ အမိန့်တော်နှင့် ၎င်းညီအစ်မသုံးဦးကို ငါ၏ရှေ့တော် အခစားဝင်စေရမည်ဟု အမိန့်တော်ရှိပြီးလျှင် ပြန်တော်မူလေ၏။ နံနက်မိုးသောက် ရောက်သောကာလ အမတ်ကြီးလည်း ၎င်းညီအစ်မသုံးဦး အိမ်သို့သွားရောက်ပြီးလျှင် ရှေ့တော်သို့ အခစားဝင်ရန် အမိန့်တော်ရှိကြောင်းကို ပြောဆိုပြီး အတူတကွ အပါခေါ်ခဲ့၍ ရှေ့တော်ဝယ် အခစားဝင်ကြသည်။ မင်းကြီးက ယမန်နေ့ညက မည်သို့သောစကားကို သင်တို့

ပြောဆိုတိုင်ပင်ကြသနည်းဟု အမိန့်တော်ရှိသောအခါ ညီအစ်မသုံးဦးတို့သည် အံ့အားသင့်၍ ရှက်ကြောက်ခြင်းကြောင့် မျက်နှာအောက်ချ၍ ငုံ့ပြီးလျှင် ခစားနေကြလေ၏။ ရွှေနန်းရှင် မင်းမြတ်ကလည်း ကြောက်ရွံ့မှုကို သိတော်မူသောကြောင့် အကြောက်အလန့်မရှိကြနှင့်၊ ဟုတ်မှန်သည့်အတိုင်း လျှောက်တင်ကြရမည်ဟု အမိန့်တော်ရှိသည်၊ ထိုအခါ ဟုတ်မှန်သည့် အတိုင်း ကိုယ်စီပြောဆိုမိကြသည်ကို တင်လျှောက်ကြလေ၏။

ထိုအခါ မင်းကြီးက ၎င်းတို့သုံးဦး အလိုဆန္ဒရှိကြသည့်အတိုင်း အစ်မအကြီးကို စားတော်ကဲ၊ ညီမအလတ်ကို ဘဏ္ဍာစိုးနှင့် ထိမ်းမြားပေးစားပြီး ညီမအငယ်ကို တောင်တန်း မိဖုရားကြီးဘွဲ့ကိုခံစေ၍ အဘိသိတ်သွန်းလောင်းပြီးလျှင် မိဖုရားကြီးအဖြစ်ဖြင့် တင်မြှောက် စေလေ၏။ ထို့နောက် မိဖုရားက သားတော်နှစ်ပါး၊ သမီးတော်တစ်ပါး ဖွားမြင်သည်။

ထိုအခါ အစ်မကြီးနှစ်ယောက်က ညီမငယ်ကောင်းစားနေသည်ကို မကြည့်လို၊ မနာလို၊ ဝန်တိုမစ္ဆရိယ ဖြစ်ခြင်းကြောင့် အကောက်ကြံကြသည်။ မိဖုရားကြီး၏ သားတော်နှစ်ပါးနှင့် သမီးတော်တစ်ပါးကို တောင်းမှာထည့်၍ ရေတွင်မျှောလိုက်လျှင် ရွှေနန်းရှင်က သားသမီးတို့ကို မမြင်၍မေးမြန်းတော်မူလိမ့်မည်။ ဤအခါ မိဖုရားကြီးမပြောနိုင်လျှင် ဇကန်မုချတစ်ခုခုသော အပြစ်ကိုပေးလိမ့်မည်။ ပေးသောအခါ ဤကဲ့သို့သော ထီးနန်းစည်းစိမ်တို့ကို မစံစားရပြီ၊ ဤသို့ ပြောဆိုတိုင်ပင်ကြပြီး သားသမီးတို့ကို ရေတွင်မျှောလိုက်ကြ၏။

## မိဖုရားအဖြစ်နှင့် မတန်၍

နံနက်မိုးသောက်ရောက်သော် ရွှေနန်းရှင်ဘုရင်မင်းမြတ်သည် သားတော်၊ သမီးတော် တို့ကို မမြင်သောကြောင့် အမေးတော်ရှိသည်မှာ အို ငါ၏ အလွန်တရာ ချစ်မြတ်နိုးတော်မူ ရသော တောင်ညာစံဒေဝီမိဖုရားကြီး၊ ငါသည် ယနေ့နံနက် စောစောကပင် ငါ၏ရင်သွေးတော် ဖြစ်သော သားတော်၊ သမီးတော်တို့ကို မမြင်ရပြီ၊ ငါသည် နေ့စဉ်မပြတ် ကျောက်ကောင်း၊ ကျောက်မျက်ရတနာတို့ကို ကြည့်ရှုဘိသကဲ့သို့ သားတော်၊ သမီးတော်တို့ကို ကြည့်ရှုတော် သည်၊ ယနေ့ ငါ၏ သားတော် သမီးတော်တို့ကို မမြင်ရ၊ အသံမျှလည်းမကြားရ၊ အဘယ်မှာ နည်းဟု မေးတော်မူလေ၏။

ထိုအခါ မိဖုရားကြီးလည်း မွေးဖွားစ တစ်နှစ်၊ နှစ်နှစ် စကားမပြောတတ်သေးသော သူငယ်ကဲ့သို့ လည်းကောင်း၊ အစာအာဟာရတို့ ပါးစပ်တွင်ပြည့်နေ၍ ချက်ချင်း

စကားတုံ့ပြန်ကာ မဆိုနိုင်သောသူကဲ့သို့ လည်းကောင်း၊ ဆွံ့အထိုင်းမှိုင်း ဖြစ်နေသောသူကဲ့သို့ လည်းကောင်း၊ တစ်ခွန်းသောစကားကိုမျှ တုံ့ပြန်တင်လျှောက်ခြင်း မပြုနိုင်၊ မင်းကြီးက အမျက်ဒေါသထွက်၍ အမိန့်တော်ရှိသည်မှာ ငါ၏အပါးဝယ် မအားမလပ် မပျက်နေ့ည ခစားကြသည့် ဉာဏနိုင်းချိန် မတ်ကဝိန်တို့၊ ငါသည် ငါ၏ မိဖုရားကြီးအား အလွန်တရာ ချစ်မြတ်နိုးသည့်အတိုင်း အထူးသဖြင့် ချီးမြှင့်မြှောက်စားထားတော်မူသည်၊ ယခုမှာမူ ငါ၏ သားတော်တို့ကို ငါမမြင်ရ၍ မေးတော်မူသော်လည်း ဘယ်မှာရှိသည်ဟု မတင်လျှောက်နိုင်၊ တောင်းစုတ်၊ ပလုံးစုတ်များကဲ့သို့ လည်းကောင်း၊ အထိန်းမရှိသော ချည်ခင်ကဲ့သို့ လည်းကောင်း၊ အကွပ်မရှိသော တောင်းကဲ့သို့ လည်းကောင်း၊ အဆီမပါသော အသားကဲ့သို့ လည်းကောင်း၊ မင်းမဲ့သော တိုင်းပြည်ကဲ့သို့ လည်းကောင်း၊ သားသမီးများကို ကြည့်ရှု စောင့်ကြပ်ခြင်း မရှိ၍သာလျှင် ငါ၏သားတော်၊ သမီးတော်တို့ ပျောက်ခြင်းမလှ၊ ပျောက်ဆုံး ရချေပြီ၊ သို့ဖြစ်၍ ဤကဲ့သို့သော မိန်းမသည် မိဖုရားကြီးအဖြစ်နှင့် မတော်၍ ယခုပင် ငါ၏နန်းတော်မှ ဆွဲငင်ကာ လမ်းလေးခွဝယ် သံကွန်ချာ ခုနစ်ထပ်အုပ်လျက် မသေရုံသော အစာအာဟာရတို့ကို ကျွေးမွေး၍ ထားကြလေဟု မိန့်တော်မူ၏။ ထိုအခါ အမတ်ကြီးများလည်း မိဖုရားကိုနန်းတော်မှခေါ်၍ လမ်းလေးခွဝယ် သံကွန်ချာ ခုနစ်ထပ်အုပ်၍ ထားလေ၏။

**တောင်းနှင့်မျောလာသော ကလေးများ**

တောင်းတွင်ထည့်၍ မျှောလိုက်သော သားတော်နှစ်ပါး၊ သမီးတော်တစ်ပါးလည်း ရေတွင် အစဉ်သဖြင့်မျော၍ ၎င်းပါရှားတိုင်းပြည်၏ တောင်မျက်နှာ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးကြီး၏ ဥယျာဉ်အစွန် သစ်ပင်ခြေရင်း၌ ထိုတောင်းသည် ငြိတွယ်၍ တင်လေ၏။ ထိုနေ့၌ သူဌေးကြီးသည် ကောင်းမွန်ထူးမြတ်သော ဆီဦးထောပတ် ပျားသကာ တို့ကို စားသောက်ပြီးလျှင် ဥယျာဉ်သို့ သွားရောက်ကြည့်ရှုရာ သစ်ပင်ခြေရင်း၌ ကပ်ငြိလျက် ရှိသော တောင်းကိုတွေ့၍ ယူငင်ကြည့်ရှုသည်။ ထိုအခါ ၎င်းကလေးသုံးယောက်ကို တွေ့မြင်ရလျှင်ပင် စားလိုဆဲတွင် မုတ်ဆိတ်ဖျား၌ ပျားလာ၍စွဲဘိသကဲ့သို့ သားသမီး အထောက်အခံမရှိ၍ အလိုရှိစဉ်ကိုရသောကြောင့် အလွန်တရာ ဝမ်းမြောက်ဝမ်းသာခြင်း ဖြစ်လေ၏။ ထိုကလေးတို့ကို အိမ်သို့ယူဆောင်ခဲ့ကာ ကောင်းမွန်စွာကျွေးမွေးသုတ်သင်၍ ထားလေ၏။

## ကဝေမကြီး၏ စကားသုံးခွန်း

ထိုကလေးသုံးယောက်တွင် အစ်ကိုအကြီးကား ဘာမန်၊ ညီအလတ်ကား ပါဘီ၊ အငယ်နမမှာ ပယ်ဒီဇဒီဟူသော ဘွဲ့ကို ပေးလေ၏။ ထို့နောက် အရွယ်သို့ရောက်သော် သူဌေးကြီးလည်း အိုမင်း၍ ဇရာဒုဗ္ဗလအရွယ်သို့ရောက်ပြီး သေဆုံးလေ၏။ သူဌေးကြီး၏ ဥစ္စာဘဏ္ဍာ အိမ်ထောင်ပရိဘောဂတို့ကို ၎င်းမောင်နမသုံးဦးပင် ခံစံကြလေ၏။ ထိုအခါ နမအငယ်သည် ရက်ကြောက်တတ်သော အရွယ်ဖြစ်သဖြင့် ငါလည်း အိမ်တစ်လုံး ဆောက်လုပ်၍ နေမည်ဟု အကြံအစည်ပြုဆဲတွင် စုန်းပယောဂ ရှိန်းဝင်ဆာယာ အစရှိသော အတတ်ကို တတ်ကျွမ်းလိမ္မာသော ကဝေမကြီးတစ်ယောက်သည် လူယောင်ဖန်ဆင်း၍ ၎င်းသတို့သမီးအား ဤသို့ပြောဆိုလာသည်။ အို သတို့သမီး၊ သင်သည် ကောင်းမွန်စွာ နေလိုသော ဆန္ဒရှိပါက လူကဲ့သို့ စကားကို ပြန်လှန်ပြောဆိုနိုင်သော ကျေးတစ်ကောင်ရှိရမည်၊ ထို့ပြင် တူရိယာနတ်စောင်းကဲ့သို့ အလိုလိုမြည်သော သစ်ပင်တစ်ပင်ရှိရမည်၊ မြေမှာ အစက်ချလျှင် မြောက်ကျွန်းသူများကဲ့သို့ ရွှေပဒေသာပင်ကို ပေါက်စေတတ်သော ရွှေရေ ကိုလည်း ရရှိစေရမည်။ ၎င်းသုံးမျိုးရှိမှသာလျှင် လူ့ပြည်ဝယ် အတုမရှိသော စည်းစိမ်သုခကို သင်စံစားရလိမ့်မည်။ ၎င်းသုံးမျိုးတို့ကိုသာ ရှာကြံပါဟု မှာထား၍ ကဝေမကြီးလည်း ပြန်လေ၏။

## နမစိတ်ချမ်းသာစေဖို့

ပယ်ဒီဇဒီနမငယ်လည်း အလွန်တရာ လိုချင်တပ်မက်သော ဆန္ဒရှိ၍ မောင်ကြီး များအား ရှာကြံပေးပါမည့် အကြောင်းကို ပူဆာလေ၏။ ထိုအခါ မောင်ကြီးဖြစ်သော ဘာမန်သည် ဤသို့ကြံအောက်မေ့၏။ ငါတို့မောင်နမသုံးယောက် ရှိသည့်အနက် ပယ်ဒီဇဒီနမ တစ်ယောက်သာ ရှိသည်တစ်ကြောင်း၊ ငါသည် မောင်အကြီး ဖြစ်သည်တစ်ကြောင်း၊ အမိအဖမရှိ၍ ငါတို့ချည်းသာ နေထိုင်ကြရသည် တစ်ကြောင်းတို့ကြောင့် ငါ၏နမအလိုရှိသော ကျေးငှက်သစ်ပင်တို့ကို ရှာကြံပေးမှသာလျှင် ငါ့နမ စိတ်လက်ချမ်းသာရတော့မည်ဟု စဉ်းစားပြီး နမငယ်အား ငါ၏နမ ပူပန်သောကမရှိလင့်၊ ယခု ငါသွားရှာအံ့ဟုပြော၍ မြင်းကိုစီးနင်းပြီး ထွက်သွားလေ၏။ အစဉ်သဖြင့် သွားလေသော် အတော်ဝေးကွာသော ခရီးဝယ် ရသေ့ကြီးတစ်ပါး တည်းခိုနေထိုင်သော ကျောင်းသခ်မ်းသို့ ဝင်ရောက်၍

ရသေ့ကြီးအား မေးမြန်းတင်လျှောက်ပြီး အကြောင်းစုံ ပြန်ကြား လျှောက်ထားသဖြင့် ရသေ့လည်း သိလေ၏။

## ရသေ့ကြီးပြောစကား

ရသေ့ကြီးက ဤသို့အမိန့်တော်ရှိလေ၏။ အသင်ဒါယိကာ၊ သင်အလိုရှိသော ကျေးကို လည်းကောင်း၊ သစ်ပင်ကို လည်းကောင်း၊ ရွှေရေကို လည်းကောင်း၊ ဤသုံးမျိုးရှိသော အရပ်ကား ငါသိ၏။ သို့သော် သင်သွား၍ မတော်ချေ။ မတော်သည့် အကြောင်းမှာ ငါ၏ကျောင်းမှသွားလျှင် ပထမဝေဠုကန္တာရတည်း၊ ၎င်းဝေဠုကန္တာရတောကြီးကို ခုနစ်ရက်မျှ သွားရလိမ့်မည်။ ဤခရီးကလွန်လျှင် ရက္ခိတပဗ္ဗတတောင်သို့ ရောက်လိမ့်မည်၊ ရက္ခိတပဗ္ဗတတောင် ဆိုသည်မှာ ဘီလူး၊ သရဲ၊ သဘက်တို့ စောင့်၍နေသော တောင်ဖြစ်သည်။ ထိုသရဲ၊ သဘက်၊ ဘီလူးတို့သည် အလွန်တရာ ဆိုးသွမ်းခြင်းကြောင့် သင့်ကို မသွားစေလို၊ သွားရောက်ကြသော သတ္တဝါအပေါင်းတို့ အသက်လည်းဆုံးရှုံး၍ ကျောက်အတိကြီးပင် ဖြစ်ကြောင်းကို ငါကြားသိရသောကြောင့် သင်လည်း ထို့အတူဖြစ်မည်ကို ငါစိုးရိမ်လှ၍ မသွားစေလိုဟု တားမြစ်လေ၏။

ထိုအခါ ဘာမန်က ရသေ့အား လျှောက်ထားပြန်သည်မှာ အရှင်ဘုရား၊ တပည့်တော် ဤတောင်သို့ မသွားဘဲမနေနိုင်ပြီ၊ သို့ရာတွင် တပည့်တော်ကိုသာ နှုတ်၏စောင်မခြင်း၊ လက်၏ စောင်မခြင်းဖြင့် မတော်မသင့်သည်ကို တားမြစ်၍ တော်သင့်သောအရာကို ဆုံးမသြဝါဒ ပေးတော်မူပါဟု လျှောက်ထားလေ၏။

## ရသေ့ကြီးက ပထမံဆေးလုံး ပေးလိုက်ပြီ

ထိုအခါ ရသေ့ကြီးက ခရီးလမ်းညွှန်ကြား၍ ပထမံဆေးလုံးကို ပေးလိုက်လေ၏။ ပထမံဆေးလုံး၏ အာနုဘော်မှာ ၎င်းပထမံဆေးသည် သင်သွားလိုသော တောင်ကို ရှေ့ကလမ်းပြ၍ လိမ့်ပြီးလျှင် သွားလိမ့်မည်၊ ထိုအခါ သင်သည် မြင်ကို စီး၍ အစဉ်တစိုက် လိုက်လေတော့၊ ခုနစ်ရက်ကြာလျှင် ရက္ခိတပဗ္ဗတ တောင်ခြေရင်းသို့ ရောက်အံ့၊ ဤအခါ သင်သည် သတိကိုမြဲမြံစွာထား၍ တက်လေ၊ တောင်ထက်သို့ရောက်လျှင် ဘီလူး၊ သရဲ၊ သဘက်တို့၏ အော်ဟစ်ခြိမ်းခြောက်ကျိန်းဝါးသံများ တစ်တောင်လုံးညံပွဲညံပွဲမျှ ဝဲဂယက်သံ

ကဲ့သို့ ကြားလိမ့်မည်။ ၎င်းကဲ့သို့ ခြိမ်းခြောက်ခြင်းကို ပြုသော်လည်း သင်သည် နောက်ကိုပြန်လှန်၍ မကြည့်မရှုလေလင့်၊ ကြည့်ရှုမိက သင်သည် မြင်းနှင့်တကွ ကျောက်အတိ ဖြစ်လိမ့်မည်၊ မကြည့်မရှုဘဲ ရဲရင့်စွာသွားလျှင် တောင်ထိပ်သို့ရောက်ကာ သင်အလိုရှိသော ကျေးကို တွေ့လိမ့်မည်။ ၎င်းကျေးကို မိအောင်ဖမ်းဆီး၍ တူရိယာနတ်စောင်းကဲ့သို့ မည်သော သစ်ပင်ကို လည်းကောင်း၊ ရွှေပဒေသာပင်များကို ပေါက်ရောက်စေနိုင်သော ရွှေရေကို လည်းကောင်း၊ သင်အလိုရှိသမျှ ရရှိလိမ့်မည်ဟု လွှတ်လိုက်လေ၏။

## မြင်းရော၊ လူပါကျောက်ဖြစ်လေပြီ

ဘာမန်လည်း ဆေးကိုရှေ့ကချ၍ ဆေးသွားရာနောက်က အစဉ်တစိုက်လိုက်လေ၏။ ခုနစ်ရက် ရောက်သောကာလ တောင်ခြေရင်းသို့ရောက်၍ မြင်းနှင့်ပင် တောင်ထက်သို့ တက်သည်။ ဘီလူး၊ သရဲ၊ သဘက်တို့ ခြိမ်းခြောက်သော အသံကို အလွန်တရာ ကြောက်ရွံ့ခြင်းကြောင့် နောက်ကိုပြန်ကြည့်ရှုမိလျှင် မြင်းနှင့်တကွ ကျောက်ဖြစ်လေ၏။

အိမ်တွင်ကျန်ရှိသော ပါဘီက နမအငယ် ပယ်ဒီဇဒီအား ပြောဆိုသည်မှာ အို ငါ၏နမ၊ သင်သည် အလွန်တရာ ပူဆာခြင်းကြောင့် သင့်အလိုကိုလိုက်၍ အစ်ကိုဖြစ်သောသူသည် ရှာဖွေခြင်းငှာ သွားသည်မှာ ရက်ပေါင်းအတော်ကြာခဲ့ပြီ၊ ယနေ့တိုင်ပြန်မလာသေး၊ မည်သည့် အကြောင်းကိုမျှ မသိရ၊ သို့ဖြစ်၍ အကြောင်းကို သိသာအောင် ငါ ထပ်မံ၍လိုက်ဦးမည်၊ သင်သာ ကောင်းမွန်စွာ သတိဝီရိယထားပြီး နေရစ်ပါဟု မှာထားခဲ့၍ သွားလေ၏။ သွား၍ ခရီးအတန်ငယ် ရောက်လေလျှင် ရသေ့ထံသို့ပင်ရောက်၍ လျှောက်ထား မေးမြန်းလေသော် အစ်ကိုကဲ့သို့ပင် တားဆီး၍ မရခြင်းကြောင့် ဆေးတစ်လုံးကို ပေးအပ်လိုက်ပြီး ခရီးလမ်း ညွှန်ကြားလိုက်လေ၏။ ပါဘီလည်း အစဉ်သဖြင့် သွားလေသော် တောင်ပေါ်သို့ ရောက်လျှင် အစ်ကိုကဲ့သို့ ကျောက်ဖြစ်လေ၏။

## ယောက်ျားလိုဝတ်ပြီး နမငယ်လိုက်လာရာ

ထိုအခါ နမငယ်သည် မောင်ကြီးနှစ်ယောက်တို့ မပြန်လာကြသေးသောကြောင့် ပူဆွေးဒုက္ခမကင်းဖြစ်ကာ ယောက်ျားကဲ့သို့ ဝတ်ဆင်လျက် လိုက်လေလျှင် ရသေ့ကျောင်းသို့ ရောက်ပြန်၏။ ရသေ့ထံမှ အကြောင်းစုံသိကာ ကြောက်ရွံ့ခြင်းမရှိဘဲ ယောက်ျား

အာဇာနည်များကဲ့သို့ သွားလေ၏။ ရက်ခွဲတပဗ္ဗတတောင်သို့ ရောက်သောအခါ သရဲ၊ သဘက်တို့က ခြိမ်းခြောက်ကျိန်းဝါးခြင်း ပြုသော်လည်း ကြောက်ရွံ့ခြင်းမရှိဘဲ ရှေ့သို့ တူရူမျှော်ကြည့်ကာ တောင်ထိပ်သို့ တက်သွားလေ၏။ တောင်ထိပ်သို့ ရောက်လျှင် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကို ပြန်လှန်ပြောဆိုနိုင်သော ကျေးသူဝငှက်ကို မြင်တွေ့လေသော် ၎င်းကျေးကိုဖမ်းသည်၊ မောင်ကြီးနှစ်ယောက် ရှိရာအရပ်ကို ကျေးသူဝအား မေးမြန်းသည်။ ယခု သင်တက်လာသော လမ်းမှာပင် ရှိသည်ဟု ကျေးငှက်က ပြန်ပြောပြီး ရှာဖွေက တွေ့ရကျိုးမနပ် ဖြစ်တော့မည်၊ တွေ့ရကျိုးနပ်အောင် တောင်ထိပ်တွင် ပုနဇီအမည်ရှိသော ရေကန်ရှိ၏။ ထိုကန်ကရေကို ယူဆောင်၍ ကျောက်ရုပ်ရှိသမျှတို့ကို ပက်ဖျန်းပါဟု မှာလိုက်သည်။

ပယ်ဒီဇဒီသည် ကောင်းပြီဟုဆိုပြီး ရေကန်ရှိရာသို့သွားပြီး ရေကိုယူ၍ ပက်ဖျန်းရာ ကျောက်ရုပ်အပေါင်းတို့သည် လူကြီးပင် ပြန်ဖြစ်ကြလေ၏။ ထိုအခါ ၎င်းပယ်ဒီဇဒီအား ဇီဝိတဒါနကို ပြုပေသည်ဟု အလွန်တရာကျေးဇူးတင်၍ ထောပနာပြုကြပြီး နေရင်းဒေသသို့ ပြန်ကြသည်။

ထိုအခါ မောင်ကြီးနှစ်ယောက်တို့ကို ခေါ်ပြီးသော် တူရိယာနတ်စောင်းနတ်ညင်းကဲ့သို့ အစဥ်မပျက် အလိုလိုမြည်သော သစ်ပင်ကို လည်းကောင်း၊ ရွှေပဒေသာပင်များကို ပေါက်စေ တတ်သော ရွှေရေကိုလည်းကောင်းမေး၍ အလုံးစုံဆောင်ခဲ့ပြီးလျှင် ပြန်လာခဲ့ကြလေ၏။ အိမ်သို့ ရောက်သောအခါ အလွန်တရာ နတ်ဘုံ၊ နတ်နန်းကဲ့သို့ ရှုချင်လှပတင့်တယ်စွာသော အိမ်ကို ဆောက်လုပ်ပြီးလျှင် လေးမျက်နှာ ပတ်လည်၌ တစ်မျက်နှာလျှင် ရေကန်တစ်ခု၊ ရွှေပဒေသာပင်ကိုခြံရံ၍ တူရိယာနတ်စောင်းညင်းကဲ့သို့ အစဥ်မပြတ်မည်သော သစ်ပင်တို့ကို သင့်ရာအရပ်ဝယ် စိုက်ပျိုးထားလေ၏။ ကျေးသူဝကိုကား ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့ဖြင့် ခြယ်လှယ်မွန်းမံအပ်သော ချိုင့်အိမ်ကိုလုပ်၍ ထားပြီးလျှင် မောင်နမသုံးဦးတို့သည် အထူး သဖြင့် အတုမရှိသော စည်းစိမ်ကို ခံစားလျက်နေကြလေ၏။

## ပြန်ဆုံကြသော်လည်း တစ်ဦးနှင့်တစ်ဦးမသိကြ

တစ်နေ့သ၌ စရိုစချမင်းကြီးလည်း တိုင်းပြည်၏ မြို့ရွာတို့ကို လှည့်လည်ကြည့်ရှုရာ မောင်နမသုံးဦးတို့ နေထိုင်ကြသော အိမ်ကိုမြင်သဖြင့် ဝင်ရောက်ကြည့်ရှုတော်မူ၏။ မောင်နမ

သုံးဦးအား မိမိသားသမီးမှန်းမသိဘဲ အလွန်တရာ ချစ်ခင်ကြင်နာခြင်း ဖြစ်လေ၏။ မောင်နှမသုံးဦးတို့ကလည်း ထို့အတူ ဖခင်မှန်းမသိကြဘဲ ချစ်ခင်စုံမက်ကြလေ၏။ မင်းကြီးလည်း အလုံးစုံကို ကြည့်ရှုပြီးနောက် အလွန်အံ့ဩလေ၏။

ထိုအခါ မောင်နှမသုံးဦးတို့က တင်လျှောက်သည်မှာ အရှင်မင်းကြီး၊ ကုန်စင်အောင် ကြည့်ရှုတော်မူပါဦး၊ အကျွန်ုပ်တို့ မွေးကျွေးထားသော ကျေးသူဝရှိပါသေးသည်ဟု လျှောက်၏။ မင်းကြီးလည်း ကျေးသူဝကို မြင်လေသော် အထူးသဖြင့် အံ့ဩပြောဆိုတော်မူသည်မှာ အို အမောင်တို့၊ သင်တို့မောင်နှမ သုံးဦးတို့ နေထိုင်ကြသော ဘုံဗိမာန်သည်ကား အလွန်တရာ ထူးဆန်းအံ့ဩဖွယ် ကောင်းလှပေသည်၊ ငါသည် တိုင်းပြည်နိုင်ငံကို အုပ်စိုး၍ ဧကရာဇ်မင်း တစ်ဆူ ဖြစ်သော်လည်း ဤကဲ့သို့သော စည်းစိမ်စံစားရမည်ဝေးစွ ကြားရုံမျှလည်း မကြားဖူး တကားဟု အံ့ဩချီးမွမ်းခြင်းကိုပြု၏။

## ကျေးသားပြောပြ၍အမှန်သိသည်

ကျေးသူဝက မင်းကြီးအား လျှောက်တင်သည်မှာ အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် အံ့ဩဖွယ်မရှိသည်ကို အံ့ဩဖွယ်ရှိသည် ထင်မှတ်တော်မူ၍ ချီးမွမ်းခြင်းကို ပြုဘိ၏။ အရှင်မင်းကြီး၊ ကိုယ့်သားသမီးများနှင့် စကားစမြည်ပြောဆို၍ နေရသော်လည်း သားသမီးမှန်း မသိသည်မှာ ပို၍ အံ့ဩဖွယ်တကားဟု လျှောက်လေ၏။ ထိုအခါ မင်းကြီးလည်း တွေဝေ မှိုင်ငေးလျက် စဉ်းစား၍ မရအောင်ဖြစ်နေရာမှ မင်းကြီးက အမိန့်တော်ရှိသည်မှာ အမောင်ကျေးသူဝ၊ ငါသည်ကား မသိနိုင်ပြီ၊ သင်ပြောပါဦးလော့ဟုဆို၏။ ကျေးသူဝလည်း မိဖုရားကြီး၏ အစ်မနှစ်ယောက်တို့က အကောက်ကြံ၍ မောင်နှမသုံးဦးတို့ကို ရေတွင် မျှောလိုက်ပုံ၊ သူဌေးဆယ်တင်၍ ကယ်ယူကြောင်းမှအစ အလုံးစုံပြန်ပြောသည်။ ဤတွင်မှ သားသမီးမှန်းသိ၍ ဖက်ယမ်းနမ်းရှုပ် ငိုကြွေးခြင်းကို ပြုလေ၏။ မင်းကြီးလည်း သားသမီး သုံးယောက်တို့အား သင်၏ မိခင်ကို တွေ့စေမည်ဆို၍ ပြန်လေ၏။

## ဘဂ္ဂုာစိုးနှင့် စားတော်ကဲများ၏မိန်းမများကိုအကျဉ်းချထားစေ

မောင်နှမသုံးယောက်တို့လည်း ထိုအခါကျမှ သူဌေးကြီးသည် ဖခင်မဟုတ်ကြောင်းကို သိလေ၏။ မင်းကြီးလည်း နန်းတော်သို့ရောက်လျှင် လက်မရှိ့အာဏာသားတို့အား အမိန့်ပေး

တော်မူသည်မှာ ဘဏ္ဍာစိုး၏ မိန်းမနှင့် စားတော်ကဲ၏ မိန်းမတို့ကို ယခုချက်ချင်း ထောင်မှာ အကျဉ်းချထားလေ၊ ရက်သတ္တတစ်ပတ်လည်ကာလ ရာဇဒဏ် တစ်ထောင်ခတ်၍ သုသာန်ဝသို့ ထုတ်ပြီးလျှင် ကားတင်လေဟု မိန့်တော်မူလေ၏။ သံကွန်ချာ ခုနစ်ထပ်အုပ်၍ထားသော ငါ၏ တောင်ညာစံဒေဝီမဟေသီ မိဖုရားကြီးကို မောင်းမကိုယ်လုပ် အခြွေအရံခုနစ်ရာနှင့်တကွ ဆင်ယာဉ်၊ မြင်း ယာဉ်၊ ရထားယာဉ်တို့ကို ခင်းကျင်း၍ ငါ့အပါးသို့ ချက်ချင်း အခစားဝင်စေဟု အမိန့်တော်ရှိလေ၏။

## ငါမှားမိသည်ကို ခွင့်လွှတ်ပါ

ထိုအခါ မိဖုရားကြီးသည် အခြွေအရံအသင်းအပင် ခုနစ်ရာနှင့်တကွ ခစားလေသော် မင်းကြီးက အမိန့်တော်ရှိသည်မှာ ငါ၏ မိဖုရားကြီး၊ ငါသည် သင့်အပေါ်၌ မှားမိသည့် အပြစ်တို့ကို သင်သည်းခံပါလော၊ ငါသည် သားသမီးတို့ကို တွေ့ပရပြီဟု အမိန့်တော်ရှိလေ၏။

ထိုအခါ မိဖုရားကြီးလည်း ခံစားခဲ့ရသော ဒုက္ခတို့ကို သတိမမူဘဲ သားသမီးများကို တွေ့ပြီဟု ကြား၍ မြင်ချင်ရှုချင်သောစိတ်နှင့် ဝမ်းမြောက်ခြင်းဖြစ်၍ အရှင်မင်းကြီး၊ အဘယ်မှာနည်း၊ ယခုပင်တွေ့မြင်ပါရစေဟု လျှောက်တင်လေ၏။ မင်းကြီးလည်း ယနေ့အချိန်မရှိပြီ၊ နက်ဖြန် နံနက်မိုးသောက် ရောက်လတ်သောအခါမှ သွား၍ ခေါ်တော်မူမည်ဟု အမိန့်တော်ရှိပြီးလျှင် နံနက်မိုးသောက် ရောက်လတ်သောအခါ ဆင်စီးသူရဲငါးရာ၊ မြင်းစီးသူရဲငါးရာ စသည်ဖြင့် တောင်လက်ရွေး၊ မြောက်လက်ရွေး၊ တောင်အတ္တပတ်၊ မြောက်အတ္တပတ်၊ တောင်ထားဝယ်၊ မြောက်ထားဝယ် စသည်တို့ကို တပ်ဝင်းခင်းကျင်းစေ၍ မြို့လေးမျက်နှာဝယ် ပွဲသဘင်ခံစေပြီးသော် မင်းလမ်းမတို့၌ သဲဖြူခင်းခြင်း၊ ရာဇမတ်ကာခြင်း၊ တံခွန် ကုက္ကား မုလေးပွား စိုက်စေ၍ တက္ကဋ္ဌတည်းဟူသော ဝေါယာဉ်ရတနာစီးလျက် သားတော်၊ သမီးတော်တို့ ရှိရာသို့ ထွက်စံပယ်တော်မူ၍ သားတော်၊ သမီးတော်တို့ကို ခေါ်တော်မူခဲ့ပြီးလျှင် အဘိသိက် သွန်းမြှောက်တော်မူလေသတည်း။

ထို့နောက် ရှာရာဇတ်က အရှင်မင်းကြီး၊ ယင်းသို့ လျှောက်တင်အပ်သော ပုံပြင်ဝတ္ထုမှ တစ်ပါး အဟာမက်မင်းသားနှင့် ပရိဘနောင် နတ်သမီး၏ ပုံပြင်ဝတ္ထုလည်း အံ့ဩဖွယ် ကောင်းပါသည်ဟု လျှောက်တင်လေသဖြင့် ရှာဒီယာမင်းကြီးက ၎င်းပုံပြင်ဝတ္ထုကို လျှောက်တင် လေဦးလော့ဟု အမိန့်တော်ရှိ၍ တစ်ဖန် လျှောက်တင်ရပြန်လေသတည်း။

# အဟာမက်မင်းသားနှင့် ပရိဘာနောင်နတ်သမီးအကြောင်း

ရှေးလွန်လေပြီးသောအခါ စူလတန်အမည်ရှိသော မင်းကြီးဝယ် သားတော်သုံးပါးရှိရာ အကြီးသည် ဟာစင်ဟူသောဘွဲ့ကို ရ၏။ သားတော်အလတ်မှာ အေလီဟူသောဘွဲ့ကိုရလျက် သားတော်အငယ်မှာ အဟာမက်ဟူသောဘွဲ့ကို ရ၏။ ထိုမင်းကြီး၏ ညီတော် အိမ်ရှေ့မင်းသည် နတ်ရွာပြောင်းကြွလေသော် နိရွန်နီကာဟူသော သမီးတော်တစ်ပါးကျန်ရှိရာ ၎င်းမင်းသမီးကို ဦးရီးတော်မင်းကြီးက သမီးရင်းကဲ့သို့ ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားလေ၏။

## တူမတော် အရွယ်ရောက်လာသော်

တူမတော် လူလားမြောက်၍ အရွယ်သို့ ရောက်လတ်သော် သားတော်အကြီး အလတ်၊ အငယ်သုံးပါးတို့သည် နမတော်ဖြစ်သော မင်းသမီးအား ချစ်ခင်မြတ်နိုး နှစ်သက်စုံမက်ခြင်း ဖြစ်ကြလေ၍ အထူးသဖြင့် ကြံစည် အားထုတ်ကြကြောင်းကို ခမည်းတော်မင်းကြီးက ကြားသိတော် မူလေ၏။

ထိုအခါ မင်းကြီးက သားတော်သုံးပါးကို ခေါ်တော်မူပြီး ဤကဲ့သို့ အမိန့်ရှိလေသည်။ ငါ၏ သားတော်တို့၊ သင်တို့သည် ငါ၏ တူမတော်ကို ချစ်ခင်စုံမက် မြတ်နိုးကြကြောင်းကို ငါကြားသိတော်မူရသည်၊ သင်တို့အကြံအစည်သည် မတော်မသင့်ကြလေ၊ နိရွန်နီကာမင်းသမီး ဆိုသည်မှာ သင်တို့၏ နမတော် ငါ၏ တူမတော်ပင် ဖြစ်လေ၏။ ငါသည် တူမတော်ကို တူမတော်ဟူ၍ သဘောမထား၊ သမီးအရင်းအချာကဲ့သို့ ထင်မှတ်တော်မူသည်။ ယင်းသို့ ကြံစည်ခြင်းသည်မတော်၊ သားတော်သုံးပါး ရှိသည့်အနက် တစ်ဦးတစ်ယောက်သာလျှင် ကြံစည်သည်မဟုတ်၊ သုံးပါးလုံးဖြစ်သောကြောင့် သားတော်တို့ ရှောင်ကြဉ်ရမည်ဟု အမိန့်တော် ရှိလေ၏။

ဤကဲ့သို့ အမိန့်ရှိသော်ငြားလည်း အလွန်တရာ ချစ်ခင်မြတ်နိုးသောကြောင့် ခမည်းတော်မင်းကြီး၏ အာဏာတော်ကို မတည်နိုင်အောင်ရှိလေသည်။ သားတော်တို့က ကြံစည်ကြမြဲအတိုင်း ကြံစည်ကြပြန်လတ်သော် မင်းကြီးလည်း သားတော်သုံးပါးကို ခေါ်တော် မူကာ အမိန့်တော်ရှိပြန်သည်မှာ ငါ၏သားတော်တို့၊ သင်တို့သည် ဤကဲ့သို့ပင် မေတ္တာ သက်ဝင်ကြပါမူ အလိုရှိသမျှသော ဥစ္စာပစ္စည်းကိုယူ၍ တစ်တိုင်းတစ်ပြည်သို့သွားကြ၊ ငါ၏

တိုင်းပြည်၌ မရှိသည့်၊ ထူးဆန်းသော အရာဝတ္ထုတစ်ခုကို နှစ်တစ်ပတ်မလည်မီအတွင်း ပြန်လာ၍ ငါ့အား ဆက်သနိုင်ကြမည်ဖြစ်လျှင် ငါ၏ တူမတော်နှင့် လက်ထပ်ထိမ်းမြား မင်္ဂလာပြုလုပ်ပေးတော်မူမည်ဟု အမိန့်တော်ရှိလေ၏။

## သားတော်တို့ ခရီးထွက်ကြပြီ

သားတော်သုံးပါးလည်း ခမည်းတော်အမိန့်ကို နာခံပြီးလျှင် တန်ရုံသော ဥစ္စာဘဏ္ဍာတို့ကို ကိုယ်စီယူ၍ ကုန်သည် အယောင်ဆောင်ပြီးလျှင် တောင်မျက်နှာတံခါးသို့ အစဉ်သဖြင့် ထွက်ကြလေရာ ဘစ္စနာဂါပြည်သို့သွားသော လမ်းတစ်လမ်း၊ ထိုမှတစ်ပါး ပါရှားပြည်သို့ သွားသော လမ်းတစ်လမ်း၊ စမာကန်ပြည်သို့သွားသော လမ်းတစ်လမ်း ၎င်းသုံးလမ်းဆိုင်လျက်ရှိသော အရိပ်သခ်မ်းသို့ ရောက်ကြလေ၏။ နောင်တော်အကြီးက ညီတော်များအား ဤသို့ တိုင်ပင်ပြောဆိုလေ၏။ ငါ၏ ညီတော်များတို့၊ ယခုငါတို့သည် တစ်လမ်းစီသွားကြမည်၊ ပြန်လာကြသောအခါ တစ်ဦးဦးက အလျင်ရောက်ခဲ့လျှင် သုံးဦးစလုံးစုံအောင် စောင့်ဆိုင်းကြရမည်။ သုံးဦးစုံမှ ပြည်တော်သို့ပြန်ကြရမည်ဟု ကတိသစ္စာထားကြပြီး နောင်တော်အကြီး ဟာစင်မင်းသားက ဘစ္စနာဂါပြည်သို့သွားလေ၏။ ညီတော်အလတ် အေလီမင်းသားက ပါရှားပြည်သို့ သွားလေ၍ ညီတော်အငယ် အဟာမက်မင်းသားက စမာကန်ပြည်သို့ သွားလေ၏။

နောင်တော်အကြီးဟာစင်သည် ဘစ္စနာဂါမြို့သို့ ရောက်သောအခါ အထူးအဆန်းဖြစ်သော ဝတ္ထုကို အလိုရှိ၍ တိုင်းပြည်ကို လှည့်လည်ကာ ကြည့်ရှုရှာဖွေသည်။ ထိုအခါ ထူးဆန်းသောအရာ တစ်စုံတစ်ခုမျှ မမြင်မတွေ့ရသောကြောင့် ဈေးသဘင်လမ်း၏အနီးဆိုင်တစ်ခုဝယ် ခေတ္တစောင့်ငံ့ထိုင်နေသည်။ ထိုခဏ၌ ကမ္ဘလာသည် တစ်ဦးသည် ခြောက်ပေ စတုရန်းခန့်ရှိသော ကတ္တီတင္ဒာနကမ္ဘလာနီ ကော်ဇောကို ပခုံးထက်၌ တင်ပြီးလျှင် ကျွန်ုပ်ကော်ဇောသည် အလွန်တရာ ကောင်းမွန်ထူးဆန်းလှသော ကော်ဇောဖြစ်သည်။ ဝယ်ကြပါလောဟု ဈေးသဘင်အနီး၌ လျှောက်၍ ဟစ်အော်လေ၏။

## ထူးဆန်းသော ကော်ဇော

ထိုသို့ ဟာစ်အော်သောအသံကို မင်းသားကြား၍ အမောင်၊ သင်၏ကော်ဇော ထူးဆန်းပုံကို ပြောကြားပါ၊ မည်ကဲ့သို့ ထူးဆန်းသနည်း၊ အဖိုးမည်မျှနည်းဟု မေးလေ၏။ ကမ္ဗလာသည်က ဖြေဆိုသည်မှာ ကျွန်ုပ်၏ ကော်ဇောသည် တစ်စုံတစ်ခုသော အရပ်သို့ ဝေးနီးမဆို သွားလိုပါမူ ၎င်းအပေါ်ထိုင်ပြီးလျှင် စိတ်အလိုဆန္ဒရှိရာသို့ ထင်မြင် အောက်မေ့လိုက်က ချက်ချင်း ရောက်နိုင်ပါသည်။ အဖိုးမှာ သုံးကုဋေဟု ပြောဆိုလေ၏။

ထိုအခါ ကောင်းပြီ၊ သင်ပြောသည့်အတိုင်း ဟုတ်မဟုတ်ကို မည်သို့သောနည်းဖြင့် ငါသိရပါအံ့နည်းဟု ဆိုလေလျှင် ကော်ဇောသည်က အမောင်၊ နေသောအိမ် မရှိသလော၊ ၎င်းအိမ်ကို ယခုကော်ဇောထက်ဝယ် သင်နှင့်အတူတကွ ထိုင်၍ သွားကြအံ့ဟု ပြောလေ၏။ ကောင်းပြီ ထိုင်လော့ဟု ဆိုပြီးလျှင် မင်းသားကို စိတ်အောက်မေ့စေ၏။ ထိုအခါ မင်းသား တည်းခိုသောအိမ်သို့ ခဏချင်းဖြင့် ရောက်လေလျှင် မင်းသားလည်း ကမ္ဗလာသည် သင်ပြောသောအဖိုး သုံးကုဋေမက တန်ပေသည်။ သို့သော် ကျွန်ုပ်မှာ တစ်ပြည်တစ်မြို့က ခေတ္တခဏမျှ လာသောသူဖြစ်သဖြင့် ပိုမို၍ ပေးချင်ငြားသော်လည်း မပေးနိုင်ပါ။ သင်ဆိုသည့် အဖိုးအတိုင်း သုံးကုဋေသာယူပါလောဟု ပေး၍ ဝယ်ယူလိုက်သည်။

ကမ္ဗလာသည်လည်း အဖိုးငွေကိုယူ၍ သွားလေ၏။ မင်းသားက ငါသည် ထူးဆန်းသော ကမ္ဗလာကော်ဇောကို ရသည်၊ ပြန်ရုံသာလိုတော့သည်ဟု အောက်မေ့ပြီး ကိုယ်ရံတော် ဖြစ်သူကို ကမ္ဗလာထက်ဝယ် အတူထိုင်စေသည်။ ညီနောင်သုံးပါးတို့ ကတိစကား ထားကြ သည့်ဌာနကို ထင်မြင်အောက်မေ့လိုက်ပြန်လျှင် ချက်ချင်းရောက်လေ၍ ညီတော်နှစ်ပါးအာ စောင့်ငံ့နေလေ၏။

## စက္ကူဒ္ဒိဌ ဆင်စွယ်မှန်ပြောင်း

ညီတော်အလတ် အေလီမင်းသားသည် ပါရှားပြည်သို့ ရောက်လျှင် ထူးဆန်းသော ဝတ္ထုကို လှည့်လည် စုံစမ်းရှာဖွေလေရာ မြို့၏ တောင်မျက်နှာပွဲသဘင်အနီးဝယ် စက္ကူဒ္ဒိဌ ဆင်စွယ်မှန်ပြောင်းကို လှည့်လည်ရောင်းသော သူတစ်ဦးနှင့် တွေ့လေ၏။ ၎င်းမှန်ပြောင်း သည်ကို ခေါ်၍ အမောင်၊ သင်၏မှန်ပြောင်းကို မည်သည့်နေရာတွင် အသုံးပြုရပါသနည်း၊ မည်ကဲ့သို့သောအကျိုးကို ခံစားရပါသနည်းဟု မေးလေ၏။ ကျွန်ုပ်၏ မှန်ပြောင်းကား

ဓာတ်မှန်တို့သည် နှစ်ဖက်ပိတ်လျက်ရှိ၏၊ ၎င်းမှန်ပြောင်းဖြင့် ကြည့်ရှုလျှင် ခရီးမည်မျှပင် ကွာဝေးသော်လည်း မိမိအလိုရှိသောသူကို လည်းကောင်း၊ ချစ်ခင်မြတ်နိုးသောသူကို လည်းကောင်း၊ စကြဝဠာတံတိုင်းဖြင့် ကာဆီးနေသော်လည်း မြင်စွမ်းနိုင်၏။ အဖိုးမှာ သုံးကုဋေရမှသာလျှင် ရောင်းချနိုင်ပါမည်ဟု ပြောလေ၏။ မင်းသားလည်း ကောင်းပြီ သင်ပြောသည့်အတိုင်း မြင်နိုင်က ၎င်းအဖိုးကို ငါပေးမည်၊ ငါသည် ခေတ္တကြည့်ပါရစေဟု ပြောပြီးလျှင် ကြည့်ရှုလေ၏။

ထိုအခါ ခမည်းတော်၏ စိတ်မှန်း၍ ကြည့်သောကာလ မြင်ရသောကြောင့် ၎င်းမှန်ပြောင်းကို အဖိုးသုံးကုဋေပေး၍ ဝယ်ယူလိုက်ပြီး ကတိစကား ထားခဲ့ကြသော အရပ်ဌာနသို့ ပြန်ခဲ့လေ၏။

**၉၆ ပါး ဝေဒနာပျောက်စေသော သစ်သီး**

ညီတော်အငယ် အဟာမက်မင်းသားလည်း စမာကန်တိုင်းပြည်သို့ ရောက်လျှင် ထူးဆန်းသောဝတ္ထုကို ရှာဖွေမေးမြန်းသည်။ လူတစ်ယောက်သည် ဇီဝသုခ အမည်ရှိသော သစ်သီးကို မင်းလမ်းမဝယ် လျှောက်၍ ဝယ်ပါဟု ဟစ်ကြွေးသော အသံကိုကြားလျှင် အမောင်၊ သင်၏သစ်သီး အကျိုးအာနိသင်ကို ပြောကြားလော့ဟုဆို၏။ ထိုအခါ သစ်သီးရှင်က ငါ၏ သစ်သီးအကျိုးကား ၉၆ ပါးသော ရောဂါဝေဒနာတို့ နှိပ်စက်၍ သေငယ်ဇောနှင့်မျော၍ နေသောသူကိုမျှလည်း ၎င်းသစ်သီးအနံ့ကို ရှူရလျှင် အသက်ဘေးမှ ချမ်းသာ၍ ဝေဒနာ တို့သည် ပျောက်ကင်းချမ်းသာနိုင်သည်ဟု ပြောလေ၏။

ထိုအခါ မင်းသားက ဤအတိုင်းမှန်ခဲ့လျှင် စမ်းသပ်ကြည့်ရှုပါရစေ၊ ကျွန်ုပ် ခေတ္တနေထိုင်သော အိမ်တွင် လူတစ်ယောက်သည် အသည်းအသန် ဝေဒနာခံစားနေရ၏။ နေ့သေမလား၊ ညသေမလားဖြစ်နေသည်ဟု ပြော၏။ သစ်သီးရှင်က ကောင်းပြီး စမ်းသပ် ကြည့်ရှုလိုက ကြည့်ရှုပါတော့ဟု ပြောကြားသဖြင့် သစ်သီးနှင့်တကွ တည်းခိုနေထိုင်သည့် အိမ်သို့ ခေါ်ဆောင်ခဲ့သည်။ သူနာအား သစ်သီးအနံ့ကို ခံစေသည်။ သစ်သီးအနံ့ကို ရရှိလေလျှင် လူနာသည် ပကတိဖြစ်လေ၏။

မင်းသားသည် ၎င်းသစ်သီးကို သုံးကုဋေသော အဖိုးပေးကမ်း ဝယ်ခြမ်းပြီး ကတိစကား ထားခဲ့ကြသည့်နေရာသို့ ပြန်လေသော် ထိုနေရာတွင် ညီနောင်သုံးပါးတို့ တွေ့ဆုံကြလေ၏။

## ရခဲ့သောပစ္စည်းအကြောင်း ပြောပြကြပုံ

ထိုအခါ အစ်ကိုကြီး ဟာစင်မင်းသားက ညီတော်တို့၊ သင်တို့သည် အတိုင်းတိုင်း အပြည်ပြည်ကို လှည့်လည်ရှာဖွေကြရာ မည်ကဲ့သို့သော ဝတ္ထုများကို ရခဲ့ကြသနည်း၊ သင်တို့ ရရှိခဲ့သော ဝတ္ထုကိုပြသကြလော့၊ ငါသည်လည်း ဣစ္စိတဌာန အမည်ရှိသော ကမ္ဗလာနီ ကော်ဇောတစ်ခုကို ရခဲ့၏။ ဤကော်ဇောထက်ဝယ် မည်သူမဆိုထိုင်၍ စိတ်ထင် အောက်မေ့လိုက်လျှင် အလိုရှိသော အရပ်ဌာနသို့ ရောက်နိုင်သည်ဟု ပြောလေ၏။

ညီတော်အလတ် အေလီမင်းသားက နောင်တော်ဘုရား၊ ညီတော်လည်း စက္ခုဒိဗ္ဗ အမည်ရှိသော ဆင်စွယ်မှန်ပြောင်း တစ်ခုကို ရရှိခဲ့ပါ၏ ၎င်းမှန်ပြောင်းဖြင့် ကြည့်ရှုလိုက်လျှင် စကြဝဠာ တံတိုင်းခြားလျက်ရှိသော်လည်း အလိုရှိ၍ မြင်လိုသောသူကို မြင်နိုင်စွမ်းပါသည်ဟု လျှောက်၏။ ညီတော်အငယ် အဟာမက်မင်းသားက နောင်တော်ဘုရား၊ ညီတော်သည် ဇီဝသုခအမည်ရှိသော သစ်သီးတစ်လုံးရခဲ့ပါ၏။ ၎င်းသစ်သီး၏ အကျိုးကား လူတစ်ဦး တစ်ယောက် ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာ ကပ်ရောက်၍ သေလုမျောပါး ဖြစ်နေလျှင် ဤသစ်သီး၏ အနံ့ကို ခံရက ရောဂါဝေဒနာပျောက်ပျက်၍ အသက်ဘေးမှ ချမ်းသာနိုင်ပါသည်ဟု လျှောက်တင်လေ၏။

## လက်တွေ့ကြည့်ရှုကြပြီ

ထိုအခါ နောင်တော်ဟာစင်မင်းသားက ကောင်းပြီ၊ ငါ၏ညီတော်အလတ်ဖြစ်သော အေလီမင်းသား၏ မှန်ပြောင်းဖြင့် ငါတို့၏ နမတော်နိရွန်နီကာ မင်းသမီးကို လက်တွေ့ ကြည့်ရှုအံ့ဟု ပြော၍ ကြည့်ရှုကြလေ၏။ နိရွန်နီကာမင်းသမီးသည် ပြင်းပြသောဝေဒနာ ဖြစ်နေသည်၊ ခမည်းတော်မင်းကြီးလည်း ပရိဒေဝဒုက္ခဖြစ်ပွား၍ စိတ်နှလုံးမသာမယာ ဖြစ်တော်မူနေသည်၊ အထိန်းတော်အခြွေအရံ အသင်းအပင်းတို့သည်လည်း ငိုကြွေးမြည်တမ်းလျက် ရှိနေကြသည်။

ထိုအခြင်းအရာကို မြင်လေလျှင် ညီနောင်သုံးပါးတို့ ဤသို့တိုင်ပင်ကြလေ၏။ ယခု ငါတို့ အလျင်အမြန်သွားမှသာလျှင် နီရွန်နီကာ အသက်ဘေးမှ ချမ်းသာရာရတော့မည်၊ ယခု ငါ၏ ကော်ဇော်ပေါ်တွင် ညီတော်သုံးပါးနှင့် ကျွန်သုံးယောက် အတူတကွ ထိုင်ကြ၊ သွားမည်ဟု တိုင်ပင်၍ ထိုင်မိလျှင်ပင် နမတော်မင်းသမီး၏ အပါးသို့ ရောက်ကြလေသည်။ ညီတော်အငယ်

အဟာမက် မင်းသား၏ သစ်သီးငွေ့ကို ခံရလျှင် ရောဂါဝေဒနာတို့ ကင်းရှင်းစွာ ပျောက်ငြိမ်းလေ၏။ အထိန်းတော် မောင်းမ ကိုယ်လုပ်အပေါင်းတို့လည်း ဝမ်းမြောက် ဝမ်းသာဖြစ်ကြလေ၏။ ခမည်းတော် စူလတန်မင်းကြီးအား သားတော်သုံးပါးတို့ ဆိုက်ရောက်၍ ကုသသောကြောင့် တူမတော် ကျန်းမာချမ်းသာ ရှိတော်မူကြောင်းကို လျှောက်တင်ကြလေသည်။

ထိုအခါ မင်းကြီးလည်း ဝမ်းမြောက်တော်မူလှ၍ အဘယ်သားတော် ကုသသောကြောင့် ပျောက်ကင်းချမ်းသာကြောင်းကို သိရအောင် သမားတော်တို့ကို ရှေ့တော်သို့ အခစားဝင်စေသည်။ ပထမ စက္ကုဒိဋ္ဌမှန်ပြောင်းဖြင့် ရှုကြည့်စဉ် အခါကစ၍ ကုသပျောက်ကင်းသည် တိုင်အောင် လျှောက်တင်ကြလေ၏။

## ခမည်းတော်ကြီး မိန့်တော်မူပုံ

ခမည်းတော်မင်းကြီးက အမိန့်တော်ရှိသည်မှာ ယခု ငါသည် တူမတော်အား သားတော်အကြီးနှင့် ထိမ်းမြားခြင်းပြုက သားတော်အလတ်၊ အငယ်တို့သည် သူတို့ မှန်ပြောင်းကြောင့်၊ သစ်သီးကြောင့် ချမ်းသာသည်ဟု လျှောက်တင်ကြလိမ့်မည်။ အလတ်နှင့် ပေးစား ထိမ်းမြားတော်မူပြန်ကလည်း သားတော်အကြီး၊ အငယ်တို့က သူတို့၏ ကော်ဇောကြောင့်၊ သစ်သီးကြောင့် ချမ်းသာသည်ဟု လျှောက်တင်ကြလိမ့်မည်၊ သားတော်အငယ်နှင့် ပေးစား ထိမ်းမြားတော်မူပြန်က သားတော်အကြီး၊ အလတ်တို့ကလည်း ထို့အတူ ကော်ဇောကြောင့်၊ မှန်ပြောင်းကြောင့် ချမ်းသာသည်ဟု လျှောက်တင်ကြလိမ့်မည်။ သို့ဖြစ်၍ ပေးစားထိမ်းမြားတော်မူရန် အလွန်ခက်ခဲလှသည်။

ထို့ကြောင့် အတိုင်းတိုင်းအပြည်ပြည်တို့ကို ဖိတ်ကြားပြီး ပိုလ်ခြေတစ်ထောင်တင်မှ၊ ချမှ တင်နိုင်ချနိုင်သောလေးကို လေးပွဲသဘင်ကျင်းပ၍ သားတော်တို့ ပစ်လွှတ်တော်မူရမည်၊ ခရီးတာမိုင် ဝေးစွာသွားအောင် ပစ်လွှတ်နိုင်သော သူကို ငါပေးစားထိမ်းမြားတော်မူမည်ဟု အမိန့်တော်ရှိသည်။

ထို့နောက် အတိုင်းတိုင်းအပြည်ပြည်သို့ စာတိုစာရှည်ကမ်းလျက် လေးပွဲသဘင်ကျင်းပသည်၊ ပထမနောင်တော်ကြီး ဟာစင်မင်းသား ပစ်လွှတ်လေရာ ခရီးတစ်တိုင်ကွာသော အရပ်ဝယ် မြားကျရောက်လေ၏။ ဒုတိယညီတော် အေလီမင်းသား ပစ်လွှတ်သောအခါ

ခရီးတစ်တိုင်နှင့် ငါးရာတွင်းခန့်အကွာဝယ် မြားကျရောက်လေ၏။ ညီတော်အငယ် အဟာမက် မင်းသား ပစ်လွှတ်သောအခါ ခရီးတစ်ယူဇနာခန့်ဝယ် မြားကျရောက်ခြင်းကြောင့် မြားကို မမြင်ရ၍ ပျောက်ဆုံးပြီဟူသော အမှတ်ဖြင့် နေလေ၏။

## သားတော်အလတ်နှင့် ထိမ်းမြားပေးပြီ

ထိုအခါ ခမည်းတော် စူလတန်မင်းကြီးက သားတော်သုံးပါးတို့ ပစ်လွှတ်ကြသော မြားသည် မည်သူသာလွန်၍ ရောက်သည်ကို မေးမြန်းတော်မူ၏။ သားတော်အကြီးမှာ ခရီးတစ်တိုင်ကွာခန့် မြားရောက်ကြောင်း၊ သားတော်အငယ်မှာ အနီးဝေးမသိ မြားကိုပင် ရှာ၍မရကြောင်း လျှောက်တင်ကြလေ၏။ ခမည်းတော်မင်းကြီးသည် သားတော်အလတ် စွမ်းရည်ရှိသည့်အတိုင်း လက်ထပ် နန်းတော်ကို ဆောက်လုပ်ပြီးလျှင် သားတော်အလတ်ကို တူမတော်နှင့် လက်ထပ်ထိမ်းမြားပေးလေ၏။

## ရှက်၍ သားတော်ကြီးထွက်ခွာ

ထိုအခါ သားတော်အကြီးက ဤသို့ကြံလေ၏။ ငါသည် ညီနှောင် သုံးပါးအနက် အကြီးဆုံးသြရသ သားတော်ကြီး ဖြစ်ပါလျက် ညီတော် အေလီမင်းသားနှင့် လက်ထပ် ထိမ်းမြားသည်မှာ အလွန်တရာ ရှက်ဖွယ်ဖြစ်သည်။ ငါ ဤတိုင်းပြည်တွင် မနေလိုပြီ၊ ရသေ့ ရဟန်းတို့ကဲ့သို့ သင်္ကန်းကို ဝတ်ဆင်လျက် တစ်တိုင်းတစ်ပြည်သို့ သွားတော့အံ့ဟု ကြံစည် ပြီးလျှင် ရသေ့ရဟန်းပြုလုပ်၍ တစ်တိုင်းတစ်ပြည်သို့ ထွက်သွားလေ၏။ ညီတော်အငယ် အဟာမက်မင်းသားလည်း ငါပစ်လွှတ်လိုက်သောမြား ပျောက်ဆုံးရခြင်းသည်ကား နည်းလမ်း မဟုတ်၊ မြားကိုမတွေ့က ငါမနေဟု ရှက်ကြောက်ခြင်းဖြင့် မြားသွားသောအရပ်သို့ လိုက်လံ ရှာဖွေလေ၏။ တစ်ယူဇနာကွာသော ခရီးသို့ရောက်သော် ကျောက်တောင်ကြီးအနီးဝယ် မြားကိုတွေ့လေ၏။

## မြားရှာရင်း သိကြားမင်းသမီးနှင့်တွေ့ပြီ

ထိုအခါ မြားကိုကောက်ယူပြီးလျှင် အနီးအပါးရှိသော ကျောက်တောင်ကြီး၌ လူတစ် ယောက် ဝင်သာရုံမျှသော အပေါက်ကိုမြင်၍ ဝင်ရောက်ကြည့်ရှုလေ၏။ လှေကားတစ်ခုကို

တွေ့၍ ဆင်းသွားသော် ဖလ်မှန်တို့ဖြင့် မွမ်းမံခြယ်လှယ်ထား၍ ရှုမဝသော အခန်းကို မြင်လေ၏။ အထူးအဆန်းတို့ကို ရှုကြည့်၍ မရောင့်ရဲနိုင် ဖြစ်နေလေ၏။

ထိုအခါ သိကြားမင်း၏ သမီးတော် ပရိဘနောင် အမည်ရှိသော နတ်သမီးသည် မဟာလတာတန်ဆာကို ဆင်ယင်လျက် အိပ်ရာစက်ခန်းဝ ထွက်လာသည်။ မင်းသားသည် နတ်သမီး၏ လှပတင့်တယ်မှုနှင့် ကိုယ်ရောင်ကိုယ်ဝါတို့ကို မြင်လေသော် နတ်သမီး ခုနစ်ရာနှင့်တကွ မြင်ရသည်က တစ်ကြောင်း၊ ဘုံဗိမာန်တို့၏ တင့်တယ်ခြင်းကို မြင်ရသည်က တစ်ကြောင်းကြောင့် အလွန်တရာ ကြောက်ထိတ်လန့်ခြင်းဖြစ်၍ နတ်သမီး၏ရှေ့ဝယ် ဝပ်လျှိုးပြီး ငြိမ်သက်စွာနေလေ၏။

## အပြန်အလှန်ပြောကြပုံ

နတ်သမီးက မင်းသားအား ပြောသည်မှာ အသင်မင်းသား၊ ကျွန်ုပ်သည် ချစ်ခင်မြတ်နိုး လှသောကြောင့် သဟာသဗျူဟာ မြားပြိုင်ပွဲဝယ် သင်ပစ်အပ်သောမြားကို ကျွန်ုပ်၏ အရပ်သို့ ရောက်အောင် ကြံဆောင်ထားပါသည်ဟု ပြောလေ၏။ ထိုအခါ အဟာမက်မင်းသားက ဤသို့ကြံအောက်မေ့၏။ ဤမိန်းမသည်ကား ငါ၏အကြောင်းကို မပြောဘဲပင်လျှင် သိလေသည်။ သူ၏အကြောင်းကို သိရအောင် မေးဦးအံ့ဟုကြံ၍ သခင်မ၊ သခင်မသည် အကျွန်ုပ်၏ အကြောင်းကို မပြောဘဲလျက်ပင် သိပေသည်၊ သခင်မသည် လူလော၊ နတ်လော၊ သိကြားလော၊ ဗြဟ္မာလောဟု မေးလေ၏။

နတ်သမီးက ကျွန်ုပ်သည်ကား သိကြားမင်း၏သမီး ပရိဘနောင် အမည်ရှိသော နတ်သမီးတည်း၊ ကျွန်ုပ်သည် သင်မင်းသားအား မေတ္တာစေတနာရှိလှ၍ ကြံစည်ခြင်းပင် ဖြစ်ပေသည်။ သင်မင်းသား၏ စိတ်သဘောကို ပြောပါဦးလောဟု ဆို၏။ ထိုအခါ မင်းသားက သခင်မသည် သိကြားမင်း၏ သမီးတော်တည်း၊ အလွန်တရာလည်း လှ၏၊ ယဉ်လည်း ယဉ်ကျေး၏၊ ဘုံဗိမာန်ဆိုသည်မှာလည်း ကျွန်ုပ်ဖခင် စူလတန်မင်းကြီးသည် ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းဝယ် မည်သူတစ်ဦးတစ်ယောက်မျှ ပြိုင်ယှဉ်ဘက်မရှိ၊ ဘုန်းသမ္ဘာတေဇာ ကြီးမြတ်လှသော မင်းကြီးဖြစ်၏။ မင်းကြီး၏ နန်းတော် တိုက်ခန်းထက် သခင်မ ယခုစံနေသော ဗိမာန်သည် အဆအရာ အဆအထောင်သာ၍ ကောင်းမြတ်သာလွန်သည်။ ဤသို့ ဆန်းသော

ဗိမာန်ဝယ် စံမြန်းနေရပါလျက် သခင်မသည် မသင့်မလျော် မတန်မရာသော စကားကို မိန့်ဆိုသည်ဟု ပြောလေ၏။

**မေတ္တာသာ ပဓာနပါ**

နတ်သမီးက မင်းသား၊ ဤကဲ့သို့ မပြောပါလင့်၊ လူဆိုသည်မှာ သူဆင်းရဲတို့၏ သားသမီးတို့သည်လည်း သူဌေးသူကြွယ်၏ သားသမီးများနှင့် အကြောင်းမျှတနိုင်ပါ၏။ သူဌေး သူကြွယ်တို့၏ သားသမီးသည်လည်း သူဆင်းရဲသားသမီးများနှင့် အကြောင်းမျှတနိုင်ပါ၏။ တောသူတောင်သားတို့သည်လည်း မင်းမျိုးမင်းနွယ်တို့နှင့် အကြောင်းမျှတ နိုင်ပါ၏။ မင်းမျိုး မင်းနွယ်တို့သည်လည်း တောသူတောင်သားတို့နှင့် အကြောင်းမျှတနိုင်ပါ၏။ ဤအရာဝယ် မေတ္တာသာလိုရင်း ပဓာနဖြစ်ပါသည်။ သို့ဖြစ်၍ သင်မင်းသား စိတ်သဘောရှိတိုင်း ပြန်ပြော ပါဦးလောဟုဆို၏။

**နတ်မျိုးနွယ်နှင့် လူသားဖြစ်နေ၍**

မင်းသားက ဤသို့ပြန်ပြောလေ၏။ သခင်မ၊ မသင့်လျော်ပါ၊ သခင်မသည် နတ်မျိုး နတ်နွယ်တည်း၊ ကျွန်ုပ်သည် မနသ လူသားမျိုးတည်း။ ယင်းသို့ဖြစ်၍ အမျိုးဝံသချင်းလည်း မတူ၊ ဂုဏ်ရည်ချင်းလည်းမမျှ၊ ပမာဏပြုဆိုသည်ရှိသော် ပြည်တန်သော ကျောက်ကောင်း ကျောက်မျက်ရတနာကို ကြေးနီ၊ ကြေးဝါ၊ ခဲကြွပ် စသည်တို့နှင့် တွဲဖက်၍ လက်ဝယ် လက်စွပ် ပြုလုပ် ဝတ်ဆင်မည်ဆိုသော် မတော်ချေ၊ ဇမ္ဗူရာဇ်ရွှေနှင့် ကွင်းကိုပြုမှသာ တော်သင့်မည် ဖြစ်ပါသည်။ ယခုလည်း ထို့အတူ သခင်မသည်ကား ကျောက်မျက်ရတနာနှင့် အလားတူ၏။ ကျွန်ုပ်ကား ကြေးနီ၊ ကြေးဝါ၊ ခဲကြွပ်တို့နှင့်အလားတူပါသည်။ ဆင်ခြင်တော်မူပါလောဟုဆို၏။

ထိုအခါ နတ်သမီးက သင်မင်းသားပြောသည်မှာ စကားအရာမဟုတ်သေး၊ နာယူပါ ဦးလော၊ ဥပမာမှာ မင်းကြီးတစ်ပါးသည် တောတွင်း၌ ကျေးငှက်တစ်ကောင်ကို ဖမ်းယူ ခဲ့ပြီးလျှင် ရွှေချိုင့်ငွေချိုင့်တို့နှင့်ထားပါမူ ၎င်းကျေးငှက်သည် ရွှေကျေး၊ ငွေကျေးမဟုတ်ပါလော၊ ထို့အပြင် အလွန်တရာဘုန်းသမ္ဘာကြီးမြင့်သော ရှင်ဘုရင်တစ်ပါး၌ သမီးတော်တစ်ပါးရှိ၏၊ ထိုသမီးတော်သည် တောင်သူယာခုတ်အလုပ်ကို လုပ်ကိုင်ရသော တောတွင်းသား တစ်ယောက်နှင့် အကြောင်းမျှတသောအခါ နန်းတော်ထက်ဝယ် အခြွေအရံသင်းပင်း အစေ

အပါး များပြားစွာနှင့် စံနေရသည် မဟုတ်ပါလော။ ဤသို့စံနေရသောကာလ ၎င်း ယောက်ျားအား တောတွင်းသားဟု မခေါ်ကြရချေ။ မင်းသားဟူသောဘွဲ့ကိုရ၍ အများ ကြောက်ရွံ့ခြင်း မဖြစ်ပါလော၊ သို့ဖြစ်၍ ထိုလူကို တောတွင်းသားဟု ခေါ်နိုင်တော့မည် မဟုတ်ဘဲ မင်းသားဟု ခေါ်ရမည်မဟုတ်ပါလော၊ မင်းသမီးကိုလည်း တောသူဟူ၍ မဆိုင်နိုင်ပြီ၊ ဤဥပမာကို ထောက်၍ အထူးအထွေ မပြောဆိုပါလင့်၊ သင်မင်းသားက မေတ္တာသက် မသက်ကိုသာ ပြောဆိုပါလောဟု ဆို၏။

## ကြားရရုံနှင့် ကြောက်ရွံ့လှပါပြီ

မင်းသားက ပြောပြန်သည်မှာ အိုသခင်မ၊ ယခုအရေးသည် အခြားအရေးနှင့်မတူ၊ အလွန်တရာ ခက်ခဲသော အရေးတည်း၊ ဥပမာဆိုသော် အလွန်တရာမြင့်သော ဟိမဝန္တာ တောင်ထက်က လူတစ်ဦးတစ်ယောက်သည် တောင်အောက်၌ ရှိသောသူကို တက်ခဲ့၊ ရွှေငွေရတနာကို ပေးမည်ဟုဆိုသော်လည်း မတက်နိုင် မတက်ဝံ့ဘိသကဲ့သို့ လည်းကောင်း၊ ကျွန်ုပ်သည်လည်း ထို့အတူ သခင်မပြောသောစကားကို ကြားရုံမျှနှင့်ပင်လျှင် ကြောက်ရွံ့ခြင်း ဖြစ်ပါသည်။ ဆင်ခြင် စဉ်းစားတော်မူပါဟု ပြောလေ၏။

ထိုအခါ နတ်သမီးက ပြောသည်မှာ အသင်မင်းသား၊ ယခု အကျွန်ုပ်နေရာ၌ကား စကားပြောနေသည်မှာ မလျော်၊ ဤနေရာသည်ကား ဧည့်သည် အာဂန္တုတို့ လာရောက်သော အခါ ခြေသုတ်ခြင်း၊ ဖိနပ်ချွတ်ခြင်း စသည်တို့ကို ပြုသောနေရာတည်း၊ ကျွန်ုပ်၏ သလွန်တော် ဆောင်သို့ လိုက်ခဲ့ပါလောဟုဆို၍ လက်ကို ကိုင်ငင်လေ၏။ မင်းသားက မေးပြန်သည်မှာ သခင်မ၊ ဤနေရာသည် ဖလ်မှန်စသည်တို့ဖြင့် ခြယ်လှယ်မွမ်းမံအပ်သောကြောင့် တပြောင် ပြောင် တလက်လက် ထိန်ထိန်ညီးမျှ ကောင်းမွန်သော နေရာပင်တည်း၊ ဤနေရာထက် ကောင်းသောနေရာ ရှိသေးသလောဟု မေးလေ၏

## အဆောင်အမျိုးမျိုးပြပြီး ဧည့်ခံပြီ

ဤအခါ နတ်သမီးက ပြုံးရယ်ပြီး အသင်မင်းသား၊ ကြည့်ရှုပါလောဟုဆိုပြီး အတူတကွ လက်ကိုဆွဲပြီး လိုက်၍ပြသလျက် နတ်သမီးက ပြောပြန်သည်မှာ ဤအဆောင်တော်သည်ကား နီလာဖြင့် မွမ်းမံခြယ်လှယ်အပ်သော ခေါင်းဆေးဆောင်တည်း၊ ဤအဆောင်သည်ကား

ဥဿဖယားတို့ဖြင့် မွမ်းမံခြယ်လှယ်အပ်သော ပွဲတော်ဆောင်တည်း၊ ဤအဆောင်သည်ကား ဂေါ်မုတ်ဖြင့် မွမ်းမံခြယ်လှယ်အပ်သော ပွဲကြည့်ဆောင်တည်း၊ ဤအဆောင်သည်ကား ပုလဲဖြင့် မွမ်းမံခြယ်လှယ်အပ်သော လေသာဆောင်တည်း၊ ဤအဆောင်သည်ကား မြဖြင့်ခြယ်လှယ်အပ်သော ခေါင်းဖီးခြင်း၊ ဆီလိမ်းခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်းတို့ ပြုလုပ်အပ်သောဆောင်တည်း၊ ဤအဆောင်သည်ကား ပတ္တမြားဖြင့် မွမ်းမံခြယ်လှယ်အပ်သော အပျော်တော်ဆောင်တည်း၊ ဤအဆောင်တော်သည်ကား ရတနာခုနစ်ပါးလုံးဖြင့် မွမ်းမံ ခြယ်လှယ်အပ်သော ကျွန်ုပ်၏ စက်တော်ခေါ်ရာ သလွန်ဆောင်တည်း၊ သင်မင်းသား သည်လည်း ညောင်းညာဟန်ရှိသည်၊ အညောင်းအညာ ဖြေပါဦးလော၊ ဆေးလိပ် သောက်တော်မူပါဦးလော၊ လက်ဖက်ပွဲတော် တည်ပါဦးလော၊ ကျွန်ုပ်ကိုယ်တိုင်လျာသော ကွမ်းလျာကို သုံးဆောင်တော်မူပါဦးလောဟု ပြောကြားလေ၏။

## ကိုယ်ကိုပါ အပ်နှင်းလေပြီ

မင်းသားလည်း နတ်သမီးအား ပြောသည်မှာ အို နတ်သမီး၊ ကျွန်ုပ်သည် သင်နတ်သမီး ပြသပေးသောကြောင့် အထူးအဆန်းသော အဆောင်တို့ကိုမြင်ရ၍ ကြက်သီးမွေးညှင်းတို့ ထလျက်ပင်ရှိပေသည်။ ထိုအခါ နတ်သမီးက မင်းသားကို ပြောပြန်သည်မှာ သင်မင်းသား၊ ယခုပြန်ရမည် ထင်သလော၊ လူဆိုသည်မှာ တစ်ယောက်က မေတ္တာရှိလျှင် တစ်ယောက်က မေတ္တာရှိရမည်၊ တစ်ယောက်က ကရုဏာရှိလျှင် ရှိမှကောင်းမည်၊ တစ်ယောက်က ချစ်လျှင် ချစ်မှကောင်းမည်၊ တစ်ယောက်က ခင်လျှင် ခင်မှကောင်းမည်၊ ကျွန်ုပ်သည် သင်မင်းသားကို ချစ်ခင် ကြင်နာ မေတ္တာ ကရုဏာအားကြီးလှ၍ အကြိမ်ကြိမ်ပြောဆိုခြင်းကို သင်မင်းသားသည် အကျွန်ုပ်အား သနားသဖြင့် အိမ်သူဟူ၍ သဘောထားပါလော၊ ငြင်းဆန်ပယ်လှန်ခြင်းကိုမူ မပြုပါလင့်၊ ကျွန်ုပ်အပါးသို့ ချဉ်းကပ်ပါလော၊ ဤသလွန်တော်ပေါ်ဝယ် စက်တော်ခေါ်၍ အညောင်းအညာပြေစေခြင်းငှာ ခြေလက်များကို ဆန့်တော်မူပါလော၊ ကျွန်ုပ်သည် ကျွန်ုပ်ပိုင်သော ဘုံဗိမာန်နှင့်တကွ ကျွန်ုပ်၏ကိုယ်ပါ အပ်နှင်းပါ၏၊ သင်မင်းသား စိတ်ရှိတိုင်း ပျော်မွေ့စွာ စံနေတော်မူပါ၊ စားတော်မူပါ၊ သောက်တော်မူပါလောဟု ဆိုလေ၏။

## အပြန်အလှန်သစ္စာထားကြပြီ

မင်းသားလည်း ငြင်းဆန်ပယ်လှန်းခြင်းငှာ အလွန်တရာ ခက်ခဲသည်ဖြစ်၍ ဤသို့ဆို၏။ အို နတ်သမီး၊ ကျွန်ုပ်သည် သင့်စကားကို ငြင်းပယ်ခြင်း မပြုပါပြီ၊ ကျွန်ုပ်၏ ကြင်ဆွေမဟာ၊ ရတနာဇော်တ နမငယ်ချစ်ဖြစ်သည်ဟု စိတ်ဝယ် အမြဲထားပါတော့မည်၊ အကျွန်ုပ် အသက် ရှည်သမျှ ကာလပတ်လုံး သစ္စာယွင်းဖောက်ခြင်းကိုလည်း မပြုပါ၊ သင်နတ်သမီးကလည်း အထက်ပြောရင်း စကားရှိသည့်အတိုင်း သစ္စာကို မြဲမြဲခိုင်ခံ့ပါစေလောဟုဆို၍ သစ္စာထား ကြလေ၏။

## ဖခင်ထံ ပြန်ခွင့်တောင်းလေသော်

ထို့နောက် နှစ်ကာလတာရှည်ရှိလတ်သော် မင်းသားသည် ခမည်းတော်ကို လွမ်းဆွတ် တသခြင်းကြောင့် အလွန်တရာဖူးမြင်လိုသော ဆန္ဒတော်ရှိလှ၍ နမတော် နတ်သမီးအား ဤသို့ ခွင့်ပန်ကြားလေ၏။ အသက်အသွင် ချစ်ခင်ကြင်နာလှသောနမတော် နတ်သမီး၊ မောင်တော်သည်ကား သင်နှင့်အတူ စံနေရသည်မှာ နှစ်ကာလရှည်လှလေပြီ၊ ယခု မောင်တော်၏ ခမည်းတော်မင်းကြီးသည် အိုမင်းမစွမ်းသည့် အချိန်အရွယ်တိုင် ရောက်တော် မူသည် တစ်ကြောင်း၊ မဖူးမမြင်ရသည်မှာ ကြာလှလေသည် တစ်ကြောင်း၊ ၎င်းပြင် မောင်တော်သည် ညီနောင်သုံးပါးရှိသည့်အနက်က အငယ်ဆုံးဖြစ်၍ ခမည်းတော်သည် အခြားသော သားတော်တို့ထက် ပိုမိုချစ်ခင်ကြင်နာသည်၊ အလွန်တရာ ကြည့်မြင်တော် မူချင်ရှာလိမ့်မည်၊ ဤအကြောင်းများကိုထောက်၍ တိုင်းပြည်တော်သို့ ခေတ္တပြန်ရင် အခွင့်ပေးပါလောဟု ပြောဆိုလေ၏။ နတ်သမီးက မင်းသားအား ပြောဆိုသည်မှာ မောင်တော် မင်းသား၊ အစပထမက မောင်တော်ပြောဆိုသော ကတိသစ္စာစကား ရှိပါသည်၊ မည်သည့် အခါမှ ကျွန်ုပ်ကို ခွဲခွာ၍မသွားပါဟု ပြောသောစကားကို မေ့နေပြီလော၊ မောင်တော်မင်းသား၊ နောက်ကိုထပ်မံ၍ တိုင်းတော်ပြည်တော်သို့ ပြန်လိုကြောင်း မိန့်ဆိုခြင်းမပြုပါလင့်ဟု ဆိုသဖြင့် မင်းသားလည်း တိတ်တဆိတ်ပင် နေရလေ၏။

ခမည်းတော်စူလတန်မင်းကြီးသည် သားတော်ကြီးနှင့် သားတော်ငယ်နှစ်ပါးကို လွမ်းဆွတ် တသတော်မူသည် တစ်ကြောင်း၊ မည်သည့်အရပ်ဒေသဝယ် စံနေကြသည်ကို မသိရသည်က တစ်ကြောင်း၊ သေသည်ရှင်သည်ကို မသိရသည်က တစ်ကြောင်းတို့ကြောင့်

အမတ်ကြီးလေးယောက်တို့အား ဤသို့မိန့်တော်ရှိလေ၏။ အမတ်ကြီးများတို့၊ လေးမျက်နှာ တံခါးက လေးဦးသော အမတ်တို့သည် တစ်ယောက်ကား အရှေ့မျက်နှာ၊ တစ်ယောက်ကား အနောက်မျက်နှာ၊ တစ်ယောက်က မြောက်မျက်နှာ၊ တစ်ယောက်ကား တောင်မျက်နှာ၊ လေးမျက်နှာ၌ရှိသော တိုင်းကြီးပြည်ကြီး ရွာငယ်ရွာသိမ် ဇနပုဒ်တို့မှစ၍ မလစ်မလပ်ရအောင် မောင်းကြေးနင်းခတ်ပြီးလျှင် ငါ၏သားတော်နှစ်ပါးကို ရှာဖွေကြရမည်။ တွေ့ရှိသောကာလ ငါ၏ အမိန့်တော်နှင့် အပါခေါ်ခဲ့ရမည်ဟု သားတော်တို့ကိုရှာရန် အမတ်များကို စေလွှတ်တော်မူလေ၏။

## ရဟန်းဝတ်နေသူ သားတော်ကြီးကိုတွေ့၍

အမတ်ကြီး လေးယောက်တို့လည်း ကိုယ်စီကိုယ်စီ သွားကြလေသော် အနောက် တံခါးဖြင့် ထွက်သွားသောအမတ်သည် တိုင်းပြည်တစ်ပြည်ဝယ် ရသေ့ရဟန်း ပြု၍နေသော သားတော်ကြီး ဟာစင်မင်းသားကို တွေ့ရှိလေသောအခါ ဤသို့တင်လျှောက်လေ၏။ အရှင့်သား၊ ခမည်းတော်သည် အရှင့်သားတို့ကို တွေ့မြင်တော်မမူရသည် တစ်ကြောင်း၊ မည်သည့် အရပ်ဒေသဝယ် မည်ကဲ့သို့ စံနေတော်မူကြသည်ကို မသိရသည် တစ်ကြောင်း တို့ကြောင့် အရပ်လေးမျက်နှာ၌ မောင်းကြေးနင်းခတ်တီး၍ လှည့်လည် ရှာဖွေစေခြင်းငှာ လွှတ်လိုက်သောကြောင့် ကျွန်တော်မျိုးတို့ လာရောက်ခြင်းဖြစ်ပါသည်။ ယခု ခမည်းတော် ရှိရာသို့ လိုက်တော်မူခဲ့ပါလောဟု လျှောက်တင်လေ၏။

မင်းသားက ငါ၏သားကြောင်း၊ မာကြောင်း၊ ရသေ့ရဟန်းပြုလုပ်၍ နေကြောင်းများ ကိုသာ တင်လျှောက်ကြပါ၊ ငါလိုက်လိုသောဆန္ဒမရှိဟု အမိန့်တော်ရှိလေ၏။ ထိုအခါ အမတ်တို့သည် ပြန်လာခဲ့၍ မှာတော်မူလိုက်သည့်အတိုင်း တင်လျှောက်ကြလေ၏။

## သားတော် အငယ် မတွေ့သေး၍ မင်းကြီး စိတ်မချမ်းသာ

တစ်ဖန် တောင်မျက်နှာ၊ မြောက်မျက်နှာ၊ အရှေ့မျက်နှာအစရှိသည်ဖြင့် သွား၍ ရှာဖွေကြသော အမတ်တို့သည် မင်းသားတို့ကိုမတွေ့၍ ပြန်လာကြပြီး မတွေ့ခဲ့ကြောင်းကို လျှောက်တင်ကြလေ၏။ မင်းကြီးလည်း သားတော်အကြီးကိုသာ တွေ့၍ သားတော်အငယ်ကို မတွေ့ရှိပြန်သောကြောင့် စိတ်နှလုံးမသာအောင်ပင် ရှိတော်မူရကား အမတ်ကြီးများအား ဤသို့

အမိန့်တော်ရှိလေ၏။ အမတ်ကြီးတို့ ယခုလိုက်လံရှာဖွေကြရာ သားတော်အကြီးကိုတွေ့ခဲ့ကြ၍ ငါဝမ်းမြောက်တော်မူလှလေပြီ၊ သို့သော်လည်း သားတော်အငယ် အဟာမက် မင်းသားကို မတွေ့ရ၍ ငါ၏စိတ်နှလုံးတော် မချမ်းသာအောင်ပင်ရှိလေသည်။ သို့ဖြစ်၍ ငါ့စိတ်ကို ချမ်းသာအောင် ကြံဆောင်ကြပါဦးလောဟု အမိန့်တော်ရှိလေ၏။ ထိုအခါ အမတ်တို့က မင်းကြီးအား လျှောက်တင်သည်မှာ အရှင်မင်းကြီး၊ ပူပင်သောက ဗျာပါရ ရှိတော်မမူပါလင့်၊ ကျွန်တော်မျိုးတို့ ကြံစည်ပါမည်ဟု လျှောက်တင်၍ ဦးစွာပထမ ပညာရှင်တို့ကို လိုက်လံ ရှာဖွေကြလေ၏။

အမတ်ကြီးတို့ ရှာဖွေကြသောအခါ စုန်း၊ ပယောဂ၊ ရှိန်းဝင်၊ ဆာယာ၊ မှော်ပညာတို့ သာမက နက္ခတ်တာရာကျမ်း၊ လက္ခဏာကျမ်း၊ သရဘူကျမ်း၊ ပဋ္ဌလက်ကျမ်းတို့၌လည်း ကျွမ်းကျင်၍ သာမ၊ ယဇု၊ ဣရု ဟူသော ဗေဒင်သုံးပုံ၊ အာတပ္ပဏကဲ့သို့ အတပ်အမှန် တွက်ချက် ဟောပြောနိုင်သော ဗေဒင်ဆရာမကြီးတစ်ဦးနှင့် တွေ့လေ၏။ ထိုဆရာမကြီးအား မင်းကြီးထံသို့ ခေါ်ခဲ့လေ၏။ ထိုအခါ ဆရာမကြီးအား မင်းကြီးက မေးသော် ပထမ သားတော်ကြီးသည် အနောက်အရပ်ဝယ် ချမ်းသာစွာ ရသေ့ရဟန်းပြုလုပ်၍ နေကြောင်းကို ပြောဟောလေ၏။ မင်းကြီးလည်း အမတ်တို့တင်လျှောက်ကြသော စကားအတိုင်း မှန်ပေ၏ ဆို၍ သားတော်အငယ်၏အကြောင်းကို မေးမြန်းလေ၏။

## အသက်တော့ မသေသေး၊ စံရာဌာန မသိပါ

ထိုအခါ ဆရာမကြီးသည် အနည်းနည်းသော အတတ်ပညာတို့ဖြင့် တွက်ချက်ပြီးလျှင် ဤသို့ တင်လျှောက်လေ၏။ အရှင်မင်းကြီး သားတော်အငယ်၏ ဇာတာဆန်းလက်ကို တွက်ချက် ကြည့်ရှုရာ အသက်မသေသေးကြောင်းသာ ကျွန်ုပ် ပြောဟောနိုင်ပါသည်။ မည်သည့်အရပ်၊ မည်သည့်နေရာဌာနမှာစံနေ၍ ချမ်းသာသည်၊ ဆင်းရဲသည်ကို မတင် မလျှောက်နိုင်ပါဟု လျှောက်တင်လေလျှင် မင်းကြီးသည် အလွန်ပူဆွေး ဒုက္ခဖြစ်တော် မူရလေ၏။

## ခမည်းတော်ဖူးမြော်လိုလျှင် သွားပါ၊ မကြာပါစေနှင့်

အဟာမက်မင်းသားလည်း နတ်သမီးအား ခမည်းတော်က သူ့အားချစ်ခင်ကြင်နာ ကြောင်းကိုသာ နေ့တိုင်းပြောလေ၏။ အကြိမ်ကြိမ်အဖန်ဖန် ပြောဆိုခြင်းကြောင့် နတ်သမီးက

ဤသို့ခွင့်ပေးလေ၏။ မောင်တော်မင်းသား၊ ခမည်းတော်ကို ဖူးမြော်လို၍ သွားလိုလျှင် သွားပါတော့၊ သို့ရာတွင် မောင်တော်၏ ချမ်းသာသုခကို မပြောမဆိုဘဲလျက် သိရလေအောင် နောက်ပါ ဗိုလ်ခြေမြင်းစီးသူရဲငါးဆယ်တို့ကို ခဲယမ်း မီးကျောက်အလုံအလောက်နှင့် လုပသော အဝတ်တန်ဆာတို့ကို ဝတ်ဆင်စေပြီး ထည့်လိုက်ပါမည်၊ ခေါ်၍သွားပါလော၊ သွားသော အခါ၌လည်း တစ်လထက်မကြာပါစေလင့်၊ တစ်လအတွင်းပြန်ခဲ့ပါဟု ပြောဆိုလေ၏။

ထိုအခါ မင်းသားလည်း ဝမ်းမြောက်တော်မူလှ၍ ကောင်းပြီ၊ တစ်လထက်မလွန်စေဘဲ ပြန်ခဲ့ပါမည်ဟု ပြောဆိုတော်မူပြီး နောက်ပါ အခြွေအရံငါးဆယ်တို့နှင့် လုပတင့်တယ်သော အဝတ်တန်ဆာတို့ကို ဝတ်ဆင်တော်မူ၍ သွားလေ၏။

ထိုအခါ ခမည်းတော်၏ တိုင်းပြည်သို့ ဝင်မိလျှင်ပင် တိုင်းသူပြည်သားတို့သည် အုတ်အုတ်သောင်းသောင်းကြွေးကြော်၍ ကြည့်ရှုဖူးမြော်ကြလေ၏။

မင်းသားလည်း ခမည်းတော်ရှိရာ ရာဇပလ္လင်ဉကင်ရှေ့သို့ နောက်လိုက်တို့နှင့်အတူ စီတန်း၍ ဝင်သွားလေလျှင် အမတ်လေးယောက်တို့က ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်း ဆက်သလျက် ရှာဖွေ၍ မတွေ့သောကြောင့် ခမည်းတော်မင်းကြီး ပူဆွေးဒုက္ခ ရောက်တော်မူလျက် ရှိသည်၊ ယခုမှ သက်သာရာရတော့မည်ဟု လျှောက်တင်လေ၏။

## သားအဖတို့ အပြန်အလှန်ပြောကြပုံ

မင်းကြီးလည်း အလွန်ဝမ်းမြောက်တော်မူလှ၍ သားတော်အား နမ်းရှုပ်ပြီးလျှင် သားတော်၊ သင်သည် မည်သည့်အရပ်သို့သွား၍ မည်သည့် တိုင်းပြည်မှာ စံနေသနည်း၊ ချမ်းသာပါ၏လောဟု မေးတော်မူလေ၏။ သားတော်ကလည်း ခမည်းတော်မင်းမြတ်၊ သားတော် ယခုစံနေရသည်မှာ ခမည်းတော်၏ ဘုန်းတော်နှင့် မေတ္တာတော်ကြောင့် အထူးသဖြင့် ကျန်းခံ့စွာ စံနေရပါ၏။ ကျန်းမာချမ်းသာကြောင်းကိုသာ တင်လျှောက်ပါရစေ၊ မည်သည့် နေရာမှာ စံနေရသည်ကို မတင်မလျှောက်ပါရမည့် အကြောင်း လျှောက်တင်လေ၏။

မင်းကြီးက ထီးမွေနန်းမွေ အပ်နှင်းမည်၊ မပြန်နှင့်တော့၊ သားတော်သည် ငါနှင့်ကွဲကွာ၍ နေသည်မှာ နစ်လတာရှည်လှပြီ၊ ယခု ငါ၏ထီးမွေနန်းမွေကို သိမ်းမြန်းစိုးစံပါလော၊ ငါလွှဲအပ် ဆောင်နှင်းမည်၊ သင် ယခု မပြန်ပါလင့်ဟု အမိန့်တော်ရှိလေ၏။ ထိုအခါ မင်းသားလည်း ဤသို့ လျှောက်တင်လေ၏။ ခမည်းတော်မင်းမြတ်၊ ထီးမွေနန်းမွေ ပေးသနားတော်မူမည်ဆို၍

အလွန်တရာ ဝမ်းမြောက်လှပါသည်၊ သို့သော် သားတော်မှာ သစ္စာကတိရှိပါသည်။ ထိုသစ္စာကတိ မစောင့်ထိန်းဘဲ နေချေက တော်သင့်မည်မဟုတ်ပါ၊ သို့ဖြစ်၍ ခွင့်လွှတ်တော်မူပါဟု လျှောက်တင်လျှင် မင်းကြီးက ကောင်းပြီ၊ ထီးနန်းကို အလိုမရှိ၍ ပြန်လိုလျှင် ပြန်တော့၊ ခမည်းတော်ထံကိုသာ တစ်လလျှင်တစ်ကြိမ်ကျ အဖူးအမြော်လာရောက်ရမည်ဟု အမိန့်တော်ရှိလေ၏။ သားတော်လည်း ကောင်းလှပါပြီဆို၍ ကန်တော့ပြီးလျှင် ပြန်လေ၏။

နတ်သမီးလည်း မင်းသားပြန်လာသောအခါ အဆောင်တော်ဦးက အခြွေအရံအသင်းအပင်း ခုနစ်ရာနှင့်အတူ ခရီးဦးကြိုနှင့်လေ၏။ မင်းသားလည်း ကတိရှိသည့်အတိုင်း ခမည်းတော်ထံသို့ တစ်လလျှင် တစ်ကြိမ် သွားရောက်ဖူးမြော်သည်၊ သွားသောအခါမှာလည်း တစ်ခေါက်လျှင် နောက်ပါလူငါးဆယ်ပိုမို၍ အဝတ်တန်ဆာတို့ကိုလည်း တစ်ခေါက်နှင့်တစ်ခေါက် မတူရအောင် လဲလှယ်ဝတ်ဆင်စေ၍ ခေါ်လာလေ၏။ ခေါက်ပေါင်းများလတ်သော် နောက်ပါ အခြွေအရံတို့ အလွန်များပြားလေ၏။

## ကုန်းတိုက်ရန် အမတ်တို့ကြံပြီ

ထိုအခါ အမတ်ကြီးလေးဦးတို့သည် ဤသို့ကြံကြလေ၏။ ဤမင်းသားသည် ငါတို့ထက်ပင် အသက်အရွယ်ငယ်ပါလျက် ဥစ္စာပစ္စည်းအခြွေအရံတို့ ပေါများစွတကား၊ ငါတို့သည် ဤမင်းသားကဲ့သို့ မဖြစ်ရပါ၊ သို့ဖြစ်၍ မင်းသားပျက်စီးခြင်းသို့ ရောက်အောင် ကုန်းချောကြအံ့ဟု တိုင်ပင်၍ မင်းကြီးထံ ဝင်ရောက်ပြီး ဤသို့လျှောက်ထားကြလေ၏။ အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ သားတော်သည် အရှင်မင်းကြီးအား ရန်မူလတ္တံ့၊ စဥ်းစားတော်မူပါ၊ သူ၏ ဗိုလ်ခြေသင်းပင်းတို့သည် တစ်ခေါက်ထက်တစ်ခေါက် များပြားပါသည်၊ သို့ဖြစ်၍ အရှင်မင်းကြီးကို လုပ်ကြံလျှင် ထီးနန်းလည်း ဆုံးပါးသည့်ပြင် အသက်၏ အန္တရာယ်ကိုပါ ပြုလိမ့်မည်၊ ယုံကြည်တော်မမူလျှင် သားတော်၏ တပ်သူရဲတို့ကို ကြည့်ရှုတော်မူပါလော၊ ရှုမြင်တော်မူရသောကာလ သိတော်မူလိမ့်မည်ဟု ကုန်းချောစကား ပြောကြားကြလေ၏။ မင်းကြီးက ယုံကြည်ခြင်း မရှိသော်လည်း တပ်သူတပ်သား နောက်လိုက်နောက်ပါတို့ကို မြင်သောကာလ ဟုတ်ဖွယ်ရှိ၏တကားဟု တွေးထင်အောက်မေ့လေသဖြင့် အမတ်များအား ဤသို့ မေးတော်မူလေ၏။ သားငယ်၏ရန်မှ ငြိမ်းချမ်းအောင် မည်သို့ကြံမည်နည်းဟု မေးလေသော် အမတ်ကြီးတို့လည်း ယခုအဆောတလျင် ကြံစည်၍ မတော်သေးပါ၊

ဆရာမကြီးအား သားတော်၏ အနေအထိုင်ကို သိရအောင် စုံစမ်းထောက်လှမ်းစေရလျှင် တော်သင့်ပါလိမ့်မည်ဟု လျှောက်ကြလေသဖြင့် မင်းကြီးလည်း ကောင်းပြီ ဆရာမကြီးကိုခေါ်၍ ထောက်လှမ်းလေဟု စေခိုင်းတော်မူလေ၏။

**နောက်ယောင်ခံကာ ဆရာမကြီးလိုက်လာသော်လည်း**

ထိုအခါ ဆရာမကြီးက ကောင်းပြီ၊ သိအောင်စုံစမ်းထောက်လှမ်းပါမည်ဟု ဝန်ခံလေ၏။ မင်းသားလည်း ခမည်းတော်ကို ကန်တော့ပြီး ပြန်လေသော် ဆရာမကြီးသည် နောက်ယောင်ခံကာ လိုက်လေ၏။ ကျောက်တောင်ကြီးအနီးသို့ ရောက်သော် ကျောက်ဖျာ တံခါးပွင့်၍ မင်းသားလည်း နောက်ပါအခြွေအရံနှင့်တကွ ဝင်သွားကြပြီးလျှင် ကျောက်ဖျာတံခါး ပိတ်လေ၏။

**ဆရာမကြီး၏ ပရိယာယ်**

ထိုအခါ ဆရာမကြီးသည် မျက်ခြေပြတ်လျက်နေလေသော် ၎င်းမင်းသားသည် ဤနေရာ၌ မျက်ခြည်ပြတ်၍ သွားခြင်းကြောင့် နောင်ဤနေရာကပင် တစ်လစေ့ရောက်သော ကာလ ခမည်းတော်ထံ ခစားရန် မင်းသားထွက်လာလတ္တံ့၊ ဤအခါ ငါသည် ပရိယာယ် မာယာဖြင့် လှည့်ဖြားကြံစည်အံ့ဟုဆို၍ စောင့်ဆိုင်းနေလေ၏။ မင်းသားလည်း တစ်လစေ့ ရောက်ပြီ ဖြစ်၍ နောက်လိုက်နောက်ပါတို့နှင့်တကွ ထွက်လာရာ ဆရာမကြီးနှင့်တွေ့၍ ဆရာမကြီးက ပရိယာယ်ဖြင့် အသင်မင်းသား၊ ကျွန်ုပ်သည်ကား ဝေးလံသောခရီးက လာရသည်တစ်ကြောင်း၊ အဖျားရောဂါ ဝေဒနာကပ်ရောက်နေသည်က တစ်ကြောင်း၊ အိုမင်းမစွမ်း၍ ဇရာဒုဗ္ဗလအရွယ် ဖြစ်သည်ကတစ်ကြောင်း၊ ရှေ့ကိုသွားရမည့် ခရီးကန္တာရ ကလည်း ဝေးသေးသည်က တစ်ကြောင်းတို့ကြောင့် ကျွန်ုပ်အား အသက်ဘေးမှ ချမ်းသာရအောင် ကယ်ဆယ်ပါလောဟု ပြောလေ၏။ မင်းသားက သနားသည်ဖြစ်၍ ကောင်းပြီ ငါနှင့်အတူလိုက်ခဲ့လော့ဟု ဆိုပြီးလျှင် ဂူတွင်းသို့ပြန်ခေါ်ခဲ့ရာ မင်းသား ပြန်လာမှန်းကို သိ၍ နတ်သမီးလည်း အခြွေအရံခုနစ်ရာတို့နှင့် ခရီးဦးကြိုဆိုလေ၏။

ထိုအခါ မင်းသားက ယခု မောင်တော်သည် ဤမိန်းမကြီးအား သနား၍ ခေါ်ခဲ့ပါသည်၊ ဖျားသောရောဂါဝေဒနာကို ပျောက်ကင်းအောင် စောင်မကုသပါလောဟု ပြော၏။ နတ်သမီးက

မောင်တော် ဤလူနာကို ကုသစောင်မရမည်မှာ ဝန်မလေး၊ သို့သော် နောင်အခါ သူ့အတွက်ကြောင့် စိတ်ပူပန်ခြင်း မဖြစ်ပါလင့်ဟု ပြောဆိုလေသော် မင်းသာလည်း ဤမိန်းမကြီးအတွက် ပူပင်သောကဖြစ်ဖွယ် မရှိပါ၊ စောင်မကြည့်ရှုပါလောဟုဆို၍ သွားလေ၏။

## နတ်ရေကန်မှ ရေဖြင့်တိုက်ရာ

နတ်သမီးလည်း ၎င်းမိန်းမကြီးအား အဆောင်ဆောင်တို့ကို ခေါ်သွားပြီးလျှင် နတ်ရေကန်မှရေကို တိုက်လေသဖြင့် မိန်းမကြီးသည် သက်သာရာရ၍ ပြန်လိုကြောင်း နတ်သမီးထံ ခွင့်တောင်းလေ၏။ နတ်သမီးလည်း ခွင့်ပေးလိုက်၍ ဆရာမကြီးသည် အလုံးစုံကို မှတ်သားပြီး ပြန်လေ၏။ တိုင်းပြည်သို့ရောက်သော် မင်းကြီးအား အလုံးစုံကို ပြန်ကြား လျှောက်တင်လေလျှင် မင်းကြီးလည်း ငါ့သားသည် ငါ့အား လုပ်ကြံမည်ဆိုသည်မှာ ဟုတ်မှန်ဖွယ်ရာရှိ၏။ အမတ်ကြီးများအား တိုင်ပင်ဦးအံ့ဟု ကြံ၍ ဤသို့ တိုင်ပင်တော်မူသည်။ အမတ်ကြီးတို့၊ ငါ့သားသည် ငါ့ကိုကြံစည်မည်ဆိုသည်မှာ ဟုတ်မှန်ဖွယ်ရှိ၏။ သို့ဖြစ်၍ ငါတို့က ဉာဏ်ရည်ဦးအောင် မည်သို့ ကြံဖန်ကြမည်နည်းဟု မေးမြန်းတိုင်ပင်သော် အမတ်တို့က တင်လျှောက်သည်မှာ အရှင်မင်းကြီး၊ အထူးကြံစည်ရန်မရှိပါ၊ သားတော်သည် ယခုအခါ နန်းတော်ပေါ်တွင်ပင် ရှိသည်ဖြစ်၍ ဝိုင်းဝန်းပြီး ဖမ်းဆီးက ရနိုင်ပါသည်ဟု တင်လျှောက် ကြလေ၏။

ထိုအခါ ဆရာမကြီးက အရှင်မင်းကြီး၊ ဤသို့ ဝိုင်းဝန်းပြီး သားတော်ကိုဖမ်းဆီး၍ ရမိသောကာလ သူ၏နမတော်သည် အထက်က အရှင်မင်းကြီးအား တင်လျှောက်သည့် အတိုင်း နတ်မျိုးနတ်နွယ် ဖြစ်သောကြောင့် ဝိုင်းဝန်း၍လာကြလျှင် တစ်တိုင်းတစ်ပြည်လုံး ပျက်စီးခြင်းသို့ ရောက်ပါလိမ့်မည်၊ မတော်ပါ၊ သို့ဖြစ်၍ အကြမ်းနည်းဖြင့်ပြုလုပ်က မတော်၊ အနုနည်းဖြင့် သာလျှင် ပြုလုပ်မှ တော်ပါမည်ဟု တင်လျှောက်လေ၏။

ထိုအခါ မင်းကြီးက ကောင်းပြီ၊ မည်ကဲ့သို့သောနည်းဖြင့် ပြုလုပ်မည်နည်းဟု မေးလေ၏။ ဆရာမကြီးက ကြံစည်ရန်အရေးမှာ ယခု အရှင်မင်းကြီးသည် တောကစား ထွက်တော်မူသောအခါ တဲအုံကန္နားတန်ဆာပလာတို့ကို ဆင်ငါးရာ၊ မြင်းငါးရာ၊ လားငါးရာ စသည်တို့ဖြင့် တင်ဆောင်ရ၏။ ထိုသို့ တင်ဆောင်ရသော ကိရိယာတို့ကို လက်တစ်ဆုပ်ဖြင့် ပါနိုင်သော အတတ်ကို ဆက်သရမည်ဟု တောင်းတော်မူလျှင် မပေးနိုင်ချေ၊ ဤအခါကျလျှင်

ရက်ကြောက်ခြင်းကြောင့် လာဝံ့တော့မည်မဟုတ်၊ မလာသောအခါ ဤရန်သည် မငြိမ်းပါလောဟု လျှောက်တင်လေ၏။

**စိတ်မချမ်းမသာဖြင့် ပြန်လာသည်ကို မြင်သော်**

ယင်းသို့လျှောက်တင်သည့်အတိုင်း မင်းကြီးလည်း သားတော်ထံမှ တောင်းလေ၏။ ငါ၏သားတော်၊ သင်သည် ရတနာခုနစ်ပါးဖြင့် မွမ်းမံခြယ်လှယ်အပ်သော နန်းမအဆောင်ဆောင်တို့ဖြင့် နတ်သမီးနှင့်စံစား၍ နေရသည်ကို ငါသိ၏။ သို့ဖြစ်၍ သင်သည် ငါ့အား ဆင်ငါးရာ၊ မြင်းငါးရာ၊ လားငါးရာတို့ဖြင့် တင်ဆောင်ရသော တဲအုံကန္နားတို့ကို လက်တစ်ဆုပ်ဖြင့် ပါနိုင်သောနည်းကို သင်၏ နမတော်ထံ၌ တောင်း၍ ဆက်သလောဟုပြောလေ၏။ မင်းသားက ခမည်းတော်မင်းမြတ်၊ သားတော်သည် နတ်သမီးအရိပ်ကို ခိုလှုံ၍ဝတ်ခြင်း၊ စားခြင်းတို့ကို ပြုရပါသည်၊ သည်တွင်မျှမက ထပ်မံ၍ အခြားသောအရာများကို တောင်းရမည့် အမိန့်တော်ရှိသည်မှာ အလွန်တရာ ဝန်လေးခက်ခဲပါသည်ဟု တင်လျှောက်ပြီး မင်းကြီး၏ အလိုဆန္ဒကို မတတ်နိုင်၍ စိတ်နလုံးမသာခြင်းကြောင့် အလျင်အမြန်ပြန်ခဲ့ရာ နတ်သမီးလည်း အခြွေအရံခုနစ်ရာနှင့် ခရီးဦးကြိုဆိုလျက် ရှိလေ၏။

**အပြစ်ရှိလျှင်ပြောပါ၊ မယားဝတ်ကျေသူဖြစ်ပါသည်**

ထိုအခါ မင်းသား၏ မျက်နှာ မသာမယာခြင်းကို နတ်သမီးမြင်လေသော် ဤအခါသည်ကား အထက်အထက်ကဲ့သို့ ရွှင်ပျမျက်နှာမဟုတ်၊ သိရအောင် မေးဦးအံ့ဟုကြံ၍ မောင်တော်မင်းသား၊ ယခုသည်ကား မျက်နှာတော် မသာမယာခြင်းကို မြင်ရသည်၊ ကျွန်ုပ် အပေါ်တွင် အပြစ်တစ်စုံတစ်ရာရှိပါသလော၊ သင်မင်းသား သဘော မကြိုက်မနှစ်သက်သော နေရာဌာနသို့ နမတော်သွားမိပါသလော၊ မကြိုက်မနှစ်သက်သော အစာကို နမတော် စားမိပါသလော၊ မကြိုက်မနှစ်သက်သောသူနှင့် ပေါင်းဖော်မိပါသလော၊ မကြိုက် မနှစ်သက်သော အရာတစ်ခုခုကို နမတော် ပြုလုပ်မိပါသလော၊ ကျွန်ုပ်သည် သင်မင်းသား ချစ်ခင်ကြင်နာသည့်အတိုင်း အလွန်ပင်အလေးအမြတ်ပြု၏။ မိန်းမတို့၏ ဝတ်ငါးပါး ရှိသည့် အနက် အနည်းငယ်မျှ ချွတ်ယွင်းခြင်း မရှိရအောင် အားထုတ်ပါသည်၊ သို့ဖြစ်၍ တစ်ခုခုသော အကြောင်းအပြစ်တို့သည် ကျွန်ုပ်၏ အပေါ်၌ရှိမူ ချန်ခြွင်းခြင်းမရှိဘဲ ပြောတော်မူပါ၊ ဤကဲ့သို့မှ

ကျွန်ုပ်၏အပေါ်တွင် အပြစ်မရှိ၍၊ အခြားကိစ္စကြောင့် စိတ်လက် မသာယာခြင်းဖြစ်ခဲ့မှုလည်း ကျွန်ုပ် သိပါရစေ၊ ကျွန်ုပ်အား ပြောကြားပါလေ၊ ကျွန်ုပ်သည်ကား အခြားသောမိန်းမတို့နှင့်မတူ၊ အဆွေခင်ပွန်းနှင့်တူသော မယားဟုလည်း ဆိုနိုင်ပါ၏။ သို့ဖြစ်၍ သင်မင်းသားသည် ကျွန်ုပ်အား တိုင်ပင်ပြောဆိုအပ်ပါ၏၊ ကျွန်ုပ်အား ပြန်ကြားပါလောဟု ဆိုလေ၏။

မင်းသားက နမတော်၊ သင်၏အပေါ်၌ အပြစ်တစ်စုံတစ်ရာမျှမရှိပါ၊ နမတော်သည် ဝတ်ငါးပါးကို ကျေပွန်လှ၍ ကျွန်ုပ်၏ စိတ်လက်မအီမသာဖြစ်ရခြင်းကို ပြောရန် အလွန်ပင် အားနာလှပါသည်။ သို့ရာတွင် နမတော်က အတန်တန် မေးသောကြောင့် ပြောကြား ပါတော့မည်၊ နားထောင်ပါ။ မောင်တော်၏ ခမည်းတော်သည် ဤအရပ်ဝယ် နမတော်နှင့်အတူ စံနေကြောင်းကို မည်သူတင်လျှောက်၍ သိသွားသည်မသိ၊ သိနေပါသည်၊ သို့ဖြစ်၍ မောင်တော်အား ဆင်ငါးရာ၊ မြင်းငါးရာ၊ လားငါးရာတို့ဖြင့် တင်ဆောင်ယူရသော တဲအုံကန္နား ကို လက်တစ်ဆုပ်ဖြင့် ပါနိုင်သော နည်းနိဿယကို ဆက်သရမည်ဟု အမိန့်တော် သတ်မှတ်သောကြောင့် မောင်တော် မျက်နှာမသာခြင်း ဖြစ်ရပါသည်ဟု ပြောလေ၏။

ထိုအခါ နတ်သမီးက မိန်းမကြီး တစ်ယောက်ကို ခေါ်လာစဉ်အခါက ၎င်းမိန်းမကြီး အတွက် မောင်တော် စိတ်ညစ်ညူးရပါလိမ့်မည်ဟု နမတော် မပြောပါလော၊ တဲအုံကန္နား ဆိုသည်မှာ ပူပင်ရန် အရေးမဟုတ်ပါ၊ ပူပင်တော် မမူပါလင့်ဟု ဆိုလေ၏။

## ခြေဖြင့်မြေကိုဆောင့်ရာ နတ်သမီးများပေါ်လာ

ထို့နောက် နတ်သမီးသည် လက်ဝဲခြေဖြင့် မြေကိုဆောင့်လေသော် နတ်သမီး ခုနစ်ယောက်တို့ မြေမှ ပေါ်ထွက်လာလေ၏။ ထိုအခါ နတ်သမီးလည်း သင်တို့သွား၍ ငါ၏ ဘဏ္ဍာတော်တိုက်ဝယ် ထားသော တဲအငယ်ဆုံးကို ယူခဲ့လောဟုဆို၏။ နတ်သမီး ခုနစ်ယောက်တို့လည်း ယူလာပြီးလျှင် ဆက်လေ၏။ ထိုအခါ နတ်သမီးက မောင်တော် ယူပါလော့ဟု ပေးလေသော် မင်းသားလည်း ဝမ်းမြောက်တော်မူ၍ ခမည်းတော် ရှိရာသို့ နောက်ပါအခြွေအရံတို့နှင့် အလျင်အမြန်သွားလျက် ဆက်သလေ၏။

ထိုအခါ ခမည်းတော်မင်းကြီးက ကောင်းပြီ၊ ငါ၏သားတော်ပါ တပ်တောင်တာ ဗိုလ်ထုနှင့်တကွ ထွက်ချီတော်မူမည်ဟု အမိန့်တော်ရှိပြီးလျှင် ထွက်ချီတော်မူ၏။ တောသို့ ရောက်သောအခါ ၎င်းတဲကို ဖြန့်လေသော် သုံးကုဋေခြောက်သန်းသော ဗိုလ်ပါသူရဲတို့သည်

ပင်လယ်၏ အတွင်းဝယ် လေ့တစ်စင်းတည်း မျောဘိသကဲ့သို့ လည်းကောင်း၊ တောအုပ်ကြီး တစ်ခုဝယ် နားနေသော ငှက်တစ်ကောင်တည်းကဲ့သို့ လည်းကောင်း၊ ကောင်းကင် တစ်ပြင်လုံးဝယ် ပျံလျက်နေသော စွန်တစ်ကောင်တည်း ကဲ့သို့လည်းကောင်း၊ အလွန်တရာ ကျယ်ဝန်းလေ၏။

## နတ်ရေကန်မှရေကို ယူခိုင်းပါ

ထိုအခါ မင်းကြီးလည်း အတိုင်းမသိ အံ့သြခြင်းဖြစ်၍ ပြန်ခဲ့လေ၏။ ထို့နောက် အမတ်ကြီးများနှင့် ဆရာမကြီးအား မေးမြန်းပြန်လေ၏။ ယခု ငါသည် တဲကိုတောင်း၍ ရပြီး တစ်ခုသော အကြံအစည်ကို ကြံစည်ပါလောဟု ဆိုလေ၏။ ထိုအခါ ဆရာမကြီးက တင်လျှောက်ပြန်သည်မှာ အရှင်မင်းကြီး၊ စိုးရိမ်တော်မမူပါလင့်၊ နတ်ရေကန်၌ရှိသောရေကို တောင်းတော်မူပါလော၊ ဤရေကိုကား ယူခြင်းငှာ မည်သူမျှ မစွမ်းနိုင်တကားဟု တင်လျှောက် လေ၏။ ထိုအခါ မင်းကြီးက သားတော်၊ သင်သည် တဲကိုဆက်သ၍ရသည်မှာ အလွန်တရာ ဝမ်းသာဝမ်းမြောက် ရှိတော်မူလှပြီ၊ သို့သော်လည်း ငါသည် သက်ရွယ်ကြီးရင့်တော်မူပြီ ဖြစ်သောကြောင့် ရောဂါဝေဒနာတို့ ကပ်ရောက်ခဲ့လျှင် ချမ်းသာခြင်းကိုရလေအောင် ငါ့အား နတ်ရေကန်၌ ရှိသောရေကို ဆက်သပါလောဟုဆို၏။

## နတ်ရေကန်သွားနည်း ညွှန်ကြားပုံ

ထိုအခါ မင်းသာသည်လည်း ဘာကိုမျှ မလျှောက်မတင်ဘဲ စိတ်နှလုံး မသာခြင်းဖြင့် ပြန်လေ၏။ နတ်သမီးက ကြုံဆိုလျက်ရှိနှင့်သဖြင့် မင်းသား၏မျက်နှာမသာယာခြင်းကိုမြင်ပြန်၍ အကြိမ်ကြိမ် မေးလေသော် မင်းသားလည်း နတ်ရေကန်မှ ရေကို ခမည်းတော် တောင်းလိုက်ကြောင်းနှင့် ပြောဆိုလေ၏။ နတ်သမီးလည်း မောင်တော်မင်းသား၊ ဤ အတွက်ကြောင့် စိတ်လက်ပူပန်ရန်မရှိပါ၊ ယခု မောင်တော်သာသွား၍ ယူပါလော၊ သွားရန် မှာလည်း နတ်မြင်းသုံးကောင် အနက်က တစ်ကောင်သော မြင်းသည် လမ်းညွှန် ပြသပါလိမ့်မည်၊ တစ်ကောင်သော မြင်းကို မောင်တော်စီးနင်းတော်မူပါ၊ တစ်ကောင်သော မြင်း၏အပေါ်၌ ဆိတ်နှစ်ကောင်ကို ထက်ပိုင်းပိုင်းလျက် တင်ဆောင်၍သွားလျှင် ကျောက်ဂူကြီး တစ်ခုသို့ ရောက်ပါလိမ့်မည်၊ ရောက်သောအခါ လမ်းညွှန်သော နတ်မြင်းက တောင်ကို

လက်နှင့်ခေါက်လျှင် တံခါးပွင့်လာလိမ့်မည်၊ ပွင့်သော် သက်သောလှေကားဖြင့် ဆင်းသက်သွားသည်ရှိသော် ခြသေ့်လေးကောင်နှင့် ကျားလေးကောင်တို့သည် နှစ်ကောင်စီ အလှည့်ကျရှိသော် ခြသေ့်လေးကောင်နှင့် ကျားလေးကောင်တို့သည် နှစ်ကောင်စီ အလှည့်ကျ စောင့်လျက်ရှိသောကြောင့် မောင်တော်ကို ကိုက်စားကြရန် လာလိမ့်မည်၊ ထိုအခါ သားနှစ်ကောင်ကို တစ်ကောင်လျှင် တစ်တစ်ကျပစ်၍ ကျွေးပါလောဟု မှာလိုက်၏။

## နတ်ရေကန်မှရေကို ဆက်သနိုင်ပြီ

မင်းသားလည်း ကောင်းပြီဟု ဝမ်းမြောက်ဝမ်းသာသွားလေသော် ရေကန်သို့ ရောက်သောအခါ ခြသေ့်နှစ်ကောင်နှင့် ကျားနှစ်ကောင်တို့က ဟိန်းဟောက်၍ မင်းသားထံ ပြေးလာကြသည်။ သားတစ်ကို ကိုယ်စီကျွေးပြီးလျှင် ရေကိုအလျင်တဆော ခပ်၍ ယူဆောင်ခဲ့ပြီး ပြန်လည်ခဲ့လေ၏။ နတ်သမီးအား ရေရခဲ့ကြောင်းကို ပြောကြားပြီး ခမည်းတော်ထံ သွားပြီးလျှင် ဆက်သလေ၏။

## ထူးသောလူကို ဆက်ရန်တောင်းပါ

ထိုအခါ ခမည်းတော်လည်း ရေကိုရပြီဖြစ်၍ တစ်ဖန် ဆရာမကြီးနှင့် အမတ်ကြီး လေးယောက်တို့အား တိုင်ပင်ပြန်၏။ ယခု ရေကိုရပြန်ပြီ၊ မည်သို့သော နည်းဖြင့် ကြံဆောင်ကြဦးမည်နည်းဟု မေးလေ၏။ ဆရာမကြီးက ဤသို့လျှောက်တင်ပြန်လေ၏။ အရှင်မင်းကြီး လူတစ်ယောက်သည် အရပ်အားဖြင့် တစ်တောင်ထက်မပိုရ၊ ဦးခေါင်းကား ဆယ်ဝင်ပုတ် ပမာဏမျှကြီးမားစေရမည်၊ မျက်လုံးတစ်လုံးလျှင် တင်းတောင်ထက် မသေးမငယ်စေရမည် နှုတ်ခမ်းမွေးမှာ နောက်သို့ ကော့သွယ်၍ ခြောက်တောင်ထက် မရှည်စေရ၊ ထို့ပြင် လက်ဝယ်ကိုင်လျက်ရှိသော သံတူ၏ အလေးချိန်ကား ကုဋေတစ်ရာ၊ လုံးပတ်ကား သုံးတောင်၊ ထိပ်ဝမျက်နှာပြင်ကား ခုနစ်တောင့်ထွာရှိစေရမည်၊ ၎င်းလူထူးကို တောင်းတော်မူပါလောဟု တင်လျှောက်၏။

## ထူးသောလူသည် နတ်သမီး၏မောင်ဖြစ်နေ

ထိုအခါ မင်းကြီးလည်း သားတော်အား တောင်းပြန်လေသော် သားတော်လည်း မည်သည်ကိုမျှ မတင်လျှောက်ဘဲ ညှိုးငယ်သောမျက်နှာဖြင့် ပြန်လာခဲ့ရာ မင်းသား၏ မျက်နှာမကြည်မသာသော အမူအရာကို မြင်ပြန်၍ နတ်သမီးက အတန်တန် မေးပြန်လေ၏။ မင်းသားက ခမည်းတော် တောင်းလိုက်သော လူ၏ အတိုင်းအထွာ အလုံးအရပ် ပမာဏတို့ကို ပြန်ပြောပြသည်။ ထိုအခါ နတ်သမီးက မောင်တော် ဤအတွက်ကြောင့်လည်း စိတ်နလုံး ပူပင်တော်မမူပါလင့်၊ ဤသူသည်ကား အခြားသူမဟုတ်၊ ကျွန်ုပ်၏မောင်ပင်တည်း၊ ယခုပင် ရနိုင်ပါ၏ဟု ဆို၍ လက်ယာ ခြေဖြင့် မြေပြင်ကို ဆောင့်လိုက်သည်ရှိသော် နတ်သား ခုနစ်ယောက်တို့ ပေါ်ထွက်လာကြလေ၏။

## လူထူးကိုမြင်ရသူတို့ တုံးလုံးပက်လက်လဲကြပုံ

ထိုအခါ နတ်သမီးသည် နတ်သားခုနစ်ယောက်အား သင်တို့သည် ငါ၏ ဘဏ္ဍာ တိုက်ခန်းသို့သွား၍ မန္တန်အိတ်ကို ယူခဲ့ဟုစေခိုင်းလေလျှင် မန္တန်အိတ်ကို ယူခဲ့၍ နတ်သမီးအား ဆက်သကြလေ၏။ နတ်သမီးသည် ၎င်းမန္တန်အိတ်၌ရှိသော မန္တန်ကို မန်းမှုတ်သော် တစ်ဘုံတစ်နန်းလုံး မြူခိုးတို့ ဖုံးလွှမ်းဘိသကဲ့သို့ ဖုံးလွှမ်းသွားလေ၏။ ထိုသူသည်လည်း အနီးအနားသို့ ရောက်လာလေ၏။ မင်းသားလည်း ကြောက်ရွံ့ခြင်းဖြစ်၍ တုန်လှုပ်ခြင်းဖြစ်ရာ နတ်သမီးက မောင်တော် မကြောက်ပါလင့်၊ သင်၏ ခမည်းတော်ထံသို့ ခေါ်ဆောင်၍ သွားပါလောဟု စေလွှတ်လိုက်လေ၏။ မင်းသားလည်း ကောင်းပြီဟု ဝန်ခံ၍ ခမည်းတော်ထံ သွားရာ၊ မြို့ထဲသို့ဝင်မိလျှင် ရှုမြင်ကြရသော မိန်းမယောက်ျားတို့သည် ကြောက်ရွံ့သဖြင့် တုံးလုံးပက်လက်လဲ၍ မိန်းမောခြင်းသို့ ရောက်ကြလေ၏။

မင်းသားလည်း ခမည်းတော်ထံ ခေါ်ဆောင်၍သွားရာ ခမည်းတော်ထံရောက်လျှင်ပင် မင်းကြီးမှစ၍ မှူးမတ်သေနာပတိ အပေါင်းတို့သည် ကြောက်ရွံ့တုန်လှုပ်ခြင်းကြောင့် စကားကိုမျှ မပြောမဆိုနိုင် နံ့အထိုင်းမှိုင်းကာ လဲကုန်ကြလေ၏။

ထိုလူထူးက ပြောသည်မှာ သင်မင်းကြီးတို့သည် ငါ၏ယောက်ဖတော်ကို မကောင်း ကြံစည်သဖြင့် သင်တို့ သတိပြုမိလောဟုဆို၍ တူကို ကိုင်မလိုက်လျှင် မင်းကြီး နတ်ရွာ စံတော်မူလေ၏။

အမတ်ကြီး လေးယောက်တို့ကိုလည်း သံတူနှင့်ထုနက်လေသော်၊ မြေနှင့် တသား တည်းဖြစ်၍ ကြွေမွပျောက်ပျက်ကြလေ၏။ ထို့နောက် ဆရာမကြီးကို ခေါ်ပြီးလျှင် ရိုက်နက် ပြန်၍ သေလေ၏။ အသက်တစ်ဖန် သွင်းပြီး နင်သည် ငါ့ကို မကြောက်မရွံ့တကား၊ ငါမှန်း သိပြီလောဟုဆို၍ တစ်ဖန်ထုနက်ပြန်လျှင် သေပြန်လေ၏။ တဖန် အသက်ရှင်စေပြန်ပြီးမှ အကြိမ်ကြိမ်ထုနက်ပြန်လေ၏။ ဆရာမကြီးအား ဤကဲ့သို့ အဖန်ဖန်ညှဉ်းဆဲ၍ သတ်လေ၏။

**ထီးနန်းလွှဲအပ်ပြီး ပြန်ခဲ့ပြီ**

ထိုအခါ တစ်တိုင်းတစ်ပြည်လုံးသည် ကြောက်ရွံ့တုန်လှုပ်ခြင်းဖြစ်၍ ထွက်ပြေး တိမ်းရှောင်ကြလေ၏။ နောင်တော်အလတ် အေလီမင်းသားကား၊ ဤသို့သော အကြံအစည်၌ ပါဝင်သော သူမဟုတ်၍ ထီးနန်းကို လွှဲအပ်ဆောင်နှင်းပြီးလျှင် မိမိတို့ဗိမာန်ရှိရာသို့ ပြန်လည် ခဲ့ကြလေသတည်း။

***

ရှာရာဇတ်သည် ဤပုံပြင်ဝတ္ထုကို လျှောက်တင်ပြီးနောက် သစ်သော့သီးသုံးလုံး၏ အကြောင်းသည်လည်း ထူးဆန်းကောင်းမွန်လှပါသည်ဟု ဆက်လက်လျှောက်တင်သောအခါ ရှာဒီယာမင်းကြီး အမိန့်တော်နှင့် ၎င်းအကြောင်းအရာကို လျှောက်တင်ရပြန်လေသတည်း။

## သစ်တော့သီး သုံးလုံးအကြောင်း

ရှေးသောအခါ ကာလစ်ဟာရွန်အာရာရှစ် အမည်ရှိသော မင်းကြီးတစ်ပါးရှိ၏။ ထိုမင်းကြီး စံနေတော်မူသော မြို့တော်သည် မြို့ရိုးသုံးထပ်ရှိ၏။ ပထမအထပ်ကား တစ်ဂါဝုတ် ကျယ်၏၊ ဒုတိယအထပ်ကား နှစ်ဂါဝုတ်ကျယ်၏၊ တတိယ အထပ်ကား သုံးဂါဝုတ်ကျယ်၏၊ ထိုတံတိုင်းတို့၏ အပေါ်ရှိ သူရဲခို၊ ပြအိုး၊ ပစ်စင်၊ ရင်တား စသည်တို့မှာလည်း ထူထပ် ကောင်းမွန် ခိုင်ခံ့ကြလေ၏။ မြို့ရိုးသုံးထပ် လေးမျက်နှာ တစ်ဆယ့်နှစ်ရပ်သော တံခါးတို့၌ တံခါးစောင့်တစ်ရာတို့သည် ပုံး၊ စိန်၊ အမြောက်၊ သေနတ်၊ ခဲယမ်း၊ မီးကျောက်အစုံတို့နှင့်

စောင့်ကြပ်နေရ၏။ ထိုမြို့ရိုးသုံးထပ်၏ ပတ်လည်၌ ကျုံးသုံးထပ်ရှိပြန်၏။ ကျုံး၏အတွင်း၌ လှေကြီးလှေငယ်တို့နှင့် အိုးစည်၊ ပုံမောင်း၊ ပတ်သာ၊ လင်းကွင်းတို့ဖြင့် ကခုန်တီးမှုတ်ပြီးလျှင် အစဉ်မပြတ် သာယာကောင်းမွန်စေခြင်းငှာ ရေကင်းလှည့်လည်စေ၏။

ထို့ပြင် တံတိုင်းသုံးထပ်ရှိသည့်အနက် ပထမအတွင်းထပ်၌ မှူးကြီးမတ်ရာသေနာပတိ၊ မှူးငယ်မတ်ငယ် အသွယ်သွယ် တို့သာလျှင် နေရ၏။ ဒုတိယတံတိုင်းအတွင်း၌ကား ဆင်စီးသူရဲ၊ မြင်းစီးသူရဲ၊ ခြေသည်သူရဲစသော သူရဲတော်တပ်သားတို့သာလျှင် နေရ၏။ တတိယတံတိုင်း၏ အတွင်း၌ကား ဖုံးလုပ်သောစက်၊ စိန်လုပ်သောစက်၊ အမြောက်လုပ်သောစက်၊ သေနတ်လုပ်သောစက်၊ ဓားလုပ်သောစက်၊ လှံလုပ်သောစက်၊ ခဲယမ်းမီးကျောက် ကိရိယာလုပ်သော စက်တို့နှင့် လက်နက်ကိရိယာတို့သာလျှင် ထားရ၏။

တံတိုင်းသုံးထပ်၏ အပြင်၌ လေးမျက်နှာပတ်လည် လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့ဝယ် ကြည်လင်အေးမြ နေမခစေခြင်းငှာ ထူထပ်ကြီးမား၍ အရိပ်အာဝါသကောင်းသော သစ်ပင်တို့နှင့်ပြည့်စုံ၏၊ လမ်းလေးခွဆုံရာအရပ်တို့၌ စတုဒိသာမှ လာလာသမျှ လူအပေါင်းတို့ ကောင်းမွန်ချမ်းသာစွာ တည်းခိုနေထိုင်စေခြင်းငှာ ဇရပ်တန်ဆောင်းတို့ ဆောက်လုပ်ထား၏၊ သူဌေးသူကြွယ် ကုန်သွယ်လယ်လုပ်တို့သည် သွားလာရောင်းဝယ် ဖောက်ကားကြသည်မှာ ညဥ့်အခါ၌လည်း စည်စည်ညံညံ အသံမစဲအောင်ပင် ပေါ်များစည်ပင်လေ၏။ မြို့၏အနီး မြစ်၏အတွင်း၌ မရေမတွက်နိုင်သော စစ်သင်္ဘောတော်တို့သည် လည်းကောင်း၊ ရောင်းဝယ် ဖောက်ကား သွားလာကူးသန်းကြသော သင်္ဘောကြီး၊ သင်္ဘောငယ်၊ လှေကြီး၊ လှေငယ်၊ လောင်းကြီး၊ လောင်းငယ်တို့သည်လည်းကောင်း အလွန်ပေါ်များလေ၏။

## ညအခါ မင်းကြီးထွက်၍ ကြည့်ရှုလေသော်

အခါတစ်ပါး၌ ထိုမြို့ကို စိုးအုပ်စံပယ်တော်မူသော ကာလစ်ဟာရွန်အာရာရှစ် မင်းကြီးသည် ညဥ့်အခါ၌ တိုင်းပြည်မြို့ရွာ၏ အနေအခင်းကို သိတော်မူလိုသည်တစ်ကြောင်း၊ တိုင်းသူပြည်သား လူအများတို့၏ အသွားအလာ အနေအထိုင်ကို ရှုမြင်တော်မူလိုသည် တစ်ကြောင်း၊ တရားသဖြင့် စိုးအုပ်စံပယ်ပြီးလျှင် ခွဲခန့်ကောက်ခံသည်ကို ပြည်သူတို့ နှစ်ခြိုက်သည်၊ မနှစ်ခြိုက်သည်ကို ကြားသိတော်မူလိုသည် တစ်ကြောင်းတို့ကြောင့် လူသူမသိစေဘဲ တိတ်တဆိတ်ထွက်တော်မူကြရန် ကြံပွားအမည်ရှိသော အမတ်ကြီးကို

တိုင်ပင်တော်မူသည်၊ ထိုအမတ်ကြီးနှင့်ပင် ထွက်တော်မူလေသော် မင်းလမ်း၊ သူဌေး သူကြွယ်လမ်း၊ ကုန်သည်လမ်း၊ ဈေးလမ်းတစ်လျှောက်တို့ကို လှည့်လည်ကြည့်ရှုပြီးမှ တံငါသည်အိုကြီး တစ်ယောက်သည် တောင်းနှင့်ပိုက်ကိုထမ်းလျက် ဤသို့သောလင်္ကာဖြင့် ကျူးရင့်လာသည်ကို တွေ့မြင်တော်မူလေ၏။

## ကျူးရင့်သော လင်္ကာ ၃ ပုဒ်

ကျူးရင့်သော လင်္ကာများမှာကား...

၁။ တည်ဦးကမ္ဘာ၊ ရှေးအခါက၊ စ၍စဉ်စီ၊ ထုံးနည်းမှီရွေ့၊ ဓလေ့အလိုက်၊ အမိုက်မလို၊ ထိုထိုသိသူ၊ အမူကွဲဘိ၊ ပညာရှိမှ၊ သာသောလသို့၊ အေးမြကြည်လင်၊ ရွှင်ရွှင်နူးနူး၊ စိတ်လက်မြူးစွာ၊ ချမ်းသာသုခ၊ ရနိုင်စွဟု၊ ဆိုကြလေသည်၊ တတည်ငါ့မှာ၊ ဇရာအိုမင်း၊ ကြီးပြင်းသော်မူ၊ ပညာဟူလည်း၊ အနည်းငယ်သာ၊ မရှိပါ၍၊ မကွာဒုက္ခ၊ တွင်းဆုံးကျသည်၊ နောင်တ သွယ်သွယ်မငြိမ်းတည်း။

၂။ နောင်တမငြိမ်း၊ လူဘိတ်စိမ်းမို့၊ ကလိန်းကလက်၊ ချွေးထွက်ချွေးယို၊ စိုစိုမောလျက်၊ နေထွက်နေဝင်၊ မမြင်ခလုတ်၊ သစ်ငုပ်ဆူးငြောင့်၊ ဆောင့်မိပစေ၊ နားနေမရှိ၊ ကြိုးစားဘိလည်း၊ အချည်းနှီးပင်၊ ငါလုလင်ဝယ်၊ တကယ်မယုတ်၊ တစ်ဆုပ်ထမင်း၊ တစ်ရှုပ်ဟင်းကို၊ ရလိုခြင်းငှာ၊ ကြိုးစားပါလည်း၊ ဘယ်ခါသော်မှ၊ ဝမ်းမဝသည်၊ ရောင်ကြဘယ်ဝယ် မယိမ်းတည်း။

၃။ ရောင်ကြမယိမ်း၊ လူစိမ်းလူကျက်၊ လူပြက်လူစွာ၊ လူတကာတို့၊ မှတ်ပါစေခဲ့၊ ပညာမဲ့က၊ ဒုက္ခကြီးစွာ၊ သားစာမယား၊ ကျွေးချင်ငြားလည်း၊ အချည်းနှီးတည့်၊ တစ်ဆန်တစ်ကျိုး၊ မခိုးဘဲသာ၊ ဘယ်ခါမရ၊ နာယူကြလော့၊ ငါ့မှာကိုယ်တွေ့၊ ဝမ်းမပြေချင်၊ သေလျှင်မှသာ၊ ချမ်းသာလိမ့်ပ၊ ကျောစိမ့်လှသည်၊ နောင် တကယ်မတိမ်းတည်း။

## သေရတာမှကောင်းပါသေးသည်ဟု ပြောပုံ

ဤကဲ့သို့သော လင်္ကာသုံးပုဒ်ဖြင့် ကျူးရင့်သောအသံကို မင်းကြီးကြားတော်မူလျှင် အမတ်ကြီးအား ထိုသူ၏ အကြောင်းကို စုံစမ်းထောက်လှမ်းလော့ဟု မိန့်တော်မူလေ၏။ အမတ်ကြီးသည် ထိုသူ၏အနီးသို့ ချဉ်းကပ်၍ မည်သည့်အလုပ်ကို လုပ်ကိုင်သနည်းဟု မေးလေသော် သားမယားတို့အား ဝမ်းဝစေခြင်းငှာ နေ့လယ် မွန်းတည့်အချိန်ကသွား၍

တံငါအမှုကို လုပ်ကိုင်ပါသည်။ သို့သော် ဘာကိုမျှ မရခြင်းကြောင့် ကျွန်ုပ်သည် သေရသော်မှ ကောင်းပါလေ၏ဟု ပြောလေ၏။

ထိုအခါ မင်းကြီးက သင်သည် တိုက်ကရပ်အမည်ရှိသော မြစ်ကမ်းနားသို့ ငါတို့နှင့် ပြန်လိုက်ခဲ့ပြီး ပိုက်ကွန်များကို ပစ်ပါ၊ ငါတို့ ကံအားလျော်စွာ သင့်ပိုက်ကွန်ဝယ် ပါလာသမျှသော ဝတ္ထုတို့ကို ငါတို့ယူ၍ သင့်အား အသပြာတစ်ထောင်ပေးမည်ဟု မိန့်တော်မူလေ၏။ တံငါသည်လည်း အလွန်ဝမ်းမြောက်သဖြင့် အတူလိုက်ပါခဲ့ပြီး ပိုက်ကွန်ပစ်လေ၏။

## ပိုက်ကွန်၌ မိန်းမငယ်အလောင်းပါလာပြီ

ပိုက်ကွန်သည် အလွန်လေးလံလှသောကြောင့် တံငါသည်အား အသပြာတစ်ထောင် ပေးပြီးလျှင် လွှတ်လိုက်၍ ပိုက်ကွန်ကိုဆွဲငင်ရာ သေတ္တာတစ်လုံးပါလာသည်ကို နန်းတော်သို့ ယူဆောင်ခဲ့၍ နန်းတော်သို့ ကျရောက်သောအခါ မီးတို့ကို ထွန်းညှိပြီးသော် ကြာဖွာအမည်ရှိသော အမတ်ကြီးနှင့် မက်စရိုးဝါးအမည်ရှိသော အမတ်ကြီးနှစ်ယောက်တို့ကို ဖွင့်လှစ်ကြည့်ရှုစေ၏။ ပထမအဝတ်တို့ဖြင့် ပတ်ပြီး ကြိုးနီနှင့်ချည်နှောင်ထားသော အထုပ်တစ်ခုကို တွေ့ရှိလေ၏။ တစ်ဖန် ကြိုးကို ဖြတ်တောက်ပြီး ကြည့်ရှုပြန်ရာ ကတ္တီပါတို့ဖြင့် ရစ်ပတ်လျက် မိန်းမငယ်အားသတ်၍ အပိုင်းအပိုင်းဖြတ်ထားသော မိန်းမငယ်ကို တွေ့မြင်တော်မူလေ၏။

## သတ်သူရှာပေးရန် မင်းကြီးက မိန့်ကြား

မင်းကြီးသည် မိန်းမငယ်ကိုမြင်လျှင်ပင် စိတ်နှလုံးမအေးခြင်းများစွာ ဖြစ်သောကြောင့် အမျက်ဒေါသထွက်သဖြင့် အမတ်ကြီးများအား ဤသို့ကြိမ်းတော်မူလေ၏။ အို အမတ်ကြီးတို့၊ သင်တို့သည် တိုင်းရေးနိုင်ငံမှုကို ကြည့်ရှုခြင်းမရှိ၊ ရာဇဝတ်ရေး ရာဇဝတ်မှုတို့ကိုလည်း စစ်ဆေးထောက်လှမ်း မေးမြန်းခြင်းမပြု၊ ငါသည် မင်းကျင့်တရားဆယ်ပါး၊ ဗြဟ္မစိုရ်တရားလေးပါး၊ အပရိဟာနိယတရား ခုနစ်ပါးတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ပါလျက်နှင့် ဤမိန်းမငယ်အား သတ်၍ရေတွင် မျှောသည်ကိုတွေ့ရသည်မှာ သင်တို့ အပြစ်ပင်တည်း၊ သတ်သောသူကိုရှာ၍ ငါ့အားဆက်သရမည်၊ မဆက်သနိုင်က သင်တို့၏ ဆွေမျိုးနှင့်တကွ နန်းတော်တံခါးဝဝယ် ဓားတင်၍ သတ်တော်မူမည်ဟု မိန့်တော်မူလေ၏။

## ပြည်သူပြည်သားတို့ လာကြည့်ကြရမည်

အမတ်ကြီးတို့လည်း သတ်သူကိုရှာတွေ့ရန် မင်းကြီးထံမှ ခုနစ်ရက်ခွင့်တောင်း၍ လှည့်လည် ရှာကြသည်၊ မရသဖြင့် တွေဝေမှိုင်ငေးလျက်ရှိနေစဉ် လေးရက်မြောက်သောနေ့၌ အမတ်ကြီးကို ခေါ်တော်မူပြီး မင်းကြီးက မေးတော်မူပြန်သည်။ မိန်းမငယ်အား သတ်သော သူရှာ၍ မတွေ့ပါဟု တင်လျှောက်လေသော် မင်းကြီးလည်း အမတ်ကြီးအား ဆွေမျိုးတို့နှင့် တကွ နန်းတော်တံခါးဝထုတ်၍ သတ်စေဟူသော အမိန့်တော်ကို ထုတ်ပြန်လေ၏၊ ထို့ပြင် မိန်းမငယ်အား သတ်သောသူကို ရှာမတွေ့ခြင်းကြောင့် အမတ်ကြီးအား ဆွေမျိုးနှင့်တကွ နန်းတော်တံခါးဝတွင် ကားတင်၍သတ်မည်ကို တိုင်းသူပြည်သား လူအများတို့ လာရောက် ကြပြီး ကခုန်မြူးတူးကာ ကြည့်ရှုကြရမည်ဟု မောင်းကြေးနင်းခတ်လေ၏။ ထိုအခါ တိုင်းသူ ပြည်သား လူအများတို့လည်း သောသောညံမျှ လာရောက်ပြီး အမတ်ကြီးအား သတ်ချိန်မစေ့ မရောက်သေး၍ စောင့်ဆိုင်းကြည့်ရှုပြီး နေကြလေ၏။

## သတ်သူနှစ်ယောက်ဖြစ်နေပုံ

ပြည်သူတို့ ဝိုင်းဝန်းကြည့်ရှုစဉ်၌ လုလင်ပျိုတစ်ယောက်လာပြီး အမတ်ကြီးအပါးသို့ ချဉ်းကပ်၍ အမတ်ကြီး၊ ထိုမိန်းမငယ်ကို သတ်သောသူသည် ကျွန်ုပ်ပင်တည်း၊ ကျွန်ုပ်ကိုသာ သတ်ပါဟု ပြောလေ၏။ အမတ်ကြီး အလွန်ပင် ဝမ်းမြောက်၍နေစဉ် လူအိုကြီးတစ်ယောက်က လာပြီး မိန်းမငယ်ကို သတ်သောသူကား ဤလုလင်ပျိုမဟုတ်၊ ကျွန်ုပ်ဖြစ်ပေသည်၊ ကျွန်ုပ် ကိုသာ သတ်ပါဟု ပြောပြန်လေ၏။

ထိုအခါ လုလင်ပျိုက အရှင်အမတ်ကြီး၊ ဤအဘိုးအိုသတ်သည် ဆိုသည်မှာ အရှုယ်ကို ထောက်၍ စဉ်းစားတော်မူပါ၊ ဤမိန်းမငယ်ကို သတ်သူ ကျွန်ုပ်သာ အမှန်ဖြစ်ပါသည်ဟု ပြောပြန်လျှင် လူအိုကလည်း အို ငါ၏ချစ်သား၊ သင်သည် ငယ်ရွယ်သောသူဖြစ်၍ ရှေ့ကို ချမ်းသာရန် အလွန်များသေးသည်၊ ငါ့မှာမူကား အိုမင်းမစွမ်းပြီဖြစ်၍ ထိုမိန်းမငယ်ကို ငါမသတ် သော်လည်း သင့်အတွက် ငါပင်ခံမည်ဟု လုလင်အား ပြန်၍ ပြောဆိုလေ၏။

## နှစ်ယောက်စလုံး မင်းကြီးထံ ခေါ်သွားပြီး

ထိုအခါ အမတ်ကြီးလည်း လုလင်ပျိုနှင့် အဘိုးအိုတို့ကို မင်းကြီးထံခေါ်ဆောင်ခဲ့ပြီးလျှင် မိန်းမငယ်ကို သတ်သောသူကား ဤသူတို့ပင်တည်းဟု လျှောက်တင်လေ၏။ မင်းကြီးက ဤနှစ်ယောက်တွင် မည်သူသတ်သနည်းဟု မေးတော်မူရာ အရှင်မင်းကြီး၊ ကျွန်တော်မျိုးပင် တည်းဟု လုလင်ပျိုက တင်လျှောက်၏၊ အဘိုးအိုကလည်း အရှင်မင်းကြီး၊ ကျွန်ုပ်ပင် ဖြစ်ပါသည်၊ ဤလုလင်ပျို မဟုတ်ပါဟု တင်လျှောက်၍ အငြင်းအခုံဖြစ်ကြလေ၏။ မင်းကြီးက အမတ်ကြီးအား လုလင်ပျိုနှင့် အဘိုးအို နှစ်ယောက်လုံးကိုပင် ကားစင်တင်၍ သတ်လေဟု မိန့်တော်မူလေသော် လုလင်ပျိုသည် မင်းကြီးအား ဤသို့လျှောက်တင်ပြန်၏။ အရှင်မင်းကြီး၊ ကျွန်ုပ်ကိုသာလျှင် သတ်တော်မူပါ၊ ဤအဘိုးအိုသည် ကျွန်တော်မျိုးကို သနားသည့် အတွက်ကြောင့်သာ ပြောဆိုခြင်းဖြစ်ပါသည်ဟု တင်လျှောက်မှ မင်းကြီးလည်း လုလင်ပျိုအား ဤသို့မိန့်တော်မူပြန်၏။ အချင်းလုလင်ပျို၊ သင်သည် ဤမိန်းမငယ်အား သွန်သင်ဆုံးမခြင်းကို လည်းကောင်း၊ ဆဲဆိုရိုက်နှက်ခြင်းကို လည်းကောင်း မပြုမူ၍ သတ်ဖြတ်ညှဉ်းဆဲခြင်းသည် မည်သည့် အကြောင်းကြောင့်နည်း၊ ငါ့အားလျှောက်တင်ရမည်ဟု မိန့်တော်မူလေ၏။

ထိုအခါ လုလင်ပျိုက ဤသို့ လျှောက်တင်လေ၏။ ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေ့သခင်ဘဝရှင်မင်းကြီး၊ ၎င်းမိန်းမငယ်သည် ကျွန်တော်မျိုး ဦးရီး၏သမီး၊ ကျွန်တော်မျိုး၏ မိန်းမငယ်တည်း၊ ဤအဘိုးအိုသည်လည်း မိန်းမငယ်၏ ဖခင်တည်း၊ ကျွန်တော်မျိုး၏ ဦးရီးလည်း ဖြစ်ပါသည်။ မိန်းမငယ်သည် အကျွန်ုပ်နှင့် ထိမ်းမြား လက်ထပ်ပြီးနောက် သားသုံးယောက် ဖွားမြင်ပါသည်၊ ထို့နောက် တစ်နေ့သောအခါ၌ ဤမိန်းမငယ်သည် အဖျားရောဂါစွဲကပ်သဖြင့် ဓာတ်၊ နက္ခတ်၊ ဗိန္ဓောအစရှိသော ဆရာတို့ကိုပြသ၍ သစ်တော်သီးကို ပေးရမည် ပြောသောကြောင့် အကျွန်ုပ်အိမ်မှ ရုတ်တရက် ထွက်ခဲ့ပြီးလျှင် မြို့ကို လှည့်လည်ရှာဖွေပါသည်၊ မရသဖြင့် တစ်ဖန် ဥယျာဉ်ကြီး ဥယျာဉ်ငယ်တို့ကို လိုက်လံ ထောက်လှမ်း မေးမြန်းသောအခါ တစ်ယောက်သောသူက ဤသို့ပြော၏။ အမောင်၊ သင်သည် ဤမြို့တွင် ရှာသော်လည်း မရချေ၊ အလိုရှိက ဘာဆရ အမည်ရှိသောမြို့ကို သွားလျှင် ရပါလိမ့်မည်ဟု ညွှန်ကြားလိုက်သောအခါ အကျွန်ုပ်သည် အိမ်သို့ပြန်ခဲ့ပြီး မယားအား မှာထားပြောဆိုပြီးကာလ ဘာဆရမြို့သို့ သွားသည်၊ သစ်တော်သီးသုံးလုံးကို တစ်လုံးလျှင် ရွှေဒင်္ဂါးတစ်ပြားကျစီပေး၍ ဝယ်ယူခဲ့ပြီးမှ အိမ်သို့ပြန်ခဲ့သည်။ အိမ်ရောက်သောအခါ မယားကို

နမ၊ သင်သည် စားလိုလျှင်စားပါ၊ မစားလိုလျှင်လည်း ကောင်းမွန်စွာထားပါ၊ ငါသည် သစ်တော့သီးအတွက်ကြောင့် ဘာဆရမြို့သို့ သွားရသည်မှာ ၁၅ ရက်ခန့်ပင်ကြာ၏ဟု ပြောပါ၏။ မိန်းမက မစားလိုသေးသဖြင့် အိပ်ရာ၏ အနီးတွင်ပင် ထားပြီးနောက် ၁၀ ရက်ခန့် ကြာရှိသောအခါ သူ့အဖျားရောဂါသည် ကင်းရှင်းချမ်းသာသွားပါ။

***

## သစ်တော့သီး သုံးလုံးအကြောင်း

ထိုအခါ ကျွန်တော်မျိုးသည် ဆိုင်များဖွင့်လှစ်ပြီး ကုန်စည်များကို ရောင်းဝယ်နေစဉ် နေ့ခင်းအချိန်၌ ကပ္ပလီတစ်ယောက် ၎င်းသစ်တော့သီးကို လက်ဝယ်ကိုင်လျက် ဆိုင်ရှေ့သို့ လျှောက်လာသည်။ အချင်း၊ သင်သည် ဤသစ်တော့သီးကို မည်သည့်အရပ်မှ ရခဲ့သနည်းဟု မေးရာ ပြုံးရယ်၍ သူက ဤသို့ပြော၏။

ကျွန်ုပ်ရည်းစားထံက ရခဲ့ပါသည်။ ထိုရည်းစားမှာလည်း သူ၏ ခင်ပွန်းသည်ယောကျ်ား ဘာဆရမြို့သို့ သွားပြီး ရွှေဒင်္ဂါး သုံးပြားပေး၍ သုံးလုံးဝယ်ခဲ့သည့်အနက်က တစ်လုံး ကျွန်ုပ်ကို ပေးလိုက်သည်ဟု ကျွန်တော့်အားပြောသည်။ ထိုစကား ကျွန်တော်မျိုး ကြားရသည်နှင့် တစ်ပြိုင်နက် ယမ်းပုံမီးကျ အမျက်ဒေါသတို့ ပြင်းထန်စွာ ဖြစ်ခြင်းကြောင့် အိမ်သို့ ရုတ်တရက် ပြန်လာခဲ့သည်၊ အိမ်သို့ရောက်သော် မိန်းမငယ်အား သစ်တော့သီးတစ်လုံး အဘယ်မှာနည်းဟု မေးသည်၊ မသိဟု ပြော၍ ဓားကိုယူပြီး မိန်းမငယ်အား အပိုင်းပိုင်းဖြတ်ကာ အဝတ်တို့ဖြင့် ထုပ်ပတ်လျက် သေတ္တာအတွင်း ထည့်သည်၊ ထို့နောက် ကျွန်တော်မျိုးကိုယ်တိုင်ပင် တိုက်ကရပ်အမည်ရှိ မြစ်အတွင်းသို့ ပစ်ချစွန့်မျှောခဲ့သည်။

## ထပ်၍ လျှောက်ပါဦးမည်

အို အရှင်မင်းကြီး၊ နောက် ထပ်မံလျှောက်တင်ရမည်ဆိုသော် ကျွန်တော်မျိုးကိုပင် သတ်ထိုက်ပေသည်၊ ကျွန်တော်မျိုးသည် အိမ်သို့ပြန်လာခဲ့သောကာလ သားအကြီးသည် မိခင် သေဆုံးမှုန်း မသိသေးသဖြင့် ကျွန်တော်မျိုးထံလာပြီး ဤသို့ ပြောကြား၏၊ ဖခင်၊ ကျွန်တော် သည် သစ်တော့သီးတစ်လုံးကို မိခင်အနီးမှ ညီများနှင့် ကစားကြရန် အိမ်ရှေ့လမ်းမသို့ ယူသွားသောအခါ ကပ္ပလီကြီးတစ်ယောက်သည် လာ၍ မည်သည့်အရပ်မှ သစ်တော့သီးကို

ရသနည်းဟုမေးသည်၊ ကျွန်တော်က မိခင်မကျန်းမာ၍ ဖခင်သည် ဘာဆရမြို့သို့သွား၍ ရွှေဒင်္ဂါးသုံးပြားပေးကာ ဝယ်ခဲ့ကြောင်းပြောသည်။

## ကပ္ပလီကို ငါ့ထံ ဆက်သရမည်

ကပ္ပလီကြီးက ကျွန်တော့်လက်မှ အတင်းလုထွက်သွားသည်၊ မိခင်ရိုက်မည်ကို ကြောက်ရွံ့လှပါသည်၊ နောက်နောင် မကိုင်ဝံ့ပါပြီ၊ သည်တစ်ခါ ချမ်းသာပေးပါဟု မိခင်ထံ ခွင့်ပန်ပေးရန် ငိုကြွေးပြီး ပြောသည်၊ ထိုအခါမှ ကပ္ပလီကြီးက လိမ်လည်ပြောဆို၍ ဤမိန်းမငယ်အား သတ်မိသည်ကို မှားမှန်းသိသဖြင့် အလွန်တရာ ပူဆွေးနေစဉ် ကျွန်ုပ်၏ဦးရီး ၎င်းမိန်းမငယ်၏ ဖခင်လာသောကြောင့် အလုံးစုံကို ပြန်ပြောသောအခါ နှစ်ဦးလုံးပင် ပူဆွေးဒုက္ခရောက်၍ နေကြပါသည်။ သို့ဖြစ်ပါသောကြောင့် ၎င်းမိန်းမငယ်ကို ကျွန်တော်မျိုး သတ်သည်အားလျော်စွာ ကျွန်တော်မျိုးကိုသာ သတ်ထိုက်ပါသည်ဟု လျှောက်တင်လေ၏။

မင်းကြီးလည်း လုလင်ပျိုတင်လျှောက်သော စကားကိုကြားလျှင်ပင် အလွန်အံ့သြခြင်း ဖြစ်၍ အချင်းလုလင်ပျို၊ သင့်အား အသက်ဘေးမှ ငါချမ်းသာပေးအံ့ဟု မိန့်တော်မူပြီး အမတ်ကြီးအားလည်း ဤသို့မိန့်တော်မူပြန်၏။ အမတ်ကြီး၊ လိမ်လည်လှည့်ဖြား၍ ပြောသော ကပ္ပလီကို ငါ့ထံဆက်သရမည်၊ မဆက်သနိုင်လျှင် သင့်ကို သတ်တော်မူမည်ဟု မိန့်တော် မူသည်။ ထိုအခါ အမတ်ကြီးသည် စိတ်နလုံး မသာမယာခြင်းကြောင့် အိမ်သို့ပြန်လာခဲ့ပြီး ထိုကပ္ပလီကို သုံးရက်တိုင်တိုင် လှည့်လည်ရှာဖွေသည်။ မတွေ့သဖြင့် လေးရက်မြောက်သော နေ့၌ သားသမီးများကို အနီးအပါးသို့ခေါ်ပြီး အကျိုးအကြောင်းကို ပြောပြကာ ငိုကြွေးပြန်၏။

## ခိုင်းစေသော ကပ္ပလီထံမှရပါသည်

ထိုအခါ အငယ်ဆုံးသောသမီးကို အထူးသဖြင့် ချစ်ခင်ခြင်းကြောင့် ပွေ့ပိုက်ဖက်ယမ်း နမ်းရှုပ်သည်။ ထိုအခါ၌ ထိုသမီး၏ အိတ်အတွင်းမှ သစ်တော့သီးကိုရသဖြင့် ချစ်သမီး၊ ၎င်းသစ်တော့သီး မည်သည့်အရပ်က ရသနည်းဟု မေးလေသော် ဖခင်၊ ဤသစ်တော့သီးကို ရသည်မှာ အခြားသူထံက မဟုတ်ပါ၊ ကျွန်တော်မတို့အိမ်၌ ခိုင်းစေသော ကပ္ပလီထံက ရပါသည်ဟု ပြောသည်။ အမတ်ကြီးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်၍ ကပ္ပလီကိုခေါ်ပြီး ဤသစ်တော့သီးကို မည်သည့်အရပ်က ရသနည်းဟု မေးလေ၏။ ထိုအခါ ကပ္ပလီက

ဤသစ်တော့သီးကို ရသည်မှာ ငါးရက်ခန့်ကြာရှိပါပြီ။ တစ်နေ့သ၌ ကျွန်ုပ် လမ်းလျှောက်သွားစဉ် သူငယ်ကလေးတို့သည် သစ်တော့သီးကို ကိုင်၍ ကစားနေကြသည်၊ ကျွန်ုပ်က လုယူသောကြောင့် ထိုသူငယ်ကလေးသည် မယူပါလင့်၊ ဤသစ်တော့သီးသည် မိခင်မကျန်းမမာသောကြောင့် စားစေခြင်းငှာ ဘာဆရမြို့သို့ ဖခင်ကိုယ်တိုင်သွား၍ ရွှေဒင်္ဂါး သုံးပြားပေးပြီး သစ်တော့သီးကို ဝယ်ခဲ့ပါသည်ဟု ပြောဆိုသည်၊ ကလေးထံမှ ကျွန်ုပ်သည် ထိုသစ်တော့သီးကို ယူလာခဲ့ပါသည်ဟု ပြောလေ၏။

ထိုအခါ ကြာဖွားအမတ်ကြီးလည်း အံ့သြခြင်းဖြစ်လျက် မင်းကြီးထံသို့ ခေါ်ဆောင်ခဲ့ပြီး အလုံးစုံတင်လျှောက်လေ၏။ မင်းကြီးလည်း အလွန်အံ့သြဖွယ်ကောင်းသောကြောင့် ပုံပြင်ဝတ္ထုလုပ်၍ ကြေငြာရမည်ဟု မိန့်တော်မူလေ၏။

## ပို၍ထူးဆန်းလျှင် တင်လျှောက်ပါ

ကြာဖွားအမတ်ကြီးလည်း မင်းကြီးအား ဤသို့တင်လျှောက်ပြန်၏။ အရှင်မင်းကြီး၊ ဤသူတို့ အကြောင်းသည်ကား ဆံမရှူးဒင်အမတ်ကြီး၏ညီ နူရာဒင်တို့၏ အကြောင်းကဲ့သို့ အံ့သြဖွယ် မရှိပါဟု တင်လျှောက်လေ၏။ ထိုအခါ မင်းကြီးက အမတ်ကြီးအား အချင်းအမတ်ကြီး၊ ဤသူတို့၏ အကြောင်းထက် ထူးဆန်းအံ့သြဖွယ် ဖြစ်ပါဦးမည်လော၊ သင်လျှောက်တင်သော အကြောင်းသည်ကား မည်သို့နည်းဟု မေးတော်မူရာ အရှင်မင်းကြီး၊ ကျွန်တော်မျိုး၏တပည့် ရာဇဝတ်တော်မှ ချမ်းသာပေးတော်မူပါလျှင် ကျွန်တော်မျိုးသည် တင်လျှောက်ပါအံ့ဟု ဆိုလေ၏။ မင်းကြီးလည်း ချမ်းသာပေးအံ့ဟု မိန့်တော်မူသောကြောင့် တင်လျှောက်ရလေသတည်း။

***

# ဆံမရှူးဒင်၏သမီးနှင့် နူရာဒင်၏သားတို့အကြောင်း

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော ရေမြေ့သခင် ဘဝရှင်မင်းမြတ်၊ ရှေးသောအခါ ကေရို အမည်ရှိသောမြို့၌ အလွန်တရာ ပညာအလိမ္မာ အမြော်အမြင်နှင့်

ပြည့်စုံသော ဘုရင်တစ်ပါးရှိသည်။ ထိုဘုရင်ကြီး၌ အခြား ပိဋကတ်စာစောင်တို့ကို လည်းကောင်း၊ ဝိနည်းပိဋကတ်စာစောင်တို့ကို လည်းကောင်း၊ ဗုဒ္ဓဝင်၊ ရာဇဝင်တို့ကို လည်းကောင်း၊ ဓမ္မသတ်၊ ရာဇသတ်တို့ကို လည်းကောင်း၊ သိကျွမ်းနားလည်သော အမတ်ကြီးဝယ် လက်ယာလက်ရုံး၊ လက်ဝဲလက်ရုံး နှစ်ဖက်ကဲ့သို့ အားကိုးရသော သားနှစ်ယောက်ရှိရာ အကြီးကို ဆံမရှူးဒင်၊ အငယ်ကိုကား နူရာဒင်ဟူသော အမည်ကို ပေးလေ၏။ ထိုသားနှစ်ယောက်တို့သည် ပညာအရာ၌ တုဖက်မရှိ၊ အလှဖက်မှာလည်း ထို့အတူပင် ဖြစ်ခြင်းကြောင့် အလွန်တရာ ကျော်စောလေ၏။ သူတို့၏ ဖခင်အမတ်ကြီး ကွယ်လွန်သော အခါ၌ ထိုသားနှစ်ယောက်ကို ပြည့်ရှင်မင်းကြီးသည် အမတ်ကြီးအရာကိုပေး၍ အလှည့်ကျ ခစားစေ၏။

## ညီအစ်ကိုနှစ်ယောက် တိုင်ပင်ကြပုံ

တစ်နေ့သောနေ့၌ ထိုအမတ်ညီနောင်နှစ်ယောက် တိုင်ပင်ကြရာ အစ်ကိုအမတ်ကြီးက ဤသို့ပြောလေ၏။ ငါတို့သည် အမတ်ကြီးအရာကို ရပြီဖြစ်သောကြောင့် ရွှေငွေဥစ္စာ ဘဏ္ဍာ ပစ္စည်းတို့မှာ ပူပင်စရာမရှိပြီ။ အိမ်ထောင်မှုကို ထိန်းသိမ်းစောင့်ရှောက်မည့်သူ သားမယား တို့သာလိုတော့သည်။ သို့ဖြစ်၍ သားမယားယူသောအခါ သင်နှင့်ငါသည် တစ်နေ့ တစ်ရက် တစ်ချိန်တည်း ယူကြပြီးလျှင် ကုသိုလ်ကံအားလျော်စွာ ငါ၌သမီး၊ သင်၌သားဖွားမြင်ခဲ့ပါမူ ဆွေမျိုးချင်း ပေးစား ထိမ်းမြားလက်ထပ်ကြရမည်၊ ထိုအခါ ငါ၏သမီးအတွက် ရွှေငွေဥစ္စာ လယ်ယာဥယျာဉ်တို့ကို လက်ဖွဲ့မည်ဟု ပြောလေ၏။

ညီဖြစ်သူ နူရာဒင်က ဤသို့ပြော၏။ ကျွန်ုပ်တို့သည် အမတ်လည်းအမတ်ကြီး ညီလည်း ညီအစ်ကိုချင်းပါလျက်နှင့် မည်ကဲ့သို့သော အကြောင်းကြောင့် လက်ဖွဲ့မည်နည်း၊ ကျွန်တော်၏ သားသည် ဂုဏ်ရည်ယုတ်ပါသလော၊ ကျွန်တော်ကသာ သားရှင်ဖြစ်သည့် အားလျော်စွာ လက်ဖွဲ့ရမည်ကို ယခုမိန်းမငယ်ရှင်က လက်ဖွဲ့မည်ဆိုသည်မှာ မည်သည့်ဂုဏ်ထူးရှိသနည်း၊ ကျွန်တော်၏သားသည် ယောကျ်ားပင်ဖြစ်သော်လည်း မိန်းမငယ်ထက် လှပယဉ်ကျေး လိမ္မာသည်ဟု ဆိုလေ၏။

ထိုအခါ အစ်ကိုအမတ်ကြီးက သင်သည် သားဂုဏ်ရောက်ခြင်းကြောင့် ငါ၏သမီးကို ရွှေနှင့်စက်၍ ပေးမည်ဆိုသော်လည်း သင်၏သားနှင့် မပေးစားပြီဟုဆို၏။ ထိုအခါ ညီဖြစ်သူ

အမတ်ကြီးက ကျွန်ပ်သားကိုလည်း ရွှေဖြင့်စက်၍ နှစ်ဆပေးမည်ဆိုသော်လည်း မပေးစား လိုပြီဟု ပြောသဖြင့် ညီအစ်ကိုနှစ်ယောက်တို့ ရုန်းရင်းခတ် ဒေါသအမျက်ဖြစ်ပွားပြီး အိပ်ရာ ခန်းတွင်းသို့ ဝင်ကြလေ၏။

နံနက်မိုးသောက် ရောက်လတ်သော် ဆံမရှူးအမတ်ကြီးလည်း မင်းကြီး တောကစား ထွက်တော်မူရာသို့ လိုက်ပါလေ၏။ ညီအငယ်နူရာဒင်မှာမူကား မြင်းကို ရွှေဖြင့်ပြီးသော ကြိုးကုန်းနှီးချပ်တန်ဆာတို့ကို ပြင်ဆင်စေပြီးလျှင် တပည့်သားမြေးတို့အား ငါသည် စိတ်လက် မကောင်းသည့် အခါဖြစ်၍ သုံးရက်ခန့်လည်ပတ်ခြင်းငှါ သွားဦးမည်ဟု ပြောပြီး မြင်းပေါ်သို့တက်စီးလျက် ထွက်သွားလေ၏။

ဤကဲ့သို့ အစဉ်သဖြင့် သွားလတ်သောအခါ ညချမ်းအချိန်သို့ရောက်လျှင် ပထမ ဘီလဘေးမြို့သို့ရောက်၏။ ထိုအရပ်တွင်ပင်အိပ်၍ နံနက်မိုးသောက်သောအခါ၌ ပြန်သွား သော် ဒုတိယဂျေရုစလင်မြို့သို့ ဆိုက်ရောက်သည်။ တစ်ဖန် နံနက်အခါ မြင်းပေါ်သို့ တက်ပြီးလျှင် အစဉ်သဖြင့် သွားလတ်သော် ဘက်လပိုးမြို့သို့ ဆိုက်ရောက်သည်။ စားပွဲရုံဝယ် ဝင်ရောက်စားသောက်ပြီး အစ်ကိုဖြစ်သူကိုလည်း အမျက်ဒေါသ ထွက်ဆဲ ဖြစ်သောကြောင့် သွားမြဲသွားပြန်လေလျှင် ဘာဆရမြို့သို့ ဆိုက်ရောက်လေ၏။ စားပွဲရုံ၌ပင် တည်းခိုနေထိုင်ပြီး သူရင်းငှား တစ်ယောက်အား မြင်းကို အညောင်းအညာပြေစေခြင်းငှာ ကိုင်၍ လမ်းလျှောက် စေ၏။

သူရင်းငှားကူလီလည်း မြင်းကိုကိုင်၍ လမ်းလျှောက်နေစဉ် ဘာဆရမြို့က အမတ်ကြီးသည် ပြတင်းပေါက်မှ ကြည့်ရှုနေခိုက်ဖြစ်၍ မြင်းကိုမြင်လေ၏။ ချောမွေ့ခြင်း၊ ရွှေကကြိုးချပ် တန်ဆာဆင်ထားခြင်းတို့ကို မြင်သဖြင့် အစေအပါး လူတစ်ယောက်အား ၎င်းမြင်းကို ဆွဲကိုင်လျက်ရှိသော သူရင်းငှားကို ခေါ်ခဲ့စေသည်။ ထိုမြင်းရှင်ကား မည်သူနည်းဟု မေးမြန်းသည်၊ အကျွန်ုပ် သေချာတပ်အပ်စွာ မသိသူပါ၊ သူ၏ရုပ်လက္ခဏာမှာ အလွန်လှပ တင့်တယ်ကျက်သရေနှင့် ပြည့်စုံသောသူ တစ်ယောက်ဖြစ်သည်ဟု ပြောသော် ထိုအမတ်ကြီး သည် သူရင်းငှားနှင့်တူ လိုက်ပါလာခဲ့သည်။

စားပွဲရုံသို့ ကျရောက်သောအခါ နူရာဒင်၏ အနီးကပ်၍ ထိုင်ပြီးလျှင် အိုချစ်သား၊ သင်သည် မင်းဆွေမင်းမျိုး ဖြစ်ပါသလော၊ သို့တည်းမဟုတ်မူ သူဌေးသူကြွယ်မျိုးလော၊ ဤအရပ်သို့ မည်သည့် အကြောင်းကြောင့် လာရောက်ရသနည်းဟု မေးလေ၏။ အိုဖခင်၊

အကျွန်ုပ်၏ ဖခင်သည်ကား ကေရိုမြို့၌ အမတ်ကြီးတည်း၊ ဖခင်ကွယ်လွန် ဘဝပြောင်းကြွသောအခါ အကျွန်ုပ်ကို ဖခင်ကဲ့သို့ ပြည့်ရှင်မင်းကြီးက အမတ်ကြီးအရာ ပေးသနားတော်မူပါသည်၊ ယခု လာသည်မှာလည်း အတိုင်းတိုင်းအပြည်ပြည်ကို လှည့်လည်ကြည့်ရှုရန် လာပါသည်ဟု ပြန်ကြားပြောဆိုလေ၏။

ထိုအခါ ချစ်သား၊ သင်သည် အတိုင်းတိုင်းအပြည်ပြည်ကို သွားသော်လည်း မထူးပါပြီ၊ ယခု ငါ၏အိမ်သို့ ခေတ္တလိုက်ခဲ့ဦးဟု ပြောဆိုပြီး မြင်းနှင့်တကွ ခေါ်ဆောင်ခဲ့လေ၏။

## သမီးနှင့်ပေးစားပြီး မင်းကြီးထံပို့မည်

အိမ်သို့ရောက်သောအခါ အမတ်ကြီးသည် နူရာဒင်အား ဤသို့ပြောပြန်၏။ ချစ်သား၊ ငါသည်ကား အသက်ကြီးရင့်၍ ဇရာဒုဗ္ဗလအရွယ်သို့ရောက်ချေပြီ၊ ငါ့မှာ သားဟူ၍လည်း တစ်စုံတစ်ယောက်မျှမရှိ၊ သမီးတစ်ယောက်သာလျှင် ရှိသည်၊ သင့်ကို ငါမြင်ရသည့်အခါမှစ၍ အလွန်ချစ်ခင်ကြင်နာသည်၊ သားရင်းမကအောင်ပင် ချစ်ခင်သည်၊ ငါ၏ရာထူးဌာနန္တရကို ဆက်ခံနိုင်လိမ့်မည်ဟု မှတ်ထင်သည်၊ ထို့ကြောင့် သင့်အား ငါ၏သမီးနှင့် ပေးစားလက်ထပ်မည်၊ ထို့နောက် ငါတို့၏ ဘာဆရပြည့်ရှင်မင်းကြီးထံ ဝင်ရောက်ကာ ဤသူငယ်သည် အခြားသောသူမဟုတ်၊ အစ်ကို၏သားဖြစ်၍ တူပင်တော်ပါသည်ဟု တင်လျှောက်မည်၊ ထိုအခါ သင့်အား ငါ၏အရာကို လွှဲအပ်ဆောင်နင်းပါလိမ့်မည်၊ ချစ်သား၊ ငါ့စကားကို ငြင်းပယ်ခြင်း မပြုပါလင့်၊ အကယ်၍ သင်၏မြို့ရွာကို ပြန်မည်ဆိုသည့်တိုင်အောင် အားကိုးအားထားပြုရန် ဖခင်လည်းရှိသည်မဟုတ်၊ ငါ့ကိုသာ ဖခင်အမှတ်ပြုပြီးလျှင် နေထိုင်ပါ၊ ငါကမူ သားရင်းတမျှ ချစ်ခြင်းကြောင့် ပြောရန်အထူး မရှိပါပြီဟု ဆိုလေ၏။

ထိုအခါ နူရာဒင်က ကောင်းပါပြီဟု ဝန်ခံသောကြောင့် အမတ်ကြီးက ကောင်းမွန်သော အဝတ်အစား၊ အိပ်ရာ၊ ထိုင်ခင်းတို့ကို ပေးသည်။ နံနက်ရောက်သောအခါ ထိုဘာဆရမြို့၌ ရှိသော မှူးကြီးမတ်ရာ၊ သေနာပတိ၊ မှူးငယ်မတ်ငယ်တို့မှစ၍ သူဌေးသူကြွယ် ကုန်သည် လူကြီးလူကောင်းတို့အား ဤသို့ ဖိတ်ကြားလေ၏။

## မောင်လည်နမလည်ထိမ်းမြားရန် ဖိတ်စာပေးပုံ

ဆာဘာရမြို့ကို အစိုးရတော်မူသောပြည့်ရှင်မင်းကြီး၏ အမတ်ကြီးက ဖိတ်ကြားပါသည်၊ မိဘတို့သည် သားသမီးတို့အား ဖွားမြင်သည်မှစ၍ စကားစမြည် ပြောဆိုတတ်သည့် အချိန်အရွယ်တိုင်အောင် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ကျွေးမွေးခြင်း၊ အတတ်ပညာတို့ကို ကောင်းမွန်စွာ တတ်မြောက်အောင် သင်ပေးခြင်း၊ ရသင့်ရထိုက်သော အမွေတို့ကို ပေးစားထိန်းမြားခြင်းဟု ဝတ်ငါးပါးရှိသည့်အနက် ယခု ကျွန်ုပ်၏ ဩရသ သမီးကြီးကို ကျွန်ုပ်၏ ညီဖြစ်သူ အီဂျစ်မြို့က အမတ်ကြီး၏ သားငယ် နူရာဒင်ဆိုသူ ကျွန်ုပ်၏တူနှင့် မောင်လည် နမလည်ထုံးစံ ဝတ်တရားရှိသည့်အတိုင်း ပေးစားထိမ်းမြား လက်ထပ်မင်္ဂလာပြုပါမည်၊ သို့ပါ၍ ကြွရောက်ပါမည့်အကြောင်း ဖိတ်ကြားလိုက်ပါသည်ဟု ဖိတ်ကြားလေ၏။

ထို့နောက် ကောင်းမွန်စွာသော မဏ္ဍပ်ကန္နားတို့ကို ဆောက်လုပ်ပြီး အချို့ပွဲ အချဉ်ပွဲတို့ဖြင့် လည်းကောင်း၊ ခဲဖွယ်ဘောဇဉ်တို့ဖြင့် လည်းကောင်း ကျွေးမွေးပြီးလျှင် ဇာတ်၊ ရုပ်သေး၊ အငြိမ့်ပွဲသဘင်တို့ကို ခံစေ၍ ရွှေငွေ၊ ဥစ္စာဘဏ္ဍာ၊ လယ်ယာချောင်းမြောင်း၊ ဉယျာဉ်ခြံမြေတို့ကို လက်ဖွဲ့ပြီး လက်ထပ်ထိမ်းမြားလေ၏။ ပြီးလျှင် အမတ်ကြီးလည်း နံနက် မိုးသောက်ရောက်မှ ဤကဲ့သို့ ထိမ်းမြားလက်ထပ်ကြောင်းကို ပြည့်ရှင်မင်းကြီးထံ တင်လျှောက်မည်ဟု ပြော၍နေကြလေ၏။

အစ်ကိုအကြီးဖြစ်သူ ဆံမရှူးဒင်လည်း မင်းကြီးနှင့် တောကစားလိုက်ပါရာမှ ပြန်လည် ခဲ့သော် ညီဖြစ်သူ နူရာဒင်ကို မတွေ့မမြင်သဖြင့် ကျေးကျွန်အစေအပါးတို့ကို မေးမြန်းသည်။ အရှင် အမတ်ကြီး၏ ညီတော်သည် ပြည့်ရှင်မင်းကြီးနှင့် အရှင်အမတ်ကြီးတို့ တောကစား ထွက်ကြွတော်မူသောနေ့ နံနက်အခါကပင် မြင်းစီးပြီး စိတ်လက်မကောင်းခြင်းကြောင့် နစ်ရက် တန်သည်၊ သုံးရက်တန်သည် ငါသည် လှည့်လည်ကြည့်ရှုအံ့သောဟု ထွက်ခွာသွားမည်ဟု ပြော၍ တပည့်လက်သားတို့ တစ်ယောက်မျှမပါဘဲ ထွက်သွားသည်၊ ယခုထက်ထိ ပြန်မလာပါဟု ပြန်ကြားပြောဆိုကြလေ၏။

ဆံမရှူးဒင်အမတ်ကြီးလည်း ညီနှင့်ကွဲပြား၍ နေရသောကြောင့် စိတ်နလုံး မချမ်းမသာ များစွာဖြစ်လေ၍ ဤသို့ အောက်မေ့မိလေ၏။ ဩော် ငါတို့သည် မိဘ ကွယ်လွန်သည့်နောက် ညီအစ်ကို နှစ်ယောက်တည်းသာဖြစ်၍ အကြောင်းကြောင်းတို့ကို နှီးနှောတိုင်ပင်လျက် ညီအစ်ကိုနှစ်ဦး မကွဲမပြား နေထိုင်ခဲ့ကြသည်၊ ယခု ငါသည် ဆန့်ကျင်ဘက်ဖြစ်သော စကားကို

ပြောဆိုလိုက်မိသည်ကား မှားလေစွ၊ ထိုညီ၏ အပေါ်၌ ငါသာလျှင်အဖကဲ့သို့ ဖြစ်ခြင်းကြောင့် ငါက သည်းခံရမည်ကို သည်းမခံမူ၍ တုပြိုင်ပြောဆိုခြင်းသည် မှားလေစွ၊ ငါ၏ညီသည် မည်သည့် အရပ်သို့သွား၍ မည်ကဲ့သို့ နေထိုင်ရရှာလေသည်မသိ၊ ကောင်းသော မိတ်သင်္ဂဟတို့နှင့် ပေါင်းမိတော်မူပါ၏။ အကယ်၍ မကောင်းသောသူတို့နှင့် ပေါင်းမိလျှင်မူ ငါ၏ညီသည် ပင်ပန်းဆင်းရဲဒုက္ခ ရောက်လတ္တံ့၊ ဩော် ငါ၏ညီသည် မိုက်လေစွ၊ ရေတို့မည်သည်ကား တောင်ပေါ်ကရေသည် တောင်အောက်သို့သာလျှင် စီးကျ၏၊ တောင်အောက် ရေသည် တောင်ထက်သို့ ပြန်တက်၍ စီးကျသော ထုံးစံမရှိ၊ လူတို့၌လည်း ကြီးသောသူကသာ ငယ်သောသူကို ချစ်ခင်ကြင်နာမြဲတည်း၊ ငယ်သောသူကမူကား ကြီးသောသူကို ချစ်ခင်ကြင်နာ မေတ္တာသက်ဝင်သော သူသည် အလွန်နည်းပါးလှ၏။ ဤသို့ ကြိမ်ဖန်များစွာ ညည်းညူပြီးလျှင် ပြည့်ရှင်မင်းကြီးထံ ဝင်၍ မိမိညီထွက်သွားကြောင်း အလုံးစုံကို တင်လျှောက်လေ၏။ မင်းကြီးသည် အမိန့်တော်ကို ရေးသားစေပြီးလျှင် အမတ်ကြီး များအား လိုက်လံရှာဖွေစေ၏။ မတွေ့သဖြင့် ပြန်ခဲ့ကြပြီးသော် မတွေ့ကြောင်းကို တင်လျှောက်ကြလေ၏။

## ညီထိမ်းမြားသောနေ့နှင့် တိုက်တိုက်ဆိုင်ဆိုင်

ဆံမရှူးဒင်အမတ်ကြီးသည် စိတ်နှလုံးမချမ်းမြေ့ခြင်း များစွာဖြစ်လျက်ပင် နေလေသဖြင့် များမကြာမီအတွင်းတွင် ဘာဆရမြို့က ကုန်သည်ကြီးတစ်ယောက်၏ သမီးနှင့် ကောင်းမွန်သော ပွဲသဘင်တို့ကို ခင်းကျင်းစီမံပြီးသော် တောင်းရမ်းစေဆိုလျက် လက်ထပ်ထိမ်းမြားခြင်းကို ပြုလေ၏။ ထိုသို့ ထိမ်းမြားလက်ထပ်သော နေ့ကား ညီဖြစ်သူ နူရာဒင်သည် ဘာဆရမြို့က အမတ်ကြီး၏ သမီးနှင့် ထိမ်းမြားလက်ထပ်သော နေ့ နာရီအချိန်နှင့် တစ်နေ့တစ်နာရီ တစ်ချိန်တည်း ဖြစ်လေ၏။

ဤကဲ့သို့ရှိနေကြသည်တွင် ပဋိသန္ဓေရှိသောအခါမှာလည်း ထို့အတူဖြစ်သောကြောင့် မွေးဖွားသောအခါဝယ် ကေရိုမြို့က ဆံမရှူးဒင်အမတ်ကြီးမှာ သမီး၊ ဘာဆရမြို့က အမတ်ကြီး၏ သားမက် နူရာဒင်မှာ သားယောကျ်ားဖွားမြင်၍ နှစ်ဦးစလုံးပင် အလွန်လှပယဉ်ကျေးလျက် ချစ်ခင်ဖွယ်ကောင်းလှပေ၏။

ဤကဲ့သို့ ဖွားမြင်ပြီးနောက် နူရာဒင်သည် ရက်တစ်ပတ်လည်သောအခါဝယ် ပွဲလမ်းသဘင်တို့ကို ကြီးကျယ်စွာခံစေပြီးလျှင် ထိုသားအား ဟာစင်ဘာရာဒင် ဟူသောအမည်ကို မှည့်လေ၏။ ထို့နောက် အမတ်ကြီးလည်း နူရာဒင်ကို ခေါ်ဆောင်ခဲ့ပြီးလျှင် မင်းကြီးထံ ခစားမြဲအတိုင်း ရှေ့တော်သို့ဝင်၍ ခစားလေ၏။

ပြည့်ရှင်မင်းကြီးလည်း နူရာဒင်ကို မြင်တော်မူသောအခါ ဤသူကား အသူနည်းဟု မေးမြန်းတော်မူလေ၏။ အမတ်ကြီးက အရှင်မင်းကြီး၊ ဤသူငယ်ကား အခြားမဟုတ်၊ ကျွန်တော်မျိုး၏ အစ်ကိုက မွေးဖွားသော သားတည်း၊ အစ်ကိုသည် ကေရိုမြို့ဝယ် အမတ်ကြီးတည်း၊ ထိုအမတ်ကြီးသည် ဘဝတစ်ပါး ပြောင်းသွားသော အခါ၌ သားနှစ်ယောက် ကျန်ရှိရာ သားအကြီးသည်ကား အဖ၏ အရာကိုဆက်ခံပြီး အမတ်ကြီးပင်ဖြစ်လေ၏။ ညီအငယ်မှာမူကား ကျွန်တော်မျိုးထံ လာရောက်ခြင်းကြောင့် ကျွန်တော်မျိုး၏ သမီးနှင့် မောင်လည် နှမလည် ဖြစ်သည့်အားလျော်စွာ ပေးစားထိမ်းမြားပါသည်၊ ကျွန်တော်မျိုးသည်လည်း အသက်အရွယ်ကြီးရင့် အိုမင်းမစွမ်းပြီဖြစ်သည်နှင့် ကျွန်တော်မျိုး၏အရာကို ဤတူဖြစ်သူအား မစပေးသနားတော်မူပါဟု တင်လျှောက်လေ၏။

## အမတ်တို့ အဆောင်အယောင်ချီးမြှင့်

ထိုအခါ မင်းကြီးက နူရာဒင်အား အမတ်တို့၏ အဆောင်အယောင်တို့ကို ချီးပင့်မြှောက်စား ပေးသနားတော်မူလေ၏။ ထိုအခါ မင်းကြီးကို ကန်တော့ပြီးလျှင် ပြန်ခဲ့ကြပြီးသော် ထိုနေ့မှစ၍ မင်းကြီးပေးသနားတော်မူသော ဝတ်စားတန်ဆာ အဆောင်အယောင်များကို ဝတ်ဆင်ပြီး နန်းတော်ရှိ မင်းကြီးထံ ခစားသည်၊ တိုင်းရေးပြည်မှု၊ ရာဇဝတ်ရေး ရာဇဝတ်မှု၊ တရားမရေး တရားမမှုမှစ၍ မှုသိမ်မှုဖွဲ့တို့ မကျန်မကြွင်းရအောင် စစ်ဆေးမေးမြန်း စီရင်ဆုံးဖြတ်ခြင်း ပြုလေ၏။ မှန်ကန်သော နည်းလမ်းကို ပြုလုပ်စီမံခြင်းကြောင့် ပြည့်ရှင်မင်းကြီးသည် နူရာဒင်အမတ်ကြီးအား အထူးသဖြင့် ချစ်ခင်သဒ္ဓါတော်မူ၏။

နူရာဒင်သည် ဤကဲ့သို့သောအမတ်အရာကို ရသည့်နေ့မှစ၍ ဥစ္စာဘဏ္ဍာ၊ ရွှေငွေ၊ ကျောက်သံပတ္တမြား၊ လယ်ယာ ချောင်းမြောင်း၊ ဥယျာဉ်ဗိမာန်တို့မှတစ်ပါး ကုန်စည်ကူးသန်းရောင်းဝယ်သွားလာစေသော ကိုယ်ပိုင်သင်္ဘောတို့သည်လည်း များပြားစွာရှိလေ၏။ သူ၏သားဟာစင်ဘာရာဒင် လေးနှစ်သားအချိန်အရွယ် ရောက်သောအခါ ပညာရှိသော ဆရာကြီးများကို

အိမ်သို့ခေါ်၍ အလုံးစုံသော အတတ်ပညာတို့ကို သင်ကြားပြသစေသည်၊ ကောင်းမွန်စွာ တတ်မြောက်သော တစ်နေ့သောအခါ၌ ဖခင် နူရာဒင်အမတ်ကြီးသည်ည သားငယ်ကို ကောင်းမွန်သော အဝတ်အစားတို့ဖြင့် ဆင်ယင်စေပြီးလျှင် မင်းကြီးရှေ့တော်သို့ ခေါ်ဆောင်ခဲ့လေ၏။ မင်းကြီးသည် ထိုသူငယ်၏ လှပတင့်တယ် သွက်လက်လိမ္မာရေးခြားသော အပြုအမူကို မြင်သဖြင့် ဆုလာဘ်တို့ များစွာပေးကမ်းသည်၊ နေ့တိုင်းအစဉ်မပြတ် နန်းတော်သို့ အခစားဝင်သောအခါ ဤသူငယ်အား အတူတကွ ခေါ်ခဲ့ရမည်ဟု အမတ်ကြီးအား မိန့်တော်မူသည်၊ အမတ်ကြီးက ထိုသားအား တစ်ဆယ့်ငါးနှစ်အရွယ် ရောက်သည်တိုင်အောင် မင်းကြီး၏အမိန့်တော်အတိုင်း အစဉ်မပြတ် ဝင်ရောက်ခစားစေ၏။

တစ်နေ့သောအခါ၌ နူရာဒင်အမတ်ကြီး အဖျားရောဂါစွဲကပ်သဖြင့် သားဖြစ်သူ ဟာစင်ဟာရာဒင်အား ခေါ်ပြီးလျှင် ငါ၏ချစ်သား၊ ဤကမ္ဘာပေါ်၌ ရှိကြသေသတ္တဝါ အပေါင်းတို့သည် အမြဲမရှိကြကုန်၊ သင်္ခါရသတ္တဝါတို့သာတည်း၊ ငါသည် သင့်ကို မှာထားခဲ့အံ့၊ ကေရိုမြို့ဝယ် ငါ၏အစ်ကိုရှိ၏၊ ထိုအစ်ကိုနှင့် အခိုက်မသင့်ခြင်းကြောင့် ဤမြို့သို့ ငါထွက်လာခြင်း ဖြစ်သည်ဟု ပြောပြီးလျှင် စက္ကူတစ်ချပ်ကို ယူ၍ ဖြစ်ပျက်သမျှအကြောင်းနှင့် ဘာဆရမြို့သို့ ရောက်သောနေ့ရက်၊ အမတ်ကြီး၏သမီးနှင့် ထိမ်းမြားလက်ထပ်သော နေ့ရက်အချိန်နာရီတို့ကို အလုံးစုံရေးသားပေးသည်။ တစ်စုံတစ်ခုသော အကြောင်းကိစ္စရှိခဲ့မူ ငါသေလွန်သောအခါ၌ ငါ၏အစ်ကိုထံသွား၍ ၎င်းစာကိုပြသရမည်ဟုမှာထားကာ သားဖြစ်သူ ဟာစင်ဘာရာဒင်အား ပေးအပ်လေ၏။

ဟာစင်ဘာရာဒင်လည်း စာကို ဦးထုပ်အတွင်းသို့ သွင်း၍ ကောင်းမွန်စွာထားသည်။ ဖခင်၏အတွက် အလွန်တရာပူဆွေးခြင်းလည်း ဖြစ်လေ၏။

နူရာဒင်အမတ်ကြီးက ချစ်သား၊ ငါသေလွန်သောအခါ ဆင်းရဲဒုက္ခမရောက်ရအောင် ငါဆုံးမသောအရာတို့ကို ကောင်းမွန်စွာနာခံမှတ်သားပါ၊ သင်သည် ငါသေလွန်သောအခါ၌ ငါရှိဘိသကဲ့သို့ လော်လည်ခြင်းမရှိဘဲ ပထမအတတ်ပညာတို့ကို ကောင်းမွန်စွာ သင်ကြားရမည်၊ ထို့နောက် ဒုတိယဥစ္စာပစ္စည်းတို့ကို ရှာမှီး၍ ရလျှင် ၎င်းပစ္စည်းများအား သုံးပုံပြု၍ တစ်ပုံကို လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း၊ တစ်ပုံကို နောင်အရေး အကြောင်းရှိသောအခါ လွယ်လင့်တကူ ရစေခြင်းငှာ ကောင်းမွန်စွာ သိုမှီးထားခြင်း၊ တတိယတစ်ပုံသောဥစ္စာကို

စားသောက်ရမည်၊ သားမယားဆိုသည်မှာလည်း တော်သင့်သောမိန်းမကို ကြည့်ရှုစဉ်းစား၍ ယူရစ်ဟု အလုံးစုံတို့ကို မှာထားခဲ့လေ၏။

**အခစားမလာ၍ ဖမ်းစေ**

ဤသို့မှာထားပြီးနောက် မကြာမီအတွင်းတွင်ပင် နူရာဒင်အမတ်ကြီး ဘဝတစ်ပါးသို့ ပြောင်းသွားသဖြင့် ကောင်းမွန်စွာ သင်္ဂြိုဟ်ကြလေ၏။ ထို့နောက် သားဖြစ်သူ ဟာစင်ဘာရာဒင် သည် မင်းကြီးထံ ဝင်ရောက်ခစားခြင်းမရှိ၊ အခြားအရပ်ဒေသသို့ သွားလာခြင်းလည်းမပြုသဖြင့် နှစ်လခန့်ကြာအောင် နေလေ၏။

ထိုအခါ မင်းကြီးက အခစားမဝင် မရောက်ခြင်းကြောင့် အမျက်တော်ဖြစ်ပွားသဖြင့် အခြားသောသူကား အမတ်ကြီးခန့်ထားသည်။ ထိုနူရာဒင်၏ အိမ်ထောင်ပရိဘောဂ၊ ဥစ္စာ ပစ္စည်း၊ လယ်ယာချောင်းမြောင်းတို့ကို သိမ်းဆည်းသည်၊ သားဖြစ်သူ ဟာစင်ဘာရာဒင် ကိုလည်း ဖမ်းဆီးခဲ့ရမည်ဟု အမိန့်တော်ထုတ်ပြန်သည်။

ဖမ်းဆီးရန်လာကြသောအခါ ဟာစင်ဘာရာဒင်သည် ဖခင်သေဆုံးသည့်အတွက် စိတ်နှလုံးမချမ်းသာခြင်းဖြစ်၍ ညှိုးငယ်စွာနေနေသည်ကို နူရာဒင်အမတ်ကြီး၏ တပည့်ဖြစ်ဖူးသော အမတ်တစ်ယောက်က မြင်လေ၏။ သို့ဖြင့် သနားလှသည်နှင့် ချမ်းသာပေး၍ လွှတ်လိုက်ပြီး ပြန်လာကြစဉ် ဖခင်၏သင်္ချိုင်းသို့ ရောက်သွားကြသည်။ မကြာမီပင် ဘာဆရမြို့က လူတစ်ယောက်ရောက်လာပြီး ချစ်သား၊ သင်၏ ဖခင်ပိုင်ဆိုင်သော သင်္ဘော တစ်စင်း ကုန်စည်တို့နှင့်တကွ ကေရိုမြို့က ပြန်လည်ရောက်လာပြီး ကျွန်ုပ်အား ရွှေဒင်္ဂါး တစ်သောင်းနှင့် ထိုသင်္ဘောကို ရောင်းပါဟု ပြောဆိုခွင့်တောင်းလေ၏။ ရောင်းချ လိုက်ပြီးနောက် အချိန်ကုန်သဖြင့် ဖခင်၏ သင်္ချိုင်းကုန်းတင်ပင် ထိုညအိပ်ပျော်နေစဉ် လရောင်သည် သူ၏မျက်နှာပေါ် ကျလျက်ရှိလေ၏။

နတ်သမီးတစ်ယောက်သည် လှည့်လည်လာစဉ် ထိုနူရာဒင်အမတ်ကြီးသား၏ လှပတင့်တယ်ကျက်သရေနှင့် ပြည့်စုံခြင်းကိုမြင်လျှင် အံ့သြချီးမွမ်းလေ၏။ အံ့သြချီးမွမ်းပြီး ထွက်သွားရာ ခရီးလမ်းတွင် နတ်သားတစ်ယောက်နှင့် တွေ့ကြုံသဖြင့် နတ်သမီးက မည်သည့် အရပ်မှလာသနည်းဟု နတ်သားအားမေးမြန်းသည်၊ ကေရိုမြို့က ပြန်လာခဲ့ကြောင်းကို ပြောလျှင် နတ်သမီးက သင်သည် အလွန်လှပ၍ ကျက်သရေနှင့်ပြည့်စုံသော သူတစ်ယောက်

သချိုင်းကုန်းဝယ် အိပ်နေသည်ကို လိုက်လံကြည့်ရှုမည်လောဟု မေးသည်၊ ကောင်းပြီဟု နတ်သားက ဝန်ခံသဖြင့် အတူတကွ သွားရောက်ကြည့်ရှု၍ မြင်ရသောအခါ နတ်သမီးသည် နတ်သားအား ဤသို့မေးပြန်၏။ သင်သည် ကမ္ဘာပေါ်ဝယ် ဤကဲ့သို့ လှပတင့်တယ် ကျက်သရေနှင့် ပြည့်စုံသောသူကို မြင်ဖူးတွေ့ဖူးပါ၏လောဟု မေးရာ ကျွန်ုပ်သည် မြင်ဖူးပါ၏။ မည်သည့်အရပ်မှာ မြင်ဖူးသည်ဟူမူကား ကေရိုမြို့ဝယ် ဆံမရှူးဒင်အမတ်ကြီး၏ သမီးသည် ဤသူထက်ပင် လှပတင့်တယ်၏၊ ယင်းသို့ လှပခြင်းကို ကေရိုမြို့ဘုရင်မင်းမြတ်သည် ကြားသိရသောအခါ ဖခင်အမတ်ကြီးကိုခေါ်၍ ဆက်သရမည်ဟု မိန့်တော်မူသည်။

## သမီးကို အခြားသူနှင့် မပေးစားလိုပါ

ထိုအခါ အမတ်ကြီးသည် အရှင်မင်းကြီး၊ ကျွန်တော်မျိုးသည် ထိုသမီးကို ဆက်သ ရမည်ဆိုသော် အလွန်ခက်ခဲပါသည်၊ အကြောင်းမှာ ကျွန်တော်မျိုး၏ညီ ထွက်မသွားမီက ကျွန်တော်မျိုးမှာ သမီး၊ ထိုညီမှာ သားယောက်ျားဖွားမြင်ခဲ့မူ မောင်လည်နှမလည်ချင်း ပေးစား ထိမ်းမြားအံ့ဟု သစ္စာကတိရှိသည်၊ ယခု သတင်းစကားကြားသိရပြန်သည်မှာ ထိုညီငယ်သည် ဘာဆရမြို့က အမတ်ကြီး၏သမီးနှင့် အကြောင်းရေစက်ဆုံကြရာ သားတစ်ယောက် ဖွားမြင်သည်ဟု ကြားသိရသည်၊ ထို့ကြောင့် ကျွန်တော်မျိုး၏ သမီးအား အခြားသောသူတို့နှင့် မပေးစား၊ မထိမ်းမြားလိုပါဟု တင်လျှောက်လေ၏။

## အမျက်ထွက်၍ မင်းကြီးပြောသည်မှာ

မင်းကြီးသည် အမျက်ဒေါသပြင်းထန်စွာ ထွက်လာ၍ ငါကဲ့သို့သော ပြည့်ရှင် မင်းကြီးအား ဆက်သရမည်ကို မဆက်မသ ငြင်းပယ်သောသူ ဖြစ်ခြင်းကြောင့် သင်၏ သမီးကို ယခု ငါ၏ရှေ့တော်သို့ ခေါ်ခဲ့ရမည်၊ သင်၏သမီးအား ခါးကုန်းရွတ်တွ ရုပ်မလှ ကျက်သရေမရှိ မည်းဘိနက်ကြုတ်သောသူနှင့် ယနေ့ပင် ပေးစားထိမ်းမြားတော်မူမည်ဟု မိန့်တော်မူသဖြင့် ထိုအမတ်ကြီး၏ သမီးအား ခေါ်ခဲ့ပြီးလျှင် အထက်က ဆိုခဲ့သောသူနှင့် ပေးစားထိမ်းမြားမည်ဟု ပြင်ဆင်စီမံပြီး မိဖုရား၊ မင်းသမီး၊ မောင်းမမိဿံ ခြွေရံသင်းပင်း ကိုယ်လုပ်တော်တို့သည် အချို့ကား လှောင်လျက်၊ အချို့ကား ပြောင်လျက်၊ အချို့ကား သရော်လျက်၊ ရယ်ပွဲပြုပြီး

နေကြစေသည်ကို မြင်တွေ့ခဲ့ရပါသည်။ ထိုမိန်းမငယ်သည်ကား ဤသူထက်ပင် လှပ တင့်တယ် ကျက်သရေရှိသည်ဟု ပြောလေ၏။

## နတ်သမီးနှင့် အတူသွားကြပြီ

ဤကဲ့သို့ နတ်သားပြောသော စကားကို နတ်သမီးကြားလျှင် ကျွန်တော်မ၏ မောင်တော် နတ်သား ထိုမိန်းမငယ်သည် ဤလုပင်ပျိုထက်ပင် လှသေးသလောဟု မေးသည်၊ ချစ်နမ၊ ဤလုလင်ပျိုထက်ပင် လှ၏။ သို့သော်လည်း ပူးတွဲယှဉ်ပြိုင်၍ အတူတကွ ထားရပါမူ မောင်နမကဲ့သို့ပင် ရှိတော့မည်ဟု ပြောလေ၏။ နတ်သမီးက ဤသို့ပြောပြန်လေ၏။ ယခု ကျွန်ုပ်တို့သည် ဤလုလင်ပျိုအား မိန်းမငယ်ရှိရာသို့ ဆောင်ကြဉ်းပြီးလျှင် ယှဉ်ပြိုင်၍ ကြည့်ကြအံ့ဟု ပြောဆိုပြီး နတ်သားသည် လုလင်ပျိုအား ခေါ်ဆောင်ခဲ့ပြီး နတ်သမီးနှင့် အတူတကွ သွားကြသည်။

ကေရိုမြို့သို့ ရောက်သောအခါ ကျောက်ဖျာထက်၌ချထားပြီး လုလင်ပျိုအား နှိုးလေ၏။ ဟာစင်ဘာရာဒင် နိုးသောအခါ အရပ်လေးပါးကို ကြည့်ရှုသည်။ ဤအရပ်သည်ကား ဖခင်၏ သချိုင်းကုန်းလည်း မဟုတ်၊ ငါနေသော ဘာဆရမြို့လည်း မဟုတ်၊ မည်သည့်အရပ်သို့ ရောက်နေသနည်းဟု စဉ်းစားနေစဉ် နတ်သားသည် မီးတိုင်ကို ကိုင်လျက် အချင်းလုလင်ပျို သင်သည် ကြောက်ရွံ့ခြင်း မရှိလင့်၊ ဤမီးတိုင်ကို ကိုင်ပြီးလျှင် လက်ထပ်ပွဲသဘင်ပြုရာ လက်ထပ်ထိမ်းမြားမည့် မိန်းမငယ်၏ အခန်းသို့ ရောက်အောင်သွားရမည်၊ ဤအခါ၌ သင့်ထံ အငြိမ့်သည်မိန်းမတို့ သင့်အပါးသို့ ချဉ်းကပ်လာလိမ့်မည်၊ ထိုအခါ သင်၏အိတ်၌ ရွှေဒင်္ဂါး တို့ကိုယူပြီး ထိုသူတို့အား ပေးရမည်၊ ၎င်းပြင် ရွှေဒင်္ဂါးတို့သည် မည်သည့်အခါမဆို သင့်အိတ်ဝယ် ပြည့်လျက် ရှိလိမ့်မည်၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကြောက်လန့်ခြင်း မရှိလင့်၊ သွားပါလောဟု စေခိုင်းလေ၏။

## ဒင်္ဂါးများပေးလျက်

ဟာစင်ဘာရာဒင်သည် နတ်သားခိုင်းစေသည့်အတိုင်း မီးတိုင်ကို လက်ဝယ်ကိုင်ပြီး သွားရာ လက်ထပ်ပွဲသဘင်ရှိရာသို့ ရောက်လေလျှင် အတူတကွ ရောနှောပြီးနေထိုင်သည်၊ ထိုအခါ သဘင်ကချေသည် အငြိမ့်သည်စသည်ဖြင့် အနီးအပါးသို့ လာသမျှသောသူတို့ကို

အိတ်မှဒင်္ဂါးကိုယူ၍ ကိုယ်စီကိုယ်စီပေးလေ၏။ ထိုအခါ လူသူပရိသတ်အပေါင်းတို့လည်း လုလင်ပျို၏ လုပတင့်တယ်ခြင်းကို ကြည့်ရှုအံ့သြခြင်းဖြစ်၍ နေကြလေ၏။ ၎င်းပြင် ထိုလက်ထပ်ပွဲ သဘင်ဝယ် မိန်းမပျို၏ အခန်းကိုဝင်လိုသော လူအပေါင်းတို့အား တံခါးစောင့်တို့က မဝင်စေရ၊ တားမြစ်ကန့်ကွက်ငြားသော်လည်း ထိုလုလင်ပျိုမူကား သနားချစ်ခင်ကြသည်က တစ်ကြောင်း ရွှေဒင်္ဂါးတို့ကို များစွာပေးကမ်းသည်က တစ်ကြောင်းကြောင့် တားဆီးခြင်းမရှိ အခန်းတွင်းသို့ ဝင်ရောက်ခွင့်ရလေ၏။ အခြားသောပရိသတ်တို့နှင့် အတူတကွ ရောနှောနေထိုင်ရာ၌လည်း ဟာစင်ဘာရာဒင်၏ လုပတင့်တယ်သနားဖွယ်ကောင်းခြင်းကို ကြည့်ရှုကြပြီးလျှင် မိန်းမငယ်နှင့် ပေးစားထိမ်းမြားမည့် လူအိုကြီးမှ လွဲ၍ လုလင်ပျိုနှင့် ဖြစ်ပါမူတော်လေစွဟု ဆုတောင်းပတ္တနာပြုကြလေ၏။

ထို့နောက် ထိမ်းမြားလက်ထပ်မည့် အမတ်ကြီး၏သမီးအား အခြွေအရံတို့သည် ပုတီးနားတောင်း၊ ဘယက်တန်ဆာ ဒွါဒရာတို့ကိုဝတ်ဆင်၍ ပေးပြီး ခေါ်ခဲ့ရာ လပြည့်နေ့၌ တိမ်တိုက်အတွင်းမှ ပေါ်ထွက်လာသော လမင်းတမျှ လုပလေ၏။ ထိုအခါ လူအိုကြီးလည်း ထလာပြီးသော် အမတ်ကြီး၏ သမီးအပါးတွင် ထိုင်မည်ပြုလျှင်ပင် အမတ်ကြီးသမီးက ထ၍ မျက်နှာကိုလှည့်ပြီးသော် ဟာစင်ဘာရာဒင်၏ အပါးသို့ သွား၍ရပ်လေ၏။ ကချေသည်၊ သဘင်သည်၊ အငြိမ့်သည်တို့နှင့် နှုတ်ခွန်းဆက် စကားစမြည် ပြောဆိုနေစဉ် ဟာစင်ဘာရာဒင်သည် ရွှေဒင်္ဂါးတို့ကိုယူ၍ ပေးကမ်းကြဲစွန့်ပြန်၏။

## အမတ်ကြီးသမီးက ဆုတောင်းပြီ

အမတ်ကြီး၏ သမီးသည် လူအိုကြီး မိမိအပါးသို့ လာခြင်းကြောင့် ဤကဲ့သို့ ထလာခြင်းကိုလည်း ပရိသတ်လူသူအပေါင်းတို့က ကြီးစွာရယ်မောကြလေ၏။ အမတ်ကြီးသမီးသည် ဟာစင်ဘာရာဒင်ကို မြင်လျှင်ပင် ချစ်ခင်ကြင်နာသောစိတ် ဖြစ်လတ်သဖြင့် ဤသို့ ဆုတောင်းလေ၏။ ငါသည် ဤလူအို ရွတ်တွဖြစ်သူနှင့် လွဲဖယ်၍ ဤလုလင်ပျိုနှင့် အကြောင်းရေစက်ဆုံပြီးလျှင် မုန်းသောသူနှင့် ကွေကွင်း၍ ချစ်သောသူနှင့် ပေါင်းဖက်ရပါစေသတည်းဟု မိဌာန်လေ၏။ ၎င်းပြင် အနီးအပါး၌ရှိကြသော အခြွေအရံအပေါင်းတို့ သည်လည်း လူအိုကြီးအား ကောင်းမွန်သော အဝတ်အစားတို့ကို ဝတ်ဆင်၍ ပေးပြီးသော် အမတ်ကြီးသမီး

အပါးဝယ် နေရစ်စေ၍ ပရိသတ်အပေါင်းတို့သည် ပြန်ကြလေ၏။ ထိုအခါ အတွင်းဝယ် အမတ်ကြီးသမီးနှင့် ထိုလူအိုကြီးအပြင် ဟာစင်ဘာရာဒင်လည်း ကျန်ရှိရစ်လေ၏။

ထိုအခါ လူအိုကြီးသည် ဟာစင်ဘာရာဒင်အပါးသို့ ချဉ်းကပ်၍ အမောင်၊ မည်သည့် အကြောင်းကြောင့် မပြန်မသွားသေးသနည်း၊ အခြားသောသူတို့ ပြန်သွားကြသော်လည်း သင်မပြန်ဘဲ စောင့်ဆိုင်းနေခြင်းသည် မည်သည့် အကြောင်းနည်းဟု မေးလေ၏။ လုလင်ပျိုလည်း ထလာရာ၊ တံခါးဝတွင် အထက်က နတ်သားနှင့် တွေ့ပြန်လေ၏။ နတ်သားက ဤသို့မှာထားလေ၏၊ အချင်းလုလင်ပျို သင်သည် ကြောက်ရွံ့ခြင်း မရှိပါလင့်၊ ဤ လူအိုကြီးသည် အခန်းတစ်ခုတွင်းသို့ ဝင်သွားသောအခါ သင်သည် အမတ်ကြီးသမီးအား ပြောရမည်မှာ ပြည့်ရှင်မင်းကြီးသည် ဤလူအိုကြီးနှင့် ပေးစားထိမ်းမြားသည်မဟုတ်၊ ငါနှင့်သာ ပေးစားထိမ်းမြားခြင်းဖြစ်သည်၊ လူအိုကြီးကိုကား ရယ်ပွဲပြု၍ ပျော်ရွှင်မြူးထူးကြစေခြင်းငှာသာ ခေါ်ဆောင်ခဲ့သည်ဟု ပြောရန်မှာထားပြီး နတ်သားနှင့်အတူ ဝင်လာပြီးလျှင် လူအိုကြီး အခန်းတစ်ခုတွင်းသို့ ဝင်သွားသည်နှင့် ဟာစင်ဘာရာဒင်သည်ထ၍ အမတ်ကြီးသမီးနှင့် စကားစမြည် ပြောဆိုနေကြလေ၏။

နတ်သားလည်း လူအိုကြီး၏နောက်သို့ အစဉ်တစိုက်လိုက်သည်၊ လူအိုကြီး၏ ရှေ့ဝယ် ပထမကြွက်ကဲ့သို့၊ ဒုတိယ ကြောင်ကဲ့သို့ ဖန်ဆင်းပြသည်၊ စတုတ္ထတစ်ဖန် မြင်းဖြစ်စေပြန်ပြီး ဟီပြလေ၏၊ ပဉ္စမ ကျွဲအဖြစ် ပြောင်းလဲလျက် ခတ်မည်ပြုလေ၏။ လူအိုကြီးသည် ကြောက်ရွံ့ ထိတ်လန့်ခြင်း ပြင်းစွာဖြစ်၍ အိုအချင်းတို့ ငါ၏အပါးသို့ ကျွဲလာ၍ ခတ်မည်ပြုသည်ကို ကယ်ကြပါ၊ ကယ်ကြပါဟု ဟစ်ကြွေးလေ၏။ ကျွဲသည်လည်း အနီးသို့ချဉ်းကပ်ပြီးလျှင် အံသွားကြိတ်လျက် ဇွေ့ခတ်မည်ပြုပြန်ရာ ပြေးရာ အရပ်မရှိသည်နှင့် ကြောက်ခြင်းကြောင့် တိတ်ဆိတ်စွာနေလေ၏။ နတ်သားသည် လူအိုကြီးအား အချင်း လူအိုကြီး၊ သင့်ကို ငါ သေကြေအောင် သတ်ညှစ်မည်ဟု ပြောသော် လူအိုကြီးက အသင်ကျွဲမင်းနှင့် အမတ်ကြီး သမီးတို့ ချစ်ခင်စုံမက်ကြကြောင်း မသိ၍ မှားယွင်းသည်ကို သည်းခံလျက် ချမ်းသာ ပေးတော်မူပါဟု တောင်းပန်လေ၏။ နတ်သားသည် သင့်အား ခြေမှချည်နှောင်ပြီး ဇောက်ထိုး မိုးမျှော် ဆွဲလျက် နံနက်မိုးလင်း၍ နေမထွက်မီအတွင်း စကားပြောခြင်း၊ အော်ဟစ်ခြင်းကို ပြုလျှင် သင်၏ အသက်ကို ငါချမ်းသာမပေးဟုဆို၍ နတ်သားသည်စောင့်ဆိုင်းနေလေ၏။

## ကျွန်ပ်သည်သာ ခင်ပွန်းပါ

ဟာစင်ဘာရာဒင်သည် အမတ်ကြီးသမီးနှင့် စကားစမြည်ပြောနေစဉ် အမတ်ကြီးသမီး ဟာစင်ဘာရာဒင်အား သင်ပင် ကျွန်ုပ်၏ ခင်ပွန်းလော၊ သို့တည်းမဟုတ် ထိုလူအိုကြီးပင် ကျွန်ုပ်၏ ခင်ပွန်းလောဟု မေးလေ၏။ နမ၊ မည်ကဲ့သို့ မေးဘိသနည်း၊ ကျွန်ုပ်သည်သာလျှင် ခင်ပွန်းတည်း၊ ထိုလူအိုကြီးမှာမူကား ပြည့်ရှင်မင်းကြီးက ရယ်မောကြရစေခြင်းငှာ ပြက်ရယ်ပြုခြင်း ဖြစ်ပါသည်ဟု ပြောပြီးလျှင် အိပ်စက်ကြလေ၏။

ထို့နောက် များမကြာမီပင် နတ်သားသည် နတ်သမီးအား ယခု ငါတို့ ပြန်ချိန်တန်ပြီ ဖြစ်၍ လုလင်ပျိုကို ခေါ်ဆောင်ခဲ့ပြီး ပြန်ကြအံ့ဟု ပြောလေ၏။ နတ်သမီးသည် လုလင်ပျိုအား အိပ်စက်နေစဉ် ဖြေးညှင်းသာယာစွာ ပွေ့ပိုက်ပြီး ဆောင်ကြဉ်းခဲ့လျက် ဒင်မတ်စကမြို့၏ တံခါးဝယ် ချထားခဲ့လေ၏။ ထိုလုလင်၌ စုတ်ပဲ့ညစ်နွမ်းသော အဝတ်အစားတို့သာလျှင်ပါ၍ ဦးထုပ်ပင် မပါခဲ့ပေ။

## အိပ်ပျော်နေသည်ကို မြင်ကြသော်

နံနက်မိုးသောက်၍ မြို့တံခါးဖွင့်သောအခါ လုလင်ပျိုသည် ညစ်နွမ်းသော အဝတ်အစားတို့ကို ဝတ်ဆင်လျက် လုပ တင့်တယ်သော ကျက်သရေနှင့် အိပ်ပျော်နေသည်ကို တိုင်းသူပြည်သား လူအများတို့ မြင်ကြလေ၏။ အချို့သောသူတို့က ဤလုလင်ပျိုကား သေရည်သေရက်တို့ကို သောက်စား၍ မူးယစ်ခြင်းကြောင့် အိပ်နေဟန်ရှိသည်ဟု ပြောကြ၏။ အချို့က လုလင်ပျိုသည် အိမ်သို့ အခြားတစ်ပါးက ပြန်လာခဲ့ရာ မြို့တံခါးပိတ်ထားခြင်းကြောင့် ဤနေရာတံခါးဝတွင် အိပ်ပျော်နေဟန် ရှိသည်ဟု တွေးတောပြောဆိုကြပြီး အံ့သြခြင်းဖြစ်၍ ကြည့်ရှုနေကြလေ၏။

ဟာစင်ဘာရာဒင်သည် အိပ်ပျော်ရာမှ နိုးလတ်သော် လူသူပရိသတ်အပေါင်းတို့က မိမိအားဝိုင်းဝန်း၍ ကြည့်ရှုနေသည်ကို မြင်၍ အံ့သြခြင်းဖြစ်ကာ ကျွန်တော်၏ မိခင်ဖင် အစ်ကိုအစ်မတို့၊ ယခု ကျွန်တော်အား ဝိုင်းဝန်းကြည့်ရှု နေကြသည်ကား မည်သည့် အကြောင်းကြောင့်နည်းဟု မေးလေ၏။ အမောင်လုလင်ပျို၊ ငါတို့ဝိုင်းဝန်း၍ ကြည့်ရှုနေကြခြင်းမှာ သင်သည် တံခါးဝဝယ် ညစ်နွမ်းသော အဝတ်အစားတို့ဖြင့် အိပ်ပျော်နေခြင်းကြောင့် ဖြစ်သည်၊ သင်သည် ယမန်နေ့ညဥ့်အခါက မည်သည့်အရပ်ဝယ်နေ၍ မည်သည့်အရပ်ဝယ်

အိပ်သနည်းဟု မေးကြလေ၏။ ယမန်နေ့ညဥ့်အခါက ကျွန်တော် ကေရိုမြို့၌ အိပ်ပါသည်ဟု ပြောလေ၏။ ထိုအခါ လူတို့က လုလင်ပျို သင်သည် စိတ်လက်ပင် မကောင်းသလော၊ သို့တည်းမဟုတ် ယစ်မူးစေတတ်သော အစားအစာကို စားသောက်ခဲ့သလော၊ မည်သည့် နည်းဖြင့် ကေရိုမြို့မှ ဒမတ်စကမြို့သို့ တစ်ညဥ့်အတွင်းတွင် ရောက်လာနိုင်မည်နည်းဟု မေးမြန်းကြပြန်သည်။ ကျွန်ုပ်သည် မှန်သောစကားကို ဆိုအံ့၊ ယမန်နေ့အခါက ဘာဆရမြို့၌ နေပြီး ညဥ့်အခါ ကေရိုမြို့သို့ ရောက်သွားပါသည်ဟု ပြောလျှင် အချို့သော သူတို့ကလည်း ဤသူငယ်၏ အကြောင်းသည် ထူးဆန်းစွတကားဟု ပြောလေ၏။

အချို့သောသူတို့က ဤသူငယ်စိတ်နလုံး နောက်ကျူသည်ဟု ပြောပြီးသော် လက်ခုပ်လက်ဝါးတီးပြီး ရယ်မောကြလေ၏။ လုလင်ပျိုက ငါသည် ယမန်နေ့ညဥ့်အခါက ထိုကေရိုမြို့ဝယ် လက်ထပ်သဘင်သို့ ရောက်ခဲ့ခြင်းသည် မည်သည့် အကြောင်းနည်း၊ အိပ်မက်ပင်လောဟု တွေးတောဆင်ခြင်နေစဉ် လူအိုကြီး၏ အဝတ်မှ ရွှေပန်းဖွားတစ်ခု ပါလာသည်ကို တွေ့မြင်သောအခါ ငါသည်ကား အိပ်မက်မက်သည်မဟုတ်၊ ငါ၏ဦးထုပ်တို့ အဘယ်မှာနည်း၊ ရွှေဒင်္ဂါးသုံးသောင်းထည့်လျက်ထားသော အိတ်တို့ အဘယ်မှာနည်းဟု ရှာဖွေမည်ကြံပြီးလျှင် ထိုနေရာမှထလျက် သူဌေးလမ်း၊ သူကြွယ်လမ်း၊ ကုန်သည်လမ်း၊ ဈေးလမ်းတို့ကို အစဉ်သဖြင့် သွားလေ၏။ ပရိသတ် လူသူအပေါင်းတို့သည်လည်း ဝိုင်းဝန်း၍ လိုက်လံကြည့်ရှုကြစဉ် ဆိုးသွမ်းညစ်ညမ်းသော စားသောက်ဆိုင်၏ အတွင်းသို့ ဝင်သွားသော အခါ မလိုက်ဝံ့ကြသဖြင့် ပြန်ကြလေ၏။

ထိုအခါ စားသောက်ဆိုင်ပိုင်ရှင်သည်လည်း ဟာစင်ဘာရာဒင်၏ လုပတင့်တယ်ခြင်းကို မြင်လျှင်ပင် အလွန်ချစ်ခင်ခြင်း ဖြစ်၍ ဤသို့မေးလေ၏။ ချစ်သား၊ သင်သည် မည်သည့်အရပ်က မည်သူ၏ သားမြေးနည်းဟု မေးလတ်သော် အလုံးစုံဖြစ်ပျက်သမျှသော အကြောင်းကို ပြန်ကြား ပြောဆိုလေ၏။ ထိုအခါ စားသောက်ဆိုင်ရှင်ကြီးလည်း ချစ်သား၊ ကုသိုလ်ကံညံ့နိုက် အလုည့်မသင့်သည် ဖြစ်သောကြောင့် ဖြစ်ရသည်ကို မပူပင်လင့်၊ ငါ့မှာလည်း သားသမီးမရှိသည်နှင့် သင့်အား သားကဲ့သို့ မွေးမည်ဟုပြောပြီး ဈေးသို့ သွားပြီးလျှင် အဝတ်အစားအစုံတို့ကို ဝယ်ခြမ်း၍ ပေးလေ၏။ ထို့နောက် အိမ်နီးချင်းဝန်းကျင် မိတ်သင်္ဂဟ အပေါင်းတို့ကို ဖိတ်ကြားပြီး ဤသူငယ်အား သားအဖြစ်ဖြင့် မွေးစားကြောင်းကို ပြောဆိုပန်ကြားလေ၏။ ဟာစင်ဘာရာဒင်လည်း ထိုအခါမှစ၍ ထိုစားသောက်ဆိုင်ဝယ်

ရောင်းချ၍ နေလေသော် ဒင်မတ်စကတ်မြို့တစ်မြို့လုံးက စားသောက်ဆိုင်၏ သားဟု ခေါ်တွင်လေ၏။

ယမန်နေ့က စိန်အယ်ဟာဆွန်အမည်ရှိ ဆံမရှူးဒင်အမတ်ကြီး၏ သမီးလည်း နံနက်လင်း၍ မိုးသောက်လတ်သောအခါ ဟာစင်ဘာရာဒင်အား ကြည့်ရှုရှာဖွေရာ မတွေ့သဖြင့် ငြိမ်သက်စွာနေလေ၏။ ဖခင်ဖြစ်သူ ဆံမရှူးဒင်အမတ်ကြီးလည်း ယမန်နေ့က ပြည့်ရှင်မင်းကြီးသည် ငါ၏သမီးကို ကျေးကျွန်ဖြစ်သော လူအိုကြီးနှင့် ပေးစားထိမ်းမြားမည်ဟု ခေါ်ဆောင်သွားသည်။ အကယ်၍ ငါ၏သမီးသည် ထိုသူနှင့် စိတ်သဘောဆန္ဒ တူမျှသည် ဖြစ်ခဲ့မူ ငါသည် သမီးအား သတ်အံ့ဟု သမီးထံလာပြီးလျှင် တံခါးဝကရပ်လျက် အို ငါ၏ချစ်သမီး စိန်အယ်ဟာဆွန်ဟု ခေါ်လေသော် သမီးလည်း ဖခင်ထံ ကောင်းမွန်သော အဝတ်အစားတို့နှင့် ရွှန်လန်းစွာလာလေ၏။

ဖခင်က ချစ်သမီး၊ ယမန်နေ့ညက လူအိုကြီးအား တွေ့မြင်သောအခါ ချစ်ခင်စုံမက်နိုင်ပါ၏လောဟု မေးလေ၏။ စိန်အယ်ဟာဆွန်လည်း ပြုံးရယ်၍ ဖခင်၊ ထိုသူကို မနစ်သက်စရာအကြောင်းမရှိ၊ ဂုဏ်ရည်တူလူပင် ဖြစ်ချေသည်ဟု ပြောလေ၏။ ဖခင်သည် သမီးပြောသော စကားကို ကြားရသည်နှင့် အမျက်ဒေါသတို့ ပြင်းထန်စွာထွက်သဖြင့် သင်မည်သို့သောစကားကို ငါ့အား ပြောဘိသနည်း၊ မိုက်လေစွ၊ ယမန်နေ့ည၌အခါက ၎င်းလူအိုကြီးနှင့်အတူပင် ထိမ်းမြားလက်ထပ်သလောဟု မေးမြန်းလေ၏။ ဖခင် ၎င်းလူအိုကြီးအကြောင်းကား စကားစပ်လုပ်၍မျှ မေးတော်မမူပါလင့်၊ အကျွန်ုပ်၏ ခင်ပွန်းသည်ကား အလွန်လှပတင့်တယ် ကျက်သရေရှိသော သူတည်း၊ ယမန်နေ့ည ပထမလာစဉ်ကပင် ကချေသည် သဘင်သည်တို့နှင့်အတူ ရောပြွမ်းနေပြီးသော် ရွှေဒင်္ဂါးတို့ကို မရေမတွက်နိုင်အောင် ကြဲစွန့်လေ၏။ ထိုသူ၏ လှပတင့်တယ်ခြင်းမှာလည်း အသား၏ကောင်းခြင်း၊ အရေ၏ ကောင်းခြင်း၊ ကျက်သရေကြွနွေရှိခြင်း၊ ယောက်ျားကောင်းတို့ လက္ခဏာနှင့် ပြည့်စုံခြင်းတို့ဖြင့် ပြည့်စုံပါ၏ဟု ပြောပြန်လေ၏။ ဖခင်လည်း သင်၏ စိတ်နှလုံးသည် မည်ကဲ့သို့ဖြစ်၍ နေဘိသနည်း၊ အဘယ်မှာနည်းဟု ပြောဆိုပြီးမှ အခန်းတစ်ခုသို့ ဝင်ရောက်စူးစမ်း ရှာဖွေလေသတည်း။

## ဖောက်ထိုးဆွဲထားသော သူအိုကိုတွေ့လေသော်

ဖခင်သည် အခန်းအတွင်းသို့ ရောက်လျှင် ခြေကားအထက်၊ ခေါင်းကား အောက် ဖောက်ထိုးဆွဲလျက် သူအိုကြီးကို တွေ့လေသော် အချင်း၊ သင်သည် ထိမ်းမြားလက်ထပ်မည့် လူအိုကြီး မဟုတ်လောဟု မေးလေ၏။ လူအိုကြီးလည်း ယမန်နေ့က နတ်သားဟု ထင်မှတ်၍ မည်ကဲ့သို့မျှ စကားပြောဆိုခြင်းမရှိ၊ တိတ်တဆိတ် နေခြင်းကြောင့် အမတ်ကြီးလည်း ငါမေးသည်ကို ပြောပါလော၊ သင်မပြောလျှင် သင်၏ ဦးခေါင်းကို ဖြတ်အံ့ဟု ကြိမ်းလေ၏။ လူအိုကြီးလည်း နတ်မင်း၊ အကျွန်ုပ်သည်ကား ယမန်နေ့က နတ်မင်းထားသည့်အတိုင်းပင် လှုပ်ရှားခြင်းမရှိ နေပါသောကြောင့် အကျွန်ုပ်အား ချမ်းသာပေးပါဟု ပြောလေ၏။

## နေမထွက်မီ စကားမပြောဝံ့ပါ

အမတ်ကြီးက ငါသည် နတ်သားမဟုတ်ဟု ဆိုလျှင် သူအိုကြီးသည် အကျွန်ုပ်၏ အသက်သည်ကား သင်၏လက်တွင်းမှ မလွတ်နိုင်ချေ၊ သင်သွားရန်ရှိသည်ကိုသာ သွားပါလော၊ အကျွန်ုပ်သည် နေမထွက်မီအတွင်း စကားစမြည် မပြောဝံ့ပါ၊ ဤမိန်းမငယ် ထံသို့လည်း နတ်မင်းနှင့်ချစ်ကြိုက်မှုန်းကို မသိ၍သာလျှင် လာမိပါသည်ဟု ပြောလေ၏။ အမတ်ကြီးက သင်သည် စိတ်စက်ပင် မကောင်းသလော၊ နတ်သားသည်ကား အဘယ်မှာ နည်းဟု မေးမြန်းလျှင် လူအိုကြီးက အမတ်ကြီးအား ပြောပြန်သည်မှာ စကားအထူး မပြောမဆိုပါလင့်၊ အကျွန်ုပ်သည် နေမထွက်မီအတွင်း ဤအရပ်မှ မသွားမီ မလှုပ်မရှား စကားကိုမျှ မပြောဝံ့ပါဟု ဆိုပြန်လေ၏။ သင့်အား ဤကဲ့သို့ မည်သူပြုလုပ်၍ ထားသနည်းဟု မေးပြန်သော် ယမန်နေ့ညအခါက နတ်မင်းသည် ကျွဲယောင်ဆောင်၍ နေမထွက်မီအတွင်း စကားကိုမျှ မပြောရ၊ လှုပ်ရှားခြင်းလည်း မပြုရဟု မှာထားပြီး အကျွန်ုပ်အား ဤကဲ့သို့ ပြုလုပ်ခဲ့ပါသည်ဟု ပြောလေ၏။

အမတ်ကြီးက ဖောက်ထိုးမိုးမျှော်ဆွဲထားသည်ကို ဖြုတ်လိုက်လျှင်ပင် လူအိုကြီးသည် ထွက်ပြေးပြီး နေထွက်မထွက်ကို ကြည့်ရှုသည်၊ နေထွက်သည်ကို မြင်သောအခါ မင်းကြီးထံဝင်၍ ယမန်နေ့ညအခါက ဖြစ်ပျက်သမျှ အလုံးစုံကို တင်လျှောက်လေ၏။

အမတ်ကြီးသည် သမီးထံပြန်လာခဲ့ပြီးသော် ချစ်သမီး၊ ဖခင်အား ဖြစ်ပျက်သမျှ အကြောင်းတို့ကို အလုံးစုံပြန်ကြားပါဦးဟု ဆိုလေ၏။ ထိုအခါ သမီးက ဖခင်၊ ကျွန်တော်မ

ပြောသည်ကို ယုံတော်မမူက ဤဦးထုပ်သည် ထိုသူ၏ ဦးထုပ်ပင်ဖြစ်ပါသည်။ ၎င်းအပြင် အထုပ်တစ်ခုကိုလည်း မည်သည့် အထုပ်ဟုမသိ၊ အိပ်ရာအောက်မှာပင် ရှိပါသည်၊ မယုံလျှင် ကြည့်တော်မူပါဟု ပြောလေ၏။ အမတ်ကြီးသည် ဦးထုပ်ကို မြင်သောအခါ ဤဦးထုပ် သည်ကား သူဌေးသူကြွယ်မှစ၍ သူဆင်းရဲတို့ ဆောင်းသောဦးထုပ်မဟုတ်ချေ၊ မင်းမျိုးမင်းနွယ် မှူးကြီးမတ်ကြီးတို့၏ သားသမီးများသာလျှင် ဆောင်းရသော ဦးထုပ်တကားဟုပြောပြီး တစ်ဖန် အထုပ်ကို ဖြေ၍ ကြည့်ပြန်လေ၏။ ရွှေဒင်္ဂါးသုံးသောင်းနှင့် ဘာဆရမြို့က နူရာဒင်၏သား ဟာစင်ဘာရာဒင်ဟု ရေးလျက်ပါရှိသောစာကို တွေ့မြင်လေ၏။ အလွန်တရာ အံ့ဩခြင်းဖြစ်၍ ချစ်သမီး၊ သင်သည် ထိုသူကား မည်သည့် အမျိုးအနွယ် ဖြစ်သည်ကို သိပါ၏လောဟု မေးလေ၏။ ဖခင် မသိပါဟု ပြောသောအခါ အမတ်ကြီးက ထိုသူသည် အခြားမဟုတ်၊ ငါ့ညီ၏ သား၊ ငါ၏တူ၊ သင်၏ မောင်ငယ်ပင်တည်းဟု ပြောပြီး တစ်ဖန်အထုပ်ကို ဖြေကြည့်ပြန်လေ၏။

## စာကို တွေ့မြင်လေသော်

ထိုအခါ ဟာစင်ဘာရာဒင်၏အဖ နူရာဒင်၏ လက်ရေးနှင့် ရေးလျက်ရှိသော စာကို မြင်တွေ့လျှင်ပင် ကွဲကွာ၍ ရှည်ကြာစွာ ယခုထက်တိုင် မမြင်မတွေ့ရသည် ဖြစ်သောကြောင့် အလွန်ပင် ဝမ်းနည်းသည်ဖြစ်၍ မျက်ရည်တို့ အသွယ်သွယ်စီးကျအောင် ငိုလေ၏။ တစ်ဖန် စာကို ဖတ်သောအခါ ဘာဆရမြို့က အမတ်ကြီးသမီးနှင့် လက်ထပ်ထိမ်းမြားသောနေ့၊ နာရီအချိန်ကို လည်းကောင်း၊ ဟာစင်ဘာရာဒင် မွေးဖွားသောအချိန်၊ နေ့၊ နာရီကို လည်းကောင်း၊ နူရာဒင် သေဆုံးသောနေ့ကို လည်းကောင်း အလုံးစုံမြင်တွေ့လေ၏။

ထိုအခါ ညီဖြစ်သူ နူရာဒင် လက်ထပ်ထိမ်းမြားသော နေ့နှင့် ထိုအမတ်ကြီး လက်ထပ် ထိမ်းမြားသော နေ့သည် တူနေသည်က တစ်ကြောင်း၊ ညီဖြစ်သူ၌ သားမွေးသောနေ့နှင့် ထိုအမတ်ကြီး၏သမီး စိန်အယ်ဟာဆွန် မွေးဖွားသောနေ့ တစ်နေ့တည်း ထပ်လျက်ရှိသည် တစ်ကြောင်းကြောင့် အံ့ဩခြင်းဖြစ်၍ ထိုစာကို ယူဆောင်သွားပြီး ပြည့်ရှင်မင်းကြီးထံ အစမှ အဆုံးတိုင် လျှောက်ထားလေလျှင် မင်းကြီးသည် အံ့ဩမဆုံးနိုင်အောင်ပင် ဖြစ်လေ၏။

ဆံမရှူးဒင် အမတ်ကြီး၏သမီးသည် ဟာစင်ဘာရာဒင်နှင့် သနွေကိုယ်ဝန်ရှိ၍ ဆယ်လစေ့ရောက်သောအခါ ဖခင်၏ ပုံပန်းလက္ခဏာနှင့်မခြား လုပတင့်တယ် ချစ်ခင်ဖွယ် လက္ခဏာနှင့် ပြည့်စုံသောသားကို ဖွားမြင်လေသော် အေဂျစ်ဟူသော အမည်ကို မှည့်လေ၏။

ထို့နောက် ခုနစ်နှစ်သားအရွယ်သို့ ရောက်သောအခါ အတတ်ပညာများကို တတ်မြောက်လိမ္မာစေခြင်းငှာ အဖိုးဖြစ်သူ အမတ်ကြီး ကျောင်း၌ အပ်နှံထားလေ၏။

## မိဘအမည် ပြောနိုင်မှပါဝင်ရမည်

အေဂျစ်သည် အမတ်ကြီး၏ မြေးဖြစ်သဖြင့် ဆရာများက မရိုက်မနှက်ဘဲ ကောင်းမွန်စွာ ထားကြလေ၏။ အေဂျစ်သည် စာသင်ဖော်စာသင်ဘက် ကစားဖော်ကစားဘက် ဖြစ်သောကလေးများအား ဆဲဆိုရိုက်နှက် ပုတ်ခတ်ခြင်းကို ကြိမ်ဖန်များစွာ ပြုလုပ်သဖြင့် ကျောင်းသားကလေးများသည် ဆရာကြီးထံ တိုင်ကြားကြသည်။ ထိုအခါ ဆရာကြီးက ကျောင်းသား သူငယ်များအား မှာထားသည်မှာ သင်တို့သည် ကစားကြသောအခါ အေဂျစ်ကို ဝိုင်း၍ ထိုင်ကြ။ ယခုအခါ အဖနှင့်အမိ၏ နာမည်ကို ပြောနိုင်သောသူမှသာလျှင် ငါတို့၏ ကစားသော အသင်း၌ ပါဝင်ရမည်၊ ဤသို့ ပြောကြလေဟု မှာထား၍ လွှတ်လိုက်လေ၏။ နောက်ရက်တွင် ဆရာကြီးမှာသည့်အတိုင်း ကျောင်းသားသူငယ်တို့သည် အေဂျစ်ကို ဝိုင်း၍ ထိုင်ကြသည်။

ထို့နောက် အမိအဖ၏ အမည်ကို ပြောနိုင်သောသူမှသာလျှင် ငါတို့ ကစားရာ အသင်းသို့ ပါဝင်ရမည်ဟု တစ်ယောက်သောသူငယ်က ပြောလေလျှင် အများအားလုံးသော ကျောင်းသားကလေးတို့သည် အမိကားမည်သူ၊ အဖကား မည်သူဟု ကိုယ်စီကိုယ်စီ ပြောကြလေ၏။ အေဂျစ်အလှည့် ကျရောက်သောအခါ ငါ၏အမိသည် စိန်အယ်ဟာဆွန်၊ အဖသည်ကား ဆံမရှူးဒင် အမတ်ကြီးတည်းဟု ပြောဆိုလေ၏။ ကျောင်းသား သူငယ်ကလေးတို့သည် လက်ခုပ်လက်ဝါးတီး၍ ရယ်မောကြပြီး သင်သည်ကား ဖခင်၏ နာမည်ကို မှန်ကန်အောင် ပြောသောသူ မဟုတ်ခြင်းကြောင့် သင်သည် ငါတို့ကစားရာ အသင်းအပင်းသို့ မပါမဝင်ရ၊ သွားလေလော့ဟု ဆိုကြလေ၏။ အေဂျစ်သည် ငိုကြွေးလျက် ဆရာကြီးအား တိုင်ကြားလေ၏။ ဆရာကြီးက ကျောင်းသားကလေးတို့ ပြောသော စကားသည်မှန်၏၊ အမတ်ကြီးသည်ကား သင်၏ဖခင်မဟုတ်၊ အဖိုးဖြစ်ချေသည်၊ ဟုတ်မှန်သည့်အတိုင်းကို သိရအောင် အိမ်သို့ပြန်၍ မေးဦးလော့ဟု စေခိုင်းလေ၏။

## သင့်ဖခင်ကား ဟာစင်ဘာရာဒင်တည်း

အေဂျစ်သည် ဝိုကြွေးပြီးလျှင် မိခင်ထံလာရာ မိခင်က အမောင်ချစ်သား၊ ဝိုကြွေးခြင်းသည် မည်သည့် အကြောင်းနည်း၊ ဆရာကြီး ရိုက်နှက်သလော၊ သို့မဟုတ် အခြားသူငယ်တို့နှင့် ခိုက်ရန်ဖြစ်ပွားသလောဟု မေး၏။ မိခင်၊ အခြားမဟုတ်၊ ကျွန်တော်၏ အဖကား မည်သူနည်းဟု မေးလေလျှင် ကျွန်တော်က မိခင်သည် စိန်အယ်ဟာဆွန်တည်း၊ ဖခင်သည် အမတ်ကြီးပင်တည်းဟု ပြောရာ သင်သည် ဖခင်နာမည်ကို မှန်အောင် မပြောနိုင်ဟု ဆိုကြသည်။ မိခင်၊ ကျွန်တော့်အား မှန်ကန်သည့် အတိုင်းကိုသာ ပြောပါလော၊ အမတ်ကြီးသည်ကား ကျွန်တော်၏ ဖခင်မဟုတ်၊ မိခင်၏အဖ ကျွန်ုပ်၏အဖိုး၊ အကယ်၍ ဟုတ်မှန်သည့်အတိုင်း မပြောခဲ့ပါမူ ကျွန်တော်သည် ကျွန်တော့်လက်ဝယ်ရှိသော ဓားနှင့်ထိုး၍ သေတော့အံ့ဟု ဆိုလေ၏။ မိခင်လည်း ရှိုက်ကြီးတငင် ပင်ပန်းစွာဝိုကြွေးပြီးမှ ချစ်သား၊ သင်၏ ဖခင်ကား ငါ၏ဘထွေးသား ဘာဆရမြို့က ဟာစင်ဘာရာဒင်တည်းဟု ပြောပြလေ၏။

ဤသို့ပြောပြီး သားအမိနှစ်ယောက်တို့ ဝိုကြွေးမြည်တမ်းနေကြသည်ကို ဆံမရှူးဒင် အမတ်ကြီးသိလေ၏။ သို့ဖြင့် အမတ်ကြီးက လာပြီးသော် သင်တို့သည် မည်သည့် အကြောင်းကြောင့် ဝိုကြွေးနေကြသနည်းဟု မေးလေ၏။ သားအမိနှစ်ယောက်တို့သည် အစမှအဆုံးတိုင် ပြန်ပြောကြားလေလျှင် အမတ်ကြီးသည် ရုတ်တရက် ထသွားပြီး မင်းကြီးရှေ့တော်သို့ ဝင်၍ ဘာဆရမြို့သို့ သွားပြီးသော် တူဖြစ်သူ ဟာစင်ဘာရာဒင်အား လိုက်လံရှာဖွေလိုကြောင်းကို ဝိုကြွေးလျက် တင်လျှောက်လေ၏။ ထိုအခါ မင်းကြီးလည်း သနားကရုဏာ သက်တော်မူသဖြင့် ခွင့်ပေးတော်မူသည်။ ထို့ပြင် အတိုင်းတိုင်း အပြည်ပြည်တို့သို့ ဟာစင်ဘာရာဒင်ကို တွေ့ရှိခဲ့ပါမူ ငါ့ထံသို့ ရောက်အောင် ပို့ဆက်ကြရမည်ဟု စာတိုစာရှည်ကမ်းလေ၏။

## ဒင်မတ်စကတ်မြို့သို့ ရောက်လေသော်

အမတ်ကြီးသည် အခွင့်အမိန့်ရရှိသည်နှင့် နန်းတော်မှ လျင်မြန်စွာလာခဲ့သည်။ ထို့နောက် ဝန်စည်တန်ဆာပလာတို့ကို ပြင်ဆင်စေသည်။ သမီးနှင့်မြေးပါ ခေါ်သွားလေ၏။ နစ်ရက်သုံးရက် ကြာသောအခါ အလွန်တရာ သာယာစည်ပင်သော ဒင်မတ်စကမြို့သို့ ဆိုက်ရောက်လေ၏။ နစ်ရက်မျှ တည်းခို နားနေသည့်အတွင်း မြေးဖြစ်သူ အေဂျစ်နှင့် တပည့်သားမြေးတို့အား အလိုရှိသော အရပ်ကို လှည့်လည်ကြည့်ရှုရန် အခွင့်ကိုပေးလေ၏။

အေဂျစ်သည် အထိန်းအချို့တို့နှင့် မြို့အတွင်း လှည့်လည် ကြည့်ရှုသောအခါ အဖဖြစ်သူ ဟာစင်ဘာရာဒင်၏ ဆိုင်ဝသို့ ဆိုက်ရောက်လေ၏။

အေဂျစ်သည် ဆိုင်ဝဝယ် ရပ်နေသောအခါ အဖဖြစ်သူ ဟာစင်ဘာရာဒင်က သားကို မြင်လျှင်ပင် အလွန်ချစ်ခင် ကြင်နာခြင်း ဖြစ်သဖြင့် ဆီဦးထောပတ် ပျားသကာစသည်တို့နှင့် လုပ်သော ဩဇာ ရသမုန့်ကို ပြင်ဆင်ပြီး ညှိုးငယ်သော မျက်နှာဖြင့် စားသောက်ရန် ကြွပါဦးဟု ခေါ်လေ၏။ အေဂျစ်လည်း ဖခင်၏မျက်နှာကို မြင်သည်နှင့် အဖကဲ့သို့ ချစ်ခင်ကြင်နာ ခြင်းကြောင့် ဆိုင်အတွင်းသို့ ဝင်ရာ အထိန်းအချို့တို့က အရှင့်သားသည် စားပွဲရုံ၏ အတွင်းသို့ ဝင်ရောက်စားသောက်မည် ဆိုသည်မှာ အခြားသူတို့မြင်၍ ကြား၍မျှ မတော်ပါ၊ စားပွဲရုံ ဆိုသည်ကား သူဌေးသူကြွယ်၊ ကုန်သည် သူဆင်းရဲတို့သာလျှင် စားသောက်ရန် ဖြစ်ပါသည်၊ မဝင်ပါလင့်ဟု တားမြစ်ကြသည်။ ငါသည် ထိုဆိုင်ရှင်ကို မြင်သည့်အခါမှစ၍ ချစ်ခင်ကြင်နာ သနားခြင်း ဖြစ်သည်နှင့် ငါသည် ဝင်ရောက်စားသောက်အံ့ဟု ပြောဆိုပြီး ဟာစင်ဘာရာဒင်၏ ဆိုင်သို့ ဝင်လေ၏။

ဟာစင်ဘာရာဒင်လည်း အထက်က ပြင်ဆင်ထားသော မုန့်ကို ကျွေးလေရာ အေဂျစ်နှင့် ပါလာသူတို့ စားသောက်ကြသည်။ ဟာစင်ဘာရာဒင်ကို အတူစားသောက်ပါဟု ခေါ်လေသော် ဟာစင်ဘာရာဒင်က ချစ်သားကို မြင်ရသည်မှာ သင်၏မျက်နှာတို့သည် သာယာရွှင်ပျခြင်းမရှိ၊ ညှိုးငယ်သည်ကား ချစ်သောသူနှင့် ကွေကွင်းပါသလောဟု မေးလေ၏။ ဟုတ်ပါသည်၊ ကျွန်တော်၌ ရင်းချာသောသူနှင့် ကွဲကွာနေသည်မှာ ကြာသည်ဖြစ်သောကြောင့် ယခု အဘိုးဖြစ်သူနှင့်တကွ ထိုသူအား လိုက်လံရှာဖွေရန် လာပါသည်ဟု ပြောပြီးလျှင် ငိုကြွေးမြည်တမ်းလေ၏။

ထို့နောက် အေဂျစ်သည် အပေါင်းအဖော်တို့နှင့်အတူ စားသောက်ပြီးလျှင် ထွက်ခွာ လာကြ၏။ ထိုအခါ ဟာစင်ဘာရာဒင်သည်လည်း ချစ်ကြင်နာ၍ မဆုံးနိုင်သဖြင့် ဆိုင်ပိတ် ပြီးနောက် နောက်က အစဉ်တစိုက်လိုက်လေ၏။ လာရင်းအရပ် အိမ်၏တံခါးဝသို့ ရောက်သော အခါ အထိန်းသည်က ဟာစင်ဘာရာဒင်အား မည်သည့် အကြောင်းကြောင့် ငါတို့၏ နောက်က လိုက်ခဲ့သနည်းဟု မေးလေ၏။ ကျွန်ုပ်သည် ဤသူငယ်ကို မြင်ရသည့်အခါမှစ၍ ချစ်ခင်မြတ်နိုး ကြင်နာ၍ မဆုံးနိုင်အောင် ရှိခြင်းကြောင့် လိုက်ခဲ့ပါသည်ဟု ပြောလေ၏။ အထိန်းသည်က

မလိုက်ခဲ့လင့်ဟု အကြိမ်ကြိမ် ပြောဆိုတားမြစ်ငြားသော်လည်း နာယူခြင်းမရှိဘဲ လိုက်ခဲ့လေ၏။

**မိခင်ကို တသပြီး အိမ်သို့ပြန်လေ၏**

ထိုအခါ အထိန်းတို့က အမျက်ဒေါသထွက်သည်နှင့် ကျောက်ခဲတို့ဖြင့် ပစ်ခတ်ကြသည်။ မျက်နှာ၊ ဦးခေါင်းတို့ကို မှန်၍ လဲလေ၏။ အေဂျစ်နှင့် အထိန်းအချို့ တည်းခိုနေထိုင်သော အိမ်သို့ ရောက်လေ၏။ ဟာစင်ဘာရာဒင်မှာမူကား ကျောက်ခဲမှန်သော ဒဏ်ရာမှ စီးကျသောသွေးတို့ကို သုတ်သင်ပြီးလျှင် ဝမ်းနည်းခြင်းဖြစ်၍ ဘာဆရာမြို့၌ရှိသော မိခင်ကို တသငိုကြွေးပြီး ဆိုင်သို့ပြန်လေ၏။

ဆံမရှူးဒင်အမတ်ကြီးလည်း ဒင်မတ်စကမြို့ဝယ် သုံးရက်မျှ တည်းခိုနေထိုင်ပြီးနောက် အမြို့မြို့ အပြည်ပြည်တို့သို့ လှည့်လည် မေးမြန်းစုံစမ်း ထောက်လှမ်းသည်။ ဘာဆရာမြို့သို့ ပြန်ရောက်လျှင် ပြည့်ရှင်မင်းကြီးထံ ဝင်ရောက်ဖူးမြော်ကန်တော့ပြီး နူရာဒင်အမတ်ကြီး၏ အစ်ကို ကေရိုမြို့က ဆံမရှူးဒင်အမတ်ကြီး ဖြစ်ကြောင်းနှင့်တကွ အလုံးစုံ တင်လျှောက်လေ၏။

ထိုအခါ မင်းကြီးလည်း ကရုဏာသက်တော်မူသဖြင့် နူရာဒင်ကား အခြားသူမဟုတ်၊ ငါ၏ အမတ်ကြီးပင် ဖြစ်ချေသည်၊ သေလွန်သည်မှာလည်း တစ်ဆယ့်နှစ်နှစ်ခန့် ကြာရှိလေပြီ၊ သားတစ်ယောက်လည်း ပျောက်ဆုံးခြင်းမလှ ပျောက်ဆုံးသည်၊ မိခင်မှာမူကား ငါတို့နှင့်အတူ ယခုထက်ထိရှိ၏ဟု မိန့်တော်မူလေ၏။ ဆံမရှူးဒင်အမတ်ကြီးကလည်း တွေ့မြင်ပါရမည် အကြောင်းကို လျှောက်တင်လေ၏။

ထိုအခါ မင်းကြီးက နူရာဒင်၏အိမ်ကို ခရီးလမ်းညွှန်ကြား ပြသစေ၍ အိမ်သို့ ရောက်လေ၏။ ဟာစင်ဘာရာဒင်၏ မိခင်သည် နူရာဒင်အမတ်ကြီးအလောင်းကို ရွှေငွေ ကျောက်သံတို့ဖြင့် မွမ်းမံခြယ်လှယ်ပြီး အုတ်ဂူလုပ်၍ အိပ်ရာခန်းတွင်း၏ အနားတွင်ပင်ထားပြီး နေ့ညဉ့်မစဲ ငိုကြွေးမြည်တမ်းလျက်နေသည်၊ ထိုအဖြစ်ကို တွေ့မြင်သောအခါ ဆက်လက် မေးမြန်းပြီးသော် နူရာဒင်အမတ်ကြီး၏အစ်ကို ဆံမရှူးဒင်အမတ်ကြီး ဖြစ်ကြောင်း၊ တူဖြစ်သူ ဟာစင်ဘာရာဒင်သည် ကျွန်ုပ်၏ သမီးနှင့် တစ်ညဉ့်နေထိုင်ပြီး ပျောက်ဆုံးသွားသည်၊ ထို့နောက် သားတစ်ယောက် ဖွားမြင်ကြောင်း စသည်ဖြင့် ပြောဆိုသည်။ ထိုသို့ပြောသည်ကို

ကြားသိရသောအခါ ငါ၏သားသည် ယခုထက်ထိ ရှိဦးအံ့ဟု ထင်မှတ်ပြီး ခယ်မသည် ခဲအိုဖြစ်သော ဆံမရှူးဒင်အမတ်ကြီး၏ခြေကို ဦးခေါင်းဖြင့် ပွတ်တိုက်ပြီးလျှင် ငိုကြွေးလေ၏။

ထိုအခါ ဆံမရှူးဒင်အမတ်ကြီးက မြေးဖြစ်သူ အေဂျစ်ကိုခေါ်၍ ပြသလေ၏။ အဘွား ဖြစ်သူလည်း မြေးအေဂျစ်အား ကျောရင်တို့ကို စမ်းသပ်ဖက်ယမ်း နမ်းရှုပ်ပြုပြီး ငိုကြွေးသည်။ အမတ်ကြီးသည် မငိုကြွေးလင့်၊ ဘုရားသိကြားတို့ ကယ်မခဲ့ပါမူ သားဖြစ်သူ ဟာစင်ဘာရာဒင် အား တွေ့ရလေအောင် ငါတို့နှင့်အတူ ကေရိုမြို့သို့ လိုက်ခဲ့ရမည်ဟု ပြောလေ၏။ ကောင်းပါ ပြီဟု ဝန်ခံလျက် ဥစ္စာ၊ ရတနာ၊ ရွှေငွေတို့ကို ယူဆောင်ခဲ့ကာ ကျေးကျွန်တို့ကို ခေါ်ခဲ့ပြီးမှ အတူလိုက်ရန် ပြင်ဆင်သည်။ အမတ်ကြီးက ပြန်မည့်အကြောင်းကို မင်းကြီးထံဝင်၍ တင်လျှောက်သည်။ မင်းကြီးက ကေရိုမြို့ကို အစိုးရသော အဆွေတော်မင်းကြီးထံ ဆက်သရန် လက်ဆောင်ပဏ္ဏာတို့ကိုပေး၍ ပြန်ရန်ခွင့်ပြုတော်မူလေ၏။

## ခယ်မကိုခေါ်ဆောင်ပြီး ပြန်လာရာ

ဆံမရှူးဒင် အမတ်ကြီးသည် ခယ်မကိုခေါ်ဆောင်၍ ပြန်ခဲ့သည်။ ဒင်မတ်စကမြို့သို့ ရောက်သော ကာလ ပြည့်ရှင်မင်းကြီးကို ဆက်သရန် လက်ဆောင်ပဏ္ဏာတို့ကို ဝယ်ခြမ်းဖို့ ရက်တစ်ပတ်မျှ နားနေသည်။ အေဂျစ်သည် နောက်လိုက် နောက်ပါတို့အား ယခင်က ငါတို့ သွားရောက်ကြသော စားပွဲရုံသို့သွားမည်၊ စားပွဲဆိုင်၌ ကျောက်ခဲမှန်သော ဒဏ်ရာသည် မည်ကဲ့သို့ ဖြစ်နေသည်ကိုသိရအောင် ကြည့်ရှုအံ့ဟု ပြောလေ၏။ သွားကြလေသောကာလ ဆိုင်ဝသို့ ရောက်လျှင်ပင် ဟာစင်ဘာရာဒင်သည် ထိုသူငယ်အား မြင်ပြန်သောအခါ ချစ်ခင်သဖြင့် ခေါ်ချင်သည်။ သို့သော် မခေါ်ဝံ့သောကြောင့် စိတ်ကိုအောင့်အီးနေရသည်။ သို့သော်လည်း မနေနိုင်သည့်အတွက် စားတော်မူပါဦး၊ သောက်တော်မူပါဦး၊ နောက်နောင် သင်တို့နောက်သို့ ငါမလိုက်ဝံ့ပြီဟု ပြောလေ၏။

ထိုအခါ အေဂျစ်က သင်သည် သင်ပြောသည့်အတိုင်း ငါတို့၏ နောက်သို့ မလိုက်မူ သင့်ဆိုင်သို့ဝင်၍ စားကြမည်ဟုပြောပြီး ဆိုင်တွင်းသို့ဝင်ကြသည်။ ဟာစင်ဘာရာဒင်လည်း ဆီဦး၊ ထောပတ်၊ ပျားသကာတို့ဖြင့်လုပ်သော ဩဇာရသမုန့်ကိုပင် ကျွေးမွေးပြန်သဖြင့် စားကြလေသည်။ ဟာစင်ဘာရာဒင်လည်း ဤကဲ့သို့ စားခြင်းကို အထူးဝမ်းမြောက်ခြင်း

ဖြစ်လေသည်။ စားပြီးသည့်နောက် ရေမွှေး၊ ကတိုး၊ ပန်းပေါင်းရေတို့ဖြင့် လက်များကို ဆေးကြောစေ၏။

ထို့နောက် စားသောက်ပြီးလျှင် ပြန်ခဲ့ကြရာ တည်းခိုနေထိုင်သော အိမ်သို့ ပြန်ရောက်ကြသည်။ အဘွားသည် အေဂျစ်ကိုခေါ်၍ ဖက်ယမ်းနမ်းရှုပ်ပြီး အမောင်မြေးချစ်၊ မည်သည့်အရပ်များသို့ ရောက်ခဲ့သနည်းဟု မေးလေ၏။ အဘွား၊ ကျွန်တော်သည် ဒင်မတ်စကတစ်မြို့လုံးကိုပင် နှံ့ပြားစွာရောက်ခဲ့ပါသည်ဟု ပြောရာ အမောင် ငါ့မြေးသည် လှည့်လည်ရာက ပြန်လာခဲ့သဖြင့် မောပန်းဟန်ရှိ၏။ အမောအပန်းမှ ပြေစေခြင်းငှာ ဤသြဇာရသမုန့်ကို စားပါလောဟု ကျွေးလေ၏။

အေဂျစ်သည် အထိန်းနှင့်အတူထိုင်ပြီး အနည်းငယ်မျှသာ စားသောက်သဖြင့် အမောင်ချစ်သား၊ မည်သည့်အကြောင်းကြောင့် အနည်းငယ်မျှစားဘိသနည်း အရသာမရှိ၍လော၊ ဤမုန့်သည်ကား ထူးဆန်းသောမုန့်တည်း၊ ကမ္ဘာပေါ်ဝယ် ဤသြဇာရသမုန့်ကို အဘွားနှင့် မောင့်ဖခင်ဖြစ်သူ ဟာစင်ဘာရာဒင်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ မလုပ်မဆောင်နိုင်ဟု ပြောကြလေ၏။ ထိုအခါ အဘွား၊ ကျွန်တော် ဒင်မတ်စကမြို့ အလယ်ရှိ စားပွဲဆိုင်၌ စားခဲ့ရသော သြဇာရသမုန့်ကား အလွန်ကောင်း၏။ ထိုမုန့်နှင့်ယှဉ်၍ စားကြရမူ အဘွား၏မုန့်သည် အသုံးမကျသလောက်ရှိတော့မည်ဟု ပြောလေ၏။

ထိုအခါ အဘွားက အမျက်ဒေါသဖြစ်ပွားသဖြင့် အထိန်းအား သင်သည် ငါ၏မြေးငယ်ကို အဘယ့်ကြောင့် စားပွဲဆိုင်သို့ ခေါ်ဆောင်၍ သွားဘိသနည်းဟု မေးလေ၏။ အထိန်းကလည်း သခင်မအား ကြောက်ရွံ့ခြင်းကြောင့် အကျွန်ုပ်တို့ စားပွဲဆိုင်သို့ မသွားပါဟု ဆိုလေသော် အေဂျစ်ကလည်း ငါတို့သည် စားပွဲဆိုင်၏ အတွင်းသို့ ဝင်ရောက်စားသောက်ကြသောမုန့်သည် ဤမုန့်ထက်သာသည် မဟုတ်လောဟု ထပ်၍ ပြောသည်။ ဤတွင် အဘွားသည် အမျက်ဒေါသ ပြင်းထန်စွာထွက်သဖြင့် ခဲအိုဖြစ်သော အမတ်ကြီးအား သွား၍တိုင်ကြားလေ၏။ အမတ်ကြီးသည် အထိန်းအား သင်သည် စားပွဲဆိုင်သို့သွားသလားဟု စစ်မေးရာ မသွားမရောက်ရပါဟု ပြောပြန်လေ၏။

ထိုအခါ အေဂျစ်က ငါတို့သည် စားပွဲဆိုင်သို့ဝင်၍ သြဇာရသမုန့်ကို စားသောက်ကြပြီးသော် မွှေးသောနံ့သာ ရေတို့ဖြင့် လက်များကို ဆေးကြောခဲ့ကြသည် မဟုတ်လောဟု

ဆိုလေ၏။ အမတ်ကြီးက အထိန်းအား ရိုက်နက်၍ စစ်ကြောမှ စားပွဲဆိုင်သို့ ဝင်၍ ဩဇာရသမုန့်များ စားခဲ့ပါ၏ဟု ပြောလေ၏။

ထိုအခါ ဟာစင်ဘာရာဒင်၏ မိခင်သည် အမျက်ဒေါသ မငြိမ်းနိုင်သဖြင့် သင်တို့သည် စားပွဲရုံက မုန့်ကိုယူခဲ့၍ ငါ၏မုန့်နှင့် မည်သည့်မုန့်က ကောင်းသည်ကို သိရအောင် သင်တို့ အမတ်ကြီးအား ပေးကြဟု ပြောလေ၏။ အထိန်းသည် ရုတ်တရက် ထသွားပြီး စားပွဲရုံသို့ ရောက်သော် ဟာစင်ဘာရာဒင်အား အမောင် သင်၏ ဩဇာရသမုန့်ကိုရောင်းပါ၊ ကျွန်ုပ်တို့ မိခင်လုပ်သော မုန့်နှင့်ယှဉ်လို၍ လာဝယ်ခြင်း ဖြစ်ပါသည်ဟု ပြောလေ၏။ ဟာစင်ဘာရာဒင်က ပြုံးရယ်လျက် ဤမုန့်သည်ကား ကျွန်ုပ်၏ မိခင်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ မလုပ်နိုင်ချေ၊ သို့သော် သင်အလိုရှိက ယူသွားပါဟု ပြောပြီး နှင်းရေ ရေမွှေးတို့ဖြင့် ပက်ဖျန်းပေးလိုက်သည်။ အထိန်းက ယူခဲ့သောအခါ၌ ဟာစင်ဘာရာဒင်၏ မိခင်သည် မုန့်ကိုမြင်၍ ကြည့်ပြီးလျှင် ငိုကြွေးကာ ဤမုန့်သည်ကား ငါ၏သား ဟာစင်ဘာရာဒင်လုပ်သော မုန့်ပင် ဧကန်မုချ မလွဲစင်စစ် ဖြစ်တော့သည်ဟု ပြောလေ၏။

## လက်ပြန်ကြိုးတုပ်ကာ ခေါ်ခဲ့

ထိုအခါ ဆံမရှူးဒင် အမတ်ကြီးသည် ငါ့ညီနူရာဒင်၏ သားဖြစ်သော ငါ့၏တူကို တွေ့ရပေပြီဟု ဝမ်းမြောက်ခြင်းဖြစ်၍ ကျေးကျွန်နစ်ဆယ်တို့ကိုခေါ်ပြီး သင်တို့သည် စားပွဲဆိုင်သို့ သွား၍ ဆိုင်ရှင်အား လက်ပြန်ကြိုးတုပ်နှောင်ကာ မနာမကျင်စေရအောင် ငါ့ထံသို့ ခေါ်ခဲ့ရမည်ဟု အမိန့်ပေးလေ၏။ ထိုအခါ တပည့်သားမြေးတို့သည် ဆိုင်ရှင် ဟာစင်ဘာရာဒင်အား ခေါ်ဆောင်ခဲ့ကြ၍ အမတ်ကြီးရှေ့မှောက်သို့ ရောက်လေသောအခါ ဟာစင်ဘာရာဒင်သည် အမတ်ကြီးအား ကျွန်ုပ်ကို ဖမ်းဆီးခြင်းသည် မည်သည့် အကြောင်းနည်း မိန့်ဆိုပါဟု မေးမြန်းလေ၏။ သင်သည် ဩဇာရသမုန့်ကို လုပ်သောသူ မဟုတ်လောဟု မေးလေလျှင် ဟုတ်ပါ၏ဟု ဝန်ခံသည်တွင် တပည့်သားမြေးတို့အား ကုလားအုတ်တစ်ကောင်ကို ယူခဲ့စေပြီးသော် ဤသူအား သေတ္တာ၏ အတွင်းသို့သွင်း၍ ကုလားအုတ်ပေါ်သို့ တင်ဆောင်ယူခဲ့ကြဟု အမိန့်ပေးလေ၏။

တပည့်သားမြေးတို့သည်လည်း ဆံမရှူးဒင်အမတ်ကြီး အမိန့်ပေးသည့်အတိုင်း ကုလားအုတ် ပေါ်သို့ တင်ဆောင်ခဲ့ပြီးသော် ပြန်လာခဲ့ကြရာ လမ်းခရီးတွင် စားချိန်သောက်

ချိန်၌သာလျှင် သေတ္တာကိုဖွင့်လှစ်၍ အစားအစာကို ကျွေးမွေးသည်။ မြို့တစ်မြို့သို့ ရောက်သောအခါ ၎င်းသေတ္တာကို ဖွင့်လှစ်ပြီး သင်သည် ဩဇာရသမုန့်ကို လုပ်သည် မှန်သလောဟု မေးမြန်းပြန်သည်။ မှန်ပေ၏ဟု ပြောဆိုသောကြောင့် လက်သမားတို့ကိုခေါ်ပြီး ကားစင်ကို လုပ်စေ၍ သင့်အား ဩဇာရသမုန့်လုပ်သည်မှာ မကောင်းခြင်းကြောင့် ဤ ကားစင်တင်၍ သတ်မည်ဟု ပြောဆိုသည်။ ထို့နောက် သွားပြန်သဖြင့် ရောက်တိုင်း ရောက်တိုင်းသော မြို့တို့ဝယ် သေတ္တာကို ဖွင့်လှစ်ပြီးသော် အထက်အထက်ကကဲ့သို့ပင် ပြောလေ၏။

## လက်ထပ်စဉ်ကလို ဝတ်ဆင်ထားရမည်

ဤသို့ဖြင့် ဆက်၍ သွားကြရာ မြို့အနီးသို့ ဆိုက်ရောက်လေ၏။ ထိုအခါ သေတ္တာကို ဖွင့်ပြီး သင့်အား နက်ဖြန်နံနက် မိုးသောက်လျှင် ကားစင်တင်၍ သတ်ရတော့မည်ဟု ပြောပြီး ဆက်၍ သွားကြလေလျှင် ကေရိုမြို့သို့ ညချမ်းအချိန်ဝယ် ဆိုက်ရောက်လေ၏။ ထိုအခါ အမတ်ကြီးသည် သမီးဖြစ်သူ စိန်အယ်ဟာဆွန်အား ချစ်သမီး၊ သင်၏ အခန်းကို လက်ထပ်စဉ် အခါကကဲ့သို့ စီစဉ်ခင်းကျင်း၍ ထားရမည်၊ သင်သည်လည်း ထိုစဉ်က ဝတ်ဆင်ခဲ့သကဲ့သို့ပင် ဝတ်ဆင်ထားရမည်၊ သင်၏ မောင် ထားခဲ့သော ဦးထုပ်များကိုလည်း နေရာကျအောင် ထားပြီးမှ ဟာစင်ဘာရာဒင် လာရောက်သောအခါ အမောင်သည် စကားစမြည်ပြောရာက ထသွားသည်မှာ နံနက်ပင်လင်းလုပါပြီ၊ မည်သည့် အကြောင်းကြောင့် ကြာသနည်းဟု မေးရ မည် စသည်ဖြင့် အလုံးစုံကို မှာထားပြီးလျှင် ဆံမရှူးဒင် အမတ်ကြီးသည် ဟာစင်ဘာရာဒင် အား သေတ္တာမှ ထုတ်၍ အခန်းဝ၌ ထားလေ၏။

ဟာစင်ဘာရာဒင်လည်း အိပ်ရာမှနိုးလတ်သော် လက်ထပ်စဉ်က အခမ်းအနားအတိုင်း ပြင်ဆင်ထားသော အခန်းကို မြင်လေလျှင် ငါသည် အိပ်မက် မြင်မက်လေသလော၊ သို့တည်းမဟုတ် နိုးကြားလျက်ပင်ရှိလေသလောဟု စဉ်းစားဆင်ခြင်ပြီး တံခါး၏ အတွင်းသို့ ဝင်ရောက်ကြည့်ရှုသည်။ ထိုအခါ ယခင်က ထားခဲ့သော အဝတ်အစား၊ ဦးထုပ်တို့ကို မြင်သဖြင့် အလွန်တရာ အံ့ဩခြင်းဖြစ်ပြီး ငါသည် ဤမိန်းမငယ်၏ အခန်းသို့ ရောက်လာရလေသည်မှာ ထူးဆန်းလေစွ၊ ယခုတွင်ပင် သေတ္တာထဲဝယ် နေရခဲ့သေးသည်ဟု အဖြစ်အပျက်ကိုပြန်၍

စဉ်းစားနေစဉ် စိန်အယ်ဟာဆွန် အမတ်ကြီးသမီးသည် ခြင်ထောင်ကိုဖွင့်လှစ်ပြီး အမောင် ထသွားသည်မှာ အတန်ကြာပါပြီဟု ပြောလေ၏။

ထိုအသံကိုကြားလေလျှင် လှည့်၍ကြည့်ပြီး ပြုံးရယ်ကာ ငါသည် အိပ်မက်ပင်ဖြစ်ဟန် ရှိသည်ဟု ပြောပြီး အနီးသို့ ချဉ်းကပ်ကာ ယခင်က ကျန်ရှိရစ်ခဲ့သော ရွှေဒင်္ဂါးနှင့်ဦးထုပ်တို့ကို ကြည့်ရှု၍ ငါသည် အိပ်မက်မက်သည်နှင့်ပင်တူ၏ဟု အံ့သြခြင်းမက အံ့သြနေလေ၏။ စဉ်းစား ဆင်ခြင်၍နေစဉ် စိန်အယ်ဟာဆွန်သည်လည်း အမောင်သည် ညဥ့်ဦးကပင် ထ၍သွားသည်မှာ ကြာချေပြီဟု ပြောသော် ကျွန်ုပ်သွားသည်မှာ နစ်ပေါင်းမည်မျှလောက် ကြာသနည်းဟု မေးပြန်သည်။ အမောင်၏ စိတ်သည် မည်ကဲ့သို့ဖြစ်ဘိသနည်း၊ ညဦးကပင် ထသွားပါသည်ဟု ပြောလေ၏။

ထိုအခါ ဟာစင်ဘာရာဒင်က ကျွန်ုပ် သင့်အပါးက ထသွားသောအခါ အိပ်ပျော်ခြင်းသို့ ရောက်ပြီး အိပ်မက်မြင်မက်သည်ကား ဒင်မတ်စကမြို့ဝယ် တစ်ဆယ့်နစ်နစ်ခန့်မျှ စားပွဲရုံ တည်၍ ရောင်းချနေစဉ် သူငယ်တစ်ယောက် အထိန်းအချီတို့နှင့်လာပြီး မုန့်များကို စားသောက် သည်၊ ထို့နောက် ကျွန်ုပ်ကို ကျောက်ခဲဖြင့် ပစ်ပေါက်ခြင်းကြောင့် မျက်နှာကို ကျောက်ခဲ မှန်လေသည်။ အိပ်မက်ပင်မြင်မက်ငြားသော်လည်း အကယ်ပင်ဖြစ်ဘိသည်နှင့်တူ၏။ ကျွန်ုပ် ဒင်မတ်စကမြို့သို့ ဆိုက်ရောက်စဉ် အဝတ်အစားကောင်းမွန်စွာ မရခြင်းကြောင့် စားပွဲရုံတွင် နေရလေ၏။ တစ်ဖန် ကျွန်ုပ်သည် သြဇာရသမုန့်များကိုလည်း လုပ်ရသည်ဟု မြင်မက်၏ဟု ဆိုသော် စိန်အယ်ဟာဆွန်းလည်း ကုန်စင်အောင်ပြောပါဦးဟု တောင်းပန်လေ၏။ ကျွန်ုပ်သည် ဤမုန့်လုပ်ခြင်း၌ မုန့်မကောင်းသဖြင့် ကားစင်တင်၍ သတ်မည်ဟု သေတ္တာ၏အတွင်းဝယ် သွင်းလှောင်၍ ထားပါသည်ဟု ပြောလေ၏။ စိန်အယ်ဟာဆွန်းက ရင်ဘတ်ကိုတီးလျက် ပြင်းထန်စွာ ရယ်မောလေ၏။ ဟာစင်ဘာရာဒင် ဤအကြောင်းသည် အိပ်မက် မြင်မက် လေသလော၊ သို့တည်းမဟုတ် အကယ်ပင် ဖြစ်လေသလောဟု စဉ်းစားဆင်ခြင်၍ အိပ်ကြ လေ၏။

နံနက်မိုးသောက် ရောက်သောအခါ ဆံမရှူးဒင် အမတ်ကြီးသည် ဟာစင်ဘာရာဒင်ထံ လာရောက်နှုတ်ဆက်မေးမြန်းသည်။ ဟာစင်ဘာရာဒင်က သြဇာရသမုန့်သည် မကောင်း၍ အကျွန်ုပ်ကိုသတ်ရန် အမိန့်ပေးသည်မှာ အရှင်ပင်မဟုတ်လောဟုမေးသည်။ ချစ်သားဟုတ်၏၊ ဤကဲ့သို့ပြုလုပ်ခြင်းမှာလည်း ချစ်သား ဟုတ်မဟုတ်ကို တတ်အပ်သိလိုသောကြောင့်

ပြုလုပ်ခြင်း ဖြစ်သည်။ သင်၏ ဖခင်သည် ငါ၏ ညီပင်ဖြစ်ချေသည်။ သင်၏ မိခင်ကိုလည်း ဘာဆရမြို့မှ ခေါ်ဆောင်ခဲ့ပြီဟု ပြောပြီးလျှင် နှစ်ဦးနှစ်ဝ ငိုကြွေးကြလေ၏။

**အသက်ထက်ဆုံး ပေါင်းသင်းနေထိုင်ကြပြီ**

ထို့နောက် မြေးဖြစ်သော အေဂျစ်ကို ဖခင် ဟာစင်ဘာရာဒင်အား ပြသည်၊ ဟာစင်ဘာရာဒင်လည်း ကျွန်ုပ်ကို ကျောက်ခဲတို့ဖြင့် ပစ်ခတ်လေသောသူသည် ဤကျွန်ုပ်၏ သားပင်တည်းဟု ပြော၍ နောက်မိခင်ကို တွေ့မြင်ပြန်ရာ အထက်ထက်က ဖြစ်ခဲ့သမျှသော အကြောင်းမျိုးစုံတို့ကို ပြန်လှန်ပြောဆိုကြလျက် ရင်ကွဲပက်လက်ငိုကြွေးကြလေ၏။ ဆံမရှူးဒင် အမတ်ကြီးလည်း မင်းကြီးထံလက်ဆောင်ပဏ္ဏာတို့ကို ဝင်ရောက်ဆက်သပြီးလျှင် အဖြစ်စုံကို လျှောက်တင်ကာ ပြန်လာခဲ့သည်။ ဤအခါမှစ၍ အသက်ထက်ဆုံး ကောင်းမွန်ချမ်းသာစွာ ပေါင်းသင်းနေထိုင်ကြလေ၏။

ကြာဖွား အမတ်ကြီးက ရာရှစ်အမတ်ကြီးအား တင်လျှောက်သည်မှာ ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အရှင်မင်းကြီး၊ ယခုကြားတော်မူသည်တို့မှာ ဆံမရှူးဒင် အမတ်ကြီးနှင့် သူ၏ညီ နူရာဒင်အမတ်ကြီးတို့၏ အကြောင်းတည်းဟု တင်လျှောက်လေ၏။ မင်းကြီးသည် မိန်းမငယ်ကိုသတ်သော လုလင်ပျိုအားလည်းကောင်း၊ ကြာဖွားအမတ်ကြီး၏ တပည့်ဖြစ်သော ကပ္ပလီအားလည်းကောင်း အသက်ချမ်းသာခွင့် ပေးသနားတော်မူလေ၏။

***

ရာရာဇတ်သည် ဤပုံပြင်ဝတ္ထုကို လျှောက်တင်ပြီးနောက် ခရီးသည်သုံးယောက် အကြောင်းကို တစ်ဖန် ဆက်၍ လျှောက်တင်ပြန်လေသတည်း။

## ခရီးသည် သုံးယောက်တို့အကြောင်း

ရှေးသောအခါ ဘုရင်မင်းတစ်ပါးသည် ထီးနန်းကို အုပ်စိုးစံမြန်းတော်မူနေသည်၊ တစ်နေ့တွင် အလုပ်အကိုင်မရှိသော သူရင်းငှားတစ်ယောက်သည် အလုပ်အကိုင်ကို ရှာဖွေနေစဉ် အလွန်လှပတင့်တယ်သော မိန်းမတစ်ယောက်သည် ရွှေငွေတို့ကို အိတ်၌ထည့်၍

လက်မှာကိုင်လျက် ထွက်လာပြီးလျှင် သာယာချိုအေးသော စကားတို့ဖြင့် အချင်းသူရင်းငှား၊ ဤတောင်းကို ယူပြီး လိုက်ခဲ့လော့ဟု ဆိုလေ၏။

ထိုအခါ သူရင်းငှားသည် ဤကဲ့သို့ သာယာချိုအေးသော စကားကို ကြားရလျှင် အလွန်ဝမ်းမြောက် ဝမ်းသာခြင်းဖြစ်၍ တောင်းကို ခေါင်းထက်မှာရွက်ပြီး ၎င်းမိန်းမနောက်မှ လိုက်လာခဲ့သည်။ ထို့နောက် ဤသို့ ကြွေးကြော်လေသည်။ ဤယနေ့ကား ကောင်းသော တွေ့ခြင်းကို တွေ့ရသောနေ့တည်းဟု ကြွေးကြော်လျက် ဆက်၍ သွားကြလတ်သော် ဆိုင်တစ်ဆိုင်သို့ ရောက်သည်။ ထိုဆိုင်မှ အရက်စည်တစ်လုံးကိုဝယ်ပြီး တောင်းမှာထည့်၍ သွားပြန်သည်။

သူရင်းငှားသည် ဤသို့ ကြွေးကြော်ပြန်လေ၏။ ဤယနေ့သည်ကား နေ့ကောင်း နေ့မြတ်တည်း။ ဤယနေ့ကား သာယာရွှင်လန်း ထူးဆန်းစွာ ပျော်ရွှင်ခြင်းနှင့် ပြည့်စုံသော နေ့တည်း၊ တစ်ဖန်ဆက်၍ သွားကြပြန်ရာ လိမ္မော်သီး၊ ရှောက်ချိုသီး၊ ရှောက်ပန်းသီး၊ စပျစ်သီး အစရှိသော ချိုမြိန်သော အရသာရှိသည့် သစ်သီးတို့နှင့် စံပယ်ပန်း၊ ကြက်ရှန်းပန်း၊ မုလေးပန်း တို့ကို ဝယ်ကာ သူရင်းငှား၏ တောင်း၌ပင် ထည့်စေခဲ့ပြန်သည်။ ထို့နောက် အမဲဟင်းလျာ၊ ချင်းစိမ်း၊ ငရုတ်ကောင်း၊ လေးညင်း၊ ဇီယာ၊ ကရဝေး၊ ဖာလာ၊ မဆလာအစရှိသည်တို့ကိုလည်း ဝယ်လျက် တောင်းတွင်ပင်ထည့်၍ သွားကြပြန်လေသော် အခန်းခန်း အဆောင်ဆောင်တို့ဖြင့် လည်းကောင်း၊ အရောင်းအဆင်းတို့ဖြင့် လည်းကောင်း၊ တံခါး၌လည်း ရွှေရောင် ငွေရောင် တို့ဖြင့် လည်းကောင်း၊ မွမ်းမံခြယ်လှယ်ထားသော အိမ်သို့ ရောက်ကြလေ၏။ ဤအိမ်သည် ၎င်းမိန်းမ၏ အိမ်ပင်တည်း။

ညီမငယ်သည် တံခါးဝမှ စောင့်နေသည်။ ညီမလတ်ဖြစ်သူ ကာမေနီက တံခါးကိုလာ၍ ဖွင့်ပေးသည်။ ဇိုဘီဒီနှင့် သူရင်းငှားတို့ အိမ်တွင်းသို့ဝင်လာကြသည်။ သူရင်းငှားသည် ကာမေနီကိုမြင်လျှင် ငေးမှိုင်လျက်ကြည့်ရှုလေ၏။ အစ်မကြီးသည် ညီမသုံးယောက်အနက် အလှလည်း အလှဆုံးဖြစ်သည်၊ သူ့အိပ်ရာအခန်းတွင်း၌လည်း အလွန်နုနယ်သော ပိုးဖဲ ကတ္တီပါတို့ဖြင့် လွှမ်းကြက်ထား၏။ ၎င်းပြင် စိန်ကျောက်၊ နီလာ၊ သန္တာပုလဲတို့ဖြင့် အထပ်ထပ် ခြယ်လှယ်ထား၏။ အလွန်တရာလှပ ကောင်းမွန် တင့်တယ်ခြင်းနှင့် ပြည့်စုံလေသည်။ သူရင်းငှားသည် အခန်း၏လှပခြင်း၊ အစ်မကြီး၏ လှပခြင်းကို ကြည့်ရှုနေစဉ် အစ်မကြီးက

ဤသူသည် မောပန်း၍ ကူလီခလည်း မရသေးသည့်အတွက် စောင့်ဆိုင်းနေသည်ဟု ထင်မှတ်၍ ကူလီခအဖြစ် ရွှေဒင်္ဂါးတစ်ပြားပေးလေ၏။

ထိုသို့ ပေးပြီးသော်လည်း သူရင်းငှားသည်မသွားဘဲ နေမြဲသာဆက်၍နေ၏။ အစ်မကြီး မြင်ပြန်လတ်သော် အချင်းသူရင်းငှား၊ သင် ရသင့်ရထိုက်သော အဖိုးအခသည် နည်းပါးသည် ထင်သောကြောင့် စောင့်၍ နေသလော၊ မည်သို့သော အကြောင်းရှိ၍ စောင့်နေသနည်းဟု မေးလေ၏။ သူရင်းငှားက ကျွန်ုပ် ယခုရသော အဖိုးအခမှာ ကျွန်ုပ်ရွက်ဆောင်ရသည်ထက် ပိုပါ၏။ အဖိုးအခ နည်းခြင်းကြောင့် မဟုတ်ပါ။ ယခု ညီအစ်မသုံးယောက် နေထိုင်ကြရာ ယောကျ်ားဟူသည် တစ်ယောက်မှမရှိ၊ ထူးဆန်းအံ့သြ၍ ကြည့်နေခြင်းဖြစ်ပါသည်ဟု ပြန်ကြား ပြောဆိုလေ၏။

ထိုအခါ သူရင်းငှားအား အချင်းသူရင်းငှား ငါတို့နေထိုင်သွားလာ ကြံစည်သော အမှုကိစ္စတို့ကို မည်သူ တစ်ဦးတစ်ယောက်မျှ သိစေရသည်မဟုတ်၊ ရှေးလူတို့ ဆိုရိုးစကား သိသာသိစေ၊ မမြင်စေနှင့်ဆိုသော စကားကို သင်မကြားဖူးပါလောဟု မေး၏။ သူရင်းငှားက အရှင်မတို့ လျှို့ဝှက်အပ်သော အရာတို့ကို မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မပြောအပ်ဟု ဆိုသည်မှာ ဟုတ်ပေ၏။ သို့သော် မိုက်မဲ၍ ပညာမရှိသောသူကိုသာ ဆိုလိုပါသည်။ ကျွန်ုပ်ကား စာပေပရိယတ္တိတို့ကို ကြည့်ရှုဖူးသဖြင့် ဗဟုသုတနှင့် ပြည့်စုံပါ၏။ ယင်းသို့ ဖြစ်သောကြောင့် ကျွန်ုပ်အား ပြောကြားသင့်သောသူ ဖြစ်ပါသည်ဟု ဆိုလေ၏။

ထိုအခါ အစ်မကြီးက ဆိတ်ဆိတ်နေရာ ညီမအလတ် ကာမေနီက သင် မပြန်လိုသေးမူ ငါတို့သည် ပျော်ပွဲစားကြမည်ဖြစ်၍ သင်လည်း အတူစားလိုက သင့်အတွက်ထည့်ရမည်၊ အသွားရှိမှ အလာရှိသည်၊ အလာရှိမှလည်း အသွားရှိသည် မဟုတ်လောဟု ဆိုလေ၏။ ညီမငယ် ဇိုဘီဒီက အစ်မနှစ်ယောက်တို့အား ဤသို့ပြောလေ၏။ အစ်မကြီးတို့ သူရင်းငှားက သူ့အတွက် ပေးရမည်ဆိုလျှင် ယခု သူရွက်ဆောင်ခဲ့သော ကူလီခသာရှိချေသည်။ သူသည် ခိုင်းစေသောအခါလည်း မြန်ထက်စွာလုပ်ကိုင်ပေးသည်၊ သို့ဖြစ်၍ သူ့အတွက်မယူဘဲ စားသောက်ပါစေလောဟု ပြောလေ၏။ သူရင်းငှားက အလွန်ဝမ်းမြောက်သဖြင့် ဇိုဘီဒီအား ရှိခိုးပြီးလျှင် အရှင်မ၏ ကျေးဇူးသည်ကြီးပေစွ၊ ယခုလည်း အရှင်မတို့နှင့် အတူတကွ ပျော်ပွဲ စားရပေတော့မည်၊ ကျွန်ုပ်အတွက်မှာလည်း ယခုရသော ရွှေဒင်္ဂါးတစ်ပြားကိုပင် ယူပါလောဟု ပြောလေ၏။

အစ်မကြီးက သင်၏ပစ္စည်းကိုပင် သင်ယူလော့၊ ငါတို့အလိုမရှိဟုဆို၍ လုပသော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ကြပြီးသော် ပျော်ပွဲစားသောက်ရန် ပြင်ဆင်စေပြီး ညီအစ်မသုံးယောက်တို့ စားသောက်ကြ၍ သူရင်းငှားအား သေအရက်တို့ကို တိုက်ကျွေးလေ၏။

## ဤအိမ်တွင် တစ်ညအိပ်ခွင့်ပေးပါ

ထိုအခါ သူရင်းငှားက ယခု ငါသည် ကံကုသိုလ်ထူးလှ၍ သူ၏လက်ဖြင့် ကိုင်ငင်ပေးသော အရက်ကို သောက်စားရပေသည်။ ကျေးဇူးကြီးပေစွ၊ ထူးမြတ်ပေစွဟု သီဆိုကျူးရင့်လျက် ပျော်ပွဲစားသောက်သည်။ နေ့အချိန်ကုန်၍ ညခင်းသို့ ရောက်လတ်သော် အစ်မကြီး နှစ်ယောက်တို့က သူရင်းငှားအား သင်ပြန်ချိန်တန်ပြီ ပြန်လေတော့ဟု ဆိုပြန်လေသဖြင့် သူရင်းငှားလည်း မိုးချုပ်ပြီဖြစ်၍ ယခု အိမ်သို့ပြန်ရမည် ဆိုသော် အိမ်ကိုမျှပင် ရှာမရအောင် ရှိတော့မည်၊ ယနေ့တစ်ည ဤတွင်ပင် အိပ်ခွင့်ပေးပါလောဟု ဆို၏။

ထိုအခါ ညီမငယ် ဖိုဘီဒီက အစ်မကြီးနှစ်ယောက်တို့အား အိပ်ပါစေဟု ဆိုရာ ကောင်းပြီး သင်က အိပ်စေလိုသော ဆန္ဒရှိလျှင် အိပ်ပါစေဟု ခွင့်ပေးကြလေ၏။ ထို့နောက် ညီအစ်မသုံးယောက်တို့က အိပ်ခွင့်ကို ငါတို့ပေးမည်၊ သို့ရာတွင် ငါတို့ လုပ်ကိုင်နေသည်ကို သင်နှင့် မစပ်မဆိုင်က မမေးပါလင့်၊ မေးခဲ့လျှင် ဒုက္ခရောက်လိမ့်မည်၊ ငါတို့ယခုပြောသော စကားကို မြဲမြံစွာသတိပြုလောဟု ပြောကြသည်။

ထိုအခါ သူရင်းငှားက ကောင်းပါပြီ၊ မမေးစေလိုက မမေးပါ၊ မေးခဲ့လျှင် အပြစ်အတိုင်း ရှိပါစေတော့၊ ကျွန်ုပ်၏ ပါးစပ်နှင့် လျှာတို့မှာလည်း မလှုပ်မရှားစေရ၊ မျက်စိဆိုသည်မှာလည်း မမြင်ဘိသကဲ့သို့ နေပါမည်ဟုဆိုလေ၏။ ညီအစ်မသုံးယောက်တို့ကလည်း သင်သည် ဤအတိုင်းဝန်ခံမှု အတွင်းတံခါး၌ ရွှေစာလုံးတို့ဖြင့် ရေးသားလျက်ရှိသောစာကို သွား၍ ဖတ်လောဟုဆို၍ ဖတ်ရလေသတည်း။

မည်သူမဆို ကိုယ်နှင့်မဆိုင်မှု ပြောဆိုမေးမြန်းခြင်း မပြုရဟူ၍ ရေးထားသောစာကို သူရင်းငှားသည် ဖတ်ကြည့်ခဲ့ပြီးလျှင် အရှင်မတို့၊ ကောင်းပါပြီ၊ ကျွန်ုပ်နှင့်မဆိုင်မှု မည်သို့သော အကြောင်းကိုမျှ မေးမြန်းခြင်းမပြုပါဟု ပြောလေသည်။ ညီမငယ်သည်လည်း မီးအိမ်မှန်အိမ်တို့ကို ထွန်းညှိပြီး ညစာထမင်းအဖျော်တို့ကို ပြင်ဆင်သည်။ ညီအစ်မသုံးယောက်တို့နှင့် သူရင်းငှားတို့ စားသောက်ကြပြီးနောက် ကခြင်း၊ ခုန်ခြင်း၊ တီးမှုတ်ခြင်း စသည်တို့ကို

ပြုကြသည်၊ သူရင်းငှား မူးယစ်၍ နေစဉ် တံခါးခေါက်သံကြား၍ ညီမအလတ် ကာမေနီက ရုတ်တရက်ထ၍ သွားပြီးလျှင် ကြည့်ရှုသည်။ ခရီးသွားဧည့်သည် သုံးယောက်တို့နှင့်တွေ့၍ ၎င်းခရီးသွား သုံးယောက်တို့က အချိန်မဲ့ ညအခါဖြစ်သောကြောင့် ယနေ့တစ်ည တည်းခို နေထိုင်ပါရစေဟု ခွင့်တောင်းကြလေသည်။

## ထူးခြားသော ဧည့်သည်သုံးယောက်

ကာမေနီသည် ကျွန်ုပ်ကား ခွင့်မပြုနိုင်၊ သို့ရာတွင် အစ်မများကို မေးမြန်းပြီး ဖြေဆို ပါဦးအံ့ဟု ဆို၍ ပြန်ခဲ့သည်။ အစ်မကြီးအား ယခု တံခါးကိုခေါက်သောသူကား အခြားမဟုတ်၊ ခရီးသွား ဧည့်သည်အာဂန္တု သုံးယောက်တို့ ဖြစ်ကြသည်။ အချိန်အခါမဲ့ ဖြစ်ခြင်းကြောင့် ယနေ့တစ်ည ခေတ္တမျှတည်းခိုလို၍ လာခြင်းဖြစ်သည်၊ ၎င်းခရီးသွားသုံးယောက်တို့မှာ လူပုံ လူပန်းချင်း လည်းတူမျှ၏၊ လက်ယာမျက်စိလည်း သုံးယောက်လုံးပင် မမြင်၊ မုတ်ဆိတ်မျက်ခုံး တို့မှာလည်း လက်ယာဘက်က ညီတူညီမျှ ရိတ်ပယ်လျက်ထားပါသည်၊ ဝတ်ဆင်ကြသော အဝတ်တန်ဆာတို့မှာလည်း တညီတညာတည်းဖြစ်၍ အလွန်ထူးဆန်းသောသူတို့တည်း၊ ၎င်းတို့ တည်းခိုလိုသည့် ဆန္ဒအတိုင်း တည်းခိုပါစေ၊ ဤအရပ်ကိုလည်း တစ်ခါတစ်ခေါက်မျှ ရောက်ပေါက်ဖူးသည် မဟုတ်၍ ခရီးလမ်းကိုမျှ မသိဖြစ်နေကြောင်းကို ပြောဆိုကြပါသည်၊ ယခု သည်အရပ်တွင် တည်းခိုခွင့်ရပါမူ မည်သည့်နေရာမှာပင် နေရာ အိပ်ရ စိတ်က မည်သို့မျှ မအောက်မေ့ပါ၊ ခလောက်ဆွဲမှာသော် လည်းကောင်း၊ မြင်းဇောင်းမှာသော် လည်းကောင်း၊ နေရာတစ်ခုခုကိုရလျှင် ဝမ်းမြောက်လှပါပြီဟု သူတို့ ပြောခြင်းကြောင့် ယနေ့တစ်ည အခွင့် ပေးပါ၏ဟု အစ်မကြီးနှင့် ညီမအား ပြောလေ၏။

## ကုန်သည်ယောင်ဆောင်သူများ

ထိုအခါ အစ်မကြီးက ကောင်းပြီ၊ သင်တည်းခိုစေလိုက တည်းခိုပါစေတော့၊ သို့ရာတွင် မည်သည့် အကြောင်းအရာကိုမဆို ကိုယ်နှင့်မဆိုင်က မေးမြန်းခြင်းမပြုရန် ခရီးသည်တို့အား ပြောကြားလေဟု ဆိုလေ၏။ ညီမအလတ်ဖြစ်သော ကာမေနီလည်း ဝမ်းသာရွှင်လန်းစွာ တံခါးကို ဖွင့်လှစ်ပေးပြီးသော် ခရီးသွားဧည့်သည် သုံးယောက်တို့ကို ခေါ်၍ အစားအသောက် တို့ကို ကျွေးမွေးသည်။ စည်၊ စောင်း၊ ပလွေတို့ကို တီးမှုတ်ကခုန်၍ ဧည့်ခံလေသည်။

ကာလစ်ဖူဟာရွန်ရာစချစ် အမည်ရှိသော မင်းကြီးသည် မက်စရိဝါး အမည်ရှိသော အမတ်တစ်ယောက်နှင့် သက်တော်စောင့်ကို ခေါ်တော်မူခဲ့၍ ကုန်သည်အယောင်ဆောင်ပြီး ညအခါ တိုင်းရေးပြည်မှုကို လှည့်လည် စုံစမ်းထောက်လှမ်း မည်ဟုလာကြသည်၊ ထိုညီအစ်မ သုံးယောက်တို့၏ အိမ်အနီးအပါးသို့ ရောက်လာကြသော မင်းကြီးသည် ကခုန် မြူးတူး ပျော်ပါးနေကြသော အသံကိုကြား၍ သိလိုတော်မူသော ဆန္ဒရှိခြင်းကြောင့် အမတ်ကြီးအား တံခါးကို ခေါက်လော၊ ဝင်၍ ကြည့်ရှုအံ့ဟု ဆိုလေ၏။ ထိုအခါ အမတ်ကြီးက မင်းကြီးအား အရှင်မင်းကြီး၊ ယခုအခါသည် ညအချိန်မဲ့ဖြစ်ချေပြီ၊ တံခါးကို ခေါက်ရမည်မှာ မတော်မသင့်ပါ၊ နံနက်ကျရောက်မှ ၎င်းမိန်းမတို့ကို နန်းတော်သို့ခေါ်တော်မူ၍ စစ်ဆေးမေးမြန်းပါဟု တင်လျှောက်လေ၏။

ထိုအခါ မင်းကြီးလည်း အမတ်ကြီး၊ ငါခိုင်းစေတော်မူသည်ကို ပြန်လှန်ပြောဆို တင်လျှောက်ခြင်း မပြုလင့်၊ ခေါက်သာ ခေါက်လောဟု အမိန့်တော် ရှိရသောကြောင့် အမတ်ကြီးသည် တံခါးကိုခေါက်လေ၏။ ထိုအခါ အစ်မကြီးသည် တံခါးခေါက်သံ ကြားရသဖြင့် လာ၍ ဖွင့်လှစ်ရာ မင်းကြီးက ဤသို့ဆိုလေ၏။ ကျွန်ုပ်တို့ ကုန်သည်သုံးယောက် ဤမြို့သို့ ရောက်လာသည်မှာ ဆယ်ရက်လောက်ရှိပါပြီ ပါလာသော ကုန်စည်တို့ကို ပွဲရုံမှာထားခဲ့၍ မိတ်ဆွေ ကုန်သည်တစ်ဦးက ပျော်ပွဲစား ဖိတ်ကြားသဖြင့် လာရောက် စားသောက်ကြပါသည်။ အချို့သူတို့သည် မူးယစ်ခြင်းကြောင့် ရန်းရင်းခတ် ကြွေးကြော်သောအခါ မင်းချင်း အာဏာသားတို့ ဖမ်းဆီးခြင်းကြောင့် ကျွန်ုပ်တို့ တိမ်းရှောင်ထွက်ပြေးခဲ့ရာ ကံကုသိုလ် အားလျော်စွာ လွတ်ခဲ့ပေသည်။ သို့သော် ဤအရပ်မှ တည်းခိုနေထိုင်သော အိမ်သို့ ပြန်ရမည် ဆိုသော် လမ်း၌ မင်းချင်း အာဏာသားတို့နှင့် တွေ့ကြမည်ကို ကြောက်ရွံ့လှသည်က တစ်ကြောင်း၊ အိမ်သို့ ရောက်ပြန်ပါသော်လည်း ဘယ်အခါမဆို တံခါးကို နံနက် မိုးမလင်းမချင်း မဖွင့်မလှစ်သည် တစ်ကြောင်းတို့ကြောင့် ကျွန်ုပ်တို့သုံးဦးမှာ အလွန်တရာ အခက်တွေ့ နေချေပြီ၊ သို့ဖြစ်၍ ယနေ့တစ်ည သည်တွင်ပင် တည်းခိုခွင့် ပေးပါဟု ခွင့်တောင်းလေ၏။

ထိုအခါ ထိုမိန်းမလည်း ညီမများကို ပြန်ကြားပြောဆိုပြီးသော် တည်းခိုခွင့်ကိုပေး၍ ခေါ်ခဲ့လေ၏။ မင်းကြီးအား ကိုယ်နှင့်မဆိုင်သော အရာကိုမမေးရဟု ယခင်လူများကဲ့သို့ ပြောဆိုပြီး မင်းကြီးကိုလည်း ကျွေးမွေးညှော်ခံလေ၏။ မင်းကြီးသည် ထိုအိမ်သို့ ရောက်နှင့် နေသော ခရီးသွားသုံးယောက်တို့ကို ကြည့်ရှုပြီးလျှင် အံ့သြခြင်းဖြစ်လေ၏။ ညီအစ်မ

သုံးဦးတို့နှင့် ခရီးသွား သုံးယောက်တို့လည်း ကခုန်မြူးတူး ပျော်ပါးနေကြသည်၊ အစ်မကြီးက ငါတို့၏ ဝတ္တရားရှိသည့်အတိုင်း ပြုလုပ်ရဦးမည်ဟု ပြောလျက် ကခုန်တီးမှုတ်သော တန်ဆာ ပလာတို့ကို လည်းကောင်း၊ ကျွေးမွေးသော အမဲဟင်းလျာတို့ကို လည်းကောင်း သိမ်းဆည်းပြီး ခရီးသည်သုံးယောက်တို့ကို လည်းကောင်း၊ မင်းကြီးကိုလည်းကောင်း နေရာချထားသည်၊ အချင်းသူရင်းငှား၊ ကူညီပါလော၊ သူရင်းငှားကိုခေါ်ပြောကာ အခန်း၏ အလယ်ဝယ် နေရာ ခင်းကျင်းသည်၊ ထို့နောက် ခွေးနက်ကြီးနှစ်ကောင်ကို လည်ပင်း၌ ကြိုးနှင့်ချည်နှောင်ဆွဲငင်ခဲ့၍ တံဗျာနှင့်ရိုက်နှက်ပြီးလျှင် အင်္ကျီလက်တို့ကိုပင့်၍ တစ်ကောင်သောခွေးကို တံဗျာဖြင့် နာကျင်အောင် ရိုက်နှက်ပြန်သည်၊ မောပန်း၍ မရိုက်နိုင်အောင်ပင် ချွေးတို့ တဖြိုင်ဖြိုင်ကျမှ တန့်ပြီးသော် ၎င်းခွေးကိုပင် နမ်းရှုပ်ပြီးလျှင် အဝတ်ပုဝါတို့ဖြင့် မျက်ရည်တို့ကို သုတ်သင်၍ ပေးကာ သူရင်းငှားအား ၎င်းခွေးနှစ်ကောင်ကို ပထမခေါ်ခဲ့သော နေရာတွင်ပြန်၍ ထားခိုင်းလိုက်၏။

ထိုအခါ မင်းကြီးသည် အလွန်တရာ သိလိုသော ဆန္ဒတော်ရှိ၍ ခရီးသွားသုံးယောက်၏ အနားသို့ချဉ်းကပ်ပြီး သင်တို့သည် ၎င်းခွေးနက် နှစ်ကောင်နှင့် ၎င်းမိန်းမ၏ အကြောင်းကို သိပါသလော၊ သိလျှင် ငါ့အား ပြန်ကြားပြောဆိုပါဟု ဆိုလေ၏။ ခရီးသွားသုံးယောက်တို့က ကျွန်ုပ်တို့မသိချေ၊ ကျွန်ုပ်တို့သည် သင်တို့ မရောက်လာမီ ငါးမိနစ်ခန့်လောက်ကမှ ရောက်ချေ သည်ဟု ပြောလေသော် သင်တို့မသိလျှင် ဤအကြောင်းကို ပြန်ကြားပြောဆိုနိုင်မည့်သူ ရှိပါသလော၊ မည်သူ ပြောဆိုနိုင်လိမ့်မည်နည်းဟု မေးပြန်၏။

## ကတိအတိုင်း နေနေရပါသည်

ထိုအခါ ခရီးသွားတို့က သူရင်းငှားသည် ပြန်ကြားပြောဆိုနိုင်ဖွယ်ရှိ၍ မေးပါဦးမည်ဟု ပြောရာ သူရင်းငှားအား လက်တို့ပြီး အနားသို့ချဉ်းကပ်၍ ခွေးနက်နှစ်ကောင်ကို ရိုက်ပြီး နမ်းရှုပ်ခြင်း၊ မျက်ရည်ကိုသုတ်သင်၍ ပေးခြင်းသည် မည်သို့သော အကြောင်းနည်း၊ သင်သိသလော၊ သိလျှင် ငါတို့အား ပြောဆိုပါလောဟုဆို၏။ သူရင်းငှားက ကျွန်ုပ် ဤမြို့သား ဤအရပ်တွင် နေသည်မှန်ပါ၏၊ သို့သော်လည်း ယခုတစ်ကြိမ်တစ်ခါမျှသာ ရောက်ဖူးပါ၍ မသိချေ၊ ကိုယ်နှင့်မဆိုင်သော အကြောင်းအရာများ မမေးမမြန်းရဟု ပြောထား၍ ထိုကတိအတိုင်း နေနေရပါသည်ဟု ပြောလေ၏။

ထိုအခါ မင်းကြီးက ခရီးသွားသုံးယောက်တို့အား မေးသာမေးလော၊ သူတို့က ငါတို့အား ညှဉ်းဆဲနှိပ်စက်ခြင်းကိုပြုမူ သူတို့သည် မိန်းမချည်း သုံးယောက်သာ၊ ငါတို့က ခုနစ်ယောက်ဖြစ်၍ ကြောက်ရွံ့ရန် မလိုပဟု ဆိုလေ၏။ ထိုအခါ အမတ်ကြီးက မင်းကြီးအား အရှင်မင်းကြီးသည် တိုင်းပြည်နိုင်ငံရှင်တည်း၊ ယခုမေးမြန်းတော် မမူပါလင့်၊ သိလိုမူ နံနက် မိုးသောက်ကျရောက်သောအခါမှ ၎င်းမိန်းမတို့အား နန်းတော်ညီလာသဘင်ဝယ် စစ်ဆေး မေးမြန်းတော်မူပါဟု တင်လျှောက်လေ၏။ သို့သော် မင်းကြီးသည် မဆိုင်းမငံ့နိုင်အောင်ပင် သိလိုနေသဖြင့် သဘောတူတိုင်ပင်ကြပြီး သူရင်းငှားအား မေးစေမည်ရှိရာ အစ်မကြီးက ကြားမြင်လေသောကြောင့် သင်တို့သည် အဘယ်ကို တိုင်ပင်ပြောဆိုကြသနည်း၊ အဘယ်ကို နီးနှောကြသနည်းဟု မေးလေ၏။ သူရင်းငှားက သခင်မ၊ သူတို့သည် ခွေးနက်ကို ရိုက်နက်ပြီးလျှင် မျက်ရည်တို့ကို ပဝါဖြင့်သုတ်ပြီးမှ နမ်းရှုပ်သော အကြောင်းကို ကျွန်ုပ်အား အမေးခိုင်းကြပါသည်ဟု ပြောလေ၏။ အစ်မကြီးလည်း အမျက်ဒေါသ ထွက်လတ်၍ ခြေဖြင့် ကြမ်းကို ဆောင့်ပြီးသော် လက်ပန်းပေါက် သုံးကြိမ်ခပ်လျက် ထွက်ခဲ့ကြလောဟု အမိန့်ပေး လေ၏။

ထိုအခါ ဘီလူးကြီး ခြောက်ယောက်တို့ ထွက်လာလတ်၍ လူခြောက်ယောက်တို့ကို ဆွဲငင်လျက် လည်ကိုနှိမ်ပြီးလျှင် ဓားဖြင့်မိုးထားလေ၏။ သူရင်းငှားက သခင်မ၊ အခြားသော သူတို့အတွက်ကြောင့် ကျွန်ုပ်အသက် မသေပါရစေနှင့်၊ ကျွန်ုပ်မှာ ဘာမျှ သိနားလည်သူ မဟုတ်ပါ၊ သို့ဖြစ်၍ ကျွန်ုပ်အား ချမ်းသာပေးပါဟု ဆို၏။

## အမိ၊ အဖ၊ နှစ်ဦးစလုံး ယုတ်ညံ့သော သူတို့၏သားလော

ထိုအခါ အစ်မကြီးက ရယ်မောကာ သင်တို့ ဟုတ်မှန်သည့်အတိုင်း ပြောကြပါ၊ မည်သည့် အရပ်ဒေသက မည်သို့သောလူ အမျိုးအစားတို့နည်း၊ သင်တို့သည် မာတာဟီနသသ - အမိယုတ်သော သားတို့လော၊ ပိတာဟီနသသ - အဖယုတ်သော သားတို့လော၊ မာတာပိတာဟီနသသ - မိဘနှစ်ပါးစုံ ယုတ်သော သားတို့လော၊ သင်တို့သည် ဟုတ်မှန်သည့်အတိုင်း ပြန်ကြား ပြောဆိုကြရမည်ဟုဆို၏။ ထိုအခါ မင်းကြီးက အချင်း အမတ်ကြီး၊ ၎င်းမိန်းမအား ငါသည် ပြည့်ရှင်မင်းကြီးဟု ဟုတ်မှန်သည့်အတိုင်းကို ပြန်ကြား ပြောဆိုလိုက်ပါလော့၊ ပြည့်ရှင်မင်းကြီးဟု သိဘိမူ ချမ်းသာပေးလိမ့်မည်ဟု ဆိုလေ၏။

အမတ်ကြီးသည် ပညာအလိမ္မာနှင့် ပြည့်စုံသောသူဖြစ်၍ အရှင်မင်းကြီး၊ ပြော၍မတော်ပါ၊ အကယ်၍ ပြောလိုက်ချေမူ အရှင်မင်းကြီးအား သတ်၍ တိုင်းပြည်ကို ယူလတ္တံ့ဟု ပြောလေ၏။ ဇိုဒီဘီလည်း ခရီးသွားသုံးယောက်တို့အား သင်တို့သည် ရုပ်ရည်လက္ခဏာ အသွင်အပြင် ပုံပန်းမှာ တစ်ဆင်တည်းပင် ဖြစ်ကြခြင်းကြောင့် ညီအစ်ကို ဟုတ်၏လောဟု မေးလေ၏။ မဟုတ်ကြောင်းကို ပြန်ကြားပြောဆိုလျှင် သင်တို့၏မျက်စိသည် စက္ခုတစ်ဖက် အလင်း မရခြင်းကား အလွန်တရာထူးဆန်းပါသည်၊ မုတ်ဆိတ်တို့မှာလည်း မျက်လုံး အတွက်ကြောင့် ရိတ်ရခြင်းဖြစ်ပါသည်ဟု ပြောလေ၏။

ဇိုဘီဒီက အခြားတစ်ယောက်သော ခရီးသည်ကို မေးပြန်လတ်သော် ကျွန်ုပ်တို့သည် ကား သာမညလူမဟုတ်ပါ၊ ပြည့်ရှင်မင်းကြီး၏ သားတော်ချည်းပင်တည်း၊ တစ်ယောက်နှင့် တစ်ယောက်ကို ယခု ဤအိမ်ဝသို့ရောက်မှ သိကျွမ်းကြပါသည်ဟု ပြောလေ၏။

## အရံသင့်စောင့်နေသော ဘီလူးခြောက်ယောက်

ထိုအခါမှ ဇိုဘီဒီလည်း အမျက်ဒေါသပြေပျောက်၍ ဘီလူးကြီးတို့ကို ချမ်းသာပေးလိုက်ပါဟု ပြောဆိုပြီး မည်သည့် အကြောင်းကြောင့် ယခု ငါတို့အိမ်သို့ လာရောက်ကြသည်၊ မည်သည့် အလုပ်အကိုင်ကို လုပ်ကိုင်လို၍ မည်သည့်အရပ် ဒေသက လာသည်ကို အလုံးစုံ ဟုတ်မှန်သည့်အတိုင်း ပြောသောသူမှသာလျှင် ချမ်းသာပေးမည်ဟု ထပ်ပြောလေ၏။ ခရီးသွား သုံးယောက်ကို မင်းကြီးနှင့် အမတ်ကြီး၊ သူရင်းငှားတို့ကို အလယ်၌ ထားပြီးသော် ညီအစ်မသုံးယောက်တို့က မြင့်ရာက ထိုင်နေပြီးမှ ဘီလူးခြောက်ယောက်တို့သည်လည်း တစ်ခုခုသော အပြစ်ကို တစ်စုံတစ်ယောက်သော သူအား ပေးခဲ့လျှင် ချည်နှောင်ဖမ်းဆီး၍ သတ်ဖြတ်ရန် နောက်က အရံသင့် စောင့်ဆိုင်းလျက်နေလေ၏။

ထိုအခါ သူရင်းငှားက ပထမစတင်ပြောဆိုသည်မှာ ကျွန်ုပ်သည် ကျွန်ုပ်၏ အကြောင်းခြင်းတကို ပြန်ကြားပြောဆိုရမည် ဆိုသော် အထူးပြောရန်မရှိပါ၊ ယနေ့ နံနက် စောစောကပင် သခင်မ၏ ညီမငယ်သည် ကျွန်ုပ်နှင့် နန်းတော်တံခါးဝတွင် တွေ့၍ ဈေးသို့ခေါ်သွားရာ ယခု ပြန်လာသည့်တိုင်အောင် မြင်သည့်အတိုင်းပင်ဖြစ်ပါသည်ဟု ပြောလေ၏။ ဇိုဘီဒီလည်း ကောင်းပြီ၊ သင် အလိုရှိရာသွားလေတော့၊ နောက်ထပ်၍ သင့်ကို မမြင်လိုပြီဟု ပြောဆို၏။ ကျွန်ုပ်သည် ယခုရှိနေကြသော သူတို့ ပြန်ပြောသော အကြောင်း

အရာကို နားထောင်ရန် အခွင့်ပေးတော်မူပါဟု ခွင့်တောင်း၍နေပြီးမှ ပထမခရီးသည်က ပြောဆိုလေသတည်း။

## ပထမခရီးသည်အကြောင်း

နားထောင်ပါလော၊ ကျွန်ုပ်သည် ပြည့်ရှင်မင်းကြီး၏ သားတော်တည်း၊ ကျွန်ုပ်၏ ခမည်းတော်မင်းကြီးမှာ ညီတော်တစ်ပါးရှိ၏၊ ထိုညီတော်မှာလည်း ထီးနန်းကိုပိုင်စိုးသော မင်းဖြစ်ချေသည်၊ ကျွန်ုပ်၏ ဘကြီးတော်ဘုရားမှာ သားတော်တစ်ပါး၊ သမီးတော်တစ်ပါး ရှိပါသည်၊ ကျွန်ုပ်သည် တစ်ဆယ့်ခြောက်ရပ်သော အတတ်ပညာတို့ကို တတ်မြောက်လိမ္မာသည်၊ ကျွန်ုပ်၏ ဘကြီးတော်ထံ တစ်နှစ်လျှင် တစ်ကြိမ်သွား၍ တစ်လတန်သည်၊ နှစ်လတန်သည်၊ ပျော်မွေ့သမျှနေခဲ့ပြီးမှ ပြန်ခဲ့ပါသည်။

ယခုနောက်ဆုံးအကြိမ်တွင် ကျွန်ုပ်အား ရှေးယခင်အထက်ကနှင့် မတူ ကျွန်ုပ်၏ ညီတော်သည် အထူးကျွေးမွေးခြင်းတို့ ပြုပြီးသော် ကျွန်ုပ်အား ဤသို့ ပြောပါသည်။ မိမိသည် ကောင်းမွန်သော ပြာသာဒ်တစ်ခု ဆောက်လုပ်သည်မှာ ယခု ပြီးချေပြီ၊ နောင်တော် ကြည့်ရှုလိုသော ဆန္ဒရှိလျှင် လိုက်ခဲ့ပါ၊ သို့ရာတွင် နောင်တော်သည် မည်သူ တစ်ဦး တစ်ယောက်ကိုမျှ ပြောဆိုခြင်း မပြုရန် သစ္စာပြုပါ၊ ကျွန်ုပ် သစ္စာဝိဋ္ဌာန်ပြုပြီးသော် ညီတော်သည် ကျွန်ုပ်အား ခေတ္တစောင့်ဆိုင်းပါဦးပြောပြီး အခြားသောနေရာသို့ သွား၍ အလွန်တရာလှပတင့်တယ် ရှုချင်ဖွယ်ကောင်းသော မိန်းကလေးတစ်ဦးကို ခေါ်ဆောင်ခဲ့သည်။ မည်သူမည်ဝါဟု ကျွန်ုပ်က ပြောဆိုခြင်းမရှိဘဲ ၎င်းမိန်းကလေးအား သုသာန်သို့ ခေါ်သွားပါ၊ သင်္ချိုင်းသို့ ရောက်သော် နောင်တော် စောင့်ဆိုင်း၍ နေပါဟုပြောသည်၊ ကျွန်ုပ်လည်း ၎င်းမိန်းကလေးကို ခေါ်ဆောင်ခဲ့ပြီး သုသာန်သို့သွားသည်၊ သုသာန်၌ အတန်ကြာ စောင့်ဆိုင်းနေစဉ် ညီတော်သည် တူရွင်း၊ ပုဆိုး စသည်တို့ကို ယူဆောင်ကာ နှစ်ယောက်အတူ သင်္ချိုင်းတွင် မြေကြီး၊ ကျောက်ခဲ၊ သလဲတို့ကို တွန်းလှန်လိုက်ပြီး တံခါးကိုဖွင့်လှစ်လိုက်သည်၊ တစ်ဖန် လှေခါးကို တွေ့ပြန်သောအခါ ၎င်းမိန်းကလေးအား အထက်က ပြောခဲ့ဖူးသောနေရာဌာနသည် ဤနေရာဌာနပင်တည်းဟု ပြောပြီး အတူတကွ လက်တွဲ၍ ဝင်သွားကြသည်။

ကျွန်ုပ်က ပြန်ရန်အခွင့်တောင်း၍ ပြန်ခဲ့ရာ နံနက်မိုးသောက် ရောက်လတ်သောအခါ ၎င်းနေရာဌာနကို ပြန်၍လိုက်လံရှာဖွေပါသည်။ သို့သော်လည်း မတွေ့၊ အိပ်မက်မြင်မက် ဘိသကဲ့သို့ ဖြစ်နေခြင်းကြောင့် လေးရက်ပတ်လုံး ရှာဖွေသည်၊ မတွေ့မမြင်မှ ဘကြီးတော်ထံ ပြန်လာခဲ့သည်၊ ဤအကြောင်းကို မည်သူမျှမသိစေရဘဲ ကျွန်ုပ်၏ဝမ်းထဲတွင်ပင် လျှို့ဝှက်ထားပါသည်။ ထိုမှ ပြန်လာသောအခါ ဘကြီးတော်မင်းကြီးသည် တောကစား ထွက်ကြွသွားသည်မှ ပြန်လာသေးသောကြောင့် အမတ်ကြီးများကို နှုတ်ဆက်မှာထားပြီး ပြန်ခဲ့သည်။ ခမည်းတော်၏ တိုင်းပြည်မြို့တံခါးဝသို့ ရောက်လျှင်ပင် တပ် တောင်တာဗိုလ်ထုနှင့်တကွ ဝန်းဝိုင်းပြီးလျှင် ဖမ်းဆီးခြင်းခံရသည်၊ ထိုအခါ မည်သည့်အကြောင်းကြောင့် ဖမ်းဆီးကြသနည်းဟု မေးမြန်းရာ ခမည်းတော် နတ်ရွာစံလွန်၍ အမတ်ကြီးသည် ထီးနန်းကိုသိမ်းမြန်းပြီးလျှင် သင်မင်းသားအား ဖမ်းဆီးကြရမည် အမိန့်ရှိသောကြောင့် ဖမ်းဆီးရပါသည်ဟု ပြောပြီး ၎င်း ရက်စက်ကြမ်းကြုတ်သော ရှင်ဘုရင်ထံ ခေါ်ဆောင်ခဲ့ပါသည်။

၎င်းရှင်ဘုရင်သည် ကျွန်ုပ်အား ရန်ငြိုးဖွဲ့၍ မုန်းတီးနေသည်။ ဤသို့ ရန်ငြိုးဖွဲ့ခြင်း၏ အကြောင်းမှာ ကျွန်ုပ် ငယ်ရွယ်စဉ်အခါက လေးပစ်ခြင်းကို အထူးသဖြင့် ဝါသနာထုံသောကြောင့် တစ်နေ့သ၌ နန်းတော် လေသာပြတင်းဝသို့ တက်ပြီးလျှင် လေးကစားသည်၊ ထိုအခါ ငှက်ကလေး တစ်ကောင်သည် ကျွန်ုပ်ရှေ့သို့ ပျံလာသဖြင့် လေးနှင့်ပစ်လိုက်ရာ ငှက်ကို မမှန်ဘဲ ယခုနန်းထိုင်လျက်ရှိသော အမတ်ကြီး၏ မျက်လုံးကို မှန်သွားပါသည်၊ ကျွန်ုပ်က ကြိမ်ဖန်များစွာ တောင်းပန်ပါသော်လည်း ဝမ်းတွင်း၌ ရန်ငြိုးဖွဲ့၍ စုထားသည်၊ ယခု ကျွန်ုပ် ခမည်းတော်၏ ထီးနန်းစည်းစိမ်ကို ရသောအခါ ကျွန်ုပ်အား ဖမ်းဆီးခေါ်ဆောင်၍ သူ၏ရှေ့သို့ ရောက်လျှင် ဒေါသပြင်းပြစွာဖြင့် ထလာပြီး သူ၏ လက်နှင့်ပင် ကျွန်ုပ်၏ မျက်လုံးတစ်ဖက်ကို ထိုးဖောက်သည်၊ ဤသို့ ထိုးဖောက်ပြီးနောက် သုသာန်တစပြင်သို့ ထုတ်၍ အရှင်လတ်လတ် လည်ကိုဖြတ်ပြီး လင်းတစာကျွေးရမည်ဟု အမိန့်တော်ထုတ်ပြန်သည်၊ အမတ်ကြီးတို့သည် ကျွန်ုပ်အား လက်ပြန်ကြိုး ချည်နှောင်ပြီး သုသာန်သို့ ခေါ်ဆောင်ခဲ့ကြသည်။ သို့သော် ကျွန်ုပ်အား သနားကြင်နာကြသဖြင့် အသက်ဘေးမှ ချမ်းသာပေးကြသည်၊ ကျွန်ုပ်၏ အဝတ်အစားတို့ကို ယူဆောင်သွားပြီး ဈေး၌ရှိသော သားငါးတို့၏သွေးတို့ဖြင့် သုတ်လိမ်း၍ ရှင်ဘုရင်ထံ၌ သတ်ခဲ့ပြီးပါပြီဟု သံတော်ဦးတင်ကြလေ၏။ ကျွန်ုပ်ကိုလည်း ဤတိုင်းပြည်မှာ

မနေလင့်၊ အခြားသော တိုင်းပြည်နိုင်ငံသို့ ထွက်သွားလေဟု အမတ်ကြီးများက သနားသဖြင့် လွှတ်လိုက်ပါသည်။

ကျွန်ုပ်သည် နေ့အခါ၌ မသွားမလာဝံ့၍ ပုန်းလျှိုးပြီးလျှင် ညအခါ၌သာ သွားလာဝံ့သောကြောင့် ရက်အတန်ကြာမှ ဘကြီးတော်၏တိုင်းပြည်သို့ ဆိုက်ရောက်၍ ဘကြီးတော်ထံ ဝင်ရောက်သည်၊ ဘကြီးတော်လည်း ကျွန်ုပ်ကိုမြင်လျှင်ပင် အလွန်တရာ ဝမ်းနည်းခြင်း ဖြစ်တော်မူလျက် မိန့်ဆိုသည်မှာ သြော်... ငါသည် သားတော်ပျောက်ဆုံးရုံမျှမကသေး၊ တူတော်သည် မျက်နှာမသာ ညှိုးငယ်စွာနှင့် လာသည်မှာ မည်သည့်အကြောင်းနည်းဟု မေးတော်မူပါသည်။ ကျွန်ုပ်လည်း ခမည်းတော်နတ်ရွာစံ၍ အမတ်ကြီး ထီးနန်းစိုးစံကြောင်း နှင့်တကွ လျှောက်တင်ပါသည်။

## အုတ်ဂူကို ရှာဖွေကြသော်

ဘကြီးတော်က ငါအလွန်တရာချစ်ခင်သော နောင်တော်လည်း နတ်ရွာစံလွန်တော်မူချေပြီ။ ယခုတစ်ဖန် ထီးနှင့်ခြေနင်းများလည်းမပါ၊ အလွန်တရာ ငြိုငြင်ပင်ပန်းဆင်းရဲစွာဖြင့် မြေးတော် ရောက်လာချေသည်ဟု ပြောလျက် ဘကြီးတော်သည် နလုံးမသာမယာ စိတ်ဆင်းရဲခြင်း ပြင်းစွာဖြစ်တော်မူပါ၏။ ထိုအခါ ဘကြီးတော်မင်းမြတ်၏ ပူဆွေးဒုက္ခ ရောက်တော်မူခြင်းကို သနားသဖြင့် ကျွန်ုပ် သစ္စာကတိရှိသော်လည်း မလျှောက်မတင်ဘဲ မနေနိုင်၍ ညီတော်၏ အကြောင်းကို ပြန်ကြားလျှောက်တင်ရာ၊ ဘကြီးတော်က ယခုပင် အုတ်ဂူပြာသာဒ် ရှိရာသို့သွား၍ လိုက်လံရှာဖွေအံ့ဟု ပြောလျက် ကျွန်ုပ်နှင့် ဘကြီးတော် မင်းကြီးသည် သင်္ချိုင်းသို့ လာခဲ့ကြပါသည်။ ကံအားလျော်စွာ ၎င်းအုတ်ဂူပြာသာဒ်၏ တံခါးကိုတွေ့ရှိသဖြင့် အတင်းအကြပ်ဖွင့်လှစ်ကြသည်၊ ပွင့်လေလျှင် ဘကြီးတော်သည် ရှေ့က ဆင်း၍ ကျွန်ုပ်က နောက်မှအတူ လိုက်ပါသွားပါသည်။ လှေကားထစ်ပေါင်း ငါးဆယ်လောက် ကျရောက်သောအခါ အခန်းကြီးတစ်ခုကို တွေ့၏။ ၎င်းအခန်းမှတစ်ဖန် သွားလေပြန်သော် များပြားစွာသော မီးအိမ်မီးရောင်တို့ဖြင့် တပြောင်ပြောင် တလက်လက် ရှိသော အခန်းကြီးတစ်ခုသို့ ရောက်ပြန်သည်။ ဘကြီးတော်မင်းကြီးသည် ဘုံဆောင် တစ်ခုပေါ်သို့ တက်၍ ကြည့်ရှုသောအခါ သားတော်သည် မီးသင့်လောင်ပြီး မီးသွေးပကတိ ဖြစ်နေသည်ကိုမြင်၍ အလွန်တရာပူဆွေး ဒုက္ခရောက်ပြီး ပြန်လာခဲ့ကြပါသည်။

ထိုအခါမှ အထက်ကတွေ့သောမိန်းမသည် စုန်းကဝေဖြစ်ကြောင်းကို သိကြသည်၊ ကျွန်ုပ်နှင့် ဘကြီးတော်မင်းကြီး ပြန်လည်ခဲ့ကြ၍ နန်းတော်သို့ရောက်လျှင် ခမည်းတော်၏ ထီးနန်းကိုယူကာ ကျွန်ုပ်၏စက္ခု အလင်းမရဖြစ်အောင် ပြုလုပ်သော အမတ်ကြီးသည် ဘကြီးတော်ကို တိုက်ခိုက် ဖမ်းဆီးလုပ်ကြံအံ့သောငှာ၊ တိုက်စည်တိုက်မောင်းတို့ကို တီးမှုတ် ကြွေးကြော်လျက် စစ်သည်တို့နှင့် ဝိုင်းဝန်း၍ ဘကြီးတော်အား ဖမ်းဆီးပြီးလျှင် တိုင်းပြည် နိုင်ငံကို သိမ်းယူသည်၊ ထိုအခါ ကျွန်ုပ်လည်း ကျွန်ုပ်ကို တွေ့မြင်လျှင် သိမည်စိုးရွံ့ခြင်းကြောင့် မူလရုပ်ရည်သဏ္ဍာန် ပျက်ယွင်းစေခြင်းငှာ ဆံကို လည်းကောင်း၊ မုတ်ဆိတ်ကို လည်းကောင်း၊ မျက်ခုံးမွေးတို့ကို လည်းကောင်း ရိတ်ဖြတ်၍ တစ်တိုင်းတစ်ပြည်သို့ ထွက်လာပါသည်၊ နောက်ဆုံးနေ့၌ ကျွန်ုပ်သည် ဤတိုင်းပြည့်ရှင် ဘုရင်မင်းကြီးသည် ပေးကမ်းလှူဒါန်း စွန့်ကြဲခြင်း၌ ရက်ရောတော်မူသည်ဟု သတင်းစကား ကြားသိ၍ လာခဲ့ပါသည်။

မြို့သို့ ဆိုက်ရောက်သောအခါ အသိမိတ်ဆွေများကို ကြည့်ရှုမျှော်လင့်နေစဉ် ခရီးသွား ဧည့်သည်တစ်ယောက် ရောက်လာသဖြင့် တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်ကြပါသည်၊ ထို့နောက် တစ်ဖန် တစ်ယောက်သော ခရီးသွား ရောက်လာပြန်ရာ ကျွန်ုပ်တို့ သုံးဦးသည် အပြန်အလှန် မေးမြန်းကြပြီးနောက် ညီအစ်ကိုအရင်းကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် မခွဲမခွာနေကြရန် ကတိသစ္စာထားခဲ့ကြပါသည်။ ကုသိုလ်ကံအားလျော်စွာ ဤအိမ်တံခါးဝသို့ ဆိုက်ရောက်ကြ၍ ယခု တည်းခိုခွင့်ရသဖြင့် ကျေးဇူးတင်၍ မကုန်နိုင်အောင်ရှိပါသည်၊ ယခု ကျွန်ုပ်၏ အကြောင်းခြင်းရာကို သိစေလို၍ ပြန်ကြား ပြောဆိုရပါသည်၊ စက္ခုအလင်း မရသည်မှာလည်း ထိုအတွက်ကြောင့်ပင်တည်း၊ ဆံ မုတ်ဆိတ်မျက်ခုံး စသည်တို့ကို ရိတ်ဖြတ်ပယ်ရှားရသည်မှာလည်း ထိုအတွက်ကြောင့်ပင်တည်းဟု ပြောကြားလေ၏။

ထိုအခါ ဇိုဘီဒီလည်း ကောင်းပါပြီ၊ သင်အလိုဆန္ဒရှိရာသို့ ကြွသွားတော်မူပါတော့ဟု ခွင့်ပေးလေသည်။ သို့သော် ကျန်သောမိတ်ဆွေနှစ်ယောက်တို့၏ အကြောင်းကို နားထောင်ရန် ခေတ္တခွင့်တောင်းသဖြင့် ဇိုဘီဒီက ခွင့်ပေးလေ၏။

ထိုပထမခရီးသွား ပြောကြားသောအကြောင်းကို ကြားရသော် လူအများတို့ အံ့သြ ကြလေ၏။ ကာလစ်ဖုဟာရွန်ရာစချစ် မင်းကြီးလည်း အမတ်ကြီးအား ငါသည် ရှင်ဘုရင်အဖြစ် နန်းစံရှည်ကြာသော်လည်း ဤအကြောင်းကဲ့သို့ မကြားဖူးလေစွတကားဟု မိန့်တော်မူလေ၏။

# ဒုတိယခရီးသည်အကြောင်း

ဒုတိယခရီးသည်က ဤသို့ပြောဆိုသည်။ ကျွန်ုပ်သည်လည်း ပြည့်ရှင်မင်းကြီး၏ သားတော်တည်း၊ ကျွန်ုပ်သည် ငယ်ရွယ်စဉ်အခါကပင် တစ်ဆယ့်ရှစ်ပါးသော အဋ္ဌာရသ အတတ်မျိုးကို အလုံးစုံအကြွင်းအကျန်မရှိ တတ်မြောက်လိမ္မာခြင်းကြောင့် အတိုင်းတိုင်း အပြည်ပြည်တို့သို့တိုင် ကျော်စောပါသည်။

ထိုအခါ အိန္ဒာရအမည်ရှိသော တိုင်းပြည်က ပြည့်ရှင်မင်းကြီးသည် ကျွန်ုပ်၏ သတင်းကို ကြားသိရသည်ဖြစ်၍ ကျွန်ုပ်၏ ခမည်းတော်မင်းကြီးထံ ကောင်းမွန်ထူးဆန်းသော လက်ဆောင်ပဏ္ဏာတို့နှင့် သံတမန်များကို စေလွှတ်ပြီးလျှင် အရှင်မင်းမြတ်၊ အရှင်မင်းမြတ်၏ သားတော်သည် တစ်ဆယ့်ရှစ်ပါးသော အတတ်တို့ကို တတ်မြောက်လိမ္မာသည်ဟု ကြားသိရပါသည်။ ထူးဆန်းခက်ခဲသော အမေးပုစ္ဆာပြဿနာများကို ကောင်းစွာ ဖြေဆိုနိုင်သည်ဟုလည်း ကြားသိရသဖြင့် အိန္ဒာရပြည်ကို စိုးပိုင်တော်မူသော ပြည့်ရှင်မင်းကြီးက အရှင်မင်းမြတ်၏ သားတော်ကို တွေ့မြင်တော်မူလို၍ အပျော်အပါးပွဲတော်တည်ရန် ကြွရောက်စေလိုပါသည်ဟု တင်လျှောက်ကြလေ၏။ ကျွန်ုပ်လည်း နောက်လိုက်နောက်ပါများပြားစွာ မခေါ်ခဲ့ဘဲ ခမည်းတော်၏ အမိန့်တော်အရ ၎င်းသံတမန်ကြီးများနှင့်အတူ လာခဲ့ပါသည်။ လမ်းခရီးတွင် တစ်လခန့်ကြာသော် အလွန်ဆိုးသွမ်းသော ဓားပြတို့က လူငါးဆယ် မြင်းကိုယ်စီဖြင့် လက်နက်ကိရိယာ အစုံတို့ကိုင်ကာ ဝိုင်းဝန်းကြသည်။ ကျွန်ုပ်တို့မှာ မြင်းငါးဆယ်၊ လူဆယ်ယောက်မျှသာဖြစ်၍ ခုခံတိုက်ခိုက်ခြင်းငှာ မစွမ်းနိုင်သောကြောင့် အိန္ဒာရပြည်ကို စိုးပိုင်တော်မူသော ပြည့်ရှင်မင်းကြီး၏ သံတမန်ဖြစ်ကြောင်းကို ပြောဆိုလျှင် ကြောက်ရွံ့ခန့်ညား ရှိသေလိမ့်မည်ဟု သဘောရရှိသည့်အတိုင်း ငါတို့သည် အိန္ဒာရပြည်ကို အစိုးရတော်မူသော ပြည့်ရှင်မင်းကြီး၏ သံတမန်ကြီးများဖြစ်ကြောင်း ပြောဆိုသည်။

ဓားပြလူဆိုးတို့က ငါတို့ကား သင်တို့မင်းကြီး၏ လက်အောက်ခံကျေးဇူးခံ ကျေးဇူးစား များမဟုတ်ဟု ပြောဆိုပြီးလျှင် အတင်းဝိုင်းဝန်း တိုက်ခိုက်ကြသည်။ ကျွန်ုပ်သည် အသက်ဘေးမှ ချမ်းသာရအောင် တိမ်းရှောင်ထွက်ပြေးလာစဉ် ကျွန်ုပ်စီးသောမြင်း သေသွားသဖြင့် လက်လွတ် ထွက်ပြေးလာခဲ့ပါသည်၊ ကျောက်ဂူတစ်ခုသို့ ရောက်သော် အတွင်းသို့ဝင်၍ ပါလာသော သစ်သီးတို့ကို စားသောက်ပြီး တစ်နေ့နှင့်တစ်ည ပုန်းလျှိုးနေထိုင်ရပါသည်။

အသွယ်သွယ်သော မြစ်ကြီးမြစ်ငယ်တို့ မြို့ကိုဝိုင်းရံလျက် အဖုံဖုံသော လမ်းကြီး လမ်းငယ်၊ အမျိုးမျိုးသော ကုန်သည်သူဌေး သူကြွယ်၊ အေးချမ်းနစိုသော ပင်စည်ပင်ပျို အကိုင်းအခက်အရွက်တို့၏ အရိပ်အာဝါသ မွှေးကြိုင်ပျံ့သင်း မင်းလမ်းမတစ်လျှောက်၌ နေပြောက်မျှ မထိုးခြင်း၊ ထိုမှတစ်ပါး အစုံစုံသော ဓာတ်စက် ဓာတ်မီးတို့ ညီးညီးပြောင်ပြောင် ဝင်းထိန်လျက်ရှိသော တိုက်ကြီးတိုက်ငယ်တို့မှာလည်း ဝါတစ်ဖုံ၊ နီတခြား၊ သိကြားမင်းဗိမာန် ဘုံနန်းသို့ အထွေထွေတင့်ဆန်းလျက် ရှိသည်မှာ တမျိုး၊ ဝိုးဝိုးဝင်းဝင်း၊ စိန်ချင်းရောယှက်၊ ပတ္တမြား ဖက်၍၊ ဝတ်လျက်စားကာ၊ နှစ်ဖြာမယ်မောင်တို့ လှည့်လည်ပတ်ကာ နေကြသည် မှာလည်း တစ်ပုံ၊ မကုန်မခန်း ထူးဆန်းသော ၎င်းမြို့ကိုမြင်၍ ထိုမြို့သို့ ကျွန်ုပ်တို့သည် အစုတ်စုတ် အပြတ်ပြတ်သော အဝတ်အစားတို့ဖြင့် လည်းကောင်း၊ နေမိုးအလွန် ပူပြင်း သောကြောင့် ညှိုးနွမ်းသော မျက်နှာဖြင့်လည်းကောင်း မေးမြန်းစုံစမ်း ထောက်လှမ်းရန် သွားကြပါသည်။

အပ်ချုပ်သမား တစ်ယောက်၏ ဆိုင်သို့ ရောက်သော် မည်သည့် အကြောင်း ကိစ္စကြောင့် လာရောက်သနည်းဟု အပ်ချုပ်သမားက မေးမြန်းသည်။ ကျွန်ုပ်က ဟုတ်မှန်သည့် အတိုင်း အလုံးစုံမချန်မခြွင်းဘဲ ပြန်လင်းပြောဆိုသည်။ အပ်ချုပ်သမားသည် ကျွန်ုပ်အား သင်မင်းသား၊ ဤကဲ့သို့ မပြောမဆိုလင့်၊ ကျွန်ုပ်မှလွဲ၍ အခြားသောသူတို့ကို သိစေရန်မသင့်၊ ယခု ကျွန်ုပ်တို့၏ နေထိုင်သော ပြည့်ရှင်မင်းကြီးသည်ကား သင်မင်းသား၏ ခမည်းတော်နှင့် ရန်သူရန်ဘက်တည်း၊ နောက်ထပ်မံ၍ ဤစကားကို မည်သူ့အားမျှ မပြောပါလင့်၊ ကျွန်ုပ်တို့ ပြည့်ရှင်မင်းကြီး ကြားသိတော်မူလျှင် ရေနစ်သောသူကို ဝါးကူထိုးသည်ဆိုဘိသကဲ့သို့ ဒုက္ခပေးပေါ် ဒုက္ခထပ်ဆင့်ရာ ရောက်ချေမည်၊ မပြောမဆိုပါလင့်ဟု ဆိုဆုံးမသည်။

ထို့နောက် မုန့်ပဲသရေစာတို့ကို ကျွေးမွေး၍ ကျွန်ုပ်ကို သူ့အိမ်သို့ ခေါ်ခဲ့ပြီး အတူပင် နေကြ၏။ ကျွန်ုပ်သည် ခရီးဝေးက ဆင်းရဲစွာနှင့် လာရကြောင်းပြောကာ ကောင်းမွန် ချမ်းသာစွာ ထားသည်။ အပ်ချုပ်သမားသည် ကျွန်ုပ်အား ရေးကုသိုလ် အကျိုးမပေး မကောင်းခြင်းကြောင့် ဖြစ်ရသည်ကို ပူပင်သောက စိတ်ဒုက္ခရောက်၍ နေသော်လည်း အကျိုးရှိမည် မဟုတ်၊ သို့ဖြစ်၍ သင်မင်းသား၌ ချမ်းသာရန် မည်ကဲ့သို့သော အတတ်ပညာများ တတ်မြောက်နေသနည်းဟု မေးသည်၊ ကျွန်ုပ်က တစ်ဆယ့်ရှစ်ပါးသော အဋ္ဌာရသအတတ်၌

အကြွင်းအကျန်မရှိ တတ်ကျွမ်းလိမ္မာသည့်ပြင် စာစီစာကုံး၊ စာရေးစာဖတ်မှုစ၍ အလုံးစုံပင် တတ်မြောက် ကျွမ်းကျင်ကြောင်း အပ်ချုပ်သမားအား ပြန်ပြောခဲ့သည်။

## ထင်းခွေ၍ ရောင်းနိုင်းသဖြင့် ရောင်းနေစဉ်

ထိုအခါ အပ်ချုပ်သမားက သင်မင်းသားသည် ၎င်းအတတ်ပညာများကို တတ်မြောက် သော်လည်း ကျွန်ုပ်တို့တိုင်းပြည်၌ အသုံးမချနိုင်ချေ၊ သို့ဖြစ်၍ အစွန်းအမြတ် ရလေအောင် ၎င်းပုဆိန်နှင့် ကြိုးကိုသွားယူပြီး တောတွင်ရှိသော ထင်းများကိုခွေ၍ ဈေးတွင် ရောင်းချ ပါလောဟု စေခိုင်းသည်၊ ကျွန်ုပ်လည်း ထင်းကိုခွေစည်း၍ ရောင်းချနေသော် တစ်နှစ်ခန့် လောက်ကြာသောနေ့၌ ထင်းအလို့ငှာ သစ်ပင်ကို ဖြတ်လိုက်ရာ ၎င်းသစ်ပင်အနားတွင် သံကွင်းတစ်ခုကို တွေ့မြင်ရသည်၊ ထိုအခါ သံကွင်းကို ဖုံးအုပ်လျှက်ရှိသော ကျောက်ခဲ သလဲတို့ ကိုဖယ်၍ ၎င်းသံကွင်းကို ဆွဲမလိုက်ရာ ဆင်းသောလှေကားကို တွေ့ခြင်းကြောင့် ဆင်း၍သွားလတ်သော် အလွန်ထူးဆန်း လှပတင့်တယ်သော အခန်းတစ်ခုကို တွေ့ပြန်သည်။ အစဉ်တစိုက် ကြည့်ရှုပြီး တစ်ဖန်ဝင်၍ သွားပြန်သောအခါ ကောင်းခြင်းငါးဖြာ လက္ခဏာ ကြန်အင်နှင့် ပြည့်စုံသော မိန်းမတစ်ယောက်ကို တွေ့သဖြင့် ကျွန်ုပ်က ၎င်းမိန်းမငယ်အား အရေ၏ ကောင်းခြင်း၊ အသား၏ ကောင်းခြင်း၊ ဆံ၏ ကောင်းခြင်း၊ အရွယ်၏ ကောင်းခြင်း၊ အရိုး၏ ကောင်းခြင်းတို့ကို ကြည့်ရှုနေစဉ် ၎င်းမိန်းမငယ်သည် ကျွန်ုပ်အား သင်ကား လူလော၊ နတ်လောဟုမေးမြန်းသည်။

## ကျွန်ုပ်ကား မင်း၏သမီးတော်တည်း

ကျွန်ုပ်က နတ်မဟုတ် လူသားဖြစ်ကြောင်းကို ပြန်ကြားပြောဆိုသော် မိန်းမငယ်က ကျွန်တော်မသည် ဤအရပ်သို့ ရောက်သည်မှာ နှစ်ဆယ့်ငါးနှစ်ရှိပါပြီ၊ သင်မှလွဲ၍ လူဆိုက မည်သူတစ်ဦးတစ်ယောက်ကိုမျှ မမြင်ဖူးပါဟု ပြောသည်၊ ကျွန်ုပ်လည်း အခြားမဟုတ် ရှင်ဘုရင်၏ သားတော်တည်းဟု မိမိအကြောင်းကို အစကမဆုံးတိုင် ပြန်ကြားပြောဆိုသည်။ ထိုအခါ မိန်းမငယ်က ဤဘိုနီကျွန်းကို အစိုးရသော ဘုရင်မင်းကြီး၏ အကြောင်းခြင်းရာကို တစ်စုံတစ်ယောက်သောသူတို့ ပြောဆိုသံမျှ မကြားဖူးသလော၊ ကျွန်ုပ်ကား ဤမင်းကြီး၏ သမီးတော်ပင်တည်း၊ ကျွန်ုပ်ခမည်းတော်သည် အချိန်အရွယ် ရောက်လတ်သောအခါ

တော်သင့်သော မင်းသားတစ်ပါးကို ရှာဖွေရွေးကောက်၍ လက်ထပ်မင်္ဂလာပြုလုပ်ရန် တဲနန်းတော်ကို ဆောက်လုပ်ပြီး ပွဲလမ်းသဘင်တို့ကို ကျင်းပရန် စီမံပြုလုပ်နေသည်။

ထိုသို့စီစဉ်နေစဉ် ကြာကြာဒီ အမည်ရှိ မြေဘုတ်ဘီလူးကြီးက ကျွန်ုပ်အား လာ၍ ဆောင်ကြဉ်းသောအခါ ကျွန်ုပ် မိန်းမောသွားပြီးနောက် သတိရ၍ ကြည့်ရှုလေသော် ဤနေရာ ရောက်၍ နေပါသည်။ ထိုအခါကစ၍ နှစ်ဆယ့်ငါးနှစ် ရှိပါပြီ၊ ထို့ပြင် ၎င်းမြေဘုတ်ဘီလူးသည် သူ့ကို ချစ်ခင်စုံမက်ရမည်ဟု ဆယ်ရက်လျှင် တစ်ကြိမ်တစ်ကြိမ်လာ၍ နားချခြင်း၊ နားသွင်းခြင်းကို ပြုပါသည်၊ ၎င်းဆယ်ရက်အတွင်းမှာ ကိစ္စတစ်စုံတစ်ခုရှိပြန်က ကျွန်ုပ်၏ အပါး၌ရှိသော မှန်ကိုလှုပ်လိုက်လျှင် တစ်မုဟုတ်ခြင်းဖြင့် ရောက်လာပါသည်။ ယခု ဘီလူးကြီး ပြန်သွားသည်မှာလည်း လေးရက်မျှသာရှိသေးသောကြောင့် နောက်ခြောက်ရက်ရှိမှ လာမည်ဖြစ်၍ ကျွန်ုပ်နှင့်အတူ ဘီလူးကြီးမလာခင် နေထိုင်လိုသော ဆန္ဒရှိက နေထိုင်ပါဟု ပြောသည်။

ကျွန်ုပ်လည်း ၎င်းမင်းသမီးအား ကောင်းပြီ၊ ပူပင်သောက မရှိပါလင့်၊ ဘီလူး၏ ရန်ဆိုသည်မှာ အလွန်သေးငယ်သော တိရစ္ဆာန် ဘီလုံးငှက်ငယ်မျှသာ ဖြစ်၍ ပမာဏမထားပါ၊ ကျွန်ုပ်သည် အဌာရသ တစ်ဆယ့်ရှစ်ပါးသော အတတ်တို့၌ ဒိုးလိုမွှေဘိသကဲ့သို့ မွှေနိုင်ပါသည်။ သင်မင်းသမီးသည် ကျွန်ုပ်အတွက်ကြောင့် လည်းကောင်း၊ သင်မင်းသမီး၏ အတွက်ကြောင့် လည်းကောင်း၊ မည်သည့် အကြောင်းကြောင့်မျှ မြေဘုတ်ဘီလူး၏ ရန်ကို စိုးရိမ်ကြောင့်ကြ သောကဗျာပါရ မရှိပါလင့်ဟု ပြောဆိုလိုက်သည်။

ထိုသို့ နေနေကြစဉ် မင်းသမီးသည် ကျွန်ုပ်အား အိပ်ရာနေရာ အစားအသောက်မှစ၍ အလုံးစုံ ကြည့်ရှုစောင်မသည်၊ တစ်ရက်နှစ်ရက်ကြာသောနေ့၌ သေရည်သေရက်တို့ကို သောက်စားပြီးလျှင် မူးယစ်ခြင်းကြောင့် ကျွန်ုပ်သည် သင်၏ဘီလူးကြီး လာစေတတ်သော မှန်ကို လှုပ်လိုက်အံ့၊ အကယ်၍လာခဲ့မူ ခုခံ၍ ဘီလူး၏ရန်ကို ပယ်ဖျက်အံ့ဟု ကျွန်ုပ်က ပြောသည်။

ထိုအခါ မင်းသမီးသည် မှန်ကိုမကိုင်စေလို၍ အတန်တန်တောင်းပန်သည်၊ သို့သော် ကျွန်ုပ်က မှန်ကိုခြေဖြင့် ကန်လိုက်ရာ မှန်သည်ကျ၍ ကွဲလေ၏။ ထိုအခါ မှန်ကျ၍ ကွဲလျှင်ပင် ငလျင်ပွဲ့တင်လဲဘိသကဲ့သို့ ကြီးမားသော အသံတို့ဖြစ်ပေါ်လာကြသည်၊ တစ်ဘုံတစ်နန်းလုံး ပြိုကွဲအံ့သကဲ့သို့ ယိမ်းယိုင်သွားသည်၊ မင်းသမီးက မှန်ကိုခြေဖြင့် ကျောက်ကန်ခြင်းကြောင့်

မှန်ကျ၍ ကွဲလေပြီ၊ ဘီလူးကြီးလာလတ်သော် သင်၏အသက်ကို အန္တရာယ်ပြုမည် စိုးရိမ်လှပါသည်ဟု ပြောဆိုသည်။

မိမိပိုင်သော ဗိမာန်၏အတွင်းမှာ ဖြစ်သော်လည်း ကျွန်ုပ်သည် မင်းသမီး ပြောသည့်အတိုင်း ပထမ ဆင်းသက်လာခဲ့ရင်း အပေါက်ဝအကွယ်၌ ပုန်းလျှိုးနေထိုင်ဆဲတွင် ဘီလူးကြီးသည် စိတ်ဆိုးမာန်ဆိုး ဒေါသကြီးဖြင့် ရောက်လာသည်၊ ထို့နောက် မင်းသမီးအား မည်သည့်အကြောင်းကြောင့် မှန်ကိုလှုပ်သနည်း၊ မည်သို့သော ကိစ္စရှိသနည်း၊ မည်သည့် အကြောင်းကြောင့် မှန်သည် ကွဲရသနည်း၊ စသည်ဖြင့် စစ်ဆေးမေးမြန်းသည်။

**မင်းသမီးက မာယာဖြင့် ပြန်ပြောပုံ**

မင်းသမီးက ပရိယာယ်မာယာဖြင့် အကျွန်ုပ်သည် ဘီလူးမင်းအား ခေါ်သည်မဟုတ်ပါ၊ ရင်ဘတ်နာသည် ဖြစ်သောကြောင့် ဆေးအလို့ငှာ သေအရက်ကို အနည်းငယ်သောက်ရာ မူးယစ်သဖြင့် လက်နှင့် တိုက်မိုက်မိသောကြောင့် မှန်ကျ၍ ကွဲပါသည်ဟု ပြောသည်၊ သို့သော်လည်း မြေဘုတ်ဘီလူးကြီးသည် မင်းသမီး၏ အနားတွင် ကြိုးနှင့်ပုဆိန် တွေ့ရှိသောကြောင့် သင်သည် ငါ့အား လှည့်စား၍ ပြောချေသည်၊ ယခု သင်၏အနားတွင်ရှိသော ကြိုးနှင့်ပုဆိန်ကား မည်သူဥစ္စာနည်းဟု မေးပြန်သည်၊ မင်းသမီးက မည်သို့ပြန်ပြောလသည်ကို မသိ၊ ကျွန်ုပ်အလွန်ကြောက်ရွံ့ ခြင်းကြောင့် တိမ်းရှောင်ထွက်ပြေးခဲ့သည်။

ထို့နောက် ပထမဝင်ရင်း အပေါက်ကိုပိတ်၍ မြေကြီးကျောက်ခဲ၊ သလဲတို့ဖြင့် ဖုံးအုပ်ပြီးလျှင် ထင်းကိုထမ်းကာ နေထိုင်ခဲ့သော အပ်ချုပ်သမားအိမ်သို့ ပြန်လာသည်။ အပ်ချုပ်သမားလည်း သင်မင်းသားသည် ထင်းခွေသွားသည်မှာ ခါတိုင်းကဲ့သို့မဟုတ်၊ သုံးရက်လေးရက် ကြာမြင့်ခြင်းသည် မည်သည့်အကြောင်းကြောင့် ကြာသနည်းဟုမေးသည်၊ ကျွန်ုပ်က မည်သည့်စကားကိုမျှ ပြန်ကြားပြောဆိုခြင်းမပြုဘဲ အိမ်ခန်းတွင်းသို့ဝင်၍ အိပ်နေသည်၊ ထိုအခါ အပ်ချုပ်သမားက ထပါဦးလော၊ သင်မင်းသားကို တွေ့လိုသောကြောင့် အဖိုးအိုကြီးတစ်ယောက် ကြိုးနှင့်ပုဆိန်ကို ကိုင်၍ သင်မင်းသားအား မေးလာသည်ဟု ပြောသည်။

မြေဘုတ်ဘီလူးကြီးသည် မစောင့်မဆိုင်းဘဲ ကိုယ်တိုင်ပင် အိပ်ခန်းအတွင်းသို့ ဝင်လာကာ ကျွန်ုပ်အား မိန်းမောမေ့လျော့အောင် ပြုလုပ်ပြီး ခါးမှကိုင်၍ ကောင်းကင်သို့ ယူဆောင်ကာ တောင်ထိပ်တစ်ခု၌ချထား၏၊ ထိုအခါ ဘီလူးကြီးသည် ကျွန်ုပ်၏ မိန်းမော

တွေ့ဝေခြင်းကို သတိသညာရစေပြီးသော် ယခု သင့်ကို ငါသည် ခွေးသော် လည်းကောင်း၊ နွားသော် လည်းကောင်း၊ ကျားသော် လည်းကောင်း၊ ခြင်္သေ့သော် လည်းကောင်း၊ ငှက်သော် လည်းကောင်း တစ်ခုခုကို ဖြစ်စေ၍ တိရစ္ဆာန်ဘဝသို့ ပြောင်းလဲအောင်ပြုလုပ်ရက စိတ်ကျေနပ်ပြီဟု ကြိမ်းဆိုသည်၊ ကျွန်ုပ်က ဘီလူးကြီးအား အရှင်ဘီလူးကြီး၊ အကျွန်ုပ်အား ချမ်းသာပေးပါ၊ ချမ်းသာပေးခဲ့ပါမူ ပညာရှိသော လူကြီးလူကောင်းတစ်ယောက်က အိမ်နီးချင်း လူညစ် လူကောက်တစ်ယောက်၏ အပြစ်ကို ချမ်းသာပေးသောအခါ ၎င်းကျေးဇူးရှင်၏ အရေးကိစ္စကို ရွက်ဆောင်ဘိသကဲ့သို့ ရွက်ဆောင်ပါမည်ဟု တောင်းပန်ပြောဆိုသည်။ ဘီလူးကြီးက မည်ကဲ့သို့ အကြောင်းနည်း၊ ငါ့ကို ပြောပါဦးလောဟု ဆို၍ ဤသို့ ပြောဆိုလေသတည်း။

***

## ကောက်ကျစ်သူနှင့် ပညာရှိသူတို့အကြောင်း

ရှေးသောအခါ တစ်ခုသောမြို့၌ ပညာအမြော်အမြင် အလိမ္မာနှင့်ပြည့်စုံသော သူတစ်ယောက် ရှိလေ၏။ ထိုအိမ်၏ အနီး၌လည်း ကောက်ကျစ်ပြီး မကောင်းသော အကျင့်အကြံရှိသူ တစ်ယောက် ရှိလေသည်။ ပညာရှိယောက်ျားသည် ကောက်ကျစ်သူ၏ အနေအထိုင်ကို မနှစ်သက်သောကြောင့် အခြားတစ်ပါးသော အရပ်သို့ပြောင်းသွားလေ၏။ ဤသို့ ပြောင်းသွားငြားသော်လည်း ကောက်ကျစ်သူလုလင်အား ပညာရှိယောက်ျားက အဝတ်အစား စသည်တို့ ပေးကမ်းသည်။ သို့သော် ပညာရှိယောက်ျားကို မကောင်းကြံမြဲ ကြံခြင်းကြောင့် ပညာရှိသည် မြို့တွင်း နန်းတော်အနီး ထပ်ဆင့်ပြောင်းလဲ နေထိုင်လေ၏။ ၎င်းအိမ်အနီး၌ ဥယျာဉ်ဗိမာန်တစ်ခုနှင့် ရေတွင်းပျက်တစ်ခုရှိလေ၏။

ပညာရှိယောက်ျားသည် သူတော်သူမြတ်ရသေ့ရဟန်းတို့ကဲ့သို့ ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်၍ နေသည်ဟု ကြားသိကြသော လူအပေါင်းတို့သည် ပညာရှိယောက်ျား၏ ဟောပြောဆုံးမစကားကို ကြားနာလိုခြင်း၊ ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာတို့ ကပ်ရောက်ခဲ့လျှင် ထိုပညာရှိယောက်ျားက မန်းမှုတ်ကုသလျှင် ပျောက်ကင်း ချမ်းသာခြင်း

တို့ကြောင့် သူ့ထံလာသူ လူသူပရိသတ်တို့အလွန်ပင် ပေါများလေ၏။ ဤသို့ သွားလာဝင်ထွက်သူတို့ ပေါများခြင်းကြောင့် ပညာရှိသည် တိုင်းလုံးသိပြည်လုံးကျော်ဖြစ်လေ၏။

အိမ်နီးချင်းဖြစ်ခဲ့ဖူးသော ကောက်ကျစ်သူ လုလင်သည် ပညာရှိယောက်ျား အကြောင်းကို ကြားသိလတ်လျှင် မကောင်းကြံလို၍ ပညာရှိ ယောက်ျားထံသို့ သွားသည်၊ ပညာရှိ ယောက်ျားလည်း မကောင်းသော သူတကားဟု သိလျက်ပင် ကောင်းမွန်စွာ ကျွေးမွေးဧည့်ခံသည်။ ထိုအခါ ကောက်ကျစ်သောလုလင်လည်း ပညာရှိယောက်ျားအား ယခု ကျွန်ုပ်လာရောက်သည်ကား လျှို့ဝှက်အပ်သော စကားကို ပြောရန်ရှိ၍ လာခြင်းဖြစ်ပါသည်၊ သင်၏တပည့်သားမြေးတို့ အိပ်ပျော်သောအခါမှ ပြောဆိုပါမည်ဟု ပြောဆိုသည်။ ညဉ့်အခါ တပည့်သားမြေးတို့ အိပ်ပျော်သော် ကောက်ကျစ်သော လုလင်သည် ပညာရှိယောက်ျားကို ဥယျာဉ်အတွင်းသို့ ခေါ်ခဲ့ကာ လမ်းလျှောက်သည်။ ထိုသို့ လမ်းလျှောက်နေစဉ် ရေတွင်းပျက်အနီးသို့ ရောက်သည်နှင့်တစ်ပြိုင်နက် တွန်းချပြီး ထွက်ပြေးလေ၏။

## ရတနာသုံးပါးကြည်ညိုသူဖြစ်၍နတ်တို့ကပွေ့ထားပုံ

ပညာရှိယောက်ျားသည် ရေတွင်းပျက်ထဲသို့ ကျသော်လည်း ဘုရား၊ တရား၊ သံဃာကို အလွန်ကြည်ညို လေးမြတ်သော သူဖြစ်၍ နတ်များက လက်ဖြင့်ဖမ်းယူ၍ မနာမကျင်စေခြင်းငှာ ပွေ့ပိုက်ထားကြလေ၏။ ထိုအခါ ပညာရှိယောက်ျားသည် လူသူကို လည်းကောင်း၊ နတ်များကိုလည်းကောင်း မမြင်ရသော်လည်း နတ်တို့အချင်းချင်း ပြောဆိုသောအသံကို ကြားရလေ၏။ ပထမအသံကား ယခု ငါတို့ ကယ်ဆယ်သောသူ၏ အကြောင်းကို သင်မသိပါလောဟု တစ်ဦးသောနတ်က မေးလေ၏။ ထိုအခါ တစ်ဦးသောနတ်က မသိပါဟု ပြောသည်။ ကောင်းပြီ၊ သင်မသိက ငါပြောအံ့၊ ၎င်းသူသည် ကမ္ဘာပေါ်၌ ထင်ရှားကျော်စောသောသူတည်း၊ ၎င်းပြင် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို ကြည်ညိုလေးမြတ်ပြီး တရားသဖြင့် နေထိုင်သောသူလည်း ဖြစ်သည်။ အလွန်မိုက်မဲတွေဝေ ဝန်တိုမစ္ဆရိယရှိသော အိမ်နီးချင်း တစ်ယောက်က သူ့ကို မကောင်းကြံစည် ပြုလုပ်သော်လည်း အာဃာတပြု၍ ရန်တုံ့မမူဘဲ ဤနေရာဌာနသို့ ပြောင်းရွှေ့၍ လာခဲ့လေသည်။ နံနက်မိုးသောက်သောအခါ ပြည့်ရှင်မင်းကြီး၏ သမီးတော်သည်လည်း ၎င်းပညာရှိ ယောက်ျားအား ဖူးမြော်ကန်တော့ရန် လာရောက်လိမ့်မည်ဟု ပြောလေ၏။

## ပြည့်ရှင်မင်း၏သမီးတော်ရောဂါကုပေးခြင်း

ထိုအခါ တစ်ဦးသောနတ်သားက ပြည့်ရှင်မင်းကြီး သမီးတော်ဖြစ်လျက် မည်သည့်အကြောင်းကြောင့် ဤသူအား ဖူးမြော် ကန်တော့စေမည်နည်းဟုမေး၏။ ၎င်းမင်းသမီး၌ စုန်းပယောဂတို့ ကပ်ယှဉ် နှောင့်ယှက်ခြင်းကြောင့် မည်သူတစ်ဦး တစ်ယောက်မျှ ကုသခြင်းငှာ မစွမ်းနိုင်၊ သို့ဖြစ်၍ ပညာရှိယောကျ်ားအား ကုသစေရန် လာရောက်ခြင်းဖြစ်သည်။ ကုသသည့်နည်းလမ်းမှာ ပညာရှိယောကျ်ား၏အိမ်၌ ကြောင်နက်တစ်ကောင်ရှိသည်။ ကြောင်နက်၏ အမြီးဖျား၌ မူးစေ့၊ ပဲစေ့ခန့်မျှ ထွက်နေသော အဖြူကွက်ရှိ၏။ ထိုအဖြူကွက်အတွင်းက အမွေးခုနစ်ပင်ကို နုတ်ယူပြီး ၎င်းအမွေးကို မီးရှို့၍ မင်းသမီးအား မှိုင်းခံစေသော် ပျောက်ကင်းချမ်းသာလိမ့်မည်၊ နောက်ကိုလည်း စုန်းပယောဂတို့ ပူးကပ်နိုင်တော့မည်မဟုတ်ဟု ပြောဆိုလေ၏။

ပညာရှိယောကျ်ားသည် နတ်တို့ပြောသံကို မှတ်သားပြီးသော် နံနက်မိုးလင်းသောအခါ အုတ်ခဲ အကျိုးအပဲတို့ကို ဆင့်လျက် အထက်သို့ တက်သည်။ သူ၏ အိမ်၌လည်း ကောင်းမွန်စွာ ခင်းကျင်းထားသည်။ နတ်သားတို့ ပြောဆိုကြသော စကားအတိုင်း အကယ်၍ အကြောင်းကိစ္စ တစ်စုံတစ်ခုရှိက ရစေခြင်းငှာ ကြောင်နက်၏ အမြီး၌ရှိသော အဖြူကွက်နေရာမှ အမွေးခုနစ်ပင်ကို နုတ်ယူထားလေ၏။

နံနက်မိုးသောက်၍ ရောင်ခြည်တစ်ထောင် ဆောင်လျက် နေမင်းထွက်လာလျှင် မင်းကြီးလည်း ပညာရှိယောကျ်ားထံ သွားတော်မူရန် ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့အား အခါရွေးချယ်ကာ ဘိသိတ် သွန်းမြောက်စေသည်။ ထို့နောက် အောင်လံကိုပါ စိုက်ထူပြီးလျှင် ခြေသည်တော်တပ်သား တောင်လက်ရွေးငါးရာ၊ မြောက်လက်ရွေး ငါးရာ၊ တောင်ထားဝယ် ငါးရာ၊ မြောက်ထားဝယ် ငါးရာ၊ မြင်းသူရဲ ငါးရာ၊ ဆင်သည်သူရဲ ငါးရာ၊ ရှေ့ဝင်းငါးရာ၊ နောက်ဝင်း ငါးရာတို့ကို စီမံခင်းကျင်းသည်၊ ဝေါကြီးမှူးကလည်း ဝေါယာဉ်အစုံစုံတို့ကို စီစဉ်စေပြန်သည်။ ကက္ကဋ္ဋ တည်းဟူသော ဝေါရတနာထက်ဝယ် သိကြားမင်း၏ဖိဖုရား သုဇာတာ၊ သုမာလာ၊ သုစိတ္တာ၊ သုနန္ဒာတို့တမျှ လှပတင့်တယ်၍ ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံသော သတို့သမီး လေးယောက်တို့ကို နှစ်ယောက်ကားရှေ့၊ နှစ်ယောက်ကား နောက်၌ မဟာလတာ တန်ဆာကို ဆင်ယင်စေလျက် ဇော်သားမြီးယပ်ကို ကိုယ်စီကိုင်လျက် နေစေသည်၊

ဝေါတော်ပေါ်တွင် ပြည့်ရှင်မင်းကြီး စံပယ်တော်မူသည်၊ သမီးတော်ကိုလည်း ယာဉ်ရတနာနှင့် နောက်တော်က အတူတကွ လိုက်ပါစေသည်၊ ပတ်သာ၊ ဒုံမင်း၊ ခွက်ခွင်းခရာအစရှိသော မင်္ဂလာအောင်စည် အောင်မောင်းတို့ကို တီးမှုတ်ဆော်ယွန်းစေကာ အခြွေအရံတို့နှင့်တကွ မင်းကြီးသည် ပညာရှိယောက်ျားထံသို့ ထွက်တော်မူသည်။

ပညာရှိယောက်ျားထံ ရောက်သောအခါ မင်းကြီးသည် ပညာရှိယောက်ျားအား ယခု ငါတို့လာသည်ကို သင်မသိပါလောဟု မေးသည်၊ ပညာရှိယောက်ျားကလည်း အရှင်မင်းကြီး သိပါ၏၊ အရှင်မင်းကြီး၏ သမီးတော် စုန်းနတ်တို့ ဖမ်းစားခြင်းကြောင့် ပျောက်ကင်း ချမ်းသာ စေလို၍ ကြွရောက်တော်မူသည် မဟုတ်ပါလောဟု လျှောက်ထားလေ၏။

## ကြောင်မွေးခုနစ်ပင်ဖြင့် မှိုင်းခံစေရာ

မင်းကြီးက ဟုတ်ပေ၏။ ကုသပါလော၊ နောင်ပျောက်ကင်းခဲ့ပါမူ သင့်အား အထူး ကျေးဇူး ဆပ်ပါအံ့။ အထူးသော စည်းစိမ်ချမ်းသာကို ခံစားစံစားပါစေအံ့ဟု ဆိုလေ၏။ ပညာရှိ ယောက်ျားလည်း ကောင်းပါပြီ ပျောက်ကင်းပါစေအံ့၊ အရှင်မင်းကြီး၏ သမီးတော်ကို ခေါ်တော် မူခဲ့ပါဟု လျှောက်တင်သဖြင့် မင်းကြီးက အထိန်းတော် အချီတော်တို့နှင့် ပညာရှိယောက်ျား၏ အပါးသို့ သမီးတော်ကို ဝင်ရောက်စေ၏။ ထိုအခါ ပညာရှိယောက်ျားလည်း ယူ၍ထားသော ကြောင်မွေးခုနစ်ပင်ဖြင့် မင်းသမီးအား မှိုင်းခံစေရာ ပျောက်ကင်းလေ၏။

## ပညာရှိယောက်ျား မင်းဖြစ်ပြီ

ထိုအခါ မင်းသမီး သတိရ၍ ယခု ကျွန်ုပ်မည်သည့်အရပ်သို့ ရောက်လာသနည်း၊ မည်သူ ဤအရပ်သို့ ဆောင်ကြဉ်းခဲ့ကြသနည်းဟု မေးလေ၏ ခမည်းတော်မင်းကြီးက အကြောင်းစုံကို ပြန်ပြောဆိုကာ ငါ၏သမီးတော်ကား ပျောက်ကင်းပေပြီဟု ဝမ်းမြောက် ဝမ်းသာ ဖြစ်တော်မူလေ၏။ ထိုပညာရှိယောက်ျားကိုလည်း သမီးတော်နှင့် ထိမ်းမြားလက်ထပ် မင်္ဂလာပြုတော်မူစေလျက် အိမ်ရှေ့မင်းအရာကို ပေးအပ်လေ၏။ အိမ်ရှေ့မင်းအဖြစ်သို့ ရောက်၍ များမကြာမီပင် မင်းကြီး နတ်ရွာစံလွန်တော်မူသောကြောင့် ပညာရှိယောက်ျားသည် ထီးနန်းကို သိမ်းပိုက်စိုးစံရလေ၏။

ကေရာဇ်မင်းမြတ် အဖြစ်သို့ ရောက်ပြီးသော် တစ်နေ့တွင် မင်းကြီးသည် တပ်တောင်တာမိုလ်ထုကို ခင်းကျင်းပြီး မြို့တော်ကို လှည့်လည်ကြည့်ရှုရာ ယခင်က မကောင်းကြံဖူးသော အိမ်နီးချင်း သူယုတ်မာအား မြင်တော်မူလေ၏။ ထိုအခါ အပါးတော်တွင်ရှိသော အမတ်ကြီးအား ၎င်းလူကိုခေါ်ပါ၊ ငါ့ထံသို့ အကြောက်အရွံ့မရှိ ဝင်စေရမည်ဟု အမိန့်တော်ရှိလေ၏။ အမတ်ကြီးလည်း ထိုသူကိုခေါ်၍ အပါးတော်သို့ရောက်သော် မင်းကြီးက ငါ၏အဆွေ၊ မောင်မင်းကို ငါမြင်တော်မူရသည်မှာ အလွန်ပင် ဝမ်းမြောက်တော်မူလေသည်ဟု အမိန့်တော်ရှိပြီးလျှင် ဆုတော်ငွေ အသပြာတစ်သိန်းနှင့် စိန်ကောင်း၊ ကျောက်ကောင်းတို့ကို အလိုရှိသမျှ ယူစေ၊ ဆင်စီးရေ ငါးဆယ်၊ မြင်းစီးရေ ငါးဆယ်၊ မိန်းမအခြွေအရံငါးရာ၊ ယောကျာ်း အခြွေအရံငါးရာတို့ကိုလည်း ယူစေဟု ပေးသနားတော်မူကာ ကောင်းမွန်စွာ ထားလေ၏။

## ဒုတိယခရီးသည် အကြောင်းအဆက်

ယင်းသို့ ဥပမာနှင့်တကွ မြေဘုတ်ဘီလူးကြီးအား ပြောကြားလျက် အသက်ဘေးရန်ကို ရှာကြံသူဖြစ်လျက် သူတော်သူမြတ်ဖြစ်သော မင်းကြီးသည် ရန်တုံ့မမူဘဲ ဆုလာဘ်များစွာ ပေးကမ်း၍ ထားသည်။ ဤဥပမာကိုထောက်၍ မြေဘုတ်ဘီလူးမင်းလည်း ကျွန်ုပ်အား ချမ်းသာပေးသင့်ပါ၏။ ချမ်းသာပေးတော်မူပါဟု တောင်းပန်လေ၏။ မြေဘုတ်ဘီလူးကြီးသည် ကောင်းပြီ သင့်အား အသက်ဘေးမှ ချမ်းသာစေအံ့ဟုဆို၍ မြေမှုန့်ကိုမန်းပြီး ကျွန်ုပ်၏အပေါ်သို့ ပစ်လွှင့်လိုက်သောအခါ ကျွန်ုပ်သည် တိရစ္ဆာန်မျောက်ဖြစ်လျက် ၎င်းတောင်ပေါ်တွင် ကျန်ရှိရစ်ပါသည်။ ၎င်းတောင်သည်လည်း ကျွန်ုပ်၏ ခမည်းတော်ပိုင်ဆိုင်သော နယ်ပယ်၏ အတွင်း၌ ရှိသော တောင်ပင်တည်း။ ထို့နောက် မြေဘုတ်ဘီလူးကြီးလည်း ကွယ်ပျောက်သွားလေ၏။

ကျွန်ုပ်လည်း ဤတောင်ထက်မှ သက်ဆင်းခဲ့ရာ တစ်လကြာသော် မြစ်ကမ်းပါးယံ တစ်ခုသို့ ဆိုက်ရောက်လာခဲ့သည်။ ခရီးတစ်တိုင်ခန့်လောက်သော အရပ်က သင်္ဘောတစ်စင်း လာသည်ကိုမြင်လျှင် ကျွန်ုပ်သည် သစ်ပင်ထက်သို့တက်၍ ကြီးသော သစ်ကိုင်းတစ်ခုကို ချိုးဖဲ့သည်။ ထို့နောက် ရေသို့ချသည်၊ ၎င်းသစ်တုံးထက်၌ တက်စီးပြီးမှ သစ်ခက်ငယ်နှစ်ခုဖြင့် သင်္ဘောရှိရာသို့သွားပြီးလျှင် အပါးသို့ချဉ်းကပ်လျက် တက်မကိုကိုင်၍ တက်လေသော် သင်္ဘောကုန်းပတ်ပေါ်သို့ ချောမောစွာ ရောက်လေသတည်း။

## မျောက်ဖြစ်နေ၍ စကားမပြောနိုင်သော်လည်း

သင်္ဘောပေါ်၌ပါလာသော ကုန်သည်အပေါင်းတို့လည်း ကျွန်ုပ်ကိုမြင်လျှင်ပင် အချို့က ရိုက်နက်ကြမည်၊ အချို့က ကျောက်ခဲတို့နှင့်ပစ်ခတ်မည်၊ အချို့က ဖမ်းဆီး၍ သတ်ကြမည် ပြုလုပ် ပြင်ဆင်ကြသည်။ ကျွန်ုပ်လည်း ကြောက်ရွံ့ခြင်းကြောင့် ကပ္ပတိန်ရှိရာသို့ အလျင်အမြန် ပြေးသွားကာ ကျွန်ုပ် မျောက်ဖြစ်နေ၍ စကားမပြောနိုင်သော်လည်း ရှိခိုးခြင်း၊ ခြေကို ဦးခေါင်းဖြင့် တိုက်ခိုက်ခြင်းကိုပြုပေးသည်၊ ထိုအခါ ကပ္ပတိန်သည် ကျွန်ုပ်ကို သနားသဖြင့် ကုန်သည်များက မညှဉ်းဆဲ မနှိပ်စက်နိုင်အောင် တားမြစ်၍ ကျွန်ုပ်အား ချမ်းသာစွာနေစေ၏။

သင်္ဘောလည်း အစဉ်သဖြင့် ဆက်၍လွှင့်လတ်သော် ရက်ပေါင်းငါးဆယ်ကြာသောအခါ သူဌေး၊ သူကြွယ်၊ လူသူ၊ ဆင်မြင်း ကျွဲနွားတို့ အလွန်ပေါများ သာယာစည်ပင်သော ဥက္ကဋ္ဌပူရီ မည်သောပြည်သို့ ဆိုက်ရောက်၍ ဤအရပ်တွင်ပင် သင်္ဘောကျောက်ဆူးချလေ၏။

ထိုပြည့်ရှင်မင်းကြီး ထီးနန်းစိုးစံသည့်နေ့မှစ၍ သင်္ဘောများဆိုက်ရောက်သောအခါ ကုန်သည်ကြီးတို့က မည်သည့်ကုန်စည်ပါသည်၊ အမြတ်အစွန်းနည်းသည်၊ များသည် စသည်ဖြင့် မင်းကြီးထံ စာလွှာဆက်သွင်းတင်လျှောက်ကြမြဲ ဖြစ်သည်၊ သို့ဖြစ်၍ သင်္ဘော ဆိုက်ရောက်သည်နှင့်တစ်ပြိုင်နက်တည်း ကုန်သည်အပေါင်းတို့သည် ပြည့်ရှင်မင်းကြီးအား ဆက်သွင်းရန်စာကို အသီးသီးစီကုံးရေးသားခဲ့ကြပြီးသော် ကပ္ပတိန်အား ပြသကြလေ၏။

ထိုအခါ ကျွန်ုပ်သည် ၎င်းစာကိုကြည့်ရှုလိုသော ဆန္ဒရှိ၍ ကပ္ပတိန်၏လက်မှ ယူငင် လိုက်ရာ ကုန်သည်အပေါင်းတို့သည် စာကိုဆုပ်၍သော် လည်းကောင်း၊ ဖြဲ၍သော် လည်းကောင်း ဖျက်ဆီးလိမ့်မည်ဟု ထင်မှတ်ကြသောကြောင့် ကျွန်ုပ်လက်မှ လုယူမည်ပြုရာ ကျွန်ုပ်လည်း ဖျက်ဆီးခြင်းကိုမပြုပါ၊ ၎င်းစာကိုကြည့်၍ ဤစာကဲ့သို့ပင် ကျွန်ုပ်လည်းရေးလို၍ ယူပါသည်ဟူသော လက္ခဏာကိုပြလေသော် စကားဖြင့်ပြောသည်မဟုတ်၍ နားမလည်ကြ သော်လည်း ကပ္ပတိန်သည် ကျွန်ုပ်အား ပညာအမြော်အမြင် ရှိသည်ဟုထင်မှတ်၍ သင်တို့သည် ၎င်းမျောက်၏ လက်မှစာကို မလုမယူကြပါလင့်၊ နောင် သင်တို့စာကို ဆုတ်ဖွဲ့ ဖျက်ဆီး စွန့်ပစ်ခဲ့မူ ငါသည် ၎င်းမျောက်အား အပြစ်ကြီးစွာပေးအံ့၊ ယခုမျောက်သည် ငါ့အိမ်၌ မွေးထားသောမျောက်ထက် လိမ္မာရန်ရှိသည်ဟု ကုန်သည်တို့အား ပြောလေ၏။

## ဘာသာ ၆ မျိုးဖြင့် မျောက်ကစာရေးပြပုံ

ထိုအခါ ကျွန်ုပ်သည် မင်အိုး၊ ကလောင်တံ အစရှိသည်တို့ကိုယူ၍ အလွန်တရာ လှပကောင်းမွန် ပြေပြစ်လေအောင် ဘာသာခြောက်မျိုးဖြင့် ခွဲခြားရေးသားသည်၊ နန်းတော်က အမတ်ကြီး များလည်း ကျွန်ုပ်ရေးသားသောစာကို ကုန်သည်များ၏စာနှင့်အတူ ယူဆောင် သွားပြီး ပြည့်ရှင်မင်းကြီးအား ဆက်သကြလေ၏။

ပြည့်ရှင်မင်းကြီးလည်း အများသောစာတို့အနက်က ကျွန်ုပ်ခြောက်ဘာသာဖြင့် ခွဲခြား၍ ရေးသားလိုက်သောစာကို အလွန်အံ့သြခြင်း ဖြစ်သောကြောင့် အမတ်ကြီးတို့၊ ၎င်းစာကို စီကုံး ရေးသားသောသူအား စစ်ဘုရင်သေနာပတိ၏ အစီးအနင်း အဆောင်အယောင်ကိုပေး၍ ရွှေ့ဝင်းနောက်ဝင်း ခင်းကျင်းပြီး ထမ်းစင်ထက်ဝယ် တက်စီးစေလျက် ငါ့ထံသို့ ခေါ်ခဲ့ကြ ရမည်ဟု မိန့်တော်မူလေ၏။

ထိုအခါ အမတ်ကြီးများလည်း ပြုံးရယ်ပြီးမှ အရှင်မင်းကြီး၊ စစ်သေနာပတိ၏ အစီးအနင်း အဆောင်အယောင်ကိုပေး၍ ထမ်းစင်နှင့် ခေါ်ဆောင်ခဲ့ရမည် ဆိုတော်မူသည်မှာ ၎င်းစာကို ရေးသားသူကား လူမဟုတ်၊ တိရစ္ဆာန်မျောက် ဖြစ်ပါသည်ဟု တင်လျှောက် ကြလေ၏။ အမတ်ကြီးတို့၊ ယခု သံတော်ဦးတင်ကြသည့်အတိုင်း မှန်ခဲ့ပါမူ သာ၍ ထူးဆန်း သောအရာ မဟုတ်ပါလော၊ တိရစ္ဆာန်မျောက်ပင် ဖြစ်ငြားသော်လည်း ပညာနှင့် ပြည့်စုံပေ သောကြောင့် ငါအမိန့်တော်ရှိသည့်အတိုင်း လူကဲ့သို့ပင် ခေါ်ဆောင်ချေရမည်ဟု မိန့်တော် မူလေ၏။

## ငါ့တိုင်းပြည်၌ မျောက်ကဲ့သို့ လိမ္မာသူ မရှိပါတကား

ထိုအခါ အမတ်ကြီးများသည် ကပ္ပတိန်ထံ လာရောက်ကြပြီး မျောက်ကို ဆက်သ ရမည်ဟု ပြည့်ရှင်မင်းကြီး စာချွန်အမိန့်တော် ပါရှိကြောင်း ပြောဆိုပြီး ကျွန်ုပ်အား ဗိုလ်ရှုခံရာ ရာဇပလ္လင်ဥကင်ရွှေ့ဝယ် မှူးမတ်အပေါင်းတို့ အလယ်သို့ ခေါ်ဆောင်ခဲ့ကြသည်။ မင်းကြီး၏ ရှေ့တော်သို့ရောက်လျှင် ကျွန်ုပ်လည်း ဦးသုံးကြိမ်ချ၍ ကန်တော့ပြီးမှ တော်သင့်သော နေရာဝယ် ဝပ်လျက်ခစားသည်။ မင်းကြီးလည်း ကျွန်ုပ်နှင့်သူ၏ သက်တော်စောင့်ဖြစ်သော အမတ်ကို ခေါ်တော်မူခဲ့၍ အဆောင်တော်တွင်းသို့ ဝင်တော်မူခဲ့သည်။ အဆောင်တွင်းသို့ ရောက်လျှင် မင်းကြီး အမိန့်တော်နှင့် ကျွန်ုပ်လည်း ထူးဆန်းအံ့သြလောက်သော

စာတစ်စောင်ကို စီကုံးရေးသား ဆက်သရပြန်သည်။ မင်းကြီးလည်း အလွန်တရာ နှစ်သက် အားရတော်မူသောကြောင့် သြော်... ငါ၏တိုင်းပြည်၌ တိရစ္ဆာန်မျောက်ကဲ့သို့ ပညာအလိမ္မာနှင့် ပြည့်စုံသောသူတစ်ယောက်မျှ မတွေ့ဖူး၊ မမြင်ဖူး၊ မကြားဖူးစွတကားဟု ညည်းတော်မူသည်။

ပြီးမှ တစ်ဖန် မင်းကြီးသည် အချင်းမျောက်၊ စစ်တုရင် ကစားတတ်၏လောဟု မေးတော်မူပြန်ရာ ကစားတတ်ကြောင်းကို ဦးခေါင်းဖြင့်ညိတ်၍ ကျွန်ုပ်တင်လျှောက်လိုက် သည်။ မင်းကြီးက စစ်တုရင်ခုံနှင့် စစ်တုရင်ရုပ်တို့ကို ယူဆောင်ခဲ့စေပြီး ကျွန်ုပ်နှင့် ကစားကြ သည်။ ပထမတစ်ကြိမ်သာ မင်းကြီးကို အနိုင်ပေး၍ ဒုတိယ၊ တတိယ၊ စတုတ္ထ သုံးကြိမ်ကိုကား ကျွန်ုပ်နိုင်လေသောကြောင့် မင်းကြီးလည်း အံ့သြခြင်းမက အံ့သြမဆုံးနိုင်အောင် ရှိတော်မူ လေ၏။

ထိုအခါ မင်းကြီးက ဤမျောက်သည် အလွန်တရာလိမ္မာလှသော မျောက်ဖြစ်၍ ငါ၏သမီးတော်လည်း ပညာအမြော်အမြင် အလိမ္မာနှင့် ပြည့်စုံသော သမီးတော် ဖြစ်သော ကြောင့် ဤမျောက်နှင့် စစ်တုရင်ကစားကြစေရန် ငါ၏အပါးတော်သို့ ခေါ်ခဲ့လော့ဟု မိန့်တော် မူ၏။ အမတ်ကြီးလည်း မင်းသမီးထံသွား၍ ခမည်းတော်မင်းကြီးက အပါးတော်သို့ အခစား ဝင်ရမည် အမိန့်တော်ရှိကြောင်း လျှောက်တင်ပြီး ပြန်ခဲ့လေ၏။

**မျောက်စစ်စစ်မဟုတ်၊ ဧကရာဇ်၏သား**

သမီးတော်က ခမည်းတော်ထံ အခစားလာစဉ် မျောက်ကိုမြင်လျှင် နောက်သို့တုံ့၍ ပြန်မည်ပြုရာ သမီးတော်၊ ယခု ငါ၏အပါးတော်၌ မှူးမတ် သေနာပတိမှစ၍ မျောက်ကလွဲလျှင် မည်သူ တစ်ဦးတစ်ယောက်မျှမရှိဘဲလျက် မည်သည့်အကြောင်းကြောင့် သင်သည် နောက်သို့ တုံ့၍ပြန်မည်ပြုသနည်းဟု မေးတော်မူလေ၏။

ထိုအခါ သမီးတော်က ခမည်းတော်ဘုရား၊ ဤ ယခု ခမည်းတော်ဘုရား၏ အပါးတော် ၌ရှိသော မျောက်သည်ကား မျောက်စစ်စစ်မဟုတ်၊ ဧကရာဇ်မင်းမြတ်၏ သားတော်တည်း၊ ဂါထာမန္တရားတို့ဖြင့် ပြုလုပ်ကြသောကြောင့် တိရစ္ဆာန်မျောက် ဖြစ်နေပါသည်ဟု တင်လျှောက် လေ၏။

ထိုအခါ မင်းကြီးက သမီးတော် တင်လျှောက်သည့်အတိုင်း ဟုတ်မှန်သလောဟု မေးတော်မူသော ကျွန်ုပ်လည်း စကားတုံ့ပြန်၍ မပြောနိုင်ခြင်းကြောင့် ဟုတ်၏ဟူသော

လက္ခဏာကို သိစေလိုသဖြင့် ဦးခေါင်းကို ညိတ်၍ပြသည်။ ထိုအခါ မင်းကြီးသည် သမီးတော်အား ၎င်းမင်းသား မျောက်ဖြစ်ရသည်မှာ ဂါထာမန္တရားဖြင့် ပြုလုပ်ခြင်းကြောင့် ဖြစ်ရသည်ကို မည်သည့်နည်းဖြင့် သင်သိသနည်းဟု မေးတော်မူလေ၏။ သမီးတော်က ခမည်းတော် မင်းမြတ်၊ သမီးတော်သည် ငယ်စဉ်အခါက အထိန်းတော်၊ အချီတော်၊ နို့ထိန်းတော်တို့နှင့် နေရသောအခါ မိန်းမအိုကြီး တစ်ယောက်သည် စုန်းမျိုးရှစ်ပါး၊ အကျယ်ခုနစ်ဆယ့်ခြောက်ပါးကို အလုံးစုံအကြွင်းအကျန်မရှိ သွန်သင်ပြသသောကြောင့် တတ်မြောက်၍ မင်းသားမှန်း သမီးတော် သိနိုင်ပါသည်ဟု တင်လျှောက်လေ၏။

## မျောက်လူပြန်ဖြစ်လာလျှင် သမီးတော်နှင့် ပေးစားမည်

ဤတွင် မင်းကြီးက သမီးတော်သည် ဤကဲ့သို့တတ်မြောက်လိမ္မာကြောင်းကို ယခင်က ငါမကြားမသိရ၊ ယခုမှပင် သိရပေသည်ဟု မိန့်တော်မူပြီး အမိန့်တော်ရှိပြန်သည်မှာ ၎င်းမျောက်လူကို လူအဖြစ်ဖြင့် ရှေးကကဲ့သို့ ပကတိအတိုင်း မင်းသားဖြစ်အောင် သင်တတ်နိုင်ပါ၏လောဟု မေးတော်မူလေ၏။ သမီးတော်က လူ၏ အဖြစ်ကို ပြန်၍ ဖြစ်စေနိုင်ပါ၏ဟု တင်လျှောက်သည်တွင် မင်းကြီးလည်း ကောင်းပြီ၊ သမီးတော်သည် ၎င်းမျောက်လူအား လူဖြစ်အောင် ပြုလုပ်လော၊ ဇာတိပေါ်၍ မင်းသားဖြစ်သောကာလ ဤမင်းသားသည် အလွန်လိမ္မာ တတ်မြောက်သောသူဖြစ်၍ သင်နှင့်ပင် ထိမ်းမြားလက်ထပ်ပေးတော်မူမည်ဟု မိန့်တော်မူ၏။

မင်းသမီးက ခမည်းတော်မင်းကြီး၏ အာဏာတော်ကို ငြင်းဆန်ခြင်း မရှိဘဲ ကောင်းပါပြီဟု ဝန်ခံပြီး မိမိ၏ အဆောင်တော်အတွင်းသို့ ဝင်လေ၏။ ပြီးမှ တံစဉ်တစ်ခုကို လက်၌ကိုင်ပြီး ထွက်လာသည်။ ထို့နောက် ဂါထာမန္တန်တို့ကို မန်းမှုတ်သရဇ္ဈာယ်ကာ စည်းသုံးတန် ဝိုင်းထားပြီး မင်းသမီးက စည်းဝိုင်း၏ အလယ်၌ နေ၏။ ဂါထာမန္တန်တို့ကို စီးဖြန်းရွတ်အံ သရဇ္ဈာယ်လိုက်သောကာလ ညကဲ့သို့ မှောင်အတိ ဖြစ်သွားတော့သည်။ ထိုအခါ မြေဘုတ်ဘီလူးကြီးသည် ခြင်္သေ့သဏ္ဌာန် ဖန်ဆင်း၍ ပေါ်လာလေ၏။ မင်းသမီးက သင်သည် ခြင်္သေ့ကဲ့သို့ ဖန်ဆင်း၍ လာသော်လည်း ငါကြောက်ရွံ့လိမ့်မည် ထင်သလော၊ ငါကြောက်ရွံ့ခြင်း မရှိဟု ပြော၏။

## ခြသေ့်ကို တံစဥ်ဖြင့် ပိုင်းလိုက်ရာ

ခြသေ့်က မင်းသမီး သင်သည် သစ္စာကတိကို သွေဖောက်၍ ပြုမည်လောဟု မေး၏။ မင်းသမီးက ငါသည် မည်သည့်အရာကိုမျှ အလေးမမူဟုပြောလျှင် ခြသေ့်သည် မင်းသမီးအား ကိုက်စားမည်ပြုလေ၏။ မင်းသမီးလည်း ခြသေ့်ကို တံစဥ်ဖြင့် ခါးမှ ပိုင်းဖြတ်လိုက်သည်တွင် ခြသေ့်၏ ကိုယ်သည် ကွယ်ပျောက်၍ ဦးခေါင်းသာလျှင် ကျန်ရစ်ရှိလေ၏။ ကျန်ရှိသော ဦးခေါင်းသည် တစ်ဖန် မြွေပွေးဖြစ်လာပြန်လေ၏။ မင်းသမီးသည် မြွေဟောက်ကဲ့သို့ ဖန်ဆင်းပြီး မြွေပွေးကို သတ်ချီ၍ သွားလေ၏။ ထိုအခါ မည်သည့်အရပ်သို့ သွားကြသည်ကို မသိ၊ ခေတ္တမျှကြာသွားစဉ် မြေသည် ထက်ခြမ်းကွဲကာ ကြောင်ကျားကြီး တစ်ကောင်သည် အော်မြည်တမ်းလျက် ထွက်ပေါ်လာသည်။ ထို့နောက် ဝံပုလွေတစ်ကောင် ပေါ်ထွက်လာပြီးလျှင် ကြောင်ကို ကိုက်လေ၏။ ကြောင်သည် ပိုးတီဖြစ်၍ တလည်းပင်ထက်ရှိ တလည်းသီး၏ အတွင်းသို့ ဝင်သွားလေ၏။ ၎င်းတလည်းသီးသည် အပင်မှကြွေကျပြန်၍ ဘူးသီးကြီးဖြစ်လျက် တောင်မြောက်လူးလာလိမ့်နေစဉ် ထိုဘူးသီးသည် နန်းတော်ပေါ်မှကျ၍ ကွဲသော် တလည်းစေ့တို့သည် ထွက်လာလေ၏။

## ဝံပုလွေက ကြက်ယောင်ဖန်ဆင်း

ထိုအခါ ဝံပုလွေသည် ကြက်ယောင်ဖန်ဆင်းပြီး ၎င်းတလည်းစေ့တို့ကို ကောက်ယူ၍ စားသောက်ပြီးသော် အတောင်ကိုဖြန့်ပြီး မည်သည့်အရပ်မှာ ရှိသေးသနည်းဟု အော်ဟစ်၍ လိုက်လံ ရှာဖွေသည်။ မြောင်းငယ်တစ်ခုအနီးဝယ် အစေ့ တစ်စေ့ကိုမြင်လျှင် ပြေး၍ ကောက်စားမည် ပြုလေသော် ထိုတလည်းစေ့သည် ငါးဖြစ်သွားပြီး ရေသို့ဆင်းသွားလေ၏။ ကြက်သည်လည်း တစ်ဖန် တင်ကျီးငှက်သဏ္ဍာန် ဖန်ဆင်းပြီး ရေသို့ငုပ်၍လိုက်လေ၏။

ထို့နောက် များမကြာမီအတွင်းတွင်ပင် မင်းသမီးနှင့် မြေဘုတ်ဘီလူးကြီးသည် မီးတောင်ပေါ်မှာထိုင်လျက် တစ်ယောက်နှင့်တစ်ယောက် မီးနှင့်ပစ်ခတ်ကြသည်၊ ထိုအခါ ပေါ်လာသော မီးတောက်မီးလျှံသည် အလွန်ကြီးကျယ်လှသည်ဖြစ်သောကြောင့် နန်းတော်ကိုပင် လောင်ဘနန်းမျှ ရှိလေ၏။

## မြေဘုတ်ဘီလူးကြီး ပြာဖြစ်သွားပြီ

မင်းကြီးနှင့် ကျွန်ုပ်တို့ ကြည့်ရှုနေစဉ် မင်းကြီး၏ဦးခေါင်းနှင့် ကျွန်ုပ်၏ လက်ယာဘက် မျက်လုံး မီးခဲမှန်ခြင်းကြောင့် တစ်ဖက်သော စက္ခုအလင်းမရရှိ ဖြစ်သွားသည်၊ ကျွန်ုပ်တို့လည်း ကြောက်လန့်၍ တိမ်းရှောင်ပုန်းလျှိုးနေစဉ် အောင်မြင်ပြီး အောင်မြင်ပြီဟူသော အသံကြား၍ ကြည့်ရှုသော် မြေဘုတ်ဘီလူးကြီးသည် ပြာဖြစ်သွားလေ၏။

ထိုအခါ မင်းသမီးက ရေကို အလျင်အမြန်ဆက်သကြပါဟု အမိန့်တော်ရှိလေသဖြင့် ရံရွေတော် တစ်ယောက်သည် ရေကိုယူ၍ ဆက်လေ၏။ မင်းသမီးက ရေကိုမန်းပြီး အကျွန်ုပ်ကို ပက်ဖျန်းသည်၊ ကျွန်ုပ်သည် မျောက်ဖြစ်စဉ်က မီးခဲမှန်သောကြောင့် မျက်စိမမြင်သည်မှ တစ်ပါး အားလုံးပင် ရှေးကကဲ့သို့ စင်စစ်လူပကတိပြန်၍ဖြစ်သတည်း။

ထိုအခါ ကျွန်ုပ်လည်း မင်းသမီးအား ကျေးဇူးပကာရ အထူးတင်ကြောင်းကို ပြောမည်ရှိရာ မင်းသမီးက ခမည်းတော်ဘုရား၊ ဘီလူးကိုအောင်မြင်၍ မင်းသားလည်း လူပကတိ ဖြစ်ပေပြီ၊ ဘုရာ့သမီးတော်လည်း မကြာမီတစ်နာရီခန့်တွင် အသက်ဆုံးရှုံးခြင်းသို့ ရောက်ရပါတော့မည်၊ သေရမည်မှာလည်း မီးနှင့်ပစ်ခတ်ကြစဉ်အခါက ခံတွင်းသို့ မီးဝင်သွား၍ ဖြစ်ပါသည်။ ဤသို့ဝင်ရခြင်းမှာ ကြက်ကဲ့သို့ ဖန်ဆင်း၍ တလည်းစေ့ကို ကောက်စားစဉ် အစေ့တစ်စေ့ကျန်ခြင်းကြောင့်ပင် ဖြစ်ပါသည်ဟု တင်လျှောက်လေ၏။

မင်းကြီးနှင့် ကျွန်ုပ်တို့ ဤကဲ့သို့ဖြစ်ရပုံများကို ပြောဆိုနေစဉ် လောင်ပြီ၊ လောင်ပြီ ဟူသော အသံကိုကြား၍ ကြည့်ရှုရာ တစ်ခဏချင်းတွင်ပင် မင်းသမီးသည်လည်း ပြာဖြစ်၍ ကွယ်လွန်တော်မူသတည်း။

ကျွန်ုပ်သည် ဤကဲ့သို့ ကြောက်မက်ဖွယ် ကောင်းသည်များကို တွေ့ကြုံရ၍ မျောက်ပင်ဖြစ်စေ၊ ခွေးဖြစ်စေ တစ်မျိုးမျိုး ဖြစ်ရခြင်းက ကောင်းလေစွဟု ကျွန်ုပ်သဘော၌ စွဲယူမိပါသည်။

မင်းကြီး၏ ဦးခေါင်း၌ မီးလောင်ထားသော အနာတို့ တစ်လခန့်ကြာသောအခါ ကျွန်ုပ်ကို ဤသို့ပြောပါသည်။ သင်လာသည့်အတွက်ကြောင့် ငါ့သမီးတော်လည်း သေဆုံး လေပြီ၊ ငါလည်း ပြင်းပြသော ဝေဒနာကို ခံစားရလျက်ပင် ရှိသေးသည်။ သို့ဖြစ်၍ သင်ရောက်သော နေ့ကစပြီး ငါ့တိုင်းပြည်၌ မကောင်းမှုတို့သာ အဆက်ဆက်ဖြစ်နေရသည်။ သင်သည် မင်္ဂလာမရှိသော သူယုတ်တည်း၊ သင်ကာလရှည်ကြာအောင် ဆက်၍နေက ငါ၏

အသက်ပင် ဆုံးရှုံးရန်ရှိခြေသည်။ ထို့ကြောင့် ယခုပင် ငါ၏တိုင်းပြည်မှ ထွက်သွားလောဟုဆို၍ ကျွန်ုပ်ကို နှင်ထုတ်လိုက်သည်။

ကျွန်ုပ်လည်း စိတ်လက်မသာမယာခြင်းကြောင့် ဘာမျှပြန်မပြောတော့ဘဲ ရေမိုး ချိုးလျက် မုတ်ဆိတ်မျက်ခုံးကို ရိတ်ပယ်ပြီး ခရီးသွားအဝတ်အစားကို ဝတ်ဆင်လျက် ထွက်လာ ခဲ့သည်။ ထို့နောက် ဤတိုင်းပြည်၌ အုပ်ချုပ်စိုးစံတော်မူသော ကာလစ်ဖူဟာရွန်ရာစချစ် မင်းကြီးသည် အပေးအကမ်းအလှူအတန်း အစွန့်အကြဲ၌ ရက်ရောတော်မူသည်ဟု ကြားသိ၍ လာခဲ့ရာ ပထမခရီးသွားနှင့် ယခု ဤအိမ်၏ တံခါးဝမှာပင် တွေ့ပေသည်။ ကျွန်ုပ်၏ အကြောင်းကား သခင်မ ကြားတော်မူသည့်အတိုင်းပင်တည်းဟု ပြောလေ၏။

ထိုအခါ ဇိုဘီဒီလည်း သင့်ကို ချမ်းသာပေးအံ့၊ သွားလိုသောအရပ်ဒေသသို့ သင် သွားလေတော့ဟုပြောရာ ပထမခရီးသည်ကဲ့သို့ပင် တတိယခရီးသွား၏ ပြန်ကြား ပြောဆို သောအကြောင်းကို နားထောင်လို၍ ခွင့်တောင်းလေသော် ဇိုဘီဒီလည်း ခွင့်ပေးလေသတည်း။

***

## တတိယခရီးသည်အကြောင်း

ထို့နောက် တတိယခရီးသည်က ဤသို့ပြောပြသည်။ အရှင်မ နားထောင်တော် မူပါလော၊ ကျွန်ုပ်၏ ခမည်းတော်သည်လည်း ပြည့်ရှင်မင်းကြီးပင်တည်း။ စံနေတော်မူသော မြို့သည် ယမုနသီလာ အမည်ရှိ၏။ မြစ်ကမ်းပါး၌ နန်းစိုက်တည်ထောင်တော်မူသောကြောင့် အထူးသဖြင့် သာယာစည်ပင်လှပါသည်။ နန်းတော်၌ တောင်ဆောင်၊ မြောက်ဆောင်၊ ရွှေရေးဆောင်၊ မှန်စီဆောင်၊ လေသာဆောင်၊ ပွဲကြည့်ဆောင် စသည်တို့နှင့် ပြည့်စုံပါ၏။ ထိုအဆောင်တော်တို့၌ မိဖုရား၊ မင်းသမီး၊ ရံရွေအပျိုတော်တို့မှစ၍ ကိုယ်လုပ်မောင်းမ မိဿံ အခြွေအရံတို့ အလွန်ပေါများပါ၏။ ရွှေတိုက်၊ ငွေတိုက်၊ ပရိဘောဂ ဘဏ္ဍာတိုက်၊ လက်နက် တိုက်တို့တွင် စိန်မရှား၊ မြမရှား၊ ရွှေငွေမရှားပေါများစွာ မကုန်ခန်းနိုင်အောင်ပင်ရှိပါ၏။ ရုံးပြင်ကနားတို့၌ အမှုအခင်းများစွာမရှိဘဲ အလွန်ပင်နည်းပါးပါ၏။ သစ်တပ်မြို့ရိုး၊ သူရဲခို၊ ပြအိုးတန်ဆောင်း၊ ကျုံး၊ မြောင်း၊ ပစ်စင်တို့မှာလည်း ခိုင်ခံ့ကောင်းမွန် သာသာလှပါသည်။

လမ်းမကြီးလမ်းမငယ် အသွယ်သွယ်တို့၌လည်း အေးမြသောအရိပ်အာဝါသ ရရှိစေခြင်းငှာ ပိတောက်၊ ရွှေဝါ၊ သရဖီ၊ စံကား၊ ချရားပင်တို့နှင့်လည်း ပြည့်စုံခြင်းကြောင့် မွှေးကြိုင် လှပကြပါပေ၏။ ခရီးလမ်းဆုံရာအရပ်တို့၌ ရေချမ်းရေစင်တို့လည်း ရှိပါ၏။ မြို့တော် ဝန်းကျင်ပတ်လည်၌လည်း ဘုရား၊ ဂူ၊ ဥယျာဉ်၊ ရေတွင်း ရေကန်တို့နှင့်တကွ ဈေးကြီး ဈေးငယ်တို့နှင့်လည်း ပြည့်စုံကြပါသည်။

၎င်းပြင် သူဌေး သူကြွယ် ကုန်သွယ်ကုန်ရောင်း အစရှိသော အမျိုးလေးပါးတို့နှင့်လည်း ပြည့်စုံပါ၏။ မြို့ပတ်ဝန်းကျင် ကမ်းနားလမ်းတစ်လျှောက်နှင့် ယမုနသီလာမြစ်၏ အတွင်း ၌လည်း လက်နက်ကိရိယာ၊ ခဲယမ်းမှစ၍ ဗုံးအမြောက်၊ သေနတ်တို့နှင့် ပြည့်စုံသော စစ်သင်္ဘော တစ်ရာ့ငါးဆယ်၊ သင်္ဘောတစ်ရာတို့အပါအဝင် လှေကြီး လှေငယ် အသွယ်သွယ်တို့နှင့်လည်း ပြည့်စုံ၏။ ၎င်းပြင် ခမည်းတော်မင်းကြီး ညအခါ ရေကင်း လှည့်တော်မူရာ၌ စီးတော်မူသော ကရဝိတ်ဖောင်တော်တို့သည်လည်း များစွာရှိပါ၏။

## ခမည်းတော် နတ်ရွာစံသော်

ဤကဲ့သို့ အလွန်တရာသာယာစည်ပင်သော မြို့တော်ကို ခမည်းတော်သည် စိုးစံတော် မူခဲ့ပါ၏။ နှစ်များစွာမကြာမီ ခမည်းတော် နတ်ရွာစံလွန်တော်မူလေသော် ကျွန်ုပ်သည် ခမည်းတော်၏ အရိုက်အရာကိုခံယူပြီး စံတော်မူခဲ့ပါသည်။ မြို့ကြီး မြို့ငယ် ကျွန်းကြီး ကျွန်းငယ်တို့ကို စိုးစံအုပ်ချုပ် မင်းလုပ်ကြသော တစ်ရာသော ထီးဆောင်းမင်းအပေါင်းတို့သည် ကျွန်ုပ်၏ လက်အောက်ခြေသား ဖြစ်ကြသောကြောင့် သူတို့ကို သစ္စာတော်ရေတိုက်ရန်နှင့် မရောက်ဖူးသေးသည်ဖြစ်၍ ရောက်လိုသည်တို့ကြောင့် ကျွန်ုပ်ကိုယ်တိုင် စစ်သင်္ဘော ဆယ်စင်းအနက် ငါးစင်းသော သင်္ဘောပေါ်ဝယ် စားနပ်ရိက္ခာ အလုံအလောက် တင်ဆောင်ခဲ့သည်။ ကျန်သော ငါးစင်းအနက် လေးစင်းသော သင်္ဘောပေါ်၌ လက်နက်ခဲယမ်း ကိရိယာအစုံအလင်နှင့် ကျန်သင်္ဘောတစ်စင်းဝယ် စစ်သည်တော်သူရဲတပ်သား ငါးရာ စီးနင်း လိုက်ပါစေခဲ့ပါသည်။

## မှူးကြီးမတ်ရာ သမားဟူးရားတို့ကို ကျွန်ုပ်နှင့်အတူ

မဟာသစ္စအတုလဇေယျနာဝါ အမည်ရှိသော သင်္ဘောပေါ်တွင် ကိုယ်လုပ်မောင်းမ၊ မှူးကြီးမတ်ရာ သေနာပတိ ပညာရှိ သမားဟူးရားတို့ပါ ကျွန်ုပ်နှင့်အတူ လိုက်ပါစေပြီးလျှင် သင်္ဘော လွှင့်ခဲ့ပါသည်။ ထိုသို့သင်္ဘောလွှင့်ခဲ့သော် ရောက်တိုင်း ရောက်တိုင်းသော မြို့ကြီး မြို့ငယ်တို့မှ ထီးဆောင်းမင်းအပေါင်းတို့သည် မြစ်ကမ်းနားတစ်လျှောက်ဝယ် အောင်လံထူ၍ ပွဲလမ်းသဘင်ခံစေပြီးလျှင် ခရီးဦးကြိုဆိုပြီးမှ သစ္စာတော်ရေကို ကောင်းစွာ ခံသောက်ကြပါသည်။

ဤကဲ့သို့ ထွက်ချီတော်မူလာရာ ရက်ပေါင်း လေးဆယ်ကြာသောနေ့၌ ပင်လယ် အတွင်းဝယ် လေပြင်းမုန်တိုင်း တိုက်ခတ်သောကြောင့် လှိုင်းတံပိုးတို့ ပြင်းထန်စွာ ဖြစ်ပေါ် လာကြပါသည်။ ကျွန်ုပ်တို့လည်း ကြောက်လန့်ကြ၍ ကျွန်းငယ် တစ်ကျွန်းသို့ ဝင်ရောက် ရပ်ဆိုင်းနေကြ၏။ နံနက်မိုးသောက်ရောက်၍ လေလှိုင်းတို့ငြိမ်သက် အစားအစာ စားနပ် ရိက္ခာတို့ကို ထပ်မံတင်ဆောင်ပြီး ဆက်ကာ သင်္ဘောလွှင့်ခဲ့ကြပြန်ပါသည်။ ဆယ်ရက် ကြာသောအခါ ကျွန်ုပ်သည် နေပြည်တော်သို့ ပြန်လည်လိုသည်ဖြစ်၍ မည်သည့်အရပ်သို့ ဆိုက်ရောက်လျက်ရှိသည်ကို ကပ္ပတိန် မာလိန်တို့အား မေးခဲ့ပါသည်။

ထိုအခါ ကပ္ပတိန်က သင်္ဘောသားတစ်ယောက်ကို သင်္ဘောရွက်တိုင်ထက်သို့ တက်ရောက် ကြည့်ရှုစေသည်။ သင်္ဘော၏ လက်ဝဲလက်ယာဘက်တို့၌ မည်သည့်အရာကိုမျှ မမြင်ရ၊ ရေအဆုံး၌ မိုးအုပ်လျက်သာ မြင်ရပါသည်။ ရှေ့တည့်တည့် အရပ်မှာကား မည်းမှောင်သော တောင်တစ်တောင်ကို မြင်ရပါသည်ဟု သင်္ဘောသားက ပြန်ပြောပါသည်။ ကပ္ပတိန်သည် မျက်နှာမည်းမှောင်သွားပြီး အိုအရှင်ဘုရားတို့၊ ယခု ကျွန်တော်မျိုးတို့သည် တစ်စုံတစ်ယောက်သောသူမျှ အသက်ဘေးမှ ချမ်းသာရာရကြတော့မည်မဟုတ်၊ ယနေ့ သည်ကား သေနေ့စေ့တော့သည်ဟု အော်ဟစ်ပြီး ရှိုက်ကြီးတငင် ငိုကြွေးပါသည်။ ကျွန်ုပ်သည် ကပ္ပတိန်အား အချင်းကပ္ပတိန်၊ မည်သည့် အကြောင်းနည်းဟုမေး၍ ပြန်ကြား ပြောဆိုသည်မှာ အရှင်ဘုရား ကျွန်တော်မျိုးတို့ နံနက်မိုးသောက်လတ်သော သေကြေပျက်စီးဆုံးပါးခြင်းသို့ ဧကန်မုချ ရောက်ကြရတော့မည်၊ ယခု ဤအရပ်မှမြင်ရသောတောင်သည် သံလိုက်တောင်ကြီး ဖြစ်ပါသည်။ ၎င်းတောင်ကြီးဆီသို့ ရောက်သောအခါ သံကိရိယာများ ဖြစ်သော စက်၊ မီးအိုး၊ သံတိုင်၊ ကျောက်ဆူး၊ ဝက်အူအစရှိသည်တို့သည် ၎င်းတောင်တွင် ပူးကပ်သွားကြပါလိမ့်မည်၊

၎င်းပြင် ထိုသံလိုက်တောင်ပေါ်၌ ကြေးဝါကုန်းကြီးတစ်ခုရှိ၏။ ထိုကုန်းကြီး၏အထက်၌ ကြေးဝါမြင်းရုပ်ရှိသည်။ ထိုမြင်းရုပ်၏ အထက်၌ ကြေးဝါလူရုပ်ရှိ၏။ ၎င်းလူရုပ်၏ ရင်ဘတ်၌လည်း အင်းအိုင်ဂါထာမန္တရားတို့ရှိကြသည်။ သို့ရှိသော်လည်း ၎င်းတောင်ပေါ်သို့ မရောက်နိုင်ဘဲ ကျွန်ုပ်တို့ ဇောက်မှ ပင်လယ်ဆုံးရှုံးခြင်းသို့ ရောက်ကြရတော့မည်ကား မလွဲပြီ၊ ယနေ့ နံနက်မိုးသောက်လျှင် ကျွန်ုပ်တို့ သေနေ့စေ့ကြပါတော့သည်ဟု တင်လျှောက်ပါသည်။ ထိုအခါ ကျွန်ုပ်နှင့်ပါလာကြသော အခြွေအရံအပေါင်းတို့သည် အလွန်စိုးရိမ် ကြောက်လန့်ခြင်း ကြောင့် ကိုးကွယ်ရာမရ ဖြစ်ကြပါသည်။

နံနက်မိုးသောက် ရောက်လတ်သောအခါ သံလိုက်တောင်နှင့် တစ်ရွေ့ရွေ့ နီးကပ်လာခြင်းကြောင့် လူသူဗိုလ်ပါအပေါင်းတို့သည် ငါတို့ကား ယနေ့ဇောက်မှချမလွဲပင် သေကြရတော့မည်၊ မြေကြီးကို လက်ဝါးဖြင့် ပုတ်ခတ်သော်မှ လွဲတန်ရာသေး၏ဟု ပြောဆိုကာ ငိုယိုကြ၏။ ဘုရား တရား သံဃာကို ကြည်ညိုသော သူတို့ကလည်း ဘုရားတရားသံဃာကို တမ်းတ ရှိခိုးပူဇော်ကြ၏။ နတ်ကိုးကွယ်သူတို့ကလည်း နတ်ကိုအမည်တပ်၍ မည်သည့်နတ်ကို ကိုးကွယ်ပါ၏ဟု ဆုတောင်းပတ္ထနာ ပြုကြ၏။ အချို့ကလည်း ယနေ့ သေတော့မည်၊ ငါတို့၏ အမိ၊ အဖ၊ သားမယားတို့ကို မြင်ရတွေ့ရတော့မည် မဟုတ်ဟု ဝမ်းနည်းခြင်းဖြစ်ကာ ရင်ဘတ် စည်တီး ဟစ်အော်ငိုကြွေးကြ၏။

ထိုအခါ ကျွန်ုပ်သည် ဤသို့ကြံ၏။ "သြော်... ငါလည်း သေရတော့မည်ကား မချွတ်ပြီ၊ သို့ရာတွင် ယောက်ျားပီပီ မိမိ၏ လုံ့လဝီရိယကို မလျော့ဘဲ သင်္ဘောကို သံလိုက်တောင်ပေါ်သို့ ခုန်တက်စေအံ့" ဟု ကြံပြီးလျှင် ပုဆိုးကို မြဲမြံစွာပတ်၍ ရှေ့ကို မျှော်ကြည့်လိုက်ပါသည်၊ နေမွန်းတည့်ချိန် ရောက်နေပြီ၊ သင်္ဘောပါ သံကိရိယာဟူသမျှတို့သည် ကျွတ်၍ သံလိုက်တောင်သို့ ကပ်သွားကြပြီး စစ်သင်္ဘောသည် အစိတ်စိတ်အပိုင်းပိုင်း ဖြစ်ပြီးလျှင် ဗိုလ်ပါ သူရဲအပေါင်းတို့ သေကြေပျက်စီး ဆုံးပါးခြင်းသို့ ရောက်ကြပါသည်။

ကျွန်ုပ်မှာမူကား သင်္ဘောဝမ်းမှ ကျွတ်သော ပျဉ်တစ်ချပ်ကို ကိုင်မိခြင်းကြောင့် ၎င်းပျဉ်ချပ်ကို ဆွဲပြီးလျှင် အတန်ကြာကူးရာ သံလိုက်တောင်ပေါ်သို့ တက်လိုကပါသည်၊ ထိုအခါ ကပ္ပတိန်ပြောဖူးသော ကြေးဝါကုန်းကြီးတစ်ခုကို တွေ့ရပါသည်။ နေလည်းဝင်ပြီဖြစ်၍ ရေတွင် ကူးလာရသည်မှာလည်း အလွန်မောပန်းနေပါပြီ၊ ဘုရား၊ တရား၊ သံဃာတို့၏ ဂုဏ်

ကျေးဇူးကြောင့်သာ အသက်ဘေးမှ ချမ်းသာရပေသည်ဟုတွေးကာ ဘုရား၊ တရား၊ သံဃာ၏ ဂုဏ်တော်ကို အောက်မေ့ရင်း ကျွန်ုပ် အိပ်ပျော်သွားပါတော့သည်။

ဤကဲ့သို့ မောမောပန်းပန်းဖြင့် အိပ်ပျော်သွားသောအခါ ဤသို့ မြင်မက်ပါသည်၊ လူအိုကြီး တစ်ယောက်သည် ဖြူစင်သော အဝတ်ကိုဝတ်ဆင်လျက် မင်းကြီး၊ သင် ယခု အိပ်သော ခြေရင်း၌ ထ၍ တူးပါလော၊ တူးသောအခါ လေးတစ်စင်းနှင့် မြားသုံးစင်းကို တွေ့လိမ့်မည်၊ ၎င်းမြားနှင့်လေးကိုယူ၍ သင်မင်းကြီးအထက်၌ရှိသော လူရုပ်ကိုပစ်ရမည်၊ ပစ်သောအခါ လူရုပ်သည် ပင်လယ်တွင်းသို့ ကျလိမ့်မည်၊ ဤအခါ ကျန်သော ကြေးဝါ မြင်းရုပ်ကိုယူပြီးလျှင် မြားနှင့်လေးရသောနေရာ၌ မြုပ်နှံရမည်၊ မြင်းရုပ်ကို မြုပ်နှံပြီးမိသည်နှင့် တစ်ပြိုင်နက်တည်း ရေသည် သင်မင်းကြီး အနီးသို့ ရောက်အောင် တက်ပြီးသော် လောင်းလှေ ကလေး တစ်စင်းကို ကြေးဝါလူရုပ် လှော်လျက် ပေါ်လာမည်၊ ထိုအခါ သင်မင်းကြီးသည် လောင်းလှေပေါ်သို့ တက်၍ လိုက်ပေတော့၊ ဆယ်ရက်ခရီးသွားမိသောအခါ သင်မင်းကြီး၏ နေပြည်တော်သို့ ပြန်လာရာ လမ်းစခရီးကို တွေ့လိမ့်မည်၊ သို့ရာတွင် အထူးမှတ်သားရန်မှာ ဤအရပ်သည် သုစရိုက်ကိုမသုံး၊ ဒုစရိုက်ကိုသာသုံးသော အရပ်ဖြစ်၍ ဆယ်ရက်ခရီး အတွင်းဝယ် ဘုရား တရား သံဃာ ကိုးကွယ်ခြင်း၌ ဝစီကံမြောက် မရွတ်မဆိုလေလင့်၊ ဤသို့ပြောပြီးလျှင် ၎င်းလူအိုကြီး ပျောက်ကွယ်သွားလေ၏။

နံနက်မိုးလင်း၍ ကျွန်ုပ်အိပ်ရာမှ နိုးလတ်သောအခါ အိပ်မက်မက်သည့်အတိုင်း တူးပါသည်။ မြားသုံးစင်းနှင့်လေးကို တွေ့မြင်ရသည်။ ၎င်းတို့ကိုယူပြီး မြင်းပေါ်တွင်ရှိသော လူရုပ်ကိုပစ်ရာ လူရုပ်သည် ပင်လယ်သို့လိမ့်ကျလေ၏။ ထိုအခါမှ မြင်းရုပ်ကို လေးနှင့်မြား ရသော အရပ်တွင် မြုပ်မိလျှင်ပင် ရေသည် တရွေ့ရွေ့တိုးတက်လာသည်။ ကျွန်ုပ်၏ ခြေဖျားအနီးသို့ ရေရောက်သောအခါ လှေတစ်စင်းကို ကြေးဝါးလူရုပ် လှော်ခတ် လျက်ပေါ်လာသဖြင့် ထိုလှေပေါ်သို့ ကျွန်ုပ် တက်စီးလိုက်ခဲ့လေ၏။

ဤသို့သွား၍ ကိုးရက်ခရီးကြာသောအခါ ကျွန်းတစ်ခုကို မြင်ရသောကြောင့် သြော် ငါ၏အသက်သည်ကား ချမ်းသာပေတော့အံ့ဟု ဝမ်းမြောက်ရွှင်လန်းခြင်း ဖြစ်ပြီးလျှင် ဘုရား တရား သံဃာ၏ ဂုဏ်ကျေးဇူးတော်သည် ကြီးပေစွတကားဟု ပြောလိုက်မိပါသည်။ ထိုသို့ ပြောမိသည်နှင့် တစ်ပြိုင်နက်တည်းပင် ကြေးဝါလူရုပ်သည် ရေတွင်နစ်မြုပ်သွားလေ၏။ ကျွန်ုပ်လည်း ရေတွင် တစ်နေ့နှင့်တစ်ညပတ်လုံး ကူးခတ်ရာ သန်းခေါင်ယံ အချိန်ကျ

ရောက်သောအခါ အလွန်တရာ မောပန်းလှသည်နှင့် သြော် ငါ၏အသက်ကား ယခုအခါ ဆုံးရှုံးခြင်းသို့ ရောက်ရတော့မည်ဟု တွေးမိပါသည်။ ထိုသို့တွေးနေစဉ် ကြီးမားသော လှိုင်းတံပိုးတို့ ရိုက်ခတ်သဖြင့် သောင်ခုံပေါ်သို့ ရောက်သွားပါသည်။ ထိုအခါ ကျွန်ုပ်လည်း အချို့သော အဝတ်များကို ဖြန့်၍ ထား၏။

နက်ဖြန် မိုးသောက်သောအခါ ကျွန်ုပ်သည် ခရီးဝေးလံစွာ မသွားဘဲ တောင်မြောက် လေးပါးတို့ကို ကြည့်ရှုပါသည်။ ၎င်းကျွန်း၌ ပိန္နဲ၊ မာလကာ၊ သြဇာ၊ သရက်၊ မရမ်း၊ ရှောက်ပန်း၊ ရှောက်ချို အစရှိသော အပင်တို့သည် သီးလျက်တချို့က ပွင့်လျက်တချို့ဖြင့် ညို့ညို့မှိုင်းမှိုင်း အလွန်ပင် စည်ကားသည်ကို မြင်ရပါသည်။ ဤအခါမှ ငါ၏အသက်ဘေးသည်ကား ဘုရား တရား သံဃာ၏ ဂုဏ်ကျေးဇူးတော်ကြောင့် ချမ်းသာရာရရှိပေပြီဟု အောက်မေ့ကာ ကြည့်ရှု နေပါသည်။ ထိုသို့ ကြည့်ရှုနေစဉ် မနီးမဝေးသောအရပ်မှ သင်္ဘောတစ်စင်း လာနေသည်ကို မြင်ရပါသည်။ လာသော သင်္ဘောသည် ဤအရပ်တွင် ဆိုက်မည့် လက္ခဏာရှိသည်။ ငါ၏ မိတ်ဆွေတို့ဖြစ်ကြမည်။ သို့မဟုတ် ရန်သူပင်ဖြစ်ကြသည်ကို မသိနိုင်ဟု အောက်မေ့ကာ ကျွန်ုပ်သည် အကိုင်းအခက်အရွက် စည်ကားထူထပ်သော သစ်ပင်ကြီးပေါ်သို့ တက်၍ ကြည့်ရှု နေလိုက်သည်။ သင်္ဘောသည် တရွေ့ရွေ့ နီးကပ်လာပြီး ၎င်းအရပ်တွင်ပင် ဆိုက်ကပ်ကာ လူဆယ်ယောက် ဆင်းလာသည်။ ကျောက်ခဲသလဲတို့ကို အနည်းငယ်မျှလှန်လျက် တံခါးတစ်ခုကို ဖွင့်လှစ်ပြီး သင်္ဘောသို့ ထိုလူများ ပြန်တက်သွားသည်။ ပြီးလျှင် လူကြီး တစ်ယောက်သည် တစ်ဆယ့်လေးနှစ် တစ်ဆယ့်ငါးနှစ်အရွယ် သူငယ်ကလေးတစ်ယောက်ကို ခေါ်လျက် ဥမင်၏ အတွင်းသို့ ဝင်သွားသည်။ အချို့သူတို့က အစားအစာရိက္ခာတို့ကို သင်္ဘောပေါ်မှချပြီး ၎င်းဥမင်၏အတွင်းသို့ ယူဆောင်သွားကြလေသည်။ ပြီးလျှင် လူကြီး တစ်ယောက်နှင့် လူဆယ်ယောက်တို့သည် သူငယ်ကလေးတစ်ယောက်ကိုသာ ချန်ထားခဲ့ပြီး ဥမင်အတွင်းမှ ထွက်လာကြသည်။ တံခါးကိုလည်း ပိတ်မြဲအတိုင်းပိတ်၍ ကျောက်ခဲသလဲ ဆို့ဖြင့် ဖိ၍ အမှတ်အသားထားလျက် ပြန်သွားကြသည်။ သင်္ဘောကိုဆက်၍ ရွက်လွှင့် သွားကြလေ၏။

## အတွင်းမှ ယပ်ကိုကိုင်လျက် ရပ်နေသောသူငယ်

သင်္ဘောလှော်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည် သစ်ပင်ထက်မှ ဆင်းသက်ခဲ့ပြီးလျှင် ၎င်းတံခါး ရှိရာသို့ သွား၍ ဖွင့်လှစ်သည်။ အတွင်းဝင်သွားသော် ကတ္တီပါတို့ဖြင့် မွမ်းမံခြယ်လှယ်ထားခြင်း၊ အစားအစာတို့ များပြားစွာရှိနေခြင်း၊ မီးအိမ်တို့ ထိန်ထိန်ညီးအောင် ထွန်းထားခြင်း၊ သူငယ်က ယပ်တစ်ခုကို ကိုင်လျက် ရှိနေခြင်းကို တွေ့မြင်ရသည်။ ထိုသူငယ် အလွန်ကြောက်ရွံ့ နေရှာသည်ကို မြင်ရပြန်သဖြင့် မကြောက်မရွံ့လင့်၊ ငါသည် ပြည့်ရှင်မင်းကြီးတည်း၊ တစ်စုံတစ်ခု ရန်မူမည့်သူ မဟုတ်၊ သင်သည် ယခု ဤဥမင်ဝယ် နေရသည်ကား သောသူတို့ကို သင်္ဂြိုဟ်၍ ထားဘိသကဲ့သို့ နေရခြင်းတည်း။ ၎င်းပြင် ယခု ငါရောက်လာသည့်အတွက် သင်ချမ်းသာ ရရန်အကြောင်းပင်တည်း၊ သင့်ကို ဤနေရာ၌ လာ၍ ထားစဉ်ကပင် ငါ အလုံးစုံမြင်ရ၏။ သို့ရာတွင် ဤကဲ့သို့ထားခြင်းကို ဘာမျှမပြောမဆိုဘဲ တိတ်တဆိတ် နေခြင်းကား မည်သည့် အကြောင်းနည်း၊ အလွန်ပင် အံ့သြဖွယ် ကောင်းလေသည်ဟု ကျွန်ုပ်က ထိုသူငယ်အား ပြောဆိုမေးမြန်း၏။

ဤကဲ့သို့ ကျွန်ုပ်မေးမြန်းမှ သူငယ်လည်း ရွံ့ကြောက်ခြင်းမရှိဘဲ ကျွန်ုပ်ကို သူ၏ အပါးတွင်ပင် ထိုင်စေပြီး သိလိုလျှင် ပြောပါတော့မည်၊ နားထောင်တော်မူပါဟု ဆိုပြီးလျှင် ဤသို့ပြောဆိုသည်။

ကျွန်ုပ်၏ အဖသည် ကျောက်ကုန်သည်ကြီးတည်း၊ ကုသိုလ်ကံ အကျိုးပေးအလျောက် ကူးသန်းရောင်းဝယ်ဖောက်ကားရာမှာ ဥစ္စာ ပစ္စည်း ရတနာရွှေငွေတို့ မရေမတွက်နိုင်အောင်ပင် မြတ်စွန်းသဖြင့် ကျေးကျွန်သင်းပင်းတို့ မရေမတွက်နိုင်အောင်ပင် ပေါများ၏၊ ဥယျာဉ်၊ ဗိမာန်၊ လယ်ယာ၊ ချောင်းမြောင်းတို့မှာလည်း ထို့အတူပင် ပေါများ၏၊ ကူးသန်းရောင်းဝယ် သွားလာသော သင်္ဘောကြီး သင်္ဘောငယ်တို့မှာလည်း အစင်းပေါင်း မည်ရွေ့မည်မျှဟု မရေမတွက်နိုင်အောင်ပင်ရှိ၏၊ အတိုင်းတိုင်းအပြည်ပြည်တို့မှ ထီးဆောင်းမင်းအပေါင်းတို့သည် စိန်ကောင်း၊ ကျောက်ကောင်း၊ ပတ္တမြားကောင်းတို့ကို များပြားစွာအလိုရှိက ကျွန်ုပ်၏ဖခင်ထံမှသာ ဝယ်ယူကြရ၏၊ ကျွန်ုပ်၏ဖခင်နေသော ဗိမာန်မှာလည်း သိကြားမင်းစံနေတော်မူသော ဝေဇယန္တာ နန်းပြသာဒ်တမျှ လှပကောင်းမွန်တင့်တယ်သည်။

အကြောင်းမှာ အိမ်၏ ပတ်လည်၌ တံတိုင်းသုံးတန်ရှိခြင်း၊ ပထမတံတိုင်း၏ တံခါး၌ တံခါးစောင့်လူငါးဆယ်တို့ရှိပြီး တစ်ယောက်လျှင် လေးထည်သော ပုဆိုးတို့ကို တစ်နေ့လျှင်

လေးကြိမ်လဲ၍ ဝတ်ဆင်ကြပြီးလျှင် စောင့်ရှောက်ကြသောကြောင့် ဖြစ်၏၊ ပုဆိုးတို့၏အဖိုးကား တစ်ထည်လျှင် အသပြာတစ်ထောင် တန်၏၊ ဒုတိယတံတိုင်း၏ တံခါး၌ကား တံခါးစောင့်လူ တစ်ရာသည် တစ်ယောက်လျှင် အသပြာတစ်သောင်း ထိုက်တန်သော ပုဆိုးချောက်ထည်ကို တစ်နေ့ချောက်ကြိမ် လဲ၍ စောင့်ရှောက်ကြရသည်၊ တတိယတံတိုင်း၏ တံခါး၌ကား တံခါးစောင့် လူနှစ်ရာရှိသည်၊ တစ်ယောက်လျှင် အသပြာတစ်သိန်း ထိုက်တန်သော ပုဆိုးရှစ်ထည်ကို တစ်နေ့လျှင် ရှစ်ကြိမ်လဲဝတ်ကာ စောင့်ရှောက်ကြရ၏။

ဤသုံးတန်သော တံခါးမှလွန်ပြန်သော် အလွန်သာသာစည်ပင်သော ဥယျာဉ်ဗိမာန် ရှိ၏၊ ထိုဥယျာဉ်သည်ကား သရဖီ၊ ရွှေဝါ၊ ပိတောက်၊ ခတ္တာ၊ စံကား၊ ချယားမှ စ၍ စံပယ်၊ ကြက်ရှန်း၊ ဂမုန်း၊ သဇင်စသည် မရေမတွက်နိုင်သော ပန်းမျိုးစုံတို့သည် လေသွေးလျှင် မွှေးကြိုင်ကြည်နူး ရနံ့ပြန့်ပြူးလျက်ရှိကြသည်၊ ရေကန်ရေပန်းတို့သည်လည်း မရပ်မစဲ တသွင်သွင် ကျဆင်းလျက်ပင် ရှိကြ၏၊ ထိုဥယျာဉ်ကလွန်မှ ကျွန်ုပ်၏ ဖခင်နေထိုင်သော ဗိမာန်သို့ရောက်၏၊ ထိုဗိမာန်သည်ကား ဘုံသုံးဆင့်ရှိ၏။

ပထမအဆင့်ရှိ အလုံးစုံသော ကိရိယာဟူသမျှတို့ကိုကား ဖန်မှန်ဖြင့်သာခြယ်လှယ် မွမ်းမံထား၏၊ ဒုတိယအဆင့်ရှိ အလုံးစုံသော ကိရိယာဟူသမျှတို့ကိုကား ငွေဖြင့်သာ ခြယ်လှယ် မွမ်းမံထား၏၊ တတိယအဆင့်၌ကား ရွှေဖြင့်သာ ခြယ်လှယ်မွမ်းမံထား၏၊ ထို့ပြင် ဗိမာန်တစ်ခုလုံးသည် မီးမထွန်းရဘဲ ညအခါ၌ ပတ္တမြား၏ အရောင်တို့ဖြင့်သာ ထွန်းလင်း နေကြလေ၏။

ဤကဲ့သို့ ကောင်းမွန်ချမ်းသာစွာ ကျွန်ုပ်၏ မွေးသမိခင်နှင့်အတူ နှစ်ပေါင်း လပေါင်း များစွာ စံစားနေထိုင်သော်လည်း သားထောက်မြေးခံတို့ တစ်ယောက်မျှ မရှိခြင်းကြောင့် အလွန်တရာ လိုချင်သော ဆန္ဒရှိ၍ ရွှေပန်းငွေပန်းတို့ကို ကောင်းမွန်သော ကျောက်ကောင်း ကျောက်မြတ်တို့ဖြင့် စီခြယ်ပြီး ဘုရားကိုပူဇော်သည်၊ သားဆုကိုလည်း အကြိမ်ကြိမ် တောင်းခဲ့သည်။

## အိပ်မက်မက်၍ ဇာတာကိုတွက်ကြည့်သော်

တစ်နေ့သ၌ ကျွန်ုပ်၏ ဖခင်သည် ဤသို့ အိပ်မက်မြင်မက်၏၊ သင်သူဌေးကြီး သင် ဆုတောင်းသည့် အတိုင်း သားကောင်းရတနာကို ရလတ္တံ့၊ သို့သော်လည်း ၎င်းသူငယ်သည်

အသက်ရှင်ဖွယ်ရာ မရှိဟု မြင်မက်လေ၏၊ နံနက်မိုးသောက်လတ်သော် ၎င်းအိပ်မက်ကို မှတ်သား၍ ထားလေ၏၊ ထို့နောက် များမကြာမီအတွင်းတွင် ကျွန်ုပ်ကို ပဋိသန္ဓေ ရလတ်၍ ဆယ်လစေ့ရောက်သောကာလ ဖွားမြင်သည်တွင် ဖခင်သည် ပညာရှိသော နိမိတ်ဖတ်ပုဏ္ဏား၊ လက္ခဏာဖတ် ပုဏ္ဏားတို့ကိုခေါ်၍ ဆုလာဘ်များစွာပေးကမ်းပြီးလျှင် ကျွန်ုပ်၏ဇာတာကို တွက်ချက်ကြည့်ရှုစေသည်၊ ထိုအခါ သူတို့ဟောပြောကြသည်မှာ အရှင်သူဌေးကြီး၊ ၎င်းဇာတာကို တွက်ချက်ကြည့်ရှုပါသည်၊ ဇာတာမကောင်း၊ ဂြိုဟ်ခြောင်းဂြိုဟ်အိပ်၊ အနိဋ္ဌရုပ်၊ စုတ်နှင့် ဥပဒ်၊ သမသတ်ဖြင့် ဓာတ်ပုညတိုင်၊ မခိုင်သွေစောင်း၊ သံတောင်အင်္ဂါတို့ စီးနင်းလျက် ရှိသည်တစ်ကြောင်း၊ မူလအဓိပတိကို ကြည့်ပြန်ကလည်း အာယုမက္ခာ၊ ပဉ္စာဒသ၊ ကျလတ် သောအခါ၊ ရာဇမင်းဖျား၊ နံကားစနေ၊ ဇီဝိန်ချွေ၍၊ အသေသတ်လတ္တံ့ဟု ကိန်းခန်းရသည်၊ သူဌေးကြီး၏သားသည် အသက်တစ်ဆယ့်ငါးနှစ် အဝင် ရက်ငါးဆယ်၏ အတွင်းဝယ် ကာစစ် အမည်ရှိသော ရှင်ဘုရင်၏သားတော် အေဂျစ်မင်းသားသည် သတ်လတ္တံ့၊ ထိုမင်းသားသည် သံလိုက်တောင်တို့ကို ဖြိုဖျက်နိုင်သော မင်းပင်တည်း၊ ဤရက်ငါးဆယ်အတွင်းမှ ထိုမင်း၏ အသတ်ကို မခံရဘဲ အသက်ဘေးမှ ကုသိုလ်ကံ အားလျော်စွာ လွတ်ကင်းချမ်းသာခဲ့ပါမူ နောင်ကို မည်သည့် ဘေးဥပဒ်မျှမရှိ၊ အသက်ရှည်ခြင်း၊ ဘုန်းသမ္ဘာကြီးခြင်း၊ စည်းစိမ် ချမ်းသာကြီးခြင်းတို့ ဖြစ်လတ္တံ့ဟု ပြောဟောလေ၏။

ထိုအခါ ကျွန်ုပ်၏ ဖခင်သူဌေးကြီးက မြင်မက်သောအိပ်မက်အရနှင့် ပုဏ္ဏားတို့ ဟောပြောချက် ညီညွတ်ခြင်းကြောင့် ကျွန်ုပ်ကို ပြောကြားလာသည်ကား အေဂျစ် မင်းသား သည် သံလိုက်တောင်ကို ဖြိုဖျက်ပြီးသည်မှာ ဆယ်ရက်ရှိပြီ၊ ကျန်သော ရက်လေးဆယ် အတွင်း ဤအရပ်၌ ထိုမင်းသားရော အခြားသောသူတို့ပါ မလာမရောက်တန်ရာ၊ ဤသို့ အောက်မေ့၍ ဥမင်ကို ကောင်းမွန်စွာ တူးစေပြီးသော် အသက်ဘေးမှ ချမ်းသာရာရလေအောင် ကျွန်ုပ်ကို ဤအရပ်၌ ဖခင်သူဌေးကြီးက ဝှက်ထားလာခြင်းဖြစ်သည်၊ သို့ဖြစ်၍ နောက် ရက်ပေါင်း ၄၀ မျှသာ ကျန်ပါတော့သည်ဟု ပြောလေ၏။

ကျွန်ုပ်သည် သူငယ်၏ စကားကိုကြားရလျှင် အလွန်ရယ်ချင်ခြင်း ဖြစ်လေ၏၊ ကျွန်ုပ်လည်း ၎င်းသူငယ်အား သင်မည်သည်ကိုမျှ ကြောက်ရွံ့ခြင်း မရှိလင့်၊ ငါရောက် လာသည်မှာ သင့်အတွက် အလွန်ကုသိုလ်ကံကောင်းသည်၊ ကျန်သော ရက်လေးဆယ် အတွင်းတွင် ဗေဒင်ဆရာတို့ဟောပြောသည့်အတိုင်း မဖြစ်စေရ၊ သင့်ကို ငါစောင့်ရှောက်

ကြည့်ရှုပါအံ့၊ ရက်လေးဆယ်လွန်၍ သင်၏ ဖခင်လာသောအခါမှ ပြောဆိုပြီးလျှင် အတူလိုက်မည်၊ ငါ၏ နေပြည်တော်သို့ ရောက်သောအခါ သင်တို့၏ကျေးဇူးကို အထူးသဖြင့် ဆပ်ပါအံ့ဟု ပြောသည်။

ဤသို့ပြောပြီးလျှင် ကျွန်ုပ်အား အေဂျစ်မင်းသားဟု သိလျှင် ကြောက်ရွံ့မည်စိုးသဖြင့် မသိစေဘဲထားလိုက်သည်၊ ဤအခါမှစ၍ ကျွန်ုပ်တို့သည် စားအတူ သောက်အတူနေကြ၏၊ သုံးဆယ့်ကိုးရက်အလွန် ရက်လေးဆယ် စေ့ရောက်သောနေ့၌ ၎င်းသူငယ်က ဘုရား၊ တရား၊ သံဃာ၏ ဂုဏ်ကျေးဇူးတော်ကြောင့် လည်းကောင်း၊ အသင် စောင်မကြည့်ရှု နေပေသောကြောင့် လည်းကောင်း ရက်လေးဆယ်စေ့ရောက်ပေပြီ၊ မည်သည့် ဘေးဥပဒ်မျှမရှိ၊ အသက်ဘေးချမ်းသာရပေတော့မည်၊ ကျွန်ုပ်၏ ဖခင်လည်း လာတော့မည်၊ လာသောအခါ သင်လည်း ပြည်တော်သို့ပြန်ရန်သာ ရှိပါတော့သည်ဟု ပြောဆိုသည်၊ တစ်ဖန် ဖခင်သူဌေးကြီး လာရန် အချိန်နီးပြီဟုဆို၍ သန့်ရှင်စင်ကြယ်စေခြင်းငှာ ရေမိုးချိုးသည်၊ ပြီးမှ အဝတ်တန်ဆာ တို့ကို လဲလှယ်သည်၊ ထို့နောက် သူငယ်သည် အိပ်ရာထက်၌ လဲလျောင်းပြီးလျှင် ဆာမွတ်ခြင်းကြောင့် နွားနို့၊ ထောပတ်၊ သကြားနှင့် ရောက်ချို ရောက်ပန်းသီးတို့ကို တောင်းလေသည်။ ကျွန်ုပ်လည်း အလုံးစုံတို့ကို ယူ၍ ပေး၏၊ ထိုအခါ လှီးရန်ဓား ရှာမတွေ့၍ ၎င်းသူငယ်အား မည်သည့်နေရာ၌ ဓားရှိသနည်းဟု မေးသည်။ ယခု ကျွန်ုပ်အိပ်သောနေရာ အထက်တန်းပေါ်တွင် ရှိပါသည်၊ ယူပါတော့ဟု ပြောလျှင် ကျွန်ုပ်လည်း တက်၍ ဓားကို ယူသည်၊ ဓားသည် လက်က လွတ်ပြီးလျှင် ၎င်းသူငယ်၏ ရင်ဝသို့ကျ၍ စိုက်လျက်နေသည် ဖြစ်သောကြောင့် သူငယ် အသက်သေဆုံးသွားလေ၏။

ကျွန်ုပ်လည်း ယူကျုံးမရ အလွန်ပူဆွေးဒုက္ခဖြစ်ပြီးလျှင် မျက်ရည် မဆည်နိုင်အောင် ဖြစ်ရသည်၊ ဤသို့ဖြစ်ရခြင်းကြောင့် စိတ်ပင်ပန်းသည်က တစ်ကြောင်း၊ အလွန်တရာ သနားသည်က တစ်ကြောင်း၊ ရင်ဝ၌ ဓားစိုက်လျက်နေသည်ကို မမြင် မကြည့်ဝံ့သည်က တစ်ကြောင်း အဆောတလျင် ဥမင်တွင်းမှ အထက်သို့တက်ခဲ့သည်၊ တံခါးကို ပိတ်မြဲအတိုင်း ပိတ်ထား၍ ကျောက်ခဲသလဲတို့ကို အထက်ကကဲ့သို့ ဖုံးဖိပြီးသော် နောက်သို့လှည့်၍ ကြည့်လိုက်လျှင်ပင် သင်္ဘောလာသည်ကို မြင်လေ၏။

ထိုအခါ ကျွန်ုပ်လည်း ယခင်က သစ်ပင်ထက်သို့တက်ပြီးလျှင် ပုန်းလျှို း၍ နေရာ သင်္ဘော ဆိုက်ကပ်ပြီးသော် သူဌေးကြီးနှင့် နောက်လိုက်နောက်ပါတို့ သင်္ဘောပေါ်မှ

ဆင်းလာကြသည်၊ တံခါး၌ ဖုံးဖိထားသော အမှတ်အသားတို့ လက်ရာခြေရာပျက်ယွင်းသည်ကို မြင်သည်နှင့် တစ်ပြိုင်နက် သူဌေးကြီးသည် မျက်နှာမသာမယာနှင့်ပင် တံခါးကိုဖွင့်သည်၊ ထို့နောက် သားကိုခေါ်ရာ သားက မထူးခြင်းကြောင့် ထိုဥမင်အတွင်း လိုက်လံကြည့်ရှုကြသည်၊ ထိုအခါ ရင်ဝ၌ ဓားစိုက်လျက် သေနေသည်ကို မြင်လေသော် သူဌေးကြီး မူးဝေမေ့မျောသွားလေ၏၊ သူဌေးကြီး၏ တပည့်သားမြေးတို့သည်လည်း ငိုကြွေးလျက် သူဌေးကြီးကို ဥမင်ပြင်ပသို့ ယူဆောင်ခဲ့ကြပြီး လေခတ်ပေးသဖြင့် သတိရရှိလေ၏။

ထိုအခါ သူဌေးကြီးသည် နှလုံးမသာမယာခြင်းကြောင့် သြော် ငါသည် ပစ္စည်းဥစ္စာ၊ ရတနာ၊ ရွှေငွေတို့ အလွန်ပေါများ ကြွယ်ဝလျက် မကုန်မခန်းနိုင်အောင်ရှိငြားသော်လည်း သားသမီးမရှိ၊ သားသမီးရမည့်အကြောင်းကို ဆုတောင်းပတ္တနာ အတန်တန်ပြုရာ ဧကပုတ္တ တစ်ယောက်တည်းသောသားကို ရရှိခဲ့သည်၊ ရရှိပြန်ပါသော်လည်း သက်ဆိုး မရှည်လေစွ တကား၊ ငါသည် ချမ်းသာကျိုးမနပ်လေစွတကား၊ ကုသိုလ်ကံ အကျိုးပေးနည်းလေစွတကား၊ သားတည်း ဟူသော ရတနာသည် ဆုံးရှုံးလေစွတကား၊ ငါ၏ သားသည် မသေမူ၍ ငါသာ သေပါမူ ကောင်းလေစွတကား၊ ငါ ဆုပတ္တနာအကြိမ်ကြိမ် တောင်းရကျိုးသည် မနပ်လေစွ တကား၊ ပထမဆုတောင်းစဉ်အခါက ဤသားကိုမရပါမူ သံယောဇဉ်လည်းမရှိ၊ ဒုက္ခပရိဒေဝ တည်းဟူသော မီးတို့သည် မတွေ့မကြုံရဟု ငိုယိုမြည်တမ်းသည်၊ ထိုသို့မြည်တမ်းပြီး သူဌေးကြီးသည် ပင်ပန်းကြီးစွာငိုကြွေးသည်၊ သား၏အလောင်းကို သင်္ဂြိုဟ်ပြီးမှ ကျန်သော အစားအစာရိက္ခာတို့ကို ယူဆောင်လျက် သူဌေးကြီးကိုတွဲမပြီး သင်္ဘောပေါ်သို့တင်ဆောင်၍ နောက်လိုက်များနှင့် သူဌေးကြီးတို့ ပြန်ကြလေ၏။

ထိုအခါ ကျွန်ုပ်သည်လည်း တစ်ကိုယ်တည်းဖြစ်၍ ထိုဥမင်အတွင်းတွင်ပင် တစ်ည တည်းခိုနေထိုင်သည်၊ နံနက် မိုးသောက်သောအခါမှ ထွက်လာ၍ ထိုကျွန်းကို တစ်လပတ်လုံး လှည့်လည်ကြည့်ရှုသည်၊ တစ်နေ့သ၌ ချောင်းခြားလျက်ရှိသော ကျွန်းတစ်ကျွန်းကို မြင်လေသော် ပေါင်နှင့်လည်ပင်းတိုင်ရုံမျှသာနက်သည့် ချောင်းဖြစ်၍ ကူးလာခဲ့သည်၊ ထိုကျွန်းသို့ ရောက်လေလျှင် တောင်မြောက်လေးပါးတို့ကို လှည့်လည်ကြည့်ရှုပြန်က မီးပုံကြီးနှင့် တူသော အရာတစ်ခုကို မြင်ရသည်၊ ထိုအရပ်သည် လူရှိ၍သာလျှင် မီးကိုရှုမြင်ရနိုင်၏ဟု အောက်မေ့ တွေးတောလျက် သွားလေသော် အနီးသို့ရောက်သောအခါ မီးမဟုတ်ဘဲ ကြေးနီအိမ်ကြီးကို နေရောင်ထိုးသဖြင့် မီးသဏ္ဍာန်ထင်ရခြင်းသာ ဖြစ်လေ၏။

ကျွန်ုပ်လည်း ထိုအိမ်၏အနီး၌ပင် ထိုင်နေပြီး ကြေးနီအိမ်ကြီးကို ဆောက်လုပ်ခြင်းကား အလွန်အံ့သြဖွယ်ကောင်းလေစွ တကားဟု တွေးကာ ကြည့်ရှုနေစဉ် ထိုအိမ်၏အတွင်းမှ သူငယ်ဆယ်ယောက်တို့ ထွက်လာကြသည်၊ ဆယ်ယောက်လုံးပင် ညီတူညီမျှ လက်ယာဘက် မျက်စိတို့ အလင်းမရရှိကြသည့်ပြင် လူအိုကြီးတစ်ယောက်လည်း အတူပါလာလေ၏။

ဤအခါ ကျွန်ုပ်သည် တစ်ယောက်တည်းမဟုတ်၊ အားလုံးပင် တညီတညွတ်တည်း စက္ခု၏ အလင်းမရခြင်းကို အံ့သြသည်ကတစ်ကြောင်း၊ စုရုံး၍လာကြသည်မှာ မည်သို့ အကြောင်းရှိမည်ကို သိလိုသည်က တစ်ကြောင်းကြောင့် ကြည့်ရှုသည်၊ ထိုသို့ကြည့်နေစဉ် သူတို့သည်လာ၍ ကျွန်ုပ်အား နှုတ်ဆက်မေးမြန်းကြသည်၊ ကျွန်ုပ်လည်း အသင်တို့ကို ပြန်ကြားရမည် ဆိုသော် အလွန်စကားရှည်ပါလိမ့်မည်၊ သို့သော်လည်း နားထောင်လိုကြသော ဆန္ဒရှိက ပြန်ကြားပြောဆိုပါမည်ဟု ပြောပြသည်။

ထိုအခါ သူငယ်တို့သည် ထိုင်၍ နားထောင်ကြသည်။ ကျွန်ုပ်လည်း ဖြစ်ခဲ့သမျှ အလုံးစုံကို ပြန်ကြားပြောဆိုသည်၊ ထိုအခါ အလွန်တရာအံ့သြခြင်းဖြစ်ကြပြီးလျှင် သူတို့နှင့် အတူ လိုက်ပါရမည်ဟု ခေါ်ကြလေ၏၊ ယင်းသို့ခေါ်ငင်သဖြင့် ကျွန်ုပ်လည်း ထိုအိမ်အတွင်းသို့ လိုက်ပါလာခဲ့သည်၊ ထိုအိမ်သည် အလွန်ကောင်းမွန်လှပစွာသော အခန်းတို့ဖြင့် စီမံခင်းကျင်း ထားသည်၊ အခန်းတစ်ခု၏ အလယ်၌ ကတ္တီပါအပြာဖြင့်လုပ်သော ခုံဆယ်ခုကို ဝိုင်းလျက်ချ ထားသည်၊ ၎င်းခုံဆယ်ခု၏ အလယ်၌ ခုံတစ်ခုရှိသည်၊ ထိုခုံများပေါ်၌ ကိုယ်စီကိုယ်စီ ထိုင်ကြပြီးလျှင် ကျွန်ုပ်အား ကော်ဇောပေး၌ ထိုင်စေ၍ တစ်ယောက်သောသူငယ်က သင်သည် သင်နှင့်မပတ်သက်ဘဲ ကျွန်ုပ်တို့နှင့်သာ သက်ဆိုင်သောအရာကိုလည်းကောင်း၊ ကျွန်ုပ်တို့၏ စက္ခုအလင်းမရခြင်းကို လည်းကောင်း မမေးပါလင့်၊ သင်မြင်သရွေ့နှင့်ပင် နေပါဟု မှာထားသည်၊ ပြီးသော် လူအိုကြီးက ထသွားကာ ညစာကိုယူခဲ့ပြီးလျှင် ကျွန်ုပ်ပါ ကျွေးမွေး သည်၊ ပြီးမှ ကျွန်ုပ်၏ အကြောင်းမေးမြန်းသဖြင့် ကျွန်ုပ်က အလုံးစုံကို ပြန်ပြောခဲ့သည်၊ ဤကဲ့သို့ ပြောနေစဉ် ညဥ့်သန်ခေါင် ရောက်သောအခါ သူငယ်တစ်ယောက်က သူတို့၏ အပေါင်းအဖော်တို့အား ငါတို့ဝတ္တရားရှိသည်ကို ပြုလုပ်ကြအံ့ဟုပြောသဖြင့် လူအိုကြီးက ထသွားပြီးလျှင် အင်တုံဆယ်ခု၌ ပြာ၊ မီးသွေး ကျပ်ခိုးတို့ကိုထည့်၍ ပြာသောအထည်ကို ဖုံးအုပ်ပြီး တစ်ယောက်လျှင် တစ်ခုကျစီ ပေးဝေသည်၊ ပြီးမှ ၎င်းအင်တုံတွင်းမွှေနှောက်ပြီး ကြောက်မက်ဖွယ် ဝတ်ထားသော အဝတ်တို့ကိုဆုပ်၍ ရင်ဘတ်စည်တီး ထုရိုက်ပြီး

ငိုကြွေးကြလေ၏၊ နံနက်လင်းမှ ၎င်းအင်တုံကို လူအိုကြီးအားပေးပြီးလျှင် ရေမိုးဖြင့် ဆေးကြော သုတ်သင်၍ အဝတ်တန်ဆာတို့ကို လဲလှယ်ကြလေ၏၊ ဤကဲ့သို့ လုပ်ကိုင်နေကြသည်ကို ကျွန်ုပ်သည် အကြိမ်ပေါင်း မရေမတွက်နိုင်အောင် မေးမည်ကြံပါသော်လည်း သစ္စာကတိ ရှိခြင်းကြောင့် မမေးဘဲနေရလေ၏။

နံနက်မိုးသောက်သော ကတိရှိငြားသော်လည်း အလွန်ပင်သိလိုသောကြောင့် ယမန်နေ့ညက သင်တို့ ကိုယ်စီကိုယ်စီ မျက်နှာတို့၌ ပြာ၊ အိုးမဲများကို သုတ်လိမ်းခြင်းသည် မည်သည့် အကြောင်းနည်း၊ လက်ယာဘက်မျက်လုံး အလင်းမရခြင်းသည် မည်သည့် အကြောင်းနည်းဟု ကျွန်ုပ်က မေးမြန်းသည်၊ သို့သော် ပြန်ကြားဖြေဆိုခြင်းမရှိ၍ ကျွန်ုပ် ဘာမျှမသိရ၊ သို့ဖြစ်သောကြောင့် တစ်နေ့သ၌ ကျွန်ုပ်က သူငယ်များအား ကျွန်ုပ်၏ တိုင်းပြည်သို့ ပြန်လိုသည်၊ လမ်းခရီးကို ပြန်ညွှန်ကြပါ၊ ဤတွင်နေထိုင်သော်လည်း ကျွန်ုပ် အတွက် အကျိုးရှိမည်မဟုတ်၊ သင်တို့ပြုလုပ်သော အခြားအရာကိုလည်း မသိရပါဟု ပြော သည်။

## သိလိုလျှင် သင်ဒုက္ခရောက်လိမ့်မည်

သူငယ်တစ်ယောက်က သင်သည် ကျွန်ုပ်တို့ ကံမကောင်း၍ ဖြစ်ကြရခြင်းကို သိလိုလျှင် ဒုက္ခရောက်ခြင်း၊ စိတ်၏ညစ်ညျုးခြင်းကို ခံရလိမ့်မည်၊ ကျွန်ုပ်တို့မျက်စိကဲ့သို့ မျက်စိတစ်ဖက်လပ်ခြင်းလည်း ဖြစ်ရလိမ့်မည်၊ ဖြစ်ပြီးသော အခါ၌လည်း လူဆယ်ယောက်သာ အလိုရှိသည်ဖြစ်၍ သင်သည် ကျွန်ုပ်တို့နှင့် အတူမနေရချေဟုပြောသည်၊ ကျွန်ုပ်လည်း ကိစ္စမရှိပါ၊ ကျွန်ုပ်အား ပြောကြားပါလောဟုဆိုရာ သူငယ်တစ်ယောက်က သင့်ကို ယခု သိုး၏ အရေထဲသို့ ထည့်သွင်း၍ ချုပ်ပြီးလျှင် ဓားတစ်စင်းကို သင်၏လက်သို့ ပေးအပ်၍ထားအံ့၊ ထိုအခါမှ သမ္ဘတ္တငှက် ဘီလူးကြီးကလာ၍ သင့်ကို ချီသွားပြီးလျှင် တောင်ထိပ်တစ်ခု၌ စားရန် ချလိမ့်မည်၊ ထိုအခါ သိုးရေကို ဓားဖြင့် ဖြတ်လိုက်လျှင် ထိုငှက်ကြီးသည် သင့်ကို မြင်သည်နှင့် တစ်ပြိုင်နက်တည်း ကြောက်လန့်၍ ပျံသွားလိမ့်မည်၊ ထိုနေရာမှ နေ့ဝက်ခရီးဖြင့်သွားသော် ရွှေငွေ ကျောက်သံပတ္တမြားတို့ဖြင့် စီခြယ်ထားသော နန်းတော်ကို တွေ့လတ္တံ့၊ တွေ့သောအခါ ၎င်းနန်းတော်သို့ဝင်သွားရမည်၊ ဤအခါ ငါတို့ကဲ့သို့ ဖြစ်လိမ့်မည်ဟု ပြောဆိုလေ၏။

ဤသို့ပြောဆိုလေလျှင် သိုးတစ်ကောင်ကိုယူဆောင်ခဲ့၍ လည်ကိုဖြတ်လျက် အရေကို ခွာပြီးလျှင် ဓားတစ်စင်းကို ကျွန်ုပ်လက်ဝယ်အပ်သည်၊ ပြီးမှ ကျွန်ုပ်အား သိုးရေအတွင်းသို့ သွင်း၍ ချုပ်ကြပြီးနောက် အပြင်အပ၌ ချထားပြီး သူငယ်များ အိမ်တွင်းသို့ ဝင်သွားကြလေ၏၊ နောက်များမကြာမီ ငှက်ကြီးသည်လာ၍ ကျွန်ုပ်ကို သုတ်ချီပြီး တောင်ထိပ်၌ စားမည်ဟု ချထားသည်။

ထိုအခါ ကျွန်ုပ်လည်း မှာထားရင်းအတိုင်း သိုးရေကိုဓားနှင့်ဖြတ်လိုက်သော် ငှက်သည် ကြောက်လန့်၍ အခြားသို့ ပျံလေ၏၊ ကျွန်ုပ်လည်း တောင်ပေါ်မှဆင်းလာခဲ့လျှင် သူတို့ ပြောလိုက်သော နန်းတော်ကို တွေ့ရှိလေ၏၊ နန်းတော်ကိုတွေ့လျှင်ပင် ကျွန်ုပ်သည် နန်းတော်အဆောင်တွင်းသို့ ဝင်ခဲ့ရာ အလွန်လှပတင့်တယ်ပြီး မငယ်လွန်းမကြီးလွန်းသော မိန်းမလေးဆယ်တို့ကို တွေ့ရှိရသည်၊ ထိုမိန်းမပျိုတို့က ကျွန်ုပ်အား မည်သည့်အရပ်က ကြွတော်မူခဲ့သနည်း၊ မာတော်မူပါ၏လော၊ ကျန်းခံ့သာယာစွာ ရှိတော်မူပါ၏လော စသည်ဖြင့် နှုတ်ခွန်းဆက် မေးမြန်းကြသည်၊ ပြီးမှ ကောင်းမွန်သော နေရာထိုင်ခင်းကို ပေးကြလေ၏။

ထို့နောက် သူတို့က ကောင်းမွန်ထူးမြတ်သော အစာအာဟာရတို့ကို ကျွေးမွေးပြီး ပျော်ရွှင်စွာ နေထိုင်ကြသည်၊ ညပိုင်း ရောက်ပြန်သောအခါ မိန်းမပျိုလေးဆယ်တို့သည် ကျွန်ုပ်ကိုဝိုင်းလျက် ကခုန်မြူးထူးကြပြန်ကာ သူတို့၏အလိုသို့ လိုက်ပါစေသည်၊ ပြီးမှ အဖိုး ထိုက်တန်လှသော အဝတ်တန်ဆာတို့ကို ပေးကမ်းလျက် ကျွန်ုပ်အား ကောင်းမွန်စွာ ထားကြလေ၏။

## မခွဲချင်ပေမယ့် ခွဲခွာကြရတော့မည်

ဤကဲ့သို့ နေထိုင်ကြရာ နှစ်ဆန်းတစ်ရက်နေ့၌ ထိုမိန်းမလေးဆယ်တို့သည် ကျွန်ုပ်အား ဝိုင်းဝန်း၍ ဆွဲငင်ကြပြီးလျှင် ယခုသည်ကား အလွန်တရာချစ်ခင်ငြားသော်လည်း ခွဲခွာရ တော့မည်၊ မခွဲချင်ဘဲလျက် ခွဲခွာရတော့မည့်အကြောင်း ကံဆိုးညစ်လေစွ၊ သင်ကဲ့သို့ လှပသော သူကိုမတွေ့ဖူးလေ စသည်ဖြင့် ပြင်းပြစွာ ငိုကြွေးမြည်တမ်းကြလေသော် ကျွန်ုပ်က မည်သည့် အကြောင်းနည်းဟု မေးလတ်လျှင် အခြားမဟုတ်၊ ကျွန်ုပ်တို့သည်ကား ရှင်ဘုရင်၏ သမီးတော်ချည်းပင်တည်း၊ ယခု ကျွန်ုပ်တို့သည် ဝတ္တရားရှိသည့်အတိုင်း ရက်ပေါင်း လေးဆယ် ပတ်လုံး ဘုရားဝတ်တက်သွားကြရမည်၊ သို့ရာတွင် သင်သည် ကျွန်ုပ်တို့က ချစ်ခင်သကဲ့သို့

ချစ်ခင်ပါမူ ထိုရက်ပေါင်း လေးဆယ်တိုင်အောင် စောင့်ဆိုင်းပြီး နေရစ်ပါ၊ နေရစ်သော အခါမှာလည်း မပျင်းမရိစေခြင်းငှာ အလွန်ထူးဆန်းသော အခန်းပေါင်းတစ်ရာ ရှိသည့်အနက် ကိုးဆယ့်ကိုးခန်းကို ဖွင့်လှစ်ပြီး ကြည့်ရှုပါ၊ ထို့နောက် အပျင်းဖြေ၍ စံနေတော်မူရစ်ပါ၊ သော့ပေါင်း ကိုးဆယ့်ကိုးစင်းကိုလည်း ပေးခဲ့ပါမည်၊ သို့သော် ကျန်သော တစ်ခန်းကို မကြည့်မရှုပါနှင့်၊ အကယ်၍ကြည့်ရှုလျှင် ကျွန်ုပ်တို့နှင့် ကွဲကွာခြင်း ဖြစ်ရပါလိမ့်မည်ဟု မှာထားကြလေ၏။

ထိုအခါ ကျွန်ုပ်လည်း ကောင်းပါပြီ၊ ကိုးဆယ့်ကိုးခန်းကိုသာ ဖွင့်လှစ်ကြည့်ရှုပါမည်ဟု သစ္စာကတိပြုရာ ထိုမိန်းမလေးဆယ်တို့သည် သွားကြလေ၏၊ ၎င်းမင်းသမီးလေးဆယ်တို့ မရှိလျှင်ပင် တစ်ယောက်တည်း ဖြစ်ခြင်းကြောင့် အပြင်းပြေစေခြင်းမှာ ပထမအခန်းကို ဖွင့်လှစ်ကြည့်ရှုသည်။

ထိုအခန်းဝယ် သရက်၊ ပိန္နဲ၊ မာလကာ၊ သြဇာ၊ မရမ်း၊ ရှောက်ပန်း၊ ရှောက်ချိုတို့နှင့် အဖုံဖုံသော စားဖွယ်သောက်ဖွယ် သစ်ပင်တို့သည် သီးလျက်တချို့၊ ပွင့်လျက်တချို့၊ ညို့ညို့စိမ့်စိမ့် အေးအေးငြိမ့်ငြိမ့်တစ်ဖုံဖြင့် သာယာဖွယ်ရှိလေ၏၊ တစ်ဖန် ပထမအခန်းကို ပိတ်၍ ဒုတိယအခန်းကို ဖွင့်လှစ်ပြန်သော် စံပယ်၊ ကြက်ရုန်း၊ ဂမုန်း၊ ခတ္တာ၊ ဇီဇဝါနှင့် ရွှေဝါရွှေဖီ၊ နှင်းဆီဒေါ်နဲ၊ သော်က သဇင်၊ တော်ဝင်မုလေး၊ ပျံ့အေးကြိုင်ရှင်၊ ကြည်လင် ညွှတ်နူး၊ စိတ်လက် မြူးမျှ ကောင်းမွန်တင့်တယ်စွာ သာယာမွှေးကြိုင်နေသည်ကို တွေ့ရလေ၏။

## တတိယတံခါးကို ဖွင့်ကြည့်လိုက်သော်

တစ်ဖန် ထိုတံခါးကိုပိတ်၍ တတိယတံခါးကို ဖွင့်လှစ်ကြည့်ရှုပြန်သော် အလွန်လှပ တင့်တယ်သော သာလိကာနှင့် ဥသြ စသည်တို့ကို တွေ့ရသည်၊ ထိုကျေးငှက် တို့သည် သူတို့ ဘာသာဘာဝ မ,ဖိုခေါ်ထူး တွန်ကြူးနေကြသည်၊ ဒေါင်းဖို၊ ဒေါင်းမတို့ကလည်း ချစ်ကြည်နူး၍ မြူးနေကြသည်၊ ဟင်္သာ စင်ရော်၊ ဖိုးခေါင်ကျော်တို့ကလည်း ပင်ယံထက်၌ စာစာည်ည်၊ အသံမစဲ၊ လည်ချင်းတွဲလျက်၊ န္တကာပျော်ကာ၊ ပမာလူလို၊ ချစ်တင်းဆိုနေကြရင်း သားငယ်တို့ကို အစာခွံကျွေး၊ အေးလူသာယာလှသော သူတို့အသံကြောင့် နာ၍မငြီးအောင်ပင် နားစည်းစိမ်ခံစားရသဖြင့် ၎င်းအခန်းတွင်ပင် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

နံနက်ခင်း၌ မိုးသောက်လတ်သော် တတိယတံခါးကိုပိတ်ကာ စတုတ္ထအခန်းကို ဖွင့်ကြည့်သည်၊ ထိုအခန်းအတွင်းဝယ် အခန်းပေါင်း လေးဆယ်ရှိပြီး ထိုအခန်း လေးဆယ် အတွင်း၌ စိန်တစ်ခန်း၊ မြတစ်ခန်း၊ ပတ္တမြားတစ်ခန်း၊ နီလာတစ်ခန်း၊ ဥဿဖယားတစ်ခန်း၊ ဂေါ်မုတ်တစ်ခန်း၊ ပုလဲတစ်ခန်း စသည်ဖြင့် တွေ့ရပြီး ကျောက်ကောင်းကျောက်မြတ်တို့ဖြင့် အလွန်ထူးဆန်း စီခြယ်ထားသည်၊ ၎င်းရတနာတို့မှာ အတိုင်းတိုင်း အပြည်ပြည်ရှိ ဘုရင်မင်း တို့တွင် ရှိမည်ဝေး၍ ကြားမျှမကြားဖူးအောင် ဖြစ်လေ၏၊ ပြီးလျှင် ပဥ္စမ၊ ဆဋ္ဌမ၊ သတ္တမ၊ အဋ္ဌမ၊ နဝမ၊ ဒသမ၊ ဧကာဒသမ အစရှိသော အခန်းစဉ်တို့ကို ကြည့်ရှုကာ သုံးဆယ့်ကိုးရက် မြောက်သော နေ့၌ ကိုးဆယ့်ကိုးခန်း စေ့ရောက်သွားခဲ့သည်။

တစ်ဖန် ကျန်သောအခန်းကို အလွန်တရာကြည့်ရှုလိုသော ဆန္ဒကြောင့် သော့တို့ကို ချိုးဖဲ့ပြီးလျှင် ဖွင့်လှစ်သည်နှင့် တစ်ပြိုင်နက် မှူးမိုင်တွေဝေ မေ့လျော့ခြင်းသို့ ရောက်သွားရာ တစ်နာရီခန့်ကြာမှ သတိရလေ၏၊ အလုံးစုံကို လှည့်လည်ကြည့်ရှုသော် အလွန်တရာ မွှေးကြိုင်သော နှင်းရည်အမျိုးမျိုးနှင့် နံ့သာဆီအမျိုးမျိုးတို့ကို ရွှေစည်ပိုင်းကြီးငယ်တို့ဖြင့် ထည့်လျက် ထားသည်ကို တွေ့ရသည်၊ အကျော်ကရမက်၊ ကတိုးစသည်တို့သည်လည်း များစွာ ပါရှိလေ၏၊ ၎င်းအပြင် ရွှေကကြိုး၊ ရွှေကုန်းနီး၊ ရွှေပန်းဖွားတို့ဖြင့် ဆင်ယင်ထားသော မြင်းနက်တစ်ကောင်ကိုလည်း တွေ့ရှိရပြန်သည်။

ထိုမြင်းသည်ကား အခြားသောမြင်းတို့နှင့်မတူ ထူးဆန်းသော မြင်းပင်ဖြစ်သည်ဟု တွေးပြီး ဆွဲငင် ထုတ်ယူခဲ့ပြီး မြင်းပေါ်ထက်သို့ တက်၍ စီးလိုက်သည်၊ သို့သော် အကြိမ်ကြိမ်ပင် မောင်းနှင်သော်လည်း မတုန်မလှုပ်ပင်ရှိနေ၏၊ တစ်ဖန် ကြိမ်နှင့်နှင်တံကိုယူခဲ့ပြီး ရိုက်နက်ရာ ကောင်းကင်ဝဠာ အာကာတိမ်တိုက်သို့ ပျံတက်ပြီးမှ မြေသို့ဆင်းသက်လျက် ကျွန်ုပ်ကို ကုန်းခါ၍ချပြီးသော် အမြီးနှင့်ပုတ်ခတ်လေသောကြောင့် လက်ယာမျက်လုံးသည် အလင်းမရ ဖြစ်၏၊ ထိုအခါ မြင်းလည်း ကွယ်ပျောက်လေ၏။

ထို့နောက် ကျွန်ုပ်သည် မည်သည့်အရပ်ဒေသသို့ သွားရမည်ကို မသိနိုင်ခြင်းကြောင့် ဆံမုတ်ဆိတ်စသည်တို့ကို ရိတ်ပြီးလျှင် ဤတိုင်းပြည်၏ အရှင်ဘုရင်မင်းကြီး လျှုဒါန်း ပေးကမ်းစွန့်ကြဲခြင်း၌ ရက်ရောသဒ္ဓါအားကြီးလှသည်ဟု ကြားသိရ၍ ထွက်လာခဲ့ရာ မြို့တွင်းသို့ ဝင်မိလျှင် ယခု သခင်မ၏ အိမ်ဝ၌ပင် ဤခရီးသွားနှစ်ယောက်ကို ဒိဋ္ဌတွေ့မြင်ရခြင်း ဖြစ်ပါသည်ဟု ပြောဆိုလေသတည်း။

ထိုသို့ ပြောဆိုပြီးလျှင် ဇိုဘီဒီလည်း တစ်ဖန် ကုန်သည်ယောင်ဆောင်လျက် လာသည့် ပြည့်ရှင်မင်းကြီးနှင့် အမတ်ကြီးကိုမေးမြန်းသော် ပြည့်ရှင်မင်းကြီးက ကျွန်ုပ်တို့ကား အထူးထပ်၍ ပြောရန်မရှိ၊ ကျွန်ုပ်တို့လာစဉ်အခါကပင် တံခါးဝ၌ အလုံးစုံပြန်ကြား ပြောဆိုပြီး ဖြစ်ပါသည်ဟု ပြောဆိုသည်၊ ဇိုဘီဒီက ကောင်းပြီ၊ သင်တို့အလိုရှိရာသို့သွားကြလောဟု ခွင့်လွှတ်သော် ပြည့်ရှင်မင်းကြီးနှင့်တကွ ခရီးသွားသုံးယောက်တို့ ထွက်လာခဲ့ကြလေ၏။

ထိုအခါ မင်းကြီးက ခရီးသွားသုံးယောက်အား သင်တို့ မည်သည့်အရပ်သို့ သွားကြ မည်နည်းဟု မေးတော်မူလျှင် ခရီးသွားသုံးယောက်တို့က မည်သည့်အရပ်သို့ သွားရမည်ကို မသိနိုင်အောင်ပင် ရှိပါသည်ဟု ပြောကြသည်၊ မင်းကြီးသည် အမတ်ကြီးအား ၎င်းခရီးသည် သုံးယောက်တို့ကို သင်၏အိမ်မှာနေစေပြီးမှ နံနက်အခါ ငါ၏ထံခေါ်ဆောင်ခဲ့ရမည်ဟု အမိန့်တော် ရှိပြီးလျှင် နန်းတော်သို့ ပြန်တော်မူလေ၏၊ ၎င်းညီအစ်မသုံးယောက်တို့၏ အကြောင်းကို အလွန်သိလိုတော်မူသော ဆန္ဒကြောင့် စက်တော်ခေါ်၍မျှ ပျော်တော်မမူ နိုင်အောင်ပင် ရှိလေသတည်း။

နံနက်မိုးသောက် ရောက်လတ်သော် ရာဇပလ္လင်ဥကင်ထက်သို့ ကြွရောက် စံပယ်တော် မူ၍ အမတ်ကြီးအား ယမန်နေ့ညက ခရီးသည်သုံးဦးကို လည်းကောင်း၊ ညီအစ်မ သုံးယောက်တို့ကို လည်းကောင်း ခေါ်ခဲ့ရမည်ဟု မိန့်တော်မူရှိသည်၊ ထိုအခါ အမတ်ကြီးက ညီအစ်မသုံးယောက်နှင့် ခရီးသည်သုံးဦးတို့ကို ခေါ်ခဲ့၍ ရှေ့တော်သို့ရောက်လျှင် မင်းကြီးက အို ညီအစ်မသုံးဦးတို့၊ သင်တို့သည် ခွေးနက်ကြီးနှစ်ကောင်နှင့် ဖြစ်ကြသမျှသောအကြောင်းကို ငါ့အားလျှောက်တင်ကြရမည်၊ ယမန်နေ့ည၌အခါက ငါမှန်းမသိသောကြောင့် မေးမြန်း စစ်ကြောပြုလုပ်ခြင်းကို ငါ သည်းခံတော်မူအံ့ဟု မိန့်တော်မူလေသည်၊ ထိုအခါ ညီအစ်မ သုံးဦးတို့အနက် ပထမမိန်းမက ဤသို့တင်လျှောက်လေ၏။

***

# ပထမမိန်းမအကြောင်း

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရွှေနန်းရှင်ဘုရင်မင်းမြတ်၊ ကျွန်တော်မျိုးမ အကြောင်းကို ပြန်ကြားလျှောက်တင်ရမည်ဆိုသော် ထိုခွေးနက်မနှစ်ကောင်သည်ကား အခြားမဟုတ်ပါ၊ ကျွန်မ၏ တစ်အူထုံ့ဆင်း အစ်မအရင်းတို့တည်း၊ ကျွန်မသည် အငယ်ဆုံး ဖြစ်ပါသည်၊ ကျွန်မ၏ဖခင် ကွယ်လွန်သည့်အခါ အသပြာရှစ်သောင်းမျှ ကျန်ရှိရာ ခွဲဝေယူကြပြီးသော် အစ်မအကြီးနှစ်ယောက်တို့ အိမ်ထောင်ပြုကြသည်၊ ကုန်စည်များကို ဝယ်ခြမ်းလျက် ကျွန်မကိုထားခဲ့ကာ တစ်တိုင်းတစ်ပြည်သို့ ရောင်းချအံ့သောငှာ သွားကြသည်၊ လေးနှစ်ခန့်ကြာသောအခါ အစ်မများ၏ ခင်ပွန်းသည်တို့ မရိုးမဖြောင့်ဘဲ ဥစ္စာပစ္စည်းတို့ကို ဖြုန်းတီးလျက် ဇနီးမယားတို့အား ရိုက်နှက်နှင်ထုတ်လိုက်ရာ ကျွန်မ၏ အစ်မတို့သည် အဝတ်အစားပင် ကောင်းမွန်စွာမပါဘဲ သူတောင်းစားကဲ့သို့ ကျွန်မထံ ပြန်လာခဲ့ကြပါသည်။

## အမိအရာ၌ထားပြီး အတူနေသော်လည်း

ထိုအခါ အစ်မနှစ်ယောက်တို့အား ကျွန်မက ရုတ်တရက် မမှတ်မိဘဲ အတော်ကြာ စဉ်းစားမှ အစ်မများဖြစ်သည်ကို တပ်အပ်သိရှိသဖြင့် မည်ကဲ့သို့ ဖြစ်လာကြသနည်းဟု မေးမြန်းပါသည်၊ ကာမာဝစရ ကုသိုလ်ကံ အကျိုးပေးမကောင်း၍ အကြောင်းရေစက် ကုန်သောကြောင့် ဥစ္စာပစ္စည်းတို့ ဆုံးပါးပျက်စီးပြီး လင်သားနှင့် ကွဲကွာခဲ့ကြသည်ဟု သူတို့ ပြောကြသည်၊ ကျွန်မလည်း အစ်မနှစ်ယောက်တို့ကို ရေမိုးချိုးစေပြီး ကောင်းမွန်သော အဝတ်တန်ဆာများကို ပေးကမ်းသည်၊ ထို့နောက် အစ်မများကား သက်ကြီးဝါကြီးသူများ ဖြစ်ပေသည်၊ သို့ဖြစ်၍ အမိအရာ၌ နေပါဟုထားပြီး အတူတကွ နေထိုင်ကြပါသည်၊ တစ်နှစ်ကြာသော် လင်ယူလိုကြောင်းကို ပြောပြန်၍ ကျွန်မက အို.. အစ်မတို့၊ ဤအချိန်အရွယ်ရောက်မှ ကောင်းသော လင်သားကိုရနိုင်ရန် အလွန်ခဲယဉ်းပါ၏၊ ထို့ပြင် အစ်မတို့သည် အိမ်ထောင်ရေး အကြောင်းကိုလည်း သိကျွမ်းပြီးဖြစ်သည့်အတိုင်း ဆင်ခြင်ပါဟု တောင်းပန်ပါသည်။

သို့သော်လည်း မနေမူ၍ လင်ယူကြပြီးသော် လင့်နောက်သို့ လိုက်ပါသွားကြပြန်သည်။ မကြာမီ လင်မယားချင်း ရန်ခိုက်ဒေါသဖြစ်ပွားကြပြီး ကျွန်မထံပြန်လာခဲ့ကြသည်၊ မှားခဲ့သမျှကို

သည်းခံပါ၊ နောင်အိမ်ထောင်ခြင်းအမှုကို စိတ်မနှောမျှပင် ကြံစည်ခြင်းကို မပြုပါပြီဟု ဝန်ချတောင်းပန်ကြလေ၏၊ ထိုအခါ ကျွန်မလည်း ဤအစ်မများမှတစ်ပါး အခြားရင်းချာသောသူမရှိ၍ အတူပင်ပျော်ရွှင်စွာ နေထိုင်ကြပါဟုဆို၍ တစ်နှစ်ခန့် နေထိုင်ကြလေ၏။

ထို့နောက် ကျွန်မသည် ကုန်စည်တို့ကို ဝယ်ခြမ်းပြီး ပင်လယ်ခရီးလမ်းဖြင့် သွား၍ ရောင်းချမည်ရှိရာ အစ်မများကို အိမ်တွင်ပင် နေရစ်ကြမည်လော၊ သို့တည်းမဟုတ် အတူပင် လိုက်ပါလိုသလောဟု မေးမြန်းသည်၊ ခွဲခွာ၍မနေလို၊ အတူသာ လိုက်ပါလိုကြောင်း ပြောဆိုကြသဖြင့် ကျွန်မသည် ရှိရှိသမျှသော ဥစ္စာပစ္စည်းတို့ကို တစ်ဝက်ခွဲပြီးသော် နောက်အကြောင်း ကိစ္စရှိက ရစေလိုခြင်းငှာ သိုသိပ်စွာ လျှို့ဝှက်ထားခဲ့ပြီး တစ်ဝက်သော အသပြာတို့ဖြင့် ကုန်စည်တို့ကို ဝယ်ခြမ်းပြီး သင်္ဘောလွှင့်ခဲ့ပါသည်၊ သင်္ဘောလည်း နေ့ညမဆိုင်း အစဉ်သဖြင့် သွားသည်၊ ကပ္ပတိန်မာလိန်တို့ သင် မည်သည့်အရပ်သို့ ရောက်သွားရသည်ကို မသိ၍ တစ်ခါတစ်ရံ မရောက်ဖူးသော ပင်လယ်သို့ရောက်ကြပါသည်၊ ကပ္ပတိန်မာလိန်တို့လည်း ကြံရာမရသဖြင့် ဆက်၍ သင်္ဘောလွှင့်လတ်သော် ဆယ်ရက်ကြာသောအခါ မြို့တစ်မြို့ကို မြင်ရသည်၊ ကပ္ပတိန်အား မည်သည့်မြို့နည်းဟု မေးရာ ကပ္ပတိန်လည်းတစ်ခါမျှ မရောက်ဖူးသောကြောင့် မသိပါဟု ဖြေကြားပြီး ယခင်က မရောက်ဖူးသော်လည်း ဤမြို့တွင် ဆိုက်ကပ်၍ ပါရှိသော ကုန်စည်များကို ရောင်းချပါဟု ပြောကာ ထိုမြို့တွင်ပင် သင်္ဘော ဆိုက်ကပ်ပါ၏။

## ကျောက်ရုပ်ဖြစ်နေသော လူသူသတ္တဝါများ

သင်္ဘောဆိုက်ကပ်သည်နှင့် တစ်ပြိုင်နက် ကပ္ပတိန်သည် မြို့ကိုလှည့်လည်ကြည့်ရှု၍ ပြန်လာပြီး ကျွန်မတို့အား ထကြ၊ မြို့ကိုသွား၍ ကြည့်ရှုကြဟု ပြောသောကြောင့် လှည့်လည်ကြည့်ရှုရာ တစ်မြို့လုံး၌ရှိသော လူသူသတ္တဝါ အပေါင်းတို့သည် ကျောက်အတိချည်းသာဖြစ်၍ နေကြသည်ကို တွေ့မြင်ရပါသည်၊ တစ်ဖန် ဈေးအတွင်းသို့ ဝင်ရောက်ကြည့်ရှုပြန်ရာ ရှိသမျှသော လူအပေါင်းတို့သည် ထသောသူတို့က ထလျက်၊ ထိုင်သောသူတို့က ထိုင်လျက်၊ ငိုသောသူတို့က ငိုယိုလျက်၊ ရယ်သောသူတို့ကလည်း ရယ်လျက် သွားလာ ကခုန်မြူးထူး ကစားကြသော သူတို့ကလည်း ထို့အတူပင် ကျောက်ရုပ်အတိဖြစ်လျက် ရှိကြလေ၏၊

ဥစ္စာပစ္စည်း ကုန်စည် အထည်အလိပ်တို့သာလျှင် ပကတိအတိုင်း ကြွင်းကျန်နေကြသည်ကို တွေ့ရပါသည်။

ထို့နောက် ဆက်၍သွားကြသော် နန်းတော်အနီးသို့ ရောက်ကြပြီး နန်းတော်အတွင်းသို့ ဝင်ရောက် ကြည့်ရှုကြသည်။ နန်းတော်ပေါ်၌ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့ များပြားစွာ တွေ့ရသည်၊ ရှင်ဘုရင်သည်လည်း ရတနာခုနစ်ပါးဖြင့် စီခြယ်ထားသော ဝတ်လဲတို့ကို ဝတ်ဆင်လျက်၊ အိမ်ရှေ့မင်း၊ အမတ်ကြီးလေးပါးနှင့် မှူးငယ်မတ်ရာ သေနာပတိတို့က ရာဇပလ္လင် ပတ်လည်၌ ခစားလျက် ကျောက်ရုပ်အတိပင် ဖြစ်၍နေကြလေ၏၊ တစ်ဖန် အတွင်းဆောင်သို့ ဝင်သွားပြန်သော် မိဖုရားသည် စိန်အတိ၊ ပတ္တမြားအတိပြီးသော စက်တော်ခေါ်ရာ သလွန်တော်ပေါ်၌ ရံရွေတော်အပျိုတော်တို့က ဝိုင်းဝန်းခစားနေကြသည်၊ ထိုရံရွေထက် အပျိုတော်တို့သည် စိန်၊ ကျောက်၊ ပတ္တမြား၊ ပုလဲအစရှိသော ပတီး နားတောင်း လက်ကောက် ခြေကျင်းစသည်တို့ကို ဝတ်ဆင်ထားကြလျက်ရှိသည်၊ သူတို့သည်လည်း ကျောက်ရုပ်ဖြစ်နေသည်ကို တွေ့မြင်ရပြန်လေ၏။

ထိုအဆောင်မှ တစ်ဖန်ဆက်သွားပြန်သော် လှေကားခုနစ်ဆင့်ကို တွေ့ပြန်သည်၊ ထိုလှေကားမှ တက်သွားပြန်သော် ရတနာအစုံတို့ဖြင့် စီခြယ်ထားသော ရွှေကလပ်၌ ကတ္တီပါ အမျိုးမျိုးတို့ကို ခင်း၍ တင်ထားသော ကျောက်တစ်လုံးကို တွေ့ရပါသည်၊ ကျောက်သည် အလွန်တောက်ပသောကြောင့် အနီးသို့ချဉ်းကပ်ကြည့်ရှုသောအခါ အခြားကျောက်မဟုတ်ဘဲ ငှက်ကုလားအုတ်၏ ဥနှင့်တူမျှသော ပတ္တမြားဖြစ်နေလေ၏။

## နန်းတော်မှထွက်ရန် တံခါးမတွေ့၍ အိပ်နေစဉ်

တစ်ဖန် ထိုအဆောင်မှထွက်ခဲ့၍ အခြားသောအဆောင်ဆောင်တို့ကို လှည့်လည် ကြည့်ရှုကြပြန်သည်၊ နန်းတော်မှထွက်ရန် တံခါးကိုရှာမတွေ့သဖြင့် ညဉ့်အချိန်သို့ ရောက်သော် သလွန်တော်တစ်ခု အပေါ်တွင် ဘုရား၊ တရား၊ သံဃာကို အောက်မေ့ပြီး အိပ်ကြပါသည်၊ အိပ်မပျော်ဖြစ်နေစဉ် အလွန်သာယာနူးညံ့သော အသံကိုကြား၍ အိပ်ရာမှထပြီး ကြည့်ရှုရာ မီးတိုင်နှစ်တိုင်ကို အနားမှာထွန်းလျက် လူတစ်ယောက် ဘုရားစာ ဖတ်နေသည်ကို မြင်ရပါသည်၊ သူ့ကို မည်သည့် အကြောင်းကြောင့် ဤအရပ်သို့ ရောက်လာသနည်းဟု မေးမြန်းရာ သူက အလုံးစုံကို ပြန်လည်ပြောပြသည်၊ ဤမြို့၏ အဖြစ်ကို သိပါ၏လောဟု

ကျွန်မက မေးပြန်သော် ထိုအခါ သူဖတ်နေသည့် ကိုရန်အမည်ရှိ ဘုရားစာအုပ်ကို ပိတ်ထားပြီး ကျွန်မတို့ဘက်သို့ လှည့်၍ထိုင်သည်၊ သူ၏မျက်နှာသည် လပြည့်ဝန်းကဲ့သို့ အလွန်လှပ ကြည်လင်၍ ကျက်သရေရှိနှင့် ပြည့်စုံခြင်းကြောင့် သနားချစ်ခင်ဖွယ်ကောင်းပါသည်၊ မင်းသား လည်း ဤမြို့၏ အကြောင်းမျိုးစုံကို သိလိုက နားထောင်ပါဟုဆိုကာ ဤသို့ ပြောပြပါသည်။

**မင်းသား ပြောပြသော မြို့တော်အကြောင်း**

ဤမြို့တော်သည်ကား ကျွန်ုပ်၏ဖခင်စိုးပိုင်သော မြို့တော်တည်း၊ ယခု သင်တွေ့ခဲ့ မြင်ခဲ့၍ ကျောက်ရုပ်ဖြစ်လျက် ရှိကြသော မင်းကြီးနှင့် မိဖုရားကြီးတို့သည် ကျွန်ုပ်၏ မယ်တော်နှင့် ခမည်းတော်တို့ပင်ဖြစ်ကြသည်၊ ဤကဲ့သို့ ကျောက်ရုပ်ဖြစ်ကြရခြင်းမှာ ဘုရား၊ တရား၊ သံဃာကို မကိုးကွယ်မူ၍ စုန်းနတ်တို့ကို ကိုးကွယ်ကြခြင်းကြောင့် တစ်မြို့လုံး ကျောက်ရုပ်ဖြစ်ကြရသည်၊ ကျွန်ုပ်မှာမူ မိန်းမကြီးတစ်ယောက်က ငယ်ရွယ်စဉ်အခါကပင် ဘုရား၊ တရား၊ သံဃာတို့နှင့်ပတ်သက်သော ကိုရန်ကျမ်းစာကို ကောင်းမွန်စွာ သင်ကြားပြသ ဆုံးမရုံမျှမက အတူအိပ်အတူစား၍ပင် နေကြသည်၊ ဤအကြောင်းကို ခမည်းတော်မင်းကြီး သိတော်မူ၍ ၎င်းမိန်းမကြီးအား သတ်မည်ပြုစဉ်မှာပင် မိန်းမကြီးသေဆုံး၍ သွားသည်၊ မင်းကြီး မှစ၍ တိုင်းသူပြည်သား လူအများသည် အတိတ်ကကဲ့သို့ စုန်းနတ်တို့ကိုသာ ကိုးကွယ် နေကြစဉ် တစ်နေ့သ၌ ပြင်းထန်စွာ ငလျင်လှုပ်လတ်သော် အများသော ပြည်သူပြည်သား တို့နှင့်တကွ ခမည်းတော်မင်းကြီးတို့ ကြောက်လန့်ကြ၍ ကိုးကွယ်မြဲတိုင်းသော စုန်းနတ်တို့ ကိုသာ ကိုးကွယ်တင်မြှောက် ပသပူဇော်ခြင်းကို ပြုလေ၏။

တစ်ဖန် နောက်တစ်နှစ်၌ ပထမနှစ်ထက် ပြင်းထန်သောငလျင်တို့ လှုပ်ပြန်လေသော် ဤကဲ့သို့ပင် ကိုးကွယ်ကြပြန်၏၊ တတိယနှစ်၌ ဒုတိယနှစ်ထက် သုံးဆ လေးဆမျှမက ပြင်းထန်သောငလျင်တို့ လှုပ်သော် လူသူတိရစ္ဆာန်နှင့် သက်ရှိသတ္တဝါ အပေါင်းတို့အားလုံး ကျောက်ရုပ်ချည်းသာ ဖြစ်သွားကြလေ၏၊ ကျွန်ုပ် တစ်ယောက်တည်းသာလျှင် ဘုရား၊ တရား၊ သံဃာတို့ကို ကိုးကွယ်သဖြင့် ကျန်ရစ်ခဲ့ပါသည်၊ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်းဖြင့် ကျွန်ုပ် စိတ်လက်ပျော်နေပါသည်ဟု ပြောပြသည်။

## အစ်မတို့က အကောက်ကြံကြပါသည်

ထိုအခါ ကျွန်မက မင်းသားအား ယခု ဤတိုင်းပြည်၌ တစ်ကိုယ်တည်း ဖြစ်ခြင်းကြောင့် လုပ်ကျွေးမွေးမြူမည့်သူလည်း မရှိသည်ကတစ်ကြောင်း၊ ဘုရားသခင်၏ နှုတ်တော်ထွက်ဖြစ်သော ကိုရန်ကျမ်းစာများကို တတ်ကျွမ်းလိုသည်က တစ်ကြောင်းကြောင့် လိုက်တော်မူခဲ့ပါ၊ ကျွန်မမှာလည်း ထိန်းသိမ်းစောင့်ရှောက်သူ ခင်ပွန်းမရှိပါ၊ ယခုလည်း ဤမြို့တွင်ပင် ကုန်စည်များနှင့် သင်္ဘောဆိုက်ကပ်လျက် ရှိပါသည်ဟု ပြောပြီး ပြန်ရမည်မှာ ညအခါဖြစ်နေ၍ ထိုမင်းသား၏ ခြေရင်းမှာပင် အိပ်ရလေ၏၊ နံနက်မိုးသောက်လတ်သော် ထိုမင်းသားနှင့် ကျွန်မသည် ရွှေငွေဥစ္စာဘဏ္ဍာတို့ကို များပြားစွာ ယူဆောင်ခဲ့၍ နန်းတော်မှ ဆင်းသက်ခဲ့ပြီး သင်္ဘောသို့ သွားခဲ့ကြလေသည်၊ ကပ္ပတိန်သည်လည်း ယမန်နေ့အခါက ပြန်မလာခြင်းကြောင့် လိုက်လံရှာဖွေသည်ဟုပြောဆိုပြီး ထိုမြို့၏ ဖြစ်ပျက်ပုံကို အံ့သြလျက်ပြောနေကြသည်၊ ထိုအခါ အစ်မနှစ်ယောက်တို့က ထိုမင်းသားနှင့် ကျွန်မ အတူနေထိုင်သည်ကို မြင်၍ မနာလို ဝန်တို မစ္ဆရိယဖြစ်ကြကာ အကောက်ကြံကြပါသည်။

ကပ္ပတိန်မာလိန်မှူး အစရှိသည်တို့သည် မင်းသားနှင့် စကားစမြည် ပြောဆိုကြပြီးသော် သင်္ဘောလွှင့်ကြလေ၏၊ အစ်မနှစ်ယောက်တို့က ကျွန်မအပါးသို့ ချဉ်းကပ်ပြီး ဤမင်းသားကို မည်သည့် အကြောင်းကြောင့် ခေါ်ဆောင်ခဲ့သည်ဟု မေးမြန်းကြသည်၊ ခင်ပွန်းအဖြစ် ထိန်းမြား ခေါ်ဆောင်ခဲ့သည်ဟု ပြောပြသည်၊ ထို့နောက် သင်္ဘောသည် အစဉ်သဖြင့် ဆက်၍လာခဲ့ရာ ဘာဆရမြို့၏ အနီးအပါးသို့ ရောက်သည်၊ ထိုအခါ ကျွန်မနှင့်မင်းသားလည်း အိပ်ပျော် သွားခဲ့ကြလေ၏၊ ကျွန်မတို့အိပ်ပျော်စဉ် အစ်မနှစ်ယောက်တို့က မင်းသားနှင့်ကျွန်မအား ပင်လယ်တွင်းသို့ ပစ်ချကြသည်၊ မင်းသားကလေးကား ရေမကူးတတ်သဖြင့် နစ်မြုပ်လေ၏၊ ကျွန်မမူ သစ်တုံးတစ်ခုကို ဆွဲကိုင်မိသဖြင့် လှိုင်းတံပိုးတို့သည် ရိုက်ပုတ်ရာပါလာလျက် သောင်စပ်ပေါ်သို့ လွင့်စဉ်ရောက်လာခဲ့ပါသည်။

သောင်ပေါ်သို့ ရောက်သော ညဥ့်အခါဖြစ်၍ လှည့်လည်ကြည့်ရှုသည်၊ နံနက်မိုးလင်းသော် မြို့စပ်ကိုမြင်ရလေ၏၊ ထိုခဏ၌ပင် မြွေနှစ်ကောင်တို့ တစ်ကောင်နှင့် တစ်ကောင်ကိုက်ခဲလျက် ရေမှပေါ်လာသည်၊ ကျောက်ခဲတစ်ခုကိုယူကာ ကြီးသောမြွေကို ကျွန်မကပစ်ခတ်ရာ ထိမှန်သည်၊ ထိုမြွေသေလေလျှင် ကျန်သော မြွေတစ်ကောင်သည် ကောင်းကင်သို့ ပျံတက်သွားသည်။

ထိုအခါ ကျွန်မလည်း ဤနေရာတွင်ပင် အိပ်လိုက်ပါသည်၊ မကြာမီ မိန်းမငယ်တစ်ယောက်က ကျွန်မခြေရင်းတွင်ထိုင်ပြီး သာသာဖြည်းညှင်းစွာ လှုပ်၍ နှိုးခြင်းကြောင့် ကျွန်မ ရုတ်တရက်နိုးထပြီး မည်သည့်အကြောင်းနည်းဟု မေးမြန်းသည်၊ ထိုအခါ သူက ကျွန်ုပ်သည် မြွေမဖြစ်သည်၊ မြွေထီးလိုက်လာသည်ကို သင်က ကျောက်ခဲဖြင့် ပစ်ခတ်ကူညီခြင်းကြောင့် ကျေးဇူးဆပ်ရန် လာပါသည်၊ ကျွန်ုပ်သည် မြွေစင်စစ်မဟုတ်၊ ဘီလူးမဖြစ်ပါသည်၊ သေသော မြွေသည်လည်း ဘီလူးထီးပင်ဖြစ်ပါသည်၊ မြွေထီးသေစဉ်အခါက ကျန်သောမြွေသည် ကောင်းကင်သို့ ပျံတက်သွားပြီ၊ အခြားသို့သွားသည် မဟုတ်၊ သင်၏ အစ်မများရှိရာ သင်္ဘောသို့ သွားသည်မှာ သင်၏အစ်မများက သင့်အားမကောင်းကြံသဖြင့် သူတို့ကို ခွေးအဖြစ်သို့ ရောက်စေသည်ဟု ပြောပါသည်၊ ထို့နောက် ထိုခွေးနက်မနှစ်ကောင်ကို ကောင်းကင်မှ ယူဆောင်ခဲ့ပြီး အိမ်သို့ရောက်အောင် ကောင်းစွာပို့ပေးပါသည်၊ အိမ်သို့ ရောက်သောအခါ ဤခွေးနက်မ နှစ်ကောင်နှင့်ပင် ကျွန်မ အတူနေထိုင်ရပါသည်၊ ၎င်းခွေးနက်မ နှစ်ကောင်တို့ကို တစ်နေ့လျှင် အချက်တစ်ရာတစ်ရာ အမှန်ရိုက်နက်ရမည်ဟု ဘီလူးမက ပြောပြီးလျှင် ကွယ်ပျောက်သွားပါသည်၊ သင်္ဘောပေါ်၌ ကျန်ရှိရစ်ခဲ့သော ရွှေငွေဥစ္စာပစ္စည်းတို့မှာလည်း မပျောက်မဆုံးကြဘဲ ကျွန်မ၏အိမ်မှာပင် ရရှိကြပါသည်၊ ၎င်းခွေးနက်မနှစ်ကောင်တို့ကို ရိုက်နက်ရခြင်းမှာ ဤအကြောင်းပင်တည်းဟု တင်လျှောက်လေ၏။ ထိုအခါ ကာလစ်ဖဟာရွန်ရာစချစ် အမည်ရှိသောမင်းကြီးသည် အံ့ဩခြင်း ဖြစ်ပြီးသော် တစ်ဖန် ဒုတိယမိန်းမငယ်အား မေးတော်မူပြန်၍ ဒုတိယမိန်းမငယ်က ဤသို့ လျှောက်တင်ရလေသတည်း။

## ဒုတိယမိန်းမအကြောင်း

အရှင်မင်းကြီး၊ ကျွန်မ၏ ဖခင် သေလွန်သည့်နောက်၌ ဥစ္စာရတနာရွှေငွေတို့ များစွာ ကျန်ရှိရစ်သဖြင့် များမကြာမီ အိမ်ရာထောင်ခြင်းကို ပြုလျက် အတူတကွနေထိုင်ကြ၏၊ တစ်နှစ်ခန့် ရှိသောအခါ လင်ယောက်ျား ကွယ်လွန်သေဆုံးသွားပါသည်၊ လင်ယောက်ျား ကွယ်လွန် သေဆုံးပြီးနောက် အသပြာရှစ်သိန်း ကျန်ရှိရစ်ပါ၏၊ ထိုကျန်ရှိရစ်သော အသပြာတို့

အနက်က အသပြာတစ်သောင်းဖိုး ကျွန်မ၏ ထုံးစံဓလေ့အတိုင်း အထည်အလိပ်များကို ဝယ်ခြမ်း ထားပါသည်။

**မင်္ဂလာဆောင်ဝတ်ဖို့ အဝတ်တန်ဆာငှားပုံ**

တစ်နေ့သ၌ မိန်းမအိုကြီး တစ်ယောက်လာ၍ ၎င်း၌ မွေးစားထားသော မိန်းမငယ် တစ်ယောက်ရှိသည်၊ ယောက်ျားတစ်ယောက်နှင့် ထိမ်းမြားလက်ထပ်မင်္ဂလာပြုမည်၊ လက်ထပ် မင်္ဂလာပြုရာ၌ ဝတ်စားတန်ဆာတို့ မပြည့်စုံခြင်းကြောင့် တစ်စုံသော အဝတ်တန်ဆာကို ခေတ္တခဏငှားရမ်းပါ၊ ညအခါ၌လည်း ကြွလာပါဟု ကြိမ်ဖန်များစွာ ခယဝပ်တွား ပြောဆိုသည်၊ ကျွန်မက သနားသဖြင့် အဘွားအလိုရှိသော အဝတ်တန်ဆာကို ငှားရမ်းမည်ဟု ဝန်ခံပြီး ငှားရမ်းလိုက်ရာ ၎င်းမိန်းမကြီးသည် ပစ္စည်းများ ယူဆောင်ကာ ပြန်သွားပါသည်။

ညအခါရောက်သော် မိန်းမကြီးသည်လာ၍ အရှင်မ၊ လက်ထပ်မင်္ဂလာအခမ်းအနား၌ ညှော်သည်ပရိသတ် လူထုအပေါင်းတို့ လာရောက်ကြပါပြီ၊ အရှင်မတစ်ပါးတည်းသာ မကြွ မရောက်သေး၍ စောင့်ဆိုင်း မျှော်လင့်နေကြပါသည်ဟု ပြောခြင်းကြောင့် ကျွန်မသည် ကောင်းမွန် လှပသင့်တော်သော ဝတ်စားတန်ဆာကို ဝတ်ဆင်ပြီးလျှင် နောက်လိုက်နောက်ပါ မိန်းမငယ်တို့ကို ခေါ်ခဲ့၍ သူတို့ဆီသို့ လိုက်သွားပါသည်၊ အိမ်သို့ရောက်လျှင်ပင် ထိုအိမ်၌ ထူးထူးဆန်းဆန်း လှလှပပ တင့်တင့်တယ်တယ် ခင်းကျင်းထားသော အခန်းထဲဝင်သွားရာ မိန်းမငယ် တစ်ယောက်လာ၍ အို... အစ်မကြီး၊ ကြွတော်မူလာပြီလော၊ ဤနေရာသို့ ကြွတော်မူပါ၊ ချိုမြိန်သော မုန့်အစာတို့ကို သုံးဆောင်တော်မူပါ၊ ဆိမ့်အီသော အစာအာဟာရ တို့ကို သုံးဆောင်တော်မူပါ စသည်ဖြင့် လောကွတ်ပျူငှာပြုပါသည်၊ တစ်ဖန် သူက ပြောပြန်သည်မှာ အို... အစ်မ၊ ကျွန်ုပ်၌ မောင်ငယ်တစ်ယောက်ရှိ၏၊ ထိုမောင်ငယ်သည် ယောက်ျားပင် ဖြစ်သော်လည်း ကျွန်ုပ်ထက် အဆအရာအထောင် လှပယဉ်ကျေး၏၊ ထိုမောင်ငယ်သည် အစ်မအား အလွန်ချစ်ခင်မေတ္တာ သက်ဝင်လျက် ရှိသည်မှာ သွားလျှင် သည်စိတ်၊ လာလျှင် သည်စိတ်၊ အိပ်လျှင် သည်စိတ်ဖြင့် အစ်မကိုသာ အောက်မေ့တသ၍ နေပါသည်၊ စားမဝင်၊ သောက်မဝင်၊ အိပ်မပျော် ဖြစ်နေပါသည်၊ သို့ဖြစ်နေခြင်းကြောင့် ဤမိန်းမကြီးအား ကြံဖန် စေလွှတ်ရပါသည်ဟု ပြောသည်။

ထိုအခါ ကျွန်မက အကြိမ်ကြိမ်ငြင်းပါသည်၊ သို့သော်လည်း ငြင်းပယ်၍ မရပါ၊ ထပ်တလဲလဲ တောင်းပန်နေသဖြင့် သဘောတူလိုက်ရပါသည်၊ ယင်းသို့ ဝန်ခံလျက်ပင် ထိုမောင်ငယ်အား ခေါ်ခဲ့ပြီးသော် ကျွန်မနှင့် စကားစမြည် ပြောဆိုစေပြီး လူသူပရိသတ်တို့၏ အလယ်သို့ ကျွန်မနှင့် ထိုသူကိုခေါ်ခဲ့ကာ ကျွန်မအား အသက်ရှည်သမျှ ကာလပတ်လုံး ပစ်စွန့်သွေဖောက်ခြင်း မရှိပါဟု ဝန်ခံစေပြီးသော် လက်ထပ်ထိမ်းမြားခြင်း အမှုကိုပြုလေ၏။

ထိုသို့ ထိမ်းမြားပြီးနောက် ကျွန်မတို့သည် ကောင်းမွန် ချမ်းသာစွာနေထိုင်ခဲ့ရာ တစ်လခန့်ကြာသော် ကျွန်မသည် ဈေးသို့သွား၍ အထည်အလိပ်တို့ကို ဝယ်ခြမ်းရန် ခင်ပွန်းသည်ထံ ခွင့်တောင်းလျက် မိန်းမအိုကြီး တစ်ယောက်ကို ခေါ်ခဲ့ပြီးမှ ဈေးသို့သွားပါသည်၊ ဈေးသို့ရောက်၍ အထည်ဆိုင်ကို လှည့်လည် ကြည့်ရှုသော် လုလင်ပျို တစ်ယောက်၏ ဆိုင်၌ လှပတင့်တယ် ကောင်းမွန်သော အထည်အလိပ်တို့ကို မြင်တွေ့ရပါသည်၊ ဤဆိုင်တွင် အထည်အလိပ်တို့ကို စိစစ်ရွေးချယ်ပြီးလျှင် အဖိုးစားနားကို မေးမြန်းသော် လုလင်ပျိုက အထည်တန်ဖိုးကို မယူလိုပါဟု ငြင်းပယ်ပါသည်၊ ကျွန်မက ပါလာသော မိန်းမအိုကြီးအား အဖိုးကြေးငွေ မယူပါက အထည်အလိပ်များ ပြန်၍ပေးခဲ့ဟု ပြောပါသည်၊ ထိုအခါ လုလင်ပျိုက အထည်အလိပ်ကိုလည်း လက်ဆောင်အလို့ငှာ အလိုရှိသမျှ ယူဆောင်သွားပါ၊ အဖိုးကြေးငွေ ကိုကား တစ်ရွေးတစ်ပဲမျှ မယူလိုပါ၊ သို့ရာတွင် နမငယ်ကို မြင်သည်ကစ၍ နမရင်းချက်ခဲ့သို့ ချစ်ခင်မေတ္တာ ရှိခြင်းကြောင့် နမ်းရှုပ်ခြင်းကို တစ်ခါတည်းသာ ပြုပါရစေဟု လုလင်ပျိုက ဆိုပါသည်၊ အမယ်အိုကြီးသည် ကျွန်မဘက်သို့ လှည့်၍ အိုချစ်သမီး၊ ဤလုလင်ပျို တောင်းဆိုသည်ကို ခွင့်ပြုဘိလော၊ ဤသို့ ခွင့်ပြုခြင်းသည်ကား လော်လည်ခြင်းမမြောက်ပါ၊ အကယ်၍ ခွင့်ပြုက သင်အလိုရှိသော အထည်အလိပ်တို့သည် အသပြာတစ်သောင်းတန်ခန့် ရပါလိမ့်မည်၊ ဤသို့ ပြုရခြင်းသည်လည်း ဝန်လေးသည် မဟုတ်ပါဟု ပြောပါ၏။

ထိုအခါ ကျွန်မက အမယ်အိုကြီးအား ဤသို့ခွင့်ပြုပေးရန် မတော်ချေ၊ ကျွန်ုပ်သည် ခင်ပွန်းသည်နှင့် ပေါင်းသင်းခဲ့သည့်နေ့မှစ၍ လော်လည်ခြင်းငါးပါးကို မပြုကျင့်ပါဟု လင်ယောက်ျား ရှေ့၌ ကျမ်းသစ္စာကျိန်ဆိုရသည်ဟု ပြောလိုက်ပါသည်။

## ထင်းစနှင့်ခိုက်မိ၍ ဖြစ်ရပါသည်

သို့သော်လည်း အမယ်အိုကြီးက ဤကဲ့သို့ပြုခြင်းမှာ လော်လည်ခြင်း၌ မပါဝင်ပါ၊ စကားစမြည်ကိုသာ မပြောဘဲလျက် သူအလိုက်ကို ခွင့်ပြုပါလောဟု ကြိမ်ဖန်များစွာ ပြောဆိုပါသည်၊ ထို့ကြောင့် ကျွန်မသည် ထိုလုလင်ပျို၏ အလိုကို ခွင့်ပြုခဲ့ပါသည်၊ ခွင့်ပြုသောအခါ၌ ထိုလုလင်ပျိုက နမ်းရှုပ်ခြင်းမပြုဘဲ ပါးကိုနာကျင်စွာကိုက်သည်၊ ထိုအခါ မိန်းမအိုကြီးက ကျွန်မအား ချော့မော့ပြီး သည်းခံပါလော၊ ဤအနာသည် အလျင်အမြန်ပင် ပျောက်ပါလိမ့်မည်ဟု ပြောဆိုပြီး အိမ်သို့ ပြန်လာခဲ့ကြပါသည်၊ အိမ်သို့ ရောက်သောအခါ ကျွန်မက အခြားသော ဝေဒနာစွဲကပ်ဟန် ဆောင်နေစဉ် ခင်ပွန်းသည်ကလာ၍ မည်သို့ဖြစ်သနည်းဟု မေးမြန်းပါသည်၊ ကျွန်မက ဈေးကိုသွား၍ အထည်အလိပ်များကိုဝယ်စဉ် လမ်းတွင် ကုလားအုတ် တစ်ကောင်သည် ထင်းကို တင်ဆောင် လျက်လာပါသည်၊ ၎င်း ကုလားအုတ်သည် လန့်၍ ကျွန်ုပ်အပါးသို့ တိုးဝှေ့သောကြောင့် ထင်းစနှင့်ထိခိုက်မိ၍ ဤကဲ့သို့ ဖြစ်ရပါသည်ဟု ပြောလိုက်ပါသည်။

ထိုအခါ ခင်ပွန်းသည်က ဤအတိုင်းမှန်လျှင် နက်ဖြန် နံနက်ရောက်သောအခါ အစိုးရထံ သွား၍ တရားစွဲမည်ဟု ပြောပါသည်၊ ကျွန်မကလည်း ထင်းဖြင့် ခိုက်မိမည် မဟုတ်ပါ၊ မြင်းရထားကိုစီး၍သွားစဉ် ရထားပေါ်က လိမ့်ကျသောကြောင့် ပါးကို ထိခိုက်မိပါသည်ဟု တစ်ဖန်ပြောပါသည်၊ ခင်ပွန်းသည်ကလည်း ပြည့်ရှင်မင်းကြီးထံသွား၍ မြင်းမောင်းသောသူကို အပြစ်ရောက်အောင် ပြောအံ့ဟုဆိုသောကြောင့် ခင်ပွန်းသည်အား ဤသို့ မပြုလုပ်ပါလင့်၊ ဤသူကို အပြစ်ရောက်လျှင် ကျွန်မအပေါ်၌ အပြစ်ငရဲဖြစ်လတ္တံ့ဟု ပြောသော် ခင်ပွန်းသည် မယုံသင်္ကာရှိရကား အမျက်ဒေါသဖြစ်ပွား၍ အစေအပါး ခုနစ်ယောက်တို့ကို ခေါ်ကာ သတ်ပုတ်ရိုက်နက်စေမည်ပြုပါသည်၊ ထိုအခိုက်အတန့်၌ ယခင်မ မိန်းမအိုကြီး လာပြီးသော် မြေမှာလူးလဲကာ ငိုယိုလျက် ဤမိန်းမငယ်အား သတ်ပုတ်ညှဉ်းဆဲခြင်းကို မပြုပါလင့်ဟု ကြိမ်ဖန်များစွာတောင်းပန်သောအခါမှ အသက်ကိုချမ်းသာပေး၍ အိမ်မှနှင်ထုတ်လိုက်ပါသည်။

ကျွန်မသည် အိမ်သို့ရောက်သောအခါ ညီမငယ်နှင့် ခွေးမနစ်ကောင်ကိုတွေ့ရပါသည်၊ ညီမငယ်အား အကြောင်းစုံတို့ကို မေး၍ သိရသောအခါ ကျွန်မလည်း နောက်နောင်ကို လင်မယူပါဟု ကတိသစ္စာပြု၍ နေကြခြင်းဖြစ်ပါသည်ဟု တင်လျှောက်လေသတည်း။

## ဘီလူးမ ခဏချင်းရောက်လာပါသည်

ထိုအခါ ပြည့်ရှင်မင်းကြီးသည် အလွန်အံ့သြခြင်းဖြစ်၍ ပထမတင်လျှောက်သော မိန်းမအား အချင်းမိန်းမငယ်၊ သင်၏ အစ်မနစ်ယောက်ကို ခွေးဖြစ်အောင် ပြုစားသော ဘီလူးမကို အဘယ်မှာ တွေ့နိုင်အံ့နည်းဟု မေးတော်မူပါသည်၊ အရှင်မင်းကြီး၊ ခွေးမ နစ်ကောင်၏ အမွေးအနည်းငယ်ကို နုတ်၍ မီးရှို့လျှင် ယခုပင် အရှင်မင်းကြီး၏ ခြေတော်ရင်းသို့ ရောက်လာပါလိမ့်မည်ဟု တင်လျှောက်ပါသည်၊ ထို့နောက် အမွေးကိုနုတ်စေ၍ မီးဖြင့်ရှို့သောအခါ ဘီလူးမသည် ခဏချင်းရောက်လာပါသည်၊ မင်းကြီးက ထိုမိန်းမငယ် တင်လျှောက်သည့်အတိုင်း သူမ၏ အစ်မများကို ခွေးအဖြစ်သို့ ရောက်အောင် ပြုစားသည် မှန်ပေသလောဟု မေးတော်မူသည်၊ ဘီလူးမကလည်း ပြုမိသည်ကား မှန်ပေ၏၊ သို့ရာတွင် လူပကတိ ပြန်ဖြစ်စေလိုလျှင် ဖြစ်နိုင်ပါ၏ဟု တင်လျှောက်လျှင် ယခုပင်ဖြစ်စေရမည်ဟု အမိန့်တော် ရှိသောကြောင့် ဘီလူးမသည် ရေကိုယူ၍ မန်းမှုတ်ပက်ဖျန်းပါသည်၊ ထိုအခါ ခွေးမနစ်ကောင်သည် လူပကတိပြန်ဖြစ်လာကြပါသည်၊ ထိုအခါ ဘီလူးမက မင်းကြီးအား တင်လျှောက်ပြန်သည်မှာ အရှင်မင်းကြီး၊ ၎င်းမိန်းမငယ်တစ်ယောက်၏ ခင်ပွန်းသည်လည်း အခြားမဟုတ်ပါ၊ အရှင်မင်းကြီး၏ သားတော် ဤမိန်အမည်ရှိ မင်းသားပင်တည်းဟု တင်လျှောက်လေ၏။

ထိုအခါ မင်းကြီးက သားတော်ကိုခေါ်၍ ဒုတိယမိန်းမငယ်ကို ထပ်မံလက်ထပ်ထိမ်းမြား စေတော်မူသည်၊ ပထမမိန်းမငယ် ညီအစ်မသုံးယောက်တို့ကိုကား ခရီးသွား သုံးယောက်နှင့် ထိမ်းမြားလက်ထပ်တော်မူစေ၏၊ ထို့နောက် ကျန်သော မိန်းမ တစ်ယောက်ကိုမူ မိဖုရားကြီး အဖြစ် ဘိသိတ်မင်္ဂလာသဘင် ဆင်ယင်ကျင်းပ်ကာ မိဖုရားကြီးအဖြစ် တင်မြှောက်တော် မူလေသတည်း။

ရှာရာဇတ်သည် ဤသို့ပုံပြင်ဝတ္ထုကို လျှောက်တင်ပြီးသော် တစ်ဖန် ကမာရက်ဇမန် မင်းသားနှင့် ပဒေါင်ရာမင်းသမီး အကြောင်းကို ဆက်၍လျှောက်တင်ရပြန်လေသတည်း။

***

# ကမာရက်ဇမန်မင်းသားနှင့် ပဒေါင်ရာမင်းသမီး

ရှေးလွန်လေပြီးသောအခါ ခလီဒန်ကျွန်းကြီးကို အစိုးရတော်မူသော ခလီဒန်အမည်ရှိ ဘုရင်မင်းမြတ်သည် မင်းကျင့်တရားတို့နှင့်အညီ အဂတိတရားတို့ကို မလိုက်စားမူ၍ တည်ကြည်စွာ မင်းပြုတော်မူ၏၊ တိုင်းသူပြည်သား လူအများတို့အားလည်း ရင်ဝယ်သားကဲ့သို့ မခြား တရားရေအေးဖြင့် တိုက်ကျွေးလေ့ရှိ၏၊ ၎င်းဘုရင်မင်းကြီး၏ တစ်သောင်း ခြောက်ထောင်သော ကိုယ်လုပ်မောင်းမအပေါင်းတို့တွင် တစ်စုံတစ်ယောက်သော မိဖုရားမှ သားတော် သမီးတော်ဟူ၍ မရှိ၊ တောင်နန်းမိဖုရားခေါင်ကြီး တစ်ပါး၌သာ ဆုတောင်း ပတ္တနာပြုတောင့်တ၍ ရသောကြောင့် ထိုသားရတနာကို ကမာရက်ဇမန်မင်းသားဟု ဘွဲ့နာမတံဆိပ် ခတ်နှိပ်တော်မူပြီးလျှင် သားကို အလွန်ချစ်ကြည်မြတ်နိုးတော်မူလေသတည်း။

ကမာရက်ဇမန် မင်းသားဟု အမည်မှည့်ရခြင်းမှာ ကမ္ဘာဦးလူတို့ နေလကို တောင့်တ သောအခါ အတွင်းကားရွှေ၊ အပကား ဖန်အတိပြီးသော အချင်းယူဇနာငါးဆယ်၊ အဝန်းယူဇနာ တစ်ရာ့ငါးဆယ်ရှိသော ဘာနုရာဇာမည်သော ရောင်ခြည် တစ်ထောင်ဆောင်သော နေမင်းသည် တပေါင်းလပြည့်နေ့ မိန်ရာသီ၌ နှစ်ဆယ့်ခြောက်လုံးရှိ ဥတ္တရာဘဒြပိုဒ်နက္ခတ်ကို စီးလျက် ပြုဗ္ဗဝိဒေဟ ကျွန်း၏အလယ် ဥဒည်းတောင်ထိပ်မှ ထွက်လာ၍ အလင်းကိုဖြစ်စေ၏၊ ကမ္ဘာဦးသူတို့သည် အလင်းရလာသဖြင့် ကြောက်ခြင်းကင်း၍ ရဲရင့်ခြင်း ဖြစ်ကုန်သောကြောင့် နေကို သူရိယာယဟု ခေါ်ကုန်၏။

ယင်းသို့ ပေါ်ထွက်လာသော နေမင်းသည် နာရီသုံးဆယ်ခန့်လှည့်၍ ယုဂန္ဓိုရ် တောင်ကွယ်ခဲ့သော် မှောင်အတိဖြစ်သွား၍ ကမ္ဘာဦးသူတို့သည် တစ်ခုသောအလင်းကို တောင့်တ ကုန်သည်၊ ထိုအခါ အတွင်းကား ပတ္တမြား၊ အပကား ငွေဖြင့်ပြီးသော အချင်းလေးဆယ့် ကိုးယူဇနာရှိ ချမ်းအေးစွာသော အရောင်ကိုဆောင်သည့် လမင်းသည် ကန်ရာသီ၌ တစ်ဆယ့်နှစ်လုံး ဥတ္တရဖလဂုဏီ နက္ခတ်ကိုစီး၍ ကြယ်အပေါင်းခြံရံလျက် အရှေ့မျက်နှာမှ ထွက်လာသည်၊ ကမ္ဘာဦးသူတို့သည် ငါတို့အလိုဆန္ဒအတိုင်း ရပေသည် ဟူသော အဓိပ္ပါယ်ဖြင့် လကို ဆန္ဒဟု ခေါ်ဝေါ်ကုန်ကြ၏၊ ခလီဒန်မင်းကြီး၌လည်း တစ်သောင်း ခြောက်ထောင်သော မောင်းမ ကိုယ်လုပ်မိဖုရားတို့တွင် သားယောကျ်ား သမီးမိန်းမ မရှိ၊ မိဖုရားကြီး၌သာ ဆုတောင်းပတ္တနာပြုလျက် တောင့်တ၍ရသောကြောင့် မြန်မာဘာသာဖြင့်

ဆန္ဒကုမာရ မင်းသားဟု အမည်ပေးခဲ့သတည်း၊ ပသီဘာသာအားဖြင့်မူ ကမာရက်ဇမန် မင်းသားဟု အမည်မှည့်ခေါ်လေသတည်း။

ကမာရက်ဇမန် မင်းသားသည် ဇမ္ဗူရစ်ရွှေစင်ကဲ့သို့ ရှုချင်စဖွယ် တင့်တယ်သော ကိုယ်ရည် ကိုယ်သွေးတို့နှင့်လည်း ပြည့်စုံ၏။ ထိုမင်းသားသည် အရွယ်သို့ ရောက်လတ်သောအခါ ခမည်းတော်မင်းကြီးက အဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော မင်းသမီးတို့ကို ရွေးချယ်ပြီးလျှင် ထီးနန်းကိုအပ်နှင်းမည်ဖြစ်၍ သားတော်ကမာရက်ဇမန် မင်းသားအား ချစ်သား၊ ခမည်းတော်၏ အရိုက်အရာဖြစ်သော ခလိဒန်ကျွန်းကြီးကို ထီးစည်ခရိုင် နိုင်ငံနှင့်တကွ အုပ်ချုပ်၍ မင်းလုပ်လော၊ တိုင်းသူပြည်သားလူအများတို့အား တရားရေအေး တိုက်ကျွေးပြီးလျှင် ကြင်ရာမျောက်သား မင်းမိဖုရားတို့နှင့် စံစားပါလော စသည်ဖြင့် သားတော်အား ပြောကြားလေ၏။

## အိမ်နိမ့်စံအဖြစ်ချထားပုံ

ကမာရက်ဇမန် မင်းသားက ခမည်းတော်မင်းမြတ်၊ အကျွန်ုပ်သည် ထီးနန်းနှင့် သားမယားများကို အလိုမရှိပါ၊ တစ်ယောက်တည်း နေလိုသော ဆန္ဒသာရှိပါသည်ဟု ခမည်းတော် မင်းမြတ်အား သံတော်ဦးတင်လေ၏၊ ထိုသို့ လျှောက်တင်သော စကားကို ကြားလျှင် ခမည်းတော်မင်းကြီးက သားတော်၊ သားမယား မရှိသူသည် လူ့သစ်ငုပ်နှင့်တူ၏၊ နောင် ထီးနန်းကို ဆက်ခံသိမ်းမြန်းစိုးစံရန် ထီးညွန့်နန်းရန် အမွေခံမရှိခဲ့ပါလျှင် တိုင်းသူပြည်သားတို့ ကိုးကွယ်ရာမဲ့ဖြစ်လိမ့်မည်၊ သို့ဖြစ်၍ ငါ့သားတော်သည် ကြင်ရာမျောက်သား မိဖုရားထားပြီးလျှင် ထီးနန်းကိုအုပ်ချုပ်၍ မင်းလုပ်လောဟု အကြိမ်ကြိမ် ပြောကြားလေ၏၊ ထိုသို့ ပြောကြားသော်လည်း ကမာရက်ဇမန် မင်းသားသည် ခမည်းတော်၏ စကားကို မနာမယူဘဲ ငြင်းပယ်လေ၏၊ ထိုသို့ ငြင်းပယ်ရာမှ ခမည်းတော်မင်းကြီးက အမျက်တော် ရှိလတ်သဖြင့် သင့်အား ကောင်းမွန်စွာချီးမြှင့်၍ ထီးနန်းတင်မြှောက်သည်ကို ငြင်းဆန်သူ ဖြစ်သည်၊ ထို့ကြောင့် ထီးနန်းနှင့်မလျော်ဟုပြောကာ အိမ်နိမ့်စံအဖြစ်ချထား၍ ပွဲတော် ဆက်သသူ တစ်ယောက်မျှသာ ထားပေးလေ၏။

## စက်တော်ခေါ်နေသောမင်းသားကိုမြင်လျှင်

ထိုသို့ မင်းသားကို အိမ်နိမ့်ဖြင့်ထားသော အိမ်တော်၏ အရှေ့မျက်နှာ၌ ရေတွင်းတစ်ခု ရှိလေ၏၊ ထိုရေတွင်းကို စောင့်ရှောက်၍နေသော တန်ခိုးကြွဒ္ဓိပါဒ်နှင့် ပြည့်စုံသည့် နတ်သမီး တစ်ယောက်သည် ဤသို့ စဉ်းစားဆင်ခြင်၏၊ ယခင်ကမူ ဤအိမ်တော်ပေါ်၌ မီးညှိ ထွန်းထား သည်ကို မမြင်ရ၊ ယနေ့ည၌ အကြောင်းမည်ကဲ့သို့ဖြစ်၍ ဝင်းဝင်းထိန်ထိန် မှန်အိမ်တို့ကို ထွန်းညှိ၍ ထားသနည်း၊ ဤသို့ထားသည်မှာ အဘယ်နည်းဟု နလုံးသွင်း၍ အိမ်တော်ပေါ်သို့ တက်ပြီးကြည့်ရှုလေ၏၊ ရွှေသလွန်ထက်ဝယ် ချစ်ခင်ဖွယ်သော မျက်နှာဖြင့် စက်တော် ခေါ်နေသော ကမာရက်ဇမန်မင်းသားကိုမြင်လျှင် နတ်သမီးသည် ငေးမှိုင်ပြီး ရင်ကိုမလျက် ပြုံးရယ်ပြီးလျှင် ဤမင်းသားသည် ဇမ္ဗူဒီပါကျွန်း၌ လုပတင့်တယ် ရှုချင်ဖွယ် ကောင်းသော ရွှေဖြင့်သွန်းလုပ်သော အရုပ်ကဲ့သို့ပင် အလွန်လျှင် ချစ်ဖွယ်ကောင်းလေစွ တကားဟု ချီးမွမ်းကာ မိခင်သည် ချစ်လှစွာသော သားငယ်ကို နမ်းရှုပ်ဘိသကဲ့သို့ ကမာရက်ဇမန် မင်းသားအား ထိုနတ်သမီးသည် ပိုက်ဖက်နမ်းရှုပ်လေ၏၊ ပြီးလျှင် နတ်သဘင် အစည်းအဝေး ပြုလုပ်ရန် ရှိသေးသည်ဖြစ်၍ တာဝတိံသာနတ်ပြည်သို့ တက်သွားလေ၏။

နတ်သမီး တာဝတိံသို့ တက်သွားလေလျှင် လမ်းခုလတ်၌ မိမိထက် တန်ခိုးကြွဒ္ဓိပါဒ် ငယ်သော နတ်သားတစ်ယောက်ကို တွေ့မြင်လေ၏၊ ထိုနတ်သားကို တွေ့မြင်လျှင် အချင်း နတ်သား၊ လူ့ပြည်တွင် ထူးမြတ်သော အရာများကို တွေ့မြင်ခဲ့ပါသလောဟု မေးမြန်းသည်၊ နတ်သားက အရှင်နတ်သမီး၊ လောကတွင် မမြင်ဖူးမြဲ ထူးကဲအံ့ဩဖွယ်သော မိန်းမလှ တစ်ယောက်ကို တွေ့မြင်ခဲ့ရပါသည်၊ ဤမိန်းမကဲ့သို့လှပသော မိန်းမသည် ဇမ္ဗူဒီပါကျွန်း၌ တစ်ကြိမ်တစ်ခါမျှ အကျွန်ုပ် မမြင်မတွေ့ဖူးပါ၊ ရွှေဖြင့်သွန်းလုပ်သော အရုပ်ကဲ့သို့ ကောင်းခြင်း ငါးဖြာ လက္ခဏာနှင့်လည်း ပြည့်စုံပါသည်၊ ဤမျှလောက် လှပယဉ်ကျေးခြင်းနှင့် ပြည့်စုံသော မိန်းမကို မြင်ခဲ့ရပါသည်ဟု ပြောဆိုလေ၏၊ ထိုအခါ နတ်သမီးက အချင်းနတ်သား၊ သင်၏ မင်းသမီးလှသည် ဆိုသည်မှာလည်း ငါ၏မင်းသား စက်တော်ခေါ်နေသည့် အခါလောက် လှမည်မထင်ဟု ပြောလေ၏။

ထိုအခါ နတ်သားက အရှင်နတ်သမီး၊ အကျွန်ုပ်၏ မင်းသမီးသည် ဆံပင်၏ ကောင်းခြင်း၊ အသား၏ ကောင်းခြင်း၊ အရေ၏ကောင်းခြင်း၊ အရိုး၏ကောင်းခြင်း၊ အရွယ်၏ ကောင်းခြင်းဟု ဆိုအပ်သော လက္ခဏာကြန်အင်တို့နှင့် ပြည့်စုံခြင်း၊ ကိုယ်၏အနံ့မှာ စန္ဒကူးနံ့

ကဲ့သို့ မွှေးကြိုင်ခြင်း၊ ခံတွင်းအနံ့မှာ ကြည်ညိုနှံ့ကဲ့သို့ သင်းပျံ့ခြင်း၊ နှုတ်ခမ်းဖျား လက်ဖဝါး ခြေဖဝါးတို့၌ ချိပ်ရည်ဖြင့် ဆိုးဘိသကဲ့သို့ နီမြန်းသော နှုတ်ခမ်းဖျား၊ လက်ဖဝါးခြေဖဝါးနှင့် ပြည့်စုံခြင်း၊ ဆူကြုံနိမ့်မြင့်စသော အပြစ်ခြောက်ပါး တို့မှလည်း ကင်းလွတ်ခြင်း၊ လုံးရပ် သဏ္ဍာန် ကိုယ်ဟန်ပန်တို့၌လည်း ပြေပြစ်ချောမောခြင်း ဤသို့ဆိုအပ်ခဲ့ပြီးသော လုပ တင့်တယ်၊ ရှုချင်ဖွယ်ကောင်းသော မိန်းမကဲ့သို့သော မိန်းမကို အခြားမှာမတွေ့ မမြင်ဖူးပါ၊ ထူးကဲ့သော မိန်းမလှတစ်ယောက် ဖြစ်ပါသည်ဟု ပြောလေ၏၊ ထိုအခါ နတ်သမီးက သင်၏ မင်းသမီးလှသည်ကို အလွန်ချီးမွမ်း ပြောဆိုလေသည်၊ အလှချင်း ယှဉ်ပြိုင်ကြအံ့ဟုဆို၍ မင်းသမီးကို သလွန်နှင့်တကွ ဆောင်ယူခဲ့ဟုဆို၏၊ နတ်သားသည် အမြန်သွား၍ သလွန်နှင့်တကွ ဆောင်ကြဉ်း၍ လာလေသတည်း။

ထိုသို့ ဆောင်ကြဉ်းပြီးလျှင် သလွန်နှစ်ခုကို ယှဉ်ပြိုင်၍ ထားကြလေ၏၊ ထိုသို့ ထားလျှင် ရွှေစင်ဖျာပေါ်၌ ဇမ္ဗူရာဇ်ရွှေစင်ကို သွန်းလုပ်သော အရုပ်ကဲ့သို့ လည်းကောင်း၊ မင်းသားနှင့် မင်းသမီးသည် အလှချင်းတူမျှကြ၍ တစ်ယောက်နှင့်တစ်ယောက် မကွဲမပြား နိုင်အောင် ဖြစ်လေ၏၊ ထိုအခါ၌ ခုံသမာဓိပြုလုပ် ဆုံးဖြတ်စေရန် နတ်သား တစ်ယောက်ကို ခြေဖြင့်ဆောင့်၍ နတ်သမီးက တ၍ခေါ်လေ၏၊ နတ်သားတစ်ယောက်သည် နတ်သမီး ရှေ့မှောက်သို့ ချက်ချင်းဆိုက်ရောက် လာလေ၏၊ နတ်သားရောက်လာလျှင် နတ်သမီးက အချင်းနတ်သား၊ ဤမင်းသားနှင့် မင်းသမီးသည် မည်သူကသာလွန်၍ လှပသည်ကို ခုံသမာဓိ ပြုလုပ်လျက် ဆုံးဖြတ်လောဟု နတ်သမီးက ဆိုလေ၏၊ ထိုအခါ နတ်သားက ယခုအခါ စက်တော်ခေါ်၍ နေသည်ဖြစ်သောကြောင့် အလှချင်းတူမျှ နေကြပါသည်၊ အထိုင်အထ အသွားအလာကို ကြည့်ရှုပြီးမှ ဆုံးဖြတ်နိုင်ပါမည်ဟုပြောသော် နတ်သမီးသည် မင်းသမီးကို အိပ်စက်စေလျက် မင်းသားကို ခြင်ယောင်ဖန်ဆင်းပြီးလျှင် ကိုက်ခဲလေ၏၊ မင်းသားသည် နိုးလတ်၍ သလွန်တော်၏ အနီးအပါးကို ကြည့်ရှုရာ မိမိအနီးအပါး၌ မင်းသမီး စက်တော်ခေါ်၍ နေသည်ကို တွေ့ရလျှင် ဘဝအဆက်ဆက်က ကုသိုလ်ရေစက် ဆုံဖက်ကြသည်ဖြစ်၍ မင်းသမီး၏ မျက်နှာကို အခါခါရှုကြည့်ပြီးလျှင် ဤမင်းသမီးကဲ့သို့ ရှုချင်ဖွယ်ကောင်းသော မိန်းမကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူး၊ အထူးချစ်ခင်ဖွယ် ကောင်းလေစွတကားဟု ပြောဆိုပြီးလျှင် မိမိကိုယ်ကို ဆောက်တည်ရာ မရအောင်ဖြစ်၍ ယဉ်ကျေးနထွားသောကိုယ်ကို

နလှစွာသော လက်နှစ်စုံဖြင့် ချီပွေ့ပြီးလျှင် ဖက်ကာဖက်ကာ ရွှင်လှစွာသော မျက်နှာဖြင့် အခါခါ နမ်းရှုပ်၏။

ထိုသို့ နမ်းရှုပ်ပြီးလျှင် မင်းသမီး ဝတ်ဆင်ထားသော လက်စွပ်ကို ချွတ်ယူပြီး မိမိလက်၌ ဝတ်ဆင်ထားသော လက်စွပ်ကိုချွတ်ပြီး မင်းသမီး၏ လက်၌ ဆင်မြန်းလေ၏၊ ထိုသို့ လက်စွပ်လဲလှယ်၍ ဝတ်ဆင်ပြီး ချီပွေ့ကာ သလွန်ထက်သို့တင်ထားလျှင် ကမာရက်ဇမန် မင်းသားလည်း စက်တော်ခေါ်လေ၏၊ မင်းသား စက်တော်ခေါ်၍ ပျော်လေသောအခါ တစ်ဖန် မင်းသမီးကို နိုးစေပြန်၏၊ ထိုသို့ နိုးလတ်သောအခါ၌ မင်းသားကဲ့သို့ပင် ချီးမွမ်းပြီးလျှင် မင်းသားကို နမ်းရှုပ်ခြင်းပြုပြီးသော် မင်းသမီးသည် စက်တော်ခေါ်လေ၏။

## ပိုယည်၊ ပိုလှသူမဆုံးဖြတ်နိုင်၍ မိမိဗိမာန်သို့ ပြန်လေ၏

ထိုအခါ အလှအယဉ်ကို ဆုံးဖြတ်ရန် ခုံသမာဓိ ပြုလုပ်သော နတ်သားသည် တစ်ယောက်နှင့် တစ်ယောက် မည်သူထူးကဲ၍ လှကြောင်း၊ ယဉ်ကြောင်းကို မဆုံးဖြတ် နိုင်အောင်ပင် ဖြစ်နေတော့သဖြင့် မိမိဗိမာန်သို့ ပြန်သွားလေ၏၊ ထိုအခါ မင်းသမီးကို သလွန်နှင့် တကွပြန်၍ ပို့လေ၏။

၎င်းမင်းသမီး အကြောင်းကား ဤသို့တည်း၊ တရုတ်ပြည်ကြီးကို စည်ထီး ခရိုင်နိုင်ငံနှင့်တကွ အစိုးရတော်မူသော ဂေအောင်အမည်ရှိ ဘုရင်မင်းကြီး၏ သမီးတော်တည်း၊ ၎င်းမင်းကြီး၌ သမီးတော်တစ်ပါးသာရှိ၍ အလွန်ချစ်မြတ်နိုးသည်၊ မင်းကြီးထက် ဘုန်းတန်ခိုး အာနုဘော်ကြီးမားသော မင်းကြီးက ၎င်း မင်းသမီးကို ချစ်ခင်စုံမက် နှစ်သက်သည် ဖြစ်သောကြောင့် များစွာသော လက်ဆောင်ပဏ္ဏာတို့နှင့် တောင်းရမ်းစေဆိုလေ၏၊ ထိုသို့ တောင်းရမ်းစေလျှင် ပဒေါင်ရာမင်းသမီး၏ ခမည်းတော်၊ မယ်တော်တို့သည် သမီးတော်ကို ဖျောင်းဖျနားချလေ၏၊ ထိုသို့ နားချပြောဆိုလျှင် သမီးတော်က ဘုရားသမီးတော်သည် ယရာဝါသ အိမ်ထောင်ခြင်းအမှုကို မပြုလိုပါ၊ တစ်ယောက်တည်း စံနေတော်မူလိုပါသည်ဟု လျှောက်တင်လေလျှင် ခမည်းတော်၊ မယ်တော်တို့သည် အမျက်တော် ဖြစ်ပွားသည်ဖြစ်၍ လက်ပါးစေ ရံရွေအပျိုတော် တစ်ယောက်ကို အပါး၌နေစေလျက် တစ်ခုသော အိမ်နိမ့်တွင် ချထားစံပယ်နေစေလေ၏။

ထိုအခါ ကမာရက်ဇမန်မင်းသားသည် စက်တော်ခေါ်ရာမှနိုးလျှင် မင်းသမီးကို မတွေ့မမြင် ရှိလေသော် လက်စွဲတော် ကျေးကျွန်များကို အို ငါ၏ လက်စွဲတော်သား ကျွန်တော်မျိုးတို့၊ မောင်မင်းတို့ သခင်မသည် မည်သည့်နေရာသို့ ကြွသွားသနည်းဟု မေးလေ၏၊ လက်စွဲတော်သား ကျွန်တော်မျိုးများက အရှင့်သား သတိတော်မူပါ၊ စိတ်တော်ပျံ့လွင့်ဟန် လက္ခဏာရှိပါသည်ဟု လျှောက်တင်ကြလေ၏။

ထိုအခါ မင်းသားသည် အမျက်တော်ပွားလျက် ဟယ် ကျွန်ယုတ်တို့၊ ငါ့ကို သင်တို့က ရူးသွပ်သည် ထင်မှတ်သလော၊ ငါ ရူးသည်မဟုတ်၊ ငါ၏ ကြင်ရာတော် ဖြစ်သော မောင်မင်းတို့ သခင်မကို ရှာဖွေကြလော့၊ မည်သည့်အရပ်သို့ သွားသနည်းဟု ထပ်ကာထပ်ကာ မေးမြန်းလေ၏၊ ထိုသို့မေးမြန်းသည်တွင် ကျေးကျွန်တို့သည်လည်း ယခုအတိုင်းနေမူ ငါတို့၌ အပြစ်ရာဇဒဏ် ရောက်လတ္တံ့၊ ခမည်းတော်ဘုရားထံ သွား၍ သံတော်ဦးတင်မှ သင့်လျော်မည် ဆိုပြီးလျှင် နန်းတော်သို့ဝင်ကာ ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော အရှင်မင်းကြီး၊ အကျွန်ုပ်တို့သည် သားတော်၏ ခြေတော်ရင်း၌ နီးနီးကပ်ကပ် စောင့်ကြပ် ထမ်းရွက်နေသည့်အခိုက် အရှင့်သားတော်သည် စက်တော်ခေါ်ရာမှနိုးလျှင် ငါ၏ ကြင်ရာတော်သည် မည်သည့်အရပ်သို့ သွားသနည်းစသဖြင့် အကြိမ်ကြိမ် အထပ်ထပ် မေးမြန်းတော်မူပါသည်၊ သို့ဖြစ်ပါ၍ အရှင်ဘုရား၏ သားတော်သည် စိတ်တော်ချွတ်ယွင်း ဖောက်ပြန်၍ နေပါသည်ဟု သံတော်ဦး တင်ကြလေ၏။

ခမည်းတော် မင်းကြီးသည် လိမ္မာရေးခြားသော အမတ်ကြီး တစ်ယောက်ကို ဟုတ်မဟုတ် စုံစမ်းရန် စေလွှတ်လေ၏။ အမတ်ကြီးသည် နန်းတော်မှထွက်ခဲ့၍ မင်းသား၏ အိမ်တော်ပေါ်သို့ ရောက်လေလျှင် မင်းသား၏အမူအရာကို ကြည့်ရှုစုံစမ်းသည်၊ တွေ့မြင်လျှင် အမတ်ကြီးက အရှင့်သားတော်သည် ကြင်ရာထားရန် အလိုမရှိကြောင်းနှင့် ခမည်းတော်ဘုရားအား လျှောက်တင်သည့်အတွက် အမျက်တော်ရှိ၍ အိမ်နိမ့်နှင့် ထားတော်မူသည်ကို အဘယ်မှာ အရှင့်သားတော်၌ ကြင်ရာတော်ရှိပါအံ့နည်း၊ စိတ်တော်တည်တန့်အောင် ပြုတော်မူပါ ဘုရားဟု လျှောက်တင်လေသည်။

## အမတ်ကြီး၏စကားကိုကြားသော်

ထိုအခါ မင်းသားက အချင်းအမတ်ကြီး ငါ့ကို အဘယ်သို့ လျှောက်တင်ကြသနည်း၊ ငါသည် ကြင်ရာတော်နှင့်အတူ စက်တော်ခေါ်နေသည်ကို အဘယ့်ကြောင့် ကြင်ရာတော် မရှိဖြစ်မည်နည်း၊ ငါ့ကို ရူးသည်မှတ်ထင်သလော ဆိုပြီးလျှင် အမတ်ကြီးကို ပုတ်ခတ်ခြင်း ပြုလုပ်လေ၏။ ထိုသို့ ပုတ်ခတ်လျှင် အမတ်ကြီးလည်း ပျာယီးပျာယာ ရုတ်ခြည်းထ၍ပြေးပြီး နန်းတော်သို့ ဝင်ကာ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်း အပေါင်းတို့ကို အစိုးရတော်မူသော အရှင်မင်းမြတ်၊ အရှင်မင်းမြတ်၏ အမိန့်တော်ကို ဦးထိပ်ထက်ဆင်ရွက်ပြီးလျှင် အရှင့် သားတော်ကို စုံစမ်းအံ့ဟု သွားရာ ရှေးကကဲ့သို့မဟုတ် စိတ်တော် ဖောက်ပြန် ချွတ်ယွင်းသည် ဖြစ်ပါသောကြောင့် ကျွန်တော်မျိုးသည် ပုတ်ခတ်ရိုက်နှက်ခြင်းကို ခံရပါသည်ဟု အမတ်ကြီးက သံတော်ဦး တင်လေ၏။ ခမည်းတော် မင်းကြီးသည် အလွန်ချစ်မြတ်နိုးလှသော တစ်ယောက် တည်းသာရှိသော သားတော်ဖြစ်၍ အမတ်ကြီး လျှောက်တင်သော စကားကို ကြားသိတော် မူရလျှင် နလုံးသည်းပွတ်တို့ ပြတ်ကြွေဘိသကဲ့သို့ အလွန်ပူပန်ငြိုငြင်တော်မူသဖြင့် နန်းတော်မှ ဆင်းသက်ခဲ့ကာ သားတော်ရှိရာ အိမ်တော်သို့ ဆောလျင်စွာ ထွက်ကြွတော်မူလေ၏။

မင်းကြီးသည် အိမ်တော်သို့ရောက်လျှင် ငါ၏သားတော် အဘယ်ကို တောင့်တ၍ နေဘိသနည်း၊ ရှေးအထက်ကျော်အခါက ငါ့သားတော်ကို ခမည်းတော်သည် ကြင်ရာ ထားတော်မူရန် အကြိမ်ကြိမ်အဖန်ဖန် တိုက်တွန်းပါလျက်နှင့် သားတော်သည် ကြင်ရာကို အလိုမရှိကြောင်းနှင့် ငြင်းပယ်ခဲ့၍ ဤကဲ့သို့ အိမ်နိမ့်၌ ထားရလေသည်၊ သားတော်သည် အကယ်၍ မဟာဆွေတော်မျိုးတော်တို့တွင် တစ်စုံတစ်ယောက်ကိုမျှ အလိုမရှိပါမူ တိုင်းတော် ပြည်တော်၌ရှိသော မှူးကောင်း မတ်ရာ၊ သေနာပတိ၊ သူဌေးသူကြွယ် စသည်တို့တွင်ရှိသော အရွယ်အဆင်းနှင့် ပြည့်စုံသော သမီးကညာတို့ကို ရွေးချယ်ပြီးလျှင် ချစ်သားအား ခမည်းတော် ထိမ်းမြား လက်ထပ်ပေးအံ့၊ ကြင်ရာအတွက်ကြောင့် စိတ်တော်ချွတ်ယွင်းခြင်း မဖြစ်ပါလင့်ဟု မိန့်တော်မူ၏။

## ဤတိုင်းပြည်ရှိမိန်းမတို့ကို မစုံမက်ပါ

ထိုအခါ သားတော်က ခမည်းတော်၊ ဤတိုင်းပြည်၌ရှိသော မိန်းမတို့ကို အဘယ်မှာ နှစ်သက် စုံမက်နိုင်ပါအံ့နည်း၊ ယမန်နေ့ညဉ့်အခါက အကျွန်ုပ်နှင့်တကွ စက်တော်

ခေါ်၍နေသော မိန်းမသည် ဤလောက၌ လူတွင်မက နတ်တမျှလှသော မိန်းမဖြစ်ပါသည်၊ ဤမိန်းမကိုသာ အလိုရှိပါသည်၊ ၎င်းမိန်းမကိုသာ မရရအောင် ရှာကြံ၍ ပေးသနားတော်မူပါမည့် အကြောင်း လျှောက်ထားလေ၏။ ခမည်းတော်မင်းကြီးသည် ၎င်သားတော်ကား အမှန်ရူးသွပ်သည်ဖြစ်အံ့ဟု နှလုံးသွင်းပြီးလျှင် သားတော်၊ သတိကို ကြပ်ကြပ်ထားပါလော၊ မဟုတ်မဟပ် မအပ်မရာသည်ကို မပြောဆိုလေနှင့်၊ သားတော်၌ အဘယ်မှာ ကြင်ဖက်ရှိအံ့နည်း၊ စိတ်ကိုခိုင်ခန့်စွာ ထားပါလောဟု ဆုံးမလေ၏။

## မင်းကြီးအိပ်စက် မပျော်နိုင်ဖြစ်ပြီ

ထိုအခါ သားတော်က ခမည်းတော်မင်းမြတ်၊ ကျွန်ုပ်သည် ရူးသွပ်၍ ဤစကားကို လျှောက်ထားသည်မဟုတ်ပါ၊ ခမည်းတော်ဘုရား ပေးသနားတော်မူသော လက်စွပ် ရတနာသည် ဤလက်စွပ် ဟုတ်ပါသလောဟု လက်စွပ်ကိုပြလေ၏။ မင်းကြီးက သားတော် ဤလက်စွပ်သည် ခမည်းတော် ပေးသနားသော လက်စွပ်မဟုတ်ဟု ပြောလေ၏။ ခမည်းတော်ဘုရား ယမန်နေ့ညက အကျွန်ုပ်နှင့်အတူ သလွန်ချင်း ယှဉ်တွဲလျက် စက်တော်ခေါ်သည့်အခါ အကျွန်ုပ်ဆင်မြန်းသော လက်စွပ်ကို နမတော်လက်သို့ ဝတ်ဆင်စေပါသည်၊ နမတော်လက်စွပ်ကို အကျွန်ုပ်လက်၌ ဆင်မြန်းပါသည်၊ ယခု အကျွန်ုပ် ဝတ်ဆင်လျက်ရှိသော လက်စွပ်သည် ကြင်ရာတော်၏ လက်စွပ်ဖြစ်ပါသည်ဟု လျှောက်ထားလေ၏။

မင်းကြီးသည် လက်စွပ်ကို မြင်လေလျှင် မိမိပေးထားတော်မူသော လက်စွပ်မဟုတ်၊ သမီးတော်များသာ ဝတ်ဆင်သော လက်စွပ်ဖြစ်ကြောင်းကို သိတော်မူလျှင် စိတ်တော်၌ မဝေခွဲနိုင်အောင်ဖြစ်၍ အကြောင်းဘယ်သို့ဖြစ်မည်ကို မသိနိုင်ဟု နှလုံးထား၍ တိုင်းတော်ပြည်တော်၌ရှိသော သမားကောင်း၊ ဆရာကောင်းများကို ခေါ်၍ ကုစားလေ၏။ သို့သော် သားတော်၏ ဝေဒနာသည် မခြားမနားရှိလေက ခမည်းတော်မင်းကြီးသည် သားတော်အတွက် စိတ်လက်မရွှင် မကြည်လင်ဘဲ မိုတ်စက်မပျော်၊ ပွဲတော်မတည်နိုင်ပင် ဖြစ်တော်မူလေ၏။

ထိုရောအခါ တရုတ်ပြည်ကြီးကို အစိုးရတော်မူသော ဂေအောင်မင်းကြီး၏ သမီးတော် ပဒေါင်ရာမင်းသမီးသည် မင်းသားကို တောင့်တ၍ စက်တော်မခေါ်၊ ပွဲတော်မတည် ဖြစ်နေ၍ ခမည်းတော်၊ မယ်တော်တို့က ဖျောင်းဖျချော့မော့၍ ပြောဆိုနေရသည်၊ သို့သော်လည်း

မင်းသား၌ ခင်မင်စုံမက် နှစ်သက်သော အာရုံကြောင့် နားပါးမဝင် ရှိသည်ဖြစ်၍ ခမည်းတော်၊ မယ်တော်တို့လည်း သမီးတော်အတွက်ကြောင့် ပူဆာညှိုးချုံး နလုံးမကြည်ရှိကြလေ၏။

ထိုအခါ ပဒေါင်ရာမင်းသမီးနှင့် ငယ်စဉ်အခါက အတူတကွ နို့စို့ဖက်လည်းဖြစ်၍ အထိန်းတော်ကြီး၏ သားဖြစ်သော မာဇဘာန်မည်သော သုခမိန်သည် အတိုင်းတိုင်း အပြည်ပြည်၌ လှည့်လည်၍၊ ပညာသိပ္ပဆယ်ရှစ်ဝကို တစ်စမကျန် သင်အံလေ့ကျက် ဆောင်ရွက် မှတ်သား၍ များစွာတတ်မြောက်ပြီဖြစ်သဖြင့် နေရင်းအရပ် တရုတ်ပြည်ကြီးသို့ ပြန်ရောက်လာလေ၏။ ငယ်စဉ်ကပင် နို့စို့ဖက် ဖြစ်သော ပဒေါင်ရာမင်းသမီး၏ သတင်းကို သုခမိန် ကြားသိလေလျှင် စိတ်နလုံး မသာမယာရှိ၍ မင်းသမီးထံသို့ဝင်ပြီးလျှင် မေးမြန်းသည်၊ မင်းသမီးက သူဖြစ်သမျှ အကြောင်းခြင်းရာများကို တစ်ခုမကျန် စုံလင်သေချာစွာ ပြန်ကြား ပြောဆိုသည်။

## မစိုးရိမ်လင့်၊ ဆန္ဒပြည့်ဝစေမည်

သုခမိန်သည် အကြောင်းစုံကိုသိရလျှင် သခင်မ စိုးရိမ်တော်မမူပါလင့်၊ သခင်မ၏ဆန္ဒ ပြည့်စုံအောင် ဆောင်ရွက်ပါမည်၊ စိတ်ချ၍သာ ကောင်းမွန်စွာ စံနေတော်မူပါလော၊ မတွေ့ တွေ့အောင်ရှာကြံ၍ သခင်မ ရှိရာအရပ်သို့ ဆောင်ကြဉ်း၍ ပို့ပါမည်ဟု လျှောက်ထားသဖြင့် ပဒေါင်ရာ မင်းသမီးလည်း စိတ္တဇဝေဒနာမှ အတန်ငယ် သက်သာရာရ၍ အမောင်မာဇဘာန် သုခမိန်၊ အမောင့်အား ရှက်လည်းရှက်ပါ၏၊ ကြောက်လည်း ကြောက်ပါ၏၊ သို့သော်လည်း ကြောက်ရှက်လျက်နှင့်ပင် ပူပုံတော်ပွားသည်များကို မှာထားပါရစေဟု ပြောဆိုလေသည်။ မာဇဘာန် သုခမိန်က သခင်မ၊ အကျွန်ုပ်ကို ရှက်တော်မမူပါလင့်၊ မှန်ရန်ရှိသရွေ့ကို စေ့စုံအောင် မှာထားတော်မူပါလောဟု လျှောက်ထားလျှင် ပဒေါင်ရာမင်းသမီးလည်း အမောင်မာဇဘာန် သုခမိန်၊ ကျွန်ုပ်၏ မောင်တော်ဘုရားနှင့် တွေ့ခဲ့ပါလျှင် ဤသို့ လျှောက်တင်ပါလေ၊ သင်မင်းသား၏ နမတော်သည် သင်မင်းသားစိတ်ကြောင့် အိပ်စက်မပျော်၊ စားသော်မဝင်၊ မရွှင်ညှိုးချုံ၊ ကြိမ်မီးအုန်းသို့၊ နလုံးဆူနောက်၊ အပူမီးအပုံကြီး ရောက်ကြောင်းကို၊ မဖောက် မပြန်၊ အမှန်တင်လျှောက်လိုပါသည်ဟု ပြောပါလေဟူ၍ မှာထားလိုက်၏။

မာဇဘာန်သုခမိန်လည်း သခင်မ၊ စိုးရိမ်တော်မမူပါလင့်၊ မှာထားလိုက်သော စကား အရပ်ရပ်ကို မလစ်မလပ်ရအောင် ပြောကြားပါမည်ဟု လျှောက်ထားခဲ့သည်၊ ထို့နောက်

တရုတ်ပြည်ကြီးနှင့် ဝေးလှသော ခလီဒန်ကျွန်းသို့ ဦးတည်ထွက်လာခဲ့လေသည်၊ ဆယ်နှစ်ကျော်ခန့် ဘာသတင်းမျှ မကြားရ၍ ဆက်သွားပြန်လေသော် ခလီဒန်ကျွန်းကြီးကို အစိုးရတော်မူသော ခလီဒန်ဘုရင်မင်းကြီး၏ သားတော် ကမာရက်ဇမန် မင်းသားသည် မင်းသမီးတစ်ပါးနှင့် နှစ်ဘုန်းတူပြိုင် မဆိုင်ရသည် ဖြစ်သောကြောင့် စိတ်စက်မကောင်း ရူးသွပ်ပျံ့လွင့် ရှိနေကြောင်းကို သတင်းကြားသိရလျှင် အလွန်ဝမ်းမြောက်ဝမ်းသာရှိ၍ ထိုပြည်သို့ ရောက်အောင် သွားလေ၏။ ထို ခလီဒန်ပြည်သို့ ရောက်လေလျှင် ၎င်းပြည်၌လည်း မည်သူမဆို ဘုရင်မင်းမြတ်၏ သားတော် ကမာရက်ဇမန် မင်းသား၏ ပျံ့လွင့်သော စိတ္တဇရောဂါဝေဒနာကို ပျောက်ကင်းအောင် ကုစားနိုင်သူရှိခဲ့မူ ယောက်ျားဖြစ်လျှင် ရွှေငွေဘဏ္ဍာများစွာပစ္စည်းတို့ကို ပေးသနား၍ ချီးမြှောက်သူကောင်း ပြုတော်မူမည်၊ မိန်းမဖြစ်လျှင် သားတော်နှင့် ထိမ်းမြား လက်ထပ်၍ တောင်ညာစံထား မိဖုရားတင်မြှောက်တော်မူလိမ့်မည်ဟု မောင်းစည်လှည့်လည် ဟစ်ကြွေးလေ၏။

## ဆေးဆရာအယောင်ဆောင်လျက်

မောင်းစည်လှည့်လည် ဟစ်ကြွေးသည်ကို မာဇဘန်သုခမိန်ကြားလေသော် များစွာ ဝမ်းမြောက် လှသည်နှင့် ငါလည်း ဆေးဆရာလုပ်၍သွားမှ သင့်လျော်မည်ဟု ကြံစည်ကာ ဆရာနှင့်တူအောင် ပြုပြင်ပြီး ဆေးအိတ်များကို လွယ်ပြီးလျှင် ဘုရင့်ရှေ့တော်သို့ ဝင်လျက် ဤသို့ လျှောက်တင်လေ၏။ ဘုန်းတော် ကြီးမြတ်တော်မူလှသော အရှင်မင်းကြီး၊ အရှင်၏ သားတော်၌ ရူးသွပ်ပျံ့လွင့်သော ဝေဒနာစွဲကပ်သည်များကို ကျွန်တော်မျိုးက ပျောက်ကင်း အောင် ကုစားနိုင်ပါသည်ဟု လျှောက်တင်လေ၏။ ခလီဒန်မင်းကြီးသည် တစ်သိန်း ထိုက်တန်သော ပတ္တမြားရတနာကို ရုတ်ခြည်းခဏ ရဘိသကဲ့သို့လည်းကောင်း၊ မိုးရွာစေရန် တောင့်တ၍ နေသည့်အခါ မိုးသည်းထန်စွာ ရွာသွန်းသကဲ့သို့ လည်းကောင်း များစွာ အားရ နှစ်သက် နှလုံးအေးမြတော်မူသည်ဖြစ်၍ သင်သည် ပျောက်ကင်းအောင် ကုစားနိုင်ပါ အံ့လောဟု မေးလေ၏။

ဆေးဆရာ အယောင်ဆောင်ထားသူက ကုစားနိုင်ပါကြောင်း လျှောက်ထားလေသော် ကောင်းပြီ၊ ပျောက်ကင်းအောင် ကုစားနိုင်မူ ရွှေငွေဘဏ္ဍာတို့ကို သင်အလိုရှိသမျှ ငါပေးသနား တော်မူမည်၊ သားတော်၏ ရောဂါဝေဒနာကို ပျောက်ငြိမ်းအောင်သာ ကုစားလောဟု မိန့်ဆို

လေ၏၊ ထိုအခါ သုခမိန်က မှန်လှပါ စိုးရိမ်ကြောင့်ကြတော်မမူပါလင့်၊ အရှင်မင်းမြတ်၏ သားတော်၌ စွဲကပ်သောဝေဒနာကို ကင်းရှင်းပျောက်ငြိမ်းအောင် ကုစားပေးပါတော့မည်ဟု လျှောက်တင်လေ၏။

**မင်းသမီးနည်းတူ ဝေဒနာခံစားနေရသူ**

ထိုအခါ မင်းသားကို ကုသရန် ခွင့်ရသဖြင့် မာဇဘန်သုခမိန်သည် မင်းသား၏ အဆောင်တော်သို့ ဝင်၍ ပါးချင်းအပ်ပြီးလျှင် အရှင့်သားတော်၊ တောင့်တတော်မူအပ်သော နမတော် မင်းသမီးသည် အရှင့်သားတော်ကဲ့သို့ပင် စိတ်တော်ဆင်းရဲပူပန်လျက်ရှိနေရပါသည်၊ ပီယဝိပ္ပယောဂဒုက္ခ ချစ်သောသူနှင့် ကွေကွင်းရသည့်အတွက် ကိုယ်ကာယအတ္တဘောသည် ညှိုးလျော်ပိန်ချုံးကာ သလွန်ပေါ်၌ စက်တော်ခေါ်လည်း မပျော်မမိုတ်နိုင်ဖြစ်လျက် အသက်ဆုံးလောက်မတတ် လွမ်းတပူပန်နေရှာပါသည်၊ အရှင့်သားသည် အကျွန်ုပ်နှင့် တွေ့ရသည်မှာ မင်းသမီးကို တွေ့ရသကဲ့သို့ပင် နှလုံးသွင်းတော်မူပါ၊ စိုးရိမ်တော်မမူပါလင့်၊ အရှင့်သား တောင့်တအပ်သော နမတော်ပဒေါင်ရာ မင်းသမီးကို ရအောင် ဆောင်ပေးပါမည်ဟု လျှောက်ထားလေ၏။

မင်းသားသည် စိတ်သက်သာရာရကာ စိတ္တဇရောဂါဝေဒနာမှ ထမြောက်လေ၏။ ထိုသို့ မင်းသား ကျန်းမာချမ်းသာစွာ ရှိလတ်သော် ခမည်းတော်မင်းကြီးသည် ဆရာကိုခေါ်ပြီးလျှင် အချင်းဆေးဆရာ၊ သားတော်၌စွဲကပ်သော ဝေဒနာသည် သင်ကုမှပင် သက်သာရာ ရလေသည်၊ ကြိုးစား၍ ဝီရိယစိုက်ထုတ်ပြီး ဆက်၍ကုသပါ၊ ဆေးဖိုးဝါးခကိုလည်း သင် အလိုရှိသလောက် ငါပေးသနားတော်မူမည်၊ ဝေဒနာကိုသာ ကင်းရှင်းစွာပျောက်ကင်းအောင် ကုသပါဟု မိန့်တော်မူလေ၏။

ဆေးဆရာ ယောင်ဆောင်ထားသူ သုခမိန်က မင်းမြတ်၊ စိုးရိမ်ကြောင့်ကြတော် မမူပါလင့်၊ အရှင့်သားတော်၌ စွဲကပ်သော ဝေဒနာကို ကင်းရှင်း ပျောက်ငြိမ်းအောင် ကုသပါ မည်ဟု တင်လျှောက်လေ၏။ ထိုသို့တင်လျှောက်ပြီး ရက်ပေါင်း အတော်ကြာ၍ မင်းသား ကျန်းမာလာလတ်သော် မာဇဘန်သုခမိန်က အရှင့်သား၊ အကျွန်ုပ်တို့သည် ဤတိုင်းပြည်၌ တာရှည်လေးမြင့် နေ့ဖင့်စွာနေခဲ့ပါမူ အရှင့်သားမြတ်နိုးတော်မူသော ပဒေါင်ရာမင်းသမီးသည် အသက်လိပ်ပြာကိုယ်က ခွာသွားလျက် မကြာမီ ဆုံးရှုံးတော်မူပါလိမ့်မည်၊ သို့ဖြစ်၍ ဂေအောင်

မင်းကြီး စံနေတော်မူသော တရုတ်ပြည်ကြီးသို့ သွားကြအံ့၊ သွားရမည့်အကြောင်း ခမည်းတော်မင်းကြီးထံ ဤသို့ လျှောက်ထားရပါမည်၊ သားတော်တို့သည် တစ်ခုသော ဆေးပင်ဝါးပင်ကို အလိုရှိသည်ဖြစ်၍ သွားရာရန် ဆယ်ရက်တာ ခွင့်ပေးသနားတော်မူပါ၊ အသွားလျင်မြန်သော မြင်းနှစ်စီးကိုလည်း ပေးသနားတော်မူပါဟူ၍ လျှောက်တင်ရပါမည်ဟု မင်းသားကို လျှောက်တင်လေ၏။ မင်းသားလည်း ကောင်းပြီဟု ဝန်ခံကာ သုခမိန် သင်ပေးသည့်အတိုင်း လျှောက်ထားလေ၏။ ခမည်းတော်မင်းကြီးက သုံးရက်သာ ခွင့်ပေးလျက် လျင်မြန်သော မြင်းနှစ်စီးကိုလည်း ပေးသနားတော်မူလိုက်၍ မြင်းနှစ်စီးကို ယူခဲ့ပြီးလျှင် ဆရာထံသို့ ပြန်ခဲ့လေ၏။

မာဇဘန်သုခမိန်လည်း ဝမ်းမြောက်ဝမ်းသာ မြင်းထက်သို့ တက်စီး၍ ကမာရက်ဇမန်မင်းသားနှင့် အသွင်အပြင်တူသော ကျွန်တစ်ယောက်ကိုလည်း မြင်းစီးစေလျက် နောက်က လိုက်ပါစေသည်၊ သုံးဦးသားတို့သည် ခလီဒန်ကျွန်းမှ ပြန်လည်ထွက်ခွာလာကြရာ သုံးရက်မျှကြာသောကာလ နောက်ကလိုက်ပါလာသော ကျေးကျွန်နှင့်တကွ မြင်းပါသတ်ဖြတ်ပြီးလျှင် ကမာရက်ဇမန် မင်းသား ဝတ်ထားသော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ပေးပြီး ခရီးလမ်းဆုံရာဖြစ်သော အရပ်၌ စွန့်ပစ်ထားခဲ့ကာ ၎င်း၏ ဦးခေါင်းကိုဖြတ်ယူပြီး သွားကြလေ၏။

အဘယ့်ကြောင့် ဤသို့ပြုလုပ်ပါသနည်းဟု မင်းသားကမေးလျှင် မာဇဘန်သုခမိန်က အရှင့်သား၏ ခမည်းတော်သည် သုံးရက်စေ့၍ ကျွန်တော်မျိုးတို့ တိုင်းတော်ပြည်တော်သို့ မလာမရောက် ရှိခဲ့မူ ခြေသည်သူရဲ၊ မြင်းစီးသူရဲ၊ ဆင်စီးသူရဲတို့ကို စေလွှတ်၍ ရေကြောင်းကြည်းကြောင်းတို့ဖြင့် လိုက်လံရှာဖွေလိမ့်မည်၊ အကျွန်ုပ်တို့လည်း လွတ်မြောက်အောင် ပြေးနိုင်မည် မဟုတ်၊ ထိုအခါ ကျွန်ုပ်တို့၏ အကြံအစည်သည် ပျက်စီးခြင်း မဖြစ်ပါလော၊ ယခုထိုအလောင်းကောင်ကို တွေ့မြင်ကြရသောအခါ ငါတို့၏ အရှင့်သားသည် တစ်စုံတစ်ခုသော အန္တရာယ်တို့ဖြင့် ထိခိုက်တွေ့ကြုံတော်မူသည်ဖြစ်၍ သေဆုံးဟန်လက္ခဏာရှိသည်၊ ဆရာမှာမူကား ငါတို့မင်းကြီးအား ကြောက်ရွံ့ဉည်ဖြစ်၍ တော်သင့်ရာအရပ်သို့ ထွက်ပြေး တိမ်းရှောင်နေလေပြီဟု မှတ်ထင်ကာ တိုင်းတော်ပြည်တော်သို့ ပြန်ကြလတ္တံ့၊ ထိုအခါ ကျွန်ုပ်တို့၏ အကြံအစည်သည် အထမြောက်သည် မဖြစ်ပါလောဟု လျှောက်လေ၏။

မင်းသားက သဘောကျ၍ အမောင်၏ အကြံအစည်သည် သင့်မြတ်ပေစွ၊ သို့ရာတွင် ခမည်းတော်မင်းကြီးသည် ငါသေဆုံးကြောင်းကို ကြားသိလေက များစွာပရိဒေဝမီး ဖြစ်ပွား

တော်မူရာလိမ့်မည်ဟု ပြောလေ၏။ ထိုအခါ မာဇဘန်သုခမိန်က အရှင့်ခမည်းတော် မင်းကြီးသည် ပူပင်သောက စိတ်ဒုက္ခရောက်သော်လည်း ခေတ္တခဏသာ ပူပင်ရပါမည်၊ နောင်ကို တရုတ်ပြည်ကြီးသို့ ရောက်၍ ပဒေါင်ရာမင်းသမီးနှင့် ထိမ်းမြားလက်ထပ်ကာ ကြင်ရာတော်နှင့်တကွ ပြန်လာခဲ့ကြသည်ကို မြင်သော် ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါလိမ့်မည်ဟု လျှောက်ဆိုသဖြင့် ကောင်းပြီ၊ သွားကြအံ့ဟုဆို၍ မြင်းနှစ်စီးကိုစီးနင်းပြီး သွားကြလေ၏။ ဂေအောင်မင်းကြီး စံနေတော်မူသော တရုတ်ပြည်သို့ ရောက်လျှင် မည်သူမဆို သမီးတော် ပဒေါင်းရာမင်းသမီး၌ စွဲကပ်သော စိတ်ပျံ့လွင့်ခြင်းဝေဒနာတော်ကို ကင်းရှင်းအောင် ကုနိုင်သူရှိက ယောကျ်ားဖြစ်လျှင် သမီးတော်နှင့် ထိမ်းမြားလက်ထပ်၍ အိမ်ရှေ့အရာ အပ်နင်းတော်မူမည်၊ မိန်းမဖြစ်က အလိုရှိသမျှ ရွှေငွေဘဏ္ဍာများစွာ ပေးသနားတော်မူမည်၊ ကုစားနိုင်သူရှိက ထွက်ကြလေကုန်ဟု မောင်းစည်လှည့်လေ၏။

## စက္ကူ၊ ကလောင်တံနှင့် မင်အိုးသာလိုပါသည်

ထိုသို့ မောင်းစည်လှည့်သောအသံကို မာဇဘန်သုခမိန်ကြားလျှင် မင်းသားကို အရှင့်သား၊ အရှင့်သားသည် ဆရာသမားယောင်ဆောင်၍ ကုစားပါလော၊ ကုစားရမည့် နည်းလမ်းမှာလည်း လက်စွပ်နှင့်တကွ စာဖြင့်ရေးသား၍ လွမ်းအားတော် ပိုကြောင်းများကို စေ့စုံစွာရေးသားပြီး မင်းသမီးထံသို့ ရောက်အောင် ပို့သရပါမည်ဟု အကြောင်းစုံတို့ကို စေ့စုံစွာ မှာကြားပြီး မာဇဘန်သုခမိန်သည် မိမိနေအိမ်သို့ ထွက်သွားလေ၏။ မင်းသားလည်း မာဇဘန်သုခမိန် အကြံပေးသည့်အတိုင်း မင်းကြီးရှေ့တော်သို့ဝင်၍ မှန်လှပါ သမီးတော်၌ စွဲကပ်သော စိတ်ပျံ့လွင့်ခြင်း ဝေဒနာတော်ကို ကျွန်တော်မျိုး ပျောက်ကင်းအောင် ကုစား နိုင်ပါသည်ဟု သံတော်ဦးတင်လေ၏။ မင်းကြီးက သမီးတော်၌ စွဲကပ်နေသော ဝေဒနာကို သင် ပျောက်ကင်းအောင် ကုသနိုင်ပါအံ့လောဟု ထပ်၍ အမေးတော်ရှိလေလျှင် မှန်လှပါ၊ ပျောက်ကင်းအောင် ကုသနိုင်ပါသည်ဟု သံတော်ဦးတင်လေ၏။ မင်းကြီးလည်း ကောင်းပြီ၊ ကုစားရန် ဆေးမြစ်ဝါးမြစ်များကို အလိုရှိလျှင်ပြောလောဟု အမိန့်တော်ရှိလေ၏။ မင်းသားက ကုသရန်ဆေးမြစ်ဝါးမြစ်တို့ အလိုမရှိပါ၊ စက္ကူနှင့် ကလောင်တံ၊ မင်အိုး၊ ၎င်းသုံးမျိုးကိုသာ အလိုရှိပါသည်ဟု လျှောက်တင်လေသော် ကောင်းပြီ၊ သင်အလိုရှိသမျှပေးအံ့ဟု ဆိုပြီးလျှင် မင်းသား အလိုရှိသရွေ့ကို ပေးလေ၏။

မင်းသားလည်း စက္ကူ၊ ကလောင်တံနှင့် မင်အိုး ၎င်း သုံးမျိုးကိုရလျှင် မိမိ၏ အဖြစ်အပျက် အကြောင်းအရာနှင့်တကွ အတ္တုပ္ပတ္တိအလုံးစုံကို ဖော်ပြပြီးလျှင် မှာပုံတော်သသည် မှာကား ဒလီဒန်ကျွန်းကြီးကို အစိုးရတော်မူသော ခလီဒန်မင်း၏သားတော် ကမာရက်ဇမန် မင်းသား ဤပြည်သို့ ဆိုက်ရောက်လာနေပြီ၊ မင်းသားက ဤသို့ မှာပုံတော်ပါးလိုက်ပါသည်၊ ဘုရင်မင်းမြတ်၏ သမီးတော် ပဒေါင်ရာနမတော်၊ မောင်တော်မှာ နမတော်အတွက် သလွန်တော် ထက်၌ အိပ်သော်မပျော်၊ စားသော်မဝင်၊ ဖြေမရှင် ဘွေတစ်ပင်စံ ပွေအင်ဟန်ကြောင့် ခြေလျှင်မြန်း လာခဲ့ရပါသည်၊ ထိုမှတစ်ပါး အတည်တည်အဝဝ ရှိသမျှစကား မှာပုံတော်ထားပြီးလျှင် စာနှင့်တကွ လက်စွပ်ပါစာအိတ်တွင်ထည့်၍ ပေးပို့လိုက်လေ၏။

## စာနှင့်လက်စွပ်ကိုမြင်၍ ဝေဒနာသက်သာပြီ

စာနှင့်တကွ လက်စွပ်ကို ပဒေါင်ရာမင်းသမီး မြင်လေသော် ရှင်လှသော မျက်နှာနှင့် မောင်တော် ကမာရက်ဇမန် မင်းသားနှင့် နေလ၏ပုံ နှစ်ဘုန်းစံရတော့မည်တကားဟု ဝမ်းပန်းတသာ ပြုံးရယ်ကာဖြင့် စိတ္တဇဝေဒနာသည် သက်သာရာရလေ၏။ ထိုသို့ သမီးတော်၏ မျက်နှာသည် ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျရှိနေသည့်အဖြစ်ကို ခမည်းတော်မြတ် မြင်တော်မူလျှင် များစွာဝမ်းမြောက်တော်မူ၍ ၎င်းဆေးဆရာသည် သမီးတော်၏ အဆောင်တော်သို့ဝင်၍ ကုစားစေဟု အမိန့်တော်ရှိလေ၏။

မင်းသားလည်း သမီးတော်အနီးအပါးသို့ ရောက်လေက နှစ်လရှည်စွာ ကွေကွင်းနေရသည် ဖြစ်သောကြောင့် ယခုမှ တစ်ဦးနှင့်တစ်ဦး တွေ့မြင်တော်မူရသည်ဖြစ်၍ ဖြေမဆည်နိုင်သောကြောင့် ရွှေလည်တိုင်ဖက်ကာ နွဲ့ပြီးလျှင် ငိုကြွေးတော်မူကြရှာလေ၏။ ခမည်းတော် မင်းကြီးလည်း သမီးတော်၏ ဝေဒနာ ပျောက်ငြိမ်းချမ်းသာကြောင်းကို ကြားသိတော်မူလျှင် များစွာ ဝမ်းမြောက်တော်မူသည်ဖြစ်၍ ထိုဆေးဆရာနှင့်ပင် ထိမ်းမြားပေးမည် ကြံစည်တော်မူလေ၏။

ကမာရက်ဇမန်မင်းသားက သူသည် ဆေးဆရာစင်စစ်မဟုတ်၊ တိုင်းပြည်၏ အမည်၊ ခမည်းတော်၏အမည်၊ မိမိ၏အမည်နှင့် မင်းရိုးမင်းနွယ်အစစ် မဟာရာဇ်ဖြစ်ကြောင်းကို မင်းကြီးထံ သံတော်ဦးတင်လေ၏။ ထိုသို့ သံတော်ဦးတင်လေသော် အထူးသဖြင့် ဝမ်းမြောက်တော်မူလှ၍ မင်းညီမင်းသားတို့၏ လက်ထပ်ထိမ်းမြားရာဖြစ်သော ဘုံနန်းပြာသာဒ်တို့ကို

ဆောက်လုပ်ပြီးလျှင် စုလျားရစ်ပတ် လက်ထပ်ပေးတော်မူကာ အိမ်ရှေ့အရာကို ဆောင်နှင်းပေးသနားတော်မူလေ၏။

## ခမည်းတော် အသက်မီလိုလျှင် အမြန်လာပါ

ထိုသို့ တရုတ်ပြည်၌ ပဒေါင်ရာမင်းသမီးနှင့် နှစ်ဘုန်းတူပြိုင် ကံဆိုင်တော်မူကြ၍ သုံးနှစ်တိုင်တိုင် အိမ်ရှေ့မင်းတို့၏ စည်းစိမ်ဖြင့် ပျော်ရွှင်စံလေသော် ညဉ့်အခါ၌ မင်းသားက ဤသို့ အိပ်မက်မြင်မက်လေ၏၊ အချင်းကမာရက်ဇမန်မင်းသား၊ သင့်မှာမူကား ပြုံးကာရယ်ကာ မျက်နှာငွေလ ရွှင်ပပနှင့် ဝမ်းမြောက်ဝမ်းသာရှိလေပြီ၊ သင်၏ ခမည်းတော်မင်းကြီးမှာမူ သင့်အတွက် ပလ္လင်ပျံဘုံကန္နက်၌ ပင့်သက်တော်ရှိုက်ပြီးလျှင် အပူကြီးပွားစီးလျက် ကမ္ဘာမီးလောင် နေသကဲ့သို့ ဖြစ်ရရှာပြီ၊ အသက်မှီလိုက အလျင်အမြန်လာလောဟု အိပ်မက်မြင်မက်လေ၏။ မင်းသားလည်း စက်တော်ခေါ်၍ နိုးလတ်သော် အိပ်မက်မြင်မက်ပုံ နလုံးတော်တုန်သောကြောင့် ပူပုံတော်ထပ်ပွား၍ ခမည်းတော်ဘုရားကိုသာ လွမ်းအားတော်ပိုပြီးလျှင် များစွာ ငိုယိုရှာလေသတည်း။

## ခမည်းတော်မကျန်းမာဟု အိပ်မက်မက်၍

ထိုအခါ မင်းသမီးက မင်းသားငိုကြွေးသည်ကို မြင်လျှင် မောင်တော်ဘုရား၊ အဘယ်ကြောင့် ငိုကြွေးတော်မူရပါသနည်း၊ မောင်တော်စံနေတော်မူခဲ့သော တိုင်းတော်ပြည်တော်၌ ကြင်ရာမိဖုရားများ ကျန်ရှိရစ်သောကြောင့် လွမ်းဆွတ်တသတော်မူသည် ဖြစ်၍ ငိုကြွေးတော်မူပါသလော၊ သို့တည်းမဟုတ် ဤတိုင်းပြည်၌ မနှစ်မြို့က်မပျော်ပိုက်၍ စံနေတော်မမူလိုသောကြောင့် ငိုကြွေးတော်မူပါသလော၊ မည်သည့် အကြောင်းကြောင့် ငိုကြွေးတော်မူသည်ဟု မိန့်တော်ရှိမှသာလျှင် သိရမည်ဖြစ်ပါသည်ဟု လျှောက်တင်လေ၏။ ထိုအခါ မင်းသားက အို... နမ၊ မည်သို့ဆိုသနည်း၊ မော်တော်၌ ကြင်ရာမိဖုရား အဘယ်မှာရှိအံ့နည်း၊ ဤတိုင်းပြည်၌ မပျော်မွေ့ မနှစ်မြို့က်၍ ငိုကြွေးသည်လည်းမဟုတ်ပါ၊ ယမန်နေ့ည မိုးသောက်ယံတွင် ခမည်းတော်ဘုရား ကျန်းမာတော်မမူကြောင်း၊ အသက်ကိုမှီလိုလျှင် အမြန်လာရမည့်အကြောင်း အိပ်မက် မြင်မက်တော်မူပါသည်၊ သို့အတွက် မောင်တော် ဘုရားလည်း ခမည်းတော်ဘုရားကို လွမ်းအားတော်ပိုသောကြောင့် ငိုကြွေးတသခြင်းဖြစ်ပါသည်ဟု ပြောဆိုလေ၏။

## ချစ်လျှင်လိုက်ခဲ့၊ မချစ်လျှင်နေခဲ့ပါ

ထိုအခါ မင်းသမီးက မောင်တော်ဘုရား၊ လူတို့၌ စောင့်ရှောက်အပ်သော ကိုယ်စောင့်နတ် တစ်ကျိပ်နှစ်ပါးတို့ ထင်ရှားစွာရှိကြပါသည်၊ ထိုတစ်ကျိပ်နှစ်ပါးသော နတ်တို့အနက် မကောင်းသော နတ်ခြောက်ပါး၊ ကောင်းသောနတ်ခြောက်ပါး ရှိပါသည်၊ ထိုမကောင်းသော နတ်ခြောက်ပါးတို့က မောင်တော်ဘုရားအား လှည့်ဖြား၍ မြင်မက်သော လက္ခဏာ ဖြစ်နိုင်ပါသည်၊ သို့ဖြစ်၍ အိပ်မက်ကို အာရုံတော်မပြုပါနှင့်ဟု လျှောက်တင်လေသော် မင်းသားက နမတော်၊ အဘယ်သို့ လျှောက်တင်သနည်း၊ ယနေ့ မိုးသောက်ယံတွင် တပ်အပ် ထင်လင်းစွာ မြင်မက်ပါသည်၊ အဘယ်မှာ မကောင်းသောနတ်တို့ လှည့်ပတ်ဖြားယောင်း၍ မြင်မက်ပါအံ့နည်း၊ မောင်တော်ဘုရားသည် ခမည်းတော်ကို ဖူးမြင်ရန် မောင်တော်စံနေသော တိုင်းရွှေပြည်သို့ ပြန်လည်တော်မူဦးမည်၊ နမတော်သည် မောင်တော်ဘုရား၌ ချစ်ခင်စုံမက် နှစ်သက်တော်မူပါလျှင် မောင်တော်နှင့်အတူ လိုက်ခဲ့ပါလော၊ မချစ်ခင်မစုံမက်မူ နေရစ်ခဲ့ ပါလောဟု ပြောဆိုလေ၏။ ပဒေါင်ရာမင်းသမီးလည်း မောင်တော်ဘုရား အသို့ အမိန့်တော် ရှိပါသနည်း၊ မောင်တော်ဘုရားနှင့်ခွဲခွာ၍ တစ်နေ့တစ်နာရီမျှ မနေလိုပါ၊ သို့ရာတွင် ခမည်းတော် ဘုရားထံ မောင်တော်နှင့် အတူသွား၍ အကြောင်းခြင်းတကို လျှောက်တင်ပြီးမှ အခွင့်ပန်ပြီး မောင်တော်တို့ စံနေတော်မူသော ပြည်တော်သို့ ပြန်ကြမှသင့်လျော်ပါမည်၊ မောင်တော်နှင့်အတူတကွ ရှေ့တော်သို့ ဝင်ကြအံ့ဟုဆိုပြီးလျှင် ခမည်းတော်ဘုရားထံသို့ ဝင်ကြလေ၏။

## ခမည်းတော်ခွင့်ပြုမှုဖြင့် တိုင်းပြည်သို့ပြန်ခဲ့ကြပုံ

မင်းသားနှင့် မင်းသမီးတို့ ဘုရင်ရှေ့တော်သို့ရောက်လျှင် မင်းသားက အိပ်မက် မြင်မက်သည့် အကြောင်းကို လျှောက်တင်ပြီး တိုင်းပြည်သို့ ပြန်လိုသည်ဟု ခွင့်တောင်း လျှောက်တင်လေ၏။ မင်းကြီးလည်း သားတော်သမီးတော်တို့၊ သင့်ခမည်းတော် တိုင်းပြည်၌ ကာလတာရှည်စွာ နေတော်မမူကြလေလင့်၊ သုံးနှစ်ကြာရှိခဲ့မူ ဤတိုင်းပြည်သို့ ပြန်လည်ခဲ့ကြ ကုန်ဟု မှာထားလိုက်လေ၏။ ထိုအခါ ခမည်းတော်မင်းမြတ်ထံမှ အခွင့်ရလျှင် ရှေ့တော်မှ ထွက်ခဲ့ကြပြီး ဆင်မြင်းဗိုလ်ပါများစွာတို့နှင့် စစ်သေနင်ခင်းကျင်း၍ မင်းသား၏ ခမည်းတော် စံနေသော ခလီဒန်တိုင်းပြည်သို့ ထွက်ချီတော်မူခဲ့ကြလေ၏။

နေ့ရက်အတော်ကြာ၍ တောစခန်းနှင့် တောလမ်းသို့ရောက်လေက သစ်ခက်တို့ကို တဲနန်းတော်လုပ်၍ စက်တော်ခေါ်ကြသည်။ နံနက်မိုးသောက်သောအခါ မင်းသားသည် ရှေးဦးစွာ နိုးလတ်၍ မင်းသမီး၏ မြခါးစည်းတော် ပြုတ်နေသည်နှင့် ခါးစည်းတော်ကို စမ်းသပ်၍ ကြည့်ရှုသည်၊ ခါးစည်းတော်မှ လက်ဖွဲ့ငယ်တစ်ခုကို တွေ့လေ၏။ ကောင်းစွာ မသိမမြင်သာ ရှိသည်နှင့် တဲနန်းတော် အပြင်ဘက်သို့ ထွက်၍ ကြည့်ရှုသည်၊ စွန်ငှက် တစ်ကောင်သည် မင်းသားလက်မှ နီနီကို မြင်ရသည်နှင့် သားတစ်ထင်မှတ်၍ ရုတ်တရက် ထိုးသုတ်ယူဆောင်သွားလေ၏။ မင်းသားလည်း စွန်၏ နောက်ကို လိုက်သည်၊ သို့ရာတွင် မိုးချုပ်၍ နေဝင်လျှင် စွန်သည် သစ်ပင်ထက်၌ အိပ်လေ၏။ မင်းသားလည်း သစ်ပင်အောက်မှ ခဲ၊ အုတ်၊ ကျောက်၊ တုတ်၊ လှံတို့ဖြင့် ပစ်ခတ်သော်လည်း လက်ဖွဲ့ကို ပြန်ရအောင် မစွမ်းနိုင် ဖြစ်နေလေ၏။ နံနက်မိုးသောက် ရောက်ပြန်လျှင် စွန်သည် ပျံလိုသောအရပ်သို့ ပြန်၍ စွန်၏နောက်သို့ အစဉ်လိုက်ပြန်လေ၏။ ဤနည်းဖြင့် ဆယ်ရက်တိုင်တိုင် စွန်၏နောက်သို့ အစဉ် တစိုက်လိုက်လေသော် စွန်သည် တစ်ခုသော မြို့တံတိုင်းကြီးအတွင်းသို့ ဝင်သွား၍ မျက်ခြေပြတ်သွားလေ၏။ မင်းသားသည် စွန်နောက်လိုက်ရင်း မြို့တံတိုင်းအတွင်းသို့ဝင်မိမှ မိမိ၏ကြင်ရာတော် မင်းသမီး တောစခန်း၌ ကျန်ရှိရစ်ကြောင်း သတိရလေ၏။

မင်းသားသည် မင်းသမီးကို တောင့်တ သတိရ၍ သြော်.. ငါ၏ ချစ်သူ ပဒေါင်ရာ မင်းသမီးသည် ငါ့အတွက် အလွန်ပင် ကြောင့်ကြ စိုးရိမ်တော်မူနေရှာလိမ့်မည်၊ ငါလည်း နမတော်အား အကြောင်း တစ်စုံတစ်ရာမျှ မပြောမကြားခဲ့ရ၊ စက်တော်ခေါ်ရာက နိုးလတ်လျှင် ငါ့ကိုရှာ၍မတွေ့က များစွာ ပူပင်ဆင်းရဲခြင်း ဖြစ်တော်မူရှာလိမ့်မည်၊ ကိန္နရာ၊ ကိန္နရီ မောင်နှံတို့သည် စုံမြိုင်ယံ၌ ပျော်စံလှည့်လည်၍နေစဉ် ကိန္နရာဖို ပျောက်ဆုံးသွား၍ နလုံး မသက်မသာ များစွာ ပူပန်ငိုကြွေးဘိသကဲ့သို့ ငါ၏နမတော် ပဒေါင်ရာမင်းသမီးလည်း စက်တော်ခေါ်ရာက နိုးလတ်လျှင် ငါ့ကို မမြင်မတွေ့သည့်အတွက် အလွန်နုလှစွာသော ရွှေလက်နှစ်စုံနှင့် ရင်အုံမှာ ခတ်တီးလျက် လူးလဲ၍ ငိုယိုတော်မူရှာလိမ့်မည်၊ ယခု ငါသည် ဒုက္ခဆင်းရဲတွေ့ကြုံရသည်ထက် ငါ၏နမတော်သည် ပူပင်ဆင်းရဲမည်ကို အလွန်စိုးရိမ်ပါသည် စသည်တို့ဖြင့် မြည်တမ်းငိုကြွေးလေ၏။

## ဤတိုင်းပြည်ကား အမောင်တို့နှင့်ရန်ဘက်ဖြစ်သည်

မင်းသားသည် ထိုသို့ငိုကြွေးပြီးလျှင် ငါသည် ငိုယိုကာနေသော်လည်း ကိစ္စပြီးငြိမ်းတော့မည် မဟုတ်၊ မြို့တံတိုင်းအတွင်းသို့ဝင်ရန် အပေါက်ရှာဦးမှသင့်လျော်မည်ဆိုပြီးလျှင် ဝင်ပေါက်ကို လိုက်လံရှာဖွေရာ အပေါက်ငယ်တစ်ခုကို တွေ့၍ ထိုအပေါက်ငယ်ဖြင့် ဝင်သွားလေ၏။ အတွင်း၌ ဥယျာဉ်ကို စောင့်ရှောက်နေသော ဥယျာဉ်မှူး အဘိုးကြီးတစ်ယောက်နှင့် တွေ့၍ အဘိုးကြီးက မင်းသားကိုမြင်လျှင် အမောင်သည် ရုပ်ရည်လည်းလှပတင့်တယ်သည်၊ အသွင်လည်း ထူးခြားသည်၊ မည်သည့် အရပ်ဒေသကနည်း၊ အဘယ်အကြောင်းကြောင့် ဤနိုင်ငံသို့ လာရောက်ပါသနည်းစသည်ဖြင့် မေးမြန်းလေ၏။

ထိုအခါ ကမာရက်ဇမန်မင်းသားက အို... အဘိုး၊ ကျွန်ုပ်တို့နေသော တိုင်းပြည်ကား ခလီဒန်ကျွန်းကြီးဟု ခေါ်ဝေါ်ပါသည်၊ ကျွန်ုပ်၏ အမည်မှာ ကမာရက်ဇမန် မင်းသားပါတည်းဟု မိမိအမည်နှင့် နေရပ်ကို ပြန်ကြားလေ၏။ ဥယျာဉ်မှူး အဘိုးကြီးလည်း အို.... အမောင်လုလင်၊ ဤတိုင်းပြည်ကား ရဟိုဒီတိုင်းပြည်ဖြစ်သည်၊ အမောင်တို့တိုင်းပြည်နှင့် ရန်ဘက်ဖြစ်သည်၊ အမောင်ဝတ်ဆင်သော အဝတ်တန်ဆာတို့ကို အမြန်ချွတ်ကာ ရဟိုဒီအဝတ်တန်ဆာကို အမြန်ဝတ်ဆင်ပါလောဟု ပြောဆိုလေ၏။

မင်းသားလည်း အဝတ်တန်တာကိုချွတ်လျက် ရဟိုဒီအဝတ်တန်ဆာကို ဝတ်ဆင်လေ၏၊ ထို့နောက် ဥယျာဉ်မှူးအဘိုးကြီးအား အဘိုး၊ ကျွန်ုပ်တို့တိုင်းပြည်ဖြစ်သော ခလီဒန်ကျွန်းကြီးသို့ ခြေကျင်သွားလျှင် မည်သည့်နေရာကသွားမှ ရောက်နိုင်ပါမည်နည်းဟု မေးလေ၏၊ ဥယျာဉ်မှူးက ခလီဒန်ကျွန်းသို့ ခြေကျင်သွားသော ခရီးလမ်းမရှိပါ၊ ယမန်နေ့ကပင် အမောင်တို့ တိုင်းပြည်နှင့် အနီးမြို့တစ်မြို့သို့သွားသော သင်္ဘော ထွက်သွားပါသည်၊ နှစ်ရက်လောက်သာ နောက်ကျပါသည်၊ အမောင်သည် အကယ်၍ သင်္ဘောနှင့်လိုက်လိုပါလျှင် တစ်နှစ် ဆိုင်းငံ့ဦးလောဟု ပြောဆိုသဖြင့် မင်းသားသည် စိတ်ဆင်းရဲငြိုငြင်စွာဖြင့်ပင် ရဟိုဒီတိုင်းပြည်၌ တစ်နှစ်ဆိုင်းငံ့လျက် ဥယျာဉ်မှူး၏ခိုင်းစေရာအလုပ်ကို ကျေပွန်စွာ လုပ်ကိုင်ရင်းနေရလေ၏။ ဥယျာဉ်မှူးသည် သူ့ကို သားအရင်းကဲ့သို့ အထူးချစ်ခင်၏။

ထိုအခါ ပဒေါင်ရာမင်းသမီးသည် စက်ရာကနိုးလေ၍ မိမိမောင်တော်ကို ကြည့်ရှုရာ မတွေ့မမြင်သဖြင့် မြခါးစည်းတော်ကို စမ်းသပ်ကြည့်ရှုသည်၊ လက်ဖွဲ့တော်ကို မတွေ့သည်နှင့် လက်ဖွဲ့တစ်စုံတစ်ရာ ဖြစ်သောကြောင့် လက်ဖွဲ့နောက်သို့ လိုက်ရှာတော်မူလိမ့်မည်၊ ဤ

တောကြီး၌လည်း တစ်ကိုယ်တည်း ထွက်ကြွတော်မူသည်မှာ ခြင်္သေ့သစ်ကျား ဘေးရန်တို့နှင့် တွေ့ကြုံခဲ့မူ မည်သို့ပြုလုပ်နိုင်ပါအံ့နည်း၊ ပွဲတော်တည်ချိန် ကျရောက်လျှင် မည်သူပွဲတော်ဆက်သ ပါအံ့နည်း၊ ကွမ်းတော်ပွဲကို မည်သူဆက်သပါအံ့နည်း၊ သောက်တော်မူရန် ဆေးလိပ်တော်ကို မည်သူဆက်သပါအံ့နည်း၊ နံနက်ထသောအခါ မျက်နှာတော် သုံးသပ်ရန် ရေကို မည်သူဆက်သပါအံ့နည်း၊ ခြင်္သေ့သစ်ကျားဘေး ရန်များကို ရှောင်ရှားနိုင်ပါစေသော်၊ ကိုယ့်ဆယ့်ခြောက်ဖြာ ဘေးရောဂါသည် ကိုယ်မှာမထိ ပကတိကျမ်းမာပါစေသော်၊ နှစ်ဆယ့်ငါးပါးသော ဘေးတို့သည် ကင်းဝေးပါစေသော်၊ သုံးဆယ့်နှစ်ပါးသော ကံကြမ္မာနှင့် ဆယ်ပါးသောဒဏ်တို့သည် တစ်ဆံချည်မျှ မစွန်းငြိဘဲ မောင်တော်ဘုရား၌ မထိမခိုက်နိုင်ပါစေသော်၊ ချိုမြိန် ကောင်းမြတ်သော သစ်သီးကြီးငယ်တို့ရရှိ၍ လွယ်လင့်တကူ မျှတနိုင်ပါစေသော် စသည်ဖြင့် အထူးထူး အသွယ်သွယ် ဆုတောင်းပတ္တနာပြုပြီးလျှင် မြတဘက်တော်ဘကို အသာမ၍ စက်စက်လည် မျက်ရည်စဖြင့် ချုံးချကာ ငိုကြွေးတော်မူလေ၏။

## မောင်တော်ကဲ့သို့ ဝတ်ဆင်လျက် မင်းသမီးစစ်ချီပြီ

ဤသို့ ငါငိုကြွေးမြည်တမ်းကာ နေသော်လည်း ကိစ္စပြီးငြိမ်းတော့မဟုတ်၊ မောင်တော်ဘုရား မရှိကြောင်းကို ဗိုလ်မှူးစစ်ကဲ၊ ဗိုလ်ချုပ်တို့ သိလေက ငါ့အား ချစ်ကြိုက်ရန် စကားပြောကြား ကြလိမ့်မည်၊ ငါသည်လည်း ဤကဲ့သို့ မိန်းမအဝတ်အစားနှင့် သွားလေက မသင့်မလျော်၊ မောင်တော် ဆင်မြန်းတော်မူသော ဝတ်လဲတော် ဖောင်းတော်များကို ဝတ်ဆင်၍ မောင်တော်ကဲ့သို့ပြုလုပ်သွားမှ သင့်လျော်ချေမည်ဟု ကြံပြီးလျှင် မောင်တော်၏ ဝတ်လဲတော်၊ ဖောင်းတော်တို့ကို ဝတ်ဆင်ပြီး ဗိုလ်မှူး၊ ဗိုလ်ချုပ်၊ စစ်ကဲ့တို့၊ စခန်းချီရန် အချိန်ကျရောက်လေပြီ၊ စစ်သည် သေနတ်တို့ကို ခင်းကျင်းပြင်ဆင်ကြကုန်ဟု မိန့်ကြားပြီးလျှင် စစ်ချီတော်မူလေ၏။

ဤသို့ ထွက်ချီလာခဲ့၍ ရည်ရှည်ကြာသော် ဤဘိုနီမည်သော ကျွန်းသို့ရောက်လေ၏။ ထိုပြည်၌လည်း အာမနော့ အမည်ရှိသောမင်းသည် နန်းစံနေလေ၏။ ပဒေါင်ရာမင်းသမီး ဆင်လုံးမြင်းရင်း အင်အားတို့ဖြင့် လာသည်ကို အာမနော့မင်း မြင်လျှင် ရန်သူပင်ထင်မှတ်၍ ဆီးကြိုပြီး တိုက်ခိုက်လေ၏။ ထိုအခါ ပဒေါင်ရာမင်းသမီးသည် ဗိုလ်မှူးစစ်ကဲတို့အား ခုခံ၍ မတိုက်ကြလင့်ဟု အမိန့်တော်ပေးတော်မူလေ၏။ အာမနော့မင်းသည် ခုခံတိုက်ခိုက်ခြင်း

မပြုသည့် အကြောင်းတို့ကို ပဒေါင်ရာမင်းသမီးအား မေးမြန်းလေ၏။ ပဒေါင်ရာမင်းသမီးက ကျွန်ုပ်တို့သည် ရန်သူမင်းများမဟုတ်ကြပါ၊ ခမည်းတော်၏ တိုင်းပြည်သို့ ပြန်လာကြပါသည်ဟု ပြောဆိုလေ၏။ အာမေနော့မင်းလည်း အဆင်းသဏ္ဍာန်ရူပကာ အလွန်ရှုချင်ဖွယ် ရှိသည်ဖြစ်၍ မင်းသားယောင်ဆောင်သော ပဒေါင်ရာမင်းသမီးအား မြို့တော်သို့ ခေါ်သွားလေ၏။ နန်းတော်သို့ ရောက်လျှင် ဆက်လက်မေးမြန်းပြီး မိမိ၏သမီးတော်နှင့် ထိမ်းမြား လက်ထပ်မည်ပြု၏။

ထိုအခါ ပဒေါင်ရာမင်းသမီးက ဩော် ငါသည်လည်း မိန်းမသား ဖြစ်ချေသည်၊ မိန်းမဖြစ်ကြောင်း တင်လျှောက်ပြန်လျှင် ငါ့ကို သတ်လတ္တံ့၊ အဘယ်သို့ ကြံစည်ရပါအံ့နည်းဟု စဉ်းစား ဆင်ခြင်နေ၏။ ထိုသို့ စဉ်းစားဆင်ခြင်ပြီးလျှင် အကြံအစည် ဉာဏ်ပညာသာ လိုရင်းပဓာန ဖြစ်တော့သည်။ အာမေနော့မင်းက သမီးနှင့်ထိမ်းမြား လက်ထပ်ပြီးမှ အကြောင်းတစ်မျိုးတစ်မည်တို့ဖြင့် ပြောဆိုကာ တောင်းပန်ရလျှင် သင့်လျော်လိမ့်မည်ဟုကြံပြီး မိမိမိန်းမဖြစ်သည့်အကြောင်းကို မပြောဘဲ ဆိတ်ဆိတ်နေလေ၏။

အာမေနော့မင်းလည်း မိမိသမီးတော်နှင့် မင်းညီမင်းသားတို့၏ ထိမ်းမြားမြဲဖြစ်သော ဘုံနန်းပြသာဒ်တို့ကို ဆောက်လုပ်စေ၍ ထိမ်းမြားလက်ထပ်ပေးခြင်းကို ပြုလေ၏။ ထိုသို့ ထိမ်းမြားပြီးသော် ထီးနန်းကိုလွှဲအပ်၍ ပဒေါင်ရာမင်းသမီးအား ထီးနန်းအုပ်ချုပ်မင်းလုပ်စေ၏၊ ညဥ့်အခါတိုင် ရောက်လတ်သော် စက်တော်ခေါ်ရာ မြကြာယံအတွင်းသို့ ဝင်ပြီးလျှင် စိန်စီသော သလွန်ထက်၌ စက်တော်ခေါ်သောအခါ ပဒေါင်ရာမင်းသမီးက အိုအစ်မတော်၊ ကျွန်ုပ်သည် ယောကျ်ားစင်စစ် မဟုတ်ပါ၊ မိန်းမအမှန်ဖြစ်ပါသည်၊ မောင်တော်ဘုရားနှင့် တောစခန်း တောလမ်းတွင် စက်တော်ခေါ်၍နေစဉ် နံနက် အိပ်ရာမှ နိုးသောအခါတွင် မောင်တော်ဘုရား မည်သည့် အတွက် ပျောက်ကွယ်သွားသည်ကိုမသိ၊ မောင်တော်ဘုရား မရှိသည်နှင့် ဗိုလ်မှူး၊ ဗိုလ်ချုပ်၊ စစ်ကဲတို့က ကျွန်ုပ်၏အကျင့်ကို ဖျက်မည်စိုးသောကြောင့် ယောကျ်ားအဟန် ပြုလုပ်၍ လာခဲ့ပါသည်၊ မောင်တော်ဘုရားနှင့် အကျွန်ုပ်သည် သဏ္ဍာန်သွင်ပြင်ချင်း မကွဲမပြား အတူတူပင် ဖြစ်ပါသည်၊ ယင်းသို့လျှင် ဗိုလ်မှူး၊ ဗိုလ်ချုပ်၊ စစ်ကဲတို့နှင့် ထွက်ချီလာကြရာ အစ်မတော်၏ ခမည်းတော်က ရန်သူမင်းထင်မှတ်၍ ဆီးကြိုပြီး တိုက်ခိုက်ပါကြောင်း အစရှိသည်တို့ဖြင့် ပြောဆိုပြီးသော် အစ်မတော်ဘုရား၊ ကျွန်ုပ်အား ညီမအရင်းကဲ့သို့ ထင်မှတ်

တော်မူပါ၊ ချစ်ခင်တော်မူပါ၊ ဤအကြောင်းများကို အစ်မတော်ဘုရား၏ ခမည်းတော်ဘုရား မသိရအောင် ဆိတ်ဆိတ်နေတော်မူပါဟု သနားစဖွယ် တောင်းပန်တိုးလျှိုး၍ ပြောဆိုလေ၏။

ထိုမင်းသမီးလည်း တစ်စုံတစ်ယောက်သောသူမျှ မသိရအောင် သိုသိပ်စွာ ထား၍ မောင်တော်၊ နမတော်ကဲ့သို့ပင် တိုင်းသူပြည်သားလူအများတို့အား တရားရေအေးဖြင့် တိုက်ကျွေး လျက်မင်းပြုနေကြလေသတည်း။

## ဥယျာဉ်မှူးအလုပ်လုပ်ရင်း ရွှေအိုးများတွေ့ပြီ

ထိုအချိန်တွင် ကမာရက်ဇမန်မင်းသားသည် ဥယျာဉ်မှူး၏ ခိုင်းစေရာ ဥယျာဉ် ရေလောင်းအလုပ်ကို လုပ်လျက် ဆင်းရဲငြိုငြင်စွာ နေနေလေ၏။ တစ်နေ့သ၌ ကမာရက်ဇမန် မင်းသားသည် တစ်ခုသောသစ်ပင်ကို ခုတ်လှဲသည်ရှိသော် သစ်ပင်၏ အမြစ်အောက်၌ အပေါက်ငယ်တစ်ခုကို တွေ့မြင်သည်။ ထိုအပေါက်ငယ်ထဲသို့ ဝင်သွားရာ ရွှေအိုးအလုံး ရှစ်ဆယ်ကို တွေ့ရ၏။ ထိုရွှေအိုးတို့ကို ဥယျာဉ်မှူးအားပြသပြီးလျှင် ရွှေအိုးတို့ကို တစ်ဝက် ခွဲဝေ၍ ပေးလေ၏။ ဥယျာဉ်မှူးက အမောင်၊ အဘိုးသည် ဤဥယျာဉ်၌ တစ်သက်တာ ကာလစောင့်ရှောက်၍ နေသော်လည်း ရွှေဆို၍ ချင်ရွေးခန့်မျှ မတွေ့မမြင်ပါ၊ ဤရွှေအိုး များသည် အမောင်နှင့်သာ ထိုက်တန်၍ အမောင်သာလျှင် အကုန်ယူလေဟု ပြောဆိုလေ၏။ သို့သော်လည်း ကမာရက်ဇမန်မင်းသားက ရွှေအိုးတို့ကို တစ်ဝက်စီခွဲ၍ အဘိုးအိုအား ညီမျှစွာပေးလေ၏။

ထိုအခါ တစ်နစ်တစ်ကြိမ် ဆိုက်ရောက်မြဲဖြစ်သော သင်္ဘောဆိုက်ကပ်လာ၍ မင်းသား လည်း စဉ့်အိုးအလုံး ရှစ်ဆယ်တို့တွင် ရွှေကို တစ်ဝက်ကျစီထည့်ပြီးလျှင် ထိုရွှေအိုး၏ အပေါ်မှ သပျက်ယို ထည့်သွင်း ဖုံးလွှမ်းထားလေ၏။ ထိုသို့ပြုလုပ်နေစဉ် စွန်ငှက်နှစ်ကောင်တို့သည် အချင်းဖြစ်ပွားကာ တစ်ကောင်နှင့်တစ်ကောင် ထိုးခွပ်ကြရာမှ စွန်တစ်ကောင် သေဆုံးပြီး အောက်သို့ ကျလာ၏။ ထိုကျလာသော စွန်သေကို နှစ်ကောင်သော စွန်တို့က ကြည့်ရှုပြီးလျှင် စွန်သေကို မြေတွင်ယက်လျက် မြှုပ်ထားကြသည်။ ထို့နောက် ထိုးခွပ်သောစွန်ကို လေးကောင် သော စွန်တို့က ဖမ်းဆီးသတ်ချီ၍ စွန်သေ၏ အလောင်းကို ပြသပြီးလျှင် ၎င်းစွန်အား ဝိုင်းဝန်း၍ ထိုးခွပ်ကြပြန်လေ၏။ ထိုစွန်လည်းသေဆုံးကာ အတောင်တခြား၊ အမြီးတခြား၊ ခြေတခြား၊ အူအသည်းတို့လည်း တခြားစီထားပြီးလျှင် လေးကောင်သောစွန်တို့သည် ပြန်ကြလေ၏။

ကမာရက်ဇမန်မင်းသားက စွန်တို့အကြောင်း သေချာစွာသိရအောင် အနီးသို့ ချဉ်းကပ်ကြည့်ရှုလေသော် မိမိ နမတော်၏ လက်ဖွဲ့သည် စွန်အသည်းနှင့် ကပ်တွယ်နေသည်ကို တွေ့မြင်သွားလေ၏။ ဟုတ်မဟုတ်ကို လက်ဖြင့် စမ်းသပ်ကြည့်ရှုရာ အမှန် လက်ဖွဲ့ ဖြစ်သောကြောင့် ထိုလက်ဖွဲ့ကို ယူငင်ပြီးလျှင် တစ်ခုသောရွှေအိုး၌ ထည့်၍ ထိုအိုးအား အမှတ်အသား ထားလျက် ရွှေအိုးအလုံးရှစ်ဆယ်တို့ကို သင်္ဘောထက်သို့ တင်ဆောင်လေ၏။ တင်ဆောင်ပြီး ကပ္ပတိန်ကိုအပ်နှံလျက် လက်မှတ်ကိုယူကာ ဥယျာဉ်မှူးကို နှုတ်ခွန်းဆက်ရန် ကုန်းပေါ်သို့ တက်လာခဲ့သည်။ ဥယျာဉ်မှူးအဘိုးကြီးသည် ဓာတ်သက်ရောဂါစွဲကပ်သည်နှင့် ကုသခံနေရသည်။ ထိုစဉ်၌ပင် သင်္ဘောက ထွက်ခွာသွားလေ၏။ ဥယျာဉ်မှူးအဘိုးကြီးအား ကြိုးစား ကုသပေးကြငြားသော်လည်း ထိုရောဂါနှင့်ပင် အဘိုးကြီး အသက်သေဆုံး ရှာလေသတည်း။ ထိုအခါ မင်းသားသည် သင်္ဘောရှိရာသို့ ဆင်းလာရာ သင်္ဘောကို မမှီလိုက်သဖြင့် မလိုက်ရဘဲ ကမ်းထက်ကထိုင်ပြီးသော် မှိုင်တွေကာ ငိုကြွေးနေလေ၏။ ငိုကြွေး မြည်တမ်းပြီးလျှင် ဥယျာဉ်သို့ပြန်ခဲ့၍ ဥယျာဉ်မှူးအလုပ်ကိုသာ ဆက်လက်၍ လုပ်ကိုင် ရလေသတည်း။ သင်္ဘောလည်း အမြို့မြို့အရွာရွာသို့ ဆိုက်ကပ်ပြီးလျှင် ဤဘိုနီကျွန်းသို့ ရောက်လာလေ၏။

ပဒေါင်ရာမင်းသမီးသည် မြစ်ဆိပ်ကမ်းနားသို့ လှည့်လည်၍ ကြည့်ရှုနေခိုက်ဖြစ်၍ ဆိုက်ကပ်လာသောသင်္ဘောမှ ကပ္ပတိန်အား အထူးအဆန်းသတင်းများကို မေးမြန်းသည်။ ကပ္ပတိန်ကလည်း ထူးဆန်းသော အကြောင်းအရာကို မမြင်မတွေ့ခဲ့ရပါ၊ အဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော သူတစ်ယောက်သည် ကျွန်တော်မျိုးတို့ သင်္ဘောတွင် သပျက်ယိုအိုး အလုံး ရှစ်ဆယ်တင်ထားပြီး ကုန်းထက်သို့ တက်သွားရာ သင်္ဘောလည်း ခရီးထွက်ရန် အချိန်နာရီ ကျရောက်သည်နှင့် ထွက်ခွာလာခဲ့ပါသည်၊ ဤသပျက်ယိုအိုး အလုံးရှစ်ဆယ်သည် ၎င်းလူ၏ အိုးများဖြစ်ပါသည်ဟု ပြသလေ၏။ ပဒေါင်ရာမင်းသမီးက ဤအိုးအားလုံး၏ တန်ဖိုးကို ပေးချေမည်ဟု ပြောဆိုကာ ၎င်းအိုးတို့ကို ငါ၏ နန်းတော်သို့ ပို့ဆောင်ကြလေဟု ပြောဆိုလျက် နန်းတော်သို့ အိုးများကို တင်ဆောင်ယူသွားကြလေ၏။ ကပ္ပတိန်အား ကျသင့်သော အဖိုးအခကို တွက်ချက်ရှင်းပေးလိုက်လေ၏။ မကြာမီ သင်္ဘောလည်း ၎င်းဆိပ်ကမ်းမှ ထွက်ခွာ သွားလေသတည်း။

## သပျက်ယိုအိုးတို့ကို မင်းသမီးက ဖွင့်ကြည့်သော်

ပဒေါင်ရာမင်းသမီးလည်း နန်းတော်သို့ပြန်၍ သပျက်ယိုအိုးတို့ကို ဖွင့်လှစ်ကြည့်ရှုသည်။ ရွှေတစ်ဝက် သပျက်ယိုတစ်ဝက်ကိုတွေ့မြင်လေက အိုးအလုံးစုံတို့ကို ဖွင့်လှစ်၍ကြည့်ရှုပြန်ရာ ရွှေအိုးချည်းဖြစ်နေသည်ကိုတွေ့ရပြီး အိုးတစ်လုံး၌ သူ့လက်ဖွဲ့ကို တွေ့မြင်သွားတော့သည်။ ဤလက်ဖွဲ့သည်ကား ငါ၏လက်ဖွဲ့ဖြစ်သည်။ ဤရွှေအိုးများသည်လည်း မောင်တော် ဘုရားတင်လိုက်သော ရွှေအိုးတို့ဖြစ်ရမည်၊ ကပ္ပတိန်ကို အမြန်လိုက်၍ ခေါ်ကြကုန်လောဟု အမိန့်တော်ရှိလေ၏။ မင်းချင်းလုလင်များ သင်္ဘောဆိပ်သို့ ရောက်လျှင် ပြည့်ရှင်မင်းကြီး၏ အမိန့်တော်ပါရှိသည်ဟု ကပ္ပတိန်အား ပြောကြားလေလျှင် ကပ္ပတိန်လည်း မင်းချင်းလုလင်တို့နှင့်အတူ လိုက်ပါလာလေ၏။ ရှေ့တော်သို့ရောက်လျှင် မင်းသမီးက ဤသပျက်ယိုအိုးရှင်သည် ငါ့ထံမှကြွေးမြီတို့ကို များစွာချေးယူသွားပြီးလျှင် ထွက်ပြေး တိမ်းရှောင်နေလေသည်၊ ယခု သူရှိရာ တိုင်းပြည်ကို ကြားသိရလေပြီ၊ သို့ဖြစ်၍ သင်၏ သင်္ဘောသည် မည်သည့် အရပ်မှာမှ အရပ်အဆိုင်းမရှိဘဲ ဆောလျှင်စွာသွားကာ ထိုသူကိုရှာဖွေပြီး ငါ့ထံသို့ ပို့ဆက်ရမည်ဟု အမိန့်တော်ရှိလေ၏။ ကပ္ပတိန်လည်း အမိန့်တော်ကို နာခံကာ သင်္ဘောသို့ ဆင်းသက်၍ မည်သည့်အရပ်မှ အထွက်အဝင် အဆုတ်အဆိုင်း မရှိဘဲ ခြောက်လနှင့်ပင် ထိုသူရှိရာ ရဟိုဒီတိုင်းပြည်သို့ ဆိုက်ရောက်လေ၏။

ကပ္ပတိန်လည်း ကမာရက်ဇမန်မင်းသားအား မေးမြန်းရှာဖွေ တွေ့ရှိသဖြင့် အမောင်လုလင်၊ ဤဘိုနီကျွန်းကို အစိုးရတော်မူသော ဘုရင်မင်းမြတ်က သင့်အပေါ်၌ ကြွေးမြီတင်ရှိကြောင်း အမိန့်တော်ရှိသည်၊ သင့်ကို ဖမ်းဆီးချည်နှောင်ပြီးလျှင် ရှေ့တော်သို့ ပို့ဆက်ရမည်ဟု အမိန့်တော်ရှိသောကြောင့် သင်္ဘောပေါ်သို့ အမြန်တက်လော့ဟု ပြောဆိုပြီး ခေါ်ဆောင်လာခဲ့သည်။ သင်္ဘောသို့ ရောက်ကြလျှင် ကပ္ပတိန်လည်း သင်္ဘောဖြင့် လိုက်ပါလိုသူတို့ကို မစောင့်မဆိုင်းဘဲ အမြန်ထွက်ခွာ၍ လာခဲ့လေ၏။

ကမာရက်ဇမန် မင်းသားလည်း ပြည့်ရှင်မင်းကြီး၏ ကြွေးမြီရှိသည်ဟု ပြောဆိုသောကြောင့် အလွန်ကြောက်ရွံ့တုန်လှုပ်လျက် ဤမင်းနှင့်ငါသည် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူး မမြင်ဖူးပါဘဲလျက်နှင့် ငါ့အားစွပ်စွဲလေသည်၊ အကြောင်းမည်သို့ဖြစ်မည်ကို မသိနိုင်အောင်ပင် ရှိတော့သည်ဟု ဆိုပြီးလျှင် တုန်တုန်ခိုက်ခိုက်နှင့်ပင်လျှင် သင်္ဘောဖြင့် လိုက်ပါလာရလေ၏။ ဤဘိုနီကျွန်းသို့ ရောက်လေသော် ကပ္ပတိန်သည် မင်းသားကိုနှောင်ဖွဲ့ပြီး မင်းကြီး၏

ရှေ့တော်သို့ ပို့ဆက်သည်။ ကမာရက်ဇမန်မင်းသားလည်း အလွန်ကြောက်လန့်လှသည်နှင့် မော်၍မျှ မကြည့်ဝံ့ဖြစ်နေသည်။ ထိုအခါ ပဒေါင်ရာမင်းသမီးက ကပ္ပတိန်ကို ပြန်စေလျက် မောင်တော်ဘုရားသည် ငါကဲ့သို့ချစ်မချစ်ကို စုံစမ်းအံ့ဟု ကြံပြီးလျှင် မသိဟန်ဆောင်၍ နောင်ဖွဲ့သော ကြိုးတို့ကိုဖြေစေလျက် တစ်ခုသော အရာအထူးကို ပေးသနား၍ ထားလေ၏။

## ချစ်သေးသလားဟု စဉ်းစားကာ အဆောင်တော်သို့ဝင်ပြီ

တစ်နေ့သ၌ ကမာရက်ဇမန် မင်းသားကို ခေါ်ပြီးလျှင် ရှေ့တော်သို့ဝင်စေလျက် မိမိလက်ဖွဲ့ကို ပြသလေ၏။ ထိုလက်ဖွဲ့ကို ကမာရက်ဇမန်မင်းသား မြင်လေသော် များစွာ ငိုကြွေးလေ၏။ ကမာရက်ဇမန် မင်းသား ငိုကြွေးသည်ကို ပဒေါင်ရာမင်းမသီး မြင်လေသော် အမောင်၊ ဤလက်ဖွဲ့ကို ပြသရုံမျှဖြင့် အဘယ့်ကြောင့် ငိုကြွေးရသနည်း၊ ဤလက်ဖွဲ့နှင့် သင်သည် အဘယ်သို့ အကြောင်းရှိသနည်းဟု မေးမြန်းလေ၏။ ကမာရက်ဇမန်မင်းသားက အရှင်မင်းကြီး၊ အကျွန်ုပ်သည် ဤလက်ဖွဲ့ကို အလွန်ဆင်းရဲခြင်း ဒုက္ခကိုခံ၍ လိုက်လံ ရှာဖွေပါသည်၊ ဤလက်ဖွဲ့ကား အခြားသူ၏ လက်ဖွဲ့မဟုတ်ပါ၊ အကျွန်ုပ် ချစ်နမတော်၏ လက်ဖွဲ့ ဖြစ်ပါသည်ဟု လျှောက်ထားလေ၏။ ပဒေါင်ရာမင်းသမီးက ဤတိုင်းပြည်နိုင်ငံနှင့်တကွ စိုးမိုး ပိုင်သပြီးလျှင် ထီးနန်းကို အုပ်ချုပ်၍ မင်းလုပ်မည်လော၊ သို့မဟုတ် လက်ဖွဲ့ကို ယူမည်လောဟု မေးပြန်လေ၏။ အရှင်မင်းကြီး၊ ဤထီးနန်းစည်းစိမ်ကို အလိုမရှိပါ၊ ကျွန်ုပ်၏ လက်ဖွဲ့ကိုသာ အလိုရှိပါသည်ဟု ပြောဆိုလျှင် ပဒေါင်ရာမင်းသမီးသည် ငါကဲ့သို့ပင် မောင်တော်ဘုရားလည်း ချစ်ခင်စုံမက်တော်မူပါ၏တကားဟု အောက်မေ့၍ အဆောင်တော်သို့ ဝင်သွားလေ၏။

အတွင်းတော်သို့ ရောက်လျှင် အာမေနော့ မင်းကြီး၏သမီးတော်ကို ပြောဆိုသည်မှာ အို… အစ်မတော်၊ ကျွန်ုပ်နှင့် တောစခန်းတောလမ်းတွင် စက်တော် ခေါ်နေသည့်အခိုက် နံနက်အခါ ပျောက်ကွယ်၍ သွားသော မောင်တော်ဘုရားသည် ယခု ဤနန်းတော်တွင် ရောက်နေပါပြီ၊ ကြည့်ရှုတော်မူလိုလျှင် လိုက်၍ ကြည့်ရှုတော်မူပါလောဟုဆို၍ ပြသလေ၏။ အာမေနော့မင်းကြီး၏ သမီးတော်လည်း ထိုမင်းသားကိုမြင်လျှင် များစွာချစ်ခင်စုံမက်ခြင်း ဖြစ်လေ၏။ ထိုအခါ ဤအကြောင်းအရာများကို မိမိ၏ခမည်းတော် အာမေနော့မင်းကြီးအား ပဒေါင်ရာ မင်းသမီးသည် ယောက်ျားယောင်ဆောင်၍ ရောက်လာသည်က စတင်လျက်

ကမာရက်ဇ မန်မင်းသား ဤတိုင်းပြည်သို့ ရောက်လာသည့်တိုင်အောင် အလုံးစုံသော စကားရပ်တို့ကို သံတော်ဦးတင်လေ၏။

**မင်းသားကို မင်းမြှောက်လေပြီ**

ခမည်းတော်မင်းကြီးလည်း များစွာအံ့သြ၍ မိန်းမဖြစ်လျက်နှင့် ခက်ခဲလျှို့ဝှက်သော အကြံအစည်တို့ကို ကြံစည်နိုင်ပေစွတကားဟု ချီးမွမ်းပြီးလျှင် ကမာရက်ဇမန်မင်းသားအား ထီးနန်းကို ပေးသနားတော်မူပြီး ပဒေါင်ရာမင်းသမီးအား တောင်နန်းစံပျော်စေလျက် မိမိ၏ သမီးတော်ကို မြောက်နန်းထားစေပြီးသော် ရာဇာဘိသိတ်သွန်းလောင်းကာ ကမာရက်ဇမန် မင်းသားအား မင်းမြှောက်လေ၏။

ကမာရက်ဇမန်မင်းသားသည် ဤဘိုနီကျွန်းကို စိုးမိုးအုပ်ချုပ်တော်မူသည့်နေ့ကစ၍ မင်းကျင့်တရားနှင့် ညီညွတ်စွာ အဂတိလေးပါး မလိုက်စားမူ၍ တိုင်းသူပြည်သား လူအများ တို့အား ရင်ဝယ်သားကဲ့သို့ မပူမဆာချမ်းသာစွာရှိစေခြင်းငှာ အခွန် ဘဏ္ဍာတော်တို့ကို အနည်းငယ်မျှသာ ကောက်ခံတော်မူပြီး ပြည်သူပြည်သားတို့၏ အလိုကိုသာ ကျင့်ဆောင်တော် မူသည်ဖြစ်၍ ဤဘိုနီကျွန်း၌ အလွန်ပင် စည်ပင်သာယာချမ်းမြေ့စွာ ဖြစ်လေ၏။ ထိုသို့လျှင် ကမာရက်ဇမန်မင်းသည် မိဖုရားနှစ်ပါးနှင့် စံစားပျော်ရွှင်နေတော်မူရသည်ဖြစ်၍ ခမည်းတော် ဘုရား၌ လွမ်းအားတော်ပိုသည်များကို မေ့လျော့ခြင်းဖြစ်လေသတည်း။ ထိုအခါ တောင်နန်းစံ ဒေဝီ မဟေသီဖြစ်သော ပဒေါင်ရာမိဖုရားကြီးက သားတော်တစ်ပါးဖွား မြင်တော်မူရာ ထို သားတော် အမည်မှာ အက်လဲအမေကျက်ဟု အမည်မှည့်လေ၏။ ထို့ပြင် မြောက်နန်းစံ မိဖုရား ၌လည်း သားတော်တစ်ပါး ဖွားမြင်တော်မူရာ ထိုသားတော်အမည်မှာ အက်လဲအမေဇက်ဟု အမည်တော် မှည့်လေသတည်း။ ထိုသားတော်နှစ်ပါးသည်ကား ပြည့်သောလဝန်းကဲ့သို့ တင့်ရှန်းသော ကိုယ်ရောင်ကိုယ်သွေး၊ ယဉ်ကျေးနထွားသော ကိုယ်သားကိုယ်ရေတို့နှင့်လည်း ပြည့်စုံခြင်း၊ ဆေးပန်းချီ လိုက်မမှီနိုင်သော မျက်လုံး၊ မျက်တောင်၊ နှာရောင်နှာတံ၊ မျက်ဆံတို့၏ တင့်တယ်ခြင်း၊ နှစ်သက်ဖွယ်သော မျက်ခုံး၊ ရှုမဆုံးနိုင်သော လုံးရပ်သဏ္ဌာန် ကိုယ်ဟန်ပန် တို့နှင့်လည်း ပြည့်စုံခြင်း၊ ရွှေဆီမီးနှစ်တိုင်ကိုပြိုင်၍ ထွန်းဘိသကဲ့သို့ အလွန်လျှင် ချစ်ခင်ဖွယ် ကောင်းလှ၏။ အချိန်အရွယ် ရောက်သည်ရှိသော် မင်းသားတို့၏ တတ်ရာဖြစ်သော အတတ်ဟူ သမျှတို့ကို သင်ကြားသည်ဖြစ်၍ ဆင်းစီးမြင်းစီး၊ စက်ယန္တရား၊ လေးမြားပစ်ခတ်

မင်းသားတို့ တတ်အပ်သောပညာကို တစ်ခုမကျန် ကောင်းမွန်စွာတတ်မြောက်သည်ဖြစ်၍ ခမည်းတော် ဘုရားရှေ့တော်၌ နေ့စဉ်မပြတ်ခစားကြ၏။ ထိုညီနောင်နှစ်ပါးတို့သည် တစ်မိဝမ်းတွင်း ရှေ့နောက်ဆင်းသော ညီရင်းနောင်ရင်းကဲ့သို့ အထူးသဖြင့် ချစ်ခင်ကြင်နာတော် မူကြလေသတည်း။

## မေတ္တာစာပေးလာသူကို ကွပ်မျက်ပြီ

တစ်နေ့သ၌ ခမည်းတော်ကမာရက်ဇမန်မင်းကြီးသည် တောကစားလှည့်လည်ပျော်စံမည်ဖြစ်၍ သားတော်နှစ်ပါးတို့အား သားတော်တို့၊ ခမည်းတော်ဘုရားသည် တော၌ လှည့်လည် ပျော်စံတော်မူမည်ဖြစ်၍ တရားပလ္လင် ဥကင်ရိပ်တွင် တိုင်းသူပြည်သား လူအများတို့၏ အမှုအခင်းကို မှားယွင်းခြင်း မရှိရအောင် တစ်ယောက်တစ်လှည့်စီ စီရင်ဆုံးဖြတ်ကြကုန်လောဟု မှာတော်မူပြီးလျှင် တောကစားရန်ထွက်တော်မူလေ၏။ ထိုသို့ ထွက်စံတော်မူသောအခါ အက်လဲအမေကျက်မင်းသားသည် တရားပလ္လင်ထက်ဝယ် ပြည်သူပြည်သားတို့အား တရားစီရင်ဆုံးဖြတ်နေသည့်အခိုက် မြောက်နန်းစံဖြစ်သော ဟရက်နဗိုမည်သော မိဖုရားသည် အက်လဲအမေကျက်မင်းသားအား နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ မိမိ၏ ကျေးကျွန်တစ်ယောက်ကိုခေါ်ကာ အက်လဲအမေကျက်မင်းသားထံ မေတ္တာစာ ပေးဆက်စေ၏။

မြောက်နန်းစံဒေဝီဖြစ်သော ဟရက်နဗို မိဖုရားက မေတ္တာစာ ရေးသား ပေးပို့လိုက်ပါသည်၊ အက်လဲအမေကျက်မင်းသား၊ ကျွန်ုပ်သည် အမောင့်အား ချစ်ခင်စုံမက် နှစ်သက်မြတ်နိုး သောကြောင့် အိပ်လည်းမပျော်၊ စားသော်မဝင်၊ သို့စင်တမ်းက နှစ်ဘုန်းဆုံတွေ့ကြုံလိုလှသဖြင့် မောင့်ဘဘုန်းမော် ခမည်းတော်ဘုရား မရှိသည့်အခိုက် ကျွန်ုပ်ကို ချစ်ခင်လျှင် အလျင်လာရောက်စေလိုသည်ဖြစ်သောကြောင့် ဤမေတ္တာစာ ရေးသားပေးပို့လိုက်ပါသည်ဟု စီကုံးရေးသားပြီးလျှင် နူးညံ့သိမ်မွေ့လှသော ပိုးလက်ကိုင်ပုဝါကို အမွှေးမျိုးနံ့သာမျိုးတို့ဖြင့် ဆွတ်ဖျန်းပြီးလျှင် မေတ္တာစာကို လုံခြုံသေသပ်စွာထုပ်ပြီးသော် မင်းသားထံသို့ ပို့ဆောင်စေ၏။ ထိုအခါ အက်လဲအမေကျက်မင်းသားလည်း တရားစီရင်ဆုံးဖြတ်၍ နေသည့်အတွင်း ၎င်းစာကို ဖတ်ရှုရလျှင် မဟုတ်မဟပ် မအပ်မရာသောအကြံကို

ကြံစည်ဘိလေသည်ဟု ဆိုပြီးလျှင် ပြင်းစွာ အမျက်ထွက်သည်နှင့် ထိုစေအပ်သော ကျေးကျွန်ကို သန်လျက်ဖြင့် ကွပ်မျက်တော်မူလေ၏။

ဤအကြောင်းကို မြောက်နန်းမိဖုရား ဟရက်နဖို ကြားသိတော်မူလေက ဤမင်းသားသည် ငါက ချစ်ခင်ပါလျက် သူက မချစ်ခင်၊ ငါ၏အလိုသို့ မလိုက်မပါရှိနေခဲ့သည်၊ သိရစေအံ့ဟု ရန်ငြိုးထားလျက် ကမာရက်ဇမန်မင်းကြီးတောလှည့်ရာမှ ပြန်လာသည့်အခါ မိန်းမတို့ ပရိယာယ်မာယာဖြင့် လည်ဆယ်ပြီးသော် ဝက်ံန္တဉာဏ်ဖြင့် မမာမကျန်း သွေးလေဖျန်း၍ ပင်ပန်းသောအဟန်ပြုအံ့ဟု အဆောင်တော်တွင်းသို့ ဝင်ပြီးလျှင် စက်တော်ခေါ်၍နေလေ၏။

နောက်တစ်နေ့ ရောက်သောအခါ ဟရက်နဖိုမိဖုရား၏ သားတော် အက်လဲအမေဇက်မင်းသားသည် တရားပလ္လင်၌တက်ပြီးလျှင် ပြည်သူပြည်သားတို့၏ အမှုအခင်းကို တရားစီရင်ဆုံးဖြတ်နေသည့်အခိုက် တောင်နန်းစံ ဒေဝီမဟေသီဖြစ်သော ပဒေါင်ရာမိဖုရားကြီးသည် ယခင်က ဟရက်နဖိုမိဖုရားကဲ့သို့ တရားစီရင်ဆုံးဖြတ်နေသော အက်လဲအမေဇက်မင်းသားထံ ချစ်ခင်စုံမက်သည့် အကြောင်းကို အထူးထူးအသွယ်သွယ်သော မေတ္တာစာတို့ဖြင့် ရေးသားစီကုံးပြီးလျှင် နူးညံ့သိမ်မွေ့ ကောင်းမွန်လှသော ဖဲလက်ကိုင်ပုဝါတွင် ပတ္တမြား စိန်ကျောက်တို့ဖြင့် စီခတ်လျက် မေတ္တာစာကိုထည့်၍ လုံခြုံစွာထုပ်ပိုးပြီး လက်ပါးစေကျွန်တစ်ယောက်ကို သွား၍ ပေးဆက်စေ၏။ မင်းသားသည် တရားစီရင်နေသည့်အတွင်း ထိုစာကို ဖွင့်လှစ်ကြည့်ရှုရာ မသင့်မလျော် ဖြစ်ကြောင်းကို သိလေလျှင် ပြင်းပြစွာ ဒေါသအမျက်ထွက်သည်ဖြစ်၍ ၎င်းစာပေးလာသူကျေးကျွန်ကို သန်လျက်ဖြင့် ကွပ်မျက်လေ၏။

ဤအကြောင်းကို ပဒေါင်ရာမိဖုရားကြီးသိလေလျှင် မိမိအလိုသို့မလိုက်မပါသည်ဖြစ်၍ ရှက်စနိုးလှသည်နှင့် ဤမင်းသား၏ အကျိုးမဲ့ကိုပြုလုပ်တော့အံ့ဟု ကြံပြီးလျှင် အဆောင်တော်ထဲ၌ မမာမကျန်းသွေးလေဥပါဒ်စွဲကပ်သောအဟန်ဖြင့် မိုတ်စက်လျက်နေလေ၏။

## မိဖုရား၏ ပရိယာယ်မာယာ

ကမာရက်ဇမန်မင်းကြီး တောလှည့်လည်ရာမှ တိုင်းတော်ပြည်တော်သို့ ဆိုက်ရောက်တော်မူလျှင် မိဖုရားနှစ်ပါးတို့ အခစား မလာမရောက်သည်ကိုမြင်က မင်းကြီး ကိုယ်တော်တိုင် အဆောင်တော်တွင်းသို့ဝင်ပြီး ဦးခေါင်းနဖူးကျောတို့ကို သုံးသပ်ပြီး အသင်မိဖုရား၊ မအီမသာ ရောဂါဥပဒ်စွဲကပ်သလော၊ ဆန္ဒလိုအင် မစုံလင်၍ ပူပင်တောင့်တသလော၊ မိုးအောက်မြေပြင်

ဤလူ့ခွင်ဝယ် လိုချင်သည့်ဝတ္ထု တစ်စုံတစ်ခုရှိခဲ့လျှင် လျှောက်တင်လေလော့ဟု မိန့်တော်မူလေ၏။ ပဒေါင်ရာ မိဖုရားကြီးက ကျွန်တော်မ ဖြစ်အင်ကို အတင်ရ ခက်လှပါသည်ဟု လျှောက်ထားလေ၏။ မင်းကြီးလည်း အသင်မိဖုရား၊ လျှောက်သာ လျှောက်တင်လော့ဟု အခွင့်ပေးလေက မိဖုရားကြီးသည် အရှင်မင်းကြီး ခွင့်ပြုတော်မူက လျှောက်ထားရပါမည်ဟု ဆိုပြီးသော် ပရိယာယ် မာယာပြုလုပ်ပြီးလျှင် မဟုတ်မလျှားသော စကားဖြင့် ဤသို့ လျှောက်ထား လေသည်။ ကျွန်မချစ်ခင် ရွှေနန်းရှင်၊ နားဆင်တော်မူပါ၊ အရှင်မင်းမြတ်၏ မြောက်နန်းစံက ဖွားမြင်တော်မူသော အက်လဲအမေဇက် မင်းသားသည် ကျွန်တော်မလွယ်၍ မမွေးမဖွား ရသော်လည်း လွယ်၍မွေးဖွား သားရင်းကဲ့သို့ ထင်မှတ်ကာ အလွန်တရာ ချစ်မြတ်နိုးပါသည်၊ ကျွန်မကို မိခင်ကဲ့သို့ နလုံးမထား အရှင်ဘုရား တောလှည့် ကြွသွားတော်မူလျှင် အဆောင်တော်တွင်းသို့ အတင်းဝင်ကာ ချစ်ခင်စုံမက် နှစ်သက်သည့် အကြောင်းကို ပြောဆိုပြီး မသင့်မတော်သောအမှုကို ပြုကျင့်ပါသည်ဟု လျှောက်တင်လေ၏၊ ကမာရက်ဇမန်မင်းကြီးသည် ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီးလျှင် မြောက်နန်းစံဒေဝီ၏ ပျော်စံသော အဆောင်တော်သို့ ဝင်ပြီးသော် ယခင်က ပဒေါင်ရာ မိဖုရားကြီးကို မေးသည့် အတိုင်း မေးမြန်းပြန်သည်။

အထက်မိဖုရားကြီးကဲ့သို့ ပရိယာယ် မာယာပြုလုပ်လျက် အရှင်မင်းကြီး၊ အရှင်သည် တောသို့ လှည့်လည် ထွက်ကြွတော်မူသောအခါ တောင်နန်းစံက ဖွားမြင်တော်မူသော အက်လဲအမေကျက် မင်းသားကြီးသည် အကျွန်ုပ်၏ အဆောင်တော်တွင်းသို့ ဝင်ပြီးလျှင် ချစ်ခင်စုံမက် နှစ်သက်သောအကြောင်းကို ပြောကြားပြီး မသင့်မလျော်သောအမှုကို ပြုကျင့်ပါသည်ဟု တင်လျှောက်ပြန်လေ၏။ မိဖုရားနှစ်ပါးတို့ လျှောက်တင်သောစကားကို ကြားသိတော်မူရလျှင် ယမ်းပုံ၌ မီးခဲကျဘိသကဲ့သို့ ဒေါသအမျက် ပြင်းစွာထွက်ပြီးသော် ၎င်း သားမိုက်တို့အား ထင်ရှားစွာသတ်စေမူ တိုင်းသူပြည်သား လူအများတို့ သိလေက အလွန်ရှက်ဖွယ် ကောင်းလေသည်၊ သို့ဖြစ်၍ အမတ်ကြီး တစ်ယောက်ကိုခေါ်ပြီး အသတ်ခိုင်းရမူ သင့်လျော်မည်ဟုကြံပြီး အမတ်ကြီး တစ်ယောက်ကိုခေါ်၍ အချင်းအမတ်ကြီး၊ ငါ၏ သားနှစ်ယောက်ကို တောသို့ ခေါ်ဆောင်ပြီးလျှင် တစ်စုံတစ်ယောက်သောသူတို့မျှ မသိရ လေအောင် တုပ်နှောင်ပြီး သေတ္တာတစ်လုံးစီအတွင်း၌ထည့်ကာ လားပေါ်သို့ တင်ဆောင်ပြီး တစ်ခုသော တောအုပ်သို့ ယူဆောင်လျက် လုပ်ကြံဖျောက်ဖျက်လေ၊ ဖျောက်ဖျက်ပြီး

သောအခါ ထိုသူတို့၏သွေးကို ဖလ်ဘူးနှစ်လုံး၌ထည့်လျက် အဝတ်တန်ဆာများပါ ယူဆောင်ခဲ့ရမည်ဟု အမိန့်တော်ရှိလေ၏။

## ဘဝကူးကောင်းအောင် ရတနာသုံးပါးနှလုံးသွင်းပါ

အမတ်ကြီးသည် အမိန့်တော်ကိုနာခံပြီးလျှင် ထိုမင်းသားနှစ်ပါးကို သင့်ရာသို့ ခေါ်၍ နှောင်ဖွဲ့သည်။ ထို့နောက် သေတ္တာများအတွင်း၌ထည့်ကာ လားပေါ်၌ တစ်ဖက်တစ်လုံး စီတင်သည်၊ မိမိကား အလွန်အဖိုးထိုက်တန်လှသော မြင်းကိုစီးနင်းလျက် ဝေးလံသော တောအုပ်သို့ သွားလေ၏။ တောအုပ်သို့ ရောက်လျှင် လားပေါ်မှ သေတ္တာများကိုချ၍ ဖွင့်လှစ်ပြီးသော် မင်းသားနှစ်ပါးတို့အား အရှင့်သားတော်တို့၊ ခမည်းတော်ဘုရားက အရှင်တို့အား သတ်ရန် အမိန့်ပေးတော်မူလိုက်ပါသည်၊ သို့ဖြစ်၍ တမလွန်ဘဝသို့မပြောင်းမီ ရှေ့အဖို့က တင်ကူးကြိုတင်၍ ဘဝကူးကောင်းအောင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး တို့ကိုသာ နှလုံးသွင်းတော်မူကြပါဟု အမတ်ကြီးက ပြောကြားလေ၏။

## အသေသတ်ရန်သာ အမိန့်ပါလာပါသည်

မင်းသားတို့က အို... အမတ်ကြီး၊ ငါတို့၌ အပြစ်တစ်စုတစ်ရာမျှမရှိပါ၊ ငါတို့အပြစ်ကို တွေးတောကြံစည် စဉ်းစား၍လည်း မရ၊ ငါတို့ သေရခြင်းသည် မည်သည့် အကြောင်းနှင့် သေရမည်နည်း၊ အပြစ်ကို ပြောကြပါဦးလောဟု မေးမြန်းကြလျှင် အမတ်ကြီးက အရှင့်သားတို့၌ မည်ကဲ့သို့သောအပြစ်ရှိသည်ကို အကျွန်ုပ်လည်း မသိရပါ၊ မည်သည့် အပြစ်ရှိကြောင်း မဖော်ပြဘဲ ငါ့သားနှစ်ယောက်ကို နှောင်ဖွဲ့ပြီးလျှင် တစ်ခုသော တောအုပ်သို့ ယူဆောင် ဖျောက်ဖျက်ရမည် အမိန့်တော်ရှိသည်နှင့် အကျွန်ုပ်လည်း အမိန့်အာဏာတော်ကို နာခံ၍ အရှင့်သားတို့အား ဤတောအုပ်သို့ ယူဆောင်လာရပါသည်ဟု ပြန်ကြားလေ၏။ မင်းသားနှစ်ပါးတို့က သနားချစ်ခင်ဖွယ်သောအသံဖြင့် တောင်းပန်တိုးလျှိုးကာ အို.. အရှင် အမတ်ကြီး၊ ကျွန်ုပ်တို့အား မည်သည့်အတွက်ကြောင့် အသက်၏ ဆုံးခန်းသို့ရောက်အောင် စီရင်ဆုံးဖြတ်တော်မူသည်ကို ခမည်းတော်ဘုရားထံ ထပ်မံ၍ လျှောက်တင်ပါရမည့်အကြောင်း အမတ်ကြီးအား ခွင့်တောင်းကြသည်။ ထိုအခါ အမတ်ကြီးက အရှင့်သားတို့ ထပ်မံ၍ လျှောက်တင်ရန် ခမည်းတော်ဘုရား အမိန့်တော်မပါပါ၊ သားတော်များကို မသေသေအောင်

သတ်ရန်သာ ကြပ်တည်းစွာ အမိန့်တော်ပါလာသည်ဟု ပြောလေလျှင် မင်းသားများသည် သေရမည့်ဘေးကို အလွန်ကြောက်ရွံ့တုန်လှုပ် လှသည်ဖြစ်သောကြောင့် သေးသွယ် နီမြန်းလှစွာသော လက်နှစ်စုံဖြင့် မိမိတို့၏ရင်အုံကိုခတ်တီး၍ သည်းထန်စွာ ငိုကြွေးကြလေ၏။

ထိုသို့ ငိုကြွေးကြလျှင် အမတ်ကြီးက အရှင့်သားတို့၊ ငိုကြွေးသည်ကို စောင့်ဆိုင်း ငံ့လင့်၍ နေသော်လည်း ကိစ္စပြီးငြိမ်းတော့မည် မဟုတ်၊ မည်သူ့ကို ရှေးဦးစွာ သတ်ရမည် ကိုသာ အမိန့်တော်ရှိကြပါဟု ဆိုလေလျှင် နောင်တော်အကြီး အက်လဲအမေကျက်မင်းသားက အို... အမတ်ကြီး၊ ကျွန်ုပ်ညီအား အရင်သတ်သည်ကို မကြည့်မမြင်လိုပါ၊ သို့ဖြစ်၍ ရှေးဦးစွာ ကျွန်ုပ်အားသာ သတ်တော်မူပါလောဟု ပြောဆိုလေ၏၊ ညီတော် အက်လဲအမေဇက် မင်းသားကလည်း နောင်တော်ဘုရား နောင်တော်ကိုသတ်ခြင်း၌လည်း အကျွန်ုပ် မကြည့် မမြင်လိုပါ၊ ရှေးဦးစွာ အကျွန်ုပ်ကိုသာ သတ်ပါစေဟု လျှောက်ထားလေ၏။

## တော၊ တောင်၊ ရေ၊ မြေစောင့်နတ်တို့ကို တိုင်တည်ပြီ

ဤသို့ပြောဆိုနေစဉ် အမတ်ကြီးသည် အရှင့်သားတို့ပြောဆိုနေသည့်စကားကို နားထောင်၍ နေချေမူ အချိန်သာကုန်တော့မည်၊ အရှင့်သားနှစ်ပါးလုံးပင် တစ်ပြိုင်နက်တည်း သတ်အံ့ဟုဆို၍ ကျောချင်းပူးကပ် ချည်နှောင်ပြီး အရှင့်သားတော်တို့၊ ဘုရား၊ တရား၊ သံဃာကိုသာ နှလုံးသွင်းတော်မူကြလောဟု ဆိုလေလျှင် အက်လဲအမေကျက် မင်းသားသည် ဘုရားကို ရှိသေစွာရှိခိုးပြီးလျှင် ဤသို့တိုင်တည်လေ၏။ ဤတော၊ ဤတောင်၊ ဤမြေ၊ ဤရေတို့တို့ကို စောင့်ကြပ်ကြကုန်သော အရှင်နတ်ကောင်းနတ်မြတ်တို့၊ အကျွန်ုပ်တို့အား ကယ်မတော်မူပါ၊ ယခု သေရခြင်းသည် မတရားသဖြင့် သေရခြင်းဖြစ်ပါသည်၊ ကျွန်ုပ်တို့သည် အကယ်၍ မတရားပြုကျင့်သည်မှန်က ဤအမတ်ကြီးသတ်သော ဘေးအန္တရာယ်နှင့်ပင် သေစေသတည်း၊ အကျွန်ုပ်တို့က အမှန်စောင့်စည်းကြသည်ဖြစ်က အမတ်ကြီး သတ်ဖြတ်ခြင်း ဘေးမှ လွတ်မြောက်ချမ်းသာပါစေသတည်းဟု ဆုတောင်းပတ္တနာပြုပြီးလျှင် အို.. အရှင် အမတ်ကြီး၊ ကျွန်ုပ်တို့ကို ခမည်းတော်ဘုရား၏ အမိန့်တော်အတိုင်း စီရင်တော် မူပါလောဟု ပြောဆိုလေ။

## သတ်ရန်ဓားမိုးစဉ် အမတ်ကြီး၏မြင်း ထွက်ပြေး၍

အမတ်ကြီးက သတ်မည်ဟု ဓားဖြင့်ရွယ်မိုးလိုက်သည်ရှိသော် သူစီးနင်းလာသော မြင်းသည် ပြင်းပြသောအသံဖြင့် ဟီလျက် ထွက်ပြေးလေ၏။ ဤသို့လျှင် မြင်းထွက်ပြေးသည်ကို မြင်လေက ဤမြင်းသည်ကား ရွှေဒင်္ဂါးနစ်သောင်းမျှ ထိုက်တန်သည်လည်း တစ်ကြောင်း၊ မြင်း၌ဆင်ယင်ထားသော ရွှေကကြိုးတန်ဆာ၌လည်း အဘိုးများစွာ ထိုက်တန်သော ပတ္တမြား ကျောက်တို့ဖြင့် မွမ်းမံစီခြယ်သည်လည်း တစ်ကြောင်းတို့ကြောင့် အလွန်လျှင် အဖိုးထိုက်တန်လေသည်ဟု တွေးပြီး ကိုင်သော ဓားလက်နက်ကိုချပြီးလျှင် မြင်း၏ နောက်သို့ အစဉ်တစိုက်လိုက်လေသော် မြင်းလည်း အမတ်ကြီးလိုက်လာစေရန် မြေကြီး၌ ခွာရာတို့ဖြင့် ထင်စေလျက် ခုန်ပေါက်ပြေးလေ၏။

အမတ်ကြီးလည်း အစဉ်အတိုင်း နောက်ကထပ်ကြပ်ပင်လိုက်ရာ မြင်းသည် မျက်ခြေပြတ်၍ တစ်ခုသောတောအုပ်သို့ ဝင်လေ၏။ ထိုတောအုပ်သည် ခြင်္သေ့၊ ကျားသစ် စသော ဘေးအန္တရာယ်များသည့် တောအုပ်ဖြစ်လေသည်။ မင်းသားညီနောင်တို့သည် တုပ်နှောင်ခြင်း ခံနေရ၍ အမတ်ကြီးလည်း မြင်းနောက်သို့ လိုက်သွားသည်မှာ အတော်ကြာလေပြီ၊ အကြောင်းဘယ်သို့ ဖြစ်သည်ကို မသိနိုင်အောင် ရှိတော့သည်ဆို၍ ချည်နှောင် ထားသောကြိုးတို့ကို ရုန်းကြသည်ရှိသော် နှောင်ဖွဲ့ထားခြင်းမှ လွတ်မြောက်လေ၏။ ညီတော်အငယ် အက်လဲအမေဇက်မင်းသားအား နှောင်ဖွဲ့ထားသည်ကို အမတ်ကြီး၏ ဓားဖြင့် ကြိုးကိုဖြတ်လေ၏၊ ထိုသို့ နှောင်ဖွဲ့ခြင်းမှလွတ်မြောက်ကြသော် နှောင်တော်အကြီး အက်လဲအမေကျက် မင်းသားက ညီတော်မောင်၊ ငါတို့ညီနောင်ကို သတ်ရန်လာသည့် အမတ်ကြီး မည်သည့်အရပ်သို့ လိုက်သွားသည်ကို မသိဖြစ်နေသည်၊ အမတ်ကြီးမရှိ၍ အခြားသို့သွားလေကမူ ခမည်းတော်၏ အမိန့်အာဏာ မတည်ရာကျချေတော့မည်၊ သို့ဖြစ်၍ အမတ်ကြီး၏ အသတ်ကိုခံရန် ငါတို့ညီနောင် လိုက်ကြအံ့ဟုဆိုပြီးလျှင် သွားကြလေ၏။ တစ်ခုသော တောအုပ်သို့ ရောက်လေက အမတ်ကြီးအား ခြင်္သေ့တစ်ကောင်က ကိုက်စားရန် လက်နစ်ဖက်နှင့် အုပ်ထားသည်ကို တွေ့ရလေ၏။

## အမတ်ကြီးကို မင်းသားတို့ကကယ်ပြီ

ထိုအခါ အက်လဲအမေကျက် မင်းသားက မြင်လျှင် ခြသေ့်ကိုဓားဖြင့် ခုတ်သတ်လိုက်၍ ခြသေ့်သေလေ၏။ ခြသေ့် သေသောအခါ အမတ်ကြီး၏ အပါးသို့သွားပြီးလျှင် အိုအမတ်ကြီး၊ ခမည်းတော်ဘုရား၏ အမိန့်အာဏာတော် ရှိသည့်အတိုင်း ဤဓားလက်နက်ကို ယူပြီးလျှင် ကျွန်ုပ်တို့အား ကွပ်မျက်တော်မူပါဟု ပြောလေ၏။ အမတ်ကြီးက အရှင့်သားတို့ကို အကျွန်ုပ် အဘယ်မှာ သတ်ရက်ပါအံ့နည်း၊ ကျွန်ုပ်၏ မိခင်ဖခင်တို့မွေးသော အသက်သည်မရှိပါ၊ အရှင့်သားများ ပေးသော အသက်သာ ကျွန်ုပ်မှာ ရှိပါတော့သည်၊ အရှင့်သားများသည် တော်သင့်သော အရပ်ဌာနသို့သာ ထွက်သွားတော်မူကြပါကုန်၊ အကျွန်ုပ်သည် ခြသေ့်၏ သွေးကို ဖလ်ဘူးနှစ်လုံးတွင် ထည့်၍ အရှင်တို့အဝတ်ကို သွေးဖြင့် သုတ်လိမ်းဆွတ်ဖျန်းပြီး ခမည်းတော်ဘုရားအား သားတော်နှစ်ပါးကို လုပ်ကြံ၍ ပြီးခဲ့ပါကြောင်း ပြရန် ဤသွေးနှင့် အဝတ်အစားတို့ကို ဆက်သပါမည်၊ အရှင့်သားတို့ သင့်လျော်သော အရပ်သို့ မြန်းကြွတော် မူကြပါဟု လျှောက်တင်လေ၏။

မင်းသားညီနောင် နှစ်ပါးတို့လည်း အမတ်ကြီး တင်လျှောက်သော စကားသည် သင့်လျော် လှပေသည်ဟု ဆိုပြီးလျှင် အမတ်ကြီးအား နှုတ်ခွန်းဆက်ပြီး တောစခန်းနှင့် တောလမ်းသို့ ညီနောင်နှစ်ပါးတို့ ကြွသွားတော်မူကြလေ၏။ အမတ်ကြီးသည်လည်း ခြသေ့်သွေးနှင့်၊ မင်းသားတို့ဝတ်ဆင်သောအဝတ်တန်ဆာတို့ကို ဆွတ်ဖျန်းလျက် တိုင်းပြည်သို့ ပြန်ခဲ့ပြီး ခမည်းတော်မင်းမြတ်ထံ ပြသလေ၏။

## မိဖုရားတို့ပေးစာ တွေ့ရသော်

ကမာရက်ဇမန်မင်းကြီးလည်း အမတ်ကြီးပြသသော သားတော်တို့၏ အဝတ်အစားတို့၌ သွေးအလိမ်းလိမ်း စွန်းကွက်လျက်ရှိသည်ကို မြင်တော်မူရလေလျှင် ငါ့သားတော်များ အမှန်ပင် သေကြလေပြီဟု မှတ်ထင်တော်မူ၍ သားတော်များဝတ်ဆင်သော အင်္ကျီအိတ်ကို စမ်းသပ် ကြည့်ရှုသည်။ ထိုအခါ မိဖုရားများက ပေးသော မေတ္တာစာတို့ကို တွေ့မြင်တော်မူ၍ ဖတ်ရှုသဖြင့် စာ၏အဓိပ္ပါယ်ကိုသိရလျှင် မရွှင်သောမျက်နှာဖြင့် ငါ့သားတော်များကို သတ်ခြင်း သည် မှားလေစွတကား၊ မိဖုရားတို့၏ စကားကို ယုံစားမိသောကြောင့် ဤသို့ မှားယွင်းရလေသည်ဟု ညည်းတွားလေ၏။ တစ်ဖန် အမတ်ကြီးကိုခေါ်၍ အချင်းအမတ်ကြီး၊

ငါ၏သားတော်များကို သတ်မည်ပြုသောအခါ မည်သည့်စကားကို ပြောဆိုကြသနည်းဟု မေးမြန်းလေသော် ဘုန်းတော်ကြီးလှသော အရှင်မင်းမြတ်၊ အရှင့်သားတော်များက သူတို့မှာ အပြစ်မရှိဘဲလျက် မည်သည့်အတွက်ကြောင့် ဖြစ်ကြောင်းကို ထင်လင်းစွာသိရပါအောင် ခမည်းတော်ဘုရားထံ လျှောက်တင်ရန် ခွင့်တောင်းကြပါသည်၊ ထိုအခါ ကျွန်တော်မျိုးလည်း နောက်ထပ်မံ၍ လျှောက်တင်ရန် အရှင့်အမိန့်တော် မပါသည်နှင့် ဓားဖြင့် ကွပ်မျက် စီရင်လိုက်ပါသည်ဟု သံတော်ဦးတင်လေ၏။

## အမှားလုပ်မိပြီဟု မင်းကြီးပူပန်ပြီ

ထိုအခါ ခမည်းတော်မင်းကြီးလည်း သြော် ငါသည် မှားခြင်းကြီးလေစွ၊ ရှေးမင်းတို့သည် တစ်စုံတစ်ခုသော အမှုကို ပြုလုပ်မည်ကြံလျှင် စစ်ဆေးမေးမြန်း၍ အမှုအမှန်တကယ် ဖြစ်မှသာလျှင် အပြစ်ကိုထင်ရှားစွာ ပြုလေသည်၊ ငါမှာမူကား ရှေးမင်းတို့နည်းလမ်း ရာဇ ဥပဒေသတို့ကို မလိုက်မူ၍ မိမိသဘောအတိုင်းပြုလုပ်ခြင်းကား မှားယွင်းလေစွတကားဟု အကြိမ်ကြိမ် မြည်တမ်းပြီးလျှင် သားနှစ်ယောက်သတ်မိသည့် အကြောင်း ပြန်ပြောင်း သတိရသဖြင့် ငိုကြွေးတမ်းတတော်မူရှာလေသတည်း။

## သားတော်တို့အတွက် အလွမ်းဂူဆောက်စေ

ကမာရက်ဇမန်မင်းကြီးသည် စိတ်စက်ညှိုးချုံးမရွှင်ပြုံးဘဲ နလုံးပူပန်တော်မူ လှသည် ဖြစ်၍ မှူးတော်မတ်တော်တို့ကို ခေါ်ကာ ငါ ကေရာဇ်မင်းမြတ်သည် သားတော်များ အတွက် ကြောင့် စိတ်လက်မရွှင်၊ မကြည်လင်၊ ပူပင်တော်မူလှသည်၊ သို့ဖြစ်၍ အလွမ်းတော်ဆောင် အုတ်ဂူနှစ်လုံး တည်ထားတော်မူလိုသည်၊ အမြန်ပြုလုပ်ကြကုန်လောဟု အမိန့်တော်မြတ် မှတ်တော် မူလေ၏။ မှူးတော်မတ်တော်တို့လည်း အလွန်ဆန်းကြယ်စွာ စိတ်နလုံးကြည်လင် ပျော်မွေ့ရာကောင်းသော ဂူနှစ်ခုကို စီမံတည်လုပ်ကြလေ၏။ ထိုသို့တည်လုပ်၍ပြီးကြောင်းကို လျှောက်ထားလေသော် ကမာရက်ဇမန်မင်းကြီးသည် ဂူတစ်လုံးကို သားတော်ကြီး အက်လဲ အမေကျက် မင်းသား၏ ဂူဟူ၍ ကမ္ပည်းအမှတ်ထားပြီး အခြားသောဂူမှာ သားတော်ငယ် အက်လဲအမေဇက် မင်းသား၏ဂူဟူ၍ ကမ္ပည်းအမှတ်အသားထားသည်။ သားတော်အကြီးကို လွမ်းဆွတ်တော်မူက သားတော်အကြီးဂူ၌ စံမြန်းတော်မူ၏။ သားတော်အငယ်ကို လွမ်းဆွတ်

ပြန်သည်ရှိသော် သားတော်အငယ်ဂူ၌ စံမြန်းတော်မူ၏။ ဤသို့လျှင် ခမည်းတော် ကမာရက်ဇမန် မင်းကြီးသည် သားတော်များအတွက်ကြောင့် ပရိဒေဝမီး ပွားစီးတောက်လောင်၍ တရားပလ္လင်ဥကင်ရိပ်တွင် တိုင်းသူပြည်သားတို့အား တရားစီရင် ဆုံးဖြတ်ခြင်း မပြုနိုင်ဘဲ အလွမ်းတော်ဂူများ၌သာ လွမ်းအားတော်ပိုလျက် ငိုကြွေးကာ စံနေတော်မူလေ၏။

## ငယ်ပေါင်းကသော်မှ ဤသို့ကြံစည်သေးလျှင်

တစ်နေ့သ၌ မင်းကြီး ဤသို့ စဉ်းစားဆင်ခြင်လေ၏။ ငယ်ရွယ်စဉ်ကပင် တစ်ဦးနှင့် တစ်ဦး အထူးပင်ချစ်ခင်စုံမက်၊ မေတ္တာသက်၍၊ ပေါင်းဖက်ခဲ့သော တောင်နန်းစံဒေဝီ ပဒေါင်ရာ မိဖုရားကြီးသော်မှ ဖောက်လဲဖောက်ပြန်အကြံကို ကြံစည်လေ၏။ အခြားသောမိဖုရားတို့မှာ ဆိုဖွယ်ရာ မရှိတော့၊ ဥပမာသော်ကား ကောင်းမွန်စွာ ပြာတီးရွေးခြယ်၍ စိုက်ပျိုးသော မျိုးစပါးမှသော်လည်း အဖျင်းအမှော်ကို သီးရသေးသည်၊ သောင်းပြောင်းစိုက်ပျိုးသော မျိုးစပါးတို့မှာ ပြောဖွယ်ရာ မရှိဟု ဆိုတော်မူပြီးလျှင် ဣတ္ထိဝဂ် - နဒီဝဂ်၊ ခပ်သိမ်းကုန်သော မြစ်တို့သည် အကောက်အကွေ့တို့ချည်းတည်း၊ အလားတူ များစွာသော မိန်းမတို့သည်လည်း တစ်ဦးတည်းသော ယောကျ်ားတို့နှင့် ပေါင်းဖော်ဆက်ဆံခြင်းဖြင့် မရောင့်ရဲနိုင်ကုန်၊ အများနှင့်ပင် ဆက်ဆံပေါင်းဖက်လိုသော ဆန္ဒရှိလေသည်၊ ဩော် မိန်းမတို့သည်ကား အလွန်လျှင် ယုတ်ညံ့ကြပေစွတကား၊ စက်ဆုပ်ဖွယ် ကောင်းလေစွတကားဟု ဓမ္မသံဝေဂ ဖြစ်တော်မူ၍ သားတော်နှစ်ပါး၏ဂူ၌ပင်လျှင် စက်တော်ခေါ်လေသတည်း

ထိုအခါ သားတော်နှစ်ပါးတို့သည် အမတ်ကြီးလက်မှလွတ်မြောက်ကြ၍ တစ်တော ထွက်ဝင်၊ တစ်ပင်နေနား၊ မြေဆီမြေလွှာ၊ မြေဩဇာနှင့် သစ်သီးသစ်ဖု၊ သစ်ဥတို့ကိုသာ စားလျက် သွားကြပြန်လေသော် တစ်လကျော်ကြာလေက ကြီးမားသောတောင်ကို တွေ့ရလေ၏။ ထိုတောင်ပေါ်သို့ တက်ကြပြီးလျှင် တောင်ထိပ်ပေါ်သို့ ရောက်သောအခါ တစ်ဖန် ပြန်ဆင်းခဲ့ကြပြီး တောင်ခုလတ်သို့ရောက်လျှင် ရေပန်းရေကန် ဥယျာဉ်ပန်းမန်တို့ဖြင့် နလုံးမွေ့လျော် ပျော်ဖွယ်တွေ့ရပြန်လေ၏။ ထိုအရပ်တွင်ပင်နားနေပြီး တောင်ခြေရင်းသို့ ဆင်းသက်ကြပြန်က တစ်ခုသော ဇရပ်ကိုတွေ့၍ ထိုဇရပ်၌ပင်နားနေကြ၏။

ထိုမင်းသားညီနောင်တို့သည် ခရီးပြင်းထန်စွာ မသွားဖူးသည်လည်း တစ်ကြောင်း၊ အလွန်နူးညံ့သိမ်မွေ့သော ခြေဖဝါးရှိသည်က တစ်ကြောင်းတို့ကြောင့် ခရီးလမ်းကြမ်းတမ်း

လှသည်နှင့် ခြေဖဝါးတို့ ပေါက်ကွဲခြင်း ဖြစ်ကြလေ၏။ ထိုဇရပ်ပေါ်တွင် ညီနောင်နှစ်ပါးတို့သည် အမောအပန်းဖြေ၍ နားနေပြီးသော် မော်၍ကြည့်လိုက်ပြန်ရာ ညို့ညို့မှိုင်းမှိုင်း တိုင်းပြည်သဏ္ဍာန်ကို မြင်လျှင် နောင်တော်အကြီး အက်လဲအမေကျက်မင်းသားက ညီတော်မောင်၊ နောင်တော်သည် အလွန်မောပန်းလျက် အာဟာရများလည်း မွတ်သိပ်ဆာလောင်လှပြီ၊ ယခုမြင်သော တိုင်းပြည်သို့သွားပြီး စားဖွယ်သောက်ဖွယ်တို့ကို ဝယ်ခြမ်းချေဟု စေတော်မူလေ၏။

## စားဖွယ်ရှာရင်း ယစ်ပူဇော်မည့်နေရာရောက်သွားပြီ

ညီတော် အက်လဲအမေဇက် မင်းသားသည် နောင်တော်ပြောသော စကားကြောင့် ရွှေဒင်္ဂါးကိုယူပြီးလျှင် လှည့်လည်၍ စားဖွယ်သောက်ဖွယ်တို့ကို ကြည့်ရှုစဉ် မုတ်ဆိတ်ရှည်ရှည်ဖြင့် ပေါင်းထုပ်အနီကို ပေါင်းထားသော အဖိုးအိုကို လမ်းမှာတွေ့၍ ဤအရပ်တွင် မည်သည့်နေရာ၌ မုန့်ခဲဖွယ်စားဖွယ်တို့ကို ရောင်းချသော ဆိုင်များရှိပါသနည်းဟုမေးလေ၏။ သူအိုက အိုမောင်လုလင်၊ အမောင်သည်ကား ဤမြို့သားများနှင့်မတူ၊ အသွင်အပြင်ခြားနားလေသည်၊ ဘယ်မြို့သားပေနည်းဟု မေးမြန်းပြီးလျှင် စားဖွယ်သောက်ဖွယ်တို့ကို အလိုရှိပါမူ ကျွန်ုပ်အိမ်သို့ လိုက်ခဲ့လောဟု ပြောလေ၏။ မင်းသားလည်း ထိုသူနှင့်အတူ လိုက်သွားလေ၏။ သူအိုကြီးအိမ်သို့ ရောက်လျှင် မီးခွက်တစ်ခုကို အလယ်ကထား၍ လူပေါင်းလေးဆယ်တို့က ဝိုင်းအုံပြီး မီးကိုပူဇော်နေကြသဖြင့် မကြည်ရန်ခေါ်သော် လူမျိုးတို့ မီးကိုးကွယ်သည်ကို တွေ့မြင်လေ၏။ သူအိုကြီးသည် မိမိကျေးကျွန်တစ်ယောက်အား မျက်ရိပ်ပြပြီးလျှင် ဤသူကို ကောင်းမွန်သော အာဟာရတို့ဖြင့် ကျွေးမွေးလိုက်ပါဟု ပြောဆိုလျှင် အက်လဲအမေဇက် မင်းသားကို ထိုသူက ခေါ်သွားပြီးသော် မိန်းမများ စုဝေးနေသည့်အထဲသို့ အပ်လိုက်လေ၏။ မိန်းမများထံသို့ အက်လဲအမေဇက် မင်းသားရောက်လေလျှင် ကိတ်မုန့်တစ်လုံးနှင့် ဆားတစ်ခွက်ကိုပေး၍ ကျွေးမွေးပြီး တုတ်တံပြာတို့ဖြင့် မင်းသားကို နာကျင်အောင် ရိုက်နက်ကြလေ၏။ ဤကဲ့သို့ အစားအသောက်ကျွေး၍ ရိုက်နက်ခြင်း ပြုလုပ်သည်ကား မင်းသား၏ လည်ချောင်းသွေးဖြင့် ယစ်ပူဇော်မည် ဖြစ်သောကြောင့်တည်း။

## ဝိပါကဝဋ်ပေလော

မင်းသားသည် နာကျင်စွာနှိပ်စက်ညှဉ်းပန်းခြင်းကို ခံနေရသောကြောင့် သြော် ငါသည်ကား ခမည်းတော်ဘုရား အမျက်တော်ပွားသည်ဖြစ်၍ ထိုဘေးမှလွတ်မြောက်အောင် ထွက်ပြေး တိမ်းရှောင်နိုင်ခဲ့ပါလျက် တစ်ဖန် ဤမိန်းမများ၏ ရိုက်နှက်ညှဉ်းပန်းခြင်းကို ခံရပြန်သည်ကား ဝိပါကဝဋ်ပင်ဖြစ်ပေသည်။ ဤဝဋ်ဒုက္ခသည် ကြီးလေစွ၊ ဘဝအကြောင်း မကောင်းလေစွတကား၊ ရှေးဘဝက ငါသည် သူတထူးအား နှိပ်စက်ညှဉ်းပန်း ကြမ်းတမ်းစွာ ပြုလုပ်ခဲ့သော ကံကြောင့်၊ သူတစ်ပါးတို့အား ချုပ်ချယ်စောင်းမြောင်း မကောင်းပြုခဲ့ဖူး သောကြောင့် ထိုအကုသိုလ်ကံတရားသည် ယခု ငါ့ထံဆိုက်ရောက်လာလေပြီ၊ သြော် ငါ၏ဒုက္ခသည် ကြီးလေစွတကားဟု ငိုကြွေးမြည်တမ်း၍ မိန်းမတို့ ညှဉ်းဆဲခြင်းကို ခံနေရလေ၏။

ထိုအခါ နောင်တော်အကြီးဖြစ်သော အက်လဲအမေကျက်မင်းသားသည် ညီတော်အား မုန့်ခဲဖွယ်တို့ ဝယ်ခြမ်းရန် ခိုင်းစေလိုက်သည်မှာ အတော်ကြာလေပြီ၊ လာချိန်သင့်၍ မလာမရောက်သည်ကား အကြောင်းအသို့နည်း၊ ငါ၏ညီတော်သည် လမ်းခရီး၌ တစ်စုံ တစ်ခုသော ဘေးအန္တရာယ်တို့နှင့် တွေ့ကြုံသောကြောင့် လည်းကောင်း၊ ကျားကိုက်၍ သော်လည်းကောင်း၊ ဆင်နင်း၍သော်လည်းကောင်း၊ မြွေခဲ၍သော်လည်းကောင်း၊ အကြောင်း တစ်စုံတစ်ရာဖြစ်၍ သေသည်လည်းမသိ၊ ငါမှားလေစွ၊ အကယ်၍ဆိုမူ ငါသာလျှင် မုန့်ခဲဖွယ်တို့ကို ဝယ်ခြမ်း၍ ပေးသင့်လျက်နှင့် ညီငယ်မလိမ္မာသည့်အရွယ်ကို ခိုင်းစေခြင်းကား မှားလေစွတကားဟု မြည်တမ်းပြီးလျှင် ငါ၏ညီတော်ကို မတွေ့တွေ့အောင် ရှာဦးမှ သင့်လျော်မည်ဆိုပြီး တောင်ခြေရင်းက ဆင်းလျက် မြို့တွင်းသို့ ဝင်သွားလေ၏။ မြို့တွင်းဝင်ပြီး တောင်မြောက်လေးပါးတို့ကို လိုက်လံရှာဖွေရာ မတွေ့သဖြင့် တစ်ယောက်သောသူကို တွေ့ရှိ၍ ဤမြို့သည် အဘယ်မြို့ ခေါ်ပါသနည်း၊ ၎င်းမြို့မှ ဤဘိုနီကျွန်းသို့သွားလိုမူ မည်မျှလောက် သွားရပါမည်နည်းဟု မေးမြန်းလေ၏။ ၎င်းလူက အမောင်၊ ဤမြို့သည်ကား မကြည်ရန်မြို့ဟုခေါ်သည်၊ ဤမြို့မှ ဤဘိုနီကျွန်းသို့ ခြေကျင်သွားသော် တစ်နှစ် တိုင်တိုင်သွားရသည်၊ ရေကြောင်း ခရီးသင်္ဘောနှင့် သွားသော် ခြောက်လနှင့် ရောက်နိုင် ပါသည်၊ ယခု ဤဘိုနီကျွန်း၌ ကမာရက်ဇမန်မင်းကြီး နန်းစံနေသည် စသည်ဖြင့် ထိုသူက ပြန်ပြောလေသည်။

မင်းသားသည် တစ်ဖန်ဆက်၍ သွားပြန်လေက အပ်ချုပ်နေသော လူတစ်ယောက်ကို တွေ့လေ၏။ ထိုအပ်ချုပ်နေသောသူကား ဤမြို့သားတို့ဝတ်ဆင်သော ဝတ်ပုံစားပုံနှင့်မတူ၊ တစ်သီးတစ်ပုံ ထူးခြား၍ ဝတ်ဆင်ထားသူ ဖြစ်လေသည်။ မင်းသားသည် ထိုအပ်ချုပ်သမား အိမ်သို့ဝင်ပြီးလျှင် မြို့၏အခြေအနေတို့ကို စုံစမ်းလျက် မိမိညီပျောက်ဆုံးနေ၍ လိုက်လံ ရှာဖွေသည့်အကြောင်းနှင့် မိမိ၏အဖြစ်အပျက်ကို ပြန်ပြောပြောဆိုလိုက်လေ၏။ အပ်ချုပ်သည် ကြီးက အလွန်သနားလှသည် ဖြစ်သောကြောင့် အမောင်၊ အခြားကိုမသွားလေလင့်၊ ကျွန်ုပ်အိမ်၌ပင် နေထိုင်၍ အမောင်၏ညီကို ရှာဖွေလေ၊ အကယ်၍ အမောင်၏ညီသည် မကြည်ရန် လူမျိုးတို့၏ လက်တွင်းသို့ ရောက်မူ ပြန်ရရန် အလွန်ခဲယဉ်းလေသည်ဟု ပြန်ပြောလေ၏။ မင်းသားသည် ထိုအပ်ချုပ်သည်အိမ်၌ပင် တည်းခိုနေထိုင်ကာ အပ်ချုပ်သော အလုပ်ကို လုပ်၍နေရလေသတည်း။

## မြစ်ဆိပ်၌ မိန်းမတစ်ယောက်ကိုတွေ့၍

တစ်နေ့သ၌ ၎င်းအက်လဲအမေကျက် မင်းသားသည် အကျီအဝတ်တို့ကို ဖွပ်လျော်ရန် မြစ်ဆိပ်ကမ်းနားသို့သွားစဉ် အဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော မိန်းမပျို တစ်ယောက်ကိုတွေ့ရလေ၏။ ထိုမိန်းမသည် လက်ဝတ်လက်စားတို့ကိုလည်း ဝတ်ဆင် ထားသည်၊ မြစ်ဆိပ်တွင် မင်းသားကိုတွေ့၍ မိန်းမကစတင်ပြီး မင်းသားကို ချစ်ခင်စုံမက်သော အမူအရာဖြင့် ကြည့်ရှုလေ၏။ မင်းသားက ထိုနည်းအတူ မိန်းမကို ပြန်၍ကြည့်လေက တစ်ဦးနှင့်တစ်ဦး အထူးချစ်ခင်သွားကြသဖြင့် စကားစမြည်ပြောဆိုကာ နှစ်ဦးလုံးပင် ချစ်ခင်စုံမက် မေတ္တာဖက်သွားကြလေ၏။ မင်းသားသည် မိန်းမက မိမိနေသော အိမ်သို့ လိုက်ချင်သော အမူအရာပြသည်နှင့် အပ်ချုပ်သည် အိမ်သို့ ခေါ်သွားရန်စဉ်းစားသည်။ သို့သော် မိမိအိမ် မဟုတ်သောကြောင့် ရှက်စနိုးလှ၍ မိန်းမပျိုကို အိုနှမ၊ သင်နှင့်ကျွန်ုပ် ကုသိုလ်ရေစက် ဆုံဖက်ကြသည်ဖြစ်၍ အထူးပင် မေတ္တာသက်ဝင်ကြလေသည်၊ သို့သော် ကျွန်ုပ်ပင် သင့်အိမ်သို့ လိုက်ရမည်လော၊ ကျွန်ုပ်အိမ်သို့ နမကလိုက်မည်လောဟု မေးသည်။ မိန်းမက အမောင်၊ အစဉ်အလာအားဖြင့် ယောကျ်ားနောက်ကိုသာ မိန်းမက လိုက်မြဲဓမ္မတာ ဖြစ်ပါသည်။ အမောင့်အိမ်သို့သွားပါအံ့၊ ကျွန်မအား ခေါ်ဆောင်ပါလောဟုပြောဆိုလေ၏။

မင်းသားသည် သူ့အိမ်မရှိသည်နှင့် အကျပ်အတည်း ဖြစ်နေသောကြောင့် မိန်းမကို ခေါ်ဆောင်ပြီး ဦးတည်ရာမရှိ တောင်မြောက်လေးပါးသို့ သွားလေ၏။ ဤသို့ ခေါ်ဆောင်ခြင်းကား ခရီးသွားရဖန်များ၍ ဤမိန်းမမောပန်းလျှင် ငါ့ကိုလှည့်ဖြားသည်ဟု ထင်လျက် စွန့်ခွာသွားလိမ့်မည်၊ ထိုအခါ ငါလည်းရှက်စရာ မလိုတော့ဟု ကြံ၍ တဖြည်းဖြည်း ခေါ်ဆောင်သွားခြင်းဖြစ်သည်။ မိန်းမလည်း မပြန်မူ၍ မင်းသား၏နောက်သို့ မခွဲမခွာဘဲ မြဲမြံစွာလိုက်လေသော် မြို့လည်းဆုံးသည်နှင့် တံခါးပိတ်ထားသော တိုက်ကြီးကိုတွေ့သဖြင့် ထိုတိုက်အိမ်ကြီး တံခါးပေါက်တွင် ထိုင်ရန်ခုံနှစ်ခုကိုတွေ့လေက ထိုခုံပေါ်တွင် မိမိတိုက်အိမ်ကဲ့သို့ တက်ပြီးလျှင် ထိုင်ကြလေ၏။

## တူနှစ်ကိုယ် တိုက်ခန်းထဲ ဝင်သွားသော်

ထိုတိုက်အိမ်တံခါးဝတွင် ထိုင်နေကြသောအခါ အမောင်၊ အဘယ်မှာနေထိုင်သနည်း၊ ယခုလို နေထိုင်ခြင်းသည် မသင့်မလျော်ပါ၊ တိုက်ခန်းတွင်းသို့ ဝင်ကြအံ့၊ တံခါးကို ဖွင့်လှစ်ပါလောဟု မိန်းမပျို ပြောဆိုလေသော် မင်းသားလည်း မိမိတိုက်အိမ် မဟုတ်ဟု ပြောဆိုရမည်ကို ရှက်စနိုးလှသည်ဖြစ်၍ လိမ်လည်လှည့်ဖြားပြီးလျှင် နမ၊ ဘယ်ကြောင့် အလျင်လိုဘိသနည်း၊ ကျေးကျွန်သင်းပင်းတို့သည် စားပွဲခင်းရန် ထူးဆန်းသော ပန်းအမျိုးမျိုးတို့ကို ရှာဖွေ နေကြသည်၊ ဤတံခါးကိုဖွင့်လှစ်ရန် သော့သည် ၎င်းကျေးကျွန်တို့လက်တွင် ပါသွားလေသည်၊ ယခုပင်လျှင် လာလတ္တံ့၊ ဆိုင်းငံ့ဦးလောဟု ပြန်ပြောဆိုလေသော် မိန်းမပျိုလည်း အတော်ကြာ ဆိုင်းငံ့၍ မလာသည်နှင့် တံခါး၏ သော့ခလောက်ကို တစ်ခုသော အုတ်ကျောက်တို့ဖြင့် ရိုက်နက်၍ ဖွင့်လှစ်လေ၏။ တံခါးပွင့်လေလျှင် မိန်းမပျိုလည်း အခန်းထဲသို့ ဝင်သွားလေက အလွန်ထူးဆန်းသော အိမ်ထောင်ပရိဘောဂ ဥစ္စာခမ်းနား ခင်းနီးကော်ဇော၊ စက်မွေ့ရာ၊ ဘီဒို၊ ကုလားထိုင်၊ စားပွဲ၊ ကန့်လန့်ကာမှစ၍ စားဖွယ်သောက်ဖွယ်တို့နှင့် ပြည့်စုံသော အိမ်၏အသုံးအဆောင်တို့ကို မြင်ရလျှင် အလွန်ဝမ်းမြောက်ဝမ်းသာစွာ စားဖွယ်သောက်ဖွယ်တို့ကို စားပွဲပေါ်၌ မိန်းမပျိုက ခင်းကျင်း၍ ထားလေသတည်း။

မင်းသားသည် မိန်းမပျို သွားရာနောက်မှ လိုက်၍ ဤမိန်းမသည် ဘယ်သို့ပြုလုပ်လေဘိသနည်း၊ တိုက်ရှင်လာဘိမူ ငါ၏အသက် သေရလတ္တံ့ဟု စိတ်ကကြံလျက် မကြည်သော ရုပ်သဏ္ဍာန်ဖြင့် နေလေ၏။ ဤသို့နေသည်ကို မိန်းမပျိုက မြင်လျှင် အဘယ်ကြောင့်

မကြည်သည့် ရုပ်ပုံတော်ကို ထုတ်ဖော်ကာ ပြသလျက်နေတော်မူဘိသနည်း စသည်ဖြင့် မေးပြီး မင်းသား၏ စိတ်ကြည်လင်စေခြင်းငှာ မိန်းမပျိုက အကြိမ်ကြိမ်နမ်းရှုပ်ပြီး အမောင်၊ အကျွန်ုပ် ခင်းထားသော ဤစားဖွယ်တို့ကို စားတော်ခေါ်ပါ၊ သုံးဆောင်တော်မူပြီးလျှင် ဤစက်မွေ့ရာ ထက်တွင် စက်တော်ခေါ်ပါဟု ပြောဆိုသည်။ တစ်ဖန် အရက်ပုလင်းတို့ကို ဖွင့်လှစ်၍ မိမိလည်း သောက်ပြီးလျှင် တစ်ခွက်သောအရက်ကို မင်းသားလက်သို့ ကမ်း၍ပေးလေ၏။ မင်းသား လည်း သေမည့်ဘေးကို ကြောက်ရွံ့ထိတ်လန့်သဖြင့် အကယ်၍ အိမ်ရှင်လာချေက ခက်လတ္တံ့၊ အဘယ်သို့ ပြုလုပ်နိုင်ပါအံ့နည်းဟု စဉ်းစားနေမိလေသည်။

ထိုအခိုက်တွင် တိုက်ရှင်ဘဟာဒါဆိုသူသည် သူ၏တိုက်သို့ပြန်လာရာ တိုက်တံခါး ပွင့်နေသည်ကို မြင်ရ၍ အခန်းထဲသို့ မဝင်သေးဘဲ ပြင်ပကနေ၍ ကြည့်ရှုလေ၏။ ဘဟာဒါသည် မကြည်ရန်တိုင်းပြည်ကို အစိုးရသောပြည့်ရှင်မင်းကြီး၏ မင်းတိုင်ပင် လူကြီး ဖြစ်သည်။ ထူးဆန်းသော အိမ်ထောင်ပရိဘောဂတို့ကို ပြည့်ရှင်မင်းကြီးကပင် ချီးမြှင့် ထောက်ပံ့ပေးထားသည်။ ဘဟာဒါသည် ပြင်ဘက်မှနေ၍ ကြည့်ရှုလေက မင်းသားကိုမြင်လျှင် အသံဖြင့် ဟစ်အော်လျက်မခေါ်မူ၍ ဦးခေါင်းကိုညိတ်၍ ခေါ်လေ၏။ အိမ်ရှင်ဘဟာဒါ ခေါ်သည်ကို မင်းသားမြင်လျှင် ကြောက်ရွံ့ထိတ်လန့်တုန်လှုပ်လျက် အလျင်အမြန် ဘဟာဒါ ထံသို့ လာလေ၏။ တိုက်ရှင်ဘဟာဒါလည်း အဘယ့်ကြောင့် ငါ၏ဗိမာန်ကို ဖွင့်လှစ်ပြီး ဤကဲ့သို့သော အမှုအရာကို ပြုလုပ်နေဘိသနည်း၊ ငါ့ကို သင်သိသလော၊ သင် အဘယ် အရပ်ကနည်း၊ သင့်အမည် အသူနည်း စသည်တို့ မေးမြန်းလေ၏။

မင်းသားက ခမည်းတော်ဘုရား အမျက်တော်ပွားသည်ကစ၍ ဤတိုင်းပြည်သို့ ရောက်လာကြောင်း၊ ဤတိုင်းပြည်သို့ ရောက်လျှင် ၎င်းမိန်းမပျိုနှင့်တွေ့သောကြောင့် ချစ်ခင် စုံမက်သည်နှင့် အိမ်မရှိ၍ လိမ်လည်လှည့်ဖြားကာ ခေါ်လာခဲ့ကြောင်းများကို ဟုတ်မှန်ရာ အတိုင်းပြောဆိုလေ၏။ မင်းသားလည်း မျက်နှာကို မြင်က ချစ်ခင်ပါစေ၊ အသံကိုကြားက သနားပါစေဟု တောင်းသောဆုနှင့် ပြည့်စုံသည်ဖြစ်ရကား ဘဟာဒါသည် မင်းသား ပြောသောစကားကို ကြားသိရလျှင် မင်းဧကရာဇ်၏ သားတော်ဖြစ်သည်လည်း တစ်ကြောင်း၊ အလုံးစုံသော စကားကိုကြားသိရသဖြင့် အလွန်သနားချစ်ခင်သည်လည်း တစ်ကြောင်းကြောင့် ကောင်းပြီ၊ အမောင် လိမ်လည်လှည့်ဖြားသည့်အတိုင်း သင်၏ အရှက်မကွဲပါစေလင့်၊ ကျွန်ုပ်ကပင် အမောင်စေခိုင်းသော ကျေးကျွန်ပြုလုပ်ပါအံ့၊ ရိုက်နက်သောအခါ၌လည်း

ဖြည်းညှင်းစွာ ရိုက်နက်ပါဟု ပြောဆိုလေ၏။ မင်းသားက ကောင်းလှပါပြီဆို၍ အခန်းထဲသို့ ဝင်သွားလေ၏။

မိန်းမပျိုက အခန်းတွင်းဝင်လာသော မင်းသားကိုဆီးကြို၍ အမောင်၊ ဘယ်ကို သွားနေသနည်းဟု မေးရာ ချစ်နမ၊ ကျွန်ုပ်သည်ကား ကျေးကျွန် ဘဟာဒါဆိုသူသည် တစ်သောင်းထိုက်သော ရွှေတန်ဆာတို့ကို ယူငင်ပြီးလျှင် တော်ရာတွင် လှည့်လည် ပျော်ပါးနေသည်၊ ယခု ပြန်လာသောကြောင့် ထိုသူအား ဆုံးမပဲ့ပြင်၍ နေပါသည်ဟုပြောဆိုလေ၏။ မိန်းမပျိုက ဤသူ အဘယ်မှာနည်းဟုမေးလျှင် ဘဟာဒါလည်း ကျေးကျွန်လုပ်၍ ဝပ်ပြားလျက် အနားသို့ လာလေ၏။ ဘဟာဒါ အနီးသို့ ရောက်လျှင် မင်းသားသည် တုတ်တံပြာကြိမ်လုံးကိုယူ၍ ဆုံးမသောအဟန်ဖြင့် အသာအယာရိုက်လေ၏။ မိန်းမသည် အမောင်ရိုက်နက်ခြင်းကား မနာမကျင်လေ၊ ဤသို့ ရိုက်နက်ရမည်ဟုဆိုပြီးလျှင် မင်းသားလက်ကတုတ်ကို လုယူကာ ပြင်းထန်စွာ ရိုက်နက်လေ၏။

မင်းသားသည် တုတ်ကိုဆွဲငင်ပြီးလျှင် ချိုးဖဲ့ပြီး တော်ရာသို့စွန့်ပစ်လိုက်လေ၏။ ဤသို့လျှင် မိန်းမပျိုသည် ဘဟာဒါအပေါ်၌ ကျေးရင်းကျွန်ရင်းကဲ့သို့ အမျက်ဒေါသဖြင့် ရိုက်နက်လျက် ဆဲဆိုကြိမ်းမောင်းနေလေ၏။ ညဉ့်အချိန်ရောက်သောအခါ အမောင်၊ ဘဟာဒါဆိုသောကျေးကျွန်ကို ဤဓားလက်နက်ဖြင့် သတ်ဖြတ်လေလောဟု ပြောဆိုက မင်းသားက နမ၊ ဘဟာဒါဆိုသော ကျေးကျွန်သည်ကား ကျွန်ုပ်၏ ဝတ္ထုရားငါးပါးနှင့် ပြည့်စုံသူဖြစ်သည်၊ အရာရာ၌ပင် အရှင့်ဝန်ကို ဆောင်ရွက်ရန်ရှိသောအခါ အသက်ကိုစွန့်၍ပင် ဆောင်ရွက်သင့်က ဆောင်လေသည်၊ ကျေးဇူးအလွန်ကြီးလှပေသည်၊ အဘယ့်ကြောင့် သတ်ဖြတ်ပါအံ့နည်း၊ သတ်၍မတော်ဟု ပြောဆိုလေသော် မိန်းမပျိုက အမောင်သည် ဘဟာဒါကို မသတ်သည်မှန်က အမောင့်အား ဤဓားဖြင့် ခုတ်သတ်တော့အံ့ဟု ပြောဆိုလေလျှင် ကောင်းပြီ၊ ဘဟာဒါကို သတ်ပါအံ့ဟုဆို၍ မိန်းမလက်မှဓားကိုယူပြီးလျှင် မိန်းမကိုဓားဖြင့် ခုတ်သတ်လိုက်ရာ ဦးခေါင်းသည် လွင့်စင်ပြီးလျှင် ဘဟာဒါ၏အပေါ်သို့ ကျလေ၏။

**သူသတ်သမားဟုဆိုကာ မင်းကြီးထံပို့ခံရပုံ**

ဘဟာဒါသည် ရုတ်တရက်ထ၍ အကြောင်းဘယ်သို့နည်း၊ မည်သည့် အခြင်းအရာကြောင့် ဤကဲ့သို့ ပြုလုပ်ပါသနည်းဟု မေးမြန်းသော် မင်းသားလည်း အကြောင်းမျိုးစုံ

ပြန်ကြားလေ၏။ ထိုသို့ဖြစ်မူ သင်မင်းသားသည် ကျွန်ုပ်ဗိမာန်၌ ကောင်းမွန်စွာ ခံစားနေရစ်ပါလော၊ ဤသူသေကိုထုပ်ပိုးပြီးလျှင် မြစ်ကမ်းပါးသို့သွား၍ စွန့်ပစ်မည်ဟုဆိုပြီး ထုပ်ပိုးယူဆောင်ကာ မြစ်ဆိပ်သို့သွားလေ၏။ ဤတွင် လှည့်လည်ကြည့်ရှုလျက်နေသူ မြို့ဝန်က ဘဟာဒါအထုပ်အပိုး ထမ်းဆောင်လာသည်ကို မြင်လေမူ ဘဟာဒါကို စုံစမ်းရန်ခေါ်လောဟု မင်းချင်းလုလင်တစ်ယောက်ကို စေလွှတ်ခေါ်စေ၏။ ဘဟာဒါ မြို့ဝန်အနီးသို့ ရောက်လေက အထုပ်အပိုးကို ဖွင့်လှစ်ကြည့်ရှုရာ မိန်းမသေကိုတွေ့၍ သူသတ်ယောက်ျားတည်းဟုဆိုပြီးလျှင် ဖမ်းဆီး ချည်နှောင်ပြီး ပြည့်ရှင်မင်းကြီးထံ ပို့ဆက်ကြလေ၏။ ပြည့်ရှင်မင်းကြီးလည်း စစ်ဆေးမေးမြန်းရာ မိမိသတ်ကြောင်းနှင့် လျှောက်ထားအစစ်ခံလျှင် ဖြောင့်ချက်ပေးသည်နှင့် သေစားသေစေရန် အမိန့်ချမှတ်တော်မူသည်။

ထိုအခါ မြို့ဝန်က ဘဟာဒါ၏ ဆွေမျိုးဉာတိတို့ သိစေခြင်းငှာ မြို့ကိုလှည့်လည်၍ ကြေညာစေ၏။ မင်းသားနေသော ဗိမာန်အနီးသို့ ရောက်လေလျှင် မည်သည့် အသံနည်းဟု စိုက်၍ မင်းသားက နားထောင်လေသော် ဘဟာဒါအမည် ရှိသောသူသည် မိန်းမတစ်ယောက်ကို သတ်ဖြတ်သောကြောင့် နံနက်အခါ၌ သုသာန်တစပြင် ကားတိုင်တွင်တင်၍ သတ်မည်၊ ကြည့်ရှုလိုသောသူတို့ ကြည့်ရှုနိုင်ကြကြောင်း ကြော်ငြာသောအသံကို ကြားရလေ၏။ မင်းသားသည် ဗိမာန်မှဆင်းသက်လာပြီး မိန်းမကိုသတ်သူသည် ကျွန်ုပ်ဖြစ်ပါသည်၊ ဘဟာဒါသည် သတ်သောသူမဟုတ်ပါဟု ပြောဆိုလေ၏။ အသင် ဘယ်သို့ပြောဆိုသနည်း၊ ဘဟာဒါကပင် သူသတ်ကြောင်း အစစ်ခံပါလျက် သင်က သူသတ်ယောက်ျား လုပ်ချင်သေးသလောဟု ပြောဆိုလေလျှင် မင်းသားက အမှန်ပင်ကျွန်ုပ်သတ်ပါသည်၊ ဘဟာဒါသတ်သည် မဟုတ်ပါဟု ပြောဆိုလေသော် မင်းချင်းယောက်ျားလည်း ဝါဝါဒမကွဲသည်နှင့် ၎င်းမင်းသားကို ပြည့်ရှင်မင်းကြီးထံသို့ ပို့ဆက်လေ၏။ ပြည့်ရှင်မင်းကြီးထံသို့ ရောက်လျှင် မင်းသားက ဟုတ်တိုင်းမှန်ရာ ဖြစ်ပျက်သမျှကို လျှောက်တင်လေက အပြစ်ကို ချမ်းသာပေးပြီးလျှင် မင်းသားအား အမတ်ကြီးရာထူးသို့ တင်မြှောက်လေ၏။ ဘဟာဒါကိုလည်း အငြိမ်းစားပေး၍ ထားလေသတည်း။

မင်းသား အမတ်ကြီးဖြစ်သည်ရှိသော် ပျောက်ဆုံးနေသော ညီတော်ကို ရှာဖွေပေးပို့နိုင်သည် ဖြစ်စေ၊ မည်သည့်အရပ်တွင် ရှိကြောင်း သတင်းပေးပို့နိုင်သည်ဖြစ်စေ ဆုလာဘ် များစွာပေးသနားတော်မူမည့် အကြောင်း ကြော်ငြာစေလေ၏။

ထိုအခါ မကြည်ရန်လူမျိုးတို့သည် အက်လဲအမေဇက် မင်းသားကို တုပ်နှောင်ကာ တစ်ခုသော သေတ္တာတွင် ထည့်ပြီး မီးတောင်၌ ယစ်ပူဇော်ရန် သင်္ဘောထက်သို့ တင်ကြလေ၏။ ဤအကြောင်း သတင်းစကားသန့်သန့် ကြားသိသည်နှင့် နှောင်တော် မင်းသားသည် များစွာသော ရဲမက်တော်တို့နှင့် သင်္ဘောပေါ်တက်ရောက်၍ ညီတော်အား ရှာဖွေကြည့်ရှုသော် သေတ္တာတွင် လုံခြုံစွာ သိုဝှက်ထားသည်ဖြစ်၍ မတွေ့လေက တိုင်းပြည်သို့ပြန်ကြလေ၏။ ထိုမကြည်ရန် လူမျိုးတို့အသင်း၌ လူကြီးဖြစ်သော ဘာရန်ဆိုသူက အိုအချင်းတို့၊ ယခုကဲ့သို့ နေ၍ မင်းသားကို တွေ့လေက ငါတို့တစ်တွေ အခြေပျက်ကြလိမ့်မည်၊ သင်္ဘောထွက်ရန် အမြန်စီမံကြကုန်လောဟု ဆိုလေ၏။ သင်္ဘောလူကြီးနှင့် ကပ္ပတိန်တို့ကို သင်္ဘောထွက်ရန် တိုက်တွန်း နှိုးဆော်ကြလျှင် သင်္ဘောလည်း မီးတောင်ရှိရာသို့ ထွက်ခွာလေ၏။ မဟာသမုဒ္ဒရာသို့ ရောက်သော် မတရားပြုလုပ်သူများ ဖြစ်သောကြောင့် သမာဒေဝနတ်တို့က ကြမ်းတမ်းသော လေပြင်းမုန်တိုင်းတို့ တိုက်စေလျက် မီးတောင်သို့ မရောက်ရလေအောင် လမ်းကိုလွဲစေသဖြင့် သင်္ဘောလည်း လမ်းလွဲပြီး ရက်ပေါင်းအတော်ကြာမှ မြို့တစ်မြို့သို့ ရောက်သွားလေ၏။

ငင်းမြို့၌ မာဂျင်နက်အမည်ရှိ မင်းသမီးသည် ခမည်းတော် နတ်ရွာပြောင်းသည်ဖြစ်၍ ခမည်းတော် အရိုက်အရာ ဖြစ်သောနိုင်ငံကို သိမ်းပိုက်လျက် ဘုရင်မအဖြစ် စိုးအုပ်စံမြန်းတော်မူ၏။ သင်္ဘောဆိုက်ရောက်လာလေလျှင် မည်သည့်သင်္ဘောနည်းဟု စုံစမ်းလို၍ ရဲမက်တို့နှင့်တကွ ဆင်းသက်လာရာ သင်္ဘောသို့ ရောက်လေက မည်သည့်အကြောင်းနှင့် ဤတိုင်းပြည်သို့ လာရောက်သနည်းဟု မေးမြန်းတော်မူလေ၏။ မတရားပြုလုပ်သည့်အဖြစ်ကို ဟုတ်သည့်အတိုင်း မတင်လျှောက်ဝံ့သည်နှင့် လွှဲဖယ်ပြီး အကြောင်းတစ်မျိုးတစ်မည်ဖြင့် ဤသို့ လျှောက်ထားလေ၏။ ကျွန်တော်မျိုးတို့သည် ပါလာသော ကျေးကျွန်များကို အမြို့မြို့သို့ လှည့်လည် ရောင်းချရာ ကျေးကျွန်တစ်ယောက်သာ ကျန်ပါတော့သည်၊ ယခု အရှင်မ တိုင်းပြည်သို့ ရောင်းချရန်ရောက်လာပါသည်ဟု လျှောက်ထားလေ၏။

ထိုအခါ မင်းသမီးက သင်တို့၏ ကျေးကျွန်ကို ပြလောဟု အမိန့်တော်ရှိလျှင် အက်လဲအမေဇက်မင်းသားကို ပြသလေ၏။ မင်းသားသည်ကား အလွန်လျှင် အဆင်းသဏ္ဍာန် ကိုယ်ဟန်ကိုယ်သွေး ယဉ်ကျေးနစ်သက်ဖွယ်ရှိသည်ကို မြင်ရလေလျှင် သနားချစ်ခင်လှသည် ဖြစ်သောကြောင့် သင့်အမည်အသူနည်းဟု မေးမြန်းသည်။ မင်းသားသည် သနားဖွယ်ငိုယိုကာ

အရှင်မ၊ အကျွန်ုပ်၏ မိဘနှစ်ပါးမှည့်ထားသော ဘွဲ့နာမည်ကို သိလိုတော်မူပါသလော၊ သို့မဟုတ် ယခုနာမည်ကို သိလိုတော်မူပါသလောဟု လျှောက်တင်လျှင် မူလနာမည်ရင်းမှာ မည်သို့ ခေါ်ဆိုသနည်း၊ ယခု မည်သို့ နာမည်ဖြစ်ပြန်သနည်းဟု မေးလေသော် အရင်းမူလ မိဘနှစ်ပါး မှည့်ထားအပ်သော နာမည်မှာ အက်လဲအမေဇက်ဟု ခေါ်ပါသည်၊ ယခုခေါ်သော နာမည်မှာ အက်လဲမောတာ၊ အဓိပ္ပါယ်အားဖြင့် မောင်ဒုက္ခဟုခေါ်ပါသည်ဟု လျှောက်တင်လေ၏။ မင်းသမီးလည်း မင်းသား တင်လျှောက်သော စကားကို ကြားတော်မူလျှင် အလွန်သနား ချစ်ခင်သည်နှင့် ကျေးကျွန်အရောင်းလာသူအား ၎င်းသူကို မည်မျှအဖိုးနှင့် ရောင်းချမည်နည်းဟု မေးမြန်းသည်၊ ကျွန်တော်မျိုးတို့သည် ဤသူကို မရောင်းလိုပါဟု ကျွန်ရောင်းရန်လာသည် ဆိုသူတို့က လျှောက်တင်လေသော် မင်းသမီးလည်း မူလက ကျေးကျွန်ကို ရောင်းချရန်လာပါသည်ဟု လျှောက်တင်ပြီး ယခုတစ်ဖန် မရောင်းလိုကြောင်းနှင့် လျှောက်တင်ပြန်လျှင် ကောင်းပြီ၊ အဖိုးစားနားနှင့် မရောင်းချလိုသော် ၎င်းအား လက်ဆောင် အဖြစ် ပေးဆက်လောဟု ပြောဆိုကာ အတင်းပင် ယူငင်ထားလိုက်လေ၏။

ဘာရန်လည်း မင်းသမီးက အတင်းအဓမ္မယူငင်ထားလေလျှင် ပြည့်ရှင်မင်းဖြစ်၍ မည်သည့် စကားကိုမျှ မလျှောက်မတင်ဘဲ ဆိတ်ဆိတ်ပင် နေရလေ၏။ မင်းသမီးလည်း မင်းသားကို ခေါ်တော်မူပြီးလျှင် နန်းတော်သို့ရောက်က အကြောင်းစုံကိုမေးလေ၏။ မင်းသားလည်း ခမည်းတော်ဘုရား အမျက်တော်ပွားသည်ကစ၍ အတိဒုက္ခရောက်ရသော အကြောင်းစုံကို ပြန်ပြောလေလျှင် အထူးသဖြင့် သနားချစ်ခင်လှသည်နှင့် နန်းတော်၌ပင် ထားလေ၏။ မင်းသားလည်း တိုင်းတော်ပြည်တော်ကို လွမ်းဆွတ်တသသည်နှင့် နန်းတော်၏ လေသာပြတင်းပေါက်ကို ဖွင့်လှစ်ကြည့်ရှုလေက ဥယျာဉ်တော်ကိုတွေ့မြင်၍ နန်းတော်မှ ဆင်းပြီး ဥယျာဉ်ကို လှည့်လည်ကြည့်ရှုလေသည်။ တစ်ခုသော ညောင်စောင်းအင်းပျဉ်ကို တွေ့၍ မောပန်းလှသည်နှင့် ကိုယ်ကိုလှဲလိုက်ရာ ညောင်စောင်းထက်တွင် အိပ်ပျော် သွားလေ၏။ ညဉ့်အချိန်ရောက်သည်တိုင်အောင် မနိုးကြားဘဲ အိပ်ပျော်နေရာ ဘာရန်နှင့် သင်္ဘောသားတို့လည်း မင်းသားကို အနိုင်အထက် သိမ်းယူသွားခြင်းခံရ၍ စိတ်နလုံး မသာမယာ ဖြစ်ကာ ထိုမြို့၏ မြစ်ဆိပ်ကမ်းနား၌ပင် ဆိုက်ကပ်ပြီး အိပ်ကြလေ၏။ ညဉ့်အချိန် ရောက်လျှင် ရေမိုးမလုံမလောက်သည် ဖြစ်သောကြောင့် ဘာရန်နှင့်တကွ လူပေါင်း တစ်ကျိပ်ကျော်သည် ရေရှာရန် တီးမှုတ်ကခုန်ကြပြီး ကုန်းပေါ်သို့ တက်လာကြသည်။

ကုန်းပေါ်သို့ ရောက်လေလျှင် အုတ်တံတိုင်း ကာရံထားသော နေရာကို တွေ့၍ ဤအုတ်တံတိုင်း အတွင်း၌ ရှိသောရေသည် အလွန်မွန်မြတ်လိမ့်မည်ဟု ပြောဆိုကြပြီးလျှင် ထိုနံရံကို လှေကားတို့ဖြင့် ထောင်လျက် တက်ကြကာ ဥယျာဉ်ကို လှည့်လည်ကြည့်ရှုကြသည်။

ထိုအခါ ညောင်စောင်းထက်၌ စက်တော်ခေါ်နေသော မင်းသားကို ပြန်တွေ့မြင်ကြလျှင် ဖမ်းဆီးကြပြီး သင်္ဘောထက်သို့ တုပ်နှောင်လျက် ခေါ်ဆောင်လာလေ၏။ သင်္ဘောသို့ ရောက်လျှင် ၎င်းမြို့တွင်မအိပ်မူ၍ သင်္ဘော အမြန်ထွက်ခွာခဲ့ပြီးသော် မိမိတို့မြို့ကို ပြန်ကြလေ၏။ နံနက်မိုးသောက် ရောက်လတ်သောအခါ မင်းသားကို ညီလာခံသဘင်ရှိရာ ရွှေတော်သို့ ဝင်စေအမိန့်ရှိလျှင် အမတ်တစ်ယောက်သည် ၎င်းမင်းသားထံသို့လာရာ မင်းသားကို မတွေ့၍ ဘုရင်မအား ဤသို့ ပြန်လည် လျှောက်ထားလေ၏။ မှန်လှပါ၊ အရှင့်အမိန့်တော်ကို နာခံပြီး အက်လဲအမေဇက် မင်းသားကို ညီလာခံဝင်ရန် ဆင့်ခေါ်မည်သွားရာ မင်းသားသည် နန်းတော်၌ မရှိပါဟု လျှောက်တင်လေလျှင် အကြောင်း ဘယ်သို့ဖြစ်သည်ကို စုံစမ်းရှာဖွေကြကုန်လောဟု အမိန့်တော်ရှိ၍ မှူးတော်မတ်တော်တို့သည် ၎င်းမင်းသားအား ရှာဖွေကြလေ၏။ ဥယျာဉ်၌များစွာသော ခြေရာတို့နှင့် မင်းသားခြေနင်းတော် တစ်စုံ ကျန်ရစ်သည်ကို တွေ့မြင်လေသော် ခြေနင်းတော်ကိုယူ၍ အမတ်များကပြန်လာပြီးလျှင် မှန်လှပါ အရှင်မ၏ အမိန့်တော်ကိုနာခံပြီး မင်းသားကို ရှာဖွေစုံစမ်းရာ ဥယျာဉ်တော်၌ ခြေရာအမြောက်အမြားနှင့်တကွ ခြေနင်းတော်တစ်စုံကို တွေ့ခဲ့ပါသည်ဟု လျှောက်ထား ကြလေ၏။

ဘုရင်မလည်း မှူးတော်မတ်တော်တို့၊ ၎င်းမင်းသားကို အခြားလူများ ဆောင်ကြဉ်းသည်မဟုတ်၊ ယမန်နေ့ပက ကျွန်ရောင်းလာသူများပင် ဆောင်ကြဉ်းသွားသည့် လက္ခဏာဖြစ်သည်၊ သို့ဖြစ်၍ သင်္ဘောခုနစ်စင်းတို့၌ လက်နက်ခဲယမ်းကိရိယာ အမြောက်စိန်ပြောင်း စသည်တို့ တပ်ဆောင်ပြီးလျှင် စစ်သည်ရဲမက်တော်တို့နှင့်တကွ ၎င်းသင်္ဘောကို မှီအောင် လိုက်ကြဟု အမိန့်တော်ရှိလေ၏။

## သင်္ဘောခုနစ်စင်းဖြင့် လိုက်ရာ

သင်္ဘောခုနစ်စင်းတို့တွင် ခဲယမ်းကိရိယာ အလုံးစုံတင်ဆောင်ပြီး စစ်သည် ရဲမက်တော်များနှင့်တကွ ထိုသင်္ဘောကိုမှီအောင် အမြန်လိုက်ကြလေသော် သမုဒ္ဒရာသို့ရောက်လေက ထွက်ပြေး တိမ်းရှောင်သော သင်္ဘောကိုမှီလေ၏။ ထိုအခါ ကပ္ပတိန်နှင့်တကွ မကြည်ရန်

အသင်းသားတို့သည် များစွာကြောက်ရွံ့ထိတ်လန့်ကြ၍ မည်သို့ကြံကြမည်နည်း၊ ဘုရင်မက မင်းသားကို ယူဆောင်သည့်အတွက် ငါတို့ကို ဖမ်းဆီးရန် သင်္ဘောခုနစ်စင်းနှင့်လိုက်လာချေပြီ၊ ဘယ်သို့ကြံမည်နည်းဟု ပြောဆိုလျက် ပူပင်သောကဖြစ်ကြ၏။

ထိုအခါ ဘာရန်က အိုအချင်းတို့၊ မကြောက်ကြကုန်လင့်၊ ယခုလိုက်လာခြင်းကား မင်းသားကို အကြောင်းပြု၍ လိုက်လာခြင်းဖြစ်သည်၊ မင်းသားမရှိက ငါတို့၌ ရန်မမူသည်ဖြစ်၍ ချမ်းသာစွာ ပြန်သွားရလတ္တံ့၊ ၎င်းမင်းသားကို ဤသူအပေါင်းတို့အား ပြသပြီးလျှင် ပင်လယ်ပြင်သို့ ပစ်ချရလျှင် သင့်လျော်လိမ့်မည် ထင်သည်ဟု ပြောဆိုလေ၏။ ထိုအခါ သင်၏ အကြံအစည်သည် သင့်လျော်လေသည်ဟု အများကပင် သဘောတူညီကြသည်နှင့် မင်းသားကို သင်္ဘောခုနစ်စင်းသားတို့ မြင်ရအောင်ပြသပြီး ရေသို့ချကြလေ၏။ မင်းသားကို ရေသို့ချသည်ကိုမြင်ရသဖြင့် မင်းသားမရှိသည်နှင့် လိုက်လာသူတို့သည် မိမိတို့တိုင်းပြည်သို့ ပြန်ကြလေ၏။

ထိုအခါ မင်းသားသည် သမုဒ္ဒရာပင်လယ်သို့ကျသွားသည်ရှိသော် ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါး၏ ဂုဏ်တော်ကျေးဇူးတော်တို့ကြောင့် တစ်ကြောင်း၊ ရေးကုသိုလ်ကံ ထောက်ပံ့သည်ဖြစ်သောကြောင့် တစ်ကြောင်းတို့ကြောင့် ငါးဆင်၊ ငါးမန်း၊ မကားရ်ငါးလိပ် စသော တစ်စုံတစ်ခုသော ဥပဒ်တို့မှ မကပ်မငြိဘဲ ရေပန်းလှိုင်းတံပိုးတို့ ပုတ်ခတ်သည်ဖြစ်၍ ချမ်းသာစွာကမ်းထက်သို့ ရောက်လေ၏။ မင်းသားသည် ထိုကမ်းထက်သို့ ရောက်လေလျှင် သြော် ငါသည်ကား မဟာသမုဒ္ဒရာ၌ သေစေရန် ပစ်ချပါသော်လည်း မသေမပျောက် ကံထောက်ပံ့၍ ယခု ကမ်းထက်သို့ရောက်လာရပြီ၊ ရောက်လာခြင်းကား ဘုရား၊ တရား၊ သံဃာတော်၏ ဂုဏ်တော်ကျေးဇူးတော်ကြောင့်ဖြစ်ပေသည်၊ ဤသို့ ဘုရား၊ တရား၊ သံဃာတော်တို့၏ ဂုဏ်တော်ကို အောက်မေ့ပြီးလျှင် မိမိဖြစ်ခဲ့သည်များကို စဉ်းစား ဆင်ခြင်မိသည်နှင့် ငိုကြွေးလေ၏။ ထို့နောက် ကမ်းခြေဆီသို့ လျှောက်၍ တဖြည်းဖြည်း လာခဲ့ရာ မိုးချုပ်နေဝင်ပြီဖြစ်၍ မြို့တံခါးတို့ကို ပိတ်ဆို့ထားသည်နှင့် မြို့ထဲမဝင်နိုင်ဘဲ အုတ်တံတိုင်းကို မှီလျက် မြို့ပြင်၌ပင် အိပ်ရလေ၏။

ထိုအခါ ဘာရန်နှင့်တကွ အသင်းသားတို့သည် ထိုနေ့ညဉ့်တွင် မကြည်ရန်မြို့သို့ သင်္ဘော ဆိုက်ကပ်၍ မိမိတို့အိမ်သို့ အသီးသီးတက်ကြလေသော် အက်လဲအမေဇက် မင်းသားနှင့် ဘာရန်တို့ တွေ့ဆုံကြပြန်သည်။ မင်းသားလက်ကိုဆွဲ၍ သင့်အား သေစေရန်

သမုဒ္ဒရာပင်လယ်သို့ တွန်းထိုးပစ်ချပါလျက်နှင့် ယခုတိုင်အောင် မသေဘဲ အသက်ရှင်ခြင်းသည်ကား အံ့ဖွယ်ရှိစွ၊ သင်၏ အသက်ရှင်ခြင်းကား ကောင်းသောရှင်ခြင်းတည်း၊ ငါ၏ ယစ်ပူဇော်အံ့သောဂှာ စီမံသည်ကို အထမြောက်ရန်အကြောင်း ဖြစ်လေသည်ဟုဆိုပြီးလျှင် မင်းသားကို နောင်ဖွဲ့၍ ခေါ်ဆောင်သွားလေသည်။ သူ့အိမ်သို့ ရောက်လျှင် လုံခြုံသော တိုက်ခန်းတစ်ခုတွင် သွင်းထား၍ သော့ဖြင့် မြဲမြံစွာခတ်ထားပြီးလျှင် သော့ကို သူ့သမီး ဘူစတန်ဆိုသော သူငယ်မထံသို့ အပ်ထားလေ၏။

ထိုအခါ ဘူစတန်က ဤသို့စဉ်းစားဆင်ခြင်လေ၏။ ငါ၏ဖခင်သည် အခန်းတံခါးကို ပိတ်ဆို့၍ သော့ခတ်ပြီးလျှင် မြဲမြံစွာထားသည်မှာ အကြောင်းဘယ်သို့ရှိသည်ဖြစ်၍ ဤကဲ့သို့ ပြုလုပ်လေသည်မသိ၊ ငါတပ်အပ်သေချာစွာ သိရအောင် စုံစမ်းဦးအံ့ဟု ကြံလျက် အခန်းတံခါးကို သော့ဖြင့် ဖွင့်လှစ်လေသော် စကားဝါသွေး၊ ယဉ်ကျေးနထွား၊ ကိုယ်သားကိုယ်ရေနှင့် ပြည့်စုံခြင်း၊ မျက်တောင်တို့၏ တင့်တယ်ခြင်း၊ မျက်ခုံး၏ တင့်တယ်ခြင်းတည်းဟူသော ယောက်ျားတို့၏ လက္ခဏာတို့ဖြင့် များစွာတင့်တယ် ရှုချင်ဖွယ်ရှိ လှပသောမင်းသားကို မြင်လေ၏။ ဘူစတန်သည် မိမိစိတ်ကို မထိန်းနိုင်ဘဲ မင်းသားကိုကြည့်၍ မရောင့်ရဲသည်နှင့် စိမ်းစိမ်းစိုက်လျက်ပင် ကြည့်ရှုပြီး အလွန်ချစ်ခင် စုံမက်ဖွယ်ကောင်းစွဟု ချီးမွမ်းလေ၏။ ထို့နောက် လုံးရပ်သဏ္ဍာန် ကိုယ်ဟန်ပန်တို့ဖြင့် လှပတင့်တယ်ပေသော အိုအမောင်၊ အမောင်သည်ကား မကြည်သောမျက်နှာ၊ မသာယာသောနလုံးသားဖြင့် များစွာငိုကြွေးလျက် ဤတိုက်ခန်း၌ နေခြင်းသည်ကား အကြောင်းဘယ်သို့နည်း၊ အဘယ်အရပ်ကနည်း၊ အဘယ်ကြောင့် ဤအရပ်သို့ ရောက်လာသနည်း၊ အမည်နာမ မည်သို့ ခေါ်ဝေါ်ပါသနည်းဟု မေးလေ၏။

## ကူညီပါ၊ မင်းဖြစ်လျှင် မိဖုရားမြှောက်ပါမည်

မင်းသားသည် ချစ်ဖွယ်သောအသံဖြင့် ဤသို့ပြန်ပြောလေ၏။ အလွန်ချစ်ခင်ဖွယ်ကောင်းလှသော နမ၊ နေရင်းအရပ်အမည်မှာ ဤဘိုနီပြည်ဟုခေါ်ပါသည်၊ ခမည်းတော် အမည်မှာ ကမာရက်ဇမန်မင်းကြီးပါတည်း၊ မောင်တော်၏ အမည်မှာ အက်လဲအမေဇက် မင်းသား ဖြစ်ပါသည်၊ ယခုဖြစ်ရသောဒုက္ခမှာ ဘာရန်ဆိုသူက ကျွန်ုပ်ကို ဖမ်းဆီး တုပ်နှောင်ပြီးလျှင် ဤတိုက်ခန်းအတွင်း ပိတ်ဆို့၍ ထားပါသည်၊ ဤဒုက္ခမှ လွတ်ကင်းအောင်

ကြံဆောင်နိုင်ပါမူ နောင်သောအခါ ကျွန်ုပ်သည် ခမည်းတော်အရိုက်အရာဖြစ်သော ထီးနန်းကို သိမ်းမြန်းစိုးအုပ် မင်းလုပ်ရလျှင် ဘမရာဆောင်နေ တောင်ညာတင်ထား မိဖုရားတင်မြှောက်ပါမည်၊ မောင်တော်ဘုရားအား ဤဒုက္ခမှ လွတ်ကင်းအောင် ကြံဆောင်တော်မူပါဟု ပြောဆိုလေ၏။ ဘူစတန်ကလည်း စိုးရိမ်ကြောင့်ကြခြင်း ရှိတော်မမူပါလင့်၊ ဘာရန်ဆိုသူသည် ကျွန်တော်မ၏ ဖခင်ဖြစ်ပါသည်၊ မတရားပြုလုပ်ခြင်း မဖြစ်စေရပါ၊ ကျွန်မကိုသာ သခင်က ချစ်ခင်တော်မူပါ၊ နောင် ခမည်းတော်၏ အရိုက်အရာဖြစ်သော သီဟာသနပလ္လင်ပျံ၌ ဘိသိတ်တော်ခံခဲ့လျှင် မြတ်ဘုန်းလျှံ အချစ်မပွားဘဲ ပစ်ထားတော်မူမည်ကိုသာ စိုးရိမ်လှပါသည်ဟု ပြောဆိုလေ၏။

## မင်းသားနှင့် ဘူစတန်တို့ ပေါင်းသင်းကြပြီ

ထိုအခါ မင်းသားက ချစ်နမ၊ နောင်အရေးကို ထောက်တွေးတော်မမူပါလင့်၊ ဘွေပလ္လင်ရိပ်ထီး၌ မောင်ကြီးစံစားတော်မူရပါလျှင် တောင်ညာတင်ထား မိဖုရားကြီး တင်မြှောက်ပါမည်ဟု ထပ်၍ပြောလေ၏။ ဘူစတန်လည်း အထူးချစ်ခင်သည်နှင့် စားဖွယ်သောက်ဖွယ်တို့ ပြင်ဆင်ပြီးလျှင် မောင်တော်ဘုရား၊ ဤစားဖွယ်သောက်ဖွယ်တို့ကို ပွဲတော်တည်တော်မူပါ၊ ကျွန်မကိုယ်တိုင်ပင် လျှာ၍ထားသော ဤကွမ်းကို သုံးဆောင်တော်မူပါ၊ ကျွန်မကိုယ်တိုင် လိပ်သော ဤဆေးလိပ်ကို သောက်တော်မူပါ စသည်ဖြင့် ကျွေးမွေးပြီးလျှင် တစ်ဦးနှင့်တစ်ဦး အထူးပင်ချစ်ခင် စုံမက်ကြသည်ဖြစ်၍ မေတ္တာမစောင်း ပေါင်းသင်းကြလေသတည်း။

မင်းသားသည် စားဖွယ်သောက်ဖွယ်တို့ကို ဝလင်စွာစားသောက်ရလျှင် အားအင်ပြည့်တင်းသည်နှင့် ချစ်နမ၊ မောင်တော်ဘုရားအား ဤဘေးမှလွတ်မြောက်အောင် ဘယ်သို့ကြံပါမည်နည်းဟု မေးမြန်းသည်။ မောင်တော်ဘုရား၊ စိုးရိမ်တော်မမူပါလင့်၊ ယခုပင်လျှင် လွတ်မြောက်အောင် ကြံဆောင်ပါမည်ဟု ပြောဆိုပြီးလျှင် အိမ်၏ပြင်ဘက်သို့ထွက်ပြီး ဤသို့ ကြွေးကြော်လေ၏။ အို နတ်များနှင့် အိမ်နီးချင်းမှစ၍ လူအများအပေါင်းတို့၊ အကျွန်ုပ်၏ ဖခင်သည် ဤမင်းသားအား မတရားသဖြင့် ဖမ်းဆီးနှောင်ဖွဲ့ပြီးလျှင် တိုက်ခန်းအတွင်း၌ ချုပ်နှောင် ထားပါသည်၊ ဤအမှုကို ထင်ရှားစေခြင်းငှာ ကြွေးကြော်ပါသည်ဟု ငိုကြွေးကြော်လေ၏။ အိမ်နီးချင်းနှင့်တကွ လူခပ်သိမ်းတို့ ကြားသိကြလျှင် ယခင်ကပင် ၎င်းမင်းသား

မည်သည့် အရပ်တွင် ရှိကြောင်းကို သတင်းပေးပို့နိုင်က ဆုလာဘ်တို့ ပေးသနားတော်မူမည်ဟု ကြော်ငြာလျက်ရှိသော ပြည့်ရှင်မင်းကြီးထံသို့သွား၍ ဘာရန်၏အိမ်တွင် ဤမည်သော မင်းသားကို ချုပ်နှောင်ထားပါသည်ဟု တစ်ဦးသောသူက သွားရောက်တင်လျှောက်လေ၏။ ပြည့်ရှင်မင်းကြီးလည်း အမတ်ကြီးဖြစ်သော အက်လဲအမေကျက်မင်းသားအား ဘာရန်ကို ဖမ်းဆီးရန် အမိန့်တော်ထုတ်ပြန်လေ၏။ အက်လဲအမေကျက်မင်းသားလည်း များစွာသော ရဲမက်တို့နှင့်တကွ ဘာရန်၏အိမ်သို့ လာပြီး ဘာရန်ကိုဖမ်းဆီချုပ်နှောင်ကာ ညီတော် အက်လဲအမေဇက်မင်းသား၌ နှောင်ဖွဲ့ထားသည်ကို ဖြေဖြုတ်ပြီး နန်းတော်သို့ ဆောင်ကြဉ်း၍ သွားလေ၏။

ပြည့်ရှင်မင်းကြီး ရှေ့တော်သို့ရောက်လျှင် အမှုကို စစ်ဆေးမေးမြန်းရာ မတရားသဖြင့် ပြုလုပ်ကြောင်းကို ထင်ရှားသည်ဖြစ်၍ ဘာရန်ကို အသက်ဆုံးရှုံးအောင် စီရင်ရန် အက်လဲအမေကျက် မင်းသားလက်သို့ အပ်နှံလေ၏။ အက်လဲအမေကျက်မင်းသားလည်း ညီတော်အက်လဲအမေဇက်မင်းသားပါ ခေါ်ပြီးလျှင် ဘာရန်ကို သတ်ဖြတ်ရန် သုသာန်အရပ်သို့ ခေါ်ဆောင်သွားလေ၏။

သုသာန်သို့ရောက်လျှင် ဘာရန်က အရှင့်သားတို့၊ အကျွန်ုပ်သည် အမှန်ပင် သေရပါတော့မည်၊ မသေမီ ဘုရား၊ တရား၊ သံဃာတို့ကို နလုံးသွင်းလိုသည်ဖြစ်၍ တစ်နာရီခန့် ခွင့်ပေး သနားတော်မူပါဟု လျှောက်တင်လေ၏။ မင်းသားများလည်း ကောင်းပြီ၊ ဘုရား၊ တရား၊ သံဃာကို နလုံးသွင်းလို၍ သွင်းလောဟု ခွင့်ပေး၍ နလုံးသွင်းလေ၏။ ထိုအခါ အက်လဲ အမေကျက် မင်းသားသည် ညီတော်မင်းသားအား ညီတော်၊ နောင်တော်ဖြစ်ရသော အကြောင်းများမှာ အလွန်လျှင် ထူးဆန်းလေသည်၊ ညီတော်လည်း အထူးထူး အထွေထွေ သောဒုက္ခတို့ကို ခံစားပြီးမှ နောင်တော်နှင့် တွေ့ကြုံရလေသည်၊ ဒုက္ခအစုံစုံတို့ကို တွေ့ကြုံ ရသည်ဖြစ်၍ နောင်တော်တို့၏ အဖြစ်အပျက်သည် အံ့ဖွယ်ရှိစွဟု ပြောဆိုလေ၏။ ထိုအခါ ဘာရန်က ဤသို့ လျှောက်တင်လေ၏။ အရှင့်သားတို့၊ အရှင်တို့၏ အဖြစ်အပျက်သည် အဘယ်မှာ အံ့ဖွယ်ရှိအံ့နည်း၊ နိယာမနှင့်နော်အန် ဆိုသူတို့သည်ကား အရှင်တို့ အဖြစ်အပျက်ထက် ထူးဆန်းအံ့သြဖွယ် ရှိလေသည်ဟု ပြောဆိုလေလျှင် အက်လဲအမေကျက် မင်းသားက အချင်းဘာရန်၊ နိယာမနှင့်နော်အန်တို့ ဖြစ်ပျက်ပုံကို ငါ့အား လျှောက်တင်လောဟု

ဆိုလေလျှင် ကျွန်တော်မျိုး လျှောက်တင်ပါမည်၊ အရှင့်သားတော်တို့ မှတ်သား နာယူတော်မူကြပါဟု ဆိုပြီးလျှင် နိယာမနင့်နော်အန်တို့ အကြောင်းကို ဤသို့လျှောက်ထားလေ၏။

***

## နိယာမနင့်နော်အန်တို့အကြောင်း

ရှေးသရောအခါ ကူဖားမြို့၌ အက်ဟာဂျာအမည်ရှိ မင်းကြီးသည် ထီးနန်းသိမ်းမြန်းစိုးစံ၍ မင်းလုပ်တော်မူလေ၏။ ထိုမြို့တွင် အာရေဘီရာ အမည်ရှိသော သူကြွယ်တစ်ယောက်သည် ပစ္စည်းဥစ္စာရတနာရွှေငွေ၊ ဆန်ရေစပါး၊ လယ်ယာကိုင်းကျွန်း၊ ဆင်မြင်းကျွဲနွား၊ သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာနင့်တကွ ကျေးကျွန်သင်းပင်း အလုံးအရင်းနင့် ပြည့်စုံလေသတည်း။ ၎င်းအာရေဘီရာ သူကြွယ်၏ မယား၌ သားတစ်ယောက်ရှိရာ အမည်မှာ နိယာမဟု မှည့်ခေါ်ကြသည်၊ တစ်နေ့သ၌ ငါးလအရွယ်သာရှိသော မိန်းကလေး တစ်ယောက်ကို ပွဲစားတို့နင့်တကွ တစ်ဦးသောသူသည် မြို့တွင်းလှည့်လည်၍ ရောင်းချသည်၊ အာရေဘီရာသူကြွယ်၏ ဗိမာန်ရှေ့သို့ ရောက်လျှင် အဘယ်နည်းဟု မေးမြန်းကြ၍ မိန်းကလေးတစ်ယောက်ကို ရောင်းချရန် ဖြစ်ပါသည်ဟု ပြောဆိုကြလေ၏။ မိန်းကလေးကို အဖိုးမည်မျှပေးရမည်နည်းဟု မေးသောအခါ ရွှေဒင်္ဂါးငါးဆယ်ပေးရမည်ဟု ဆိုသဖြင့် ကောင်းပြီဟုဆိုကာ ပွဲစားတို့ရှေ့တွင် ရွှေဒင်္ဂါးငါးဆယ်ပေးချေ၍ ဝယ်ယူလိုက်လေ၏။

### အရွယ်ရောက်ကြလေသော်

ထိုသူငယ်မသည် သူတို့သားနင့် အသက်အရွယ်ချင်း တူမျှသည်ဖြစ်၍ ပုခက်တစ်ခုတည်းတွင် အတူအိပ်စေပြီး မွေးကျွေးထားလေ၏။ အသက်နှစ်ဆယ်အရွယ်သို့ ရောက်ကြလေက မိန်းကလေးကို နော်အန်ဟု မှည့်ခေါ်ကြသည်။ တစ်ယောက်နင့်တစ်ယောက် အလွန်ချစ်ခင်ကြသည်ဖြစ်၍ နိယာမက နော်အန်ကို နမဟုခေါ်၏။ နော်အန်က နိယာမကို မောင်ကြီးဟုခေါ်၏။ ထိုသို့လျှင် တစ်ဦးနင့်တစ်ဦး တစ်အူထုံ့ဆင်း အရင်းအချာစိတ်မှာရည်စူး အထူးချစ်ခင်ကြသည်ဖြစ်၍ နမ၊ မောင်ကြီး စသည်တို့ဖြင့် ခေါ်ကြသည်ကို

မိခင်၊ ဖခင်တို့ကြားလျှင် သားဖြစ်သူ နိယာမကိုခေါ်၍ ဤသို့ပြော၏။ ချစ်သား၊ နော်အန်သည် မောင်၏နမ မဟုတ်၊ ဖခင်က ရွှေဒင်္ဂါးငါးဆယ်ပေး၍ ဝယ်ထားသောကျွန်မတည်း၊ ထို့ကြောင့် နမ မခေါ်လင့်ဟု ပြောဆိုလျှင် သားနိယာမလည်း ဖခင်ပြောသောစကားကို နားမထောင်ဘဲ နမဟုသာလျှင် ခေါ်မြဲခေါ်လေ၏။ အရွယ်သို့ ရောက်ပြီးဖြစ်သော နော်အန်သည် အဆင်း သဏ္ဌာန် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသဖြင့် မြင်ရသူတို့ရှု၍ မရောင့်ရဲနိုင်အောင် နတ်တမျှ လှပတင့်တယ် ချစ်ခင်ဖွယ်ကောင်းသူဖြစ်လာသည်။

ထိုအခါ နိယာမသည် နော်အန်ကို အလွန်ချစ်ခင် စုံမက်နှစ်သက်သည် ဖြစ်သော ကြောင့် အဖထံသို့သွားပြီးလျှင် ဖခင်၊ ကျွန်တော်သည် နော်အန်ကို အလွန်ချစ်ခင်စုံမက်သည် ဖြစ်၍ ထိမ်းမြားလက်ထပ်ပေးပါဟု ပြောလေ၏။ ဖခင်သူကြွယ်က မည်သည့် အကြောင်းမျှ ပြန်မပြောမဆိုဘဲ ဆိတ်ဆိတ်သာနေလေ၏။ တစ်ဖန်အမိထံသို့ သွားပြီးလျှင် မိခင်၊ ကျွန်တော်သည် နော်အန်ကို အလွန်ချစ်ခင်လှပါသည်၊ ထိမ်းမြား လက်ထပ်ပေးပါလောဟု ပြောဆိုလေလျှင် မိခင်က ချစ်သား၊ နော်အန်ကား ရွှေဒင်္ဂါးငါးဆယ်ပေး၍ ဝယ်ထားသော ကျွန်မ ဖြစ်သည်၊ နော်အန်ကို အလိုမရှိပါလင့်၊ ချစ်သားသည် အကယ်၍ သားမယားကို အလိုရှိပါက ဤမြို့၌ ဂုဏ်သတင်း အဆင်းသဏ္ဌာန်နှင့်ပြည့်စုံသော မိန်းမကို ရှာကြံရွေးချယ်၍ အမိတို့ပေးစားပါမည်ဟု ပြောဆိုလေ၏။ သားဖြစ်သူ နိယာမလည်း မိခင်၊ ကျွန်တော်သည် နော်အန်ကိုမှမရလျှင် သေတော့အံ့ဟု ဆိုလေ၏။ သားတစ်ယောက်သာ ရှိသည်ဖြစ်၍ သေမည်ကို အလွန်စိုးရိမ်လှသောကြောင့် မိမိခင်ပွန်းသူကြွယ်ကို တိုင်ပင်ပြီး နော်အန်နှင့် ထိမ်းမြားလက်ထပ်ခြင်း ပြုပေးလေ၏။

နိယာမနှင့်နော်အန်တို့သည် ထိမ်းမြားလက်ထပ်ပြီးလျှင် အထူးချစ်ခင်စွာနေကြလေ၏။ နော်အန်သည် မိန်းမတို့၏ တတ်သိရာသောအမှုကို တစ်ခုမကျန် တတ်မြောက်သကဲ့သို့ အစီအကုံး၊ အနန်းအဖွဲ့၊ ကခြင်း၊ သီချင်းတို့၌လည်း သူတစ်ထူးတို့ ရှုကြည့်နားထောင်၍ မငြီးနိုင်အောင် အလွန်ပင် ယဉ်ကျေးလိမ္မာ၏။ တရားဓမ္မဟောပြောခြင်း၊ တရားစာဖတ်ခြင်း တို့၌လည်း သူတစ်ပါးတို့ သဒ္ဓါတရားရှိအောင် ဟောပြော ဖတ်ရွတ်တတ်သောကြောင့် အလွန်လျှင် ချီးမွမ်းဖွယ် ကောင်းသူဖြစ်လေ၏။

ထိုသို့လျှင် နော်အန်၏လှခြင်း၊ ချောခြင်း၊ သိပ္ပံအတတ်ပညာတို့၌ တတ်မြောက် ကျွမ်း ကျင်ခြင်း အစရှိသော သတင်းစကားကို အက်ဟာဂျာအမည်ရှိ ပြည့်ရှင်မင်းကြီး ကြားသိတော်

မူလေသော် ဤမိန်းမငယ်ကို ခေါ်ယူပြီးလျှင် ငါတို့ထက် ဘုန်းတန်ခိုး ကြီးမားသော ဒင်မတ်စက မြို့ကို အစိုးရတော်မူသော အဘာဒူမက်လိပ်မည်သော မင်းကြီးထံ သမီးကညာပြုအပ်၍ ဆက်သရမူ ငါတို့၌လည်း အထူးချမ်းသာရာ ဖြစ်လိမ့်မည်ဟု ကြံပြီးသော် သူတစ်ထူးအား ပရိယာယ်မာယာဖြင့် ဖျောင်းဖျသွေးဆောင်ခြင်း၌ အလွန်လိမ္မာလှသော မိန်းမကြီး တစ်ယောက်ကို ခေါ်ပြီး ဤသို့ မိန့်တော်မူ၏။ အချင်းမိန်းမ၊ အာရေဘီရာသူကြွယ်၏ ချွေးမ နိယာမ၏ မယားဖြစ်သူ နော်အန်ကို သွေးဆောင်ဖြားယောင်းပြီးလျှင် ဤနန်းတော်သို့ ပါအောင် ခေါ်နိုင်ပါအံ့လောဟု အမေးတော်ရှိသော် မှန်လှပါ ကျွန်တော်မအား တစ်လ ခွင့်ပေးသနား တော်မူပါလျှင် တစ်လအတွင်း သွေးဆောင်ပြီး အရှင်ဘုရားထံ ဆက်သပါမည်ဟု လျှောက်တင်လေ၏။ ကောင်းပြီ၊ တစ်လအတွင်း သွေးဆောင်၍ ဆက်သလောဟု မင်းကြီးက မိန့်တော်မူ၏။ ထို့နောက် ၎င်းမိန်းမကြီးအား အဝတ်ထဘီ၊ ပတီးနားတောင်း လက်ဝတ်လက်စား စသည်တို့ကို ဆင်ယင်ပြီးသော် ဆုလာဘ်တို့ကိုပေး၍ သွေးဆောင်စေ၏။

ထိုမိန်းမကြီးသည် ပတီးနားတောင်း လက်ဝတ်လက်စားတို့ကို ဆင်ယင်ပြီး နိယာမ၏ အိမ်သို့ သွားလေ၏။ နိယာမအိမ်သို့ ရောက်လျှင် တံခါးပိတ်ထားသည်ဖြစ်၍ တံခါးကိုလက်နှင့် တီးခတ်သည်ရှိသော် တံခါးစောင့်လည်း ခေါက်သံကြားသည်နှင့် အသူနည်းဟု မေးလေ၏။ ဘုရားရှိခိုးလို၍ လာပါသည်ဟု မိန်းမကြီးက ပြောဆိုလေ၏။ အို ကျောင်းအမကြီး၊ ဤအိမ်သည်ကား ဘုရားရှိခိုးသော ကျောင်းမဟုတ်ပါ၊ ဘုရားရှိခိုးလိုလျှင် ဘုရားကျောင်း များသို့သာ သွား၍ ရှိခိုးပါလောဟု ဆိုလေလျှင် မိန်းမကြီးသည် အမောင်တံခါးစောင့်၊ ကျွန်ုပ်သည် ဤအိမ်ကား ဘုရားကျောင်းမဟုတ်သည်ကို သိပါ၏၊ နိယာမ၏မယား နော်အန် နှင့်တကွ ဘုရားရှိခိုးလိုသည်ဖြစ်၍ လာပါသည်ဟု ဆက်၍ပြောဆိုလေလျှင် ထိုသို့ဖြစ်က ကျွန်ုပ်သင့်အား ဖွင့်လှစ်၍မပေးနိုင်ဟု ပြန်ပြောလေ၏။

ထိုအခါ မိန်းမကြီးက တံခါးကိုဖွင့်လှစ်ပေးပါမည့်အကြောင်း အနည်းနည်းအဖုံဖုံတို့ဖြင့် ပြောဆိုလေ၏။ တံခါးစောင့်နှင့် မိန်းမကြီးတို့ ပြောသောစကားကို နိယာမကြားလျှင် အဘယ်သူနည်းဟု မေးမြန်း၍ မိန်းမကြီး တစ်ယောက်သည် အရှင်မ နော်အန်နှင့်အတူတကွ ဘုရားရှိခိုးလို၍ လာပါသည်ဟု ပြောဆိုလေ၏။ ဝင်ပါစေ၊ တံခါးကိုဖွင့်ပေးလိုက်ဟု နော်အန်က ပြော၍ တံခါးကိုဖွင့်လှစ်ပေးလိုက်သော် မိန်းမကြီးသည် ဝမ်းမြောက်ဝမ်းသာ ဝင်လာသည်။ နိယာမနှင့် နော်အန်တို့ကို နှုတ်ခွန်းဆက် စကားစမြည် ပြောဆိုပြီးသော် ဘုရားရှိခိုးကြ၏။

ဘုရားရှိခိုးပြီးလျှင် မိန်းမကြီးက ဘုရားအကြောင်း၊ တရားအကြောင်း၊ သံဃာအကြောင်းကို ပြောလေလျှင် ထိုမိန်းမကြီးသည် သူတစ်ထူးတို့အား ပီယဝါစာဖြစ်အောင် ပြောဆိုတတ်သည် ဖြစ်၍ နော်အန်သည် အမိကဲ့သို့ အလွန်ချစ်ခင်လေ၏။

ထိုနေ့ညဉ့်၌ တရားဟောပြောနေသည်နှင့် အချိန်ကုန်သွား၍ နော်အန်က ယနေ့ညဉ့် ကျွန်မတို့ အိမ်၌ပင် အိပ်ပါဟု ပြောဆိုသောကြောင့် မိန်းမကြီးသည် ၎င်းအိမ်၌ပင် အိပ်လေ၏။ နံနက်မိုးသောက်ရောက်ပြန်လျှင် မိန်းမကြီးက သမီး ကျွန်ုပ် ဘုရားရှိခိုးရန် သွားဦးမည်ဟု ဆိုလျှင် နော်အန်လည်း ၎င်းမိန်းမကြီးကို အမိကဲ့သို့ အလွန်ချစ်ခင်သည် ဖြစ်သောကြောင့် မိခင်၊ ဘုရားရှိခိုး၍ပြီးလျှင် ကျွန်မတို့အိမ်သို့ ပြန်လာပါဟု မှာထားလိုက်လေ၏။ မိန်းမကြီးက သမီး ကောင်းပြီ၊ ကျွန်ုပ်လာလျှင် မည်သည့်အခါမဆို ဝင်ထွက်နိုင်ရန် တံခါးစောင့်အား မှာထားပါဟု ပြောပြီး မိန်းမကြီးပြန်သွားလေ၏။ မိန်းမကြီးသည် ပြည့်ရှင်မင်းကြီးရှေ့တော်သို့ ဝင်ပြီးလျှင် မှန်လှပါ အရှင်မင်းမြတ်၊ ဤမိန်းကလေးကဲ့သို့ လှသောသူကို ဤဇမ္ဗူဒီပါကျွန်းတွင် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးပါ၊ အထူးပင်လှပတင့်တယ်ပါသည်၊ လောကဝတ်ပျူငှာ၍ အလိမ္မာနှင့်လည်း ပြည့်စုံပါ၏၊ သူတစ်ထူးအား ပီယဝါစာ ချစ်ဖွယ်သောစကားဖြင့် များစွာ ပြောဆိုတတ်ပါသည်၊ မိန်းမကောင်း မိန်းမမြတ်တို့၏ လက္ခဏာနှင့်လည်း ပြည့်စုံပါသည်ဟု လျှောက်တင်လေ၏။

## ဆုလာဘ်များစွာပေးသနားမည်

ပြည့်ရှင်မင်းကြီးသည် အလွန်နှစ်သက် အားရတော်မူသည်ဖြစ်၍ အချင်းမိန်းမ၊ သင်သည် ကြိုးစားအားထုတ်၍ မိန်းမငယ်ကို သွေးဆောင်ဖြားယောင်းပါ၊ နော်အန် ငါ၏ ရွှေနန်းတော်သို့ ရောက်က သင့်အား များစွာဆုလာဘ်တို့ကို ပေးသနားတော်မူမည်ဟု ဆိုလေလျှင် မိန်းမကြီးလည်း စိုးရိမ်ကြောင့်ကြတော်မမူပါလင့်၊ မကြာမြင့်မီ အရှင်မင်းမြတ်၏ ရှေ့တော်သို့ ပို့ဆက်ပါမည်ဟုလျှောက်ထားကာ နိယာမအိမ်သို့ သွားပြန်လေ၏။

၎င်းအိမ်သို့ရောက်လျှင် နော်အန်အား အိုသမီး၊ အမိသည် ဘုရားပုထိုးတို့ကို လှည့်လည်၍ ရှိခိုးသည်မှာ အလွန်ကြည်ညိုဖွယ်ရှိသည်၊ ဤမည်သော ဘုရားကျောင်း၌ တရားဟောသော ဆရာများ ဟောပြောပြသသည်မှာ အလွန်နာချင်ဖွယ် ကောင်းလေသည် စသည်ဖြင့် လည်းကောင်း၊ သမီး၊ အမိသည် ဘုရားကို ရှိခိုးရသော ကုသိုလ်၊ တရားနာရသော

ကုသိုလ်အဖို့များကို သမီးအား အမျှပေးဝေပါသည်ဟုဆိုလျှင် နော်အန်ကလည်း သာဓု အနုမောဒနာ ခေါ်လေ၏။ သာဓုခေါ်ပြီးသော် အမိ၊ ကျွန်ုပ်သည် အမိနှင့်အတူလိုက်၍ ဘုရားရှိခိုးလိုပါသည်၊ တရားကိုလည်း နာလိုပါသည်၊ ကျွန်မ၏ယောကျ်ားထံ ခွင့်ပန်ကြား ပေးပါဟု ဆိုလျှင် ကောင်းပါပြီဟုဆိုကာ နိယာမထံခွင့်ပန်လေသော် နိယာမက ခွင့်ပေး လိုက်လေ၏။ ထို့နောက် နှစ်ရက်သုံးရက်ကြာလျှင် နိယာမသည် အခြားသို့ အလည်အပတ် သွားသည့်အခိုက် နော်အန်က ကျွန်မ၏ ယောက္ခမထံ သွားခွင့်ပန်ကြားပါဦးဟု ဆိုလျှင် ယောက္ခမ အာရေဘီရာ သူကြွယ်ထံသွား၍ ခွင့်ပန်ပြန်သော် မည်သည့်စကားကိုမျှမဆို ဆိတ်ဆိတ်နေလေလျှင် မိန်းမကြီးက သင့်ယောက္ခထံမှ ခွင့်ရခဲ့သည်ဆို၍ နော်အန်ကို ခေါ်ငင်၍ သွားလေ၏။

## နန်းတော်သို့ခေါ်သွားပြီး

မိန်းမကြီးက ဘုရားကျောင်းသို့မခေါ်ဘဲ ပြည့်ရှင်မင်းကြီး၏ နန်းတော်ကို ခေါ်ဆောင် သွားလေသော် ပြည့်ရှင်မင်းကြီးလည်း တစ်ခုသောတိုက်ခန်းတွင် နေထိုင်စေ၏။ နော်အန် သည် ငါသည်ကား မည်သည့် အရပ်သို့ ရောက်လာသည်ကို မသိဟု စုံစမ်းကြည့်ရှုနေစဉ် အက်ဟာရျာ ဘုရင်မင်းကြီးသည် နော်အန်ကို ရှုကြည့်အံ့သောငှာ လာရာ နော်အန်လည်း မင်းကြီးကိုမြင်လျှင် ပုဝါဖြင့် မိမိမျက်နှာကို ဖုံးအုပ်လိုက်လေ၏။

အက်ဟာရျာမင်းက ဤမိန်းကလေးသည် အလွန်တရာ အဆင်းသဏ္ဌာန် ကြန်အင် လက္ခဏာတို့နှင့် ပြည့်စုံပါသည်တကားဟု ချီးမွမ်းပြီးလျှင် ဤတိုင်းပြည်တွင် တာရှည်စွာ ထား၍မသင့်၊ ယခုပင် ဒင်မတ်စကမြို့ အဘဒူမက်လိပ် မင်းကြီးထံသို့ အမြန်ပို့ဆက်မှ သင့်လျော်မည်ဟုကြံပြီးလျှင် ဆက်သစာကို ဤသို့စီကုံးရေးသားစေသည်။

ကူဖားမြို့ကို အစိုးရသော အက်ဟာရျာမင်းက သမီးကညာရတနာကို ဆက်သလိုက် ပါသည်။ ဒင်မတ်စကမြို့တော်ကြီးကို စည်ထီးခရိုင် နိုင်ငံအလုံး သိမ်းကျုံးပိုင်သ အစိုးရတော် မူသော ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော အရှင်မင်းမြတ်၊ အကျွန်ုပ်တို့ တိုင်းတွင် တစ်စုံတစ်ယောက်မျှ အလှအချောမှစ၍ မိန်းမတို့၏ တတ်အပ်ရာသော သိပ္ပပညာ အလိမ္မာတို့နှင့် ပြည့်စုံလှသော ဤသတို့သမီးငယ်နှင့် တုဖက်ယှဉ်ပြိုင်ခြင်းငှာ မစွမ်းနိုင် သည်ဖြစ်၍ အလွန်ထူးမြတ်သော မိန်းမဖြစ်သဖြင့် ရွှေဒင်္ဂါး တစ်သောင်းပေးပြီးလျှင်

အရှင်မင်းမြတ်နှင့် ထိုက်တန်သည် ဖြစ်သောကြောင့် ဤမင်းသမီးကညာရတနာကို ပို့ဆက်လိုက်ပါသည်၊ ၎င်းလက်ဆောင်ပဏ္ဏာကို သိမ်းပိုက်တော်မူပါ၊ ဤသို့ အကြောင်းအဓိပ္ပါယ်ကို ရွှေပေ၌စာဖြင့် ကောင်းစွာရေးသား၍ အသွား၌ လျှင်မြန်သော မြင်းတပ်ငါးဆယ်နှင့် နော်အန်ကို တင်ဆောင်ပြီးသော် ဒင်မတ်စကမြို့ အဘာဒူမက်လိပ်မင်းကြီးထံ အမြန်ပို့ဆက်စေ၏။

ဒင်မတ်စကမြို့သို့ ရောက်လျှင် အဘာဒူမက်လိပ်မင်းကြီး ရှေ့တော်၌ လက်ဆောင်တို့ကို ပို့ဆက်ကြလေလျှင် အဘာဒူမက်လိပ်မင်းကြီးသည် အားရနှစ်သက်တော်မူသည်ဖြစ်၍ လက်ဆောင်တော်ကို သိမ်းပိုက်တော်မူပြီးလျှင် ကောင်းမွန်သော အဆောင်တစ်ခု၌ ထားလေ၏။ မိဖုရားကြီး၊ ယခု ကူဖားမြို့ကို အစိုးရတော်မူသော အက်ဟာဂျာမင်းက ငါမင်းဖျားကို ကြောက်ရွံ့ ကျိုးနွံ၍ သောက်အပ်သော သစ္စာတော်အတိုင်း သမီးကညာရတနာကို ပို့ဆက်လာပေသည်ဟု ပြောကြားလေလျှင် မိဖုရားကြီးလည်း အရှင်မင်းကြီး၊ အရှင်၏ ဘုန်းတော်လက်ရုံးတော်ကို ကြောက်ရွံ့သည်ဖြစ်၍ သမီးကညာရတနာကို ဆက်သလာသည်များမှာ အလွန်လျှင် သင့်လျော်လှပါသည်၊ အခြံအရံများခြင်းသာ ဖြစ်ပါတော့သည်ဟု လျှောက်ထားလေ၏။

ထိုမင်းကြီး၏ နမတော်တစ်ပါးသည်လည်း ကူဖားမြို့က ရွှေဒင်္ဂါးတစ်သောင်းပေး၍ ဝယ်ယူပြီးလျှင် သမီးကညာ ဆက်သလာကြောင်း သတင်းစကားကို ကြားသိရသည်နှင့် မိန်းမမြတ်တို့၏ ရုပ်လက္ခဏာတို့နှင့် ပြည့်စုံပါအံ့လောဟု စူးစမ်းလို၍ နော်အန်နေသော အဆောင်တော်သို့ သွားလေ၏။ နော်အန်လည်း အမတ်ကြီး၏ နမတော်သည် မိမိအဆောင်သို့ ရောက်လျှင် အရှင်မ၊ ဤတိုင်းပြည်သည် မည်သည့် တိုင်းပြည်ခေါ်ပါသနည်းဟု မေးမြန်း၏၊ ပြည့်ရှင်မင်းကြီး၏ နမတော်က အို မိန်းကလေး၊ အဘယ်သို့ မေးလေသနည်း၊ သင့်ကို ရွှေဒင်္ဂါး တစ်သောင်း ပေးပြီးလျှင် ပို့ဆက်မည်ဟု မပြောမကြားပါလော၊ ဤတိုင်းပြည်သည်ကား ဒင်မတ်စက မြို့တည်း၊ အုပ်ချုပ် စိုးစံတော်မူသည်မှာ အဘာဒူမက်လိပ် မင်းတည်းဟု အကြောင်းကို ပြောကြား၏။

ထိုအခါ နော်အန်သည် အလွန်ဝမ်းနည်းပြီးလျှင် ငါ့အား မတရားသဖြင့် လှည့်ဖြားသွေးဆောင်ပြီး ဒင်မတ်စကမင်းကြီးထံ ပို့ဆက်ပါသည်တကားဟု များစွာငိုကြွေးလေ၏။ ထိုသို့လျှင် နော်အန်ငိုကြွေးသည်ကို ပြည့်ရှင်မင်းကြီး၏ နမတော်မြင်လေလျှင် အို မိန်းကလေး၊

အဘယ်ကြောင့် ငိုကြွေးသနည်း၊ အကြောင်းကို ပြောလော့ဟုဆိုလျှင် နော်အန်သည် မိမိအကြောင်းကို ပြန်ပြောင်း ပြောဆိုသော်လည်း ယုံကြည်မည် မဟုတ်သောကြောင့် ဆိတ်ဆိတ်ပင် နေလေ၏။ ထိုသို့ နော်အန်က ဘာမျှပြန်မပြောသဖြင့် ပြည့်ရှင်မင်းကြီး၏ နမတော်သည် မိမိအဆောင်သို့သွားလေ၏။ နောက်နှစ်ရက်သုံးရက်လောက် ကြာလျှင် အဘဒူမက်လိပ် မင်းကြီးသည် မိမိနမတော်ကို ခေါ်ပြီးသော် နော်အန်၏ အဆောင်သို့ သွားပြန်ရာ နော်အန်သည်လည်း မိမိခင်ပွန်းသည် နိယာမနှင့်ကွေကွင်းသဖြင့် ဆင်းရဲဒုက္ခ ဖြစ်ခြင်းကြောင့် ငိုကြွေးမြည်တမ်းဖန် များသည်နှင့် စိတ်နှလုံး မချမ်းမသာလှသော မျက်နှာ၊ နီမြန်းသော မျက်စိ၊ မို့သော မျက်ခုံး၊ ပိန်ချုံးသော အသားအရေတို့ ဖြစ်လာကုန်၏။ အဘဒူမက်လိပ်မင်းကြီးက နော်အန်အား သင်၏ မျက်နှာကို ဖုံးအုပ်သည်မှ ဖွင့်လှစ် လိုက်ပါလော၊ မျက်နှာ မကြည်မလင် ဖြစ်နေခြင်းသည် မသင့်မလျော်ချေ၊ ကြည်ကြည် လင်လင် ရွှင်ရွှင်ပြုံးပြုံး နှလုံးချမ်းသာစွာ နေထိုင်ခြင်းသာ သင့်လျော်လေသည်၊ သိလိုသော အာသာဆန္ဒရှိသမျှကို ငါမင်းဖျားအား လျှောက်လေလောဟု အမိန့်တော်ရှိလေသော် နော်အန်လည်း မည်သည့်စကားကိုမျှ ပြန်၍မတင်မလျှောက်ဘဲ ဆိတ်ဆိတ်ပင်နေလေ၏။

**နော်အန် စိတ္တဇရောဂါခံစားရပြီ**

ထိုအခါ အဘဒူမက်လိပ်မင်းကြီးက သူ၏နမတော်အား ဤသို့မိန့်ဆို၏။ ကူဖားမြို့က ဆက်သသော ဤမိန်းကလေးသည် ငယ်ရွယ်လွန်းသူ ဖြစ်သည်၊ အသက်လည်း တစ်ဆယ့် လေးနှစ်မျှသာ ရှိသည်ဖြစ်၍ အရာရာ၌ မသိမလိမ္မာသည်များကို သိကျွမ်းနားလည်အောင် ငါ၏နမတော်က ဖျောင်းဖျ သွန်သင် နားပါးချ၍ ဤမိန်းကလေးနှင့်အတူနေပါဟု ပြောဆို လေ၏။ ထိုသို့ပြောဆိုပြီးလျှင် မင်းကြီးလည်း နန်းတော်သို့ပြန်သွားလေ၏။ နော်အန်လည်း မိမိလင်ယောက်ျားနှင့် တစ်နေ့တစ်နာရီမျှ ခွဲခွာ၍ မနေခဲ့ဖူးသည်နှင့် ယခု အထူးကွေကွင်း ရသောကြောင့် ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်နှလုံး၏ ပူပန်ဆင်းရဲခြင်းသည် ပြင်းပြစွာဖြစ်လျက် အစားအစာတို့ကို မစားမသောက်သည်နှင့် ရောဂါဥပဒ်စွဲကပ်ပြီးလျှင် သလွန်ညောင်စောင်းမှ မထနိုင်ဖြစ်နေလေလျှင် ဖျောင်းဖျပြောဆိုရန် ထားသော ပြည့်ရှင်မင်းကြီး၏ နမတော်သည် အဘဒူမက်လိပ်မင်းကြီးအား နော်အန်သည် အစာရေစာတို့ကို မစားမသောက်သောကြောင့် ရောဂါဝေဒနာတို့ စွဲကပ်နေပါသည်ဟူ၍ လျှောက်တင်လေ၏။ အဘဒူမက်လိပ်မင်းကြီးလည်း

တိုင်းတော်ပြည်တော်၌ရှိသော သမားကျော်ဆရာတို့ကိုခေါ်၍ ကုသပေးစေပါသော်လည်း စိတ္တဇရောဂါ စွဲကပ်သည်ဖြစ်သောကြောင့် ၎င်းဝေဒနာကို ပျောက်ငြိမ်းကင်းရှင်းအောင် ဆေးဝါးဖြင့် ကုသခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ နော်အန်၌ စွဲကပ်သောဝေဒနာသည် တိုးတက်၍သာ ဖြစ်လာလေသတည်း။

ထိုအခါ သူကြွယ်သား နိယာမသည်လည်း လည်ပတ်နေရာမှ မိမိအိမ်သို့ ပြန်လာလေလျှင် မယားနော်အန်အား အကြိမ်ကြိမ်ခေါ်စေ၏။ နော်အန်ကိုခေါ်၍ မရလျှင် မိခင်ထံသို့ သွားလေ၏။ မိခင်သည်လည်း မသာသောမျက်နှာဖြင့် နဖူးကို လက်ထောက်လျက် မှိုင်တွေကာနေသည်ကို မြင်လေလျှင် အို မွေးသည့်မိခင် ကျေးဇူးရှင်၊ မျက်နှာ၏ ကြည်လင်ရွှင်ပြုံးခြင်းမရှိဘဲ အဘယ့်ကြောင့် မှိုင်တွေကာနေတော်မူဘိသနည်း၊ ကျွန်တော်၏ ချစ်လှစွာသောနမ နော်အန်သည် မည်သည့်အရပ်သို့ သွားပါသနည်းဟု မေးမြန်းလေ၏။ မိခင်လည်း ချစ်သား၊ မိခင်၏မျက်နှာ မကြည်မလင်သည်ကား အခြားမဟုတ်၊ ချစ်သား၏ အိမ်သို့ နေ့စဉ်လာနေကျဖြစ်သော မိန်းမကြီးသည် ချစ်သားသွားပြီးနောက် နံနက်ကပင် မည်သည့်အရပ်သို့ ခေါ်ဆောင်သွားသည်မသိ၊ ယခု မိုးချုပ်နေဝင်သည့် တိုင်အောင်လည်း အိမ်သို့ပြန်မရောက်သည်ဖြစ်၍ ပူပင်လှသောကြောင့် မှိုင်လျက်နေသည်ဟုပြောလေ၏။

နိယာမသည် မိခင်ပြောသောစကားကို ကြားရလျှင် အသည်းနှလုံးတို့ ပြတ်ကြွေမတတ် ရင်ဝတွင်မီးဖြင့်ပုံ၍ တိုက်ရှို့ဘိသကဲ့သို့ အလွန်ပူပင်သောကပြင်းပြစွာ ဖြစ်သောကြောင့် မိမိကိုယ်ကို ရပ်တည်၍ မရနိုင်အောင်ပင်ဖြစ်ပြီးသော် မိမိမယားနော်အန်အား မိန်းမကြီး တစ်ယောက်သည် သွေးဆောင် ခေါ်သွားကြောင်းများကို မင်းချင်းအရာရှိတို့ထံ တိုင်းတန်း ပြောဆိုလေ၏။

## ပြည့်ရှင်မင်းထံလျှောက်ထား

ထိုကမှတစ်ဖန် ပြည့်ရှင်မင်းကြီးထံသို့ဝင်ပြီးလျှင် အရှင်မင်းကြီး၊ အကျွန်ုပ်၏ ချစ်လှစွာသော မယားကို မိန်းမကြီး တစ်ယောက်သည် လှည့်ပတ်ဖြားယောင်း၍ ခေါ်ဆောင်သွားပါသည်၊ သို့ဖြစ်ပါသောကြောင့် ဆင်းရဲသားတို့ ကိုးကွယ်ရာ၊ မှီခိုရာ ရေမြေရှင် ဖြစ်သည့် အတိုင်း အကျွန်ုပ်မိန်းမကို မရရအောင် ရှာဖွေထောက်လှမ်း စုံစမ်းမေးမြန်း၍ ပေးတော်မူပါဟု လျှောက်တင်လေ၏။

## ရှာမရလျှင် မိန်းမပျို တစ်ကျိပ်ပေးမည်

ပြည့်ရှင်မင်းကြီးလည်း အချင်းနိယာမ၊ မစိုးရိမ်လင့်၊ သင်၏မိန်းမအား ရှာဖွေထောက်လှမ်း မေးမြန်း၍ ငါပေးအံ့၊ သင်၏ မိန်းမကို ရှာဖွေ၍ မတွေ့ခဲ့မူ အဆင်းသဏ္ဍာန်နှင့်ပြည့်စုံသော မိန်းမပျိုတစ်ကျိပ်ကို သင့်အား ငါပေးသနားတော်မူမည်ဟု ပြောဆိုပြီးလျှင် မြို့ပေါ်၌ မင်းချင်းအရာရှိတို့ကို ဆင့်ဆိုကာ မြင်းတပ်နှင့်ရှာဖွေကြရန် စေခိုင်းလေ၏။

နိယာမသည် မိမိကိုယ်တိုင် လိုက်လံရှာဖွေပါသော်လည်း မရသဖြင့် အိမ်သို့ ပြန်လာလေ၏။ ထိုစဉ် ဖခင်ဖြစ်သူ အာရေဘီရာ သူကြွယ်လည်း သားနိယာမထံသို့ လာပြီးလျှင် ချစ်သား၊ ဖခင်လည်း မြို့ကိုလှည့်လည်၍ ရှာဖွေထောက်လှမ်းရာ ဤပြည်ကိုအစိုးရသော အက်ဟာဂျာမင်းကြီးက အခြားတိုင်းပြည့်ရှင်ဘုရင်မင်းမြတ်ထံသို့ သမီးကညာပြုလုပ်၍ ပို့ဆက်လိုက်ကြောင်း သတင်းကြားသိရပါသည်၊ သို့ဖြစ်၍ ဖခင်လည်း နလုံးမသက်သာ သည်နှင့် အိမ်သို့ ပြန်လာခဲ့သည်ဟု ပြောလျှင် နိယာမသည် ဖခင်ပြောသောစကားကို ကြားရသည်နှင့် တစ်ပြိုင်နက် ငှက်ပျောပင်နှင့် ထန်းပင်အုန်းပင်တို့ကို အရင်းက ဖြတ်ဘိသကဲ့သို့လည်းကောင်း၊ မတ်တတ်နေရာမှလဲပြီးလျှင် သည်းထန်ပြင်းပြစွာ ငိုကြွေးပြီးသော် ညောင်စောင်းထက်တွင် မထသော အိပ်ခြင်းဖြင့် အစာရေစာတို့ကို မစားမသောက်ဘဲ စိတ္တဇရောဂါဝေဒနာခံစားကာ နေရှာလေ၏။

ထိုအခါ ဖခင် အာရေဘီရာသူကြွယ်သည် ချစ်သား၊ သားမယားအတွက်ကြောင့် ဤသို့ ပူပန်ရသလော၊ ချစ်သား၏ နမထက် အဆအရာသာလွန်သော မိန်းမကို ဖခင်ရှာကြံ၍ပေးမည်၊ အပူကိုဖြတ်သိမ်းလော၊ အစာရေစာတို့ကို စားသောက်လော၊ နံ့သာရေတို့ကို ချိုးသုံးပြီးလျှင် ရေမရောသော ယနာထမင်းတို့ကို စားသောက်လေလော စသည်ဖြင့် အထူးထူးအပြားပြား များစွာ ဖျောင်းဖျပြောဆိုလေ၏။ ထိုသို့ ပြောဆိုသောစကားကို နိယာမကြားလျှင် ဖခင် ပြောဆိုသည့်အတိုင်း အဆင်းသဏ္ဍာန်နှင့်ပြည့်စုံသောမိန်းမကို ရပါလိမ့်မည်၊ ရသော်လည်း အကျွန်ုပ်နမနော်အန်ကဲ့သို့ လင်၏ဝတ်တရားငါးပါး၊ မိဝတ်ဘဝတ်၊ အတတ်အလိမ္မာကျေပွန်စွာ တရားဓမ္မခန်အရာ၌ တတ်ကျွမ်းလိမ္မာသောမိန်းမသည် ဤဇမ္ဗူဒီပါကျွန်းတွင် တစ်ယောက်မျှ ရှိမည်မထင်ပါ၊ သို့ဖြစ်သောကြောင့် နော်အန်နှင့် မပေါင်းရပါမူ လူ့ပြည်၌နေသော်လည်း အဘယ်အကျိုးရှိအံ့နည်း၊ အသက်ရှည်၍ နေခြင်းထက် သေရခြင်းသည်သာ သင့်လျော်သေး၏ဟု ငိုကြွေးပြီးလျှင် ညောင်စောင်းထက်တွင် လျောင်းအိပ်လျက်သာ နေလေ၏။

ရောဂါလည်း တစ်နေ့တခြား တိုးပွား၍လာသည်နှင့် မိခင်ဖခင်တို့သည် ပူပင်လျက် ရှိနေကြလေသတည်း။

ထိုအခါ ပါရှားပြည်တွင် အလွန်ထင်ရှား ကျော်စောသော ဗေဒင်ကျမ်း၊ ဗိန္ဒောကျမ်း၊ ဓာတုဗေဒစသော ဓာတ်ကျမ်းတို့၌ ကမ်းတစ်ဖက်ရောက် တတ်မြောက်လိမ္မာသော ဆေးဆရာကြီးတစ်ယောက် ကူဖားမြို့သို့ ရောက်လာရာ အာရေဘီရာသူကြွယ်လည်း ၎င်းဆရာ ရောက်လာကြောင်းကို ကြားသိသည်နှင့် သား၏ရောဂါကိုပြသသည်၊ ဆရာကြီးက ဗေဒင်တို့ဖြင့် တွက်ချက်ပြီး နိယာမ၏လက်ကို စမ်းသပ်ကြည့်ရှုလေလျှင် ကိုယ်တွင်း၌ စွဲကပ်သောရောဂါ မရှိသည်ကို သိမြင်လေက ပြုံးရယ်လျက်နေလေ၏။

## နော်အန် ဒင်မတ်စကမင်းကြီးထံ ရောက်နေသည်ဟုပောရာ

အာရေဘီရာ သူကြွယ်လည်း အဘယ်ကြောင့် ပြုံးရယ်ပါသနည်းဟု မေးမြန်းက သင့်သားမှာ ကိုယ်တွင်း၌ စွဲကပ်သောရောဂါ တစ်စုံတစ်ရာမျှမရှိပါ၊ ချစ်သောသူနှင့် ကွေကွင်းချေသောကြောင့် ပီယဝိပ္ပယောဂ ဒုက္ခတည်းဟူသော စိတ္တဇရောဂါသာရှိပါသည်၊ ဗေဒင်ကျမ်းတို့ဖြင့် တွက်ချက်ကြည့်ရှုပြန်ကလည်း ဤသူ၏ မိန်းမသည် ကူဖားမြို့၌မရှိ၊ ဒင်မတ်စကမြို့ အဘဒူမက်လိပ်မင်းကြီးထံ ရောက်ရှိလျက် ရှိချေသည်ဟု ပြောလေလျှင် အို ဆရာကြီး၊ ဤမိန်းမနှင့် ကျွန်ုပ်သား ပေါင်းသင်းရအောင် ကြံဆောင်နိုင်ပါအံ့လောဟု မေးမြန်းသည်၊ ကြံဆောင်နိုင်ပါ၏ဟု ဆရာပြောဆိုလျှင် ကောင်းပါပြီ ဆရာကြီး၊ သင်အလိုရှိသမျှ ငွေငွေတို့ကို ပေးပါမည်၊ ကျွန်ုပ်သားနှင့် ပေါင်းသင်းရအောင်သာ ကြံဆောင်တော်မူပါဟု ပြောဆိုရာ ဆရာကြီးက နိယာမကို ဤသို့ပြော၏။ အမောင်နိယာမ၊ ညောင်စောင်းထက်က ထပါ၊ သင်၏နမ နော်အန်နှင့် ပေါင်းသင်းရအောင် ယခု ဆရာသွားအံ့ဆိုလျှင် နိယာမလည်း ဝမ်းမြောက်ဝမ်းသာဖြစ်သည်နှင့် ထမင်းအာဟာရတို့ကို စားသောက်ရာမှ ရွှင်ရွှင်လန်းလန်း ရှိလေသတည်း။

## ဆေးဆိုင်ဖွင့်လျက် ကြော်ငြာထားပုံ

အာရေဘီရာသူကြွယ်လည်း ဆေးဆရာကြီးအား ရွှေဒင်္ဂါးတစ်သောင်းတိုင်အောင် ပေးပြီးလျှင် ကောင်းမွန်သော မြင်းတို့ကို ပြင်ဆင်၍ ဒင်မတ်စကမြို့သို့ သွားရန်

စီစဉ်ပေးလိုက်သည်။ ဆရာကြီးလည်း ရွှေဒင်္ဂါးတစ်သောင်းကို ယူပြီးလျှင် နိယာမကိုခေါ်၍ ဒင်မတ်စမြို့သို့ သွားကြလေ၏။ ၎င်းမြို့သို့ရောက်လျှင် ကြီးစွာသောဆေးဆိုင်ကို တည်ဖွင့်၍ မြို့သူမြို့သားတို့ ကြားသိစေရန် ကြော်ငြာသည်မှာကား ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာတို့တွင် မည်သည့်ရောဂါ ဝေဒနာမဆို ကုသနိုင်ကြောင်း၊ ဗေဒင်အရာ၌လည်း ကမ်းတစ်ဖက်ရောက် တတ်မြောက်လိမ္မာကြောင်းနှင့် သတင်းကြေညာထားလေ၏။

နော်အန်ကို စောင်မကြည့်ရှု အုပ်ထိန်းနေရသော မိန်းမကြီးတစ်ယောက်သည် ၎င်းသတင်းကို ကြားသိလေက နော်အန် မကျန်းမမာ ရှိနေသည်ကို မေးမြန်း ကုသစေလိုသည်ဖြစ်၍ ၎င်းဆရာကြီးထံလာပြီးလျှင် စုံစမ်းသည်။ ဆရာကြီးကလည်း ယခု မကျန်းမမာသော မိန်းကလေး၏ အမည်မှာအဘယ်သို့ခေါ်သနည်းဟု မေးမြန်းရာ ကြယ်ဟူ၍ ခေါ်ပါသည်ဟု ဆိုလျှင် ကြယ်ခေါ်သော နာမည်မှာ မူလနာမည်လောဟု ဆက်၍မေးပြန်သည်၊ မူလနာမည် မဟုတ်ပါ၊ ကောင်းကင်ကကြယ်လို လှသည်ဖြစ်၍ ကြယ်ဟူ၍ ခေါ်ပါသည်၊ မူလနာမည်မှာ နော်အန်ခေါ်ပါသည်ဟု ပြော၏။ အသက်အရွယ် မည်မျှလောက်ရှိသနည်းဟု မေးပြန်ရာ အသက်မှာ တစ်ဆယ့်လေးနှစ်လောက် ရှိပါသည်၊ ဤမြို့သူလောဟု ထပ်၍ မေးမြန်းရာ ဤမြို့သူ မဟုတ်ပါ၊ ကူဖားမြို့ ဆက်သလာသော မိန်းကလေးဖြစ်ပါသည်ဟုပြောလေလျှင် ကောင်းပြီဆို၍ ဆေးတို့ကိုစပ်ဖက်ပြီး နိယာမကို ခေါ်၍ ကောင်းမွန်သော သေတ္တာတို့၌ ဆေးကိုထည့်သွင်းကာ ပေးလိုက်လောဟု ပြောလေ၏။

နိယာမလည်း ၎င်းဆေးသေတ္တာထဲ၌ စာရေးသား ထည့်ထားလေ၏။ စာ၏ အဓိပ္ပါယ်မှာ ကူဖားမြို့၌ နေထိုင်လျက်ရှိသော အာရေဘီရာသူကြွယ်၏သား နိယာမက မှာထားလိုက်သည် နမနော်အန်၊ အကြောင်းမှာ မောင်ကြီး၌ နမနော်အန် ပျောက်သွားသည့်နေ့မှစ၍ စားသော် မဝင်၊ မရှင်နလုံး ယူကျုံးမရရှိသည်နှင့် ဒင်မတ်စကမြို့သို့ ယခု လိုက်လာရသည်၊ နမ သိရအောင် စာပေးပို့လိုက်သည်ဟု ရေးသားပြီးလျှင် ၎င်းသေတ္တာအတွင်း၌ ထည့်ပြီး မိန်းမကြီးအား ပေးအပ်လေ၏။

မိန်းမကြီးလည်း နိယာမကိုမြင်လျှင် ဆရာကြီး၊ ဤသူငယ်သည် ဆရာကြီး၏ သားလော၊ ဤသူငယ်နှင့် ယခု မကျန်းမမာသော သူငယ်မသည် အလွန်လျှင် အသွင်အပြင် ရုပ်ဆင်းသဏ္ဍာန်တူသည်၊ မောင်နမပြောက ယုံဖွယ်ရာရှိပါသည်၊ ဤသူငယ်သည် မည်သူ၏ သားနည်းဟု မေးမြန်း၏၊ ကျွန်ုပ်၏သားဖြစ်ပါသည်ဟု ပြောဆိုလျှင် မိန်းမကြီးလည်း ရွှေဒင်္ဂါး

ဆယ်ပြား ပေးပြီးသော် နန်းတော်သို့ ပြန်သွားလေ၏။ နန်းတော်သို့ရောက်လျှင် နော်အန်ကို ဤသို့ပြော၏။ အရှင်မ၊ ဆေးဆရာကြီး၏ သားသည် အရှင်မနှင့် သွင်ပြင်ရုပ်ဝါ အလွန်ပင် တူပါသည်၊ မောင်နှမပြောက မည်သူမဆို ယုံဖွယ်ရာရှိပါသည်၊ အသက်အရွယ်မှာလည်း အရှင်မထက် တစ်နှစ်လောက်သာ ကြီးပါမည်၊ ဤကဲ့သို့လှပသောသူကို ဒင်မတ်စကမြို့တွင် မမြင်ဖူးပါ၊ အထူးပင် လှပတင့်တယ်ပါသည်ဟု ဆိုပြီးလျှင် ဆေးသေတ္တာကို နော်အန်သို့ ပေးအပ်လေ၏။

**နိယာမ၏စာ နော်အန်တွေ့ပြီ**

နော်အန်လည်း ဆေးသေတ္တာကို ဖွင့်လှစ်ကြည့်ရှုလေသော် နိယာမကပေးသောစာကို မြင်လေက အလွန်ရွှင်ပျ အားရ နှစ်သက်သည်ဖြစ်၍ အို အထိန်းတော်ကြီး၊ ကျွန်မသည် ဤဆေးကို မှီဝဲသုံးဆောင်ရသည် ဖြစ်သောကြောင့် ရောဂါဝေဒနာ အတော်သက်သာရာ ရပါသည်ဟု ပြောသဖြင့် စားဖွယ် သောက်ဖွယ်တို့ကို ပြင်ဆင်၍ပေးလေ၏။ နော်အန်လည်း စားဖွယ်သောက်ဖွယ်တို့ကို မှီဝဲသုံးဆောင်နေသည့်အခါ အဘဒူမက်လိပ်မင်းကြီးလည်း အဆောင်တော်သို့ ဝင်လာသည့်အခါနှင့် ကြုံကြိုက်သည်ဖြစ်၍ စားသောက်နေသည်ကို မြင်ရလျှင် အလွန်ဝမ်းမြောက်လေသည်၊ မည်သည့်ဆရာ၏ ဆေးကို မှီဝဲစားသောက် ရသောကြောင့် ရောဂါဝေဒနာ သက်သာရာရသနည်းဟု အထိန်းတော်ကြီးကို မင်းကြီးက မေးမြန်းလေလျှင် အထိန်းတော်ကြီးလည်း အရှင်မင်းမြတ်၊ ပါရှားပြည်က ဆရာကြီး၏ လေးနှင့် စွဲကပ်သောရောဂါဝေဒနာ အတန်ငယ်မျှ သက်သာရပါသည်ဟု လျှောက်တင်လေ၏။

မင်းကြီးက ကြိုးစား၍ကုသစေရန်၊ ရွှေဒင်္ဂါး တစ်ထောင်ပေးလေ၏။ နော်အန်သည် အထိန်းတော်ကြီးအား အို အကျွန်ုပ်၏ မိခင်နှင့်တူသော အထိန်းတော်ကြီး၊ ကျွန်ုပ်ကို သမီးကဲ့သို့ ထင်မှတ်ပါ၏လော၊ အထူးချစ်ခင်ပါ၏လောဟု မေးမြန်းရာ အရှင်မ၊ အသို့ဆိုတော်မူဘိသနည်း၊ သမီးရင်းကဲ့သို့ ထင်မှတ်ပါသည်ဟု ပြန်ပြောဆိုလဆင် နော်အန်လည်း ကျွန်ုပ်ကို သမီးရင်းကဲ့သို့ထင်မှတ်ပါမူ တစ်ခုသော အကြောင်းကို တိုင်ပင်ရန် ရှိပါသည်ဟု ပြောလေ၏။ အရှင်မ တိုင်ပင်ရန်ရှိလျှင် တိုင်ပင်ပါလောဟု ပြောလေသော် ဆေးဆရာအိမ်၌ တွေ့မြင်ခဲ့သော လုလင်ပျိုသည် အခြားသူမဟုတ်ပါ၊ ကျွန်ုပ်၏ ခင်ပွန်းယောကျ်ားပင် ဖြစ်ပါတော့သည် စသည်ဖြင့် မိမိတို့၏ အဖြစ်အပျက်အလုံးစုံကို ပြန်ပြောင်းပြောဆိုသည်။ ထိုအခါ အရှင်မ၊

ဤကဲ့သို့ဖြစ်မူ စိုးရိမ်တော်မမူပါလင့်၊ အရှင်မနှင့်တွေ့အောင် ကြံဆောင်၍ ပေးပါမည်ဟု ပြောဆိုလေ၏။ ဘယ်သို့ ကြံပါမည်နည်းဟု မေးမြန်းရာ အရှင်မ၏ မောင်တော်ကို မိန်းမယောင် ဆောင်၍ အတွင်းတော်သို့ ရောက်အောင် ဆောင်ကြဉ်း၍ လာပါမည်ဟုပြောလေလျှင် နော်အန်လည်း အထိန်းတော်ကြီး ကြံသောအကြံသည် အလွန်သင့်လျော်ပေသည်၊ ကြိုးစား၍ ကြံဆောင်ပါဟု ပြန်ပြောဆိုလေ၏။

အထိန်းတော်ကြီးက အရှင်မ စိုးရိမ်တော်မမူပါလင့်၊ ယခုပင် သွားပါအံ့၊ မှာထားရန် စာကိုသာ စီကုံးရေးသားတော်မူပါဟု ပြောဆိုလျှင် နော်အန်လည်း စာဖြင့်ရေး၍ ဤသို့ မှာထားလိုက်လေ၏။ မောင်တော် နိယာမ၊ နမလည်း မောင်တော်နှင့် ကွဲကွာသည့်နေ့မှစ၍ အလွန်လျှင် ဆင်းရဲပင်ပန်းစွာ ရောဂါဥပဒ် စွဲကပ်လျက်ရှိနေပါသည်၊ မောင်တော်သည် ဒင်မတ်စကမြို့သို့ ရောက်နေကြောင်း စာကိုတွေ့မြင်ရမှ နမရောဂါသည် သက်သာရာ ရပါတော့သည်၊ သို့ဖြစ်ပါ၍ မောင်တော်လည်း နမနှင့်တွေ့လိုပါမူ အထိန်းတော်ကြီးနှင့်အတူ မိန်းမယောင်ဆောင်၍ လိုက်လာပါဟု စာဖြင့် စီကုံးရေးသား၍ အထိန်းတော်ကြီး လက်သို့ ပေးအပ်လေ၏။

## လမ်းလွဲ၍ မင်းကြီး၏နမထံ ရောက်သွားပြီ

အထိန်းတော်ကြီးသည် ရွှေဒင်္ဂါးတစ်ထောင်ကိုယူပြီး နိယာမအိမ်သို့ သွားလေ၏။ နိယာမထံသို့ ရောက်လျှင် အကျိုးအကြောင်းကိုပြောဆိုကာ နော်အန်ပေးလိုက်သော စာကိုပြသပြီး ရွှေဒင်္ဂါးတစ်ထောင်ကိုလည်း ပေးလေ၏။ နိယာမလည်း အလွန်ကျေးဇူးတင် သည်နှင့် မိခင်၊ ဤရွှေဒင်္ဂါးတစ်ထောင်ကို မိခင်ပင်ယူတော်မူပါ၊ ကျွန်ုပ်၏နမနှင့် တွေ့ရ အောင်သာ ကြံဆောင်၍ ပေးတော်မူပါဟု ပြောလေ၏။ ကောင်းပြီ၊ မစိုးရိမ်လင့်၊ မိန်းမနှင့် သဏ္ဍာန်တူအောင် ပြုလုပ်ပါလောဟု အထိန်းတော်ကြီးကဆိုလျှင် နိယာမလည်း မိန်းမနှင့် တူအောင် ပြင်ဆင်လေ၏။ မိန်းမယောင်ဆောင်ပြီး အထိန်းတော်ကြီးအား ပြသသော် နော်အန်နှင့် တူသောကြောင့် များစွာ အံ့ဩချီးမွမ်းပြီးလျှင် အထိန်းတော်ကြီးက နိယာမကို ဤသို့မှာထားလေ၏။ အမောင်နိယာမ၊ နန်းတော်အတွင်းသို့ရောက်လျှင် တံခါးငါးတန်ကို တွေ့လိမ့်မည်၊ တံခါးစောင့်တို့ကမေးခဲ့မူ မည်သည့်စကားကိုမျှ မပြောမဆိုလေလင့်၊ ထိုတံခါး ငါးတန်မှ လွန်မြောက်သော် လက်ဝဲဘက်လမ်းသို့ လိုက်သွားမူ မောင်၏နမ နော်အန်နှင့်

တွေ့ရလိမ့်မည်ဟု မှာထားပြီးသော် အထိန်းတော်ကြီးသည် နိယာမကို ခေါ်သွားလေ၏။ တံခါးငါးတန်သို့ ရောက်က တံခါးစောင့်တို့က ဆီးကြို၍ မေးမြန်းကြရာ အထိန်းတော်ကြီးလည်း ငါတို့၏အရှင်မခိုင်းစေသော လက်ပါးစေရံရွေတော်တည်း စသည်ဖြင့်ပြောဆို၍ သွားလေလျှင် ငါးတန်သော တံခါးကို လွန်မြောက်သော် အထိန်းတော်ကြီးသည် ရှေးဦးစွာသွားလေသည်နှင့် နိယာမလည်း လက်ဝဲဘက်သို့ သွားရမည်ကိုမသွားမူ၍ လက်ယာဘက်လမ်းသို့သွားကာ အဘဒူမက်လိပ်မင်းကြီး နမတော်၏ အဆောင်သို့ ရောက်လေသတည်း။

## ရင်သားမရှိ၍ မိန်းမမဟုတ်ဟု သိသွားပုံ

ထိုအခါ ပြည့်ရှင်မင်းကြီး၏ နမတော်သည် နိယာမကိုမြင်လျှင် ဆီး၍ သင်သည် အသူနည်းဟု မေးလေ၏။ နိယာမလည်း မည်သည့်စကားကိုမျှ ပြန်လှန်မပြောဘဲ ဆိတ်ဆိတ်နေ၍ လာသောလမ်းသို့ ပြန်သွားလေ၏။ ထိုအခါ ပြည့်ရှင်မင်းကြီး၏ နမတော်က ဤသူငယ်မသည် မည်သည့်သူငယ်မနည်း၊ ငါ မေးမြန်းသည်ကို ပြန်မပြော၊ အကြောင်းကို စူးစမ်းအံ့ဟုကြံ၍ နိယာမနောက်သို့ လိုက်ပြီးလျှင် အပေါ်ရုံအင်္ကျီကို ဆွဲငင်လေသော် အင်္ကျီစုတ်ပြတ်သွားသည်နှင့် ရင်သားမရှိသည်ဖြစ်သောကြောင့် မိန်းမ မဟုတ်ကြောင်းကို ထင်ရှားစွာသိလေ၏။

ထိုအခါ ပြည့်ရှင်မင်းကြီး၏ နမတော်သည် နိယာမအားဆွဲငင်ခေါ်လာပြီးသော် ငါ့အား မှန်ရာကိုသာပြောလော၊ သင့်အား ပြစ်မှုမှချမ်းသာပေးမည်ဟု ဆိုလေ၏။ ထိုအခါ နိယာမလည်း မိမိ၏ အဖြစ်အပျက်အလုံးစုံကို ဟုတ်တိုင်းမှန်ရာ ပြန်ပြောင်းပြောဆိုလေ၏။ ပြည့်ရှင်မင်းကြီး၏ နမတော်သည် သနားလှသည် ဖြစ်သောကြောင့် နိယာမကိုခေါ်ပြီးလျှင် နော်အန်၏ အဆောင်သို့သွားလေရာ ရောက်လျှင် နော်အန်ကို ဤသို့ပြောဆိုသည်။ ငါမေးမြန်းသည့်အတိုင်း ဟုတ်မှန်ရာကိုသာ ပြောဆိုကြကုန်လော၊ သင်တို့အား ချမ်းသာ ရာရအောင် ကြံဆောင်၍ပေးမည်ဟုလည်း ပြောဆိုကာ ဤမောင်လုလင်ကား သင်၏ ခင်ပွန်းယောကျာ်းလောဟု မေးမြန်းလေ၏။ နော်အန်လည်း ဟုတ်မှန်သည့်အတိုင်း ဝန်ခံလေ၏။

ထိုအခါ ပြည့်ရှင်မင်းကြီး၏ နမတော်လည်း သင်တို့ ကြောက်ရွံ့ခြင်းမရှိကြလင့်၊ သင်တို့ နှစ်ဦးပေါင်းဖက်ရအောင် ပြုပြင် ကြံဆောင်၍ပေးမည်ဟု ပြောဆိုနေဆဲအခိုက် အဘဒူမက်လိပ်

မင်းကြီးသည် နော်အန်၏ အဆောင်တော်သို့ ဝင်လာပြီးလျှင် ကူဖားမြို့က ဆက်သသော မိန်းကလေးရောဂါ ဝေဒနာစွဲကပ်သည်မှာ သက်သာရာရပြီလောဟု မေးမြန်းသည်။ မင်းကြီး၏ နမတော်က ကြိုတင်၍ မောင်တော်မင်းမြတ်၊ ပါရှားပြည်က ဆရာကြီး၏ဆေးကို မှီဝဲ သုံးဆောင်ရသည်လည်း တစ်ကြောင်း၊ ယခု ထပ်မံ၍ မိမိနှင့် အသွင်အပြင်တူသော သူငယ်တစ်ဦး ရောက်လာပြန်သည်က တစ်ကြောင်းကြောင့် ရွှင်ရွှင်ပျပျ ရှိနေပါသည်ဟု လျှောက်တင်လေ၏။ အဘဒူမက်လိပ်မင်းကြီးသည်လည်း များစွာအားရ နှစ်သက်တော်မူသည် ဖြစ်၍ ၎င်းမိန်းမငယ်နှင့်အတူ နေထိုင်ရန်ခွင့်ပေးပြီး ပြန်သွားလေ၏။ နံနက်မိုးသောက် ရောက်လေက ပြည့်ရှင်မင်းကြီး၏ နမတော်သည် အဘဒူမက်လိပ်မင်းကြီးထံသို့ ဝင်သွားပြီးလျှင် မောင်တော်မင်းမြတ်၊ ရှေးသူဟောင်းတို့ ပြောဆိုကြသော ပုံပြင်စကားကို လျှောက်ထား ပါမည်၊ နားဆင်တော်မူပါလောဟု မေးသောအခါ အဘဒူမက်လိပ်မင်းကြီးလည်း မည်သည့်ပုံပြင်စကားနည်း၊ ငါ့အား လျှောက်တင်လောဟု ခွင့်ပေးလေက နမတော်လည်း ဤသို့လျှောက်တင်လေ၏။

## မင်းကြီး၏နမတော် ပြောပြသောပုံပြင်

ရှေးသရောအခါ ဤမည်သော မြို့တွင် အာရေဘီရာအမည်ရှိ ကုန်သည်ကြီး တစ်ယောက် ရှိသည်။ ထိုကုန်သည်ကြီးသည် ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသည်၊ ပုခက်တွင်း အရွယ်ရှိ မိန်းမငယ်တစ်ယောက်ကို ပွဲစားတို့နှင့်လာ၍ ရောင်းချသဖြင့် မိမိ၏သား သူငယ်နှင့် အရွယ်ချင်းမျှသည် ဖြစ်သောကြောင့် ရွှေဒင်္ဂါးငါးဆယ်ပေး၍ ဝယ်ထားလိုက်သည်၊ ထိုသူငယ် နှင့် သူငယ်မတို့သည်လည်း ပုခက်တစ်ခုတည်း၌အတူ ကျွေးမွေးထားသဖြင့် အစဉ်အတိုင်း ကြီးပြင်းကြသော် ယောက်ျားကို နိယာမဟုအမည်မှည့်ကာ မိန်းမကို နော်အန်ဟု အမည် မှည့်သည်၊ ထိုသူနှစ်ဦးတို့သည် အလွန်လှပကြသည်၊ အသွင်အပြင်ချင်းလည်း တူမျှကြသဖြင့် မိဘနှစ်ပါးတို့က ပေးစားထိမ်းမြားပေးကြသည်၊ ဤသူနှစ်ဦးတို့ ပေါင်းသင်းနေသည့်အတွင်း ထိုပြည်ကို စိုးမိုးအုပ်ချုပ်တော်မူသော ပြည့်ရှင်မင်းကြီးသည် နော်အန်ကို မတရားသဖြင့် သွေးဆောင်ဖြားယောင်းပြီး သူ့ထက် ဘုန်းတန်ခိုးကြီးမားသောမင်းအား သမီးကညာ ပြုလုပ် ဆက်သလိုက်သည်၊ အဆက်အသကို လက်ခံသောပြည့်ရှင်မင်းကြီးသည် စဉ်းစား

ဆင်ခြင်တရား ကင်းသူဖြစ်၍ ဆက်သသောမိန်းမငယ်ကို မေးမြန်းစစ်ဆေးခြင်းမပြုဘဲ လက်ခံသိမ်းပိုက်လေ၏။

## ပြဿနာသုံးရပ်လျှောက်တင်

ထိုအခါ ထိုသူငယ်မ၏ ခင်ပွန်းယောက်ျားသည် မယားကို ချစ်ခင်စုံမက်လှသည်ဖြစ်၍ အထူးထူးအပြားပြား ကြံဆောင်ပြီးလျှင် အသက်ကိုစွန့်၍ အတွင်းတော်သို့ရောက်အောင် လာသောကြောင့် မယားနှင့်တွေ့ဆုံကြသည်။ ထိုသုံးဦးသားတို့အနက်တွင် ရှေးဦးစွာ မတရားသွေးဆောင်ပြီး သမီးတော်ကညာ မဟုတ်ဘဲလျက် သမီးကညာ ပြုလုပ်ဆက်သသော မင်းသည် အပြစ်ရှိပါမည်လော၊ သို့မဟုတ် လက်ခံသိမ်းပိုက်သော မင်းသည် မိမိက စစ်ဆေးမေးမြန်းရန် အခွင့်ရှိလျက်နှင့် မစစ်မဆေး မမေးမြန်းဘဲ သိမ်းပိုက်သည့်အတွက် အပြစ်ရှိပါမည်လော၊ သို့မဟုတ် မိမိမယားကို ချစ်ခင်သည့်အတွက် အသက်ကိုစွန့်၍ မင်း၏ ဘဏ္ဍာတော်ဖြစ်ပြီးသော မိန်းမကို တစ်ဖန်ကျူးလွန်စော်ကား ပေါင်းဖက်သောသူသည် အပြစ်ရှိပါမည်လောဟု အမေးပုစ္ဆာ ပြဿနာသုံးချက်ကို လျှောက်တင်လေ၏။

အဘဒူမက်လိပ် မင်းကြီးက ဤသို့ဖြေဆို၏။ မတရားသဖြင့် သူ၏သားမယားကို လှည့်ဖြားသွေးဆောင်ကာ သမီးကညာ ပြုလုပ်ဆက်သသောမင်းသည် အပြစ်ထင်ရှား၏၊ ထို့နောက် သမီးကညာကို လက်ခံ သိမ်းပိုက်သောမင်းသည် သမီးကညာ ဟုတ်မဟုတ်ကို မေးမြန်းစစ်ဆေးရန် အခွင့်ရှိလျက်နှင့် မမေးမမြန်းမစစ်မဆေးဘဲ လက်ခံ သိမ်းပိုက်သောကြောင့် ထိုမင်းသည်လည်း အပြစ်ရှိ၏ဟု မိန့်ဆို၏။ တစ်ဖန်ထပ်မံ၍ လျှောက်တင်သည်မှာကား ဤကဲ့သို့သော တရားသည် မောင်တော်မင်းမြတ်ထံ အကယ်၍ ရောက်လာချေက ဤအတိုင်းပင်စီရင်မည်လောဟု လျှောက်တင်သော် အဘဒူမက်လိပ်မင်းကြီးသည် ဤတရားအတိုင်းပင် စီရင်ဆုံးဖြတ်အံ့ဟု ပြောဆို၏။ ဤသို့မှန်ပါက မောင်တော်မင်းမြတ်၊ နော်အန်ဆိုသော မိန်းကလေးသည် အခြားသူမဟုတ်၊ အက်ဟာဂျာမင်းကဆက်သသော မိန်းကလေးတည်း၊ နိယာမဆိုသူသည် လက်ပါးစေပြုလုပ်ပြီးလျှင် မိန်းမအယောင်ဆောင်၍ နေသောသူတည်း စသည်ဖြင့် လျှောက်တင်၍ နော်အန်နှင့်နိယာမကို ခေါ်ပြီးလျှင် ဤသူကား နိယာမ၊ ဤသူကား နော်အန်ပါတည်းဟု လျှောက်တင်လေ၏။

## မိဘတို့ထံ ပြန်ရောက်ပြီ

အဘဒူမက်လိပ်မင်းကြီးသည် ဤသူတို့အား မူလက ဖြစ်ပျက်သမျှသော အကြောင်းအရာကို ကုန်စင်အောင် မေးမြန်းလေသော် နိယာမသည်လည်း မိမိတို့ အကြောင်းချင်ရာများကို အစကအဆုံးတိုင်အောင် ကုန်စင်အောင် လျှောက်တင်လေ၏။ အဘဒူမက်လိပ်မင်းကြီးသည် မတရားသဖြင့် သိမ်းပိုက်ကြောင်းထင်ရှားသည်နှင့် မိမိ၏ အဖြစ်ကို ထိတ်လန့်တုန်လှုပ်သည်ဖြစ်သောကြောင့် အချင်းနိယာမ၊ ငါ၏အပြစ်ကို သည်းခံလော၊ သင်သည် နော်အန်ထံသို့ ရောက်အောင် လာရခြင်း၌ မည်မျှ စရိတ်ကြေးငွေကုန်ကျသနည်းဟု မေးမြန်း၏။ နိယာမက အရှင်မင်းကြီး၊ ရွှေဒင်္ဂါးတစ်သောင်းတိုင်အောင် ကုန်ကျပါသည်ဟု လျှောက်တင်လေသော် မင်းကြီးလည်း ရွှေဒင်္ဂါးတစ်သောင်း ပေးပြီးလျှင် ဤတိုင်းပြည်၌ ပျော်သမျှ နေစေဟု မိန့်တော်မူသည်၊ ဆယ်ရက်လောက်ကြာလျှင် ကူဖားမြို့သို့ ပြန်လိုကြောင်း လျှောက်တင်သဖြင့် အဘဒူမက်လိပ်မင်းကြီးသည် ဆုလာဘ်တို့ကို ပေးသနားတော်မူပြီးလျှင် ကူဖားမြို့သို့ ကောင်းမွန်စွာပို့ဆောင်လေ၏။ နိယာမလည်း မိမိသားမယားနှင့်တကွ မိခင်ဖင်တို့နှင့်အတူတကွ နေထိုင်ရသောကြောင့် ဝမ်းမြောက်ဝမ်းသာရှိကြလေသတည်း။

ဤသို့လျှင် ၎င်းနိယာမနှင့်နော်အန်တို့၏ ပုံပြင်စကားကို ထောက်ထားပြီးလျှင် အရှင့်သားများလည်း ယခု ညီနောင်နှစ်ပါး ဆုံတွေ့တော်မူကြပါပြီ၊ နောက်များ မကြာမီ အရှင့်သားများ၏ ခမည်းတော် မယ်တော်တို့နှင့်လည်း ဆုံတွေ့ပါလတ္တံ့ဟု ဘာရန်က လျှောက်တင်လေ၏။ မင်းသားနှစ်ပါးသည်လည်း ပုံပြင်နည်းနာနှင့် ဘာရန်လျှောက်တင်သည် ဖြစ်သောကြောင့် မသတ်ဘဲ ဘာရန်ကို လွှတ်ပြီးလျှင် နန်းတော်သို့ ပြန်သွားကြလေ၏။

## မကြည်ရန် တိုင်းပြည်ကို ဝိုင်းပြီ

နံနက်မိုးသောက်သောအခါ မာဂျင်နက်မင်းသမီးသည် အက်လဲအမေဇက်မင်းသား ပျောက်ဆုံးသည့် နေ့ကစ၍ စိတ်နှလုံး၏ ချမ်းသာခြင်းကို မရသည်ဖြစ်၍ မကြည်ရန် တိုင်းပြည်၌ သတင်းရသည်နှင့် များစွာသော စစ်သည်ရဲမက်တော်တို့ကို ရုံးစုပြီး ကြီးစွာသော စစ်ခင်းကျင်း၍ မင်းသမီးကိုယ်တိုင် ထွက်ချီခဲ့ပြီးလျှင် မကြည်ရန် တိုင်းပြည်ကို ဝိုင်းဝန်းကြလေ၏။

ထိုအခါ မကြည်ရန် တိုင်းသူပြည်သားတို့သည် စစ်သည်အင်အားများစွာဖြင့် ဝိုင်းဝန်းသည်ကို အလွန်ကြောက်ရွံ့လှသည်ဖြစ်၍ ဆူဆူညံညံ ပြောဆိုနေကြလေ၏။ ပြည့်ရှင်မင်းကြီးက မည်သည့် အသံနည်းဟု မေးမြန်းလေလျှင် မှူးတော်မတ်တော်တို့လည်း များစွာသော စစ်သည်တို့ဖြင့် မြို့ကို ဝိုင်းဝန်းထားကြောင်း လျှောက်တင်ကြလေ၏။ ပြည့်ရှင် မင်းကြီးလည်း မည်သည့်အတွက်ကြောင့် မြို့ကို ဝိုင်းဝန်းကြောင်း သိရအောင် အက်လဲအမေကျက်မင်းသားအား စေလွှတ်ပြီးလျှင် အရေးဆိုစေ၏။ အက်လဲအမေကျက် မင်းသားလည်း မာဂျင်နက် မင်းသမီး ဝိုင်းဝန်းထားရာသို့သွားပြီးလျှင် မည်သည့် အကြောင်းကြောင့် ဤသို့ ဝိုင်းဝန်းထားပါသနည်း၊ တိုင်းပြည်ကို လို၍လောဟု မေးမြန်းလေလျှင် မာဂျင်နက်မင်းသမီးလည်း တိုင်းပြည်ကိုလို၍ မဟုတ်ပါ၊ သင်တို့ မကြည်ရန်တိုင်းပြည်၌ ကျွန်ုပ်ချစ်မြတ်နိုးသော အက်လဲအမေဇက် မင်းသားရှိကြောင်း သိရသောကြောင့် ဝိုင်းဝန်းပေသည်ဟု ပြောလေ၏။ အက်လဲအမေကျက် မင်းသားလည်း သတင်းရသော် သင်မင်းသမီး အက်လဲအမေဇက် မင်းသားဆိုသူကား အခြားသူမဟုတ်ပါ၊ ကျွန်ုပ်၏ ညီတော်ပင်ဖြစ်ပါသည်၊ ၎င်းအက်လဲအမေဇက်မင်းသားကို အလိုရှိပါက မြို့တွင်းသို့ ဝင်တော်မူပါဟုပြောလေ၏။ မာဂျင်နက် မင်းသမီးလည်း အက်လဲအမေကျက် မင်းသားနှင့် အတူလိုက်လာပြီးလျှင် ကောင်းမွန်သော မင်းတို့နေထိုင်ရာဖြစ်သည့် ရာဇာသနနေရာ၌ နေလေ၏။

## လူ့စကားနားလည်သည့် ကျေးသားလွှတ်ရမည်

ထိုသို့လျှင် မာဂျင်နက်မင်းသမီးကို ကောင်းမွန်သော နေရာ၌ထားပြီးလျှင် အာလာပ သလ္လာပ စကားပြောဆိုနေခိုက် တရုတ်ပြည်ကြီးကို အစိုးရတော်မူသော ဘိုးတော် ဂေအောင် မင်းကြီးသည် သမီးတော် ပဒေါင်ရာ မင်းသမီးထွက်သွားသည့် နေ့ကစ၍ သမက်တော်၊ သမီးတော်တို့ကို များစွာ လွမ်းဆွတ်တသတော်မူသည်ဖြစ်၍ မှူးတော်မတ်တော်တို့၊ ငါ၏ သမီးတော်နှင့် သားတော်တို့ သုံးနှစ်တာခွင့်ပေးလိုက်သည်မှာ ယခု သုံးနှစ်ကျော်ကြာရှိလေပြီ။ အကြောင်းဘယ်လို ဖြစ်သည်ကို မသိနိုင်အောင် ဖြစ်တော့သည်ဆိုကာ အာကာသ ကောင်းကင်၌ ပျံစွမ်းနိုင်သော လူတို့၏ ဘာသာစကားကိုနားလည်သည့် ကျေးသားတမန်တို့ကို စေလွှတ် ရှာဖွေကြရမည်၊ ၎င်းပြင် ရေကြောင်းခရီး၌လည်း သင်္ဘောလှေယာဉ်များနှင့် ရှာဖွေကြရမည်၊ ကုန်းကြောင်းခရီး၌လည်း ငါကိုယ်တော်တိုင်ချီထွက်၍ ရှာဖွေတော်မူမည်၊

စစ်သည်ဗိုလ်ထုကို စုရုံးကြလောဟု အမိန့်တော်ရှိသဖြင့် စစ်သည်ဗိုလ်ထုကို စုရုံး ခင်းကျင်း၍ ချီထွက်တော်မူလေ၏။

**ဝိုင်းသည့်အကြောင်း မေးမြန်းသော်**

မကြည်ရန် တိုင်းပြည်၌ သတင်းရသည်နှင့် ၎င်းမြို့ကို ဝိုင်းဝန်းကြပြန်ရာ မကြည်ရန် မင်းကြီးလည်း မည်သည့်အကြောင်းနှင့် ဝိုင်းဝန်းသည်ကို သိရအောင် အက်လဲအမေကျက် မင်းသားအား မေးမြန်းစေ၏။ ပဒေါင်ရာသမီးတော်နှင့် သမက်တော် ကမာရက်ဇမန် မင်းသားတို့ ဤတိုင်းပြည်၌ ရှိကြောင်း သတင်းစကားကြားသိရ၍ ဝိုင်းဝန်းကြသည်ဟု ပြောဆိုလေ၏။ အက်လဲအမေကျက် မင်းသားလည်း မိမိ ဘိုးတော်ဖြစ်ကြောင်းကို သိရသောကြောင့် ပဒေါင်ရာမင်းသမီးကား အကျွန်ုပ်၏ မယ်တော် ဖြစ်ပါတော့သည်၊ ကမာရက်ဇမန် မင်းသည်ကား ခမည်းတော်ဖြစ်ပါတော့သည်ဟု လျှောက်တင်လေ၏။

ထိုအခါ ဘိုးတော် ဂေအောင်မင်းကြီးက မြေးတော်ကို ဖက်၍ငိုကြွေးလေ၏။ မြေးတော် အက်လဲအမေကျက် မင်းသားလည်း ဘိုးတော် ဂေအောင်မင်းကြီးကို ခေါ်ပင့်ပြီး မြို့တွင်းသို့ ဝင်၍ မင်းတို့နှင့်သာ ထိုက်တန်သောနေရာ၌ နေစေကာ အကျိုးအကြောင်း ပြောဆိုလေ၏။ ထိုစဉ် အုတ်အုတ်ကျက်ကျက် တခဲနက်သော အသံဖြစ်လာပြန်သဖြင့် မည်သည့် အကြောင်းနည်းဟု အက်လဲအမေကျက် မင်းသားသွား၍ စုံစမ်းထောက်လှမ်းလေသော် ငါတို့သည်ကား ဤဘိုနီတိုင်းပြည်ကြီးကို စည်ထီးခရိုင် နိုင်ငံနှင့်တကွ အစိုးရသော ကမာရက်ဇမန် မင်းကြီးတည်း၊ ဤတိုင်းပြည်တွင် သားတော် အက်လဲအမေကျက် မင်းသားနှင့် အက်လဲအမေဇက် မင်းသားတို့ ရှိကြောင်း သတင်းရသည်ဖြစ်သောကြောင့် ဝိုင်းဝန်းသည်ဟု ပြောဆိုလေ၏။

အက်လဲအမေကျက်မင်းသားသည် ခမည်းတော်ဖြစ်၍ သားတော်တို့ ဤတိုင်းပြည်မှာ နေပါသည်ဟု ငိုကြွေးကာ လျှောက်တင်လေ၏။ ထိုအခါ ခမည်းတော် ကမာရက်ဇမန် မင်းကြီးလည်း သားတော်ကိုဖက်၍ များစွာငိုကြွေးလေ၏။ ထို့နောက် မြို့တွင်းသို့ဝင်ခဲ့ပြီးသော် အလွန်မွန်မြတ်လှသော မင်းတို့နှင့် ထိုက်တန်သည့်နေရာ၌ သားတော်များနှင့် အကျိုးအကြောင်း မေးမြန်းကာနေလေ၏။ တစ်ဖန် ခလီဒန်ကျွန်းကြီးကို အစိုးရတော်မူသော ခလီဒန် အမည်ရှိသော ဘုရင်မင်းမြတ်သည် သားတော်ပျောက်ဆုံးသည့်နေ့ကစ၍ စက်တော်မခေါ်၊

ပွဲတော်မတည်၊ မျက်ရည်ဖြာဖြာစီးပြီးလျှင် မှူးတော်မတ်တော်တို့အား အမိန့်တော်ရှိသည်မှာ အချင်းအမတ်ကြီးတို့၊ ငါသည်ကား သားတော် ကမာရက်ဇမန်မင်းသား အတွက်ကြောင့် စိတ်စက်မရွှင် မကြည်လင်ဘဲ များစွာပူပင်လှလေသည်။ သို့ဖြစ်၍ သားတော်ကို မတွေ့တွေ့အောင် ရှာကြံလိုသည် ဖြစ်သောကြောင့် တစ်ဆယ့်ရှစ်ခေါဘဏီသော ဗိုလ်ထုတို့ကို စုရုံးကြလော၊ ယခုပင် ချီထွက်၍ ရှာဖွေတော်မူမည်ဟု အမိန့်တော်ရှိလေ၏။ ဗိုလ်မှူး၊ ဗိုလ်ချုပ်တို့က စစ်အင်္ဂါလေးပါး စီမံခင်းကျင်း၍ ပြီးပါပြီဟု လျှောက်တင်လေသော် ခလီဒန်မင်းကြီးလည်း တစ်ဆယ့်ရှစ်ခေါဘဏီသော ဗိုလ်ထု ဗိုလ်ခြေတို့ဖြင့် အောင်စည် အောင်မောင်းကို တီးခတ်ကာ ကြီးကျယ်လှစွာသော စစ်ကြီးခင်းကျင်းလျက် ထွက်ချီတော် မူလေ၏။

မကြည်ရန်တိုင်းပြည်၌ သားတော် ကမာရက်ဇမန်မင်း ရှိကြောင်း သတင်းစကား ကြားသိတော်မူလျှင် တစ်ဆယ့်ရှစ်ခေါဘဏီသော ဗိုလ်ထုဗိုလ်ခြေတို့နှင့် အထပ်ထပ် ဝိုင်းဝန်းလျက် အောင်စည်အောင်မောင်းတို့ တီးခတ်စေပြီးလျှင် ထိုးကုန်လော၊ သတ်ကုန်လော ဟူသော အသံတို့ဖြင့် ကြွေးကြော်ခြိမ်းခြောက်ကြလေ၏။ ထိုသို့ ကြွေးကြော်ခြိမ်းခြောက် ကြသော အသံသည်ကား မဟာသမုဒ္ဒရာ၌ လှိုင်းတံပိုးပုတ်ခတ်သော အသံကဲ့သို့ လည်းကောင်း၊ ပွဲတင်ထပ်သော အသံကဲ့သို့ လည်းကောင်း၊ မိုးကြိုးထစ်ချုန်းသော အသံကဲ့သို့ လည်းကောင်း၊ အုတ်အုတ်ကျက်ကျက် တစ်ခဲနက်သောအသံတို့နှင့် ကြောက်မက်ဖွယ် ဖြစ်လေ၏။

ထိုအခါ မကြည်ရန် တိုင်းသူပြည်သား လူအများတို့သည် အလွန်ကြောက်ရွံ့ ကြသောကြောင့် ပွက်ပွက်ဆူညံ၍ ကယ်တော်မူပါဟူသောအသံဖြင့် ကြွေးကြော်ကြလေ၏။ ထိုအခါ မကြည်ရန်မင်းကြီးသည် ထိတ်လန့်ဖွယ်ရာ ပြည်သူပြည်သားတို့ ကြွေးကြော်သော အသံကိုကြားရလျှင် ယခုလာသော စစ်သည် ဗိုလ်ထုဗိုလ်ခြေတို့သည် အလွန်များပြား လေသည်၊ ကြောက်မက်ဖွယ်လည်း အလွန်ကောင်းလေသည်၊ အကြောင်း ဘယ်သို့နည်းဟု အက်လဲအမေကျက်မင်းသားကို အရေးဆိုစေပြန်၏။

## မိမိ၏ဘိုးတော်ဖြစ်ကြောင်း သိသွား၍

အက်လဲအမေကျက် မင်းသားက ယခု ဝိုင်းဝန်းခြင်းသည်ကား အဘယ်အကျိုးငှာ ဝိုင်းဝန်းကြပါသနည်းဟု မေးမြန်းရာ ခလီဒန်မင်းကြီးက သားတော် ကမာရက်ဇမန်

မင်းသားသည် ဤတိုင်းပြည်တွင် ရှိကြောင်းကို သတင်းကြားသိတော်မူရ၍ ဝိုင်းဝန်းသည်ဟု ပြန်ပြောလေ၏။ အက်လဲအမေကျက် မင်းသားသည် မိမိ၏ ဘိုးတော်ဖြစ်ကြောင်းကို သိရသောကြောင့် လက်နှစ်စုံနှင့် ရင်အုံကို ခတ်တီးငိုကြွေးပြီးလျှင် ဤသို့ နားတော်လျှောက်၏။ မှန်လှပါ ဘိုးတော်ဘုရား၊ အကျွန်ုပ်သည်ကား ကမာရက်ဇမန်မင်းကြီး၏ သားတော်ဖြစ်ပါသည်၊ ခမည်းတော် ကမာရက်ဇမန်မင်းလည်း ဤတိုင်းပြည်၌ပင် ရှိပါသည်ဟု လျှောက်တင်သော် ဘိုးတော်လည်း မြေးတော်ကို ဖက်ပြီးငိုကြွေး၍ သားတော် ကမာရက်ဇမန်မင်းသားသည် ယခု အဘယ်မှာနည်းဟု မေးမြန်းသည်။ ယခု ဤမြို့တွင်း၌ ရှိပါသည်ဟု မင်းသားက လျှောက်တင်ပြီးသော် ဘိုးတော်မင်းကြီးကိုပင့်၍ အတွင်းတော်သို့ရောက်လေရာ သားတော် ကမာရက်ဇမန်မင်းနှင့် ပေါင်းဆုံမိကြ၍ ဖက်ယမ်းနမ်းရှုပ်ကြပြီးလျှင် ဘိုးတော်၊ သားတော်၊ မြေးတော်၊ ဆွေတော်မျိုးတော်တို့သည် ပေါင်းဆုံမိကြသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေ၏။

ထိုအခါ မြေးတော် အက်လဲအမေကျက် မင်းသားအား ဘာရန်၏ သမီးဘူစတန်နှင့် ထိမ်းမြား လက်ထပ်ပြီးလျှင် ဘိုးတော် ဂေအောင်မင်းကြီးသည် မိမိစံမြန်းတော်မူသော တရုတ်ပြည်ကြီးကို စိုးမိုးအုပ်ချုပ်မင်းလုပ်စေ၏။ မြေးတော်အက်လဲအမေဇက် မင်းသားကို မာဂျင်နက် မင်းသမီးနှင့် ထိမ်းမြားလက်ထပ်ပြီးလျှင် ဤဘိုနီကျွန်းကို အုပ်ချုပ်စိုးစံစေ၏။ ကမာရက်ဇမန် မင်းကြီးမှာကား ခမည်းတော်၏ အရိုက်အရာဖြစ်သော ခလီဒန်ကျွန်းကြီးကို စိုးမိုးအုပ်ချုပ် မင်းလုပ်လေသတည်း။

ဤသို့လျှင် ဘိုးတော်၊ သားတော်၊ မြေးတော်တို့သည် အသီးသီးဆောင်နှင်း လွှဲအပ်သော တိုင်းပြည်နိုင်ငံသို့ ပြန်လည်ကြပြီးလျှင် သိမ်းမြန်းစိုးအုပ် မင်းလုပ်ကြလေသတည်း။

ရှာရာဇတ်သည် ဤကဲ့သို့သော ပုံပြင်ဝတ္ထုကို လျှောက်တင်ပြီးသည့်နောက် တစ်ဖန် ဆင်းတဘက်နှင့် သူဆင်းရဲကူလီ အကြောင်းကို ဤသို့ လျှောက်တင်ပြန်လေ၏။

* * *

# ဆင်းတဘက်နှင့် သူဆင်းရဲကူလီအကြောင်း

တစ်ရံရောအခါ ဘက်ဂဒက်မည်သောမြို့၌ ကာလစ်ဟာရွန် အာရာရှစ် အမည်ရှိသော မင်းသည် ထီးနန်းစိုးစံလေ၏။ ထိုမြို့ သဘော်ဆိပ်ကမ်းအနီး၌ သမုဒ်ပြင်ကျယ် ပင်လယ်ခရီးလမ်းဖြင့် ကူးသန်းရောင်းဝယ် ဖောက်ကားသည်ဖြစ်၍ မြတ်စွန်းကြီးပွား ထင်ရှားကျော်စောသော ဆင်းတဘက်သူကြွယ်ရှိလေသည်။ သူကြွယ်သည် စည်းစိမ်ဘုံဗိမာန်တို့ဖြင့် တင့်တယ်စွာစံနေစဉ် သူဆင်းရဲ ကူလီတစ်ယောက်သည် လေးလံသော ဝန်တို့ကိုရွက်ထမ်း၍ ခရီးလမ်းစဉ်ကို လျှောက်လာသည်။ ဆင်းတဘက်သူကြွယ်၏ ဗိမာန်အနီးသို့ ရောက်လတ်သော် ဦးခေါင်းထက်က လေးသောဝန်ကိုချ၍ မွှေးပျံ့သင်းကြိုင်သော စန္ဒကူး ကရမက်၊ ဖုံးမသိမ်၊ ကုတိုးတို့၏ ရနံ့ဂန္ဓာရုံတို့ သူ၏နာခေါင်းឃာနအာရုံသို့ ထိခိုက်လေက ဤသို့ ချီးမွမ်းလေ၏။

ဩော်… ဤစည်းစိမ်ရှင်တို့ ခံစားစံစားရသော ဘုံဗိမာန်သည် အလွန်လျှင် ဆန်းကြယ်လေစွ၊ သုခချမ်းသာ မင်္ဂလာနှင့် ပြည့်စုံလေစွ၊ ဘဝအကြောင်း ကောင်းလေစွ၊ ဘောဂသမ္ပတ္တိနှင့် ပြည့်စုံလေစွ၊ ပုဗ္ဗေစ ကတပုညတာ တည်းဟူသော ရေးကောင်းမှုဒါနမျိုးစေ့ စိုက်ပျိုးခြင်းရှိလေစွ၊ ငါတို့မှာမူ တစ်နေ့ပတ်လုံး မြို့ကိုလှည့်လည် ရှာကြံပါသော်လည်း ပဲဝက်မူးဝက်မျှသာ ရရှိ၍ သားမယားပင် ဝမ်းစာမဝ၊ ငါ၏ကုသိုလ်ကံသည် နည်းလေစွတကား၊ ရှေးရှေးသောဘဝက ဒါနမျိုးစေ့ မရှိလေစွတကားဟု မိမိကိုယ်ကို အပြစ်တင်ပြီးလျှင် ဆင်းတဘက် သူကြွယ်၏ ဘုံဗိမာန်ကို ဝမ်းမြောက်ဝမ်းသာချီးမွမ်းသည်။ ထို့နောက် မည်သူ့ဗိမာန်နည်းဟု တံခါးစောင့်ကို မေးလေ၏။

ထိုအခါ တံခါးစောင့်က ဟယ် ဒုက္ခိတသတ္တဝါ၊ ဤစည်းစိမ်ကြီးရှင်ကို သင်မသိသလော၊ သမုဒ်ပြင်ကျယ် ပင်လယ်ခရီးလမ်းဖြင့် ကူးသန်းရောင်းဝယ် မြတ်စွန်းသည်ဖြစ်၍ ဤစည်းစိမ်ကြီးဖြင့် စံစားရသော ဆင်းတဘက်သူကြွယ် ဖြစ်သည်ဟု ပြောလေ၏။ ထိုအခါ ဆင်းတဘက် သူကြွယ်သည် သူဆင်းရဲကူလီနှင့် တံခါးစောင့်တို့ ပြောဆိုနေသည့်အသံကို ကြား၍ အချင်းတံခါးစောင့်၊ သင်တို့ ဘာအကြောင်း ပြောဆိုနေကြသနည်းဟု မေးသည်။ တံခါးစောင့်က အရှင်သူကြွယ်၊ အရှင်သူကြွယ်၏ ကြီးကျယ်သော စည်းစိမ်ချမ်းသာ ရှိသည်၏ အဖြစ်ကို ချီးမွမ်းပြီးလျှင် ဤစည်းစိမ်ရှင်သည် မည်သူနည်းဟု မေးမြန်းသောကြောင့်

အရှင်သူကြွယ်ဖြစ်ကြောင်း ပြန်ပြောနေပါသည်ဟုဆိုသော် ဤသူဆင်းရဲကူလီကို ခေါ်လောဟု ခိုင်း၍ ခေါ်လေ၏။

သူဆင်းရဲကူလီလည်း ငါနှင့်မတန်မရာသော စကားများကို ပြောဆိုသည်ဖြစ်၍ ငါ့အပေါ်၌ အမျက်ရှိခြင်းကြောင့် ခေါ်သည်ဖြစ်မည်ဟု တွေးကြံပြီးလျှင် ကြောက်ရွံ့သဖြင့် တုန်တုန်ခိုက်ခိုက်နှင့်ပင် သူကြွယ်ထံသို့ သွားလေ၏။ သူကြွယ်အိမ်၌ ခင်းကျင်းထားသော ခင်းနီးကော်ဇောတို့ကို မနင်းဝံ့၍ အဝေးကပင်နေ၏။ သူကြွယ်လည်း အနီးသို့လာရန် ခေါ်ပြီးလျှင် ဤသို့ ပြောဆို၏။ အချင်းသူဆင်းရဲကူလီ၊ ငါပြောမည်၊ နားထောင်၊ သင်တို့ ကြားသိသည်မှာ ဤသူကြွယ်သည် ပင်လယ်ခရီး၌ ခုနစ်ခေါက်သော ကုန်စည်ကူးသန်းရုံနှင့် ဤမျှလောက်သော စည်းစိမ်ချမ်းသာကို ရလေသည်ဟု သင်တို့ သတင်းကို ကြားလိမ့်မည်၊ ငါသည် စည်းစိမ်ချမ်းသာကို ရခြင်းငှာ အသက်ကိုစွန့်စား၍ ဆင်းရဲငြိုငြင်စွာ ရှာမှီးရသည်၊ သင်တို့ဆင်းရဲသည် ဆိုသည်မှာ ဆင်းရဲလှသည်မဆိုနိုင်၊ ပင်လယ်လမ်းခရီး၌ ငါပထမကုန်စည် ကူးသန်းခြင်းအကြောင်းကို နားထောင်ဦးလောဟုဆို၍ ပြောကြလေ၏။

## ဆင်းတဘက်၏ ပထမကုန်ကူးသန်းခြင်းအကြောင်း

အချင်းကူလီ၊ ငါ၏မိဘနှစ်ပါးတို့သည် ကွယ်လွန်သည့်နောက် ကျန်ရှိရစ်သော ဥစ္စာပစ္စည်းများသည် သုံးစွဲဖန်များသည်နှင့် တစ်နေ့တခြား စီးပွားဥစ္စာဆုတ်ယုတ်လေက ဤသို့ စဉ်းစား၏၊ ဩော်... မိဘတို့သေလွန်ပြီးနောက် ကျန်ရှိရစ်သော ပစ္စည်းဥစ္စာရပ်များသည် တစ်နေ့တခြားကုန်လေပြီ၊ ကာလကြာလျှင် ရင်းနှီးရန်မရှိက အလွန်ခက်ခဲမည်ဟု နလုံးသွင်းလျက် ရှိသမျှသောကြေးငွေကို စုရုံး၍ ဆန်အိတ်များကိုဝယ်ပြီးလျှင် သင်္ဘောသို့တင်ကာ လှိုင်းလေကြမ်းသော သမုဒ္ဒရာပင်လယ်ခရီးဖြင့် တစ်ကိုယ်တည်းလိုက်သွားရသည်၊ ရက်ပေါင်း အတော်ကြာလျှင် မဟာသမုဒ္ဒရာပင်လယ်သို့ ရောက်လေ၏၊ ထိုမဟာသမုဒ္ဒရာ ပင်လယ်၌လည်း အလွန်ကြီးမားသော ငါးကြီးတို့ ရှိကြသည်၊ အချို့ ယူဇနာနှစ်ရာ့ငါးဆယ်၊ အချို့ ယူဇနာငါးရာ၊ အချို့ ယူဇနာတစ်ထောင်ရှိကြ၏။

## ငါးကြီးကို သင်္ဘောဆိုက်ကပ်ရန် ကျွန်းဟုထင်၍

ထိုငါးကြီးများသည် မဟာသမုဒ္ဒရာပင်လယ်၌ ကာလအဓွန့်ရှည်စွာ ရှိနေကြသည်နှင့် တစ်ခုသောငါးကြီး၏ ကိုယ်ထက်တွင် ရွှံ့နွံတို့ တင်ရောက်သောကြောင့် ကျွန်းဟု ထင်မှတ်ကြ၏၊ ထိုအခါ ကြီးမားစွာသော ငါးကြီးတစ်ကောင်သည် ရေထက်တွင်ပေါ်လာသည်၊ ကပ္ပတိန်တို့သည် ကျွန်းဟုထင်မှတ်၍ ထိုငါးကြီး၌ သင်္ဘောဆိုက်ကပ်ကြလေ၏၊ သင်္ဘော၌ ပါလာသော သင်္ဘောစီးသူတို့သည်လည်း ထိုငါးကြီးကိုယ်ထက်သို့ တက်ကြလေ၏၊ တက်ပြီးလျှင် မီးကိုမွှတ်မွေး၍ ထမင်းဟင်းချက်ပြုတ်ကြရာ ငါးကြီးသည် ပူလောင်သဖြင့် လူးလွန့်လိုက်သည်၊ လူအများတို့သည် ရေလူပ်သည်ထင်မှတ်၍ အချို့လည်း သင်္ဘောထက်သို့ အလျင်အမြန် တက်ကြလေ၏၊ အချို့လည်း လမ်းခုလတ်တွင် ရှိကြ၏၊ အချို့လည်း ထမင်းအိုးကို ယူငင်နေခိုက်ဖြစ်သည်၊ ငါးကြီးငုပ်လျှိုးသွားသောကြောင့် လူများစွာတို့ သေကြေပျက်စီးကြလေ၏၊ ငါ့မှာမူ ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကြောင့် သင်္ဘော ထမင်းချက်ရန် ချထားသော ထင်းတုံးကြီးတစ်ခုကို ဖက်တွယ်မိသည်နှင့် နေ့မှန်းညဥ့်မှန်းမသိ လှိုင်းလုံးကြား၌ အသက်ဆံဖျားထားကာ လိုက်ပါသွားရလေ၏။

ထိုသို့ မဟာသမုဒ္ဒရာပင်လယ်၌ မျောပါနေရလေသော် ဂယက်လှိုင်းလုံးတို့ တိုက်ခတ်သည်နှင့် ကံကုသိုလ်ထောက်မ၍ ကျွန်းတစ်ခုပေါ်သို့ ရောက်သွားသည်၊ ကျွန်းပေါ်သို့တက်ပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးဌာနကို ရှုကြည့်လိုက်လျှင် မြင်းတစ်ကောင်ကို မြင်သဖြင့် ဤမြင်းသည် တောမြင်းမဟုတ်တန်ရာ၊ လည်ဆံမွေးများလည်း ချောမောစွာ ပြုပြင်ထားသည်၊ ၎င်းမြင်းနောက်သို့ အစဉ်တစိုက် လိုက်၍ ကြည့်လေရာ မြင်းအများကို လူသူတို့ ထိန်းကျောင်းနေသည်ကို တွေ့ရှိလေ၏၊ မြင်းထိန်းကျောင်းနေသောသူတို့က အချစ်ယောက်ျား၊ သင်သည် မည်သည့် အရပ်ဌာနကနည်း၊ အဘယ်ကို သွားရန်လာသနည်း၊ သင်၏ အမည်နာမ မည်သို့ခေါ်ဝေါ်သနည်းဟု မေးမြန်းလေသော် သင်္ဘောပျက်သော အကြောင်းခြင်းတို့ကို စေ့စုံစွာပြန်ကြားလေက ၎င်းလူများသည် သနားလှသည်ဖြစ်၍ ထမင်းဟင်းလျာတို့ကို ကျွေးမွေးကာ ဤသို့ပြောကြ၏။ ငါတို့သည်ကား အခြားမဟုတ်၊ နက္ခဒီပ ကျွန်းကို အစိုးရတော်မူသော ဣသရိယဒီပမင်း၏ မြင်းထိန်းများတည်း၊ တစ်နှစ်လျှင်တစ်ကြိမ် ဤတောအုပ်၌ မြင်းထိန်းကျောင်း ရအောင်လာရသည်၊ သင်သည်လည်း ဤအရပ်၌ တစ်ယောက်တည်း မနေလင့်၊ ငါတို့နှင့်အတူ လိုက်ခဲ့လောဟု ခေါ်ကြလေသည်၊ ကောင်းလှ

ပါပြီ၊ လိုက်ပါအံ့ဟုဆို၍ သူတို့နှင့်အတူ လိုက်လာရာ မြို့သို့ရောက်က မြင်းထိန်းတို့နှင့်အတူ ပြည့်ရှင်မင်းကြီး၏ရှေ့တော်သို့ ဝင်ရလေ၏။ ပြည့်ရှင်မင်းကြီးလည်း မြင်းထိန်းတို့အား ဤသူကား မည်သည့်မြို့ကနည်းဟု မေးလေသော် အကြောင်းစုံကို ပြန်လှန်လျှောက်တင်၍ သနားလှသည်နှင့် ကြေးငွေဆုလာဘ်တို့ကို ပေးသနားတော်မူပြီးလျှင် ၎င်းပြည်၌နေစေ၏။

တစ်နေ့သ၌ နက္ကဒီပမြို့သို့ သင်္ဘောတစ်စင်း ဆိုက်ကပ်လာသဖြင့် သွားရောက်လည်ပတ် ကြည့်ရှုသည်၊ သင်္ဘောပေါ်မှ ကုန်စည်များ တင်ချနေသည်ကို တွေ့မြင်သောကြောင့် ဆင်းသက်၍ ကြည့်ရှုရာ ဆန်အိတ်များ၌ ငါ၏အမည်နှင့် နာမတံဆိပ် လက်ရာကိုမြင်လျှင် ကပ္ပတိန်အား ဤသို့ပြော၏၊ ဤဆန်အိတ်များသည် ကျွန်ုပ် ဆန်အိတ်များ ဖြစ်ပါသည်ဟု ပြောလျှင် ကပ္ပတိန်က သင် ဘယ်သို့ ဆိုသနည်း၊ ဤပစ္စည်းရှင်သည် ငါတို့ရှေ့မှောက်တွင် သမုဒ္ဒရာပြင်ကျယ် ပင်လယ်ခရီး၌ မျောပါသွားသည်ကို ငါတို့ တပ်အပ်သေချာစွာ မြင်ရပါလျက်နှင့် အဘယ်ကြောင့် သင့်ကုန်ဟု စွပ်စွဲလေဘိသနည်းဟု ပြောဆိုလေသော် သင်္ဘောကပ်၍ ထမင်းချက်ပြုတ် စားသောက်ကြရာ ငါးကြီးငုပ်လျှိုးသွားသောကြောင့် သမုဒ္ဒရာကို ကူးရကြောင်း အလုံးစုံကို ပြန်ပြောပြသည်၊ ကပ္ပတိန်တို့သည် အံ့ဩ၍ ငါ၏ အမည်နာမတံဆိပ် ပါရှိသော ဆန်အိတ်တို့ကို အကုန်ပေး၏၊ ထိုဆန်အိတ်တို့ကို ငါ၏ လက်သို့ ရောက်၍ ရောင်းချလေသော် များစွာမြတ်စွန်းလေ၏၊ ဤသို့လျှင် ၎င်းမြို့၌ အတန်ကြာ နေပြီးနောက် သင်္ဘောကြုံသည်နှင့် ငါ၏နေရပ်ဖြစ်သော ဥပရိမာယမြို့သို့ ပြန်လာခဲ့၏၊ ထိုသို့လျှင် မသေမပျောက် ကံကောင်းထောက်၍ ရောက်လာသောကြောင့် သားမယားတို့နှင့် ပြန်တွေ့ရလေသည်၊ ဤသို့ မကြောက်မရွံ့ အသက်ကိုစွန့်၍ ရှာမှီးရသော ပစ္စည်းတည်း၊ ထိုရရှိမြတ်စွန်းသောကြေးငွေနှင့် ကျွန်ယောကျ်ား၊ ကျွန်မိန်းမအစုံတို့ကို ဝယ်၍ထား၏၊ အိမ်ယာ မြေကွက်လပ်ကိုလည်း ဝယ်ခြမ်း၍ထားလေ၏ဟု ပြောလေသတည်း၊ ဤကား ပထမ ခရီးသွားခြင်းတည်း။

* * *

# ဆင်းတဘက်၏ ဒုတိယကုန်ကူးသန်းခြင်းအကြောင်း

ယင်းသို့ပြောဆိုပြီးလျှင် ထိုသူဆင်းရဲကို သနားချစ်ခင်သည်ဖြစ်၍ အသပြာတစ်ထောင် ပေးလျက် အချင်းကူလီ၊ သင်၏အမည် အသူနည်းဟု မေးသော် ညီမောင်ဟု ခေါ်ပါသည် ပြောလျှင် ညီမောင်၊ နံနက်အခါ ငါ၏ အိမ်သို့လာလှည့်ဟု မှာထားလိုက်၏။ ၎င်းသတ္တဝါ ချူချာညစ်ပေ ငမွဲတေလည်း အသပြာတစ်ထောင်ကို ရရှိသဖြင့် ဝမ်းမြောက်ဝမ်းသာ ရွှန်လန်း ရယ်မောကာဖြင့် မိမိသားမယားထံသို့ ယူဆောင်လာလေ၏။ တစ်ဖန် နံနက်မိုးသောက် ရောက်လတ်သော် ကောင်းမွန်စွာသော အဝတ်ပုဆိုးတို့ကို ဝယ်ခြမ်း၍ ဝတ်ဆင်ပြီးလျှင် ဆင်းတဘက် သူကြွယ်အိမ်သို့ လာပြန်လေသတည်း။

ဆင်းတဘက်ကလည်း ၎င်းကူလီဝတ်စားတန်ဆာ ဆင်ယင်ကာလာသည်ကို မြင်ရလျှင် ဝမ်းမြောက်ဝမ်းသာရှိလေ၏။ ထိုသူဆင်းရဲကူလီသည် မိမိအိမ်သို့ရောက်လျှင် အကျိုးအကြောင်း ပြောဆို၍၊ ဒုတိယခရီးသွားခြင်းကို ငါပြောမည်၊ နားထောင်လော၊ တစ်ဖန် ကုန်စည်များကို ဝယ်ခြမ်းပြီးလျှင် ပင်လယ်သို့သွားသော သင်္ဘော၌ တင်ဆောင်လိုက်သွားရာ ရက်ပေါင်း အတော်ကြာလျှင် ကျွန်းတစ်ကျွန်းကို တွေ့ပြန်၍ သင်္ဘောဆိုက်ကပ်လေ၏။ သင်္ဘောတွင် စီးနင်းလိုက်ပါသောသူတို့သည် ၎င်းကျွန်းပေါ်သို့တက်၍ လှည့်လည်ကြည့်ရှုကြရာ အလွန်လျှင် စည်ပင်သာယာသောကျွန်းဖြစ်၍ စိမ်းစိမ်းစိုစို နုပျိုသော သစ်ပင်တို့နှင့်တကွ ချောင်းငယ်မြောင်းငယ်၊ စိမ့်စိမ်းတို့ကိုတွေ့၍ အေးမြကြည်လင်သော ရေကို ချိုးသောက်ပြီးလျှင် ဤစမ်းချောင်း၏ အနီးတွင် ကိုယ်ကို လျောင်းလဲနေသည်နှင့် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

ထိုအခါ သင်္ဘောထွက်မည်ဟု ဉသြကိုမှုတ်ရာ ကျွန်းပေါ်သို့တက်သောသူတို့သည် ဉသြမှုတ်သံကို ကြားရသည်နှင့်တစ်ပြိုင်နက် သင်္ဘောသို့ ဆင်းသက်ကြလေ၏။ ကပ္ပတိန်လည်း သင်္ဘောထက်သို့ လူများစွာရောက်ကြသဖြင့် ကျောက်ဆူးကိုဖော်၍ သင်္ဘော ထွက်သွားခဲ့လေသည်။

သင်္ဘောထွက်သွား၍ အတန်ကြာလျှင် ငါလည်းအိပ်ပျော်ရာက နိုးလတ်၍ ထပြီးသော် သင်္ဘောသို့ ဆင်းသက်လာရာ ထွက်သွားသောသင်္ဘောမှ မီးခိုးတလူလူ ထွက်သည်ကိုသာ တွေ့မြင်ရတော့သည်၊ ငါသည် များစွာပူပန်ဆင်းရဲသည်နှင့် တောင်မြောက်လေးပါးကို

လျှောက်၍ ရှာနီးချပ်စပ်ကို ရှာဖွေရာ မတွေ့ရှိသည်နှင့် တစ်ခုသော အဓိကသစ်ပင်ကြီးကို တက်ပြီးလျှင် အပေါ်က မျှော်ကြည့်လတ်သော် ဖြူဖြူလုံးကြီး တစ်ခုကိုမြင်ရ၏၊ ထိုဖြူဖြူလုံးကြီးသည် မည်သည့် ဝတ္ထုဖြစ်သည်ကို မသိ၊ စူးစမ်းအံ့ဟုကြံ၍ ထိုအရပ်သို့သွားရာ အနီးသို့ရောက်လျှင် ဘောလုံးသဏ္ဍာန်ကဲ့သို့ ဖြူဖြူဥကြီးကိုတွေ့၍ ကြည့်ရှုနေဆဲတွင် လေသည်ပြင်းထန်စွာတိုက်ခတ်၍ သစ်ကိုင်းသစ်ခက်တို့ အုန်းအုန်းအင်းအင်း ရုန်းရင်းခတ် ဖြစ်လတ်သဖြင့် အပေါ်ကို မော်၍ကြည့်လိုက်သည်၊ ကမ္ဘာပေါ်တွင် တစ်ခါမျှ မမြင်ဖူး၊ ထူးကဲကြီးမားသော ငှက်ကြီးထီးလိုင်ကာကို တွေ့မြင်က အလွန်ကြောက်ရွံ့တုန်လှုပ်လျက် ဥကြီး၏ အနားကို ကပ်ခို၍နေလိုက်သည်၊ ထိုငှက်ကြီး ထီးလိုင်ကာသည် ဥကြီးအပေါ်သို့ အတောင်ကိုဖြန့်၍ ဝပ်လေ၏။

## ပတ္တမြားတွင်းသို့ ငှက်ကြီးပျံသွားရာ

ဤအခါမှ ငှက်ကြီးထီးလိုင်ကာ ဥမှန်းကိုသိရလေ၏၊ ထိုငှက်ကြီးကို ကြောက်ရွံ့တုန်လှုပ်လျက်နှင့်ပင် ၎င်းငှက်ကြီး၏ခြေနားတွင် အိပ်ရလေ၏၊ ထိုအခါ ငါသည် ဤသို့ကြံ၏၊ ငှက်ကြီးသည် နံနက်ရောက်လျှင် အစာရှာရန် ပျံသွားလိမ့်မည်၊ ဤငှက်ကြီးနှင့်အတူပါအောင် ငှက်ကြီး၏ ခြေသည်းဖျား၌ ငါ၏ကိုယ်ကို ခါးဝတ်အကျႌတို့ဖြင့် ချည်နှောင်ပူးတွဲ၍ထား၏၊ ငှက်ကြီးလည်း နံနက်မိုးသောက်လတ်က အစာရှာရန်ပျံလေ၏၊ တောင်အပေါင်းခြံရံကာ လူခပ်သိမ်းတို့ ရောက်နိုင်ခဲလှသော အလွန်ကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်းလှသည့် နရက်ချောက် သဏ္ဍာန်တောင်ချောက်ကြားရှိ ကြီးမားသော မြွေတို့၏ ကျက်စားပျော်မွေ့ရာ ဖြစ်သော အဘိုးအနဂ္ဃ ထိုက်တန်ပေါ်များသည့် ပတ္တမြားတွင်းသို့ ပျံဆင်းနားနေလေ၏။

ထိုငှက်ကြီးနားနေသည့်အခါ ချည်နှောင်ထားသောအဝတ်တို့ကို ဖြေလိုက်သည်၊ ထိုငှက်ကြီးသည် လုံးပတ်ခြောက်ပေခန့်ရှိသော မြွေကြီးတို့ကိုချီလျက် ချီလျက် စားလေ၏၊ ဝစွာစားပြီးသော် မိမိဥကြီးရှိရာသို့ ပျံသွားလေ၏၊ ထိုချောက်မှသည် တောင်ထိပ်သို့ရောက်ရန် အလွန်ခဲယဉ်း၏၊ လူသာမန်တို့တက်ခြင်းငှာ မစွမ်းနိုင်ကုန်၊ ထိုချောက်ကြီးထဲ၌ ကြီးမားသော မြွေတို့သည် တစ်ကောင်နှင့်တစ်ကောင် ပတ်လိမ်ထွေးယှက်လျက် ရှူးရှူးဟူသောအသံဖြင့် အမြဲမြည်တွင်ကြလေ၏။

## ကျောက်တို့ကိုယူကာ ဂူထဲအိပ်မည်ပြုစဉ်

ညဦးအခါ ရောက်လတ်သော် အဖိုးအသိန်းအသန်းမက ထိုက်တန်လှသော ကျောက်တို့သည် အရောင်ချင်း ယှက်သန်းလျက် မီးပန်းမီးနွယ်ကဲ့သို့ ဖြစ်နေကြ၏။ ထိုသို့လျှင် ကြောက်မက်ဖွယ်သော မြွေဘေးမှ ဖြည်းဖြည်းသွားပြီးလျှင် အလိုရှိသောကျောက်တို့ကိုယူ၍ ဂူတစ်ခုအတွင်းသို့ ဝင်ပြီးလျှင် ခေတ္တအိပ်မ်ည်ပြုရာ ရောက်သီးခန့် ပမာဏရှိသော အမဲသား တစ်တို့ ကျလာသဖြင့် အကြောင်းအဘယ်သို့နည်းဟု စဉ်းစားဆင်ခြင်၍ နေခိုက် ထိုအမဲသား တစ်တို့သည် မိုးသီးမိုးပေါက်ကဲ့သို့ပင် တစ်ဖြောက်ဖြောက်ကျလာကြသည်။

ထိုအခါ ငါငယ်စဉ်အခါက ဘိုးဘွားမိဘတို့ ပြောဆိုကြသည်တို့ကို ပြန်၍ သတိရ လာမိသည်၊ ဘိုးဘွားတို့က အလွန်ဝေးလံစွာသော အရပ်၌ ပတ္တမြားကျောက်ကောင်းများ အလွန်ပေါများ၏၊ ထိုနေရာ၌ ကြီးမားသောမြွေတို့ ကျက်စားပျော်မွေ့ရာဖြစ်သောကြောင့် တစ်စုံတစ်ယောက်သော သူတို့သည် မရောက်နိုင်ကုန်၊ သတ္တိရှိ၍ ရဲရင့်သောသူတို့ဉည် အသက်ကို စွန့်စား၍ သွားပြီးလျှင် တောင်ထိပ်ပေါ်မှ အမဲသားတစ်တို့ကို ပစ်ချကြ၏၊ ထိုသို့ ပစ်ချလျှင် ၎င်းချောက်ထဲ၌ရှိသော ပတ္တမြားကျောက်တို့သည် အမဲသားတစ်နှင့် တွဲကပ်လျက် ရှိနေရာ တောင်ထိပ်ပေါ်တွင် အသိုက်ဖွဲ့၍နေသော ငှက်တို့သည် ၎င်းချောက်သို့ဆင်းသက်၍ ထိုးသုတ်လေကြသည်၊ သားတစ်ဖြင့် တွယ်ကပ်လျက်ပါလာသော ကျောက်ကို အသိုက်သို့ ချီသွားလေ၏၊ ချီသွားသောအခါ ယခင်အမဲသားတစ် ပစ်ချသူတို့သည် အသိုက်ပေါ်သို့ တက်၍ ယူကြ၏ဟု အဘိုးအဘွားတို့ ပြောသံဆိုသံကို ပြန်၍အောက်မေ့မိ၏။

ဤအခါ၌ ကြီးစွာသော အမဲသားတစ်ကိုယူ၍ ငါလည်းအလိုရှိသမျှ ကျောက်မျက် ရတနာတို့ကို ယူပြီးသော် ယခင်က အမဲသားတစ်ကို ကိုယ်ပေါ်၌တင်၍ ဆွဲကပ် ချည်နှောင်ပြီးလျှင် အိပ်၍နေ၏၊ ထိုသို့နေခိုက် ကြီးစွာသောငှက်တို့သည် အမဲသားတစ်နှင့် ငါ့ကိုယ်ပါ ထိုးသုတ်၍ တောင်ထိပ်သို့ချလေ၏၊ တောင်ထိပ်သို့ရောက်လျှင် အမဲသားရှင်တို့က ဤအမဲသားနှင့် တွယ်ကပ်ပါလာသော ကျောက်တို့သည် ငါတို့၏ ကျောက်မျက်ရတနာ စသည်ဖြင့် ပြောဆိုကြသည်၊ လူပါလာသည်ကို တွေ့မြင်ရပြန်သဖြင့် အချင်းယောက်ျား၊ သင်၏ကိုယ်ထက်၌ ပါလာသော အမဲသားတစ်သည် ငါ၏အမဲသားတည်း စသည်တို့ဖြင့် ခြိမ်းခြောက် ပြောဆိုကြသည်။

ဤသို့ကြိမ်းမောင်းလျှင် အဆွေ၊ တစ်ယောက်နှင့်တစ်ယောက် မြင်လျှင်မြင်ချင်း ရန်ဘက်ကဲ့သို့ ကြိမ်းမောင်းခြိမ်းခြောက် ပြုလုပ်သည်မှာ မသင့်မလျော်ပါ၊ အကယ်ဆိုလျှင် ဘယ်အကြောင်းကြောင့် ဤချောက်ထဲကျနေသနည်း၊ သင်ဘယ်အရပ်ကနည်း၊ သင့်အမည် အသူနည်းစသည်ဖြင့် သနားချစ်ခင်ဖွယ်ကိုသာ မေးမြန်း ရှိပါသည်၊ ယခုမှာမူ ရန်သူကဲ့သို့ ကြိမ်းမောင်းခြင်းမှာ မသင့်လျော်ပါဟု ငါပြောကြားလိုက်သည်။

ထိုအခါမှ အမဲသားရှင်တို့သည် ချစ်ခင်ဖွယ်သောစကားဖြင့် မေးမြန်းကြ၏၊ မေးမြန်းသောအခါ၌ ငါက ဖြစ်ပျက်သမျှ အကြောင်းကို ပြန်ကြားပြီး ငါ၌လည်း ကျောက်များစွာ ပါလာကြောင်း၊ ထိုကျောက်ထဲ၌ အလိုရှိသောကျောက်ကို ယူလောဟုဆိုလျှင် သနားလှသည် ဖြစ်၍ အညွှံဆုံးသော ကျောက်ကိုယူ၏၊ ထိုသို့အညွှံဆုံးသော ကျောက်ဖြစ်သော်လည်း အဖိုးမှာ အလွန်ထိုက်တန်လေသည်၊ ထိုသို့လျှင် ဤသူတို့နှင့် စကားစမြည် ပြောဆိုပြီးသော် သင်လည်း ဤအရပ်တွင် တစ်ကိုယ်တည်းမနေလင့်၊ ငါတို့နှင့်အတူ လိုက်ခဲ့ဟုပြောလျှင် ကောင်းလှပါပြီ၊ လိုက်ပါအံ့ဟု ပြောဆို၍ သွားခဲ့ကြသော် အလွန်ကြီးမားသော မြွေတစ်ကောင်ကိုတွေ့၏၊ ထိုမြွေကိုတွေ့လျှင် အလွန်ကြောက်၍ ပုန်းကွယ်ရန်ကြီးသော သစ်ပင်ပေါ်သို့ တက်ပြေးကြလေ၏၊ ထိုသစ်ပင်သည်လည်း လူပေါင်းငါးဆယ်လောက် ပုန်းကွယ်နိုင်သော သစ်ပင်ကြီးတည်း၊ ထိုသစ်ပင်ပေါ်သို့ တက်နေစဉ်အခါ ကြံ့တစ်ကောင် သည် ဆင်တစ်စုနှင့်အချင်းများ၍ ထိုးခတ်ကြရာ ဆင်ကရှုံး၍ ကြံ့သည် မိမိဦးချိုဖျား ခေါင်းပေါ် ထက်၌ ရွက်ဆင်၍သွားရာ ဆင်၏သွေးတို့သည် ကြံ့၏မျက်လုံးပေါ်သို့ စီးကျသည်နှင့် ကြံ့သည် မျက်စိမမြင်သဖြင့် တောင်ရမ်းမြောက်ရမ်း လမ်းဖြောင့်စွာမသွားတတ်သောကြောင့် လဲလေ၏။

## ဆင်နှင့်ကြံ့ပါ ငှက်ကြီးက ထိုးသုတ်သွားပြီ

ထိုသို့လဲရာတွင် ငှက်ကြီးတစ်ကောင်သည် မိမိသားငယ်များကို အစာကျွေးရန် ဆင်နှင့်ကြံ့ပါ ထိုးသုတ်ယူသွားလေသတည်း၊ ထိုသို့ချီသွားပြီးနောက် ထိုသစ်ပင်ထက်မှ ဆင်းပြီးလျှင် ငါတို့သည် အစဉ်သဖြင့်သွားကြရာ လမ်းခရီး၌ အလွန်ကြောက်မက်ဖွယ် ကောင်းလှသော ခြသေ့်သစ်ကျားဘေးရန်များကို ရှောင်ရှားလွတ်မြောက်လေသော် လမ်း၌ အဖော်ပြု၍လာသောသူတို့၏ တိုင်းပြည်မြို့ရွာသို့ ရောက်ကြလေ၏။

ဤမြို့မှတစ်ဖန် ငါသည် နေရင်းအရပ်သို့ သင်္ဘောစီးနင်း လိုက်ပါလာခဲ့ပြီးလျှင် ပါလာသော ပတ္တမြားကျောက်တို့ကို ရောင်းချ၍ များသောဥစ္စာပစ္စည်းတို့ရသဖြင့် ကြီးပွားဖြစ်ထွန်းသောကြောင့် ထိုဗိမာန်တို့ကို ဆောက်လုပ်နေထိုင်ရလေသည်၊ သို့ဖြစ်၍ ညီမောင်၊ ငါသည် ဤမျှလောက်သော ဘေးအန္တရာယ်မှ လွတ်မြောက်ရအောင် အထူးကြံဆောင်၍ အသက်ချမ်းသာရာ ရလေသတည်းဟု ဆိုပြီးလျှင် အသပြာတစ်ထောင်ပေးလိုက်ပြီးသော် ဤသို့ထပ်၍ မှာထားပြန်၏၊ ညီမောင်၊ နံနက်အခါရောက်လျှင် ငါ့ထံသို့လာလှည့်ဦးဟု မှာထားလိုက်၏။

ဤကား ဆင်းတဘက်၏ ဒုတိယခရီးသွားခြင်းတည်း။

* * *

## ဆင်းတဘတ်၏ တတိယကုန်ကူးသန်းခြင်းအကြောင်း

တစ်ဖန် နံနက်မိုးသောက်ရောက်ပြန်သော် သူဆင်းရဲကူလီသည် ယခင်နည်းအတိုင်း ဆင်းတဘက်သူကြွယ်၏ အိမ်သို့ လာပြန်ရာ ဤသို့ပြောဆို၏။ ညီမောင်၊ နားထောင်လော၊ တတိယ ခရီးသွားခြင်းအကြောင်းကို ငါပြောမည်၊ ငါသည်လည်း ထိုမျှလောက်သော စည်းစိမ်ဥစ္စာ ရတနာအမြတေ ရွှေငွေဘဏ္ဍာများလျက် ဘောဂသမ္ပတ္တိတို့နှင့် ပြည့်စုံကြွယ်ဝ သုခချမ်းသာ ကြီးမားစွာ ရှိပြားသော်လည်း ကူးသန်းရောင်းဝယ်ခြင်း၌ ဝါသနာထုံသည်နှင့် တစ်ဖန် ကုန်များကို ဝယ်ခြမ်းပြီးလျှင် ဘာဆရပြည်သို့ ထွက်မည့်သင်္ဘော၌ ကုန်များစွာတင်၍ လိုက်ပါခဲ့ရပြန်သည်၊ ရက်လအတော်ကြာ၍ မဟာသမုဒ္ဒရာပင်လယ်သို့ ထွက်မိလျှင် လေပြင်း မုန်တိုင်းတို့ တိုက်ခတ်သည်နှင့် သင်္ဘောလည်း မရပ်မတည်နိုင်အောင် ဖြစ်လေ၏၊ ထိုအခါ သင်္ဘော၌ပါလာသော သင်္ဘောစီးသူလူများသည် သေဘေးမှ အလွန်ကြောက်ရွံ့သဖြင့် များစွာငိုကြွေးပြီးလျှင် မိမိတို့ ကိုးကွယ်မြဲ ဖြစ်သော နတ်တို့ကို တိုင်ကြားပသပူဇော်သူက ပူဇော်သည်၊ တချို့က ဘုရား တရား သံဃာ ရတနာသုံးပါးကို ဆည်းကပ်သူက ဆည်းကပ်သည်၊ ယင်းသို့ မိမိတို့ဆည်းကပ်ကိုးကွယ်ကြသော ဘာသာအလျောက် ထောက်ပံ့

ကယ်ဆယ်ပါမည့်အကြောင်း ဆုတောင်းပတ္တနာပြုပါသော်လည်း လေပြင်းမုန်တိုင်းတို့သည် မရပ်မစဲ အမြဲတိုက်ခတ်၍သာ နေကြလေ၏။

**ယက္ခဒီပကျွန်းသို့ရောက်သွားပုံ**

ထိုအခါ သင်္ဘောလည်း ယက္ခဒီပကျွန်းအနီးသို့ ရောက်သွားလေ၏။ သင်္ဘောစီးသူတို့ကလည်း ဤကျွန်းသို့ ဆိုက်ကပ်ပါမည့် အကြောင်း ကပ္ပတိန်အား တောင်းပန်ကြ၏၊ ကပ္ပတိန်ကလည်း အချင်းတို့၊ ဤကျွန်းကို ဆိုက်ကပ်ဖို့ အလိုမရှိကြလင့်၊ ဤကျွန်းသည်ကား ယက္ခဒီပကျွန်းတည်း၊ ၎င်းကျွန်း၌ နေသူတို့သည် ကိုယ်မှာ အမွေးပေါက်ရောက်လျက် လူသတ္တဝါတို့ကို များစွာနိပ်စက်ညည်းဆဲ သတ်ဖြတ်တတ်ကြသည်၊ သို့ဖြစ်၍ ဤကျွန်းသို့ ဆိုက်ကပ်ရန် အလိုမရှိကြပါလင့်ဟု ပြောသော်လည်း သင်္ဘောသည် လေပြင်းစွာ တိုက်ခတ်သောကြောင့် ထိုအရပ်တွင်ပင် ကျောက်ချရပ်နေရလေ၏။

ထိုသို့ကျောက်ချ၍ အတော်ကြာလျှင် အရပ်ခုနစ်ပေခန့်မျှမြင့်သော လူမည်းတို့သည် သင်္ဘောပေါ်သို့ တက်လာကြလေ၏၊ ဤသူတို့ ပြောဆိုသော စကားများကိုလည်း သင်္ဘောစီးသူနှင့် ကပ္ပတိန်တို့ နားမလည်ကြကုန်၊ ထိုသူတို့ ပြောဆိုသော စကားအဓိပ္ပါယ်မှာ ဤကျွန်းသို့ သင်္ဘောဆိုက်ကပ်ပါဟု ပြောဆိုလိုသော အဓိပ္ပါယ်ပင်တည်း၊ ထိုသို့လျှင် တစ်ယောက်စကား တစ်ယောက်နားမလည်သည်နှင့် တစ်နာရီခန့်ကြာလျှင် သင်္ဘော၏ ရွက်လက်ရွက်တိုင် ရွက်တန်ဆာကိရိယာတို့ကို ချိုးဖွဲ့ဖျက်ဆီးပြီး ကျောက်ကြိုးကိုဖြတ်၍ မိမိတို့ နေသောကျွန်းသို့ ဆွဲကပ်လေ၏။

ထိုကျွန်းသို့ ရောက်လျှင် သင်္ဘောစီးသူတို့နှင့် ကပ္ပတိန်တို့သည် အစာရိက္ခာ ကုန်သည်နှင့် သစ်သီးဝလံရှာဖွေရန် ကျွန်းပေါ်သို့တက်သွားလေသော် ကြီးကျယ်သော တိုက်အိမ်ကြီး တစ်ခုကို တွေ့ကြရလေ၏၊ ထိုတိုက်ကြီး၌ အခန်းလေးခန်းရှိ၏၊ ထိုအခန်း လေးခန်းတို့တွင် တစ်ခန်း၌ မီးဖိုနှင့်တကွ ထင်းများ၊ တစ်ခန်း၌ သံတံကျင်နှင့် အရိုးပုံကို တွေ့ရ၏၊ အခန်းတစ်ခုကား ပိတ်လျက်ရှိ၏၊ တစ်ခုသောအခန်းမှာ လပ်လျက်ရှိ၏၊ ထိုသို့ လပ်သောအခန်းသို့ရောက်လျှင် နေဝင်သောကြောင့် အချိန်မဲ့သည်နှင့် သင်္ဘောသားများနှင့် သင်္ဘောစီးသူတို့သည် စုရုံး၍ အိပ်ကြရလေ၏။

ညဥ့်အချိန် ရောက်သော် ပိတ်ထားသောအခန်းကို ဖွင့်လှစ်ပြီးကြည့်ရာ ကြီးမားဝဖြိုးစွာသောကိုယ်၊ နက်ကြုတ်သော အသားနှင့် အလွန်ရှည်သောအရပ်၊ ငှက်ပျောဖူးပမာဏရှိသောအစွယ်၊ တွဲလျားကျသောနှုတ်ခမ်း၊ အလွန်ကျယ်သောမျက်စိကို ဖြဲ၍ကြည့်နေသော ဘီလူးကြီး ရှိလေ၏၊ ထင်းမီးတို့ကိုလည်း မီးတောက်မီးရှိန်နှင့် မီးကျီးခဲကျအောင် ထည့်နေလေ၏၊ ကပ္ပတိန်နှင့်တကွ အလုံးစုံသောသူတို့သည် များစွာထိတ်လန့်သဖြင့် ငိုကြွေးမြည်တမ်းကြလေ၏၊ အချို့လည်း မိမိတို့ဘာသာအလျောက် ထောက်ပံ့ကယ်မတော်မူပါ၊ ဤဘေးမှလွတ်မြောက်ချမ်းသာအောင် စောင်မတော်မူကြပါဟု ငိုကြွေးလျက် ကိုးကွယ်ရာ ရှာကြလေ၏။

ထိုသို့ ငိုကြွေးနေကြအခိုက် ဘီလူးကြီးသည် ငါ၏ခြေထောက်ကို ကိုင်တွယ်ကာ ကြည့်ပြီးလျှင် ပိန်သောငါ့ကို ဖယ်ရှား၍ ဝသောဆူဖြိုးသော သူကိုသာ ရှာလေ၏။ ထိုအခါ ကပ္ပတိန်ကိုမြင်လျှင် ဝမ်းမြောက်ဝမ်းသာ ဆွဲငင်ပြီး ယခင်ကထားသော သံတံကျင်ကို ယူပြီးလျှင် တံစို့ထိုးလျက် မီးကျီးစု၌ ကင်၍စားလေသတည်း။

ဤသို့ ကပ္ပတိန်ကို စားလေလျှင် လူအပေါင်းတို့သည် နရက်ချောက်သို့ ကျဘိသကဲ့သို့ များစွာငိုကြွေးကြလေ၏၊ ဘီလူးကြီးသည် အလွန်ဆူဖြိုးလှစွာသော ကပ္ပတိန်၏ အသားကို မီးကျီးစု၌ ကင်၍စားပြီးလျှင် ယခင်အခန်းထဲသို့ ဝင်၍ အိပ်လေ၏၊ ဘီလူးကြီး အိပ်ပျော်သောအခါ ဟောက်သည့်အသံသည်ကား ကြောက်မက်ဖွယ် ကျယ်လောင်ကြီးမား၏၊ နံနက်မိုးသောက် ရောက်လေသော် လူအပေါင်းတို့သည် ထမင်းဟင်းလျာတို့ကို မစားမသောက်ရသည်နှင့် သစ်သီးသစ်ဥသစ်ဖုတို့ကိုသာ ရှာကြံ၍စားကြရ၏၊ ဘီလူးကြီးသည် မိုးသောက်လျှင် တောရာသို့ သွား၍နေ၏၊ ထိုအခါ လူအပေါင်းတို့သည် မိုးချုပ်၍ နေဝင်ပြန်လျှင် အခြားမှာ အိပ်စရာမရှိသည်နှင့် ဤတိုက်အိမ်ကြီးသို့ပြန်၍ အိပ်ကြရပြန်၏၊ ဘီလူးကြီးသည် ညဥ့်အခါ ရောက်လျှင် ရှေးနည်းအတူ ဆူဖြိုးဝလင်သောသူကို ရွေးချယ်လျက် သံတံကျင်လျှို၍ ကင်စားပြီးလျှင် အိပ်ပြန်၏၊ ဤနည်းတူ ဘီလူးကြီးသည် စားဖန်များလတ်သော် လူအပေါင်းတို့သည် အလွန်ကြောက်ရွံ့ ထိတ်လန့်ခြင်းဖြစ်၍ ဘီလူးကြီး၏ အစားကိုမခံလို၊ မိမိတို့ကိုယ် မိမိတို့ သတ်၍ သေကြအံ့၊ အချို့ကလည်း တောင်ထိပ်ပေါ်က ကျွမ်းထိုးချ၍သေအံ့၊ အချို့ကလည်း ဓားသန်လျက်ဖြင့် ထိုး၍သေအံ့၊ အချို့ကလည်း သေစေတတ်သော အဆိပ်ရည်ကို သောက်စား၍သေအံ့ဟု သေခြင်းကိုသာ ကြံစည်လျက် ရှိနေကြလေ၏။

ထိုအခါ ငါက အဆွေတို့ မိမိကိုယ်ကိုသတ်၍ သေရခြင်းသည်မလျော်၊ မိမိကိုယ်ကို သတ်၍ သေရခြင်းထက် ဘီလူးကြီးကို သတ်ရခြင်းက မသင့်ပါလားဟု ပြောသော် အိုအဆွေတို့ ဘီလူးကြီးကို ဘယ်မှာ သတ်နိုင်ပါအံ့နည်း၊ ဘီလူးကြီး၏ ခန္ဓာအတ္တဘောသည် အလွန်ကြီးမား၏၊ သူ၏ လက်ညှိုးတစ်ချောင်းနှင့် ငါတို့၏ ကိုယ်သည် တူမျှကြလေသည်၊ သို့ဖြစ်၍ ဘယ်မှာ ဘီလူးကြီးကို သတ်နိုင်ပါအံ့နည်းဟု ပြောသော် အိုအဆွေတို့ ငါအကြံ ပေးမည်၊ လိုက်နာကြမည်လောဟု မေး၏၊ လိုက်နာပါမည်ဟုဆိုလျှင် ကောင်းပြီ၊ အဆွေတို့ ဖောင်ကိုသာဖွဲ့ကြကုန်၊ ဖောင်ဖွဲ့ပြီးလျှင် ဘီလူးကြီးအိပ်ပျော်သောအခါ သံတံကျင်ကိုမီးဖုတ်ပြီး မျက်လုံးကို ထိုးဖောက်လျှင် ဘီလူးကြီးမျက်လုံးကန်း၍ မသေပါလော၊ ထိုအခါ ငါတို့လိုသော အရပ်သို့ ဖောင်နှင့်သွားသော် မိမိတို့ဆန္ဒရှိသော အရပ်သို့ မရောက်ပါလောဟု ပြောဆိုလျှင် လူအပေါင်းတို့သည်လည်း များစွာနှစ်သက်ကြသည်နှင့် သုံးယောက် လေးယောက်မျှစီး၍ လိုက်နိုင်အောင် သစ်ဝါးအစရှိသည်တို့ကို ရုံးစု၍ ဖောင်ဖွဲ့ကြ၏၊ ဖောင်ဖွဲ့ပြီး ယခင်က စီမံသည့်အတိုင်း ဘီလူးကြီး အိပ်ပျော်သည့်အခါ သံတံကျင်မီးဖုတ်ပြီးလျှင် ဘီလူးကြီး မျက်လုံးကို ထိုးဖောက်ကြ၏။

## ကြီးစွာသောအသံဖြင့် အော်လေရာ

ထိုအခါ ဘီလူးကြီးသည် အလွန်ပူလောင်နာကျင်သဖြင့် လျှင်ပွဲတင်ခတ်ဘိသကဲ့သို့ လည်းကောင်း၊ တော်လဲဘိသကဲ့သို့ လည်းကောင်း၊ မိုးကြိုးထစ်သကဲ့သို့ လည်းကောင်း၊ ကြီးမားစွာသောအသံဖြင့် အော်ဟစ်လေ၏၊ ထိုသို့အော်ဟစ်ပြီးသော် မျက်စိမမြင်သည်နှင့် တောင်မြောက်လေးပါးကို လိုက်၍ စမ်းသပ်ကြည့်ရှုလေလျှင် လူအပေါင်းတို့သည် စုရုံး၍ တောင်ပေါ်သို့ တက်ကြပြီးသော် တောင်ပေါ်မှ ကမ်းခြေသို့ ဆင်းပြီး ဖောင်များဖြင့် ကမ်းကခွာ၍ လိုရာအရပ်သို့ သွားကြလေ၏၊ ကမ်းနှင့်မနီးမဝေးရှိလျှင် မျက်စိကန်းသော ဘီလူးကြီးနှင့်အလားတူ ဘီလူးကြီးနှစ်ယောက်တို့သည် ကန်းသောဘီလူးကြီးကို အလယ်က ထား၍ တစ်ယောက်တစ်ဖက်စီ တွဲခေါ်ပြီးလျှင် ထွက်ပြေးကြသော ငါတို့နောက်သို့ လိုက်လာကြသည်၊ ကမ်းနှင့်မနီးမဝေးကမြင်လျှင် လည်းပင်မျှနက်သော ရေထဲသို့ ဆင်းသက်၍ လိုက်ကြ၏၊ ထိုသို့လိုက်၍ မမီလေသော် ကမ်းထက်ကနေပြီးလျှင် ခဲအုတ်ကျောက်တို့နှင့် ပစ်ခတ်ကြလေ၏၊ ငါတို့သည် လုံ့လဝီရိယ အားထုတ် ဥဿာဟ ပြု၍ လှော်ခတ်သောကြောင့်

ငါတို့ဖောင်သည် အဝေးဆုံးဖြစ်၍ ကြွင်းကျန်သောဖောင်တို့သည် ဘီလူးကြီးတို့ ပစ်ခတ်သော ခဲအုတ်ကျောက်ထိမှန်၍ အလုံးစုံသောသူတို့သည် သေကြေပျက်စီးခြင်း ဖြစ်ကြလေ၏။

ထိုအခါ ငါတို့သုံးယောက်သာ အသက်ဘေးမှ ချမ်းသာရာရပြီး တစ်ဖန်ရှေ့သို့ ဆက်၍ လှော်ခတ်ပြန်လျှင် နာတပ္ပဒီပကျွန်းသို့ ဆိုက်ကပ်လေသတည်း၊ ထိုကျွန်းသို့ရောက်လျှင် ဆာလောင်မွတ်သိပ်သည်နှင့် ထိုကျွန်းပေါ်သို့ တက်ကြသည်၊ တစ်ခုသော တောအုပ်သို့ ရောက်လျှင် သစ်သီးသစ်ဥတို့ကို ရှာဖွေနေခိုက် ကြီးမားသော မြွေကြီးတစ်ကောင်သည် ငါတို့နောက်သို့ လိုက်လာပြီး နောက်ဆုံး အဖော်တစ်ယောက်ကို ကိုက်မျိုလိုက်လေ၏၊ မျို၍ပြီးလျှင် ပြန်သွားလေသတည်း၊ ငါတို့မှာမူကား များစွာကြောက်ရွံ့တုန်လှုပ်သည်နှင့် ရသမျှ သစ်သီးသစ်ဖုတို့ကို စားသောက်ပြီးလျှင် ကြီးမားလှသော သစ်ပင်ထက်သို့တက်၍ ပုန်းကွယ် နေကြ၏၊ ညဉ့်အချိန် ရောက်သောအခါ အောက်မှာနေသည့် ငါတို့အဖော်ကို ကိုက်မျို၍ သွားပြန်လေ၏၊ ငါလည်း အလွန်ကြောက်ရွံ့လှသည်နှင့် အဖော်သုံးယောက်အနက် နှစ်ယောက် မြွေမျိုသောကြောင့် သေဆုံးလေပြီ၊ ငါလည်းသေရမည်ဟု အောက်မေ့၍ မိုးသောက်လတ်သော် စားကောင်းသော သစ်သီးတို့ကို ရှာ၍ထားပြီးလျှင် သစ်ပင်ရင်း၌ ဆူးတပ်တို့ ဝိုင်းဝန်းရံထား၏။

ဆူးတပ်အထက်မှ တုတ်ချွန်ဝါးချွန်တို့ကို စိုက်ထောင်၍ မြွေကြီးလာလျှင် ကွယ်ကာရန် တားဆီးထား၏၊ ဤသို့ပြုလုပ်၍ အိပ်လေသော် မိုးချုပ်၍ ညဉ့်အချိန်ရောက်လျှင် ယခင်က မြွေကြီးလာပြန်သည်၊ သစ်ပင်ထက်သို့ တက်လျက် ဆူးတပ်ကို လွန်ကာ တုတ်ချွန်တို့ စိုက်ထောင်ထားသော နေရာသို့ ရောက်လေက မြွေကြီးသည် မတက်နိုင်သည်နှင့် အောက်သို့ သက်ဆင်း၍ သွားလေ၏၊ ငါလည်း တစ်ညဉ့်ပတ်လုံး မြွေကြီးကို ကြောက်ရွံ့သောကြောင့် အိပ်စက်၍မပျော်ဘဲ တုန်တုန်ခိုက်ခိုက်နှင့်ပင် နေရလေသတည်း။

ထို့နောက် မိုးသောက်လေသော် မဟာသမုဒ္ဒရာကမ်းခြေက မီးခိုးလူလူကိုမြင်ရ၏၊ ဝမ်းမြောက်ဝမ်းသာ ဆောလျင်စွာ ဆင်းသက်၍ ကမ်းခြေကနေပြီး ငါ၏ ဦးပေါင်းဦးရစ်ကို ချွတ်ပြီးလျှင် အသံပြု၍ ပြင်းစွာအော်ဟစ်သည်၊ ထိုအခါ သင်္ဘောသည် ငါဒုတိယ ခရီးသွားသည့်အခါ ကျန်ရစ်သော သင်္ဘောဖြစ်နေသည်၊ ကပ္ပတိန်သည် စက်ကိုဖြည်းညှင်းစွာ ခုတ်ပြီးလျှင် ကမ်းခြေသို့ ချည်းကပ်၍ သင်သည် မည်သည့်အရပ်ကနည်း၊ မည်သည့် အကြောင်းကြောင့် ဤနေရာသို့ ရောက်လာသနည်း စသည်ဖြင့် မေးမြန်းသည်၊ ငါလည်း

ဖြစ်သမျှသော အကြောင်းကိုပြန်ပြော၏၊ ထိုအခါ ကပ္ပတိန်လည်း သနားချစ်ခင်သည်နှင့် အစားအသောက်တို့ ကျွေးမွေးပြီးလျှင် သင်္ဘောနှင့် ခေါ်ယူလာခဲ့၍ ကပ္ပတိန်နှင့် နီးနီးကပ်ကပ် နေရသောကြောင့် အကျွမ်းတဝင် ဖြစ်ကြသတည်း။

ထိုသို့လျှင် သင်္ဘောသည် အမြို့မြို့အရွာရွာသို့ ဆိုက်ကပ်ပြီး ကုန်စည်တို့ကို ချတင်၍ နောက်ဆုံးရောက်သောမြို့တွင် ငါ၏ရှေ့၌ပင် ကပ္ပတိန်က ဤမည်သော သင်္ဘောအပတ်က ကျွန်းတစ်ခုကို ရောက်၍ ရေမိုးမလုံလောက်သည်နှင့် ဆိုက်ကပ်ရာ သင်္ဘော၌ပါသော သူတို့သည် ကျွန်းပေါ်သို့တက်၍ ရေမိုးသောက်ချိုးကြသည်၊ ကုန်ပစ္စည်းပိုင်ရှင် ဆင်းတဘက် ဆိုသူသည် စမ်းချောင်း၏အနီး၌ အိပ်ပျော်၍ ကျန်ရှိရစ်လေသတည်း၊ ထိုသူကျန်ရှိကြောင်း ကိုလည်း ပြန်၍မတင်မယူနိုင်၊ ထိုသူ၏ ကုန်စည်များလည်း အရပ်ရပ်၌ ရောင်းချ၍ ဤမျှလောက်သော ငွေကြေးကိုရသည်၊ ရသောငွေကြေးများကိုလည်း စာရင်းနှင့် မှတ်သား၍ ထားသည်၊ ကျန်ရှိသော ကုန်များကိုလည်း ဤမြို့၌ ရောင်းချလိုသည်၊ သင်က အကြီးအမှူး ပြုလုပ်၍ ရှိရှိသမျှသော ကုန်စည်တို့ကို ရောင်းချပါ၊ သင့်ကိုလည်း အချိုးကျ တွက်ချက် ပေးပါမည်၊ ကုန်စည်ရောင်းချ၍ရသော ငွေကြေးများကိုလည်း ၎င်းဆင်းတဘက်၏ သားမယား အမွေစားအမွေခံတို့ကို ပေးအပ်မည်၊ ၎င်းဆင်းတဘက်၏ ကုန်စည်များမှာ ဤကုန် ဤကုန် တည်းဟု လိုက်၍ပြသ၏။

ထိုအခါ စမ်းချောင်းတွင် အိပ်ပျော်၍ ကျန်ရစ်သူသည် အခြားသူမဟုတ်၊ ကျွန်ုပ်ပင် ဖြစ်ပါသည်ဟု အလုံးစုံပြန်ကြားပြီးလျှင် ကျွန်ုပ်ကို သေချာစွာကြည့်ရှုပါဟု ကပ္ပတိန်ကို ပြောလေသည်၊ ကပ္ပတိန်လည်း အံ့အားသင့်၍ သေချာစွာ ကြည့်ရှုသော် ဩော် ဟုတ်၏ တကားဟုဆိုပြီးလျှင် အလုံးစုံရောင်းချ၍ ရသောငွေကြေးနှင့် ကျန်သောကုန်စည်များကို စာရင်းအင်းနှင့်တကွ ငါ၏လက်သို့ အပ်နှင်း၏။

ထိုအခါ ငါသည် ကျန်သော ၎င်းကုန်စည်များကို ရောင်းချ၍ များစွာ အမြတ်အစွန်း ရလေ၏၊ ငွေကြေးတို့ကို ကောင်းမွန်စွာ သိုမှီးသိမ်းဆည်းပြီးလျှင် ၎င်းသင်္ဘောနှင့် ငါနေသော ဘက်ဂဒက်မြို့သို့ ပြန်၍ လိုက်လာသောကြောင့် ချမ်းသာစွာရောက်ရလေသည်၊ ဤကား တတိယခရီးသွားခြင်းတည်းဟု ဆိုပြီးလျှင် ၎င်းကူလီအား အသပြာတစ်ထောင်ပေးလိုက်ပြန်၏၊ ပေးပြီးလျှင် နံနက်မိုးသောက် ရောက်သောအခါ ငါ၏ အိမ်သို့လာလှည့်ဦး၊ စတုတ္ထခရီးသွား ခြင်းကို ငါပြောဦးမည်ဆို၍ အိမ်သို့ ပြန်စေသတည်း။

# ဆင်းတဘက်၏ စတုတ္ထကုန်ကူသန်းခြင်းအကြောင်း

နံနက်မိုးသောက် ရောက်လတ်ပြန်သော် ရှေးနည်းအတူ သူဆင်းရဲကူလီသည် လာလတ်၍ စတုတ္ထ ခရီးသွားခြင်းကို ပြောဆိုပြန်၏၊ ညီမောင် ငါပြောမည်၊ နားထောင်လော၊ လောက၌ အကြင်သူတို့သည် သေ၍ကွေကွင်းသောသူ၊ ဥစ္စာပစ္စည်း ပျက်စီးဆုံးပါး၍ ကွေကွင်းသောသူ၊ ရှင်၍ကွေကွင်းသောသူ၊ ဤသူတို့ကို အကြိမ်ကြိမ် အထပ်ထပ် ကြုံတွေ့ခဲ့ရလေသည်၊ ငါသည်လည်း ဤသူတို့နှင့်မခြား ကြောက်မက်ဖွယ်ကောင်းလှသော သေမင်း၏ လက်တွင်းက လွတ်ကင်းအောင် ကြိုးစားခဲ့ရသည်မှာ များလှလေပြီ၊ ဤမျှ ဘေးရန် အပေါင်းမကောင်းမှုများနှင့် များစွာရခြားသော်လည်း ကုန်စည်ကူးသန်း ရောင်းဝယ်ခြင်းကို မစွန့်လွှတ်နိုင်သဖြင့် ကုန်စည်များကို ဝယ်ခြမ်းပြီးလျှင် ဘာဆရမြို့သို့ ထွက်ခွာသော သင်္ဘောတွင် ကုန်များကို တင်ပြီးလျှင် လိုက်သွားပြန်သည်၊ သမုဒ္ဒရာပြင်ကျယ် ပင်လယ် ခရီးသို့ ရောက်ပြန်က လေပြင်းမုန်တိုင်းတို့သည် ဆင့်ကာဆင့်ကာ တိုက်ခတ်သည်နှင့် သင်္ဘောလည်း မရပ်မတည်နိုင်အောင် ဖြစ်လေ၏၊ သင်္ဘော၏ ရွက်တိုင်စသည်တို့သည် ဖရိုဖရဲပြတ်ကွဲကြလေ၏၊ သင်္ဘောသားနှင့်တကွ သင်္ဘောစီးနင်းလိုက်ပါလာသူတို့လည်း များစွာ ထိတ်လန့် ပူပန်ဆင်းရဲခြင်းဖြစ်ကြ၍ မိဘကိုတသ၍ ငိုသူလည်း ငို၊ အဘိုးအဘွားတို့ကို တသ၍ ငိုသူကလည်း အမျိုးမျိုး၊ ကိုးကွယ်ရိုး ပသရိုးရှိခိုးပူဇော်သူကလည်း အဖြာဖြာ၊ ဘုရားတရားသံဃာတို့ကို အောက်မေ့သူကလည်း အချို့ ဤသို့လျှင် ကယ်ပါယူပါ တစာစာနှင့် သနားဖွယ်ရာ များစွာငိုကြွေးနေခိုက် ကြီးမားသောလေနီကြမ်း တိုက်ခတ်လာပြန်သည်။

ထိုသို့လျှင် ဗရုန်းဗရင်းဖြစ်လတ်သော် အချို့သောသူတို့သည် သင်္ဘောပျဉ်ချပ်ကို တွယ်ကပ် လိုက်ပါကြလေ၏။ သင်္ဘောပျဉ်ချပ်ကို တွယ်ကပ်လိုက်ပါကြကုန်သောလူတို့သည် လှိုင်းလေ တိုက်ခတ်သောကြောင့် ယက္ခဒီပကျွန်းသို့ ဆိုက်ရောက်ကြလေ၏၊ ၎င်းကျွန်း၌ နေကုန်သော သူတို့သည် မည်းနက်သောကိုယ်၊ ကြောက်မက်ဖွယ်သောမျက်နှာတို့ဖြင့် ငါတို့၏ အနီးသို့ချဉ်းကပ်ပြီးလျှင် စားဖွယ်ရာကောင်းသော သစ်မြစ်တို့ကိုပေး၏၊ ထိုသို့ပေးသောအခါ ငါ၏ အဖော်အပေါင်းတို့သည် ၎င်းသစ်မြစ်တို့ကို မြိန်ရှက်စွာ စားကြလေ၏၊ ငါ့မှာမူ ဤသစ်မြစ်သည် အကြောင်းတစ်စုံတစ်ရာ ဖြစ်ရာ၏ဟု နှလုံးသွင်း၍မစားဘဲနေ၏၊ ထိုအမြစ်ကို

စားကြပြီးလျှင် နောက်တစ်နေ့၌ စားဖွယ်သောက်ဖွယ်တို့ကိုလာ၍ ပို့ပြန်သဖြင့် ၎င်းစားဖွယ်သောက်ဖွယ်တို့ကို စားကြရလေ၏၊ ထိုသို့လျှင် နေ့စဉ်မပြတ်ပို့လာသော အစာအာဟာရကို စားဖန်များလတ်သော် လူအပေါင်းတို့ များစွာ ဆူဖြိုးဝလင်လာ၍ ၎င်းလူမည်းတို့သည် ငါ၏ အဖော်များကို စားကြလေ၏၊ ငါ့ကိုမူကား ပိန်ချုံးကြုံလှီ၍ မစားဘဲ ချန်လှပ်ထားလေသည်၊ အပေါင်းအဖော် မိတ်သင်္ဂဟတို့ကို သတ်စား၍ ကုန်သည်ရှိသော် ငါ့ကို အသားအရေ ဆူဖြိုးစေခြင်းငှာ ကောင်းမွန်သော ဘောဇဉ်အာဟာရတို့ကို ကျွေးမွေးကြသည်၊ ၎င်းလူမည်းတို့သည် ငါ့ကို မဆူမဖြိုးသောကြောင့် မစားဘဲရက်ရှည်လများ ကြာရှိလေသော် ဤသို့ အကြံဖြစ်၏၊ ငါသည်ကား လူကိုနှိပ်စက်ညှဉ်းဆဲ စားသောက်တတ်သော ထိုသူတို့နှင့် အတူတကွ နေချေကမူ တစ်နေ့နေ့ အမှန်လျှင်သေရမည်မလွဲနိုင်ချေ၊ ထို့ကြောင့် ဤသူတို့ ဘေးမှ လွတ်ကင်းအောင် ၎င်းလူများ မရှိသည့်အခိုက် ထွက်ပြေးတိမ်းရှောင်မှ သင့်လျော်မည်ဟု အကြံပြုပြီး တစ်နေ့သ၌ ထိုသတ္တဝါတို့ အစာရှာသွားသည့်အခါ ငါသည် အားအင်ရှိသရွေ့ ထိုသူတို့ဘေးမှ လွတ်မြောက်အောင် ထွက်ပြေး တိမ်းရှောင်ခဲ့သည်၊ အတော်အတန် ခရီးရောက်လျှင် သူအိုတစ်ယောက် နောက်က အစဉ်မပြတ်လိုက်လာ၏၊ ထိုသူအိုကိုမြင်လျှင် ကြောက်လန့်လှသောကြောင့် ငါရှေ့ကပြေး၏၊ ထိုသူအိုသည် ခုနစ်ရက်တိုင်အောင် နောက်က မပြတ်လိုက်လာ၏၊ ရှစ်ရက်မြောက်သောနေ့၌ ထိုသူအိုဘေးမှ လွတ်မြောက်ခဲ့ရသည်။

နောက်တစ်နေ့ ရောက်သောအခါ ငါတို့ကဲ့သို့ ဖြူသော အသားအရေတို့နှင့် လူဇာတ်ဖြစ်သောသူတို့ တောင်ယာဥယျာဉ် သစ်ပင်ပန်းမန်စိုက်ပျိုးနေသည်ကို တွေ့၍ ငါသည် အသက်ဘေးမှ ချမ်းသာရာရပေပြီဟု နှလုံးသွင်းကာ ၎င်းလူတို့နှင့် စကားစမြည်ပြောဆိုသည်၊ သူတို့က အကြောင်းခြင်းရာကို မေးမြန်းရာ ငါလည်း ဖြစ်ပျက်သမျှအကြောင်းကို ပြန်ပြောင်းပြောဆို၏၊ ထိုအခါ သူတို့သည် ငါ့ကိုသနားလှသည်နှင့် အစာရေစာကျွေးမွေး၍ထားလေ၏၊ တစ်နေ့သ၌ မဂ္ဂရာဇ်တိုင်း မဖ္ဖိမမြို့သား ကုန်သည်ကြီးများသည် ၎င်းကျွန်းသို့ လှေသင်္ဘောနှင့် ဆိုက်ကပ်လာကြ၍ ၎င်းလူတို့နှင့် စကားစမြည် ပြောဆိုရာ မဖ္ဖိမမြို့သို့ လိုက်ပါမည့် အကြောင်းကို ပြောဆို၏၊ ထိုအခါ မဂ္ဂရာဇ်တိုင်းသားများသည် သနားချစ်ခင်လှသည်ဖြစ်၍ သင်လိုက်လိုမူ လိုက်ခဲ့တော့ဟု ပြောဆိုသည်ဖြစ်၍ ၎င်းလူတို့နှင့်အတူ လိုက်သွားလေ၏။ မဖ္ဖိမမြို့သို့ ရောက်လျှင် ကုန်သည်တို့ကား မိမိတို့နှင့်ပါလာသော ငါ့ကို တစ်နိုင်ငံသား ဖြစ်သည်နှင့် အထူးအဆန်းလုပ်၍ ပြည့်ရှင်မင်းကြီးထံ ဆက်သလေ၏။

ပြည့်ရှင်မင်းကြီးလည်း ငါ့ကိုမြင်လျှင် သင်သည်မည်သည့် တိုင်းပြည်ကနည်း၊ ဤတိုင်းပြည်နိုင်ငံသို့ မည်သည့် အတွက်ကြောင့် ရောက်လာသနည်း၊ သင်၏ အမည် အသူခေါ်သနည်း၊ သင်ဖြစ်ပျက်သမျှသော အကြောင်းအရာကို စေ့စုံစွာ လျှောက်တင်လော့ဟု ပြောလေ၏၊ ငါသည်လည်း ဖြစ်ပျက်သမျှသော အကြောင်းခြင်းရာများကို စုံလင်စွာ သံတော်ဦးတင်လေလျှင် ပြည့်ရှင်မင်းကြီးလည်း အလွန်သနားလှသည်ဖြစ်၍ မိမိတိုင်းပြည်တွင် ချီးမြှင့်မစပြီးလျှင် သင့်ရာမိန်းမနှင့် ထိမ်းမြားပေးစား၍ ထား၏။

တစ်နေ့သောအခါ၌ ပြည့်ရှင်မင်းကြီးသည် မြင်းကိုစီး၍ ပြည်ကို လှည့်လည် ကြည့်ရှုတော်မူသောအခါ ကုန်းနီးမပါ ဇလာကိုယ်တည်း စီးနင်း၍ ထွက်စံတော်မူသည်ကို မြင်ရလျှင် ဤသို့ စဉ်းစား၏၊ ဤတိုင်းပြည်၌ မြင်းမှာကုန်းနီးတင်၍ စီးရကြောင်းကို မသိသောကြောင့် မစီးလေသလော၊ မည်သည့် အကြောင်းကြောင့် မစီးသနည်းဟု သိရအောင် ကုန်းနီးတစ်ခုကို ကောင်းမွန်ချောမွေ့စွာ ပြုလုပ်၍ ပြည့်ရှင်မင်းကြီးကို ဆက်သသည်၊ ပြည့်ရှင်မင်းကြီးသည် ကုန်းနီးကိုမြင်ပေါ်တင်၍ စီးနင်းကြည့်ရှုတော်မူရာ ရှေးကကုန်းနီးမပါဘဲ စီးနင်းသည်ထက် ကုန်းနီးတင်၍ စီးနင်းရခြင်းသည် ကောင်းမွန်လေသည် ဖြစ်သောကြောင့် ငါ့အားဆုလာဘ်များစွာ ပေးသနားတော်မူ၏၊ ပြည့်ရှင်မင်းကြီး ကုန်းနီးတင်၍ စီးနင်းသည်ကို မြင်လျှင် သားတော်၊ သမီးတော်၊ မှူးတော်၊ မတ်တော်၊ သူဌေးသူကြွယ်အစရှိသော ခပ်သိမ်း ကုန်သောသူတို့သည် ကုန်းနီးလုပ်ခိုင်းသည်နှင့် ငါ့အား ဆုလာဘ်များစွာ ရရှိသောကြောင့် ကြွယ်ဝချမ်းသာလေ၏။

တစ်ရံရောအခါ ငါ၏ အိမ်နီးချင်းဖြစ်သော မိတ်ဆွေတစ်ဦး၏ဇနီး သေဆုံးသည်ဖြစ်၍ လင်ဖြစ်သူသည် များစွာငိုကြွေးလေ၏၊ ထိုအခါ ငါသည်သွား၍ အဆွေ၊ ဤလောကတွင် ဓမ္မတာ အစဉ်အလာအားဖြင့် မယားသေလျှင် မယားစားယူမြဲတည်း၊ လင်သေလျှင် လင်စား ယူမြဲတည်း၊ သင့်မှာမူကား ဤမျှလောက်ပင် ပူပင်ဆင်းရဲခြင်းဖြင့် ပရိဒေဝပြင်းပြစွာ ငိုကြွေးသည်မှာ မယားကို သည်လောက်ချစ်ခင်စုံမက်သလော၊ သင်၏ ငိုကြွေးပူဆွေးခြင်းကို ဖျက်သိမ်းပါလောဟု ဆုံးမပြောဆိုသော် အိုအဆွေ၊ ငါ၏ဇနီးမယားသေလျှင် လင်ပါလိုက်၍ သေစတမ်း၊ လင်သေလျှင်လည်း မယားပါလိုက်၍ သေစတမ်းဟု မြို့၏ ထုံးစံဓမ္မတာ အစဉ်အလာ ရာဇဥပဒေသ ပဝေသဏီကပင် ရှိလေသည်၊ ထို့ကြောင့် ငါပါလိုက်၍ သေရမည်ဟု ဆိုပြီးလျှင် များစွာငိုကြွေးခြင်းကို ပြုလေ၏၊ ထိုစကားကိုကြားလျှင် ငါသည်

အလွန်ထိတ်လန့်တုန်လှုပ်လျက် ငါသည် ဤတိုင်းပြည်တွင် မယားရရှိသည်နှင့် အကယ်၍ ငါ၏ မယားသေဆုံးခဲ့မူ ငါလည်း သေရမည် မချွတ်တကားဟု များစွာပူပန်ခြင်းဖြင့် အိပ်၍မပျော် စားသော်မဝင်ဖြစ်လေ၏။

ထို့ကြောင့် မယား မမာမကျန်းဖြစ်မည်ကို အလွန်စိုးရိမ်ပူပန်သည့်အတွင်း တစ်နေ့သ၌ ငါ၏ မယားသည် မမာမကျန်း ရောဂါဥပဒ်စွဲကပ်ရာ မြို့ပေါ်၌ရှိသော သမားကောင်း ဆရာကောင်းတို့နှင့် များစွာအားထုတ် ဉဿာဟပြု၍ ကုစား၏၊ ငါလည်း မယားအနားက မခွာဘဲ သေမည်ကိုစိုးရိမ်၍ ရေပူရေချမ်းဖြင့် ကမ်းလှမ်းလျက်နေ၏၊ ထိုသို့လျှင် သမားတော် တို့ပါ များစွာ အားထုတ်ဉဿာဟပြု၍ ကုပြားပါသော်လည်း သေခြင်းတရားကို မလွန်နိုင်သည် ဖြစ်၍ အသက်ကမ္မဇရုပ်သည် စဲချုပ်ရှာလေသတည်း။

ထိုအခါ ငါသည် မယားအသက်ကုန်သည်ကို မြင်လျှင် ကိုယ်ကိုရပ်တည်၍ မနေနိုင် အောင်ပင်ဖြစ်သဖြင့် ရှိုက်ကြီးတငင် အလွန်ပင် ပူဆွေးထိတ်လန့်ခြင်းဖြင့် ငိုကြွေး၏၊ ငါငိုကြွေး ခြင်းမှာကား မယားကို ချစ်မြတ်နိုးလှ၍ ငိုကြွေးသည်မဟုတ်၊ မိမိပါလိုက်၍ သေရမည်ကို စိုးရိမ် ပူပန်လှသောကြောင့် ငိုကြွေးခြင်းတည်း၊

ထိုသို့ ပြင်းစွာငိုကြွေးလေလျှင် ပြည့်ရှင်မင်းကြီးသိလေ၍ ပြည့်ရှင်မင်းကြီးက ဤ ဆင်းတဘက်အား မယားအိမ်သူကို ရှာကြံပေးစား၍ ငါသည် ချီးမြင့်ထောက်ပံ့သောသူ ဖြစ်သည်၊ ဤသူတို့၏ ဈာပနကို ငါကိုယ်တော်တိုင် ဖုတ်ကြည်းသင်္ဂြိုဟ်ခြင်း ပြုတော်မူမည်ဟု အမိန့်တော်ရှိလတ်သော် ပြည့်ရှင်မင်းကြီး၏ မျက်နှာတော်ကြောင့် မှူးတော်၊ မတ်တော်၊ သူဌေး၊ သူကြွယ်၊ ကုန်သည်လယ်လုပ်မျှမကျန် လိုက်ပို့သင်္ဂြိုဟ်ကြ၏၊ ထိုအခါ ငါ၏ မယား ကိုလည်း မသာ၏ ကိရိယာတန်ဆာတို့ကို ဆင်စေလျက် ငါ့ကိုလည်း သူသေတို့ ဝတ်ဆင်မြဲဖြစ်သော အဝတ်တန်ဆာတို့ကို ဝတ်ဆင်စေလျက် သူသေတို့စွန့်ပစ်ရာဖြစ်သော သုသာန်တစပြင် ဂူလိုဏ်ခေါင်းကြီးရှိရာသို့ ဆောင်ကြဉ်းယူသွားကြ၏၊ ထိုသို့ သုသာန် တစပြင်သို့ ရောက်လျှင် ငါသည်လည်း သေရမည့်ဘေးကို အလွန်ကြောက်ရွံ့ တုန်လှုပ် သည်ဖြစ်၍ ပြည့်ရှင်မင်းကြီးအား ဤသို့ နားတော်လျှောက်သတည်း။

ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော အရှင်ဘုရား၊ အကျွန်ုပ်သည် ဤတိုင်းပြည် သားလည်း မဟုတ်ပါ၊ အကယ်၍ ဤတိုင်းပြည်သားဖြစ်ပါမူ ရာဇဥပဒေနည်းလမ်းအတိုင်း အစဉ်ထားရှိသည်ဖြစ်၍ သေရမည့်ဘေးကို ကျွန်တော်မျိုး မကြောက်ပါ၊ ယခုမှာမူ တစ်မြို့

တစ်နိုင်ငံသားဖြစ်ပါလျက် ဤမြို့သားတို့၏ ဓမ္မတာအစဉ်အလာတိုင်း သေရမည်ဆိုသည်မှာ မသင့်မလျော် ဖြစ်ပါသည်၊ ကျွန်တော်မျိုးလိုက်ပါ၍ မသေထိုက်မသေသင့်ပါဟု ငိုယိုကာ သံတော်ဦးတင်၏၊ ပြည့်ရှင်မင်းကြီးလည်း မြို့၏ အစဉ်အလာ ဓမ္မတာဖြစ်သောကြောင့် ခွင့်မပေးဘဲ အချင်းဆင်းတဘက်၊ သင်သည် တစ်မြို့တစ်နိုင်ငံသားမှန်၏၊ ထိုသို့ မှန်ငြား သော်လည်း ဤမြို့ဤပြည်တွင် မယားယူသည့်အတွက် ဓမ္မတာအစဉ်အလာကို မလွန်ဆန် နိုင်ချေဟု ဆိုပြီးသော် သူသေတို့ကို စွန့်ပစ်သော လိုဏ်ခေါင်းတွင်းသို့ သက်ဆင်းလောဟု ဆိုတော်မူ၏၊ မယားကိုရှေးဦးစွာ လိုဏ်ခေါင်းသို့ စွန့်ပစ်လိုက်၏၊ ထိုသို့စွန့်ပြီးသော် အချင်း ဆင်းတဘက်၊ သင်သည် ကိုးကွယ်ရိုးပသရိုးဖြစ်သော ဘုရားပုထိုးတို့ကို ရှိခိုးပူဇော်လော၊ ဘုရား၊ တရား၊ သံဃာကိုအောက်မေ့၍ ဘဝကူးကောင်းအောင် ဆုတောင်းပတ္တနာ ပြုလောဟု ဆို၏၊ ငါသည် သေရမည့်ဘေးကို အလွန်ကြောက်ရွံ့ တုန်လှုပ်သည်ဖြစ်၍ ပြည့်ရှင်မင်းကြီး ခြေတော်ကို ဖတ်၍ လက်နှစ်ဖက်ကို ယှက်ကာ မျက်ရည်ဖြာဖြာ စီးကျပြီးလျှင် ကျေးဇူးတော်သခင် အရှင်မင်းမြတ်၊ အကျွန်ုပ်၏ အသက်ကို ချမ်းသာပေးသနားတော်မူပါ၊ အကျွန်ုပ်၏ ကိုးကွယ်ရာ ဖြစ်စေတော်မူပါ၊ အကျွန်ုပ်၏ မှီခိုရာ ပြုတော်မူပါ၊ အကျွန်ုပ်၏ ပုန်းအောင်းရာ ပြုတော်မူပါဟု သနားဖွယ်သော အသံဖြင့် ငိုယိုကာ လျှောက်တင်သည်၊ ပြည့်ရှင်မင်းကြီးလည်း ငါ့အား အလွန်သနားသော်လည်း ပြည်သူတို့၏ ဓမ္မတာကို မလွန်ဆန်နိုင်သည်ဖြစ်၍ ခွင့်မပေးနိုင်ဟုဆိုတော်မူရကား ထိုအခါ ငါလည်း သူသေတို့ ပစ်စွန့်ရာ ဖြစ်သော လိုဏ်ခေါင်းတွင်းသို့ သက်ဆင်းရလေ၏။

လိုဏ်ခေါင်းတွင်းသို့ ရောက်လျှင် ဤတော ဤတောင် ဤမြေ ဤရေ၌ ရှိနေကြ ကုန်သော နတ်အပေါင်းတို့နှင့်တကွ နတ်ပြည်ခြောက်ထပ်၌ ရှိကြကုန်သော နတ်အပေါင်းတို့၊ ယခု အကျွန်ုပ်သေရခြင်းသည် တရားသဖြင့် သေရခြင်းမဟုတ်ပါ၊ အကျွန်ုပ်သည် ဤတိုင်း၊ ဤပြည်သားလည်း မဟုတ်ပါ၊ မတရားသဖြင့် သေရပါမည်၊ သို့ပါ၍ အကျွန်ုပ်အသက်ကို ကယ်မ သနားတော်မူကြပါ၊ စောင့်ရှောက်တော်မူကြပါဟု တိုင်တည်လေ၏၊ ထိုသို့ တိုင်တည် ပြီးသောအခါ သူသာန်စောင့်တို့သည် ဓမ္မတာအတိုင်း ခုနစ်ရက်စာ ပေါင်မုန့်ခုနစ်လုံးနှင့် ရေဘူးတစ်ခုကို ငါ့အား ပေးအပ်ပြီးလျှင် လိုဏ်ခေါင်းတွင်းသို့ ပစ်ချကြလေ၏။

လိုဏ်ခေါင်းအတွင်းသို့ ရောက်လျှင် ပုပ်ညှီသော သူကောင်နံ့တို့များစွာ နံစော်သည် ဖြစ်၍ ၎င်းအနံ့စော်မှ လွတ်ကင်းသော နေရာသို့ တရွေ့ရွေ့သွား၏၊ ထိုသူသေတို့ကို

စွန့်ပစ်သော လိုဏ်ခေါင်းသည်လည်း အလွန်ကျယ်ဝန်းလေ၏၊ ငါလည်း သေခြင်းကိုသာ အောက်မေ့၍ နေ၏၊ ငါ၌ပါလာသော မုန့်တို့ကို ဆာလောင်မွတ်သိပ်သော်လည်း ကုန်အောင် မစားဘဲ ချွေတာ၍သာစား၏၊ ခြောက်ရက်မြောက်သောနေ့၌ အသက်ပြင်းစွာ ရှူသောအသံကို ကြားရ၍ မည်သည့် အရာနည်းဟု ရှူသံ၏ အနားသို့ချဉ်းကပ်ရာ ရှူသံသည် အနီးသို့ ရောက်လျှင်ဝေး၍ သွားပြန်၏၊ တစ်ဖန် ရှူသောအသံနောက်သို့ အစဉ်မပြတ် လိုက်ပြန်သည်၊ သို့ဖြင့် နောက်တစ်နေ့ ရောက်လျှင် ကြယ်၏ သဏ္ဍာန်ကဲ့သို့ အပေါက်ငယ်လက်လက်တစ်ခုကို တွေ့မြင်လိုက်ရ၏၊ ထိုရှူသံနှင့် အပေါက်ငယ် ရှိရာ၏ နောက်သို့ လိုက်ပြန်သော် ထိုအပေါက်သည် ကျယ်၍ လာပြန်သည်၊ ထိုအပေါက်ဆုံးသောအခါ မဟာသမုဒ္ဒရာ ကမ်းခြေနှင့် မိချောင်းကို တွေ့မြင်ရလေသတည်း၊ (ဤသို့ ဖြစ်ခြင်းမှာ မဟာသမုဒ္ဒရာ ကမ်းခြေနှင့် မိချောင်းတို့သည် တက်လာပြီးလျှင် သုသာန်လိုဏ်ခေါင်းကြီးတွင် ပုန်းအောင်း၍ နေသူနှင့် စွန့်ပစ်သော သူသေတို့ကို အမြဲစားသောက်လေ့ရှိ၏၊ ထိုလိုဏ်ခေါင်းကြီးသည် အလွန်မိုက်မှောင်နေသည်ဖြစ်၍ မိချောင်းကို မမြင်ရ၊ ရှူသံကိုသာ ကြားရသည့်အတွက် ရှူသံ၏ နောက်သို့ အစဉ်လိုက်ရာ သမုဒ္ဒရာကမ်းခြေသို့ ရောက်သည်နှင့် မိချောင်းကိုလည်း တွေ့မြင်လေသတည်း။)

ထိုသို့ သမုဒ္ဒရာကမ်းခြေသို့ ရောက်ပြီဟု ဝမ်းမြောက်ဝမ်းသာဖြင့် ငါသည် သေရ အံ့သော ဘေးမှ လွတ်မြောက်ပေပြီဟု သင်္ဘောကို ကြည့်မျှော်နေခိုက် သင်္ဘောလာသည်နှင့် ကြိမ်ကြိုက်၍ ငါ၏ဦးပေါင်းဦးရစ်ကို အလံပြုပြီးလျှင် ဟစ်အော်၍ခေါ်၏၊ ထိုအခါ ၎င်း သင်္ဘောလည်း ဆိုက်ကပ်၍ ငါ့အားတင်ယူ၏၊ သင်္ဘောထက်သို့ရောက်လျှင် ကပ္ပတိန်သည် အကြောင်းခြင်းရာကို မေးရာ ဖြစ်သမျှအလုံးစုံကို ပြန်ကြား၏၊ ကပ္ပတိန်လည်း သနားလှ သည်ဖြစ်၍ စားသောက်ဖွယ်တို့ကို ကျွေးမွေးပြီး ကောင်းမွန်စွာ ခေါ်လာလေ၏၊ ငါလည်း ကပ္ပတိန်ကို ကျေးဇူးအထူးတင်လှသောကြောင့် သေသွားသည့် မိန်းမ၌ ဝတ်ဆင်သော ပတီးနားတောင်း လက်စွပ်တို့ကို ချွတ်ယူလာသည်နှင့် ထိုပစ္စည်းတို့ကို ကပ္ပတိန်အားပေး၏၊ ကပ္ပတိန်လည်း မယူမူ၍ ငါ့အား ပြန်ပေး၏၊ ထိုသို့လျှင် ဘေးရန်မရှိဘဲ ငါ၏နေရပ်သို့ ကောင်းမွန်စွာပြန်၍ ရောက်လေသတည်း၊ ဤကား စတုတ္ထခရီးသွားခြင်းတည်း။

ဤသို့ပြောဆိုပြီးလျှင် ညီမောင် နံနက်အခါလာလှည့်ဦး၊ ပဥ္စမခရီးသွားခြင်းကို ပြောဦးမည်ဆို၍ အသပြာတစ်ထောင် ပေးပြီးလျှင် လွှတ်လိုက်ပြန်လေသတည်း။

# ဆင်းတဘာက်၏ ပဥ္စမကုန်ကူးသန်းခြင်းအကြောင်း

တစ်ဖန် နံနက်မိုးသောက် ရောက်သော် ရှေးနည်းအတူ သူဆင်းရဲကူလီသည် လာလတ်ပြန်၍ ပဥ္စမခရီးသွားခြင်းကို ပြောလိုပြန်ရကား ညီမောင်၊ ငါပြောမည်၊ နားထောင်၊ ငါသည် ပင်လယ်ခရီးကိုသွား၍ ရှာမှီးမြတ်စွန်းရရှိသောပစ္စည်းများကို လှူဒါန်းပေးကမ်းခြင်းမှာ အထီးကျန် ဆင်းရဲနွမ်းပါးသူကိုလည်း ဥစ္စာပစ္စည်းပေး၍ ချီးမြှောက်ထောက်ပံ့ခြင်း၊ ငတ်မွတ်ခေါင်းပါးသူတို့ကိုလည်း အာဟာရဘောဇဉ်တို့ဖြင့် တိုက်ကျွေးခြင်း၊ ခရီးသွားလာ အာဂန္တုတို့အား စရိတ်ကြေးငွေ ထောက်ပံ့ခြင်း၊ အရပ်လေးမျက်နှာမှ လာရောက်ကြသောသူတို့ကိုလည်း ဖိတ်မန်၍ ဘောဇဉ်တို့ဖြင့် ကျွေးမွေး၏၊ ဆေးဝါးတို့ဖြင့် ကုသခြင်းကိုလည်း ပြု၏၊ ဤသို့သော် ဒါနဝတ္ထုအစုစုတို့ဖြင့် လှူဒါန်းပြုလုပ်ရ၍ ဝမ်းမြောက်ဝမ်းသာရှိသည် ဖြစ်သောကြောင့် ရှေးက မိမိပင်လယ်ခရီးသွားလာခြင်း၌ ဒုက္ခတွေ့ကြုံခဲ့ရသော်လည်း ထိုဒုက္ခများကို သတိမရနိုင်ဘဲ သင်္ဘောတစ်စီးဖြင့် ဝယ်ပြီးလျှင် ထူးဆန်းသော ကုန်စည်တို့ကို တင်၍ ပင်လယ်ခရီးသို့ထွက်ခဲ့ပြန်၏၊ ရက်ပေါင်းအတော်ကြာလျှင် ကျွန်းတစ်ခုကိုတွေ့၍ ရေမိုးမလုံလောက်သည်နှင့် သင်္ဘောဆိုက်ကပ်ပြီးလျှင် သင်္ဘောသားနှင့် သင်္ဘောစီး လိုက်သူတို့သည် ရေမိုးသောက်ချိုးကြရန် ကျွန်းပေါ်သို့တက်ကြလေ၏၊ ကျွန်းပေါ်သို့ ရောက်လျှင် ကျောက်ဖြူလုံးကြီးကဲ့သို့ ငှက်ဥတစ်လုံးကို တွေ့လေ၏။

ထိုအခါ သင်္ဘောသားတို့သည် ကျောက်ဖြူလုံးကြီးထင်မှတ်ပြီးလျှင် ဥပေါ်သို့ တက်ကြ၏၊ အချို့သောသူတို့သည် ခဲအုတ်ကျောက်တို့ဖြင့် ပစ်ခတ်ကြ၏၊ ထိုသို့ ခဲအုတ်ကျောက်တို့ဖြင့် ပစ်ခတ်လေသော် ဥကြီး ပေါက်ကွဲသွားသည်ဖြစ်၍ ၎င်းဥကြီးထဲက ငှက်ငယ်တစ်ကောင် တွေ့ရှိရသည်၊ ထိုငှက်ငယ်ကို ရိုက်သတ်ပြီး ချက်ပြုတ်စားသောက်ကြ၏၊ ထိုသို့ ချက်ပြုတ် စားသောက်ကြသည်ကို ငါတို့မြင်လျှင် ရင်ဘတ်စည်တီး ပြုလုပ်ပြီးလျှင် သင်တို့ မိုက်လေစွတကား၊ ဤဥကား ငှက်ကြီး၏ ဥဖြစ်သည်၊ ငှက်ကြီးသည် အစာရှာရာမှ ပြန်လာခဲ့မူ မိမိဥကိုမတွေ့လျှင် ငါတို့သေကြေပျက်စီးခြင်း ဖြစ်လတ္တံ့၊ ဆောလျင်စွာ သင်္ဘောပေါ်သို့ တက်ကြကုန်လောဟု ပြောဆိုလျှင် သင်္ဘောသားတို့သည် ကြောက်ရွံ့သဖြင့် သင်္ဘောပေါ်သို့ တက်ကြလေ၏၊ သင်္ဘောပေါ်သို့ ရောက်ကြသောအခါ အလျင်အမြန် ထွက်ခွာလာလတ်၍

ခရီးအတော်မျှ ရောက်လေသော် အုတ်အုတ်သဲသဲ တခဲနက်သော အသံကို ကြားရ၏၊ မိုးမှောင်အတိ ကျလာသည်ထင်မှတ်ကြရ၏၊ ထိုအခါ ကောင်းကင်သို့ မော်၍ကြည့်လျှင် ကြီးမားစွာသော ငှက်ကြီးပျံလာသည်ကို တွေ့မြင်ရ၏၊ ထိုငှက်ကြီးသည် မိမိဥရှိရာသို့ ပြန်သွားရာ ဥကိုမမြင်လျှင် မိုးကြိုးထစ်သော အသံကဲ့သို့ အော်ဟစ်ပြီး ငှက်ဖိုကိုခေါ်၍ ကြီးမားသော ကျောက်ဆောင် ကျောက်ခဲတို့ကို ချီယူလာပြီး ငါတို့သင်္ဘောထက်သို့ ပစ်ချလေ၏။

ထိုအခါ ကပ္ပတိန်၏ ကျွမ်းကျင်လိမ္မာမှုကြောင့် ပစ်ချသော ၎င်းကျောက်ခဲမှ လွတ်မြောက်လေ၏၊ ထိုနောက်တစ်ဖန် ငှက်ဖိုကပစ်ချပြန်လျှင် ကပ္ပတိန်သည် ဖယ်ရှား တိမ်းရှောင်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ သင်္ဘောထက်သို့ ကျလေ၏၊ ထိုသို့ သင်္ဘောထက်သို့ ကျောက်ခဲကြီးကျလျှင် အစိတ်စိတ်အမြွှာမြွှာဖြစ်ပြီးလျှင် သင်္ဘောသားနှင့်တကွ သင်္ဘောစီး လိုက်သူတို့ အလုံးစုံ သေကျေ ပျက်စီးကြလေသတည်း။

ငါသည်ကား သင်္ဘော၏ပျဉ်ချပ်ကို တွယ်ကပ်မိသည်နှင့် ယောက်ျားတို့၏ လုံ့လ ဝီရိယကို မလျှော့မူ၍ မဟာသမုဒ္ဒရာကို ကူးခတ်လေရာ ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော် ကြောင့် ကျွန်းတစ်ခုသို့ရောက်လေ၏၊ ထိုကျွန်းသို့ရောက်လျှင် ဆာလောင်မွတ်သိပ်သည်နှင့် ကျွန်းပေါ်သို့တက်ကာ လှည့်လည်ကြည့်ရှုသော် အလွန်သာယာလှသော ဥယျာဉ်ပန်းမန်တို့ကို တွေ့ရ၏၊ ထိုဥယျာဉ်အတွင်းရှိ ချိုမြိန်ကောင်းမြတ်သော သစ်သီးသစ်ပွင့်တို့ကို ဆွတ်ခူး၍ စားသောက်ပြီးလျှင် ထိုကတစ်ဖန် ရှေ့ကိုဆက်၍ သွားပြန်သည်ရှိသော် အလွန်ကြည်လင် အေးမြသော စမ်းချောင်းတစ်ခုကိုတွေ့၏။ ထိုစမ်းချောင်းအနီး၌ ကိုယ်မှာအမွေးပေါက်နေသော ရှည်သော လက်သည်းခြေသည်းရှိသော လူအိုကြီး တစ်ယောက်ကို တွေ့သည်၊ ၎င်းသူအိုကြီးကို သွားရာလမ်းစခန်းနှင့် အကြောင်းခြင်းရာကို မေးမြန်း၏၊ သူက စကားကို ပြန်လှန်မပြောဘဲ လက်နှင့်သာပြ၏။

ထိုအခါ ငါက ထင်သည်မှာ ဤသူအိုကြီးသည် မသွားနိုင်သော လက္ခဏာရှိသည်၊ စမ်းချောင်း တစ်ဖက်ကမ်းသို့ ကူးချင်ဟန်လည်းရှိသည်၊ ဤဇရာဒုဗ္ဗလ အရွယ်ဖြစ်သော အဘိုးကြီးကို ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသို့ သူ၏အလိုဆန္ဒပြည့်စုံခြင်းငှာ ပို့အံ့ဟု နှလုံးသွင်းပြီးလျှင် ကျောပေါ်သို့ ကုန်းပိုးစေလျက် စမ်းချောင်း၏ တစ်ဖက်ကမ်းကို ပို့လေ၏၊

ထိုမှာဘက်ကမ်းသို့ ရောက်လျှင် ငါ၏ကျောထက်က ချ၏၊ ထိုသို့ ကျောပေါ်ထက်က ချသော်လည်း သူအိုသည် မဆင်းဘဲ လက်ခြေတို့ဖြင့် ဖက်တွယ်ကပ်လိမ်၍ ထားလေ၏။

ထိုသို့ ဖက်တွယ်ကပ်သဖြင့် ငါသည် အကြိမ်ကြိမ် ကျောကုန်းပေါ်ကချရာ ထိုသူအိုကြီးသည် ရှည်သောလက်သည်း ခြေသည်းတို့ဖြင့် ငါ၏လည်ပင်းကို ညှစ်သည်၊ အသက်ထွက်မတတ် နာကျင်ခြင်းကို ခံရသဖြင့် ငါသည် အလွန်ကြောက်ရွံ့ခြင်း ဖြစ်၏၊ ထိုသူအိုကြီးသည် ငါ့ကို ဝေါယာဉ်ကဲ့သို့ ပြုလုပ်၍ သူသွားလိုသော အရပ်ကို လက်နှင့် ညွှန်ပြသဖြင့် သွားရ၏၊ ဤကဲ့သို့ ခြောက်ရက်ပတ်လုံး သူအိုကြီး၏ နှိပ်စက်ညှဉ်းဆဲခြင်း ခံနေရ၍ ဒုက္ခကြီးစွာဖြစ်ရ၏၊ ခုနစ်ရက်မြောက်သောနေ့၌ ဘူးသီးကြီးတစ်လုံးကိုတွေ့၍ ထိုဘူးသီးကြီး၏ အသားအဆံတို့ကို ထုတ်နုတ်ယူငင်ပြီးလျှင် နေပူ၌ခေတ္တလှန်းသည်၊ သပျစ်သီးများလည်း အလွန်ပေါများသည်နှင့် ၎င်းဘူးသီးကြီးထဲသို့ သပျစ်ရည်တို့ကို ညှစ်၍ ထည့်ပြီးလျှင် အင်အားဖြည့်တင်းစေခြင်းငှာ သောက်သည်၊ ပင်ပန်းခြင်း ပြေပျောက်ကာ သီချင်းသီဆိုပြီးလျှင် ကခုန်ခြင်းကို ပြု၏၊ ဤအကြောင်းကို ငါ၏ကျောကုန်းထက်၌ရှိသော သူအိုကြီး မြင်လေလျှင် ဤသူသည် ၎င်းအရည်ကို သောက်ရသောကြောင့် ကခုန်ခြင်းကို ပြု၏၊ ငါလည်း ဤအရည်ကို သောက်လိုသည်ဟူသော အမှတ်သညာဖြင့် လက်တို့ကို ပြ၏၊ ထိုသို့ပြလျှင် ငါသည်လည်း ၎င်းသပျစ်ရည်ကို သူအိုကြီးအားတိုက်၏၊ သူအိုကြီးလည်း သပျစ်ရည်ကို သောက်ရလျှင် အလွန်ဝမ်းသာရွှင်လန်း၍ ရယ်သွမ်းသွေးလျက် အလွန် မူးယစ်သည်ဖြစ်၍ ငါ၏ ကျောကုန်းထက်မှကျ၏၊ ထိုသို့ ကျောကုန်းထက်ကကျလျှင် ငါလည်း ခုနစ်ရက်ပတ်လုံး ဤသူ၏ နှိပ်စက်ညှဉ်းပန်းခြင်းကို ခံရ၏၊ ဤသူအိုအား ကျောက်ခဲတို့ဖြင့် ပေါက်သတ်အံ့ဟု နှလုံးသွင်းပြီးလျှင် ကျောက်ခဲတို့ကိုကောက်ယူ၍ ၎င်းသူအိုအား ပေါက်သတ်၏၊ ၎င်းသူအိုသည်လည်း လူစင်စစ်မဟုတ်၊ လူဝံဖြစ်၏၊ ထိုလူဝံကြီးသေလျှင် ယခင်က တွေ့ခဲ့သောဥယျာဉ်သို့ ပြန်သွားပြီးလျှင် စားကောင်းသောက်ဖွယ်ရှိသော အသီးအနှံ တို့ကို ဆွတ်ခူး၍ စားသောက်၏၊ ထိုသို့ စားသောက်ပြီးလျှင် ငါသည်ကား ထိုပင်လယ် လမ်းခရီး၌ သွားလာခြင်းကြောင့် အကြိမ်ကြိမ် ဒုက္ခတွေ့ကြုံ ရလေသည်၊ ယင်းသို့ တွေ့ကြုံရငြားသော်လည်း ပင်လယ်ခရီးလမ်း သွားလာခြင်းကို မစွန့်လွှတ်နိုင်၊ ယခုလည်း ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကြောင့် ၎င်းလူဝံကြီး၏ ဘေးအန္တရာယ်မှ လွတ်မြောက် ရလေသည်။ သြော် ဘုရား၊ တရား၊ သံဃာ၏ ဂုဏ်ကျေးဇူးတော်သည်ကား အလွန်တရာ

ကြီးမြတ်ပေစွတကားဟု ဘုရား၊ တရား၊ သံဃာ၏ ဂုဏ်ကျေးဇူးတော်ကို အောက်မေ့ဆင်ခြင်၍ နေခိုက် သင်္ဘောပျက်စဉ်အခါက ပျဉ်ချပ်နှင့် ဆိုက်ကပ်သောနေရာ၌ သင်္ဘောတစ်စင်း ဆိုက်ရောက်လာသည်။

၎င်းသင်္ဘောနှင့် စီးနင်းလိုက်ပါသူတို့သည် ကုန်းပေါ်သို့တက်လာကြပြီးလျှင် ငါ့ကို ဝိုင်းဝန်းကြည့်ရှုကြ၍ သင်သည် မည်သည့်အရပ်ကနည်း၊ မည်သည့်အကြောင်းကြောင့် ဤကျွန်း၌ တစ်ယောက်တည်းနေဘိသနည်း စသည်ဖြင့် မေးမြန်းကြသည်၊ ငါလည်း ဖြစ်ပျက်သမျှကို ပြန်ပြောင်းပြောဆို၏၊ ထိုသို့ပြောလျှင် ကပ္ပတိန်နှင့်တကွ သင်္ဘောစီးသူတို့သည် ငါ့ကို သနားလှသည်နှင့် အစားအစာများ ကျွေးမွေးပြီးလျှင် သင်္ဘောပေါ်သို့ ခေါ်ဆောင် သွားကြလေ၏၊ သင်္ဘောလည်း ထိုကျွန်းက တစ်ဖန်ထွက်ခွာပြန်လေသော် အလွန်သာယာစည်ပင်သော မြို့တစ်မြို့ကို တွေ့၍ ထိုမြို့တွင် သင်္ဘောဆိုက်ကပ်သည်၊ သင်္ဘော၌ စီးနင်းလိုက်ပါသူတို့သည် မြို့ပေါ်သို့တက်၍ လှည့်ပတ်ကြည့်ရှုကြ၏၊ ငါလည်း မြို့၏ စည်ပင်သာယာဟန်ကို လှည့်လည်ကြည့်ရှုနေစဉ် သင်္ဘောထွက်သွားသဖြင့် မမှီလိုက်ဘဲ သင်္ဘောသွားသည်ကိုသာ မြင်လိုက်ရ၏၊ ငါလည်း သင်္ဘောထွက်သွားသည်နှင့် အသိအကျွမ်းမိတ်ဆွေသဟာမရှိသောကြောင့် မြို့၌လှည့်ပတ်၍ နေရ၏၊ ၎င်းမြို့၌လည်း မျောက်များ အလွန်ပေါသည်ဖြစ်၍ ညဉ့်အချိန်ရောက်လျှင် လူများသည် မိမိတို့၌ရှိသော လှေသမ္ဗာန်တုံကင်းစသည်တို့ကိုစီး၍ ပင်လယ်သို့ထွက်ခွာပြီး အိပ်ကြရ၏။

နံနက်မိုးသောက် ရောက်လေသောအခါမှ မိမိတို့မြို့သို့ပြန်၍ ရောင်းဝယ် ဖောက်ကားခြင်းပြုလုပ်ကြ၏၊ ထိုအခါ ဤမြို့က လူတစ်ယောက်သည် ငါ့အား သင်သည် မည်သည့်အရပ်ကနည်း၊ ငါတို့မြို့သူမြို့သားတို့နှင့်လည်း ပုံသဏ္ဍာန်အသွင်အပြင်မတူ၊ အဘယ်ကြောင့် တစ်ယောက်တည်းနေဘိသနည်း၊ ဤမြို့၌ မျောက်များ၏ ဘေးအန္တရာယ် အလွန်ကြီးသည်၊ ညဉ့်အချိန်တိုင်ရောက်က မျောက်တို့သည် မြို့သို့လာ၍ ကျန်ရှိသောသူကို ကိုက်သတ်ခြင်း၊ ဖမ်းခြင်းကို ပြုလုပ်ကြသည်၊ ထို့ကြောင့် လှေပေါ်သို့အမြန်တက်လော့ဟုဆိုလျှင် ငါလည်း ထိုသူတို့နှင့်အတူ လှေထက်တွင်စီး၍ လိုက်ခဲ့ရ၏၊ နံနက်ရောက်လျှင် ဤသူတို့သည် မြို့ပေါ်သို့ ပြန်၍ ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်ကြ၏။

ထိုအခါ သင်သည် အသက်မွေးလုံလောက်ရန် မည်သည့်အတတ်မျိုးကို တတ်မြောက်ကျွမ်းကျင်သနည်းဟု မေးရာ လက်မှုပညာတစ်စုံတစ်ခုမျှမတတ်ပါ၊ ကုန်ကူးသန်း ရောင်းဝယ်

ခြင်း၌သာ လိမ္မာကျွမ်းကျင်ပါသည်ဟု ဆိုလျှင် ကောင်းပြီ လက်မှုပညာတစ်စုံတစ်ခုမျှ မတတ်လျှင် ငါအကြံပေးမည်၊ ဤအိမ်က ဂုန်နီအိတ်တစ်လုံးကို ယူ၍ ခဲအုတ်ကျောက်တို့ဖြင့် ထည့်ပြီးလျှင် မြို့၏ အစွန်အဖျား၌ အုန်းတောရှိသည်၊ ထိုအုန်းတော၌ မျောက်တို့ အလွန် ပေါများ၏၊ ထိုမျောက်တို့ကို ခဲအုတ်ကျောက်တို့ဖြင့် ပစ်ခတ်ချောက်လှန့်လျှင် မျောက်တို့သည် အုန်းပင်ပေါ်သို့ တက်၍ အုန်းသီးတို့ကို ဆွတ်ခူး၍ပစ်ချလိမ့်မည်၊ ထိုအခါ ၎င်းအုန်းသီးတို့ကို ကောက်ယူစုဆောင်း၍ ရောင်းချပြီးလျှင် အသက်မွေးလော့ဟုပြောဆိုကြ၏၊ ကောင်းလှပါပြီ အဆွေတို့ ပြောသည့်အတိုင်း စီမံပြုလုပ်ပါအံ့ဟု ပြောဆိုလျက် ဂုန်အိတ်ကိုယူ၍ ခဲကျောက် တို့ကို ထည့်ပြီးလျှင် အစီအစဉ်တိုင်း ပြုလုပ်လေ၏၊ ထိုအခါ မျောက်တို့ ပစ်ချသော အုန်းသီးတို့ကို ကောက်ယူစုပုံ၍ ယနေ့ရောင်းသင့်သော အုန်းသီးတို့ကို ရောင်းချ၍ အတော် နေ့ရက်ကြာအောင် ခံမည့်အုန်းသီးတို့ကို စုပုံထားသောကြောင့် များစွာဖြစ်ပွားလာသတည်း။

ထိုအခါ သင်္ဘောတစ်စင်းသည် ၎င်းမြို့သို့ ဆိုက်ကပ်လာသည်နှင့် ငါတည်းခို နေထိုင်သော အိမ်ရှင်တို့ကို တိုင်ပင်ပြောဆိုကာ စုပုံထားသော အုန်းသီးများကို သင်္ဘောပေါ်သို့ တင်ဆောင်ပြီးလျှင် ထိုသင်္ဘောနှင့်ပင် လိုက်ပါလာခဲ့၏၊ သင်္ဘောဆိုက်ရောက်သော မြို့များ ၌လည်း အုန်းသီးဝယ်လိုသူရှိလျှင် ရောင်းချ၏၊ ငွေနှင့်မဝယ်နိုင်လျှင် ကုန်တို့နှင့်လဲ၏၊ ဤသို့လျှင် အစဉ်သဖြင့် မြို့ရွာတို့ကိုဝင်ထွက်၍ ပုလဲတို့ကို ဆယ်ယူလုပ်ကိုင်သော အရပ်သို့ ရောက်ပြန်လျှင် ထိုသူတို့အား အုန်းသီးတို့ဖြင့် ပေးကမ်း၍ ငုပ်စေပြီးဆယ်စေ၏၊ တစ်ဖန် အုန်းသီးနှင့် ပုလဲကို လဲထပ်လိုသူ ရှိလျှင်လည်း လဲထပ်၍ယူ၏၊ ထိုသို့လျှင် ငါသည် များစွာသောပုလဲနှင့် ကုန်အမျိုးမျိုးတို့ကိုရခဲ့၍ ငါတို့အရပ်သို့ ပြန်လည်ရောင်းချရ ဆုံးပါး ပျက်စီးသည့်ပစ္စည်းများ ကာမိသည့်ပြင် နစ်ဆထက်ပင် မြတ်စွန်းလေ၏။

ဤကား ပဥ္စမခရီးသွားခြင်းတည်း စသည်တို့ဖြင့် ပြောဆို၍ သူဆင်းရဲအား အစားအသောက်တို့ကို ကျွေးမွေးပြီးလျှင် ငွေအသပြာ တစ်ထောင်ကိုပေးကာ ညီမောင်၊ နံနက်အခါ ငါ၏ အိမ်သို့လာလှည့်ဦး၊ ဆဋ္ဌမခရီးသွားခြင်းအကြောင်းကို ပြောဦးမည်ဆိုပြီးလျှင် အိမ်သို့ ပြန်စေသတည်း။

***

# ဆင်းတဘက်၏ ဆဋ္ဌမကုန်ကူးသန်းခြင်းအကြောင်း

နံနက်မိုးသောက်ရောက်သော် သူဆင်းရဲကူလီသည် တစ်ဖန်လာပြန်၍ ကောင်းမွန်စွာ ကျွေးမွေးပြီးလျှင် ညီမောင်၊ ဆဋ္ဌမခရီးသွားခြင်းကို ငါပြောမည် နားထောင်လော၊ ငါသည် ပင်လယ်ခရီး၌ ခရီးသွားသောကြောင့် ဥစ္စာပစ္စည်းများစွာ ကြွယ်ဝ ချမ်းသာလာသဖြင့် ကောင်းမွန်သော အဝတ်အထည် အဆင်တန်ဆာတို့ကို ဝတ်ဆင်ပြီးလျှင် ယစ်မူးလျက် ကာယသုခရှိအောင် နေထိုင်ခြင်း၊ အဆန်းတကြယ် ဖွယ်ဖွယ်ရာရာ ဖြစ်သော ရှုချင်ဖွယ်ရာတို့ကို ရှုကြည့်ခံစားခြင်း၊ ကောင်းမွန်သော ဆီဦးထောပတ် မြိန်မြတ်သော အရသာကို ဆောင်သော စားဖွယ်သောက်ဖွယ်တို့ကို တည်ခင်း၍ ရသာရုံတို့၌ ခံစားခြင်း၊ သာယာ နစ်သက်ဖွယ် ဖြစ်သော အတီးအမှုတ် တူရိယာအငြိမ့်သဘင် ရွှန်းရွှန်းရွှင်သော သီချင်းတို့ဖြင့် သီကုန်းနှုန်းဖွဲ့အပ်သော အသံတို့ကိုနာခံခြင်း၊ ကောင်းမွန်မွှေးပျံ့ သင်းကြိုင်လှိုင်သောအကျော်၊ ကရမက် ကုတိုး၊ စန္ဒကူးဖုံး မသိမ် အစရှိသော အလုံးစုံသော အမွှေးနံ့သာမျိုးတို့ဖြင့် ဘုံဗိမာန်ကို ဆွတ်ဖျန်းကာ ရောင့်ရဲခြင်း မရှိအောင်ခံစားခြင်း၊ ဤသို့ ကာမဂုဏ်ငါးပါးတို့ဖြင့် မွေ့လျော်ပျော်ပါး ခံစားသောကြောင့် ရှေးအခါက ပင်လယ်၌ခရီးသွားရာ ဒုက္ခဆင်းရဲ ဖြစ်သည်များကို သတိမရတော့ဘဲ ခရီးသွားခြင်း၌သာ လွမ်းဆွတ်လှသည်ဖြစ်၍ တစ်ဖန် ကုန်စည်အမျိုးမျိုးတို့ကို ဝယ်ခြမ်းပြီးလျှင် ဘာဆရမြို့သို့ထွက်သော သင်္ဘောတွင် လိုက်ပါလာ ခဲ့သည်၊ အမြို့မြို့အရပ်ရပ်သို့ ဆိုက်ကပ်လေသည်နှင့် ရောင်းသင့်သော ကုန်တို့ကိုရောင်းချ၍ ဝယ်သင့်သော ကုန်တို့ကို ဝယ်ခြမ်းပြီးလျှင် မဟာသမုဒ္ဒရာသို့ ထွက်လာရာ နေ့ရက် အတော်ကြာလျှင် ပလဝါမုခ သမုဒ္ဒရာသို့ ရောက်လေ၏။

ကြမ်းတမ်းသောရေ၊ ကြမ်းတမ်းစွာသောအသံဖြင့် ကြောက်မက်ဖွယ်သော သမုဒ္ဒရာသို့ ရောက်သောကြောင့် ကပ္ပတိန်သည် လမ်းလွဲ၍လာသည်ကို သိလေလျှင် မကြည်မသာ မျက်နှာဖြင့် မိမိဦးပေါင်းရစ်ကိုချွတ်၍ ရေထဲသို့စွန့်ပစ်ခြင်း၊ မိမိအင်္ကျီကိုချွတ်၍ စွန့်ပစ်ခြင်း စသည်ပြုလုပ်သည်ကို သင်္ဘောသားနှင့် သင်္ဘောစီးနင်း လိုက်ပါသူတို့မြင်လျှင် စုဝိုင်း၍ ကပ္ပတိန်အား ဆရာကပ္ပတိန်၊ အကြောင်းမည်သို့ထူးသောကြောင့် ဤသို့ပြုလုပ်သနည်း စသည်တို့ဖြင့် စုံစမ်းမေးမြန်းကြသည်၊ ကပ္ပတိန်က အို အချင်းတို့၊ သင်တို့မသိကြကုန်၊ အလွန်ကြောက်မက်ဖွယ် ကောင်းလှသော ပလဝါမုခ သမုဒ္ဒရာလမ်းသို့ လမ်းလွဲ၍ ရောက်လာ

ချေပြီ၊ သင်္ဘောသည် မကြာမီ ပျက်စီးလတ္တံ့၊ သင်တို့သည် ဘုရား၊ တရား၊ သံဃာကိုသာ အောက်မေ့ ကိုးကွယ်ကြကုန်လောဟု ပြောလေ၏၊ သင်္ဘောသားနှင့်သင်္ဘောစီးသူတို့သည် ကျိုက်ကျိုက်ဆူသော ဆီပူ၌ ချက်ဘိသကဲ့သို့ များစွာ ငိုကြွေးဟစ်အော်ကြလျက် တုန်တုန်ခိုက်ခိုက် ရှိနေသည်အတွင်း လေပြင်းမုန်တိုင်းတို့သည် ကြောက်မက်ဖွယ်သော အသံတို့ဖြင့် တိုက်ခတ်လာကြသည်၊ သင်္ဘောသည် အစိတ်စိတ်အမြွာမြွာဖြစ်၍ အချို့သော သူတို့ သေကြေပျက်စီးလျက် အချို့လည်း ဂယက်ရေပန်းလှိုင်းတံပိုးတို့ တိုက်ခတ်သောကြောင့် တောင်ကြီးပေါ်သို့ ရောက်ကြကုန်၏၊ ၎င်းတောင်ပေါ်၌လည်း လှိုင်းလုံးပုတ်ခတ်၍ တင်လာသည့် သင်္ဘောပျက်မှ ပျဉ်ချပ်ပျဉ်ကျိုးတို့နှင့် စားဖွယ်သောက်ဖွယ်များကို တွေ့သဖြင့် ၎င်းအစာအာဟာရတို့ကို မှီဝဲစားသောက်ရ၏၊ ထိုအစာအာဟာရတို့ကိုလည်း ဝလင်အောင် မစားမသောက်ဝံ့၊ မျှတရုံသာချွေတာ၍ စားသောက်သုံးဆောင်ကြရ၏။

၎င်းတောင်ပေါ်၌လည်း မင်းဇကေရာဇ်တို့နှင့်သာ ထိုက်တန်သော ပုလဲ၊ ပတ္တမြား၊ ကျောက်မျက်ရွဲတို့ အလွန်ပေါကုန်၏၊ ပယင်းကျောက်တို့သည်လည်း ပြောင်လက်လက် ချောင်းအတိစီး၍ အေးသောနေရာသို့ ရောက်မှခဲကုန်၏၊ ဤမျှလောက် ဆန်းကြယ်သော တောင်ပေါ်သို့ အလွန်ကြည်လင်အေးမြသော စမ်းရေ စိမ့်ရေတို့သည် လူတို့သောက်ချိုးရန် တသွင်သွင်စီးကုန်၏၊ ထိုစမ်းရေကို ငါနှင့် အဖော်အပေါင်းတို့ သောက်ချိုး၍ စားဖွယ် သောက်ဖွယ်တို့ကို စားသောက်နေကြရာ များမကြာမီ ၎င်းအပေါင်းအဖော်တို့သည် သေဆုံး၍ ကျန်ရှိသောသူတို့က ရုပ်လောင်းတို့ကို ကောင်းမွန်စွာ ဖုတ်ကြည်သင်္ဂြိုဟ်ခြင်း ရှာပနကိစ္စကို ပြုလုပ်ကြ၏။

ဤသို့ အပေါင်းအဖော်တို့ သေဆုံးလေက ငါတစ်ယောက်သာ ကြွင်းကျန်၏၊ ယင်းသို့ကြွင်းကျန်လျှင် ငါသည် မုချမလွဲ အမှန်ပင်သေရလတ္တံ့၊ သို့ဖြစ်၍ ငါ၏အလောင်းကို မည်သူမျှ ဖုတ်ကြည်သင်္ဂြိုဟ်ခြင်း ပြုလုပ်မည့်သူမရှိ၊ မသေမီကမြေကို တူးဖော်၍ထားမှ သင့်လျော်မည်ဟု ကြံပြီးလျှင် မြေကိုယက်လျက် တွင်းတူးပြီး ၎င်းတွင်းထဲ၌အိပ်လျက် ငါသည်ရှာမှီး၍ ထားအပ်သော များစွာသော ရွှေငွေဘဏ္ဍာ ရတနာအပေါင်းတို့သည် တစ်သက်လျာပတ်လုံးသုံးစွဲသော်လည်း မကုန်မခန်းနိုင်ရာ၊ ဤမျှလောက်သော စည်စိမ် ဥစ္စာပေါင်းများ ကြွယ်ဝပါလျက် လောဘရမ္မက်သို့လိုက်ရာ ပင်လယ်ခရီး၌ သွားလာ ကူးသန်းခြင်းတို့ကို မစွန့်မလွှတ်နိုင်ဖြစ်သောကြောင့် ဤကဲ့သို့သောဒုက္ခကို ကြုံရလေသည်၊

ငါသာလျှင် မိုက်စွတကား၊ ဤအမှုကိုပြုလုပ်စေရန် ငါ့မိငါ့ဖတို့ တိုက်တွန်း နှိုးဆော်သည်လည်း မဟုတ်၊ ငါ၏ဆွေမျိုးညာတိ စသည်တို့က တိုက်တွန်းနှိုးဆော်သည်လည်းမဟုတ်၊ ငါသာလျှင် မိုက်လှသောကြောင့် ဘောလနိုင်ငံသို့လိုက်၍ ဤဒုက္ခဆင်းရဲကို တွေ့ကြုံရလေသည်၊ ယခု ငါသည် သေခြင်းဘေးမှ လွတ်မြောက်နိုင်တော့မည်မဟုတ်၊ ဘုရား ကယ်တင်တော်မူပါ၊ တရားကယ်တင်တော်မူပါ၊ သံဃာကယ်တင်တော်မူပါဟူ၍ ဘုရား၊ တရား၊ သံဃာကိုသာ တောင့်တ၍ များစွာငိုကြွေးမြည်တမ်း၏။

ဤသို့ ငိုကြွေးမြည်တမ်းပြီးလျှင် ကြံမိပြန်သည်မှာ ငိုယို၍နေခြင်းဖြင့် သေဘေးမှ လွတ်မည်မဟုတ်၊ အကြံအစည် ဉာဏ်ပညာသာ တုံးလေတော့မည်၊ ယောကျ်ားလုံ့လဝီရိယကို လျှော့ကောင်းသည် မဟုတ်ချေဟု စိတ်ကိုနိုင်ခံ့စေလျက် တောင်ပေါ်က ပျဉ်ချပ်ပျဉ်ကျိုးတို့ကို စုရုံး၍ မြဲမြံစွာ ဖောင်ဖွဲ့ပြီး အဖိုးများစွာထိုက်တန်သော ပုလဲ၊ ပတ္တမြား၊ စိန်ကောင်း ကျောက်ကောင်း တို့ကိုယူကာ စားဖွယ်သောက်ဖွယ်တို့ကိုလည်း လုံလောက်စွာထည့်၍ ဖောင်ပေါ်သို့ တက်စီးသည်၊ ထို့နောက် စမ်းချောင်းရေအတိုင်း အစဉ်တစိုက်မျှော၍ လိုက်လေသော် ထိုစမ်းချောင်းသည် ကျယ်သောနေရာ၌လည်း ကျယ်၏၊ ကျဉ်းသောနေရာ၌ ဖောင်လွတ်ရုံသာရှိ၏၊ အချို့သောနေရာ၌ စမ်းရေသည် အလွန်စီး၏၊ အချို့သောနေရာ၌မစီး၊ ထိုအခါ ငါသည် လုံ့လဝီရိယ အားထုတ်ပြီးလျှင် လှော်ခတ်သည်၊ သို့ဖြင့် တရွေ့ရွေ့ သွားလေသော် ထိုစမ်းရေသည် ကျောက်ဆောင်ကျောက်ဂူကြီး၏ အတွင်းသို့ စီးဆင်းသွားကာ ဖောင်သည်လည်း ထိုဂူကြီးအတွင်းသို့ ဝင်သွားလေ၏။

ဂူကြီးအတွင်းသို့ ရောက်လေလျှင် နေရောင်လရောင်တို့ကို မမြင်ရ၊ မှောင်အတိ ဖြစ်လျက် နရက်ချောက်သို့ ကျရောက်ဘိသကဲ့သို့ ထင်မှတ်ရ၏၊ ထိုကျောက်ဂူကြီးအတွင်းသို့ ရောက်လျှင် ငါသည် ဤဂူကြီးအတွင်းတွင် သေခြင်းကို မလွန်နိုင်ချေဟု အောက်မေ့ပြီးလျှင် များစွာငိုကြွေး၏၊ ၎င်းဂူကြီးအတွင်း၌လည်း ယခင်ကဲ့သို့ ကျယ်သောနေရာ၌ ကျယ်၏၊ ကျဉ်းသော နေရာ၌လည်း ဦးခေါင်းလွတ်ရုံသာရှိ၏၊ ထိုအခါ ငါသည် ကြောက်လန့်ခြင်း အလွန်အားကြီးရကား အိပ်ပျော်သကဲ့သို့ဖြစ်၏၊ စမ်းချောင်းရေအဟုန်ကြောင့် ဂူကြီးကိုလွန်၍ လူမည်းတို့နေရာ အိန္ဒိယမြို့သို့ ဖောင်သည် ဆိုက်ကပ်လေ၏၊ ထိုသို့ဖောင်ဆိုက်ကပ်လျှင် အိန္ဒိယတိုင်းသား လူမည်းများလည်း ငါ၏ဖောင်ကို ကြိုးဖြင့်ချည်ထားပြီးမှ ငါမိန်းမော နေသည်ကို နောက်ယုက်ခြင်းမပြုဘဲ ဝိုင်းအုံကြည့်ရှုကြ၏၊ ထိုအခိုက် ငါသည် သတိရ၍

မည်သည့် အရပ်သို့ ရောက်လာသနည်း၊ အိပ်မက်ပင်မြင်မက်ပါသလောဟု တွေးတော ဆင်ခြင်၍နေစဉ် အိန္ဒိယတိုင်းသား လူမည်းများက အဆွေ၊ သင်သည် မည်သည့် အရပ်ကလာသနည်း၊ ဤဖောင်ပေါ်၌ မည်ကဲ့သို့ဖြစ်လာသနည်း စသည်ဖြင့် မေးမြန်းကြသည်။

ငါသည် သူတို့မေးမြန်း ပြောဆိုကြသောစကားကို နားမလည်၊ ငါပြောသောစကားကို သူတို့က နားလည်ကြ၏၊ အိန္ဒိယတိုင်းသားများသည် ဤသူကား ငါတို့နှင့်မတူ၊ သွင်ပြင်ရုပ်ဝါ ကွဲပြားသည်၊ ထူးဆန်းသောသူဖြစ်ရကား ငါတို့ မင်းထံ ဆက်သမည်ဆို၍ ဆက်သကြလေ၏၊ မင်းကြီးရှေ့တော်သို့ ရောက်လျှင် ငါ၏အဖြစ်အပျက် အကျိုးအကြောင်းကို မေးမြန်းသည်၊ အကြောင်းအရာကို စုံလင်စွာလျှောက်ထား၍ ပြည့်ရှင်မင်းကြီးလည်း အလွန်သနားလှသည် ဖြစ်သောကြောင့် ရာထူးဌာနန္တရတို့ဖြင့် ကောင်းမွန်စွာချီးမြှောက်ခန့်ထား၍ မှူးတော်မတ်တော် သေနာပတိအစရှိသည်တို့နှင့် အကျွမ်းတဝင် ဖြစ်၏။

တစ်နေ့သ၌ ငါသည် နေသောမြို့သို့ ပြန်လိုကြောင်းကို လျှောက်တင်သော ပြည့်ရှင်မင်းကြီးက အခွင့်မပေး၊ ထို့နောက်လည်း မကြာမကြာ လျှောက်တင်သည်နှင့် ကောင်းပြီ သင်ပြန်လိုလျှင် သံတမန်ပြုလုပ်၍ သင်နေသော တိုင်းပြည်သို့ ပြန်သွားရမည်ဟု အမိန့်တော် ရှိလေ၏၊ ကောင်းလှပါပြီ၊ အခိုင်းစေတော်မူသည့်အတိုင်း သံတမန်ပြုလုပ်၍ သွားပါအံ့ဟု လျှောက်တင်သော် ကောင်းပြီ၊ သင်တို့မင်းအား ဆက်သရန်ဆို၍ အဖိုးနဲ့ထိုက်တန်သော ဘုရင်မင်းဧကရာဇ်တို့သာ သုံးစွဲသော ပုလဲ၊ ပတ္တမြား၊ ကျောက်မျက်ရွဲတို့ကို လက်ဆောင်ပဏ္ဏာပြု၍ ရာဇသံစာကိုလည်း ဤသို့ရေးသားလေသတည်း။

အိန္ဒိယတိုင်းကြီးကို အစိုးရသော ဆာလင်တက်မင်းက အမှာတော်စာ ပေးပို့လိုက် ပါသည်၊ ဘက်ဂဒက်မြို့တော်နှင့်တကွ အသီးသီးသော တိုင်းပြည်ခရိုင် နိုင်ငံကျေးလက်ကို စိုးမိုးအုပ်ချုပ်တော်မူသော ကာလစ်ဟာရွန်အာရာရှစ်မင်းမြတ်၊ ကျွန်ုပ်၏ တိုင်းပြည်၌ဖြစ်သော လက်ဆောင်ပဏ္ဏာကာရတို့ကို ပေးပို့လိုက်ပါသည်၊ ဤလက်ဆောင်ပဏ္ဏာတို့ကို ယုတ်ညံ့ သိမ်ဖျင်းသည်ဟု နှလုံးသွင်း၍ သိမ်းပိုက်တော် မမူဘဲမနေပါလင့်၊ ကျွန်ုပ်တို့တိုင်းပြည်၌ ဤလက်ဆောင်မျိုးသာလျှင် အမွန်မြတ်ဆုံးဖြစ်၍ ဆက်သလိုက်ပါသည်။

ယင်းသို့ ရေးသားပြီးလျှင် ဆာလင်တက်အမည်ရှိသောမင်းက သံတမန်အဖြစ်ဖြင့် ငါ့အားစေလွှတ်၏၊ ငါလည်း ရေးသားသောစာနှင့် ဆက်သရန် လက်ဆောင်ပဏ္ဏာ တို့ကိုယူပြီးလျှင် ဘာဆရမြို့သို့ ပြန်လာခဲ့သည်၊ မြို့သို့ရောက်လျှင် ဗိမာန်သို့ဝင်ပြီးသော်

သားမယားတို့ကို နှုတ်ခွန်းဆက်သည်၊ ငါသည် တောင်ထိပ်ပေါ်က ရသောပုလဲ၊ ပတ္တမြားတို့ကို ပေးအပ်ခဲ့၍ ကာလစ်ဟာရွန်အာရာရှစ်မင်းကြီးထံ ရွှေပေဖြင့် ရေးသားသောစာနှင့်တကွ လက်ဆောင်တော်တို့ကို ဆက်သသည်၊ ရွှေပေလွှာ၌ပါသော စကားအဓိပ္ပါယ်တို့ကို ကြားသိတော်မူ၍ လက်ဆောင်ပဏ္ဏာတို့ကို ကြည့်ရှုရာ အဖိုးအသိန်းအသန်းမက ထိုက်တန်လှသော မင်းကေရာဇ်တို့သာ သုံးစွဲသော ပုလဲ၊ ပတ္တမြား၊ ကျောက်မျက်ရွှဲစသော လက်ဆောင်တော်တို့ကို မြင်ရလျှင် အလွန်ဝမ်းမြောက်ဝမ်းသာရှိ၍ အချင်း ဆင်းတဘာက်၊ ဘက်တက်မြို့၌ ပုလဲပတ္တမြားတို့သည် အလွန်ပေါများသလော၊ ထို့ပြင် မြို့၏ အနေအထား စည်ပင်ပြန့်ပွား ခြင်းသည် မည်သို့နည်း စသည်ဖြင့် မေးတော်မူ၏၊ ငါလည်း ရွှေဘုန်းတော်ရှင်သခင်ဘုရား၊ အိန္ဒိယမြို့တော်သည် အလွန်မွေ့ပျော်ဖွယ်ရာ ကောင်းလှပါသည်၊ မြို့ရိုး၊ မြေကတုတ်၊ တံခါးကျုံး၊ မြောင်းစသော မြို့၏ အင်္ဂါတန်ဆာတို့နှင့်လည်း ပြည့်စုံပါသည်၊ အိန္ဒိယတိုင်းကြီးကို အစိုးရသော ဆာလင်တက်မင်း စံနေတော်မူသော နန်းတော်သည် ပတ္တမြား၊ နီလာ၊ ဂေါ်မုတ်၊ ဥဿဖယား၊ ပုလဲ၊ ကျောက်မျက် ရွှဲတို့ကိုသာ စုပုံ၍ ခင်းကျင်းထားသောကြောင့် ရတနာတို့သည် အလွန်ပေါများပါသည်၊ ၎င်းပြင်လည်း ထိုမင်းထွက်စံပယ်တော်မူသောအခါ၌ ရှေ့ကိုးတပ်၊ နောက်ကိုးတပ်ခင်းကျင်းပြီးလျှင် ဆင်စီးသူရဲ၊ မြင်းစီးသူရဲ၊ ရထားစီးသူရဲ၊ ခြေသည် သူရဲ စသည်တို့သည် နတ်စစ်သည်ကဲ့သို့ တစ်ဖက်ရန်သူတို့ ခေါင်းမပြူဝံ့အောင် ကြောက်မက်ဖွယ်သော အသံတို့ဖြင့် ထိုးလှည့်ကုန်၊ သတ်လှည့်ကုန်ဟူသော အသံကိုပြု၍ ထွက်တော်မူလာလျှင် များစွာ ကြောက်ရွံ့ထိတ်လန့်ဖွယ် ကောင်းလှပါသည်၊ ထို့ပြင်လည်း မြို့သူမြို့သားတို့၏ ရောင်းဝယ်ဖောက်ကား သွားလာကြသော အသံသည် တရုံမစဲ အမြဲစည်ပင်ပါသည်၊ သို့ဖြစ်ပါ၍ ဘက်တက်မြို့၏ ကြီးကျယ်ခမ်းနား စည်ပင်ပြန့်ပွားသည်ကို သိရှိရသည့်အတိုင်း ရွှေဘုန်းတော်အရှင် သခင်ဘုရားအား ရှိခိုးသံတော်ဦးတင်ပါသည်ဟု လျှောက်တင်လိုက်သည်။

ကာလစ်ဟာရွန်အာရာရှစ်မင်းကြီးသည် အလွန်အားရနှစ်သက်သည်ဖြစ်၍ ငါ့အား များစွာသော ဆုလာဘ်တို့ကို ပေးသနားတော်မူပြီးလျှင် အိမ်သို့ပြန်စေ၏၊ ညီမောင် ယခုပြောဆိုခြင်းကား ဆဋ္ဌမခရီးသွားခြင်းတည်း၊ နံနက်ခါ ငါ့အိမ်သို့လာလှည့်ဦး၊ တစ်ဖန် သတ္တမခရီးသွားခြင်းကို ပြောဦးမည်ဆိုပြီးလျှင် အသပြာတစ်ထောင်ပေးပြန်၍ သူဆင်းရဲအား အိမ်သို့ပြန်စေသတည်း။

# ဆင်းတဘက်၏ သတ္တမ ကုန်ကူးသန်းခြင်းအကြောင်း

နံနက်မိုးသောက် ရောက်လတ်ပြန်သော် သူဆင်းရဲကူလီသည် တစ်ဖန်အိမ်သို့ လာပြန်က ကောင်းမွန်စွာ ကျွေးမွေးလက်ခံပြီးလျှင် ညီမောင်၊ သတ္တမခရီးသွားခြင်းကိုပြောမည်၊ နားထောင်လော၊ ငါသည် ပင်လယ်ခရီးသွားခြင်း၌ အမျိုးမျိုးသော ဘေးရန်အပေါင်း မကောင်းသော ဒုက္ခတို့နှင့် များစွာကြုံတွေ့ခဲ့ရသည်ဖြစ်သောကြောင့် ပင်လယ်ခရီးသွားခြင်း၌ အလွန်ကြောက်ရွံ့ တုန်လှုပ်သည်ဖြစ်၍ ရရှိဆည်းပူးအပ်သော ဥစ္စာပစ္စည်းတို့ဖြင့် ကာယသုခ၊ စိတ္တသုခတို့ဖြင့် ငြိမ်းချမ်းပျော်မွေ့စွာစံစား၍ နေတော့အံ့ဟု နှလုံးသွင်းပြီးလျှင် ကြီးကျယ်စွာသော ဘုံဗိမာန်တို့ဖြင့် ကာမဂုဏ်စည်းစိမ်ကို ငြိမ်းချမ်းစွာစံစား၍နေ၏။

တစ်နေ့သ၌ ဤတိုင်းပြည်ကို အစိုးရသော ကာလစ်ဟာရွန်အာရာရှစ်မင်းကြီးက ဆင်းတဘက်ကို သွား၍ခေါ်ချေဟု မင်းချင်း လုလင်တစ်ယောက်ကို စေခိုင်းသည် ဖြစ်သောကြောင့် ငါ၏ဗိမာန်သို့လာ၍ ဆင့်ခေါ်ရာ မင်းအမိန့်တော်ကို နာခံရန် ပြည့်ရှင်မင်းကြီး၏ နန်းတော်သို့ လိုက်သွားခဲ့သည်။ ရှေ့တော်သို့ရောက်လျှင် သင့်တင့်သော အရပ်ကနေ၍ ရှိသေစွာခစား၏၊ ထိုအခါ ပြည့်ရှင်မင်းကြီးလည်း ငါ့ကိုခေါ်ပြီးလျှင် အိန္ဒိယတိုင်း ဆာလင်တက် မင်းက သင့်ကို သံတမန်ပြုလုပ်၍ ခိုင်းစေသောမြို့သို့ သွားရောက်၍ ငါ၏ လက်ဆောင် ပဏ္ဏာနှင့်တကွ အမှာတော်ရာဇသံစာကို ပို့ဆောင်စေလိုကြောင်း အမိန့်တော်ရှိလေ၏၊ ထိုအခါ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အရှင်မင်းမြတ်၊ ပင်လယ်ခရီးသွားခြင်း၌ အလွန်ကြောက်ရွံ့ ထိတ်လန့်လှပါသည်၊ ကျွန်တော်မျိုးသည် ဤပင်လယ်ခရီးသွားခြင်း၌ အထူးထူးသော ဘေးရန် အဖန်ဖန်သော အန္တရာယ်၊ အသွယ်သွယ်သော ဒုက္ခမျိုးစုံတို့နှင့် ကြုံကြိုက်ခဲ့ရသည်များကို အရှင်မင်းမြတ်အား လျှောက်ထားပါမည်၊ ရွှေနားဆင်တော်မူပါဟု ပထမခရီးသွားခြင်းကစ၍ ဆဋ္ဌမခရီးသွားခြင်းသို့တိုင် မင်းကြီးအား လျှောက်တင်သည်၊ မင်းကြီးလည်း များစွာအံ့ဩ၍ ဆင်းတဘက်၊ ဤသို့သော ဘေးရန်တို့ကို ကြုံတွေ့လျက်နှင့် မသေမပျောက် ကံထောက်မ၍ ဤမြို့သို့ ပြန်ရောက်ရခြင်းသည် ဘုရားသခင်၏ ဂုဏ်တော် ကျေးဇူးတော်ကြောင့်တည်း၊ သင် ခရီးသွားရာ၌ ဖြစ်ပျက်သော အကြောင်းအရာတို့ကို အံ့ဩဖွယ်ကောင်းသည်ဖြစ်၍ စာဖြင့်ရေးသားထားရန် သင့်လျော်လေသည်ဟု မိန့်ကြားသည်။

ထို့နောက် ယခုတစ်ကြိမ်သွားဦးလောဟု တိုက်တွန်းလေသော် မင်းကြီး၏အာဏာကို မပယ်မငြင်းသာဖြစ်၍ အရှင်မင်းမြတ် ခိုင်းစေတော်မူသည့်အတိုင်း သွားပါအံ့၊ လက်ဆောင်ပဏ္ဏာ ရာဇသံရွှေစာတို့ကို စီကုံးရေးသားပြင်ဆင်တော်မူပါဟု လျှောက်ထားသည်၊ ထိုအခါ ကာလစ်ဟာရွန်အာရာရှစ်မင်းသည် ရာဇသံစာကို ဤသို့ရေးသား၏။ ဘက်ဂဒက်မြို့တော်ကို သိမ်းကျုံးပိုင်သ အစိုးရတော်မူသော ကာလစ်ဟာရွန်အာရာရှစ်မင်းက အမှာတော်စာနှင့်တကွ လက်ဆောင်ပဏ္ဏာတို့ကို ပေးပို့လိုက်ပါသည်၊ အိန္ဒိယတိုင်းပြည်ကို အစိုးရသော ဆာလင်တက်မင်းမြတ်၊ အဆွေတော်ပို့သသော မေတ္တာတော်ရေကို ခံယူရသည်ဖြစ်၍ ဘေးခပ်သိမ်းတို့မှ လွတ်ငြိမ်းချမ်းသာ ကျန်းမာစွာရှိပါသည်၊ အဆွေတော်မင်းမြတ်လည်း ဘုန်းတော်ကြီးစေသတည်း၊ မင်းကျင့်တရားဆယ်ပါးနှင့်အညီ အဂတိလေးပါးမလိုက်စားဘဲ တရားအတိုင်း ကျင့်သုံးနိုင်စေသတည်း၊ တိုင်းသူပြည်သား လူအများတို့အား ရင်ဝယ်သားကဲ့သို့ နှလုံးထား၍ တရားရေအေးဖြင့် တိုက်ကျွေးနိုင်ပါစေသတည်း၊ ကျွန်ုပ်ပေးပို့လိုက်သော ရာဇဓမ္မ အမည်ရှိသော ကျမ်းစာကို ကြည့်ရှုမှတ် နာတော်မူပါကုန်ဟူ၍ စီကုံးရေးသားထားသည်။ ပေးပို့ရန် လက်ဆောင်ပဏ္ဏာတို့မှာလည်း ရွှေဒင်္ဂါးတစ်ထောင် ထိုက်တန်သောမြင်း၌ ရွှေဖြင့်ပြီးသော ကုန်းနှီး၊ ဆန်းကြယ်သော ကကြိုးတန်ဆာတို့ဖြင့် ဆင်ယင်သော မြင်းတစ်စီး၊ ၎င်းပြင် ဘက်ဂဒက်မင်းတို့ ကျင့်ဆောင်ရာဖြစ်သော ရာဇဓမ္မကျမ်းစာအုပ်၊ ၎င်းပြင် မြို့တော်၌ဖြစ်သော ကောင်းမွန်နူးညံ့သိမ်မွေ့သော ပိုးညွှန့်ဖဲညွှန့်အထည်အမျိုးမျိုး၊ ၎င်းလက်ဆောင်ပဏ္ဏာတို့ကို ပြင်ဆင်ပြီးလျှင် ငါ့အားအပ်နှင်း၏၊ ငါလည်း မင်းကို ရိုသေစွာရှိခိုးပြီးလျှင် ထိုလက်ဆောင်တို့ကို ယူဆောင်၍ အိန္ဒိယတိုင်းသို့ သင်္ဘောနှင့်သွားသော် ဘေးဥပဒ္ဒဝေါတို့နှင့် မကြုံမတွေ့ဘဲ ဆာလင်တက်မင်း စိုးစံသော အိန္ဒိယတိုင်းသို့ ကောင်းမွန်ချမ်းသာစွာ ရောက်လေသတည်း။

ထိုသို့ ဆိုက်ရောက်သောအခါ လက်ဆောင်ပဏ္ဏာတို့နှင့်တကွ ဆာလင်တက်မင်း၏ ရှေ့တော်သို့ရောက်လျှင် သင့်တင့်လျောက်ပတ်သောအရပ်၌ နေလျက် ရိုသေစွာရှိခိုး၍ ကာလစ်ဟာရွန်အာရာရှစ်မင်းက ပေးပို့လိုက်သော လက်ဆောင်ပဏ္ဏာတို့နှင့် ရွှေပေစာကို ဆက်သသည်၊ ဆာလင်တက်မင်းလည်း ငါ့ကိုမြင်ရလျှင် ဆင်းရဲသားဟူ၍ နှလုံးမထား မိမိမိတ်ဆွေသည် ကွဲပြားကွေကွင်း၍နေသည်မှ ယခုတစ်ဖန် တွေ့ကြုံရသည်ဟု နှလုံး သွင်းလျက် လက်ဆွဲငင်ပြီးလျှင် အဆွေ ဆင်းတဘက်၊ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်

ကြောင့် မသေမပျောက်ကံထောက်ပံ့၍ တွေ့ကြုံရသည်ဟု ဝမ်းမြောက်ဝမ်းသာစွာ နှုတ်ခွန်းဆက်ကာ အာလာပသလ္လာပစကားဖြင့် မေးမြန်းပြောဆိုကြ၏။

ထိုသို့ ပြောဆိုကြပြီးလျှင် ကာလစ်ဟာရွှန်အာရာရှစ်မင်း ပေးသော လက်ဆောင်တို့ကို သိမ်းယူပြီး၍ ငါ့ကိုလည်း များစွာသော ဆုလာဘ်တို့ကို ပေးသနားတော်မူ၏၊ ငါလည်း ထိုမြို့၌ အတော်အသင့်မျှ နေထိုင်ပြီးလျှင် ဆာလင်တက်မင်းကို ရှိခိုးပြီး ဘက်ဂဒက်မြို့သို့ပြန်ရန် ခွင့်တောင်းလျှောက်တင်သည်၊ မင်းကြီးလည်း သင်ပြန်လိုမူ ပြန်ဦးတော့ဟု ခွင့်ပေးလျှင် ငါလည်း နေရင်းအရပ်ဖြစ်သော ဘက်ဂဒက်မြို့သို့ပြန်လာရာ လမ်းခရီး၌ လူမည်းတို့သည် လေးမြှားကို လက်စွဲလျက် လှေပေါင်းများစွာတို့နှင့် ငါတို့သင်္ဘောကို ဝိုင်းဝန်း၍ တိုက်ခိုက်ကြသည်၊ သင်္ဘောက ခုခံ၍ တိုက်ခိုက်ပါသော်လည်း ထိုလူမည်းများသည် ငါတို့ကို ဖမ်းဆီး၍ သင်္ဘောနှင့်တကွ ပစ္စည်းအရပ်ရပ်တို့ကို သိမ်းယူပြီး သင်္ဘောနှင့်ပါရှိသော လူအပေါင်းတို့အား တစ်မြို့သို့သွားပြီးလျှင် အဖိုးအနည်းငယ်မျှနှင့် လေလံတင်ရောင်းသည်။ ငါ့မှာ သူဌေးတစ်ဦးက အဖိုးအနည်းငယ်မျှနှင့် ဆွဲဝယ်ယူလာသောကြောင့် အလုပ်ကိုပြင်းထန်စွာ မလုပ်မကိုင်ရဘဲ ချမ်းသာစွာနေရ၏။

တစ်နေ့သ၌ ငါ့ကို လေလံ၌ဝယ်သော သူဌေးက ဆင်းတဘက်၊ သင်သည် လက်မှုပညာ တစ်စုံတစ်ရာကို တတ်ပါသလောဟု မေးမြန်းရာ ငါက လက်မှုပညာ တစ်စုံတစ်ရာမျှ မတတ်ပါ၊ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်း၌သာ ကျွမ်းကျင်လိမ္မာပါသည်ဟု ပြောဆို၏၊ တစ်ဖန်ထပ်မံ၍ ဆင်းတဘက်၊ လေးမြှားတို့ကို ပစ်ခတ်တတ်ပါ၏လောဟု မေးမြန်းရာ အနည်းငယ်မျှသာ ပစ်ခတ်တတ်ပါသည်ဟု ပြောဆိုလျှင် ကောင်းပြီ၊ ငါနှင့် အတူလိုက်ခဲ့ဟုဆို၍ လေးမြှားတို့ကိုယူပြီး ဆင်ပေါ်၌ နှစ်ယောက်အတူစီးပြီးလျှင် တစ်ခုသော တောအုပ်ကြီးသို့ သွားကြလေ၏၊ ထိုတောအုပ်သို့ ရောက်လျှင် ကြီးစွာသောသစ်ပင်ကို တက်စေသည်၊ သစ်ပင်ထက်သို့ ရောက်လေက ဆင်းတဘက်၊ ဤသစ်ပင်အောက်သို့ များစွာသော ဆင်တို့ လာလိမ့်မည်၊ ထိုအခါ ကောင်းမွန်သောအစွယ်ရှိသောဆင်ကို လေးမြှားတို့ဖြင့် ပစ်သတ်လေလောဟု မှာထားခဲ့ပြီးလျှင် သူဌေးသည် အိမ်သို့ ပြန်လေ၏။

ငါသည် လေးမြှားတို့ကို ကိုင်စွဲလျက် ဆင်တို့ကိုမျှော်နေစဉ် ဆင်တို့လာသည်နှင့် ကောင်းမွန်သော အစွယ်ရှိသောဆင်ကို ရွေးချယ်၍ မြှားနှင့်ပစ်ခတ်ရာ ဆင်တစ်ကောင်ကို ထိမှန်လေသဖြင့် ၎င်းသစ်ပင်အောက်တွင်လဲ၍ သေလေ၏၊ နံနက်မိုးသောက် ရောက်သော

အခါ သူဌေးသည် လာ၍ကြည့်ရှုရာ ဆင်တစ်ကောင်ရသည်ကို မြင်လေလျှင် ဝမ်းမြောက် ဝမ်းသာဖြင့် ၎င်းဆင်ကို ယူလေ၏၊ ငါသည် နေ့စဉ် တစ်နေ့လျှင် တစ်ကောင်ကျပစ်၍ပေးလျှင် ယခင်သူဌေးသည် အလွန်ဝမ်းမြောက်ခြင်းဖြစ်၏၊ တစ်နေ့သ၌ ထိုသစ်ပင်ကြီးထက်တွင် ဆင်များလာမည့်လမ်းကို မျှော်မှန်းလျက် ကြည့်ရှုနေခိုက် ဆင်ပေါင်းများစွာတို့သည် အုန်းအုန်း ကျွက်ကျွက် တစ်ခဲနက်သောအသံဖြင့် အော်ဟစ်၍ ငါနေရာ သစ်ပင်အောက်သို့ စုဝေး ရောက်လာကြ၏၊ ၎င်းဆင်တို့လာသည့်အသံကား မြေပြိုလုမျှဖြစ်၏၊ ငါနေသော သစ်ပင်ကို အချို့သောဆင်က အမြစ်ကိုအစွယ်ဖြင့် တူးဆွ၏၊ အချို့ဆင်က ရေကိုငုံ၍ထွေး၏၊ ထိုသို့လျှင် ဆင်ပေါင်းများစွာတို့သည် သစ်ပင်ကိုအစွယ်နှင့်ကော်ကြသည်ဖြစ်၍ ၎င်းသစ်ပင်ကြီးသည် မြေပြင်၌ လဲကျသွားလေ၏။

ဤသို့ သစ်ပင်ကြီးလဲသောအခါ၌ အလွန်ကြောက်ရွံ့လှသည်နှင့် သတိမေ့လျော့၍ ဆင်တို့၏ အကြားတွင်ကျလေသော် ၎င်းဆင်တို့အနက် အကြီးဆုံးသော ဆင်တစ်ကောင်သည် ငါ့ကိုနှာမောင်းဖြင့် ချီပွေ့ပြီးလျှင် ကျောပေါ်တင်၍သွား၏၊ ဆင်ပေါင်းများစွာတို့သည် ၎င်းဆင်ကြီး နောက်သို့လိုက်ကြလေ၏၊ ၎င်းဆင်ကြီးလည်း ဆင်တို့၏ သေရာအရပ်ဖြစ်သော ဆင်စွယ်ရိုးပေါ်များသောအရပ်သို့ ရောက်လျှင် ကျောထက်က နှာမောင်းတို့ဖြင့် ပွေ့ယူပြီးလျှင် ၎င်းနေရာတွင် ချထားခဲ့လေ၏၊ ဤကဲ့သို့ ဆင်ကြီးပြုလုပ်ခြင်းကား ဤသူသည် ငါတို့ အစွယ်ရိုးကို အလိုရှိသောကြောင့် မြားဖြင့်ပစ်ခတ်လေသည်၊ အကယ်၍ ငါတို့အစွယ်ရိုးကို အလိုရှိတိုင်း ပြည့်စုံစွာရရှိကမူ လေးမြားတို့ဖြင့် ပစ်ခတ်ခြင်းမပြု၊ မကယ်၍မပစ်ခတ်က ငါတို့ အမျိုးသားချင်းတို့ ချမ်းသာစွာ ရလတ္တံ့ဟု ရည်ရွယ်၍ ငါ့အား ၎င်းဆင်စွယ်ရိုးတို့ စုပုံထားသော အရပ်သို့ ပို့ဆောင်ခြင်းဖြစ်လေ၏။

ယင်းသို့လျှင် ဆင်စွယ်ရိုးတို့ စုပုံလျက်ရှိသော အရပ်ကိုသိရလျှင် ငါအိမ်သို့ ပြန်လာခဲ့သည်၊ တစ်နေ့နှင့်တစ်ည၌တိုင်တိုင် သွားမှ အိမ်သို့ရောက်လေ၏၊ အိမ်သို့ ရောက်လေလျှင် သူဌေးသည် ညှိုးငယ်သောမျက်နှာနှင့် အံ့အားသင့်စွာ ဤသို့မေးမြန်း၏၊ အို ဆင်းတဘက်၊ သင်သည် အဘယ်ကြောင့် ပြန်လာသနည်း၊ နံနက်အခါက သင်မပြန်လာ သည်နှင့် ဆင်ပစ်သော သစ်ပင်သို့ သွား၍ကြည့်ရှုရာ သစ်ပင်ကြီးလဲ၍ အကိုင်းအခက်တို့ ကျိုးကြေနေသည်ကို မြင်ရသည်၊ ဆင်းတဘက်သည်ကား ဆင်တို့ ထိုးသတ်သောကြောင့် သေရှာပြီဖြစ်လတ္တံ့ဟု မှတ်ယူပြီးလျှင် အိမ်သို့ ငါပြန်လာသည်၊ သင့်ကိုမြင်ရခြင်း၌ အံ့ဖွယ်ရှိစွ၊

သင်၏ အဖြစ်အပျက်ကို ပြန်ပြောပါဦးလောဟု သူဌေးက မေးမြန်းလေလျှင် ငါကလည်း အဖြစ်အပျက် အလုံးစုံကို ဤသို့ပြန်ပြောသည်၊ သို့ဖြစ်ပါသောကြောင့် အသက်မသေဘဲ အရှင်သူဌေးတွေ့ကြုံရပါသည်၊ ဆင်စွယ်နှင့်ဆင်ရိုးကို အလိုရှိတော်မူက များစွာရနိုင်ပါသည်ဟု ပြောကြားလိုက်သည်၊ သူဌေးလည်း များစွာသော ဆင်စွယ်ရိုးတို့ကို ယူဆောင်လျက် ရောင်းချသည်ရှိသော် များစွာသောဥစ္စာပစ္စည်းတို့ကို ရလေ၏။

တစ်နေ့သ၌ ငါ့ကိုခေါ်၍ သူဌေးကြီးက ဤသို့ပြောသည်၊ သင်သည်ကား ငါ့တို့အား လုပ်ကိုင်ရှာဖွေ၍ ပေးသောကြောင့် များစွာသော ဥစ္စာပစ္စည်းတို့ကို ရလေသည်၊ သို့ဖြစ်၍ သင့်ကို ကျွန်ဟုမအောက်မေ့ပါ၊ သားကဲ့သို့ နှလုံးထားပါသည်၊ သင်နေသော အရပ်သို့ ပြန်လိုသော ဆန္ဒရှိကမူ ပြန်သွားလေတော့၊ ဥစ္စာပစ္စည်းတို့ကိုလည်း သင်အလိုရှိသလောက် ပေးမည်၊ ငါလည်း နေရင်းအရပ်ဖြစ်သော ဘက်ဂဒက်မြို့သို့ ပြန်လိုကြောင်း ပြောဆိုလျှင် ကောင်းပြီ၊ သင်ပြန်လိုက ပြန်ရလိမ့်မည်၊ သို့သော် ငါးရက်လောက်ကြာလျှင် အရပ်ရပ် အမြို့မြို့က ကုန်သည်တို့သည် ဤမြို့သို့ လာလတ္တံ့၊ ထိုအခါ ကုန်သည်များပြန်လျှင် အတူလိုက်သွားမှ သင့်လျော်မည်ဟု ပြောဆိုလေ၏၊ ငါလည်း ကောင်းလှပါပြီဟုဆို၍ လာမည့် ကုန်သည်တို့ကို ဆိုင်းငံ့လျက် နေရ၏၊ များမကြာမီ ကုန်သည်တို့သည် ရောက်ကြလေလျှင် ငါ့အား ကုန်သည်တို့ထံ အပ်နှံပြီးလျှင် များစွာသော ဥစ္စာပစ္စည်းတို့ကို ပေးသည်၊ ဆင်စွယ် ဆင်ရိုးတို့ကို ယူပြီးသော် ဘက်ဂဒက်မြို့သို့ ရောက်လေက ပြည့်ရှင်မင်းကြီးအား အရပ်ရပ်သော စကားအလုံးစုံတို့ကို လျှောက်တင်ပြီးလျှင် တင်ယူလာခဲ့သော ဆင်စွယ် ဆင်ရိုးတို့ကို ရောင်းချလိုက်သည်ရှိသော် များစွာသောဥစ္စာပစ္စည်းတို့ကို ရလေ၏။

ညီမောင်၊ ဤကဲ့သို့သော ဒုက္ခအမျိုးမျိုးတို့ဖြင့် ကြောက်မက်ဖွယ် ကောင်းသော ဘေးရန်၊ အတန်တန်သောဆင်းရဲတို့ကို တွေ့ကြုံပြီးမှ သုခချမ်းသာရိပ်ငြိမ်ကို မြိန်စွာခံစား ရလေသည်၊ ညီမောင်သည်လည်း အခြား၌ တသီးတခြားမနေလေနှင့်၊ ဤစည်းစိမ်ချမ်းသာကို အတူတကွ စံစားကြအံ့ဟု ပြောဆိုပြီးလျှင် များစွားသောကြေးငွေတို့ကို ပေးကမ်းချီးမြှင့်လေ၏။ ဤကား သတ္တမခရီးသွားခြင်းတည်း။

* * *

# အာလာဒင်နှင့် ကုဏ္ဍာသယမှန်အိမ်အကြောင်း

တစ်ရံရောအခါ၌ တရုတ်ပြည်ကြီးတွင် ဥစ္စာပစ္စည်းတို့ဖြင့် ပြည့်စုံကြွယ်ဝသော မြို့တစ်မြို့၌ မူစီတပါအမည်ရှိ အပ်ချုပ်သမား တစ်ယောက်ရှိသည်၊ ထိုမူစီတပါသည် ဥစ္စာပစ္စည်းမရှိ၊ ဆင်းရဲနွမ်းပါးသည်နှင့် အပ်ချုပ်သောအမှုကိုသာပြု၍ အသက်မွေးမြူရ၏၊ အပ်ချုပ်ကောင်းကြောင်းကိုလည်း ပြည်ပေါ်၌ ကျော်စောထင်ရှား၏၊ သူ့၌ အလွန်ချစ်လှစွာသော သားတစ်ယောက်ရှိ၏။

ထိုသားသည် မိဘတို့ ပြောဆိုသြဝါဒပေးသည်ကို မနာမယူ၊ မိမိသဘောအလျောက် သူနှင့်အလားတူ သူငယ်တို့နှင့်သာ လှည့်လည်ပျော်ပါးကစားခြင်းကို ပြုလေ့ရှိ၏၊ တစ်နေ့သ၌ မူစီတပါသည် သားအာလာဒင်ကိုခေါ်၍ ချစ်သား၊ ဖခင်ပြောမည်၊ နားထောင်၊ အတတ်အလိမ္မာ ပညာဉာဏ် မရှိသူတို့သည် သူများ၏ အခိုင်းအစေကိုသာ ခံရလေသည်၊ မိခင်ဖခင်တို့ ကြွယ်ဝချမ်းသာ၍ ရွှေအိမ်ဘုံမြင့်ခုနစ်ဆင့်၌ ထားပြားသော်လည်း ပြာသာဒ်ဖျား၌နားသော ကျီးတို့ကဲ့သို့ ထိုပစ္စည်းဥစ္စာတို့ကို ဆောင်ရွက်သုံးစားခြင်းကို မပြုနိုင်ချေ၊ အဆင်းသဏ္ဍာန်၏ လှပတင့်တယ်ရှုချင်ဖွယ် ကောင်းပြားသော်လည်း ပညာတည်းဟူသော အနှစ်သာရမရှိက ပေါက်ပွင့်ပန်းကဲ့သို့ဖြစ်သည်၊ ပေါက်ပွင့်ပန်းသည် အဆင်းသဏ္ဍာန်သာရှိ၍ အနံ့အရသာမရှိ၍ မွှေးကြိုင်ထုံသင်းခြင်းမရှိချေ။

ထို့အတူ အဆင်းသဏ္ဍာန်ရူပကာယ ရှုချင်ဖွယ်ရှိသော်လည်း ပညာတည်းဟူသော အနှစ်သာရမရှိက ပေါက်ပန်းကဲ့သို့ ဖြစ်လိမ့်မည်၊ ပညာမရှိ မိုက်မဲတွေဝေသူကား ဆင်ကန်းနှင့် အလားတူ၏၊ ဆင်ကန်းသည် မျက်စိမမြင်သည်နှင့် လမ်းဖြောင့်စွာမသွားတတ်၊ ရောက်မိရောက်ရာသော တောချုံကို တိုးဝှေ့ဘိသကဲ့သို့ ထို့အတူ ပညာမဲ့သူသည် ပရိသတ်တို့၏ အလယ်၌ စကားကို ဖြောင့်မတ်မှန်ကန်စွာ မပြောမဆိုတတ်သောကြောင့် ဆင်ကန်းသည် ရောက်ရာသောတောကို ဝှေ့တိုးဘိသကဲ့သို့ ပြောမိပြောရာ ပြောဆိုတတ်သည်၊ ဤသို့ ဆုံးမသြဝါဒ ပေးသော်လည်း အာလာဒင်သည် အလွန်ပျင်းရိလှသောကြောင့် အတတ်ပညာကို မသင်၊ ပျော်ပါးရွှင်မြူး၍သာနေ၏၊ ထိုအခါ ငါ့သားသည် အသက်မွေးမြူဖို့ ပညာတစ်စုံတစ်ခုမျှ မရှိလျှင် ငါသေလွန်သော် အသက်မွေးမြူရန် အလွန်ခဲယဉ်းလိမ့်မည်ဟုကြံလျက် မိမိတို့ အသက်မွေးကြောင်း ဖြစ်သော အပ်ချုပ်ဆိုင်သို့ခေါ်သွားပြီး အပ်ချုပ်အလုပ်ကို လုပ်စေ၏၊

ထိုသို့ အပ်ချုပ်အလုပ်ကို သင်ပြန်ပါသော်လည်း ကောင်းမွန်စွာ မချုပ်မလုပ်ကိုင်ဘဲ ဖခင်မျက်နာကွယ်လျှင် ပျော်ပါးကစား ရွှင်မြူးလျက်သာနေ၏၊ ဖခင်က အကြိမ်ကြိမ်အထပ်ထပ် ချော့မော့ဖျောင်းဖျ ဩဝါဒပေးပြောသော်လည်း မလိုက်နာ၊ ဖခင်မှုစီတပါသည်လည်း သားကို ဆုံးမ၍ မရသည့်အတွက် ဆင်းရဲပြီး မကြာမီ သေလွန်ရှာလေ၏၊ ဖခင်သေသွား၍ မိခင်က ဆုံးမသည်၊ သို့သော် မိခင်စကားကိုလည်း မနာယူဘဲ ရေးကထက်ထူး၍ပင် ပျော်ရွှင်ကစား မြူးထူးနေလေသည်။

ထိုအခါ မိခင်သည် မိမိလင်သေဆုံးကွယ်လွန်က အပ်ချုပ်ဆိုင်ကို မလုပ်မကိုင်နိုင် သည်နှင့် ၎င်းအပ်ချုပ်ဆိုင်ကို ရောင်းစားပြီးလျှင် ဝါဂွမ်းကိုဖန်၍ သားအမိနှစ်ယောက် အသက် မွေးမြူရလေ၏၊ အာလာဒင်ကား အသက်တစ်ဆယ့်ငါးနှစ်တိုင်တိုင် ပျော်ပါး လှည့်လည်ခြင်းကို ပြု၏၊ တစ်နေ့သ၌ သူငယ်ချင်းအပေါင်းအသင်းတို့နှင့် လမ်းမတော်ကိုလျှောက်၍ ကစားမြူးထူး နေစဉ် အာဖရိကတိုက်သား အလွန်ကျော်စောထင်ရှားသူ သိုက်ဆရာကြီးတစ်ယောက်သည် အာလာဒင်ကိုမြင်လျှင် တော်ရာသို့ ခေါ်ငင်ပြီးလျှင် အမောင်၏ဖခင်သည် မူစီတပါ မဟုတ် ပါလောဟု မေးသည်၊ ဟုတ်ပါသည်၊ သို့သော် ဖခင်ကွယ်လွန်သည်မှာ အတော်ကြာပါပြီဟု ပြောကြားလျှင် သိုက်ဆရာကြီးက ငိုကြွေးသည်၊ အဘယ့်ကြောင့် ငိုကြွေးပါသနည်းဟု မေးလျှင် သိုက်ဆရာကြီးက ဖြစ်ရလေခြင်းတူမောင်၊ မောင်၏ဖခင်သည် အခြားသောသူ မဟုတ်၊ ဘကြီး၏ ညီပင်ဖြစ်သည်၊ မောင်လည်း တူဖြစ်လေသည်၊ မသေမပျောက် ကံကောင်း ထောက်၍ တစ်ယောက်နှင့် တစ်ယောက် တွေ့ကြုံရသည်၊ အလွန်ဝမ်းမြောက်ဖွယ် ကောင်းလေသည်ဟု ဘကြီးယောင်ဆောင်လျက် သိုက်ဆရာက ပြောဆိုသည်၊ အာလာဒင်က အကယ်ထင်မှတ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရလေ၏။

ထို့နောက် သင်၏မိခင်လည်း ကျန်းမာစွာရှိပါ၏လောဟု မေးသော် ကျန်းမာချမ်းသာစွာ ရှိကြောင်း အာလာဒင်က ပြန်ပြော၏၊ ထိုအခါ သိုက်ဆရာကြီးသည် အိတ်ထဲသို့လက်နှိုက်၍ ငွေကိုလက်နှင့် တစ်ဆုပ်ပေးပြီးလျှင် တူမောင်၊ မောင့်မိခင်ကို သွား၍ ပြောကြားချေ၊ ကျွန်တော့်ဖခင်၏ အစ်ကိုဖြစ်သူသည် ခရီးလွန်နေရာမှ ပြန်ရောက်လာပါသည်၊ ဖခင် သေဆုံးကြောင်းကို မသိ၍ ရှာနေရာမှ ကျွန်တော်နှင့်တွေ့သဖြင့် ဖခင်ကွယ်လွန်ကြောင်း ပြောလျှင် များစွာငိုကြွေးပါသည်၊ မိခင်အားလည်း တွေ့မြင်လိုသည်ဟု ပြောပါသည်ဟု မှာကြားသည်။

ထိုအခါ အာလာဒင်လည်း အိမ်သို့ လျင်မြန်စွာ ပြန်လာပြီးလျှင် သိုက်ဆရာမှာထားလိုက်သောစကားကို မိခင်အားပြော၏၊ နောက်တစ်နေ့ရောက်သော် သူငယ်တို့နှင့် ကစား၊ ရွှင်မြူးခြင်းပြနေခိုက် သိုက်ဆရာလည်း ယခင်ကနည်းအတိုင်း ခေါ်ပြီးလျှင် ရွှေဒင်္ဂါးနှစ်ပြားပေး၍ ဤသို့မှာထားပြန်၏၊ တူမောင် သွားချေ၊ ယနေ့ည တူမောင်တို့အိမ်မှာ ထမင်းစားလိုသည်၊ ဤရွှေဒင်္ဂါးနှစ်ပြားကိုယူ၍ ကောင်းသော ဆီဦးထောပတ် ချဉ်ဆားသနပ်တို့ကို ဝယ်ခြမ်းရန် ပေးလိုက်ကြောင်းကို ပြောချေဟု ခိုင်းစေလိုက်ပြီးလျှင် အာလာဒင်၏ မိခင်အိမ်ကိုလည်း သေချာစွာမေးမြန်းလိုက်၏၊ ထိုအခါ အာလာဒင်လည်း အိမ်သို့ ပြန်လာပြီးလျှင် မှာလိုက်သောစကားကို စေ့စုံစွာပြောဆိုရာ အာလာဒင်၏ မိခင်လည်း အကယ်ပင် ခဲအိုမှတ်ထင်၍ ပေးလိုက်သော ရွှေဒင်္ဂါးကိုယူပြီးလျှင် ဆီဦးထောပတ် ကောင်းမြတ်သော ဘောဇဉ်တို့ကို ချက်ပြုတ်လုပ်ကိုင်ပြင်ဆင်၍ထားလေ၏။

ထိုအခါ ခဲအိုယောင်ဆောင်သော သိုက်ဆရာကြီးသည် အာလာဒင်၏အိမ်သို့ ရောက်လာ ပြီးလျှင် အာလာဒင်၏ မိခင်ကို ရိုသေစွာနှုတ်ဆက်သည်၊ ကောင်းမွန်စွာ ပြင်ဆင်ထားသော ဘောဇဉ်အာဟာရတို့ကိုလည်း စားသောက်ပြီးလျှင် အာလာဒင်၏မိခင်ကို ခယ်မ၊ ကျွန်ုပ်သည် အိန္ဒိယ၊ ပါရှာ၊ အရေဗီရာ၊ ဆိုက်ဒီရာ၊ အီဂျစ်၊ ၎င်းမြို့များကိုလှည့်လည်၍ နေထိုင်သည့်အတွက် ညီ မူစီတပါနှင့်လည်း မတွေ့ရ၊ သေသည်ကိုသာ ကြားသိရပါသည်၊ အသက်ရှင်စဉ်အခါက ညီ မူစီတပါသည် မည်သည့်ကုလားထိုင်မှာ ထိုင်တတ်ပါသနည်းဟု မေး၏၊ အာလာဒင်၏မိခင်လည်း မိမိလင် ထိုင်နေကျဖြစ်သော ကုလားထိုင်ကို ညွှန်ကြားပြသရာ သိုက်ဆရာသည် ၎င်းကုလားထိုင်ရှေ့၌ ဝပ်ပြီးလျှင် အယောင်ဆောင် ငိုကြွေးခြင်းကို ပြု၏။

ထိုအခါ အာလာဒင်၏ မိခင်သည် မိမိလင်ကို အောက်မေ့လွမ်းဆွတ်ပြန်သည်နှင့် များစွာ ငိုကြွေးမြည်တမ်းလေ၏၊ ထိုသို့ ငိုကြွေးပြီးလျှင် အာလာဒင်ကို ဤသို့မေး၏၊ တူမောင်၊ တူမောင်၏အမည် မည်သို့ခေါ်သနည်း၊ အာလာဒင်လည်း ကျွန်တော်၏ အမည်မှာ အာလာဒင် မှည့်ခေါ်ပါသည်ဟု ပြောလျှင် သိုက်ဆရာလည်း တူမောင်အာလာဒင်၊ အဘယ်ကုန်များကို ကူးသန်း ရောင်းဝယ်ဖောက်ကား ပြုလုပ်ပါသနည်း၊ မည်သည့်ကုန်များကို ကျွမ်းကျင် လိမ္မာသနည်းဟု မေးမြန်းသည်၊ အာလာဒင်သည် ကုန်များကို ကူးသန်းရောင်းဝယ်ခြင်း၌ မလိမ္မာသည်ဖြစ်၍ ဆိတ်ဆိတ်သာနေလေ၏၊ ထိုအခါ အာလာဒင်၏ မိခင်သည် ဤသို့

ပြောဆို၏၊ အာလာဒင် ဆိုသောသူသည် ဖခင်မူစီတပါ ရှိစဉ်အခါကပင် အရပ်ရပ်၌ လိမ္မာရေးခြားရှိစေလို၍ သွန်သင်ဖျောင်းဖျဩဝါဒပေးသည်ကို မနာမယူ၊ ဖခင်မူစီတပါလည်း သား၏ အတွက်နှင့်ပင် အသက်ဆုံးရှုံးရရှာလေသည်၊ ဤအကြောင်းများကို ပြန်ပြောင်း ပြောဆိုသည်မှာ အလွန်လျှင် ဝမ်းနည်းလှပါသည်ဟု အာလာဒင်၏ မိခင်ကပြောလျှင် သိုက်ဆရာက အာလာဒင်ကို ဤသို့ဆိုဆုံးမ၏၊ တူမောင်အာလာဒင်၊ ဘကြီးပြောမည်၊ နားထောင်လော၊ လောက၌ ပညာဉာဏ်မရှိ၊ ပျင်းရိထိုင်းမှိုင်းသော သူတို့သည် သူများ အစေအပါး သူများခိုင်းစေရန်သာ ဖြစ်ချေသည်၊ ထို့ကြောင့် တူမောင်သည် ကြိုးစား၍ ပညာကိုသင်ပါ၊ ဘကြီးလည်း အထည်ဆိုင်များနှင့် အထည်ရောင်းစေမည်ဟု ပြောဆိုပြီးလျှင် ပြန်သွားလေ၏။

နံနက်မိုးသောက် ရောက်ပြန်လျှင် တစ်ဖန် သိုက်ဆရာလည်း လာပြန်၍ အာလာဒင်ကို ခေါ်ငင်ပြီးလျှင် ဈေးထဲသို့ လှည့်လည်ပြသလျက် အာလာဒင်ဝတ်ဆင်ရန် အဝတ်တန်ဆာ တို့ကို ဝယ်ခြမ်း၍ပေး၏၊ အာလာဒင်၏ မိခင်လည်း သူ့သား အဝတ်အစား သစ်သစ်လွင်လွင် ဝတ်ဆင်၍ လာသည်ကိုမြင်လျှင် အလွန်ဝမ်းမြောက်လေ၏၊ နောက်တစ်နေ့ ရောက်ပြန်လျှင် ထိုနည်းတူ အာလာဒင်ကို ခေါ်ပြီးလျှင် တူမောင် အာလာဒင်၊ ထူးဆန်းသောအရာများကို ရှုကြည့်လို သလောဟုမေးရာ အာလာဒင်လည်း ရှုကြည့်လိုပါသည်ဟုပြော၏၊ ထိုအခါ သိုက်ဆရာသည် အာလာဒင်ကို ခေါ်ဆောင်သွား၍ အလွန်ပင်ထူးဆန်းသော သစ်ပင် သစ်သီးတို့ သီးပွင့်နေသော ဉယျာဉ်နှင့်တကွ ရွှေငွေဖလ်မှန်တို့ဖြင့် ခြယ်စီ၍ထားအပ်သော ဘုံနန်းပြသာဒ်ကို ပြလေ၏၊ ထိုအရာတို့ကို ရှုမြင်ရလျှင် အာလာဒင်သည် များစွာ ဝမ်းမြောက် ဝမ်းသာဖြစ်၍ ၎င်းဗိမာန်၏အနီးက မခွာနိုင်အောင်ပင်ဖြစ်လေ၏။

ထိုအခါ သိုက်ဆရာလည်း အာလာဒင်ကို ဤသို့ဆိုပြန်၏၊ တူမောင်၊ ထို့ထက် ထူးဆန်းသော အရာများကိုလည်း ရှုကြည့်လိုသေးသလောဟု မေးသော် ထို့ထက် ထူးဆန်းသောအရာများ ရှိသေးသလောဟု မေး၏၊ ထိုဗိမာန်ဉယျာဉ်ထက် အဆအရာထောင် သာလွန်ထူးဆန်းသော ဉယျာဉ်နှင့် ဗိမာန်တို့သည်ရှိသေး၏၊ တူမောင်ရှုကြည့်လိုလျှင် ဘကြီးနှင့် အတူလိုက်လှည့်ဟု ဆိုပြီးလျှင် တောင်ကြီးနှစ်လုံးအကြားသို့ ခေါ်သွားလေ၏၊ ရောက်လျှင် တူမောင် သစ်ကိုင်းသစ်ခက်တို့ကို ရှာယူခဲ့ဟုဆိုရာ အာလာဒင်သည် သစ်ကိုင်း သစ်ခက်တို့ကို ဆောင်ယူခဲ့ကာ သိုက်ဆရာအားပေး၏၊ သိုက်ဆရာလည်း ထိုသစ်ကိုင်း

သစ်ခက်တို့ကို ဂါထာမန္တန်တို့ဖြင့် မန်းမှုတ်လိုက်သည်ရှိသော အငွေ့ထောင်းထောင်း ထွက်ပြီးလျှင် မီးခိုးလုံးကြီးတက်လတ်၍ အခိုးအငွေ့စဲပြီးလျှင် ကျောက်ဖျာနှင့်တကွ ဆွဲငင်စရာ ကွင်းတစ်ခုကိုပါ တွေ့လေ၏။

ဤအခြင်းအရာကို အာလာဒင်မြင်လျှင် အလွန်ကြောက်ရွံ့ တုန်လှုပ်သည်ဖြစ်၍ ထွက်ပြေးမည်ပြု၏၊ ထိုအခါ သိုက်ဆရာက တူမောင် မကြောက်လင့်၊ ၎င်းကျောက်ဖျာကို ဆွဲငင်လိုက်သည်ရှိသော် များစွာသော ရွှေငွေဘဏ္ဍာ ကျောက်သံပတ္တမြားတို့ မရေမတွက် နိုင်အောင် ပေါ်လာလိမ့်မည်၊ ဤပစ္စည်းစုသည် တူမောင်နှင့်သာ ထိုက်တန်လေသည်၊ ၎င်းပစ္စည်းတို့ကို တူမောင်ရပါက ကမ္ဘာပေါ်တွင် ကျော်စောတင်ရှားလတ္တံ့ဟု သိုက်ဆရာက ပြောကြားလျှင် ကြောက်ရွံ့ခြင်းကင်း၍ ဝမ်းမြောက်ခြင်းဖြစ်လေ၏၊ ထိုသို့ သိုက်ဆရာက တိုက်တွန်း နှိုးဆော်သည်နှင့် ကျောက်ဖျာပေါ်ရှိကွင်းကို ဆွဲငင်လိုက်သည်၊ ကျောက်ဖျာ ကြီးသည် လွယ်လင့်တကူ ပွင့်လာလေ၏။

ထိုသို့ ကျောက်ဖျာကြီး ပွင့်လာသော် သိုက်ဆရာက တူမောင် ၎င်းအပေါက်မှ အောက် သို့ ဆင်းသက်သွားသည်ရှိသော် ပတ်လည်သုံးပေမျှရှိသော တံခါးပေါက်ကို တွေ့လိမ့်မည်၊ ထိုမှတစ်ဖန် သွားပြန်သည်ရှိသော် လှေကားငယ်တစ်ခုကိုတွေ့လိမ့်မည်၊ ထိုလှေကားငယ်မှ တစ်ဖန်ဆင်း၍သွားသော် တိုက်နံရံနှင့်တကွ အခန်းသုံးခန်းကို တွေ့လိမ့်မည်၊ တိုက်နံရံသို့ ရောက်သောအခါ လက်ခြေတို့နှင့် အဝတ်အစားတို့ကို မထိခိုက်မိအောင် မြဲမြံစွာသတိပြုရမည်၊ တိုက်ခန်းတွင်းသို့ ဝင်မိလျှင် ရွှေငွေတို့အပြည့်ထည့်ထားသော ရွှေစည်ပိုင်း ငွေစည်ပိုင်းတို့ကို တွေ့လိမ့်မည်၊ ထိုရွှေငွေတို့ကို လိုချင်တပ်မက်မောခြင်း မပြုလေနှင့်၊ သတိကြပ်ကြပ် ထားရမည်၊ ထိုမှတစ်ဖန် ရှေ့ဆက်သွားပြန်သည်ရှိသော် အသီးအနှံတို့ ပြည့်စုံသော အလွန်ထူးဆန်းသည့် ဥယျာဉ်ကိုတွေ့လိမ့်မည်၊ ထိုဥယျာဉ်မှသည် အစဉ်အတိုင်းလျှောက်၍ သွားသည်ရှိသော် လှေကားထစ် ငါးဆယ်ရှိသော လှေကားတစ်ခုကို တွေ့လတ္တံ့၊ ထိုလှေကားမှ တစ်ဖန် ဆင်း၍သွားပြန်လျှင် တိုက်ကြီး၏ အမိုးပေါ်သို့ ရောက်လိမ့်မည်၊ ထိုတိုက်ကြီး၏ အမိုးပေါ်တွင် မီးညှိထွန်းထားသည့်မှန်အိမ်ကို တွေ့မည်၊ မီးကို မှုတ်သတ်၍ ၎င်းမှန်အိမ်ကို ဘကြီးထံသို့ ယူခဲ့ရမည်ဟု မှာထားပြီးလျှင် ငါ့တူဥ္စာလည်း ဘေးဥပဒ်အန္တရာယ်တို့ မထိမခိုက် ရအောင် ဘကြီးဝတ်သော လက်စွပ်ကို တူမောင်လက်သို့ ဆင်မြန်းပေးလိုက်အံ့၊ မည်သည့်

သေားရန်ကိုမျှ မကြောက်မရွံ့လေနှင့်၊ ဘကြီးမှာထားသော စကားအရပ်ရပ် ခရီးလမ်းစဉ်ကိုသာ ကောင်းစွာ မှတ်သား နာယူကာသွားလေလော့ဟုဆို၍ စေလွှတ်လိုက်၏။

ထိုအခါ အာလာဒင်သည် သိုက်ဆရာ မှာထားသည့်အတိုင်း မကြောက်မရွံ့ စွန့်စား၍ သွားလေလျှင် သိုက်ဆရာပြောဆိုသည့်အတိုင်း လှေကားငယ်ကို တွေ့၏၊ ထိုလှေကားငယ်မှ တစ်ဖန် ဆင်းသွားသော် တိုက်နံရံနှင့်တကွ အခန်းသုံးခန်းကိုတွေ့၏၊ ထိုနေရာသို့ရောက်လျှင် ဤသို့ကြံ၏၊ ငါ့ဘကြီးက ဤနေရာဌာနသို့ ကျရောက်လျှင် အဝတ်အစားနှင့် မထိခိုက်ရအောင် ကြိုးစား၍ သတိပြုရမည်ဟု မှာထားသည်၊ ငါလည်းအဝတ်အစားတို့ကို ကျစ်လျစ်သေသပ်စွာ ဝတ်ဆင်ဦးအံ့ဟု မြဲမြံစွာဝတ်လေ၏၊ ထိုတိုက်ခန်းအတွင်းသို့ ဝင်သွားလေလျှင် ရွှေငွေတို့ အပြည့်ထည့်၍ထားသော ရွှေစည်ပိုင်း ငွေစည်ပိုင်းတို့ကို တွေ့မြင်လေ၏၊ ထိုအခါ လိုချင် တပ်မက်သော စိတ်မရှိရအောင် မြဲမြံစွာ နှလုံးသွင်းရလေ၏၊ ထိုမှတစ်ဖန် သွားပြန်သည်ရှိသော် ဉယျာဉ်ကိုတွေ့၏၊ ထိုဉယျာဉ်ကား ပကတိ စားသောက်ဖွယ်ဖြစ်သော သစ်ပင်သစ်သီးမဟုတ်၊ ရွှေဖြင့်ပြီးသော သစ်ပင်၊ ငွေဖြင့်ပြီးသော သစ်ပင်၊ ပတ္တမြားဖြင့်ပြီးသော သစ်ပင်၊ နီလာဖြင့် ပြီးသော သစ်ပင်၊ ဂေါ်မုတ်ဖြင့်ပြီးသော သစ်ပင်၊ ဉဿဖယားဖြင့်ပြီးသော သစ်ပင်၊ သန္တာဖြင့် ပြီးသော သစ်ပင်၊ ထိုသစ်ပင်တို့၌ သီးပွင့်ကုန်သော ရွှေသီးငွေသီး ပတ္တမြားသီးအစရှိသော အသီးတို့သည် အဖိုးအနန္တထိုက်တန်၏၊ ထိုဉယျာဉ်သို့ အာလာဒင်ရောက်လျှင် ရှုကြည့်၍ မပြီးနိုင်အောင် ဖြစ်လေ၏။

ထိုအခါ အာလာဒင်လည်း ဤသို့ ရှုချင်ဖွယ်ကောင်းလှသော ရွှေပင်၊ ငွေပင်၊ မြပင်၊ ပတ္တမြားပင်တို့ကို ရှုကြည့်နေသော်လည်း အမှုပြီးငြိမ်းသေးသည်မဟုတ်၊ ဘကြီးမှာထားသည့် အတိုင်း ခရီးလမ်းစဉ်ကုန်အောင် သွားဦးအံ့ဟု ကြံလျက် ထိုကတစ်ဖန် သွားပြန်သော် အထစ်ပေါင်း ငါးဆယ်ရှိသော လှေကားကိုတွေ့၏၊ ထိုလှေကားဖြင့် တစ်ဖန်ဆင်းသွားသည် ရှိသော် တိုက်ကြီး၏ အမိုးပေါ်သို့ရောက်၍ ထိုတိုက်ကြီး၏ အမိုးပေါ်၌ မှန်အိမ်ဖြင့် မီးထွန်းညှိ ထားသည်ကို တွေ့လေ၏။

ထိုအခါ အာလာဒင်သည် ဘကြီးမှာထားသည့်အတိုင်း မှန်အိမ်မီးကို မှုတ်သတ်ပြီးလျှင် ယခင်ခရီးစဉ်အတိုင်း ပြန်လာ၍ စိန်သီး၊ မြသီးတို့ကိုဆွတ်ခူးပြီးလျှင် မှန်အိမ်နှင့်ရောနှော၍ မိမိဝင်လာရင်း အပေါက်သို့ လျှောက်လာလေ၏၊ အပေါက်ဝသို့ရောက်လျှင် သိုက်ဆရာကို

တွေ့၍ အာလာဒင်လည်း ဘကြီး ကျွန်တော့်ကို အပေါ်သို့ရောက်အောင် တင်ဆောင်ပါဟု ဆို၏။

ထိုအခါ သိုက်ဆရာက တူမောင်၊ မုန်အိမ်ကို ယူဆောင်ခဲ့သလောဟု မေးရာ အာလာဒင်လည်း မုန်အိမ်ပါယူဆောင်လာပါသည်ဟု ပြော၏၊ တူမောင် မုန်အိမ်ကို ဘကြီးအား ဦးစွာ ကမ်းလိုက်ဟုပြောလျှင် အာလာဒင်ကလည်း ကျွန်တော့်ကိုသာ အပေါ်သို့ရောက်အောင် တင်ဆောင်ပါဟုပြောဆို၏၊ သိုက်ဆရာက အာလာဒင်၊ သင့်ကိုအပေါ်သို့ ရောက်အောင် ဆောင်တင်မည်၊ မုန်အိမ်ကိုသာ ရှေးဦးစွာ ကမ်းလိုက်ပါဟုဆို၏၊ အာလာဒင်ကလည်း မုန်အိမ်မှာ အသီးအနှံတို့နှင့် ရောနှောနေသည့်အတွက် ရုတ်တရက် ရှာ၍မတွေ့နိုင်ပါ၊ ကျွန်တော့်ကိုသာ အပေါ်သို့ ရောက်အောင်တင်ပါဟု ထပ်ကာထပ်ကာဆိုလေ၏၊ ထိုသို့ အာလာဒင် ပြောဆိုသဖြင့် သိုက်ဆရာသည် အမျက်ဒေါသထွက်ပြီးလျှင် ကျောက်ဖျာပိတ်ဆို့၍ သွားလေသတည်း။

ထိုသို့ ပိတ်လှောင်ထားခြင်းခံရလျှင် အာလာဒင်သည် မိခင်ကိုတောင့်တ၍ ဩော် ငါ၏ မိခင်ကျေးဇူးရှင်သည် ညဉ့်အချိန်ရောက်လတ်၍ သားပြန်မလာသည်ကို သိရလျှင် အလွန် ပူပင်ရှာလိမ့်မည်၊ မြို့သို့လှည့်လည်၍ ရှာဖွေလိမ့်မည်၊ ထိုသို့ မတွေ့ခဲ့ပြန်လျှင် ငါနှင့် ပေါင်းသင်းသော သူငယ်အဖော်တို့ကို မေးလတ္တံ့၊ ထိုသို့ မေးမြန်း၍မရပြန်လျှင် မိခင်သည် ဤသို့ အောက်မေ့ရှာလိမ့်မည်၊ ငါ့သားသည် မြွေခဲ၍သော် လည်းကောင်း၊ ကျားကိုက်၍သော် လည်းကောင်း၊ ဆင်နင်း၍ သော်လည်းကောင်း တစ်စုံတရာသော ဘေးအန္တရာယ်နှင့် သေဆုံးသောကြောင့် အိမ်သို့ ပြန်ရောက်မလာသည်ထင်မှတ်၍ များစွာ ငိုကြွေးတမ်းတခြင်းကို ပြုလတ္တံ့၊ ထိုသို့ မိခင်ငိုကြွေးခြင်းသည် ယခု တိုက်လှောင်ခံရခြင်းထက် ဆင်းရဲနက်နဲလေသည် စသည်တို့ဖြင့် မိခင်ကိုတသ၍ ငိုကြွေးလေ၏။

ထိုသို့ တသငိုကြွေးပြီးလျှင် အာလာဒင်သည် တိုက်တွင်း၌ပင် နစ်ရက်ပတ်လုံး အစာရေစာ မစားမသောက်ရဘဲ လှည့်လည်၍ နေရသောကြောင့် စိတ်နှလုံးပူပန်ခြင်း ပြင်းပြစွာ ဖြစ်လေလျှင် မိမိလက်ချောတို့ကို ပွတ်သပ်လေ၏၊ ထိုသို့ လက်ချောတို့ကို ပွတ်သပ် လိုက်သည်ရှိသော် မြေဘုတ်ဘီလူးသည် မြေကြီးကိုခွဲ၍ ဘွားခနဲပေါ်ထွက်လာလေ၏၊ ထိုသို့ ပေါ်ထွက်လာလဆင် အာလာဒင်သည် များစွာထိတ်လန့်ခြင်းဖြစ်၍ တုန်တုန်ခိုက်ခိုက်ရှိလေ၏၊ ထိုအခါ မြေဘုတ်ဘီလူးက အမောင်၊ လက်စွပ်ကို စိုးပိုင်သောသူမှာ ကျွန်တော်မျိုး၏

သခင်ဖြစ်ပါသည်၊ သခင် မည်သည့်အရာကို အလိုရှိသည်ကို အမိန့်ရှိတော်မူပါ၊ ကိစ္စကို ပြီးငြိမ်းအောင် ဆောင်ရွက်ပေးပါမည်ဟုပြောလျှင် အာလာဒင်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အချင်းမြေဘုတ်ဘီလူးမင်း၊ အခြားကိုအလိုမရှိပါ၊ ကျွန်ုပ်မိခင်၏ အိမ်ကိုရောက်လိုသော ဆန္ဒသာ ရှိပါသည်၊ ထို့ကြောင့် မိခင်၏ အိမ်ကိုသာ ရောက်အောင် ဆောင်ကြဉ်းပါဟုဆိုလေ၏၊ အမောင်၊ မစိုးရိမ်လင့်၊ ယခု တစ်ခဏချင်းတွင်းပင် ရောက်အောင် ဆောင်ကြဉ်းပါမည်ဟု ဆိုပြီးလျှင် အိမ်သို့ ပို့ဆောင်လေ၏။

ထိုသို့ မြေဘုတ်ဘီလူး ဆောင်ကြဉ်း၍ အိမ်သို့ရောက်လျှင် အာလာဒင်၏ မိခင်ကလည်း သားပြန်လာသည်ကို မြင်ရ၍ ချစ်သား၊ မောင့်ဘကြီးသည် မည်သည့်အရပ်ကို ခေါ်သွားသောကြောင့် နှစ်ရက်တိုင်တိုင်ကြန့်ကြာ၍ နေသနည်း၊ မိခင်သည် ငါ့သားပြန်ချိန် မပြန်လာသောကြောင့် များစွာပူဆွေးရသည်၊ မည်သည့်အရပ်သို့ ခေါ်သွားသောကြောင့် ဤမျှလောက် ကြန့်ကြာသနည်းဟု မေးမြန်းသည်၊ သား အာလာဒင်က မိခင်၊ ကျွန်တော့်ကို ခေါ်ဆောင်သွားသူကား ဘကြီးမဟုတ်ပါ၊ သူသတ်ယောက်ျားဖြစ်ပါသည်၊ ယမန်နေ့က ထူးဆန်းသော အရာများကို ပြသမည်ဟု ခေါ်သွားပြီးလျှင် တိုက်ကြီးထဲသို့ မှန်အိမ်ကို အယူခိုင်းသောကြောင့် မှန်အိမ်ကို ကျွန်တော်ယူငင်၍ ပြန်လာလျှင် တိုက်ကိုပိတ်လှောင်၍ ထားပါသည်၊ ကျွန်တော့်ကို ဘီလူးကြီးကလိုက်၍ ပို့သောကြောင့် မိခင်အိမ်သို့ ရောက်ရပါသည်ဟု အလုံးစုံ မချွင်းမချန်ဘဲ ကုန်စင်အောင် ပြန်ကြားပြောဆိုပြီးလျှင် မိခင်၊ ဤအသီးအနှံစုကား တိုက်ကြီး၏ အတွင်းရှိ သစ်ပင်တို့၌ ဖြစ်ကုန်သော အသီးအနှံတို့တည်း၊ စိန်သီး၊ မြသီး၊ ပတ္တမြားသီးတို့နှင့်တကွ မှန်အိမ်ပါ မိခင်ကိုပြသလျှင် မိခင်လည်း အလွန် ထူးဆန်းလှသော အသီးအနှံတို့ပင် ဖြစ်သတည်းဟု အောက်မေ့၍ မည်မျှလောက် အဖိုးထိုက်တန်ကြောင်းကို မသိလေ၊ မိခင်လည်း သားပြန်လာသောကြောင့် ရယ်ကာမောကာ ဝမ်းပန်းတသာ ပြောဆိုသည်၊ သား အာလာဒင်က မိခင်၊ ကျွန်တော်သည် နှစ်ရက်ပတ်လုံး အစာရေစာ မစားမသောက်ရသောကြောင့် အလွန်လျှင် ဆာလောင်နေပါသည်၊ ထမင်း ဘောဇဉ်တို့ကို ပေးပါဟု တောင်း၏၊ မိခင်လည်း ထမင်းဟင်းလျာတို့ကို ပြင်ဆင်၍ ကျွေးမွေး၏။

ဤသို့ ထမင်းကို ကျွေးမွေးလျှင် အာလာဒင်သည် နှစ်ရက်ပတ်လုံး ထမင်းမွတ်သိပ် လှသည့်ပြင် စိတ်နှလုံး၏ ငြိုငြင်ဆင်းရဲခြင်းကြောင့် ထိုခဏ၌ပင် အိပ်ပျော်သွားလေ၏၊

နံနက်မိုးသောက် ရောက်လတ်သော် အာလာဒင်သည် မိခင်အား နံနက်စာ ထမင်းစားရန် ချက်ပြုတ်လုပ်ကိုင်ပါဟု ပြော၏၊ မိခင်သည် ချစ်သားအား ထမင်းဟင်းလျာတို့ကို ဝယ်ခြမ်း၍ ချက်ပြုတ်ရန် ပိုက်ဆံကြေးငွေမရှိပါ၊ သို့ရာတွင် မိခင်သည် ဂွမ်းအနည်းငယ်မျှ ဖန်၍ ထားသည်များကို ရောင်းချပြီးမှ ထမင်းဟင်းလျာတို့ကို ဝယ်ခြမ်းချက်ပြုတ် လုပ်ကိုင်မည်ဟု ဆိုလျှင် အာလာဒင်သည် မိခင်၊ အဘယ့်ကြောင့် ဂွမ်းကို ရောင်းချမည်နည်း၊ ယမန်နေ့က ကျွန်တော် ယူဆောင်လာသော မှန်အိမ်ကို သစ်လွင်အောင် ဆေးကြောသုတ်သင်ပြီးလျှင် ရောင်းချရပါမူ ပိုက်ဆံကြေးငွေအနည်းငယ်မျှ ရပါလိမ့်မည်ဟု ပြောလေ၏။

မိခင်သည် မှန်အိမ်ကို ဆေးကြောသုတ်သင်သည်ရှိသော် ကြောက်ရွံ့ ထိတ်လန့်ဖွယ် ကောင်းလှသော မြေဘုတ်ဘီလူးကြီးသည် မြေပေါ်မှထွက်လာလေ၏၊ အာလာဒင်၏မိခင်သည် ဘီလူးကြီးကို မြင်လေသော် အလွန်ကြောက်ရွံ့ တုန်လှုပ်ခြင်းဖြင့် မိန်းမောမေ့လျော့၍သွား၏၊ အာလာဒင်မှာမူကား ယခင်က မြင်တွေ့ဖူးသည်ဖြစ်၍ ကြောက်ရွံ့ခြင်းမရှိချေ။

ထိုအခါ ဘီလူးကြီးက အရှင်မြတ်၊ မှန်အိမ်ကို စိုးပိုင်သောသူသည် ကျွန်တော်မျိုး ဖြစ်ပါသည်၊ အလိုရှိသမျှကိုသာ အလုံးစုံပြန်ကြားမိန့်တော်မူပါ၊ ဆန္ဒလိုအင်ကို ပြည့်စုံအောင် ဆောင်ရွက်အံ့ဟု ဆိုလေ၏၊ အာလာဒင်က အိုဘီလူးမင်း၊ ကျွန်ုပ်သည် စားဖွယ်သောက်ဖွယ် ထမင်းဟင်းလျာတို့ကို အလိုရှိပါသည်ဟု ပြောလေလျှင် ဘီလူးကြီးလည်း စိုးရိမ်တော်မမူ ပါလင့်၊ ယခုပင်လျှင် အရှင့်ရှေ့တော်ရောက် ပို့ဆက်ပါအံ့ဟု ပြောပြီးလျှင် ဘီလူးကြီး၏ တန်ခိုးအာနုဘော်ကြောင့် ရွှေလင်ပန်း၊ ငွေလင်ပန်း၊ ရွှေပန်းကန်၊ ငွေပန်းကန်တို့နှင့် ထမင်း ဟင်းလျာတို့ကို ပြင်ဆင်ပြီးလျှင် အာလာဒင်ထံသို့ပို့လေ၏၊ ထိုသို့ ပို့ပြီးလျှင် ဘီလူးကြီး သည်လည်း ကွယ်ပျောက်လေ၏၊ ရွှေလင်ပန်း၊ ငွေလင်ပန်းတို့ကိုမူ ရေဟိုဒီဆိုင်၌ သွား၍ ရောင်းချရာ အဖိုးမည်မျှ ထိုက်တန်ကြောင်းကို မသိသည် ဖြစ်၍ ဝယ်သူပေးသမျှဖြင့် ရောင်းပြီး ဝမ်းမြောက်ဝမ်းသာ ဈေး၌ ဆန်နှင့်အမဲသားငါး တို့ကို ဝယ်ခြမ်းပြီးလျှင် ချက်ပြုတ် စားသောက်ကြလေ၏။

တစ်ဖန် ထိုပိုက်ဆံငွေကြေး ကုန်ပြန်သည်ရှိသော် ယခင်ကကဲ့သို့ မှန်အိမ်ကို ပွတ်သပ်ပြန်လျှင် ဘီလူးကြီးလာ၍ စားစရာများကို ပို့ပြန်ရာ ယခင်နည်းအတိုင်း ရွှေလင်ပန်း ငွေလင်ပန်းတို့ကို ရောင်းချ၍ စားသောက်ပြန်လေ၏၊ အာလာဒင်သည်လည်း ဤသို့ မှန်အိမ်၌ တန်ခိုးစွမ်းအားရှိကြောင်း အနည်းငယ်မျှသာ သိလေ၏။

တစ်နေ့သ၌ မိမိတို့တိုင်းပြည်ကို အစိုးရတော်မူသော ပြည့်ရှင်မင်းကြီး၏ သမီးတော် ဘက်ဒရိဘူ အမည်ရှိသော မင်းသမီးသည် ကောင်းမွန်စွာ ဆင်ယင်ပြီးလျှင် မြစ်ဆိပ်ကမ်းနား၌ များစွာသော အခြွေအရံတို့နှင့် ရေကစားရန် ထွက်ကြွတော်မူ မည်ဖြစ်၍ အိမ်တိုက်ဈေးဆိုင် ကန္နားတို့ကို ပိတ်၍ထားရမည်၊ တစ်စုံတစ်ယောက်သောသမျှ မကြည့်မရှုစေနှင့်ဟု အမိန့်တော် ထုတ်ပြန်တော်မူလျှင် ၎င်းတိုက်အိမ်တို့ကို ပိတ်ဆို့ထားရ၏၊ ထိုအခါ မင်းသမီးသည် များစွာသော ခြွေရံသင်ပင်း အလုံးအရင်းတို့နှင့် မြစ်ဆိပ်ကမ်းနားသို့ ဆင်းသက်လာလေသော် တစ်စုံတစ်ယောက်သောသူသမျှ မကြည့်မရှုဝံ့ကုန်၊ အာလာဒင်မှာမူကား အပေါက်ငယ် တစ်ခုက ချောင်းမြောင်း၍ ကြည့်ရှုသည် ဖြစ်သောကြောင့် မြင်ရလေသတည်း၊ ထိုအခါ အာလာဒင်သည် မင်းသမီး၏ မျက်နှာကိုရှုမြင်ရလျှင် ဘဝအဆက်ဆက်က ကုသိုလ်ရေစက် ဆုံဖူးသည်နှင့် မင်းသမီးကို ချစ်ခင်စုံမက်နှစ်သက်သော အာရုံအဖုံဖုံပြိုတွယ်သည်ဖြစ်၍ မိခင်အား လျှောက်တင်စေ့စပ်ပေးပါမည့် အကြောင်း ပူဆာလေ၏။

## ပြည့်ရှင်မင်း၏သမီးကိုမရလျှင် သေရတော့အံ့

မိခင်လည်း ချစ်သား၊ ငါတို့နှင့်ကံမမျှသော ပြည့်ရှင်မင်းကြီး၏ သမီးတော်ဖြစ်သဖြင့် အဘယ်မှာ ရနိုင်ပါအံ့နည်း၊ မတန်မရာသည်ကို တောင့်တပူဆာခြင်း မပြုလင့်၊ ငါတို့ ဆင်းရဲသားချင်း ဂုဏ်ရည်တူမျှ လုပတင့်တယ်သော မိန်းကလေးတို့ကို ရွေးချယ်ပြီး စေ့စပ် ပြောဆိုပေးမည်ဟု ဖျောင်းဖျပြောဆိုလေ၏၊ အာလာဒင်က ဆင်းရဲသားတို့၏သမီးကို အဘယ်မှာ အလိုရှိပါအံ့နည်း၊ ပြည့်ရှင်မင်းကြီး၏ သမီးတော်ကိုသာ လျှောက်တင် စေ့စပ်၍ ပေးပါဟု ပြောဆိုလျှင် မိခင်သည် ချစ်သား၊ နေနှင့်လကို လှည်းဘီးပြုလုပ်ရန် တောင့်တသော သူကဲ့သို့ ငါ့သားလည်း မအပ်မရာ မဆီမဆိုင်သည်ကိုသာ တောင့်တလေသည်၊ အဘယ်မှာ ပြည့်ရှင်မင်းကြီး၏ သမီးတော်ကို ရနိုင်ပါအံ့နည်းဟုဆိုက အာလာဒင်လည်း မိခင်၊ ပြည့်ရှင် မင်းကြီး၏ သမီးတော်ကိုမှ ကျွန်တော်မရခဲ့ပါမူ သေတော့အံ့ဟု မိခင်ရှေ့တွင် ဝပ်တွားလျက် ငိုကြွေးလေ၏။

မိခင်လည်း သားငိုကြွေးလျက် ဧကပုတ္တ တစ်ယောက်တည်းသော သားဖြစ်၍ အလွန် ချစ်ခင်သနားသဖြင့် ချစ်သား၊ ပြည့်ရှင်မင်းကြီး၏ သမီးတော်ကို အလိုမရှိပါလင့်၊ ဤမြို့တော်၌ ကြိုက်နှစ်သက်သောသူကို မိခင်အားပြလော့၊ မရရအောင် ပြောဆိုစေ့စပ်၍ ပေးမည်၊

ကေရာဇ်မင်းကြီး၏ သမီးတော်ကား ငါတို့နှင့်မျိုးရိုးဇာတိ တူမျှသည်လည်းမဟုတ်၊ ဂုဏ်ရည်ချင်းလည်း ကွာခြားသဖြင့် မတောင့်တအပ် မတောင့်တထိုက် မတောင့်တသင့်သော ဤအမှုကို တောင့်တလေသည်၊ ငါ့သားသာလျှင် စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ ဆင်းရဲခြင်း ဖြစ်လတ္တံ့၊ သို့ဖြစ်သောကြောင့် ပြည့်ရှင်မင်းကြီး၏ သမီးတော်ကိုချန်လှပ်၍ မည်သည့် မှူးမတ် သေနာပတိ သူဌေးသူကြွယ်တို့၏ သမီးဖြစ်ပါစေ ချစ်သားအလိုရှိပါက မိခင်ပြောဆို စေ့စပ်၍ ပေးမည်ဟု ချစ်လှစွာသောသားဖြစ်၍ အနည်းနည်းအဖုံဖုံတို့ဖြင့် ဖြောင်းဖျပြောဆို၏။

အာလာဒင်လည်း မိခင်၊ ဤပြည့်ရှင်မင်းကြီး၏ သမီးတော်ကိုမှမရခဲ့ပါလျှင် ကျွန်တော် သေအံ့တော့မည်ဟု ဆိုသဖြင့် မိခင်လည်း သား၌ အလွန်ချစ်ခင်လှသည်လည်း တစ်ကြောင်း၊ ပြည့်ရှင်မင်းကြီးအား ကြောက်ရွံ့သည်လည်း တစ်ကြောင်းကြောင့် မဝေခွဲနိုင်အောင် ဖြစ်သည်နှင့် ပြည့်ရှင်မင်းကြီး၏ သမီးတော်ကို လျှောက်တောင်းသည့်အတွက် ရာဇဝတ် အပြစ်ဒဏ်ခတ်ထား၍ သတ်သော်လည်း သတ်ပစေတော့၊ သား၏ တပ်မက်ခြင်း ဒုက္ခဖြစ်ပွား သည်ကို ကြည့်ရှု၍မနေလိုပြီဟု ကြံပြီးလျှင် သား အာလာဒင် ဆောင်ကြဉ်းယူလာခဲ့သော စိန်သီး မြသီး ပတ္တမြားသီး ပုလဲသီးတို့ကို ရွှေလင်ပန်း၌ အပြည့်ထည့်ကာ ပြည့်ရှင် မင်းကြီးထံသို့ လက်ဆောင်ပြု၍ ဆက်သရန် ဦးခေါင်းထက်သို့ တင်ရွက်ပြီးလျှင် နန်းတော်သို့ သွားလေ၏။

ပြည့်ရှင်မင်းကြီး၏ အနီးသို့ရောက်လျှင် မလျှောက်တင်ဝံ့ဘဲ မျက်နှာကို အောက်ချ လျက်နေလေ၏၊ ပြည့်ရှင်မင်းကြီးလည်း ၎င်းသူဆင်းရဲမ၏ မလျှောက်တင်ဝံ့ကြောင်းကို သိလေလျှင် အမိန့်တော်ရှိသည်မှာ ဟယ်... သူဆင်းရဲမ၊ ဘယ်အလို့ငှာ ငါ၏ ရှေ့တော်မှောက်သို့ ရောက်သနည်း၊ လျှောက်တင်ရန်ရှိလျှင် လျှောက်တင်လေဟု အမိန့်တော် ရှိလေ၏၊ အာလာဒင်၏ မိခင်လည်း စိန်သီး၊ မြသီး၊ ပတ္တမြားသီးတို့ကို ဆက်သပြီးလျှင် လျှောက်တင်သည်မှာ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော အရှင်မင်းမြတ်၊ လျှောက်တင်ရန် ကိစ္စမှာ ထားလျှင်လည်း ရှင်ရပါမည်၊ ကွပ်မျက်တော် မူလျှင်လည်း သေရပါမည်၊ ကျွန်တော်မျိုးမ၏ သား အာလာဒင်သည် အရှင်မင်းမြတ်၏ သမီးတော်ကို ချစ်ခင်စုံမက်လှသည် ဖြစ်ပါ၍ လျှောက်တင်စေ့စပ်၍ ပေးပါဟု ကျွန်တော်မျိုးမ အား အကြိမ်ကြိမ် ပူဆာသောကြောင့် ကျွန်တော်မျိုးမသည် အသက်ကိုစွန့်စား၍ လျှောက်ထား

အသနားခံပါသည်၊ အရှင်မင်းကြီး ရာဇဝတ်တော်ပေးလျှင်လည်း ခံရမည့် ကျွန်တော်မျိုးမ ဖြစ်ပါသည်ဟု လျှောက်တင်လေ၏။

ပြည့်ရှင်မင်းကြီးလည်း သူဆင်းရဲမလက်ဆောင်ပြု၍ ဆက်သသော စိန်သီး၊ မြသီး၊ ပတ္တမြားသီး၊ ပုလဲသီးရတနာတို့ကို မြင်ရလေက ငါသည် မင်းဧကရာဇ်ဖြစ်ငြားသော်လည်း ထူးမြတ်စွာသော ဤရတနာတို့ကို တစ်ခါမျှ မမြင်ဖူးလေ၊ အဖိုးအနဂ္ဃ ထိုက်တန်လှသော ဤပတ္တမြားရတနာတို့ကို လူသာမန်တို့ ရခြင်းငှာ မစွမ်းနိုင်ကုန်၊ ၎င်းသူဆင်းရဲမ၏ သားသည် ဘုန်းသမ္ဘာနှင့် ပြည့်စုံ၍သာလျှင် ဤအဖိုးအနဂ္ဃ ထိုက်တန်သော ရတနာတို့ကို ရနိုင်လေသည်၊ ငါ့သမီးတော်ကို ယင်းသို့ ချစ်ခင်စုံမက်ကြောင်းနှင့် လူသာမန်တို့ မတောင်းမဆိုဝံ့ကုန်၊ ဤသူဆင်းရဲမသားသည် ဝံ့ဝံ့စားစားလျှောက်တင်သည်မှာ အံ့ဖွယ်ရှိ၏၊ ၎င်းသူဆင်းရဲမ သားနှင့်ပင်လျှင် ထိမ်းမြားလက်ထပ် ပေးတော်မူမည်ဟု ကြံပြီးလျှင် ဤသို့အမိန့်တော် ရှိလိုက်၏၊ ဟယ်... သူဆင်းရဲမ၊ သင့်သားနှင့်ပင် ထိမ်းမြားတော်မူမည်၊ ယနေ့ကစ၍ သုံးလတိုင် ရောက်ရုံဆိုင်းငံ့ရမည်ဟု မိန့်ကြားလိုက်လေ၏။

သူဆင်းရဲမသည် ဝမ်းမြောက်ဝမ်းသာ ရယ်မောကာဖြင့် အိမ်သို့ပြန်လာခဲ့ပြီးလျှင် ပြည့်ရှင်မင်းကြီးမှ သမီးတော်နှင့် ထိမ်းမြားပေးမည်ဟု ခွင့်ရခဲ့ကြောင်း ပြန်ပြောလေ၏၊ အာလာဒင်၏မိခင် ပြည့်ရှင်မင်းကြီးထံမှ ပြန်သွားပြီးနောက် အမတ်ကြီးက လျှောက်တင်သည်မှာ ဘုန်းတော်ကြီးလှသော အရှင်မင်းမြတ်၊ သူဆင်းရဲမအား ဘယ်သို့မိန့်တော်မူခဲ့ ပါသနည်း၊ ဤသူဆင်းရဲမသားနှင့် မျိုးရိုးဝံသ တူမျှသည်လည်းမဟုတ်၊ အလွန်ယုတ်ညံ့လှ စွာသော သူဆင်းရဲမသားနှင့် မြင့်မြတ်သော အရှင့်သမီးတော်ကို ပေးစားထိမ်းမြားတော် မူပါလျှင် ပြည်ထောင်ချင်းမင်းတို့ ကြားသိက အဘယ်မှာ သင့်လျော်နိုင်အံ့နည်း၊ အကယ်၍ ထိမ်းမြားတော်မူလိုပါက ရှေးအထက်ကျော်အခါက အရှင်မင်းမြတ်သည်လည်း ကျွန်တော် မျိုး၏ သားကြီးရတနာနှင့် ပေးစားထိမ်းမြားတော်မူမည်ဟု အမိန့်တော်ရှိဖူးပါသည်၊ ထိုကတိ စကားကို မဖျက်မူ၍ ကျွန်တော်မျိုး၏ သားနှင့်သာ ထိမ်းမြားတော်မူသင့်ပါသည်ဟု လျှောက်တင်လေ၏။

ပြည့်ရှင်မင်းကြီးလည်း အိုအမတ်ကြီး၊ ငါသည်ကား သူဆင်းရဲမကို ခွင့်ပေးလိုက်မိ ပေသည်၊ အဘယ်သို့ ကြံစည်ရပါအံ့နည်းဟု မိန့်လေ၏၊ အရှင်မင်းကြီး၊ ခဲယဉ်းသည်မဟုတ်ပါ၊ သူဆင်းရဲမအား သုံးလတိုင်ရောက်လျှင် ထိမ်းမြားမည်ဟု အမိန့်တော်ရှိပါသည်၊ သုံးလမတိုင်မီ

အတွင်း ကျွန်တော်မျိုးသားနှင့် ထိမ်းမြားတော်မူလျှင် သင့်လျော်ပါဟု လျှောက်တင်လေ၏၊ မင်းကြီးလည်း သင့်လျော်လျှင် ထိမ်းမြားမင်္ဂလာပြုလုပ်ရန် အခမ်းအနားကိုသာ ပြင်ဆင်လေလော့ဟု အမိန့်တော်ရှိရာ အမတ်ကြီးလည်း ပြာသာဒ်ဘုံဗိမာန်တို့ကို အဆန်းတကြယ် ဖွယ်ဖွယ်ရာရာ ဆောက်လုပ်ပြီးလျှင် လမ်းကြီး လမ်းငယ် အသွယ်သွယ်တို့၌လည်း ဇာတ်ရုပ်သေးပွဲ သဘင်တို့ကို ကခုန်ကျင်းပစေကာ ကြီးကျယ်ထူးမြတ်သော မင်္ဂလာပွဲကြီးကို ပြုလုပ်ရန်စီမံလေသတည်း။

ထိုသို့လျှင် ပွဲလမ်းသဘင်တို့ကို ခင်းကျင်းကခုန်နေသည့်အခါ အာလာဒင်၏ မိခင်သည် အိမ်တွင် မီးထွန်းရန် ဆီမရှိသည်နှင့် စျေးသို့ဆီဝယ်ရန် သွားလေသော် လမ်းငယ်လမ်းကြီး အသီးသီးတို့၌ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပ နေသည်ကိုမြင်လျှင် ပွဲကြည့်သူတို့အား ဤသို့မေး၏၊ ယခု ခင်းကျင်းပြသသောပွဲသည် မည်သူက ခင်းကျင်းပြသသောပွဲနည်း၊ မည်သည့် အကြောင်းကိစ္စကြောင့် ခင်းကျင်းပြသသနည်း၊ ပွဲကြည့်သူတို့က ဝေါက်ငမ်းပြီးလျှင် ဟယ်... မိန်းမကြီး၊ သင်မသိသလော၊ ငါတို့၏ပြည့်ရှင် ဘုရင်ဧကရာဇ် မင်းမြတ်၏ သမီးတော်နှင့် အမတ်ကြီး၏သားတို့ ထိမ်းမြားလက်ထပ်မင်္ဂလာ ပြုသည်ဖြစ်၍ ပွဲလမ်းသဘင်တို့ကို ခင်းကျင်း ကပြကြသည်ဟုပြောကြသည်၊ အာလာဒင်၏မိခင်သည် ရင်ဝကို လှံမနှင့် ထိုးခံရဘိသကဲ့သို့ စိတ်ပူပန်ဆင်းရဲခြင်းဖြင့် အိမ်သို့လျှင်စွာပြန်လာကာ ချစ်သား၊ မောင်သည် ပြည့်ရှင်မင်းကြီး၏ သမီးတော်ကို အလိုရှိသောကြောင့် လျှောက်တင်ပေးရမည်ဟု မိခင်ကို အခါခါပူဆာလှသောကြောင့် ပြည့်ရှင်မင်းကြီးအား လျှောက်တင်ခဲ့သည်၊ သုံးလတိုင်ရောက်လျှင် သင့်သားနှင့် ထိမ်းမြားတော်မူမည်ဟု အမိန့်တော်ရှိခဲ့သည်၊ ယခုမူကား အမတ်ကြီး၏ သားနှင့် ပေးစားထိမ်းမြားတော်မူသည်ဖြစ်၍ ပွဲလမ်းသဘင်ကျင်းပလျက် ရှိနေချေသည်၊ ချစ်သားသည် မည်ကဲ့သို့ကြံစည်ပါအံ့နည်း၊ မိခင်သည် အသည်းနှလုံး ပြတ်ကြွေမတတ် ရှိနေသည်ဟု ပြောလေ၏၊ အာလာဒင်က မိခင် ဤအရာ၌ စိုးရိမ်ကြောင့်ကြခြင်း မရှိပါလင့်၊ ကျွန်ုပ်ကြံစည်ပါအံ့ဟု ပြန်ပြော၏၊ ပြည့်ရှင်မင်းကြီးလည်း ထိုသို့လျှင် ပွဲလမ်းသဘင်တို့ကို ခင်းကျင်းပြီးသော် ပညာရှိတို့နှင့် အချိန်နာရီကို စိစစ်ရွေးချယ်ကာ စုလျားရစ်ပတ်ထိမ်းမြား လက်ထပ်ခြင်းပြုလေသတည်း။

အာလာဒင်သည် မှန်အိမ်ကို ပွတ်သပ်လိုက်သည် ရှိသော် မြေဘုတ်ဘီလူးကြီး ထွက်လာ၍ အကြောင်းခြင်းရာကို မေးမြန်းသည်၊ အာလာဒင်က ပြန်ပြောသည်မှာ ဘီလူးမင်း၊

ပြည့်ရှင်မင်းကြီး၏ သမီးတော်နှင့် အမတ်ကြီးသားတို့သည် အဆောင်တော်အတွင်း သလွန်တော် ပေါ်ထက်သို့ အိပ်စက်ရန် လာသည့်အခါ သလွန်နှင့်တကွ ၎င်းသူတို့ကို ဆောင်ကြဉ်းပြီးလျှင် ကျွန်ုပ်ထံသို့ ပို့သပါဟုပြောဆိုလေ၏၊ မြေဘုတ်ဘီလူးကြီးလည်း စိုးရိမ် ကြောင့်ကြတော်မမူပါလင့်၊ ဆောင်ကြဉ်း၍ပို့ပါအံ့ဟု ပြောပြီးလျှင် ဘီလူးကြီး ကွယ်ပျောက် သွားလေ၏၊ ညဥ့်အချိန်သို့ ရောက်လတ်သော် အမတ်ကြီးသားနှင့် မင်းသမီးသည် အဆောင် အတွင်း ကြာရံတော်ကို ဖွင့်လှစ်၍ သလွန်ထက်သို့ အိပ်စက်ရန် တက်ကြလေ၏၊ ဘီလူးကြီးသည် အမတ်ကြီး၏ သားနှင့် မင်းသမီးတို့ကို သလွန်နှင့်တကွ အာလာဒင်၏ထံသို့ ပို့လေ၏၊ အမတ်ကြီး၏သားနှင့် မင်းသမီးတို့သည် အာလာဒင်၏ အိမ်သို့ရောက်လျှင် ငါတို့သည် မည်သည့် အရပ်သို့ ရောက်လာမှန်းမသိ၊ အကြောင်း ဘယ်သို့ဖြစ်ပါလိမ့်မည် နည်းဟု ပူပန်ဆင်းရဲနေစဉ် အာလာဒင်သည် အမတ်ကြီးသားကို ချမ်းအေးသောအရပ်၊ လူသူဆိတ်ငြိမ်သောနေရာ၌ တစ်ညဥ့်ပတ်လုံး ရပ်လျက်နေစေသတည်း။

## အမတ်ကြီးသားနှင့် မပေါင်းလိုပါ

မင်းသမီးနှင့် အာလာဒင်တို့သည် အိပ်စက်၍နေကြလေ၏၊ မိုးသောက်ယံတွင် သလွန် နှင့်တကွ မင်းသမီးနှင့်အမတ်ကြီးသားတို့ကို နန်းတော်သို့ပြန်၍ ပို့ပြန်စေ၏၊ ယင်းသို့ နစ်ရက် သုံးရက်တိုင်တိုင် ဤသို့ပြုလုပ်သည်ရှိသော် အမတ်ကြီး၏သားသည် မိမိဖခင်အမတ်ကြီးအား ဖခင်၊ ကျွန်ုပ်တို့သည် ထိမ်းမြားလက်ထပ်သည့်နေ့ ညဥ့်အချိန်ရောက်လတ်လျှင် သလွန်ထက် အိပ်စက်ရန်တက်ကြသောအခါ မည်သည့်ရန်သူသည် ဆောင်ယူလေမှန်းမသိ၊ သလွန်နှင့် တကွ ပါသွားပြီးလျှင် မည်သည့်အရပ်သို့ ရောက်မှန်းလည်းမသိ၊ အကျွန်ုပ်ကို ချမ်းအေးသော အရပ်၌ တစ်ညဥ့်ပတ်လုံး ရပ်၍နေစေပါသည်၊ နံနက်မိုးသောက်သော် သလွန်နှင့်တကွ အဆောင်တော်သို့ ပြန်၍ပို့ပါသည်၊ ဤကဲ့သို့သော ဆင်းရဲကို တစ်ကြိမ်တစ်ခါမျှ မတွေ့ မကြုံဖူးပါ၊ အထူးကြောက်မက်ဖွယ် ကောင်းလှပါသည်၊ ဤသို့သော် ဆင်းရဲကို ကြုံတွေ့ ရသည်မှာ နစ်ရက်သုံးရက်တိုင်တိုင် ကြာရှိပါပြီ၊ သို့ဖြစ်၍ ၎င်းမင်းသမီးကလည်း ခမည်းတော် မင်းကြီးရှေ့တော်သို့ ဝင်လေလျှင် သမီးတော်၏ မျက်နှာ မသာမယာ၊ မကြည်မလင်ရှိသည်ကို မြင်တော်မူလေက ခမည်းတော်မင်းကြီးသည် သမီးတော်အား ချစ်သမီး၊ အဘယ့်ကြောင့် မျက်နှာမလှ၊ မရွှင်မပျဘဲ အဖရှေ့တော်သို့ ဝင်လာသနည်း၊ သမီးတော်၏ လိုအပ်ဆန္ဒရှိသမျှကို

အဖအား တင်လျှောက်လော၊ ပြည့်စုံစေရမည်ဟု အမိန့်တော်ရှိလေ၏၊ မင်းသမီးသည် မိမိအကြောင်း လျှောက်တင်ရမည်မှာ ရှက်ဖွယ်ကောင်းလှသည်နှင့် မတင်ဝံ့ဘဲ ဆိတ်ဆိတ်သာ နေလေ၏၊ ခမည်းတော်လည်း ထပ်ကာထပ်ကာ အကြိမ်ကြိမ် မေးတော်မူလေ၏၊ မင်းသမီးလည်း ကြောက်ရှက်လျက်နှင့်ပင် မိမိတို့၏ အဖြစ်အပျက် အကြောင်းခြင်းရာတို့ကို ခမည်းတော်အား လျှောက်တင်သည်မှာ ခမည်းတော်မင်းမြတ်၊ သမီးတော်သည် ဤအမတ်ကြီး၏သားနှင့် တာရှည်စွာ ပေါင်းသင်းနေပါမူ ကျွန်တော်မ၏ အသက်သည် ရှင်နိုင်တော့မည် မဟုတ်ပါ၊ သို့ဖြစ်ပါသောကြောင့် ၎င်းအမတ်ကြီးသားနှင့် ချစ်ခင်စုံမက်ခြင်းမပြုလိုပါဟု တင်လျှောက်လေ၏။

မင်းကြီးက ညီလာခံဆဲဖြစ်သည်နှင့် ဆိတ်ဆိတ်နေ၍ တစ်ဖန် နံနက် မိုးသောက် ပြန်လေသော် အမတ်ကြီးသည် ညီလာခံရန် ရှေ့တော်သို့ဝင်လာလျှင် သူ့သား၏ အကြောင်း ခြင်းရာကို မိမိသားပြောဆိုသည့်အတိုင်း ပြန်ကြားလျှောက်တင်လေ၏၊ ပြည့်ရှင်မင်းကြီးလည်း အချင်းအမတ်ကြီး၊ ဤကဲ့သို့ဖြစ်ခဲ့မူ ထိမ်းမြားလက်ထပ်၍ မသင့်ချေ၊ တသီးတခြားစီ နေထိုင်စေမှ သင့်လျော်လိမ့်မည်ဟု အမိန့်တော်ရှိလျှင် အမတ်ကြီးလည်း သူ့နေအိမ်သို့ ပြန်ခဲ့လေသတည်း။

ထို့နောက် သုံးလတိုင်ရောက်လျှင် အာလာဒင်၏ မိခင်သည် ချိန်းချက်သောနေ့ ရက်စေ့ရောက်သည်နှင့် ပြည့်ရှင်မင်းကြီးထံသွား၍ လျှောက်တင်သည်၊ ဘုန်းတော် အလွန်ကြီး မြတ်တော်မူလှသော အရှင်မင်းကြီး၊ အထက်က ကတိသစ္စာတော် ရှိသည့်အတိုင်း ကျွန်တော်မသားနှင့် အရှင့်သမီးတော်ကို ရက်လစေ့ရောက်သဖြင့် ထိမ်းမြားလက်ထပ်တော် မူပါဟု တင်လျှောက်လေ၏၊ ပြည့်ရှင်မင်းကြီးက ကောင်းပြီ၊ ထိမ်းမြားအံ့၊ သို့သော် သင့်သား ဆက်သရန်မှာ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေသည်သူရဲ၊ မြင်းစီးသူရဲ၊ လူဖြူလေးဆယ်၊ လူမည်းလေးဆယ်၊ ရွှေလင်ပန်း၊ ငွေလင်ပန်းတို့နှင့် ပတ္တမြားပုလဲကျောက်မျက်ရွဲတို့ကို အပြည့် ထည့်ပြီးလျှင် ငါ၏ရှေ့တော်သို့ ပို့ဆက်နိုင်ကမူ သမီးတော်နှင့် ထိမ်းမြားလက်ထပ်ခြင်း ပြုတော်မူအံ့ဟု အမိန့်တော်ရှိလေ၏၊ အာလာဒင်၏ မိခင်သည် အိမ်သို့ပြန်လာကာ သားအား ပြည့်ရှင်မင်းကြီး အမိန့်တော်ရှိသည့်အတိုင်း ပြန်ကြားလေလျှင် မိခင်၊ ဤကိစ္စအတွက်ကြောင့် ဝန်လေးခြင်းမရှိပါလင့်၊ ပြည့်စုံအောင်ဆောင်ရွက်ပါမည်ဟု ပြောဆိုလေ၏၊ မိခင်လည်း ဝမ်းမြောက်ဝမ်းသာ ရှိလေ၏။

အာလာဒင်သည် မှန်အိမ်ကို ပွတ်သပ်ပြန်သော် ယခင်ကကဲ့သို့ မြေဘုတ်ဘီလူးကြီး ထွက်လာ၍ အရှင့်သား၊ မည်သည်ကို အလိုရှိပါသနည်းဟု မေးမြန်းလေ၏၊ အာလာဒင်လည်း အို... ဘီလူးမင်း၊ ကျွန်ုပ်အလိုရှိသည်မှာ ပြည့်ရှင်မင်းကြီး၏ သမီးတော်နှင့် ထိမ်းမြား လက်ထပ်မည်ဖြစ်၍ ဆင်းတပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေသည်တပ်၊ စစ်အင်္ဂါလေးပါးတို့ကို ခင်းကျင်း၍ လူဖြူလေးဆယ်၊ လူမည်းလေးဆယ်၊ ရွှေလင်ပန်း ငွေလင်ပန်းတို့တွင် ပတ္တမြား၊ ပုလဲ၊ ကျောက်မျက်ရွဲတို့ကို အပြည့်ထည့်လျက် အဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာနှင့် ပြည့်စုံစွာသောသတို့သမီး ခုနစ်ရာတို့ကို ရွှေဒင်္ဂါးတစ်ထောင်စီ ရွက်စေလျက် ပြုပြင်ဖန်ဆင်း ရမည်၊ ၎င်းပြင် ကျွန်ုပ်၏ မိခင်ဝတ်ဆင်ရန် ဤဇမ္ဗူဒီပါကျွန်း၌ တစ်စုံတစ်ယောက်သောသူတို့ တုပယှဉ်ပြိုင်ခြင်း မပြုနိုင်သော အဝတ်ခြောက်စုံ၊ ကျွန်ုပ်ဝတ်ဆင်ရန် တစ်စုံတစ်ယောက်သော သူတို့ တုပယှဉ်ပြိုင်ခြင်းမပြုနိုင်သော အဝတ်တန်ဆာများတို့ကို အလိုရှိသည်၊ ဤအခြင်း အရာတို့ကို ပြည့်စုံအောင် ဖန်ဆင်း၍ ပေးလောဟု ပြောလေ၏။

## ပြောသမျှ ဘီလူးက ဖန်ဆင်းပေးပြီ

ဘီလူးကြီးလည်း မိမိတန်ခိုးဣဒ္ဓိပါဒ်ဖြင့် အာလာဒင်ပြောဆိုသမျှတို့ကို ပြည့်စုံအောင် ဖန်ဆင်းပေးလေ၏၊ ဖန်ဆင်းပြီးလျှင် စစ်သေနင် ခင်းကျင်း၍ ပြည့်ရှင်မင်းကြီးထံသို့ သွားကြ လေ၏၊ ခရီးစဉ်တစ်လျှောက် သတို့သမီးခုနစ်ရာ ရွက်ဆောင်သော ရွှေဒင်္ဂါးတစ်ထောင်စီကို စွန့်ကြဲ၍သွားလေ၏၊ မြို့သူမြို့သားတို့လည်း အုန်းအုန်းကျက်ကျက် တခဲနက်သောအသံကို ကြားရသည်နှင့် မည်ကဲ့သို့သော အသံနည်းဟု ကြည့်ရှုက ရွှေဒင်္ဂါးတို့ကို စွန့်ကြဲလျက် နတ်လုလင်ကဲ့သို့ ရှုချင်ဖွယ်ရှိသော အာလာဒင်နှင့်တကွ ဗိုလ်ထုဗိုလ်ခြေတို့ကိုမြင်လျှင် များစွာ အံ့ဩလျက် စွန့်ကြဲသော ရွှေဒင်္ဂါးကို ကောက်ယူကြလေ၏။

ပြည့်ရှင်မင်းကြီးလည်း စီစီညံညံ အသံတို့ကို ကြားသည်နှင့်မည်သည့်အသံဖြစ်သည်ကို စူးစမ်းအံ့ဟု နန်းတော်အထက် လေသာတံခါးကို ဖွင့်လှစ်၍ ကြည့်ရှုလေ၏၊ အာလာဒင်နှင့် တကွ စစ်သေနင်ခင်းကျင်း၍ လက်ဆောင်ပဏ္ဏာ များစွာတို့ကို မြင်တော်မူလျှင် ဝမ်းမြောက် ဝမ်းသာ ဆင်းသက်တော်မူပြီးလျှင် မှူးတော်မတ်တော်တို့ကို ကြိုဆိုစေလျက် နန်းတော်သို့ ရောက်လျှင် အာလာဒင်ကို သင့်တင့်လျောက်ပတ်သောနေရာ၌ နေစေလျက် ကြီးကျယ် ခမ်းနားသော ဘုံဗိမာန်ထက်တွင် ထိမ်းမြားလက်ထပ်ခြင်းကို ပြုလေ၏၊ ထိမ်းမြားပြီးလျှင်

သမီးတော်တို့ကို စံစားတော်မူရာ ဘုံနန်းပြာသာဒ် လိုသေးသည်ဟု အမိန့်တော်ရှိလေသော် အာလာဒင်က အရှင်မင်းကြီး၊ ဘုံနန်းပြာသာဒ် ဆောက်လုပ်ရန်အတွက် စိုးရိမ်တော်မမူပါလင့်၊ ကျွန်တော်မျိုး အလိုအလျောက် ဆောက်လုပ်ပါမည်၊ ဆောက်လုပ်ရန် နေရာကွက်လပ်ကိုသာ ညွှန်ကြား ပြသတော်မူပါဟု လျှောက်တင်လေ၏၊ မင်းကြီးက နန်းတော်အနီး၌ပင် နေရာကွက်လပ်ကို ညွှန်ကြားလေ၏၊ ဤသို့ ဘုံနန်းပြာသာဒ် ဆောက်ရန်နေရာ ရရှိလေလျှင် မှန်အိမ်ကို ပွတ်သပ်ပြန်က ဘီလူးကြီးလည်း ထွက်လာပြန်၍ အဘယ်ကို အလိုရှိပါသနည်းဟု မေးလေ၏၊ အာလာဒင်က အချင်းဘီလူး၊ ဘုံနန်းပြာသာဒ်ကို အလိုရှိသည်၊ ဆောက်လုပ်ရန် အဆောင်ဆောင်အခန်းခန်း တို့မှာလည်း ပတ္တမြားဖြင့်စီခြယ်သော အဆောင်၊ နီလာဖြင့် စီခြယ်သောအဆောင်၊ ပယင်းဖြင့် စီခြယ်သောအဆောင်၊ မြဖြင့် စီခြယ်သောအဆောင်၊ ဤသို့သော အဆောင်အခန်းအခန်းတို့ကို ထူးဆန်း အံ့သြလောက်အောင် ဆောက်လုပ်ရမည်၊ ထို့ပြင်လည်း ဆင်တင်းကုပ်၊ မြင်းတင်းကုပ်၊ ဆင်စီးသူရဲ၊ မြင်းစီးသူရဲ၊ စစ်သည်တော်တို့ နေထိုင်ရန်ကိုလည်း ဖန်ဆင်း ဆောက်လုပ်ရမည်ဟု ပြောဆိုလေ၏၊ အရှင့်သား၊ စိုးရိမ်တော် မမူပါလင့်၊ ယခုတစ်ခဏချင်းမှာပင် ပြီးပြီမ်းအောင်ဆောင်ရွက်ပါအံ့ဟု ဆိုပြီးလျှင် ညချမ်းအခါ၌ ဘီလူးကြီးသည် ဖန်ဆင်းပေးလိုက်လေ၏။

## ငါ့သမက်နှင့်တူသူ ဤဇမ္ဗူတွင်မရှိ

ဘုံနန်းပြာသာဒ်တို့သည် မြေကပေါ်ပေါက်ပြီးလျှင် အာလာဒင် ပြောဆိုသည့်အတိုင်းပင် ပြည့်စုံစွာ ဖြစ်ပေါ်လာလေ၏၊ ထိုသို့ ဘုံနန်းပြာသာဒ်တို့ မြေပေါ်က ပေါ်ပေါက်လာသည်ရှိသော် နံနက်အခါ၌ မင်းကြီးသည် နန်းတော်အနီးတွင် ဝင်းဝင်းပြောင်ပြောင် အရောင်းချင်းဟပ်လျက် ဘုံနန်းပြာသာဒ်တို့ကို ရှုမြင်တော်မူရလျှင် ရင်ဝကို လက်သပ်လျက် များစွာ အံ့သြ ချီးမွမ်း ပြီးလျှင် ငါ၏ သမက်တော်ကဲ့သို့သော သူသည် ဤဇမ္ဗူဒီပါကျွန်းတွင် မရှိပါတကားဟု များစွာ ဝမ်းမြောက်ဝမ်းသာ ရှိတော်မူ၏၊ ထိုအခါ အာလာဒင်သည် မင်းသမီးကို လှပတင့်တယ်သော လက်ပါးစေ အခြွေအရံတို့နှင့်တကွ ဘုံနန်းပြာသာဒ်သို့ ဆောင်ယူပြီးလျှင် မင်းသားတို့၏ စည်းစိမ်း ချမ်းသာဖြင့် ပျော်မွေ့စွာ စံစားလေသတည်း။

တစ်နေ့သ၌ အာလာဒင်သည် တော၌လှည့်လည်ခြင်းကို ဝါသနာထုံလှသည်နှင့် ခွေးများစွာတို့ကိုခေါ်၍ လှည့်လည်နေလေသော် ဆယ်ရက်ခန့်ကြာလေသတည်း။

ထိုအခါ ယခင်က သိုက်ဆရာသည် အာလာဒင်အား သိုက်တံခါးပိတ်ဆို့၍ ထားခဲ့သည်မှာ ယခုမည်ကဲ့သို့ ရှိမည်မသိရဟု စူးစမ်းဆင်ခြင်ကာ ဗေဒင်တို့ဖြင့် တွက်ချက်ကြည့်ရှုလေသော် အာလာဒင်သည် မှန်အိမ်ကို ယူဆောင်ပြီးလျှင် ကြီးကျယ်ခမ်းနားသော ဘုံဗိမာန်ဖြင့် ရှင်ဘုရင်သမီးတော်နှင့် စံစားကာနေသည်ကို သိမြင်လေ၏၊ သိုက်ဆရာသည် အာလာဒင် မရှိသည့်အတွက် မှန်အိမ်နှင့်တကွ သမီးတော်ပါ ဘုံနန်းပြာသာဒ်တို့ကို အဆောတလျင် အာဖရိကတိုင်းသို့ ယူဆောင်သွားအံ့ဟု ကြံစည်ပြီးလျှင် အာလာဒင်၏ မှန်အိမ်နှင့် သဏ္ဍာန်တူအောင် ရှုချင်ဖွယ်ကောင်းသော မှန်အိမ်တို့ကို လုပ်ဆောင်ပြီးလျှင် မြို့၌ လှည့်လည်၍ မှန်အိမ်အဟောင်းရှိက အသစ်နှင့်လဲမည်ဟု ဟစ်အော်ကြွေးကြော်လေ၏။

အာလာဒင်၏ နမတော်မင်းသမီး ဗိမာန်အနီးသို့ ရောက်လျှင် ကျယ်လောင်သော အသံဖြင့် ဟစ်အော်ကြွေးကြော်ရာ မင်းသမီးကြားလျှင် ဤအသံသည်ကား မည်သည့်အသံနည်းဟုမေးလျှင် လက်ပါးစေရံရွေတော်တို့က အရှင်မ လူတစ်ယောက်သည် မှန်အိမ်တို့ကို ထမ်းပြီးလျှင် မှန်အိမ်အဟောင်းရှိက အသစ်နှင့်လဲလှည်မည်ဟု လှည့်လည်ဟစ်အော်ကြွေးကြော်ပါသည်ဟု လျှောက်တင်ကြလေ၏၊ မင်းသမီးလည်း အသစ်နှင့်အဟောင်းကို လဲလှည်မည် ဟစ်သည်မှာ အံ့ဖွယ်ရှိစွဟု တွေးတောဆင်ခြင်လျက် အာလာဒင်၏ ဣန္ဒာသယ မှန်အိမ်ဘုံနန်း အထက်တွင် ဆွဲထားရာကို မြင်လေ၏၊ ဤမှန်အိမ်သည် မည်သူ၏ မှန်အိမ်နည်း၊ ဟောင်းမြင်းလေစွ၊ ဤမှန်အိမ်နှင့်လဲလှယ်မူ မှန်အိမ်ရှင်လည်း အလွန်ပင် ဝမ်းမြောက်လိမ့်မည် ဆိုပြီးလျှင် မှန်အိမ်ကို ဖြုတ်ယူ၍ လက်ပါးစေ တစ်ယောက်ကို မှန်အိမ် လဲရန် စေလွှတ်လေ၏။

သိုက်ဆရာသည် မိမိ၏ အနီးသို့ ရောက်လျှင် ဣန္ဒာသယ မှန်အိမ်ဖြစ်သည်ကို သိသဖြင့် ဝမ်းမြောက်ဝမ်းသာ သင်နှစ်သက်သော မှန်အိမ်ကို ရွေးချယ်၍ ယူလောဟု ပြောဆိုလျှင် မင်းသမီးနှင့် လက်ပါးစေတို့သည် လေသာဆောင်သို့ ထွက်ပြီး ကောင်းမွန်သော မှန်အိမ်ကို ရွေးချယ်၍ ယူလေ၏၊ မင်းသမီးနှင့် လက်ပါးစေတို့ ရွေးချယ်နေကြသည့်အခိုက် သိုက်ဆရာသည် ဣန္ဒာသယမှန်အိမ်ကို လက်ဖြင့် ပွတ်သပ်လိုက်သည်ရှိသော် မြေဘုတ် ဘီလူးကြီး ပေါ်ထွက်လာပြီးလျှင် အဘယ်ကို အလိုရှိပါသနည်းဟု မေးလေ၏၊ သိုက်ဆရာက အချင်းဘီလူး၊ ဗိမာန်နှင့်တကွ မင်းသမီးပါ အာဖရိကတိုင်းသို့ ဆောင်ကြဉ်းစေလိုသည်ဟု ပြောလေသော် မင်းသမီးနှင့် လက်ပါးစေ အပျိုတော်တို့သည် ဘီလူးနှင့် သိုက်ဆရာတို့

ပြောသောစကားကို ကြားသိသဖြင့် ထိတ်လန့်တုန်လှုပ်၍ အလွန်ကြောက်ရွံ့ခြင်း ဖြစ်ကြလေ၏။

ထိုအခါ သိုက်ဆရာသည် လေသာဆောင်ထက်သို့ ရုတ်တရက်ရောက်လာပြီးသော် ဗိမာန်နှင့်တကွ ကျေးကျွန်သင်းပင်း အလုံးအရင်းတို့ကို ယူဆောင်ပြီးလျှင် အာဖရိကတိုင်းသို့ ပို့စေသတည်း။

## မချစ်ပေမယ့် ချစ်ဟန်ဆောင်ပါ

ထိုသို့ယူဆောင်လာရာ မင်းသမီးလည်း မိမိမောင်တော်နှင့် ကွေကွင်းရသည်လည်း တစ်ကြောင်း၊ တစ်ကျွန်းတစ်နိုင်ငံသို့ လိုက်ပါရသည်လည်း တစ်ကြောင်းကြောင့် များစွာ ပူပင်ဆင်းရဲခြင်း ဖြစ်လေ၏၊ သိုက်ဆရာသည် အာဖရိကတိုင်းသို့ ရောက်လျှင် မင်းသမီးအား ချစ်ခင်စုံမက် နှစ်သက်သည့်အကြောင်း ပေါင်းသင်းဖို့ကိုသာ ဖျောင်းဖျပြောဆိုလေ၏၊ မင်းသမီးလည်း အကျွန်ုပ်ကား လွတ်လပ်သူ မဟုတ်ပါ၊ လင်ရှိမိန်းမ ဖြစ်ပါသည်၊ အကြင် သူသည် လင်ရှိမှန်းသိလျက်နှင့် ကျူးလွန်ပြစ်မှားခဲ့လျှင် ကြီးလေးသော အပြစ်ဖြစ်ပါသည်၊ သို့ဖြစ်ပါသောကြောင့် ကျွန်တော်မအားလည်း ချမ်းသာခွင့်ပေးသနားတော်မူပါဟု တောင်းပန် တိုးလျှိုး၍ ပြောလေ၏၊ သိုက်ဆရာလည်း အို.. မင်းသမီး၊ သင်၌လင်ရှိမှန်း သိလျက်နှင့်ပင် ချစ်ခင်စုံမက်သည်ဖြစ်၍ အာဖရိကတိုင်းသို့ ဗိမာန်နှင့်တကွ ဆောင်ကြဉ်း၍ လာပါသည်၊ ဘယ်မှာ ခွင့်ပေးနိုင်ပါအံ့နည်းဟု ပြောလေ၏၊ လက်ပါးစေရံရွေ အပျိုတော်တို့ကလည်း သခင်မ၊ မချစ်သော်လည်း ချစ်ခင်ယောင်ပြုလုပ်တော်မူပါ၊ မစုံမက်သော်လည်း စုံမက်ယောင် ပြုလုပ်တော်မူပါ၊ မနှစ်သက်သော်လည်း နှစ်သက်ယောင် ပြုလုပ်တော်မူပါ၊ ယခု သူဆောင် ကြဉ်းရာ ပါခဲ့ရသည်ဖြစ်၍ သူပြုရာ ခံရပါမည်ဟု လျှောက်တင်ကြလေ၏၊ မင်းသမီးသည်လည်း မချစ်ခင် မစုံမက် မနှစ်သက်ဘဲလျက်နှင့် ဘယ်မှာ ချစ်ခင်စုံမက် နှစ်သက်ယောင် ပြုလုပ်နိုင်ပါ အံ့နည်း၊ ဤသူကို စုံမက်ရသည်ထက် သေစေတတ်သော အဆိပ်ရေကိုသာ သောက်မျို၍ သေရခြင်းသည် သင့်မြတ်ပေစွ၊ ဤသူအား မချစ်ခင်မစုံမက်နိုင်ကြောင်း ပြန်ပြောလေ၏၊ လက်ပါးစေ အပျိုတော်တို့ကလည်း အရှင်မ၊ ကျွန်တော်မတို့မှာ ဆောင်ကြဉ်းရာ ပါလာခဲ့ ရသည်ဖြစ်၍ မည်ကဲ့သို့မှ မတတ်နိုင်အောင်ဖြစ်ပါတော့သည်၊ စိတ်တော်ကိုသာ ဖြေသိမ့်တော် မူပြီးလျှင် မချစ်သော်လည်း ချစ်ယောင်သာပြုလုပ်တော်မူပါဟု တင်လျှောက်ကြလေ၏။

သိုက်ဆရာလည်း လက်ပါးစေရံရွှေတော်တို့ကို ချစ်ခင်စုံမက်အောင် ဖျောင်းဖျပြောဆိုစေ၏၊ မင်းသမီးလည်း ဆင်းရဲငြိုငြင်စွာဖြင့် အာဖရိကတိုင်းတွင် နေရှာရလေ၏၊ ထိုအခါ ခမည်းတော်မင်းကြီးသည် သမီးတော်နှင့်တကွ ဗိမာန်ပါ ပျောက်သွားသည်ကိုသိလေ၍ များစွာ ပူပင်ဆင်းရဲခြင်းဖြင့် မှူးတော်မတ်တော်တို့အား အို… အမတ်ကြီးတို့၊ ဗိမာန်နှင့်တကွ သမီးတော် ပျောက်ဆုံးသည်မှာ အကြောင်းဘယ်သို့နည်း၊ အံ့ဖွယ်ရှိစွ၊ မဖြစ်ဖူးမြဲ ထူးကဲလေစွ၊ သင်တို့ ထင်မြင်သည့်အတိုင်း ငါ့အား လျှောက်တင်ကြလော့ဟု အမိန့်တော်ရှိလေ၏၊ မှူးတော်မတ်တော်တို့ကလည်း ရွှေဘုန်းတော်ရှင် ဘုရင်မင်းမြတ်၊ ယခုဖြစ်ရသော အခြင်းအရာ၌ ကြံစည်စဉ်းစား၍ မရနိုင်အောင်ပင် ဖြစ်ပါတော့သည်ဟု လျှောက်တင်ကြလေ၏၊ ပြည့်ရှင်မင်းကြီးသည် အမတ်ကြီးတို့၊ ယခုဖြစ်ရသော အခြင်းအရာတို့ကို ငါဆင်ခြင်တိုင်းထွာမိပြီ၊ အာလာဒင် ဆိုသောသူသည် ဆေးဝါးပယောဂတို့ကို တတ်ကျွမ်းသောသူနှင့်ပင်တူသည်၊ ငါ၏ သမီးတော်ကို ဆေးဝါးပယောဂ အတတ်ဖြင့် လိမ်လည်လှည့်ဖြား၍ ဆောင်ကြဉ်းဟန် လက္ခဏာရှိသည်၊ သို့ဖြစ်၍ အာလာဒင်သည် ယခုတောအရပ်၌ လှည့်ပတ်၍ နေသည်၊ ရမိအောင် ဖမ်းဆီးကြကုန်ဟု စစ်သည်တော်တို့ကို ဆင့်ဆိုတော်မူ၏။

စစ်သည်တော်များလည်း စုရုံးပြီးလျှင် တော၌ ဖမ်းဆီးရန် လှည့်လည်ရှာဖွေကြသည်၊ အာလာဒင်ကိုတွေ့လေက အမောင်၊ အမောင့်ကို ပြည့်ရှင်မင်းမြတ်၏ အမိန့်တော်အတိုင်း ဖမ်းဆီးရမည်ဖြစ်၍ ကြိုးဖြင့် နှောင်ဖွဲ့ရမည်ဟုဆိုသော် အာလာဒင်လည်း မင်း၏ အမိန့်တော်ရှိသည့်အတိုင်း ပြုလုပ်ကြပါတော့ဟု ဆိုလေ၏၊ ပြည့်ရှင်မင်းကြီးလည်း စစ်ဆေးမေးမြန်းခြင်း မပြုဘဲ လက်မရွံ့အာဏာသားများအား အချင်းတို့၊ အာလာဒင်ကို သုသာန်တစပြင်သို့ ထုတ်ဆောင်ပြီးလျှင် ဆုံးရှုံးအောင် စီရင်ကြကုန်လောဟု အမိန့်တော်ထုတ်ပြန်လေ၏။

ထိုအခါ တိုင်းသူပြည်သား လူအများတို့သည် အုန်းအုန်းကျွက်ကျွက် တခဲနက်သော အသံဖြင့် ကြွေးကြော်ပြီးလျှင် အို… အချင်းတို့၊ တစ်စုံတစ်ခုအပြစ် မရှိဘဲလျက် အာလာဒင်ကို သတ်ရမည် အမိန့်ပေးလေသည်၊ ငါတို့ခုခံကြအံ့ဟု များစွာသော ဗိုလ်ထုဖြင့်စုရုံး၍ ပြည့်ရှင်မင်းကြီး ရှေ့တော်သို့ စည်းဝေးလာ ရောက်ကြသည်၊ အမတ်ကြီးလည်း အကြောင်းကိုသိ၍ မင်းကြီးအား လျှောက်တင်ကြသည်မှာ ဘုန်းတော်ကြီးလှသော အရှင်မင်းမြတ်၊ အာလာဒင်ကို သတ်ချေသော် တိုင်းသူပြည်သားတို့သည် ခုခံကြပါလိမ့်မည်၊ သို့ဖြစ်ပါ၍ အာလာဒင်ကို

သတ်ရန် မသင့်မလျောက်ပတ် ဖြစ်ပါသည်ဟု လျှောက်တင်လေ၏၊ မင်းကြီးလည်း ထပ်မံ၍ အသက်ဘေးမှချမ်းသာစေရန် ခွင့်ပေးရပြန်လေ၏။

အာလာဒင် အသက်ဘေးမှ ချမ်းသာရာရလေသော် မိမိဘုံနန်းပြာသာဒ်နှင့်တကွ မင်းသမီးကို မတွေ့မမြင်၍ တိုင်းပြည်၌ နေသော်လည်း ငါ့အတွက် အကျိုးရှိမည်မဟုတ်၊ နမတော်ကိုသာ တွေ့အောင်ရှာတော့အံ့ဟု ကြံပြီးလျှင် တောစခန်းနှင့် တောလမ်းတွင် လှည့်လည် ရှာဖွေသည်၊ မတွေ့မမြင်ဘဲ တစ်ခုသော ချောင်းငယ်ကို တွေ့လေက ငါသည် နမတော်ကို မတွေ့မမြင်ရဘဲ လူ့ပြည်၌ နေသော်လည်း အဘယ်အကျိုး ရှိအံ့နည်း၊ ဤချောင်းတွင် ဆင်း၍သေတော့အံ့ဟု နလုံးသွင်းပြီးလျှင် မသေမီဘုရားကို ရှိခိုးဦးအံ့ဟု ကြံပြီးလျှင် ခြေလက်တို့ကို ဆေးကြောသုတ်သင်ရန် ချောင်းသို့ဆင်းသက်လေ၏၊ ခြေချော်၍ ရေထဲသို့ ကျလေက ဝတ်ဆင်သော လက်စွပ်သည် တစ်ခုသော ကျောက်ဆောင်နှင့် တိုက်ခတ်မိသည် ဖြစ်၍ ဘီလူးကြီး ထွက်လာပြန်ကာ အရှင့်သား၊ အဘယ်ကို အလိုရှိပါသနည်း၊ အလိုရှိရာကိုသာ အမိန့်တော်ရှိပါဟု ဆိုလေ၏၊ အာလာဒင်လည်း ဗိမာန်နှင့်တကွ မင်းသမီးကို ကျွန်ုပ်တိုင်းပြည်သို့ ဆောင်ကြဉ်း၍ ရှေးကအတိုင်း စံနေလိုကြောင်း ပြောလေ၏၊ ဘီလူးကြီးကလည်း အရှင့်သား၊ ဗိမာန်နှင့်မင်းသမီးကို မဆောင်ကြဉ်းနိုင်ပါ၊ မင်းသမီးနေသော အရပ်သို့ အရှင့်သားကို ပို့နိုင်ပါသည်ဟု ဆိုလေ၏၊ အာလာဒင်ကလည်း ကောင်းပြီ၊ ယခု ရောက်အောင် ပို့ဆောင်ပါလောဟု ပြောလေ၏၊ ဘီလူးကြီးလည်း အာလာဒင်ကို ဆောင်ကြဉ်းပြီးလျှင် အာဖရိကတိုင်း မင်းသမီးဗိမာန်သို့ ပို့လေ၏၊ အာလာဒင်လည်း မင်းသမီးကို တွေ့မြင်ရလျှင် လရက် ရှည်စွာ ကွေကွင်းနေရသည်ဖြစ်၍ ရွှေလည်ကို ဖက်နွှဲပြီးလျှင် မစဲအောင် ငိုကြွေးရာလေသတည်း။

ဤသို့ ငိုကြွေးမြည်တမ်းပြီးနောက် အာလာဒင်က မင်းသမီးအား အကြောင်းခြင်းရာကို မေးမြန်းရာ မင်းသမီးလည်း မှန်အိမ်ကို လဲလှယ်လိုက်သည်ကစ၍ ဗိမာန်နှင့်တကွ ဤ အာဖရိကတိုင်းသို့ ရောက်လာသည့်တိုင်အောင် စေ့စုံစွာပြန်ကြား ပြောဆို၏၊ မင်းသမီးလည်း မောင်တော် မည်ကဲ့သို့ ကြံစည်ပါမည်နည်းဟု မေးလေသော် အာလာဒင်လည်း နမတော် ဤဗိမာန်တွင် တော်သင့်သောနေရာက ကျွန်ုပ်ပုန်းကွယ်၍နေမည်၊ ထိုအခါ သိုက်ဆရာ ပြန်လာလတ္တံ့၊ ပြန်လာသည့်အခါ နမတော်က ခင်မင်စုံမက် နှစ်သက်သောဟန်ဖြင့် ပြောဆို ဖြားယောင်းပြီးလျှင် ချစ်ယောင်ကြိုက်ယောင်ပြုကာ မောင်တော်ဘုရားသည် ကျွန်တော်မကဲ့သို့

ချစ်ခင်စုံမက်မည် မထင်ပါ၊ အကယ်တန္တု ချစ်ခင်ပါမူ အာဖရိကတိုင်းတွင် ကျော်စောထင်ရှားသော အရက်ပုလင်းကို ဝယ်ပေးပါလျှင် ကျွန်တော်မကို ချစ်ခင်ရာ ရောက်ပါလိမ့်မည်ဟု ပြောပါ။

ထိုအခါ သိုက်ဆရာသည် အရက်ပုလင်းကို သွား၍ဝယ်လိမ့်မည်၊ သူပြန်မရောက်မီ တစ်ခုသော အရက်ပုလင်းတွင် အဆိပ်ကိုထည့်၍ ထားပြီးလျှင် သောက်ဟန်ပြု၍ နေရမည်၊ သိုက်ဆရာက အရက်ပုလင်းကိုဝယ်ပြီး ပြန်လာသောအခါ အရက်ပုလင်းချင်း လဲလှယ်၍ သောက်ကြသော် ထိုသိုက်ဆရာသည် အဆိပ်ပါသော အရက်ကို သောက်မိသည်ဖြစ်၍ သေဆုံးသွားမည်ဖြစ်သည်၊ ထိုအခါ မောင်တော်တို့၏ အကြံအစည်သည် အောင်မြင်ခြင်းသို့ ရောက်အံ့၊ ဤသို့ဆိုသော် မင်းသမီးလည်း ဤအကြံအစည်တိုင်း ဆောင်ရွက်ရန် သဘောတူသည်၊ အာလာဒင်လည်း တော်ရာတွင် ပုန်းကွယ်နေလေ၏၊ မင်းသမီးလည်း ပရိယာယ်မာယာဖြင့် ချစ်ခင်စုံမက်သော အဟန်နှင့် ဖြားယောင်း၍ သိုက်ဆရာကို ပြောလေက သိုက်ဆရာလည်း အကယ်ထင်မှတ်၍ ဝမ်းမြောက်ဝမ်းသာ လွန်စွာဖြစ်လေ၏။

ထိုအခါ မင်းသမီးက ပြောဆိုသည်မှာ မောင်တော်ကြီးဘုရား၊ ကျွန်တော်မကဲ့သို့ ချစ်ခင်စုံမက်သည် မထင်ပါဟုဆိုလျှင် သိုက်ဆရာကလည်း ဘယ်သို့ပြောပါသနည်း၊ သင်မင်းသမီးကို စုံမက်ချစ်ခင်လှသည်ဖြစ်၍ ဗိမာန်နှင့်တကွ ဆောင်ကြဉ်း၍ လာပါသည်၊ ဤစကားမျိုးကို ကျွန်ပ်မကြားလိုပါဟု ပြောလေ၏၊ မင်းသမီးက ကျွန်တော်မအား အကယ်၍ ချစ်ခင်စုံမက်ရိုးမှန်ပါမူ ဤအာဖရိကတိုင်းတွင် ကျော်စောထင်ရှားသော အရက်များကို ဝယ်၍ ပေးပါမှ အထူးချစ်ရာ ရောက်ပါသည်ဟု ပြောလေ၏၊ သိုက်ဆရာလည်း နမ၊ မစိုးရိမ်လင့် ယခုပင်လျှင် ဝယ်ခြမ်းပေးအံ့ဟုဆိုပြီး သိုက်ဆရာလည်း သွား၍ ဝယ်ခြမ်းလေ၏။

သိုက်ဆရာ သွားသည့်အခိုက် မင်းသမီးသည် စီမံထားသည့်အတိုင်း အရက်ပုလင်း တစ်လုံးတွင် အဆိပ်ရည်ကို ထည့်၍ မိမိအနီး၌ ထားလေ၏၊ သိုက်ဆရာလည်း ကောင်းမွန်လှသော အရက်တို့ကို ဝယ်ခြမ်း၍ ပြန်လာပြီးလျှင် မင်းသမီးအား ထိုအရက်ပုလင်းတို့ကိုပေးလေ၏၊ မင်းသမီးလည်း မိမိအနား၌ အဆိပ်ရည် ထည့်ထားသော ပုလင်းကို ဖန်ခွက်သို့ ထည့်ပြီးလျှင် သောက်ဟန်ပြု၏၊ သိုက်ဆရာလည်း နမ ကောင်းမွန်သော အရက်ကို သင်သောက်လိုလှသည် ပြောသောကြောင့် ၎င်းအရက်ပုလင်းကိုဝယ်ခဲ့ရာ အဘယ်ကြောင့် ၎င်းအရက်တို့ကို မသောက်သနည်းဟု မေးလေ၏၊ မင်းသမီးက မောင်တော်ကြီး၊ ယခု

သောက်မည်ပြုသော အရက်လည်း ကောင်းမွန်သော အရက်ဖြစ်ပါသည်၊ မယုံကြည်ခဲ့မူ သောက်၍ ကြည့်တော်မူပါဟုဆိုလျှင် သိုက်ဆရာလည်း ဖန်ခွက်၌ထည့်သော အရက်ကို သောက်လေက ဝမ်းထဲသို့ရောက်သည်နှင့် တစ်ပြိုင်နက် အဆိပ်ပါရှိသည် ဖြစ်သောကြောင့် နောက်သို့ ယိုင်၍ လဲလေသတည်း။

ထိုအခါ အာလာဒင်သည် ပုန်းကွယ်ရာမှ ထွက်လာပြီးလျှင် ထက်လှစွာသော သန်လျက်တို့ဖြင့် သိုက်ဆရာ၏ ရင်ဝကို ထိုးသတ်လေ၏၊ သိုက်ဆရာ၏ ရင်ဘတ်၌ စည်းပတ်ထားသော မှန်အိမ်ကိုလည်း ဖြုတ်ယူပြီးလျှင် မိမိရင်ဘတ်၌ စည်းပတ်ထားလေ၏၊ ယင်းသို့ သိုက်ဆရာ၏ ရန်ကို အောင်မြင်ခြင်းသို့ ရောက်လေသော် အာလာဒင်သည် မှန်အိမ် ကို ပွတ်သတ်ပြန်က ဘီလူးကြီးလည်း ထွက်လာလတ်၍ အလိုဆန္ဒကို မေးမြန်းရာ ဤဗိမာန် နှင့်တကွ မလူဆန်ဆင်းသော အရပ်သို့ ပို့ဆောင်ပါဟု ပြောဆိုလေ၏၊ ဘီလူးကြီးလည်း ဗိမာန်နှင့်တကွ မိမိနေထိုင်သော တရုတ်ပြည်ကြီးသို့ ပြန်၍ ပို့ဆောင်သည်တွင် နေရင်း အရပ်သို့ ပြန်ရောက်သဖြင့် ခမည်းတော်နှင့်တကွ ဆွေတော်မျိုးတော်တို့သည် များစွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြလေ သတည်း။

ထိုအခါ ယခင်က သိုက်ဆရာ၏ ညီသည် ငါ၏အစ်ကိုကား မည်သည့်အရပ်၌ နေသနည်း၊ ကျန်းမာစွာရှိပါသလော၊ ရောဂါဘယတို့ပင် စွဲကပ်၍နေသလောဟု သိလို၍ ဗေဒင် အတတ်ပညာတို့ဖြင့် သေချာစွာ တွက်ချက်ကြည့်ရှုသော် အာဖရိကတိုင်းတွင် အာလာဒင် သတ်၍ သေဆုံးကြောင်းသိသည်ဖြစ်၍ များစွာအမျက်ဒေါသ ဖြစ်ပွားကာ အာလာဒင်အား ငါ့အစ်ကို သေသကဲ့သို့ သင်းကိုလည်း သေစေအံ့ဟုကြံပြီးလျှင် မိမိနေရင်းအရပ်မှ ထွက်လာ ခဲ့ပြီးလျှင် အာလာဒင် ရှိသောတိုင်းပြည်သို့ ရောက်လာလေ၏၊ ဤတိုင်းပြည်၌လည်း သီလ၊ သမာဓိ၊ အကျင့်အာစာရတို့နှင့် ပြည့်စုံသော သီလရှင် ဖာတမန် အမည်ရှိသော မိန်းမ တစ်ယောက်ရှိ၏၊ ထိုသီလရှင်သည် တောနက်သော အရပ်၌ ဂူဖြင့်ပုန်းအောင်း၍ အကျင့် သီလ၊ အာစာရတို့ကို အားထုတ်ကျင့်သုံးလျက် နေလေ၏၊ ခုနစ်ရက်တစ်ပတ် တစ်ခါထွက်၍ မစွမ်းမသန် မမာမကျန်း ရောဂါစွဲကပ်သောသူတို့ကို လက်ဖြင့် သုံးသပ်ရုံမျှနှင့်ပင် ကိုးဆယ့် ခြောက်ပါးသော ရောဂါဝေဒနာတို့သည် ကိုယ်ဝယ်မငြိ ချမ်းသာစွာ ရှိကြလေ၏။

ထိုအခါ သိုက်ဆရာ၏ညီသည် ငါသည်ကား သီလရှင် အယောင်ဆောင်ပြီး အာလာဒင် ကို သတ်မှသင့်မည်ဟု ကြံပြီးလျှင် သီလရှင်ရှိသော တောသို့ထွက်ကာ သီလရှင်အား ဤသို့

ပြော၏၊ အို သီလရှင် ဖာတမန်၊ သင်ကဲ့သို့ သဏ္ဍာန်တူအောင် ပြုလုပ်ဖန်ဆင်းပေးပါဟုဆိုလျှင် ၎င်းသီလရှင် ဖာတမန်လည်း မိမိနှင့်သဏ္ဍာန်တူအောင် ဖန်ဆင်း၍ ပေးလေ၏၊ ထိုသို့ သဏ္ဍာန်တူပြားသော်လည်း သီလရှင်ကို သတ်လိုသည် ဖြစ်သောကြောင့် သင်နှင့်သွင်ပြင်ချင်း မတူပါတကားဟု ပြောလေ၏၊ သီလရှင်လည်း သွင်ပြင်ချင်း တူလှပါသည်၊ မယုံခဲ့မူ မှန်ကို ကြည့်ရှုပါတော့ဟု ဆိုလေ၏၊ မှန်၌ကြည့်ရှုလျှင် အလွန်ပင်တူပြားသော်လည်း သီလရှင်ကို သတ်လိုသည် ဖြစ်သောကြောင့် သင်နှင့်သဏ္ဍာန်တူညီအောင် ပြုလုပ်ပေးပါဟု ပြောသည်ကို သွင်ပြင်ချင်း မတူအောင် ပြုလုပ်လေသည်ဟု ဆိုပြီးလျှင် သီလရှင်ဖာတမန်ကို ဓားဖြင့် ခုတ်သတ်လေ၏၊ ခုတ်သတ်ပြီးလျှင် ထိုအလောင်းကို တော်ရာ၌ မြှုပ်နှံပြီးလျှင် ဂူတွင်းသို့ ဝင်လျက် သီလရှင်ဖာတမန် ပြုလုပ်၍ နေလေသတည်း။

ခုနစ်ရက်စေ့ ရောက်သောအခါ ဂူမှထွက်၍ မြို့ကိုလှည့်လည်လတ်သည်ရှိသော် ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာ စွဲကပ်သူတို့သည် နောက်က အစဉ်တစိုက် လိုက်ကြလေ၏၊ ထိုသူတို့အား လက်ဖြင့် သုံးသပ်သည်ရှိသော် သီလရှင် အယောင်ဆောင်သော ၎င်းသိုက်ဆရာ၏ ညီသည် မင်းသမီး၏ ပြာသာဒ်အနီး ရောက်လာသည်ဖြစ်၍ လက်ပါးစေ ရံရွေတော်တို့က အရှင်မ၊ ဤသီလရှင်ကဲ့သို့ အကျင့်သီလအာစာရနှင့် ပြည့်စုံသောသူကို ဇမ္ဗူဒိပါတွင် မမြင်ဖူးပါ၊ ထူးမြတ်သော မိန်းမဖြစ်ပါသည်ဟု မင်းသမီးအား လျှောက်တင်ကြလေ၏၊ မင်းသမီးက ငါလည်း ဤသူမြတ်၏ သီလသတင်း ပြည့်စုံခြင်းကို ကြားသိဖူးသည်၊ သို့ဖြစ်၍ ဤသီလရှင်ကို သွား၍ပင့်ချေဟု စေလိုက်၏၊ သီလရှင်အယောင်ဆောင်သူလည်း မင်းသမီးထံသို့ လိုက်လာ၍ ရိုသေစွာ နှုတ်ခွန်းဆက်ပြီးလျှင် မင်းသမီးက မေးသည်မှာ အဘွား သီလရှင်၊ အဘွားလည်း အိုမင်းမစွမ်း ဇရာဒုဗ္ဗလအရွယ်သို့ရောက်လေပြီ၊ ကျွန်မနှင့်အတူ ဤဗိမာန်တွင် သီလသတင်း ဆောက်တည်၍ တရားဓမ္မကို ဟောပြောဆုံးမလျက် နေပါဟုဆိုလေ၏၊ သီလရှင် ယောင်ဆောင်သောသူက အရှင်မ မိန့်ဆိုသော စကားသည် သင့်လျော်ပါ၏၊ သို့သော် ကျွန်ုပ်တို့သီလရှင်ဆိုသည်မှာ တော၌သာလျှင် ဂူဖြင့်ပုန်းအောင်း၍ သီလအကျင့်အကြံကို အားထုတ်၍ နလုံးပျော်မွေ့စွာ နေရပါသည်၊ သို့သော်လည်း အရှင်မက ဤဗိမာန်တွင် အတူနေလိုသောဆန္ဒရှိမူ ခေတ္တနေပါဦးမည်ဟု ဆိုလေ၏။

မင်းသမီးလည်း ဗိမာန်ထက်သို့ခေါ်တင်ပြီးလျှင် သင့်တင့်သော နေရာ၌ထားလေ၏၊ သီလရှင်ယောင်ဆောင်သူက အရှင်မ၊ အကျွန်ုပ်တို့ သီလရှင်များသည် ဆိတ်ငြိမ်သော

နေရာကိုသာ အလိုရှိပါသည်၊ သီးခြားသော အခန်းဆောင် တစ်ခုကို ပေးသနားပါဟု ဆိုလေသော် မင်းသမီးလည်း သီးခြားသော အခန်းတစ်ခုကို ပေးလေ၏၊ ဤသို့ ပြောဆိုခြင်းကား ထမင်းစားသောက်သည့်အခါ၌ သီလရှင်အဖြစ်ကို စွန့်လွှတ်၍ ရှေးလူကိုယ်ပကတိအတိုင်း စားသောက်ရမည် ဖြစ်သောကြောင့် သီလရှင်ယောင်ဆောင်သော အဖြစ်ကို သိမည်စိုး၍ ဆိတ်ငြိမ်သောအခန်းကို တောင်းခြင်းဖြစ်လေသည်။

တစ်နေ့သ၌ မင်းသမီးနှင့် တရားဓမ္မ ဟောပြောဆုံးမပြီးလျှင် သူ့ဗိမာန်ကို လှည့်လည်ပြသသည်၊ မင်းသမီးက အို... အဘွား၊ ကျွန်မတို့ဗိမာန်သည် အလွန်ထူးဆန်းသော ဗိမာန်မဟုတ်ပါလော၊ ဆန်းကြယ်ဆုံးသော ဗိမာန်မဟုတ်ပါလောဟု ဆိုလေလျှင် သီလရှင်ယောင်ဆောင်သောသူက အကြံဤသို့ဖြစ်လေ၏၊ အာလာဒင်သည် ဤစည်းစိမ်ချမ်းသာ ဘုံဗိမာန်တို့ဖြင့် စံစားရသည်မှာ အခြားမဟုတ်၊ မှန်အိမ်ကို စောင့်ရှောက်သော ဘီလူးကြီး၏ တန်ခိုးအာနုဘော်ကြောင့် ဤကဲ့သို့သော စည်းစိမ်ကို ခံစားရလေသည်၊ ဤမှန်အိမ်၌ စောင့်ရှောက်သော ဘီလူးသည်လည်း ဟိမဝန္တာတော၌ ကရဝိတ်အမည်ရှိသော ငှက်ကို အမြတ်တနိုး ကိုးကွယ်၏၊ ထိုငှက်၏ဥကို ယူဆောင်ပြီးလျှင် မင်းသမီးဗိမာန်၌ ဆွဲ၍ထားရပါမူ ဤဇမ္ဗူဒီပါကျွန်းတွင် အမြတ်ဆုံးဗိမာန် ဖြစ်လတ္တံ့ဟု ပြောဆိုလေ၏၊ မင်းသမီးလည်း မိမိလင်အား ကရဝိတ်ငှက်၏ ဥကို ယူဆောင်ပေးရန် ပူဆာလတ္တံ့၊ ထိုသို့ ပူဆာသည်ရှိသော် အာလာဒင်သည် ၎င်းဘီလူးကို ယူငင်စေရန် ခိုင်းစေလိမ့်မည်၊ ထိုအခါ ဘီလူးကြီးသည် အမျက်ဒေါသ ဖြစ်ပွား၍ အာလာဒင်ကို သတ်လတ္တံ့၊ ဤအကြံအစည်သည် သင့်လျော်လှလေ၏ဟု ကြံပြီးလျှင် မင်းသမီးအား အရှင်မ၏ ဗိမာန်သည် တော်သင့် ကောင်းမွန်စွာရှိပါ၏၊ သို့သော် တစ်ခုလိုသည်မှာ ဟိမဝန္တာတော၌ ကရဝိတ်ငှက်ဥကို ယူဆောင်၍ ပြာသာဒ်ဦး၌ ဆွဲထားလျှင် ဤဇမ္ဗူဒီပါကျွန်းတွင် အတုမရှိ ထူးဆန်းသော ဗိမာန်ဖြစ်ပါလိမ့်မည်ဟု ဆိုပြီးလျှင် ဗိမာန်မှ ဆင်းသက်ကြကာ သီလရှင်လည်း သူ၏တိုက်ခန်းသို့ ဝင်လေ၏။

ထိုအခါ အာလာဒင်လည်း တော၌ လှည့်လည်လည်ရာမှ ပြန်လာသည်ရှိသော် မင်းသမီးလည်း မိမိလင်အား မောင်တော်၊ အကျွန်ုပ်တို့၏ ဗိမာန်သည် ယခုထက်သာလွန်ထူးဆန်း အံ့ဩလောက်သော အရာတစ်ခု လိုပါသေးသည်ဟု ဆိုလေ၏၊ အဘယ်အရာကို လိုပါသနည်းဟု အာလာဒင်က မေးလေသော် ဟိမဝန္တာတောတွင် ကရဝိတ်အမည်ရှိသော ငှက်၏ဥကို ယူဆောင်ပြီးလျှင် ပြာသာဒ်ဦး၌ ဆွဲထားရမူ သာလွန်၍ အံ့ဩ

လောက်သော ဗိမာန်ဖြစ်ပါလိမ့်မည်ဟု ပြောလေ၏၊ အာလာဒင်လည်း ဤဥကိုယူဆောင်ရန် ခဲယဉ်းသည်မဟုတ်ပါ၊ ယခုပင် ရလတ္တံ့ဟုဆိုပြီး ဗိမာန်ထက်သို့ တက်ပြီးလျှင် မှန်အိမ်ကို ပွတ်သပ်လေက ဘီလူးကြီးသည် အဘယ်ကို အလိုရှိပါသနည်းဟု မေးမြန်းလေ၏၊ ဟိမဝန္တာတော၌ ကရဝိတ်ငှက်ဥကို အလိုရှိသည်ဟု ပြောလေသော် ဘီလူးကြီးက ဒေါသ အမျက်ပြင်းစွာ ဖြစ်ပွားပြီးလျှင် ဟယ်... အာလာဒင်၊ နင်သည် ဤအခါ၌ သေရမည်ကို အောက်မေ့သလောဟု ဆိုပြီးလျှင် လည်ကုပ်ကို ကိုင်ပြီး ချိုးသတ်မည်ပြုလေ၏။

ထို့နောက် ဘီလူးကြီးက စဉ်းစားပြန်၏၊ ကရဝိတ်ငှက်ဥကို ယူဆောင်စေရန် ခိုင်းစေခြင်းကား မိမိသဘောအတိုင်း ခိုင်းစေသည်မဟုတ်၊ မယားက ပူဆာသောကြောင့်သာ ခိုင်းစေခြင်း ဖြစ်မည်၊ မယားကပူဆာသည်မှာလည်း မိမိသဘောဆန္ဒ အတိုင်းမဟုတ်၊ သီလရှင် ယောင်ဆောင်နေသော သိုက်ဆရာ၏ညီက ခိုင်းစေသောကြောင့်ဖြစ်မည်ဟု ဆိုပြီးလျှင် ဘီလူးကြီးက အလုံးစုံ ပြန်ပြောပြသည်၊ အာလာဒင်လည်း ဘီလူးမင်း၊ အကျွန်ုပ်အသက်ကို သတ်ခြင်းမှ ချမ်းသာ ပေးသနားတော်မူပါဟု တောင်းပန်လေ၏၊ ဘီလူးကြီးက ကောင်းပြီ၊ သင့်အား အသက်ဘေးမှ ချမ်းသာပေးခဲ့မည်၊ သို့ရာတွင် ဖာတမန်သီလရှင်ယောင် ဆောင် သော သိုက်ဆရာ၏ ညီသည် ဤဗိမာန်ထက်တွင်ပင်ရှိသည်ဟုဆိုပြီးလျှင် ဘီလူးကြီးလည်း ကွယ်ပျောက်လေ၏။

ဘီလူးကြီး ကွယ်ပျောက်လေလျှင် ခေါင်းခဲနာ စွဲကပ်ယောင်ဆောင်ပြီးလျှင် မင်းသမီးကို ခေါ်၍ မင်းသမီးလည်း မိမိရှေ့သို့ ရောက်လျှင် ဤသို့ ပြောဆိုလေ၏၊ သီလရှင်ဖာတမန်သည် လူအပေါင်းတို့၌ ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာတို့ စွဲကပ်သည်ရှိသော် သူ့လက်နှင့် သုံးသပ်လေလျှင် ပျောက်ငြိမ်းချမ်းသာသည်ဟု ကြားဖူးပါသည်၊ ယခု မောင်တော်၌လည်း ဦးရစ်ခေါင်းခဲနာ စွဲကပ်သည်မှာ သီလရှင်ဖာတန် လာသည့်အခါနှင့် ကြုံကြိုက်မှ တော်လေစွဟု ဆိုလေလျှင် မင်းသမီးလည်း မောင်တော်၊ သီလရှင်ဖာတမန်သည် အခြား၌မဟုတ်ပါ၊ ယခု ဤဗိမာန်ထက်တွင်ပင် ရှိပါသည်၊ မောင်တော် အလိုရှိပါက ယခုပင် ခေါ်ဆောင်၍ပေးပါမည်ဟု ဆိုလေ၏၊ အာလာဒင်လည်း သီလရှင်ဖာတမန်ယောင် ဆောင်သောသူကို မင်းသမီးအား သွား၍ ခေါ်စေ၏၊ မင်းသမီးသွားသည့် အခိုက်တွင် ထက်လှစွာသော ဓားကိုယူဆောင်၍ မိမိခါး၌ဝှက်သိုထားပြီးလျှင် ဦးရစ်ခေါင်းခဲနာ စွဲကပ်နေဟန် ပြုလုပ်နေလေ၏။

သီလရှင်ယောင်ဆောင်သော သိုက်ဆရာ၏ ညီလည်း မင်းသမီးလာခေါ်သည်ကို ကြားရလျှင် ဝမ်းမြောက်ဝမ်းသာဖြင့် ဤအခါ၌ အာလာဒင်ကို သတ်ရတော့အံ့ဟုကြံ၍ ဓားမြှောင်ကို နံဘေး၌ချပ်ညှပ်လျက် လိုက်လာလေ၏၊ အာလာဒင်၏ အနီးသို့ ရောက်လျှင် သိုက်ဆရာ၏ညီက မထိုးသတ်မီ အာလာဒင်ကရှေးဦးစွာ ဓားဖြင့်ထိုးသတ်လေ၏၊ ထိုအခါ သိုက်ဆရာ၏ညီကို ဓားနှင့်ထိုး၍ လဲသွားသည်ရှိသော် မင်းသမီးလည်း ရင်ဘတ် စည်တီးပြုလုပ်၍ သီလရှင်ဖာတမန်ကို အဘယ့်ကြောင့် ဓားနှင့် ထိုးသတ်ရပါသနည်းဟု မေး၏၊ အာလာဒင်လည်း ချစ်နမ၊ ဤသူသည်ကား သီလရှင်ဖာတမန်မဟုတ်၊ ကျွန်ုပ်တို့ ရန်သူဖြစ်သော ယခင်က အာဖရိကတိုင်းတွင် သတ်ခဲ့သည့် သိုက်ဆရာ၏ ညီဖြစ်လေသည်၊ ယခုလည်း ကျွန်ုပ်တို့ကိုလုပ်ကြံရန် ဤပိမာန်သို့ ရောက်လာသည် စသည်ဖြင့် ပြောကြားပြီး အင်္ကျီအဝတ်တို့ကို ချွတ်၍ ကြည့်ရှုရာ ဓားကိုခါးတွင်ညှပ်လျက် တွေ့မြင်သောအခါမှ မင်းသမီးလည်း ယုံကြည်လေ၏။

အာလာဒင်တို့လည်း ရန်ကိုအောင်မြင်သောအခါမှ ဘေးရန်မရှိဘဲ ချမ်းသာစွာ ရှိကြလေ၏၊ ဘက်ဒရိဘူဒို မင်းသမီး၏ ခမည်းတော်သည် နတ်ရွာသို့ ပြောင်းသည့်နောက် ခမည်းတော်၏ အရိုက်အရာဖြစ်သော တရုတ်ပြည်ကြီးနှင့်တကွ ကျေးလက်ခရိုင်နိုင်ငံအလုံးကို သိမ်းကျုံးပိုင်သ မင်းပြုလုပ်ကြလေသတည်း။

***

ဤသို့သော ပုံပြင်ဝတ္ထုကို လျှောက်တင်ပြီးသည့်နောက် ရှာရာဇာတ်သည် တစ်ဖန် ကြေးဝါမြို့ကြီး၏ အကြောင်းကို ဤသို့ လျှောက်တင်ရပြန်လေ၏။

## ကြေးဝါမြို့ကြီး၏အကြောင်း

ရှေးလွန်လေပြီးသောအခါ ဒင်မတ်စကတိုင်း ဆိုက်ရိယမြို့၌ အဘဒူမက်လိပ် မင်းကြီး သည် စိုးစံအုပ်ချုပ်တော်မူ၏၊ ထိုဆိုက်ရိယမြို့သည် သာယာနပျို ကောင်းမွန် တင့်တယ်ခြင်း၊ သူဌေးသူကြွယ် ကုန်သည်လယ်လုပ်တို့ဖြင့် စည်ပင်ပြန့်ပွားခြင်း၊ လွတ်ရုံးအသီးသီးတို့မှစ၍ နန်းတော်၏ ကောင်းမွန်ထူးဆန်းခြင်းတို့နှင့် ပြည့်စုံသည့်မြို့ဖြစ်သည်၊ ထိုအဘဒူမက်လိပ် မင်းကြီး စံနေတော်မူသော နန်းတော်၏ အလယ်ဝယ် ပတ္တမြား၊ သန္တာ၊ မြ၊ ရွှေ၊ ပုလဲဂေါ်မုတ်၊

ဥဿဖယားအစရှိသော နဝရတ်ကိုးပါးတို့ဖြင့် ခြယ်လှယ်မွမ်းမံ၍ ဆောက်လုပ်စီရင်သော နန်းမြင့်ဘုံဆောင်တို့ရှိ၏၊ ထိုဘုံဆောင်၏ ပတ်လည်၌ အနောက်မျက်နှာတွင် မိဖုရား မင်းသမီးမောင်းမ၊ ကိုယ်လုပ်တော်၊ အပျိုတော်စသော အခြွေအရံတို့သာလျှင် နေရသော မှန်စီဆောင်၊ ရွှေရေးဆောင်၊ လေသာဆောင်၊ ပွဲကြည့်ဆောင်စသည်ဖြင့် များစွာသော အဆောင်ဆောင်တို့လည်းရှိ၏၊ ၎င်းပြင် အရှေ့မျက်နှာ၌ကား မှူးကြီးမတ်ရာ သေနာပတိ၊ မှူးငယ်မတ်ငယ်တို့သာလျှင် နေရသော နန်းအဆောင်ဆောင်တို့လည်း ရှိကုန်၏။

၎င်းပြင် ဂိမ္ဟန္တဥတု၊ ဝဿန္တဥတု၊ ဟေမန္တဥတုစသော ဥတုသုံးပါးသို့ လိုက်၍ ထွက်စံပယ်တော်မူရန် ဥယျာဉ်တော် သုံးရပ်လည်း ရှိ၏၊ ထိုပတ်လည်မှ တစ်ဖန် မြို့ရိုး ကာရံလျက် ရှိသည်တွင် တံခါးလေးမျက်နှာ၌ လူတို့၏ အရိပ်အကဲကို သိကျွမ်းနားလည်ခြင်း၊ အားခွန်ဗလရှိခြင်း၊ နိုးကြားခြင်းစသော တံခါးမှူးတို့၏ အင်္ဂါနှင့် ပြည့်စုံသော တံခါးမှူး တို့သာလျှင် စောင့်ရှောက်ကြရ၏၊ ဤသည်ကား နန်းတော်၏ ကောင်းမွန်ခြင်းတည်း။

မြို့၏သာယာခြင်းသည်ကား မြို့လေးမျက်နှာ၌ လမ်းကြီးလမ်းငယ် အသွယ်သွယ် တို့တွင် မှိုင်းမှိုင်းညို့ညို့ စိုစိုစိမ်းစိမ်း မြရည်လိမ်းသို့ အေးငြိမ်းစေရာ သာယာယဉ်ကျေး လေခတ်တိုင်း မွှေးစေတတ်သော ပင်စည်ပင်ပျိုတို့၏ အကိုင်းအခက်တို့သည် လိမ်ယှက် ရောပူး၍ နေခြင်းကြောင့် အထူးသဖြင့် သာယာအေးမြ နေမခအောင်ရှိ၏၊ ၎င်းပြင် ရဟန်း ရှင်လူပြည်သူပြည်သားတို့ အထူးသဖြင့် များပြားစည်ပင်ခြင်းကြောင့် ဆင်မြင်းရထားတို့ သာလျှင် သွားရသောလမ်း၊ ရဟန်းရှင်လူတို့သာလျှင် သွားရသောလမ်း၊ ဆင်းရဲသား ကူလီတို့ သာလျှင် သွားရသောလမ်းဟူ၍ သုံးလမ်းခွဲ၍ ထားရ၏၊ ၎င်းပြင် ထိုလမ်းတို့ဝယ် အခြားသော မီးတို့ကို မထွန်းမူ၍ ဓာတ်စက်မီးတို့ကိုသာလျှင် ထွန်းလင်းစေ၏၊ ထိုလမ်းတို့အတွင်း၌ လည်းကောင်း၊ ခရီးလမ်းဆုံရာ၌ လည်းကောင်း၊ လမ်းဈေး၊ အိမ်ဈေး၊ သဘင်ဈေးတို့သည် များစွာရှိ၏၊ ၎င်းပြင် သူဌေးသူကြွယ်ကုန်သည်ကြီးငယ်တို့ ကူးသန်းရောင်းဝယ် ဖောက်ကား ကြရာ ထူးဆန်းသော ကုန်စည်တို့ကိုသာလျှင် ရောင်းချသော ဆိုင်ကြီး ဆိုင်ငယ်တို့သည် များစွာရှိ၏၊ ဤသည်ကား မြို့၏သာယာခြင်းတည်း။

၎င်းမြို့ကို စိုးစံအုပ်ချုပ်တော်မူသော အဘဒူမက်လိပ်မင်းကြီးသည် အခါတစ်ပါးသော နေရာ၌ ရာဇပလ္လင်ပျံဝယ် ညီလာခံပိုလ်ရှုသို့ ထွက်ကြွစံပယ်တော်မူပြီးလျှင် တိုင်းရေးပြည်မှု၊ ရာဇဝတ်ရေး ရာဇဝတ်မှုတို့ကို စစ်ဆေးမေးမြန်းပြီးနောက် အမတ်ကြီးတစ်ယောက်သည်

စကားစပ်ပြု၍ စူလေမန်အမည်ရှိသော ဘုရင်၏ အကြောင်းကို ဤသို့တင်လျှောက်လေ၏၊ အရှင်မင်းမြတ်၊ ရှေးအထက်ကျော်ကာလာက ဒါဝတ်၏ သားဖြစ်သော စူလေမန်ဘုရင်သည် ဘုရား၊ တရား၊ သံဃာတို့ကို အထူးသဖြင့် ကြည်ညိုလေးမြတ်ယုံကြည်ကိုးကွယ်တော်မူ၏၊ ၎င်းပြင် တစ်ရာ့တစ်ပါးသော ဘာသာတို့မှစ၍ မာဂဓဘာသာကိုလည်း တတ်ကျွမ်းနားလည်ခြင်းကြောင့် ခြသေ့်၊ ကျား၊ ဆင်၊ ငှက်တိရစ္ဆာန်တို့သည် ခယဝပ်လျိုး ရိုကျိုးပူဇော်ကြရကုန်၏၊ သူရဲသဘက် ဘီလူးစုန်းတစ္ဆေတို့သည်လည်း ကြောက်ရွံ့ရခြင်းကြောင့် စူလေမန်မင်းကြီးသည် ဘီလူးများအား ကြေးဝါဘူး၏ အတွင်းသို့ သွတ်သွင်းပြီးလျှင် ခဲတံဆိပ်ခတ်နိပ်သည်ကို ကြားဖူးပါ၏ဟု တင်လျှောက်လေ၏။

ဤကဲ့သို့ တင်လျှောက်ဆဲတွင် တာလစ်အမည်ရှိသော အမတ်ကြီး တစ်ယောက်က စွက်ဘက်၍ ဤသို့ တင်လျှောက်ပြန်သည်၊ အရှင်မင်းကြီး၊ လူတစ်ယောက်သည် မိမိ၏ အပေါင်းအဖော်တို့ကို ခေါ်ငင်ပြီးလျှင် သင်္ဘောတစ်စင်းဖြင့် စစ်စလီကျွန်းသို့ ထွက်သွားရာ လေတို့ ပြင်းထန်လှသဖြင့် အခြားသောကျွန်းသို့ ညဥ့်အခါ၌ ဆိုက်ရောက်လေ၏၊ နံနက်မိုးသောက်သောအခါ စကားစမြည်ကို နားမလည်ကြသော လူရိုင်းမျိုးတို့သည် ဝတ်လစ်စလစ်ဖြင့် ဂူ၏အတွင်းမှ ထွက်လာကြသည်၊ ၎င်းလူရိုင်းတို့မှာလည်း မိမိတို့ ဘာသာအလိုက် အာရေဗျစကားကို နားလည်တတ်မြောက်လျက် အကြီးအအုပ်ဖြစ်သော ရှင်ဘုရင်လည်းရှိ၏၊ ထိုလူရိုင်းတို့သည် သင်္ဘောကိုမြင်လတ်သော် သင်္ဘောအနီးသို့ ချဉ်းကပ် နှုတ်ဆက်မေးမြန်းကြသည်၊ သင်္ဘော၌ပါလာသော သူတို့သည်လည်း ထိုလူရိုင်းမျိုးတို့ကို သင့်တင့်စွာ မိတ်ဖွဲ့ပြီးလျှင် ၎င်းလူရိုင်းတို့အား မည်သည့်ဘာသာများကို ရှေးရှေး ဘိုးဘတို့ လက်ထက်ကစ၍ ကိုးကွယ်ကြပါသနည်းဟု မေးမြန်းကြသည်၊ ၎င်းတို့က မဟာမက်ဘာသာကိုသာ ကိုးကွယ်ကြောင်း ပြန်ကြားပြောဆိုပြီးလျှင် သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ ချိုး ခါတို့၏ အသားများကို ကျွေးမွေးကြလေ၏။

ထို့နောက် သင်္ဘောပေါ်၌ ပါလာသောသူတို့သည် သင်္ဘောမှဆင်းသက်၍ လှည့်လည်ကြည့်ရှုကြသောအခါ တံငါသည် တစ်ယောက် ပိုက်ကွန်ပစ်ချရာ၌ စူလေမန်မင်း၏ တံဆိပ်ခတ်နိပ်ထားသော ဘူးတစ်လုံးပါလာသည်၊ တံငါသည်လည်း ၎င်းလူတို့၏ ရှေ့မှောက်တွင် ဘူးကိုဖွင့်လှစ်ကြည့်လိုက်သည်၊ မဲပြာလျက် မီးခိုးသဏ္ဍာန်ရှိသောအခိုးတို့ ကောင်းကင်ပြည့်မျှ တက်လက်ပြီးလျှင် ရုန့်ရင်းကြမ်းတမ်းသော အသံဖြင့် ကြောက်ပါပြီ၊ ကြောက်ပါပြီဟု

ကြွေးကြော်သော အသံကို ကြားကြရသည်၊ အကြောင်းစုံကို သိကြရအောင် လုရိုင်းတို့၏ ရှင်ဘုရင်ထံသို့ ပြန်လာခဲ့ကြကာ ဤအကြောင်းများကို မေးမြန်းကြသည်၊ ထိုအခါ ရှင်ဘုရင်က သင်တို့ ဤကဲ့သို့ ကြားရခြင်းသည်ကား ဒါဝတ်၏သား စုလေမန်မင်းကြီးသည် ဘီလူးများအား ဖမ်းဆီး၍ ကြေးဝါဘူး၌ထည့်ပြီး စုလေမန်ဟူသော ခဲတံဆိပ်ကို ခတ်နှိပ်သည်၊ ထို့နောက် သမုဒ္ဒရာပင်လယ်သို့ ပစ်ချမျှောခြင်းကြောင့် ပိုက်ကွန်ကို ပစ်ချသောအခါ အမြဲပါလာ တတ်ကြောင်း ပြောပါသည်ဟု တင်လျှောက်လေ၏။

ဤကဲ့သို့ တာလစ်အမတ်ကြီး တင်လျှောက်သော စကားကို အဘဒူမက်လိပ်မင်းကြီး ကြားသိတော်မူရာ အထူးသဖြင့် အံ့သြခြင်းဖြစ်၍ စုလေမန်မင်းသည်ကား ကမ္ဘာပေါ်၌ လူသူတိရစ္ဆာန် အပေါင်းတို့ ခဝပ်ရိုကျိုးရ၍ ဘုန်းသမ္ဘာကြီးမြတ်သော မင်းပေတည်းဟု မိန့်တော်မူသည်၊ ထိုအခါ အဘဒူဘရန် အမည်ရှိ အမတ်ကြီးကလည်း တာလစ်အမတ်ကြီး လျှောက်တင်သည့်အတိုင်း စုလေမန်မင်းသည် ဘုန်းတန်ခိုးကြီး၍ ဘီလူးများကို ကြေးဝါဘူး အတွင်းသို့ သွတ်သွင်းပြီးလျှင် ပင်လယ်အတွင်းသို့ ပစ်ချသည်မှာ အမှန်ပင်ဖြစ်ပါသည်ဟု ထောက်ခံတင်လျှောက်လေ၏။

ထိုအခါ အဘဒူမက်လိပ်မင်းကြီးလည်း ဤကဲ့သို့သော ကြေးဝါဘူး တစ်လုံးကို ကြည့်ရှုတော်မူလိုကြောင်း မိန့်ဆိုတော်မူလေ၏၊ တာလစ်အမတ်ကြီးလည်း အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ ညီတော်ဖြစ်သော အဘဒူလဇီ၏ အမိန့်တော်စာနှင့် မူစာဘုရင်ကို အနောက်တိုင်းပြည်မှ ယခင်က တင်လျှောက်သော အရပ်သို့သွား၍ ထိုဘူးကို ယူဆောင် စေလျှင် ရနိုင်ပါသည်ဟု တင်လျှောက်လေ၏၊ မင်းကြီးလည်း သဘောတော်ကျခြင်းကြောင့် သင်ကိုယ်တိုင် မူစာဘုရင်၏ထံသို့ ငါ၏တမန်အမတ်ကြီး အဖြစ်ဖြင့် သွားရမည်၊ သင်၏ သားသမီးတော်များကို ငါထောက်ပံ့ ကြည့်ရှုစတော်မူမည် ဟု မိန့်တော်မူ၏၊ တာလစ် အမတ်ကြီးလည်း ညီတော်ဖြစ်သော အဘဒူလဇီနှင့် အနောက်တိုင်းပြည်၌ရှိသော မူစာဘုရင်ထံသို့ ပေးပို့ရန် စုလေမန်မင်း၏ ကြေးဝါဘူးများကို ရှာကြံ၍ အလျင်အမြန် ဆက်သလိုက်မည့်အကြောင်း အမိန့်တော်စာနစ်စောင်ကို တောင်းပြီး သွားပါမည်ဟုဆို၍ ၎င်းစာတို့ကို ပိုက်လျက် ချိပ်တံဆိပ်ခတ်နှိပ်ပြီး အခြွေအရံတို့နှင့်တကွ သွားကြလေ၏။

ဤကဲ့သို့ အစဉ်သဖြင့်သွား၍ အီဂျစ်ပြည်သို့ ဆိုက်ရောက်သောအခါ အီဂျစ်ပြည့်ရှင် မင်းကြီးသည် အစာရေစာတို့နှင့်တကွ ထောက်ပံ့ ပေးကမ်းပြီးမှ မူစာဘုရင်နေသော

အနောက်တိုင်းပြည်နိုင်ငံသို့ ခရီးလမ်းစဉ်ကို နားလည်သော သူတို့လိုက်၍ ပို့စေသည်၊ ကောင်းမွန်ချောမောစွာ ဆိုက်ရောက်ကြလေသဖြင့် တာလစ်အမတ်ကြီးသည် စာကို ဆက်သသောအခါ စာကိုကြည့်ရှုတော်မူပြီးလျှင် ရေလမ်း ကုန်းလမ်းတို့၌ နားလည် ကျွမ်းကျင်သော အဘက်အက်စမက်ဆိုသူ အမတ်တစ်ယောက်ကို ခေါ်ပြီးလျှင် မူစာမင်းကြီးက ဤသို့ မိန့်တော်မူ၏၊ ယခု ငါတို့၏ သခင်ဖြစ်ပေသော အဘဒုမက်လိပ်မင်းကြီးသည် စူလေမန် မင်းကြီးက ဘီလူးများအား ကြေးဝါဘူးအတွင်းသို့သွင်းပြီး ချိပ်တံဆိပ် ခတ်နှိပ်ထားသော ၎င်းဘူးတို့ကို အလိုတော်ရှိကြောင်းစာနှင့်တကွ အမတ်ကြီးတို့ကို စေလွှတ်လိုက်ခြင်းကြောင့် သင်သည် ခရီးလမ်းပန်းကို သိကျွမ်းနားလည်သည့်အတိုင်း ပြသညွှန်ကြားလော့ဟု မိန့်တော်မူ၏။

အဘက်အက်စမက်က ဤသို့ပြောပြန်၏၊ ၎င်းခရီးသည်ကား နှစ်နှစ်ခန့်သွားမှ ရောက်ချေမည်၊ ဤခရီးအတွင်းဝယ် ခဲယဉ်းသော ကန္တာရတို့သည် လည်းကောင်း၊ အလွန် ထူးဆန်းသော လှသောအရာတို့သည် လည်းကောင်း များပြားစွာရှိသည့်ပြင် ရန်သူတို့ သည်လည်း ပိတ်ဆို့လျက် ရှိပါသည်၊ မူစာလည်း ဤအတိုင်းမှန်ခဲ့လျှင် သားဖြစ်သော ဟာရွန်ကို တပ်တောင်တာဗိုလ်ထုနှင့် ခေါ်ဆောင်၍ သွားရမည်ဟု မိန့်တော်မူ၏၊ ထိုအခါ အဘက်အက်စမက်လည်း ကောင်းပါပြီဟု ဝန်ခံလေ၏၊ သားဖြစ်သော ဟာရွန်ဆိုသူကား ယောက်ျား အာဇာနည်များကဲ့သို့ အလွန်ရဲရင့် လိမ္မာတတ်ကျွမ်းသောသူ ဖြစ်သည်၊ အဘက်အက်စမက်သည် ခရီးဝေးလံမှန်းကို မသိစေဘဲ တစ်လသွားခန့် ခရီးမျှလောက်သာ ဖြစ်သည်ဟု ချော့မော့ပြောဆိုပြီး ကုန်းလမ်းရေလမ်းစသည်တို့ကို ခေါ်ဆောင်ခဲ့လေလျှင် ဂရိအမည် ရှိသောကျွန်းသို့ ရောက်ကြလေ၏။

ထိုမှတစ်ဖန် သွားပြန်လတ်သော် ခရီးအတော်အကွာ၌ နန်းတော်တစ်ခုသို့ ဆိုက် ရောက်ကြပြန်၏၊ ထိုနန်းတော် တံခါးဝသည် အထူးသဖြင့် မြင့်သည်လည်းတစ်ကြောင်း၊ ပတ္တမြားဂေါ်မုတ်၊ ဥဿဖယား နီလာ သန္တာမြရွှဲ၊ ပုလဲတည်းဟူသော ရတနာကိုးပါးတို့ဖြင့် ခြယ်လှယ်ထားသည်လည်းတစ်ဖုံ၊ အဖုံဖုံအဆန်းဆန်းသော ရွှေငွေတို့ဖြင့် မွမ်းမံပြုလုပ် စီရင်အပ်သော အခန်းခန်းအဆောင်ဆောင်တို့လည်း တစ်မျိုး၊ ဝိုးဝိုးဝင်းဝင်း စိန်ချင်းရောယှက် မြမျက်တစ်သိန်း၊ ထိန်ထိန်ညီးညီး တစ်သီးတခြားထားသော အဆောင်တို့သည်လည်း တစ် သွယ်၊ အကယ်ကယ်အဝဝ လှပယဉ်ကျေး ထွေးထွေးရှုပ်ရှုပ် အုတ်တစ်မျိုး ကျောက်တစ်မျိုး

သွယ်တန်းလျက်ရှိသော ခြူးပန်းခြူးရွက် ခြူးခက်ခြူးလိမ်တို့သည်လည်းတခြား၊ သားနားနပျို စိုစိုစိမ်းစိမ်း မြရည်လိမ်းသို့ အေးငြိမ်းသာယာ ဆန်းကြယ်စွာသောနန်းတော်ကို တွေ့မြင်ကြရာ ပထမအထပ်၌ သွယ်တန်းစီကုံးလျက်ရှိသောစာကို ပထမအကြိမ်ဖတ်ရှုကြရာ ထိုစာသည်ကား

၁။ ကမ္ဘာပေါ်၌ ရှိနေကြသော လူအပေါင်းတို့သည် နောက်ဆုံးသောနေ့၌ မြေကြီးသြဇာသာလဆင်ဖြစ်ကြရသနည်း။

၂။ သတ္တဝါအပေါင်းတို့၏ ဖြစ်ပျက်ရခြင်းသည် မျက်စိတစ်မှိတ်လျှပ် တစ်ပြက်မျှသာ ဖြစ်သဖြင့် ဤသို့ နေထိုင်ကြရခြင်းသည် ကာလမရှည်ဖြစ်ကြလေသတည်း။

၃။ သတ္တဝါတို့၌ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ သေရခြင်းတို့သည် မည်သူတစ်ဦး တစ်ယောက်မျှ မကင်းမလွတ်နိုင်ကြလေ ဟူ၍ ရေးသားထားလေ၏။

အင်မီယာမူစာသည် ၎င်းစာကို ဖတ်ရှုရလျှင်ပင် စိတ်နှလုံးတို့တုန်လှုပ်၍ မျက်ရည်တို့ အသွယ်သွယ် စီးကျပြီး ဤသို့ ညည်းတွား ပြောဆိုသည်၊ ဘုရား၊ တရား၊ သံဃာမှတစ်ပါး မည်သူမျှ မကယ်နိုင်ကြချေဟု ပြောဆိုပြီးသော် တစ်ဖန်အတွင်းထပ်သို့ ဝင်ကြပြန်လေ၏၊ သာယာကြည်လင်ရွှင်ရွှင်မြူးမြူး စိတ်လက်နူးမျှ ထူးဆန်းလှသော ပန်းအုံ ပန်းပွင့် ပန်းဆင့် ပန်းဖူး ကြိုင်နံ့မြူး၍ ထူးဆန်းအံ့သြ၍ မကုန်သော အထွင်းထပ်ဝယ် စာတို့ကို ရေးသားလျက် ထားသည်ကို ဒုတိယအကြိမ်မြင်ရလေ၏။

၎င်းစာကို ဖတ်ရှုကြရာ-

၁။ ဤဗိမာန်သို့ ရောက်လာသမျှသော သူအပေါင်းတို့သည် ကြီးမြတ်သောစည်းစိမ်ကို ခံစားကြပြီးနောက် ကွယ်လွန်ဆုံးပါးရသောသူတို့သည်လည်း များလှလေပြီ။

၂။ လူတို့ဘောင်ဝယ်နေရစဉ် အခါသမယအတွင်း၌ ရှာမှီးခဲ့သောဥစ္စာပစ္စည်း ရတနာ ရွှေငွေတို့သည်လည်း သေလွန်ဆုံးပါးသောအခါ၌ စွန့်ပစ်ခဲ့ရသည်သာလျှင်တည်း။

၃။ ပျော်ရွှင်ခြင်း၊ စားခြင်း၊ သောက်ခြင်းတို့ကိုသာလျှင် အားထုတ်သောသူတို့သည် ဘဝကူးပြောင်းသောအခါတို့၌ အကျိုးကျေးဇူး မခံစားကြကုန်ဟူ၍ ရေးသားထားလေ၏။

၎င်းဒုတိယစာကို ဖတ်ရှုပြီးသော် အင်မီယာမူစာသည် သင်္ခါရဖြစ်ပျက်ခြင်း အကြောင်း တရားကို များစွာကြောက်လန့် တုန်လှုပ်ခြင်းဖြစ်၍ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းသည် မည်သည့်အခါမှ ကင်းလွတ်နိုင် ပါမည်နည်းဟု အောက်မေ့ပြီးသော် တစ်ဖန် အတွင်းထပ်သို့ ဝင်ကြပြန်သည်၊ အတွင်းထပ်၌ကား ရွှေငွေရတနာတို့ဖြင့် ပြုလုပ်စီမံသော

ပန်းအိုပန်းဖူးတို့သည် လေလာလျှင်လဲအံ့သကဲ့သို့ နနယ် ကောင်းမွန်ချောမွေ့ခြင်းသည် လည်းကောင်း၊ ထို့ပြင် သလွန်ကြီး သလွန်ငယ်တို့၌ ရွှေရက်ပြားငွေရက်ပြားတို့ဖြင့် လည်းကောင်း၊ ဖဲကတ္တီပါ၊ ပိုးကတ္တီပါတို့ဖြင့် လည်းကောင်း၊ စိန်ကျောက်တို့ဖြင့် လည်းကောင်း ပြုလုပ်စီမံလျက် ရှိသည့်ပြင် ရာဇပလ္လင်လေးရပ်တို့သည်လည်း ပြေပြစ်ချောမွေ့စွာရှိကြသည်၊ ၎င်းတို့ကို ကြည့်ရှုပြီးသော် အင်မီယာမူစာသည် ကျောက်တို့ဖြင့် ပြုလုပ်လျက်ရှိသော ဂူကြီး တစ်ခုဝယ် ဂူငယ်ပေါင်းတစ်ရာ ခြံရံလျက် စာတမ်းရေးသားထားသည်ကို တတိယအကြိမ် တွေ့မြင်ရပြန်လေ၏။ ၎င်းစာကား-

၁။ သတ္တဝါအပေါင်းတို့၌ သေခြင်းရသဘောတရားနှင့် မကင်းနိုင်ကြသဖြင့် ပျက်စီး ဆုံးပါးကြသော သူတို့ကို မျက်မှောက်ထင်ထင် တွေ့မြင်ကြုံကြိုက်ရသည်မှာ မရေမတွက် နိုင်အောင်ပင် များလှချေပြီ။

၂။ အထက်အထက်က စားခဲ့၊ သောက်ခဲ့၊ ပျော်မြူးခဲ့ကြ၍ ကာမဂုဏ်၌ ယစ်မူးပြီးလျှင် ကိလေသာ၏ နောက်သို့ လိုက်စားခြင်းတို့၏ ကျေးဇူးတို့သည် လောကီလောကုတ္တရာ၌ အကျိုးမခံစားရကုန်။

၃။ မိမိချစ်သော သားမယားမိဘ ဆွေမျိုးတို့ကိုလည်း စွန့်ခဲ့ရသည့်ဘဝပေါင်း မရေ မတွက်နိုင်ပြီဟူ၍ ရေးသားထားလေသတည်း။

အင်မီယာမူစာသည် ၎င်းတတိယစာကို ဖတ်ရှုရပြန်သဖြင့် လူတို့၌ သေခြင်းရသဘော တရား ပြုပြင်စီမံသဖြင့် နိစ္စမရှိ၊ အနိစ္စသာပင်ဖြစ်ကြချေသည်ဟု အောက်မေ့ဆင်ခြင်၍ လှည့်လည်ကြည့်ရှုပြီး နန်းတော်မှ ထွက်ခွာသွားကြလေ၏၊ အဘက်အက်စမက်သည်လည်း ရှေ့ကလမ်းပြ၍ အစဉ်းသဖြင့် သွားကြရာ နှစ်ရက်အလွန် သုံးရက်မြောက်သောနေ့၌ တောင်ထိပ်ဝယ် ကြေးဝါမြင်းရုပ်ရှိ၏၊ ၎င်းရုပ်၏ အထက်မှာ စစ်သူရဲရုပ်သည် လှံကိုကိုင်ပြီးလျှင် တက်စီးလျက် စာတမ်းရေးသားထားရှိသည်ကို တွေ့ရပြန်သည်၊ စာမှာကား ဤအရပ်သို့ ရောက်လာကြ၍ ကြေးဝါမြို့သို့သွားရန် လမ်းပန်း မသိကြသောသူတို့သည် မြင်းပေါ်ထက်၌ ရှိသော လူရုပ်၏လက်ကို စမ်းသပ်လိုက်က မြင်းနှင့်တကွ လှည့်၍ ပြသလိမ့်မည်၊ ထိုမြင်းလှည့်သော အရပ်သို့ ကြောက်ရွံ့ခြင်းမရှိ ရဲရင့်စွာ သွားကြရမည်။

ဤစာတမ်းကို တွေ့မြင်ဖတ်ရှုရသောကာလ အင်မီယာမူစာသည် မြင်းပေါ်၌ရှိသော လူရုပ်၏လက်ကို စမ်းသပ်သောအခါ မြင်းသည် လှည့်၍ ပြလေ၏၊ ဤအခါ ၎င်းလူတို့သည်

မြင်းမျက်နှာမူရာသို့ အစဉ်တစိုက်လိုက်လာကြသည်၊ လေးငါးရက် လွန်ပြီးနောက်တစ်နေ့၌ ကျောက်တိုင်မဲကြီး၏ အတွင်းဝယ် လူတစ်ယောက် ကိုယ်တစ်ပိုင်းမြုပ်၍ အထက်ပိုင်း ပေါ်လျက်ရှိသည်ကို တွေ့ရသည်၊ ကြီးမားသော အတောင် နှစ်ခုလည်းရှိ၏၊ လက်လည်း လေးဘက်ရှိရာ လက်နှစ်ဖက်ကား လူ၊ နှစ်ဖက်ကား ခြသေ့်လက်နှင့်မခြားနားကုန်၊ ဦးခေါင်း၌ ပေါက်လျက်ရှိသော ဆံပင်တို့မှာလည်း မြင်းမြီးကဲ့သို့ရှိ၏၊ ၎င်းပြင် မျက်လုံးနှစ်လုံးမှာမဲလျက် နဖူးထက်၌ရှိသော မျက်လုံးတစ်လုံးကား မီးကျီးခဲကဲ့သို့ နီရဲလျက် ရှည်မြင့်သောသတ္တဝါကြီးကို တွေ့ရလေ၏၊ အင်မီယာမူစာသည် အဘက်အက်စမက်အား မည်ကဲ့သို့ဖြစ်ရသော သတ္တဝါ နည်းဟု မေးလေလျှင် အဘက်အက်စမက်ကလည်း မကြားမမြင်ဖူးကြောင်း ပြန်ကြား ပြောဆိုသည်။

အင်မီယာမူစာသည် အလုံးစုံသေချာကောင်းမွန်စွာ သိလိုသောဆန္ဒရှိသဖြင့် အနီးသို့ ချဉ်းကပ်ပြီးလျှင် ၎င်းသတ္တဝါကြီးအား သင်၏ နာမည်သည် မည်သို့ ခေါ်ဝေါ်သမုတ်သနည်း၊ သင်သည် မည်သည့် အမျိုးသားနည်း၊ ဤကဲ့သို့ နေရခြင်းသည်ကား အကြောင်း မည်သို့ နည်းဟု မေးလတ်သော် ဤသို့ ပြန်ကြားလေ၏၊ ကျွန်ုပ်သည်ကား ဘီလူးတို့အပေါ်၌ စိုးမိုးအုပ်ချုပ်ရသော နတ်ဘီလူးတည်း၊ ကျွန်ုပ်၏ နာမည်မှာလည်း ဒါဟစ်ဟု ခေါ်ဝေါ်သမုတ် ကြပါသည်၊ ဤကဲ့သို့ ကျဉ်းကျပ်စွာ ခံနေရခြင်းမှာ ဘုန်းသမ္ဘာကြီးမြတ်သောမင်းက အပြစ်ဒဏ် ပေးသောကြောင့် ဤပြစ်ဒဏ်ကို ခံရခြင်း ဖြစ်ပါသည်ဟု ပြောလေ၏၊ အင်မီယာမူစာက သင် မည်သည့်အပြစ်ကြောင့် ဤကျောက်တိုင်၏အတွင်း စံနေရသနည်းဟု မေးမြန်းပြန်သည်၊ နတ်ဘီလူးလည်း ကျွန်ုပ်၏အကြောင်းကား အလွန်ထူးဆန်း အံ့သြဖွယ်ရာများစွာ ရှိခြင်းကြောင့် နားထောင်ပါလောဟုဆို၍ အောက်ပါအတိုင်းပြောလေ၏။

သမုဒ္ဒရာပင်လယ်နှင့်တကွ ဘီလူးများကို ပိုင်စိုးသော ဘုရင်တစ်ပါးသည် အရုပ်ကို ဘုရားအမှတ်ဖြင့် ကိုးကွယ်ရာ ကျွန်ုပ်သည် ထိုအရုပ်ကို စောင့်ရှောက်ပါသည်၊ ၎င်းပြင် အခြားဘီလူးများ အပေါ်၌ အကြီးအမှူး ဖြစ်ခြင်းကြောင့် ဘုန်းသမ္ဘာကြီးမြတ်သော စူလေမန် ရှင်ဘုရင်အား ပုန်ကန်သောင်းကျန်းကြရန် အမိန့်ပေးပါသည်၊ ၎င်းပြင် ထိုရှင်ဘုရင် ကိုးကွယ်သော အရုပ်အတွင်းသို့ ဝင်ပြီးလျှင် အရုပ်က စကားပြောဘိသကဲ့သို့ စကားပြောခြင်း၊ ဆုပေးခြင်းကို ပြုလုပ်ပါသည်၊ ၎င်းရှင်ဘုရင်သမီးတော်သည် လှပယဉ်ကျေး သိမ်မွေ့သူ ဖြစ်ပါသည်၊ ထိုမင်းသမီးသည် အရုပ်ကို အစဉ်မပြတ်လာ၍ ရှိခိုးဖူးမြော်ခြင်းကိုပြုရာ

ထိုမင်းသမီး၏ လှပတင့်တယ်ချစ်ခင်ဖွယ် ရှိခြင်းမှစ၍ အလုံးစုံကို စူလေမန်မင်းကြီးထံ အကြောင်း ပြန်ကြားလိုက်သဖြင့် စူလေမန်မင်းကြီးသည် ထိုမင်းသမီး၏ခမည်းတော်ထံ ရာဇသံ ရွှေပေလွှာဖြင့် သင်၏ သမီးတော်ကို အလျင်အမြန် ငါ၏ အမိန့်တော်အတိုင်း လာရောက် ဆက်သခြင်းကိုပြုမူ အလုံးစုံတို့၌ ထောက်ပံ့ကြည့်ရှုတော်မူမည်၊ ငါ့ကို အလေးမပြု ဂရုမထားမူ၍ ငြင်းပယ်ခဲ့လျှင် အသက်ဆုံးရှုံးအောင် စီစဉ်မည်၊ ၎င်းပြင် ဤသို့ဆက်သသော အခါကစ၍ အရုပ်ကို မကိုးကွယ်ဘဲ ဘုရား၊ တရား၊ သံဃာကိုသာ ကိုးကွယ်ရမည်ဟု သံအမတ်ကြီးအား စေခိုင်းလိုက်သည်။

သံအမတ်ကြီးသည်သွား၍ ထိုမင်းကြီးထံ ရာဇသံရွှေပေလွှာကို ဆက်သသောအခါ မင်းကြီးသည် ထိုရာဇသံစာကို ကြည့်ရှုပြီး အရုပ်ကို မကိုးကွယ်ရဟူသောစကားသည် မိမိသဘောနှင့် ဆန့်ကျင်ခြင်းကြောင့် ဝမ်းနည်းစွာဖြင့် ကိုးကွယ်နေကျဖြစ်သော အရုပ်၏ ရှေ့သို့သွားရောက်ပြီး စူလေမန်မင်းကြီး၏စာ၌ ပါရှိသည့်အတိုင်း အလုံးစုံကို လျှောက်တင်လေ၏၊ ထိုအခါ၌ ကျွန်ုပ်သည် ထိုအရုပ်၏ အတွင်းဝင်ပြီး အရုပ်က စကားပြောဆိုဘိသကဲ့သို့ သင်သည် ကြောက်လန့်ခြင်း မရှိလင့်၊ ငါပါကူညီထောက်ပံ့အံ့ဟု ပြောပါသည်၊ ထိုအခါမှ ရှင်ဘုရင်သည် အားအင်တိုးတက်၍ စူလေမန်နှင့် စစ်မက်အရေးအရာ ပြုမည်ဟု ကြံစည်ပြီး စူလေမန်မင်းကြီး လွှတ်လိုက်သော အမတ်ကို ရိုက်နှက်ပြီး မချေမငံသောစကားတို့ကို မှာထား ကြိမ်းဝါး၍ လွှတ်လိုက်လေ၏။

ထိုသံအမတ်ကြီးများ ပြန်လာခဲ့ကြပြီးသော် အလုံးစုံသော အကြောင်းအရာတို့ကို စူလေမန်မင်းကြီးအား တင်လျှောက်ကြသည်၊ စူလေမန်မင်းကြီးသည် အမျက်တော်ရှသဖြင့် ဆင်၊ ခြင်္သေ့၊ ကျား၊ မြင်း၊ နွား၊ ဒရယ်၊ ချေငယ်စိုင်ဆတ် တည်းဟူသော တိရစ္ဆာန်တို့ကို လည်းကောင်း၊ ဥဒေါင်း၊ ကြိုးကြာ၊ တမာ ကြက်တော၊ ဥသြ သာရကာ လင်းပြာ ခိုငှက်အစရှိသော ငှက်တိရစ္ဆာန်တို့ကို လည်းကောင်း၊ စုန်းတစ္ဆေ သူရဲသဘက်ဘီလူးတို့ကို လည်းကောင်း၊ မရေမတွက်နိုင်သော တပ်တောင်တာ ဗိုလ်ထုနှင့်တကွ ချီတက်လာခဲ့ပြီးလျှင် ကျွန်ုပ်၏ အရှင်သခင်ဖြစ်သော မင်းကြီး၏ မြို့ကို ဝိုင်းဝန်းကြသည်၊ ထို့နောက် ရဲရင့်သော အမတ်တစ်ယောက်ကို စေလွှတ်၍ သမီးတော်ကိုလည်း ဆက်သရမည်၊ အရုပ်ကိုလည်း မကိုးကွယ်ဘဲ ဘုရား၊ တရား၊ သံဃာကိုသာ ကိုးကွယ်ရမည်၊ ဤအမိန့်အတိုင်း

မပြုမလုပ်နေခဲ့လျှင် ယခု သင့်အား တိုက်ခိုက်ဖမ်းဆီးပြီး အသက်ကို ဆုံးရှုံးအောင် စီရင်ကွပ်မျက်တော်မူမည်ဟု ပြောကြားလေ၏။

ထိုအခါ ကျွန်ုပ်တို့မင်းကြီးလည်း စူလေမန်မင်း၏ အမတ်ကြီးအား ငါသည် သင်တို့မင်း၏ အမိန့်ကို မနာမယူလို၊ ယခုပင်လျှင် ကိုယ်တော်တိုင် ချီတက် တိုက်ခိုက်တော်မူမည်ဟု မှာထားတော်မူလိုက်သည်၊ အမတ်ကြီးသည် ပြန်လာခဲ့ပြီး စူလေမန်မင်းကြီးအား မှာထားသည့်အတိုင်း တင်လျှောက်လေ၏၊ ထိုအခါ ကျွန်ုပ်တို့မင်းကြီးလည်း လူသူတို့ကိုလည်းကောင်း၊ ဘီလူးတို့ကိုလည်းကောင်း၊ ပိုင်ဆိုင်သည့် နယ်အတွင်း၌ ရှိနေကြသောသူတို့ကို စုရုံး၍ ကျွန်ုပ်အား အကြီးအမှူး ပြုလုပ်စေပြီးလျှင် သန်လျက်ကို စွဲကိုင်လျက် ခုခံတိုက်ခိုက်မည်ဟု ထွက်ချီတက်တော်မူခဲ့လေ၏၊ စူလေမန်မင်းကြီးသည် ကုန်းတိရစ္ဆာန်ဖြစ်သော ခြေလေးချောင်း သတ္တဝါတို့ကား လက်ဝဲဘက်၊ အခြေနှစ်ချောင်းရှိသော ငှက်တို့အား လက်ယာဘက်၊ သူရဲသဘက် ဘီလူးတို့ကိုကား ရှေ့နောက်၌နေစေပြီးမှ ရတနာကိုးပါးဖြင့်ပြီးသော မင်းမြောက်တန်ဆာများကို ဆင်ယင်ပြီး စီမံခင်းကျင်းလျက် စောင့်ဆိုင်းငံ့လင့်၍နေလေ၏။

ထို့နောက် စူလေမန်မင်း၏ စစ်သည်တို့ ချီတက်လာကြရာ ကျွန်ုပ်တို့တပ်နှင့် ဆိုင်ပြိုင်မိကြသည်၊ ကျွန်ုပ်သည် စူလေမန်မင်း၏ တပ်မှူးဖြစ်သော ဒင်မာရက်ဆိုသူနှင့် ဆိုင်ပြိုင်ကြရာ ထိုဒင်မာရက်သည် တောင်ကြီးကဲ့သို့ မီးခိုးမီးလျှံတို့ဖြင့် ကြိမ်းဝါးပြီးလျှင် လာလေ၏၊ ၎င်းပြင် ငှက်တိရစ္ဆာန် အပေါင်းတို့ကလည်း ကောင်းကင်ပြည့်မျှ ပျံသန်းလာလျက် ထိုးကာဆိတ်ကာ ပြုလုပ်ကြသည်၊ အခြေလေးချောင်းရှိသော တိရစ္ဆာန်တို့ကလည်း မြေပြင်ပြည့်မျှ ဝိုင်းဝန်းပြီး သတ်ပုတ် ကိုက်ခဲခြင်းပြုကြလေ၏၊ ကျွန်ုပ်မှာမူကား ဒက်မာရက်နှင့် ဆိုင်ပြိုင်ကြရာ အရေးနိမ့်သဖြင့် ဆုတ်ခွာထွက်ပြေးရသည်၊ လိုက်လံဖမ်းဆီးရာ သုံးလခန့်ကြာမှ ကျွန်ုပ်ကိုမိလေသဖြင့် စူလေမန်မင်းကြီးထံ ခေါ်ခဲ့၍ ဆက်သသည်၊ ထိုအခါ စူလေမန်မင်းကြီးသည် ကျောက်တိုင်၏ အတွင်းသို့ သွင်းပြီး ကျဉ်းကျပ်သော ဤပြစ်ဒဏ်ကို ထားပါသည်ဟု ပြောလေ၏။

ဤကဲ့သို့ အကြောင်းအစုံကို ကြားသိရသော အင်မီယာမူစာသည် အထူးသဖြင့် အံ့ဩခြင်းဖြစ်လေ၏၊ အမတ်ကြီး အဘက်အက်စမက်လည်း အသင်နတ်ဘီလူးကြီး၊ သင်သည် ငါတို့အလိုရှိသော အကြောင်းကို ပြောကြားနိုင်ပါမည်လောဟု မေးမြန်းသည်၊ အဘယ်ကြောင့်နည်းဟုဆိုလျှင် စူလေမန်မင်းကြီးသည် ဘီလူးများအား ကြေးဝါဘူးအတွင်းသို့ သွတ်သွင်း၍

အပြစ်ဒဏ်ပေးသည်၊ ထိုဘုးတို့ မည်သည့်အရပ်မှာ ရှိသနည်းဟု မေးမြန်းသည်၊ ထိုဘုးကား ကာကာအမည်ရှိသော ပင်လယ်၏ အတွင်း၌ရှိပါသည်၊ သို့သော်လည်း လူသတ္တဝါတို့ ထိုအရပ်သို့ မရောက်နိုင်ပါဟု ပြောလေ၏။

ထိုအခါ အမတ်ကြီးလည်း ၎င်းလမ်းခရီးသည် ကြေးဝါမြို့ကို သွားသော လမ်းခရီး မဟုတ်ပါလော၊ ထိုကြေးဝါမြို့၌ ၎င်းဘုးတို့မရှိပါလော၊ မည်မျှဝေးကွာသေးသနည်းဟု မေးပြန်သည်၊ ခရီးအနီးပင် ရှိပါတော့သည်ဟု ပြောသဖြင့် ထိုအရပ်မှ ထွက်လာကြသည်၊ မည်းမှောင်သော အရာတစ်ခုကို လည်းကောင်း၊ မီးပုံကြီးနှစ်ခုနှင့် သဏ္ဍာန်တူသော ဝတ္ထုကို လည်းကောင်း မလှမ်းမကမ်းမှ အထူးရှုမြင်ရသောအခါ အင်မီယာမူစာသည် အမတ်ကြီးအား မည်သည့် အရာနည်းဟုမေးသည်၊ အခြားမဟုတ် ကျောက်မြို့ရိုးကြီးနှင့် ကြေးဝါမျှော်စင်ကြီး ဖြစ်ပါသည်၊ ယခုမြင်ရသော ထိုအရပ်သည် ကြေးဝါမြို့ပင်တည်းဟု ပြောဆိုသည်၊ ထိုအခါ အစဉ်သဖြင့် သွားကြလေသော် ၎င်းကြေးဝါမြို့သို့ ရောက်ကြလေ၏၊ မြို့၏ ကျောက်တံတိုင်း သည်ကား အတောင်ရှစ်ဆယ်မြင့်လေ၏၊ တံခါးပေါင်း ငါးရာ့နှစ်ဆယ်ရှိ၏၊ ထိုတံခါးတို့ သည်လည်း အတတ်ပညာ၊ ဆေးဝါးမန္တရားတို့နှင့် ပြုလုပ်မှသာလျှင် ပွင့်၏၊ ထိုတံခါးအပေါင်း တို့ကိုလည်း ကောင်းမွန်ခိုင်ခံ့ ကြီးကျယ်လှပစွာ ပြုလုပ်၍ထားသဖြင့် အင်မီယာမူစာသည် ဤကဲ့သို့သော တံခါးတို့ကို မည်သည့်မြို့ရွာတိုင်းပြည်တွင်မှ မမြင်မတွေ့ဖူးသဖြင့် ၎င်းမြို့၏ အတွင်းသို့ ဝင်နိုင်ရန် အကြောင်းကို အမတ်ကြီးအား မေးသည်။

အမတ်ကြီးက ၎င်းတံခါးတို့ကို အတွင်းကဖွင့်မှသာလျှင် ပွင့်နိုင်ပါသည်ဟု ပြော၏၊ ထိုအခါ အင်မီယာမူစာသည် တပည့်ဖြစ်သော လုလင်တစ်ယောက်အား ကုလားအုတ်ပေါ်သို့ တက်စီးစေပြီးသော် ဤကြေးဝါမြို့ကိုဝင်ရာ လွယ်လင့်သော တံခါးကိုလည်းကောင်း၊ မြို့ရိုး နိမ့်ရှိုင်းသော နေရာကို လည်းကောင်း၊ လှည့်ပတ်၍ ကြည့်ရှုစေရန် စေခိုင်းသောကြောင့် လုလင်သည် ကုလားအုတ်ပေါ်သို့ တက်စီးပြီး သုံးရက်နှင့် နှစ်ညဥ့်ပတ်လုံး မြို့ကို လှည့်ပတ် ကြည့်ရှုခဲ့ပြီးမှ ပြန်လာပြီးလျှင် အင်မီယာမူစာအား ယခုစခန်းချသော နေရာထက် လွယ်လင့်သော နေရာမရှိပါဟု ပြောလေ၏၊ ထိုအခါ အင်မီယာမူစာသည် တာလစ် အမတ်ကြီးနှင့် အဘက်အက်စမက် အမတ်ကြီး နှစ်ယောက်တို့ကို ခေါ်ပြီးသော် မြို့၏ အတွင်းသို့ မြင်လောက်ရာအရပ် ရောက်အောင် တောင်ပေါ်သို့ တက်ကြလေ၏၊ တောင်ပေါ်သို့ ရောက်သောကာလ မြို့ကိုကြည့်ရှုရာ မြင့်သောပြာသာဒ်တို့သည်လည်း ထိန်ထိန်ညီးမျှ

တောက်ပလျက် စိမ်းစိမ်းစိုစို နုပျိုသောပင် စည်ပင်ပျိုတို့နှင့် ဥယျာဉ်ကြီး ဥယျာဉ်ငယ်တို့၌ ရှိသော အစုံစုံသော ပန်းသစ်ပင်များတို့သည်လည်း ငုံလျက် တချို့ဖူးလျက် တချို့ပွင့်လျက် တချို့ ကြိုင်လှိုင်သော ရနံ့သည် တပျံ့ပျံ့ထုံသင်းလျက် ကျေးငှက်သာရကာတို့မှာ လူးလာ ပျံသန်းလျက် ရှိနေကြသည်၊ မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့မှာလည်း အေးမြ ကြည်လင်သော ရေတို့ စီးဆင်းလျက်၊ သာယာတင့်တယ်သော လမ်းကြီးလမ်းငယ်တို့ကို လည်းကောင်း မြင်ရလေ၏။

ထိုအခါ အင်မီယာမူစာသည် မြို့၏သာယာခြင်းကို ကြည့်ရှုပြီးလျှင် စိတ်၌ ကြည်နူး ရွှင်ပြုံးနလုံး အေးမြလျက် အလွန်လွမ်းဆွတ်ခြင်း ဖြစ်လေသတည်း။

ထိုနောက်တစ်ဖန် ၎င်းတောင်ထက်တွင် ကျောက်ဖျာကြီးခုနစ်ချပ်၌ ကမ္ပည်းအက္ခရာ စာလုံးတို့ဖြင့် ရေးသားလျက်ရှိသည်ကို မြင်ပြန်သောကြောင့် အနီးသို့ချဉ်းကပ်ပြီးလျှင် အဘက်အက်စမက် အမတ်ကြီးအား ဖတ်စေ၏၊ ထိုသို့ ရေးသားထားသောစာကား ကမ္ဘာပေါ်၌ ရှိနေသော စကြဝဠာတေးမန္တာတ်မင်းမှသော် လည်းကောင်း၊ ထို့ပြင် တိုင်းနိုင်ငံတို့ကို စိုးစံ အုပ်ချုပ်သော မင်းတို့သည် လည်းကောင်း၊ ကုန်သည် သူဌေးသူကြွယ်တို့သည် လည်းကောင်း၊ ရဟန်းပုဏ္ဏားဆင်းရဲသားတို့ သည်လည်းကောင်း၊ မည်သူမဆို သခ်ါရသာ ဖြစ်ကြသဖြင့် တစ်ရက်ထက်တစ်ရက် ကြီးပြင်းကြပြီးသော် သေဆုံးသောအခါဝယ် ပုပ်ရိပြီးလျှင် ခွေးငှက် လင်းတတို့၏အစာသာ ဖြစ်ကြရမည်တည်းဟူ၍ ရေးသားထားလေသည်။

အင်မီယာမူစာသည် ၎င်းစာတို့ကို ဖတ်ရှုရလျှင်ပင် မျက်ရည်တို့ အသွယ်သွယ် စီးကျလျက် ကမ္ဘာပေါ်၌ ဖြစ်ပျက်ကြသမျှသော အကြောင်းတို့သည် ထူးဆန်းလေစွဟုပြောပြီးမှ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထကျောက်ဖျာတို့၌ရှိသော စာတို့ကို ကူးယူခဲ့ပြီးလျှင် ၎င်းမြို့၏ အခြေအနေကိုလည်း မှတ်သားကြည့်ရှုပြီးသော် တောင်ပေါ်မှ ဆင်းခဲ့လေ၏၊ အင်မီယာမူစာ သည် စခန်းချရာအရပ်သို့ ဆင်းသက်ခဲ့ပြီးသော် ထိုကြေးဝါမြို့၏ ထူးဆန်းအံ့သြဖွယ် ကောင်းခြင်းကို ရှုပြီးမှ မည်သို့သောနည်းဖြင့် ကြံစည်ဝင်ရောက်ကြမည်နည်းဟု တာလစ် အမတ်ကြီးအား မေးလေ၏။

တာလစ်အမတ်ကြီးလည်း လက်သမား၊ ပန်းပဲတို့ကိုခေါ်ငင်၍ ကောင်းမွန်ခိုင်ခံ့သော လှေကားများကို စီမံပြုလုပ်စေပြီးလျှင် မြို့ရိုးတံတိုင်းကိုထောင်၍ တက်ရသော် ကောင်းပါ၏ဟု တင်လျှောက်သည်၊ လက်သမား ပန်းပဲသမားတို့ကို ခေါ်ငင်၍ လုပ်စေသောကာလ

တစ်လခန့်ကြာရှိမှ ပြီးစီးလေ၏၊ ထိုသို့ပြီးစီးသောအခါ အမတ်ကြီးသည်လည်း မည်သူသည် ဤလှေကားမှ တက်ပြီးသော် မြို့၏ အတွင်းသို့ဆင်း၍ တံခါးတို့ကို ဖွင့်စွမ်းနိုင်ကြမည်နည်းဟု စစ်သည်တော်တို့အား မေးလျှင် စစ်သည်တော် တစ်ယောက်က ကျွန်တော်မျိုးတက်ဝံ့ပါ၏၊ ကျွန်တော်မျိုး တက်ပါမည်ဟု လျှောက်ထားသောကြောင့် အင်မီယာမူစာဘုရင်အား လျှောက်တင်ပြီး တက်စေ၏။

ထိုစစ်သည်တော်သည် လှေကားဖြင့်တက်လေသော် မြို့ရိုးပေါ်သို့ ရောက်လျှင်ပင် လက်ပန်းပေါက်ခတ်တီး၍ အတွင်းသို့ကြည့်ရှုပြီး သင်တို့သည် အလွန်လှပတင့်တယ် ကျက်သရေ ရှိပေ၏ဟု အော်ဟစ်ပြီးမှ မြို့၏ အတွင်းသို့ ခုန်ဆင်းလေ၏၊ ထိုအခါ အင်မီယာမူစာလည်း ထိုမြို့ကို ပြုစုစီမံ တည်ထောင်ခဲ့သောသူသည် ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံလှသောသူပင်တည်း၊ အကယ် နောက်ထပ်မံတက်ပြန်စေသော်လည်း ရှိသမျှသော စစ်သည်တော်တို့ ကုန်လျှင်သာ ကုန်ချေမည်၊ မည်သူတစ်ဦးတစ်ယောက်မျှ တက်စွမ်းနိုင်မည် မဟုတ်ဟု ပြောဆိုသည်၊ ထိုအခါ တစ်ယောက်သောသူက ကျွန်တော်မျိုးသည် ပထမလူနှင့် မတူ၊ ကြောက်ရွံ့ခန့်ညားခြင်း မရှိပါ၊ တက်ပါရစေဟု တင်လျှောက်သဖြင့် တက်စေ၏၊ တစ်ဖန်တတိယ၊ စတုတ္ထ၊ ပဉ္စမမှစ၍ ကောဒသမ၊ ဒွါဒသမတိုင် တစ်ကျိပ်နှစ်ယောက်သော သူတို့သည် ပထမလူကဲ့သို့ ခုန်ဆင်းကြလေသဖြင့် အဘက်အက်စမက် အမည်ရှိသော အမတ်ကြီးသည် ကျွန်တော်မှတစ်ပါး သိကျွမ်းနားလည်၍ တက်ရောက်ကြည့်ရှုဝံ့မည့်သူ မရှိပါ၊ ကျွန်တော်မျိုးပင် တက်ပါအံ့ဟု တင်လျှောက်သည်။

အင်မီယာမူစာသည် အထက်ကလူများကဲ့သို့ ဖြစ်မည်စိုး၍ မတက်စေလိုသဖြင့် တားမြစ်သော်လည်း အမတ်ကြီးက ဘုရား၊ တရား၊ သံဃာကို အောက်မေ့၍ ရဲဝံ့စွာတက်လျှင် မတော်မသင့်သည်ကို ဖြစ်ဖွယ်မရှိပါဟု တင်လျှောက်သည်၊ အများသောသူတို့သည် အမတ်ကြီး၏ တက်ရောက်ကြည့်ရှုခြင်းကို သဘောတူကြလေ၏၊ အဘက်အက်စမက် အမတ်ကြီးလည်း ရဲရင့်ခိုင်ခံ့ တည်ကြည်စွာသော စိတ်ကိုထား၍ ဘုရား၊ တရား၊ သံဃာကို အောက်မေ့ကြည်ညိုပြီးလျှင် ဂါထာမန္တန်တို့ကို ရွတ်အံ သရဇ္ဈာယ်လျက်တက်လေ၏၊ မြို့ရိုးပေါ်သို့ ရောက်သော် လက်ခုပ်လက်ဝါးတီးလေလျှင် အောက်၌ ရှိရစ်ကြသောသူ အပေါင်းတို့က အို အမတ်ကြီး၊ သတိကို မြဲမြံစွာထားပါလော၊ မြို့၏အတွင်းသို့ ခုန်၍ မဆင်းပါလင့်ဟု ကြွေးကြော် ပြောဆိုကြသည်။

အမတ်ကြီးလည်း ဂါထာမန္တန်တို့ကိုသာလျှင် ရွတ်အံ သရဇ္ဈာယ်ပြီးနောက် အင်မီယာမူစာအား ဘုရား၊ တရား၊ သံဃာ၏ ဂုဏ်ကျေးဇူးတော်ကြောင့် ဘေးရန်မရှိပြီဟု ပြောကြားလေ၏၊ အင်မီယာမူစာသည် အမတ်ကြီးအား မြို့တွင်း၌ မည်သို့သော ထူးဆန်းခြင်းကို မြင်ရသနည်းဟု မေးတော်မူလေလျှင် အမတ်ကြီးက ကျွန်တော်မျိုး မြို့ရိုးပေါ်သို့ရောက်လျှင် လပြည့်ဝန်းကဲ့သို့ ပြည့်ဖြိုးလှပတင့်တယ် ချစ်ခင်ဖွယ် ကောင်းလှသော မိန်းမငယ် ဆယ်ယောက်တို့က လက်ပြ၍ ခေါ်ငင်ကြပါသည်၊ ကျွန်တော်မျိုး၏ အောက်တည့်တည့်၌ ကြီးစွာသော မြစ်လည်းရှိပါ၏၊ ထိုမြစ်ကြီးအတွင်း ရေ့လူများကဲ့သို့ ခုန်ဆင်းလိုပြားသော်လည်း သတိကို မြဲမြံအောင်ချုပ်တည်း၍ ဂါထာမန္တန်တို့ကို ရွတ်အံမှ မိန်းမငယ်တို့ ပျောက်သွားကြပါသည်ဟု အင်မီယာမူစာအား လျှောက်တင်ပြီးလျှင် အခြင်းအရာတို့ကို သိရအောင် အဘက်အက်စမက်ကြီးလည်း မြို့တွင်းသို့ ဆင်းရာ ပထမတစ်ကျိပ် နှစ်ယောက်သော စစ်သည်တော်တို့ သေဆုံးနေသော ရုပ်အလောင်းတို့ကို တွေ့လေ၏။

တစ်ဖန် ဆက်၍သွားပြန်သော် ကြေးဝါမျှော်စင်ကြီးနှစ်ခုကို တွေ့သည်၊ ထိုမျှော်စင်၏ တံခါးနှစ်ခုမှာလည်း ရွှေဖြင့်လုပ်လျက် ဖွင့်ရန်သော့နှင့် အခြားတစ်စုံတစ်ခုသော ဝတ္ထုမှုမရှိ၍ အမတ်ကြီးက ဆွဲငင်ကြည့်ရှုလိုက်သည်၊ တံခါး၏ အလယ်တွင် ကြေးဝါမြင်းရုပ်တစ်ခုအပေါ်၌ ကြေးဝါလူရုပ်စီးပြီး လက်ညှိုးညွှန်ပြလျက်ထားသော စာကိုမြင်ရသဖြင့် ဖတ်ရှုကြည့်သည်၊ စာမှာကား ဤကြေးဝါမြင်းရုပ်၏ အထက်ရှိ လူရုပ်၏ ရင်ဘတ်တွင်ရှိသော ခလုတ်ကို တစ်ဆယ့်နှစ်ပတ်လှည့်လျှင် တံခါးပွင့်လိမ့်မည်ဟူ၍ ရေးသားထားသည်ကို တွေ့ရလေ၏။

ယင်းသို့ ရေးသား၍ထားသောစာကို မြင်ရသောကာလ ခလုတ်ကိုလှည့်လိုက်ရာ တော်လျှင်လဲဘိသကဲ့သို့ ပြင်းပြသော အသံတို့ မြည်ပြီးမှ တံခါးပွင့်လေသည်၊ အမတ်ကြီးသည် အတွင်းသို့ ဝင်သွားလေ၏၊ အစဉ်သဖြင့် ကြည့်ရှု၍သွားလေသော် အခန်းတစ်ခုဝယ် သေဆုံးလျက်ရှိသော အလောင်းတို့၏ အနား၌ ဒူးလေး၊ လင်းလေး၊ မြားစသည်တို့ကို တွေ့ရ၏၊ တံခါးတို့ကိုကား ပိတ်ထားလျက်ရှိသောကြောင့် အမတ်ကြီးသည် ပိတ်ဆို့လျက်ရှိသော တံခါး၏ သော့သည်ကား သေဆုံးကြသောသူတို့၏ ကိုယ်တွင်ပင်ရှိတန်ရာ၏ဟု တွေးမိသဖြင့် တစ်ယောက်သော သူအိုကြီး၏ကိုယ်၌ ဝတ်ဆင်ထားသော စစ်ဝတ်တန်ဆာတို့ကို လှန်လှော၍ ကြည့်ရှုသည်၊ သော့ကိုရရှိသောကြောင့် တံခါးတို့ကို ဖွင့်လေလျှင် တော်လျှင်ပဲ့တင်ခတ်မျှ မြည်၍ ကြီးကျယ်ထူးဆန်းသဖြင့် အံ့ဩ၍မကုန်နိုင်သောမြို့တံခါးတို့သည် ပွင့်လေ၏။

ဤအခါမှ အင်မီယာမူစာသည် အမတ်ကြီးအား ကြည့်ရှုပြီးလျှင် တစ်ဝက်သော စစ်သည်တော်တို့ကို ထားခဲ့၍ တစ်ဝက်သာလျှင် လိုက်ပါစေပြီးသော် မြို့၏ အတွင်းသို့ ဝင်လေ၏။ အင်မီယာမူစာလည်း နောက်လိုက် နောက်ပါစစ်သည်သူရဲ တို့အား လက်နက်ကိရိယာ အစုံတို့ကို ယူဆောင်စေပြီး မြို့တွင်းသို့ဝင်လေ၏၊ တံခါးမှူး၊ တံခါးစောင့်တို့သည် ဖဲကောင်းပိုးကောင်း အထည်တို့၏ အပေါ်ဝယ် သေဆုံးနေသည်ကို တွေ့ရှိလေ၏၊ ထို့နောက် တံခါးမှသွားပြန်လတ်သော် မြို့၏အတွင်း၌ ကြီးကျယ်ကောင်းမွန်စွာ ဆောက်လုပ်ထားသော ဈေးကြီးတစ်ခုကို တွေ့လေ၏၊ ဆိုင်တို့သည်လည်းဖွင့်လျက်၊ အလေးချိန်ခွင်တို့သည် တိုးလို့တန်းလန်း ဆိုင်ရှင်တို့မှာမူ သေဆုံးပြီးလျှင် အရေတို့သည် အရိုးသို့ကပ်လျက် ခြောက်သွေ့လွန်းနေသည်ကို တွေ့မြင်ရလေ၏။

ထို့နောက်တစ်ဖန် ဈေးကဲ့သို့ပင် အဖိုးထိုက်တန်သော ဖဲထည်၊ ပိုးထည်၊ ရွှေထည် ငွေထည်တို့နှင့်အတူ ဆိုင်ရှင်တို့ သေဆုံးလျက်ရှိသော ဈေးပေါင်းလေးခုကိုလည်း တွေ့ရှိလေ၏၊ တစ်ဖန် စိန်၊ ကျောက်၊ ပတ္တမြား၊ နီလာအစရှိသော ကျောက်ကောင်း ကျောက်မျက်တို့ကို ရောင်းချသော ဆိုင်ကန္နားများ၊ ရွှေငွေတို့နှင့် အမွှေးနံ့သာ ရောင်းချသောဆိုင်များ၊ ဆီမွှေးရေမွှေး ပန်းပေါင်းကုတိုး အကျော်ကရမက်စံပယ်တို့ မွှေးကြိုင်လျက်ရှိနေပြီး ဆိုင်ရှင်တို့မှာမူ သေဆုံးနေသည်ကို တွေ့ရှိပြန်၏၊ ထိုဆိုင်တို့မှထွက်၍ သွားပြန်သော် နန်းတော်တံခါးဝသို့ ရောက်သည်၊ ဗိုလ်မှူးတပ်မှူးတို့သည် ရွှေကြိုးရွှေတန်ဆာတို့ကို ဝတ်ဆင်လျက် ဓား၊ လှံ၊ သေနတ်တို့ကို စွဲကိုင်ပြီးလျှင် ပိုးဖဲကတ္တီပါတို့ဖြင့် ပြုလုပ်သော ဖုံပေါ်ဝယ် အရေတို့ ခြောက်ကပ်လျက် သေဆုံးနေကြသည်ကို တွေ့ရပြန်လေ၏။

ထိုအခါ အင်မီယာမူစာသည် ထူးဆန်းသော အရာတို့ကို အံ့သြပြီးလျှင် နန်းတော်၏ အတွင်းသို့ သွားရောက်ကြည့်ရှုပြန်သည်၊ ရာဇပလ္လင်လေးရပ်တို့၌ ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြား အစရှိသော ရတနာကိုးပါးတို့ဖြင့် ပြုလုပ်ထားသော ရေပန်းရေကန်တို့သည် လည်းကောင်း၊ ချောင်းမြောင်းတို့၌ ကြည်လင်အေးမြသော ရေတို့သည် လည်းကောင်း စီးသွယ်လျက်ရှိရာ အင်မီယာမူစာသည် အဘက်အက်စမက် အမတ်ကြီးအား ထိုရာဇပလ္လင်လေးရပ်အတွင်းသို့ ဝင်ရောက်ကြည့်ရှုရန် တိုင်ပင်သည်၊ ပထမရာဇပလ္လင် အခန်းဆောင် အတွင်းသို့ ဝင်ရောက်ကြပြီးသောအခါ ထိုအဆောင်၏ အတွင်းဝယ် ရွှေငွေများ၊ ပတ္တမြားတုံး၊ စိန်တုံး၊ ပုလဲတုံးစသော ရတနာတို့ကို တွေ့ရှိလေ၏၊ သေတ္တာကြီး တစ်ခု၌လည်း

အဖိုးမဆုံးဖြတ်နိုင်အောင် ထိုက်တန်လှသော ဘယက်တန်ဆာဒွါဒရာတို့ကို တွေ့မြင်ပြန်လေ၏။

ဒုတိယရာဇပလ္လင် အဆောင်၌လည်း ဓား၊ လှံ၊ သေနတ်၊ စိန်တုံး၊ အမြောက်နှင့် ခဲယမ်းကိရိယာများပြင် စစ်ဝတ်တန်ဆာတို့ကို တွေ့ရှိပြန်လေ၏၊ တတိယရာဇပလ္လင် အဆောင် ၌ကား ရွှေအိုးငွေအိုးကြီးတို့ကို တွေ့မြင်ရာ ပါလာသော စစ်သည်တော်တို့ကို ယူဆောင်နိုင်သမျှ ယူဆောင်စေပြီး စတုတ္ထရာဇပလ္လင် အဆောင်၏ အတွင်းသို့ ဝင်ရောက်ပြန်သည်၊ ထိုအဆောင် တွင်း၌ အစားအစာတို့ကိုသာ တွေ့ရှိရလေ၏၊ ထိုမှတစ်ဖန် သွားပြန်သော် နန်းတော်၏အလယ် သလွန်တော်ဆောင်၌ ရွှေဖြင့်ထုလုပ်သော ရုပ်ပုံတို့တွင် ကျောက်သံပတ္တမြားတို့ဖြင့် မျက်လုံး တပ်၍ ထားလေ၏၊ သလွန်တော်၌လည်း ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ ပျော့ပျောင်းသောရွှေတို့နှင့် ရတနာကိုးပါးတည်းဟူသော စိန်၊ ကျောက်၊ နီလာ၊ သန္တာ၊ မြ၊ ပုလဲ၊ ဂေါ်မုတ်၊ ဥဿဖယား တို့ကို ခြယ်စီထားလေ၏၊ နန်းတော်အလယ်ဥယျာဉ် အတွင်း၌မူ ငွေဖြင့်ပြုလုပ်သော ငှက်ရုပ်၊ ရွှေဖြင့်ပြုလုပ်သော ငှက်ရုပ်၊ ပယင်းဖြင့်ပြုလုပ်သော ငှက်ရုပ်တို့ကို ရေပန်းရေကန်အနီးရှိ သစ်ပင်တို့တွင်ထား၍ ရေပန်း၏အနီး၌လည်း အလွန်လှပတင့်တယ်သော မိန်းမငယ်သည် ကျောက်သံပတ္တမြားတို့ဖြင့် စီခြယ်သော အဆင်တန်ဆာကို ဝတ်ဆင်ထားသည်၊ ၎င်းမိန်းမငယ် အရုပ်၏ လှပခြင်းကား ဆံတို့၏ကောင်းခြင်း၊ မျက်ခုံးတို့သည် လဆန်းသုံးရက်၌ ထွက်သော လကဲ့သို့ရှိခြင်း၊ မျက်လုံးတို့သည်လည်း ယနေ့မွေးဖွားသော သူငယ်၏ မျက်လုံးကဲ့သို့ ကြည်လင်ခြင်း၊ ပါးပြင်တို့သည်လည်း ပတ္တမြားတို့ကဲ့သို့ နီရဲခြင်း၊ သွားတို့သည်လည်း ကနကမံ ပုလဲတို့ကို စီထားဘိသကဲ့သို့ လှပညီညွတ်ခြင်း၊ လည်တိုင်သေးသွယ်ခြင်း၊ ရင်တို့မို့မောက်ခြင်း၊ ခါးတို့သေးသွယ်ခြင်း၊ တင်သားကခြေဖျားတိုင်အောင် အရိုးအဆစ်တို့ ပြေပြစ်သွယ်လျခြင်း၊ ခြေဖျားတို့သည်လည်း ဖယောင်းတိုင်ကလေးများကဲ့သို့ တညီတညွတ်တည်း ပျော့ပျောင်းခြင်း၊ အသားတို့သည် နံ့နွင်းတက်များကို ချိုး၍ ထားဘိသကဲ့သို့ ဝါဝင်းခြင်းနှင့် ပြည့်စုံသည့် မိန်းမငယ်အရုပ်သည် ရပ်လျက်ရှိသည်ကို မြင်ရသည်။

အင်မီယာမူစာသည် မိန်းမငယ်အရုပ်၏ လှပတင့်တယ်ခြင်းကို ကြည့်ရှုပြီးလျှင် ၎င်းမိန်းမငယ် တစ်ယောက်သာလျှင် အသက်မသေဘဲ ကျန်ရှိသည်ဟု ထင်သဖြင့် မိန်းမ ငယ်အား မေးမြန်းသည်၊ တာလစ်အမတ်ကြီးက အင်မီယာမူစာအား ဤမိန်းမငယ်သည် အသက်ဝိညာဉ် မရှိပါဟု တင်လျှောက်ရာ အင်မီယာမူစာက ဤအတိုင်းမှန်မူ မည်သည့်

အကြောင်းကြောင့် မျက်တောင်တို့သည် ခတ်လျက် ရှိရသနည်းဟု မေးလေသည်။ အမတ်ကြီးလည်း ဆေးဝါးမန္တရားတို့ဖြင့် ပြုလုပ်ထားပါသည်ဟု တင်လျှောက်လေ၏။

ထိုမှတစ်ဖန် ရွှေပြားကြီးအပေါ်၌ ဘုရား၊ တရား၊ သံဃာနှင့်စပ်သော စာတို့ကို ရေးသားထားရာ လူမည်းတစ်ယောက်နှင့် လူဖြူတစ်ယောက်တို့သည် ဓား၊ သန်လျက်ကို ထမ်း၍ စောင့်ရှောက်လျက်ရှိသည်၊ အင်မီယာမူစာသည် ထိုစာများကို ကြည့်ရှုပြီးနောက် အလွန်ဝမ်းနည်းလျက် မျက်ရည်တို့ အသွယ်သွယ်စီးကျလေ၏၊ ထိုနောက်မှ ဤကဲ့သို့ ထူးဆန်း အံ့ဩဖွယ် ပြုလုပ်ခြင်းကို ချီးမွမ်းထောမနာပြုပြီးလျှင် ပါလာသော စစ်သည်တော်တို့အား ကျောက်ကောင်းကျောက်မျက် ရတနာရွှေငွေတို့ကို ကုလားအုတ်ဖြင့် တင်ဆောင်စေပြီး ပြန်ခဲ့ကြလေ၏၊ ဤသို့ဖြင့် ဆက်၍ လာကြလတ်သော် သမုဒ္ဒရာပင်လယ်အနီး အလွန်တရာမြင့်သော တောင်တစ်တောင် ရှိရာသို့ ရောက်ကြ၏၊ ထိုတောင်၌ များစွာသော ဂူတို့အတွင်း၌ မည်းနက်သောလူရိုင်းတို့အနက် မိန်းမကြီးတစ်ယောက်သည် သူငယ်ကို ပွေ့ပိုက်လျက် ဂူဝဝယ် ရပ်နေသည်ကို မြင်ရလေ၏၊ အင်မီယာမူစာသည် အဘက်အက်စမက် အမတ်ကြီးအား ဤသူတို့သည် မည်သည့် လူမျိုးနည်းဟု မေးတော်မူလေသော် အခြားမဟုတ်ပါ၊ ကျွန်တော်တို့သခင် အဘဒူမက်လိပ်မင်းကြီး အမည်ရှိသော ကြေးဝါဘူးရှိရာ အရပ်သည်ကား ဤအရပ်ပင်ဖြစ်၍ ၎င်းလူတို့ကို မေးမြန်းပါမည်ဟု လျှောက်တင်သောကြောင့် ထိုအရပ်၌ တပ်စခန်းချစေ၏။

များမကြာမီအတွင်း အာရေဗျစကား တတ်ကျွမ်းနားလည်၍ ထိုလူရိုင်းမျိုးတို့အပေါ်၌ အုပ်ချုပ်သူရှင်ဘုရင်သည် တောင်ပေါ်မှ ဆင်းသက်ခဲ့ပြီးသော် သစ်တပ်တဲနန်း ရှိရာသို့ လာခဲ့သည်၊ အင်မီယာမူစာက လူပင်ဖြစ်သလော၊ သို့မဟုတ် ဘီလူးပင်ဖြစ်သလောဟု မေးမြန်းရာ ငါတို့သည်ကား ဘီလူးမဟုတ်၊ လူပင်ဖြစ်သည်ဟု ပြန်ကြားပြောဆိုသည်၊ လူရိုင်းတို့၏ ရှင်ဘုရင်က ငါတို့သည် အာဒံကဆင်းသက်သော အမျိုးအနွယ်ဖြစ်၍ ယခု ဤကာကာအမည်ရှိသော သမုဒ္ဒရာပင်လယ်ကို စောင့်ရှောက်ကြည့်ရှု၍ နေရသည်ဟု ပြောလေ၏။

ထိုအခါ အင်မီယာမူစာက ကျွန်ုပ်တို့ ယခုလာရောက်ခြင်းမှာ အခြားအရေးကိစ္စကြောင့်မဟုတ်၊ အဘဒူမက်လိပ်မင်းကြီးသည် စုလေမန်ဘုရင် ရှိစဉ်အခါက ဘီလူးကြီးများအား ကြေးဝါဘူးအတွင်း သွင်းပြီး ရေမှာပစ်ချသည်၊ ထိုဘူးများကို ကြည့်ရှုတော်မူလိုသော ဆန္ဒ

ရှိခြင်းကြောင့် ယူငင်ရန်ခိုင်းစေ၍ လာရောက်ခြင်းဖြစ်သည်၊ ရှာဖွေပေးစေလိုကြောင်း ပြောဆိုသည်၊ ထိုရှင်ဘုရင်သည် ကောင်းပြီဟုဆို၍ ရေငုပ်ခြင်း၌ ကျွမ်းကျင်လှသော သူတစ်ယောက်ကို ရေတွင်ငုပ်၍ ယူစေသည်၊ ကြေးဝါဘူးတစ်ဆယ့်နှစ်လုံးကို ယူဆောင်ခဲ့ပြီးလျှင် အင်မီယာမူစာအား ပေးလေသော် အင်မီယာမူစာသည် အလွန်ဝမ်းမြောက်ခြင်းဖြစ်၍ ထိုဘုရင်အား များပြားစွာသော လက်ဆောင်ပဏ္ဏာတို့ကို ပေးလေ၏။

ထိုလူရိုင်း ရှင်ဘုရင်ကလည်း တစ်ဖန် ပင်လယ်၌ဖြစ်သော ထူးဆန်းသော အရာတို့ကို လက်ဆောင်ပြန်၍ ပေးသဖြင့် ဘူးနှင့်တကွ လက်ဆောင်တို့ကို အဘဒူမက်လိပ်မင်းကြီးကို ဆက်သရန် ယူဆောင်ခဲ့ကြပြီး နှုတ်ခွန်းဆက်သကာ ပြန်ခဲ့ကြလေသတည်း။

ဤသို့ ပြန်ခဲ့ကြပြီး ဆိုက်ရီယမြို့ အဘဒူမက်လိပ်မင်းကြီးထံ ဆိုက်ရောက်သော် အလုံးစုံ ဖြစ်ပျက်သမျှသော အကြောင်းအရာတို့နှင့်တကွ မှတ်သား၍ ယူခဲ့သော စာတို့ကို ဆက်သလျှောက်တင်လေ၏၊ ထိုအခါ အဘဒူမက်လိပ်မင်းကြီးသည် ဘူးတို့ကို တစ်ဘူးပြီး တစ်ဘူးဖွင့်လှစ်သောအခါ ဘီလူးကြီးတို့ ထွက်လာပြီးလျှင် ကြီးမား ကြောက်မက်ဖွယ်သော အသံဖြင့် ကျွန်တော်မျိုးတို့သည် နောက်နောင် ဤကဲ့သို့ မပြုဝံ့ပါပြီ၊ ကြောက်ရွံ့လှပါပြီ၊ ကြောက်ရွံ့လှပါပြီဟု ဟစ်အော်ကြွေးကြော်ကြလေ၏။

ထိုအခါ မင်းကြီးက ယူဆောင်ခဲ့ကြသော စိန်ကျောက်ရွှေငွေတို့ကို ညီမျှအောင် ခွဲဝေပေးသနားတော်မူလေ၏၊ အင်မီယာမူစာက ၎င်းရွှေငွေတို့ကို အလိုမရှိပါ၊ သားအား ကျွန်တော်မျိုး၏ အရာကိုသာ လွှဲအပ်ခန့်ထားတော်မူပါ၊ ကျွန်တော်မျိုးမှာမူ ဂျေရုဆလင်မြို့သို့ သွားပြီးလျှင် ဘုရားကို ဝတ်တက်ကြည်ညို၍ နေလိုပါသည်ဟု တင်လျှောက်လေသော် သားကို လွှဲအပ်ရန် ခွင့်ပေးတော်မူသဖြင့် အင်မီယာမူစာသည် ဂျေရုဆလင်မြို့သို့သွား၍ နေ၏၊ ၎င်းမြို့တွင်ပင် ဘဝတစ်ပါး ပြောင်းသွားလေသတည်း။

* * *

# တာဂျာမူလွတ်မင်းသားနှင့် ဒွန်နယား မင်းသမီးအကြောင်း

ရှေးသရောအခါ အစ္စပဟံ၊ နာမံမြှောက်ချီ၊ တောင်ကြီး၏ အနောက်ဘက်၊ ချင့်တွက် ခရီး၊ မဝေးမနီးသောအရပ်၌ လျှောက်ပတ်တင့်တယ် ပိတ်ကွယ်ကျုံးမြောင်း၊ တန်ဆောင်း ပြာသာဒ်၊ နဝရတ်စိန်ဖူး၊ အထူးထူးတို့ဖြင့် အံ့မူးဖွယ်ရာ၊ ဆယ်ဖြာအသံ၊ ဆိတ်မညံ့သော အယ်လ်မဒီနာ အမည်ရှိသော မြို့ကြီး၌ သင်္ဂဟတရားလေးပါး၊ မင်းကျင့်တရားဆယ်ပါးနှင့် နာယကဂုဏ်ခြောက်ပါး၊ အပရိဟာနိယတရားတို့ဖြင့် ယွင်းမမှားအောင်၊ တရားနှင့်အညီ စူလိုင်မံ အမည်ရှိသော မင်းကြီးသည် စိုးစံတော်မူလေ၏၊ ထိုမင်းကြီးသည် မြင့်မြတ်သောနလုံး၊ မင်းကောင်း မင်းမြတ်တို့ထုံးကို ပိုက်ကျုံးယူငင်၍ ဖြူစင်သော အကျင့်သီလလည်းရှိတော်မူ၏၊ သူဌေးကြီး၊ သူကြွယ်ကြီး၊ ခိုင်ပြီးပွားစဉ် ကုန်သည် ရှေးရိုး၊ လူအမျိုးမျိုးတို့ဖြင့် မိုးထိစွင့်စွင့်၊ ဘုံခုနစ်ဆင့်၊ ဘုံသုံးဆင့်၊ မြင့်မြင့်သီခေါင်၊ နန်းတောင်ပြာသာဒ်၊ အထပ်ထပ်တိုက်တာ၊ အိမ်ရာပြည့်နက်၊ ကြက်ပျံမကျစည်ပင် လှသော၊ အယ်လ်မဒီနာ၊ သညာဘဲ့ခံ၊ ပလ္လင်ရံဝယ်၊ ရန်မာန်ပယ်ရှင်း၊ တန်ခိုးလင်းသော မင်းထီးနင်နင်လည်း ဖြစ်တော်မူ၏၊ အတွင်းဝန် အပြင်ဝန်တို့အလယ် ကြီးကျယ်ခမ်းနားသော ပညာရှိမင်းတိုင်ပင် အမတ်ကြီးလည်း တစ်ယောက်ရှိ၏၊ တောင်ညာမပေါသီ ဒေဝီထွတ်ထား မိဖုရားမှာမူ တစ်ပါးမျှမရှိပေ။

ထိုအခါ တိုင်းရေးပြည်ရေး သာသနာရေးကို ဆွေးနွေးတိုင်ပင်ရာ သုခမိန်အမတ်ကို လျှောက်ပတ်စေကြောင်း ကောင်းမြတ်သော အကြံအစည်ကို တိုင်ပင်ဆွေးနွေး မေးမြန်းအံ့ သောငှာ ရှေ့တော်သို့ခေါ်၍ ဤသို့ မိန့်တော်မူ၏၊ အချင်း အမတ်ကြီး၊ သင့်အား အကျွန်ုပ် ရှေ့တော်သို့ ခေါ်သည်မှာ အခြားအကြောင့်မဟုတ်၊ တစ်စုံတစ်ခုသော အရေးကို ဆွေးနွေး တိုင်ပင်လို၍ ခေါ်သည်၊ ထိုစကားကို သုခမိန်အမတ်ကြီးကြားလျှင် ဘုန်းတော် အလွန်ကြီး မြတ်တော်မူလှသော အရှင်မင်းမြတ်၊ အကြံအစည်ကိုသာ မိန့်တော်မူပါ၊ သင့်မသင့် လျော်မလျော်ကို ပညာဖြင့်ဆင်ခြင်၍ စွမ်းအင်ရှိသမျှ အမှုထမ်းဆောင်ပါမည်ဟု ပြန်လည် လျှောက်ထား၏၊ ထိုစကားကို မင်းကြီးကြားလျှင် အို သုခမိန်အမတ်ကြီး၊ ဓမ္မသတ်၊ ရာဇသတ် ဆယ့်ရှစ်ပါးကို အပိုင်းအခြားမရှိ ငါတတ်မြောက်၏၊ တရားထီးဆောင်းမင်း အပေါင်းတို့ ဦးခေါင်းဝပ်လျှိုး ရှိခိုးခိုလှုံရာ မဟာကေရာဇ်မင်းလည်း ငါဖြစ်တော်မူ၏၊ မင်းတို့ကျင့်ရာ သင်္ဂဟလေးဖြာ ညီညာပြည့်စုံ ဂုဏ်ကျေးဇူးအလျောက် ကျောက်မနောမယ လိုတိုင်းရသကဲ့သို့

ကျီကျာဘဏ္ဍာ ရတနာရွှေငွေ ဗိုလ်ခြေဆင်မြင်း သင်းပင်းကိုယ်ရံ သုခမိန်ပေါင်းခြံရံ၍ ဘုန်းကံအရှိန် နတ်စည်းစိမ်နှင့် မခြားစံစားတော်မူရ၏၊ ယင်းသို့ ကြီးမားစည်းစိမ် ဂုဏ်သိမ် တန်ခိုး နေ့စဉ်တိုး၍ စိုးမိုးအုပ်ချုပ်နိုင်သော မင်းတကာတို့ အထွတ်အထိပ် ဖြစ်ပါသော်လည်း တစ်ခုသောအရေးမစုံသေး၍ တွေးမိတိုင်း ဝမ်းနည်းစရာ ရှိတော့သည်တကားဟု ဆို၏။

ထိုစကားကို သုခမိန်အမတ်ကြီး ကြားလျှင် တရားမင်းမြတ် လောကနတ်စွဲကပ် အာရုံ ဝမ်းနည်းစရာ ဖြစ်ပုံကို အကုန်မိန့်ကြားတော်မူပါက ဗိုလ်ခြေအားနှင့် ဆောင်သင့်သောအရာ၊ ရွှေငွေရတနာအားနှင့် ဆောင်သင့်သောအရာ၊ ပညာအားနှင့် ဆောင်သင့်သောအရများကို ချင့်ချိန်တိုင်းထွာလျက် အရာဌာနအလိုက် သင့်လျော်ရာစီမံ၍ အမြန်ဆက်သ လိုပါသည် ဘုရားဟု လျှောက်တင်လေ၏။

ထိုအခါ မင်းကြီးက အို သုခမိန်အမတ်ကြီး၊ အကျွန်ုပ်၏အလိုဆန္ဒမှာ တရားထီးဆောင်း မင်းအပေါင်းအတွက် တမွတ်ခေါင်ဖျား မင်းတရားဖြစ်သည် တစ်ကြောင်း၊ အချိန်အရွယ် တင့်တယ်ပျိုမြစ် နသစ်ကြည်လင် နတ်လုလင်ကဲ့သို့ ချစ်ခင်ဖွယ်ရှိသည်တစ်ကြောင်း၊ ဥပရာဇ် နန်းလျာ ရတနာသားသမီး ထီးမွေနန်းမွေ အခြေအတွေးကြံ ဆက်ခံမည့်သူ မရှိသေးသည် တစ်ကြောင်း၊ ရွှေဘုံကြငှန်းရဝေနန်းတွင် ရံသန်းခြွေရွေ ကိုယ်တော်တည်း စံနေသော်လည်း အခြေမလျော် ညာပျော်လက်ယာ သူဇာထုံးမှီး မဟေသီထွတ်ထား မိဖုရားရတနာ မရှိသေးသည် တစ်ကြောင်း၊ ဤအကြောင်းများကို တစ်ပြောင်းပြန်ပြန် ကြံမိတိုင်း စိုးရိမ်ပူပန်မိ လေသည်၊ သို့ဖြစ်၍ အိုသုခမိန်အမတ်ကြီး၊ ရှေးအထက်ကျော်ကာလက အကျွန်ုပ်၏ဆရာ ပရောဖက်ခေါ်ဆရာကြီးက ဟောပြောဖူးသည်မှာ သင်စူလိုင်မံမင်းကြီး၊ လောကဌ် ဘာသာ အမျိုးမျိုးရှိ၏၊ ယင်းသို့ရှိသော်လည်း သင်မင်းကြီး၏ ဘာသာသည် အထွတ်မြတ်ဆုံးဖြစ်၍ သားတော်အစဉ် မြေးတော်အဆက် မပျက်နန်းစံ၊ နိုင်ငံကြီးပွား လွန်စည်ကား၍ မင်းဖျား ဧကရာဇ် ဖြစ်တော်မူလိမ့်မည်ဟု ဟောပြော၏၊ ယင်းဆရာ ဟောပြောချက်ကို ချင့်တွက်နှိုင်းဆ ညီညွတ်မှန်ကန်သည်ဟု ဆိုရသော်လည်း လောကဓမ္မတာ ရတနာဒေဝီ မဟေသီရံ ညာစံမိဖုရား မရှိသေးသည့်အတွက် ရမ္မက်ပူဆာ ဗျာပါမောက်ကဲ သုံးဆောင်မြဲဖြစ်သော သုဓာဘောဇဉ် ချိုအချဉ်ကို မဝင်လုံးလုံး ကြိမ်မီးအုံးသို့ စိတ်နလုံး မချမ်းမသာ ရှိရလေ သည်တကားဟု မိန့်တော်မူပြန်၏။

ထိုစကားကို သုခမိန်အမတ်ကြီးကြားလျှင် စိုးရိမ်ကြောင့်ကြ သောကဗျာပါ ရမ္မက်ဖြာ၍ လွန်စွာပူပန်သော စိတ်ရှိသော်လည်း မိမိ၏စိတ်၌ မည်ကဲ့သို့ကြံရမည်ကို မဆုံးဖြတ်နိုင်အောင် ရှိသောကြောင့် မျက်နှာအောက်ချလျက် မတုန်မလှုပ် ညှိုးငယ်စွာ ခစားနေထိုင်လေ၏။

ထိုအမှုအရာကို စူလိုင်မံမင်းကြီးမြင်လျှင် အို သုခမိန်အမတ်ကြီး၊ ကျွန်ုပ်သည် လောက သမုတိနတ် မြတ်သောဧကရာဇ် နန်းစံဘုရင်တစ်ပါးဖြစ်သည်နှင့်အညီ နိုင်ငံတော်အလုံး၌ နေထိုင်ကြသော သူဋ္ဌေးသူကြွယ်ကုန်သည် လူအပေါင်းတို့၏ သမီးရတနာကို နှစ်သက်ရာ ရွေးကောက်၍ မိဖုရားကြီးမြှောက်ခဲ့လျှင် နန်းညွှာက်အညွန့်အစွန့်ပွားစည် အရှည်ဆက်လက် စိုးစံနိုင်သော သားကောင်းရတနာကို ရနိုင်ရာသောအကြောင်းရှိ၏၊ သို့ရာတွင် ရှေးရှေးသော ဘေးလောင်းတော် ဘိုးလောင်းတော် ခမည်းတော်မင်းဖျား မင်းတရားတို့သည် သူဋ္ဌေး သူကြွယ်တို့၏ သမီးများကို ညာထားလက်ယာ ပြုဖူးသောထုံး မရှိဖြစ်၏၊ သို့ဖြစ်၍ အို သုခမိန် အမတ်ကြီး၊ ဇမ္ဗူဒီပါတောင်လက်ယာတွင် မင်းတရားတို့သနင်း ဘုန်းရောင်လင်း၍ မင်းထီး နင်နင် ဖြစ်တော်မူသော အကျွန်ုပ်သည်လည်း သူဋ္ဌေးသူကြွယ်ကုန်သည်လယ်လုပ်တို့၏ သမီးများကို ညာထားလက်ယာ မပြုလိုသော စိတ်ရှိ၏၊ အကယ်၍ ရှေး ဘေးလောင်းတော် ဘိုးလောင်းတော် ခမည်းတော်ဘုရား မင်းတရားတို့ ထုံးဟောင်းကိုဖျက်၍ ၎င်းတို့၏ သမီးများကို မိဖုရားအရာတင်မြှောက်ခဲ့လျှင် ဘေးတော်ဘိုးတော် ခမည်းတော်တို့ကို ပြစ်မှား ရာလည်း ရောက်၏၊ ပြည်ထောင်ဘက်ချင်း မင်းတကာတို့၏ပြစ်တင်ကဲ့ရဲ့ခြင်းကိုလည်း ခံရရန်ရှိ၏၊ အိုသုခမိန်အမတ်ကြီး၊ ပမာကိုဆိုပြန်သည် ရှိသော် မြေသြဇာကောင်းသော မြေပင် ဖြစ်သော်လည်း မျိုးမကောင်းကို စိုက်ပျိုးက အပွင့်အသီး ရင့်သန်ခြင်းမရှိ၍ လယ်ရှင်ယောက်ျား မသုံးစားရဘိသကဲ့သို့ ထို့အတူ အမျိုးဥက္ကဋ္ဌ ထွတ်မြတ်လှသော အကျွန်ုပ်သည်လည်း သူဋ္ဌေး သူကြွယ် ကုန်သည်လယ်လုပ်တို့ သမီးများကို မိဖုရားအရာထား၍ နန်းလျာသားတော်ကို ရနိုင်သော်လည်း မသန့်စင်သော အမျိုးအနွယ်ဖြစ်၍ ထီးမွေနန်းမွေကို အရှည်ဆက်လက် စိုးစံနိုင်ခဲလိမ့်မည် ဖြစ်သောကြောင့် မြင့်မြတ်သော အမျိုးအနွယ် တင့်တယ်ရူပ သူဇာသက်နှင်း ခြောက်ပြစ်ကင်း၍ ရုပ်ဆင်းလှထူး မြင်ရုံနှင့်မူးလောက်သော မိန်းမရတနာကိုသာ တောင်ညာ ထား၍ စံစားတော်မူလိုသည်။

ထိုစကားကို သုခမိန်အမတ်ကြီးကြားလျှင် ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော အရှင်မင်းမြတ်၊ အဖမျိုးပင် မြင့်မြတ်သော်လည်း အမိမျိုးမမြတ်က မြင့်မြတ်သော သားရတနာ

ကိုရခဲ၏၊ အမိမျိုးပင်မြင့်မြတ်၍ အဖမျိုးမမြတ်လျှင်လည်း မြင့်မြတ်စင်ကြယ်သော သားရတနာကိုရခဲ၏၊ မိဘနှစ်ပါး အမျိုးအားဖြင့် မခြားမကွာ သိက္ခာသမာဓိ တူမျှခြင်းရှိသော သားရတနာလျှင် စကြာမန္တာတ်လေးကျွန်းနတ်ကဲ့သို့ မြင့်မြတ်သော သားကောင်းရတနာကိုရနိုင်ကြောင်း ပညာရှိအများ ရေးသားဆုံးမသော ကျမ်းဂန်အရပ်ရပ်တွင် ပါရှိပါသည်ဟု လျှောက်တင်လေ၏။

ထိုအခါ မင်းကြီးက အို သုခမိန်အမတ်ကြီး၊ ကျွန်ုပ်ထင်မြင်ချက်နှင့် သင်၏ထင်မြင်ချက် ညီညွတ်ခြင်း ရှိလှပြီ၊ သို့ရာတွင် မိမျိုးဖမျိုး နှစ်ပါးစင်ကြယ်နိုင်သော မဟေသီခံ ရွေ့ရုံသခင်တောင်ညာရှင်ကို ရင်ခွင်ဒေသ ဘယ်ဌာန၌ ဘယ်ရာဇသမီး ဘယ်ထီးရှင်၏ ရင်သွေးယဉ်ကျေးသော မိန်းမကောင်း မိန်းမမြတ်များကို သတင်းစကားကြားဖူးသနည်းဟု မိန့်တော်မူလေ၏။

ထိုစကားကို အမတ်ကြီးကြားလျှင် မိုးနတ်အတူ ဘုန်းသစ်လူသည့် ဇမ္ဗူရန်ခွင်းအရှင်မင်း၊ သတင်းစကား ကြားရဖူးသည်မှာ အယ်အာဒယ်ဘီဒါ အမည်ရှိသောမြို့၌ မဆမံလူမျိုး၊ ဇာရ်ရှာအမည်ရှိသော ဘုရင်သည် ဥကင်ထီးနန်း စိုးမြန်းစံပယ်တော်မူ၏၊ ထိုမင်း၏ သမီးသည် ကောင်းခြင်းငါးဖြာ လက္ခဏာ ကြန်အင် မြင်သူမူးယိမ်း မချုပ်ထိန်းနိုင်အောင် ယစ်စေတတ်သော အဆင်းသဏ္ဍာန်လည်းရှိ၏၊ နတ်လည်းမတူ လူလည်းမမျှ ပီယဝါစာ ချိုသာစကား သွယ်လျသည့်ခါးနှင့် နွဲ့ပါးအပြင် ရှုတိုင်းယဉ်သော လက္ခဏာ ဂုဏ်ထူးလည်းရှိ၏၊ ဤသို့ မိန်းမမြတ်ဥက္ကဌ်ကျေးဇူး ဂုဏ်အထူးနှင့် ချီးကျူးမကုန်နိုင် ရှိကြောင်းများကို သတင်းစကား ကြားရဖူးပါသည်ဟု ပြန်လည်လျှောက်တင်လေ၏။

မင်းကြီးက အို သုခမိန်အမတ်ကြီး၊ အကျင့်သီလ အာစာရနှင့် သူဇာယိုးယောင်ဘုံဆောင်တိုက်ခန်း ကိုယ်ရောင်လျှမ်းသာ မာန်ကြမ်းမရှိ ဖမိဘုရင် ကြင့်နန်းဆင်၍ သန့်စင်ရပ်ဓာတ်မိန်းမမြတ်ဟု အတပ်ကျသတင်းစကား ကြားရုံမျှနှင့် ဟဒယကြည်ရွှင် ဘဝင်ချမ်းမြေ့ကြာရေတွေ့သို့ တစေ့စေ့ရှက်ကူးလျက် ရှိချေပြီ၊ သို့ဖြစ်၍ သင်အမတ်ကြီး ကိုယ်တိုင်လက်ဆောင် ပဏ္ဏာရတနာ အမျိုးမျိုးတို့ကို ယူဆောင်၍ ရှာဘုရင်မင်းမြတ်ထံ အမြန်သွားရောက် တင်လျှောက် ပြောဆိုပြီးလျှင် မိဖုရားရတနာကို နေပြည်တော်သို့ ဆောင်လာခဲ့ရမည်ဟု မိန့်ကြား၏။

ထိုစကားကို အမတ်ကြီးကြားလျှင် ကောင်းပါပြီဟုဝန်ခံ၍ ရှာဘုရင်မင်းမြတ်ထံ ဆက်သရန် သဝဏ်ရွှေလွှာ ရတနာစိန်ကျောက် ထိန်တောက်ငွါးငွါး ရထားမြင်းဆင် သစ်လွင် ထည်မျိုး ပိုးဖဲကတ္တီပါတို့ကို ယူဆောင်၍ စစ်သည်ဗိုလ်ပါ ခင်းကျင်းလျက် အယ်အာဒယ်ဘီဒါ မြို့သို့ သုခမိန်အမတ်ကြီးကိုယ်တိုင် ရှေးရှုထွက်ခွာ၍ သွားလေ၏။

သုခမိန်အမတ်ကြီးသည် အယ်လ်မဒီနာမြို့မှ စစ်သည်တပ်သားတို့နှင့် ထွက်ချီ၍ လာခဲ့ရာ အယ်အာဒယ်ဘီဒါမြို့အနီး တစ်နေ့ခရီးအကွာ သီတာကမ်းတစ်ဖက်သို့ ဆိုက်ရောက် သောအခါ အရေးအရာ လိမ္မာရဲရင့် မင်းခွင့်သိသော လုလင်တစ်ယောက်ကို ခေါ်၍ အချင်းလုလင် သွားချေ၊ ရှင်ဘုရင်မင်းမြတ်ထံသို့ ရောက်သောအခါ လက်အုပ်ချီ၍ ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အရှင်မင်းမြတ်၊ ကျန်းခန့်သာယာ မာချာတော်မူစေကြောင်း များကို အကျွန်ုပ်တို့ အယ်လ်မဒီနာ ပြည်ကြီးအရှင် ဘုရင်မင်းမြတ်က ဘုရားသခင်ထံ ဆုတောင်းဆုယူပြုပို့လျက် နေပါကြောင်း၊ အကျွန်ုပ်တို့ အရှင်မင်းမြတ်လည်း ဘုရားသခင် တန်ခိုးတော်နှင့် အရှင်မင်းကြီး မေတ္တာတော်ကြောင့် ကျန်းခန့်သာယာ အနာမရှိ ပကတိ ချမ်းသာစွာရှိပါကြောင်း၊ ကျွန်ုပ်တို့အရှင်က အရှင်မင်းမြတ်ထံ စေလွှတ်လိုက်သော သံတော် အရာရှိလည်း ယခု တစ်နေ့ ခရီးအကွာ သီတာကမ်းခြေတစ်ဖက်တွင် ဆိုက်ရောက်လျက် ရှိပါကြောင်း သာယာချေငံစွာ တင်လျှောက်ပြောဆိုချေရမည်ဟု စေလွှတ်လိုက်လေ၏။

လုလင်အမတ်ငယ်လည်း ကောင်းပါပြီဝန်ခံ၍ မြင်းကိုစီးနင်းလျှင် ရှာဘုရင်မင်းမြတ် ထံသို့လာရာ ရှာဘုရင်မင်းမြတ်လည်း မြို့၏အခင်းအကျင်း အနေအထားကို မှူးမတ်အခြွေအရံ တို့ဖြင့် လှည့်လည်ကြည့်ရှုစုံစမ်း၍ မြို့တံခါးအနီး၌ ထိုင်နေစဉ် မိမိမြို့သို့ ရှေးရှုလာသော အယ်လ်မဒီနာပြည်သား မြင်းစီးလုလင်ကိုမြင်လျှင် အမတ်တို့၊ ဤမြို့သို့ မြင်းစီးနင်း၍ ရှေးရှုလာသော လုလင်သည် ငါ၏ ကျွန်တော်မျိုးများနှင့်မတူ၊ တစ်ပြည်တစ်နိုင်ငံသား ဖြစ်ယောင်တကား၊ အကြောင်းကိစ္စကို စုံစမ်းမေးမြန်းရန် ရှေ့တော်သို့ခေါ်ဆောင်ခဲ့ရမည်ဟု မိန့်ဆို၏၊ မှူးမတ်တို့လည်း မင်းကြီး အမိန့်အရ မြင်းစီးလုလင်ကိုခေါ်ခဲ့၍ ရှေ့တော်သို့ ရောက်လေ၏၊ ထိုအခါ မင်းကြီးက အချင်းလုလင်၊ သင်သည် အသွင်ထူးခြား ငါ၏ ကျွန်တော် မျိုးများနှင့်မတူ ဝတ်စားမတူ၊ အမူကွဲပြား တစ်နိုင်ငံသား ဖြစ်ယောင်တကား၊ သင်၏နေရပ်၊ သင်၏မျိုးမည်၊ ရောက်လာသည့်ကိစ္စကို တစ်စမချန် ပြန်လှန်ပြောဆိုရမည်ဟု မိန့်ဆို၏။

ထိုစကား မြင်းစီးလုလင်ကြားလျှင် ဇမ္ဗူရန့်ခွင်း တရားမင်း၊ ရပ်ခင်းသာယာ မင်္ဂလာနှင့် ရှိန်ပြာညီးရောင် တောင်အစွပ် တံတာမှန်ခရီး မနီးမဝေး နောက်ဖေးကိုင်းကာ စည်ပင်သာသော အယ်လ်မဒီနာပြည်ကြီးရှိပါသည်၊ ထိုပြည်အရှင်ဘုရင် စူလိုင်မံကေရာဇ်၏ ခြေလျင်သား အမှုထမ်းကျွန်ုပ်ဖြစ်ပါသည်၊ တရားမင်းမြတ်၏ ကျန်းခန့်သာယာ မာချာစေကြောင်းလည်း အကျွန်ုပ်တို့ စူလိုင်မံမင်းမြတ်က ဘုရားသခင်ခံ ဆုတောင်းဆုယူပြုပို့လျက် ရှိနေပါသည်၊ ကျွန်ုပ်တို့ မင်းမြတ်လည်း အရှင်မင်းကြီး၏မေတ္တာတော်၊ ဘုရားသခင်၏ ကရုဏာတော်ကြောင့် ကျန်းမာပကတိ ချမ်းသာစွာရှိပါသည်၊ အကျွန်ုပ် ရောက်လာရသည်မှာလည်း အရှင် စူလိုင်မံ မင်းမြတ်က အရှင်မင်းမြတ်ထံသို့ စေလွှတ်လိုက်သော သံတော်အရာရှိသည် ယခုအခါ ဤနေပြည်တော်မှ တစ်နေ့ခရီးအကွာ ယမုနာကမ်းခြေတွင် ဆိုက်ရောက်လျက် ရှိကြောင်းများကို အရှင်မင်းကြီး တင်ကူးသိနှင့်တော်မူရန် ၎င်းသံတော် အရာရှိကြီးက အကျွန်ုပ်ကို အရှင်မင်းမြတ်ထံသို့ စေလွှတ်လိုက်ပါသည်၊ ကျွန်ုပ်မှာ ခြေလျင်တော်သား မြင်းစီးအမှုထမ်း ထောက်လှမ်းနိုင်းဆ သံတော်အရာရှိ ရောက်လာမည့်ကိစ္စကို ဤမျှသာသိရပါသည်ဟု လျှောက်ထားလေ၏။

ထိုစကားကို ရှာဘုရင်မင်းမြတ်ကြားလျှင် အို ခြေလျင်တော် မြင်းစီးလုလင်၊ သင်လျှောက်တင်သမျှ ကြားသိရ၍ ဟာဒယနှလုံး ရွှင်ပြုံးဆွတ်ကြည် အတိုင်းအရှည်မရှိ ဝမ်းသာလှပေပြီ၊ သို့ရာတွင် သင်၏ သံတော်အမတ်ကြီးသည် ငါ၏ထံသို့ မည်သည့် အချိန်ကာလမှ ဆိုက်ရောက်လာမည်နည်း၊ ခရီးစခန်း ထောက်လှမ်းနိုင်းဆ၍ သင်သိသမျှ ဆိုလောဟု မေးတော်မူ၏၊ ထိုအခါ မြင်းစီးခြေလျင်လုလင်က အို တရားမင်းမြတ်၊ ကျွန်ုပ်တို့ သံတော်အရာရှိကြီးသည် နက်ဖြတ် အရုဏ်တက်တွင် လက်နက်ကိုင်စစ်သည်တော် တပ်သားတို့နှင့်တကွ အရှင်မင်းတရားထံသို့ ဆိုက်ရောက်ပါလိမ့်မည်ဟု လျှောက်တင်၏၊ ထိုစကားကို ရှာဘုရင်မင်းမြတ်ကြားလျှင် လွန်စွာဝမ်းမြောက်တော်မူ၍ အို အမတ်တို့ စူလိုင်မံမင်းကြီးက ခြားသီးစေလွှတ် လိုက်သော သံတော်အရာရှိသည် နက်ဖြန်မိုးသောက် အရုဏ်တက် လောက်တွင် ဤမြို့သို့ ရောက်လိမ့်မည်၊ ယခု ယမုနာကမ်းခြေတွင်နေစို၍ စခန်းချ ရပ်နေပါကြောင်း မြင်းစီးသူရဲ လုလင်တင်ချက်အရ သေနင်္ဂဗျူဟာ ဗိုလ်ပါစစ်သည် ပတ်လည် ခြံရံ ရထားသံနှင့် မြင်းသံဆင်သံ အလံတလူလူ စိုက်ထူကာလွှား ငါးပါးတူရိယာသံသာငြိမ့်ငြိမ့်

ဘဝင်စိမ့်မျှ သိမ့်ကျက်သရေ တီးမှုတ်စေ၍ ယမုနာကမ်းခြေသို့ သင်အမတ်တို့ထွက်ပြီးလျှင် သံတော်အရာရှိများကို ခရီးဦးကြိုဆိုရမည်ဟု မိန့်တော်မူ၏။

ထိုစကားကို အမတ်တို့ကြားလျှင် ကောင်းပါပြီဟုဝန်ခံ၍ စစ်သည်ဗိုလ်ပါများစွာနှင့် အခမ်းအနားကျင်းပကာ ယမုနာကမ်းခြေသို့ ထွက်ပြီးလျှင် ခရီးဦးကြိုဆိုလျက် သံတော် အရာရှိများကို ဆောင်လာခဲ့၍ ရှာဘုရင်မင်းမြတ်ရှေ့တော်သို့ ဆိုက်ရောက်လေ၏။

ထိုအခါ မင်းကြီးနှင့် သံအမတ်ကြီးလည်း သာကြောင်းမာကြောင်း အစရှိသော အာလာပသလ္လာပ စကားပြောကြားပြီးမှ ဤသို့ မေးတော်မူ၏၊ အို သံအမတ်ကြီး၊ ငါ၏နိုင်ငံ ငါ၏ထံသို့ စူလိုင်မံမင်းကြီးက မည်သည့်အရေးကိစ္စနှင့် သင်သုမိန်အမတ်ကြီးကို စေလွှတ် လိုက်ပါသနည်း၊ ထိုစကားကို သံအမတ်ကြားလျှင် မဏိမုတ္တ စသည်ဆယ်ဖြာ ရတနာနှစ် တည်ရာဖြစ်၍ စင်စစ်ဝေါဟာ ခေါ်မည်သာသား "အယ်အာဒယ်ဘီဒ" နဂရ ပြည်မသနင်း တရားမင်း၊ ကျွန်ုပ်တို့တရားမင်းက စေလွှတ်ရင်းကိစ္စကို ကျနသေချာ ဤသဝဏ်လွှာတွင် မေတ္တာစာ ရေးသားပါရှိချက်အရ ရှုဖတ်တော်မူက အလုံးစုံသိရပါလိမ့်မည်ဟု သဝဏ် ရွှေလွှာကို မင်းကြီးလက်ရောက် ဆက်သလေ၏၊ မင်းကြီးလည်း သဝဏ်ရွှေလွှာကို သံတော်ဆင့် ရှေ့တော်ဖတ်အား မှူးမတ်တို့အလယ်၌ ဖတ်စေရာ သဝဏ်ရွှေစာ၌ ဤသို့ ပါရှိ၏။

အစ္စပဟံ နာမံမြောက်ချီး တောင်ကြီး၏ နောက်ဖေး မဝေးမကွာ အယ်မဒီနာပြည့်ရှင် ဘုရင်စူလိုင်မံမင်းကြီး ကြားသိစေအပ်ပါသည်၊ အယ်အာဒယ်ဘီဒါ ပြည်ကြီးရှင် ဘုရင်တရား မင်းမြတ်၊ အကျွန်ုပ်သည် တိုင်းကြီးပြည်ကြီး ထီးဆောင်းနန်းစံ နိုင်ငံသီးခြားရာ့တစ်ပါးကို တရားနှင့်အညီ စိုးမိုးအုပ်ချုပ်နိုင်သော ဘုန်းကံသမ္ဘာ ရှိသော်လည်း တစ်သောင်းရံရွှေ မဟေသီ တို့အတွက် တမွတ်ခေါင်းဖျား မိဖုရားရတနာ ကင်းမဲ့ကွာ၍ နောင်လာနန်းရိုး နွယ်အမျိုးပြတ် မည်ကို စိုးရိမ်ရန်ရှိချေသည်၊ သူဌေးကြီး သူကြွယ်ကြီး ထီးဆောင်းနန်းစံ နိုင်ငံရှင်တို့၏ သမီးရတနာကို ရွေးချယ်ကောက်ယူမည် ဆိုသော်လည်း မိဘနွယ်ရိုး အမျိုးမစစ်၍ ယုတ်ညံ့ခြင်းမှ ကင်းနိုင်ခဲသည်၊ မိဘမျိုးရိုးစစ်ပြန်လျှင်လည်း လစ်သောတရား သဘောထား သေးသိမ်၍ ဥပ်တိမ်သော အကျင့်ရှိတတ်ချေသည်၊ သို့ဖြစ်၍ တောင်ညာရံထား မိဖုရား ရတနာသည် လွှန်စွာရှားပါးလိမ့်မည် ဖြစ်သော်လည်း စင်စစ်မှချဘုရားသခင် စောင်မ၍ ယခုအခါ ရှာဘုရင်မင်းမြတ်၏ ရင်သွေး ယဉ်ကျေးလုပ သာကီယနွယ်ကောင်း သူဇာဆွေ

အကြောင်းကို ကောင်းစွာကြားသိရလေသည်၊ ကြားသိရသောအခါ ဤသူဇကား နွယ်လာ မြင့်မြတ် ဥက္ကဌ်အထွတ် တမွတ်ခေါင်ဖျား တရားစောင့်ရှောက် ဖောက်ပြန် တိမ်းယိမ်းခြင်းမရှိ လင်ဝတ်သိ၍ ကတိသစ္စာမကွာမြဲမြံ သည်းခံခြင်းတရား ကျေးဇူးများကြောင့် ထားတောင်ညာစံ ရေဖျန်းခံ၍ နန်းစံမဟေသီ မြှောက်ထိုက်လေသည်တကားဟု ကိုးစားယုံကြည်၍ သုခမိန် အမတ်ကို လျောက်ပတ်သော သဝဏ်ရွှေလွှာပဏ္ဏာ လက်ဆောင်တို့ဖြင့် စေလွှတ်လိုက် ပါသည်၊ ရောက်သည်ကာလ သဘောတော်မျှပါလျှင် ယုယပိုက်ထွေး ရင်သွေးကုမာရီ ဆင်း သီဂီကို သုခမိန်အမတ်နှင့်တကွ ပြည်တော်သို့ ထည့်အပ်လိုက်စေချင်ပါသည် တရားမင်းမြတ်။

ဤသို့ မှာတော်ပုံကို ဗိုလ်ပုံမှူးမတ်တို့အလယ်၌ လျှောက်ဖတ်၍ မင်းကြီးကြား သိရသောအခါ အလွန်ဝမ်းသာအားရ ရှိတော်မူ၍ အထိန်းတော်နှင့်တကွ သမီးတော်ကို ရှေ့တော်သို့ ခေါ်ပြီးလျှင် ဤသို့ဆို၏၊ အို ချစ်သမီး၊ သင်သည် ၁၅ နှစ်၊ ၁၆ နှစ် သက္ကရာဇ်တော်အဝင် ညက်စင်ပြာထွား လုပတ္တမြားမှာ အများချင့်ထောက် အချိန်အရွယ်သို့ ရောက်ပြီ၊ ချိန်ရောက်ဓမ္မတာ လူတို့ရွာမှာ မေတ္တာဖွဲ့နှောင် အိမ်ထောင်ရန်အရေးလည်း ပြေး၍ မလွတ်နိုင်အောင်ရှိချေ၏၊ သို့ဖြစ်၍ တောင်အစွ ပတံ နာမံမချို့ အယ်လ်မဒီနာမြို့၌ လူတို့ကို စိုးပိုင်သော စူလိုင်မံမင်းကြီးသည် ဘုန်းကံသမ္ဘာ တေဇာကြီးမား တရားစွဲကပ်မြတ်သော မင်းလည်း ဖြစ်လေ၏၊ သို့ဖြစ်၍ အို ချစ်သမီး၊ သင်၏ဘုန်းကံ အချိန်တန်သောကြောင့် ညာစံဧကရာဇ် မိဖုရားကြီး ဖြစ်အံ့သောငှာ ၎င်းမင်းက သဝဏ်ရွှေလွှာနှင့် ပညာရှိ သုခမိန် အမတ် ယခု ဆိုက်ရောက်လျက်ရှိသောကြောင့် ခမည်းတော်က လက်ဖွဲ့ရတနာ မြို့ရွာ ကျေးမက် လက်နက်ကိရိယာ ဗိုလ်ပါခြံရံ အတန်တန်တို့ကို ယူဆောင်၍ အစွပတံတောင်၏ နောက်ဖေး မဝေးမကွာ သာယာစည်ပင်လှသော အယ်လ်မဒီနာပြည်ကြီးသို့ သုခမိန် အမတ်နှင့်အတူ လိုက်စေချင်သည်ဟု မိန့်၏။

ထိုစကားကို သမီးတော်ကြားလျှင် နရထိပ်မှူး စောရန်ငူး လွန်ကျူးတစိပြစ်မရှိဘဲ ဖမိစကား နားထောင်ပြားက သံပြားကျောက်စောင်း ကျိုသော် ပျောင်းသည်ဟူသော စကား ကဲ့သို့ သနားမြတ်လေး ငယ်ကမွေးသည့် ကျေးဇူးအဟုန် ဆပ်မကုန်သား ရွှေဘုံအရှင် မွေးဖခင်က ကြောင်းအင်ရှေ့နောက် မြော်ချင့်ထောက်၍ ကျိုးရောက်စေကြောင်း ကောင်းစွာ မိန့်ဆိုတော်မူသော စကားကို ပယ်ရှားသွေလုန်ဝံ့မည် မဟုတ်ပါ၊ လိုက်နာဆောင်ရွက်ပါမည်ဟု လျှောက်ဆို၏၊ ထိုအခါ မင်းကြီးက ၁၅ နှစ် သက္ကရာဇ်အဝင် သွန်းရွှေစင်ကဲ့သို့ ရုပ်သွင်

ကျက်သရေ တက်ဖြိုးဝေသော အို ချစ်သမီး၊ ခြားသီးလိမ္မာ ရေးရာခွင့်သိ ကျေပွန်ခြင်း ရှိသောကြောင့် သူဇာသက်ထား ဖစကားကို ပယ်ရှားမလှန် နာခံဆောင်ရွက်မည် ဝန်ခံချက် နှင့်ပင် ဆတက်ထောင်ရာ ဝမ်းသာအားရ ရှိလှပေပြီ၊ သို့ဖြစ်၍ သမီးတော် ကြိုက်နှစ်သက်ရာ ရတနာစိန်ကျောက် အမြောက်အမြား ကျွဲနွားမြင်းဆင် တစ်နှစ်တွင် အခွန်တစ်သိန်းထွက်သော ရွာကြီးတစ်ဆယ့်ငါး များပြားသော အခြွေအရံတို့ကို ယူဆောင်၍ တောင်အစွပဟံ နိုင်ငံသာစည် "အယ်လ်မဒီနာ"ခေါ် ရွှေပြည်တော်သို့ လိုက်လေတော့ဟု မိန့်ဆို၏။

ထို့နောက် သုခမိန်အမတ်ကြီးကိုလည်း ဤသို့မှာဆို၏၊ အချင်းသုခမိန်အမတ်ကြီး၊ အကျွန်ုပ်သမီးသည် ၁၃ နှစ်သက္ကရာဇ်အရ ဤနှစ်မှစသော် ၁၅နှစ်သာရှိသေး၏၊ ရင်အုပ်မကွာ စောင့်ရှောက်လာသော သမီးဖြစ်ချေသည်၊ စင်စစ်သေချာ အရာရာကို ငယ်ရွယ်သူတို့ ဓမ္မတာအားဖြင့် မလိမ္မာသည့်အလျောက် ခွင့်ဝတ်မကျေ၍ အပြစ်ရှိမည်ကို တစ်ပြည်တစ်နိုင်ငံ ဖြစ်သောကြောင့် အလွန်စိုးရိမ်ကြောင့်ကြပါ၏၊ သင်သုခမိန်အမတ်ကြီးက ငါ၏ကိုယ်စား မိဘအလားသို့ ပိုက်ဖျားယုယ ဆုံးမသွန်သင် ပဲ့ပြင်ခြင်းကို ပြုပါလော့ဟု မိန့်ဆို၏၊ ထိုစကားကို သုခမိန်အမတ်ကြီးကြားလျှင် ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော တရားမင်းမြတ်၊ ကြောက်တတ်ဝန်ကင်းဟုဆိုအပ်သော စကားရင်းရှိသော်လည်း အခင်းတစ်စိုးတစ်စိ တစ်စုံ တစ်ရာ ရှိခဲ့ပါလျှင် ဖမိအလား ရှင်မင်းကြီးကိုယ်စားဖြင့် ကြီးမားသောအမှုကိုငယ် ငယ်သော အမှုကို ပပျောက်အောင် ကြံဆောင်ကြည့်ရှု ယုယပိုက်ဖျား သားသမီးရင်းအသွင် မှတ်ထင် အောက်မေ့ ရန်ငွေ့မရှိစေရ၊ ပြုလုပ်ဆောင်ရွက်ပါမည်ဟု လျှောက်ဆို၏၊ ထို့နောက် သမီးကို ဤသို့ မှာပြန်၏၊ ချစ်သမီး၊ လူတို့ဓမ္မတာ မလွှဲသာ၍ တစ်ရွာတစ်ပြည်သို့ ထည့်ရတော့သည်၊ ဤမင်းကား ငါ့ကျေးဇူးရှိသည်၊ ဤမင်းကား ငါ့ကြောင့် ဤအဖြစ်ကိုရသည်ဟု မထီမဲ့မြင် မပြုအပ်၊ အချစ်ကိုလည်း မယုံအပ်၊ မင်းတို့မည်သည်ကား သူ့ကျေးဇူးကို မထောက်၊ မအောက်မေ့တတ် မြန်စွာအပြစ်ပေးလွယ်၏၊ မီးသည် ကြီးသည်ငယ်သည်မရွေး ကျွမ်းအောင် လောင်တတ်သကဲ့သို့ မင်းတို့သည်လည်း ကြီးငယ်မရွေး အပြစ်ဒဏ်ကိုပေးတတ်၏၊ သို့ဖြစ်၍ အို ချစ်သမီး မင်းချစ်ကိုမပုံဘဲ ငါးစုံဝတ္တရား ယွင်းမှားလစ်လပ်မရှိစေရ၊ သတိဝီရိယပြု၍ နေထိုင်ခစားလေတော့ဟု မှာဆိုတော်မူပြီးမှ အို သုခမိန်အမတ်ကြီး၊ သင်တို့ စူလိုင်မံ မင်းကြီးကိုလည်း ကျွန်ုပ်ယုံကြည်ကိုးစား အားထားကြောင်း၊ သမီးတော်ကိုလည်း မုန်းသော ကြောင့် တစ်နိုင်ငံသို့ ထည့်လိုက်သည်မဟုတ်၊ သင်မင်းကြီးအား မေတ္တာမပျက် အန္တယ်ဆက်

လို၍သာ ထည့်လိုက်ကြောင်းများကိုလည်း ငါမှာတိုင်း သင်တို့မင်းကြီးအား ပြောဆိုပါလေဟု မိန့်ဆို၏။

ထို့နောက် ရှာဘုရင်မင်းမြတ်သည် သမီးတော်ကို ဝေါယာဉ်တော်ထက်တင်၍ သုခမိန်အမတ်ကြီးနှင့် ထည့်အပ်လိုက်ပြီးလျှင် စစ်သည်ဗိုလ်ပါ တူရိယာပဥ္စင် သံလွင်ငြိမ့်ညောင်း မင်္ဂလာအပေါင်းဖြင့် သောင်းသောင်းသဲသဲ မြေကြီးကွဲမျှ ခင်းကျင်းပြီးလျှင် ခရီးသုံးမိုင်ကွာ လိုက်ပို့တော်မူ၍ ဝမ်းမြောက်ဝမ်းသာ မာစေသော်၊ ရန်အပေါင်းကို အောင်စေသော်၊ သက်ရာကျော် ရှည်စေသော်ဖြင့် ဩဘာညောင် ရေဖျန်းဆွတ်ခြွေ၍ ဗိုလ်ခြေနှင့်တကွ နေပြည်တော်သို့ ပြန်လာလေ၏။

ထိုအခါ သုခမိန်အမတ်ကြီးနှင့် မင်းသမီးသည် ခရီးစဉ်အတိုင်း ထွက်ခွာလာရာ သေလာလျှိုရိုး နေမထိုးဘဲ အုပ်မိုးတောတောင် ရွှေဖိုးခေါင်တို့ တစ်ကောင်ပျံမြူး တစ်ကောင်ထူး၍ နေဦးခါကျော် နှစ်သစ်ပေါ်က စင်ရော်ပဲထွေး စုတစ်ဝေးလျှင် မြစ်တွေးရင့်ယူ ချိုးကကူလျက် ဖျိုင်းဖြူသောသော ကြက်တောသောင်းသောင်း ရွှေဥဒေါင်းနှင့် တပေါင်းတသင်း သံညှင်းတွန်ကျာ ကိန္နရာရလည်း ကြင်နာဆကဲ မောင်နှံကွဲသို့ ဝမ်းထဲလျလျ ဂနိုင်ဝတွင် တသပူဆာ လူဘာသာဖြင့် သာယာတွန်မြည် ရင့်ကြုံသည်ကို ရွှေပြည်တော်သူ သေလာငူမှာ ဆွေးပူတန်တန် လွမ်းပွဲခံ၍ မြိုင်ယံတစ်လျှောက် လျှိုရိုးပေါက်အောင် ဝင်ထောက်မနား စစ်သည်များတို့နှင့် ခရီးပြင်းလာခဲ့ရာ အယ်လ်မဒီနာ ရွှေမြို့တော်ကြီးအနီး သုံးရက်ခန့်မျှရှိသောအရပ်သို့ ရောက်လေ၏။

ထိုအခါ သုခမိန် အမတ်ကြီးသည် ၎င်းနေရာတွင် စခန်းချရပ်၍ အမတ်ငယ်တစ်ယောက်ကို ဤသို့ဆို၏၊ အို အမတ်၊ ငါတို့မင်းကြီးထံသို့ သွားချေ၊ ဘုန်းတော် အလွန်ကြီးတော်မူလှသော တရားမင်းမြတ်၊ ရှာဘုရင်မင်းမြတ်၏ သမီးတော်နှင့်တကွ သုခမိန်အမတ်ကြီးသည် မည်သည့်အရပ် မည်သည့်ဌာနသို့ ဆိုက်ရောက်ပြီဖြစ်ပါ၍ ကြိုကျယ်ခမ်းနားစွာ ခရီးဦးကြိုပြုရန် မှူးမတ်အရာရှိတို့အား စေလွှတ်တော်မူပါမည့်အကြောင်း လျှောက်ထား လိုက်ပါသည်ဘုရားဟု အမြန်သွားရောက် တင်လျှောက်ချေဟု စေလွှတ်လိုက်သည်။

အမတ်ငယ်လည်း သုခမိန်အမတ်ကြီး စေလွှတ်လိုက်သည့်အတိုင်း မင်းကြီးထံသွား၍ အကြောင်းအရာကို လျှောက်ထားသည်ရှိသော် မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ

နန်းတွင်းသူပြည်သူလူအလုံးတို့ကို ဆင့်ခေါ် ရွှေငွေရတနာ တန်ဆာပိုးဖဲ ဝတ်လဲတော်များကို ဆုပေးသနားတော်မူလျက် ဆိုင်ရာဆိုင်ရာ မှူးမတ်အရာရှိတို့ကို စေခန့်ပြီးလျှင် လက်ထပ်တဲနန်းတော်မင်္ဂလာကို အဆောတလျင် ဆောက်လုပ်စေပြီးမှ ခရီးလမ်းတစ်လျှောက် ရာဇမတ်ဝင်းသဲခင်း ငှက်ပျောပင် တွင်းပြင်ကာရံ အောင်လံစိုက်ထူ ပစ္စူစွင့်စွင့် မိုးနှင့်နီးနီး ပိတာန်ထီးတို့ဖြင့် အသီးသီးပြုပြင်စေလျက် ဗိုလ်ခြေစစ်သည် တပ်ခင်းကျင်း၍ မှူးမတ်အရာရှိ ပြည်သူလူအလုံးတို့ကို ခရီးဦးကြိုဆိုရန် စေလွှတ်လိုက်လေ၏။

မှူးမတ်အရာရှိ ပြည်သူလူအလုံးတို့သည်လည်း မင်းကြီးအမိန့်အရ ထွက်လာကြပြီးလျှင် ပဥ္စင်တူရိယာ သံသာတီးမှုတ် အုတ်အုတ်ကျက်ကျက် မြေကြီးအက်မျှ ရထားသံ ဆင်သံ မြင်းသံမစဲအောင် ပွဲမင်္ဂလာခင်းကျင်းပြီးလျှင် ရှာဘုရင်မင်းမြတ်၏ သမီးတော်ကို ပြည်တော်သို့ ခရီးဦးကြိုပင့်ဆောင်ယူလာရန် လက်ထပ်တဲနန်းတွင် ထားတော်မူကာ မင်းကြီးလည်း သုခမိန်အမတ်ကြီးနှင့် အကြောင်းအရာအလုံးစုံကို ဝမ်းမြောက်ဝမ်းသာ မေးမြန်း ပြောဆိုသည်၊ ခုနစ်ရက်လည်သောအခါ လက်ထပ်မင်္ဂလာ မဟာဘိသေကပွဲကို ချီးဝဲဆင်ယင်ရန် အနိုင်နိုင်ငံတို့အား သဝဏ်စာကမ်းလှမ်း ပေးပို့သည့်အတိုင်း မင်းစိုးအရာရှိ သူဌေးသူကြွယ်မကျန် အနိုင်နိုင်ငံက လာရောက်ကြကုန်၏၊ ထိုအခါ ကျွမ်းထိုးတိုင်တက် လက်ဝှေ့လက်ပန်း၊ ကြိုးတန်းလျှောက်တလီ၊ ဗုံရှည်နှင့်ဇာတ်၊ ရုပ်စုံထပ်၍၊ မလပ်နေ့ည အငြိမ့်ကတစ်ဖုံ၊ သံစုံနှင့်ဘာဂျာ၊ ဘင်ခရာတီးလုံး၊ စည်းဒုံးမနိမ့် တစ်ပြည်လုံးခြိမ့်ခြိမ့် မြေကြီးသိမ့်မျှ ကျင်းပကုန်၏၊ ပြည်သူပြည်သား ဒွန်းစဏ္ဍားယာစကာ သူနာသူအို ထိုထိုတည်ကျွေး ဝတ်စားပေး၍ ငွေကြေးအသပြာ အဝတ်တန်ဆာများကိုလည်း စွန့်ကြဲပေးကမ်း လှူဒါန်းကုန်၏။

တစ်နိုင်ငံမှရောက်လာသော မင်းစိုးအရာရှိ သူဌေးသူကြွယ်တို့အား လည်းကောင်း၊ မိမိကျွန်တော်မျိုး မင်းစိုးအရာရှိ သူဌေးသူကြွယ်တို့အား လည်းကောင်း ထိုက်လျောက်ရာ ရတနာအမျိုးမျိုး အဖိုးတန်ဝတ္ထုတို့ဖြင့် စိတ်ကိုရွှင်ပျော်စေ၏၊ ထိမ်းမြားလက်ထပ်မည့်အရာ မင်္ဂလာ အခါတော်ဆက် နက္ခတ်တာရာ အသွားအလာအချိန် ပြက္ခဒိန်ကို ရဝိန်စန္ဒ လက်ကပထနီ ရာသီအဿာ လိတ္တာစမ္မခန်း နဝင်း တြင်းအခြေ ဂြိုဟ်နေဂြိုဟ်စီး ထီးဖြူတိုင် ဆီတိုင်ယှဉ်ပြိုင်စုတ်ဓာတ် အရပ်ရပ်နှင့် မြတ်သောမင်္ဂလာ အခါတော်ကို တွက်ချက်သော အခါတော် ဆယ်ပြဟ္မဏတို့ဖြင့် လည်းကောင်း၊ မှူးမတ်အရာရှိတို့၏ သမီးကညာ မင်္ဂလာပန်းဆက်လှမ်းကပ်ဆက် ရေချမ်းရွက်၍ နှစ်သက်ဝမ်းမြောက်စွာ ဩဘာကောင်းချီးယူသော

သတို့သမီးတို့ဖြင့် လည်းကောင်း၊ သိန်းသောင်းသချ်ေ ဗိုလ်ခြေ အုတ်အုတ်သောသောရုတ်မျှ သမုဒ္ဒရာ အဏ္ဏဝါသြဃ လှိုင်းတံပိုးထသကဲ့သို့ စည်ပင်လှသော ပရိသတ်တို့ အလယ်၌ အခါတော် အချိန်ကျသောအခါ ရှာဘုရင်မင်းမြတ်၏ ရင်သွေးတော်ရတနာနှင့် စူလိုင်မံ မင်းကြီးနှစ်ပါးတို့သည် ဘမရာဘိသေ သဖန်းဘွေတွင် ရေစင်ဆွတ်ဖျန်းညာတောင်နန်းကို သိမ်းမြန်းသတ်မှတ် ရွှေလက်တော် ထပ်ပြီးလျှင် မြင့်မြတ်သော မင်္ဂလာပွဲကို ချီးဝှဲ ဆင်ယင်တော်မူလေ၏။

ထိုသို့ စူလိုင်မံမင်းကြီးက ရံရွှေတစ်သောင်း မောင်းမပေါင်းတို့ အထွတ်တမွတ်ခေါင်ဖျား မိဖုရားကြီးအရာ၌ ထားရှိတော်မူ၍ ကာလအတော်ကြာလေသော် တောင်ညာနန်းနေ မဟေသီ မိဖုရားကြီးသည် မိမိတစ်ကိုယ်တည်း ဤသို့ ညည်းညူတော်မူ၏၊ ဩော် - ယခု အကျွန်ုပ်သည် အယ်လ်မဒီနာ အလီခါဒရခေါ် နေပြည်တော်ကြီးအရှင် တန်ခိုးထင်သော စူလိုင်မံဘုရင် မင်းမြတ်၏ တောင်ညာနန်းနေ မဟေသီမိဖုရားခေါင်ကြီး အဖြစ်သို့ ရောက်ပေပြီ၊ ရှေးကဒါန သီလကုသိုလ် ပြဟ္မစိုရ်လိမ်းကျံ အကြောင်းရင်းခံသောကြောင့် နန်းစံဒေဝီ မဟေသီ မိဖုရားကြီး အဖြစ်ကို ဘုရားသခင် မစတော်မူလေသတည်း၊ အဆင်းဒေဝစ္ဆရာ နတ်သူဇာကဲ့သို့ လွန်စွာ တင့်တယ်ခြင်းလည်းရှိ၏၊ နေအာဒိစ္စ သာကီယမျိုးရိပ်ဖြူမိုး၍ တန်ခိုးမတိမ် ဂုဏ်သိမ်ပဝင်း သောင်းလုံးလင်းသော မင်းမျိုးချင်းလည်းဖြစ်ပေ၏၊ အမျိုးနွယ်လာ မကွာထပ်တူ ပဥ္စူဒေါန သော်ကမာလာ၊ ထပ်တရာနှင့် ရွှေကြာပဒုံ၊ ဝတ်မှုန်ရွှေဖီ၊ နှင်းဆီဖွံ့ဖွံ့၊ ကြိုင်သင်းပျံ့သကဲ့သို့ ရွေးသန့်စရာမရှိပါ၍ ခမည်းတော်ရှာဘုရင်မင်းမြတ်ထံ သဝဏ်စာခွေ တင်ဆက်လေ၍ ရှိသေစွာ တောင်းရမ်းပြီးလျှင် ညာတောင်နန်းအထွတ် တမွတ်ခေါင်ဖျား မိဖုရားကြီးအဖြစ်၌ တင်မြှောက်တော်မူပေသတည်တကား။

ယင်းသို့ လူတို့ဓမ္မတာ မေတ္တာဖွဲ့နှောင် ရဝေဆောင်ဝယ် ဆွေမောင်နှင့်မယ် ချစ်ကြိုး သွယ်၍ တင့်တယ်စွာ စံပျော်တော်မူရာ ယခုအခါ ကျွန်ုပ်၌ ပဋိသန္ဓေတည်နေလျက် ရှိသဖြင့် ရတနာသားကောင်း မင်းလောင်းနည်းညွှန့်ကို မီးရှုးသန့်စင် ဖွားမြင်တော်မူရပါမည့်အကြောင်း ဘုရားသခင်ထံ ဆုတောင်းရဦးမည်တကားဟု ဆို၍ ဤသို့ ဆုတောင်းလေ၏၊ အစိန္တေယျ လောကအထွတ် တမွတ်ခေါင်ဖျား ဦးထိပ်ထားသော အိုဘုရားသခင်၊ အကျွန်ုပ်၌ ယခုအခါ လူတို့ ဓမ္မတာအားဖြင့် ရတနာပဋိ သန္ဓေတည်နေကိန်းအောင်း၍ ရှိပါပြီ၊ ရာသီမာသ ကိုးလ အကျော် ဆယ်လပေါ်လျှင် ဖွားမြင်ရသည်ကား မုချအမှန်ဖြစ်ပါ၏၊ ထိုအခါ ကျန်းမာပကတိ

ဘေးမရှိဘဲ အာဒိနေမျိုး နန်းဆက်စိုးမည့် သတိုဥပရာဇ် မင်းလောင်းစစ်ကို ဦးသစ်သည့်သွင် ဇမ္ဗူရစ်ရွှေစင်ကဲ့သို့ သန့်စင်စွာ ဖွားမြင်တော်မူရန် အတိုင်းမသိသော တန်ခိုးတော်ဖြင့် စောင်မကြည့်ရှု ပေးသနားတော်မူပါလော့၊ ကျေးဇူးဂုဏနိုင်းမမျှ၍ နေ့ညကိုးစား ဦးထိပ်ထားသော အိုဘုရားသခင်၊ အစဉ်ဓမ္မတာ ရှိသည်မှာလည်း အခါကာလ အချိန်ကျလျှင် မုချမှန်စွာ ဖွားမြင်ရမည်ဖြစ်ပါ၍ သတ္တဗီသ စန်းစန္ဒနှင့် သုရိယစက်လက်စီးနက္ခတ် လျောက်ပတ်ကောင်းမွန် သရဝဏ်လည်း လွန်ခြင်းမရှိ သောရိဇိဝ့် အင်္ဂါဘောမ ဗုဒ္ဓဂြိုဟ်မင်း တြင်းနဝင်းလည်း အခင်းသိမ်မွေ့ အချိန်နာရီ ဗီဇနာမပြောင်း အခါကောင်းကိုလည်း ဖွားမြင်ရပါလို၏ အရှင်ဘုရား၊ ကျွန်ုပ်ဖွားမြင်ရသော သား၌ လက်ဖဝါးခြေဖဝါး ဂွမ်းအလားသို့ မခြားနပျောင်း လက်ချောင်းရှည်သွယ် ရင်ကျယ်ချက်နက် ကြည်သက်သောမျက်နှာ၊ ကရုဏာတရား သူ့ကိုသနား၍ စိတ်ထား မြင့်မြတ်စွဲကပ် ပြဟ္မစိုရ်ကုသိုလ်သီလ နေ့ညမမောင့် ထိန်းကျောင်းစောင့်၍ ဖြောင့်မတ်တည်ကြည် တိုင်းပြည်ထီးနန်းကို သိမ်းမြန်းအုပ်စိုးနိုင်သော ဘုန်းပညာ လက္ခဏာရှင် ဖြစ်ပါစေသောဟု ဆုတောင်းပတ္ထနာပြုရာ များစွာသော အတိတ်နိမိတ်တို့ ဖြစ်ပေါ်လာလေကုန်၏။

ထို့နောက် မိဖုရားခေါင်ကြီးသည် စုလိုင်မံမင်းကြီးအား ဤသို့ဆို၏၊ ရဝိဘာန ရာဟု အသူရိန် အရှိန်ထန်ပြင်း မိုးနှင်းတိမ်မှုန် မဖုန်မြူမှောင် လှစ်ထွန်းပြောင်၍ လရောင်သဖွယ် ရွှန်းရွှန်းကယ်သည် မဆွယ်ပြိုင်ဘက် စောဘုန်းတက်၊ နန်းထက်ရဝေ ပြတုဇွေက ရှိသေဦးတင် ဘုရားသခင်ကို ကြည်လင်မြတ်နိုး လက်စုံမိုး၍ ရှိခိုးဆုပန်လိုက်ရာ ကျွန်ုပ်၌များစွာ အတိတ်နိမိတ်ကြီးတို့ ဖြစ်ပေါ်လာကြပါကုန်၏၊ ထိုအတိတ်နိမိတ်တို့သည်ကား အသင်မင်းကြီးက အကျွန်ုပ် ခမည်းတော် ရှာဘုရင်မင်းမြတ်ထံသို့ ဝိဇယပဏ္ဍိတ သုခမိန်အမတ်ကို နဝရတ်သိဂီ ရတီစိန်ကျောက် အရည်မောက်၍ ထွန်းတောက်အလျှံ ကွန့်မြူးပုံသော အတန်တန်သော ရတနာသပြာရွှေငွေတွက်ရေမရှိ ညွှံအိပြုံးပြောင် အရောင်လက်လက် နစ်သက်ဖွယ်ရာ ကတ္တီပါပိုးဖဲ အစရှိသော ထည်မျိုးအုပ်မျိုးတို့ဖြင့် ဆက်သတော်မူပြီးလျှင် သမီးတော်ရတနာကို တောင်းခဲ့ပါသည်၊ ထိုအခါ ခမည်းတော် မင်းတရားလည်း အားရဝမ်းသာ ဖရဏာပီတိ ဂွမ်းဆီထိမျှ ရှိတော်မူသည်အတိုင်း ဝိဇယပဏ္ဍိတ သုခမိန်အမတ်ကြီးနှင့်တကွ ကျွန်ယောက်ျား၊ ကျွန်မိန်းမ၊ နွားလားဥသဘ၊ တစ်ဌာနလျှင် ငါးရာစီ ခေါ်ဘဏီတပ် ဝန်းပတ်ရံ၍ သမီးတော်ကို အယ်လ်မဒီနာ-အယ်လ်ခါဒရဘုရင်ထံသို့ ပို့အပ်တော်မူလိုက်လေသတည်း။

ထိုအခါ သင်မင်းကြီးလည်း အားရဝမ်းသာ စေတနာကူးယှက် ရှေးရေစက်ကြောင့် နှစ်သက်ကြင်နာ မေတ္တာအဟုန်ကြောင့် အယ်လ်မဒီနာ-အယ်လ်ခါဒရ မြို့တော်ရောက် သုံးမိုင်ကွာလောက်ကပင် လှမ်းထောက် ကြိုဆိုတော်မူ၍ ဆောင်လာပြီးလျှင် ဘူမိနက်သန် မြေကြန် လက္ခဏာ မင်္ဂလာရှိသောအရပ်၌ လက်ထပ် တဲနန်းတော်ကြီးကို မိုးထိပါးနီး ဆောက်လုပ်၍ တစ်ရာ့တစ်ပါးသော ထီးဆောင်မင်းတို့အလယ်၌ ကြီးကျယ်ခမ်းနားသော ဘိသေက မင်္ဂလာကို ဆင်ယင် ကျင်းပတော်မူလေသတည်း။

ထိုအခါ ပဋ္ဌင်တူရိယာ သံသာငြိမ့်ငြိမ့် ဘဝင်စိမ့်မျှ ချိုအိမ့်စောင်းညှင်း ရေကင်းတစ်ထွေနဲ့ပြွေဘင်ခရာ ပတ်သာစည်ပုတ် စည်းကိုအုပ်လျက် တီးမှုတ်ကခုန် ဇာတ်ရုပ်စုံနှင့် ဗိုလ်ပုံသိန်းသောင်း ပြည်သူပေါင်းတို့က ငါတို့မင်းကြီးနှင့် ငါတို့မိဖုရားခေါင်ကြီးနှစ်ပါးကို ဘုန်းတော်ကြီး၍ သက်တော်ရာကျော် တည်ပါစေသတည်း၊ ထီးမွေ နန်းမွေခံ၊ ဘုန်းပညာ လက္ခဏာနှင့်ပါလာသော မြတ်သောသားကောင်းရတနာကို ရပါစေသတည်း၊ ထီးဆောင်းမင်းအပေါင်းတို့ ဦးခေါင်းနိမ့်ချလျက် နှစ်စဉ်မပြတ် လက်ဆောင်တော် ပဏ္ဏာတော်များကို ဆက်သရန် ရောက်ပါစေ သတည်းဟု သီးသီးထွေထွေ သပြေစိုကိုး ရေပြည့်အိုးဖြင့် ရှိခိုးသွန်းလောင်း ဆုတောင်းပတ္ထနာ ပြုကြလေသတည်း၊ စိတြမာလာ နန္ဒာဉယျာဉ် ပန်းသစ်ပင်တို့လည်း ကြည်လင်အသင့် လက်ယာရစ်ပွင့်ပြီးလျှင် ဆင့်ဆင့်စီရရီ ဖြူနီဝါရွှေကျက်သရေစုပေါင်း ကြိုင်လှောင်းရနံ့ ထုံသင်းပျံ့လျက်ရှိကုန်၏၊ မီးဝါမီးဖြူ မီးဆူဆူလည်း စိုက်ထူညှိထွန်း ကျွန်းနန္ဒာကန် အတန်တန်တို့တွင် အလံဖြူအလံနီတို့လည်း လေချိုတိုင်းလွင့်လျက်ရှိကြသော များစွာသော အတိတ်တို့ကို အကျွန်ုပ်စိတ်၌ ရိပ်ရိပ်ရေးရေး စက်မေ့မပျော်နိုင်အောင် ပြလျက်ရှိကုန်၏၊ အို အရှင်မင်းကြီး၊ ထို့ပြင် အရှင်မင်းကြီးနှင့် အကျွန်ုပ်အတူတကွ အိပ်စက်တော်မူရာ ယူဂန်က္ကာသိန် နေမိန္ဒရ ခြံရံခ၍ မြမြစိန်းညို မြင်းမိုရ်အလုံး တောင်တော်ကုန်းကို ရွှေစက်အုံးပြုပြီးလျှင် မဏိဇောတိရသ် ထွတ်မြတ်ကြည်လင် ပတ္တမြားစင်ကို ရင်ခွင်ပိုက်မွေ့၍ ပျော်မွေ့သော ဟိမဝန္တာသို့ ထွက်ခွာလှည့်လည်လျက် တိုင်းပြည်ထီးနန်းသို့ ကြွမြန်းပြန်လာခဲ့သည်ဟု သုပိနအိပ်မက်ကိုလည်း ပြက်ပြက်ထင်ထင် မြင်မက်ကုန်၏၊ ယင်းသို့ အတိတ်နိမိတ်၊ အရိပ်ကြီးကျယ်၊ သွယ်သွယ်ဝဝ အကြောင်းကို နှိုင်းဆလျှင် ယခုအကျွန်ုပ်ဝမ်း၌ ပဋိသန္ဓေတည်နေသောသူငယ်သည် နယ်ဇမ္ဗူဒီ ဤမဟီတွင် သိင်္ဂီအရောင် ပထွန်းပြောင်သကဲ့သို့ မင်းခေါင်မင်းဖျား ကြီးမားသောဘုန်းကံ ဉာဏ်ဝီရိယနှင့် ပြည့်စုံလိမ့်မည်ဖြစ်သော်လည်း

ပဗ္ဗတတောင် သေလာမြောင်သည် ညိုမှောင်ပိုက်ဆီး ပင်ရိပ်ထီးနှင့် တောကြီးမြိုင်ကြီး ခရီးကွေ့ကောက် တောင်မြောက်ချောက်ကြား သွားလာလှည့်ပတ်လေ့ရှိသော တောကစားခြင်း ဝါသနာလည်း ပါရှိလိမ့်မည်ဟုဆိုကုန်၏၊ အို အရှင်မင်းကြီး၊ ယခုအခါ အကျွန်ုပ်သည် ဓမ္မတာသားကို ဖွားမြင်ရန် အချိန်နီးပြီဖြစ်၍ သီးသီးရံရွှေ အထွေထွေသော ဆရာဝန် အလွန်တတ်မြောက် ကျွမ်းကျင်သော တံဆိပ်တော်ရဝမ်းဆွဲသည်တို့ကို အရံသင့် စောင့်နေ ပါစေဟု ဆိုလေ၏။

မင်းကြီးလည်း အရှင်မိဖုရား၊ ကောင်းပြီဟုဆို၍ သမားတော်ဆရာဝန်များနှင့်တကွ လက်သည်တော် ဆရာဝန်မိန်းမများကဲ့သို့ သားဖွားခြင်းဒုက္ခကို မခံရဘဲ ခရေးမှသွန်းလောင်း အပ်သော ရေစင်ကဲ့သို့ သက်သာချမ်းသာ အနာမရှိ ပကတိကျန်းမာလျက် ရတနာရွှေစင်ပုလဲ ကဲ့သို့သော သားတော်မြတ်ရတနာကို မီးရှူးသန့်စင်တော်မူ၍ သားတော်ကိုပိုက်ပြီးလျှင် မင်းကြီးရှေ့၌ ထိုင်နေခစားတော်မူလေသတည်း၊ ထိုအခါ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ ရှိတော်မူ၍ ဝီဇယာအမတ်ကြီးကို ဤသို့ဆို၏၊ အို သုခမိန်အမတ်၊ နတ်လုလင်အသွင် ရွှေစင်အဆင်းရှိသော သားတော်ရတနာကို ဖွားမြင်ရရှိသည်ဖြစ်၍ အတိုင်းထက်အလွန် ဝမ်းမြောက်တော်မူပါ၏၊ သို့ဖြစ်၍ သားတော်၏ လက္ခဏာကိုဖတ်ရန် လက္ခဏာဖတ် ပုရောဟိတ် အမတ်တို့ကို ရှေ့တော်သို့သွင်းရမည်ဟု မိန့်တော်မူလေ၏၊ အမတ်ကြီးက ပုရောဟိတ် အမတ်တို့ကို ရှေ့တော်သို့ သွင်းလေ၏။

ထိုအခါ မင်းကြီးက ဗာဟီလက်သုံး ထုံးပူဇော်ခြင်း ကျော်ဝုန်ပြင်းလျက် သိတင်းဗေဒင် သိမြင်လိမ္မာ မျိုးသန့်စွာသည့် ဆရာမဏ္ဍိတ်ပုရောဟိတ်တို့၊ ဖြူရိပ်မိုးဖြန့်၊ ရဝေခန့်တွင်မျှော်မြင် သားရွှေစင်၏ ရုပ်သွင်ရူပ သူ့မူလကို ကျနစွာ ကြည့်ရှုစုံစမ်းပြီးလျှင် ဘုန်းတန်းလက္ခဏာ ပါမပါကို မှတ်သားရာဖြစ်အောင် ဖတ်လျှောက်ရမည်ဟုဆိုလေ၏။

ထိုစကားကို ပုဏ္ဏားတို့ကြားလျှင် မင်းသားလက္ခဏာကိုကြည့်ရှု၍ မိမိတို့ သင်ကြား ကျက်မှတ်ထားသော ဗေဒင်ပညာဖြင့် ကောင်းမွန်စွာတွက်ချက်ပြီးလျှင် ဗေဒင်ကျမ်းစကားအရ သိမြင်၍ ဤသို့လျှောက်ထားကြကုန်၏၊ ဘုန်းတော်အလွန်ကြီးတော်မူသော တရားမင်းမြတ်၊ နတ်လုလင်ပမာ သားတော်ရတနာ၌ ငါးဖြာရှည်ခြင်း၊ တိုခြင်းလေးဖြာ၊ ခုနစ်ဖြာနီခြင်း၊ မြောက်ခြင်းခြောက်ပါး၊ ပြေပြစ်ခြင်းပါးပါး၊ နက်ခြင်းနှစ်ပါး၊ ထူးခြင်းသုံးပါး၊ ယောက်ျားဇာနည်၊ စုံညီပြည့်ဖြိုးသည်ဖြစ်၍ တစ်ကမ္ဘာလုံးကို လွှမ်းမိုးပြီးလျှင် စီရင်အုပ်စိုး ဘုန်းတန်ခိုးတေဇိန်

နေရဝိန်ကဲ့သို့ အရှိန်တန်ဆောင် ညီထွန်းထောင်လျက် အခေါင်စိုးချုပ်တော်မူနိုင်သော ဧကရာဇ် မင်းတို့၏ ဘုန်းလက္ခဏာတော် ပါလာပါသည်၊ သို့ရာတွင် အရှင်မင်းကြီး၏ သားတော်သည် တစ်တောင်ကျော်တစ်တောင်ဆင်း ပင်မင်းပိတောက်၊ ကြက်မောက်မိုးစွေ၊ သင်းခွေနော်ဇာ၊ ဇီဇဝါနှင့် မာလာရင့်နော စုံမြိုင်တောသို့ စိတ်ဖောပါပါ လှည့်လည်လိုသော ဝါသနာသည် သမ္ဘာနှင့်တကွ ရှိပါလိမ့်မည်ဟု လျှောက်ဆိုကုန်၏။

ထိုစကားကို မင်းကြီးနှင့် မိဖုရားတို့ ကြားတော်မူလျှင် လွန်စွာအားရ ဝမ်းသာရှိတော်မူကြ၍ ပုရောဟိတ် ပြာဟ္မဏတို့အား ရွာစားမြို့စား ဆုလာဘ်ပဏ္ဏာရတနာတို့ကို ထပ်မံပေးသနားတော်မူ၏၊ အရွယ်သို့ ရောက်သောအခါ သားတော်ကို အတတ်ပညာသင်ရန် နန်းတော်အတွင်းဆရာများကို ခန့်ထားတော်မူ၏၊ ပုရောဟိတ်တို့ လျှောက်ချက်အရ ဘိုးတော်ဘေးတော်တို့ အမည်နာမကိုမစွဲဘဲ "တာဂျာမူလွတ်မင်းသား"ဟူသော အမည်နာမကို မှည့်၍ ဥပရာဇာ အိမ်ရှေ့မင်းတို့ အစီးအနင်း အဆောင်အရွက်နှင့်တကွ အိမ်ရှေ့အရာကို ပေးအပ်တော်မူ၏၊ အထိန်းတော် အချီတော်တို့ကိုလည်း ရွေးကောက်ခန့်ထားတော်မူ၏၊ မင်းသားလည်း ထီးရိပ်နန်းရိပ်တွင် အထိန်းတော် အချီတော်တို့ ဖြေဖျော်ယုယခယရှိခိုး မြတ်နိုးတနာ မိမိစိတ်ရှိရာကို လိုက်နာဆောင်ရွက်၍ ချမ်းသာစွာကြီးမြောက် အရွယ်သို့ ရောက်သဖြင့် အတတ်ပညာ အဋ္ဌာရသများကို နေပြည်တော်နန်းတော်အတွင်း ဆရာများထံ သင်ကြားတတ်မြောက်သော်လည်း အားရရောင့်ရဲ တင်းတိမ်ခြင်း မရှိသောကြောင့် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာ ထံသို့ သွားရောက်သင်ကြားလေ၏။

ဒိသာပါမောက္ခဆရာထံ၌ ခုနစ်နှစ်တိုင် သင်ကြားလျှင် အတတ်ကြီးအတတ်ငယ် အသွယ်သွယ်သော ပညာရပ်တို့ကို တစ်ဖက်ကမ်းခတ်တတ်မြောက်၍ နေပြည်တော်သို့ ချမ်းသာစွာ ပြန်ရောက်လာသဖြင့် မိဘဆွေမျိုး မင်းစိုးအရာရှိ ပြည်သူ ပြည်သားအပေါင်းတို့ပင် ငါတို့ အရှင့်သားတော်ကား ဘုန်းတော်ကြီး၍ သက်တော်ရှည်စေသော စသည်တို့ဖြင့် ဝမ်းမြောက်ဝမ်းသာ ဆုတောင်းပတ္ထနာပြုကြကုန်၏။

ထိုအခါ နေပြည်တော်သို့ ပြန်လည် ဆိုက်ရောက်လာသော တာဂျာမူလွတ်မင်းသားသည် ခမည်းတော်၊ မယ်တော်တို့နှင့် အာလာပသလ္လာပစကားပြောကြား၍ တစ်ရက်နှစ်ရက်ခန့် စံနေပြီးလျှင် ခမည်းတော်ထံသွား၍ တောကစား ထွက်ပါရမည် အကြောင်းကို ခွင့်တောင်း၏၊ ခမည်းတော်လည်း တောကစားသွားမည့် အရေးကို အလိုမတူ၍ ငြင်းပယ်

လေ၏၊ မင်းသားလည်း အကြိမ်ကြိမ်ခွင့်တောင်းရာ မရသောကြောင့် မင်းချင်းယောက်ျားတို့ကို ခေါ်ပြီး ထွက်လာရာ ဟိမဝန္တာနယ်စပ်သို့ ရောက်၍ သစ်ခက်တဲဆောက်လုပ် စံနေတော်မူ၏။

မင်းသားလည်း နံနက်အရုဏ်တက်သောအခါ လေးလက်နက်စွဲကိုင်လျက် တောကို လှည့်လည်၍ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်ဆတ်တို့ကို ပစ်ခတ်ဖမ်းဆီး၏၊ ရရှိသော သားကောင် တို့၏ ကောင်းမွန်သော အသားကိုရွေးချယ်၍ ခမည်းတော်မင်းကြီးထံသို့ မင်းချင်းယောက်ျား တို့ကို ပို့ဆောင်ဆက်စေရန် စေလွှတ်လေ၏။

ထိုအခါ လှည်းကုန်သည်ငါးရာတို့သည် တစ်ပြည်သို့ သွားရောက်၍ ကုန်စည် ရောင်းချရန် လှည်းနှင့်တင်ဆောင် မောင်းနှင်လာရာ နံနက်စာ ချက်ပြုတ်စားသောက်လို၍ တာဂျာမူလွတ် မင်းသားစံနေသော သစ်ခက်တဲနန်း အနီးအပါး၌ စခန်းချရပ်၍ နွားများကို မြက်ရေ တိုက်ကျွေးနေကြကုန်၏၊ မင်းသားလည်း မိမိမင်းချင်း ယောက်ျားတို့ကို ဤသို့ဆို၏၊ အချင်းတို့၊ ယနေ့ညဉ့်ဦးယံအခါ၌ အာကာသ ကောင်းကင်ဝယ် ရောင်ရှင်လျှပ်လျှပ် ကြယ်နက္ခတ်တို့သည် အတိုင်းထက်အလွန် ကြည်လင်ထွန်းပကုန်၏၊ ၎င်းနက္ခတ်တို့အလယ်၌ ပုဏ္ဏသျှသဘော်ာ ကြယ်မာလိန် တိုင်အဖျားသို့ တက်လျက်နေသော စနေကြယ်လည်း အံ့ဩဖွယ်ရာ လွန်စွာထွန်းလင်း တောက်ပ၏၊ အို အချင်းတို့၊ ငါ၏ လက်ယာမျက်ခုံး ညာလက်ရုံးတို့လည်း အဆုံးမသတ် လှုပ်ကုန်၏၊ ဤသို့သောအရိပ် တိတ်နိမိတ်တို့သည် မဖြစ်ဖူးမြဲ ထူးကဲယောင်တကား၊ သို့ဖြစ်၍ အချင်းတို့၊ ယခုအခါ ငါ၏ တဲနန်းတော်အပါး၌ လှည်းသံ၊ နွားသံ၊ လူသံတို့ကိုကြားရသည်ဖြစ်၍ အကြောင်းကို သိသာရန် သွားရောက် စုံစမ်းမေးမြန်းရချေရမည်ဟု မင်းချင်း ယောက်ျားတစ်ယောက်ကို စေလွှတ်လိုက်၏။

မင်းချင်းယောက်ျားသည် မင်းသားစကားအရ လှည်းကုန်သည်တို့ထံ သွားရောက် မေးမြန်းရာ လှည်းကုန်သည်တို့က အို မောင်လုလင်၊ အကျွန်ုပ်တို့သည် ကုန်ထူးကုန်ဆန်း အခန်းခန်းတို့ကို တင်ဆောင်၍ "အယ်မီဒီနေ အယ်ခါဒရ"မြို့၌ အချို့အဝက်ကို ရောင်းချ၍ အချို့အဝက်ကို ၎င်းမင်းကြီး၏ သားတော်ကို ဆက်သဖူးမြော်မည် အကြံအစည်နှင့် မိမိတို့ နေရပ်မှ လှည်းများစွာတို့နှင့် ထွက်ခွာလာခဲ့ကြပါသည်၊ လူသူနွားတိရစ္ဆာန်တို့အား အမောအပန်း ပြေစေခြင်းငှာ အစာရေစာသုံးစားလို၍ စခန်းချ ရပ်နားနေကြပါသည်ဟု ပြောပြကုန်၏၊ ၎င်းစကားကို မင်းချင်းယောက်ျားကြားလျှင် မိမိအရှင်မင်းသားထံ သွားရောက်၍ စေ့စုံစွာ ပြန်ကြားပြောဆို၏၊ မင်းသားလည်း မိမိရှေ့တော် ရောက်လာရန် လှည်းကုန်

သည်တို့အား ခေါ်စေ၍ မင်းချင်းယောက်ျားတို့လည်း "အယ်မီဒီနေ အယ်ခါဒရ" မင်းကြီး သားတော်သည် ဤတော ဤတဲနန်း၌ ယခုစံနေလျက်ရှိကြောင်း၊ သင်တို့ကို ရှေ့တော်သို့ အရောက်ခေါ်ရန် စေလွှတ်လိုက်ကြောင်းပြောဆိုလျက် လှည်းကုန်သည်တို့ကို သွားရောက် ပြောဆိုခေါ်ငင်သည်၊ လှည်းကုန်သည်တို့လည်း ဆက်သရန် လက်ဆောင်ပဏ္ဏာများစွာ ယူဆောင်၍ ငါတို့ဖူးမြော်လိုသော မင်းသားကို အခန့်သင့် ဤတောအရပ်တွင် တွေ့ရပေပြီ တကားဟုဆိုကာ လိုက်လာကြပြီး မင်းသားရှေ့၌ ရိုသေစွာ ရှိခိုးနေထိုင်ကြကုန်၏။

ထိုအခါ မင်းသားလည်း လှည်းကုန်သည်တို့၏ လက်ဆောင်များကို သိမ်းယူစေ၍ မိမိကလည်း အဖိုးထိုက် အဖိုးတန်ဖြစ်သော ဆုတော်များကို လှည်းကုန်သည်တို့အား ပေးသနားလျက် ဤသို့ မိန့်ဆိုတော်မူ၏၊ အို အချင်း လှည်းကုန်သည်တို့၊ ကျွန်ုပ်သည် ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော စုလိုင်မံ ဧကရာဇ်မင်းကြီး၏ ရင်သွေးတော် တာဂျာမူလွတ် မင်းသားတည်း၊ ကျွန်ုပ်၏ ဘုန်းကံကုသိုလ်အချိန်သည် ဗိုလ်ခြေခပင်း ဝပ်စင်းတုပ်ကွ ပဏ္ဏာသလျက် စန်းလပမာ ကျွန်ုပ်၏ မျက်နှာကို လာရောက် ဖူးမြော် ရလေသည်တကား၊ ယခု သင်ကုန်သည်တို့အထဲမှ လုလင်ပျို တစ်ယောက်သည် မိမိ တင်ဆောင်ယူလာသော ကုန်များကိုမပြ၊ အကျွန်ုပ်ရှေ့သို့လည်း မလာမရောက်ရပ်တန့်ပြီးလျှင် ငိုကြွေးလျက်သာနေလေ၏၊ အကြောင်းထူးယောင်တကားဟု မိန့်ဆိုလေ၏။

ထိုအခါ လုလင်ပျိုသည် မတ်ရပ်မှ မူးဝေ၍လဲပြီးလျှင် ငိုကြွေးမြည်တမ်းလေ၏၊ မင်းသားလည်း ထိုအမူအယာကိုမြင်လဆင် အလွန်အံ့ဩ၍ အကြောင်းကိစ္စကို သိရအောင် ထိုင်ရာမှထ၍ လုလင်ပျိုရှေ့သို့ သွားရောက်ရပ်တန့်နေ၏၊ လုလင်ပျိုလည်း ထိုအခါမှ မင်းသားကိုရှိခိုး၏၊ မင်းသားက အချင်းလုလင်၊ သင်သည် တင်ဆောင်ယူလာသော ကုန်ကိုလည်း မပြ၊ ငါ့ထံသို့လည်း မလာမရောက်၊ ငါကိုယ်တိုင်လာရောက်မှ ရှိခိုးခြင်းကို ပြုလုပ်သော်လည်း တင်ဆောင်ယူလာသော ကုန်ကိုမပြ၊ ယခုပြလောဟုဆိုလေ။

လုလင်ပျိုက အို အရှင့်သားတော်၊ အကျွန်ုပ်၌ ပါသောကုန်သည် အရှင့်သားတော်နှင့် မသင့်မလျော်သဖြင့် မပြအပ်သောကြောင့် မပြဘဲနေပါသည်၊ အကျွန်ုပ်လည်း ဤကုန် အတွက်ပင် စိတ်နလုံးမချမ်းမသာ ငိုကြွေးလျက် နေရပါသည်၊ အရှင့်သားတော် ကြည့်ရှု လိုသော စိတ်ကို ဆည်ဖြေသည်းခံစေချင်ပါသည်ဟု ဆိုလေ၏၊ မင်းသားလည်း လုလင်ပျိုရှေ့၌ နူးညံ့သိမ်မွေ့သော မင်းသုံးရတနာကမ္ဗလာမွေ့ရာကို ခင်းစေ၍ ထိုင်နေပြီးမှ

မင်းချင်း ယောက်ျားများကို လုလင်၏ လှည်းပေါ်ပါ ကုန်ထုပ်များကို တက်ယူစေ၍ ရှေ့၌ ချထားစေကုန်၏၊ လုလင်လည်း မိမိမြတ်နိုးသောကုန်စည်များကို အတင်းယူငင်၍ မင်းသား ရှေ့၌ ချထားသည်ကိုမြင်လျှင် ငိုယိုလျက်နေ၏၊ မင်းသားက အချင်းလုလင်၊ သင်၏ ကုန်ထုပ်များကို အစဉ်အတိုင်း လှစ်ဖွင့်၍ပြရမည်ဟုဆိုသောကြောင့် အစဉ်အတိုင်း လှစ်ဖွင့် ပြသရာ လုလင်လည်း ပိုက်ဆံချည်ဖြင့် ရက်လုပ်သောအထည်ကို ရုတ်တရက်ယူပြီးလျှင် မိမိ ပေါင်အောက်၌ ဝှက်ထားလေ၏၊ မင်းသားက ဟယ်အချင်းလုလင်၊ သင်သည် ငါတာဂျာမူလွတ် မင်းသား၏ ဘုန်းတန်ခိုးတေဇာ လိမ္မာရေးခြားရှိသည်ကို မကြားမသိသေးယောင်တကား၊ သင်ပေါင်အောက်၌ ဝှက်ထားသော အထည်ထုပ်ကို လှစ်ဖွင့်၍ ပြလောဟုဆိုလေ၏။

လုလင်ပျိုက ဘုန်းတော်ကြီးမြတ်တော်မူလှသော အရှင့်သားတော်၊ အကျွန်ုပ် ဝှက်ထားသည့် အထဲမှာ အရှင့်သားတော်နှင့်လည်း မသင့်မလျော်ပါ၊ အကျွန်ုပ်၌လည်း စိတ်နှလုံးမချမ်းမသာ လွန်စွာပူပန်လှပါ၍ မပြဘဲနေပါသည်၊ အရှင့်သားတော်ကို မခန့် မရှိသေ၍ နေသည်မဟုတ်ပါဟု ဆိုလေ၏။

ထိုစကားကို မင်းသားကြားလျှင် ဟယ် အချင်းလုလင်၊ "အယ်မီဒီနေ အယ်ခါဒရ" နေပြည်တော်ကြီးအရှင် ဘုရင်စူလိုင်မံ မင်းကြီး၏သားတော် တာဂျာမူလွတ် မင်းသား၏ ဘုန်းတန်ခိုး အာဏာတော်ကို တရားထီးဆောင်း မင်းအပေါင်းတို့ပင် နာခံရသေးပါလျက် သင်လုလင် ငြင်းဆန် သွေလှန်နေသည်မှာ ပျက်စီးချိန်နီးသော သတ္တဝါတို့ ဓလေ့ဟု ငါထင်မှတ်တော့သည်ဟု မိန့်ဆို၏။

ထိုအခါ လုလင်ပျိုလည်း ကြောက်ရွံ့၍ ပိုက်ဆံချည်နှင့် ရက်လုပ်သော အထုပ်ကို လှစ်ဖွင့်၍ ငိုယိုပြီးလျှင် မင်းသားအား ပြလေကုန်၏၊ မင်းသားလည်း အထုပ်များကို အစဉ်အတိုင်း ဖွင့်ကြည့်ရှုတော်မူရာ အလွန်ထူးဆန်းသော ရွှေဆိတ်ရုပ်၊ ငွေဆိတ်ရုပ်တို့ကို မြင်၍ ဟယ် အချင်းလုလင်၊ သင်၏စိတ်အလိုဆန္ဒအတိုင်း ပြည့်စုံအောင် ငါစွမ်းဆောင်နိုင်သမျှ ကူညီထောက်ပံ့မည်၊ သင်၏ ပူဆွေးခြင်းဒုက္ခ မူလအကြောင်းရင်းကို အမှန်အကန် ပြောဆို လောဟု ဆိုလေ၏။

ထိုစကားကို လုလင်ပျိုကြားလျှင် အို အရှင့်သားတော်၊ ယခုအရှင့်သားတော် ရှုစား တော်မူသော အထည်ဝတ္ထုသည် ရာဇဝင်ဝတ္ထု အတ္ထုပတ္တိ တစ်ခုဖြစ်သောကြောင့် အလုံးစုံ

ကျွန်ုပ်ကြားလျှောက်ပါမည်၊ ရွှေနားဆင်တော်မူပါလောဟုဆို၍ အကြောင်းအရာအတ္ထုပ္ပတ္တိကို ဤသို့တင်လျှောက်လေ၏။

* * *

## အာဇီနှင့် အာဇီဇယ်တို့၏အကြောင်း

အို အရှင့်သားတော်၊ အကျွန်ုပ်၏အဖ သူဌေးကြီး၌ သားတစ်ယောက်သာ ရှိ၏၊ ကျွန်ုပ်နှင့် ကျွန်ုပ်တို့ အဖနှင့်အတူတကွ နေထိုင်သော ဦးရီးတစ်ယောက်ရှိ၏၊ ၎င်းဦးရီး၌ သမီး တစ်ယောက်ရှိ၏၊ ထိုအခါ ကျွန်ုပ်၏အဖ သူဌေးကြီးနှင့် ဦးရီးတို့သည် ကျွန်ုပ်တို့ မောင်နှမနှစ်ယောက် အချိန်အရွယ်သို့ ရောက်ခဲ့လျှင် မဖောက်မပြန် အမှန်ပေးထိမ်းမြားမည်၊ ကတိသစ္စာရှိကြသည် အတိုင်း ကျွန်ုပ်၏အဖသည် ကောင်းမြတ်သောအခါ မင်္ဂလာနေ့ရက်ကို ရွေးချယ်၍ လက်ထပ်ထိမ်းမြားရန် အမိနှင့် တိုင်ပင်သည်၊ အမိလည်း သဘောဆန္ဒ တူမျှရှိလေ၏၊ သတို့သမီးလည်း ကျွန်ုပ်ထက်ပင် လိမ္မာရေးခြားရှိ၏၊ မိဘနှစ်ပါးတို့လည်း ထိမ်းမြား လက်ထပ်မည့်အခါ အချိန်နေ့ရက်နှင့်တကွ ဆွေမျိုးဉာတိ မိတ်သင်္ဂဟအပေါင်း တို့အား ဖိတ်မန်ကုန်၏၊ ကောင်းမြတ်သော သောကြာနေ့ရက်၊ နှစ်သက်ကြည်ဖြူစွာ မင်္ဂလာ လက်ထပ်ပွဲ၌ ဆိတ်မဲဟင်းလျာ ရသာချိုချဉ် ပျံ့ရှင်ဒန်ပေါက် ကြော်ချက်လောက်၍ ဝမ်းမြောက်စေကြောင်း ကောင်းစွာတည်ကျွေး ပေးကမ်းစရာ ခြုံလွှာဝတ္ထု ရတနာစုတို့ကိုလည်း အမှုကုန်အောင်စီမံ၍ အသင့်ထားကုန်၏၊ ကျွန်ုပ်လည်း ရေမိုးသန့်စင် ဆင်ပြင်ဝတ်စား ပတ္တမြားဝဇီရိန် ရှိန်တပြောင်ပြောင် အရောင်ကူးယှက် ဖိတ်ဖိတ်လက်မျှ နှစ်သက်ကြည်ညို ဖွယ်ရာ မာလာရွှေဇီလေးတရာဆီတို့ဖြင့် မိမိကိုယ်ကို လိမ်းကျံ၍ ထား၏။

ဤကဲ့သို့ ဆင်ယင်ဝတ်စားပြီးနောက် နံနက်အခါ ဗလီကျောင်းဘက်သို့ သွားရောက်၍ ဘုရားရှိခိုး ဝတ်ပြုဆုတောင်းပတ္ထနာ ပြုလုပ်အံ့သောငှာ အိမ်က ထွက်ခွာလာရာ ဗလီ ကျောင်းသို့ မရောက်မီ မိတ်ဆွေတစ်ယောက်ကို လကထပ်ပွဲသို့ ကြွလာရန် ဖိတ်မန်လိုသော စိတ်ထားဖြင့် လမ်းကြားတစ်ခုသို့ လျှောက်သွား၏၊ ထိုအခါ အကျွန်ုပ်သည် ဘုရားသခင်ကို ဆုတောင်းပတ္ထနာ မပြုရသေးသည့်အတွက် ကိုယ်မှထွက်သည့်ချွေး အညစ်အကြေးငြိမ်းစေရန်

ကုန်းမြင့်တစ်ခုအပေါ်တွင် လက်ကိုင်ပုဝါကို ဖြန့်ခင်း၍ ခဏခေတ္တမျှ ထိုင်နေ၏၊ ထိုအတွင်း သူရိန်နေမင်း အတိုင်းထက်ပူသောကြောင့် မဥ္ဇူမာလာ မျက်နှာနေသွေး စီးကျသည့်ချွေးကို သုတ်အံ့သောငှာ ကြံစည်စိတ်ကူး၍ နေသည်အတွင်း လက်ကိုင်ပုဝါ အဖြူတစ်ခုသည် အကျွန်ုပ် နားသို့ကျလာ၏၊ ထိုလက်ကိုင်ပုဝါကို အသာကောက်ယူ၍ ရှုကြည့်လိုက်ရာ အကျွန်ုပ်စိတ်၌ အရိပ်နိမိတ် အတိတ်မူလ ဤသို့ပြန်လေ၏၊ ဒေဝစ္ဆရာ သူဇာလိုလို ဖြူပြာညိုသည် နကိုန်ခွဲ ချိုလှဲ့လှဲ့နှင့် ပိုခဲ့သဏ္ဍာန် လက္ခဏာကြန်လည်း အလျှံဖိတ်ဖိတ် မြင်ရသူစိတ်၌ ရိပ်တရေးရေး မှိတ်တမေးတွင် အဆွေးရာထောင် ကျွမ်းပူလောင်မျှ ထူထောင်မရ ယူဆောင်ကြွ၍ မရနိုင်ကြောင်း အကောင်းတကာ့ထိပ်တင် မှုန်ရွှေဆိတ်ရုပ် ကညာခင်နှင့် ကြင်စေတနာကဲ သင်ညောင်ထဲဝယ် နွဲ့ပျော်မည်နိမိတ်ဖြင့် အရိပ်ကိုသာ ပြလျက်နေလေ၏၊ ထိုနောက် လဲ့လဲ့ညိုညို နွဲ့နကိုနှင့် မူပိုခရာ ရွှေဆိတ်ရုပ်ကညာသည် မိမိပါးစပ်ထဲသို့ မိမိလက်ညှိုးကိုထိကိုက်လျက် တစ်ဖက်လက်ကို မြင်ရက်စရာမရှိပါအောင် နှံ့သာမှုန်မှုန် မာလာထုံသည် ရွှေရင်အုံထက်သို့ တင်လျက်ပြီးမှ သူ၏မျက်နှာ ငွေသော်တာကို လိပ်ပြာအတွင်း မလင်းတလင်းနှင့် ပဝင်းမစည် မှုန်မှုန်ရီဖြင့် မကြည်ဖွယ်ရာ ကဲ့ပမာသို့ ဦးခေါင်းကို နောက်ဆုတ်ထားပြီးလျှင် ပြတင်းတံခါးကို ပိတ်လိုက်လေ၏။

ထိုအခါ မမြင်ဖူး၊ မကြုံဖူး၊ ဂုဏ်အထူးနှင့် လှမျိုးကညာ ဒေဝစ္ဆရာကို အာသာဆန္ဒ ရမ္မက်ကြွ၍ ရာဂမူးယစ် အရူးကဲ့သို့ဖြစ်ပြီးလျှင် ဟစ်အော်ငိုယို လှိုက်ဖိုမြည်တမ်း လက်လှမ်းမမီ ရိပ်ခြည်တစ်ခေါ်မရဘဲ သောကထပ်ပို ရွှေဆိတ်ရုပ် ငွေဆိတ်ရုပ် ကညာပျိုနှင့် နေညိုလျှင် တွေ့နိုးနိုး နေထွက်လျှင် လာနိုးနိုး မျှော်ကိုးတောင့်တ၍ ဤနေရာတွင် စောင့်စားနေထိုင်ရာ ယခုတိုင်မလာရောက် ဆူနောက်ဗျာပါ ပူဆာတက်ကြွ ချိန်မလှ၍ ပုဝါစကို သာကြွဖြန့်ရှုရာ နှံ့သာပန်းပေါင်း စုလှောင်းမွှေးထုံ အာရုံမနော ရှုတိုင်းမောရသော စက္ကူစာတစ်ခုကို ကဗျာန လင်္ကာဖြင့် သေချာစွာ တွေ့မြင်ရပါ၏။

ငင်းမှာတမ်းစာ အဓိပ္ပါယ်မှာ ချစ်ခင်စုံမက်သည်နှင့် စပ်လျဉ်းသက်ဆိုင်သော အမှတ်နှစ်ခုကို တွေ့မြင်ရသဖြင့် ကျွန်ုပ်၏ ဤလက်ကိုင်ပုဝါအထည်များကို ယူဆောင်လျက် အိမ်သို့ ပြန်လာရာ ညနေချမ်းအခါ ချောမောစွာဆိုက်ရောက်ပါ၏၊ ထိုအခါ ကျွန်ုပ်၏ နမငယ်သည် ငိုယိုနေသည်ကို တွေ့မြင်ရပါ၏၊ နမက အို မောင်ကြီး၊ သင်သည် ထိမ်းမြား မင်္ဂလာကို ပြုမည့်ဆဲဆဲတွင် မည်သည့်အရပ်ဒေသသို့ ထွက်သွားသနည်း၊ ဆွေမျိုးဉာတိ

အမိအစုံ ဝိုင်းအုံပူပေါင်း အရပ်လူကြီးလူကောင်းတို့လည်း အစုံအညီကြွလာ၍ တည်ကျွေးသော ဩဇာအရသာများကို စားသုံးကြပြီးလျှင် သင်မလာမရောက်သောကြောင့် အချိန်ကုန်၍ မိမိတို့အိမ်သို့ ပြန်သွားကြကုန်၏၊ သို့ဖြစ်၍ အို မောင်ကြီး၊ သင့်ဖခင်က အမျက်တော်ဝင်၍ မင်္ဂလာလက်ထပ်ပွဲကို ရွှေ့လာလတ္တံ့သော နှစ်သို့ရောက်မှ ကျင်းပတော့မည်ဆိုဟု ပြောဆိုသည်။

ထိုစကားကို အကျွန်ုပ်ကြားလျှင် လက်ကိုင်ပုဝါနှင့် စပ်လျဉ်း၍ ဖြစ်ပျက်သမျှ အတ္ထုပ္ပတ္တိ အရပ်ရပ်ကို စေ့စပ်စွာ ပြန်ပြောပြ၏၊ ထိုအခါ အကျွန်ုပ်၏ ချစ်နှမသည် လက်ကိုင်ပုဝါကို လှမ်းယူကြည့်ရှုရာ နံ့သာအထုံအမွှန်ဖြစ်သော စက္ကူမှာတမ်းစာကို တွေ့၍ ဤသို့ ဆိုလေ၏၊ အို မောင်ကြီး၊ ဤပုဝါအထည်ကို ချပေးလိုက်သော မိန်းမသည် သင့်အား မည်သည့်အတိတ်ကို ပြ၍ မည်သည့်စကားကို ပြောဆိုခဲ့သနည်းဟု မေး၏၊ ထိုစကားကို ကျွန်ုပ်ကြားလျှင် ဖြစ်ပျက်သမျှ အရိပ်နိမိတ် အတိဝတ္ထုအစုစုကို စေ့ငုသေချာစွာ ပြန်ပြောသည်ရှိသော် နှမက အို ချစ်မောင်ကြီး၊ ယင်းကဲ့သို့ လက်ညှိုးကို ပါးစပ်၌ကိုက်၍ ပြသည့်အလိုမှာ သင့်အား စုံမက်ချစ်ခင်သော အမူအရာလက္ခဏာဖြစ်သည်ဟု ဆို၏၊ ထိုနောက် ကျွန်ုပ်သည် အိမ်၌ တစ်ရက်နှစ်ရက် နေထိုင်၍ နှမနှင့်ဆွေးနွေးတိုင်ပင်ပြီးလျှင် ကညာပျိုကို တွေ့မြင်ကြည့်ရှုရန် သွား၍ ခင်းပြန့်သာယာ မြေမျက်နှာလည်း ပမာစည်လို နစိုစိုနှင့် တောင်လိုမားမား ကုန်းမြင့်ဖျားက စောင့်စားနေထိုင်၍ ကြည့်ရှုပြန်လေ၏။

ထိုအခါ ရွှေဆိတ်ရုပ် ငွေဆိတ်ရုပ်ရှင် ကညာခင်သည် ချစ်ကြင်သနားသဘောထား သကဲ့သို့ ပြတင်းတံခါးဖွင့်လှစ်သံကို ကြား၍ ကြည့်ရှုလိုက်သောအခါ ကညာပျိုသည် နရားကြော့ကြော့ ကြွားမော့၍ ပုံတော့မည်ပုံ စက်တင်ခုံဝယ် ခြူးအုံ နဝရတ် ရွှေမှန်တစ်ချပ်နှင့် လျှောက်ပတ်တင့်တယ် ရှုချင်ဖွယ်ကောင်းသော လက်ကိုင်ပုဝါအနီကို ကိုင်လျက်နေသည်ကို မြင်ရပြန်၏၊ ကညာပျိုလည်း ကျွန်ုပ်ကို ကြည့်ရှုလျက် လက်ငါးချောင်းကိုဖြန့်ပြီးလျှင် ရင်အုံကို လက်နှင့်တင်၍ ထောက်မှန်ကို မြှောက်ချီ လက်ကိုင်ပုဝါအနီကိုယူလျက် အိမ်တွင်းသို့ ဝင်သွားသည်၊ များမကြာမီ ပြန်လာကာ ပြတင်းတံခါးကို နိမ့်တုံမြှင့်တုံ သုံးကြိမ်သုံးဖန် ပြုလုပ်လျက် တောင်မြောက်ကို လက်နှင့်ယမ်းပြီးလျှင် ဦးခေါင်းစိုက်၍ စကားတစ်ခွန်းမှ မပြောဆိုဘဲ ပြတင်းတံခါးကို ပိတ်လိုက်လေ၏။

ထိုအခါ ကျွန်ုပ်သည် အလိုရှိရာစကားကိုလည်းမဆိုရ၊ ချစ်ကြည်မေတ္တာ သစ္စာပန္နက် ပန်းစိန်ခက်ကိုလည်း လှမ်းဆက်ခြင်းမပြုရဘဲ အရိပ်နိမိတ်ကိုသာ မြင်ရသဖြင့် သောက ထပ်နှောင် ရှေ့နောက်တောင်မှ မြူမှောင်ရစ်ဆို့ တိမ်ညို့ညို့နှင့် မှိုမှိုမဲမဲ ရှုတိုင်းကဲ၍ လွမ်းပွဲ ခံလေရသတည်း၊ တွေလိမ့်နီးနီး စိတ်ထင်ကိုး၍ နေညိုးချိန်ပျောက် သန်းခေါင်ရောက်အောင် တောင်မြောက်ကိုကြည့်ရှု၍ စောင့်စားနေထိုင်ရာ ခင်ကညာမပေါ်လာသောကြောင့် အဆွေးနှင့် အိမ်သို့ ပြန်လာခဲ့ရလေသတည်း။

အိမ်သို့ရောက်သောအခါ တပ်မက်သောအာရုံ ကာမဂုဏ်နောက်မွေ၍ မူးဝေမောလျက် စက်ရာထက်တွင် ရုတ်တရက်လဲလေ၏၊ ထိုအခါ ကျွန်ုပ်နမလာပြီးလျှင် တောင်ထုဗျာပါ ကျွမ်းလောင်ဖြာ၍ မျက်နှာအိုအို ရှုတိုင်းညိုသော အို မောင်ကြီး၊ သင်သည် အသွင်အမူ ရေးရေးနှင့်မတူဘဲ အပူထူးယောင်တကားဟုဆို၍ ကျွန်ုပ်မျက်နှာကို ပုဝါနှင့်သုတ်ပြီး မေးမြန်း လေ၏၊ ထိုအခါ ကျွန်ုပ်က ဖြစ်ခဲ့သမျှ အတ္ထုပ္ပတ္တိကို ဖွင့်လှစ်ပြောဆိုသည်၊ ထိုအခါ နမက အို မောင်ကြီး၊ ဇနီးအရာ မြှောက်ထိုက်စွာသည့် ကညာဒေဝစ္ဆရာ လှသူဇာက လက်ငါးချောင်း ထောင်၍ ပြလိုက်သည့်အလိုမှာ နောက်ငါးရက်ခန့်ကြာလျှင် ဆက်ဆက်ကြွခဲ့ပါဟုမှာဆိုသော အတိတ်ဖြစ်၏၊ စက်တင်ခုံမှန် ခြုံးအုံပုံတွင် ပုံစံကျန ဟန်ယူဆလျက် ဦးခေါင်းကို ပြုပြသည့်အလိုမှာ ထိုအခါ မောင်ကြီးသည် ဆေးစုံသည့်ဆိုင်မှာ ထိုင်နေစောင့်စား၍ စေလွှတ် လိုက်သော သူလက်က စာကို ယူပါလေဟုမှာဆိုသော အတိတ်ဖြစ်၏ဟု ပြောဆိုသောအခါ ကျွန်ုပ်လည်း ဤသူငယ်မသည် ငါ့အား ပူဆွေးခြင်းဒုက္ခမှ အေးငြိမ်းအောင် ပြောဆို ယောင်တကားဟု သဘောထား၍ မသွားဘဲနေပြီးလျှင် စိတ္တဇရောဂါဝေဒနာသည် ဆက်ကာ တောက်လောင် မထူထောင်ဘဲ ခန်းဆောင်ထဲ၌ တလဲလဲခွေနုံးလျက် အာဟာရကိုမသုံးဘဲ နေလေသတည်း။

ထိုအခါ ငါးရက်စေ့၍ နမက အို မောင်ကြီး၊ ယနေ့အချိန် ငါးရက်စေ့ပြီ သွားလေဟု တိုက်တွန်းနှိုးဆော်၍ ရုတ်တရက်ထလာပြီး ဆေးစုံသည့်ဆိုင်၌ ထိုင်နေစောင့်စားရာ ပျိုကညာကိုလည်းမတွေ့၊ ပျိုကညာထံမှ စာပေးလာသူကိုလည်း မတွေ့၊ မီးရှိန်ငွေ့လည်း တရွှေ့ရွှေ့လောင် မိုက်မှောင်အတိ နေဝင်လျက်ရှိသောကြောင့် မိမိအိမ်သို့ပြန်လာရာ နမသည် စို့တစ်ခုကိုကိုင်၍ အိမ်တိုက်တံခါး၌ ရိုက်နက်နေသည်ကို တွေ့ရလေ၏၊ ထိုအခါ နမက ကျွန်ုပ်ကို ဆီးကြို၍မေးသည်မှာ အို မောင်ကြီး၊ သင် မွေလျော်ပျော်ပါးဖို့ရာ ဆွေသူဇာကို

ဘုရားသခင်က ပေးသနားတော်မူပါလျက် ဘယ်အတွက်ကြောင့် နှစ်သက်သမျှ ယနေ့ညတွင် မွေ့လျော်ပျော်ပါးခြင်းကို မပြုဘဲ နေအိမ်သို့ ပြန်လာခဲ့သတည်းဟု ဆို၏၊ ထိုစကားကို ကျွန်ုပ်ကြားလျှင် ဟယ် သူငယ်မ၊ သင် ငါ့ကို ပြက်ချော်ပြောင်လှောင် ပြောဆိုရမည်လောဟု ဆို၍ ခြေဖြင့်ကန်လိုက်ရာ မတ်ရပ်မှလဲ၍ နဖူး၌ ပေါက်ကွဲနာကျင်ရှိလေသတည်း။

ထိုအခါ နမသည် ရုတ်တရက်ထ၍ အခန်းထဲသို့ဝင်ပြီးလျှင် မိမိနဖူးကို ဆေးတင်လျက် ပြင်သို့ ထွက်လာကာ ဤသို့ ဆို၏၊ အို မောင်ကြီး၊ သင့်အား ကျွန်ုပ် ပြက်ချော် ပြောင်လှောင် ပြောဆိုသည် မဟုတ်၊ သင်သည် ယနေ့ည အဘယ်ကဲ့သို့ ဖြစ်လာသနည်း၊ အကြောင်း ထူးယောင်တကားဟု ဆို၏၊ ကျွန်ုပ်လည်း ကညာနှင့် မတွေ့ခဲ့ရကြောင်း၊ အချိန်ကုန်၍ ပြန်လာရကြောင်းများ ပြောဆိုသောအခါ နမက အို မောင်ကြီး၊ ကညာပျိုက သင့်ကို အချစ်စမ်း၍ ပန်းပဥ္စုခက် ရန့်သက်သက်တွင် စက်မွေ့ရာဘုံ နှစ်ပါးလုံ၍ အသက်ကို နင်းမည်ကား မယွင်းဧကန် အမှန်ပင်ဖြစ်ချေသည်၊ သို့ဖြစ်၍ စင်စစ်ကြည်ညို အချစ်ပိုလျှင် ဟိုးရှေးပထမ နေရာဟောင်းဌာနသို့ မုချသွားပါလေဟု ကျွန်ုပ်အား ဖျောင်းဖျပြောဆို၏၊ ကျွန်ုပ်လည်း နက်ဖြန်ဆက်ဆက် အရုဏ်တက်က အိမ်မှထွက်လာပြီးလျှင် သေလာအမော် ကုန်းမြင့်ပေါ်က ရှုမျှော်ရှေ့နောက် တောင်မြောက်ကိုလှည့်လည်လျက် ထိုင်နေပြန်ရာ ပျိုကညာသည် တံခါးပြတင်းကိုဖွင့်လှစ်လျက် ရွှန်းသစ်သော မျက်နှာဖြင့် သိမ်အသရေမော် ဦးခေါင်းကိုဖော်ပြီးလျှင် ပြုံးရွှင်လေ၏။

ထို့နောက် တိုက်ခန်းတွင်းသို့ဝင်၍ မှန်အိမ် ပန်းအိုးဇာထိုး မီးခွက်အစရှိသည်တို့ကို ယူလျက် တံခါးဝသို့ထွက်လာပြီးလျှင် မှန်အိမ်ကို အိတ်ထဲသို့ ထည့်ပြလေ၏၊ ထိုနောက် မှန်ကို စက်ရာခန်းတွင်းသို့ ပစ်လိုက်ပြန်၏၊ ထိုနောက် ပိတုံးမင်ရောင် မည်းနက်ပြောင်သည် ထွာသုံးတောင်ကြော့ ကော့ရရှေ့ဖြင့် မော့တိုင်းလည်းယည် စိန်ဘီးတင်သော ဆံကေသာကို ဖြည်၍ မျက်နှာပေါ်သို့ ဖြန့်ကြဲပြီးလျှင် မီးခွက်ကို သစ်ပင်စိမ်းအပေါ်၌ ခေတ္တထားကာ ထိုအလုံးစုံသော အသုံးအဆောင်တို့ကို ယူပြီးလျှင် တံခါးကို တစ်ခါတည်းပိတ်လိုက်သည်၊ ထိုအခါ ကျွန်ုပ်လည်း မေတ္တာစကား သစ္စာထားကို မကြားမနာရ နှုတ်ခွန်းမှမဆက်လိုက်ရ၍ စီးကျလည်လည် ငိုမျက်ရည်ဖြင့် နေအိမ်သို့ပြန်လာရာ ကျွန်ုပ်အတွက် နေ့ရက်ရှိသမျှ စိုးကြောင့်ကြလျက် မျှော်နေသောနမက အို မောင်ကြီး၊ ဇနီးရည်ရွယ် ကညာမယ်က သွယ်သွယ်ဝဝ အတိတ်ပြ၍ ကိစ္စကိုပြောသည်ဖြစ်စေ မည်သည့်အခြေနှင့် မည်သည့်

အနေများကို သိရအောင် ပြန်ကြားပါလောဟု ဆိုသောကြောင့် ဖြစ်ပျက်သမျှ အကြောင်းအရာကို ကုန်စင်စွာ ပြန်လှန်ပြောဆိုရလေသတည်း။

ထိုအခါ နမက အို မောင်ကြီး၊ မှန်ကိုအိတ်ထဲသို့ ထည့်၍ ပြသည့်အလိုမှာ ကျွန်ုပ်ကို စုံမက်ပါလျှင် နေဝင်အောင်စောင့်ပါဟု ဆိုသော အတိတ်ဖြစ်ပါ၏၊ ဆံပင်ကို ဖြည်၍ မျက်နှာထက်သို့ ဖြန့်တင်ပြသည့်အလိုမှာ ညဥ့်အချိန်လောက်တွင် ရောက်အောင်လာခဲ့ပါဟု မှာသောအတိတ်ဖြစ်ပါ၏၊ ပန်းအိုး၏အဓိပ္ပါယ်မှာ ကျွန်ုပ်တွေ့လိုလျှင် သဇင်၊ ဒေါန၊ သော်ကမာလာ၊ ဇီဇဝါနှင့် ခတ္တာလိုင်လိုင် ပွင့်ချင်းဆိုင်၍ စမ်းမြိုင်အသွင် ပန်းဥယျာဉ်သို့ ချစ်ကြင်သူ လိုက်လာ ရောက်သောခါလျှင် မီးထွန်း၍ထားသော နေရာအောက်က စောင့်၍နေပါလင့်ဟု ဆိုလိုသောအတိတ်ဖြစ်ပါ၏။

ယင်းကဲ့သို့ နမနှင့်ကျွန်ုပ်အကြံထုတ်၍ ရွှေရုပ်အသွင် ကညာခင်ကြောင့် တိုင်ပင်ပြောဆိုလျက်နေစဉ် စက်ရှင်ရဟတ် ဒေါင်းပြာသာဒ်လည်း နဝရတ်သိင်္ဂီ ဂေါယာသို့ ချီသောကြောင့် ပြာရီရှိန်ရှိန် တစ်မိုးလုံးမှိန်ပြီးလျှင် ညဥ့်အချိန်သို့ရောက်လေသတည်း။

ထိုအခါ ကျွန်ုပ်လည်း ဥယျာဉ်သို့လိုက်လာရာ ဥယျာဉ်အတွင်းသို့ ဝင်မိလျှင် ညှိထွန်း၍ထားသောမီးကို အဝေးကပင် မြင်ရ၏၊ ရှေ့ရှုလှမ်းသွားပြန်ရာ ဥယျာဉ်ထဲမှာ အလွန်လှပတင့်တယ် ဆန်းကြယ်စွာ ဆောက်လုပ်၍ထားသော အိမ်ကြီးသို့ ရောက်၏၊ ထိုအိမ်ကြီးသို့ တက်ပြီးလျှင် အခန်းထဲသို့ ဝင်ရောက်ကြည့်ရှုသည်ရှိသော် ၎င်းအခန်းထဲ၌ ဇာခြူးနဝရတ် ရုပ်စုံတပ်၍ မြင့်မြတ်သော စားပွဲကြီးတစ်ခုကို တွေ့ရ၏၊ ၎င်းစားပွဲကြီးပေါ်၌ အဖျော်ယမကာ ရသာချိုဆိမ့် နှုတ်မြိန့်ဖွယ်သောဇဉ်တို့ကို ပြင်ဆင်၍ ထား၏၊ ၎င်းအခန်းကြီးမှာလည်း ဇာတ်ရုပ်စုံကျင်းပ၍ လှပတင့်တယ်သော ခြူးနွယ်ခြူးပန်း အမွှမ်းအပြောက်တို့ဖြင့် ခြယ်လှယ်၍ ပိုးဖဲကတ္တီပါ မွေ့ရာကော်ဇော အချောအနု ရှု၍မငြီး အသီးသီးသော စက်မွေ့ရာကန့်လန့်ကာ မှီအုံးတို့ဖြင့်လည်း ပြွမ်းကုန်၏။

ထူးဆန်းတင့်တယ်သော ဝတ္ထုအစုစုကိုမြင်ရသောအခါ ကျွန်ုပ်၏စိတ်နှလုံး၌ ရွှင်ပြုံးကြည်သာ၍ လွန်စွာဝမ်းမြောက်ခြင်း ရှိလေသတည်း၊ သို့ရာတွင် ထိုအခန်းတွင်း၌ မှီတင်းနေထိုင်သူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရ၍ မြင်စကချစ်ခင်သော ကညာကို စောင့်စားမျှော်လင့်နေထိုင်ရာ အာဟာရဆာမွတ်လှသဖြင့် စားပွဲပေါ်တွင် အသင့်ပြင်ဆင်ထားသော သုဓာဘောဇဉ် ချိုအချဉ်တို့ကို စားသုံးရလေ၏၊ ထိုအရသာမြတ်သြဇာကို မြိန်ယှက်စွာ

စားမိလျှင် မအီမသာ အစာယစ်မူးသဖြင့် ပျံ့ပျူးသာယာ ခင်းထားသောမွေ့ရာတွင် တက်ကာလဲလျောင်း လှန့်နှောင်းကို ကံအကြောင်းဆုံစေ မျှော်လင့်၍နေရင်းပင် မကြာမီ အိပ်ပျော်သွားလေသတည်း၊ အိပ်ပျော်သောအခါ နေအရှက်တက်မှထ၍ တောင်မြောက်ကို ကြည့်ရှုသည်ရှိသော် ကျွန်ုပ် ဝမ်းဗိုက်ပေါ်၌ ဆားနှင့်မီးသွေးကိုမြင်တွေ့ရ၍ မိမိနေအိမ်သို့ ပြန်လာရာ ခရီးဦးကြိုဆိုလျက်ရှိသော နမက အို မောင်ကြီး၊ သစ်သီးပန်းမန် အရံဥယျာဉ် ရပ်သဘင်တို့ ကညာခင်နတ်ထွေး တွေ့လိုရေးနှင့် အဆွေးဒုက္ခ များသည့်အတိုင်း သွားလေ သည်မှာ ခင်ကညာနှင့် သွေမကွာတွေ့ခဲ့ရပါ၏လောဟု မေးမြန်း၏။

ထိုအခါ ကျွန်ုပ်က အကြောင်းအရာအစုံ စေ့စပ်စွာပြန်လှန်ပြောဆိုသည်၊ နမက အို မောင်ကြီး၊ သင့်အား ကညာခင်က စ၍ ဤယောက်ျားသည် စားခြင်း၊ အိပ်ခြင်းကိုသာ အလေး ထား၏၊ ငါ့အား စားခြင်း၊ အိပ်ခြင်းလောက် အလေးမပြု ဂရုမစိုက်၊ ဟန်ဆောင်ရုံမျှသာ ဖြစ်လေသည်တကားဟု သဘောထားသော လက္ခဏာရှိ၏၊ သင်ဝမ်းဗိုက်တွင် တင်ထားသော မီးသွေးအလိုကား ဘုရားသခင်သည် သင့်အား ချစ်ဟန်ဆောင်သည့်အတွက် မျက်နှာကို မဲအောင်ပြုပါစေ၊ သင်သည် သူငယ်များကဲ့သို့ စားခြင်း၊ အိပ်ခြင်းကိုသာ အလေးထား၍ နေလေ့ရှိသူဟု ဆိုလိုကြောင်းနှင့် နမက အတိတ်နိမိတ်အဓိပ္ပါယ်ကို ဖတ်ပြပြောဆို၏။

ထိုစကားကို ကျွန်ုပ်ကြားလျှင် ဤသို့ဆင်ခြင် အောက်မေ့၏၊ လောက၌ အအိပ်ကြူး သောသူ၊ အစားကြူးသောသူ၊ အပျော်ကြူးသောသူတို့ကား မိမိတို့ရပြီးသော စည်းစိမ်လည်း မတည်၊ မရသေးသော စည်းစိမ်ချမ်းသာလည်း မရ၍ ဆင်းရဲဒုက္ခ ရောက်ရာသည်ဟု ရှေးလူပေါင်းပညာရှိတို့ ဆုံးမသြဝါဒရှိပေသည်၊ ငါလည်း အစား၊ အအိပ်တို့ကို စုံမက် လိုက်စား၍ ဤကဲ့သို့ ဖြစ်ရလေသည်၊ မစားမအိပ် စောင့်စားနေထိုင်ပါမူ မုချကေန် ကြံတိုင်း ပြီးစီးရမည်တကားဟု စဉ်းစားဆင်ခြင်ပြီးလျှင် နမကို ဤသို့မေး၏၊ အို ချစ်နမ၊ ယခုအခါ မည်ကဲ့သို့ ကြံစည်ရမည်နည်းဟု ဆိုသောအခါ နမက အို မောင်ကြီး စားခြင်း၊ အိပ်ခြင်း အလေ့ကို ပယ်ဖျောက်၍ စောင့်ကုန်လော၊ သင် အိမ်သို့ ပြန်မည်ဟုအကြံရှိသောအခါ ခင်ကညာ၏ မှာတမ်းလွှာကို ဖတ်ပါလေလောဟု ဆို၏၊ ထိုစကားကို ကျွန်ုပ်မှတ်သားလျက် ဥယျာဉ်သို့ တစ်ဖန်သွားပြန်သော် ၎င်းစားပွဲပေါ်၌ပင် ရှေးနည်းတူ ပြင်ဆင်ခင်းကျင်းလျက် ထားသော သုစာဘောဇဉ် ချိုအချဉ်များကို တွေ့မြင်ရပြန်၏၊ ရသတဏှာ လျှာ၏အာရုံကို မသိမ်းနိုင်၍ စားမိပြန်၏၊ စားမိလျှင် ရှေးနည်းအတူ ငိုက်မျဉ်းလျက် အိပ်ပျော်သွားလေ၏၊

နံနက်မိုးသောက်သောအခါ မိမိဝမ်းဗိုက်၌ ဝတ္ထုအမျိုးမျိုးတို့ကို တွေ့မြင်ရသည်နှင့်တစ်ပြိုင်နက် ခါထွက်ရ၏၊ ထိုနောက် နေအိမ်သို့ပြန်လာရာ ကျွန်ုပ်ကို ကြောင့်ကြစိုးရိမ်လျက် စိတ်မချနိုင်သော နမက ဆီးကြို၍ အကြောင်းအရာတို့ကို မေးမြန်းသည်၊ ကျွန်ုပ်လည်း ဖြစ်ပျက်သမျှကို တစ်စမချန် ပြန်ပြော၏။

ထိုအခါ နမက အို မောင်ကြီး၊ ပျိုကညာက ဤယောက်ျားသည် ငါကဲ့သို့ ချစ်ခင်စုံမက်သူမဟုတ်၊ ငါ့အား အစား၊ အအိပ်လောက်မစုံမက်သူ သဘောထား၍ ပြုလုပ်အပ်သော အတိတ်နိမိတ်ဖြစ်၏၊ အို မောင်ကြီး၊ ရည်းစား၏ ချစ်ခြင်းသည် ညောင်ပင်ပေါက်စနှင့် တူပါသည်ဟု အဓိပ္ပါယ်ကို ပြန်လှန်ဖတ်ပြောပြ၏၊ ထိုအခါ ကျွန်ုပ်က အို ချစ်နမ၊ ငါ့ကိုထပ်မံ၍ အကြံအစည် ပေးပါဦးဟု ပြောဆိုသောကြောင့် နမက ရသာဘောဇဉ် ချိုအချဉ်ကို ပြင်ဆင်တည်ကျွေးပြီးမှ အို မောင်ကြီး၊ ယနေ့ည သွားလေဦးဆိုသည့်အတိုင်း ဥယျာဉ်သို့ သွားသည်ရှိသော် ရေ့နည်းတူပင် စားဖွယ်အမျိုးမျိုးတို့ကို တွေ့ပြန်၍ အာဟာရဆာမွတ်သည်အတွက် စား၍ ရှေးနည်းအတူပင် အိပ်ပျော်သွားလေ၏။

နံနက်မိုးသောက်၍ တောင်မြောက်လေးပါးကို ကြည့်ရှုသည်ရှိသော် စက်မွေ့ရာအနား၌ ထက်မြသော ဓားချွန်တစ်ခုနှင့် သံခရင်းတစ်ခုကို တွေ့မြင်ရာ လွန်စွာထိတ်လန့်ကြောက်ရွံ့၍ မိမိနေအိမ်သို့ပြန်လာရာ နမက အို မောင်ကြီး၊ ယနေ့ည ဥယျာဉ်၌ ချစ်ခင်သောပျိုကညာကို တွေ့ခဲ့ပါ၏လောဟု မေး၏၊ ထိုအခါ ကျွန်ုပ်က ရှေးနည်းတူ စားဖွယ်အရသာတို့ကို စားမိပြီး အိပ်ပျော်ကြောင်း၊ လက်နက်နှစ်ခုကို တွေ့မြင်ရ၍ ထိတ်လန့်ကြောင်းများကို ပြန်ပြောသည်၊ နမက သင်သည် ဤစားဖွယ်တို့ကို စား၍ အကြိမ်ကြိမ်အိပ်ရမည်လော၊ သင့်ထက် ပေါ့သွပ်ညံ့ဖျင်းသူ အဘယ်မှာ ရှိတော့မည်လောဟု ရေရွတ်မြည်တမ်းပြီးလျှင် အတိတ်နိမိတ်ကို ဤသို့ ပြန်ဆို၏၊ အို မောင်ကြီး၊ သင်သည် ဤကဲ့သို့သာ အိပ်နေလျှင် ယခု သင့်အပါး၌ ထားခဲ့သော ထားလက်နက်မျိုးနှင့် အသက်ဆုံးရှုံးအောင် သတ်မည်ဟု ဆိုလိုသော အတိတ်ဖြစ်သည်၊ အမြဲမှတ်လေဟု ဆို၏။

ထိုအခါ ကျွန်ုပ်က အို ချစ်နမ၊ ငါ့အား အသစ်ထပ်မံ၍ အကြံအစည်ပေးပါဦး၊ သင့်စကားကို တစ်သဝေမတိမ်းရအောင် နားထောင်ပါမည်ဟု ဆိုသောအခါ အို မောင်ကြီး၊ ဤအမှန်အတိုင်းမှန်လျှင် သင့်အလိုဆန္ဒအတိုင်း ပြည့်စုံပါလိမ့်မည်ဟုဆို၏၊ ကျွန်ုပ်လည်း

အိုချစ်နမ၊ ပြုလုပ်ရန်ရှိသမျှကို သင်ကြားပြသပါဟုဆိုနေစဉ် အိပ်ချင်စိတ်ပေါ်လာသောကြောင့် အိပ်ပျော်၍ သွားလေ၏။

နမလည်း ကျွန်ုပ်အိပ်ပျော်သွားသောအခါ ထမင်းဟင်းများကို ကောင်းမွန်စွာ ချက်ပြုတ်၍ ထားလေ၏၊ ကျွန်ုပ် အိပ်ရာမှ နိုးသောအခါ နမက အို မောင်ကြီး၊ ထမင်းဟင်း သုဓာဘောဇဉ် ချိုအချဉ်တို့ကို အသင့်ပြင်ဆင်ပြီးပြီ၊ အားရမြိန်ယှက်စွာ အဝစား၍ ဥယျာဉ်သို့ သွားပါလေ၊ ရောက်သောအခါ "ဥုံ… ဖေါမိတ္တံ ဟိတံပုညံ၊ ယထာယာစိ ကတံဖလံ" ဤဂါထာကို မပြတ်ရွတ်ဖတ် သရဇ္ဈာယ်၍ မအိပ်ဘဲစောင့်လေ၊ အလိုဆန္ဒအတိုင်း ပြီးလိမ့်မည်ဟုဆို၏၊ ကျွန်ုပ်လည်း နမတည်ကျွေးသည့် ထမင်းဟင်းများကို မြိန်ယှက်စွာ စားပြီးမှ ဥယျာဉ်သို့ သွားသည်၊ ရောက်သည်ရှိသော် အခန်းကြီးထဲသို့ ဝင်ရန် မအိပ်ဘဲ စောင့်နေရာ ညဉ့်နက် သန်းခေါင်ယံ အချိန်သို့ရောက်၍ စားသောက်ရန် ချိုချဉ်သစ်သီးတို့ကို စားပြီးလျက် စက်မွေ့ရာထက် အသာတက်၍ အိပ်စက်တော့မည်ကြံရွယ်စဉ် နမ သင်ကြားလိုက်သော ဂါထာကို ဥုံခံကာ ရွတ်ဖတ်သဇ္ဈာယ်၏၊ ထိုအခါ စီစီညံညံ အသံမစဲ ပိတုန်းဝဲသကဲ့သို့ တလဲလဲကြားရသဖြင့် အိပ်လိုသောဆန္ဒမရှိ၊ မျက်စိကိုဖွင့်ကြည့်ရှုရာ ဒေဝစ္ဆရာ မိုးသူဇာသည် တန်ဆာဝတ်စား ပတ္တမြားအရောင် ထိန်ထိန်ပြောင်၍ မိုက်မှောင် ပျောက်ကင်း တိမ်ခြေတွင်းက လမင်းပမာ ပေါ်ထွက်လာသကဲ့သို့ ရံကာရှေ့နောက် မိန်းမပေါင်း ဆယ်ယောက်နှင့် ရုပ်ဖျောက်မြန်စွာ ကျွန်ုပ်အပါးသို့ လာလေသတည်း။

ထိုအခါ အကျွန်ုပ်စောင့်နေသည်ကို မြင်လျှင် သွားပေါ်ရုံမျှပြုံး၍ အို အစ်ကို၊ ယနေ့ည သင် အဘယ်ကြောင့် မအိပ်သနည်းဟု ဆို၍ ကျွန်ုပ်ကို ဖက်ယမ်းနမ်းရှုပ်ပြီးလျှင် အထူးထူး အထွေထွေသော ချစ်စကားတို့ကို ဆို၏၊ ထိုနောက် ကျွန်ုပ်အိမ်သို့ ပြန်မည်ဟု ကြံရွယ် အားထုတ်သောအခါ အို အစ်ကို၊ ခေတ္တခဏ ဆိုင်းငံ့ပါဦး၊ သင့်ကိုပေးရန် လက်ဆောင်တစ်ခု ရှိပါသည်ဟု ဆိုသောကြောင့် ကျွန်ုပ်စောင့်စား ဆိုင်းငံ့နေရာ လက်ကိုင်ပုဝါကိုဖြည်၍ ပိုက်ဆံချည်အထည်ကို ဆိတ်ရုပ်နှင့်တကွ ပေး၏၊ ထိုအခါ ဒေဝစ္ဆရာမျိုးသူဇာက ဝက်ဆံရွှေဖီ နွယ်နီနတ်ပန်း လိမ်းဆွတ်ဖျန်းသို့ တင့်ဆန်းမွှေးထုံ ရနံ့ဂုဏ်ဖြင့် အာရုံပိုမိုသင်းနံ့ချိုသော အို အစ်ကို၊ နှစ်ကိုယ်မေတ္တာ ပိုသစ္စာဖြင့် ရှစ်ကမ္ဘာမသုန် ယနေ့ဖြင့်ဆုံကြပြီ၊ အာရုံမတိမ်း နောင်မစိမ်းဘဲ ခပ်သိမ်းဆန္ဒ စုံပြည့်ဝအောင် ညတိုင်း ဤနေရာဌာနသို့ လာခဲ့ပါလောဟု ဆို၏။

ထိုစကားကို ကျွန်ုပ်ကြားလျှင် ကောင်းခြောက်ဆယ့်လေးရပ် ရုပ်၊ သွေးထပ်ထပ်နှင့် ထွတ်မြတ် လက္ခဏာ ပြည့်စုံစွာသည် ကညာနတ်မူ ဘုံကြီးသူ၊ ကြည်ဖြူ စိတ်ထား တို့နှစ်ပါးလည်း မခြားဆက်ဆံ သစ္စာပန်းပန်မိပြီ၊ ညဥ့်ယံချိန်ကျ ရက်ရှိသမျှတွင် နမကသာ မျှော်နှင့်ပါတော့၊ ပျက်မကွာလာခဲ့ပါမည်ဟု ဝန်ခံပြောဆိုလိုက်၏၊ ထိုအခါ ကျွန်ုပ်လည်း ဝမ်းသာအားရ ရှိလွန်းလှ၍ အိမ်နေသူနမက သင်ပြလိုက်သောစကားကိုမှ မပြောမကြားနိုင်ဘဲ မေ့လျော့၍ သွား၏၊ ထိုအခါ ဒေဝစ္ဆရာက အစ်ကို ဤအထည်သည် အခြားသူရက်လုပ်သော အထည်မဟုတ်၊ ကျွန်ုပ်၏ ညီမရက်လုပ်သော အထည်ဖြစ်၍ သတိကြပ်ကြပ် ပြုစေချင် ပါသည်ဟု ဆို၏၊ ထိုစကားကို ကျွန်ုပ်ကြားလျှင် ချစ်ညီမ၏ အမည်နာမသည် မည်ကဲ့သို့ မှည့်ခေါ်ပါသနည်းဟု မေးမြန်းသောအခါ အကျွန်ုပ်ညီမ၏ အမည်နာမည်ကား "နူရိုင်းယူဒါး" ခေါ်ပါသည်ဟု ပြော၏။

ကျွန်ုပ်လည်း ပေးလိုက်သော အထည်ကိုယူ၍ အိမ်သို့ပြန်လာရာ ရောက်သောအခါ နမက အို မောင်ကြီး၊ ဥယျာဉ်တွင်းရှိ အခန်းဆောင်ကြီး အတွင်းသို့ ရောက်သောအခါ ကျွန်ုပ်သင်ကြားလိုက်သော ဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်ပါ၏လောဟု မေး၏၊ ကျွန်ုပ် မေ့လျော့၍ မရွတ်ခဲ့ရကြောင်းကို ပြန်ပြောကာ ပေးလိုက်သောအထည်ကို နမအား ပေးအပ်ပြီးလျှင် ညဥ့်အချိန်ရောက်သောအခါ တစ်ဖန် ဥယျာဉ်သို့သွားမည်ဟု ကြံရွယ် အားထုတ်သည်၊ နမက အို မောင်ကြီး၊ ဥယျာဉ်သို့ ရောက်လျှင် ကျွန်ုပ်သင်ကြားလိုက်သော ဂါထာကို မမေ့မလျော့ မပြတ်ရွတ်ဖတ်သရဇ္ဈာယ်ပါလောဟု မှာလိုက်၏၊ ကျွန်ုပ်လည်း ဥယျာဉ်သို့သွား၍ ရောက်သောအခါ အပျိုကညာဒေဝစ္ဆရာသည် အကျွန်ုပ်အလာကို စောင့်နေသည်ကို အခန့်သင့်တွေ့ကြုံ၍ အတူတကွနေထိုင်ပြီးလျှင် မွေ့လျော်ပျော်ပါး သစ္စာ ထား၍ ဖယားထပ်ခြုံ ညဥ့်ရှုံထည်လှာ စက်မွေ့ရာတွင် အိပ်စက်ကာနေကြလေသတည်း။

နံနက်မိုးသောက် ရောက်လတ်သောအခါ နမ သင်ကြားလိုက်သောဂါထာကို ရွတ်ရာ ပျိုကညာလည်း ထိုဂါထာအနက်ကိုသိ၍ တုံ့ပြန်ပြီးလျှင် ဂါထာရွတ်၏၊ ၎င်းရွတ်သောဂါထာကို ကျွန်ုပ်မှတ်သား၍ အိမ်သို့ပြန်လာရာ ရောက်သောအခါ နမကိုပြောမည်ဟု အားရဝမ်းသာ အိပ်ခန်းအတွင်းသို့ ဝင်သွားသည်၊ အမိသည် နမ၏ ဦးခေါင်းရင်းက ထိုင်၍ နမ၏ ဒုက္ခကိုကြည့်ရှုပြီးလျှင် ငိုယိုမြည်တမ်းနေသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ အမိက အို ချစ်သား၊ သင်သည် နမဥ္စြဖြစ်သောဒုက္ခကို မကြည့်မရှု ဂရုမစိုက် တကား၊ သနားမညှာ သွားလိုရာကို လှည့်ကာပျော်မြူး အရူးကဲ့သို့ နေအားလေသည် တကားဟု ဆဲရေးမြည်တမ်း၏၊ ကျွန်ပ်ထိုင်နေသည်ကို နမမြင်လျှင် အို မောင်ကြီး၊ ဥယျာဉ်သို့ ရောက်သောအခါ အကျွန်ပ်သင်ပြပို့ချလိုက်သော ဂါထာကို ရွတ်ပါ၏လောဟု မေးသည်၊ နမသင်ကြားလိုက်သော ဂါထာကိုရွတ်ကြောင်း၊ အပျိုကညာ ဒေဝစ္ဆရာကလည်း ဂါထာတုံ့ပြန်၍ ရွတ်ကြောင်းများကို ပြောဆိုပြီးလျှင် အပျိုကညာ တုံ့ပြန်ရွတ်ဆိုသော ဂါထာကို ရွတ်သည်နှင့် တစ်ပြိုင်နက် နမသည် ငိုယိုလေ၏၊ ယင်းကဲ့သို့ ငိုယိုလျက်ပင် တစ်ဖန် ရွတ်ရန်ဂါထာကိုသင်၍ ဥယျာဉ်သို့ သွားပြန်ရာ ကညာနှင့်တွေ့၍ မွေ့လျော်ပျော်ပါးနေထိုင်ကြပြီးလျှင် နမ သင်ကြားလိုက်သော ဂါထာကို ကျွန်ပ်ရွတ်သံကြား၍ ကညာမိန်းမကလည်း ဂါထာတုံ့ပြန်၍ ရွတ်ကုန်၏။

ကျွန်ပ်လည်း ၎င်းရွတ်သောဂါထာကို မှတ်သား၍ အိမ်သို့ပြန်လာပြီးလျှင် နမကို ရွတ်ဖတ်၍ ပြန်ပြော၏၊ နမကလည်း ထပ်မံ၍ရွတ်ရန် ဂါထာကိုသင်ကြားပြီးလျှင် ညချမ်းသော အခါ ဒေဝစ္ဆရာနှင့် စက်ရာခန်းဘုံ အချစ်လုံ့လျက် ကြည်ယုံမေတ္တာ သစ္စာမပြယ် ကျီစယ်သမှု ယုယုယယ အကအဆို ချိုချိုအေးအေး ဆိုတေးဂီတ အချအချီ ပလီပလာ သံဝါလက်မြောက် သီချင်းကောက်၍ တစ်ယောက်ကဆို တစ်ယောက်က,က လက်ခုပ်ကတစ်တွေ ပုလွေက ညှင်းညှင်း ဒုံမင်းစည်ပုတ် စည်းဆုပ်ကိုင်ကာ ရယ်မောကာနှင့် မေတ္တာဖွဲ့နွဲ့ ပျော်ပွဲခံလို၍ မြိုင်ယံတစ်ခွင် စံဥယျာဉ်သို့ လာခဲ့ပြန်လေသတည်း။

ဥယျာဉ်သို့ရောက်သောအခါ နမသင်ပေးလိုက်သော ဂါထာမန္တန်ကို ရွတ်ဖတ် သရဇ္ဈာယ်၏၊ ထိုအခါ ဒေဝစ္ဆရာမိုးသူဇာက အို မောင်ကြီး၊ သင်ယခုရွတ်ဆိုသော ဂါထာ မန္တန်ကို သင်ပေးလိုက်သော သူငယ်မသည် ကွယ်လွန် အနိစ္စရောက်ချေပြီ၊ ထိုသူငယ်မနှင့် သင်သည် အဘယ်ကဲ့သို့ အမျိုးစပ်တော်သနည်းဟု မေးမြန်းသည်၊ ကျွန်ပ်က ဤသို့ဆို၏၊ မေတ္တာဖွဲ့ရစ် စေတနာလုစ်၍ ခင်ချစ်သနား တူစံစားသည် နထွားသိဂီ ကုမာရီ၊ မထီလေးစား ဘယ်စကားကို ကြားရသနည်း၊ အသည်းကျွမ်းလောင် အပူကောင်မှာ ထူထောင်မရ စိုးကြောင့်ကြအောင် မရဏာဘုံခွင် ဂါထာရှင်သည် လှမ်းဝင်ကြွချီ သေချေပြီဟု ဝစီမြွက်ဟ မိန့်ခွန်းရနှင့် ကြားရသောအခါ မသက်သာဘဲ ပူဗျာကဲမိုး ခွေနွမ်းညှိုး၍ ကျွမ်းထိုးလိမ့်မည် နေမတည်အောင် ရိပ်ခြည်စကား မိန့်ပြန်ကြားသည် တရားမှန်ကန်နိုင်ပါမည်လောဟုဆို၍

ငိုကြွေးပြီးလျှင် အို ဒေဝစ္ဆရာ နတ်ကညာ၊ သင်ဆိုသည့်အတိုင်း ဂါထာရှင်သတို့သမီး၊ တကယ်ပင် သေလေသလော၊ သင်အဘယ်ကဲ့သို့ သိရပါသနည်း၊ ထိုဂါထာရှင်သတို့သမီးကား အကျွန်ုပ်၏ နမဖြစ်၍ အကျွန်ုပ်စိတ်ဒုက္ခရောက်အောင် ပြောကြားကျီစယ်သလောဟု ကျွန်ုပ်က မေးသည်။

ထိုအခါ အို မောင်လုလင်၊ သင်၌နမရှိသည့်အကြောင်းကို နောက်နောက်က သိပါလျှင် အသင့်ကို ကျွန်ုပ်လက်မခံ၊ သို့ရာတွင် ဖြစ်ပြီးသောအမှုကို ပြောသော်လည်း စိတ်နလုံး မချမ်းသာရာသော အကြောင်းဖြစ်၍ သင့်အား အကျွန်ုပ် သည်းခံရတော့သည်၊ သင်၏နမ အနိစ္စရောက်သည်ကို အတည်ကျသိလိုလျှင် အထူးအကျွန်ုပ်ပြောသော်လည်း သဘောလိုရင်း မဟုတ်၊ သင်ပင် ယခုသွား၍ ကြည့်ရှုချေဟု ကျွန်ုပ်ကို စေလွှတ်လိုက်၏။

ထိုအခါ အကျွန်ုပ်လည်း စိတ်စက်မအေး စိုးရိမ်ရေးနှင့် မနေးလျင်စွာ ပြန်ခဲ့ပါသော် အကျွန်ုပ်၏နမ ကွယ်လွန်သေဆုံး၍ အလောင်းနားတွင် အကျွန်ုပ်၏အမိ ငိုကြွေးမြည်တမ်း နေသည်ကို တွေ့မြင်ရသည်၊ လွန်စွာဝမ်းနည်း၍ အသည်းကြွေလု ရင်ကိုထုပြီး ကျွန်ုပ် ငိုကြွေးပြီးလျှင် နမအလောင်းကို ပွေ့ချီထားလိုက်မိသည်။

ထိုအခါ မိခင်က အို ချစ်သား၊ သင်သည် သောက်စားပျော်ပါး သွားလာ နေထိုင်သည့်အတွက် မျက်ပုလဲသွင် သင့်နမ လုကြွေးမျှင်မှာ ပူပင်သောက စိုးကြောင့်ကြ၍ အာဟာရမဝင် ရေစင်မလုမ်း ဒေါနပန်းကဲ့သို့ တစ်နေ့တခြား ညှိုးနွမ်းရလေသည်တကား၊ ဆေးသြသခ ဇီဝကသို့ သိပ္ပအလွန် ဆရာဝန်အပေါင်းတို့ ကောင်းဆိုသမျှ ဆေးဝါးတို့ဖြင့် ကုစားသုတ်သင်ပါသော်လည်း စိတ္တဇဝေဒနာကို ဆေးရာမထင်ရှိရလေသည်တကား၊ သွားလည်းသမီးစိတ်၊ အိပ်လည်းသမီးစိတ် အရိပ်မကွာထပ်ကြပ်ပါသကဲ့သို့ ငါလည်းမကြာ သမီးနောက်သို့ လိုက်ရလိမ့်မည်တကား တရားစစ်ဆေး ကြံဆွေးနွေး၍ ဆေးရန်ကြေရန် တစ်ဖန်ရှေ့နောက် တွေးထောက်ဖြေဆည်ပါသော်လည်း မျက်နာစန္ဒရ တင့်ရှန်းပ၍ လုလုယဉ်ယဉ် နရုပ်သွင်သည် မျက်စိထဲမှာဝင်ပြီးလျှင် တရေးရေးမြင်လှ၍ မအေးနိုင် ရှိရလေသည်၊ ကာယလက်ခြေ အနေအထား မပျက်ပြားဘဲ မြသားအသွင် လုကြွေးမျှင်ရယ် မိခင်ကိုလုံးလုံး မုန်းတော့မည်မလွဲ သေမင်းခွဲ၍ ကွဲရတော့မည်၊ တအားဟစ်အော် မိခင် ခေါ်သည် အပျော်တော်ကျူး ရွှေဇင်ဖူးက မထူးချင်ယောင် ဟန်ကြီးဆောင်၍ ပြောင်တော့ မည်လော ဘယ်သဘောနှင့် ဘယ်ဇောအာရုံ ဘယ်သူ့ကိုပုံပြီးလျှင် နမှန်မာလာ ထုံနံ့သာနှင့်

လေးတစ်ရာဆီ ရွှေသရဖီဥ ပန်းပေါင်းစုနှင့် ယခုသွားတော့မည်လောဟု ဆိုပြီးလျှင် ကျွန်ုပ် နမအလောင်းကို ပွေ့ဖက်ပြီး မိခင်ငိုကြွေးလေ၏။

ယင်းသို့ ငိုကြွေးမြည်တမ်းရာ ငိုသံပါစကားဖြင့် ကျွန်ုပ်အား ဤသို့ဆိုပြန်၏၊ အို ချစ်သား ချစ်သား၏ နမသည် သေမည်ဟု ငါမထင်၊ စိတ်မာန်ဝင်၍ မိခင်မြွက်ဟ ခေါ်မရဘဲ ရှိနေသေး သလော၊ ခြေဖျားလက်ဖျား သွေးများ ရှိမရှိကို စမ်းဦးလောဟုဆို၏၊ ကျွန်ုပ်သွေးများကို စမ်းသပ်ကြည့်ရှုပြီးမှ အိုမိခင်၊ မုချဧကန် အမှန်သေဆုံးလေပြီဟုဆို၍ ကျွန်ုပ်နှင့်မိခင် တစ်ပြိုင်နက် ခေါင်းချင်းဆိုင်ပြီး ငိုကြွေးမြည်တမ်းသော အသံသည် သမုဒ္ဒရာမဟာဝဲသြဃမှ လှိုင်းတံပိုးကြီး ထသကဲ့သို့ တစ်မြို့လုံး ကြားကြလေသတည်း။

ထိုအခါ ကျွန်ုပ်အား မိခင်က အို ချစ်သား၊ လောက၌ အကြံအစည် ဉာဏ်ပညာနှင့် ပြည့်စုံသောသူ၊ လုပယဉ်ကျေးသူ၊ ဥစ္စာကြွယ်ဝချမ်းသာသူ၊ ထင်ပေါ်ကျော်စောသူဟူ၍လည်း မနေရ၊ အဆုံးသတ်၌ ပျက်စီးခြင်းသဘောသာလျှင် မြဲကုန်၏၊ ယင်းသို့မုချ ပျက်စီးရမည် ဖြစ်သောကြောင့် အသက်ရှင်၍ လူ့ပြည်၌နေစဉ် သူ့အား သနားကြင်နာညှာတာထောက်ထား မှုသားမဆို ပြဟ္မစိုရ်လိမ်းကျံ မှန်ကန်သစ္စာ သဒ္ဓါသီလ စွဲမြဲကြမှသာလျှင် လူ့ဘဝ၌ နှစ်ပေါင်း ရှည်ကြာနေရသည်ထက် တစ်နေ့တစ်ရက်ပင် နေရသော်လည်း မြတ်၏၊ သို့မဟုတ်က လျှင်စားဖြတ်စား တရားဖောက်ပြန် အကျင့်တန်၍ သူ့ကိုမသနား မှုသားအနန္တ ဤအလေ့မျှဖြင့် တစ်ဘဝတွင် အသက်တစ်ရာ နေရပါသော်လည်း အကျိုးကျေးဇူးမရှိ၊ အသက်ရှည် ကြာစွာနေရ၍ ငရဲပွားများအောင် ပြုဘိသကဲ့သို့သာ ရှိ၏။

သို့ဖြစ်၍ အို ချစ်သား၊ သင့်နမသည် ယခု အသက်တိုသည်ဟု လောက၌ ဆိုရသော်လည်း ဘိုးဘွားမိဘ ဆရာသမားတို့အား ရိုသေစွာခယလုပ်ကျွေးခြင်း၊ အသက်ကြီး သောသူ၊ အရွယ်ကြီးသောသူ၊ ဉာဏ်ပညာဖြင့် ကြီးသောသူတို့အား ရိုသေလေးမြတ်ခြင်း၊ မာန်မာနမရှိ သည်းခံလေ့ရှိခြင်း၊ ပေးကမ်းစွန့်ကြဲလေ့ ရှိခြင်းတည်းဟူသော ကုသိုလ်ကောင်းမှု တို့နှင့် ပြည့်စုံသူဖြစ်၍ မိန်းမတို့အထွတ်ဥက္ကဋ် မြတ်သောသတို့သမီးဖြစ်၏၊ သို့ဖြစ်၍ အို ချစ်သား၊ ယင်းသို့သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော မိန်းမမြတ်ပင်ဖြစ်သော်လည်း အဆုံးထက်၌ ပျက်စီးမြဲဓမ္မတာဖြစ်၍ ယခုအခါ မြေကြီး၏ အစာဖြစ်အောင် သင်္ဂြိုဟ်ခြင်းကို ပြုရတော့မည်တကားဟု ဆို၍ သင်္ဂြိုဟ်ရန် အခမ်းအနားကို ပြင်ဆင်၏။

အို အရှင်သား၊ ထိုအခါ ကျွန်ုပ်လည်း နမကို သင်္ဂြိုဟ်ရန် ထုံးစံအတိုင်း ပရိသတ်အများ ဝိုင်းရံ၍ သုသာန်သို့ ယူဆောင်ရာ လမ်းခရီးတစ်လျှောက် လက်မြှောက်ရင်ထု၍ အို နမ၊ သင် ငါတို့ကိုပစ်ထား၍ ယနေ့လမ်းဆုံးသို့သွားပြီလောဟု ဆိုပြီးလျှင် ငိုယိုလျက် လိုက်ကုန်၏၊ သုသာန်သို့ ရောက်သောအခါ ဉာတကာဆွေမျိုးဝိုင်းရံ၍ နဘောအာကာ၊ ဘွေအဇမ္ဗာတွင် ရွှေစန္ဒာယုန်ငှက်ကို တစ်မိုးလုံးတိမ်ပြာဟပ်၍ မဲနက်စွာလွှမ်းဖုံးသကဲ့သို့ လမ်းဆုံးသွား ကျွန်ုပ်၏နမကို အစမှမမြင်ရအောင် မြှုပ်နှံသင်္ဂြိုဟ်ရလေသတည်း။

ထိုအခါ ကျွန်ုပ်လည်း သုသာန်သင်္ချိုင်းတွင် ၂ ရက်၊ ၃ ရက်ခန့် ကျမ်းစာကို ရွတ်ဖတ်နေရာမှ လွန်စွာစိတ်နလုံး မချမ်းမသာရှိသောကြောင့် လမ်းခရီးတစ်လျှောက် ငိုယို၍ အိမ်သို့ပြန်လာခဲ့၏။

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အိုအရှင်သားတော်၊ ကျွန်ုပ်ငိုယို၍ အိမ်သို့ ပြန်လာသည်ကို ကျွန်ုပ်မိခင်မြင်လျှင် ရွှေရင်ကွဲမျှ လွမ်းဆွတ်လှ၍ မတ်ရပ်က မူးဝေမိန်းမော လဲသွားလေ၏၊ ကျွန်ုပ်နှင့်တကွ ဉာတိဆွေမျိုးအပေါင်းတို့က မိခင်ကိုထူမ၍ ရေစင်သွန်းဖျန်း နာနပ်သောအခါမှ သတိရ၍ ထပြီးလျှင် အိမ်တွင်း အိမ်ပြင် ထွက်ဝင်သွားလာလျက် ငိုယို မြည်တမ်းလေ၏။

ထိုအခါ ရပ်သူရွာသား ဆွေမျိုးဉာတိများတို့ တရားဓမ္မဆုံးမဟောကြား၍ အနည်းငယ်မျှ သတိရသောအခါ အကျွန်ုပ်က အို မိခင်၊ အကျွန်ုပ်၏နမ အနိစ္စမရောက်မီ မိခင်အား မည်ကဲ့သို့ မှာကြားပြောဆိုခဲ့ပါသနည်းဟု မေး၏၊ မိခင်က တစ်စုံတစ်ရာ အထူးအထွေမမှာ မကြားခဲ့၊ သို့ရာတွင် အကျွန်ုပ်၏ အစ်ကိုသည် နောက်နောင် မိမိသွားနေကျဖြစ်သော နေရာသို့သွားလျှင် သစ္စာရှိကကောင်း၏၊ မကောင်းကြံက ယုတ်၏၊ ဤစကားနှစ်ခွန်းကို အသွားအပြန် ခါမှန် မပြတ်ရွတ်ဖတ် သရဇ္ဈာယ်ပါစေ၊ နောင် ကျွန်ုပ်အစ်ကိုသည် ကျွန်ုပ်အတွက် ငိုကြွေးမြည်တမ်း ပူဆွေးပါလိမ့်မည်၊ ထိုအခါ ပေးဖို့ရာ ဤစကားကို အမြဲမှတ်သား ထားပါလေဟု မှာကြား ခဲ့သည်ဟု မိခင်က ကျွန်ုပ်ကို ပြောဆို၏၊ အကျွန်ုပ်လည်း နမမှာကြားခဲ့သောစကား ဝမ်းထဲ မှတ်သား၍ ထား၏။

ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော အို အရှင့်သားတော်၊ နောက် နှစ်ရက် သုံးရက်ခန့်မျှရှိလျှင် နမအတွက် ဆူပွက်သောအပူကို တဖြည်းဖြည်းဖြေဆည်၍ ပျော်ရွှင် နေကြပြီဖြစ်သော ပိတောက်ပွင့်ရွှေ ပင်မြင့်ဗွေဝယ် မြေခမမြန်း ဖယောင်းပန်းနှင့် ကြိုင်လန်း

သဇင် ရိုးရှင်ရွက်လှ လက်လက်ကြူသည်၊ မဥ္ဇူသက တုမရသည့် သော်ကပြုံးလိုင် ကြက်ရုံး ကြိုင်မျှ ပန်းခိုင်ပုန်းညက် ပန်းကုံးရက်က ရွှေလက်လှမ်းကာ ပန်းတကာတို့ ဝါဖြူတလီ အနီတခန်း မရမ်းအရောင် လွှမ်းဖွယ်ဆောင်သည် အခေါင်ပိတ်ဆီး ဥယျာဉ်ကြီးဟု ဇနီး သက်လျာ နွဲ့ညက်ပြာကြောင့် တစ်ခါသွားပြန်လေသတည်း။

ရောက်သောအခါ ဒေဝစ္ဆရာလည်း မျက်နှာချိုပြုံး သဇင်ကုံးနှင့် ညွတ်ကုံးကြည်သာ ကမ်းဆက်ကာဖြင့် ခရီးဦးကြို ခေါ်ဆောင်ပြီးလျှင် ဤသို့မေးမြန်း၏၊ အို ချစ်ဆွေ၊ အကျွန်ုပ် ပြောဆိုသည့်အတိုင်း သင်၏နမ အနိစ္စရောက်ခြင်းသည် ဟုတ်မှန်ပါသလောဟု ဆို၏၊ အကျွန်ုပ်က အိုဒေဝစ္ဆရာနတ်သူဇာ၊ သင်ပြောသည့်အတိုင်း မှန်လှပေ၏၊ သို့ရာတွင် အကျွန်ုပ် နမကား အခြားရောဂါ ဝေဒနာကြောင့်မဟုတ်၊ အကျွန်ုပ်အတွက် အိပ်စက်မပျော် စားသော် မဝင် ပူပင်သောက စိုးကြောင့်ကြ၍ စိတ္တဇရောဂါဝေဒနာဖြင့် အနိစ္စရောက်ရပါသည်ဟုဆို၏၊ ထိုအခါ ဒေဝစ္ဆရာက အို ချစ်သူ၊ သင်၏နမသည် သာမညမိန်းမမဟုတ်၊ အသိအမြင် ဉာဏ်ပညာ ရှိသောမိန်းမဖြစ်၏၊ အသင်နှင့်ကျွန်ုပ် မယုတ်မေတ္တာ သစ္စာမြဲမြံ ဆုထူးပန်၍ မောင်နှံဟသ်ာ ငှက်ပမာသို့ အုံးစက်ရာပြိုင်ပြီးလျှင် သက်ဆုံးတိုင် ပေါင်းရအောင် ကြံပေး သည်မှာလည်း သင်၏ နမပင်ဖြစ်၍ အကျွန်ုပ်၏ ကျေးဇူးရှင်ဖြစ်ပေသည်ဟု ဆို၏။

ထိုစကားကို ကျွန်ုပ်ကြားလျှင် အိုသူဇာဆွေ၊ အကျွန်ုပ်နမသည် အကျွန်ုပ်တို့ ကျေးဇူးရှင်ဖြစ်ရုံမျှမက အကျွန်ုပ်တို့အကျိုးငှာ မသေမီ မိခင်ထံ စကားနှစ်ခွန်းကို ပေးအပ် မှာကြားခဲ့လေသည်။ ဤစကားနှစ်ခွန်းကို အကျွန်ုပ်သွားလေရာ ရွတ်ဖတ်သရဇ္ဈာယ်ရန် ဟူ၍လည်း ပြောဆိုခဲ့သည်၊ ထိုမှာခဲ့သော စကားကို သင်ကြားလိုသလောဟုမေး၏၊ ဒေဝစ္ဆရာက အိုချစ်သူ၊ သင့်နမ မှာကြားပေးအပ်ခဲ့သော စကားကို ကြားလိုပါသည်၊ ရွတ်ဖတ်ပြန်ပြောပါဟု တောင်းပန်၍ ဤသို့ပြောပြန်၏၊ သစ္စာရှိခြင်းသည် ကောင်း၏၊ မကောင်းကြံခြင်းသည် ယုတ်၏ဟု ကျွန်ုပ်မိခင်အား အကျွန်ုပ်အဖို့ငှာ မှာကြားခဲ့ပါသည်ဟု ပြောပြ၏၊ ထိုစကားကို ဒေဝစ္ဆရာကြားလျှင် အိုချစ်သူ၊ ဤစကားကို အကျွန်ုပ်ကြားရလျှင် အဓိပ္ပာယ်ကို အကုန်အစင်သိရပြီ၊ သင်၏နမသည် သင့်အတွက်ကြောင့် စိတ်ဒုက္ခရောက်၍ သေရသည့်တိုင် သင့်အသက်ကို ကယ်ဆယ်သူဖြစ်ပေ၏၊ အကြောင်းမူကား သင်နှင့်အကျွန်ုပ် နောက်မဆုတ်ဘဲ ထိန်းအုပ်သစ္စာ မေတ္တာမျှတ နဖူးစာပါကြလျှင် သင့်အား မိန်းမတို့ ပရိယာယ်မာယာဖြင့် ဖြားယောင်း အသက်သေဆုံးအောင် သတ်ဖြတ်မည်ဟု အကြံရှိ၏၊

ယင်းသို့သော စိတ်အကြံကို သင့်နမ၏ ကောင်းလှသော စကားကို ကြားနာရ၍ မသတ်ဘဲ နေရလေသည်ဟု ပြော၏။

ထိုအခါ အကျွန်ုပ်က အို ဒေဝစ္ဆရာ၊ သင်သည် အကျွန်ုပ်အား မေတ္တာမပျက် သစ္စာမြွက်၍ အသက်ဆုံးတိုင် အုံးစက်ရာပြိုင်ပြီးလျှင် ခံ့ခိုင်သောသဘောထားဖြင့် တရားအမှန် ပေါင်းသင်းမည်ကြံပါလျက် မဟုတ်မမှန်သော အကုသိုလ်တရားဖြင့် အကျွန်ုပ်အား မည်သည့် အပြစ်ကြောင့် သတ်မည်ကြံလေသနည်းဟု မေး၏။ ထိုအခါ ဒေဝစ္ဆရာက အို ချစ်သူ၊ သင်သည် မိန်းမတို့ ပရိယာယ်မာယာကိုလည်း နားမလည်၊ မိန်းမတို့သည် မတည်တံ့သော သဘောနလုံး ထားရှိကုန်၏၊ အသိအမြင် ဉာဏ်ပညာ အရာရာ၌လည်း မလိမ္မာသောသူတို့ဖြစ်ကုန်၏၊ သင်၏ အတွက်ကြောင့် ရှက်ကြောက်ဖွယ်ရာ ငါလည်းမကောင်း အကြောင်းရှိသမျှ ရင်းမူလကို လောကတွင် နှံ့သိ လူသိရန်ရှိလိမ့်မည်ကို စိုးနောင့်ရှက်ကြောက်၍ သင့်အား အကြိမ်ကြိမ် သတ်မည်ပြုရာ သင့်နမပြလိုက်သော တရားဂါထာကို ကြားနာရသဖြင့် ငါသတိရ၍ မသတ်ဘဲ နေရလေသည်၊ သို့ဖြစ်၍ သင်၏နမသည် အသက်သခင် ကျေးဇူးရှင်ဖြစ်ပေသည်ဟု ပြော၏။

ထိုစကားကို ကျွန်ုပ်ကြားလျှင် အို ဒေဝစ္ဆရာ နတ်သူဇာ၊ သင်ပြောဆိုသော စကားသည် ဟုတ်မှန်လှပေ၏၊ သို့ရာတွင် နေ့ညမကွာ အုံးစက်ရာတွင် ပြိုင်လာယှဉ်ပူး ကြည်နူးမေတ္တာ အသက်ပမာကဲ့သို့ လွန်စွာချစ်ခင်ပြီး စုံမက်ကြသူဖြစ်၍ အကျွန်ုပ်ပင် မလိမ္မာဉာဏ်ပညာ ကင်းမဲ့သော်လည်း ခင်ပွန်းကောင်းဝတ္တရား သူတော်တို့နလုံးကိုမထားဘဲ အကျွန်ုပ်အား အသက်ဆုံးရှုံးအောင် သတ်မည်ကြံသည်မှာ သင်သည် အလွန်ယုတ်ညံ့သော မိန်းမတို့ သဘောသို့ သက်ဝင်သူဖြစ်၍ သင်၏အပြစ်ငရဲကို တလဲလဲအောက်မေ့ပြီးလျှင် သနားလှ သည်ဟု ပြော၏။

ထိုစကားကို ဒေဝစ္ဆရာကြားလျှင် အိုချစ်သူ၊ သင်ပြောသည့်အတိုင်း ဟုတ်မှန်လှပေ၏၊ သို့ရာတွင် နောက်နောင်က အကြောင်းကို ပြန်ပြောင်း ပြောဆိုသော်လည်း တစ်စုံတစ်ရာ အကျိုးရှိတော့မည်မဟုတ်၊ သင်အသက်ချမ်းသာခြင်းနှင့် အကျွန်ုပ်လည်း အပြစ်ငရဲ ကင်းခြင်း များရှိသည့်ပြင် သင်နှင့်ကျွန်ုပ် ဇနီးလင်မယားအဖြစ် ဆက်ဆံပေါင်းသင်းရအောင် ကြံဖန် ထောက်ပံ့ ပေးသော သင့်နမ၏ကျေးဇူးကို စိတ်ကူးတိုင်း သတိရ၍ အလွန်အကျူး ကျေးဇူးတင်လှပါ၏၊ သို့ဖြစ်၍ သင်၏နမကို မြှုပ်နှံသင်္ဂြိုဟ်ရာ သုသာန်သင်္ချိုင်းသို့ သွားပြီးလျှင် ကမ္ဘာအလုံး ပြောမဆုံးအောင် ထုံးရာဇဝင်တင်အံ့သောငှာ ထိုသင်္ချိုင်းရာ၌ အက္ခရာစာတမ်း

ရွှေမင်ဆန်းဖြင့် ကမ္ဗည်းမော်ကွန်းတိုင် ရေးသားထားလိုသောကြောင့် နက်ဖြန်မိုးသောက်လျှင် အကျွန်ုပ်အား လိုက်ပို့စေချင်သည်ဟု ပြော၏။

ထိုစကားကို ကျွန်ုပ်ကြားလျှင် အို နမ၊ သင် ယခုကဲ့သို့ ကျေးဇူးတရားကိုသိ၍ ကျွန်ုပ်နမ၏ သင်္ချိုင်းရာ၌ ကမ္ဗည်းမော်ကွန်းထိုး၍ ထားလိုသည်ဟု ပြောဆိုသော စကားကို ကြားရတိုင်း လွန်စွာကျေးဇူးတင်လှသည်ဖြစ်၍ နက်ဖြန်မိုးသောက်က သင်္ချိုင်းအရောက် ပို့ပါမည်ဟု ဝန်ခံပြီးမှ အို ဒေဝစ္ဆရာ၊ အကျွန်ုပ်နမ မှာကြားခဲ့သော စကားနှစ်ခွန်း၏အဓိပ္ပာယ်ကို အနည်းငယ်မျှ မသိရသေးသော အကျွန်ုပ်အား ပြန်ပြောပါလောဟု တောင်းပန်ရာ တစ်စုံတစ်ခုသော အနက်အဓိပ္ပာယ်ကို ပြန်လှန်ပြောဆိုခြင်းမပြုဘဲ ဆိတ်ဆိတ်နေလေ၏။

ထိုနောက် ညဉ့်အချိန်သို့ ရောက်သဖြင့် သုဓာဘောဇဉ် ချိုချဉ်အရသာတို့ကို မြိန်ရှက်စွာ အတူတကွ စားသောက်ကြပြီးလျှင် တစ်ညဉ့်လုံး ရွှင်ပြုံးဝမ်းမြောက်ဖွယ်ရာ သံသာတီးမှုတ် စည်ပြောတုပ်လျက် လက်ခုပ်ပိုင်ပိုင် စည်းဆုပ်ကိုင်၍ အတိုင်အဖောက် နှစ်ယောက်သီဆို တီးမှုတ်ပြီးလျှင် ပျော်ပါးစံနေကြလေ၏၊ နံနက်မိုးသောက် ရောက်လတ်သော် အကျွန်ုပ်၏ ဒေဝစ္ဆရာသည် အိတ်ထဲတွင် ရွှေအပြည့်ထည့်၍ ကျွန်ုပ်ညွှန်ပြသော ခရီးလမ်းဖြင့် သင်္ချိုင်းသို့ လိုက်လာရာ ခရီးလမ်းစဉ်တစ်လျှောက် တွေ့တွေ့သမျှသော ဖုန်းတောင်းယာစကားတို့နှင့်တကွ အယုတ်အလတ် အမြတ်အရွေး နမ၏ ကုသိုလ်အဖို့ ဆိုပြီးလျှင် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကို ပြု၏၊ သုသာန်သင်္ချိုင်းသို့ ရောက်သောအခါ ဒေဝစ္ဆရာလည်း ပြင်းစွာငိုကြွေးမြည်တမ်း၍ ကမ္ဗည်းအက္ခရာမော်ကွန်းစာများကို ရေးသား၏၊ အကျွန်ုပ်လည်း သုသာန်သင်္ချိုင်းကို မြင်သောအခါ နမမျက်နှာကိုမြင်လာ၍ ငိုကြွေးပြီးလျှင် ဒေဝစ္ဆရာနှင့်အတူတကွ အကျွန်ုပ်ဉယျာဉ်သို့ ပြန်လာကာ ပျော်ပါးနေထိုင်ကြလေသတည်း။

ယင်းကဲ့သို့ ဒေဝစ္ဆရာနတ်သူဇာလည်း စက်ရာယုဉ်ပြိုင် သက်ဆုံးတိုင်ရည်မှန်း၍ ရွှန်လန်းဝမ်းမြောက်စွာ ဆက်ဆံပေါင်းသင်းနေထိုင်ကြရာ တစ်နှစ်ခန့်ကြာလေ၏။

ထို့နောက် ကျွန်ုပ်သည် မိခင်အိမ်သို့ပြန်လာ၍ အမိအား အကြောင်းအရာအလုံးစုံကို ပြန်ပြော၏၊ အမိလည်း မည်သို့မျှမဆိုဘဲ ဆိတ်ဆိတ်နေ၏၊ တစ်နေ့သ၌ အကျွန်ုပ်သည် မိခင်အိမ်၌ နေရသည်မှာ အလွန်ငြီးငွေ့ပြီး နမတော်ကို အောက်မေ့သဖြင့် အလွန် စိတ်ဆင်းရဲ၏၊ ထိုဆင်းရဲကို ပျောက်အံ့သောငှာ အဝတ်ကောင်း အထည်ကောင်းများကို ဆင်ယင် ဝတ်စားကာ သေအရက်ကို သောက်စားပြီးလျှင် ညဉ့်အချိန်သို့ ရောက်သောအခါ

သွားမြဲဖြစ်သောဥယျာဉ်သို့ ထွက်ခွာလာခဲ့ပြန်လေ၏၊ ထိုအခါ မျက်စိလည်လမ်းမှား၍ ဥယျာဉ်သို့ မရောက်ဘဲ နာကီခေါ် လမ်းကြားတစ်ခုသို့ ရောက်သွားသည်။ စာတစ်စောင်ကို လက်ကကိုင်လျက်ရှိသော အမယ်ကြီးတစ်ယောက်ကို ပက်ပင်းပါတွေ့ကြုံရပြီး အမယ်ကြီးက အို မောင်လုလင်၊ ဤစာကို ဖတ်ရှု၍ စာ၌ပါသော အဓိပ္ပာယ်ကို အကျွန်ုပ်အား ပြန်ပြောစေလိုပါသည်ဟု တောင်းပန်၏။

အကျွန်ုပ်လည်း စာကိုယူ၍ကြည့်ရှုရာ အဓိပ္ပာယ်အလုံးစုံကို သိရသည်အတိုင်း အို မိခင်၊ ဤစာသည် အခြားမဟုတ်၊ တစ်ရပ်တစ်ပါးသို့ သွားလာနေထိုင်သော လူတစ်ဦးက မိမိရည်းစားထံသို့ ပေးပို့လိုက်သော စာဖြစ်သည်ဟု ပြောသောအခါ အမယ်ကြီးလည်း ဝမ်းမြောက်ဝမ်းသာ ခြေတစ်လှမ်းနှစ်လှမ်း သွားပြီးလျှင် တစ်ဖန် တုံ့ပြန်လာ၍ အို မောင်လုလင်၊ အိမ်၌ ရှိနေသူ အပေါင်းတို့သည် ၎င်းစာ၏ အဓိပ္ပာယ်ကို မယုံမကြည်ရှိကြ၍ ၎င်းတို့ကို ယုံကြည်စေရန် သင်ခဏလိုက်၍ အဓိပ္ပာယ်ကို ပြန်ပြောစေချင်ပါသည်၊ ဤစာကား အခြားမဟုတ် အကျွန်ုပ်သားထံက စာတည်း၊ ၎င်းသားသည် ကျွန်ုပ်နှင့် ကွဲနေရာ ၁၀ နှစ်ခန့် ရှိ၍ ကွယ်လွန်သေဆုံးပြီဟု ထင်မှတ်လျက်နေကြပါသည်၊ သင်၏နမလည်း သူ့အတွက် နေ့ရက်ရှိသမျှ သောကလှိုက်ဖို ငိုယိုမြည်တမ်းလျက်ရှိနေကြ၏၊ သို့ဖြစ်၍ အို မောင်လုလင်၊ ပူပန်သောက စိုးကြောင့်ကြ၍ နေ့ညမအေး ဆွေးလှသော သူတို့ဒုက္ခကို အမောင်လုလင်ပင် လိုက်၍ ကယ်မစေချင်ပါသည်ဟု တောင်းပန်လေ၏။

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အို အရှင့်သားတော်၊ ထိုစကားကို ကြားရလျှင် ကျွန်ုပ်အတွက် အိပ်စက်မပျော် အာဟာရမသုံး ခွေနွန်းညှိုးခွေ၍ ဆေးဝါသြသဓတို့ဖြင့် ကုသ၍ မရနိုင်သောနမကို အောက်မေ့ပြီးလျှင် ဤသူတို့လည်း ငါနှင့်အလားတူ ပူပင်ဒုက္ခ ရောက်သောသူများတကားဟု စိတ်မှာစွဲ၍ လွန်ကဲသော ကရုဏာတရားဖြင့် အမယ်ကြီးအိမ်သို့ လိုက်ခဲ့ရလေ၏၊ ရောက်သောအခါ ပယင်းပုလဲမျက်ရွဲကို တင့်တယ် သိုက်မြိုက်စွာ ဆင်ယင်၍ထားသော သတို့သမီး တစ်ယောက်ကို တွေ့မြင်ရလေ၏၊ ၎င်းသတို့သမီးက အို မိခင်၊ သဝဏ်ရွှေလွှာဖတ်မည့်သူကား မိခင်နှင့်အတူ ပါလာသောသူပင် ဖြစ်သလောဟု မေး၏၊ အမယ်ကြီးက အို ချစ်သမီး၊ ဟုတ်မှန်လှပေသည်ဟုပြော၍ စာကို ကျွန်ုပ်အား ဖတ်ရန် ပေးလေ၏၊ ကျွန်ုပ်လည်း စာကိုယူလိုက်ရာ အမယ်ကြီးသည် ကျွန်ုပ်အား အိပ်ခန်းတွင်သို့ အတင်းတွန်းထိုးသွင်းလိုက်ပြီးလျှင် တံခါးကို အမြန်ပိတ်လိုက်သည်၊ ထိုအခါ

သတို့သမီးငယ်သည် မိမိနေရာမှ ထလာ၍ အို မိတ်ဆွေဟု ဆိုပြီးလျှင် အကျွန်ုပ်လက်ကိုဆွဲ၍ ဧည့်ခန်းကြီးတစ်ခုသို့ ခေါ်သွားလေ၏။

ဧည့်ခန်းသို့ရောက်သောအခါ သတို့သမီးက အို မိတ်ဆွေ၊ လောက၌အသက်ရှင်၍ နေရခြင်းနှင့် သေ၍နေရခြင်းသည် မည်သည့်အရာက မြတ်ပါသနည်းဟု မေး၏၊ ကျွန်ုပ်က အို နမ၊ မည်သို့ ပြောရသနည်း၊ တစ်နေ့ တစ်ရက် တစ်နံနက်မျှဖြစ်စေ လောက၌ အသက်ရှင်၍ နေရခြင်းသာလျှင် မြတ်သည်ဟုပြော၏၊ ထိုအခါ သတို့သမီးက အို မိတ်ဆွေ၊ ဤကဲ့သို့ အသက်ရှင်၍ နေရကြောင်းကို သင်သိပါလျှင် တစ်နေ့တစ်ရက် တစ်နံနက်မျှဖြစ်စေ လောကီ သုခချမ်းသာစွာ ခံစားစံစားအံ့သောငှာ သင်နှင့်ကျွန်ုပ် မဆုတ်မနစ် ညွန့်သစ်မင်္ဂလာ စက်ရာအုံးပြိုင် သက်ဆုံးတိုင်ပေါင်းပြီးလျှင် ကံအကြောင်းဆုံလိုသည်အတိုင်း ယခုပင် လက်ထပ် မင်္ဂလာပြုစေလိုသည်ဟု ပြော၏။ ထိုစကားကို ကျွန်ုပ်ကြားလျှင် မနော်မယ အကျော်ရသည့် ဇော်တသိဂီ ကုမာရီ၊ ဝစီနှုတ်ဖျား သင့်စကားသည် ရင်းဖျားမူလဖြစ်သမျှကို မသိရမီ ကုမာရီလည်း ပလီမှသား ပျက်စကားဖြင့် နားမချမ်းသာ ပူဆာသောက စိုးကြောင့်ကြအောင် နမတော်သာ မမိန့်ပါနှင့်၊ မေတ္တာမပျိုး သစ္စာညှိုး၍ လန့်စိုးနောင်ရေး ကြံစည်တွေးက အဆွေးကမ္ဘာ ကြီးဗျာပါဖြင့် စိတ်မှာမကူးဝံ့ပါတကားဟု ပြောကာ တောင်းပန် ငြင်းပယ်လိုက်၏။

ထိုအခါ သတို့သမီးက အို လုလင်၊ သင်ကငြင်းပယ်ရမည့် အရာမဟုတ်၊ အကြောင်းမူကား သင်သည် လောက၌ လိမ်လည်လှည့်ဖြားတတ်သော "ဒီလီလက်"၏ သမီးဘေးမှ ကင်းဝေးချမ်းသာ၍ အနာရောဂါမရှိ ပကတိကျန်းမာ သက်ရာအရှည် တည်လိမ့် မည်ဟု ပြော၏၊ ထိုစကားကို ကျွန်ုပ်ကြားလျှင် အို သတို့သမီး၊ လောက၌ လှည့်ဖြားတတ်သော "ဒီလီလက်" ၏ သမီးဆိုသည် မည်သူဖြစ်သနည်းဟုမေးရာ သတို့သမီးက အို မိတ်ဆွေ၊ ယခုထက်တိုင် သင်မသိသေးယောင်တကား၊ သင်နှင့် တစ်နှစ်နှင့်လေးလလောက် ဆက်ဆံ ပေါင်းသင်းနေထိုင်သော မိန်းမတည်း၊ ၎င်းမိန်းမသည် ချစ်မေတ္တာနံ့ အကြံမှောက်မှား မတရားဖြင့် လှည့်ဖြား သတ်ဖြတ်တတ်သော အလေ့ရှိ၍ သင်နှင့်မတွေ့မကြုံမီ လူပေါင်း အရေအတွက်များစွာ သေကြေပျက်စီးခဲ့ကြလေပြီ၊ သို့ဖြစ်ပါလျက် သင်သည် ဤမိန်းမယုတ် လက်က အဘယ်နည်းအားဖြင့် လွတ်လာသနည်းဟု မေး၏၊ ထိုအခါ အကျွန်ုပ်က မိမိဖြစ်ပျက်သမျှအကြောင်း နမ ကွယ်လွန်အနိစ္စရောက်ကြောင်းများကို ပြန်ပြောင်း ပြောဆိုရာ

အို မိတ်ဆွေ၊ သင်၏ ကုသိုလ်ကြီးလှပေ၏ တကားဟု အံ့သြ၍ သက်သေတို့ကို အလယ်၌ ထားပြီးလျှင် အသက်ထက်ဆုံး ပျက်မမှုန်းဘဲ နှလုံးကျွမ်းဝင် ချစ်ခင်ပေါင်းသင်း သွေ့မကွင်း၍ ဇနီးရင်းအဖြစ်ကို ယူအံ့သောငှာ မင်္ဂလာထိမ်းမြားခြင်းကို ပြုလေသတည်း။

ထိုနောက် တစ်နေ့မိုးသောက် ရောက်လတ်သောအခါ ကျွန်ုပ်သည် စက်ရာခန်း အတွင်းမှ ပြင်ပသို့ ထွက်လိုသောဆန္ဒ ရှိ၍ အို ချစ်သူ၊ အကျွန်ုပ်သည် စက်ရာခန်း အတွင်းမှာသာ လျောင်းစက်မွေ့လျော်၍နေရသဖြင့် ညောင်းညာပင်ပန်းခြင်း ရှိလှပြီ၊ အပြင်သို့ အညောင်းအညာပြေ ထွက်သွားလိုသည်ဟု ဆိုသောအခါ သတို့သမီးက အို ချစ်သူ၊ ဤအိမ်ကား သာမညအိမ်မဟုတ်၊ တစ်နှစ်ပတ်လုံးမှ တံခါးတစ်ကြိမ်သာ ပွင့်၍ ယခု တံခါးပွင့်သောအချိန် ကုန်လွန်ခဲ့လေပြီ၊ သို့ဖြစ်၍ သင် အလိုရှိရာမသွားနိုင်၊ အစာရိက္ခာ ရသာချိုချဉ် ဘောဇဉ်လုံလောက်စွာ ရှိသဖြင့် တစ်ယောက်နှင့်တစ်ယောက် မဖောက်သစ္စာ မေတ္တာကိုစမ်း၍ စိတ်ဝမ်းရွှင်ပျော်စွာ စံစားပျော်ပါး၍ နေလေလောဟု ပြောဆိုလေ၏၊ ထိုစကားကို ကျွန်ုပ်ကြားလျှင် စိတ်နှလုံးမချမ်းသာ၍ အိမ်တွင်း၌ ရှိရှိသမျှသောအခန်းတို့ကို လှည့်လည်ကြည့်ရှုရာ သတို့သမီးပြောသည့်အတိုင်း ပိတ်ထားသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်ုပ်ဇနီးက ပြောဆိုသည်မှာ အသက်တမျှ ချစ်မဝသား နှစ်လအရှည် ခဲစိတ်ရည်လျက် ကြုံစည်နက်နဲ တွေ့ကြုံခဲ၍ ဖက်တွဲမောင်နှံ စက်အုံးပျံတွင် ပျော်စံတူကွ ကန္တကလျှဖြင့် ပေါင်းရစေကြောင်း အလာကောင်းသည် ချစ်ဟောင်းမှတ်ထင် မယ့်သခင်၊ ဆင်ခြင်သဘော ပြန်လိုဇောနှင့် အမောထပ်ကာ တံခါးပေါက်ကို ရှာသော်လည်း ပွင့်ဖို့ရာမရှိ၊ ပကတိသက်သက် မပျက်မူလ နောက်တစ်နှစ်ကျလျှင် ဒွါရတံခါး အလိုလိုပွင့်ပြား၍ သင်သွားလိုရာ သွားနိုင်သည်၊ တစ်နှစ်အကြာတွင် သင်နှင့်ကား ကျွန်ုပ်မဆုတ်မနစ် အချစ်မြဲမြံ ဘုံဗိမာန်တွင် ပျော်စံတူကွ နေရမည့်ကိစ္စကိုသာ စိတ်ချ၍ သဘောထားလေလောဟု ပြောဆို၏။

ထိုစကားကို ကျွန်ုပ်ကြားလျှင် ပြန်သွားလိုသောစိတ်လည်း အနန္တ၊ သောကပူလောင် ခုနစ်ဆောင်နေ လှုမ်းလှုမ်းဝေသကဲ့သို့ မကျေမအေးနိုင် ရှိသော်လည်း ပြန်ရမည့်အရေး မမြင်သောကြောင့် မကြင်သော်လည်း ကြင်ယောင်ခင်ယောင်ဆောင်၍ တောင်မြောက်လေးပါး နှစ်ခြိုက်ရာလိုက်စားလျက် ပျော်ပါးနေထိုင်ရာ ဓမ္မတာထုံးတမ်းအရ နှစ်ဦးရင်သွေး သားငယ် ကလေး တစ်ယောက်ကို ရလေ၏။

ထိုအခါ တစ်နှစ်တစ်ချိန်ကျ၍ အိမ်၌ရှိရှိသမျှသော ဒွါရတို့သည် အလိုလို ဟင်းလင်း ပွင့်ကြလေ၏၊ တစ်နေ့သ၌ ညဥ့်အချိန်သို့ရောက်သောအခါ အကျွန်ုပ်မိခင် အိမ်သို့ပြန်သွားလို၍ ဤသို့ခွင့်ပန်၏၊ အသွင်နမူ ရွှေမဥ္ဇူနှင့် ဇမ္ဗူရစ်သွေး ပပမွှေးသည် ကလေးမိခင် လုအယည်၊ သင်နှင့်ကားငါ ရွှေဟသ်ာသို့ မကွာတူကွ ဆက်ဆံကြ၍ မြကတိုးညှောက် သားတစ်ယောက်ကို ချစ်လောက်ဖွယ်ရာ ရကြလေပြီ၊ သို့ဖြစ်၍ သင်၏အချစ် ကျွန်ုပ်၏ အချစ်သည် ပစ်မည်သွေမည် စိမ်းကားမည်ကို မဆိုနှင့်ဦး ဆီးဖြူဖန်ခါး ရှိသျှားပမာ ခံတွင်းမှာလျှင် ငုံကာထားလိုသောစိတ် ရှိကြပြီး ကျွန်ုပ်လည်း တစ်နှစ်ပတ်လုံး မိုးမမြင်လေမမြင် ထွက်ဝင်သွားလာခြင်းမရှိ၊ အိပ်ခန်းတွင်း၌သာ နေရသဖြင့် ညောင်းညာလှပြီ၊ တအောင့်တနား တောင်မြောက်သွား၍ အညောင်းများကို ဖြေလိုပါသည်ဟု ပြောဆို၏။

ထိုစကားကို ဇနီးသည်မ ကြားလျှင် သင်ပြောသည့်အတိုင်း ဟုတ်မှန်လှပေသည်၊ အညောင်းအညာ ပြေအံ့သောငှာ လှည့်ပတ်သွားလာလိုက လှည့်ပတ်သွားလာပါလေ၊ သို့ရာတွင် အဖကိုခင်တွယ်၊ ဤသားငယ်က ဆာကျယ်ခရာ ပူဗျာပါနှင့် လွန်စွာငိုယိုလိမ့် မည်ဖြစ်၍ အလျင်အမြန်ပြန်လာခဲ့စေချင်ပါသည်ဟု ပြောဆို၏၊ ထိုစကားကို ကျွန်ုပ်ကြားလျှင် အို သားကြီးမိခင်၊ သင် ဘယ်သို့ဆိုသနည်း၊ အကျွန်ုပ်၏သားကြောင့် အခြားဒေသ ရပ်ဌာနတွင် တစ်ခဏမျှ မနေနိုင်ပါ၊ မြန်စွာ ပြန်လာခဲ့ပါမည်ဟု ပြောပြီး သားလှကို ပိုက်ပွေ့ချီယူလျက် နမ်းရှုပ်ပြီးလျှင် ထွက်လာခဲ့လေသတည်း။

၎င်းအိမ်မှ ထွက်လာသောအခါ အခြားတစ်ပါးသို့မသွားဘဲ ဒီလီလက်၏သမီးရှိရာ ဌာနသို့ ရှေ့ရှုလာခဲ့လေသတည်း။ ၎င်း၏ နေရာဗိမာန်အိမ်ကြီးသို့ရောက်သောအခါ ၎င်းသည် ထိုင်လျက်နေသည်ကို တွေ့မြင်၍ ကျွန်ုပ်အား ဝမ်းမြောက်ဝမ်းသာ ဤသို့ မေးမြန်း၏၊ အို စည်းစိမ်ဘက်ဖြစ်သော ချစ်သူ၊ ယနေ့ကစ၍ ကာလကိုချင့်တွက်သော် တစ်နှစ်ခန့်ကြာရှိလေပြီ၊ ဤမျှလောက်သော နှစ်ကာလပတ်လုံး မရောက်မလာဘဲ သင်နေသည်မှာ မေတ္တာတုံး၍ မုန်းယောင်တကား၊ မည်သည့်အရပ်သို့ သွား၍ မည်သည့်အရပ်မှာ သင်နေလေသနည်း၊ နေဝင်နေထွက် နေ့ရက်ဆက်၍ လွမ်းမျက်ရည်တတွေတွေဖြင့် သင့်ကိုမျှော်၍သာ နေရလေ သည်တကားဟု ပြောဆို၏။

ထိုစကားကို ကျွန်ုပ်ကြားလျှင် အို ဗိမာန်ကြီးရှင်၊ သင့်ကိုလည်း တစ်နေ့တစ်ရက် တစ်နံနက်မမေ့၊ လွမ်းငွေ့မစဲ မျက်ရည်ရွှဲဖြင့် တလဲလဲပူပန်လျက် ရှိနေသော်လည်း ကျွန်ုပ်၌

မဆုတ်မနစ်သာ၍ ထိမ်းမြားလက်ထပ်ခြင်း မင်္ဂလာကို ပြုနေရသည်အတွက် ဤမျှလောက် ကြန့်ကြာမလာဘဲ နေရပါသည်ဟု ပြောရာ ၎င်း၏မျက်နှာသည် ရွှေစန္ဒာယုန်လကို တိမ်ခ သည့်ပမာ လွန်စွာညှိုးပုပ်၍ မျက်ကြုတ်ကောဓ ဒေါသမာန် ဝင်ကြွသကဲ့သို့ ဣန္ဒြေအနေ အထား ပျက်သွားလေသတည်း။

ဤကဲ့သို့ စိတ်နလုံးမသာမယာ ရှိသော်လည်း ညဥ့်အချိန်တိုင်ရောက်သောအခါ ရှေးကကဲ့သို့ပင် ပျော်ရွှင်စံစား နှစ်ပါးတူစွာ မေတ္တာယှက်သွယ် ကျီစယ်သမှု အနိုင်လုလျက် အတုအပ ပြောဆိုကြ၍ စက်အိပ်မွေ့လျော် ပျော်ရွှင်သောက်စား၍ နေကြလေသတည်း။

နံနက်မိုးသောက် ရောက်လတ်သောအခါ အကျွန်ုပ်ပြန်လို၍ ဤသို့ခွင့်တောင်း၏၊ မြပုဏ္ဏမီ ယုန်းစန္ဒီနှင့်တညီ အသွေးရှုတိုင်း အေးသည့် စိတ်တလေးခင် သော်ကမျှင် ချစ်ကြည်စေတနာ သင့်မေတ္တာကြောင့် ဟသ်ာမောင်နံ တောင်ပံလည်ယှက် ရွှေချိုးငှက်သို့ မိတ်ဆက်အမှန် အသက်ကိုနံပြီးလျှင် သင့်ထံသို့လာရလေသည်တကား၊ အကျွန်ုပ်မိဘများနှင့် ဝေးခြားသွေကွာ တစ်နှစ်တိုင်ကြာသောကြောင့် နှစ်ဖြာမိဘ စိုးကြောင့်ကြ၍ ကြီးလှသောဒုက္ခ အေးစေရန် ခေတ္တပြန်ပါရစေဟု ပြောဆို၏။

ထိုစကားကို ဒေဝစ္ဆရာကြားလျှင် စိတ်ထားမျက်အိုက် ဒေါသမူရိုက်သောကြောင့် မုန်းလိုက်တိုင်း ဤသို့ဆို၏၊ တရားမစောင့် အမှားနောင့်လျက် ယွင်းထောင့်ပျက်ပြယ် သစ္စာကွယ်သည် မိုက်ကျယ်ရိုင်းပြ ဟယ် ငင်ငါ၊ မိတ္တဒုဗ္ဘ အဟုတ်မြော်၍ မသူတော်ဇောလ သင့်ကြင်စနှင့် ကာလတွက်တာ တစ်နှစ်ခန့်ကြာအောင် မေတ္တာထပ်လောင်း ဤကဲ့သို့ ပေါင်းရပြီ၊ အကြောင်းကံနှာ ငါ့မှာဒုက္ခ တစ်နှစ်တိုင်ကွဲရ၍ ဒုက္ခဗျာပါ ရှိစဉ်ခါကို တစ်ညတာ ပေါင်းသင်း၍ မကောင်းစွန့်ထား ပြန်သွားမည့်စကားကို ကြားရတိုင်း ငါချမ်းသာနိုင်မည်လော၊ ဟယ် အချင်းလူမိုက်၊ စရိုက်သလော နင့်မနောကား တောင်သောမြောက်သော စောကြော စစ်ဆေး ရောရစ်ထွေး၍ လေးသည်ပေါ့သည် ကြမ်းကြော့သည်ဟု လှည့်လည်နောက်ရှေ့ မအောက်မေ့ခဲ့၊ မမွေ့မရွှင် မငြင်ငါ့ကို ယွင်းယိုဖောက်ပြား တရားတိမ်းစောင်း မကောင်းမိစ္ဆာ နင်ကစွာ၍ မသမာရိုင်းပြ တိုင်းမဆခဲ့၊ နင်၏နမ အာစီရဟု ရှေးကကျေးဇူး အထူးရှိလျက် သူ့အတွက်ကြောင့် သက်သက်ကြန့်ကြာ မဟုတ်ပါလျှင် လူ့ရွာတွင် ရှည်ကြာထား၍ သင့်တော် မည်မဟုတ်၊ နင့်အသက်ဝိညာဉ်ကို ကင်းစင်အောင် သတ်လိုက်ရတော့မည်ဟု ခြိမ်းခြောက် ပြောဆိုပြီးလျှင် အမျက်ဒေါသအားဖြင့် ငိုယို၍ ပြင်းထန်စွာ အော်ဟစ်လိုက်လေသတည်း။

ထိုအခါ ၎င်း၏ ကျွန်မဆယ်ယောက်တို့သည် ရုတ်တရက်ထွက်လာ၍ အကျွန်ုပ်ကို ဝန်းဝိုင်းဆွဲငင် တုပ်နှောင်ထားကြကုန်၏၊ ၎င်းဒီလီယက်၏ သမီးကလည်း ပြင်းထန်စွာ ရိုက်ခတ်ရမည် အမိန့်ပေးသောကြောင့် ကျွန်မအပေါင်းတို့သည် အကျွန်ုပ်အား ပြင်းထန်စွာ ရိုက်ခတ်ကြကုန်၏။

ထိုအခါ ဒီလီလက်၏ သမီးသည် ဓားတစ်စင်းကို ကိုင်၍ ထလာပြီးလျှင် အကျွန်ုပ်၏ လက်ကိုတင်၍ ဒုစိတ္တိတ မိတ်ဖာလဟု ယုတ်စွတရား အကျင့်မှားသည် မုသားလိမ်ဉာဏ် ဟယ်အကျင့်တန်၊ ရန်စနက်မီး အချက်ကြီး၍ ပျက်စီးစေရန် ငါ့ကိုကြံသည် မတန်စော်ကားလှ လေတကား၊ အကြွားအမော် တရားချော်၍ မမြော်ရှေ့နောက် မထောက်မချင့် လေလွင့်ကျင့်သည် အခွင့်တိမ်းပါး နင်စိတ်ကား၍ ပစ်ထားငါ့ကို မလိုရှောင်ခွာ တစ်နှစ် ကြာသဖြင့် ပူဆာတောက်လောင် ဆွေးရလေသည်တကား၊ သွားမည်ပြန်မည် နင်လိမ်လည်၍ ကြံစည်ယခု ငါသေအောင်ပြုပြန်၍ အမှုထပ်ပွား ဆွေးရန်သာများမည်ကြောင့် ထား၍မလျော် သတ်မှသာတော်တော့မည်ဟုဆို၍ လည်ကိုဓားနှင့်လှီးမည်ပြုလေ၏။

အကျွန်ုပ်လည်း အလွန်ကြောက်ရွံ့တုန်လှုပ်၍ ကွယ်လွန်သေဆုံးသူ နမသင်ကြား မှာထားခဲ့သည့်အတိုင်း လောက၌ သစ္စာရှိခြင်းသည် ကောင်း၏၊ မကောင်းကြံခြင်းသည် ယုတ်၏ဟု ရွတ်ဖတ်သရဇ္ဈာယ်လိုက်ရာ ဒေဝစ္ဆရာ နတ်သူဇာသည် မြန်စွာသတိရ၍ အကျွန်ုပ်ကို လွှတ်လိုက်သဖြင့် အသက်ဘေးမှ ချမ်းသာရခဲ့လေသတည်း။

ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော အို အရှင့်သားတော်၊ ထိုအခါ အကျွန်ုပ်သည် ကြောက်အားလန့်အားနှင့် ရုတ်တရက်ထ၍ ပြေးလာသောအခါ အကျွန်ုပ်၏ ဇနီးအိမ်သို့ ရောက်လေ၏၊ ဇနီးသည်မက အို သားတစ်ယောက်ဖခင် ကျေးဇူးရှင်၊ အသွင် ထူးဆန်းယောင်တကား၊ ဖိုလှိုက်ပင့်သက်ထွက်တော့မည့်နယ် အန္တရာယ်တို့ ကိုယ်ဝယ် တွေ့ကြုံခဲ့ယောင်တကား၊ သားကငယ်ငယ် အဆာကျယ်၍ တာတွယ်သနား တစ်ရပ်တစ်ပါးသို့ သွားမည်ယခု အကြံပြုပြီးသော် အမှုမဒေး ဤရင်သွေးကို ထောက်တွေးစာနာ သင့်သည် တကား၊ သင်အဘယ်အရပ်သို့ ရောက်သွား၍ ဘယ်ပုံဘယ်နည်း ဖြစ်လာခဲ့သနည်းဟု မေးမြန်းသည်။

အကျွန်ုပ်လည်း မျက်စိလည်လမ်းမှား၍ ဒီလီလက်မင်းသမီးထံသို့ဟု ပြောဆိုသောအခါ အကျွန်ုပ်၏ဇနီးသည် ငိုယို၍ အိပ်ခန်းတွင်းသို့ ခေါ်သွားပြီးမှ အထူးထူးသော ပြေပျောက်ရန် စကားတို့ကို ပြောဆိုလျက် စက်မွေ့ရာပေါ်တွင် လဲလျောင်းအိပ်စေလေ၏။

အကျွန်ုပ်လည်း အလွန်ကြောက်ရွံ့တုန်လှုပ်သဖြင့် ရုတ်တရက်အိပ်ပျော်သွားလေ၏၊ အိပ်ရာမှနိုးလတ်သော် မည်သည့်အကြောင်းကြောင့် မည်သို့ဖြစ်ရသည်ဟု သေချာမသိရဘဲ အကျွန်ုပ်သည် ဥယျာဉ်တံခါးဝသို့ ရောက်နေလေ၏၊ ထိုအခါ ဝမ်းသာအားရ မိဘတို့စံရာ အိမ်ဂေဟာသို့ ပြန်လာတော့မည်၊ စိတ်ကရည်လျက် တယုတယ ရှုမဝအောင် တုပချစ်ကြင် နတ်ခင်ခင်ဟု အယဉ်ကဲပို သူဇာပျိုကို ကြည်ညိုမြလေး တံခါးဝေးစေသော အရေးနောက်နောင် ငါအလွတ်ရှောင်တော့မည်ဟု ဖွဲ့နှောင်သော မေတ္တာကြိုးကို ဖြတ်ချိုးသုတ်သင်ပြီးလျှင် မိခင်တို့ စံရာအိမ်ဂေဟာသို့ ပြန်ခဲ့လေသတည်း။

အိမ်သို့ရောက်သောအခါ အကျွန်ုပ်မိခင်သည် အကျွန်ုပ်အား စိုးရိမ်ကြောင့်ကြ တသသိုကြွေး မျှော်လင့်စောင့်စားလျက် နေသည်ကို တွေ့မြင်ရလေ၏၊ မိခင်က အို ချစ်သား၊ ဤမျှလောက် တစ်နစ်ကျော်ကြာအောင် မည်သည့်အရပ်ဌာနသို့ သွား၍ နေသနည်း၊ ငါ့မိငါ့ဘ စိုးကြောင့်ကြ၍ ငါ့အတွက်ကြောင့် ကြီးစွာသောဒုက္ခကို ရလိမ့်မည်ဟု သင်ဆင်ခြင်စဉ်းစား ထောက်ထား ညှာတာသင့်လေသည်တကား၊ သင်သွားသည့်နောက် များမကြာမီ သင်၏ အဖလည်း သင်၏စိတ်ဖောနှင့်ပင် မကျန်းမမာ ဝေဒနာကြီးစွာရ၍ အနိစ္စရောက်ပြီတကားဟု ပြောဆို၏။

ထိုစကားကို အကျွန်ုပ်ကြားလျှင် မိခင်အား ပြေလည်အောင် အကုန်အစင် မပြော မဆိုနိုင်ဘဲ နမထိုင်နေကျဖြစ်သောနေရာ သုံးစွဲနေကျဖြစ်သော ဝတ္ထုများကိုသာ ကြည့်ရှု၍ ငိုကြွေးမြည်တမ်းမိလေ၏။

ထိုအခါ မိခင်က အကျွန်ုပ်အား အကြိမ်ကြိမ် မေးမြန်းသောကြောင့် ဖြစ်ပျက်သမျှ အကြောင်းအရာ အလုံးစုံကို အကုန်ပြန်ပြောရာ မိခင်က သင်ချစ်သားသည် လူတို့ မတွေ့မကြုံအပ်သောအရာကို တွေ့ကြုံခဲ့ရသဖြင့် စိတ်ဖောက်ပြန်၍ ကြီးစွာသောဒုက္ခကို ရချေပြီဟု ဆိုပြီးလျှင် ဆရာကျော် ဆရာကောင်းတို့ကို ပင့်ခေါ်၍ ဆေးဝါးဖြင့် စောင့်ရှောက် ကုသ၍ သက်သာရာကိုရခဲ့၏။

ထိုအခါ ကျွန်ုပ်၏ နမပေးထားခဲ့သော ပိုက်ဆံချည် အထည်လိပ်ငယ်တစ်ခုကို မိခင်က အကျွန်ုပ်အား ပေးအပ်၏၊ ၎င်းအထည်အလိပ်ငယ် အပေါ်၌ အကျွန်ုပ်အား သနားကြင်နာကြောင်းနှင့် နမရေးထားခဲ့သော ကမ္ပည်းအက္ခရာများကို တွေ့ရ၏၊ ၎င်းစာကို ဖတ်ရှုရတိုင်း မိခင်နှင့်အကျွန်ုပ်လည်း နေ့ညမပြတ် ငိုကြွေးမြည်တမ်းရ၏၊ ထိုနောက် မိခင်က အို ချစ်သား၊ သင်၏ စိတ္တဇရောဂါဝေဒနာ ပျောက်ကင်းအောင် ကုန်သည်အပေါင်းတို့ သွားလေရာ မြို့ရွာကို လှည့်ပတ်လိုက်သွားလျက် ကုန်စည်ကူးသန်း ရောင်းဝယ်ရမည်ဟု ပြောဆိုသည်၊ မိခင်စကားအရ ကုန်စည်ကူးသန်း ရောင်းဝယ်ရန် အကျွန်ုပ်လိုက်လာခဲ့၏၊ ယင်းသို့ လိုက်လာခဲ့ပါသော်လည်း ဤအထည်အလိပ်ကို လှစ်ဖွင့်တိုင်း အကျွန်ုပ်နမကို လွမ်းဆွတ် ငိုကြွေးမြည်တမ်းရ၏၊ အို အရှင့်သား၊ အကျွန်ုပ်၌ စိတ္တဇရောဂါဝေဒနာ စွဲကပ်၍ ငိုကြွေးမြည်တမ်းရသည်ကို ယခု အရှင့်သားပင် မျက်မြင်ဒိဋ္ဌဖြစ်ပါတော့သည်၊ သို့ရာတွင် ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အို အရှင့်သားတော်၊ အကျွန်ုပ်၏ စိတ္တဇရောဂါသည် သက်သာပျောက်ကင်းခြင်း မရှိဘဲ တိုးတက်၍သာလာ၏။

ယင်းသို့ တိုးတက်လာသည်မှာလည်း ကန်ပူရ ခေါ် ကျွန်များနှင့် တရစ်ကလယ် ခေါ် ရဲတိုက်များကို ဖြတ်သန်း၍လာမှသာ သာလွန်တိုးပွားလာကုန်၏၊ ထိုကျွန်းတို့သည်ကား အရေအတွက်အားဖြင့် ခုနစ်ကျွန်းရှိ၏၊ ၎င်းကျွန်းများကို အုပ်စိုးစီရင်ရသောမင်း၏အမည်ကား ရာဇီမံတည်း၊ ၎င်းရာဇီမံမင်းကြီး၌ လူလည်းမက နတ်လည်းမမျှ အလှသိင်္ဂီ ကြန်ညီလက္ခဏာ ခြောက်ဖြာအပြစ် ပယ်ခွာလှစ်၍ ချစ်စဖွယ်မှု စံပယ်ဥသို့ အလွန်လှသော "ဒွန်နယား" အမည်ရှိ သမီးတော်တစ်ယောက် ရှိသည်၊ အို အရှင့်သားတော်၊ အကျွန်ုပ်၌ပါသော ၎င်းဆိတ်ရုပ်များကို ဒွန်းနယား မင်းသမီး လုပ်ဆောင်သည်ဟု ပြောဆိုကြသောစကားကို ကြားရသော် အကျွန်ုပ်အား ဒွန်နယား မင်းသမီးကိုသာ တွေ့လိုသော ဆန္ဒရှိ၏၊ ဤသို့သောဆန္ဒကို ပျောက်ကင်းစေကြောင်း ကောင်းစွာရည်သန်၍ အတိုင်းတိုင်း အပြည်ပြည်သို့ လှည့်လည် ရောင်းချသော ကုန်သည်တို့နှင့် အကျွန်ုပ်အတူ လိုက်လာရာ ကုန်သည်တို့သည် ဒွန်နယား မင်းသမီး တိုင်းပြည်သို့ ရောက်ပေါက်ကြလေ၏။

ထိုအခါ ငါသည် မင်းသမီးဒွန်နယားကို ရှုမြင်ရတော့မည်တကားဟု အောက်မေ့၍ သီးသီးပန်းမန် အရံအကာတို့နှင့် ပြည့်စုံသောဥယျာဉ်ထဲသို့ ဝင်ရောက်လှည့်လည် ကြည့်ရှုသည်၊ ၎င်းဥယျာဉ်ထဲ၌ ရှည်ခါဟုခေါ်သူသည် ဥယျာဉ်မှူးဖြစ်၏၊ ၎င်းဥယျာဉ်မှူး

ရှည်ခါနှင့် ကျွန်ပ်တွေ့ရသောအခါ အကျွန်ုပ်က အို ဦးရီး၊ ဤဥယျာဉ်ကြီးရှင်ကား အဘယ်သို့ မည်ရှိသနည်း၊ ဇာတိမျိုးရိုး အဘယ်သို့နည်းဟုမေး၏၊ ထိုစကားကို ဥယျာဉ်မှူးရှည်ခါကြားလျှင် အို လုလင်ပျို၊ ဤဥယျာဉ်ကား အခြားသူဥယျာဉ်မဟုတ်၊ တန်ပူရကျွန်းကြီးကို စိုးအုပ်တော်မူသော ရာဇီမန်မင်းကြီးသမီးတော် ဒွန်နယားမင်းသမီး စိုးပိုင်သော ဥယျာဉ်တည်း၊ ယခု လုလင်နှင့် အကျွန်ုပ်တို့ စိုးပိုင်သော နေရာဌာနလည်း အခြားအလွတ်မဟုတ် ဒွန်နယား မင်းသမီးစံသော ရွှေတပင်တိုင် နန်းပြာသာဒ်အောက်၌ပင် ဖြစ်ကြ၏၊ ၎င်းမင်းသမီးသည် ကောင်းခြင်းငါးရပ် ရုပ်ဓာတ်လက္ခဏာ ဒေဝစ္ဆရာသို့ လွန်စွာလှပခြင်းလည်းရှိ၏၊ တစ်စုံ တစ်ယောက်သော ယောကျာ်းရှုမြင်ရလျှင် မူးယစ်၍လဲပြို မိန်းမောရ၏၊ အသင်လုလင် ဥယျာဉ်သို့ဝင်၍ ရှုမြင်လိုလျှင် ဝင်ခဲ့လောဟု ခွင့်ပေးလေ၏။

ဥယျာဉ်မှူး ရှည်ခါခွင့်ပြု၍ ဥယျာဉ်အတွင်းသို့ အကျွန်ုပ်ဝင်သွား ရပ်နား နေထိုင်သောအခါ အကျွန်ုပ်က အို ဥယျာဉ်မှူး၊ ဒွန်နယားမင်းသမီး လှကြောင်းကို အသင် ဥယျာဉ်မှူး ပြောကြား၍ အကျွန်ုပ်သိရပေပြီ၊ သို့ဖြစ်၍ ထိုမင်းသမီးအား အကျွန်ုပ် ဖူးမြော်နိုင်သောအခွင့်ကို ပေးပါလျှင် ကျေးဇူးအထူးတင်ပါမည်ဟု ခယတောင်းပန်သည်၊ ဥယျာဉ်မှူးက လုလင်ပျို၊ သင် သတိကိုထားနိုင်ပါလျှင် ဖူးရသောအခွင့်ကို ရနိုင်ပါသည်ဟုဆို၍ အကျွန်ုပ်အား ချစ်သနားသဖြင့် စားဖွယ်သောက်ဖွယ် ဘောဇဉ်အရသာတို့ကိုတည်ကျွေး၍ သူနှင့်အတူတကွ စားသောက်ကြလေသတည်း။

ထိုနောက် များမကြာမီ တစ်ပင်တိုင်နန်းပြာသာဒ်မှ အစေခံတစ်ယောက်ထွက်လာ၍ အချင်းဥယျာဉ်မှူး၊ ဤဥယျာဉ်တွင်း၌ တစ်စုံတစ်ယောက်သောသူ ရှိသလောဟုမေးသည်၊ ဥယျာဉ်မှူးက မရှိဟုဆိုသောကြောင့် အချင်းဥယျာဉ်မှူး၊ တစ်စုံတစ်ယောက်သောသူ မရှိလျှင် တံခါးကို ပိတ်လိုက်ဟုပြောဆို၏၊ အို အရှင့်သားတော်၊ ဤအခါက ဥယျာဉ်မှူးအမိန့်အရ အကျွန်ုပ်သည် သူတစ်ပါး မမြင်ရအောင် ပုန်းကွယ်၍နေရ၏၊ ဥယျာဉ်မှူး ရှည်ခါလည်း ဥယျာဉ်တံခါးကို ပိတ်၏၊ များမကြာမီ ဒွန်နယားမင်းသမီး တံခါးမှထွက်လာရာ သူ့ကိုမြင်ရသော အကျွန်ုပ်သည် ရုတ်တရက် မူးဝေမိန်းမော၍ လဲသွားလေသတည်း၊ ဒွန်နယားမင်းသမီးလည်း တံခါးကိုပိတ်၍ များမကြာမီ ဝင်သွားသောအခါ ဥယျာဉ်မှူးလာ၍ အကယ်၍ သခင်မ မြင်ခဲ့ပါလျှင် ငါ့အား ရာဇဝတ်အပြစ် လွတ်နိုင်ပါမည်လောဟုဆို၍ ရေစင်ဆွတ်ဖျန်းမှ သတိရသဖြင့် ထနိုင်လေသတည်း။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အို အရှင့်သားတော်၊ ခါးသေးရင်ချီ ပဒုမ္မနီနှင့် ကြန်ညီလက္ခဏာ နံ့သာကြိုင်ကြိုင် ရွှေလည်တိုင်လည်း ပြိုင်ပြိုင်ဖတ်ရှိမ်း လဲ့လဲ့စိမ်း၍ ခပ်သိမ်းအစာ သုံးသောခါလျှင် ရှုလေရာမြင်နိုင်သောအသား လက်ဖဝါး၊ ခြေဖဝါး ဟသ်ာပြဒါးသွေး စွေးစွေးကွန့်ကွန့် ညွန့်ထက်ညွှန့်၍ အမွှန့်ကုမာ ရတနာက္ကတ္တိ နတ်သုဇိကို မြင်မိသမျှ မြင်လိုလှ၍ အားမရနိုင် ငေးမှိုင်တွေဝေ၍နေသည်ကို ဥယျာဉ်မှူးရှည်ခါမြင်လျှင် လုလင်ပျို အချိန်တော်ပြီ၊ ပြန်ပေတော့၊ ဤဥယျာဉ်၌ အသင်ကြာရှည်နေလျှင် သခင်မသိ၍ ငါနှင့်တကွ အသင်ပါ ရာဇဝတ်မလွတ်ရှိချေတော့မည်ဟု တရားဓမ္မ ဖျောင်းဖျ ပြောဆို ပြန်လွှတ်လိုက်သည့်အတိုင်း အကျွန်ုပ် အနိုင်နိုင်ဆည်ဖြေ ပြန်လာရလေသတည်း။

ယင်းသို့ မကြေမအေးနိုင်၊ မြိုင်ပေဟမဝါ သေလာတောင်တန်း စခန်းအရပ်ရပ်ကို ကျော်ဖြတ်၍လာခဲ့ရာ ဤနေရာဌာန၌ အသင်မင်းသားကိုတွေ့၍ ချမ်းမြေ့ဖွယ်ရာ အကျွန်ုပ်၏ အကြောင်းအရာကို စေ့စုံစွာ လျှောက်ထားပြန်ကြားသည့်အတိုင်း အသင်မင်းသား ချမ်းမြေ့၍ နလုံးတော်တွေ့ပါစေသတည်း။

***

## တာဂျာမူလွတ်မင်းသားနှင့် ဒွန်နယားသမီးအကြောင်း(အဆက်)

တာဂျာမူလွတ်မင်းသားသည် ထိုလုလင်ပျို ပြောဆိုသောစကားကို ကြားရသောအခါ ဒွန်နယားမင်းသမီးအပေါ် စွဲလန်းနေသောစိတ်အာရုံသည် တလုံလဲလဲ ဝမ်းထဲနလုံး ပိုက်ကျုံး ဆည်ဖြေ မရနိုင်အောင်ရှိလေ၏၊ ထိုအခါ တာဂျာမူလွတ်မင်းသားသည် ဒွန်နယားမင်းသမီး အတွက်ကြောင့် ကျောက်စက်စမ်းရေ စီးတွေတွေနှင့် ပင်ခြေနန နွေရတုဝယ် မြမြေရိပ်မြုံ မြိုင်ရဂုံကို အာရုံမရှိ သတိလွင့်ပါး ကာမဂုဏ်အားဖြင့် ဒွန်နယားမျက်နှာကိုသာ အခါခါ မှန်းရှုလျက် နေလေသတည်း။

ထိုအခါ ဒွန်နယားမျက်နှာကို တမ်းကာမျှော်ရှု တောရတုဝယ် ပျော်မှုမပျိုး ရွှေမျက်နှာ ညှိုးသည့်အတိုင်း လုလင်အာဇက်ကို ခေါ်ပြီးလျှင် နောက်ပါအခြွေအရံ ပရိသတ်တို့နှင့်တကွ နေပြည်တော်သို့ ပြန်လာလေ၏၊ ရောက်သောအခါ လုလင်ပျိုအာဇက်အား သင့်လျော်

ထိုက်တန်သော ရာထူးဌာနန္တရကိုပေး၍ မိမိသလွန်ထက်ဝယ် မှိုင်လျက်သာ နေလေတော့သည်။

ထိုအကြောင်းကို ခမည်းတော်မယ်တော်တို့ ကြားသိသောအခါ အို ချစ်သား၊ သင်သည် ရှေးနှင့်မတူ အမူအယူကွဲပြားယောင်တကား၊ အသားဝါရွှေ အနေအခြေတိမ်းပါး မျက်နှာထားမကြည် ကြုံလှီညှိုးနွမ်း ပင်ပန်းသော စိတ်ရှိယောင်တကား၊ အို ချစ်သား၊ သင်၏ ရုပ်ရည်သဏ္ဍာန်သည် အမြန်ပြောင်းလဲသည်ဖြစ်၍ မည်သည့်ရောဂါ၊ မည်သည့်ဝေဒနာဟု သေချာစွာ ထုတ်ဖော်ပြောကြားစေချင်သည်ဟု ပြောဆိုကြသည်။ ထိုစကားကို တာဂျာမူလွတ်မင်းသား ကြားလျှင် ခမည်းတော်မယ်တော်တို့၊ အကျွန်ုပ်၌ အခြားရောဂါဝေဒနာ တစ်စုံတစ်ခုမရှိ၊ ညခါသန်းခေါင် ၁၂ တောင်ဝယ် လက်လက်ဝင်းဝင်း မီးမထွန်းဘဲလင်းနိုင်သော ဒွန်နယားမင်းသမီး၏ အလှကို ကြည်ညိုသဘော အာရုံဇောကြောင့် အမောအဆွေးမှန်းဆတွေးလျက် ငေးယောင်မှိုင်ယောင် စက်ခန်းဆောင်ဝယ် ထူထောင်မရှိ အာဟာမရမသုံးနလုံးရောဂါ ဝေဒနာစွဲကပ်လျက်ရှိတော့သည်ဟု ပြန်ပြောပြ၏။

ထိုစကားကို ခမည်းတော်မင်းကြီးနှင့် မယ်တော်မိဖုရားကြီး ကြားရသောအခါ အို ချစ်သား၊ ဤမြို့တော်၌ ငါတို့ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့၏ သမီးကညာရတနာကို သင်နှစ်ခြိုက်ရာ ရွေးယူလေလော့၊ သို့မဟုတ် မှူးမတ်အရာရှိတို့၏ သမီးကညာရတနာကို သင်နှစ်ခြိုက်ရာ ရွေးကောက်၍ အိမ်ရှေ့မိဖုရားအရာ မြှောက်လေလော့၊ ဒွန်နယားမင်းသမီး၏ တိုင်းပြည်နေရာဌာနသည် အာကာသနှင့် မြေကြီးကဲ့သို့ ခရီးဝေးကွာ သမုဒ္ဒရာပင်လယ် ကာကွယ်တားဆီး ရေခြားမြေခြား ကျွန်းနိုင်ငံခြား၍ အလွန်ကွာဝေးသော ခရီးဖြစ်သောကြောင့် မိုးပေါ်လကို တောင့်တသော လုလင်ကဲ့သို့ ကိုယ်စိတ်ပင်ပန်းအောင် ချစ်သားမပြုနှင့် သတိသမ္ပဇညတရား နလုံးထားဆင်ခြင်လေလော့၊ ၎င်းတို့ကိုမှ သင် ချစ်သား မနှစ်ခြိုက်သေးလျှင် နတ်သမီးတမျှ လှပသောမိန်းမကို ခမည်းတော် ဆောင်ယူလက်ထပ်၍ ထီးနန်းကို နင်းအပ်မည်ဟု ပြောဆိုကြ၏။

ထိုစကားကို တာဂျာမူလွတ်မင်းသားကြားလျှင် ခမည်းတော်မင်းကြီး၊ လူတို့၌ စွဲလမ်းမိသောစိတ်ကို ချိုးနှိမ်တွန်လှန်ခြင်းငှာ အလွန်ခဲယဉ်းပါ၏၊ ထို့ကြောင့် လောက၌ ဥစ္စာစီးပွား ပျက်စီးသောသူ၊ စိတ္တဇရောဂါဝေဒနာ စွဲကပ်သောသူ၊ ခရီးဝေးမှ ရောက်လာစဖြစ်သောသူ၊ သူအို သူငယ်တို့အား ဝမ်းနတ်ဆေးကို မပေးရဟု ဆိုစမှတ်ပြုကြ၏၊ အို

ခမည်းတော် မင်းကြီး၊ အကျွန်ုပ်လည်း စိတ်အာရုံတန်းမှန်းပြီးဖြစ်သော ဤဆိတ်ရုပ်ကို လုပ်ဆောင်သည့် ဒွန်နယားထက်မက မိုးပေါ်ကျနတ်သမီးကိုပင် ဆောင်ယူပေးမည် ဆိုသော်လည်း စွဲလန်းသောဒွန်နယားကို မရလျှင် ၎င်းစိတ်အာရုံကို သိမ်းဆည်းနိုင်မည်မဟုတ်၊ ရွှေဆိတ်ရုပ်ရှင် နတ်သွင်ရိုးမှား ဒွန်နယားကို သားတော်မှချ အကယ်၍မရခဲ့လျှင် ကန္တာရထဲ ခရီးခဲသို့ ထွက်သွား၍ အကျွန်ုပ်အသက်ကို အကျွန်ုပ်သတ်ဖြတ်စီရင်မည်ဟု ဆိုလေ၏။

ထိုစကားကို ခမည်းတော်မင်းကြီးနှင့် မယ်တော်မိဖုရားကြီးတို့ကြားလျှင် အို ချစ်သား၊ ဤမျှလောက်သောမိန်းမနှင့် စိုးရိမ်ကြောင့်ကြမှုကို မပြုသင့်၊ ရှေးကအတိုင်း ဆင်ယင်ဝတ်စား သွားလာလှည့်ပတ်၍ ချမ်းသာစွာ မင်းသားတို့စည်းစိမ်ဖြင့် ခံစား၍နေလေလော့၊ ဒွန်နယား၏ ခမည်းတော် ကန်ပူရမင်းကြီးထံ သံတမန်စေလွှတ်၍ ဒွန်နယားကို တောင်းဆိုပေးအပ်မည်၊ အကယ်၍ ကန်ပူရမင်း ခုခံငြင်းပယ်နေလျှင် စစ်မက်စီရင်၍ ပြိုင်ဆိုင်တိုက်ခိုက်ပြီး ဒွန်နယားကို သိမ်းယူ၍ သားတော်အား အပ်နှင်းမည်ဟု ပြောဆိုကုန်၏၊ ထိုစကားကို တာဂျာမူလွတ် မင်းသားကြားလျှင် ခမည်းတော်မင်းကြီး၊ သည်အတိုင်း မှန်ပါစေ၊ အကျွန်ုပ်သည် ဒွန်နယား အပေါ် စွဲလန်းသောစိတ်ကို ဖြေဆည်ကာ ရှေးကလိုပင် နေထိုင်ပါမည်ဟု ပြန်ပြောလေ၏။

ထိုအခါ မင်းကြီးသည် ဝိဇယာအမတ်ကိုခေါ်၍ အို အမတ်ကြီး၊ သင်သည် အာဇက်ကိုခေါ်၍ ကန်ပူရကျွန်း ရှာဇီမံမင်းကြီးထံသို့ သွားရောက်ပြီးလျှင် ငါ၏အမိန့်တော်ဖြင့် သမီးတော်ဒွန်နယားကို သားတော် တာဂျာမူလွတ်မင်းသားနှင့် ထိမ်းမြားလက်ထပ်ရန် ထည့်အပ်စေလိုကြောင်း သာယာချေငံစွာ ပြောဆိုတောင်းရမ်းရမည်ဟု မိန့်ဆို၏၊ ဝိဇယာ အမတ်ကြီးလည်း မင်းကြီးအား နှစ်သိမ့်စေ၍ ပတ္တမြားစိန်ကျောက် အစရှိသော အထူးထူးသော ရတနာတို့နှင့်တကွ ထည်မျိုး အုပ်မျိုး ဖိုးထိုက်ဖိုးတန်တို့ကို လက်ဆောင်တော်အလို့ငှာ ယူဆောင်၍ တပ်တောင်တာဗိုလ်ပါ အခြံအရံများစွာတို့ဖြင့် အာဇက်ကို ခရီးလမ်းညွှန်ပြစေ၍ ကန်ပူရကျွန်းသို့ ပထမရှေးဦးလူငယ်များကို စေလွှတ်၍ပေးဆက်၏။

ကန်ပူရမင်းကြီးသည် အကြောင်းကိုကြားသိ၍ ခရီးဦးကြိုဆိုရန် မိမိမှူးမတ် အရာရှိတို့ကို နေပြည်တော်က စေလွှတ်၏၊ ကန်ပူရမင်းကြီး၏ မှူးမတ်အရာရှိတို့သည် ခရီးစဉ်အတိုင်း ထွက်ချီလာသော ဝိဇယာအမတ်ကြီးတို့နှင့် ခရီးလမ်းတွင်တွေ့ဆုံ၍ အစဉ်တစိုက် ကြိုဆို ပင့်ဆောင်ခဲ့ပြီးလျှင် နေပြည်တော်သို့ရောက်လျှင် ကန်ပူရမင်းကြီးထံသို့ ဝင်လေ၏၊ ဝိဇယာ အမတ်ကြီးလည်း ဆက်သရန်ဖြစ်သော လက်ဆောင်ပဏ္ဏာရတနာတို့နှင့်တကွ သဝဏ်လွှာ

ရွှေစာကို မင်းကြီးအား ပေးအပ်ဖတ်ရှုစေပြီးမှ နှုတ်ဖြင့်ဤသို့လျှောက်ဆို၏၊ ဘုန်းတော်သခင် အရှင်မင်းကြီးအား ဘုန်းတော်ကြီး၍ သက်ရှည်ပါစေကြောင်း ဘုရားသခင်ထံ ဆုတောင်းလိုက်ပါ၏၊ သို့ရာတွင် ယခုတင်ပြဆက်သွင်းသည့် သဝဏ်လွှာရွှေစာတွင် ပါရှိသည်ထက် အကျွန်ုပ်တို့မင်းကြီး၌ ဆတက်ထမ်းပိုး သားကိုချစ်မြတ်နိုး၍ စိတ်နလုံးမချမ်းမသာ ဖြစ်ရပါသည်၊ သင် မင်းကြီး၏ သမီးတော် ဒွန်နယားမင်းသမီး၏ ကောင်းခြင်းငါးရပ်နှင့်ပြည့်စုံသော သတင်းစကားကို အကျွန်ုပ်တို့အရှင့်သားတော် ကြားသိရသည့်နေ့မှစ၍ စိတ်နလုံးညှိုးနွမ်းပင်ပန်းဆင်းရဲကြီးစွာဖြစ်နေသည်ကို ခမည်းတော်မင်းကြီးနှင့် မယ်တော်မိဖုရားကြီးတို့ မြင်လျှင်ရွှေရင်ကွဲမျှ ပူဆွေးကြောင့်ကြ ရှိသည့်အတိုင်း အကျွန်ုပ်ကိုခေါ်ပြီးလျှင် အချင်းဝိဇယာအမတ်၊ အကြည်တော် ကန်ပူရမင်းကြီးထံ သင်အမြန်သွားရောက်၍ အကျွန်ုပ်၏စကားဖြင့် လည်လည်ပတ်ပတ်ပြောဆိုကာ သမီးတော်ကို တောင်းပါချေဟု စေလွှတ်လိုက်သဖြင့် လာရပါသည်ဟု လျှောက်ထားလေ၏။

ထိုစကားကို ကန်ပူရကျွန်းကြီးရှင်ကြားလျှင် ပေးမြားလက်ထပ်ခြင်းကို မပြုကတစ်ပြည်နှင့်တစ်ပြည် ချစ်ကြည်မြဲမြံသော မဟာမိတ်အဖြစ်မှ ပျက်ကွက်၍ စစ်မက်ဖြစ်ပြီးလျှင် သမီးတစ်ယောက်အတွက်ကြောင့် သတ္တဝါအများ သေကြေနစ်မွန်းရမည်ကိုလည်း စိုးရိမ်ကြောင့်ကြ၏၊ လက်ထပ်ထိမ်းမြားကလည်း သမီးတော်သည် ယာရာဝါသ အိမ်ရာထောင်ခြင်းကို အလိုမရှိသည်ကို သိရပြီးဖြစ်၍ အနိုင်အထက် ပြုလုပ်ထည့်အပ်ရမည်ကိုလည်း ရင်သွေးဖြစ်၍ ချစ်သနားသောကြောင့် စိတ်နလုံး မသက်မသာ လွန်စွာစိုးရိမ်ကြောင့်ကြခြင်းဖြစ်၏၊ သို့ရာတွင် ထိုသောကကို သူတစ်ပါးတို့ မသိရအောင် မင်းတို့ ဣန္ဒြေအနေအထား မပျက်စေဘဲ ဤသို့ဆို၏၊ အချင်းဝိဇယာအမတ်ကြီး၊ အကြည်တော်မင်းကြီးက ယုံကြည်လေးမြတ်သည့် အတိုင်း အမျိုးဆက်လိုကြောင်းနှင့် တောင်းပန်လိုက်သည်မှာ အကျွန်ုပ်လည်း အလွန်သဘောတူ၍ ဝမ်းသာအားရရှိလှပါသည်၊ တစ်ဦးနှင့်တစ်ဦး ထီးသွေးနန်းသွေး ရွေးချယ်ရန်တစ်စုံတစ်ရာရှိကြသည်မဟုတ်၊ မြနှင့်ရွှေ နေနှင့်လကဲ့သို့ သားတော်အဆက် မြစ်တော်အညွှန့်အစွန့်ရှည်စွာ ဆက်လက်စိုးစံ၍ နိုင်ငံကြီးနှစ်ခုလုံးပင် ဂင်္ဂါရေနှင့် ယမုံနာရေ၊ နှစ်ထွေခြားနားခြင်း မရှိသကဲ့သို့ သူ့ပြည် ငါ့ပြည်ဟူ၍ တစ်စုံတစ်ခုခြားနားခြင်းမရှိဘဲ သတ္တဝါတို့ဝပြောသာယာ သာသနာပွင့်လင်းကြောင်း ကောင်းမြတ်သော အရာပင်ဖြစ်ပေသည်၊ သို့ရာတွင် အကျွန်ုပ်တို့ချင်းပြော၍ ကိစ္စပြီးမည်မဟုတ်ကြသေး၊ သမီးကို မေးမြန်း စုံစမ်းပါ

ဦးမည်ဟုဆိုကာ မင်းချင်းတစ်ယောက်ကို ခေါ်ပြီး ဟယ် အချင်း၊ သမီးတော်အား တာဂျာမူလွတ်မင်းသားနှင့် လက်ထပ်မည့်အကြောင်းကို ကြားပြောချေဟု စေလွှတ်လိုက်လေ၏။

မင်းချင်းယောက်ျားလည်း မင်းကြီးအမိန့်အရ မင်းသမီးထံသွားရောက်ပြောဆိုရာ မင်းသမီးသည် အမျက်ဒေါသထွက်လျက် ဟယ် အချင်း၊ သင့်အား ခမည်းတော်အမိန့် မဟုတ်လျှင် ဦးခေါင်းကိုဖြတ်၍ ကွပ်မျက်သင့်ပြီ၊ ခမည်းတော်အမိန့်ဖြစ်၍သာ သင့်အား ငါသည်းခံရတော့သည်ဟု ရေရွတ်မြည်တမ်းပြီး ဤသို့မိန့်ဆိုလေ၏၊ ဟယ် အချင်း၊ ခမည်းတော်ကို သံတော်ဦးတင်လျှောက်လေ၊ အကျွန်ုပ်သည် အိမ်ရာထောင်ခြင်းကို အလိုမရှိဘဲလျက် အနိုင်အထက် နိုပ်စက်၍ အကျွန်ုပ်အား ထိမ်းမြားမင်္ဂလာ ပြုလုပ်ခဲ့လျှင် အကျွန်ုပ်၏ ခင်ပွန်းယောက်ျားကို အသက်ဆုံးရှုံးအောင် သတ်ဖြတ်မည်ဟု တင်လျှောက် လေဟု မှာကြား၍ ပြန်လွှတ်လိုက်လေ၏။

မင်းချင်းယောက်ျားလည်း ကြောက်အားလန့်အားစွာနှင့် မင်းကြီးထံပြန်လာကာ မင်းသမီးစကားကို အကုန်အစင် လျှောက်ကြားပြောဆိုလေ၏။ မင်းကြီးလည်း ဝိဇယာ အမတ်ကိုခေါ်၍ အမတ်ကြီး၊ သမီးတော်ကို အထိန်းတော်အချီတော်များနှင့် ကျိုးကြောင်းညွှန်ပြ ပြောဆိုရာ မလိမ္မာငယ်သူတို့ ဓမ္မတာအတိုင်း ထိမ်းမြားမင်္ဂလာပြုခြင်းကို ငြင်းပယ်၏၊ ငါလည်း သမီးတော်အား တဖြည်းဖြည်းနားချ၍ ပြောဆိုပါဦးမည်၊ အကြည်တော်ဖြစ်သော သင်တို့ မင်းကြီးအား ငါပြောကြားသည့်အတိုင်း အမျက်ရန်ငြိုးမထားအောင် လျှောက်ကြားပါလောဟု မိန့်ဆို၏။

ဝိဇယာအမတ်လည်း ကောင်းပါပြီဟု ဝန်ခံ၍ အာဇက်နှင့်အတူ နိုင်ငံတော်သို့ ပြန်လာရာ ရောက်သောအခါ မင်းကြီးအား ထိုအကြောင်းအရာအလုံးစုံကို အကုန်ကြား လျှောက်လေ၏၊ မင်းကြီးလည်း မင်းတို့၏မာန်ဖြင့် အချင်းဝိဇယာအမတ်ကြီး၊ ငါ၏ ဗိုလ်မှူး တပ်မှူး စစ်ကဲ နာခံ လက်နက်ကိရိယာ ဆင်မြင်းရထားစသည်တို့ကို အသင့် ပြင်ဆင် လေလော့၊ ကိုယ်တော်တိုင် ကန်ပူရကျွန်းကြီးသို့ ချီတက်တိုက်ခိုက် သိမ်းယူတော်မူမည်ဟု မိန့်ကြားလေ၏၊ ထိုစကားကို ဝိဇယာအမတ်ကြားလျှင် အရှင်မင်းကြီး၊ ကန်ပူရနိုင်ငံသို့ ချီတက် တိုက်ခိုက်သိမ်းယူခြင်းငှာ မသင့်ပါ၊ ကန်ပူရမင်းကြီးသည် မိမိသမီးအား အကြည်တော်မင်းကြီး သားတော်နှင့် ထိမ်းမြားလက်ထပ်လိုသောကြောင့် အထိန်းတော်အချီတော်တို့နှင့် အတန်တန်

နားချ ကျိုးကြောင်းပြလျက် ပြောဆိုစေပါသည်၊ သမီးတော်သည် မလိမ္မာငယ်သူတို့ဓလေ့အတိုင်း ခမည်းတော်စကားကို မနာယူ ခုခံငြင်းပယ်၍နေသောကြောင့်သာ ထိမ်းမြားလက်ထပ်ခြင်းကို မပြုရဘဲရှိလေသည်၊ သို့ဖြစ်၍ ကန်ပူရမင်းကြီး၌ တစ်စုံတစ်ခုသောအပြစ်မရှိ၊ သမီးတော်၌သာအပြစ်ရှိသဖြင့် အရှင်မင်းကြီး စစ်မက်ဆိုင်ပြိုင်ချီတက်တိုက်ခိုက် ခြင်းကို မပြုသင့်ပေဟု လျှောက်ဆို၏။

ထိုစကားကို မင်းကြီးကြားလျှင် အမျက်တော်ပြေ၍ သားတော်ကိုခေါ်ပြီးလျှင် အကြောင်းအရာ အလုံးစုံကို အကုန်အစင် ပြန်ပြော၏၊ တာဂျာမူလွတ်မင်းသားလည်း ခမည်းတော်မင်းကြီး၊ အကျွန်ုပ်ဒွန်နယားမင်းသမီးနှင့် ဇနီးလင်မယားအဖြစ် ဆက်ဆံပေါင်းသင်းခြင်း မပြုရလျှင် အရှင်မင်းကြီးသားတော် မင်းသားဖြစ်ရသည့်အကျိုး အဘယ်မှာရှိတော့မည်နည်း၊ ၎င်းဒွန်နယားအား မရ ရအောင် ကုန်သည်အဖြစ်ဖြင့် ကြံဆောင်၍ ၎င်းတို့တိုင်းပြည်သို့ သွားရောက်ကူသန်းရောင်းဝယ်လိုပါသည်ဟု လျှောက်ထားသည်၊ မင်းကြီးက ထိုစကားကို မယ်တော်မိဖုရားကြီးအား တိုင်ပင်၍ နှစ်ဦးသဘောတူ ရွှေငွေ ကျောက်သံပတ္တမြား အထည်အလိပ်အမျိုးမျိုးတို့နှင့်တကွ ဝိဇယာအမတ်ကြီးနှင့် အာဇက်လုလင်ပျိုတို့အား အရပ်ရပ်ကို မှာကြားပြောဆိုပြီး သားတော်အား ခွင့်ပေးလေကုန်၏၊ တာဂျာမူလွတ်မင်းသားလည်း ခမည်းတော်မယ်တော်တို့အား စိုးရိမ်ကြောင့်ကြခြင်း ကင်းအောင် တင်လျှောက် ပြောဆိုရှိခိုးခဲ့ပြီးမှ အထူးထူးသော ရွှေငွေရတနာ အထည်မျိုးတို့ကို ယူဆောင်လျက် ဝိဇယာအမတ်ကြီးနှင့် အာဇက်လုလင်ပျိုတို့ကိုခေါ်ပြီးလျှင် ကန်ပူရကျွန်းသို့ ရှေးရှု ထွက်ခွာလာခဲ့လေသတည်း၊ လုလင်ပျိုတို့သည် တစ်ယောက်နှင့်တစ်ယောက် ရယ်မောဖွယ်ရာ ပြောဆို၍ ခရီးစခန်း လမ်းမြောင်လမ်းကွေ့တို့ကို ဖြတ်ကျော် ကူးသန်းလျက် တဖြည်းဖြည်းလာကြရာ ကန်ပူရပြည်သို့ နေ့ရက်မကြာမီ ဆိုက်ရောက်ကြလေသတည်း။

၎င်းတို့သည် ကန်ပူရပြည်သို့ ရောက်သောအခါ မြို့တွင်းသို့ဝင်၍ ကုန်သည်အပေါင်းတို့တည်းခိုရာစခန်း၌ လေးရက်ခန့်မျှ တည်းခိုနားနေသည်၊ ထိုနောက် အိမ်တစ်ဆောင်ကို ရှာကြံငှားရမ်း၍ နေထိုင်ကြကုန်၏။

ထိုအခါ မင်းသားက အမတ်ကြီး၊ ဤအိမ်၌ ဤကဲ့သို့ နေထိုင်သော်လည်း ဒွန်နယားနှင့် စကားပြောဆိုခွင့်ရရန် အကြောင်းမပေါ်သေး၊ ထိုအရေးကိုကြံပါဦးလောဟု ဆို၏။

ထိုအခါ ဝိဇယာအမတ်ကြီးက အရှင့်သား၊ ဒွန်နယားနှင့် နှစ်ပါးဂဟေ ရွှေနှင့်မြ နေနှင့်လကဲ့သို့ လှပတင့်တယ်စွာ ပေါင်းရဖို့ရာ အကြံတစ်ခုကို ဤသို့ကြံမိ၏၊ ဤမြို့သည် သာမညမြို့မဟုတ်၊ မင်းနေပြည်တော်မြို့တော်ကြီးဖြစ်၍ ခရီးစခန်း လမ်းသေးလမ်းမွှာ ပေတစ်ရာကျယ် လမ်းသွယ်သွယ်တို့တွင် ကြီးကျယ်ခမ်းနားသော ဓာတ်မီးဓာတ်တိုင်ဖြင့် ညှိထွန်း၍ ညဥ့်နေ့မရှိ အတူအမျှ ဖြစ်နေ၏၊ မြစ်ကြောင်းကမ်းနား ကုလား တရုတ် ဦးထုပ်သိုးဆောင်း ကုန်သည်အပေါင်းတို့ ဆိုက်ရောက်ခိုလှုံရာ သင်္ဘောဆိပ်ကြီးနှင့်လည်း ပြည့်စုံ၏၊ လှည်းကုန်သည်၊ မြင်းကုန်သည်၊ အထည်အလိပ် ပခုံးထမ်းခေါင်းရွက် အစရှိသော ကုန်သည်ဈေးသည်အပေါင်းတို့လည်း အပြန်အသွား ဖောက်ကားရောင်းဝယ်ရန် ညဥ့်နေ့မရွေး ဝင်ထွက်သွားလာ ရှိကြကုန်၏၊ မင်းစိုးအရာရှိ၊ လွှတ်တော်ရုံးတော် လူနာရုံကြီး သိပ္ပံကျောင်းတော်ကြီးစသော အဆောက်အအုံတို့နှင့်လည်း ပြည့်စုံ၏၊ ဤသို့ ကျက်သရေမင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံသောမြို့ကြီးတွင် ဈေးကြီး ဈေးငယ် အသွယ်သွယ် ဖွင့်လှစ်ရောင်းချ ရှိနေကြသည့်အနက် လူသူပြည့်နက် စည်ကားသော ဈေးကြီးအတွင်း ဆိုင်တစ်ခုကို ဝယ်ယူ၍ ကုန်ထူးကုန်ဆန်း ချီးမွမ်းလောက်သောအထည်မျိုးကို ခင်းကျင်းတည်ထား၍ အရှင့်သား ရောင်းဝယ်ရလျှင် အရှင့်သား၏ ရုပ်ရည်သဏ္ဌာန် ကြန်အင်လက္ခဏာကို လူဗိုလ်ပါမြင်ကြ၍ အားရရွှင်ပြုံး စိတ်နှလုံးကြည်လင် ချစ်ခင်စုံမက်ခြင်း ရှိကြလျက် မိန်းမ ယောကျ်ား လူအများတို့ လာရောက်ဝယ်ယူကြလတ္တံ့၊ ထိုအခါ အရှင့်သား ကျက်သရေမင်္ဂလာ တိုးတက်၍ ဒွန်နယားမင်းသမီးထံ ရွှေနားတော်ကြားသဖြင့် ရှုမြင်လိုသော စိတ်ဖြစ်၍ အချစ်လက်ဦး စပ်ကူးယှက်တင်လျက် အရှင့်သား အကြံအစည်သည် အလုံးစုံ ပြည့်စုံလိမ့်မည်ဟု ဆိုလေ၏၊ ထိုစကားကို တာဂျာမူလွတ်မင်းသားကြားလျှင် ဝမ်းမြောက်ဝမ်းသာ စိတ်သဘောတူသဖြင့် ရွှေဒင်္ဂါးတစ်ထောင်ကိုယူ၍ ဈေးကြီးသို့ လာလေ၏။

ဝိဇယာအမတ်နှင့် တာဂျာမူလွတ်မင်းသားတို့ ဈေးထဲသို့ဝင်လာကြသောအခါ ဈေးသူဈေးသား ယောကျ်ားမိန်းမတို့သည် တာဂျာမူလွတ်မင်းသားကိုမြင်လျှင် အချင်းတို့၊ ယနေ့ ငါတို့ဈေးထဲသို့ မိုးနတ်သားကိုယ်တိုင် ဆင်းသက်၍ လာယောင်တကား၊ ဤလုလင်၏ ရုပ်ရည်သဏ္ဌာန်မျိုးကို ငါတို့ကန်ပူရကျွန်းကြီး၌ တစ်ကြိမ်တစ်ခါမှ မမြင်ဖူး၊ အချင်းတို့၊ ဤလုလင်ပျိုသည် လူသားလော၊ သို့မဟုတ် နတ်သားလောဟု အချင်းချင်းပြောဆို၍ တစ်ဈေးလုံး အုတ်အုတ်ကျက်ကျက် ဖြစ်ပြီးလျှင် နောက်ကပိုင်းအုံ လိုက်လာကြကုန်၏။

ထိုအခါ ဝိဇယာအမတ်က အိုမိတ်ဆွေတို့၊ ရှည်ခါနေသော ဆိုင်အဘယ်မှာလောဟု မေးရာ လူအပေါင်းတို့က လက်ညှိုးညွှန်ပြ၍ ရှည်ခါဆိုင်အရောက် လိုက်ပို့ကြကုန်၏၊ ရှည်ခါလည်း မိမိဆိုင်သို့ ရှေးရှုလာသော ဝိဇယာအမတ်ကိုမြင်လျှင် အသက်အရွယ် ဂုဏဝုဒ္ဓိကို လိုက်၍ မိမိနှင့်တကွ ကုန်သည်အပေါင်းတို့ပင် ထိုင်ရာမှထ၍ အရိုအသေခရီးဦးကြို ပင့်ဆောင်ခဲ့ပြီးလျှင် မိမိဆိုင်၌ သင့်လျော်လျောက်ပတ်သောနေရာတွင် ထိုင်နေစေ၏။

ထိုအခါ ရှည်ခါက အို ဦးရီး၊ အကျွန်ုပ်ထံသို့ မည်သည့်အကြောင်းကိစ္စနှင့် ကြွလာပါသနည်းဟု မေးသည်၊ ဤဈေးထဲတွင် ဆိုင်ဖွင့်လှစ်ရောင်းချလိုသဖြင့် ဆိုင်တစ်ခုကိုရရန် လာပါသည်ဟု ပြန်ပြောသောအခါ ရှည်ခါလည်း ဝမ်းမြောက်ဝမ်းသာ ကောင်းမွန်လျောက်ပတ်သော ဆိုင်နေရာကို ရွေးချယ်၍ပေးလေ၏၊ ဝိဇယာအမတ်နှင့် ၎င်းတာဂျာမှုလွတ်တို့လည်း ၎င်းဆိုင်သို့ ရှည်ခါနှင့်လိုက်ပါ၍ အခင်းအကျင်းတို့ကို လုပစ္စာစီမံပြီးလျှင် ကုန်ထုပ်ကုန်ဆန်း ပိုးဖဲကတ္တီပါ အဖိုးထိုက် အဖိုးတန်တို့ကို သင့်လျော်ရာ နေရာချထားပြီး ဆိုင်တံခါးပိတ်၍ မိမိတို့လည်း အိမ်သို့ ပြန်သွားကြလေသတည်း။

ထိုနောက် နစ်ရက်မြောက်တွင် ရေမိုးသုတ်သင်၍ အာဟာရ စားသောက်ကြပြီးသော အခါ အစေခံကျေးကျွန်တို့ကို ခေါ်လျက် ဈေးဆိုင်သို့လာကြကုန်၏၊ ရောက်သောအခါ ဆိုင်တံခါးကို ဖွင့်လှစ်၍ ကုန်စည်အထည်ဝတ္ထုတို့ကို သင့်လျော်ရာ အလိုက်သင့် ခင်းကျင်း စေပြီးလျှင် ဆိုင်၏အလယ်၌ ဝိဇယာအမတ်ထိုင်နေဖို့ရာ မွေ့ရာကော်ဇောတို့ကို ခင်းစေ၏၊ ရောင်းချနေသော နေရာ၌ အာဇက်နှင့် တာဂျာမှုလွတ်တို့အဖို့ မွေ့ရာကော်ဇောနစ်ချပ်ကို ခင်းစေ၍ နေထိုင် ရောင်းချကြလေ၏။

ဈေးသူဈေးသားတို့လည်း တာဂျာမှုလွတ်၏ ရုပ်ရည်ကိုမြင်လျှင် ဤလုလင်ပျိုကား ရှေးက ငါတို့နတ်သား ထင်မိပေသည်၊ ယခုမှ လူစင်စစ်ဖြစ်ကြောင်း သိရသည်၊ လူ့ပြည်တွင် ပြိုင်ဘက်မရှိ လုပယဉ်ကျေးလေသည်တကားဟု ချီးမွမ်းအံ့သြ၍ မိမိတို့စိတ်၌ ကုန်စည် ဝယ်လိုသော စိတ်မရှိသော်လည်း တာဂျာမှုလွတ်ကို ကြည့်ရှုရန် ကုန်စည်များကို အသီးသီး အဖိုးပေး၍ ဝယ်ယူသွားကြသည်၊ ဤသို့ဖြင့် တာဂျာမှုလွတ်၏ ဂုဏ်သတင်းသည် တစ်မြို့လုံးနှံ့ သွားလေ၏၊ ဝိဇယာအမတ်လည်း အကြံအစည်ပြုလုပ်လို၍ အိမ်သို့ပြန်သွားပြီးနောက် အာဇက်နှင့် တာဂျာမှုလွတ်တို့သည် ဒွန်နယားမင်းသမီးထံက ကုန်စည်ဝယ်ရန် တစ်ယောက် ယောက် လာလိမ့်မည်ဟု အချင်းချင်းပြောဆို မျှော်လင့်ရောင်းချနေထိုင်ကြလေသတည်း။

တစ်နေ့သ၌ ဒွန်နယားမင်းသမီး၏ အစေခံ အမယ်အိုတစ်ယောက်သည် နောက်ပါ ကျွန်မနစ်ယောက်နှင့်လာ၍ တာဂျာမူလွတ်တို့ ဆိုင်ရှေ့တွင် ရပ်၏၊ အမယ်အိုလည်း တာဂျာမူလွတ်မင်းသားကိုမြင်လျှင် အရောင်အဆင်း သန့်ရှင်းကြည်လင် ရုပ်သွင်လှပ ခြင်းကြောင့် ရုတ်တရက်မေ့လျော့ပြီးလျှင် ဤလုလင်ကား လူလော၊ နတ်လောဟု တွေးတော နေလေ၏၊ ထိုနောက်မှ နတ်မဟုတ်၊ လူစင်စစ် ဖြစ်ကြောင်းသိသဖြင့် အနီးသို့ လာရောက် ပြီးလျှင် အိုလုလင်ပျို အသင်ကား ဤကန်ပူရမြို့သားလော၊ ဤကန်ပူရမြို့၌ သင်ကဲ့သို့သော အဆင်းအသရေကို ဆောင်သော လုလင်တစ်စုံတစ်ယောက်ကိုမျှ မိခင်မမြင်စဖူး၊ ယခုမှသာ အမောင့်ကို မြင်ရပါ၍ ဤမြို့သား ဟုတ်မည်မထင်ဟု ပြော၏။

တာဂျာမူလွတ်မင်းသားက အိုမိခင်၊ မိခင်ထင်မှတ်သည့်အတိုင်း အကျွန်ုပ် ဤမြို့သား မဟုတ်၊ တစ်ပြည်သားဖြစ်၏၊ ကုန်စည်ကူးသန်းရောင်းဝယ်ရန်နှင့် ဤပြည်၏အခြေအနေကို သိရ၍ စိတ်ပျော်မွေ့ရန် ဤအချက်တို့ကြောင့် ခေတ္တလာရောက် ရောင်းဝယ်ဖောက်ကား နေထိုင်သော တစ်ပြည်သားဖြစ်ပါသည်ဟု ပြန်ပြောဆို၏၊ အမယ်အိုက အို လုလင်ပျို သင်ကုန်စည်ရောင်းဝယ်သူဖြစ်လျှင် လူလှရောင်းသည်ဖြစ်၍ ကုန်သည်အမောင်ကဲ့သို့ ကုန်ထူး ကုန်ဆန်းကုန်လှတို့ကို ရောင်းချလိမ့်မည်ဟု မိခင်ထင်တော့သည်ဟု ပြောဆို၏၊ ထိုစကားကို တာဂျာမူလွတ်မင်းသားက နားမလည်၍ တုံ့ပြန်ပြောဆိုခြင်းမပြုဘဲ အာဇက်မျက်နှာကိုကြည့်ရာ အာဇက်လည်း လူရည်လည်သောသူဖြစ်၍ မင်းသားအား မျက်ရိပ်ပြ၏၊ မင်းသားလည်း သတိရ၍ အို မိခင်၊ အကျွန်ုပ် ရောင်းချသောကုန်တို့ကား သာမညဖြစ်သော သူဌေးသူကြွယ် မှူးမတ်အရာရှိ ဆင်းရဲသားတို့ သုံးဆောင်ထိုက်သော ကုန်မဟုတ်၊ ရေမြေကိုစိုးပိုင်သော ဘုရင်မင်းမြတ်နှင့် ဘုရင်မင်းမြတ်၏သမီးတော်များ သုံးဆောင်ထိုက်သော ကုန်စည်များကိုသာ ရောင်းချပါသည်၊ မိခင်သည် မည်သူ့အဖို့ ကုန်စည်များကို ဝယ်ယူမည်နည်း၊ မိခင်ဝယ်လျှင် သင့်လျော်ထိုက်တန်သော ကုန်စည်များကို နှစ်ခြိုက်အောင် ပြသပါမည်ဟု ပြန်လည် ပြောဆို၏။

ထိုအခါ အမယ်အိုက အို မောင်လုလင်၊ မိခင်ဖို့ရာ ကုန်စည်များကို ဝယ်ယူမည်မဟုတ်၊ ရေမြေကို အစိုးရသော ကန်ပူရမင်းကြီး၏ သမီးတော် ဒွန်နယားမင်းသမီးအဖို့သာ ဝယ်ယူရန် လာခဲ့သည်ဟု ပြန်ပြောဆို၏၊ ထိုစကားကို တာဂျာမူလွတ် မင်းသားကြားလျှင် အို မိခင်၊ ဒွန်နယားမင်းသမီးအဖို့ ဖြစ်လျှင် အကျွန်ုပ်သည် မင်းသမီးတို့အသုံးအဆောင် အထည်

ဝတ္ထုသာ ရောင်းချသူဖြစ်၍ အကောင်းဆုံးဖြစ်သောဝတ္ထုကို ပြပါမည်ဟုဆိုပြီးလျှင် အချင်း အာဇက်၊ ဤမိခင်အား မင်းသမီးတို့ သုံးဆောင်သည့် အကောင်းဆုံးသော အထည်ကို ပြပါလောဟု ပြောလေ၏၊ အာဇက်လည်း အကောင်းဆုံးဖြစ်သောအထည်ကို ထုတ်ယူ၍ အမယ်အိုအား ပြလေ၏၊ မင်းသားက အို မိခင်၊ ဤအထည်ဝတ္ထုကို ကြိုက်နှစ်သက်ပါ၏ လောဟု မေး၏၊ အမယ်အိုက လုလင်ပျို ဤအထည်ဝတ္ထုမျိုးကဲ့သို့သော အထည်ကို အမယ်အိုတို့ တိုင်းပြည်၌မမြင်စဖူး၊ အလွန်ထူးဆန်းလှ၍ ကြိုက်နှစ်သက်ပါသည်ဟု ပြန် ပြောသည်၊ မင်းသားက အို မိခင်၊ ကောင်းပြီ နှစ်သက်ရာ ရွေးယူပါလောဟု ဆိုသောကြောင့် အမယ်ကြီးက ရွှေဒင်္ဂါးတစ်ထောင်ထိုက်သောအထည်ကို ရွေးယူပြီးမှ အို လုလင်၊ ဤဝတ္ထုကို အမေကြိုက်နှစ်သက်၏၊ သို့ရာတွင် အဖိုးငွေမည်မျှ ထိုက်တန်သည်ကိုသာ သိလိုသည်ဟု ဆို၏၊ မင်းသားက အို မိခင်၊ ဤအထည်သည် ရွှေဒင်္ဂါးတစ်ထောင် အဖိုးထိုက်တန်၏၊ သို့သော်လည်း ဤမျှလောက်သောအဖိုးကို အကျွန်ုပ်အရေးမထားပါ၊ တစ်ဦးနှင့်တစ်ဦး ကြည်နူးမေတ္တာ စေတနာဖြင့် လာလတ္တံ့သော အနာဂတ်ကာလတွင် အရှည်ဆက်ဆံ ပေါင်းသင်း ရခြင်းအဖို့သာလျှင် ထိုက်တန်သည်ဟု အကျွန်ုပ် ထင်မှတ်ပါသည်၊ သို့ဖြစ်၍ မိခင်ကဲ့သို့သောသူကို အကျွန်ုပ်အဖိုးအခ မယူလိုပါ၊ မိခင်နှင့် ကျွမ်းရသည့်အတွက် ဝမ်းသာ လှပါ၏ဟု ဆိုပြီးလျှင် အဖိုးငွေကိုမယူဘဲ မေတ္တာဖြင့် ပေးကမ်းလိုက်၏။

ထိုအခါ အမယ်အိုကြီးက အို လုလင်၊ သင် ယခုပြုလိုက်သောကျေးဇူးသည် ချီးကျူး ပြောပ၍ မကုန်နိုင်အောင်ရှိပေ၏၊ သင်ကဲ့သို့ လှသောရွှေမင်းသမီးသည်လည်း ဤအထည်ကို မြင်ရလျှင် လက်ကကိုင်ကာ ရွှေစိတ်တော်အလွန်ပါ၍ ဝမ်းသာဝမ်းမြောက်ရှိပါစေဟု ဆုတောင်း ပတ္တနာပြုပြီး အို လုလင်၊ သင်၏အမည်နာမကား မည်သို့မှည့်ခေါ်သနည်းဟု မေး၏၊ မင်းသားက အို မိခင်၊ အကျွန်ုပ်အမည်နာမကား တာဂျာမူလွတ်ဟု မိဘနှစ်ပါးတို့ မှည့်ခေါ်သည့်အတိုင်း လူအပေါင်းတို့လည်း ထိုအမည်ကိုပင် ခေါ်ကြပါသည်ဟုဖြေ၏၊ အမယ်အိုက အို လုလင်၊ သင်၏ အမည်နာမကား သာမညလူသာမန်တို့အား မှည့်ခေါ်သော နာမည်မဟုတ်၊ ဘုရင်ဧကရာဇ်မင်းမြတ်နှင့် ကျွန်ုပ်၏ သားတော်တို့ အမည်နာမ ပါတကား ဟုဆိုရာ အာဇက်က အို မိခင်၊ ၎င်း၏မိဘတို့သည် ကြီးမြင့်သောအမည်နာမဖြင့် မှည့်ခေါ်ကြ ပါသည်ဟု ဆိုသောအခါ အမယ်အိုကြီးက သင်လုလင်ပျိုစကားသည် သင့်လျော် လှပေသည် ဟုဆို၍ အထည်ကိုယူပြီးလျှင် ထိုင်ရာမှထ၍ ပြန်သွားလေ၏။

အမယ်အိုလည်း အထည်ကိုယူ၍ ဒွန်နယားမင်းသမီးထံသို့ပြန်လာရာ ရောက်သော အခါ အို သခင်မ၊ သင် သုံးဆောင်ဖို့ရာ ဤတိုင်းပြည်နိုင်ငံ၌ တစ်ကြိမ်တစ်ခါမျှ မပေါ်စဖူး ထူးဆန်းလှပသော အထည်ဝတ္ထုကို ယူလာပါသည်ဟု ပြောလျက် မင်းသမီးအား ပြ၏၊ မင်းသမီးလည်း ကြည့်ရှုရာ အို အမယ်အို၊ ဤအထည်ဝတ္ထုမျိုး အကျွန်ုပ်တို့ ကန်ပူရနိုင်ငံ၌ တစ်ကြိမ်တစ်ခါမျှ မပေါ်ပေါက်ဖူးသေး၊ အလွန်ထူးဆန်း၏ဟုဆိုကာ အထည်ကို လက်ဖြင့် သုံးသပ်ချီးမွမ်း ပြောဆို၏၊ အမယ်အိုက အို သခင်မ၊ ဤအထည်ကိုရောင်းချသော လုလင်ပျိုသည် အထည်ထက်ပင် ဆယ်ဆတိုး၍ လှပယဉ်ကျေး၏၊ အဇ္ဈာဝေဟင် ထက်ကောင်းကင်က ရှင်နတ်မင်းပင် လာ၍ ရောင်းသောကုန်သည်နှင့် အလားတူ၏၊ အို သခင်မ၊ ဤကုန်သည်မျိုး ဤတိုင်းပြည်သို့ ရောက်ရသည်မှာ သင်၏ဘုန်းကံပါရမီကြောင့် ရောက်ရသည်ဟု အကျွန်ုပ်ထင်၏၊ သို့ဖြစ်၍ အကျွန်ုပ်လည်း သင်နှင့်အတူရှိစေချင်၏၊ ၎င်းကုန်သည်လုလင်ပျိုကို ရှုမြင်ရသောလူအပေါင်းတို့ပင် အံ့သြချီးမွမ်းမေတ္တာကျွမ်းဝင် ချစ်ခင် စုံမက်ခြင်း ရှိကြပါသည်ဟု ပြောလေ၏။

ထိုအခါ မင်းသမီးက အို အမယ်အို၊ သင် ရှုး၍လာပြီ၊ မသင့်မလျော်သောစကားကို အကျွန်ုပ် အားကြားလျှောက်လေ၏၊ သင်အား အပြစ်ဒဏ်ပေးသင့်လှပြီဟုဆိုကာ အမယ်အို လက်က အထည်ကို ယူပြီးလျှင် သေချာစွာကြည့်ရှုပြီးမှ အထည်၏ အရောင်အဆင်းများကို အံ့သြချီးမွမ်း၏၊ အမယ်အိုက အို သခင်မ၊ အကျွန်ုပ် ရှုး၍ပြောသည်မဟုတ်ပါ၊ လူတို့ လုပ်ဆောင်မှုဖြစ်သော ဤအထည်ဝတ္ထု လှပတင့်တယ်ခြင်းကား ပြောပလောက်အောင် မဟုတ်ပါ၊ အထည်ဝတ္ထုကို ရောင်းချသော လုလင်ပျို၏ လှပတင့်တယ်ခြင်းကား သခင်မ မြင်ရက နတ်အသွင်ထင်ပြီးလျှင် ကြည်ရွှင်သောစိတ် ဖြစ်လိမ့်သတည်းဟု ထပ်မံ ပြောလေ၏၊ ဒွန်နယားမင်းသမီးက အို မိခင်၊ ကောင်းလှပြီ၊ သို့ရာတွင် ၎င်းလုလင်ပျိုထံ အမယ်အို သွား၍ မေးချေ၊ အို လုလင်ပျို သင်မည်သည့်အရာကို အလိုဆန္ဒ ရှိသနည်း၊ သင်အလိုဆန္ဒရှိသော အရာကို ပေးမည် ဆိုချေဟု စေလွှတ်လိုက်သည်။

အမယ်အိုသည် တာဂျာမူလွတ်မင်းသားထံ ရောက်သောအခါ မင်းသမီး မှာကြားလိုက်သော စကားအလုံးစုံကို ပြောပြသည်၊ မင်းသားက အလွန်ဝမ်းမြောက်ဝမ်းသာရှိ၍ အို မိခင်၊ အကျွန်ုပ်မှာတမ်းစာတစ်စောင်ကို ဒွန်နယားမင်းသမီးအား ရေးသားပေးပို့လိုပါသည်၊ သင် ယူဆောင်၍ သွားနိုင်ပါမည်လောဟု မေး၏၊ အို လုလင်၊ သင့်ထံကစာကိုလည်း

ယူဆောင်၍ ပို့သမည်၊ ဒွန်နယားမင်းသမီးထံက စာကိုလည်း သင့်ထံရောက်အောင် ယူလာမည်ဟု ဖြေကြားသည်၊ တာဂျာမူလွတ်မင်းသားလည်း မင်တံနှင့် စက္ကူကို အာဇက်ထံတောင်း၍ ဤသို့ စာစီကုံးရေးသား၏။

ရှုပနိကာယ် ဆယ့်ငါးရွယ်ဖြင့် နတ်နွယ်သူဇိ မူအရှိတွင် ဇုတိဇုဏ္ဍာ ပုဏ္ဍမာနှင့် ကြုံလာသန်းခေါင် စက်ခန်းဆောင်မှာ ညှိထောင်ဝင်းဝင်း တန်ဆောင်ကျဉ်းသို့ ထွန်းလင်းကိုယ်ရောင် ရှုတိုင်းပြောင်သည် မှောင်ကိုလုပ်ခွင်း လုယဉ်မင်း၊ ပွင့်လင်းကျက်သရေခင်တို့မြေမှာ ရွှေငွေရဇတ နတ်ပန်းကျသို့ ညနေတစ်ခန်း ညဥ္စတစ်ဆန်းတည့်၊ တင့်မှန်းနန်နက်နေ့ကိုဆက်၍ အုတ်ကျက်ခြွေ ရွှေခြောက်တွေ့ ငြိမ့်ငြိမ့်မောက်စေလိုမ့်က စိမ့်ရရိမ့်မျှသိမ့်သိမ့်ကြွသွား အိမ့်ကြဘယ်ညာ ငြိမ့်ညှင်းသာလျက် ထံတြာငြောင်း ထပ်ပြန်လောင်း၍ အောင်းလည်း ညည်းညည်း စောင်းဖြည်းဖြည်းတည့် နရည်တင့်မော တယောကျည်ကျည် မနော‌ကြည်အောင် ရွှေပြည်ဌာန ကန်ပူရဥ္ဒ ချမ်းမြသာယာဝတီသာနှင့် နိမ္မာမသေ့ တူလှပေ၏၊ စေ့ရည်မူလ ဤဒေသသို့ ဝေးစွခရီး တစ်ပြည်ထီးက ရန်မီးစနက် ဘေးအချက်ကို ငှဲ့ကွက်မညာ စွန့်၍လာသည် သံသာညှင်းပျောင်း နာမငြောင်း၍ ပျော်ကြောင်းဌာနေ မှန်လှပေ၏၊ မကြေနိုင်ရာ ခိုင်တည္ဘာဝယ် ကြိုင်နံ့သာယ စန္ဒာမ၏ ရွှေလပမာ ခင့်မျက်နှာနှင့် ပက်ပါတူစုံ တွေ့မကြုံ၍ မလုံစိတ်တွေး နေ့စဉ်ဆွေး၏၊ အေးစေမေတ္တာ အေးကြောင်းရာလျက် ကရုဏာမူ အရေးယူ၍ ကြည်ဖြူစေကြောင်း ခွင့်ပန်တောင်းသည် ချစ်ပေါင်းမိတ်ဦးမှာ တော်ပုံတည်းဟု ရေးသားပြီးလျှင် အမယ်အိုအား ပေးလိုက်သည်။

အမယ်အိုက အို လုလင်၊ သင်စီကုံးရေးသားသော မှာတော်ပုံသည် အလွန်သာယာချောမောလှပေ၏၊ စကားလည်း သာယာပေ၏၊ သာမည ပို့လင်္ကာဆရာများ ရေးသားစီကုံးခြင်းငှာ မစွမ်းနိုင်အောင်ရှိ၏၊ ဤစာကို ကြားနာရလျှင် ဒွန်နယား၏ စိတ်သည် ဆို့ပိတ်၍ မရနိုင်အောင် မေတ္တာရှိဖွယ် ကောင်းလှပေ၏ဟု ချီးမွမ်းပြောဆို၏၊ မင်းသားလည်း အမယ်အိုကြီးအား အသပြာငွေ ၁၀၀၀ ဆုပေး၍ လွှတ်လိုက်လေ၏။

အမယ်အိုကြီးလည်း စာကိုယူ၍သွားရာ ဒွန်နယားမင်းသမီးထံရောက်သော် စာကိုပေးလေ၏၊ မင်းသမီးလည်း ထိုစာကို ဖတ်ကြည့်ရှုရာ ချစ်သံခင်သံ ကြင်နာသံနှင့် ဆက်ဆံဇနီးမိတ်နှံမှီးလို၍ ယီးတီးယားတား ရေးသားစီကုံးသော စာကို ဖတ်ရှုရလျှင် အမျက်ဒေါသထွက်၍ အမယ်အိုကြီးအား အို မိန်းမကြီး၊ သင်၏ တစ်ပြည်သားသည် အကျွန်ုပ်အား မော်ကြွား

စော်ကားသံဖြင့် အင်မတန် အထင်ကြီး၍ ရေးသားပေးပို့လိုက်လေသည်ဟု ပြောဆို၏၊ အမယ်အိုက အို သခင်မ၊ ပေးလိုက်သောစာအဓိပ္ပာယ် အနက်ဆွယ်လိုက်သော် ဘယ်ကဲ့သို့ ရေး၍ ဘယ်ကဲ့သို့ အပြစ်ရှိသောကြောင့် သခင်မ အမျက်တော်ထွက်ရပါသနည်းဟု မေး၏၊ မင်းသမီးက အို အမယ်အို၊ ၎င်းစာအဓိပ္ပာယ်ကား အကျွန်ုပ်အား ချစ်ယောင်ခင်ယောင် မေတ္တာသံ ကရုဏာသံတို့ဖြင့် အတန်ထိခိုက်အောင် ရေးသားလေသည်တကားဟု ဆို၏၊ အမယ်အိုက သခင်မ၊ နောက်ကို ဤသို့ မရေးဝံ့အောင် စာပြန်လိုက်ပါဟု ပြော၏။

မင်းသမီးက ပြန်စာကို ဤသို့ ရေး၏၊ ကန်ပူရပြည်ကြီးကို အစိုးရသောတော်မူသော ဘဝရှင်တရားမင်းမြတ်၏ သမီးတော် ဒွန်နယားထိပ်တင် အမိန့်ရှိလိုက်သည် တစ်ပြည်သား ကုန်သည်၊ သင်သည် ဧကရာဇာခြင်္သေ့မင်းရှေ့တွင် မလေးမခန့်ဖြတ်သန်းနေသော မြေခွေးပမာ လွန်စွာအတင့်ရဲပြီးလျှင် အလွဲလွဲရေးသားပေးပို့ လိုက်သော စာကို ငါ ရှုမြင်ရလေပြီ၊ လောက၌ သေချိန်တန်သောသတ္တဝါတို့ ဓမ္မတာကား မိမိနှင့်မထိုက်တန်သောအရာကို ကြံမိမှားတတ်သကဲ့သို့ သင်လည်း အချိန်နေ့ရက် စေ့သောကြောင့် လူ့ပြည်၌မနေလို၍ ဤကဲ့သို့သောစာကို ငါ့အား ရေးသားဆက်ဝံ့သည်ဟု ထင်မှတ်သဘောတော်ရလေသည်ဟု စီကုံးရေးသား၍ စာအိတ်နှင့်ထည့်ပြီးလျှင် အမယ်အိုအား တာဂျာမူလွတ်ထံ ပို့စေ၏။

အမယ်အိုလည်း ၎င်းစာကိုယူ၍ တာဂျာမူလွတ်မင်းသားထံ ပေးလေ၏၊ မင်းသား ကလည်း စာကိုဖတ်ရှု၍ ငိုကြွေး၏၊ မိန်းမကြီးက အို လုလင်၊ စာ၌မည်သို့ပါ၍ ငိုကြွေးရသနည်းဟု မေး၏၊ မင်းသားက အို မိခင်၊ မိခင်တို့သခင်မ အကျွန်ုပ်အား အမျက်ဒေါသထွက်၍ ခြိမ်းခြောက် ရေးသားသောစာ ဖြစ်ပါသည်၊ အကျွန်ုပ်လည်း တစ်ပြည်ရပ်ခြား တိုင်းတစ်ပါးက ဖြစ်၍ အလွန်ကြောက်ရွံ့သောကြောင့် ဝမ်းနည်းသဖြင့် ငိုရပါသည်၊ မိခင်လက်စကို မိခင်ပင်ကြံဆောင်မှ ချမ်းသာရပါတော့မည်ဟု ပြော၏၊ ထိုစကားကို အမယ်အိုကြားလျှင် အို လုလင် ဤအရေးကြောင့် ပူပင်ခြင်းကိုမပြုဘဲ ချမ်းသာစွာနေလေလော့၊ မိခင်သည် မောင်၏ အစား အသက်ကိုအသေထား၍ ကြိုးစားဆောင်ရွက်ပါမည်၊ နှစ်သက်လောက်သော မှာတမ်း တစ်ပုဒ်ကို ရေးဦးလောဟု ဆိုပြန်သည်။

ထိုအခါ မင်းသားက ဤသို့ ရေးသား၏၊ တစ်ရွာတစ်မြေရပ်၌နေက ကြာရွှေပဒုံ မှလေးငုံကို အာရုံဝင်စား သတင်းကြားဖြင့် စကားကြည်ညို တွေ့မြင်လို၍ နဂိုကြော့ကြော့ ညိုပျော့ပျော့ကို လိုတော့လိုက်မည် တွေးဆရည်၍ ကြံစည်စိတ်ကူး မိတ်နှံဦးဟု ကျေးဇူး

တည်တည် ထင်မိသည့်တည့်၊ ဉာဏ်ရည်ဉာဏ်စ ရွှန်းရွှန်းပလျက် သွန်းမြနိတုံ ရွှေဝတ်မှုံက ဆွေးကြုံဗျာပါ မကြင်နာ၍ ငါသာငါသော နင်မပြောနှင့် ခင်စောညာဆွေ မိန့်ရက်လေသည် သတ်သေမှအေးတော့မည်တကား။

မင်းသားသည် အမယ်အိုကြီးအား စာကိုဖတ်ပြသည်၊ အမယ်အိုကြီးက အို မောင်လုလင်၊ ယခင်မှာတမ်းထက် သနားစရာ အလွန်ကောင်း၏၊ လင်္ကာအဆို သာယာ ပြေပြစ်ခြင်း ရှိ၏၊ ဤလင်္ကာကိုကြားရလျှင် မုချ ရွှေဘဝင်စိမ့်လိမ့်မည်ဟု ထင်၏၊ ဤလင်္ကာ များကို စီကုံးရေးသားနိုင်သည်ဖြစ်၍ အမောင်လုလင်သည် စာဆိုတော်များ လုပ်ဖူးယောင် တကားဟု ဆိုပြီးလျှင် စာကိုယူ၍ ဒွန်နယားမင်းသမီး ထံသို့ ဆက်သလေ၏။

မင်းသမီးက စာကိုဖတ်ရှုရာ ရေးကထက်ပင် အမျက်ဒေါသထွက်၍ ဟယ် အမယ် အိုကြီး၊ သင့်လူသည် ရေးကထက်ပင် တိုး၍ ငါ့အား မခန့်လေးစား ရေးလေသည်၊ သင် သွား၍ ပြောချေ၊ နောက်တစ်ဖန် ဤကဲ့သို့ရေးလျှင် ဦးခေါင်းကိုဖြတ်မည်ဟု အမိန့်ရှိလိုက်ကြောင်းနှင့် ပြောချေဟုဆိုရာ အမယ်အိုကြီးက အို သခင်မ၊ နှုတ်မိန့်ထက် စာဖြင့် ရေးသားရလျှင် ထိုလုလင်သာ၍ စိုးရိမ်ကြောင့်ကြသဖြင့် နောက်တစ်ဖန် ရေးသားဝံ့မည်မဟုတ်ပါဟု ပြောပြ လေသည်။

ထို့ကြောင့် မင်းသမီးကိုယ်တိုင် ဤသို့စာရေးသား၏၊ ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော ကန်ပူရမင်းကြီး သမီးတော် ဒွန်နယားထိပ်ခေါင်တင် အမိန့်ရှိလိုက်သည် တစ်ပြည် သား ကုန်သည်၊ သင်သည် မြင်းမိုရ်တောင်ကို ဆီးစေ့နှင့်ပစ်၊ ရွှန်းသစ်သည့် မိုးပေါ်လကို ခွေးဟောင်၊ ယောင်တောင်တောင်နှင့် မိုက်မှောင်မောဟ ပုဆိုးခြုံတွင်းက လက်သီးပြသကဲ့သို့ အဖက်မမျှသော ငါကေရာဇ်မင်းမြတ်၏ ရင်သွေးကို မြတ်လေးကြင်နာသံ စုံမက်သံနှင့် အတန်တန် စာရေးသားပေးပို့သော်လည်း ဘုရားသခင် ရွှေမျက်နှာတော်ကို ထောက်၍ ဤမျှလောက် ဆိုးသွမ်းမိုက်မဲသောသူ၏ ဦးခေါင်းကိုမဖြတ်ဘဲ သည်းခံတော်မူသည်၊ နောက်ကို ဤကဲ့သို့ စာရေးသားပေးပို့ငြားက သွားမြဲလမ်းသို့သွားစေ၊ ဒွန်နယားမင်းသမီး အမိန့်တော်ဟူ၍ ရေးသားပြီးလျှင် အမယ်အိုကြီးအားပေးပို့ရန် စေလွှတ်လိုက်၏။

အမယ်အိုကြီး မင်းသားထံသို့ ရောက်သောအခါ စာကိုပေး၍ ဖတ်ရှုကြည့်ရာ မင်းသားလည်း ရှေးနည်းအတူ ငိုကြွေးမြည်တမ်း၏၊ အမယ်အိုကြီးက အို မောင်လုလင်၊ အဘယ်ကြောင့် မျှလောက်ပူပန် ငိုကြွေးရသနည်း၊ မောင်၏ကိုယ်စား မိခင်၏အသက်ကို

အသေခံပါမည်၊ မစိုးရိမ်ပါနှင့်၊ ရှေးကထက်တိုး၍ နှစ်သက်ဖွယ် ကောင်းလောက်သော စာကို စီကုံးရေးသားဦးလောဟု တိုက်တွန်း၍ တာဂျာမှူလွတ်မင်းသားက မှာတော်ပုံကို ဤသို့ စီကုံးရေးသား၏၊ သသက်ဝိဟာ တာရာရုံတင့် ယုန်နန်းပွင့်သို့ မြင့်ကျက်သရေ ပူဘူးနတ်ကယ် မှတ်မထင်နေသောကြောင့် ပွေသမျှဗျာလျှံကို လွှာသဟံဆင့်ညွှန်း၍ တင့်ခွန်းပုံသရပါတော့ မယ်၊ နေနွယ်မျိုးမြစ် ကတိုးနှစ်ကို တိုးချစ်မေတ္တာ စွန့်စား၍လာခဲ့သည်၊ မကြင်နာဖွဲ့ သနားမဲ့၍ အားငဲ့စရာ လုကညာကို ဖန်ခါစေ့ရေ ထွေထွေချင့်တွက် တင်ပါလျက်ကို တစ်ခက်ဝတ်မှုံ ဘေးဖြစ်မည့်ပုံသို့ အာရုံမပျော့ ဇာဘုံကျော့က ငုံဖော့စကဝါ မိန့်ရက်ရှာသည် တစ်ရွာရပ်ခြား တိုင်းတစ်ပါးက ကိုးစားမဲ့သူ ပူထက်ပူ၍ ဘူမဏ္ဍလေ ကမ္ဘာမြေတွင် စံတဆွေလှ မပေါင်းရလျှင် မုချဧကန် သုသာန်ဌာန ဇီဝိန်ကျအောင် စိန်အလှသတ်တော်မူစေချင်ပါသည်။

အမယ်အိုက အို ချစ်သား၊ သင်၏ လက်ာကိုကြားရလျှင် ငါအမယ်အိုပင် ပီတိစိမ့်၍ ကြက်သီးဝှန်မျှထလျက် ရှိ၏၊ ဒွန်နယားကား ကိလေသာ ကာမဂုဏ်ကင်းလျှင်ဖြင့်သာ မနှစ်သက်ရှိနိုင်မည်၊ ကိလေသာမကင်းက မုချပီတိဖြစ်ရမည်၊ ငါ့သားသည် လူကကြော့ကြော့ စာဆိုက ပျော့ပျော့ အချော့အချီ အလွန်ကောင်းလှပေ၏တကားဟု ဆိုပြီးလျှင် စာကိုယူ၍ သွားလေ၏။

သို့ရာတွင် အမယ်အိုကြီးသည် ၎င်းစာကို မင်းသမီးအား တိုက်ရိုက်မပေးဘဲ မိမိဆံထုံး ထဲတွင်ထည့်ပြီးလျှင် မင်းသမီးထံ သွား၍ ဤသို့ပြောဆို၏၊ အို သခင်မ၊ အကျွန်ုပ်သည် သခင်မ၏စာကို သွားရောက်ပေးပို့ရသဖြင့် ဦးခေါင်းပင် မလျှော်ရဖြစ်နေ၏၊ သို့ဖြစ်၍ အကျွန်ုပ်ဆံပင်သည် ဖြေရှင်း၍မရ ဂျပ်ခဲဖြစ်ကုန်ပါပြီ၊ သခင်မ ကြည့်ရှုတော်မူပါလော့ဟု ဆို၍ ဆံထုံးကိုပြ၏၊ မင်းသမီးက ဆံထုံးကို ရုတ်တရက်ဖြေလိုက်ရာ စာသည်အောက်သို့ လျှောကျ လေ၏၊ ထိုအခါ မင်းသမီးက အမယ်အို မည်သည့် စက္ကူနည်းဟုမေးရာ အကျွန်ုပ် ထိုစက္ကူအကြောင်းကို တစ်စုံတစ်ရာမသိရ၊ သခင်မစေခိုင်း၍ ဆိုင်သို့ရောက်သောအခါ ဆိုင်ကပြီလျက်ပါဟန် လက္ခဏာရှိပါသည်ဆို၏။

မင်းသမီးလည်း စာကိုဖွင့်လှစ်ဖတ်ရှုသောအခါ ရှေးယခင်က ရေးသားသောစာများ ထက်ပင် မေတ္တာသံကရုဏာသံ အားကြီး၍ အို အမယ်အို၊ ဤဉာဏ်ကား သင် အမယ်အို၏ ဉာဏ်တည်း၊ ဤကုန်သည်လုလင်၏ နေရပ်ဌာနကိုလည်း အကျွန်ုပ်မသိ၊ မျက်နှာကိုလည်း မမြင်စဖူး၊ သာမညလူတို့ကြံဝံ့ခဲသော အကြံကြီးကို ကြံစည်လေတကား၊ ၎င်းကုန်သည်သည်

စာဆိုအရာ လင်္ကာပြေပြစ် သာယာခြင်းလည်း ရှိ၏၊ အလွန်လည်း ချီးမွမ်းဖွယ်ကောင်း၏၊ သို့ရာတွင် သူနှင့် ဤကဲ့သို့ စာပေးစာယူပြုလုပ်မှုကို သူတစ်ပါးတို့ကြားသိက များစွာ အပြစ်တင်၍ ခမည်းတော်မင်းကြီး အရှက်တော်ရဖို့ရာ ဖြစ်လေသည် ပြော၏၊ အမယ်အိုက အို သခင်မ၊ ခမည်းတော်မင်းကြီး၏ ဘုန်းတန်ခိုးအာဏာကြောင့် မည်သူတစ်စုံတစ်ယောက် ပြစ်တင်ကဲ့ရဲ့မှုကို ပြုဝံ့ပါအံ့နည်း၊ ဤလုလင်သည် စာစီစာဆို အနန်းအဖွဲ့၌လည်း အလွန် ကျွမ်းကျင်လိမ္မာလှ၏၊ မျက်နှာဣန္ဒြေ အနေအထားမှာလည်း မင်းသားမက မိုးပေါ်ကျသို့ အလွန် လှပတင့်တယ်၏၊ ပေးကမ်းမစလေ့ရှိပြီး သနားခြင်း၊ အထိုက်အတန် ဂုဏ်ထူး ဝိသေသကို သိခြင်း၊ သာယာချေင်စွာ ပြောဆိုလေ့ရှိခြင်း တည်းဟူသော ဂုဏ်တို့ကြောင့် မြင်မြင်သမျှသော မိန်းမယောက်ျားအပေါင်းတို့ပင် မေတ္တာချစ်ခင် ကြင်နာစုံမက် ရှိကြကုန်၏၊ သို့ဖြစ်၍ သာမည ယောက်ျားမဟုတ်၊ လူအာဇာနည် ဖြစ်သည်အတိုင်း သခင်မလည်း ကြည့်ရှုမစခြင်းကို ထိုက်သည်အားလျော်စွာ ပြုသင့်ထိုက်မည်ထင်ပါသည်ဟု ကောက်ပင် ရိတ်လှီး စကားဖြင့် ပြောဆိုလေ၏၊ ထိုစကားကို မင်းသမီးကြားလျှင် အို အမယ်အို ဤအမှုသည် သင်၏ ဉာဏ်ချည်းပင် ဖြစ်တော့သည်ဟု ပြောဆိုလေ၏။

ထိုနောက် အမိန့်စာကို ဤသို့ရေးသား၏၊ ဒွန်နယားထိပ်ခေါင်တင် တစ်ပင်တိုင် နန်းပြာသာဒ်ရှင် အမိန့်တော်ရှိလိုက်သည် တစ်ပြည်သား ကုန်သည်ယောက်ျား၊ လူ့ကပ်ပါး တစ်ပြည်သား ဖြစ်သည်နှင့်အညီ နိပ်စက်ညှဉ်းပန်းရာ ရောက်မည်ကြောင့် မောင်မင်းအား ငါချမ်းသာ ပေးသနားတော်မူသည်ကို ဂရုမထား အလေးမမူရှိသောကြောင့် မောင်မင်းသည် ငါကဲ့သို့သော တစ်ပိုင်တိုင် နန်းပြာသာဒ်ရှင်ကို ကြင်ဟန်ချစ်ဟန်စကားနှင့် စာရေးသား ပေးပို့လေသည်၊ သေမည့်ကျား တောပြောင်းဟူသော စကားကဲ့သို့ မောင်မင်းလည်း သေချိန် တန်၍ ငါတို့ပြည်သို့လာပြီးလျှင် ငါကဲ့သို့သောမိန်းမကို စော်ကားဝံ့သည်ဟု ငါအယူတော် ရှိသည်၊ သို့ဖြစ်၍ မောင်မင်းသည် မိမိအသက်ကို မိမိနမြောသေးလျှင် နေရပ်သို့ အသာအယာပြန်ရမည် တစ်ပြည်သားကုန်သည်။

ဤအမိန့်စာကိုရေးပြီးလျှင် အမယ်အိုကြီးအား မင်းသားထံ စေလွှတ်ပေးပို့စေ၏၊ အမယ်အိုလည်း စာကိုယူ၍ မင်းသားအား ပေးလေ၏၊ မင်းသားလည်း ဖတ်ရှု၍ ဝိဇယာ အမတ်ကြီးအား အကြံအစည်ပေးပါဦးဟုတောင်းဆို၏၊ ဝိဇယာအမတ်ကြီးလည်း စာပြန်၍ ပေးဦးဟု အာဇက်ကို စာစီကုံးရေးသားစေရာ အာဇက်လည်း စာစီကုံးရေးသား၏၊ အာဇက်

ရေးသားသည့်စာကို တာဂျာမူလွတ် မင်းသားလည်း ကြိုက်နှစ်သက်၏၊ အမယ်အိုကြီးလည်း အို မောင်လုလင်တို့၊ သင်တို့နှစ်ဦးသည် အဘယ်ဘုရင်ထံ၌ စာဆိုတော် လုပ်ခဲ့ဖူးလေသနည်း၊ သို့မဟုတ် သတင်းစာဆရာပင် လုပ်ခဲ့ဖူးလေသလော၊ သို့ရာတွင် သတင်းစာဆရာကား စကား ပြေမျှသာ စာကုံးနိုင်ကြမည်ဖြစ်၍ သတင်းစာဆရာလည်း ဟုတ်မည်မထင်၊ စာဆိုတော်ဟု ထင်၏၊ သင်တို့နှစ်ဦး၏စာကို နှိုင်းယှဉ်ကြည့်သည်ရှိသော် အမောင်တာဂျာစာက လင်္ကာအဆို ပျော့သည်၊ အမောင်အာဇက်က လင်္ကာအဆိုမာသည်၊ ဤမျှလောက်သာ လွဲသည်၊ မိခင်လည်း ချစ်သူတစ်ဦးထံ ဤမင်္ဂလာမျိုးတစ်ပုဒ်လောက် ရေးပေးရလျှင် မိခင်ထံမလာဘဲ သွေ့ရှောင်နေသောသူသည် အမြန်လာလိမ့်မည်ထင်၏၊ စာတစ်ပုဒ်စီ စီကုံးရေးသားဖွဲ့နွဲ့ ရေးသားပေးစေချင်သည်ဟုဆို၍ စာကိုယူပြီးလျှင် မင်းသမီးထံသို့ သွားရောက်ဆက်သလေ၏၊ မင်းသမီးလည်း စာကိုဖတ်ရှုတ်ကြည့်ရှုပြန်ရာ အလွန်အမျက်ဒေါသထွက်၍ ဟယ် အချင်းတို့ ဤအမယ်အိုကို ဝိုင်းဝန်းရိုက်နှက်၍ နှင်ထုတ်ကြရမည်ဟု အမိန့်ပေး၏။

ကျေးကျွန်တို့လည်း အမယ်အိုကြီးကို နာကျင်စွာ ရိုက်နှက်ပြီးလျှင် တစ်ပင်တိုင် နန်းပြာသာဒ်မှ ထုတ်နှင်လိုက်ကြကုန်၏၊ အမယ်အိုကြီးလည်း မိမိအိမ်သို့ ပြန်လာ၍ တစ်ညဉ့် အိပ်ပြီးလျှင် နံနက်မိုးသောက် ရောက်လတ်သော အခါ တာဂျာမူလွတ်မင်းသား ထံသို့သွား၍ အကြောင်းမျိုးစုံကို ပြန်ကြားပြောဆိုလေ၏။

ထိုအခါ မင်းသားက အို မိခင်၊ ဤမိန်းမသည် အဘယ့်ကြောင့် ယောက်ျားများကို ဤမျှ လောက် မုန်းရလေသနည်းဟု မေး၏၊ အမယ်အိုကြီးက အို အမောင်လုလင်၊ ကြောင်းကျိုးမဲ့ ယောက်ျားများကို ဤမျှလောက် မုန်းသည်မဟုတ်၊ အကြောင်းမူကား အိပ်မက်တွင်မြင်သော ခိုဖို ခိုမတို့အရေးကို ချင့်တွေးခေါ်၍ ယောက်ျားဟူက ဤသဘောဓမ္မတာတည်းဟု တွေးဆ ပြီးလျှင် ဤမျှလောက် မုန်းနေလေသည်၊ အို အမောင်လုလင်၊ ဒွန်နယားမင်းသမီး မြင်မက်သော အိပ်မက်ကို အကျွန်ုပ် ပြန်ပြောမည်၊ ကောင်းမွန်စွာ နာပါလော့။

တစ်ရံရောအခါ ညဉ့်အချိန်၌ သလွန်ညောင်စောင်းတွင် လျောင်းစက်အိပ်နေတော်မူရာ မုဆိုးတစ်ယောက် ထောင်၍ထားသော ပိုက်ကွန်ထဲ၌ ခိုဖိုမမောင်နှံတို့သည် ဝဲပျံလာကာ လည်နွဲ့ကာဖြင့် အစာရမွှက် တပ်နှစ်သက်၍ ပိုက်ကွန်ထဲ၌ ရှိသောအစာကို တူနှစ်ဖြာ ဆင်းသက် စားသောက်ကြလေသည်၊ ထိုအခါ မုဆိုး၏ ပိုက်ကွန်သည် ခိုမကိုမမိ ခိုဖိုကို ငြိသဖြင့် မရှိဆွေးပူ အရေးယူပြီးလျှင် သည်းအူပြတ်မျှ ခိုမငိုကြွေးသည်၊ ခိုဖိုက အချင်းဇနီး

ခင်ပွန်းမ၊ ငိုယိုသော်လည်း မုဆိုးဘေးမှ ငါလွတ်နိုင်မည်မဟုတ်၊ သင်ဆောင်ရွက်ရန် လုံ့လ ဝီရိယသာလျှင် ဘေးလွတ်ကြောင်း ဖြစ်ချေသည်ဟုဆိုရာ ခိုမလည်း သံသာကျူးရင့် တောင်ပံဖွင့်လျက် မိုးမြင့်အဇ္ဈာ အာကာဘုံဦး လေဟူးဟူးဖြင့် ကြောက်မူးဝဲကာ လက်ရှိရာသို့ သက်လာပြီးလျှင် သူချစ်လင်၏ခြေတွင် ငြိနေသောပိုက်ကြိုးကို နှုတ်သီးဖြင့် ထိုးဖြတ်ရာ ခိုဖိုလွတ်လေ၏၊ ထိုနောက် မကြောက်ဝံ့စား သနားချစ်ကြင် လင်ကိုညှာတာ သက်စွန့်ရှာသော ခိုမကို မုဆိုးကဖမ်းမိပြန်ရာ ခိုဖိုသတ္တဝါသည် ညှာတာသနား ထောက်ထားခြင်းမရှိ မိမိ လွတ်ကြောင်း ကောင်းကင်ဝေယံ ထက်နဘံသို့ ဝဲပျံပြေးသွားသဖြင့် ခိုမကား မုဆိုးလက်တွင် သေရလေသတည်း။

ဤအကြောင်းကို မြင်မက်၍ ဒွန်နယားမင်းသမီး စက်ရာမှလန့်နိုးလျှင် ယောက်ျားဟူက တိရစ္ဆာန်သတ္တဝါမဟုတ် လူသတ္တဝါတို့လည်း ထိုနည်းတူ ထိုထက်ပင် ဆိုးယုတ်လိမ့်မည် တကားဟု စဉ်းစားတွေးဆ၍ ယောက်ျားကို မုန်းလေသတည်းဟု ပြန်လှန်ပြောဆို၏။

ထိုအခါ တာဂျာမူလွတ်မင်းသားက အို မိခင်၊ ဤကဲ့သို့မြင်မက်၍ ယောက်ျားကို မုန်းလျှင် မုန်းတန်ပေ၏၊ သို့ရာတွင် အရာရာတိုင်း၌ပင် ဤကဲ့သို့ မယူအပ်၊ အကျင့်အာစာရကို လိုက်၍ ဖြစ်ပါသည်၊ တိရစ္ဆာန်သတ္တဝါပင်ဖြစ်စေ၊ လူသတ္တဝါပင်ဖြစ်စေ မိန်းမမြတ်၍ ယောက်ျား ဆိုးယုတ်သော အကျင့်အမူလည်း ရှိတတ်သည်၊ ယောက်ျားမြတ်၍ မိန်းမဆိုးယုတ်သော အကျင့်အမူလည်း ရှိတတ်ပါသည်၊ စင်စစ်မူကား သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပတည်းဟူသော သူတော်တရား လက်သုံးထား၍ တရားနှင့်အညီ ကျင့်ခြင်းသာလျှင် ပဓာနဖြစ်ချေသည်ဟုဆိုပြီး အို မိခင်၊ ဤမျှလောက် ယောက်ျားကိုမုန်းသော မင်းသမီးအား အကျွန်ုပ် တစ်ကြိမ်မျှ တွေ့မြင်လိုပါသည်၊ အို မိခင်၊ ကြံဆောင်ပါဟု ပြောလေ၏။

ထိုအခါ အမယ်အိုက အို လုလင်၊ မင်းသမီးသည် ဥယျာဉ်သို့ တစ်ကြိမ်နှစ်ကြိမ် ထွက်လျှင် ဥယျာဉ်၌ ဆယ်ရက် စံမြန်းနေမြဲတည်း၊ ယခု ဥယျာဉ်ထွက်ချိန်နီးချေပြီ၊ ၎င်းဥယျာဉ်သို့ ထွက်လျှင် သင့်အား မိခင်လာ၍ အကြောင်းကြား ပြောမည်၊ ထိုအခါ သင်သည် ဥယျာဉ်ထဲတွင်နေလော့၊ သင်၏ ရုပ်ဆင်းသဏ္ဍာန်ကို မြင်ရလျှင် ဒွန်နယားမင်းသမီး တဏှာ အာသဝေါကုန်လျှင်သာ တည်တံ့နိုင်မည်၊ တဏှာအာသဝေါ မကုန်က အာရုံညွှတ်တိမ်း၍ သင်သိမ်းတိုင်း လိုက်ပါရလိမ့်မည်ကား မုချအမှန်တည်းဟု ပြောလေ၏၊ တာဂျာမူလွတ် မင်းသားသည် သင့်မြတ်လှပါပြီဟုဆို၍ အာဇက်ကိုခေါ်ပြီးလျှင် အချင်းအာဇက်၊ မိခင်အိမ်ကို

သိရအောင် အတူတကွ မိခင်နှင့်လိုက်ပါလေဟုဆို၍ ထည့်လိုက်၏၊ အာဇက်လည်း အမယ်အိုနှင့် အတူလိုက်၍ အိမ်ကို မှတ်သားကြည့်ရှုခဲ့ပြီးမှ ပြန်လာ၏၊ ရောက်သောအခါ တာဂျာမှုလွတ်လည်း ဆိုင်အလုံးကို အာဇက်အားအပ်နှင်းခဲ့၍ ဝိဇယာအမတ်ကိုပြော၏၊ ဝိဇယာအမတ်လည်း ဆင်ယင်ဝတ်စား၍ ဉယျာဉ်သို့နှစ်ယောက်အတူ လိုက်ကြလေ၏၊ ရောက်သောအခါ ဉယျာဉ်မှူးအား ဆက်ဆံပေါင်းသင်း၍ အသပြာတစ်ရာဆုပေးလိုက်၏၊ ဉယျာဉ်မှူးလည်း အသပြာတစ်ရာ ရ၍ ဝမ်းမြောက်ဝမ်းသာ သုဓာဘောဇဉ် ချိုချဉ်ရသာတို့ကို အတူစားသောက်ကြပြီးလျှင် ဉယျာဉ်သို့ဝင်ကြလေ၏။

ဝိဇယာအမတ်ကြီးလည်း ဉယျာဉ်ကို လှည့်ပတ်ကြည့်ရှုရာ တဲတစ်ဆောင်ကို မြင်သောကြောင့် အို မိတ်ဆွေ ဉယျာဉ်မှူး၊ သင်၏ ဉယျာဉ်တွင်း၌ မင်းနှင့်ထိုက်တန်၍ ကောင်းမြတ်သော နေရာတစ်ခုကို ကျွန်ုပ်လုပ်ဆောင်လိုသည်၊ သင် ခွင့်ပြုနိုင်ပါမည်လောဟု မေး၏၊ ဉယျာဉ်မှူးက အို ဦးရီး၊ အကျွန်ုပ် ဤဉယျာဉ်အတွင်း၌ ခွင့်မပြုပါ၊ အကြောင်းမူကား အိပ်မက်ထဲတွင် ယောကျ်ားတို့သည် မိန်းမကိုမကြင်နာ လွန်စွာရက်စက်စိမ်းကားသည့် တိရစ္ဆာန်ခိုသတ္တဝါကို မြင်ရရုံမျှနှင့် ယောကျ်ားတို့ ဓမ္မတာသဘောကား ဤလိုပင်တည်းဟု အမြဲမှတ်ထားပြီးလျှင် ယောကျ်ားကိုမုန်းသော ကန်ပူရမင်းကြီး၏ သမီးတော် ဒွန်နယား မင်းသမီးစံပျော်သော ဉယျာဉ်တည်း၊ အကယ်၍ သင်ပြုလုပ်ထားသောအရာကို မင်းသမီး မကြိုက်မနှစ်သက်က အကျွန်ုပ်အား ရာဇဝတ်အပြစ်ဒဏ် ကင်းနိုင်ပါမည်လောဟု ဆို၍ ငြင်းပယ်၏။

ထိုစကားကို ဝိဇယာအမတ်ကြားလျှင် အို မိတ်ဆွေချစ်၊ ကျွန်ုပ်ပြုလိုသောအရာသည် အလွန်သိုက်မြိုက်တင့်တယ်၊ ရှုချင်ဖွယ်ရှိ၍ မင်းစိုးအရာရှိဟူသမျှ ကြိုက်နှစ်သက်မြဲဖြစ်ပါသည်၊ ဤသို့ ပြုစုလုပ်ကိုင်ထား လိုသည်မှာလည်း သင့်အား အချည်းအနှီး အကျိုးမဲ့ခွင့်တောင်းသည် မဟုတ်၊ ဤရွှေဒင်္ဂါး ၃၀၀ ကိုယူ၍ အကျွန်ုပ်အား ခွင့်ပေးပါလောဟုဆို၏၊ ဉယျာဉ်မှူးလည်း ရွှေဒင်္ဂါး ၃၀၀ ကိုရလျှင် အလွန်ဝမ်းမြောက်ဝမ်းသာရှိ၍ အို ဦးရီး၊ ဤဉယျာဉ်အတွင်း သင်အလို ဆန္ဒရှိရာ မည်သည့် အမှုကိစ္စမျိုးမဆို ဆောင်ရွက်ပါလောဟု ရွှေဒင်္ဂါးတံစိုးမျက်နှာကို လိုက်လျက် ခွင့်ပေးအပ်နှင်းလေ၏။

ထိုအခါ မင်းသားနှင့် ဝိဇယာအမတ်ကြီးသည် မိမိနေအိမ်သို့ပြန်လာကာ တစ်ညဥ့် အိပ်နေကြပြီးမှ နံနက်မိုးသောက် ရောက်လတ်သောအခါ ရွှေပန်းတိမ်ဆရာ လူများစွာတို့ကို

အခကြေးငွေ ပေးကမ်းခေါ်ဆောင်ခဲ့ကာ ဥယျာဉ်သို့ဝင်ကြလေ၏၊ ရောက်သောအခါ ကုလားတဲကို ဆေးဖြူခြယ်လှယ် မွမ်းမံစေပြီးမှ ညှော့ခန်းပေါ်၌ ဤသို့ရေးသားစေ၏၊ အချင်းဆရာကြီးတို့၊ ဤနေရာ၌ မုဆိုးသည် ပိုက်ကြိုးအတန်တန် ကောက်ပဲဆန်တို့ဖြင့် ကြံနံ့ ချထား၍ အစာရမွှက် နိုပ်စက်ခြင်းရှိသော ဇနီးမောင်နှံ တောင်ပံပြာရောင် ခိုဖိုခိုမ နှစ်ကောင်တို့သည် တိမ်တောင်အဇ္ဈာ ထက်နဘာက ပျံကာခုန်ဆင်း မုဆိုး၏ပိုက်ကွန်တွင်း၌ ငြိနေသည့်ခိုဖိုကို ငိုယိုမျက်နှာ ပူဆွေးကာဖြင့် သူ့ကြင်ရာခိုမသည် ကောင်းကင်ကဆင်းသက်၍ ကယ်မသည့်ပုံသဏ္ဍာန်လို ရေးလေလော့၊ ဤနေရာ၌ ခိုဖိုလွတ်၍ ဝဋ်ဝိပါက မကင်းလှသည့် ခိုမကို မိပြန်ရာ လင်ခိုဖိုသည် မကြည်စိမ်းကား စွန့်ပစ်ထား၍ အခြားသို့ပြန်လေရာ မုဆိုးလာသဖြင့် ခိုမ၏လည် ဓားဖြင့်လှီးဖြတ်ပုံ ရေးလေလော့၊ ဤနေရာ၌ကား စိမ်းကားသည့်ခိုဖိုသည် တစ်ဖန် ခိုမကို ကယ်ဆယ်မည်လာရာ ၎င်းကို ငှက်စွန်ရဲ ဖမ်းယူ၍ ကိုက်ဖြတ်စားသောက် ကြောက်မက်ဖွယ်ရာ မြည်တမ်းငိုကြွေးသော်လည်း မိမိအား ကယ်ဆယ်သူမရှိ စွန်ရဲလက်တွင် အသက်သေဆုံးရပုံကို ရေးလေလော့ဟုဆို၍ စီမံ ရေးသားစေ၏၊ ပန်းချီပန်းပု အနုအပျောင်း ဆရာကောင်းတို့လည်း အစွမ်းရှိသမျှ ကိုယ်စီရေးသားကြ၍ အခကြေးငွေ ယူကြပြီးလျှင် အမတ်ကြီးနှင့်တကွ မိမိတို့နေအိမ်သို့ ပြန်ကြလေ၏။

ထိုအခါ ဒွန်နယားမင်းသမီးသည် ဥယျာဉ်သို့ ထွက်စံပျော်ပါးမည်ရှိရာ အမယ်အိုကြီး မပါဘဲ သွားလေ့မရှိသောကြောင့် အိမ်၌ရှိနေသော အမယ်အိုကြီးကို လုလင်မင်းချင်း တစ်ယောက်အား သွား၍ခေါ်စေ၏၊ မင်းချင်းယောက်ျားလည်း အမယ်အိုကြီးကို ခေါ်လာခဲ့၍ ဒွန်နယား မင်းသမီးထံ ရောက်သောအခါ မင်းသမီးက စိတ်ကျေအောင် တောင်းပန် ပြောဆိုပြီးလျှင် ဥယျာဉ်သို့ လိုက်ခဲ့ရမည်ဟု ဆိုလေ၏၊ အမယ်အိုကြီးလည်း ကောင်းပါပြီ၊ သို့ရာတွင် ဝတ်စားတန်တာ ဆင်ယင်ရန် အိမ်သို့ ခေတ္တ ပြန်လိုပါသည်ဟု ခွင့်တောင်းကာ အိမ်သို့ ပြန်လာလေ၏၊ တာဂျာမူလွတ် မင်းသားကိုလည်း ဤသို့ သွားရောက်ပြောဆို၏၊ အို မောင်လုလင်၊ သင်အလိုဆန္ဒရှိသည့်အတိုင်း ယခု ပြည့်စုံတော့မည်၊ ဒွန်နယားမင်းသမီး ဥယျာဉ်သို့ ထွက်လိမ့်မည်၊ သင်လည်း ဝတ်ကောင်းတန်ဆာလှပစွာ ဝတ်စားလျက် ဥယျာဉ်သို့ သွားပြီးလျှင် ဥယျာဉ်မှူးအား သင့်တင့်စွာပြောဆို၍ ပုန်းကွယ်နေနှင့်ရမည်ဟု မှာထားခဲ့ပြီး အမယ်အိုကြီး ပြန်သွားလေ၏။

ဝိဇယာအမတ်ကြီးနှင့် မင်းသားလည်း တင့်တယ်သိုက်မြိုက်စွာ ဆင်ယင်၍ ဥယျာဉ်သို့ သွားလေ၏၊ ရောက်သောအခါ ဥယျာဉ်မှူးအား သင့်တင့်စွာပြောဆို၍ ဥယျာဉ်ကို လှည့်လည် ကြည့်ရှုနေလေ၏၊ ဥယျာဉ်မှူးလည်း မင်းသမီး ဥယျာဉ်သို့ ထွက်လာမည်ကို တစ်စုံတစ်ရာ မသိသောကြောင့် တာဂျာမူလွတ် မင်းသားနှင့်အတူ ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုနေ၏၊ နောက် အတန်ငယ်ကြာလျှင် အစေခံမိန်းမတို့လာ၍ အချင်းဥယျာဉ်မှူး၊ အရှင်မ ဥယျာဉ်သို့ ဝင်လာလိမ့်မည်၊ သင် အဘယ့်ကြောင့် အလေးမပြု ပေါ့လျော့နေသနည်းဟု ပြောဆိုကြ၏၊ ဥယျာဉ်မှူးသည် နေရာဌာနပြင်ဆင်ပြီးမှ တာဂျာမူလွတ် မင်းသားထံလာ၍ အို လုလင်၊ ယခု အရှင့်သမီးတော် ဥယျာဉ်သို့ထွက်လာပြီ၊ အသင့်ကိုမြင်လျှင် အကျွန်ုပ်အား ပြစ်ဒဏ်တပ်ရိုက် စီရင်လိမ့်မည်၊ သင် အဘယ်သို့ပြု၍ နေမည်နည်းဟု မေး၏၊ တာဂျာမူလွတ်မင်းသားက ဥယျာဉ်မှူး၊ ကျွန်ုပ်အတွက် မစိုးရိမ်လင့်၊ ၎င်းမမြင်ရအောင် ပုန်းကွယ်၍ နေပါမည်ဟုဆိုပြီးလျှင် ပုန်းကွယ်၍နေလေ၏။

ထိုအခါ ဒွန်နယားမင်းသမီးသည် ကျွန်မအခြွေအရံများစွာနှင့် ဥယျာဉ်တံခါးဝသို့ ရောက်သောအခါ အမယ်အိုကြီးက ဤကျွန်မတို့နှင့်တကွ ဥယျာဉ်အတွင်း နေထိုင်ကြလျှင် ၎င်းတို့နှစ်ဦး အလိုဆန္ဒ မပြည့်ရှိလိမ့်မည်၊ အစေခံတို့ကို ပြန်စေ၍ မင်းသမီးနှင့်ငါ နှစ်ယောက်တည်း နေထိုင်ကြမှ သင့်လျော်မည်ဟု ကြံအောက်မေ့၍ အိုအရှင်မ၊ ဤဥယျာဉ် အတွင်း ၎င်းအစေခံ မိန်းမတို့နှင့်အတူတကွ နေထိုင်ကြလျှင် အရှင်မစိတ်ဆန္ဒရှိသည့်အတိုင်း ပျော်ပါး ကစားနိုင်မည်မဟုတ်၊ ၎င်းတို့ကိုပြန်လွှတ်ပြီးလျှင် အရှင်မနှင့် အကျွန်ုပ် နှစ်ယောက် ချည်းသာ နေထိုင်၍ စိတ်ရှိသမျှပျော်ပါးလိုပါသည်ဟု ပြောဆို၏။

ဒွန်နယားမင်းသမီးက အမယ်အိုကြီး ပြောဆိုချက်အတိုင်း သဘောတူ၍ အစေခံ ကျွန်မိန်းမများကို နန်းတော်သို့ ပြန်လွှတ်လိုက်၏၊ တာဂျာမူလွတ်မင်းသားလည်း မင်းသမီးကို မြင်လျှင် ဒေဝစ္ဆရာနတ်သူဇာကဲ့သို့ လွန်စွာလှပသည်ဖြစ်၍ ပုန်းကွယ်နေသောနေရာကပင် မိန်းမော တွေဝေလျက် ရှိလေ၏၊ အမယ်အိုကြီးလည်း ဝိဇယာအမတ် ဆေးခြယ်ထားသော ကုလားတဲသို့အရောက် မင်းသမီးကို ခေါ်သွားလေ၏၊ မင်းသမီးလည်း လိုက်ပါသွား၍ ကုလားတဲ့သို့ဝင်ရာ ငှက်တိရစ္ဆာန် သဏ္ဌာန်ပြာညို ခိုနှင့်မုဆိုး ပိုက်ကြိုးသွယ်ခင်းပုံများနှင့် ရေးသားထားသော အရုပ်တို့ကို မြင်လေ၏။

ထိုအခါ မင်းသမီးက အမယ်အို၊ ဤရုပ်ပုံများကို ရှုစမ်းပါလော့၊ အကျွန်ုပ်မြင်မက်သော အိပ်မက်နှင့် အလားတူပေ၏၊ ငှက်မုဆိုးသည် ပိုက်ကြိုးသွယ်ခင်းရာ ငှက်မကိုမိ၍ ကယ်ဆယ်ရန် လာရောက်သော ငှက်ဖိုကို သိမ်းစွန်ဖမ်းထား ဆန်းပြားခြင်းရှိလေစွဟု အံ့သြ ချီးမွမ်း၏၊ အမယ်အိုလည်း ပုန်းကွယ်၍နေသော တာဂျာမူလွတ်မင်းသား နေရာသို့ မသိဟန်ပြု၍ ခေါ်သွားပြီးလျှင် တာဂျာမူလွတ် မင်းသားအား မျက်ရိပ်ပြလိုက်၏၊ မင်းသားလည်း တဲပြတင်းပေါက် အောက်၌ စင်္ကြံလူးလာလျှောက်၍ နေ၏။

ထိုအခါ မင်းသမီးသည် တာဂျာမူလွတ် မင်းသားကို မြင်လျှင် အို အမယ်အို၊ ဤလုလင်ကား မည်သည့်အရပ်၊ မည်သည့်ဌာနက မည်သည့်ဘုရင်၏ သွေးဖြစ်သနည်းဟု မေး၏၊ အမယ်အိုက အို အရှင်မ၊ ကျွန်ုပ်တစ်စုံတစ်ရာ မသိရပါ၊ သို့ရာတွင် ရုပ်သွင်လက္ခဏာကို ထောက်လိုက်လျှင် မဟာမျိုး မဟာနွယ် ဖြစ်ဟန်လက္ခဏာ ရှိပါသည်ဟုပြော၏၊ ထိုစကားကို ကြားလျှင် အို အမယ်အို၊ ဤလုလင်ပျိုသည် မိုးပေါ်ကျနတ်သားကဲ့သို့ အလွန်လှပ တင့်တယ် ရှုချင်ဖွယ်သော အရောင်အဆင်းရှိပေ၏ဟု တပ်နှစ်သက်သော အာရုံဖြင့် တာဂျာမူလွတ် မင်းသားကို တစိမ့်စိမ့်ကြည့်ရှု၏၊ အမယ်အိုကြီးလည်း တာဂျာမူလွတ် မင်းသားကို အိမ်သို့ပြန်စေရန် မျက်ရိပ်ပြသည်အတိုင်း မင်းသားလည်း အိမ်သို့ပြန်သွားလေ၏။

ဒွန်နယား မင်းသမီးလည်း တာဂျာမူလွတ်မင်းသားကို မြင်လျှင် ချစ်ခင် တပ်နှစ်သက်သော အာရုံကို ဆို့ပိတ်သိမ်းဆည်းခြင်းငှာ မစွမ်းနိုင်၍ ဤသို့ဆို၏၊ အို အမယ်အို၊ ယခု ကျွန်ုပ်တွေ့မြင်ရသော လုလင်ပျိုနှင့် စကားပြောဆိုရန် သင်ကြံဆောင်၍ ပေးနိုင်ပါမည်လောဟု မေး၏၊ အမယ်အိုက အို အရှင်မ၊ အရှင်မသည် ယောကျ်ားများကို မုန်းထား စဉ်းစားတိုင်း စိတ်ပျက် ရက်ကြောက်သော အပြုဗ္ဗစရိယအမှုကိုမပြု ရှောင်ကြဉ်ရမည်ဟု ရဲရဲဝံ့ဝံ့ ပြောဆိုခဲ့ ပါလျက် ယခု အဘယ်ကြောင့် ယောကျ်ားများကို ဆက်ဆံပေါင်းသင်းလိုသော စိတ်ဖြစ်ပြန် သနည်းဟု မေး၏၊ ဒွန်နယားမင်းသမီးက အို အမယ်အို၊ နောက်နောက်က အကြောင်းကို ပြန်ပြောင်း၍ အကျွန်ုပ်အား ပြောဆိုသော်လည်း အဘယ်အကျိုး ရှိမည်နည်း၊ အကျွန်ုပ် ချစ်ခင်စုံမက်သူ ယခုလူကို ဆက်ဆံပေါင်းသင်းရအောင် ကြံဆောင်၍ ပေးပါလော့၊ အကယ်၍ အကျွန်ုပ် စိတ်အလိုဆန္ဒမပြည့်လျှင် အသက်ကိုမနမြောဘဲ လတ်တလောသေစေတတ်သော အဆိပ်ဆေးဖြင့် သေးဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် သတ်မည်ဟုဆိုလေ၏။

အမယ်အိုသည် အို သခင်မ၊ ဤလုလင်ပျိုကြောင့် ဗျာပါသောက စိုးကြောင့်ကြ၍ စိတ်ဒုက္ခ မပွားပါလေနှင့်၊ အရှင်မသည် နန်းတော်သို့ ပြန်သွားပါလေ၊ အကျွန်ုပ် ကြံဆောင်၍ ပေးပါမည်ဟု ဆိုသောကြောင့် ဒွန်နယားမင်းသမီးသည် နန်းတော်သို့ ပြန်သွားလေ၏၊ အမယ်အိုကြီးလည်း တာဂျာမူလွတ် မင်းသားထံလာ၍ အို လုလင်ပျို၊ သင်၏အကြံ အောင်မြင် ထမြောက်ပြီ၊ သင့်အား ဒွန်နယားက အသက်မခြား ချစ်ခင်၍ စကားပြောဆိုချင်သည်ဟု အမှာတော်ရှိသည်ဟု ပြောဆို၏၊ မင်းသားက အို မိခင်၊ မည်သည့်နေ့ရက်တွင် နှစ်ဦးတွေ့ဆုံ၍ အလုံးစုံစကားကို မြွက်ကြားပြောဆိုရပါမည်နည်းဟု မေးရာ အို မောင်လုလင်၊ မစိုးရိမ်နှင့်၊ နက်ဖြန်နံနက်တွေ့ဆုံရအောင် အမေကြံဆောင်၍ ပေးမည်ဟုဆိုပြီး ဒွန်နယားမင်းသမီးထံသို့ လာပြီးလျှင် အို သခင်မ၊ သခင်မအမိန့်နှင့် ဥယျာဉ်တွင် တွေ့ကြုံခဲ့ရသော လုလင်ပျိုကို လိုက်လံရှာဖွေရာ ယခု တွေ့ခဲ့ပါပြီ၊ သို့ဖြစ်၍ နက်ဖြန်နံနက် သခင်မထံသို့ ခေါ်ဆောင် လာမည်ဟု ပြောလေ၏။

ဒွန်နယားမင်းသမီးသည် အလွန်ဝမ်းမြောက်ဝမ်းသာရှိ၍ အမယ်အိုကြီးအား ရွှေဒင်္ဂါး တစ်ထောင် ပေးလိုက်လေ၏၊ နံနက်မိုးသောက် ရောက်လတ်သော် အမယ်အိုကြီးသည် တာဂျာမူလွတ်ထံလာ၍ အို အမောင်လုလင်၊ ယခု နန်းတော်သို့သွားမည်၊ သို့ရာတွင် သင်ယောက်ျားတို့ ရုပ်သွင်ဖြင့် သွားခြင်းငှာမသင့်၊ မိန်းမတို့ အဝတ်တန်ဆာကို လှပစွာ ဆင်ယင်၍ သွားရမည်ဟုဆိုကာ မိန်းမတို့အဝတ်တန်ဆာကို ဆင်ယင်စေ၏၊ တာဂျာမူလွတ် လည်း အမယ်အိုကြီး နည်းပေးချက်အရ မိန်းမတို့ အဝတ်တန်ဆာကို ဆင်ယင်၏။

ထိုအခါ အမယ်အိုကြီးက အို အမောင်လုလင်၊ သင်နှင့်အကျွန်ုပ် နန်းတော်သို့ ရောက်သောအခါ လူပရိသတ်နောက်၌ သင့်ကိုထားခဲ့မည်၊ ညည့်ခန်းကြီးအနီးသို့ ရောက်သော အခါ လူပရိသတ်တို့ရှေ့၌ အကျွန်ုပ်က ဟယ် အစေခံ၊ ကျွန်မကလေးဟု ခေါ်မည်၊ ထိုအခါ သင်သည် မကြောက်မရွံ့ ရဲဝံ့စွာဝင်လာ၍ ညည့်ခန်းကြီးလက်ဝဲဘက်သို့ လိုက်သွားရမည်၊ လက်ဝဲဘက်၌ အပေါက်ခုနစ်ပေါက်ရှိသည်၊ ထိုအပေါက်တို့ကို တစ်ခုနှစ်ခုစသည်ရေတွက်၍ ခြောက်ပေါက်ရောက်သောအခါ မကြောက်မရွံ့ ဝင်သွားက သင်၏ချစ်သူ ဒွန်နယားနှင့် မုချတွေ့ကြုံ၍ စက်ခန်းဘုံတွင် ကြင်ဖွေ့တော်လှုံ့ရမည်ဟု မှာထားပြောဆိုလျက် နန်းတော်သို့ အတူတကွ သွားကြလေ၏။

ယင်းသို့ အတူတကွသွားကြ၍ နန်းတော်သို့ ရောက်သောအခါ အကြီးအကြပ် တစ်ယောက်နှင့်တွေ့၍ ဤသူငယ်မကား မည်သူ့သမီးနည်း၊ အဘယ်သို့သွားမည်နည်းဟု မေး၏၊ အမယ်အိုကြီးက အို တံခါးစောင့်၊ ဤသူငယ်မကား အလုပ်မျိုးစုံကို လုပ်နိုင်သော အစေခံကျွန်မတည်း၊ ဒွန်နယားမင်းသမီးက အလုပ်လုပ်ခိုင်းစေလိုသောကြောင့် ရှာကြံခေါ်ခဲ့ ရမည် အမိန့်ရှိ၍ ခေါ်ဆောင်လာသော အစေခံကျွန်မကလေး ဖြစ်သည်ဟု ပြောဆို၏၊ အကြီးအကြပ်က အို အထိန်းတော်ကြီး၊ အစေခံကျွန်မကလေး ဖြစ်စေ၊ သို့မဟုတ် ယောကျ်ား ပင်ဖြစ်စေ ဤတစ်ပင်တိုင်နန်းပြာသာဒ်သို့ ဝင်လာသည်ရှိသော် မည်သူမဆို စစ်ဆေး ကြည့်ရှုရမည် အမိန့်ထုတ်ပြန်ထားသည်အတိုင်း ဤကျွန်မကလေးကို စစ်ဆေးကြည့်ရှု ရလိမ့်မည်ဟု တားဆီးကန့်ကွက်၏။

ထိုအခါ အမယ်အိုကြီးက အို တံခါးစောင့်၊ သင်ပြောဆိုသော စကားလည်း ဟုတ်မှန်လှပေ၏၊ သို့ရာတွင် အခြားသူတစ်ပါးကိုသာ သင်စစ်ဆေးကြည့်ရှုထိုက်သည်၊ အပျိုကညာ ဖြစ်သော ထိပ်ခေါင်တင်မ၏ ဤကျွန်မငယ်ကို ဤကဲ့သို့ စစ်ဆေးကြည့်ရှုလျှင် ငါခေါ်ဆောင်ခဲ့သော သူငယ်မဖြစ်၍ အလွန်ရှက်ကြောက်ဖွယ်ရာ ငါခံနိုင်မည်မဟုတ်၊ ဒွန်နယား ထိပ်ခေါင်တင်ထံ အရှင်၏ကျွန်မငယ်ကို တံခါးစောင့်နှောင့်ယှက်ကြောင်းနှင့် သွားရောက် တင်လျှောက်မည်ဟု ခြိမ်းခြောက်ပြောဆိုသည်။ တံခါးစောင့်လည်း ကြောက်ရွံ့သဖြင့် အို အထိန်းတော်ကြီး၊ သွားလေလောဟုဆို၍ လွှတ်လိုက်၏၊ ထိုအခါ တာဂျာမူလွတ်လည်း အမယ်အိုကြီး မှာထားသောစကားအတိုင်း ဧည့်ခန်းကြီးရောက်သောအခါ လက်ဝဲဘက်၌ တည်ရှိသောအခန်းကို ရေတွက်၍သွားသည်ရှိသော် ဆဋ္ဌမအခန်းသို့ ရောက်သည်ကာလ မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ ဆက်သွားသောကြောင့် စောင့်စားလျက်ရှိနေသော ဒွန်နယား မင်းသမီးနှင့် တွေ့ကြလေ၏၊ ဒွန်နယားမင်းသမီးလည်း သူငယ်မ အသွင်ဆောင်လာသော တာဂျာမူလွတ်ကိုမြင်လျှင် မိန်းမတို့ကျက်သရေကို ချုပ်တည်းသိမ်းဆည်းခြင်းငှာ မစွမ်းနိုင်၍ နေရာမှထပြီးလျှင် ခရီးဦးကြိုခေါ်လာလေသတည်း။

ဒွန်နယား မင်းသမီးလည်း အစေခံကျွန်မများကို ပြင်ဘက်သို့နှင်၍ အို အထိန်း တော်ကြီး၊ တံခါးက စောင့်နေလော့၊ မည်သူမှအတွင်းသို့ မဝင်စေနှင့်၊ နိုင်နိုင်နင်းနင်း ပိတ်ပင် တားမြစ်လောဟု မှာဆိုပြီး တာဂျာမူလွတ်မင်းသားနှင့် တစ်ညဥ့်လုံး ရွှင်ပြုံးကြည်သာ စက်မွေ့ရာတွင် ပျော်ပါးစံစား နေထိုင်ကြ၏၊ နံနက်မိုးသောက် ရောက်လတ်သောအခါ

တာဂျာမူလွတ် စံနေသော တိုက်ခန်းဆောင်တံခါးကို လုံခြုံစွာပိတ်ထားခဲ့၍ အခြားအဆောင်သို့ သွားပြီးလျှင် ကျေးကျွန်တို့အား စားဖွယ်ဘောဇဉ် ချိုချဉ်ရသာ အစရှိသော အမှုကိစ္စအားလုံးကို စီမံလုပ်ကိုင်စေ၏၊ ကျေးကျွန်အပေါင်းတို့အား အခြားအရပ်ဌာနသို့ သွားရောက်နေထိုင်ကြရန် ပြောဆိုပြီး အမြိန်အရသာတို့ကို ပြင်ဆင်ပြီးလျှင် တာဂျာမူလွတ်အား တည်ကျွေး၏။

ထိုအခါ ဝိဇယာအမတ်ကြီးလည်း တာဂျာမူလွတ်မင်းသား အချိန်တန်၍ အိမ်သို့ ပြန်မလာသောကြောင့် အချင်းအာဇက်၊ အရှင့်သားတော်သည် အမယ်အိုကြီးနှင့် ဒွန်နယား မင်းသမီး စံနေရာသို့ လိုက်သွားသည်မှာ ယခုတိုင် မပြန်မရောက်၊ နန်းတော် အစောင့် အကြပ်တို့မိ၍ အသက်ဆုံးရှုံးအောင် သတ်ဖြတ်သဖြင့် သေဆုံး၍သာ မလာသည်ဟု ငါထင်သည်၊ သင် အဘယ်သို့ ကြံမည်နည်းဟုဆို၏၊ အာဇက်က အကျွန်ုပ်မကြံနိုင်ချေ၊ အကြောင်းမူကား ယခုတိုင် မပြန်မရောက်သောကြောင့် အစောင့်အကြပ်တို့ ဖမ်းဆီး ချုပ်နှောင်ထားမည်၊ အသက်ဆုံးရှုံးအောင် သတ်ဖြတ်မည်ကို အတည်ကျမပြောနိုင်၊ သို့ဖြစ်၍ နေပြည်တော်သို့ ပြန်ပြီးလျှင် စူလိုင်မံမင်းကြီးအား အကြောင်းကြားခြင်းသာလျှင် အကျွန်ုပ်တို့ ဝတ္တရားရှိတော့သည်ဟုဆို၏၊ ထိုစကားကို ဝိဇယာအမတ်ကြီးကြားလျှင် သင့်မြတ်လှပြီဆို၍ နေပြည်တော်သို့ ပြန်ပြီးလျှင် စူလိုင်မံမင်းကြီးအား အကြောင်းကုန်စင်အောင် တင်လျှောက်၏။

မင်းကြီးသည် သားတော် တာဂျာမူလွတ်အတွက်နှင့် စိုးရိမ်ကြောင့်ကြမင်းရှိနေစဉ် ဝိဇယာအမတ် တင်လျှောက်သော စကားကိုကြားရ၍ အလွန်နလုံးမသာရှိသောကြောင့် အချင်းဝိဇယာအမတ်၊ ငါ၏ ဗိုလ်မှူးတပ်မျူး ဆင်မြင်းရထား လက်နက်ကိရိယာများကို အဆောတလျင် ပြင်ဆင်လေ၊ ကန်ပူရကျွန်းကြီးသို့ ချီတက်၍ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက် ပြီးလျှင် သားတော်ကို အရတောင်းမည်ဟု မင်းမိန့်ကြားတော်မူသည်၊ ဝိဇယာ အမတ်ကြီး လည်း မင်းကြီးအမိန့်အရ တစ်ဆယ့်ရှစ်ခေါဘဏီခန့်မျှ လောက်သော ဆင်မြင်းရထား လက်နက်ကိရိယာ ဗိုလ်ပါများစွာကို စည်းရုံး၍ အရှင်မင်းကြီး၊ အလုံးစုံ စီမံပြီးပါပြီဟု ကြားလျှောက်လေ၏၊ မင်းကြီးလည်း ၎င်းဗိုလ်ခြေတို့နှင့် မရပ်မဆိုင်း ကန်ပူရပြည်သို့ ချီတက် တော်မူလေ၏။

ဒွန်နယားမင်းသမီးသည် မိမိ၏ တစ်ပင်တိုင်နန်းတော်ပြာသာဒ်၌ တာဂျာမူလွတ် မင်းသားကို ဝှက်ထားစံစားနေထိုင်သည်မှာ တစ်နှစ်ခွဲခန့်ကြာရှိပြီ ဖြစ်လေ၏၊ တာဂျာမူလွတ် မင်းသားက လပုဏ္ဏမီ ယုန်စန္ဒီနှင့် တညီမူသွေး ရှုတိုင်းအေးသား လေးတရာဆီ လှဗီရဏီ၊

သိဂ်ီကနက် ရဝေထက်ဝယ် နံ့သက်မေတ္တာ အကြောင်းတော်ပါကြပြီ၊ ရှေးခါအတ္ထုပ္ပတ် အရပ်ရပ်ကို ဖွင့်လှစ်ပုံသေမပြောဘဲ နေခဲ့လျှင် အကျွန်ုပ်အား ကုန်သည်ဟူ၍ပင် သတ်မှတ် ထင်လိမ့်မည်ဟုဆို၏၊ ထိုစကားကို ဒွန်နယားမင်းသမီးကြားလျှင် စကားချိုသာ မေတ္တာ ကူးယှက် ဆုထူးမြွက်၍ နှစ်သက်ကြင်နာ ပေါင်းကြရာသည် နှစ်ရာမကွဲ ရွှေလည်ဆွဲ၊ အမြဲပုံသေ ကုန်သည်ဟူ၍မှတ်ပေသည်၊ အခြေမူလ အစယုတ္တိ နှောင့်ဇာတိကို သိရအောင် ပြောစေချင်ပါသည်ဟု ဆိုလေ၏။ တာဂျာမူလွတ်မင်းသားက မနှော်မယ မိုးပေါ်ကျသို့ အလှနံ့ကျော် နှောင့်မျက်ဖျော်၊ စံလျော်သိဂ်ီ ဣန္ဒြနီနှင့် ရတီစိန်ရောင် ရှိန်ရှိန်ပြောင်သော အီစပန်ဟင် တောင်ကြီး၏နံ့ဘေး မဝေးမကွာ အယ်မီဒီနေအယ်ခါဒရအမည်ရှိသော ပြည်ရှိ၏၊ ထိုပြည်ကို စူလိုင်မံမင်းကြီး ထီးနန်းစိုးစံ၏၊ ၎င်းမင်းကြီး၏ သားတော် တာဂျာမူလွတ် မင်းသားကား အကျွန်ုပ်ပင်တည်း၊ သင်၏ သတင်းစကားကို ကြားသိရသော အကျွန်ုပ်သည် အာဟာရမဝင် ရေစင်မလှမ်း ရှိနေသောကြောင့် ခမည်းတော် မယ်တော်တို့က သင့် ခမည်းတော်ထံ ဝိဇယာအမတ်ကို စေလွှတ်၍ သင့်အား ကျွန်ုပ်နှင့် ထိမ်းမြားလက်ထပ်ဖို့ရာ ပြောဆိုသည်၊ ထိုအခါ သင့်ခမည်းတော်က အလိုတူသော်လည်း သင်အလိုမတူသောကြောင့် ဝိဇယာအမတ် နေပြည်တော်သို့ ပြန်လာရာ ခမည်းတော်မင်းကြီးအား အကြောင်းအရာ အလုံးစုံကို တင်လျှောက်၏၊ ခမည်းတော်မင်းကြီး အမျက်ဒေါသထွက်၍ သင်တို့ ကန်ပူရ ပြည်ကို စစ်ချီတက်၍ တိုက်ခိုက်သိမ်းယူမည် ကြံရွယ် အားထုတ်သောအခါ ဝိဇယာ အမတ်ကြီးက အရှင်မင်းကြီး၊ ကန်ပူရပြည်ကို စစ်မက်မဆိုင်ပြိုင်သင့်၊ ကန်ပူရပြည်ကြီးရှင် ဘုရင်မင်းမြတ်၏ အပြစ်မဟုတ်၊ သမီးတော်၏ အပြစ်သာတကား ဆို၍ စစ်မက်မပြိုင်ဘဲ နေခဲ့၏၊ ထိုအခါ အကျွန်ုပ်က ခမည်းတော်မင်းကြီး၊ ဒွန်နယားမင်းသမီးနှင့် ဆက်ဆံ ပေါင်းသင်း ရအောင် ၎င်းတို့ပြည်သို့ ကုန်သည်အသွင်ဆောင်၍ ကျွန်ုပ်သွားလိုပါသည်ဟု ခွင့်တောင်းရာ ဝိဇယာအမတ်နှင့်တကွ အာဇက်လုလင်ပျိုပါ ခေါ်၍ သင်တို့ပြည်သို့ သွားခွင့်ရသဖြင့် ထွက်လာခဲ့သည်၊ ကုန်သည်အဖြစ်ဖြင့် သင့်ကို အတန်တန်ကြံစည်၍ ဤအဖြစ်သို့ ရောက်ရ လေသည်တကား၊ အို အကျွန်ုပ်နှမ သော်တာလ၊ ရှေးကပြုဖူး ဆုထူးပတ္ထနာ ပါလာကြ သည်အတိုင်း သင်နှင့်ကျွန်ုပ် မဆုတ်မနစ် ချစ်ခင်စုံမက်မှုရှိကြပြီ၊ သို့ရာတွင် နေပြည်တော်သို့ အကျွန်ုပ်ပြန်သွား၍ ခမည်းတော်မင်းကြီးအား ကြားလျှောက်ပြီးလျှင် သင့်ခမည်းတော် သံအမတ်တစ်ယောက်စေလွှတ်ကာ တောင်းဆိုစေမည်ဟု ပြောဆို၏။

ထိုစကားကို ဒွန်နယားမင်းသမီးကြားလျှင် ဝမ်းသာအားရရှိလှ၍ အို ထိပ်ခေါင်တင်၊ အသင် ကုန်သည်အဖြစ်နှင့် အကျွန်ုပ်ထံသို့ မှာတော်ပုံအတန်တန်ရေးသားပေးပို့သောအခါ အကျွန်ုပ်လည်း မင်းတို့မှာန်ဖြင့် အတန်တန်အမိန့်တော်စာ ရေးပေးသည်များကို အကျွန်ုပ်အား အပြစ်မထားဘဲ သည်းခံပါလောဟုဆို၍ ဝန်ချတောင်းပန် ချစ်မေတ္တာနှံသဖြင့် ယမန်ကထက် ဆတက်ထောင်ရာ မေတ္တာယှက်ကူး အထူးချစ်ခင်၍ ယနေ့ည စက်ရာခွင်ဝယ် ပျော်ရွှင်စွာ စံစား၍ စက်ပျော်သွားကြလေသတည်း။

ယင်းသို့ စက်တော်ခေါ်ကာ အပျော်ကြူးသဖြင့် နေအရုဏ်တက် နံနက်အချိန် ရောက်သည်တိုင်အောင် မနိုးဘဲရှိနေရာ ကန်ပူရမင်းကြီးလည်း မှူးမတ်သေနာပတိအစုံနှင့် ညီလာသဘင်ခံ၍ ထွက်စံနေလေ၏။

ထိုအခါ ရွှေပန်းတိမ်သည် တစ်ယောက်သည် ကျောက်မျက်ရွဲတို့ဖြင့် ခြယ်စီအပ်သော သေတ္တာငယ်တစ်လုံးကို မင်းကြီးအား လာရောက်ဆက်သရာ မင်းကြီးလည်း ဤဝတ္ထုကာ အလွန်တင့်တယ်လှပသည်၊ သမီးတော်နှင့် ထိုက်တန်သည်ဆို၍ နန်းသုံးတော်လုလင် တစ်ယောက်ကိုခေါ်၍ ဟယ် အချင်း၊ ဤသေတ္တာငယ်ကား ငါ့သမီးနှင့် ထိုက်တန်သည်၊ ငါ့သမီးထံသွားရောက်၍ ခမည်းတော်က ပေးသနားလိုက်သည်ပြောပြီးလျှင် ဆက်သချေဟု စေလွှတ်လိုက်၏။

မင်းချင်းယောက်ျားလည်း မင်းကြီး အမိန့်အရ ဒွန်နယားမင်းသမီးထံ သွားရာ တာဂျာမူလွတ် မင်းသားနှင့်အတူတကွ စက်ပျော်နေသည်ကို တွေ့မြင်လေ၏၊ အထိန်းတော်ကြီးလည်း အိပ်ရာမှနိုး၍ ရုတ်တရက်ထွက်ပြေးလေ၏၊ ထိုနောက် မကြာမီ စက်ပျော်လျက် နေသော ဒွန်နယားမင်းသမီးနိုးလတ်၍ မင်းချင်းယောက်ျားကိုမြင်လျှင် အလွန်တုန်လှုပ် ကြောက်ရွံ့၍ အချင်းယောက်ျား၊ ယခုဖြစ်ရှိနေသော အမှုအလုံးစုံကို သင်သိမြင်ရပြီ၊ သို့ရာတွင် ဤအမှုကို ခမည်းတော်မင်းကြီးနှင့်တကွ လူအလုံးတို့ကိုပင် မပြောမဆိုဘဲ သင်လျှို့ဝှက် ထားပါက သင့်အား ဆုလာဘ်များစွာ ငါပေးသနားမည်ဟု ပြောဆို၏။

မင်းချင်းယောက်ျားလည်း ထိပ်ခေါင်တင်၊ အကျွန်ုပ်သည် သခင်မတို့အမှုကို လျှို့ဝှက်၍ မထားနိုင်ပါ၊ သခင်မ ပေးသနားသော ဆုငွေအသပြာကိုလည်း မယူလိုပါ၊ အကျွန်ုပ် ဒိဋ္ဌမျက်မြင် တွေ့သမျှကို မင်းကြီးထံသို့ တစမချန် လျှောက်ကြားရလိမ့်မည်ဟု ဆိုလျက် မင်းကြီးထံ သွားရောက်တင်လျှောက်လေ၏၊ မင်းကြီးလည်း ဒေါသပြင်းထန်စွာထွက်၍

သမီးတော် ဒွန်နယားနှင့်တကွ ၎င်းလုလင်ကို ရှေ့တော်သို့ နှစ်ယောက်အတူတကွ သွင်းခဲ့ရမည်ဟု အမိန့်ပြန်၍ မင်းချင်းယောကျ်ားတို့လည်း ရှေ့တော်သို့ သွင်းဆောင်လာကြကုန်၏၊ ရှေ့တော်သို့ ရောက်လျှင် မင်းကြီးလည်း တစ်စုံတစ်ရာ စစ်ဆေးမေးမြန်းခြင်းမရှိဘဲ တာဂျာမူလွတ်၏ ဦးခေါင်းကို မိမိလက်စွဲသန်လျက်ဖြင့် ခုတ်ဖြတ်ရန် ရုတ်တရက်ထ၍ ချိန်ရွယ်သည်၊ ဒွန်နယားမင်းသမီးလည်း ရွှေရင်ကွဲမျှပူပန်လှ၍ အို ခမည်းတော်မင်းကြီး၊ ဤအပြစ်သည် ဤလုလင်အပြစ်မဟုတ် အကျွန်ုပ်ကိုသာ သတ်ထိုက်ပါသည်၊ အကျွန်ုပ်ကို ရှေးဦးစွာ စီရင်ပါလောဟုဆို၍ ဦးခေါင်းဖြင့် ကာဆီးတောင်းပန်၏။

ထိုအခါ မင်းကြီးသည် ဟယ် အချင်းတို့၊ အမိုက်မကလေးကို အခြားသို့ ခေါ်ဆောင်သွားကြလောဟုဆို၏၊ အထိန်းတော် အချီတော်တို့သည်လည်း ဒွန်နယားမင်းသမီးကို အခြားသို့ ခေါ်ဆောင်သွားကြကုန်၏၊ မင်းကြီးက ဟယ် အချင်းလုလင်၊ သင်နှင့်ငါ့သမီးနှင့် အဖက်တန်သလော၊ သင်၏အမျိုးအနွယ်ဇာတ်ကား အဘယ်အမျိုး အဘယ်အနွယ်နည်း၊ သင်၏ နေရပ်ဌာန အမည်နာမကား အဘယ်သို့ခေါ်ဝေါ်သနည်း၊ သင်သည် သေချိန်တန်၍သာ ငါကဲ့သို့သော ဘုရင်မင်းမြတ်၏ ရင်သွေးကို ကျူးလွန်စော်ကားသည်ဟု ငါထင်မှတ်တော့သည်ဟု မိန့်ကြားလေ၏။

ထိုစကားကို တာဂျာမူလွတ် မင်းသားကြားလျှင် အရှင်မင်းကြီး၊ လောက၌ အကျွန်ုပ်၏ အကြံအစည်ပြည့်စုံပြီဖြစ်၍ အရှင်မင်းကြီး စီရင်သောကြောင့် သေရမည်ကို အကျွန်ုပ် ဆံညှာမရှိ သေဝံ့ပါသည်၊ သို့ရာတွင် အကျွန်ုပ်အား အရှင်မင်းကြီးသတ်လျှင် အရှင်မင်းကြီး ကိုလည်း အကျွန်ုပ်ခမည်းတော်က နေ့ရက်ရှိသမျှ မကြေနိုင်၍ စစ်မက်ပြုပြီးလျှင် သတ်ဖြတ်၍ အရှင်မင်းကြီး သေရလိမ့်မည်၊ ဤအမှု၌ ကျွန်ုပ်ကျူးလွန် စော်ကား၍ ဖြစ်မည်လော၊ သို့မဟုတ် အရှင်မင်းကြီးသမီးက သဘောတူ၍ နန်းတော်သို့ ခေါ်ဆောင်တင်ထား၍ ဖြစ်မည်လော၊ အသင်မင်းကြီး ဉာဏ်ပညာအားဖြင့် ချင့်ချိန်စဉ်းစားပါလော့၊ အကျွန်ုပ်လည်း လူသာမန်မဟုတ်၊ အယ်မဒီနာပြည်ကြီးရှင် ဘုရင်ကေရာဇ်မင်းမြတ်၏သားတော် တာဂျာမူလွတ်မင်းသားတည်း၊ နောင်ရေးကို မကြောက် သမီးရေးကိုသာ ထောက်ပြီးလျှင် အကျွန်ုပ်အား စီရင်လိုလျှင် အရှင်မင်းကြီး၏ လက်တွင်းဖြစ်၍ ယခုပင်စီရင်လေလော့ဟု မကြောက်မရွံ့ ပြောဆိုလျှောက်တင်လေ၏။

ထိုစကားကို ရာဇီမံမင်းကြီးကြားလျှင် သတိနောင်တရ၍ ဟယ် အချင်းတို့၊ ၎င်းစကား အတိုင်း မှန်မမှန်ကို ငါသိလိုသေးသည်၊ အကျဉ်း ချုပ်နှောင်ထားကြလောဟု ဆို၍ တာဂျာမူလွတ် မင်းသားကို မင်းချင်းယောက်ျားတို့ ယူဆောင်၍ ချုပ်နှောင်ထားကုန်၏၊ ထိုအခါ ၎င်းပြည်ရှိ ဝိဇယာအမတ်က အရှင်မင်းကြီး၊ အတွင်းရန်သူကို အဘယ့်ကြောင့် ချုပ်နှောင် ထားရမည်နည်း၊ ယခုပင် အဆုံးစီရင်ခြင်းသာလျှင် သင့်တင့်လျော်ကပ်မည်ဟု တင်လျှောက် သော စကားကို မင်းကြီးကြား၍ သူသတ်အာဏာသားတို့အား သတ်စေဟု အမိန့်ပေးလေ၏။

ထိုအခါ သူသတ်အာဏာသားတို့လည်း တာဂျာမူလွတ်မင်းသားကို သန်လျက်ဖြင့် ခုတ်ပိုင်း သတ်ဖြတ်မည်ဟု ချိန်ရွယ်သောအခါ ဟယ် အချင်းလူမိုက်တို့၊ နှောင်ရေး အေးငြိမ်းဖွယ်ရာ မရှိသော ဤမင်းသားကို မသတ်ကြနှင့်ဦး၊ ဤမင်းသား အပြစ်မဟုတ်၊ နင်တို့ မင်းသမီး အပြစ်တည်း၊ ခေတ္တဆိုင်းငံ့ဦးဟု ဟစ်အော်ကြွေးကြော်သော အသံကြီးများနှင့် ဆိုင်များလည်း တစ်ပြိုင်နက် ပိတ်ကုန်၏၊ ထိုအသံကိုကြားလျှင် လူတစ်ယောက်ကို ကြည့်ရှုချေဟု စေလွှတ်လိုက်ရာ စစ်သည်တပ်သား ဗိုလ်မှူးသူရဲတို့သည် အထူးထူးသော စစ်ဝတ်တန်ဆာတို့ ဝတ်ဆင်လျက် ချီတက်လာကြကုန်၏၊ အချို့သော သူရဲတို့မှာ အညိုပုဆိုး အင်္ကျီမိန်ချပ်တန်ဆာတို့ကို ဝတ်ဆင်ထားကြကုန်၏။

အချို့မှာ အနီ၊ အချို့မှာ အဖြူဝတ်ဆင်၍ သင်းကျစ်နဖူး ဦးရစ်ခေါင်းပေါင်းဆင်လျက် အထူးထူးသော တန်ဆာတို့ဖြင့် ဝတ်ဆင်၍ ဂန္ဓမာဒန အမည်ရှိသော သစ်ပင်တို့ဖြင့် ဖုံးလွှမ်းလျက် နတ်ဘီလူးတို့၏နေရာ ဟိမဝန္တာတောင်သည် အထူးထူးသော နတ်ဆေး အမွှေးအထုံပင်တို့ဖြင့် အရပ်ရှစ်မျက်နှာတောက်ပလျက် ပျံ့မွှေးလှိုင်ကြူသကဲ့သို့ အလုံးစုံသော မှူးမတ်စစ်သည်သူရဲ တို့နှင့်လည်း ပြည့်စုံကုန်၏၊ ရွှေကြိုးရွှေကဆင်လျက် မာတင်္ဂမျိုးဖြစ်သော တိုက်ဆင်အပေါင်းတို့ကို လှံမ ချွန်းတောင်းလက်စွဲလျက် ဆင်စီးသူရဲတို့နှင့်တကွ ပါကုန်၏၊ အာဇာနည် သိန္ဓောမျိုးဖြစ်၍ လေ၏လျင်ခြင်းကဲ့သို့ လျင်ခြင်းရှိသော အသိန်းအသောင်းသော မြင်းတပ်တို့ကို လေးမြားလက်စွဲမြင်းစီးသူရဲတို့နှင့်တကွ ပါလာကုန်၏၊ သံဖြင့်ကွပ်အပ်သည် ဖြစ်၍ ကောင်းစွာအကွပ်ရှိလျက် လက်ရန်းနံရံတို့၌ ရွှေ၊ ငွေ စသည်တို့ဖြင့် ဆန်းကြယ် လှစွာသော ရထားတို့ကို ရထားဦး၌ တံခွန်အောင်လံစိုက်၍ ရထား၌ ဒိုင်းလွှား ကာချပ် စွဲကုန်သော သူရဲ၊ တစ်ချောင်းသော သားမြီးဖျားကို မြင်လောက်ရာကနေ၍ ထိအောင် ပစ်ခြင်းငှာ စွမ်းနိုင်သော လေးသမားအကျော်တို့နှင့်လည်း ပြည့်စုံကုန်၏။

ထိုရှိတက်လာသော စစ်ကြီး၌လည်း မျက်လှည့်သည် ကျွမ်းသမား တိုင်တက်ကွင်းလျှို ကြိုးတန်းလျှောက် သီချင်းဆို၍ ကတတ်သောသူ လက်ခုပ်တီး အိုးစည်တီး အလုံးစုံသော တူရိယာ ဘဏ္ဍာမျိုးတို့ဖြင့် တီးမှုတ်ကခုန်မြူးတူးရွှင်လန်း၍ လာကုန်၏၊ ရတုရကန် သာချင်း အဲအံ တေးတြာအသာအယာ တီးတတ်ကုန်သော သူတို့လည်း အသာအယာ တီးမှုတ်၍ ချီတက်လာကြကုန်၏။

အချို့သောသူတို့ကလည်း ကန်ပူရပြည် ရာဇီမံမင်းကို ဖမ်းကြကုန်၊ သတ်ကြကုန်၊ မြို့ကိုမီးတိုက်ကုန်၊ အမတ်စစ်သည်သူရဲတို့အား တစ်ယောက်မကျန် အရှင်ဖမ်းကြကုန် စသည်ဖြင့် အော်ဟစ်ကြကုန်၏၊ စူလိုင်မံမင်းကြီး၏ ချီတက်လာကုန်သော စစ်သည်သူရဲတို့၏ အချင်းချင်းစကားပြောသံ၊ ဆင်သံ၊ မြင်းသံ၊ ရထားသံတို့ဖြင့် မြေကြီးကွဲမျှ အုတ်အုတ် ကျက်ကျက် ဖြစ်ကုန်၏၊ ဤသို့သော ဗိုလ်ပါ အလုံးအရင်း ဆင်မြင်းစသည်တို့ကို မြင်ရလျှင် ကန်ပူရမင်းကြီးထံ အလျင်အမြန်သွား ရောက်၍ တွေ့မြင်ကြားသိရသမျှ အလုံးစုံကို တင်လျှောက်ကုန်၏၊ မင်းကြီးလည်း ငါနှင့်တကွ ငါ့မိဖုရား၊ သားတော်၊ ဆွေမျိုးတော်တို့ အားလုံးတို့ပင် ယနေ့ ပျက်စီးခြင်းမလှ ပျက်စီးရတော့မည်ဟု အလွန်ထိတ်လန့်ကြောက်ရွံ့ခြင်း ဖြစ်ပြီးလျှင် အချင်းဝိဇယာအမတ်ကြီး၊ ဤမျှလောက် ကြီးကျယ်သောစစ်ကို ဆိုင်ပြိုင် တိုက်ခိုက်ရန် စစ်သည်တပ်သား အရန်သင့် ရနိုင်ပါမည်လောဟုမေး၏၊ ဝိဇယာအမတ်လည်း အင်အားကြီးလှ၍ ဘက်ပြိုင်နိုင်ရန် မရှိကြောင်းကို တင်လျှောက်နေစဉ် စူလိုင်မံ မင်းကြီး၏ ဝိဇယာအမတ်ကြီးနှင့် သံအမတ်တို့သည် ရုတ်တရက် ဝင်လာကြကုန်၏။

ထိုအခါ ကန်ပူရပြည် ရာဇီမံမင်းကြီးက အမတ်ကြီးတို့ အကြောင်းကိစ္စ ထူးယောင် တကားဟု မေး၏၊ ဝိဇယာအမတ်ကြီးက အရှင်မင်းကြီး၊ ကျွန်ုပ်တို့ မင်းကြီးသားတော် တာဂျာမူလွတ် မင်းသားသည် အရှင်မင်းကြီး တိုင်းပြည်၌ရှိ၍ တောင်းဆိုရန် စစ်မက်ကြီးစွာ ချီတက်လာကုန်၏၊ အကယ်၍ သားတော်ကို အပ်ပါလျှင် အသင်မင်းကြီးအား ကျေးဇူး အထူးတင်လိမ့်မည်၊ မရခဲ့လျှင် အသင်မင်းကြီးနှင့်တကွ သားတော်၊ သမီးတော်၊ ဆွေတော်၊ မျိုးတော်၊ ပြည်သူပြည်သား၊ ဆင်းရဲသားအားလုံးတို့ပင် ကျွန်ုပ်တို့မင်းကြီး၏ သူရဲတို့လက်၌ ပျက်စီးလိမ့်မည်ဟု အတင်းအကြပ် ပြောဆိုကြ၏။

ရာဇီမံမင်းကြီးလည်း ဤမင်းသားငယ် အတွက်ကြောင့် စစ်သည်ဗိုလ်ပါ အမြောက် အများနှင့် ချီတက်ဝန်းရံလာကြောင်းကို သိလျှင် ဤမင်းသားငယ်အား အမျက်ဒေါသ

အလျောက် ကွပ်မျက်မိလျှင် ငါနှင့်တကွ ပြည်အလုံး ပျက်စီးရတော့မည်တကားဟု သတိ နောင်တရ၍ အလွန်ကြောက်ထိတ်လန့်ပြီးလျှင် အချင်းမှူးမတ်တို့၊ မင်းသားငယ်ကိုလိုက်၍ ရှာကြကုန်ဟု အမိန့်ပေး၏၊ မှူးမတ်တို့လည်း လိုက်လံရှာဖွေကြရာ အာဏာသားတို့လက်ထဲ၌ တွေ့ရလေ၏၊ စူလိုင်မံမင်းကြီး၏ ဝိဇယာအမတ်နှင့် အာဇက်တို့လည်း တာဂျာမူလွတ် မင်းသား၏ ဆင်းရဲကြီးစွာခံနေရသည့်အဖြစ်ကို တွေ့ကြုံရလျှင် အလွန်ဝမ်းနည်း ကြေကွဲရှိကြ၍ ငိုယိုပြီးလျှင် တာဂျာမူလွတ်၊ ဝိဇယာ၊ အာဇက်သုံးဦးလုံးပင် စကားမေးမရှိ မိန်းမော တွေဝေနေကြလေသတည်း။

ရှာဇီမံမင်းကြီးလည်း ထိတ်လန့်ကြောက်ရွံ့၍ တာဂျာမူလွတ် မင်းသားထံသွားပြီးလျှင် ငါ့သား၊ ဖခင်မသိ၍ ပြုကျင့်မိသော အပြစ်ကို သည်းခံပါလောဟု ပြောဆို၏၊ မင်းသားက အရှင်မင်းကြီး၊ တစ်စုံတစ်ရာ စိုးရိမ်ကြောင့်ကြတော်မမူပါနှင့်၊ ကျွန်ုပ်၏နှမ ဒွန်နယားကိုသာ သွားရောက် ကြည့်ရှုတော်မူပါဟုဆို၏၊ ရှာဇီမံမင်းကြီးက ချစ်သား၊ သမီးတော်ဒွန်နယား အတွက် သင်ချစ်သား မစိုးရိမ်လင့်၊ ဖခင်ရှိပြီ၊ သင်ချစ်သားသည် ဖခင်ထံ၌နေလျှင် အိမ်ရှေ့ အရာဖြင့် နိုင်ငံကို တစ်ဝက်ခွဲ၍ပေးမည်၊ သင်ချစ်သား ခမည်းတော်နိုင်ငံသို့ ပြန်လျှင်လည်း သမီးတော်ဒွန်နယားကို ထည့်အပ်လိုက်မည်ဟု မိန့်ကြားလေ၏။

ထိုနောက် စူလိုင်မံမင်းကြီး၏ ဝိဇယာအမတ်ဘက်သို့လှည့်၍ အို အမတ်ကြီး၊ သင်တို့ အရှင့်သားတော် အဖြစ်အပျက်ကို သင်ယခု ဒိဋ္ဌမျက်မြင်တွေ့ကြုံရလေပြီ၊ ထိုတွေ့ကြုံရသည့် အကြောင်းကို သင်တို့အရှင်မင်းကြီးအား တစ်စုံတစ်ရာ မပြောကြားပါလင့်ဟု တောင်းပန်၍ ကြေးငွေ အမြောက်အမြားကိုပေးလေ၏၊ မိမိမှူးမတ် အရာရှိတို့ကိုလည်း အို အချင်းတို့၊ ငါ့သားတော် တာဂျာမူလွတ်ကို နံ့သာရေမိုးချိုး၍ အိမ်ရှေ့ဥပရာဇာတို့ ဆင်ယင်သည့် အဝတ်တန်ဆာ ရတနာကို ဆင်ယင်ကာ ညီလာသဘင်သို့ ခေါ်ဆောင်ခဲ့ရမည်ဟု အမိန့် ရှိသည် အတိုင်း မှူးမတ်တို့လည်း မင်းသားကို ခေါ်လာခဲ့ကြကုန်၏။

ထိုနောက် တာဂျာမူလွတ်မင်းသား၊ ဝိဇယာအမတ်နှင့် အာဇက်တို့လည်း ဖြစ်ပျက်သမျှ အကြောင်းအရာအလုံးစုံကို တစ်ဦးအားတစ်ဦးမေးမြန်း၍ အပြန်အလှန် ပြောဆိုကုန်၏၊ ဝိဇယာအမတ်တို့ကလည်း ခမည်းတော် စူလိုင်မံမင်းကြီးသည် သင်၏အတွက်ကြောင့် သိန်းသန်းကုဋေ မရေတွက်နိုင်သော ဗိုလ်ခြေရဲမက်တို့ဖြင့် ကန်ပူရပြည်ရောက် ယခုစစ်တက်၍ ဝိုင်းဝန်းနေသည်ဟု ပြောဆိုရာ မင်းသားက အို အမတ်ကြီး၊ အကျွန်ုပ်အတွက်ကြောင့် ပြည်သူ

သတ္တဝါ အပေါင်းတို့ သေကြေနစ်မွန်းအောင် စစ်မက်မပြုသင့်၊ အကျွန်ုပ်အသက်မသေ၊ မိမိကြံရွယ်သည့်အတိုင်း ပြည့်စုံလျှင် ဝမ်းသာအားရရှိသင့်သည် မဟုတ်လော၊ ခမည်းတော် မင်းကြီးအား သင်အမတ်တို့က စစ်မက်မပြုအောင် တောင်းပန် လျှောက်ထားပါလောဟု ပြောဆို၏၊ ဝိဇယာအမတ်လည်း အရှင့်သားတော်အလိုမတူလျှင် အကျွန်ုပ်တို့ အရှင်မင်းကြီး ကိုလည်း စစ်မက်မပြုအောင် လျှောက်ထားပါမည်ဟုဆိုကာ တစ်ဦးကိုတစ်ဦး မေးမြန်းပြောဆို ငိုယိုကြလေသတည်း။

ကန်ပူရကျွန်းကြီးရှင် ရာဇီမံမင်းကြီးလည်း မိမိသမီး ဒွန်နယားထံသို့ ကိုယ်တိုင် သွားရောက်ကြည့်ရှုရာ ဒွန်နယားလည်း ဤသို့ဆို၍ ငိုကြွေးမြည်တမ်းနေ၏၊ အသက်အသွင် စိတ်ထင်သည် လူယဉ်လုလု မိုးပေါ်ကျသို့ သော်ကမာလာ စကဝါငုံသွေး စိတ်ထင်ရေးဖြင့် တွေးလေတွေးလေ လွမ်းမပြေခဲ့၊ ဆိုးသေလိမ့်အင် ကျွန်ုပ်ထင်သည် ဘဝင်မအေး ရွှေရင် လေး၏၊ ဆွေးအနန္တ ပူသမျှကို လူလုကုန်စင် သိမထင်ခဲ့၊ မရွှင်နလုံး ကြိမ်မီးအုံးသို့ ယူကျုံးမရ ဆုံးမဆကဲ ဒုက္ခဝဲလည် လူတို့ပြည်၌ သက်ရှည်သမျှ တည်မရ၍ အေးကြမထင် သက်ဝိညာဉ်တို့ ကင်းစင်လျင်သာ မိမိကိုယ်ကို မိမိဓားနှင့်ထိုး၍ သတ်မည်ချိန်ရွယ်၏။

ထိုအခါ ခမည်းတော် ရာဇီမံမင်းကြီး အဆင်သင့်တွေ့ကြုံ၍ ချစ်သမီး၊ ဤမျှလောက် မစိုးရိမ်လင့်၊ ယခု ချစ်သမီးခင်ပွန်း တာဂျာမူလွတ် ခမည်းတော်လည်း တိုင်းပြည်နိုင်ငံသို့ ဆိုက်ရောက်ပြီဖြစ်၍ သင်တို့အား မိဘနစ်ပါးအစုံအညီ လက်ထပ်မင်္ဂလာ ပြုမည်ဟုဆို၍ ခေါ်ဆောင်ခဲ့ပြီးလျှင် တာဂျာမူလွတ် မင်းသားနှင့် အတူတကွ ထိုင်နေစေ၏၊ မင်းသား မင်းသမီးတို့ သည်လည်း အသက်မသေ တွေ့ကြုံကြရ၍ လက်ထပ်မင်္ဂလာ ပြုမည်ဟူသော အမိန့်သံကိုကြားရလျှင် လွန်စွာဝမ်းမြောက်ဝမ်းသာ ရှိကြကုန်၏။

ကန်ပူရမင်းကြီးက အို အမတ်ကြီး၊ သင်တို့အရှင်မင်းကြီးအား သားတော်ချမ်းသာစွာ ရှိကြောင်း၊ ကန်ပူရမင်းကြီးသမီးတော်နှင့် ထိမ်းမြားမင်္ဂလာ ပြုမည်အကြောင်းကို ကောင်းမွန်စွာ သွားရောက် လျှောက်ထားပြောဆိုပါလေဟု ဆို၍ ရွှေငွေရတနာ စားရေရိက္ခာ အမြောက်အမြားနှင့်တကွ အမတ်တစ်ယောက်ကို ပို့ဆက်ရန် ထည့်လိုက်၏၊ ထိုနောက် များမကြာမီ ကန်ပူရပြည် ရာဇီမံမင်းကြီးလည်း မိမိမှူးမတ် အရာရှိများစွာနှင့် စူလိုင်မံ မင်းကြီးထံသို့ အခစားသွားလေသတည်း။

ဝိဇယာအမတ်နှင့် လုလင်ပျိုအာဇက်တို့ကလည်း အကြောင်းအရာ အလုံးစုံကို မင်းကြီးအား နှစ်သိမ့်အောင် ပြောဆိုနေစဉ် ကန်ပူရမင်းကြီးရာဇီမံသည် မှူးမတ်ပရိသတ်နှင့် တပ်စားခန်းသို့ ရောက်လာသဖြင့် စုလိုင်မံမင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ ခရီးဦး ကြိုဆိုလျက် သင့်တင်လျောက်ပတ်စွာ မင်းနှစ်ပါးထိုင်နေကြပြီးလျှင် ပဋိသန္ထာရစကား မေးမြန်း ပြောဆိုကြ၏၊ ထိုနောက် မင်းနှစ်ပါးတို့လည်း သုဓာဘောဇဉ်ချိုချဉ်ရသာတို့ကို ဝမ်းသာအားရ သုံးဆောင်နေစဉ် တာဂျာမူလွတ်မင်းသား ရောက်လာရာ စုလိုင်မံမင်းကြီးလည်း နေရာမှထ၍ မိမိသားတော်ကို ရင်ခွင်ထက်ထားပြီးလျှင် မှူးမတ်ပရိသတ်အလယ်တွင် အို အကြည်တော်၊ အကျွန်ုပ်သားတော်နှင့် အကြည်တော်သမီးတော်တို့ကို ထိမ်းမြားမင်္ဂလာပြုလိုသည်ဟုဆို၏၊ ရာဇီမံမင်းကြီးလည်း ကောင်းပါပြီဟု ဝန်ခံကာ လက်ထပ်မင်္ဂလာ စာချုပ်များကို မင်းနှစ်ပါး သဘောတူ ရေးသားချီးမြှောက်ကြကုန်၏။

ထိုနောက် တာဂျာမူလွတ်မင်းသားက လုလင်ပျို အာဇက်သည် သာမညမဟုတ်၊ အကျွန်ုပ်အမှုကို သက်စွန့်ကြိုးပမ်း ဆောင်ရွက်လုပ်ကိုင်ကြောင်း၊ အကျွန်ုပ်၌ အထူးအားကိုးရာ ရကြောင်းများနှင့် အာဇက်ဂုဏ်ကိုထုတ်ဖော်၍ ခမည်းတော်မင်းကြီးထံ လျှောက်တင်ကုန်၏၊ မင်းကြီးက အထူးဝမ်းမြောက်တော်မူ၍ မိဘနေရပ်ဌာနသို့ ပြန်လိုလျှင်လည်း အဖိုးထိုက် တန်သော ကုန်စည်ဝတ္ထုအစုစုတို့နှင့် ရွှေငွေရတနာ အမြောက်အမြားကို အာဇက်သို့ပေးစေ၊ မိဘရပ်ဌာနသို့ မပြန်ဘဲ မြဲစွဲစွာ အမှုထမ်းလျှင်လည်း မှူးမတ်သေနာပတိ ရာထူးဌာနန္တရနှင့် အမှုထမ်းနေစေဟု အမိန့်ရှိရာ အာဇက်လည်း မိဘတို့နှင့် ဝေးကွာနေရသည်မှာ နှစ်ပေါင်းများစွာ ကြာရှိပြီဖြစ်၍ ပြန်ရပါမည့်အကြောင်း၊ နောက်မှ ခြေတော်ရင်းသို့ လာရောက် အမှုထမ်းဆောင်ပါမည့်အကြောင်း တင်လျှောက်သည်၊ မင်းကြီးက ဆုလာဘ်ပဏ္ဏာ ရတနာ ရွှေငွေအမြောက်အမြား ပေးစေကာ နေရပ်သို့ပြန်လွှတ်လိုက်လေ၏။

တာဂျာမူလွတ်မင်းသားလည်း ခရီးသုံးမိုင်ခန့်ရောက်အောင် မြင်းစီးနင်းလိုက်ပို့၍ နှစ်ဦးနှစ်ဝ ဆင်းရဲဘက် ဖြစ်ကြသည် အတိုင်း လွမ်းတမျက်ရည် သက်သက်လည်၍ နှုတ်ခွန်း ဆက်ကြပြီးလျှင် မင်းသားလည်း နေပြည်တော်သို့ ပြန်လေ၏၊ အာဇက်လည်း အို အရှင့်သားတော်၊ အရှင့်သားတော်နှင့် ကျွန်ုပ်သည် အကျွန်ုပ်မိခင်၏ကျေးဇူးကြောင့် အလွန် တွေ့ကြုံရခဲသော အရှင့်သားတော်ကို တွေ့ကြုံရပေသည်ဟုဆို၍ မိမိမြို့သို့အစဉ်တစိုက် ထွက်လာလေသတည်း။

ယင်းသို့ ထွက်လာခဲ့ရာ အာဇက်သည် များမကြာမီ မိမိမြို့၊ မိမိ၏ မိခင်အိမ်သို့ ရောက်လေ၏၊ မိခင်လည်း သားအာဇက်သည် အသက်ဝိညာဉ် ကင်းစင်ပြတ်စဲလေပြီဟူသော အမှတ်ဖြင့် မိမိ၏ အိမ်ဝင်းတံတိုင်းအတွင်း၌ သင်္ချိုင်းတစ်ခု ပြုလုပ်ပြီးလျှင် ဤသင်္ချိုင်းကား အခြားသူသေ၍ သင်္ဂြိုဟ်ရသော သင်္ချိုင်းမဟုတ်၊ သား အာဇက်သေ၍ သင်္ဂြိုဟ်ရသော သင်္ချိုင်းတည်း၊ ငါ့သားအာဇက်ကို မြှုပ်နှံရာသင်္ချိုင်းတည်းဟူသော အမှတ်ဖြင့် မကြာမကြာ သွားရောက်လျက် ငိုကြွေးမြည်တမ်းနေသည်ကို တွေ့မြင်ရလေသတည်း။

ဝမ်းတွင်ဆယ်လ ပိုက်လွယ်ရသား လောကဝလေ့ ဖွားသည့်နေ့မှ လက်ပွေ့ပိုက်ဖက် ရင်ခွင်ထက်ဝယ် နို့စက်ချကာ နေ့သုံးခါလျှင် နံ့သာပျံ့မွှေး ရေချမ်းပေးလျက် မွေးခဲ့သမျှ ချစ်မဝသည် အလုပန်းခက် မောင်အာဇက်။ ။ ဝမ်းထွက်မေ့သား လူရည်ခြားမှာ သောက်စားယစ်မူး အပျော်ကြူး၍ ဝေးထူးရပ်မြေ နေလေသလော၊ လှချောရူပ နတ်မိန်းမတို့ တောဝမြိုင်ချ ခင်ပွန်းလျာဖြင့် ဝှက်ခါမေ့သား ဖြူဖြူထွားကို ထားလေသလော၊ တိမ်ကြောမိုးခွင် ထက်ကောင်းကင်သို့ နတ်ခင်ပျိုထွား ချစ်ကြင်ငြား၍ မေ့သားရွှေတောင် လှသည်းခေါင်ကို ဆောင်လေသလော၊ တောင်တောရိပ်စက် နတ်သူပျက်တို့ လျှို့ဝှက်ကြိုကြား ရပ်တစ်ပါး၌ ထားလေသလော၊ တွေးတောမရ မြို့မမြို့ပြင် ရပ်တစ်ခွင်ဝယ် ရှင်ရှင်ပျော်ပျော် သောက်စား ဖော်တို့ ခေါ်ရာလိုက်သွား ခိုက်ရန်ပွား၍ မြသားနဝရတ် စိန်ချွန်ဓာတ်ဖြင့် သတ်လေသလော၊ လူယဉ်ချောကြောင့် ဘွင်ဖောဆူကြွ ပူသမျှကို ကူမနိုင်သူ ထွက်မပြူ၍ သည်းအူပန်းခက် တစ်ဝမ်းထွက်ကို မှန်းလျက်ငိုကာ လွမ်းပိုဗျာကြောင့် သည်မှာယခု သင်္ချိုင်းပြု၍ ရင်ထု လက်တင် သေသည့်သွင်ဖြင့် နေ့စဉ်မပြတ် ပန်းအာဇက်ကို လွမ်းလျက်လိုက်ဖို့ ရှိုက်ရှိုက် မျိုသည် အငိုမျက်ရည် တင်းကြမ်းတည်းဟုဆို၍ ငိုကြွေးမြည်တမ်းနေစဉ် အာဇက်လည်း ရုတ်တရက် ဝင်လာလေ၏။

ထိုအခါ အာဇက်ကိုမြင်လျှင် ဤသို့ဆို၏။ ရွှေစင်ပတ္တမြား အမေ့သားမှာ ပြောင်းသွား ခန္ဓာ သေမင်းရွာကပင် ပြန်လာလေသလား၊ သို့မဟုတ်ငြား အလွမ်းပွား၍ မခြားနေ့ဆက် မျက်ရည်စက်ဖြင့် ရင်လက်စုံထု အေးရန်မှုကြောင့် မျက်ရှုသားလှ ကိုယ်တိုင်ပင်ပြလေသလော၊ မိခင်မှာကား သေပြီဟူသော အမှတ်အားဖြင့် ဤသားမောင်ကို မြှုပ်နှံရာသင်္ချိုင်း စိတ်ထင်နိုင်း၍ နေ့တိုင်းငိုရလေသည်တကား၊ ထိုသို့ပြောဆိုရင်း အာဇက်ကို ပွေ့ဖက်လေသတည်း။

ထိုအခါ အာဇက်က အို မိခင်၊ မိခင်၏ ကျေးဇူးအရိပ်သည် တောင်ထိပ်ကြာရောက် အနောက်နေထွက်ဟူသော စကားကဲ့သို့ သွားလေရာရာ ကပ်လျက်ပင်ပါသောကြောင့် တစ်စုံတစ်ရာသော ဘေးအန္တရာယ်ကို မတွေ့ရသည့်ပြင် တစ်ဘဝ၌ တစ်ကြိမ်တစ်ခါမျှ တွေ့ကြုံရခဲသော စူလိုင်မံမင်းကြီး၏သားတော် တာဂျာမူလွတ်မင်းသားနှင့် တွေ့ကြုံပေါင်းသင်း ညီရင်းအစ်ကိုမခြား နှစ်ပါးကျွမ်းဝင် ချစ်ခင်စုံမက် ရှိကြသည့်အတိုင်း ကန်ပူရတိုင်းပြည်သို့ပင် အတူတကွလိုက်ပါ အမှုထမ်းဆောင် ခဲ့ရသည်၊ မင်းသားလည်း ဘုန်းသမ္ဘာနှင့် ပညာပါရမီကြီးရင့်သော မင်းသားဖြစ်၍ ကျွန်ုပ်၏ ဉာဏ်ရည်ကြံရည်ကို အလွန်နှစ်သက်သဖြင့် ရှေ့တော်၌ အမြဲထမ်းရွက်နေထိုင်ပါက မောင်မင်းကို မှူးမတ်သေနာပတိအရာနှင့်ထားမည်၊ သို့မဟုတ် နေရပ်သို့ ပြန်လိုလျှင် ရွှေငွေဥစ္စာရတနာတို့ကို အလိုရှိသမျှ ဆောင်ယူသွားလေဟုပြောဆိုပါ၏၊ ကျွန်ုပ်လည်း မိခင်နှင့် နှစ်လရှည်ကြာစွာ ကွဲခဲ့ရပါကြောင်း၊ မိခင်လည်း ကျွန်ုပ်အတွက် နေ့ရက်ရှိသမျှ ပူနေရလိမ့်မည် အကြောင်းနှင့် ခွင့်တောင်း လျှောက်ကြားသကာလ သွားလေတော့ အာဇက်၊ စိန်ရွှေရတနာတို့ကို အလိုရှိရာယူသွားဟု ပြောဆို၏၊ ကျွန်တော်ဆောင်ယူလေရာ ဤကားရွှေ၊ ဤကားမြ၊ ဤကားစိန်၊ ဤကားပုလဲမျက်ရွဲဖြစ်ပါကြောင်း ပြောဆိုကာ မိခင်အား ပေးလေ၏။

မိခင်က အမေ့ဝမ်းထွက် မောင်အာဇက်၊ အချက်မိပေ၏၊ သို့ရာတွင် မောင့်နမ သွားလေသူ ဆင်းဖြူဖြူကို ခုမှတွေ့ကြုံ မောင့်ဖြစ်ပုံကို အလုံးစုံပြောလိုက်ချင်၏၊ မောင့်နမ မြင်ရလျှင် အဘယ်မျှလောက် ဝမ်းသာအားရှိမည်ကို မပြောနိုင်အောင်ရှိ၏၊ မသေ၍သာ ပြန်ရောက်လာသည် ဥစ္စာသူဌေး မယ့်ရင်သွေးကို မဝေးတူကွ ခုတွေ့ရမှ လွမ်းစတစ်ဖန် သမီးစိတ်ထင်ပြန်၍ နယ်ရှစ်တန်ပတ်လည်မို့ပြီးလျှင် မိုးညို့တိုင်းမျက်ရည်ဝေ၊ အသေတော် စောလိုက်လှလေသည် တကားဟု ပြောကာ ငိုပြန်လေ၏၊ အာဇက်လည်း မိခင်ကို တရားလမ်းကြောင်း ကောင်းစွာပြသ၍ ရသမျှဥစ္စာရတနာတို့ဖြင့် သူဌေးအရာကိုခံပြီးလျှင် သားစဉ်မြေးဆက် ချမ်းသာစွာနေထိုင်ကြလေသတည်း။

တာဂျာမူလွတ်မင်းသားလည်း လုလင်အာဇက်ကို ပြန်ပို့ပြီးနောက် ကြင်ဖက်တော် ဒွန်နယား မင်းသမီးထံ သွားလေ၏၊ ရာဇီမံမင်းကြီးသည် သမက်တော်နှင့် သမီးတော်တို့အား ရှေ့တော်ခေါ်၍ ရွှေငွေဥစ္စာ ရတနာအမြောက်အမြားကို လက်ဖွဲ့ပြီးလျှင် တိုင်းပြည်နိုင်ငံသို့ ပြန်စေ၏၊ မင်းသား မင်းသမီးလည်း ခမည်းတော် မယ်တော်တို့အား နှစ်သိမ့်အောင်

တင်လျှောက်ပြောဆိုလျက် ပြန်လာကြရာ မင်းကြီးလည်း စစ်သည်ဗိုလ်ပါ ခင်းကျင်းကာ သုံးရက်ခရီးရောက်အောင် လိုက်ပို့တော်မူ၏။

ထိုအခါ စူလိုင်မံမင်းကြီးသည် ဆင်တပ်မြင်းတပ် ဝန်းပတ်ရံလျက် နေပြည်တော်သို့ ပြန်လာရာ မကြာမီဆိုက်ရောက်တော်မူ၏၊ တိုင်းသူပြည်သားတို့သည် ငါတို့မင်းကြီးသားတော် ဥပရာဇာ အိမ်ရှေ့မင်းသားသည် ကြင်ဖက်တော်ရတနာ ဒွန်နယားထိပ်ခေါင်နှင့်တကွ ပြည်ခွင်သို့ ရောက်လာပြီ၊ ငါတို့ အစုအရုံးပြု၍ ဆက်သရန် လက်ဆောင်ပဏ္ဏာနှင့်တကွ သွားရောက် ဖူးမြင်ကြမည်ဟု အချင်းချင်းတိုင်ပင်ကြပြီး ယောက်ျား မိန်းမ တစ်ဌာနစီခွဲဝေ၍ မင်းသား မင်းသမီးထံ လက်ဆောင်ပဏ္ဏာရတနာများ သွားရောက် ဆက်သဖူးမြော်ကြကုန်၏၊ မင်းသား မင်းသမီးတို့ကလည်း ပြည်သူတို့အား သင့်လျော်လျောက်ပတ်သည့် လက်ဆောင်တို့ဖြင့် နှစ်သိမ့်စေ၏၊ ခမည်းတော်မင်းကြီးနှင့် မယ်တော် မိဖုရားခေါင်ကြီးတို့ကလည်း နေပြည်တော်အလုံးကို တန်ဆာဆင်ပြီးလျှင် လက်ထပ်နန်းကို ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်၍ ဒုတိယအကြိမ် မင်းသားမင်းသမီးတို့အား လက်ထပ်မင်္ဂလာပြုတော်မူ၏။

ထိုလက်ထပ်ပွဲ၌ ကျွမ်းထိုးတိုင်တက် လက်ဝှေ့လက်ပန်း ထူးဆန်းသဘင် ပျော်ရွှင်စေမှု အနေအပျောင်း စောင်းနှင့်အငြိမ့် နားစိမ့်စရာ သံသာနဲပြွေ အထွေထွေသော တီးမှုတ်မျိုးတို့ဖြင့် ခုနစ်ရက်ပတ်လုံး တီးမှုတ်ကခုန်စေ၏၊ ဖုန်းတောင်းယာစကာ သူနာသူအို ထိုထိုသောအရပ်က လာလာသမျှသော ပရိသတ်တို့အားလည်း လျောက်ပတ်တင့်တယ်သော အဝတ်အထည် ထဘီပုဆိုး ပိုးဖဲကတ္တီပါ သပြာငွေစ ဟူသမျှတို့ကို ဒါနအဖို့ငှာ စွန့်ကြဲပေးကမ်းတော်မူ၏၊ ယင်းသို့ တစ်ပြည်လုံး ညဥ့်နေ့မခြား သွားလာဝင်ထွက် သေရက်သောက်စား ပျော်ပါးခြင်းကို ကြိုက်နှစ်သက်သူတို့အားလည်း သေအရက်တည်းဟူသော အရသာ၊ သကာဆီပျား ထောပတ် ထမင်းများကို စားလိုသူတို့အတွက် ကြိုက်ရာနှစ်သက်ရာကို ပေးကျွေးနှစ်သိမ့်စေ၏၊ ယင်းသို့ ပြည်လုံးသိမ့်မျှ ဒုတိယမင်္ဂလာ မဟာလက်ထပ်ပွဲကို ချီးဝှဲဆင်ယင်တော်မူပြီးမှ နန်းစဉ်နန်းဆက် မပျက်ထွန်းကား ဒွန်နယားနှင့် သားသမီးမြေးပု အစုစုမျိုးတော် ဆွေတော်မျိုးပေါင်း ရှစ်သောင်းလေးထောင် ဆုံးအောင်မပျက် စည်းစိမ်ထက်၌ မပျက်သောအနွယ်ဖြင့် ကြီးကျယ် ခမ်းနားစွာ စံစားတော်မူကြလေသတည်း။

***

# ဘက်ကာ၏သား အလီနှင့် ရှယ်မအယ်နဟာ၏အကြောင်း

ရှေးသရောအခါ ပြည်တစ်ပြည်၌ ဟာရွန်ရရှစ်ဘုရင် အမည်ရှိသော မင်းသည် တရားနှင့်ညီစွာ ထီးနန်းခရိုင် နိုင်ငံစိုးချုပ် မင်းလုပ်တော်မူ၏၊ ထိုပြည်၌ ဥစ္စာကြေးငွေ ကြွယ်ဝချမ်းသာသော ကုန်သည်ကြီး တစ်ယောက်ရှိ၏၊ ထိုကုန်သည်ကြီး၌ အဆင်းသဏ္ဍာန် လှပတင့်တယ် ရှုချင်ဖွယ်ရှိသော အဘဒူဟာစံအလီ အမည်ရှိသော သားတစ်ယောက်ရှိ၏၊ ၎င်းသားသည် ဟာရွန်ရရှစ်ဘုရင်စံနေသော နန်းတော်သို့ အခွင့်မရှိဘဲ ဝင်လေ့ရှိ၏။ ယင်းသို့ ဝင်ဖန်များလတ်သော် နန်းတွင်းသူ ခြွေရံအလုံးတို့သည် ရှင်ပြုံးမေတ္တာလွန်စွာ ချစ်ခင်မြတ်နိုးကြ၏၊ အဘဒူဟာစံအလီသည် နန်းတွင်းသူအပေါင်းတို့၏ ထပ်လောင်းသောမေတ္တာကို ရခဲ့လျှင် တစ်ဖန် မင်းကြီးနှင့် ဆက်ဆံပေါင်းသင်း မိတ်ရင်းဖြစ်အောင်ဖွဲ့၍ လင်္ကာစာများနှင့် အထူးထူးသော ပုံဝတ္ထုများ သာယာနာပျော်ဖွယ် ဟောပြောလေ့ရှိ၏။

သို့ရာတွင် အဘဒူဟာစံအလီသည် ကုန်သည်၏သား ဖြစ်သည့်အတိုင်း မိဘတို့ လုပ်ကိုင်ရာ ကုန်စည်ရောင်းဝယ်ခြင်းကိုသာ ပြုလုပ်မြဲပြုလုပ်၍ နေလေ၏၊ ပါရှာမင်းမျိုး မင်းနွယ်မှ ဆင်းသက်သော ဘက်ကာ၏သားတော် အလီဟာစံလည်း ပီယဝါစာ သာယာချိုအေး ယဉ်ကျေးသောစကားကို ပြောဆိုလေ့ ရှိသည့်အတိုင်း ကြမ်းတမ်းသော စကားကို ဆိုတတ်သောအလုပ်တို့နှင့် ဆက်ဆံပေါင်းသင်းခြင်းကို မပြုဘဲ မိမိနှင့် စိတ်သဘော အကျင့်အမူတူသူ အဘဒူဟာစံကိုသာ ချစ်ခင်မြတ်နိုး၍ အဘဒူဟာစံဆိုင်၌ အစဉ်မပြတ် လာရောက်ထိုင်နေလေ့ရှိ၏။

တစ်နေ့သ၌ ၎င်းလုလင်ပျို နှစ်ဦးတို့သည် အကြောင်းအကျိုး ဆိုးကောင်းနှစ်ရပ်နှင့် စပ်သောစကားကို ဈေးဆိုင်၌ ပြောဟောနေကြစဉ် အလွန်လှပတင့်တယ် ရှုချင်ဖွယ်ရှိသော သတို့သမီးဆယ်ယောက်တို့သည် ဈေးထဲသို့ လျှောက်လာကြကုန်၏၊ ၎င်းတို့ အထဲ၌လည်း ရွှေကြိုးရွှေက လှပတင့်တယ်သော တန်ဆာတို့ဖြင့် ဆင်ယင်အပ်သော လားဝန်တင်ကိုစီး၍ နတ်သမီးအသွင် မြင်ရသော သတို့သမီး တစ်ယောက်ပါလာ၏၊ ၎င်းတို့သည် အဘဒူဟာစံဆိုင်သို့ ရှေးရှုလာကြ၍ ရောက်သောအခါ ၎င်းသတို့သမီးငယ်သည် လားဝန်တင်ပေါ်မှ ဆင်းသက်ကာ အဘဒူဟာစံဆိုင်၌ ထိုင်ပြီးလျှင် ချစ်ဖွယ်သောစကားတို့ဖြင့် နှုတ်ခွန်းဆက်မေးမြန်း၏။

ထိုအခါ ဘက်ကာ၏သား အလီသည် သာယာချိုအေး ယဉ်ကျေးပြေပြစ်သောစကားကို ဆိုတတ်သော သတို့သမီးကိုမြင်ရလျှင် ချစ်ခင်မြတ်နိုး ရှိးတွင်းစိမ့်မျှ တပ်မက်လှ၍ ထိုင်ရာမှ ထမည်ဟု အကြံပြုသည်ရှိသော် သတို့သမီးက အို လုလင်ပျို၊ အသင့်ဆိုင်သို့ အကျွန်ုပ် ရောက်ခါမှ အခြားတစ်ပါးသို့ ထသွားမည့် လက္ခဏာကို အဘယ့်ကြောင့် ပြုပါသနည်း၊ အကျွန်ုပ်အား မေတ္တာရှိပါမူ သင့်နေရာ၌သာ ဣန္ဒြေမယုတ် စိတ်ကိုချုပ်၍ ထိုင်နေပါလောဟု ပြော၏၊ ထိုစကားကို အလီကြားလျှင် အို နတ်သမီးတမျှ လှပယဉ်ကျေးသော သတို့သမီး၊ အကျွန်ုပ်ထိုင်နေရာမှ ထသွားမည်ကြံသည်မှာ အခြားကြောင့်မဟုတ်၊ အာရုံကိုမချုပ်နိုင်သော အရာကို မြင်ရသည့်အတွက် အရပ်တစ်ပါးသို့ သွားမည်ကြံပါသည်ဟု ပြန်ပြော၏၊ သတို့သမီးသည် ပြုံး၍ အဘဒူဟာစံကို ဤသို့မေး၏၊ အို လုလင်ပျို၊ သင့်အမည်ကို မိဘတို့ မည်သို့ခေါ်သည်၊ မည်သည့်ဌာန မည်သည့်ဒေသက မည်သူ့ ရင်သွေးဖြစ်သည်ကို သိလိုပါ သည်ဟု မေးမြန်းသည်၊ ထိုအခါ အဘဒူဟာစံက ဤလုလင်ကား ပါရှန်တိုင်းကြီးကို အစိုးရသော မင်းကြီး၏သားတော် အလီတည်းဟု ပြောဆို၏။

ထိုအခါ မင်းသမီးက ဤသို့ဆို၏၊ အို လုလင်ပျို၊ အကျွန်ုပ်၏ အစေခံကျွန်မကို သင်တို့အား အခေါ်စေလွှတ်လိုက်မည်၊ လာရောက်ခေါ်သည့်ကာလ ၎င်းကျွန်မနှင့်အတူတကွ အကျွန်ုပ်ထံသို့ လိုက်ခဲ့ပါဟု ပြော၏၊ ဟာစံကလည်း ဝမ်းမြောက်ဝမ်းသာ ဝန်ခံသည့်အတိုင်း မင်းသမီးသည် ထိုင်ရာမှထ၍ ထွက်သွားလေ၏။

ထို့နောက် မျှးမကြာမီ မင်းသမီးသည် ကျွန်မကို စေလွှတ်လိုက်သဖြင့် ဟာစံဆိုင်သို့ ရောက်သောအခါ အိုလုလင်ဟာစံ၊ သင်နှင့်တကွ သင်၏အဖော်ကိုပါ ငါတို့သခင်မထံ လိုက်ခဲ့ရမည်ဟု ပြောကြား၏၊ ထိုစကားကို အလီနှင့်ဟာစံကြားလျှင် ဝမ်းမြောက်ဝမ်းသာ ဆင်ယင် ဝတ်စား၍ ဟာရွန်ရရှစ်နန်းတော်သို့ လိုက်သွားကြရာ ရောက်သည်ကာလ ကျွန်မ သည် ၎င်းတို့ အဆောင်တော်ထဲသို့ ခေါ်သွားလျက် အမြိန်အရသာများကို တည်ကျွေးပြီးလျှင် အခြားအဆောင်တော်သို့ ခေါ်သွားလေ၏။

ထိုအခါ ၎င်းတို့ထံသို့ ပထမရှေးဦး နန်းတော်သူ ဆယ်ယောက်နှင့် ဒုတိယ ဆယ်ယောက်လာကြ၍ စောင်းညင်းပတ္တလား အစရှိသော အတီးအမှုတ်မျိုးတို့ကို တီးမှုတ်၍ သာယာစွာ သီဆိုလျက် ၎င်းတို့အား ဖြေဖျော်ကြကုန်၏၊ ထို့နောက် ရှယ်မအယ်နယ်ဟာ မင်းသမီးသည် အခြွေအရံပျိုကညာပေါင်း နစ်ဆယ်ခြံရံလိုက်ပါလျက် မိမိကိုကိုယ် နတ်သမီး

ကဲ့သို့ ဆင်ယင်ဝတ်စားပြီးလျှင် လာရောက်၍ ဆင်စွယ်ဖြင့်ပြီးသော ကုလားထိုင်ပေါ်၌ ထိုင်နေ၏၊ ထိုအခါ မင်းသား အလီက အချင်းဟာစံ၊ ဤသတို့သမီးအမည်ကား အဘယ်သို့ ခေါ်သနည်းဟု မေး၏၊ ထိုအခါ ဟာစံက ဤသတို့သမီး အမည်ကား နဘာတည်း၊ ဤသတို့သမီးကား ဟာရွန်ရရှစ်မင်းမြတ်၏ ကိုယ်လုပ်တော်တည်း၊ ငါတို့ ခုနေသော နေရာဌာနကား မင်းကြီး၏နန်းတော်တည်းဟု ပြောပြ၏။

ထိုအခါ နဘာမင်းသမီးသည် အလီ၏ ရုပ်ဆင်းကို စိမ်းစိမ်းကြည့်ရှုတော်မူ၏၊ အလီလည်း နဘာ၏ရုပ်အဆင်းသဏ္ဌာန် ကိုယ်ဟန်မူရာကို စိမ်းစိမ်းကြည့်ရှု၍ တစ်ဦးနှင့်တစ်ဦး ကူးယှက်သော မေတ္တာရှိကုန်၏၊ ထို့နောက် မင်းသမီးသည် မိမိရံရွေတော်များကို မိမိတို့နေရာ၌ အသီးသီး ထိုင်စေလျက် တေးသံစုံနှောပြီးလျှင် တီးမှုတ်သီဆိုခြင်းကို ပြုစေဟု အမိန့်ပေးသည်၊ မိမိကိုယ်တိုင်လည်း သီဆို၍ပြ၏၊ ယင်းသို့ တစ်ယောက်ပြီးတစ်ယောက် အတိုင်အဖောက် သံပြိုင်တစ်ချက် သံတက်တစ်တွေ ဖျော်ဖြေတီးမှုတ်ကြသည်ရှိသော် အလီသည် သီချင်း အဆုံး၌ ယူကျုံးမရ ငိုယိုခြင်းကို ပြုလေ၏။

ထိုအရာကို နဘာမင်းသမီးမြင်လျှင် ရုတ်တရက်ထ၍ အဆောင်တော် တံခါးဆီသို့ သွားရာ အလီလည်း ရုတ်ခြည်းပင်ထ၍ ချစ်ကြိုက်သည့်အလျောက် နောက်က လိုက်လေသတည်း၊ ယင်းသို့ ဝမ်းတွင်းကြင်နာ မေတ္တာသဘော ဇောဟာဒယ ကြည်နူးလှသဖြင့် အဆောင်တော် တံခါးဝတွင် တစ်ဦးကိုတစ်ဦးဖက်ကာ မတ်တတ်မှလဲ၍ ကျလေ၏၊ ရံရွေတော် မိန်းမများလည်း ၎င်းတို့နှစ်ဦးကို ပွေ့ချီယူခဲ့ကြပြီးလျှင် နံ့သာနင်းရေ အထွေထွေသောဆီမျိုး နာတော်မျိုးတို့ဖြင့် ဆွတ်ဖျန်းလျက် သက်သာရာရသောအခါ အလီဟာစံသည် ရွှေသလွန် နံပါး၌ ပုန်းလျှိုးနေထိုင်သဖြင့် တစ်စုံတစ်ယောက်သော ရံရွေတော်တို့ ရှာဖွေ၍ မတွေ့နိုင် ရှိကြလေ၏။

ထိုအခါ နဘာမင်းသမီးက အိုလုလင်အလီဟု သာယာသောအသံဖြင့် ခေါ်လိုက်ရာ အလီသည် ရုတ်တရက် ထွက်လာသဖြင့် နဘာမင်းသမီးက အို လုလင်အလီ၊ ဆက်ဆံမေတ္တာ သစ္စာပန်သ အတူတူပင်ချစ်ကြသော်လည်း သင်၏ချစ်ခြင်းသည် အကျွန်ုပ်တို့ဖြစ်သမျှကို ဒေါသမရှာ သည်းခံပါဟု တောင်းပန်သည်၊ အလီက အို နဘာ၊ သင်နှင့်မေတ္တာ သစ္စာပန်နက် ဆုထူးမြွက်ကြသည်မှာ နေ့ရက်မရှည်သေး၊ မအေးဗျာလှိုင် သေသည်တိုင်လျက် မေ့နိုင်မည် မဟုတ်ဟု ဆို၍ ငိုယို၏၊ နဘာလည်း အလီဟာစံငိုသကဲ့သို့ ပင့်သက်လှိုက်ဖို ငိုကြီးငိုလေ၏။

ထိုအခါ အလီဟာစံက အို နသာ၊ ငါတို့အမူအရာကို လူတကာအံ့ဩ၍ မောဖွယ်ရာ ဖြစ်ချေသည်၊ နှစ်ပါးတူကွ တွေ့ကြုံရလျက် သည်းထန်လှသော မေတ္တာကြောင့် တစ်ဦးမျက်နှာ တစ်ဦးရှု အမူကိုလည်း မပြောတတ် မရပ်မနား ကြီးပွားဒုက္ခ ငိုယို၍နေကြသည်၊ ရေးကကြမ္မာ သွားရာအမြဲ အကယ်၍ ကွဲခဲ့လျှင် လက်နှံ့ရင်ခတ် မရပ်မတည် မျက်ရည်မိုးစွေ ဘယ်ပုံ နေမည်ကို မသိနိုင်အောင် ရှိချေသည်၊ ယခုအခါ ငိုပွဲကိုဖျောက် ပျော်ပွဲရောက်အောင် တစ်ယောက်နှင့်တစ်ယောက် ခွန်းတောက်မေးဖြေ ပလွေစောင်းညင်း သီချင်းအဆို ထိုထိုသော ပျော်ပွဲစားပွဲတို့နှင့်သာ နေသင့်သည်တကားဟု ပြောပြလေ၏။

နသာမင်းသမီးသည် ကောင်းပါပြီဟု ဝန်ခံကာ အလုပ်အကျွေးမိန်းမ တစ်ယောက်ကို ခေါ်ပြီး စားဖွယ်သောက်ဖွယ် အသွယ်သွယ်သော ဘောဇဉ်သုခါတို့ကို ရွှေပန်းကန် ငွေပန်းကန်တို့နှင့် ထည့်ပြင်ခဲ့စေလျက် ရောက်သောအခါ အလီနှင့် အတူတကွ စားသောက် ကြလေ၏၊ ထို့နောက် နသာမင်းသမီးသည် တီးမှုတ်သီဆိုခြင်း အတတ်၌ ကမ်းခတ် တတ်မြောက် ကျွမ်းကျင်သော သတို့သမီး နှစ်ဆယ်ကို ရွေးချယ်ပြီးလျှင် စောင်းညင်း၊ ပတ္တလားကို တီးစေ၏၊ မိမိကိုယ်တိုင်လည်း စောင်းကို ပိုက်၍ သီချင်းဆို၏၊ အလီနှင့် ဟာစံတို့ပြင် အခြားသောသူတို့သည် နသာမင်းသမီးဆိုသော သီချင်းကို ဝမ်းမြောက် ဝမ်းသာ ရှိ၍ ပျော်ရွှင်သည်အလိုက် ရယ်မော၍နေကြကုန်၏၊ ယင်းသို့ မြူးထူးပျော်ရွှင်နေကြစဉ် အို သခင်မတို့၊ သစ္စာရှိသော ဟာရွန်ရရှစ်မင်းသည် နောက်ပါပရိသတ်နှင့် အဆောင်တော် တံခါးဝသို့ ရောက်လာပြီဟု ပြောဆို၏။ ပရိသတ်အလုံးစုံတို့ ကြောက်ရွံ့တုန်လှုပ်သဖြင့် ကြက်သေ သေ၍ ရှိနေကြကုန်၏။

နသာမင်းသမီးက အချင်းတို့မကြောက်ကြနှင့်၊ အဆောင်တော်တံခါးများကို ပိတ်၊ စိန်ကြာချည်များကိုချပြီးလျှင် ကြာချည်ထဲ၌ ပုန်းလျှိုးနေကြလေ၊ ညှော့ခန်းဘက် တံခါးများကို ပိတ်ကာ ဥယျာဉ်တော်သို့ ထွက်သွားပြီးလျှင် ရွှေသလွန်ပေါ်၌ ထိုင်၍ မိမိ၏ခြေကို အစေခံ ကျွန်မအား ဆုပ်နယ်၍နေစေ၏၊ ထို့နောက် နသာမင်းသမီးသည် အစေခံတို့ကိုခေါ်၍ ရှင်မတို့၊ သင်တို့ အခန်းသို့ပြန်နေကြဟု အမိန့်ပေးသည်၊ ကျွန်မတို့သည် မိမိအခန်းသို့ အသီးသီး ပြန်နေကြကုန်၏။

ထိုအခါ မိမိအနား၌ခစားနေသော ကျွန်မတို့အား ရှင်မတို့ ငါစံနေတော်မူရာ ဤဥယျာဉ်ထဲသို့ ခလီဖာမင်း ဝင်လာနိုင်အောင် ဥယျာဉ်တော်တံခါးများကို ဖွင့်လှစ်

ထားကြလေဟု အမိန့်ပေးသည်၊ ဥယျာဉ်တော်တံခါးများကို လှစ်ဖွင့်ထားကြကုန်၏၊ ထိုအခါ မက်ဆရူးနှင့်နောက်ပါ အခြွေအရံလူပေါင်းနှစ်ဆယ်တို့သည် ထားလွတ်ကိုင်၍ ဥယျာဉ်ထဲသို့ ဝင်လာကြသည်၊ နဘာမင်းသမီးက အချင်းတို့၊ မည်သည့်အကြောင်းကိစ္စနှင့် လာရောက်သနည်းဟု မေးရာ မက်ဆရူးက အို သခင်မ၊ သစ္စာရှိသောမင်းက သူ့ထံသို့အရောက် သခင်မကို လာစေလိုသည်၊ သခင်မလိုက်ခဲ့မည်လော၊ သို့မဟုတ် သခင်မထံသို့ လာစေလိုသလောဟု မေး၏၊ နဘာမင်းသမီးက အချင်းတို့၊ သင်တို့အရှင်၏အမိန့်ကို နာခံပါမည်ဟု ဆိုပြီးလျှင် အစေခံ နန်းတွင်းသူတို့ကိုခေါ်၍ ရှင်မတို့ သစ္စာရှိသော ခလီဖာမင်းထံသို့ သွားရောက်တင်လေဆောက်ကြချေ၊ အရှင့်အထံတော်သို့ ကျွန်ုပ်တို့သခင်မ ကြွလာပါလိမ့်မည်၊ နေရာထိုင်ခင်းများကို အသင့်ပြင်ဆင်ထားစေလိုပါကြောင်းနှင့် တင်လျှောက်ကြချေဟု စေလွှတ်လိုက်သည်၊ နန်းတွင်းသူ အပျိုတော်တို့ သွားရောက်တင်လျှောက်ကြကုန်၏။

ထိုအခါ နဘာမင်းသမီးသည် မိမိခင်ပွန်း မောင်အလီထံသို့လာပြီးလျှင် ချစ်ကြင်မဝစုံမက်လှ၍ မြစိန်ရတီ ချစ်ကြိုးသီသော အို အလီ၊ အကျွန်ုပ်အား ခလီဖာမင်းက ခေါ်လာသည်ဖြစ်၍ ခေတ္တခဏလိုက်ပါရစေဟု ခွင့်တောင်းပြောဆိုသည်၊ အလီလည်း စကားတုံ့မရ ရှိုက်ကြီးတငင်ငိုပြီးမှ စနစ်သေချာ ချစ်မေတ္တာနှင့် သစ္စာမတုံး ပျက်မပြုန်းအောင် စက်အုံးသဏ္ဌာန်မကြာခင် ကွဲဖို့ပြင်သော အို နဘာ၊ သင်မလာလျှင် ကြာမည်မဟုတ် ကျွန်ုပ်ဇီဝိတထက်နတ်ရွာ ကြွလိမ့်မည်၊ မြန်နိုင်သမျှမြန်အောင် ပြန်လာစေချင်ပါသည်ဟု ပြောဆို၏၊ နဘာမင်းသမီးက အို အလီ၊ သင် မည်သည့်စကားကို မင်္ဂလာမရှိ ပြောကြားရသနည်း၊ သင်အသက်မသေစေရ၊ သေခြင်းသေလျှင် အကျွန်ုပ်သာအသေခံမည်၊ သင်ကား ဈေးထဲသို့ သွား၍ ပျော်ရွှင်စွာ စားသောက်နေထိုင်လေ၊ ဘေးအန္တရာယ်အပေါင်းမှ လွတ်ကင်းစေမည်၊ ကျွန်ုပ်မှာမူကား ခလီဖာမင်းနှင့် သစ္စာကျမ်းရွက် ချိန်းချက်စကား နောက်နောက်ထားခဲ့၍ များပြားသည့်ဒုက္ခ အမှုကြီးရောက်ရသည်၊ ပစ်မရခဲမနိုင် သည်းဆိုင်ကြေကွဲ သင့်ကိုခွဲပြီးလျှင် တစ်ကိုယ်တည်း ထားခဲ့ရသည်တစ်ကြောင်း၊ ခလီဖာမင်းရှေ့၌ မည်သည့်သီချင်းကို သီဆိုရမည် မသိသေးသည် တစ်ကြောင်း၊ ၎င်းမင်းမြတ်နှင့် မည်သည့်စကားကို ပြောကြားမြွက်ဆိုရမည်ကို မသိသေးသည်တစ်ကြောင်း ဤအကြောင်းတို့ကြောင့် ဦးခေါင်းကိုနောက်လမ်းရှိတိုင်းလျှောက်ပြီးလျှင် ပြေးပေါက်ကိုသာ ကြည့်ချင်တော့သည်၊ အို အလီ သင်နှင့်ကွဲလျှင် လက်တွဲယှဉ်ပျော် မည်သည့်အဖော်နှင့် မွေ့လျော်စားသောက်နိုင်ပါ မည်နည်း၊

သင်စိတ်ကို ဆီဖြေ၍ ချမ်းသာအောင်နေလေလော့၊ အခြေမလှ ယနေ့တစ်ညတွင် သစ္စာရှိလှသော ခလီဖာမင်းကို သင့်လျော်စွာ စကားပြောဆိုဦးမည်ဟု အနူးအညွတ် ခွင့်တောင်းလေ၏။

ထိုအခါ အစေခံကျွန်မတစ်ယောက်လာ၍ အို သခင်မ၊ ယခု ခလီဖာမင်းအစေခံကျေးကျွန်များ ရောက်လာပါသည်ဟု ပြောဆိုသည်၊ မင်းသမီးလည်း ရုတ်တရက်ထ၍ ဟာစံနှင့်တကွ အလီတို့ကို အထက်ပြာသာဒ် ဘုံအဆင့်သို့ ခေါ်သွားလျက် ဤနေရာ၌ သင်တို့သည် နေဝင်မိုးချုပ်သည်တိုင်အောင် နေထိုင်လေဟုဆို၍ နေရာချထား၏။

နန်းတွင်းသူ အစေခံကျွန်မလည်း ၎င်းအခန်းတံခါးကို ပိတ်ထား၏၊ ထို့နောက် ခလီဖာမင်းသည် လူပျိုတော်နောက်ပါ အခြွေအရံတစ်ရာကျော်နှင့် လာရာ နဘာမင်းသမီးနှင့် နန်းတွင်းသူ အပျိုတော် အပေါင်းတို့လည်း ဥယျာဉ်တံခါးသို့ထွက်၍ ခရီးဦးကြိုပင့်ခေါ်ခဲ့၍ သလွန်ပေါ်၌ ထိုင်နေစေ၏၊ နန်းတွင်းသူ အပျိုတော်အပေါင်းတို့လည်း စီတန်းရပ်နေ၍ တူရိယာအမျိုးမျိုးတို့ကို တီးမှုတ်ကြကုန်၏၊ နဘာမင်းသမီးလည်း ခလီဖာမင်း၏ အပါးတော်၌ ထိုင်နေ၏။

ထိုအခါ အထက်ပြာသာဒ်ဘုံအဆင့်၌ ပုန်းလျှိုးနေထိုင်သော ဟာစံနှင့်အလီတို့လည်း အပေါက်ငယ်ကချောင်း၍ ကြည့်ရှုနေကြကုန်၏၊ ခလီဖာမင်းမြတ်လည်း နဘာမင်းသမီးနှင့် ပျော်ရွှင်စံစားပြီးလျှင် နဘာမင်းသမီး စံနေသော တံခါးတို့ကို ဖွင့်စေ၏၊ အစေခံတို့လည်း တံခါးများကိုဖွင့်၍ မီးညှိထွန်းကြကုန်၏၊ နန်းတွင်းသူတို့လည်း သောက်တော်ရေနှင့်တကွ အထူးထူးသော အရသာမျိုးတို့ကို ယူလာကြကုန်၏၊ ထိုအခါ ဟာစံလည်း ဤကဲ့သို့သော အိုးများနှင့် စားဖွယ်သောက်ဖွယ်တို့ကို မည်သည့်အခါမျှ မမြင်စဖူး အထူးလှသော ကျောက်မျက်ရွဲ၊ ပုလဲသန္တာ၊ နီလာဂေါ်မုတ်၊ ဥဿဖယား အစရှိသော ရတနာ အမျိုးမျိုးတို့နှင့်လည်း နှိုင်းယှဉ်ပုံပြု မတုနိုင်အောင် ရှိတော့သည်တကားဟု တွေးတော၍ အလီကို ပြောဆို ညည်းညူနေ၏။

အလီမှာမူကား နဘာသွားလျှင် စိတ်အားလျော့လျော့ တင်းတိုင်းပျော့သဖြင့် ချော့သူကဝေး ချစ်သူကြောင့်ဆွေးပြီးလျှင် သေဘေးကြီးရောက်သကဲ့သို့ အတော်ကြာကြမ်းပြင်ပေါ်၌ လဲနေလေ၏၊ မိမိလည်း သက်သာရာကို ရနိုင်ဖွယ်မမြင်သောကြောင့် အို ဟာစံ၊ ခလီဖာမင်းသည် အကျွန်ုပ်တို့ကိုရိပ်မိက သင့်အတွက် အလွန်စိုးရိမ်ရ၏၊ ကျွန်ုပ်မှာမူကား

လူ့ပြည်မှာတစ်ဝက် သေမင်းလက်မှာ တစ်ဝက်ဖြစ်၍ နေ့ရက်ကိုသာရွေးတော့မည် ဖြစ်သော ကြောင့် ထူး၍ ကြောက်ရွံ့တော့သည်မဟုတ်၊ အကျွန်ုပ်ပြစ်ချက်မှာလည်း ချစ်ခင်ခြင်း တဏှာအတွက် ဖြစ်သောကြောင့် စိတ်စက်ကိုမသိနိုင် ကျမျက်ရည် တအိုင်အိုင်နှင့် အသည်းဆိုင် ကျွမ်းလောင်တိုင်း ပြောဆိုလေ၏။

ထိုအခါ ဟာစံနှင့် အလီတို့သည် အထက်ဘုံဆင့် ပြာသာဒ်ပြတင်းက ရပ်ပြီးလျှင် ခလီဖာမင်းနှင့် နဘာမင်းသမီးတို့ စံစား၍နေပုံကို ချောင်းမြောင်းကြည့်ရှုနေကုန်၏၊ ထို့နောက် ခလီဖာမင်းက နန်းတွင်းသူ အဆိုတော် တစ်ယောက်ကို ခေါ်၍ သီချင်းဆိုခိုင်းရာ အဆို တော်လည်း ချိုသာယာသော အသံဖြင့် အလီနှင့်နဘာတို့ချစ်ပုံကို ရိပ်မြွက်သီဆို လိုက်လျှင် နဘာမင်းသမီးလည်း ထိုင်ရာမှ ရုတ်တရက်လဲကျလေ၏၊ နန်းတွင်းသူအပျိုတော်တို့သည် ပိုက်ပွေ့၍ နာတော်ကို ပေးကြကုန်၏၊ နဘာမင်းသမီးလဲသကဲ့သို့ အလီလည်း မူးဝေမိန်းမော လဲပြို၍ကျရာ ဟာစံလည်း ထူမ၍ နာကိုပေး၏။

ထိုအခါ အထက်ဘုံဆင့်သို့ ခေါ်လာသူ ကျွန်မကလေး ရုတ်တရက်တက်လာ၍ အချင်းတို့၊ သင်တို့ ဤနေရာမှာ မနေကြလင့်၊ ဤအကြောင်းကို ခလီဖာမင်းသိလျှင် သင်တို့နှင့် အကျွန်ုပ်တို့ အသက်ရှင်နိုင်တော့မည်မဟုတ်၊ အောက်သို့ဆင်း၍ လွတ်ရာသို့ ထွက်သွား ကြကုန်ဟု ပြောသည်၊ ထိုအခါ ဟာစံက အို နမ ဤလုလင်သည် ထိုင်ရာကမှ မထ မကြွနိုင်အောင် ဒုက္ခရောက်လျက်ရှိချေသည်၊ အကျွန်ုပ်နှင့်အတူ အဘယ်နည်းဖြင့် လိုက်နိုင်ပါ မည်နည်းဟုဆို၏၊ ထိုစကားကို ကျွန်မကလေး ကြားလျှင် နှင်းဆီရေ၊ နံ့သာရေတို့ဖြင့် ဆွတ်ဖျန်းလျက် သက်သာရာကို ရသောအခါ ဟာစံနှင့်ကျွန်မကလေးသည် အလီကိုတွဲ၍ အောက်သို့ ဆင်းခဲ့ကြကုန်၏၊ အောက်သို့ရောက်၍ အတော်ကွာအရပ်သို့ရောက်သောအခါ ကျွန်မကလေးသည် ၎င်းတို့အား ကျောက်ဖျာတစ်ခုပေါ်၌ တင်ထားလျက် လက်ခုပ်တီးလိုက်ရာ လှေသမားတစ်ယောက် လှေနှင့်ရောက်လာလေ၏။

ထိုအခါ ကျွန်မကလေးက အချင်းလှေသမား၊ ဤသူတို့အား လှေနှင့်တင်ဆောင်၍ မြစ်တစ်ဖက်သို့ အလျင်အမြန်ခတ်လှော်၍ ပို့ပါဟု ပြောသဖြင့် လှေသမားသည် မြစ်သို့ကူး၏၊ ကျွန်မကလေးက အိုအလီနှင့်ဟာစံတို့ သင်တို့အား အသက်အသွင် ချစ်ခင်သော်လည်း အမှုမကုန်သေး၍ သင်တို့နှင့်အတူ မလိုက်နိုင်ပါဟု တောင်းပန်၍ပြန်လေ၏။

ဟာစံနှင့်အလီတို့လည်း မြစ်တစ်ဖက်ကမ်းသို့ ရောက်သဖြင့် လှေမှဆင်းသက်၍ အတန်ငယ်သွားလာမိလျှင် အလီသည် ပူပင်သောစိတ်ဖြင့် လဲကျရာ ဟာစံက အို အလီ၊ သင်သတိထားပါလော့၊ ဤအရပ်ဌာနကား သူခိုးလူဆိုးတို့ ပုန်းလျှိုးနေထိုင်ရာဖြစ်၍ ခေတ္တခဏမျှ နားနေခြင်းငှာမသင့်ဟုဆိုလျက် တွဲထူခေါ်ဆောင်သွားပြီး အရပ်တစ်ခုသို့ ရောက်လာ၏၊ ထိုအရပ်သို့ ရောက်သောအခါ ဟာစံသည် မိမိအသိမိတ်ဆွေ အိမ်သို့သွား၍ အိမ်တံခါးကို ခေါက်ပြီးခေါ်၏၊ အိမ်ရှင်လည်း ရုတ်တရက်ထ၍ တံခါးကိုဖွင့်ပြီးလျှင် အဆွေတို့၊ သင်တို့သည် မည်သည့်အရပ်မှ လာကြသနည်း၊ မည်သည့်အရပ်သို့ မည်သည့်ကိစ္စနှင့် သွားနေကြသနည်းဟုမေး၏၊ ဟာစံက အို မိတ်ဆွေ၊ ကျွန်ုပ်၏ကုန်ဘက်စပ်တစ်ယောက်က သင်၏ ဥစ္စာပစ္စည်း ကုန်စည်ဝတ္ထု အမျိုးမျိုးများကို ယူဆောင်၍ တစ်ရပ်တစ်ပါးသို့ အရောင်းအဝယ် သွားလိုသဖြင့် တိုင်ပင်ဆွေးနွေးရန် လာစေချင်ပါသည်ဟု မှာထားလိုက်သောကြောင့် အဖော်ဖြစ်သူအလီကို ခေါ်၍လာရာ ၎င်းသည် တိမ်းရှောင်နေသဖြင့် မတွေ့ခဲ့သောကြောင့် တည်းခိုရန် သင့်အိမ်သို့ လာပါသည်ဟု ပြောဆိုသည်၊ အိမ်ရှင်လည်း ဧည့်သည်တို့ ဝတ်မချွတ်စေရ၊ ကောင်းမွန်စွာ သိမ်းပိုက်ထားကုန်၏၊ နက်ဖြန် မိုးသောက်လတ်သော် ဟာစံနှင့်အလီတို့သည် ၎င်းအိမ်မှထွက်ခဲ့၍ မြို့တွင်းသို့သွားကာ အမောအပန်း ပြေစေခြင်းငှာ အိပ်စက်ကြကုန်၏၊ ဟာစံသည် အိပ်ရာမှနိုးလတ်သော် မိမိအစေခံများကို အချင်းတို့၊ ငါ၏အိမ်၌ စားပွဲကုလားထိုင် နေရာအခင်းအကျင်း အစရှိသည်တို့ကို ကောင်းမွန်စွာ ပြင်ဆင်ခင်းကျင်းကြလော့၊ ငါ အလွန်ချစ်ခင်အပ်သော မိတ်ဆွေခင်ပွန်းပါလာသည်၊ သင်တို့သည် ငါ၏ခင်ပွန်းအား ငါ့ကိုလုပ်ကျွေးသကဲ့သို့ လုပ်ကျွေးကြလေလော့ဟု အမိန့်ပေးသည်။

အစေခံတို့လည်း ကိုယ်စီကိုယ်င လုပ်ကိုင်ကြကုန်၏၊ ဟာစံလည်း မိမိကိုယ်မိမိ ဤသို့ဆို၏၊ အချင်းဟာစံ၊ သင်သည် အလီ၏ အကြောင်းအရာအစုံ အကုန်သိသည် မဟုတ်လော၊ သင်သိသည့်အတိုင်း အလီ၏စိတ်နှလုံး နစ်သိမ့်ဖွယ်ကို ကြံဆောင်ရမည် အရေး၌ သင်သာ လိုရင်းမဟုတ်လောဟု ဆို၍ အလီ၏ချမ်းသာရေးကိုသာ အဖန်တလဲလဲ ကြံစည်စိတ်ကူးလျက်နေ၏၊ ထို့နောက် အလီသည် သက်သာရာကိုရ၍ ရေကိုတောင်းပြီးသောက်၏၊ လွန်ခဲ့သည့်နေ့၌ ဘုရားဝတ် မပြုရသည့်အတွက် ဘုရားရှိခိုးဝတ်ပြုပြီးလျှင် မိမိ၏စိတ်ကို သိမ်းဆည်း ဖြေဆည်၍ နေသာရုံရှိလေ၏၊ ထိုအခါ ဟာစံသည် အလီအနားသို့ ချဉ်းကပ်ကာ သင်သည် နောက်တစ်ရက်ခန့်မျှ အကျွန်ုပ်နှင့်အတူ နေထိုင်ပါလျှင် သင်၌တွေ့ကြုံရသော ဒုက္ခအလုံးစုံတို့

အကုန်အစင်ပပျောက် ချမ်းသာရာရောက်မည်၊ ဇောတိရသ် ပတ္တမြားကျောက်ကိုရသော ယောက်ျားအလား စိတ်ထားပျော်ရွှင်လိမ့်မည်ဟု ပြောဆို၏၊ အလီက အဆွေ၊ ကျွန်ုပ်၏ဒုက္ခ အဆမတန် ကပ်ရောက်ဟန်ကို မကြွင်းမကျန် သင်သိသည်ဖြစ်၍ ချမ်းသာရာရအောင် သင်ပင်ကြံဆောင် အားထုတ်ပါလော့ဟု သူ့အရေးကိစ္စများကို ပုံအပ်လေ၏။

ထိုအခါ အလီသည် အစေခံတို့အား အချင်းတို့၊ စောင်းညင်းပတ္တလား ငါးပါး တူရိယာ ထံတျာကို သာယာအောင် တီးမှုတ်တတ်သူများနှင့် သံထားမပျက် အချက်ကျသီဆိုနိုင်သော သူတို့ကို ငှားရမ်းခေါ်ဆောင်ချေလော့ဟု စေလွှတ်သည်၊ အစေခံတို့လည်း အသီးသီးသွား၍ ငှားရမ်း ခေါ်ဆောင်လာကြကုန်၏၊ ထို့နောက် အမြိန်အရသာများကို စားသောက်ရန် အချိန်ရောက်သောအခါ ပိုင်အရက်များကို သောက်၍ သုဓာဘောဇဉ်တို့ကို စားသုံးပြီးလျှင် သီချင်းသီဆိုတတ်သော ကျွန်မငယ်တစ်ယောက်ကိုခေါ်၍ စောင်းညင်းအလိုက် သီဆိုလိုက်ရာ အလီသည် ရုတ်တရက် လဲပြိုမိန်းမော၍သွားလေ၏။

နံနက်မိုးသောက် ရောက်လတ်သော် အလီသည် သက်သာရာရ၍ မိမိအိမ်သို့ ပြန်ပါရမည်အကြောင်း ဟာစံကို ခွင့်တောင်းသည်။ ဟာစံက မိတ်ဆွေ သင် မည်ကဲ့သို့ ဖြစ်မည် မသိ၍ စိုးရိမ်ရန်ရှိသည်ဟု ဆိုပြီးလျှင် မိမိအစေခံတို့အား ဝန်တင်လားကို အလျင်အမြန်ပြင်ဆင်စေ၍ ထိုလားပေါ်၌ အလီကိုတင်ပြီးလျှင် အိမ်ရောက်လိုက်ပို့စေ၏၊ ဟာစံလည်း အို ဘုရားသခင်၊ ချစ်ခြင်းမေတ္တာ တဏှာရမ္မက်သွေး လွှန်ရှပ်ထွေးသော ဤလူကလေးအား ဘေးဘယာကင်းကွာအောင် မစကယ်ဆောင်တော်မူပါဟု ဆုတောင်း၍ အိမ်သို့ပြန်လေ၏။

အလီက အို မိတ်ဆွေ၊ သင်ကြားသိထားသမျှသော သတင်းစကားကို ငါ့အား အကုန်အစင် လာရောက်ကြားလှည့်ပါဟု ဆိုရာ ဟာစံလည်း မစိုးရိမ်နှင့် မိတ်ဆွေဟုဆို၍ အိမ်သို့ ပြန်လာလေ၏၊ အလီဟာစံလည်း အိမ်သို့ပြန်ရောက်၍ နံနက်မိုးသောက် ရောက်လတ်သောအခါ လုပတင့်တယ်စွာ ဆင်ယင်ဝတ်စားလျက် ကုန်ရောင်းရာ ဈေးဆိုင်သို့ထွက်ပြီးလျှင် နဘာမင်းသမီး၏ သတင်းကိုသာ နားထောင်လျက်နေသည်၊ မည်သူ တစ်စုံတစ်ယောက်မျှ လာရောက် ပြောဆိုခြင်းမရှိသဖြင့် စိတ်နှလုံးမချမ်းမသာ ရှိနေ၏၊ ထို့နောက် တစ်နေ့ မိုးသောက်ရောက်လတ်သော် ဟာစံသည် အလီအိမ်သို့သွားရာ အိမ်ခန်းဆောင်ထဲ၌ ညှိုးပျောင်းလဲခွေ သေလုမတတ်ရှိနေ၍ အထွေထွေသော ဇီဝကဆရာပေါင်းများစွာတို့နှင့်

ခြံရံကာ ကုသခံနေသော အလီကိုတွေ့၍ အချင်းမိတ်ဆွေ သတိထားဟုဆို၍ အလီကို ဝင်ရောက်စမ်းသပ်၏။

လူနာလာမေးသော ပရိသတ်တို့ ပြန်သွားကြသည်ရှိသော် ဟာစံက အို မိတ်ဆွေ၊ သင်သည် သတိကိုပမာမပြု၊ အမူကိုသွေးဆောင် ဖွဲ့နှောင်လျက် ဘယ်အတွက် ထားရသနည်း၊ သင်၏ အဖြစ်အပျက်ကို ဆက်လက်ပြောကြားပါဦးဟု ဆို၏၊ အလီက အို မိတ်ဆွေ၊ ငါ၌ နဘာ၏ဝေဒနာ ရှေးရောဂါသည် အခါခါထိုးဆွသဖြင့် ထိုင်ရာမှမထနိုင်အောင်ရှိနေသည်၊ တစ်စုံတစ်ခုသော ရောဂါတွယ်လာပြီကပ်ကြောင်းနှင့် လှည့်ဖြားပြောဆိုသော ဆေးဆရာတို့ လာရောက် ကုစားကြသည်တကား၊ အို မိတ်ဆွေ၊ နဘာ၏ ကျွန်မကလေးနှင့် သင်တွေ့ကြုံ ရပါ၏လော၊ ချစ်ဇောကြောင့် အတောမသတ် ဆွေးလောင်သော ငါ့အပူကို အေးရန် အကုန်အစင် ကြားရသမျှ သတင်းကို ပြောဆိုပါဟုဆို၏။

ဟာစံက အို အလီ၊ သင်နှင့်ငါ ခွဲခွာသွားသည့်နေ့က သတင်းစကားကို နာပါ သော်လည်း တစ်စုံတစ်ရာ မကြားမသိရ၊ ကျွန်မကလေးလည်း မလာ၊ ပူတာမျက်ရည် ဖြေဆည်ရုပ်သိမ်း အရှက်ကိုချုပ်ထိန်း၍ အေးငြိမ်းအောင် နေသင့်သည်ဟုဆို၏၊ အလီက အို မိတ်ဆွေ၊ အထွေထွေသော တရားတို့ဖြင့် ဆီးတားချုပ်ကိုင်ပါသော်လည်း ရင်ဆိုင်သည်းအူ တိုး၍သာပူသဖြင့် လူတို့ဘုံဝယ် မှုဆုံထွေးယှက် ဤရမ္မက်နှင့် နှိုင်းစက်ရန်မရ ဤဒုက္ခနှင့်ပင် မုချအနိစ္စ ရောက်ရလိမ့်မည်ဟုဆို၏၊ ထိုစကားကို အလီကြားလျှင် ဤအရေးနှင့် ဤမျှလောက် ဆွေးပူရန်မရှိ၊ ဘုရားသခင်သည် သင့်အား စောင်မတော်မူလိမ့်မည်၊ သတိကိုသာ ချုပ်ထိန်း နေစေချင်သည်ဟုဆိုကာ ဟာစံသည် မိမိဈေးဆိုင်သို့ ပြန်လာ၏။

ထိုအခါ နဘာ၏ ကျွန်မကလေးသည် ဟာစံဆိုင်သို့ ရုတ်တရက်ရောက်လာရာ ၎င်း၏ ပုံသဏ္ဍာန်ကို ဆင်ခြင်ကြည့်ရှု၍ အို သူငယ်မ၊ နဘာသည် ယခုအခါ ဘယ်ပုံဘယ်နည်းဖြင့် နေထိုင်ပါသနည်း၊ ကျန်းခန့်သာယာ မာချာပါ၏လော၊ ငါတို့အလီမှာဖြင့် ဖျာပါစွေချန်း နလုံးနောက်ကျူ ရင်လက်ထု၍ မူမူမစဲ စိုရွဲမျက်ရည် မကြည်မအေး နဘာအရေးကြောင့် သေဘေးရောက်လျက် ရှိနေချေပြီ၊ ဆေးသမားတို့နှင့် ကုစားမရ သူ့မျက်နှာကိုမြင်ရလျှင် ငါဒုက္ခများစွာ ရောက်ရလေသည်တကား ဟုဆို၏၊ အစေခံကျွန်မကလေးက အို ဟာစံ၊ သင်၏ အလီထက် နဘာက ကိုးဆယ်ဆတက်လိမ့်မည်၊ ထွေးယှက်ရန်ဘေး သင်တို့ဝေးအောင် မအေးဒုက္ခ ဆုတောင်းရသည့်အပြင် သင်တို့နှင့်ခွဲ၍ ကျွန်ုပ်နန်းအိမ်တော်သို့ပြန်လာရာ

နဘာသခင်မသည် စက်ရာမှလူးလဲ၊ အသည်းဆူဝေ အခြေကိုမေးမြန်းမရ ဒုက္ခကြီးစွာ ရောက်လျက် ရှိနေသည်၊ ထိုအခါ ပိတ်သဖူးမင်းလည်း နဘာ၏ ဦးခေါင်းရင်း၌ ထိုင်၍ နဘာ သင်အလိုရှိရာကို ငါ့အားပြောလော့၊ အလုံးစုံရစေမည်၊ သို့မဟုတ် သင့်၌ မည်သည့် ရောဂါဝေဒနာ ကပ်ရောက်သည်ကို ပြောဆိုလော့၊ ငါသည် သမားတော်တို့ကို ဆင့်ခေါ် ကုစားစေမည်၊ သို့တည်းမဟုတ် ငါ့အပေါ်၌ အပြစ်တစ်စုံတစ်ရာရှိ၍ သင်မကြိုက် မနစ်သက် နိုင်လျှင် ငါ့အပြစ်ကို ထုတ်ဖော်ပြောဆိုလော့၊ ငါ ရှောင်ကြဉ်မည်ဟု အတန်တန် မေးမြန်း ပါသော်လည်းမရ၊ သန်းခေါင်ယံတိုင်အောင် မိန်းမော၍ နေလေ၏။

ထို့နောက် သန်းခေါင်ကျော်ရောက်လတ်သော် ရေသောက်လိုကြောင်း တောင်းသဖြင့် အာဟာရ ကစီရေကို တိုက်ကျွေးပြီးမှ ပိတ်သဖူးမင်းက အို နဘာ၊ သင်၏ရောဂါသည် ထူးဆန်းလှချေ၏၊ အကြောင်းများကို ခြားနားအောင် ငါ့အား ပြောပါဟုဆို၏၊ ထိုစကားကို နဘာကြားလျှင် မင်း၏ခြေကို နမ်းရှုပ်၍ အို အရှင်၊ အကျွန်ုပ် ရောဂါဝေဒနာကို သေချာစွာမသိ၊ ရုတ်တရက် မူးဝေပြီးလျှင် သတိမေ့လျော့လဲပြို၍ သွားရတော့သည်ဟု ပြောဆို၏၊ ထိုအခါ ပိတ်သဖူးမင်းက နဘာ၊ သင် ဤယနေ့ တစ်ကြိမ်တစ်ခါ မသုံးဆောင်ဖူးသော အစာကိုစားမိ၍ ဤကဲ့သို့ ဖြစ်ရပါသည်၊ သို့ရာတွင် ယခု သက်သာရာရပြီဟု ဟန်ဆောင်ပြီးလျှင် အရက်ကို တောင်း၍ သောက်ပြီးမှ အရှင်၊ အကျွန်ုပ် တစ်ကိုယ်တည်း စိတ်ချမ်းသာစွာ စံနေလိုပါသည်၊ ပြန်ပါတော့ဟု တောင်းပန်သည့်အတွက် ပိတ်သဖူးမင်း ပြန်သွားလေ၏။

ပိတ်သဖူးမင်း ပြန်သောအခါ အကျွန်ုပ်သည် နဘာထံသို့ဝင်၍ ခစားရာ နဘာက အို သတို့သမီး၊ ဟာစံနှင့်အလီတို့ ဘေးကလွတ်အောင် သင် အဘယ်ကဲ့သို့ ကြံဆောင်ပြုလုပ်ပါ သနည်းဟု မေးမြန်းသည်၊ ကျွန်ုပ်လည်း အစကအဆုံးတိုင် သင်တို့အား ဘေးလွတ်စေကြောင်း ကောင်းစွာ ဆောင်ရွက်ခဲ့သမျှကို လျှောက်ကြားရုံမျှမက ရတုကဗျာ လင်္ကာချေင်းတို့ဖြင့် ရွတ်ဖတ်၍ တင်လျှောက်ရာတွင်မှ ငြိမ်သက်စွာ နေတော်မူ၏၊ ထို့နောက် ကျွန်ုပ်အား သီချင်း ဆိုခိုင်းသဖြင့် သင်တို့နှင့်စပ်သော အရိပ်အမြွက်သီချင်းကို ကျွန်ုပ်သီဆိုလိုက်ရာ ကြားနာ ရသော နဘာသည် ထိုင်ရာမှ မိန်းမော၍ လဲလေ၏။

ထိုအခါ အကျွန်ုပ်သည် အဆောတလျင်ထ၍ သခင်မကိုပိုက်ပွေ့ပြီးလျှင် နှံ့သာရေ ဆွတ်ဖျန်းပေးသည်၊ သတိရသောအခါ အကျွန်ုပ်က အို သခင်မ၊ လျှို့ဝှက်အပ်သောအမှုကို နန်းတွင်းသူ နန်းတွင်းသားတို့အား မပြောကြားဘဲ လုံခြုံစွာလျှို့ဝှက်ထားပါ၊ သခင်မ၏

ချစ်သူလည်း ဘေးရန်မရှိ ချမ်းသာလျက်ပင် ရှိပါ၍ သတိကို ချုပ်ထိန်းပြီးလျှင် ဣန္ဒြေတော် မပျက်ရအောင် စံနေတော်မူပါဟု တင်လျှောက်သည်၊ ထိုအခါ နဘာက အို သူငယ်မ ရမ္မက်မကျေ ဆက်လက်ပွေသည် အခြေတော်ချူ ငါ့ချစ်သူကြောင့် အပူအဆွေး သေသော် အေးလိမ့် တွေးလေတွေးလေ လွမ်းမိုးစွေခဲ့ ဣန္ဒြေမရ သိမ်နေပသည် ဒုက္ခထပ်ပွား ရပ်မနားဘဲ တရားဖြေဆီ နေရီရီတွင် တိမ်နီကတောက် လမ်းကိုလျှောက်၍ လက်ဖျောက်ခေါ်ချင် ရှူးပွဲဆင်သည် သေလျှင် အေးရမည်တကားဟု လင်္ကာဆို၍ ကျွန်ုပ်ကိုပြောပြ၏။

ယင်းကဲ့သို့ ကျွန်ုပ်တို့ ပြောဆိုနေကြစဉ် ကျွန်မကလေးတစ်ယောက်သည် မိမိ ထိုင်နေရာက စိန်ဆယ်ရတီ ချစ်ကြိုးသီ၍ စိန်ဒါလီရစ် ကျွန့်အချစ်ကို ဟစ်၍ကြွေးကြော် မြှောက်တောင်မြှော်သည် ကိုယ်တော်စိမ်းကား ယောင်တကားဟု ရှေးဆရာကြီးတို့လင်္ကာကို ပလ္လင်ခံ၍ ဆိုလိုက်ရာ နဘာသည် ရုတ်တရက် မိန်းမောကာလဲလေပြန်၏၊ ထိုအခါ ခလီဖာ ဝင်လာ၍ အခြွေအရံကျေးကျွန်တို့အား မိမိတို့အခန်းသို့ ပြန်သွားစေသည်၊ နံနက် မိုးလင်းသော အခါ ချစ်ခြင်းရောဂါဝေဒနာကို တစ်စုံတစ်ရာမသိဘဲ သွေးလေဓာတ်တို့ ကြောင့်ဖြစ်သော ရောဂါထင်မှတ်၍ ဆေးဆရာအပေါင်းတို့ကိုခေါ်၍ ကုသစေသည်၊ ကျွန်ုပ်လည်း နဘာ သက်သာရာ ရသည်တိုင် အပါးတော်၌ စောင့်ရှောက်၍နေရသဖြင့် သင်တို့ထံသို့ မလာ မရောက်နိုင်ဘဲရှိပါသည်၊ ယခုမှ အခြားအခြွေအရံတို့ကို နဘာအနား၌ ခေတ္တထားခဲ့ကာ အလီသတင်းစကားကို နာခံရန် သင့်ထံသို့လာခဲ့ပါသည်ဟု ပြန်ပြောလေ၏။

ထိုအခါ ဟာစံက အို သူငယ်မ၊ အလီ၏အကြောင်းကို ကောင်းမွန်စွာ သင့်အား ငါပြန်ပြောပြီးပြီ၊ ယခုအခါ သင်သည် နန်းတော်သို့ သင့်သခင်မအား အကြောင်းအရာ အလုံးစုံကို မည်သူမှမသိအောင် လျှို့ဝှက်၍ ထားစေလိုကြောင်း၊ ငါက သတိပေးလိုက် ကြောင်းများနှင့် ပြန်ပြောလျှောက်ထားလေဟုပြောကာ ကျွန်မကလေးကို ပြန်လွှတ်လိုက်၏။

ထိုအခါ ဟာစံသည် ညနေအချိန်ရောက်၍ မိမိဆိုင်ကိုပိတ်ပြီးလျှင် အလီအိမ်သို့ သွားသည်၊ တံခါးကို ခေါက်ပြီးခေါ်ရာ အစေခံတစ်ယောက်ထွက်လာ၍ တံခါးကိုဖွင့်လျက် အခန်းဆောင်ထဲသို့ ခေါ်သွားလေ၏၊ ရောက်သောအခါ ဟာစံက အို အလီ၊ ဤယနေ့နံနက် နဘာထံက ကျွန်မလေးတစ်ယောက် ငါ့ထံသို့လာ၍ နဘာ၏ အကြောင်းအရာ အလုံးစုံကို အကုန်ပြန်ပြောသည်ဟု ဆိုပြီးလျှင် ကျွန်မလေးပြောသည့်အတိုင်း မခြွင်းမချန် ပြန်လှန် ပြောဆိုလေ၏၊ ထိုစကားကို အလီကြားလျှင် ငိုကြွေး၍ အို မိတ်ဆွေ၊ ငါ့အဆွေသည် ဘေးကြီး

ဒဏ်ကြီး သံဝဋ္ဋမီးတို့ ညီးညီတောက်ထိန် ပြောင်လျှံရှိန်သည် ဇီဝိန်ကင်းရလိမ့်မည် ဖြစ်သောကြောင့် မိတ်ဆွေပင် ကြံဆောင်ပါလောဟုပြောဆို၏၊ ဟာစံလည်း အို အလီ၊ ကောင်းပြီ သင့်ကိုယ်ကိုသာ သင်ချမ်းသာအောင်နေပါ၊ အကျွန်ုပ်အစွမ်းရှိသမျှ ကြံဆောင် ပါမည်ဟု ပြောဆိုစဉ် အလီသည် ရှိုက်ဖိုငိုကြွေး၍ မိန်းမောသွားလေ၏၊ ယင်းသို့ မိန်းမော သွားရာ နံနက်မိုးသောက်မှ သတိရ၍ ဟာစံနှင့်သာယာချေငံစွာ စကားပြောဆို၏။

ဟာစံလည်း နေအတော်မြင့်မှ မိမိဆိုင်သို့ပြန်လာပြီးလျှင် ဆိုင်တံခါးကို ဖွင့်၍ ဈေးရောင်းနေရာ နဘာထံက ယခင် ကျွန်မကလေးပင်လာပြန်၍ အို မောင်ကြီး၊ အလီ မည်ကဲ့သို့ ဖြစ်နေပါသနည်းဟု မေးသည်၊ အလီအကြောင်းကို ပြန်ပြောပြီးမှ အို သူငယ်မ၊ သင်တို့သခင်မ နဘာလည်း မည်ကဲ့သို့ ဖြစ်နေပါသနည်းဟု ပြန်မေး၏၊ ကျွန်မကလေးလည်း နဘာအကြောင်းကို ပြန်ပြောင်းပြောဆိုပြီး အို မောင်ကြီး၊ အကျွန်ုပ်တို့သခင်မ အလီထံသို့ ဤစာကို ပေးလိုက်သည်ဟု စာကိုပြရာ ဟာစံနှင့် ကျွန်မကလေး နှစ်ယောက်စလုံးပင် စာနှင့်တကွ အလီအိမ်သို့ သွားကြ၏၊ ရောက်သောအခါ ဟာစံသည် အလီခန်းဆောင်သို့ဝင်၍ အို အလီ၊ သင့်အား လူတစ်ယောက်က ကျွန်မကလေးကို စေလွှတ်၍ စာပေးလိုက်သည်၊ ယခု တံခါးဝမှာ ရှိသည်ဟုပြော၏၊ အလီလည်း ကျွန်မကလေးကို မြင်လျှင် နဘာထံက စေလွှတ် လိုက်ကြောင်းကိုသိ၍ အနီးသို့ခေါ်ပြီးလျှင် အို သူငယ်မ၊ သင့်သခင်မ ဘယ်ပုံဘယ်နည်း ဖြစ်၍နေသည်ကို ငါ့အားပြောပါဟု မေးသည်၊ ကျွန်မကလေးက အကျွန်ုပ်စကား အထူး မပြောနိုင်ပါ ဤစာကိုဖတ်ရှုပါလောဟုဆို၍ စာကိုပေးလေ၏။

ထိုအခါ အလီသည် စာကိုဖတ်ရှုငိုကြွေးပြီးလျှင် ရတ်တရက်စက္ကူကိုယူကာ ဤသို့ စာစီကုံး ရေးသား၏၊ ဒေဝဋ္ဌရ မိုးပေါ်ကျသို့ အလှရုပ်ဆင်းလှဲ့လှဲ့ဝင်းသည် ယဉ်မင်းပမာ ခင်နဘာ၊ လွှာစာစီကုံး ပူမဆုံးအောင် နလုံးပွက်ဆူ ခင့်အပူသို့ အတူတမျှ ပူပါရသည် ပူကြကမ္ဘာ ဆတက်သာလိမ့်၊ ဗျာပါသချေ် ပူအင်ဒွေမှာ တွက်ရေမရ ပူပန်လှ၍ နမရွှေလွှာ သဝဏ်စာကို ဖတ်နာရက ကျွန်ုပ်ကလည်း ဒုက္ခဖြစ်ပုံ အလုံးစုံကို အကုန်စီရေးတုံ့ပြန်ပေးသည်၊ သေဘေး ရောက်ရလိမ့်မည်တကားဟု စီကုံးပြီးလျှင် ကျွန်မကလေး လက်သို့စာကို ပေးလိုက်၏၊ ထိုအခါ ကျွန်မကလေး ထွက်သွားသည်နောက် ဟာစံလည်း မိမိဈေးဆိုင်သို့ ပြန်လာလေ၏။

ထို့နောက် တစ်နေ့ရောက်လတ်သော် ဟာစံသည် ဆိုင်တံခါးကိုပိတ်၍ အလီအိမ်သို့ သွားပြီးလျှင် အို အလီ၊ သင် မည်ကဲ့သို့ ရှိပါသနည်း၊ သင်ကဲ့သို့ မိန်းမတစ်ယောက်ကြောင့် ရှုးနောက်တွေဝေသောသူကို ဇမ္ဗူသောင်းတွင်း၌ ကျွန်ုပ်မတွေ့ မကြုံဖူးပါ၊ ကျွန်ုပ်အကြောင်းနှင့် သင့်အကြောင်း ဆိုးကောင်း ဖြစ်ပျက်ကို အချက်ကျသိသူလည်း သိကြပြီ၊ ရှေ့လာလတ္တံ့သော အနာဂတ်ကာလ၌ သင်နှင့်ကျွန်ုပ် ထွေးရှုပ်သည့်အမှုများကြောင့် အဘယ်ကဲ့သို့ဖြစ်ကြမည်ကို တစ်စုံတစ်ယောက် မဆုံးဖြတ်နိုင်ရှိချေသည်၊ ကျွန်ုပ်အထံသို့ မိတ်ဆွေတစ်ယောက် သင်၏ အကြောင်းကို လာ၍မေးလေ့ရှိ၏၊ သင်နှင့် အကျွန်ုပ် ဖက်စပ်ပူးပေါင်း နေထိုင်ကြောင်း ကိုလည်း လူအပေါင်းတို့ သိကြကုန်၏၊ သို့ဖြစ်၍ ဘေးအန္တရာယ်မှ လွတ်အောင် အကျွန်ုပ် အကြံတစ်ခုကို ပြုလိုသည်ဟု ပြောဆို၏။

အလီက အို မိတ်ဆွေ၊ သင့်အကြံကား မည်သို့ နည်းဟုမေးသည်၊ ဟာစံက အို အလီ၊ နဘာကျွန်မကလေးနှင့် အဝေးလူတို့သည် ပြူစုသဘော ဤအမှုကိုပြောခဲ့လျှင် အိမ်ရောင်ငွေပါ ဥစ္စာဆုံးရှုံး အသက်ပါပြန်နိုးလိမ့်မည်၊ ရှေးထုံးစဉ်လာ ပေါရာဏာတို့ ပြောမှာစကား စဉ်းစား ကြံဆောင် မီးတန်ဆောင်ကို မလောင်မီက ကာကြိုရမည်ဟူသော စကားကဲ့သို့ အဖိုးထိုက် အဖိုးတန် ရွှေငွေရတနာ အားလုံးတို့ကို ယူပြီးလျှင် အယ်ဘတ်စရာမြို့သို့ လူသူမသိအောင် သွားရောက် နေထိုင်လိုသည်ဟု ပြောဆို၏။

ထိုစကားကို အလီကြားလျှင် အို မိတ်ဆွေ၊ ငါတို့အမှုသည် ဘေးဥပဒ်အန္တရာယ်နှင့် ငြိတွယ်ဆက်ဆံလျက် ရှိချေသည်၊ အမှန်ဒိဋ္ဌပေါ်ပေါက်ကြလျှင် ဒုက္ခအလုံး အသက်ပါ ပြန်းမည်ကြောင့် မဆုံးခင်သွားလေတော့ဟုဆို၏၊ ထိုစကားကို ဟာစံကြားလျှင် ကောင်းပြီ အလီဟု ဆို၍ အိမ်သို့ပြန်လာကာ ရောက်သောအခါ ပြုဖွယ်ရာကိစ္စ အလုံးတို့ကို အဆုံးတိုင် ဆောင်ရွက်၍ သုံးရက်ခန့်ကြာလျှင် အယ်ဘတ်စရာမြို့သို့ ရှေးရှု၍ ထွက်သွားလေ၏။

ထို့နောက် သုံးရက်ခန့်ရှိသောအခါ သူငယ်ချင်းမိတ်ဆွေတို့ လာရောက်ရှာဖွေရာ ဟာစံကို မတွေ့မမြင်သောကြောင့် အိမ်နီးချင်းတို့ကို မေးမြန်းသည်၊ အယ်ဘတ်စရာမြို့သို့ ရရန်ရှိသော ကြွေးငွေကို တောင်းခံရန်သွားသည်မှာ သုံးရက်ခန့်ရှိပြီ၊ သို့ရာတွင် မကြာမီ ပြန်လာလိမ့်မည်ဟု အိမ်နီးချင်းတို့က ပြောဆိုကြ၏၊ ထိုစကားကို မေးလာသူ မိတ်ဆွေ ကြားလျှင် သြော် ဖြစ်ရလေခြင်း မိတ်ရင်းအစစ် ချစ်လှစွာသောဟာစံကို မတွေ့ရသည်မှာ များစွာဝမ်းနည်းပါ၏၊ သို့ရာတွင် ဟာစံ၏ မိတ်ဆွေချစ် တစ်ယောက်ဖြစ်သော ဘတ်ကာ၏သား

အလီထံသို့ ဝင်ရောက်မေးမြန်းဦးမှ သင့်လျော်မည်ဟုဆိုကာ အလီထံသို့ ရှေးရှုသွားလေ၏၊ အလီထံသို့ ရောက်သောအခါ အချင်းလုလင်၊ သင်တို့သခင်ကို ကြည့်ရှုရန် ခေတ္တဝင်လိုပါသည်၊ ကျေးဇူးပြု၍ ဝင်ခွင့်ရအောင် သင်တို့သခင်အား ခွင့်တောင်းပေးစေလိုပါသည်ဟု အစေခံ တစ်ယောက်ကို ပြောလေ၏။

အစေခံသည် ကောင်းပြီဆိုကာ မိမိသခင်ထံ သွားရောက်ပြောဆိုသည်၊ သခင်အလီကလည်း ဝင်ပါစေဟု အခွင့်ပေး၍ ဝင်သွားရာ မွေ့ရာပေါ်၌ လဲလျောင်း၍နေသော အလီကို တွေ့လျှင် အရိုအသေပြု၍ ရပ်နေရာ အလီလည်း ခရီးဦးကြိုဆို၍ နေရာထိုင်ရာကိုပေး၏၊ ထိုအခါ ဥည့်သည်က အို သခင်၊ သခင် မကျန်းမမာ ရှိနေသည်ကို မကြားမသိ၍ လာရောက်မေးမြန်း မကြည့်ရှုနိုင်သည်ကို ဝမ်းနည်းပါ၏၊ သို့ရာတွင် သခင်၏ မိတ်ဆွေ ဖြစ်သော အဘူဟာစံနှင့် အကျွန်ုပ် အလွန်ချစ်ခင်ကြသည်ဖြစ်၍ လျှို့ဝှက်အပ်သော စကားကိုပင် အကျွန်ုပ်အားပြောကြား၏၊ အကျွန်ုပ်လည်း အရေးကိစ္စရှိ၍ ၎င်းကိုခွဲပြီးလျှင် မိတ်ဆွေများနှင့် အရပ်တစ်ပါးသို့ ထွက်သွားသည်မှာ သုံးရက်ခန့်ကြာရှိပြီ၊ ယခုအခါ ကျွန်ုပ်ပြန်လာ၍ သူ့ထံသို့ သွားရာ ဆိုင်တံခါးများ ပိတ်ထားသည်ကိုတွေ့၍ အိမ်သို့သွားပြီးလျှင် အိမ်နီးချင်းတို့ကို မေးမြန်းသည်၊ အယ်ဘတ်စရာမြို့သို့ သွားသည်ဟုပြော၍ အကျွန်ုပ်အလွန်ဝမ်းနည်း၏၊ သို့ဖြစ်၍ အို သခင်၊ သခင်၌ အဘူဟာစံသည် ယုံကြည်လောက်သော မိတ်ဆွေဖြစ်သည့် အတိုင်း ၎င်းအကြောင်းကို သခင်သိပါလိမ့်မည်၊ ပြန်လှန် ပြောဆိုစေချင်ပါသည်ဟုဆို၏။

ထိုစကားကို အလီကြားလျှင် မျက်နှာကွက်နွေ့အနေအထားပျက်၍ အို မိတ်ဆွေ၊ အယ်ဘတ်စရာမြို့သို့ အဘူဟာစံသွားသည်ကို သင်ပြောမှပင် ကျွန်ုပ်သိရသည်၊ အကယ်၍ သင်ပြောသည့်အတိုင်းမှန်လျှင် ကျွန်ုပ် ဒုက္ခကြီးစွာ ရောက်တော့မည်ဟုဆို၍ ငိုကြွေးလေ၏။

ထို့နောက် အလီသည် မျက်နှာအောက်ချ၍ အတန်ကြာစဉ်းစားပြီးလျှင် မိမိအစေခံ တစ်ယောက်ကိုခေါ်၍ အချင်းလုလင်၊ သင်သည် အဘူဟာစံအိမ်သို့ သွား၍ ရှိမရှိကို မေးမြန်းပါလေ၊ အကယ်၍ မရှိလျှင် မည်သည့်အရပ်သို့ မည်သည့်ကိစ္စနှင့်သွားသည်ကို အသေအချာ မေးမြန်းလေဟု စေလွှတ်လိုက်၏၊ အစေခံလည်း ကောင်းပါပြီဟုဆို၍ အဘူဟာစံအိမ်သို့ သွားရောက် မေးမြန်းသည်၊ ဟာစံအစေခံများက အယ်ဘတ်စရာမြို့သို့ သွားကြောင်းကို ပြန်ပြောသဖြင့် အစေခံလည်း အလီထံသို့ပြန်လာပြီးလျှင် ဤသို့ပြောဆို၏၊ အို သခင်၊ အကျွန်ုပ်ဟာ စံအိမ်သို့ သွားရောက်မေးမြန်းရာ အစေခံတို့က အယ်ဘတ်စရာမြို့သို့

သွားကြောင်း ပြောသဖြင့် သခင်ထံပြန်လာမည်ဟုရှိစဉ် တံခါး၌စောင့်နေသော ကျွန်မကလေး တစ်ယောက်ကို တွေ့၏၊ ကျွန်မကလေးကို ကျွန်ုပ်က မသိသော်လည်း သူက ကျွန်ုပ်ကို သိသဖြင့် အို မောင်ကြီး၊ သင်သည် အလီ၏ အစေခံလောဟု မေးမြန်းသည်၊ အကျွန်ုပ်လည်း ဟုတ်ပေသည်ဟု ပြန်ပြော၏။

ထိုအခါ ကျွန်မကလေးက အို မောင်ကြီး၊ သင်တို့သခင်ထံ မိတ်ဆွေတစ်ယောက်က စာတစ်စောင် ပေးလိုက်သည်ဖြစ်၍ ထိုစာကို သင်နှင့်အတူလိုက်ပြီးလျှင် အလီသို့ ပေးလို ပါသည် ဆိုသောကြောင့် ၎င်းကို အတူခေါ်ခဲ့ရာ ယခုအိမ်တံခါး၌ ရပ်လျက် ရှိနေပါသည်ဟု ပြော၏၊ ထိုစကားကို အလီကြားလျှင် အချင်းလုလင်၊ ဝင်ပါစေဟုဆို၍ အစေခံ ထွက်လာ ပြီးလျှင် ကျွန်မကလေးကို အလီထံသို့ သွင်းလေ၏၊ အလီနှင့်ထိုင်နေသော ဧည့်သည်ကလည်း ကျွန်မကလေးကို စိန်းစိန်းကြည့်ရှုရာ ကျွန်မကလေး၏ လှပတင့်တယ်သော ရုပ်သဏ္ဍာန်ကို မြင်ရလေ၏၊ ကျွန်မကလေးလည်း အလီကိုအရှိအသေပြု၍ နစ်ကိုယ်ကြား တီးတိုး စကားပြောပြီးလျှင် များမကြာမီ ပြန်သွားလေ၏။

အလီနှင့် အတူတကွ ထိုင်နေသော ဧည့်သည် ဟာစံ၏ မိတ်ဆွေသူငယ်ချင်း ကျောက်ကုန်သည်ဖြစ်၍ ကျွန်မကလေး ထွက်သွားသောအခါ ဤသို့ဆို၏၊ အို အလီ၊ သင်သည် မင်းကြီး၏ နန်းတွင်းသူတို့နှင့် ပေါင်းသင်းဆက်ဆံသော အရိပ်နိမိတ် လက္ခဏာကို မြင်၍ သင်ပြောပါသလော၊ သို့မဟုတ် သင့်အား တစ်စုံတစ်ယောက်သောသူ ပြောကြား၍ ဤစကားကို ပြောရသလောဟု မေး၏။

ထိုအခါ ကျောက်ကုန်သည်က အို အလီ၊ အကျွန်ုပ်ကို မည်သူမျှမပြော၊ အကြောင်းမှာ ယခုဆင်းသွားသော ကျွန်မကလေးသည် အခြားသူမဟုတ်၊ ရှင်အင်နဘာမင်းသမီး၏ အစေခံ ကျွန်မကလေးဖြစ်သည်၊ အဘယ်ကြောင့် နဘာမင်းသမီး၏ အစေခံဖြစ်ကြောင်းကို သိရ သနည်းဟု မေးပြောအံ့၊ တစ်ရံရောအခါ နဘာမင်းသမီးသည် သိင်္ဂီဦးသစ် ဇမ္ဗူရစ်ကို စိန်စစ် ပတ္တမြား မြသားနီလာ ဝန်းရံကာ၍ အလုံတောက်ပြောင်စွာ ထုလုပ်သော စိန်လည်ကပ် တစ်တုံးကို အလိုရှိ၍ စာနှင့် အကျွန်ုပ်ထံသို့ ဤသတို့သမီးကို စေလွှတ်လိုက်ဖူးသည်၊ ကျွန်ုပ်လည်း စာပါသည့်အတိုင်း ရှာကြံဝယ်ယူ၍ ဆက်သလိုက်ဖူးပြီဟု ဆို၏။

ထိုစကားကို အလီကြားလျှင် လျှာမဲ့ငါး စကားဆိုနိုင်သကဲ့သို့ ငေးမှိုင်မေ့လျော့၍ ဣန္ဒြေ အနေအထား ဖျက်ပြီးလျှင် တုန်တုန်ခိုက်ခိုက်ရှိနေ၏၊ သို့ရာတွင် စိတ်ကို သိမ်းဆည်း

ဟန်ဆောင်ပြီးလျှင် အို အစ်ကို၊ ဤမင်းသမီးကို သင် ဘယ်နည်းအားဖြင့် သိကျွမ်းခဲ့ရပါသနည်းဟု မေးမြန်းသည်၊ ကျောက်ကုန်သည်က ဤမင်းသမီးအကြောင်းကို သင်မသိလိုနှင့်ဟု ဆို၏၊ အလီက အို အစ်ကို ဤအကြောင်းကို ပြောလျှင် သင်သည် အကျွန်ုပ်အပေါ်၌ တစ်စုံတစ်ခု သင်္ကာယနဖြစ်မည်ကို စိုးရိမ်ပါသည်၊ သို့ဖြစ်၍ ရှေးဦးစွာ အဖြစ်အပျက်ကို မခြွင်းမချန် မှန်ကန်စွာ ပြောဆိုစေလိုပါသည်ဟု ဆို၏။

အလီက အို အစ်ကို၊ သင်သည် အကျွန်ုပ် ယုံကြည်ထိုက်သောသူတစ်ဦး ဖြစ်သည်ဟု ကိုးစားအားထားလျက် ရှိနေပါသည်၊ သို့ရာတွင် အခြားသူ တစ်စုံတစ်ယောက် သိမည်ကို စိုးရိမ်ရပါသည်ဟု ပြောသည်၊ ကျောက်ကုန်သည်က အို အလီ၊ အကျွန်ုပ် ယခုလာခြင်းကား အခြားကိစ္စကြောင့်မဟုတ်၊ သင့်ကို သနားချစ်ခင်၍ အဘူဟာစံအစား သင့်အကျိုးကို သယ်ပိုး ရွက်ဆောင်ရန် လာခဲ့သည်၊ သို့ဖြစ်၍ သင်သည် ပူပန်သောစိတ်ကို ပယ်ဖျောက်၍ ရွှင်ပျော် မွေ့လျော်စွာ နေထိုင်ပါလောဟု ဆို၏။

ထိုအခါ အလီက အစ်ကို၊ ယခု အကျွန်ုပ်အား နစ်ကိုယ်ကြား တီးတိုးပြော၍သွားသော ကျွန်မကလေးစကားကို ကြားသိလိုပါသလောဟု မေးသည်၊ အကျွန်ုပ် ကြားသိလိုပါဟု ကျောက်ကုန်သည်က ဆို၏၊ ထိုစကားကို အလီကြားလျှင် အို အစ်ကို၊ ၎င်းကျွန်မကလေး ပြောဆိုသည်မှာ အဘူဟာစံ၊ အယ်ဘတ်စရာမြို့သို့ သွားသည်မှာ အခြားကြောင့်မဟုတ်၊ သင်က ညဏ်ပေး၍ သွားလေသည်ဟု ဆိုရာ ကျွန်ုပ်က မဟုတ်ပါကြောင်းကို ကြိမ်ဖန် များစွာပြောဆိုသည်၊ သို့သော်လည်း ကျွန်ုပ် မယုံကြည်နိုင်ဟုဆို၍ သွားပါသည်ဟုဆို၏။

ထိုစကားကို ကျောက်ကုန်သည်ကြားလျှင် အို အလီ၊ ကျွန်ုပ် အကုန်အစင် သိပြီ၊ စိုးရိမ် ကြောင့်ကြမဲ့သာ နေထိုင်လေလော့၊ ကျွန်ုပ် အစွမ်းရှိသမျှ ကြိုးစားအားထုတ်၍ သင့်အလိုဆန္ဒ ပြည့်အောင် ကြံစည် ဆောင်ရွက်၍ပေးမည်၊ ဤသူငယ်မကလေးကိုလည်း အသိအကျွမ်း ဖွဲ့လိုသည်ဟုဆို၍ အလီကိုခွင့်တောင်းပြီးလျှင် ထွက်သွားလေ၏။

ထိုအခါ ကျောက်ကုန်သည်သည် မိမိအိမ်သို့ဝင်၍ သုဓာဘောဇဉ် ချိုချဉ်ရသာများကို သုံးစားပြီးလျှင် ခရီးလမ်းမကို လျှောက်သွားသည်ရှိသော် စက္ကူတစ်ချပ်ကို တွေ့မြင်၍ ကောက်ယူ ဖတ်ရှုကြည့်ရှုသည်၊ စာ၌ ဤသို့ပါ၏၊ မေတ္တာရှိတိုင်း ဆစ်အပိုင်းကို အလှိုင်းကျနေ ပေါင်းလိုလှ၍ ယုယတန်တန် စာတမန်ဖြင့် အမြန်မသွေ ပေးလွှတ်စေလည်း မရေမရာ မေတ္တာမရဲ စိတ်ထင်လွဲ၍ ရှောင်လွှဲပုံသေ မရောက်နေခဲ့၊ အစေခံသာ ဤအရာတွင် လိမ္မာမရှိ

သတိမေ့ကျန် ဝမ်းနည်းရန်ကို တန်တန်ပြုလေ ပျက်ကွက်ချေက သတ်သေတော့မည် ကျွန့်စိတ်ရည်သည် ရွှေလည်ညောင်းလုပြီတကားဟု စာတွင်ပါသည်ကို ဖတ်ရှုနေရာ စာရှင်ကျွန်မကလေးသည် ရုတ်တရက်ပြေးလာ၍ အို ဦးရီး၊ သင့်လက်၌ရှိသောစာသည် အကျွန်ုပ်အင်္ကျီအိတ်ထဲက ကျရစ်သောစာဖြစ်၍ ပြန်ပေးစေလိုပါသည်ဟု ပြောဆို၏။

ကျောက်ကုန်သည်လည်း စကားတုံ့မပြန်ဘဲ မိမိအိမ်သို့ ပြန်လာသည်။ ကျွန်မကလေးက ထပ်ချပ်အိမ်သို့ဝင်၍ လိုက်ပြီးလျှင် အကြိမ်ကြိမ်စာကို တောင်း၏၊ ကျောက်ကုန်သည်က အို ချစ်သမီး၊ သင်၏ စာကို ပြန်၍ပေးမည်၊ မစိုးရိမ်လင့်၊ သို့ရာတွင် သင်မှန်ကန်ရာကို ငါ့အားကြားလော့၊ ငါသည် ယုံကြည်ထိုက်သော လူတစ်ယောက်ဖြစ်၍ သင့်သခင်မ၏ အလိုဆန္ဒ ပြည့်အောင် ကြံဆောင် ပေးပါမည်ဟုဆို၏၊ ကျွန်မကလေးက ဖြစ်ပျက်သမျှအကြောင်းစုံကို ပြန်ပြော၏၊ ကျောက်ကုန်သည်ကလည်း မိမိသိသမျှကို ကျွန်မကလေးအား ပြော၏၊ ထို့နောက် ၎င်းနှစ်ယောက် စိတ်သဘောတူညီ၍ အလီအိမ်သို့ သွားပြီးလျှင် စာကို ပေးကုန်၏၊ အလီလည်း စာတုံ့ပြန်ရေးသားပေးလိုက်၏၊ ကျောက်ကုန်သည်က နဘာထံမှစာကို ယူ၍ ဤသို့ဖတ်ပြပြောပြ၏၊ သစ္စာမသေွ မေတ္တာရေဖြင့် လေ့ငယ်လေ့ကြီး ဝေးနီးစုန်ဆန် အောင်လံစိုက်ထူ ငွေရက်ဖြူမြင့် လူလူပြန်ပြန် ထက်အောက်ဆန်ခဲ့၊ သဏ္ဍာန်ချူးအုံ မောင့်ရုပ်ပုံကို အာရုံတွေးဆ ရှုပါရလည်း သောကမကြေ ကမ္ဘာဝေသို့ မသေသမျှ ခြေမကျအောင် ဒုက္ခတန်တန် ရောက်ရဟန်ကို ပြန်လှန်ခုတိုင် မပြောနိုင်ခဲ့၊ နှစ်ခိုင်ငွေပန်း အချစ်ခန်းကို ယုန်စန်းသော်တာ ဆုံလိုပါက မေတ္တာတူမျှ ယုံကြည်ရသည် လုံ့လထုတ်သူ ဤသည့်သူကို ခုမှုမကြာ ကြံစည်ရာလော့၊ ကမ္ဘာမတုံး အချစ်ဆုံးကို လှစ်ကျုံးရွှေလှူ ကွန့်လိုက်ပါသည် တွေးကာဖတ်ရှုပါလေလော့၊ အလီလည်း စာကိုဖတ်လျှင် ပြင်းစွာငိုကြွေးလေ၏။

ထိုအခါ ကျွန်မကလေးက အို အလီ၊ မငိုလင့်၊ သင်သည် ဤနေရာ၌ ကျွန်ုပ်ပြန်၍ မရောက်သမျှ ကာလပတ်လုံး မည်သည့်အရပ်ကိုမှ မသွားပါလင့်၊ ခလီဖာမင်းလည်း ကျွန်ုပ်ကို ရေးကကဲ့သို့ မယုံကြည်၊ သို့ရာတွင် ကိစ္စမရှိ၊ သင်နှင့်အကျွန်ုပ် သခင်မ ရှင်နဘာကိုသာ တွေ့စေလိုသော ဆန္ဒရှိသည်၊ ယခုလည်း အကျွန်ုပ်ကို သခင်မမျှော်လိမ့်မည်ဖြစ်၍ ပြန်သွားမှ တော်မည်ဟု ဆိုပြီးလျှင် ပြန်သွားလေ၏၊ ကျောက်ကုန်သည်လည်း အကြံအစည်ထုတ်ရန် အိမ်သို့ပြန်လာရာ အလီအတွက်ကြောင့် အိပ်စက်၍ မပျော်နိုင်ရှိနေ၏၊ နံနက်မိုးသောက်ရောက်လတ်သောအခါ ကျွန်မကလေးသည် ကျောက်ကုန်သည်ထံသို့လာ၍ အို ဦးရီး၊ ဦးရီး

အကြောင်းကို အကျွန်ုပ်သခင်မအား ပြန်လျှောက်ရာ များစွာဝမ်းသာ၍ ဦးရီးကို တွေ့ကြုံလိုသော အာသာဆန္ဒရှိပါသည်၊ သို့ဖြစ်၍ သခင်မစံရာ နန်းတော်သို့ ဦးရီးလိုက်နိုင်ပါမည်လောဟု မေး၏။

ကျောက်ကုန်သည်က ချစ်သမီး၊ ငါသည် အဘူဟာစံကဲ့သို့ နန်းတွင်း၌ ကျွမ်းကျင်သူ မဟုတ်၊ လိုက်ခြင်းငှာမသင့်၊ အကယ်၍ သင့်သခင်မကို တွေ့လိုပါလျှင် အခြားတစ်ပါးသော နေရာကို ကြံဆောင်ပေးပါ၊ လိုက်ပါမည်ဟုဆိုရာ ကျွန်မကလေးလည်း အို ဦးရီး၊ ကောင်းပြီ၊ ဦးကြီးအိမ်သို့ ကျွန်ုပ် သခင်မကို ခေါ်လာခဲ့ပါမည်၊ သင့်အိမ်၌ အခြားလူများ မရှိပါစေလင့်ဟု ဆို၏၊ ကျောက်ကုန်သည်လည်း ချစ်သမီး၊ ငါ့အိမ်၌ အခြားသူ တစ်စုံတစ်ယောက်မရှိ၊ အစေခံ ကျွန်မတစ်ယောက်သာ ရှိသည်ဟုဆိုသည်၊ ကျွန်မကလေးသည် နန်းတော်သို့ပြန်၍ နဘာ မင်းသမီးကို ပင့်ဆောင်ပြီးလျှင် ကျောက်ကုန်သည်အိမ်သို့ လာလေ၏၊ ရောက်သောအခါ ကျောက်ကုန်သည်လည်း ခရီးဦးကြိုဆို၍ ကောင်းမွန်စွာဧည့်ခံ၏၊ မင်းသမီးလည်း နှုတ်ခွန်း ချိုသာ ပျူငှာလောကဝတ်ကိုပြု၍ အို ဦးရီး၊ ဦးရီး၏မျက်နှာကိုမမြင်ရမီကပင် သတင်းကြားဖြင့် ကိုးစားအားထားလျက် ရှိနေပါသည်၊ ယခုအခါ မျက်နှာကို ကိုယ်တိုင်တွေ့မြင်ရ၍ အတိုင်းမသိ ကိုးစားပါသည်၊ သို့ဖြစ်၍ ကျွန်ုပ်တို့နှစ်ဦးစပ်ကြား စကားချိတ်ဆက် နှစ်သက်ကြည်ဖြူ တမန်လုပ်တော်မူ၍ အလီထံပို့ရန် စာကို သင့်ထံသို့ ရေးဦးပို့လိုက်ပါသည်ဟု ဆို၏။

ကျောက်ကုန်သည်က အို အရှင်မ၊ စိုးရိမ်တော်မမူပါလင့်၊ အကျွန်ုပ် ဤအမှုကို ရွက်ဆောင်ပါမည်ဟု ဝန်ခံ၏၊ မင်းသမီးလည်း ကောင်းပြီဟု နှုတ်ခွန်းဆက်ကာ နန်းတော်သို့ ပြန်၏၊ ကျောက်ကုန်သည်လည်း နန်းတော်တံခါးဝတိုင် လိုက်၍ ပို့ပြီးမှ အိမ်သို့ ပြန်လာလေ၏၊ ရောက်သောအခါ အမြိန်အရသာ သုတာဘောဇဉ်တို့ကို စားသောက်၍ အဝတ်တန်ဆာ လုပ တင့်တယ်စွာ ဆင်ယင်ပြီးလျှင် အခြွေအရံ အစေခံများကို အခြားသို့ ထွက်သွားစေ၍ ကျောက်ကုန်သည်နှင့်အတူ ထိုင်နေပြီးလျှင် အို အစ်ကို၊ ပိုမိုများပြား ရက်မခြားအောင် ထပ်မနား ပူဆွေးသော အကျွန်ုပ် ဒုက္ခဘေးကို အေးရအောင်ဖန် အကြံတော်ယူ၍ ပြီးပါပြီလောဟု ဆို၍ ငိုကြွေးလေ၏။

ထိုအခါ ကျောက်ကုန်သည်က အို အလီ၊ မကြည်မသာ ဗျာပါဒုက္ခ စိုးကြောင့်ကြ၍ နေ့ည ပူဆွေးသောအရာကို ယခုအခါ ဖျောက်လေလော့၊ ငါနှင့်နဘာ ယခုအခါ ကိုယ်တိုင် တွေ့ရပြီ၊ ဤချိပ်တံဆိပ်ပိတ်သောစာလည်း သင့်ထံသို့ပေးလိုက်သည်ဟု ဆို၍ စာကိုပေးသည်၊

မိမိအိမ်သို့ နဘာကိုယ်တိုင်ကြွလာကြောင်း အလုံးစုံကိုလည်း ပြန်ပြောလေ၏၊ ထိုအခါ အလီက အို အစ်ကို၊ အစ်ကို့စကား ကြားနေရ၍ ဝမ်းသာလှပါပြီ၊ သို့ရာတွင် မည်သည့်နည်းအားဖြင့် တွေ့ရပါမည်နည်းဟု မေးမြန်းသည်၊ ကျောက်ကုန်သည်က အို အလီ၊ ငါ့အိမ်၌တွေ့ရအောင် စီမံ၍ ပြီးပြီ၊ သင် မည်သည့်အရာကိုမှ မစိုးရိမ်လင့်ဟုဆို၍ ဖျောင်းဖျပြောဆိုပြီးလျှင် အိပ်စက်၍ နံနက်မိုးသောက်သော် မိမိနေအိမ်သို့ ပြန်သွားလေ၏။

ထိုအခါ နဘာမင်းသမီး၏ အစေခံကျွန်မကလေးသည် ကျောက်ကုန်သည်ထံသို့လာ၍ အို ဦးရီး၊ ကျွန်ုပ်တို့သခင်မက မိန့်တော်မူလိုက်သည်၊ ယခု နန်းတော်၌ ဘုရင်မင်းမြတ် မရှိစိုက်ကြုံသဖြင့် အလီနှင့်တွေ့ဆုံ၍ သင့်မြတ်လိမ့်မည် ဖြစ်ကြောင်းနှင့် ပြောဆိုချေဟု စေလွှတ်လိုက်သဖြင့် လာရပါသည်ဟုဆို၏၊ ကျောက်ကုန်သည်က သူငယ်မ၊ ဘုရင်မင်းမြတ် မရှိသည်ဖြစ်စေ၊ ရှိသည်ဖြစ်စေ နန်းတွင်းသူ နန်းတွင်းသား များပြားရှုပ်ထွေးသဖြင့် အရေး ကြုံက ခက်ဖွယ်ရာရှိသည်၊ ငါ့အိမ်၌ပင် သာ၍ဘေးရန်ကင်းသဖြင့် သင့်တင့် လျောက်ပတ် သည်၊ သို့ရာတွင် အလီကို သင်ကိုယ်တိုင် သွားရောက်ခေါ်ပါလေဟု ပြောဆို၏၊ သူငယ်မ ကလေးသည် အလီအိမ်သို့သွားလေ၏၊ ရောက်သောအခါ အကြောင်းအရာကို ပြောဆိုလျှင် အလီသည် နတ်သားကဲ့သို့ ဆင်ယင်ဝတ်စား၍ ကျောက်ကုန်သည်အိမ်သို့ လာပြီးလျှင် စောင့်နေလေ၏၊ ကျွန်မကလေးလည်း နန်းတော်သို့ပြန်၍ မင်းသမီးအား ပင့်ဆောင်ပြီးလျှင် ကျောက်ကုန်သည်အိမ်သို့ လာလေ၏။

နဘာနှင့်အလီတို့သည် တစ်ဦးနှင့်တစ်ဦး တွေ့ကြုံရသောအခါ အလီက ဆယ်ရတီစိန် ခြယ်စီနိမ်သည် စိန်ပုလဲမျက် တခဲနက်ဟူ၍လည်းကောင်း၊ နဘာဇမ္ဗူကာသိုဏ်းလူတို့တိုင်းတွင် စံနှိုင်းစရာ ကင်းပျောက်ကွာ၍ ဒေဝါစိုးဖျား မိုးသိကြားသို့ ဟူ၍လည်းကောင်း အသီးသီး နှုတ်ခွန်းဆက် စတင်လိုက်ရုံမျှဖြင့် အဆုံးသတ်မပြောမဆိုနိုင်ကြဘဲ မိန်းမော၍လဲကြလေ သတည်း၊ တစ်နာရီခန့်ကြာသောအခါ သတိရ၍ တသဖက်ယမ်း လက်လှမ်းခွန်းကြူ ပဋ္ဌပြန်းနှံ့ သင်းပျံ့ကြိုင်ကြိုင် တစ်မြို့လုံးလှိုင်ရအောင် ပင်ဆိုင်ပွင့်ဝတ် တစ်ပြိုင်နက်လွှတ်ပြီးလျှင် တစ်ဦးနှင့်တစ်ဦး ကျီစယ်ခြင်းကို ပြုကြလေသတည်း။

ထိုအခါ ပွဲတော်တည်ချိန်တန်၍ ကျောက်ကုန်သည်က အမြိန်အရသာ သုဓာ ဘောဇဉ်တို့ကို ပြင်ဆင်ပေး၍ သုံးဆောင်ကြပြီးလျှင် ခရာဒုံမင်း၊ ခရုသင်းစည်ပုတ် နှဲပြွေမှုတ်၍ လက်ခုပ်စီးကျ တေးဂီတလည်း ယုယသီဆို နကိုန္ဒဲနှဲ ထံတျာဖွဲ့၍ သဲ့သဲ့ကလေး အသံသေးဖြင့်

အေးအေးညှင်းညှင်း နားတော်သွင်း၍ အပျင်းဖြေကြလေသတည်း၊ ထို့နောက် ကျောက်ကုန်သည် သည် မင်းသားမင်းသမီး ရှိသောနေအိမ်မှ မိမိနေအိမ်သို့ ပြန်လာပြီးလျှင် ညဥ့်ကို ကုန်လွန်စေ၏၊ နံနက်မိုးသောက် ဘုရားရှိခိုးဝတ်ပြုပြီးမှ မင်းသား မင်းသမီးနေအိမ်သို့ သွားမည် ကြံဆဲတွင် အိမ်နီးချင်း ယောက်ျားတစ်ယောက် ပြေးလာကာ အချင်း ကျောက်ကုန်သည်၊ သင်ပိုင်ဆိုင်သောအိမ်၌ ပစ္စည်းဥစ္စာ ရွှေငွေဘဏ္ဍာများကို ဓားပြသူခိုး လူဆိုးသူဆိုးတို့ လုယက်တိုက်ခိုက်၍ အိမ်နေလူများကို သတ်ဖြတ်သွားကြလေပြီ၊ ထိုသူများ လည်း အခြားမဟုတ်၊ နန်းတော်ကတချို့ ရာဇဝတ်တရားသူကြီးဘက်က တချို့ဖြစ်သည်ဟု ဆို၏။

ထိုစကားကို ကုန်သည်ကြားလျှင် ကန္ဒြေအနေအထား မပျက်စေဘဲ ၎င်းကိုခေါ်ပြီးလျှင် မင်းသားမင်းသမီးနေအိမ်သို့ ခေါ်သွားရာ ရောက်သည်ကာလ အရပ်ရပ်ကိုကြည့်ရှုရာ မင်းသား မင်းသမီးမှစ၍ တစ်ယောက်မကျန် မှောက်လှန်ရှိနေသဖြင့် တစ်ရပ်လုံး အုတ်အုတ် ကျက်ကျက် ဖြစ်လေသတည်း။

ထိုအခါ ကျောက်ကုန်သည်သည် အရပ်အိမ်နီးချင်းတို့အား ဤအကြောင်းကို စူးစမ်း မေးမြန်းရာ လူတစ်ယောက်သည် တံခါး၌စောင့်နေသော အစေခံတစ်ယောက်ကို အချင်း၊ ကျောက်ကုန်သည်ကို ငါကတွေ့လိုကြောင်း သင်ပြောပါချေဟု ဆို၏၊ အစေခံလည်း ၎င်းစကားအတိုင်း ကျောက်ကုန်သည်ကို သွားရောက်ပြောကြားသည်၊ ကျောက်ကုန်သည် လိုက်လာသောအခါ အို ကျောက်ကုန်သည်၊ သင့်ကို ဤအချက်၌ ပြက်ပြက်ထင်ထင် သိမြင်ရအောင် ပြောဆိုရန်ရှိသည်၊ သင်နားထောင်လိုလျှင် ကျွန်ုပ်နောက်သို့ လိုက်ခဲ့ဟုဆို၏။

ကျောက်ကုန်သည်လည်း ကောင်းပါပြီ၊ လိုက်ပါမည်ဟုဆိုကာ ၎င်းနောက်သို့ လိုက်သွားသည်၊ မင်းလမ်းခရီး၊ ဈေးကြီး၊ တိုက်ကြီး၊ ရုံးကြီး၊ လွှတ်တော်ကြီးအစရှိသော မြို့တွင်းကို ဖောက်၍ မြို့ပြင်မြစ်ကမ်းခြေ အနီးအပါးသို့ ဆိုက်ရောက်လေ၏၊ ထိုအခါ လှေတစ်စင်း ပေါ်တက်၍ မြစ်တစ်ဖက်ကမ်းသို့ ကူးသွားလျက် မြစ်ကမ်းနားမှ အနီးအပါးသို့ တက်သွားသည်၊ ကျောက်ကုန်သည်သည် တစ်ကြိမ်တစ်ခေါက် မရောက်စဖူး ထူးဆန်း လှသော တိုက်အိမ်ကြီးထဲသို့ ရောက်သွားသည်၊ အိမ်ထဲ၌ အစေခံနှင့်တူသော လူဆယ်ယောက် ထိုင်နေသည်ကို တွေ့မြင်ရလေသည်၊ ၎င်းဆယ်ယောက်တို့က နှုတ်ခွန်းပြန်၍ ဆက်ကုန်၏၊ ထို့နောက် ကျောက်ကုန်သည်ကို ထိုင်စေ၍ ကျောက်ကုန်သည်အား အကြောင်း

အရာ အလုံးစုံကို မှန်ကန်စွာပြော၏၊ ကျောက်ကုန်သည်လည်း မိမိ ထူးဆန်းသော အကြောင်းကို အကုန်ပြန်ပြော၏၊ ထို့နောက် လူဆယ်ယောက်က အချင်းကျောက်ကုန်သည်၊ ညက သင့်အိမ်တွင် တိုက်ခိုက်သော ဓားပြတို့ကား ငါတို့ပင်ဖြစ်သည်ဟုဆိုကြလေ၏။

ကျောက်ကုန်သည် အံ့အားသင့်ကာ ရုတ်တရက် ဘာမျှ မပြောနိုင်ဘဲ ငေးမှိုင်၍နေပြီးမှ အို မောင်လုလင်တို့၊ ကျွန်ုပ်အိမ်၌ တိုက်ခိုက်သော ဓားပြတို့ကား သင်တို့ပြောကြား၍ ကြားသိရပေပြီ၊ သို့ရာတွင် အလီမင်းသားနှင့်မခြား တူစွာ မင်းသမီးနဘာတို့ကို မောင်တို့ တွေ့ခဲ့ပါ၏လောဟု မေး၏၊ လူဆယ်ယောက်တို့က အချင်းကျောက်ကုန်သည်၊ ၎င်းတို့ကား အသက်မသေချမ်းသာစွာရှိကြ၏၊ သို့ရာတွင် ၎င်းတို့အကြောင်းကို ရှုံးပေါင်းပြန်လှန် အမှန်ကို သင်ပြောဦးလောဟု ဆိုသည့်အတိုင်း မဆိုင်းလျင်မြန် ဟုတ်တိုင်းပြန်၍ အမှန်ကိုပြောရလေသတည်း။

ထိုအခါ လူဆယ်ယောက်တို့က အချင်းကျောက်ကုန်သည်၊ ညက ငါတို့ တိုက်ခိုက်၍ယူဆောင်ခဲ့သော သင်ပိုင်သော ဥစ္စာပစ္စည်းရပ်တို့ကိုကား ပြန်၍ ပေးအပ်၏၊ ထိုအခါ မင်းသားအလီနှင့် နှင်းဆီမာလာ ထပ်တစ်ရာမက မွှေးကြိုင်လှသော နဘာသခင်မတို့မှာကား ချစ်စခင်စ ချစ်ပါရလည်း ဘေးကနှောင့်ယှက် သေမင်းလက်သို့ နေ့ရက်မကြာ ကျရောက်လာသဖြင့် မေတ္တာကို သတိမရ ကြောက်လန့်ကြ၍ တစ်ကိုယ်လုံး တုန်တုန်လှုပ်လှုပ် ရှိနေကြလေသတည်း၊ ထိုအကြောင်းကို ကျောက်ကုန်သည်မြင်လျှင် အပါးသို့ချဉ်းကပ်၍ အို သခင်တို့၊ အစေခံကျွန်မကလေးနှင့် အခြားမိန်းမကြီးနှစ်ယောက်တို့ကား အဘယ်မှာနည်းဟု မေး၏၊ မင်းသား မင်းသမီးတို့က အို ဦးရီး ငါတို့မသိဟု တုံ့ပြန်ပြောဆိုကြ၏။

ထို့နောက် များမကြာမီ ဓားပြတို့သည် ကျောက်ကုန်သည်နှင့်တကွ အလီမင်းသားနှင့် ရှင်အင်နဘာတို့ကို မြစ်ဆိပ်ကမ်းခြေသို့ ယူဆောင်၍ လှေပေါ်တင်ပြီးလျှင် တစ်ဖက်ကမ်းသို့ ကူးခတ်သွားကြလေသည်၊ ရောက်သောအခါ ရုတ်တရက် ဆိုက်ရောက်လာသော မြင်းစီးသူရဲတို့သည် ဓားပြတို့ကို ဝိုင်းရံသည်ရှိသော် မင်းသားမင်းသမီးတို့ကို စွန့်ထားခဲ့၍ တစ်ဖက်ကမ်းသို့ ကူးခတ်ပြန်ပြေးကြလေ၏။

ထိုအခါ မြင်းစီးသူရဲတို့က အချင်းတို့၊ သင်တို့ မည်သည့်အရပ်မှ မည်သည့်အရပ်သို့သွားမည်နည်း၊ မည်သည့်အကြောင်းကြောင့် ဤဓားပြများလက်သို့ ကျရောက်ရသနည်းဟု မေး၏၊ ထိုစကားကိုကြားလျှင် ရှင်အင်နဘာက အို မောင်ကြီးတို့၊ ငါတို့အဖိုးအခါ ကြေးငွေများကို ရအောင် အရပ်ရပ်ကို လှည့်ပတ်၍ သီချင်းသီဆိုသောသူများတည်း၊ ငါတို့အား

ခရီးစခန်း၌တွေ့ကြုံ၍ ဓားပြတို့ ဖမ်းဆီးခေါ်ဆောင်လာရာ သင်တို့နှင့်တွေ့ကြုံ၍ ချမ်းသာ ရပေသည်ဟုဆို၏၊ ထိုစကားကို မြင်းစီးသူရဲတို့ကြားလျှင် မယုံကြည်ရှိနေဆဲတွင် မင်းသမီး သည် ရုတ်တရက် နေရာမှထ၍ မြင်းစီးသူရဲတစ်ယောက်ကို တီးတိုးစကားပြောသည်၊ မြင်းစီး သူရဲတစ်ယောက်သည် ရုတ်တရက်မြင်းပေါ်မှဆင်း၍ မိမိအဖော်တို့အား လက်ရိပ်ပြပြီးလျှင် ၎င်းတို့ အားလုံးကို မြစ်ဆိပ်ကမ်းခြေသို့ ခေါ်သွားလေသတည်း၊ မြစ်ဆိပ်ကမ်းခြေသို့ ရောက်သောအခါ မြင်းစီးသူရဲကြီးက လှေနှစ်ဆင်းကိုခေါ်၍ တစ်စင်း၌ သူ စီး၏၊ တစ်စင်း မှာကား အလီနှင့်နဘာတို့ကို တင်၍ ဘုရင်မင်းမြတ် နန်းတော်ရှိရာသို့ ထိုးခတ်သွားကြလေ သတည်း။

နန်းတော်သို့ ရောက်သောအခါ ရှင်အင်နဘာမင်းသမီး ဆင်းသက်သည်ရှိသော် ကျောက်ကုန်သည်နှင့် မင်းသားအလီလည်း အတူတကွ ဆင်းသက်၍ မိမိနေအိမ်သို့ အရောက် သွားကြလေ၏၊ ညချမ်းအခါ အလီသည် မအီမသာ ဝေဒနာကပ်ရောက် အပူဖောက်၍ ဆူနောက်အသည်း တိမ်းလဲ့မေ့လျော့ ဖျော့တော့အဆင်း ပျက်လှခြင်းကြောင့် အိမ်တွင်းရှိ အခြွေအရံ အလုံးစုံတို့လည်း မီးအုံးသည့်ကြိမ်ပမာ လွန်စွာပူဆွေး ငိုကြွေးမြည်တမ်းကြလေ၏၊ ထိုအခါ ဆရာဆေးသမား များပြားဝိုင်းအုံ အထုံအမွှေး ဆေးအမျိုးမျိုး တန်ခိုးရှိသမျှ ကုစားကြ၍ သတိရလေသတည်း။ သတိရလျှင် သားမယားတို့ ကျန်းမာချမ်းသာစွာရှိသည်ကို တွေ့မြင်ရ၍ ဝမ်းသာအားရသောစိတ်ဖြင့် ညကို ကုန်လွန်စေသတည်း၊ နံနက် မိုးသောက် ရောက်လတ် သောအခါ သားမယားတို့က မိမိပိုင်ပစ္စည်းများကို ဓားပြများ တိုက်ခိုက် ယူဆောင်သွားရာ ပြန်၍ ရပါ၏လောဟု မေးမြန်းသည်၊ တစ်ဝက်ပြန်၍ ရခဲ့ကြောင်း ပြန်ပြောပြီးနောက် ကျောက်ကုန်သည်သည် မင်းသမီးရှင်အင်နဘာ၏ ပူဆာသောက တွေ့ကြုံရသောဒုက္ခကို တွေးဆ၍နေစဉ် မင်းသမီး၏ ကျွန်ယုံမကလေး အရေးကြီးဟန်ဖြင့် ကျောက်ကုန်သည်ထံ ရောက်လာလေ၏၊ ထိုသူငယ်မကို ကျောက်ကုန်သည်မြင်လျှင် မိမိ၌ အမှုအခင်းရှာလို၍ လာသည်ဟု ထင်မှတ်သဖြင့် အိမ်မှဆင်းပြီး ပြေးသွားရာ ကျွန်မကလေးလည်း နောက်က ထက်ကြပ်လိုက်လေ၏။

ထိုအခါ ကျွန်မကလေးက အို ဦးရီး၊ အသင်အား တစ်စုံတစ်ခု အမှုရှာလို၍ လာရသည် မဟုတ်ပါ၊ တိုင်ပင်ရန် စကားတစ်ခွန်းရှိသောကြောင့် လာရပါသည်၊ တရားဟောကျောင်းသို့ ခေတ္တဝင်ပါဦးဟု တောင်းပန်သဖြင့် ၎င်းကျောင်းသို့ဝင်ပြီးလျှင် ဘုရားရှိခိုး ဝတ်ပြုနေလေ၏၊

ဘုရားရှိခိုးပြီးသောအခါ ကျွန်မကလေးသည် အနီးသို့ချဉ်းကပ်လာကာ အို ဦးရီး၊ အကျွန်ုပ်တို့အား ဓားပြများဖမ်းဆီးသောအခါ အကျွန်ုပ်နှင့် အစေခံမိန်းမနှစ်ယောက်တို့မှာ ပင့်ထောက် ဉာဏ်ဆွယ် ပရိယာယ်ဖြင့် အန္တရာယ်ဘေးမှ ကင်းဝေးလွတ်ငြိမ်းရပါသည်၊ နေဝင်မိုးချုပ်ရောက်လတ်သော် နန်းတော်တံခါးကို ဖွင့်၍ ရှင်အင်နဘာကို လှေတစ်စင်းနှင့် ရှာဖွေကြသည်၊ ဗျာပါသောက ကြီးဒုက္ခနှင့် မျက်နှာအောက်ချ၍ လာသည်ကိုတွေ့၍ နန်းတော်သို့ ခေါ်ဆောင်သွားခဲ့ကြပါသည်၊ နောက်တစ်နေ့ နံနက်မိုးသောက်သောအခါ ရှင်အင်နဘာသည် မေတ္တာပန်းဇင် ငယ်ကျွမ်းဝင်နှင့် ချစ်ခင်ဆဲခါ ဓားပြတို့တွက်တာကြောင့် မလွဲသာ ကွဲခဲ့ရကြောင်း၊ ကံမကောင်း၍ အကြောင်းကိုသေချာစွာ ပြန်ပြောပြီးလျှင် ငိုကြွေးမြည်တမ်းလေသတည်း။

ထို့နောက် အကျွန်ုပ်ကိုခေါ်၍ အလီထံသို့စေခိုင်းရာ ကျွန်ုပ်က အို သခင်မ၊ ယခုအမှုမငြိမ်မသက်၍နေစဉ် ချစ်ခင်သူ အလီမင်းသားထံသွားဖို့ရန် မသင့်ပါကြောင်း ကောင်းစွာတင်လျှောက်ပါသည်၊ သို့သော်လည်း တစာစာစေခိုင်းသည့်အတွက် ယခု ဦးရီးထံသို့ လာခဲ့ရပါသည်၊ အို ဦးရီး၊ သင်၌ ဓားပြများ လုယူဆုံးပါးသော ပစ္စည်းရပ်များ အစားယူလိုပါသလောဟု မေး၏၊ ကျောက်ကုန်သည်လည်း ချစ်သမီး၊ ယူလိုပါသည်ဆိုသောကြောင့် သူငယ်မကလေးက အို ဦးရီး၊ အကျွန်ုပ် ယူဆောင်ခဲ့ပါမည်၊ သို့ရာတွင် အလီမင်းသားနှင့် အကျွန်ုပ်တို့သခင်မ မည်သည့်နေရာတွင် နောက်ထပ် တွေ့ရပါမည်နည်းဟု မေး၏။

ကျောက်ကုန်သည်က ချစ်သမီး၊ မစိုးရိမ်လင့်၊ ငါကြံဆောင်မည်ဟု ဝန်ခံသည်၊ ကျွန်မကလေးသည် နန်းတော်သို့ပြန်၍ မင်းသမီးကို သံတော်ဦးတင်ပြီးလျှင် ငွေ ၅၀၀၀ ကို ယူဆောင်လာ၍ ကျောက်ကုန်သည်ကို ပေးလေ၏၊ ကျောက်ကုန်သည်လည်း ၎င်းငွေများကို သားမယားတို့အား အချို့ပေး၍ အချို့ကို ဓားပြများဖျက်ဆီးသော မိမိအိမ်ကို ပြင်ဆင်လေသတည်း။

ထိုအခါ အလီမင်းသားသည် ကျောက်ကုန်သည်အားတွေ့လို၍ မျှော်လင့်ငံ့ဆိုင်းနေရာ ကျောက်ကုန်သည်လည်း ရုတ်တရက်ပေါ်ပေါက်လာသည်ကို အစေခံတို့မြင်၍ အို ဦးရီး၊ ကျွန်ုပ်အရှင်က အသင့်ကိုတွေ့လို၍ မျှော်လင့်စောင့်စားနေပါသည်၊ မြန်စွာဝင်ပါလေဟုဆို၍ ဝင်သွားရာ စက်မွေ့ရာပေါ်၌ လဲလျောင်း၍နေသောမင်းသားကို တွေ့လေ၏။

မင်းသားလည်း ကျောက်ကုန်သည်ကိုမြင်လျှင် စက်ရာမှထ၍ ကျွန်မကလေးကို တွေ့ကြောင်းများ ပြန်ပြောပြီးမှ အို အစ်ကိုကြီး၊ သသက်ဝိဟာ တာရာရုံတင့် စန်းငွေပွင့်သို့ အထွတ်မြင့်ခေါင် ရှုတိုင်းပြောင်သည့် ကိုယ်ရောင်ဝင်းဝင်း ရုပ်အဆင်းဖြင့် ထုံးသင်းကြည်စွာ မယ်နဘာကြောင့် တွယ်တာမရ ဉာဏ်ဒုက္ခကို တွေးဆဆည်းဖြေ လွမ်းမကြေခဲ့၊ မျှော်လေ တိုင်းသာ မှိုင်းညှိုပြာသည် မိလ္လာရောင်ပျိုး ဒေဝါမိုးလည်း မြူခိုးလျှံလျှံ ဝိုက်ခါသုံ့၍ ချစ်တုံ့မကြေ လိုက်ဆူဝေသည် တွေတွေစမ်းသို့ သက်ဆင်းတည်းဟု ဆို၍ငိုပြီးလျှင် ကျောက်ကုန်သည်ကို အိမ်သို့ပြန်လွှတ်လိုက်လေသတည်း။

ကျောက်ကုန်သည်လည်း အိမ်သို့ပြန်ရောက်လာ၍ များမကြာမီ ကျွန်မကလေး ရောက်လာပြန်သဖြင့် ဤသို့ပြောဆို၏၊ အို ဦးရီး၊ ယမန်နေ့က ဦးရီးထံမှ နန်းတော်သို့ ပြန်သွားရာ အကျွန်ုပ်တို့သခင်မသည် အစေခံအပျိုတော် နှစ်ယောက်ကို အမျက်ဒေါသထွက်၍ ရိုက်နက်ရာ မိန်းမနှစ်ယောက်သည် ကြောက်ရွံ့သဖြင့် နန်းတော်တွင်းမှ ထွက်ပြေးကြသည်၊ ၎င်းကို နန်းတော်တံခါးမှူး ဖမ်းဆီး၍ အနိုင်အထက် စစ်မေးသည်ရှိသော် အကျွန်ုပ်တို့ အကြောင်းနှင့် အလီမင်းသား၊ နဘာမင်းသမီးတို့ အကြောင်းကို အကုန်အစင်ပြန်ပြောသဖြင့် ဘုရင်မင်းမြတ် ရွှေနားတော် ကြားသိ အမျက်တော် ရှိသောကြောင့် သခင်မနဘာကို နန်းတော်ကြီးသို့ ယူဆောင်ပြီးလျှင် မိန်းမစိုး ၂၀ ခန့်ထား၍ အကျယ်ချုပ် ထားပါသောကြောင့် သခင်မနှင့် အကျွန်ုပ် ယခု မတွေ့ရ ဖြစ်ပါသည်၊ နောက်ကို တွေ့ဖို့ရာလည်း အကျွန်ုပ်အပြင် ကျွန်ယုံ မရှိသည့်အတွက် အလွန်ခဲယဉ်းပါသည်၊ ယခုအခါ ဦးရီး အဘယ်ကဲ့သို့ ကြံပါမည် နည်းဟု မေး၏။

ထိုစကားကို ကျောက်ကုန်သည်ကြားလျှင် အို ချစ်သမီး၊ သင်သည် ပသီမင်းသား အလီထံသွား၍ မိမိကိုယ်ကို ဘေးလွတ်ရန်းဖို့ရာ စီမံကြံဆောင်လေ၊ ငါ စွမ်းဆောင်နိုင် တော့မည် မဟုတ်ဟု ဆိုသောကြောင့် ကျွန်မကလေး ပြန်သွားလေ၏၊ ထို့နောက် များမကြာမီ ကျောက်ကုန်သည်လည်း မင်းသားထံသို့သွား၍ နဘာ၏ အကြောင်းအရာ အလုံးစုံကို ပြောပြ၏။

ထိုစကားကို ပသီမင်းသား အလီကြားလျှင် ဘေးဥပဒ်အန္တရာယ် ငါဝယ်ရောက်တော့ မည်တကားဟု စကားမပြန်မဆိုနိုင်ဘဲ အချင်းတို့၊ ကုလားအုတ်သုံးကောင်ကို ရွှေငွေပစ္စည်း ဖိုးထိုက်ဖိုးတန်ဟူသမျှ တင်ကုန်ကြလော့ဟု အမိန့်ပေး၏၊ ကျွန်ယုံမင်းချင်း လုလင်တို့လည်း

မင်းသားအမိန့်အတိုင်း ရွှေငွေအမြောက်အမြားကို တင်ဆောင်ကြကုန်၏၊ မင်းသားလည်း ကုလားအုတ်ပေါ်သို့ တက်ပြီးလျှင် ထွက်ပြေးလာရာ တောလမ်းသို့ညချမ်းအချိန် ဆိုက်ရောက်သဖြင့် တည်းခိုနားနေရာ ဓားပြတို့ ဝိုင်းဝန်းတိုက်ခိုက်၍ ရွှေငွေဘဏ္ဍာတို့ကို ယူပြီးလျှင် ကျေးကျွန်အားလုံးကို သတ်ဖြတ်ထွက်သွားကြလေ၏။

ထိုအခါ အသက်မသေ ကြွင်းကျန်လေသော ကျောက်ကုန်သည်နှင့် မင်းသားသည် ဆင်းရဲဒုက္ခကြီးစွာ ခြေလျင်ခရီးဖြင့် တဖြည်းဖြည်းသွားကြရာ မြို့တစ်မြို့သို့ရောက်သည်၊ တရားဟောကျောင်းကို ဝင်ပြီးလျှင် တည်းခိုနားနေကြကုန်၏၊ မင်းသားနှင့် ကျောက်ကုန်သည်မှာလည်း ခြုံလွှာထည်ချင်း၊ ခင်းအိပ်ရာမရှိ၊ အတိဒုက္ခ လူ့ဘဝတွင် တစ်ခါမျှမကြုံဖူး ထူးလှသည့်အဖြစ်ကို စိစစ်ဆွေးပို တွေးမိတိုင်းငိုယို၍ နေကြရာ လူတစ်ယောက်သည် ဝင်လာ၍ အချင်းတို့၊ သင်တို့သည် တစ်မြို့သားဖြစ်ယောင် တကားဟု ဆို၏၊ မင်းသားက အကျွန်ုပ်တို့သည် တစ်မြို့သား ခရီးသည်များဖြစ်ပါသည်၊ တောစခန်း လမ်းခရီးအကြား ဓားပြတို့ ဥစ္စာရွှေငွေများကို တိုက်ခိုက်သိမ်းယူရုံမျှမက လူအားလုံးကို သတ်ပစ်သွားကြသည်၊ ကံကြမ္မာအလျောက် ကျွန်ုပ်တို့နှစ်ယောက် ကြွင်းကျန်၍ ဤမြို့သို့ ရောက်လာရာ ကလျာမိတ်ဟောင်းမရှိ၍ တည်းခိုနေထိုင်ရန်မရ၊ ထည်လွှာစနှင့် ဤတရားဟောကျောင်းတွင် ဝင်နေရပါသည်ဟု ပြောဆို၏။

ထိုအခါ အလီမင်းသားသည် မယားကတစ်ဖက်၊ ဥစ္စာပျက်လူဆင်းရဲ အမွဲခေါင်ချင်း ဆင်းရဲခြင်းကြောင့် နလုံးတွင်းပူပန်၍ သည်းထန်သောရောဂါ ကပ်ရောက်လာသဖြင့် အို အစ်ကို၊ ယခုတစ်ကြိမ် ဇီဝိန်သက်ကြွေ ကျွန်ုပ်ဖြင့် သေလိမ့်မည်၊ သေသည်ကာလ အကျွန်ုပ် မိခင်ထံ အမြန်သွား၍ ကျွန်ုပ်အလောင်းကို လာရောက်သင်္ဂြိုဟ်ရန် ပြောကြားပါ၊ အို အစ်ကို၊ အကျွန်ုပ် ယခုအခါ မသက်သာဘဲ ရောဂါနိုပ်ကွပ်ဖိစီးလတ်ပြီ၊ မရပ်မနား တိုးပွား ဝေဒနာ တက်ရောက်လာသဖြင့် ထံတျာတေးချို့ အေးသာယာ မယ်နဘာနှင့် သဥ္စာညောင်စောင်း စက်လျောင်းတူပြိုင် ချစ်ပန်းခိုင်ကို လှမ်းကိုင်တူကွ ပန်ဆင်စက ကြားခဲ့ရသည့်အဆို လွန်အေး ချိုသည့် သီချင်းများကို လည်းကောင်း၊ ပရိယာယ်မာယာ များလှစွာဖြင့် နဘာတင်တင် ပန်းရွှေဇင်က သခင်ဘုရား ပစ်မထားပါနှင့် ဟူသော အသံများကို လည်းကောင်း အကျွန်ုပ် နား၌ ယခု တိုင်ကြားရသဖြင့် ချုန်းချလိုက်ဖို အလွမ်းပိုသည် ရှိုက်ကိုမရ ရှိလေတကားဟု ယောင်ယမ်း မြည်တမ်း ပြောဆို၍ အနိစ္စရောက်လေသတည်း။

ထိုအခါ ကျောက်ကုန်သည်သည် ငိုယိုမြည်တမ်း၍ မင်းသားမှာထားခဲ့သော စကားအလုံးစုံကို အိမ်ရှင်အား ပြောကြားကာ အလောင်းကို အပ်ထားခဲ့ပြီးလျှင် ဘက်ဂဒက်မြို့ မင်းသားမိခင်စံရာသို့ ပြန်သွားလေ၏၊ ဆိုက်ရောက်သောအခါ မိမိသားမယားအိမ်သို့ သွားကာ အမြိန်ရသာ စားသောက်ပြီးလျှင် မင်းသားမိခင် အိမ်သို့သွား၏၊ အိမ်သို့ရောက်သောအခါ အစေခံကျွန်တို့က မင်းသားအကြောင်းကို မေးမြန်းရာ ကျောက်ကုန်သည်က သင်တို့နောက်မှ သိရကြပါလိမ့်မည်၊ မင်းသားမယ်တော်ကိုသာ တွေ့လိုပါသည်၊ ဝင်ပါရစေဟု ခွင့်တောင်း၏။

ကျေးကျွန်တို့က အခွင့်ပေးသဖြင့် ဝင်၍သွားရာ မင်းသားမယ်တော်ကို တွေ့၏၊ မယ်တော်လည်း မိမိသားကိုမမြင် ကျောက်ကုန်သည် တစ်ဦးတည်း ဝင်လာသည်ကိုမြင်လျှင် ငါ့သား၌ တစ်စုံတစ်ခုသော အကြောင်းဖြစ်ပြီဟု ပူပင်သောက စိုးရိမ်ကြောင့်ကြ၍ ရုတ်တရက် နှုတ်မဆက်နိုင်ဘဲ ငေးမှိုင်လျက်နေ၏၊ ထိုအခါ ကျောက်ကုန်သည်က အို အရှင်မ၊ ကျန်းခန့် သာယာတော်မူပါ၏လောဟု ကြားလျှောက်ရာ ကျန်းခန့်သာယာကြောင်းနှင့် သားကို လွမ်းဆွတ် စိုးရိမ်ကြောင်းများ ပြန်ပြော၏၊ ကျောက်ကုန်သည်လည်း ထိုစကားကိုကြားလျှင် ငါသည် မင်းသားအလီ ယခုအနိစ္စရောက်ကြောင်းနှင့် ဤမိဖုရားကြီးအား တိုက်ရိုက် လျှောက်ကြားက ဤမိဖုရားကြီး ရုတ်တရက် သေသော်လည်း သေရာ၏၊ မသေသော်လည်း အနာရောဂါကြီးကျယ်စွာ ဖြစ်တန်ရာ၏ဟု ဆင်ခြင်အောက်မေ့လျက် အရိပ်အမြွက်စကားဖြင့် လျှောက်ကြားလေ၏။

မိဖုရားကြီးသည် အရိပ်အမြွက်စကားကိုကြားလျှင် မိမိသားသေဆုံးကြောင်းကို အကုန်အစင်သိ၍ ရင်ကိုရိုက်ခတ် မတ်ရပ်ကလဲလေ၏၊ ထို့နောက် သတိရ၍ အချင်း ကျောက်ကုန်သည်၊ ကျွန်ုပ်၏သား မသေဆုံးမီ မည်သည့်အကြောင်းကို မှာကြားပြောဆိုခဲ့သနည်းဟု မေးမြန်းသည်၊ ကျောက်ကုန်သည်က သခင်မ၊ အကျွန်ုပ် ကွယ်လွန်အနိစ္စ ရောက်သောအခါ အကျွန်ုပ်အလောင်းကို ဘက်ဂဒက်မြို့သို့ ယူဆောင် သင်္ဂြိုဟ်စေလိုကြောင်း မှာကြားခဲ့ပါသည်ဟု ပြောဆို၏။

ထိုစကားကို ကြားလျှင် မိဖုရားကြီးသည် အချင်း ကျောက်ကုန်သည်၊ ကောင်းပြီဟု ဝန်ခံလေ၏၊ ကျောက်ကုန်သည်လည်း မိမိအိမ်သို့ပြန်လာရာ ခရီးလမ်း၌ ကျွန်မကလေးကို တွေ့၍ အို ဦးရီး၊ အလီမင်းသား ကျန်းမာပါ၏လောဟု မေးမြန်းသည်၊ ကျောက်ကုန်သည်က အို သူငယ်မ၊ အလီသေဆုံးပြီဟု ဖြစ်ပျက်သမျှ အကြောင်းအရာအစုံကို အကုန်ပြန်ပြောပြလိုက်၏၊

ထိုအခါ သူငယ်မက အို ဦးရီး၊ အကျွန်ုပ်သခင်မမှာ မိမိဥ္မှုပြစ်ကြီးကျယ်စွာ ရှိသော်လည်း ဘုရင်မင်းမြတ်က အပြစ်မယူ၊ အချစ်တော်ဖြူပြီးလျှင် မဉ္ဇူမာလာ သော်ကရွှေဇီ နှင်းဆီခတ္တာ ပန်းမွှေ့ရာနှင့် ရတနာသလွန် ရွှေသဝန်တို့ဖြင့် ကောင်းမွန်စွာစီခြယ်အပ်သော ပြာသာဒ်နန်းနှင့် စံမြန်းနေထိုင်စေသည်၊ ညအခါ ဘုရင်မင်းမြတ်သည် သခင်မ မွှေလျော်ရွှင်ပျော်စေရာ လက်ယာလက်ဝဲ စစ်ကဲနာခံ ခြံရံပိုလ်ပါ ပရိသတ်များစွာနှင့် အငြိမ့်ပွဲ ဆင်ယင်ပေးတော်မူ၏။

ထိုအခါ အငြိမ့်သည်မကလေး တစ်ယောက်သည် သီချင်းသီဆိုရာ နိဒါန်းကို ဤသို့ခံကုန်၏၊ စေ့ရေစေ့ရေ တွေးဆလေသော် ဤမြေလောက လူဘဝတွင် တူမျှအချစ် ဒါလီရစ်၍ ငုံသစ်ပုလဲ ရွှေလည်ဆွဲသို့ အမြဲကြင်နာ သွားလေရာတွင် ရိပ်ခါရေးရေး မြင်လိုက်သေး၏၊ ရပ်ဝေးဌာနေ ခြားတမြေသို့ ပွားပွေဒုက္ခ အရှက်ရအောင် သက်မျှအသွင် ငယ်ကျွမ်းဝင်ကြောင့် မရွှင်မသာ ကျွန့်ဖျာပါသည် ကမ္ဘာမီးနှင့်အတူတည်း၊ ဤသို့ နိဒါန်းခံပြီးလျှင် သီဆိုလိုက်ရာ သခင်မသည် ရွှေသလွန်ပေါ်မှကျ၍ မူးဝေမိန်းမော မေ့လျော့ခြင်း အဖြစ်သို့ ရောက်လေ၏၊ ဘုရင်မင်းမြတ်လည်း ချီပွေ့ပိုက်ထူ ရွှေနာကူသော် ရွှေမဉ္ဇူပန်း နေရှိန်သမ်း သကဲ့သို့ ညှိုးနွမ်းသောမျက်နှာဖြင့် ထက်နတ်ရွာ စံတော်မူလေ၏။

ဤကဲ့သို့ ထက်နတ်ရွာ စံတော်မူသော်လည်း အရုပ်အဆင်း ရွှေလမင်းသို့ ဝင်းပအရောင် ပြောင်ထက်ပြောင်၍ မြူမှောင်မထိ ပျက်စီးခြင်းမရှိသဖြင့် သုသာန်သင်္ချိုင်းသို့ ပို့ဆောင် သင်္ဂြိုဟ်ခြင်း မပြုရက်ဘဲ ရွှေသလွန်ပေါ်တွင် ပြင်ဆင်ထားပြီးမှ ဘုရင်မင်းမြတ်က အို အမတ်တို့၊ အငြိမ့်ပွဲကို ရုပ်သိမ်းကြကုန်လော့၊ ယခု ကျွန်ုပ်နမ ထက်နတ်ရွာကြွပြီဟု ဆိုရန် ရှိသော်လည်း သူသေတို့ လက္ခဏာနှင့်မတူ၊ အမူအရာထူးခြား၊ ကွဲပြားလှသဖြင့် ကျွန်ုပ် စိတ်မကျေချမ်းနိုင်၍ သင်္ဂြိုဟ်ခြင်းကို မပြုနိုင်အောင် ရှိတော့သည်၊ သို့ဖြစ်၍ ဤနေပြည်တော်၌ ဆေးအတတ်ပညာတွင် တစ်ဖက်ကမ်းခတ် တတ်မြောက်ကျွမ်းကျင်သော သမားတော်တို့ကို ပင့်ခေါ်၍ စုံစမ်းမေးမြန်းရမည်ဟု မိန့်ဆို၏။

မှူးမတ်တို့လည်း သမားတော်တို့ကို ဆင့်ခေါ်မေးမြန်းသည်၊ သမားတော်တို့က သခင်မ၏ ရုပ်လက္ခဏာကို ကြည့်ရှုဆင်ခြင် သိမြင်ပြီးမှ မင်းကြီးအား ဤသို့လျှောက်ကုန်၏၊ ဘုန်းတော်ကြီးလှသော အရှင်မင်းမြတ်၊ ဤသခင်မသည် အသက်ဝိညာဉ် လွင့်စဉ်ခြင်း မရှိသေး၊ မိန်းမော၍နေပါသည်၊ ထိုကဲ့သို့ မိန်းမောနေသည်မှာလည်း သွေးလေဥပါဒ် ရောဂါကပ်၍ မဟုတ်ပါ၊ စင်စစ်အားဖြင့် အသည်းပြတ်မျှ ချစ်ခင်ရသောသူနှင့် ကွေကွင်းရခြင်း၊

မပေါင်းဖော် ရခြင်းကြောင့်ဖြစ်ပါသည်၊ အကယ်၍ ၎င်းစွဲလမ်းသော စိတ်အတိုင်း မပေါင်းဖော် ရလျှင် မုချသေလိမ့်မည်၊ ၎င်းနှင့်ချစ်ခင်သောသူလည်း ၎င်းကဲ့သို့မိန်းမော၍ သေငယ်ဇောနှင့် နေလိမ့်မည်ဟု တပ်အပ်သေချာလျှောက်တင်ကြကုန်၏။

ထိုစကားကို မင်းကြီးကြားလျှင် အို မှူးမတ်တို့၊ အကျွန်ုပ်၏နမနှင့် ၎င်းချစ်ခင်သူ နှစ်ဦးလုံးပင် အကြောင်းအကျိုးမဲ့ မဆုံးသင့်၊ ဤမျှလောက် စွဲလမ်းသောအာရုံ အသက်ကိုပုံ၍ အချစ်ယုံသူကို သင်တို့စုံစမ်းမေးမြန်း ရှာဖွေကြလေ၊ ၎င်းတို့အား ဘေးမဲ့ အကျွန်ုပ်ပေးသနား၍ ကြီးမားသော ရာထူးစည်းစိမ်နှင့် သူကောင်းပြုတော်မူမည်ဟု မိန့်ဆို၏၊ ထိုစကားကို မှူးမတ်တို့ကြားလျှင် ကောင်းပါပြီဝန်ခံ၍ အကျွန်ုပ်အား ဤသို့စေခန့်တော်မူပါ၊ ချစ်သမီး၊ သင့်သခင်မ ချစ်ခင်သူကို ရှာဖွေရန် သင်သာသိ၍ တတ်စွမ်းနိုင်မည်၊ သင်မှတစ်ပါး အခြားစွမ်းဆောင်နိုင်မည့်သူကို ငါတို့မမြင်၊ သို့ဖြစ်၍ သင်အမြန်သွားပြီးရှာချေ၊ သင့်သခင်မ ကဲ့သို့ မိန်းမောနေသည်ကို တွေ့လျှင် ၎င်းအတိုင်း ဆောင်ယူခဲ့လေ၊ နှစ်ပါးယှဉ်ပြိုင် ထားရမည်ဟု မိန့်တော်မူ၍ အကျွန်ုပ်လာရပါသည်၊ အို ဦးရီး၊ ဤနေပြည်တော်သို့ အလီ၏ အလောင်း မည်သည့်အခါ ရောက်မည်နည်း၊ အလီလည်း မုချသေမည်ဟု အကျွန်ုပ်မထင်၊ သခင်မကဲ့သို့ပင် ရှိလိမ့်မည် ထင်ပါသည်၊ သို့ဖြစ်၍ ဆောင်ယူလာလေသောအခါ မင်္ဂလာ စံနန်းတော်သို့ ထုတ်ချောက်ဆောင်ယူစေလိုပါသည်ဟု ဆိုလေ၏၊ ကျောက်ကုန်သည်က အို ချစ်သမီး၊ ကောင်းပြီ၊ ၎င်းအတိုင်းမှန်လျှင် အလီမယ်တော်သို့ ငါသွားရောက်ပြန်ကြားမည်ဟု ဆိုကာ ထွက်လာခဲ့ပြီးလျှင် အကြောင်းကြောင်းကို အလီမယ်တော်သို့ ပြန်ပြောင်း လျှောက် တင်လေ၏။

အလီမယ်တော်လည်း ငါ့သည်းချာသည် သေရွာသို့မသွား၊ ချစ်အားကြောင့်ခုပုံ ကြုံရလေခြင်း၊ သားသက်နင်းဟုဆို၍ အားရဝမ်းသာစွာ သားအလောင်းကို ကောင်းစွာ ယူဆောင်၍ နေပြည်တော်သို့လာပြီး သမားကျော်ဆရာတော်၊ မှူးတော်မတ်တော်တို့ စီမံချက် အရ မင်းသမီးနှင့်မင်းသား အုံးအိပ်ရာယှဉ်ပြိုင် သိပ်ထားကုန်၏၊ ထိုအခါ ချဉ်သီးနှင့် ဆားထိပါးကြသကဲ့သို့ သေငယ်ဇောနှင့် မှောနေသော်လည်း ချစ်ရန့်ဆုံ ပျံ့ပျံ့ထုံ၍ အတန်ငယ်မျှ လှုံမိသည်ရှိသော် သတိရ၍ ရုတ်တရက်ထပြီးလျှင် တစ်ဦးသည်တစ်ဦးဖက်၍ အသက်ကိုပုံ ရမ္မက်အုံဖြင့် စက်ခုံထွေကြော့ ရွှေတဖော့မှာ သေတော့မည်အတူဟု သံပြိုင် ငိုကြွေးကြကုန်၏။

ထိုအဖြစ်ကို မင်းကြီးနှင့်တကွ မှူးမတ်အရာရှိ ပရိသတ်အပေါင်းတို့ သိမြင်ကြလျှင် အံ့အားသင့်၍ သနားသဖြင့် နာရီစက္ကန့်မျှ စကားမပြောနိုင်ဘဲ ကြက်သေသေ၍ နေကုန်၏၊ ထို့နောက် မင်းကြီးသည် ၎င်းတို့၏ အချစ်ကို အံ့သြ၍ လက်ထပ်တဲနန်း ဆောက်လုပ်ပြီးလျှင် ကြီးကျယ်ခမ်းနားစွာ ထိမ်းမြားလက်ထပ်၍ နန်းတော်အတွင်း ရာထူးစည်းစိမ်နှင့်တကွ ပေးသနား၍ ထားတော်မူ၏။

အလီလည်း မိမိမယ်တော်ကို နန်းတော်အတွင်း ပင့်ဆောင်၍ ကြီးကျယ်ခမ်းနားစွာ ထားပြီးမှ ကျောက်ကုန်သည်နှင့်တကွ မိတ်ဆွေ အဘဒူဟာစံတို့ကို ပင့်ခေါ်ပြီးလျှင် ထိုက်လျောက်ရာ ရာထူးကိုပေးသနား၍ ချမ်းသာစွာ ထားတော်မူလေသတည်း။

***

## အလီဒင်အဘူရှာမက်အကြောင်း

ရှေးသရောအခါ ကိုင်ရိုမြို့၌ ရှန်အယ်ဒင် အမည်ရှိ အရပ်လေးမျက်နှာ ကျော်စောထင်ရှားသော ကုန်သည်တစ်ဦးရှိလေ၏၊ ထိုကုန်သည်သည် ဥစ္စာရွှေငွေရတနာ အမြောက်အမြား၊ ကျွဲ နွား မြင်း ဆင်အစရှိသော သက်ရှိသက်မဲ့ ပစ္စည်းတို့ မရေတွက်နိုင်အောင် ချမ်းသာကြွယ်ဝသောကြောင့် အရပ်ရပ်နေ ကုန်သည်လူအပေါင်းတို့၏ အကြီးအမှူး ဥက္ကဋ္ဌဖြစ်လေ၏၊ သို့ရာတွင် ရှန်အယ်ဒင်၌ ရွှေငွေရတနာပြည့်စုံပါသော်လည်း သားရတနာ၊ သမီးရတနာကား မပြည့်စုံ၊ အမွေဆက်ခံသူ ကင်းမဲ့နေ၏။

တစ်နေ့သ၌ ရှန်အယ်ဒင်သည် နံနက်စောစော မိမိရောင်းဝယ်ရာဆိုင်သို့ သွားသည်၊ အခြားသော ကုန်သည်ငယ်တို့၏ သားသမီးရတနာတို့သည် မိမိတို့၏ အဖဆိုင်၌ အသီးသီး နေထိုင်ကြသည်ကို မြင်လျှင် ဤကုန်သည်ငယ်တို့ကား ကြေးငွေကြွယ်ဝ ချမ်းသာခြင်း မရှိသော်လည်း သားသမီးရတနာကို အရတော်ပေစွ၊ ငါ့မှာမူကား ကြေးငွေဥစ္စာကြွယ်ဝ ချမ်းသာပါ၏၊ သို့သော်လည်း သားသမီးရတနာမရှိ၊ ဘုရားသခင်ပြုပြင် ဖန်ဆင်းရာ ခံရတော့သည်ဟု ဆင်ခြင်အောက်မေ့၍ များစွာ စိတ်နလုံး မချမ်းမသာရှိနေ၏။

ၑင်းနေ့သည် သောကြာနေ့ဖြစ်သောကြောင့် ရေမိုးချိုးပြီးလျှင် မှန်ကြေးမုံကို ကြည့်ရှုသည်၊ မိမိ၏ရူပကာယ မုတ်ဆိတ်ကြောင်ကျား တွဲလျားစုန့်စုန့် ပါးပြင်ရှုံ့၍ ကျုံ့သော ကိုယ်အရေအသားကိုမြင်လျှင် သြော် လောက၌ ပဒေသရာဇ်၊ စကြဝတေးမန္ဓာတ်၊ သူဌေး သူကြွယ်၊ သူဆင်းရဲအားလုံးတို့ပင် အဆုံးတစ်နေ့၌ သေခြင်းတရားသားလျှင် အဆုံးရှိသည်၊ မန္ဓာတ်၊ စကြဝတေး၊ သူဌေးသူကြွယ်များနှင့် သူဆင်းရဲဒွန်းစဏ္ဍားတို့ မခြားနား တူမျှကြသည် တကား၊ ဤကဲ့သို့ အဆုံးသတ်သောအခါ တူမျှကြလျှင် လောက၌ ဧကရာဇ်၊ စကြာဝတေး၊ မန္ဓာတ်ဖြစ်ရခြင်းကား အဘယ်အကျိုးရှိတော့မည်နည်း၊ မိမိတို့ စည်းစိမ်ယစ်မူး၍ မိမိတို့ စည်းစိမ်ကို အမြဲမှတ်ထင်လျက် မာန်မာနထောင်လွှားကြွားဝါခြင်း၊ သူ့ကို မညှာတာ ကြင်နာ သနား ကရုဏာတရားကင်းမဲ့၍ နှိပ်စက်ညှဉ်းပန်း၊ နှုတ်ကြမ်းလက်ကြမ်း ပြုကျင့်ပြောဆိုခြင်း၊ မဟုတ်မမှန် မုသားစကားဆိုခြင်း အစရှိသော ဒုစရိုက်များကို ပြုကျင့်လျှင် မိမိတို့ ဥစ္စာ စည်းစိမ်ကပင် မိမိတို့အား အပါယ်ငရဲသို့ ယူဆောင်သည်၊ အဘယ်မှာ စကြဝတေး၊ မန္ဓာတ်၊ သူဌေးသူကြွယ် ဖြစ်ရခြင်း၏ အကျိုးထူးဝိသေသကို ရနိုင်ပါမည်နည်း၊ သေခြင်းတရားမှာလည်း မြေကြီးကို လက်ဝါးပုတ်ခတ်လျှင်သာ လွဲနိုင်မည်၊ ငါ၏မုတ်ဆိတ်ကိုလည်း သေမင်း၏ စစ်သည်များက တပ်စွဲ၍ နားနေကြပြီတကား၊ နေ့လော ညလောမပြောနိုင်အောင် ရှိချေပြီ တကားဟု ကြီးမားသော သံဝေဂတရားဖြင့် နေအိမ်သို့ပြန်လာလေ၏။

အိမ်သို့ရောက်သောအခါ ဇနီးသည်လည်း မိန်းမတို့ပြုအပ်သော ဝတ္တရားအတိုင်း စားဖွယ်သောဇဉ် ချိုချဉ်ရသာတို့ကို တည်ကျွေးခြင်း၊ လောကဝတ်စကားဖြင့် သာယာ နာပျော်ဖွယ် ပြုံးသောမျက်နှာကိုရှေ့ထား၍ နှုတ်ခွန်းဆက်ခြင်း၊ အရိုအသေ ခစားခြင်းများကို ပြုသည်၊ သို့သော်လည်း ရှန်အယ်ဒင်သည် ရှေးကကဲ့သို့မဟုတ်၊ ညှိုးပုပ်သောမျက်နှာဖြင့် သုတေဘောဇဉ်တို့ကိုလည်းမသုံး၊ နှုတ်တုံ့လည်းမပြန်၊ ပုံဟန်ကွဲလွဲ၍ မျက်နှာကိုနောက်သို့ လှည့်ကာနေလေ၏။

ထိုအမူအရာကို ဇနီးသည်မြင်လေလျှင် အို ရှန်အယ်ဒင်၊ သင်သည် ရှေးကနှင့်မတူ၊ စိတ်နလုံးမချမ်းသာယောင်တကား၊ အကြောင်းအသို့နည်း၊ အကျွန်ုပ်ဝတ္တရား ချွတ်ယွင်း၍ပင် ဖြစ်လေသလော၊ သို့တည်းမဟုတ် အခြားတစ်ပါး ယောက်ျားများနှင့် ယုံမှားသင်္ကာမကင်း ရှိလေသလောဟု မေးမြန်း၏၊ ထိုစကားကို ရှန်အယ်ဒင်ကြားလျှင် အို အိမ်ကြီးရှင်၊ ငါ့၌ ပစ္စည်းဥစ္စာ ရွှေငွေရတနာတို့ကား သူမယှဉ်နိုင်အောင် ကြွယ်ဝချမ်းသာပါ၏၊ အမွေခံ

သားရတနာ သမီးရတနာကား တစ်စုံတစ်ယောက်မျှ မရှိ၊ ငါ၏ လက်အောက်ဖြစ်သော ကုန်သည်ငယ်တို့မှာကား ဉစ္စာရွှေငွေနှင့် မပြည့်စုံ၊ သို့သော်လည်း သားရတနာ သမီးရတနာနှင့် ပြည့်စုံကြ၍ မိမိတို့ဆိုင်၌ သားငယ် သမီးငယ်အသီးသီး ထိုင်နေကြသည်ကိုမြင်လျှင် ငါ အလွန်ဝမ်းနည်းမိ၏၊ ငါလည်း မုတ်ဆိတ်ကြောင်ကျား သေဝပါနီး သက်ရွယ်ကြီးပြီ၊ သားသမီး မရ ဤဒုက္ခကို နောင်တပူပန်၍ စိတ်နလုံးမချမ်းမသာ ရှိရလေတော့သည်ဟု ပြောဆို၏။

ဇနီးသည်က အို ရှန်အယ်ဒင်၊ ဤအကြောင်းကြောင့်ဖြင့် စိတ်ပူပန်မှုမရှိသင့်၊ သင် ကုသိုလ်မြဲ့သောကြောင့် သားမရှိခြင်း ဖြစ်လေသည်၊ သူတစ်ပါးနှင့် နှိုင်းစာခြင်းကို မပြုဘဲ ချမ်းသာစွာနေလေလောဟု ပြန်ပြော၏။

ရှန်အယ်ဒင်ကလည်း ဟယ် မိန်းမ၊ ငါ့ကုသိုလ်မမြဲ့၊ သင့်ကုသိုလ်မြဲ့သောကြောင့်သာ ဖြစ်သည်ဟု တစ်ဦးကိုတစ်ဦး အပြစ်တင်၍ နေ့ရက်ရှည်သမျှ သားရဖို့အရေး ပြောဆိုနေကြ လေ၏။

ထို့နောက် များမကြာမီ ရှန်အယ်ဒင်၏ဇနီး၌ ပဋိသန္ဓေကိုယ်ဝန်ရှိ၍ လရက်စေ့သော အခါ အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသောသားသူငယ်ကို ဖွားမြင်၏၊ လင်မယားနှစ်ဦးလုံး တပြုံးပြုံးဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိကြပြီးလျှင် လူလာတိုင်း သားကိုပြ၍ အို မိတ်ဆွေတို့၊ ဤသတို့သားကို ငါတို့ ငယ်ကမရ၊ ကြီးမှ ရသည်၊ သားလှတန်ဖိုး အမျိုးမှန် ရွှေရုပ်ဟု ဂုဏ်လုပ်၍ ပြောလိုသဖြင့် အရပ်သားများကို ပင့်ဖိတ်သည်၊ သားအတွက်ဟု ဆိုပြီးလျှင် အင်္ကျီ၊ ပုဆိုး တစ်မျိုးထဘီ အစရှိသော ထည်မျိုး အုပ်မျိုး ကြေးငွေများကိုလည်း စွန့်ကြဲပေးကမ်း လှူဒါန်းလေ၏၊ ရှန်အယ်ဒင်က အို သားလှမိခင်၊ သင့်သားကို သင်ပင် အမည်နာမ မှည့်လောဟုဆိုရာ မယားက အို ချစ်လင်၊ သားယောကျ်ားဖြစ်၍ သင်ပင် အမည်နာမကို ပေးပါဟု ပြန်ပြောသည်၊ သို့ဖြင့် ဖခင်က အလီဒင်အဘူရှာမက်ဟူသော အမည်နာမကို မှည့်ခေါ်စေလေသတည်း။

မိဘနှစ်ပါးတို့လည်း တစ်ယောက်တည်းသောသားကို ချစ်မဝနိုင်သဖြင့် ဘုရင်မင်းမြတ် တို့၏ သားတော် သမီးတော်တို့နည်း အချီအထိန်း၊ နို့ထိန်းအလုပ်အကျွေးဖြင့် တစ်ယောက် မကောင်းလျှင် တစ်ယောက်ပိုက်ထွေး မွေးမြူခြင်းကို ပြုသဖြင့် ချမ်းသာစွာကြီးလာ၍ ခုနစ်နှစ်အရွယ်သို့ ရောက်လေသတည်း၊ သို့ရာတွင် ရှန်အယ်ဒင်၏ အယူမှာ လောက၌ မြင်ပါများလေ ငယ်လေဟူသော စကားကဲ့သို့ မျက်စိဖြင့် မြင်ရဖန်များသည် ရှိသော်

မျက်စိတန်ခိုးကြောင့် အိုလွယ်၊ နာလွယ်၊ သေလွတ်တတ်သည်၊ မျက်စိမမြင်ရဘဲ အမှတ်မဲ့နေမှ သက်သာ၍ အိုနာသေခြင်းအဖြစ်မှ အနည်းငယ်ငြိမ်းရာသည်၊ သို့ဖြစ်၍ ငါ၏သားငယ်ကိုလည်း မျက်စိ၏တန်ခိုးမှ ကာကွယ်တားဆီး ထားသင့်သည်ဟု အယူရှိသည်၊ မိမိအိမ်လှေကား တံခါးအောက်၌ အခန်းငယ်တစ်ခုလုပ်၍ အို ချစ်သား၊ ဤအခန်းငယ်တွင် ယောကျ်ား တစ်ယောက်နှင့် ကျွန်မိန်းမတစ်ယောက်ကို ခိုင်းစေ၍ အတတ်ပညာ စာပေကျမ်းဂန် သင်ကြားရန် စာသင်ဆရာ တစ်ယောက်ကို လာစေပြီးလျှင် စာပေကျမ်းဂန် သင်ကြား၍ ချစ်သား နေထိုင်လေလော့၊ သင် ချစ်သားအား မျက်စိ၏ တန်ခိုးကို ကာကွယ်ပိတ်ပင် ထားသည်ဖြစ်၍ ဤအခန်းငယ်မှပြင်ဘက်သို့ မှတ်ဆိတ်ပေါက်မှ ထွက်ရမည်ဟုဆို၍ နေရာချ ထားလေ၏။

တစ်နေ့သ၌ အစေခံယောကျ်ားသည် သူငယ်အား စားဖွယ်ဘောဇဉ် ချိုချဉ်ရသာတို့ကို ကျွေး၍ အခန်းတံခါးကို ဖွင့်လှစ်ပြီးလျှင် မပိတ်ဘဲ အခြားတစ်ပါးသို့ ထွက်သွားလေ၏၊ ထိုအခါ သူငယ်သည် အခန်းငယ်မှထွက်လာကာ မိမိ၏မိခင်နှင့် အခြားမိန်းမများ စကားပြောဆိုနေသော အရပ်ဌာနသို့သွားသည်၊ မိန်းမအားလုံးတို့ပင် ထိတ်လန့်၍ မျက်နှာကို ဖုံးအုပ်ကြလေ၏၊ ထိုအခါ မိခင်သူဌေးမက အို ညော့်သည်တို့၊ ဤသူငယ်ကား အခြားသူမဟုတ်၊ အကျွန်ုပ် သားတည်း၊ မျက်စိမြင်ရဖန်များလျှင် မျက်စိ၏ တန်ခိုးကြောင့် အိုလွယ်၊ နာလွယ်၊ သေလွယ်မည်ကို စိုးရိမ်ကြောင့်ကြလျက် မျက်စိ၏ တန်ခိုးကို ကာကွယ်ရန် ဤအခန်းတွင် ထားသည်ဟု ပြောပြသည်၊ ညော့်သည်မိန်းမတို့ ဝမ်းမြောက်ဝမ်းသာရှိကြလေ၏၊ သူဌေးသား သူငယ်လည်း အိမ်ရှေ့သို့ထွက်၍ ထိုင်နေရာ ကျေးကျွန်အစေခံတို့က တိရစ္ဆာန် လား တစ်ကောင်ကို ဆွဲခေါ်လာသည်ကိုမြင်လျှင် အချင်းတို့၊ ဤအကောင်ကား မည်သည့် အကောင်နည်းဟု မေး၏၊ အစေခံတို့က အရှင့်သား၊ အရှင့်သခင်ဈေးဆိုင်သို့ စီးနင်းသွားသော တိရစ္ဆာန် လားတည်းဟု ပြောဆို၏၊ သူဌေးသားသူငယ်က အချင်းတို့၊ ငါ့သခင်ဈေး၌ မည်သည့် ကုန်စည်ဝတ္ထုကို ကူးသန်းရောင်းဝယ်သနည်းဟု မေးသည်၊ အစေခံတို့က အို အရှင့်သား၊ အရှင့်ဖခင်သည် သာမည်ကုန်သည်မဟုတ်၊ ကုန်သည်ကြီးငယ်အပေါင်းတို့၏ အထွတ်အထိပ် သူဌေးကြီးတည်း၊ ပစ္စည်းဥစ္စာအမြောက်အမြား ကြွယ်ဝချမ်းသာပါသည်ဟု ပြောဆိုကြ၏။

အလီဒင်အဘူရှာမက်သည် မိမိ၏ မိခင်အနီးသို့ ချဉ်းကပ်၍ အို မိခင်၊ အကျွန်ုပ် ဖခင်သည် မည်သည့်ကုန်စည်များကို ကူးသန်းရောင်းဝယ်၍ ရွှေငွေ ဥစ္စာမည်မျှ ကြွယ်ဝ

ချမ်းသာပါသနည်းဟု မေး၏၊ မိခင်က ချစ်သားအလီဒင်၊ သင်၏အဖသည် ကုန်သည်ကြီးငယ် အပေါင်းတို့၏ အထွတ်အထိပ်လည်းဖြစ်၏၊ ဥစ္စာရွှေငွေရတနာမှာလည်း သိန်းသန်းကုဋေ မရေတွက်နိုင်အောင်ရှိ၏၊ သို့ဖြစ်၍ အလီဒင် သင့်ဖခင် ယခုရောင်းချနေသောဆိုင်၌ ရွှေဒဂါး အဖိုးတစ်ထောင် ထိုက်တန်သော ကုန်စည်ဝတ္ထုအောက် ယုတ်လျော့သော ကုန်စည်ဝတ္ထု မရှိပြီဟု ပြောပြ၏။

ထိုစကားကို အလီဒင်ကြားလျှင် အို မိခင်၊ ဤမျှလောက် ဥစ္စာကြေးငွေ ကြွယ်ဝ ချမ်းသာသော သူဌေးကြီးဖြစ်ပါလျက် အကျွန်ုပ်အား ကိုယ်စိတ်နှစ်ပါး ဆင်းရဲကြောင်း ကျဉ်းမြောင်းလှစွာ ဤအခန်းငယ်ထဲတွင် အဘယ်ကြောင့် ထားပါသနည်းဟု မေးသည်၊ မိခင်က ချစ်သား၊ မျက်စိ၏တန်ခိုးကြောင့် ကြည့်ရဖန်များလျှင် အိုလွယ်၊ နာလွယ်၊ သေလွယ်သည်ဟု ပြန်ပြောပြသည်၊ အလီက အို မိခင်၊ မျက်စိနှင့် ကြည့်ရှုသည်ဖြစ်စေ၊ မကြည့်ရှုသည်ဖြစ်စေ နေရာတိုက်ခန်း ဥမင်လိုဏ်ခေါင်း၌ ပုန်းအောင်း၍ နေသော်လည်း လောက၌ သေမင်း၏ဘေးမှ မည်သည့်သတ္တဝါ လွတ်နိုင်မည်နည်း၊ အချိန်ကျ၍ နောက်ဆုံး တစ်ရက် ရောက်သောအခါ မုချသေမင်းခေါ်ရာ လိုက်ပါကြရမည်၊ အကျွန်ုပ်ဖခင် သူဌေးကြီးလည်း နောက်ဆုံးအချိန် နေ့ရက်၌ မုချသေမင်းခေါ်ရာ လိုက်ပါရမည်၊ ဤကဲ့သို့ အမြဲတည်နေနိုင်မည်မဟုတ်၊ ထိုအခါ လူမမြင်ရအောင် ပုန်းကွယ်နေရသော အကျွန်ုပ်သည် အကျွန်ုပ်ဖခင်၏ အမွေပစ္စည်းရပ်များကို ဆက်ခံသောအခါ မင်းစိုးအရာရှိတို့က ရှန်အယ်ဒင်၏ သားမဟုတ်၊ သင် မည်သည့်အနွယ်တည်း၊ မည်သည့်အမျိုးနည်း၊ သင်သည် အမွေပစ္စည်း ရပ်များမှ ဆုံးရှုံးရခြင်း အကျိုးကျေးဇူးအလို့ငှာ ဤအခန်းငယ်၌ အောင်းနေရလေသည် တကားဟု၊ သို့ဖြစ်၍ အို မိခင်၊ ဤမျှလောက် မားယွင်းသော အယူကိုပယ်ဖျောက်၍ ဖခင်နှင့်နေ့စဉ် ဈေးဆိုင်သို့ အကျွန်ုပ်အတူတကွ လိုက်ပြီးလျှင် ကုန်စည်ကူးသန်း ရောင်းဝယ်ရေး၌ လိမ္မာစေရန် ရောင်းဝယ်မှုကို ပြုလုပ်လိုသည်ဟု ပြောဆိုသည်။

မိခင်က အို ချစ်သား သင့်စကားသည် အလွန်ဟုတ်မှန်လှပေ၏၊ မိခင် ဝမ်းမြောက် ဝမ်းသာ ရှိပါ၏၊ သို့ရာတွင် သင့်ဖခင်ကို ချေငံသာယာစွာ အကြောင်းအကျိုးပြ၍ ပြောဆို ရဦးမည်ဟု ပြန်ပြောသည်။

ထိုအခါ သူဌေးကြီးလည်း ဆိုင်မှ ရုတ်တရက်ပြန်လာ၍ ပြင်ဘက်၌ မိခင်နှင့် စကားပြော ဆိုနေသော သားကိုမြင်လျှင် အံ့သြ၍ အို ချစ်သား၊ အဘယ်ကြောင့် ပြင်ဘက်သို့

ထွက်လာသနည်းဟု မေး၏၊ အလီဒင်ကလည်း အကြောင်းအကျိုးကို မိခင်အား ပြောသကဲ့သို့ ပြန်ပြောသည်၊ သူဌေးကြီးလည်း စျေးဆိုင်သို့ အတူတကွလိုက်၍ ကုန်စည်ရောင်းဝယ်မှုကို ပြုလုပ်ရန် သဘောတူလေ၏။

ထို့နောက် သတို့သားကို နံ့သာရေအေးဖြင့်ချိုး၍ ဝတ်ကောင်းတန်ဆာ ဆင်ယင်ပြီးလျှင် စျေးဆိုင်သို့ လားတိရစ္ဆာန်နှင့် တင်ဆောင်ခေါ်သွားလေ၏၊ ရှေးအထက်ကျော်ကာလ၌ သူဌေးကြီး စျေးဆိုင်သို့ ရောက်လာတိုင်း ရောက်လာတိုင်း စျေးအကြီး အမှူးသည် လည်းကောင်း၊ ကုန်သည်ကြီးငယ် အပေါင်းတို့သည် လည်းကောင်း စျေးဆိုင်သို့လာ၍ သူဌေးကြီးအား ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်လက်ပြောဆိုပြီးမှ မိမိတို့နေရာသို့ ပြန်သွားကြမြဲ ဖြစ်ကုန်၏၊ ယနေ့မူ၌ သားသူငယ် အလီဒင် ပါလာသောကြောင့် စျေးအကြီး အမှူးနှင့် ကုန်သည်အပေါင်းတို့ မည်သူမျှ သူဌေးကြီးထံသို့မလာဘဲ ရှိနေကြကုန်၏။

ထိုအခါ သူဌေးကြီးက စျေးအကြီးအမှူးနှင့်တကွ ကုန်သည်အပေါင်းတို့ကို ခေါ်ပြီးလျှင် အချင်းတို့၊ အကျွန်ုပ် ရှေးအထက်ကျော်ကာလ နေ့ရက်များ၌ စျေဆိုင်သို့ ကျွန်ုပ် ရောက်လာ တိုင်း သင်တို့ အကျွန်ုပ်ထံလာ၍ အကြောင်းအကျိုးနှင့် စပ်သောစကားများကို ပြောဆိုပြီးမှ မိမိတို့နေရာသို့ ပြန်လည်သွားကြမြဲဖြစ်သည်၊ ယနေ့ကား တစ်စုံတစ်ယောက်မျှ ကျွန်ုပ်ထံသို့ မလာမရောက်ကြသည်မှာ အကြောင်းထူးယောင်တကားဟု ဆို၏။

ထိုစကားကို ကုန်သည်တို့ကြားလျှင် အို အရှင်သူဌေး၊ ယနေ့ အရှင်သူဌေးထံ မလာ မရောက်ကြသည်မှာ ဤလုလင်ကား အချို့က အရှင်သူဌေးသားဖြစ်သည်၊ အချို့က မွေးစားသား ဖြစ်သည်ဟု အထူးထူး အထွေထွေ တစ်ယောက်တစ်မျိုးစီ ပြောဆို၍ အငြင်းအခုံ ဖြစ်နေကြပါသည်၊ သို့ဖြစ်၍ အရှင်သူဌေးဆီ မလာဘဲ နေကြပါသည်ဟု ပြန်ပြောကြသည်၊ ထိုစကားကို သူဌေးကြားလျှင် အချင်းတို့၊ မငြင်းခုံကြလင့်၊ ငါ့သားအရင်းပင်တည်း၊ အကျွန်ုပ်သည် ဤသူငယ်မွေးဖွား၍ အတန်ငယ်မျှကြီးလျှင် မျက်စိတို့ဖြင့် မြင်ရဖန်များလေ ငယ်လေဟူသော စကားကဲ့သို့ မျက်စိမြင်ရသည်ရှိသော် မျက်စိ၏ တန်ခိုးကြောင့် လူတို့သည် အိုနာသေရေး ဘေးဖြစ်လွယ်တတ်သည်ဟု အကျွန်ုပ်အယူရှိသည်၊ ဤသူငယ်ကို လုံခြုံသော အခန်းထဲတွင် စာသင်ဆရာ အစေခံကျွန်မိန်းမ ကျွန်ယောက်ျားအစုံနှင့်ထားရာ ယခုနေ့ သတို့သားက အခန်းထဲမှ ထွက်လာပြီးလျှင် အို ဖခင်၊ ဖခင်သည် အသက်နှင့်ကိုယ်မြဲ၍ အတည် နေရမည်မဟုတ်၊ အတည်မနေရဘဲ သေမင်းနောက်သို့ လိုက်ရသောအခါ ဖခင်၏

အမွေပစ္စည်းများကို အကျွန်ုပ်ဆက်ခံမည် ရှိသော် မင်းစိုးအရာရှိတို့က သင်ကား သူဌေးကြီး သားမဟုတ်၊ ပိတ်ပင်ပါလိမ့်မည်၊ ထိုအခါ အကျွန်ုပ်အခန်းထဲ၌ အောင်းနေရခြင်းကား တစ်စုံ တစ်ရာ ကျေးဇူးကိုမရခြင်း၊ မိဘပိုင်ဖြစ်သော အမွေပစ္စည်းများမှ ဆုံးရှုံးရခြင်း ကျေးဇူးကိုသာ ရမည်ဖြစ်သောကြောင့် ယနေ့ ဖခင်နှင့်အတူ ဈေးဆိုင်သို့လိုက်၍ ဈေးရောင်းပါရစေဟု တောင်းပန်သောကြောင့် သတို့သားစကား ဟုတ်မှန်သည်ထင်၍ အကျွန်ုပ်ခေါ်လာသည်ဟု ပြန်ပြောပြသည်။

ထိုစကားကို ကုန်သည်အပေါင်းတို့ကြားလျှင် အံ့သြ၍ အို သူဌေးကြီး၊ ဤမျှလောက် ဉာဏ်ပညာအရည်အချင်း အဆင်းသဏ္ဍာန်နှင့် ပြည့်စုံသည့် သားကောင်းရတနာကို လူအများ ကြားသိရန် ဖိတ်မန်ပင့်ခေါ်ပြီးလျှင် သုဓာဘောဇဉ် ချိုချဉ်တည်ကျွေး အဝတ်အထည်ပေး၍ ရှေးရှေးသောလူဟောင်းတို့ နည်းထုံးကိုအဘယ့်ကြောင့် သင်မပြုပါသနည်းဟု မေးကြသည်၊ သူဌေးကြီးက အချင်းတို့၊ ငါ မှားပြီ၊ နက်ဖြန် သင်တို့ အလိုရှိသည့်အတိုင်း ရသာဘောဇဉ် ချိုချဉ်တည်ကျွေး ပေးကမ်းစွန့်ကြဲခြင်းမင်္ဂလာကို ငါဆောင်ရွက်မည်ဟု ကတိခံလေ၏။

နံနက်မိုးသောက် ရောက်လတ်သောအခါ သူဌေးကြီးသည် ဈေး၌ ငါးအမဲ၊ အဖျော်ယမကာ၊ ရသာဘောဇဉ်၊ ချိုချဉ်တို့ကို ဝယ်ခြမ်းစေ၍ လုပ်ကိုင်ရန် လူအမြောက်အများ တို့ကို ဥယျာဉ်သို့ စေလွှတ်လိုက်ပြီးမှ မြို့နေ ဂုဏ်သရေရှိ လူကြီးလူကောင်းများနှင့် လုလင်ပျို သတို့သားအလုံးတို့ ကြွလာကြရန် ဖိတ်စာပေးပို့၏၊ ထို့နောက် အတော်ကြာလျှင် သူဌေးကြီး လည်း မိမိသားအလီနှင့်အတူ ရထားစီးလျက် ဥယျာဉ်သို့ထွက်သွားကာ ဤသို့ပြော၏၊ အို ချစ်သားအလီဒင်၊ ဖခင်နှင့် သက်တူရွယ်တူ ဖြစ်စေ၊ သက်ကြီးရွယ်ကြီး ဖြစ်စေ လာလာ သမျှသော ပရိသတ်တို့အား ပျူငှာလောကဝတ်ကို ဖခင်ပြုမည်၊ သင်နှင့်သက်တူရွယ်တူ လုလင်ပျို သတို့သားအပေါင်းတို့ကို သင်က ပျူငှာလောကဝတ်ကိုပြုလေဟု မှာထားသည်၊ အလီဒင်လည်း ကောင်းပါပြီဟု ဝန်ခံ၏။

ထိုအခါ လာလာသမျှသော ပရိသတ်တို့အား ဤနည်းအတိုင်း ပြုလုပ်၍ ထည်မျိုး အုပ်မျိုးတို့ကို အထိုက်အလျောက် ပေးကမ်းပြီးလျှင် ထမင်းဘောဇဉ်တို့ကို တည်ကျွေး၏၊ အလီဒင်လည်း လုလင်ပျိုတစ်စုနှင့်အတူ နေထိုင်၍ ထမင်းဘောဇဉ်တို့ကို စားသောက်၏၊ ထိုအခါ လုလင်ပျိုတစ်ယောက်က အို မိတ်ဆွေ၊ သင်၏ အခြေအနေသည် ရှေးကထက် တိုးတက်ယောင်တကား၊ သင်သည် မည်သည့် ကုန်စည်ဝတ္ထုကို မည်သို့ ကူးသန်းရောင်းဝယ်၍

ဤအခြေအနေသို့ ရောက်သနည်းဟု မေးသည်၊ လုလင်ပျိုတစ်ယောက်က အို မိတ်ဆွေ၊ အကျွန်ုပ်၌ မိဘတို့ ဥစ္စာပစ္စည်းပါးရှား၍ ရင်းနှီးရန်ကြေးငွေများ စိုက်ထုတ်မပေးနိုင်သည့် အတွက် သူတစ်ပါးထံမှ ရွှေဒင်္ဂါးတစ်ထောင် ချေးငှားပြီးလျှင် ဆီးရီးယားမြို့သို့ သွားရောက်၍ ကူးသန်းရောင်းဝယ်မှုကို အကြိမ်ကြိမ်ပြုလုပ်သည်၊ အမြတ်အစွန်းကြေးငွေပေါ်လာ၍ ဤ အခြေအနေသို့ ရောက်သည်ဟု ပြောဆို၏။

အချို့သော လုလင်ပျိုတို့ကလည်း မိမိတို့အကျွမ်းဝင်ရာ အချင်းချင်း ဤကဲ့သို့သာ ပြောဆိုကြရာ တစ်ဦးသော လုလင်ပျိုက အို မိတ်ဆွေတို့၊ သင်တို့ ငါတို့သည်ကား ကိုယ်ကျိုးစီးပွား အလို့ငှာ ဤကဲ့သို့ ကျွမ်းကျင်လိမ္မာအောင် တစ်မြို့တစ်ရွာသို့ သွားလာကြရ၏၊ သူဌေးသား အလီဒင်မှာမူကား အမိဝမ်းတွင်းမှ မွေးဖွားသည့်နေ့ကစ၍ အခန်းငယ် တစ်ခုတွင် ပုန်းအောင်နေထိုင်ရာ ယခုလေးငါးရက်လောက်မှ ဤဈေးထဲသို့ အနိုင်နိုင် ရောက်ဖူးလေသည်ဟု ပြောဆိုသည်၊ တစ်စုံတစ်ယောက်သော လုလင်ပျိုက အို မိတ်ဆွေတို့၊ အလီဒင်မှာကား ရေ၌နေသော တိရစ္ဆာန်ငါးနှင့်တူ၏၊ အဘယ်ကဲ့သို့ တူသနည်းဟူကြားအံ့ ရေ၌ကျက်စားသော တိရစ္ဆာန်ငါးသည် ရေ၌သာနေနိုင်သည်၊ ကြည်းကုန်းသို့ ရောက်သော် အသက်သေမည်၊ ထိုနည်းတူ အလီဒင်မှာလည်း အိပ်ခန်းငယ်တစ်ခု၌သာ နေနိုင်သည်၊ အခြားမြို့ရွာ အရပ်ဒေသသို့ ရောက်သော် အသက်သေမည်ဖြစ်ရာ မရောက်နိုင်ဟုဆို၏။

ထိုစကားကို အလီဒင်ကြားလျှင် ရှက်သဖြင့် အမျက်ဒေါသ ပြင်းထန်စွာထွက်လျက် ရုတ်တရက် မိမိမြင်းပေါ်သို့ တက်စီးပြီးလျှင် ငိုယို၍အိမ်သို့ ပြန်လာလေသတည်း။

အိမ်သို့ရောက်သောအခါ အလီဒင်၏ အမူအရာကို မိခင်မြင်လျှင် ရုတ်တရက်ထ၍ ချစ်သား အဘယ့်ကြောင့် ငိုယိုလျက် အိမ်သို့ပြန်လာသနည်း၊ အကြောင်းအသို့နည်း၊ သင့်အား မည်သူ ဆဲဆိုမြည်တမ်း၍ ငိုယိုရသနည်းဟု မေး၏၊ ထိုအခါ အလီဒင်က အို မိခင်၊ အခြားလုလင်ပျိုတို့က လူတို့နည်းလမ်းအရ တစ်မြို့တစ်ရွာသို့ထွက်ပြီးလျှင် ကုန်စည်ကူးသန်း ရောင်းဝယ်မှု ကို မိမိတို့ကိုယ်တိုင် ပြုကြသည်၊ အလီဒင်မှာကား ထိုကဲ့သို့မဟုတ်၊ အိမ်ငယ် တစ်ခု၌ ကျဉ်းမြောင်းစွာ နေထိုင်ရသည်ဟု အကျွန်ုပ်ကို ဝိုင်းဖွဲ့၍ ကဲ့ရဲ့ပြစ်တင်ကြသည်၊ အကျွန်ုပ်ရှက်သောကြောင့် ငိုယိုပြန်လာပါသည်၊ အို မိခင်၊ အကျွန်ုပ် ၎င်းလုလင်ပျိုတို့အား ရှက်နိုးလှ၍ ဘက်ဂဒက်မြို့သို့ သွားပြီးလျှင် ကုန်စည်ကူးသန်း ရောင်းဝယ်လိုပါသည်ဟု ပြောဆိုလေ၏၊ ထိုစကားကို မိခင်ကြားလျှင် အို ချစ်သား၊ အခြားလုလင်ပျိုတို့မှာ မိဘတို့

ဆင်းရဲနွမ်းပါး၍ မနေသာသဖြင့် ရပ်ဝေးမြေတာ သွားလာကူးသန်းရောင်းဝယ်ကြရသည်၊ ရပ်ဝေးမြေတာ သွားလာရခြင်းကား အလွန်ဘေးဥပဒ်များလှ၍ မသွားစေချင်၊ မောင့်ဖခင်၌ ရှိသော ပစ္စည်းမှာ မောင်အသက်ထက်ဆုံး သုံးစွဲ၍ မကုန်နိုင်ဟု ရှင်းပြသည်။

ထိုအခါ အလီဒင်က အို မိခင်၊ မိဘတို့၌ ဥစ္စာပစ္စည်းကြွယ်ဝချမ်းသာသော်လည်း မိမိအထင်အမြင် ဉာဏ်ပညာလိမ္မာရေးခြားခြင်းမရှိက မိဘတို့ကွယ်လွန်သော် အမွေအနှစ်ကို ရသော်လည်း ထိုဥစ္စာကို မြဲအောင်မစောင့်ရှောက်နိုင်၊ သို့ဖြစ်၍ အကျွန်ုပ်မှာလည်း ဥစ္စာ ရှာဖွေရေး၌ ကျွမ်းကျင်လိမ္မာစေခြင်းငှာ သွားလိုပါသည်ဟု ဆိုပြန်၏။

ဤစကားကို မိခင်ကြားလျှင် ကောင်းပြီအလီဒင်၊ ဤအကြောင်းကို သင့်ဖခင်အား ပြောကြားဦးမည်၊ သင့်ဖခင်အလိုတူ၍ ကုန်စည်ဝတ္ထုငွေကြေးကို ထုတ်ပေးလျှင်ပေးစေ၊ မပေးလျှင် မိမိ၌ရှိသော ပစ္စည်းကိုပင် အမြောက်အမြား ထုတ်ပေးမည်ဟု ကုန်စည်ရိက္ခာများကို ကျေးကျွန်တို့အား ထုပ်ပိုးထားစေ၏။

ဥယျာဉ်၌ ညှော့သည်ပရိသတ်တို့အား ညှော့ခံတည်ကျွေးနေသော အဖသူဌေးကြီးလည်း ပရိသတ်အလယ်၌ သားကို မမြင်သောကြောင့် အစေခံတို့အား မေးမြန်းရာ အစေခံတို့က အိမ်သို့ ပြန်သွားကြောင်းကို ပြောဆိုကြသည်၊ ဖခင်သည် ရှတ်တရက် မြင်းကိုစီးပြီးလျှင် အိမ်သို့ ပြန်လာရာ အထုပ်အပိုးကို မြင်သောကြောင့် ဤသို့မေး၏၊ အို အိမ်ရှင်မ၊ အထုပ်အပိုးတို့ကား မည်သူ၏ အထုပ်အပိုးများနည်း၊ အကြောင်းအသို့နည်း၊ သူဌေးမက သားအလီ၏ အကြောင်းကို အကုန်အစင် ပြန်ပြော၏၊ သူဌေးကြီးလည်း ဥစ္စာပစ္စည်းအလို့ငှာ တစ်မြို့တစ်ရွာသွား၍ ကူးသန်းရောင်းဝယ်ခြင်းကား ဘေးဥပဒ်အလွန်များကြောင်း၊ ဆင်းရဲ ပင်ပန်းကြောင်း၊ ဥစ္စာကြောင့် သင်၌ စိုးရိမ်ဖွယ် မရှိကြောင်းများ ပြောကာ အကြိမ်ကြိမ် တားမြစ်သည်၊ တားမြစ်၍ မနိုင်သောကြောင့် တစ်ထုပ်လျှင် ရွှေဒင်္ဂါး တစ်ထောင် ထိုက်တန် သော အထုပ်ပေါင်း ၄၀ ကို ပေးလေ၏။

မိခင်ကလည်း ထိုနည်းတူ အဖိုးထိုက်တန်သော အထုပ်ရေ ၁၀ ကို ပေးပြီးမှ ဇနီး၊ ခင်ပွန်း နှစ်ယောက်တို့သည် သား၏လည်ကိုဖက်၍ ဤသို့မှာ၏၊ ချစ်သား၊ သင်သည် ဖခင်တို့ စကားကို နားမထောင်၊ ဥစ္စာရမွက် တပ်နှစ်သက်၍ အိမ်မှထွက်ပြီးလျှင် တစ်မြို့တစ်ရွာသို့ ယခုသွားရတော့မည်၊ ဤမြို့က သွားသည်ရှိသော် ခရီးတစ်ယူဇနာ ကွာသောအရပ်သို့ ရောက်မည်၊ ထိုအရပ်သည် ခြသေ့်တို့ပျော်ရာ ဟိမဝါနယ်စပ်ဖြစ်သည်၊ ထိုအရပ်ကို ခြသေ့်

တောဟု ခေါ်ဝေါ်ကြ၏၊ ထိုဌာနကို ဝီရိယမယုတ် ရဲစွမ်းထုတ်၍ ခပ်သုတ်သုတ် လှမ်းသွားသောအခါ နှစ်တိုင်ခန့်ဌာန၌ စိမ်းမြညိုရောင် ပြာပြာမှောင်သည့် တောင်သို့ ရောက်လိမ့်မည်၊ ထိုတောင်သည် ဝံပုလွေခွေးတို့ ပျော်ရေးဌာနဖြစ်၍ ခွေးတောင်ဟု သမုတ်ကြ၏၊ ထိုခွေးတောင်ကိုလည်း လမ်းမြှောင်အကြား သတိထား၍ ခပ်သုတ်သုတ် သွားလေသော် ဤနှစ်ဌာနကို လွန်မြောက်မှ သောကမပွား ခပ်ဖြည်းဖြည်းသွားပြီးလျှင် သူတစ်ပါးရပ်ရွာ၌ ရောင်းကာဝယ်မှုကို စေ့ငုလိမ္မာစွာပြုလေလောဟုဆို၍ သားကို ရင်ခွင်ထက် ပွေ့ဖက်နမ်းရှုပ်လေသတည်း။

ထိုအခါ အလီဒင်လည်း မြို့ဈေး၌ ဝန်တင်လားတိရစ္ဆာန်များကို ဝယ်ယူရန် မြင်းစီးနင်း၍ သားအဖ ဈေးသို့သွားကြ၏၊ ဈေးသို့ရောက်သောအခါ တိရစ္ဆာန် မြင်းလားစသည်တို့ကို ကြည့်ရှုနေစဉ် အက်ကင်အမည်ရှိသော လူတစ်ယောက်သည် လာ၍ သူဌေးကြီးလက်ကို နမ်းပြီးလျှင် ဘုန်းကံသမ္ပာနှင့် ပြည့်စုံ၍ ကုန်သည်ကြီးငယ်အပေါင်းတို့၏ အထွတ်အထိပ်ဖြစ်သော အို ရှင်သူဌေးမင်း၊ အရှင့်မျက်နှာကို အကျွန်ုပ်မမြင်ရသည်မှာ ကြာပါပြီ၊ အဘယ်သို့ ကြွ၍နေပါသနည်း၊ အရှင်သူဌေးကြီးသည် အကျွန်ုပ်အား အလုပ်အကိုင်ပေး၍ မစကြည့်ရှုမြဲဖြစ်ပါလျက် ယခု အဘယ့်ကြောင့် မကြည့်မရှုနေပါသနည်းဟု ဆို၏။

သူဌေးကြီးက အို အက်ကင်၊ အကျွန်ုပ်ကား အသက်အရွယ်ကြီးရင့်၍ လုပ်ငန်းဆောင်တာများကို ဝီရိယစိုက်ထုတ် လုပ်ကိုင်လိုသောစိတ် နည်းလာပြီ၊ သို့သော်လည်း အကျွန်ုပ်၏ သားငယ် ဆက်လက် လုပ်ကိုင်လိမ့်မည်၊ သင်တို့ သက်မွေးမှုအတွက်လည်း အကူအညီ ဖြစ်လာပါလိမ့်မည်၊ ဤရွှေဒင်္ဂါး ၃၀၀ နှင့် လားတိရစ္ဆာန်များကို ဝယ်ယူကာ ကုန်တင်ပြီးလျှင် သင်တို့ တစ်ပြည်သို့ ဖောက်ကား ရောင်းဝယ်မှုကို ပြုချေဟုဆိုကာ ရွှေဒင်္ဂါးကို ပေးအပ်၏။

အက်ကင်လည်း ရွှေဒင်္ဂါး ၃၀၀ နှင့် လားတိရစ္ဆာန်များကို ဝယ်ယူရာ အကောင်ရေ ၆၀ ရရှိ၏၊ ၎င်း ၆၀ သောလားတို့တွင် ကုန်အပြည့်တင်၍ ပေးပြီးမှ သူဌေးကြီးက အို အက်ကင်၊ အကျွန်ုပ်၏ သားအလီဒင်ကား ငယ်သေးသည် တစ်ကြောင်း၊ တစ်ပြည်တစ်နိုင်ငံသို့ သွားလာရောက်ပေါက်ဖူးသည် မဟုတ်သေးသည်က တစ်ကြောင်းတို့ကြောင့် သင်သည် အလီဒင် အပေါ်၌ သားအရင်းကဲ့သို့ မှတ်ထင်၊ သွန်သင်ဆုံးမလေလောဟု မှာကြား၏။

အက်ကင်လည်း ကောင်းပါပြီ၊ ဝန်ခံ၍ မြို့မှစခန်းစဉ်အတိုင်း ထွက်ခွာလာရာ ပထမရေးဦး ဒင်မတ်စကပ်မြို့သို့ ရောက်လေ၏၊ ၎င်းမှတစ်ဖန် ထွက်ခွာလာပြန်ရာ

အယ်လက်ပိုးမြို့သို့ ရောက်၏၊ ၎င်းမှတစ်ဖန် ထွက်ခွာလာပြန်ရာ ဘက်ဂဒက်မြို့အနီး တစ်နေ့ကွာ ခရီးသို့ ရောက်ကြလေသတည်း။

ထိုအခါ အလီဒင်က အို အက်ကင်၊ ဤအရပ်၌ စခန်းချရပ်၍ တစ်ညဥ့်အိပ်ပြီးမှ ဆက်လက်မောင်းနှင်ရသော် သင့်လျော်မည်ဟုဆို၏၊ အက်ကင်က အို အလီဒင် ဤအရပ် ဒေသကား ချုံပိတ်ပေါင်းထူထပ်၍ ညအချိန် ရောက်သောအခါ မိုးမှောင်အတိကျလေ့ရှိ၏၊ လူ့ရပ်မနီး ခရီးအတန်ခန့် ဝေးကွာသေးသည်ဖြစ်၍ သူပုန်ဓားပြ သူခိုး လူဆိုးတို့ ပုန်းအောင်းရာ ဖြစ်၏၊ တိရစ္ဆာန်သစ်ကျား ဆင်ရိုင်းများတို့ ကျက်စားရာ အရပ်လည်းဖြစ်၏၊ ထို့ကြောင့် စခန်းမချဘဲ အတွင်မောင်းနှင်သင့်သည်ဟုဆိုရာ အလီဒင်က ကျွန်ုပ်မောပန်းနေကြောင်း၊ ယနေ့ည ချရပ်အိပ်နားပါရမည် အကြောင်းနှင့် ဘေးကိုမမြင်၍ အကြိမ်ကြိမ် တောင်းပန်သောကြောင့် စခန်းချရပ်နားနေကြလေ၏။

ညသန်းခေါင်ချိန် ရောက်သောအခါ အလီဒင်သည် မိမိစက်အိပ်ရာစခန်းမှ ထ၍ ကြည့်ရှုသည်၊ လရောင်လည်းမလာ၊ အလွန်မိုက်မှောင်သောအခါတွင် ပိုးစုန်းကြူးတောက် သကဲ့သို့ ဓားပြတို့စွဲကိုင်သော ဓားလက်နက်ကိရိယာတို့၏ အရောင်သည် တလက်လက် တောက်သည်ကို မြင်ရ၍ ပြေးဝင်လာရာ အက်ကင်က အလီဒင်၊ အကြောင်းအသို့နည်းဟု မေးမြန်းသည်။

အာရပ်လူမျိုး ဓားပြဗိုလ်ကြီး အက်ဂျလန်အဘူနဟာစ်နှင့် ၎င်းတို့၏ တပည့်တို့ လာကြကြောင်းကို သိမြင်၍ ကြံရာမရ ရှိနေကြလေ၏၊ ဓားပြဗိုလ်ကြီး မိမိတို့အနီးသို့ ချဉ်းကပ် လာသောအခါ အက်ကင်က အော်ဟစ်သည့်အတွက် ၎င်း၏ ရင်ဘတ်ကို လှံဖြင့်ထိုးရာ လှံသွားသည် ကျောကုန်းမှထွက်၍ ရုတ်တရက်သေလေ၏၊ အစေခံ ရေထမ်းသမားလည်း ဟယ် အာရပ်လူမျိုး ဓားပြတို့၊ သင်တို့ သနားကရုဏာ ကင်းမဲ့လှချေ၏တကား၊ သင်တို့မိဘနှင့် သင်တို့သားမယားကို ဤကဲ့သို့ ဥစ္စာကိုယူ လူကိုသတ်လျှင် သင်တို့စိတ်၌ မည်သို့ရှိမည်နည်း၊ ကိုယ်ချင်းမစာ မညှာတာဘဲ နင်တို့ရက်စက်ကြမ်းကြုတ်စွာ ပြုလေသည်တကား၊ ဥစ္စာကိုသာ ယူဆောင်၍ သင်တို့သွားလေဟု ရေရွတ်မည်တမ်း အော်ဟစ်သည့်အတွက် ၎င်းနှင့်တကွ အစေခံရှိရှိသမျှ လူအပေါင်းကိုပင် လိုက်လံ၍ ဓားဖြင့်ခုတ်ပိုင်းခြင်း၊ လှံဖြင့် ထိုးခြင်းများကို ပြုလျက် သေစေလေ၏။

ထိုအခါ အလီဒင်သည် ငါသည် ဤကဲ့သို့ရပ်နေလျှင် ၎င်းတို့ငါ့ကို လိုက်လံထိုးခုတ်သတ်ပုတ်၍ အသက်ချမ်းသာဖို့ရာ မမြင်၊ ဝတ်ကောင်းတန်ဆာများကို လဲချွတ်၍ သွေးရေအလိမ်းလိမ်းကပ်သော လူသေတို့အဝတ်ကို လဲဝတ်ပြီးလျှင် လူသေအသွင် မြေတွင်အိပ်မှသာလျှင် ချမ်းသာရာရတော့မည်ဟု ကြံစည်ကာ မြေတွင်အိပ်နေလေ၏၊ ဓားပြတို့လည်း တစ်ယောက် မကျန်သတ်မည်ဟု လိုက်လံရှာဖွေရာ အလီဒင်ကို တွေ့သော်လည်း လူသေမှတ်ထင်၍ ထွက်သွားကုန်၏၊ ဓားပြတို့သည် ပါရှိသမျှ သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာများကို သိမ်းကျုံးယူငင်ပြီး အရပ်တစ်ပါးသို့ ထွက်ခွာသွားကြသည်ကို အလီဒင် မြင်သည်ရှိသော် အိပ်ရာမှထ၍ ပြေးခဲ့၏၊ ယင်းသို့ပြေးသည်ကို ဓားပြဗိုလ်ကြီး မြင်သောအခါ သတ်ဖြတ်ရန် လိုက်သည်၊ အလီဒင်သည် ရေကန်ပြွန်ပေါက်ကြီးတစ်ခု၏ နှုတ်ခမ်း၌တက်၍ အိပ်နေလေ၏။

ဓားပြဗိုလ်ကြီးလည်း ရုတ်တရက်လာပြီးလျှင် ခုတ်ပိုင်းမည်ဟု ဓားလက်နက်ကို ကိုင်ချီလိုက်သည်ရှိသော် အလီဒင်က အို ဘုရားသခင်၊ အကျွန်ုပ်သူတော်ကောင်းတရားရှိသမျှ ဝါဏီဖွှဟု လောကဓမ္မတာ မြို့ရွာလှည့်သွား ဖောက်ကားရောင်းဝယ်သူ ဖြစ်ပါလျက် ပိုင်နက်ဥစ္စာကိုယူ လူကိုသတ်ဖြတ် မအပ်မလျော် မတော်လောဘ မျက်ဒေါသဖြင့် မောဟဖုံးလွှမ်း တရားလမ်းမရှိ ပြုလုပ်သည်ကို အရှင်ကြည့်ရှုနေတော်မမူပါနှင့် ဘုရားဟု ဆုတောင်းပတ္တနာရွတ်ဆိုလိုက်လျှင် ဓားပြဗိုလ်ကြီး၏ လက်ကို ရုတ်တရက် ကင်းကိုက်သကဲ့သို့ အရှိုက်တဝင်နာကျင်သော ဝေဒနာကိုရရှိ၍ အလီဒင်ကို မသက်မညှဉ်းဆဲဘဲ ထွက်ခွာသွားလေ၏။

ထိုအခါ အလီဒင်သည် အိပ်ရာမှထပြီးလျှင် ပြေးလာရာ ဘက်ဂဒက်မြို့သို့ မိုးချုပ်မှ ရောက်လေသတည်း၊ ရောက်သောအခါ အသိမိတ်ဆွေလည်း မရှိ၊ တည်းခိုစရာလည်း မရှိသောကြောင့် တောင်မြောက်အရပ် လေးမျက်နာကို လှည့်လည်ကြည့်ရှုသည်၊ တရားဟောကျောင်းဆောင်ကို တွေ့မြင်၍ ထိုကျောင်းသို့ဝင်ပြီးလျှင် ပုန်းအောင်းနေထိုင်လေ၏၊ ထိုအခါ လူကြီး လူငယ် နှစ်ယောက်တို့သည် အစေခံကျွန်နှစ်ယောက်ရှေ့က မီးအိမ်ဆွဲလျက် ဘုရားကျောင်းသို့ ဝင်လာရာ တစ်ယောက်သော လူငယ်က အို ဦးရီး၊ အကျွန်ုပ် ခင်ပွန်းဟောင်း ဦးရီးသမီးနှင့် အကျွန်ုပ်အား သနားသဖြင့် နောက်တစ်ဖန် ပေါင်းသင်းဆက်ဆံရအောင် ပြန်၍ လက်ထပ်မင်္ဂလာပြုချင်ပါသည်ဟု တောင်းပန်ရာ လူကြီးက သင်သည် သင့်ခင်ပွန်းမိန်းမအား အဘယ့်ကြောင့် သုံးကြိမ်ကွာမည်ဆိုသနည်း၊ သို့ဆိုသည့်အတွက် သင်နှင့်ပြန်၍ လက်ထပ်မင်္ဂလာမပြုနိုင်ခြင်းဟု ငြင်းပယ်၏။

ယင်းသို့ တစ်ဦးနှင့်တစ်ဦး ပြောဆိုလာစဉ် လူကြီးသည် အလီဒင်ထိုင်နေသည်ကိုမြင်၍ အနီးသို့ချဉ်းကပ်လာပြီးလျှင် အို လုလင်၊ သင်ကား တစ်ပြည်တစ်နိုင်ငံသား ဖြစ်ယောင်တကား၊ မည်သည့် အတွက်ကြောင့် ဤအရပ်၌နေရာသို့ ရောက်လာရသနည်းဟု မေးမြန်း၏။ ထိုစကားကို အလီဒင်ကြားလျှင် အို ဦးရီး၊ အကျွန်ုပ်ကား ကိုင်ရိုမြို့၌ ဥစ္စာကြေးငွေ ကြွယ်ဝ ချမ်းသာသော သူဌေးကြီး ရှန်အယ်ဒင်၏ တစ်ဦးတည်းသောသား အလီဒင်ဖြစ်ပါသည်၊ အကျွန်ုပ်ကား မိဘတို့ကို ကိုးစား၍ ချမ်းသာစွာ အိပ်လားစားလား စိုးရိမ်ကြောင့်ကြမဲ့ နေထိုင်ရခြင်းသည် ပညာရှိ သူတော်ကောင်းတို့ ထုံးဟောင်းမဟုတ်၊ လူယုတ် လူပေါ်တို့ ထုံးဟောင်းသာဖြစ်ချေသည်ဟု အောက်မေ့၍ မိဘတို့၌ အမြောက်အမြားရှိသော ရွှေငွေ ရတနာကို ပမာဏမပြု၊ ကုန်စည်ကူးသန်းရောင်းဝယ်ရန် အဖိုးထိုက်တန်သော ဝတ္ထုပစ္စည်း သက်ရှိသက်မဲ့ အစေခံကျွန် အမြောက်အမြားနှင့် ဤဘက်ဂဒက်မြို့သို့ ထွက်လာခဲ့သည်၊ လမ်းခရီးကြား ဓားပြလူဆိုးတို့နှင့် တွေ့ကြုံ၍ အလုံးစုံကို သိမ်းယူလိုက်သည့် အပြင် အကျွန်ုပ်နှင့် အတူတကွပါလာသော အစေခံ အမြောက်အမြားတို့ကိုလည်း ရက်စက် ကြမ်းကြုတ်စွာ ထိုးခုတ် သတ်ဖြတ်သဖြင့် အလုံးစုံ သေရကြေရပါပြီ၊ အကျွန်ုပ်မှာကား ဘုရားသခင် တန်ခိုးတော်ကြောင့် လက်လွတ်ထွက်ပြေး အသက်ဘေးမှ ချမ်းသာ၍ ဤမြို့သို့ ရောက်လာရပါသည်ဟု ဆို၏။

ထိုစကားကို လူကြီးကြားလျှင် အို လုလင်ပျို၊ မစိုးရိမ်လင့်၊ သင့်အား ရွှေဒင်္ဂါး တစ်ထောင်နှင့် ဝတ်ဆင်ရန် အထည်ပုဆိုး ပိုးဖဲကမ္ဗလာတို့ကို ဦးရီးထုတ်ပေးမည်ဟုဆို၏၊ အလီဒင်က အို ဦးရီး၊ အကျွန်ုပ်အား ထိုပစ္စည်းများကို ကရုဏာရှေ့ထား၍ ပေးမည်လော၊ သို့မဟုတ် အကြောင်းကိစ္စ တစ်ခုခုကြောင့် ပေးမည်လော၊ အဘယ်နည်းအားဖြင့် ပေးပါ မည်နည်းဟု မေး၏။

ထိုအခါ လူကြီးက အို မောင်လုလင် ယခု ဤအနီးတွင် ရပ်နေသော လုလင်သည် အခြားသူမဟုတ်၊ ဦးရီးအစ်ကို၏ ရင်သွေး ဦးရီးတူဖြစ်ပါသည်၊ ဦးရီးမှာလည်း အလွန်လုပ တင့်တယ် ရှုချင်ဖွယ်ရှိသော ဇုဘီဒါအယ်ဇူဒီဟာ အမည်ရှိ မင်းသမီး တစ်ယောက်ရှိသည်၊ ဦးရီး၌လည်း တစ်ယောက်တည်းသောရင်သွေး ဦးရီးအစ်ကို၌လည်း တစ်ယောက်တည်းသော ရင်သွေး မဝေးမကွာ ညတကာနီးရင်း မောင်နှမချင်း ပေးထိမ်းမြားရလျှင် သားစဉ်မြေးဆက် ခက်လက်ညွန့်ဝေ ကျက်သရေတန်ခိုး တိုးတက်လိမ့်မည်သဘောဖြင့် ၎င်းတို့နှစ်ယောက်အား

မိဘနစ်ပါး သဘောတူ ပေးထိမ်းမြားထား၏၊ အကျွန်ုပ်သမီး ဇူဘီဒါက တူဖြစ်သော မိမိခင်ပွန်းကို မချစ်မနှစ်သက် မုန်းထားရန်ငြိုးပြုသောကြောင့် အကျွန်ုပ်တူက သင့်အား ငါ သုံးကြိမ် ကွာမည်ဟု ဆိုသည်ကို မယားမိန်းမကြား၍ ကောင်းပြီ၊ ကွာမည်ဟုဆိုပြီးလျှင် မယားက စတင်ကွာရှင်းသည်၊ ယခု ၎င်းသည် မိမိမယားကို ဆက်လက် ပေါင်းသင်း လိုသော်လည်း တစ်ပြည်တစ်နိုင်ငံသားနှင့် မရသမျှကာလပတ်လုံး ဆက်လက်ပေါင်းသင်းခြင်း ကိုလည်း မပြုနိုင်၊ တစ်ပြည်တစ်နိုင်ငံသားကိုလည်း အခန့်သင့်မတွေ့၍ ယခုတိုင် ကြာရှိနေရာ ယခုမ ႑လုလင်ကိုတွေ့၍ ယနေ့ည ဦးရီးအိမ်သို့ လိုက်ပြီးလျှင် ဦးရီးသမီးကို လက်ထပ်၍ တစ်ညအိပ်ပြီးလျှင် နက်ဖြန်နံနက် သင်နှင့်ကွာရှင်းခြင်းကို ပြုပြီးမှ ၎င်းတို့ဆက်လက် ပေါင်းသင်း နေထိုင်ရတော့မည်ဟု ဆို၏။

အလီဒင်က ဤသို့ကြံဆင်ခြင်၏၊ ငါသည် ယခု ကိုးကွယ်ရာမဲ့ နေထိုင်ရသည်ထက် ၎င်းလူမျိုးတို့ အကြံကို လိုက်နာရလျှင် သင့်လျော်လိမ့်မည်ဟု ကြံအောက်မေ့၍ ဦးရီး၊ ကောင်းပါပြီဟု ဝန်ခံကာ တူဝရီးနှစ်ယောက်တို့သည် အလီဒင်ကို ခေါ်ဆောင်ပြီးလျှင် တရားသူကြီးအိမ်သို့ သွားရောက်စာချုပ် ချုပ်ဆိုကြကုန်၏၊ စာချုပ်၌ ရေးသားပါရှိသည်မှာ ကျွန်ုပ်သမီး ဇူဘီဒါအယ်ဆူဒီရာနှင့် အလီဒင်ကို ယနေ့ညတစ်ည ထိမ်းမြားလက်ထပ်မည်၊ နံနက် မိုးသောက်သည်ရှိသော် ၎င်းတို့နှစ်ယောက် သဘောတူကွာရှင်းရမည်၊ ထိုအခါ အဖဖြစ်သူက အလီဒင်ကို ရွှေဒင်္ဂါးတစ်ထောင်နှင့် ရွှေဒင်္ဂါးတစ်ထောင်တန် တိရစ္ဆာန်လား၊ ရွှေဒင်္ဂါးတစ်ထောင်တန် အဝတ်တန်ဆာများပေးရမည်၊ နံနက်မိုးသောက်၍ အလီဒင်က မကွာမရှင်း ပျက်ကွက်ရှိနေခဲ့လျှင် အဖဖြစ်သူကို ရွှေဒင်္ဂါး တစ်သောင်းပေးလျော်ရမည်ဟု ရေးသား ပါရှိလေ၏။

ဤသို့ ရေးသားချုပ်ဆိုပြီးလျှင် အလီဒင်ကို ဇူဘီဒါရှိရာအိမ်သို့သွားစေ၏။ ထိုအခါ ပထမလင်သည် ဇူဘီဒါကျွန်ယုံ အမယ်အိုကြီးကို ခေါ်၍ အို မိခင်၊ ဤအလီဒင်သည် အလွန်လုပတင့်တယ် မင်းဖွယ်စိုးရရှိသူဖြစ်၍ ဇူဘီဒါနှင့်တွေ့ကြရလျှင် ချစ်ခင်စုံမက် မခွာရက် သဖြင့် အကျွန်ုပ်ကို ပေါင်းသင်းဆက်ဆံတော့မည်မဟုတ်၊ မိခင်အကြံထုတ်မှသာလျှင် ကျွန်ုပ် ချမ်းသာရတော့မည်ဟု တောင်းပန်၏၊ အစေခံအမယ်အိုကြီးလည်း အို ချစ်သား၊ မစိုးရိမ်နှင့်ဟု ဆို၍ အိမ်ပြန်သွားပြီးလျှင် ဤသို့ပြောဆို၏၊ အရှင်မဇူဘီဒါ၊ ယခုတစ်ည အရှင်မနှင့် ထိမ်းမြား လက်ထပ်သော အလီဒင်ဆိုသူမှာ ပေါင်၌ ကုဋ္ဌနူနာရှိ၍ အပါးသို့ အချဉ်းကပ်မခံနှင့်ဟုဆို၍

ဖူဘီဒါလည်း ကောင်းပါပြီဟုဆိုကာ မနီးမဝေး ကုလားကာအတွင်း၌ မိမိချည်းသာနေထိုင်၏၊ အမယ်အိုသည်လည်း အလီဒင်ထံသွား၍ အို လုလင်၊ ယခုတစ်ည သင်နှင့် လက်ထပ်ထိမ်းမြားသော ဖူဘီဒါပေါင်မှာ ကုဋ္ဌနူနာရှိ၍ အနားသို့ မချဉ်းကပ်ဘဲ ဝေးဝေးနေထိုင်မှသင့်မည်၊ ၎င်းရောဂါမျိုးသည် ကူးစက်တတ်သည်ဟု ပြောပြဆို၏၊ အလီဒင်လည်း ကောင်းပြီဟု ဝန်ခံ၍ အမယ်အိုကြီးသည် ပထမလင်ဟောင်းထံသို့ သွားပြီးလျှင် ဤအကြောင်းအရာကို ပြန်ပြောသည် ရှိသော် လင်ဟောင်းလည်း ဝမ်းနည်းဝမ်းသာရှိလေသတည်း။

ယင်းသို့ ဖူဘီဒါနှင့် အလီဒင်တို့သည် ကုလားကာခြား၍ တစ်ကိုယ်တည်း နေထိုင်သည်ရှိသော် ညဉ့်အတော်နက်သောအခါ အလီဒင်သည် သာယာသော အသံဖြင့် ကျမ်းစာများကို ရွတ်ဖတ်သရဇ္ဈာယ်ရာ ဖူဘီဒါလည်း နာ၍ မငြိမ်းနိုင်အောင် မွေ့လျော်ဖွယ် ရှိသောကြောင့် စောင်းညှင်းကိုယူပြီး လိုင်းစီးချ၍ လိုက်လေ၏၊ ထိုနောက် ဖူဘီဒါသည် သီချင်းဆို၏၊ အလီဒင်သည် စီးကိုင်၍လိုက်၏၊ ဤသို့အတိုင်အဖောက် တစ်ယောက်ကသီဆို အဝိုအသောချောမောသာယာစွာ တီးမှုတ်ပြီးမှ ဖူဘီဒါက အို ချစ်သူ၊ အသင်၏ပေါင်၌ ကုဋ္ဌနူနာရှိသည်ဟု ဆိုသောစကားသည် ဟုတ်မှန်သလောဟု မေး၏၊ အလီဒင်ကလည်း အို ချစ်သူ၊ သင်၏ပေါင်၌လည်း ထိုနည်းအတူ ကုဋ္ဌနူနာရှိသည် ဆိုသောစကားသည် ဟုတ်မှန်သလောဟု အပြန်အလှန် မေးကြ၏၊ မရှိကြောင်းကို ရှင်းလင်းပြောဆိုသည်ရှိသော် သင်နှင့်ငါတစ်ဦးနှင့်တစ်ဦး လွန်ကျူးချစ်ခင်ပြီး မရှိအောင် ပြောဆိုသော စကားတည်းဟု တုံ့ပြန်ပြောဆိုပြီးမှ မိမိတို့၌ အပြစ်မရှိသော အဖြစ်ကို သေချာစွာသိကြ၍ အလွန်ချစ်ခင်စုံမက်သဖြင့် ညတွင်းပင်ဘောဇဉ်ချိုချဉ်တည်ကျွေး တေးသီချင်းသီပြိုင် စည်းဆုပ်ကိုင်၍ ပျော်ပါးနေထိုင်ကြလေသတည်း။

မိုးသောက်သောအခါ အလီဒင်က အို ဖူဘီဒါ၊ မေတ္တာလည်းရစ် အလွန်ပင်ချစ်ခင်သော်လည်း နစ်ရှည်မကြာ တစ်ညတာနှင့် သင်နှင့်ငါ ကွာရှင်းရတော့မည်ဟု ပြောဆို၏၊ ဖူဘီဒါက အို ငယ်ကျွမ်းလင်၊ ကြင်စခင်စ ထိုတစ်ညနှင့် ယုယရှိနေဆဲတွင် ဘယ်အတွက်ကြောင့် ကွာရှင်းရမည်နည်းဟုမေး၏၊ အလီဒင်က ချစ်နှမဖူဘီဒါ၊ သင့်ကိုတစ်ညတာပေါင်းဖော် ဆက်ဆံရမည်၊ မကွာလျှင် ရွှေဒင်္ဂါးတစ်သောင်း ပေးလျော်ရမည်ဟု သင့်ဖခင်စာချုပ်ရှိသည်၊ ရွှေဒင်္ဂါးတစ်သောင်းကို ကျွန်ုပ်မလျော်မပေးနိုင်၍ ကွာရတော့မည်ဟုဆို၏။

ထိုစကားကို ဇူဘီဒါကြားလျှင် အလီဒင်၊ ကျွန်ုပ်၌ ရွှေဒင်္ဂါးတစ်ထောင်ခန့်မျှ ရှိသေးသည်၊ ၎င်းရွှေဒင်္ဂါးများကို ယူ၍ တရားသူကြီးအိမ်သို့ သွားပြီးလျှင် အို တရားသူကြီး၊ လင်နှင့်မယား တစ်ညဥ့်သာပေါင်းသင်း၍ နက်ဖြန်မိုးသောက်လျှင် ကွာစေဟု သင်တို့တိုင်းပြည်၌ တရားဥပဒေ သတ်မှတ်ပြဋ္ဌာန်း ထားရှိပါသလော၊ အကျွန်ုပ်သည် တစ်ညနှင့်ကွာမည်၊ မကွာလျှင် ရွှေဒင်္ဂါးတစ်သောင်း ပေးလျော်ရမည်ဟု စာချုပ်ပါသော်လည်း ယခု အကျွန်ုပ်မယားနှင့် ပေါင်းသင်းဆက်ဆံရသောအခါ ဇနီးကလည်း အကျွန်ုပ်ကို အသက်ကဲ့သို့၊ အကျွန်ုပ်ကလည်း သူ့ကို အသက်ကဲ့သို့ မှတ်ထင်ချစ်ကြင်နေကြပါပြီ၊ ယင်းသို့ ချစ်ကြင်ပါလျက် အကျွန်ုပ်တို့ ချစ်ခြင်းကို ခွင်းဘီသကဲ့သို့ အနိုင်အထက် ကွာရှင်းစေပြုလုပ်သင့်မည်လော၊ ပြုလုပ်သူတို့၌လည်း အပြစ်ငရဲကင်းနိုင်မည်လော၊ အကျွန်ုပ်မယားကို ချစ်ခြင်းမေတ္တာ လွန်စွာကြီးသော အခါဖြစ်၍ မကွာမရှင်းနိုင်သေးပါ၊ လျော်ပေးရန်လည်း ရွှေဒင်္ဂါးတစ်သောင်း မရှိသေး၊ သို့ဖြစ်၍ ခေတ္တလောက် ဆိုင်းငံ့ပါမည်အကြောင်း၊ တရားသူကြီး ကယ်မပါဟု ပြောကာ ရွှေဒင်္ဂါး ၅၀ ကို တရားသူကြီး၊ စာရေးစာချီ ရှေ့နေအစရှိသော အမှုထမ်းအရာရှိတို့ကိုလည်း ၁၀ စီ၊ ၅ ကျပ်စီ ထိုက်သည်အားလျော်စွာ တံစိုးလက်ဆောင်ပေးချေ၊ ထိုသူတို့ သင့်ဘက်သို့ လုံးလုံးလိုက်ကြ၍ သင်နှင့်ငါ အသက်ရှိသမျှ ကာလပတ်လုံး ချစ်ထုံးမပြည် အရှည်ပေါင်းသင်းရလိမ့်မည်ဟု အကြံပေးလေ၏။

အလီဒင်လည်း ကောင်းပါပြီဟု ဝန်ခံ၍ ရွှေဒင်္ဂါးကိုယူပြီးလျှင် တရားသူကြီးအိမ်သို့ သွားရောက် ပေးကမ်းပြီးလျှင် မယားသင်ပေးလိုက်သည်အတိုင်း ခွင့်တောင်းရာ ၁၀ ရက် ဆိုင်းငံ့စေခွင့်ကို ရခဲ့၍ အိမ်သို့ပြန်လာလေ၏၊ အိမ်သို့ရောက်သောအခါ ဇူဘီဒါအားပြောပြ၍ ဇနီးခင်ပွန်းနှစ်ယောက် ဝမ်းမြောက်ဝမ်းသာ တေးတျာနှင့် ခရာညှင်းပြွေ သံနေသံထား စည်းသွား မယုတ် လက်ခုပ်တီးဆို အချိုးအသာ အတိုင်အဖောက် ဇာတ်ကွက် မခြောက်ရအောင် ပျော်ပါးစွာ သီဆိုတီးမှုတ်လျက်နေကြလေသတည်း။

ထိုအခါ ဘက်ဂဒက်မြို့ထီးနန်းကို အုပ်ချုပ်စိုးစံတော်မူသော ဟတ်ရောအာရမ်ချစ်မင်းကြီးနှင့် မှူးမတ်အရာရှိ သုံးဦးတို့သည် ရသေ့အသွင်ပြုပြင်ကာ အလီဒင်တို့အိမ်သို့လာပြီး တံခါးကိုခေါက်ကုန်၏၊ အလီဒင်ဇနီးမောင်နှံတို့လည်း ရုတ်တရက်ထ၍ တံခါးကိုဖွင့်ကြည့်ရှုရာ ရသေ့သုံးဦးကို တွေ့မြင်ရလေ၏။

ထိုအခါ အလီဒင်က အရှင်ရသေ့တို့၊ မည်သည့် ပစ္စည်းဝတ္ထုကို အလိုရှိ၍ အကျွန်ုပ်တို့ အိမ်သို့ ကြွလာခဲ့ပါသနည်းဟု မေး၏၊ ရသေ့တို့က အို အလီဒင်၊ ငါတို့သည် ပစ္စည်းဝတ္ထုကို အလှူခံလို၍ သင်၏ အိမ်သို့လာသည်မဟုတ်၊ လမ်းခရီး၌ လျှောက်သွားရာ သင်တို့အိမ်က သာယာစွာ တီးမှုတ်သည့် သီချင်းသံကြားရ၍ ခရီးမသွားနိုင်ဘဲ နာခံရန်ရောက်လာပါသည်၊ ဤသီချင်းကို သီဆိုသောသူသည် သင်၏ အစေခံကျွန်မလေးလော၊ ဤသီချင်းကို ဤသတို့သမီးငယ်ပင် သီဆိုလေသလောဟု ဇူဘီဒါကို လက်ညှိုးညွှန်၍ မေးကုန်၏။

ထိုအခါ အလီဒင်က အို ရှင်ရသေ့တို့၊ ဤသတို့သမီးငယ်ပင် သီချင်းကို သီဆိုပါသည်၊ ၎င်းသတို့သမီးကား ကျွန်မ,မဟုတ်၊ အကျွန်ုပ်၏ ဇနီးတည်း၊ အကျွန်ုပ်ဇနီး ဇူဘီဒါနှင့် အကျွန်ုပ်သည် မဆုတ်မနစ် ချစ်ခင်စုံမက်ပါလျက် စာချုပ်တွင် တစ်ညနှင့်ကွာရှင်းရမည်၊ မကွာရှင်းလျှင် ရွှေဒင်္ဂါးတစ်သောင်း လျော်ရမည် ပါရှိသောကြောင့် ရွှေဒင်္ဂါးကိုလည်း မလျော်နိုင်၊ ဇနီးခင်ပွန်းလည်း မကွာနိုင်သဖြင့် သီဆိုတီးမှုတ်၍ စိတ်နှလုံးကျေအေးအောင် နေကြပါသည်၊ တရားသူကြီးထံ သွားရောက်ခွင့်ပန်ရာ တရားသူကြီးက ၁၀ ရက်စေ့လျှင် ဆုံးဖြတ်မည်၊ ၁၀ ရက်အတွင်း ပျော်ပါးစွာနေထိုင်ကြစေဟူသော အခွင့်ကို ပေးပါသည်၊ အကျွန်ုပ်တို့ ရွှေဒင်္ဂါးတစ်သောင်းကို ရနိုင်ရန် အလွန်ခဲယဉ်းပါသည်ဟု ပြောဆို၏။

ရှင်ဘုရင်ရသေ့ကြီးက အို အလီဒင်၊ မစိုးရိမ်လင့်၊ ရွှေဒင်္ဂါးတစ်သောင်းရအောင် ငါတို့ ဒါယကာများထံ အလှူငွေကောက်ခံပေးမည်၊ ဇူဘီဒါကို သီချင်းဆိုပါစေဟု ပြော၏၊ အလီဒင် ဇနီးခင်ပွန်းနှစ်ယောက်တို့လည်း ဝမ်းမြောက်ဝမ်းသာ သီချင်းကို သီဆိုကြ၏၊ ရသေ့ လေးဦးတို့ကလည်း တစ်ယောက်တစ်လှည့်စီ ပုံဝတ္ထုသက်သေများကို ပြောဆို၍ ပြန်ချိန် ရောက်သောအခါ ဘုရားရှိခိုးဝတ်ပြုသည့် ကမ္ဗလာမွေ့ရာကော်ဇော အောက်၌ ရွှေဒင်္ဂါးတစ်ရာ ထားခဲ့လေ၏၊ နံနက်မိုးသောက်သောအခါ ၎င်းရွှေဒင်္ဂါးတစ်ရာကို ဇူဘီဒါတွေ့မြင်၍ အလီဒင်ကို ဝမ်းမြောက် ဝမ်းသာပြောပြ၏၊ ၎င်းတို့လည်း ငါတို့ကုသိုလ်ကံကြောင့် ဘုရားသခင် ပေးလာသည်ဟု ဆိုပြီးလျှင် သိုမှီးသိမ်းဆည်းထားကြကုန်၏။

ရသေ့တို့လည်း နောက်ညတစ်ဖန် လာပြန်သော် အလီဒင်က အို ရှင်ရသေ့တို့ ရွှေဒင်္ဂါး တစ်ထောင် လှည့်လည်ကောက်ခံ၍ ရပြီလောဟုမေး၏၊ ရသေ့တို့က အို အလီဒင်၊ ငါတို့ ကောက်ခံ၍ မရသေး၊ သို့သော် သင် စိုးရိမ်ကြောင့်ကြခြင်း မပြုလင့်၊ ရစေမည်ဟုဆိုပြီးလျှင် ယမန်ညကကဲ့သို့ပင် ၁၀ ရက်တိုင်ကြာအောင် ရွှေဒင်္ဂါးတစ်ရာကို ထားခဲ့ပြီးလျှင်

ဘက်ဂဒက်မြို့ မင်းကြီးသည် သူဌေးကြီးသားကို ခေါ်၍ လားတိရစ္ဆာန်ကောင်ရေ ၅၀ ကို ဝယ်စေပြီးလျှင် တစ်ထုပ်လျှင် ရွှေဒင်္ဂါးတစ်ထောင် ထိုက်တန်သော အထုပ်ပေါင်း ၅၀ ကို ပြု၍ တိရစ္ဆာန်လား၏ ကျောက်ကုန်းပေါ်တွင် တင်စေပြီးလျှင် ရွှေဒင်္ဂါးတစ်ထောင် ထိုက်တန်ကြောင်း ကမ္ပည်းအက္ခရာကို ရေးသားစေ၏၊ ၎င်းငါးဆယ်သော တိရစ္ဆာန်လားအပြင် အလွတ် လားတိရစ္ဆာန် ကျောက်ကုန်းပေါ်၌ အဖိုးရွှေဒင်္ဂါးတစ်ထောင် ထိုက်တန်သော ဆင်ယင်ရန် ရတနာရွှေဖလား ရွှေတံကောင်းများကို တင်စေ၏၊ ယင်းကဲ့သို့ အသီးသီးစီမံပြီးမှ မင်းချင်း တစ်ယောက်အား အချင်းလုလင်၊ သင်သည် ရှေ့ကလမ်းညွှန်ပြ၍ ဤသို့ပြောဆိုလော့၊ အလီဒင်၊ သင်၏အဖ ကိုင်ရိုမြို့သူဌေးကြီး ရှန်အယ်ဒင်က သားအလီဒင်အဘူရှာမက်အား ဓားပြ တိုက်ခိုက်၍ ပစ္စည်းဉစ္စာဆုံးရှုံးသည့်အတွက် အသစ်ထပ်မံ ရောင်းချရန် တင်ပို့ လိုက်သည်ဟု ပြောဆိုလေဟု သွန်သင်၍ စာနှင့်တကွ အလီဒင်ထံသို့ သွားစေ၏။

ထိုအခါ ဝန်တင်လားနှင့် မင်းချင်းယောကျ်ားတို့သည် ဇူဘီဒါမိဘတို့ အိမ်ရှေ့သို့ ဆိုက်ရောက်သောအခါ ဇူဘီဒါ၏ လင်ယောကျ်ားနှင့် ဇူဘီဒါ၏ အဘတူရီး ဦးရီး နှစ်ယောက် တို့သည် ဆယ်ရက်စေ့ပြီဖြစ်၍ အလီဒင်အား ထွက်သွားဖို့ရာနှင့် ရွှေဒင်္ဂါးတစ်သောင်း လျော်ကြေး ပေးရန် တောင်းဆိုဖို့ရာ မိမိတို့အိမ်ထက်မှ အတူတကွ ဆင်းလာကြသည်၊ ဝန်တင်လား အမြောက်အမြားနှင့် မင်းချင်းယောကျ်ားကိုတွေ့၍ အို အချင်း၊ သင် အဘယ် အရပ်သို့ သွားမည်နည်း၊ သင်၏ လားတိရစ္ဆာန် ကျောက်ကုန်းပေါ်၌ ကုန်စည်ဝတ္ထုပစ္စည်း များလှချေ၏ တကားဟု မေး၏။

မင်းချင်းယောကျ်ားက အို ဦးရီး၊ အကျွန်ုပ်သခင်အလီဒင်ထံသွားမည်၊ ကိုင်ရိုမြို့နေ အလီဒင်အဖသူဌေးကြီးက သားအလီဒင်၌ ဓားပြတိုက်ခိုက်၍ ဉစ္စာပစ္စည်းဆုံးပါးကြောင်းကို ကြားသိရသဖြင့် နောက်ထပ်မံ ရောင်းချစေရန် ကုန်စည်အမြောက်အမြားကို တင်ပို့ လိုက်ပါ သည်ဟု ပြောဆို၏။

ထိုစကားကို ဇူဘီဒါဖခင်ကုန်သည်ကြီး ကြားလျှင် အချင်းလုလင်၊ အလီဒင်ကား အခြားသူ မဟုတ်၊ ဦးရီး သမက်ပင်ဖြစ်သည်၊ လိုက်ခဲ့ဟုဆို၍ အလီဒင်အိမ်သို့ ခေါ်သွားလေ၏၊ ရောက်သောအခါ အလီဒင်သည် ရုတ်တရက်ထ၍ အကြောင်းကို မေးသောကြောင့် မင်းချင်း ယောကျ်ားက ပါရှိသောစာကို ထုတ်ပြလေ၏၊ စာ၌ မေတ္တာစကား မှာကြားလိုက်သည်၊ ချစ်သား အလီဒင်၊ ချစ်သားသည် လူတို့ထုံးတမ်းအရ လုံ့လစိုက်ထုတ်လိုသဖြင့် ဘက်ဂဒက်

မြို့သို့ ကုန်စည်ကူးသန်း ရောင်းဝယ်ရန် သွားရာ လမ်းခရီး၌ ဓားပြသူခိုး လူဆိုးသူဆိုးတို့ လုယက် တိုက်ခိုက်သဖြင့် နောက်ပါးစေခံ ကိုယ်ရံငယ်သားအားလုံးတို့ ပျက်ပြုန်းသေကြေ ရွှေငွေပစ္စည်းအားလုံး ဆုံးပါးသည်ဟု ကြားသိရသည်၊ ချစ်သား ပူပန်ဒုက္ခရောက်လျက် ရှိမည်ကို အလွန်စိုးရိမ်ကြောင့်ကြလျက် ရှိနေသည်၊ လောက၌ အသက်မသေ ရွှေငွေ မရှားဟူသော စကားကဲ့သို့ သင်ချစ်သားသည် ဥစ္စာကြောင့် တစ်စုံတစ်ခု စိုးရိမ်ကြောင့်ကြ မရှိလင့်၊ မိခင်၊ ဖခင်တို့မှာ သင် ဥစ္စာပြုန်းတီးသည်ကို ငြိုငြင်ခြင်းမရှိ၊ ချစ်သား ကျန်းမာချမ်းသာ ရှိသည်ကိုသာ ဝမ်းမြောက်ခြင်းရှိသည်၊ သို့ဖြစ်၍ သင် ချစ်သား ထပ်မံရောင်းဝယ် ပြုလုပ်ဖို့ရာ လားတိရစ္ဆာန်ကောင်ရေ ၅၀၊ ရွှေဒင်္ဂါး ဆယ်ငါးသောင်း၊ ရွှေဖလား၊ ငွေဖလား၊ ရွှေတံကောင်း၊ ငွေတံကောင်း ထည်မျိုးအုပ်မျိုး အစုံကျေးကျွန်အစေခံကို လွှတ်၍ ပေးပို့လိုက်သည်၊ သင်ချစ်သား လက်ဝယ်ရရှိက တစ်ညဉ့်တာမျှ ပေးထိမ်းမြားသောမယားကို မကွာမရှင်းနိုင်၊ လျော်ကြေး ရွှေဒင်္ဂါးတစ်သောင်းကိုလည်း မပေးနိုင်သဖြင့် ငေးမှိုင်တွေဝေလျက် ရှိနေသည့် အရာကို တစ်စုံတစ်ရာ နှောင့်နှေးကြန့်ကြာ မရှိစေရ၊ လျော်ကြေးပေးချေ လိုက်စေလိုသည်၊ သင့်အား ကျန်းမာချမ်းသာ အနာမရှိ ပကတိအတိုင်း မိခင်ဖခင်တို့ထံ ပြန်လာရန် ဘုရားသခင်ထံ နေ့ညဉ့်မပြတ် ဆုတောင်းမေတ္တာ ပြုပို့လျက်ရှိနေသည် ချစ်သား အလီဒင်ဟု ပါရှိလေ၏။

ထိုအခါ အလီဒင်သည် စာကိုဖတ်ရှု၍ ပစ္စည်းရပ်များကို စာရင်းနှင့်တကွ သိမ်းယူပြီးနောက် ယောက္ခမဖြစ်သူ သူဌေးကုန်သည်ကြီးများအား အို ဖခင်၊ ဖခင်အား အကျွန်ုပ်က ရွှေဒင်္ဂါးတစ်သောင်းမျှ လျော်ကြေးပေးရန်ရှိပါသည်၊ ငါးထောင် ယူနှင့်ပါလော့၊ တိရစ္ဆာန် လားကောင်ရေ ၅၀ ပေါ်၌ပါရှိသော ရွှေဒင်္ဂါးတစ်သောင်းစီအဖိုးထိုက်တန်သည့် ကုန်ပစ္စည်းများကိုလည်း ဖခင်ပင်ရောင်းချ၍ အမြတ်အစွန်းကိုယူပါ၊ အကျွန်ုပ်အား အရင်း ကိုသာ ပြန်ပေးစေလိုပါသည်ဟုဆိုကာ ယောက္ခမထံအပ်နှင်း၏။

ယောက္ခမသူဌေးကြီးက ချစ်သားအလီဒင်၊ သင် မေတ္တာအလျောက် ပေးအပ်သည် များကို ကျေးဇူးဥပကာရ တင်ရှိပါသည်၊ ထိုကျေးဇူးသည် နေ့ညအောက်မေ့၍ မကုန်နိုင်ရှိပေပြီ၊ သို့ရာတွင် ဖခင်လည်း ဥစ္စာရွှေငွေ ရှားပါးသည်မဟုတ်၍ မယူလို၊ သမီးဇူဘီဒါကိုသာ အသင်ချစ်သား စိတ်ထားဖြောင့်ဖြောင့် တရားစောင့်လျက် ကောင်းစွာစွဲမြဲ အသက်ထက်ဆုံး ပေါင်းစေချင်ပါသည်ဟုဆို၍ နေအိမ်သို့ပြန်သွားလေ၏။

အိမ်သို့ရောက်သောအခါ သူဌေးကြီး၏တူဖြစ်သူ ဇူဘီဒါ၏ လင်ပေါင်းလာ၍ အို ဦးရီး၊ အလီဒင်သည် အကျွန်ုပ်၏ မိန်းမကို အလျင်အမြန်ကွာရှင်းပါစေဟု ပြောဆို၏၊ သူဌေးကြီးက တူချစ်၊ သင် မည်သည့်စကားကို ပြောကြားသနည်း၊ ဇူဘီဒါ၏ကံ၊ အသင်၏ကံ အလွန်ကွာခြားလှသည်၊ ငါ့စိတ်နှလုံးထားမှာ ငါ့တူချစ်နှင့်သာ အရှည်ပေါင်းသင်းနေထိုင်ကြသည်ကို မြင်လို၍ ကွာရှင်းရန် လုံ့လထုတ်၍ ပြောဆိုသော်လည်း အလီဒင်၏ ဘုန်းကံကုသိုလ်၊ ဇူဘီဒါ၏ ဘုန်းကံကုသိုလ်သည် အရှေ့ပြဗ္ဗာ ဝိဒေဟာမှ တာရာအများခြံရံ၍ ထွက်ပေါ်လာသော လမင်းကဲ့သို့ အလွန်ကြီးရင့်လှ၍ ဉစ္စာရွှေငွေ ခြွေရွှေ အမြောက်အမြားတို့နှင့်တကွ နေ့ချင်း ညချင်း ထွန်းလင်းတိုးတက်လာသည်၊ ကွာရှင်းအောင် ဦးရီးအဘယ်မှာ တတ်စွမ်းနိုင်တော့မည်နည်းဟု ဆို၏၊ ထိုစကားကို ဇူဘီဒါ၏ လင်ပေါင်းကြားလျှင် စိတ်နှလုံးပူပန် အိမ်သို့ပြန်၍ အစာမသုံး ပိန်ချုံးနွမ်းလျ မယား၏ မီးစကြောင့် ကာလမကြာမီ ကွယ်လွန်သေဆုံးရလေသတည်း။

ထိုအခါ အလီဒင်သည် ဈေးသို့သွား၍ စားဖွယ်သောက်ရာ အဖြာဖြာတို့ကို ဝယ်ခြမ်းခဲ့ပြီးလျှင် ကောင်းမွန်စွာချက်ပြုတ် လုပ်ကိုင်စေ၍ ညအခါ၌ ရှေးနည်းကဲ့သို့ပင် အသင့်ပြင်ဆင်၍ ထားပြီးမှ ဤသို့ဆို၏၊ အို ချစ်နှမဇူဘီဒါ၊ ရသေ့လေးယောက်တို့ကား ငါတို့အား ရွှေဒင်္ဂါးတစ်သောင်း ပေးမည်ဆိုကြသည်၊ ယခုတိုင် မပေး၊ ၎င်းတို့စကားကို ယုံကြည်စိတ်ချ၍သာနေလျှင် ဆယ်ရက်စေ့သဖြင့် သင်နှင့်ငါ ကွာရှင်းရ၍ စိတ်နှလုံးမချမ်းမသာရှိရတော့မည်တကားဟု ပြောဆို၏၊ ထိုအခါ ဇူဘီဒါက အို အလီဒင်၊ မည်သည့်စကားကို ဆိုသနည်း၊ ဤမျှဆင်းရဲသော ရသေ့များထံက ရွှေဒင်္ဂါးတစ်သောင်းကို မရသော်လည်း သစ်ဥ ရွှေဒင်္ဂါးတစ်ရာရသည်နှင့်ပင် ကျေးဇူးဥပကာရ ကြီးမြတ်လှပေပြီဟု အချင်းချင်း ပြောဆိုနေစဉ် တံခါးခေါက်သံကို ကြား၍ ဖွင့်လှစ်စေရာ ရသေ့လေးဦးတို့ အိမ်ခန်းတွင်းသို့ ဝင်လာကြကုန်၏။

အလီဒင်လည်း လိမ်လည်မှသားစကား မမှန်သောအိုရှင်ရသေ့တို့ဟု ရယ်မောပြောဆိုနှုတ်ခွန်းချိုသာဖြင့် ခရီးဦးကြိုဆို၏၊ ရသေ့တို့ကလည်း အို အလီဒင်၊ သင်ကား ရှေးနှင့်မတူ ဉစ္စာပစ္စည်း ချမ်းသာကြွယ်ဝသယောင် တကားဟုဆို၏၊ အလီဒင်က အို ရှင်ရသေ့တို့၊ အကျွန်ုပ်၌ ဓားပြတိုက်၍ ပျက်စီးသည်ကို အကျွန်ုပ်ဖခင်ကြားသိ၍ ဉစ္စာပစ္စည်း အမြောက်အမြား တင်ပို့လိုက်ပေသည်ဟု ပြောပြ၏၊ ထိုစကားကိုကြားလျှင် ဘက်ဂဒက်မြို့မင်းကြီးသည် ရုတ်တရက် ထွက်သွား၍ နောက်ပါ ဝိဇယာဂျေဖားအမတ်က အို အလီဒင်၊ သင်သည်

ငါတို့မင်းကြီးနှင့် တွေ့ဆုံရသည်မှာ အလွန်ဝမ်းမြောက်ဝမ်းသာ ရှိသင့်သည်ဟု ဆိုရာ အလီဒင်က ဘက်ဂဒက်မင်းကြီးသည် မည်သူနည်းဟုမေး၏၊ သင်နှင့် ယခုစကားပြောဆို၍ ထွက်သွားသောသူကား ဘက်ဂဒက်မြို့မင်းကြီးတည်း၊ ငါကား မှူးမတ်၊ ဤသူကား ကျွန်ယုံတော်၊ ဤသူကား အာဏာသား၊ ငါတို့ကား ရသေ့စစ်မဟုတ်၊ သင် စဉ်းစားကြည့်ရှုက သိနိုင်သည်၊ အို အလီဒင်၊ သင့်ဖခင်နေထိုင်ရာ ကိုင်ရိုမြို့နှင့် ငါတို့ ဘက်ဂဒက်မြို့ကား ရက်ပေါင်းမည်မျှ သွားမှ ရောက်နိုင်သနည်းဟုမေး၏၊ အလီဒင်က ၄၅ ရက် သွားရပါသည်ဟု ပြန်ပြော၏။

ထိုအခါ ဝိဇယာဂျေဖားအမတ်က အို အလီဒင်၊ ဤမျှရက်ကွာဝေးလျှင် သင့်ကို ယခု ဓားပြတိုက်ခိုက်သည်ကား ၁၀ ရက်မျှသာ ကြာရှိသေးသည်၊ ၎င်း ၁၀ ရက်အတွင်း ကိုင်ရိုမြို့နေ သင့်ဖခင်အား မည်သူ သတင်းစကားကို ကြားရောက်လိုက်ပါသနည်း၊ အို အလီဒင်၊ သင့်အား ယခုပေးပို့လိုက်သော ဥစ္စာရွှေငွေ အမြောက်အမြားသည် သင့်ဖခင်က ပေးပို့လိုက်သော ပစ္စည်းရပ်များမဟုတ်၊ ငါတို့မင်းကြီးက ပေးသနားလိုက်သောပစ္စည်းရပ်များတည်းဟု ပြောဆို နေစဉ် ဘက်ဂဒက်မင်းကြီးသည် ရုတ်တရက်ဝင်လာရာ အလီဒင်သည် ထိုင်ရာမှထ၍ ရှိခိုး ဦးတိုက်ပြီးလျှင် မင်းကြီးလက်ကို မိမိလက်ဖြင့် နမ်းရှုံ့လျက် အို ကျေးဇူးရှင် သူတော်ကောင်းဟု ချီးကျူး၍ သြဘာမင်္ဂလာကိုပြုလေ၏။

ထိုအခါ ဘက်ဂဒက်မင်းကြီးက အို အလီဒင်၊ ငါ့အား သင်ကျေးဇူးတင်လျှင် သင်၏ဇနီး ဇူဘီဒါကို သီချင်းဆိုပါစေဟု တောင်းပန်၍ ဇနီးခင်ပွန်းနှစ်ယောက် အတိုင်အဖောက် အချီး နိဒါန်းတို့ဖြင့် ဆန်းဆန်းကြယ်ကြယ် သီဆိုတီးမှုတ်၍ မွေ့လျော်ပျော်ပါးပြီးလျှင် ညဉ့်ကို ကုန်လွန်စေ၏။

နံနက်မိုးသောက် ရောက်လတ်သောအခါ မင်းကြီးလည်း အလီဒင်အား နန်းတော်သို့ လာခဲ့ရန် မိန့်ဆိုမှာထား၍ ပြန်သွားသည်နှင့် များမကြာမီ အလီဒင်လည်း လင်ပန်းဆယ်ချပ်တွင် အဖိုးထိုက်တန်သော ဝတ္ထုပစ္စည်းများကို ထည့်၍ အစေခံကျေးကျွန်တို့နှင့် နန်းတော်သို့ သွားပြီးလျှင် ရှိသေစွာ ရှိခိုး၍ ပေးဆက်၏၊ မင်းကြီးလည်း အလီဒင်၏ လက်ဆောင် ပဏ္ဏာရတနာတို့ကို သိမ်းယူ၍ သူဌေးကြီးတို့ ဆင်ယင်ထိုက်သော အဝတ်တန်ဆာ ရတနာတို့ကို ဝတ်ဆင်စေပြီးလျှင် အလီဒင်အား ဘက်ဂဒက်မြို့၌ ကုန်သည်တို့၏ အကြီးအမှူး ဖြစ်သော သူဌေးအရာကို ပေးသနားလေ၏၊ အလီဒင်လည်း သူဌေးကြီးတို့ ဝတ်စားတန်ဆာကို

ဆင်ယင်ပြီးလျှင် ကုန်သည်ကြီးငယ်အပေါင်းတို့ ခြံရံလျက် မင်းရင်ပြင်၌နေထိုင်ရာ ဇူဘီဒါ၏ဖခင် ယောက္ခမ သူဌေးကြီး တွေ့မြင်၍ စိတ်နှလုံးမသာမယာ မျက်နှာညှိုးနွမ်းလျက် မင်းကြီးသို့ကပ်ပြီးလျှင် ဤသို့ တင်လျှောက်လေ၏၊ ဘုန်းတော်ကြီးတော်မူလှသော အို တရားမင်းမြတ်၊ ကျွန်ုပ်ထိုင်နေကျဖြစ်သော နေရာထူးနေရာမြတ်၌ သူဌေးကြီးတို့ အဝတ်တန်ဆာကို ဆင်ယင်စေပြီးလျှင် အကျွန်ုပ်သမက် အလီဒင်ကို မည်သည့်အတွက်ကြောင့် အရှင်မင်းကြီး ပေးတော်မူပါသနည်းဟု မေးလျှောက်၏၊ မင်းကြီးက အချင်းသူဌေးကြီး၊ သင်ကား အသက်အရွယ်ကြီးပြီ၊ ဤသူဌေးကြီး ရာထူးဌာနန္တရ၌ သင့်လျော်တော့မည်မဟုတ်၊ အခြားသူကို မပေးဘဲ သင့်သားမက် အလီဒင်ကို ငါပေးသည်ဟုဆိုပြီးလျှင် ဘက်ဂဒက်မြို့ သူဌေးကြီးရာထူး၌ အလီဒင်ကို ခန့်ထားကြောင်း၊ ကုန်သည်ကြီးငယ် အပေါင်းကိုလည်း အလီဒင်ကို ခစားရမည်ဖြစ်ကြောင်းများ အမိန့်ကြော်ငြာစာထုတ်ပြန်တော်မူလေသတည်း။

တစ်နေ့သ၌ မင်းကြီး၏ ကိုယ်ရံတော် မှူးမတ်အရာရှိတစ်ယောက် ကွယ်လွန် အနိစ္စရောက်၍ မင်းသို့ချဉ်းကပ်ပြီးလျှင် အရှင်မင်းကြီး၊ အရှင်၏ ကိုယ်ရံတော်မှူးမတ်သည် မကျန်းမမာ၍ ယခုအခါတွင် ကွယ်လွန်အနိစ္စရောက်လေပြီဟု တင်လျှောက်၏၊ မင်းလည်း အလီဒင်ကို ခေါ်ပြီးလျှင် လစာရိက္ခာ ငွေတစ်ထောင်ပေး၍ ၎င်းနေရာတွင် အလီဒင်ကို ခန့်ထား၏၊ ထိုနောက် မကြာမီ အိမ်ရှေ့ဥပရာဇာမင်းသားသည် မင်းကြီးသို့ကပ်၍ အို တရားမင်းမြတ်၊ ရအီအက်ဆစ်တင် အမည်ရှိသော အရာရှိသည် မကျန်းမမာ ဝေဒနာစွဲကပ်၍ ကွယ်လွန်သေဆုံးလေပြီဟု တင်လျှောက်ပြန်၏၊ မင်းကြီးလည်း ၎င်းနေရာတွင် အလီဒင်ကိုပင် ခန့်ထားပြန်၏၊ ထိုနောက် မင်းကြီးက အချင်းတို့၊ ဤကွယ်လွန်သေဆုံးသူ အရာရှိ၌ အမွေခံသားသမီး ရှိသလောဟု မေး၏၊ မရှိကြောင်းကိုကြားလျှောက်၍ ၎င်း၏ သက်ရှိသက်မဲ့ ဝတ္ထုပစ္စည်းအားလုံးကို အလီဒင်သို့ပေးစေဟု ချီးမြှောက် ပေးသနားတော်မူပြီးလျှင် လက်ကိုင် ပဝါ လှုပ်၍ ညီလာခံသဘင်ကို သိမ်းရုပ်လေ၏။

ထိုအခါ အလီဒင်သည် လက်ယာရံဗိုလ် အာမက်အက်ဒီနက်နှင့် နောက်ပါလူငယ် ၄၀၊ လက်ဝဲရံဗိုလ် ဟက်ဆင်ရှမင်နှင့် နောက်ပါလူငယ် ၄၀ တို့ကိုမြင်လျှင် ဟက်ဆင်ရှမင်ကို ကြည့်၍ အချင်းတို့၊ သင်တို့စစ်ဗိုလ်ကြီး အာမက်အက်ဒီနက်အား ကျေးဇူးပြု၍ အကျွန်ုပ်ကို သားရင်းအသွင် မှတ်ထင်ကြည့်ရှုရန် ပြောဆိုပါဟု တိုက်တွန်းသည်၊ စစ်ဗိုလ်ကြီးလည်း သားရင်းအသွင် စိတ်ကထင်၍ သင့်ကိုကြည့်ရှုမည်၊ သင် နန်းတော်သို့ နေ့စဉ်အခစား

ဝင်သောအခါ စစ်သည်တပ်များကို ဝိုင်းရံလိုက်ပို့စေမည်ဟု ဝန်ခံ၏၊ အလီဒင်လည်း ဤကဲ့သို့ မှူးမတ်သေနာပတိ စစ်သူကြီးအရာရှိတို့နှင့် ချစ်ကြည်မြဲမြံစွာ ဆက်ဆံပေါင်းသင်း၍ မင်းကြီး အမှုတော်ကို မလစ်မလပ်ထမ်းဆောင်နေရာ တစ်နေ့သ၌ လွှတ်တော်မှဆင်း၍ အိမ်သို့ ပြန်လာစဉ် အာမက်အက်ဒီနက်နှင့် နောက်ပါလူငယ်တို့ကို ပြန်စေပြီးလျှင် မိမိဇနီး ဗူဘီဒါဆူဒီယာနှင့်တကွ ထိုင်နေလေ၏။

ဗူဘီဒါလည်း မီးညှိထွန်းစေ၍ အနီး၌ရှိသော အခန်းတွင်းသို့ ဝင်သွားသည်၊ များမကြာမီ ပြန်ထွက်လာပြီး ဗူဘီဒါက အို အလီဒင်၊ သခင်ကယ်လှည့်ပါဟူသော ဟစ်အော်ငိုယိုသံကိုကြား၍ လိုက်ကြည့်ရာ ဗူဘီဒါသည် မွေ့ယာကော်ဇောချောမွေ့စွာ ခင်းထားသော အိမ်ကြမ်းပြင်ပေါ်၌ ရှေ့ငက်ပျောပင်လဲသကဲ့သို့ လဲ၍ အသက်ဝိညာဉ်စဲနေသည်ကို တွေ့ရလေ၏၊ အိမ်နီးချင်း မျက်နှာပြိုင်လျက်ရှိသော ဗူဘီဒါအဖ သူဌေးကြီးလည်း သမီးအော်ဟစ်သံကို ကြား၍ ပြေးလာ၏၊ သမက်နှင့် ယောက္ခမတို့လည်း ခေါင်းချင်းဆိုင်လျက် ငိုယိုမြည်တမ်းကြကုန်၏။

ထို့နောက် သမီးယောက္ခမ နှစ်ယောက်တို့သည် ထုံးစံအတိုင်း ဗူဘီဒါကို သင်္ဂြိုဟ် ရှာပနပြုကြလေ၏၊ အလီဒင်လည်း ဇနီးမဗူဘီဒါ၏ စိတ်ကြောင့် နန်းတော်သို့ မခစား မဝင်နိုင်ဘဲ ငိုယိုလျက်သာ နေလေ၏၊ မင်းကြီးလည်း မှူးမတ်တို့အား အလီဒင်အကြောင်းကို မေးမြန်းရာ မှူးမတ်တို့က အလီဒင်၌ ဇနီးဗူဘီဒါ ကွယ်လွန်အနိစ္စရောက်၍ ပူဆွေးဒုက္ခ ရောက်နေသည်ဟု လျှောက်တင်၏၊ မင်းကြီးလည်း နောက်ပါအခြွေအရံပရိသတ်များစွာ ခြံရံလျက် မြင်းစီးနင်းပြီးလျှင် အလီဒင်အိမ်သို့ လာလေ၏၊ အလီဒင်လည်း မင်းကြီးကိုမြင်လျှင် ရှိခိုးဝပ်တွား၍ အကြောင်းအရာစကားကို မလျှောက်မကြားနိုင်ဘဲ ငိုကြွေး၍နေလေ၏၊ မင်းကြီးသည် အလွန်သနားကရုဏာဖြစ်၍ ဗူဘီဒါကို လွမ်းဆွတ်အမှတ်ရပြီးလျှင် ငိုကြွေး၏၊ မင်းကြီးငိုလျှင် ပရိသတ်ဗိုလ်ပါအားလုံးတို့ပင် တစ်ပြိုင်နက် ငိုယိုကြသောအသံသည် သမုဒ္ဒရာ ဝဲဩဃမှ ဆူပွက်၍တက်လာသော လှိုင်းကြီးကဲ့သို့ တစ်မြို့လုံး အုတ်အုတ်ကျက်ကျက် ဖြစ်လေ၏။

ထိုအခါ မင်းကြီးက အို အလီဒင်၊ လောက၌ အသက်နှင့် ကိုယ်မြဲမြံစွာ အရှည် တည်နိုင်သော သတ္တဝါမရှိ၊ အိုရ၊ နာရ၊ သေရမည်ဖြစ်သော တရားကို ကောင်းစွာနှလုံးသွင်းပါ၊ သင်သည် ဗူဘီဒါအတွက် ဤမျှလောက် ရှိုက်ဖိုငိုကြွေးနေသော အသံကို ကြားရလျှင် ငါတို့လည်း နှလုံးမချမ်းသာ လွန်စွာစိုးရိမ်ပူပန် ဝမ်းနည်းခြင်း ရှိကုန်၏၊ သင့်ငိုသံ ကြားရ

ပြန်လျှင်လည်း ဇူဘီဒါအသံနှင့် သင်၏အသံသည် တစ်စုံတစ်ရာ ကွဲလွဲခြားနားခြင်းမရှိ တူလှသည်ဖြစ်၍ သင်တို့ဇနီးလင်မယား သာယာစွာ သီဆိုတီးမှုတ်သော အသံကို အမှတ်ရ၍ လွမ်းဆွတ်ကြေကွဲ ဝမ်းနည်းကြရကုန်၏၊ သို့ဖြစ်၍ အို အလီဒင်၊ ဤမျှလောက် ပူဆွေးသောဒုက္ခကို တရားနှင့် ဆည်ဖြေသံဝေယူသင့်သည်ဟု တရားဓမ္မဟောပြပြောဆို၏။

အလီဒင်က ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အရှင်မင်းကြီး၊ အကျွန်ုပ် တရားနှင့် ဆည်ဖြေသံဝေယူလျက် အပူမီးကိုသတ်ငြိမ်းပါသည်၊ သို့သော်လည်း ၎င်းနှင့်ကျွန်ုပ် တစ်ယောက် တစ်လှည့်စီ သီဆိုတီးမှုတ်သောအရာကို အောက်မေ့မိ၍ အသည်းနှလုံး ဆူလှိုက်ပြီးလျှင် ငိုရပါတော့သည်ဟု လျှောက်တင်လေ၏။

ထိုအခါ မင်းကြီးက အို အလီဒင်၊ သင့်အား တရားဓမ္မ ဆုံးမဟောကြားရန် ငါလာသည်ကို သင်၏ သနားစဖွယ် ငိုယိုမြည်တမ်းသော အသံကို ကြားရ၍ တစ်စုံ တစ်ခွန်းသော တရားစကားကိုမျှ မဟောမပြနိုင်၊ သို့ဖြစ်၍ အို အလီဒင်၊ ငါ၏နန်းတော်သို့ သင်နက်ဖြန်နံနက် လာခဲ့ရမည်ဟုဆိုပြီးလျှင် မင်းကြီး နန်းတော်သို့ပြန်သွားလေ၏၊ နံနက် မိုးသောက် ရောက်လတ်သော် အလီဒင်သည် မြင်းစီး၍ နန်းတော်သို့ အခစားဝင်၏၊ မင်းကြီးက အလီဒင်ကိုမြင်လျှင် နှုတ်ခွန်းချိုသာ ပျူငှာလောကဝတ်စကားဖြင့် အို အလီဒင်၊ ယနေ့ကား သင်သည် အကျွန်ုပ်ဧည့်သည်ဖြစ်၏၊ သင့်အား စိတ်နှလုံး အေးငြိမ်းအောင် ဖျော်ဖြေ ရလိမ့်မည်ဟုဆိုကာ အပျိုတော်တစ်ယောက်ကို ခေါ်ပြီးလျှင် သီချင်းဆို၍ စောင်းကိုတီးစေ၏။

ထိုအခါ မင်းကြီးက အို အလီဒင်၊ သင်၏ဇနီး၊ ဇူဘီဒါနှင့် အပျိုတော်ကလေး၏ အသံသည် မည်သူက ကောင်းသနည်းဟု မေး၏၊ အရှင်မင်းကြီး၊ အကျွန်ုပ်ဇနီး သွားလေသူ ဇူဘီဒါအသံနှင့် ယှဉ်ပြိုင်သည်ရှိသော် သုံးချိုးတစ်ချိုးလောက်မျှ မီနိုင်မည်မထင်၊ သို့ရာတွင် ဤသူငယ်မကား အရှင်မင်းကြီး၏အသုံးတော်ခံဖြစ်၍ အာသံလျှာသံ လက်သံ အဆိုအဖွဲ့ အတွဲ့အတုတ်၊ စည်းဆုပ်စည်းကိုင် အတိုင်အဖောက် အစရှိသော တီးမှုတ်မှု၌ တစ်ပုံသာယာ လှပသည်ဟု ပြောဆို၏၊ မင်းကြီးက အို အလီဒင်၊ ဤသတို့သမီးကို သင့်အား ငါပေးသနား မည်၊ ယူလော့ဟုဆို၏၊ အလီဒင်က အရှင်မင်းကြီး မဝံ့ပါဟုဆိုပြီးလျှင် ညီလာသဘင် ကွဲသောအခါ အိမ်သို့ပြန်လာလေ၏။

နံနက်မိုးသောက်သော် မင်းကြီးသည် အပျိုတော်ကလေးကုတက်ကုလုကိုခေါ်၍ ဟယ် သတို့သမီး၊ သင့်အား ငါ အလီဒင်ကို ပေးထားပြီဟုဆိုရာ ကုတက်ကုလုက အရှင်မင်းကြီး၊

အလွန်ဝမ်းမြောက်လှပါသည်ဟုဆိုကာ အဝတ်တန်ဆာ ရတနာတို့ကို နတ်သမီးကဲ့သို့ လှပတင့်တယ်စွာ ဆင်ယင်၏၊ မင်းကြီးလည်း မိမိခြေတော်တင်မည်ဟု ရည်ရွယ်မှန်းထားသော ကုတက်ကုလုကို အခြွေအရံ ၄၀ နှင့်တကွ စံအိမ်သို့ ပို့စေ၏၊ စံအိမ်သို့ရောက်သောအခါ ကုတက်ကုလုက အစောင့်မိန်းမစိုးတို့ကိုခေါ်၍ အချင်းတို့၊ အလီဒင်ထံသို့သွား၍ အကျွန်ုပ်တို့၏ သခင်မသည် စံအိမ်တော်က စောင့်နေပါသည်၊ အလျင်အမြန်ကြွလာပါမည်အကြောင်း မှာတော်မူလိုက်သဖြင့် ရောက်လာရပါသည်ဟုဆို၍ ပင့်ခေါ်ချေဟု စေလိုက်၏။

မိန်းမစိုးတို့သည် အလီဒင်ထံ သွားရောက်ပြောဆိုရာ အလီဒင်က အချင်းတို့၊ မင်းကြီး ဘဏ္ဍာတော်သည် အကျွန်ုပ်နှင့် အဖက်မတန်ပေ၊ သို့ရာတွင် သင်တို့သခင်မ တစ်နေ့လျှင် ရွှေဒင်္ဂါးမည်မျှ သုံးစွဲသနည်း၊ ၎င်းသုံးစွဲသမျှကို အကျွန်ုပ်က မပြတ်ပေးလိုပါသည်ဟုဆို၏၊ မိန်းမစိုးတို့က အကျွန်ုပ်တို့သခင်မသည် တစ်နေ့လျှင် ရွှေဒင်္ဂါးတစ်ရာသုံးစွဲပါသည်ဟု တင်လျှောက်ရာ ၎င်းတစ်ရာကို အကျွန်ုပ်က မပြတ်ပေးပါမည်ဟုပြော၍ ရွှေဒင်္ဂါးတစ်ရာကိုသာ ထုတ်ပေးပို့လိုက်၏။

ထို့နောက် တစ်နေ့သ၌ အလီဒင်သည် ဇနီးဇုဘီဒါကို လွမ်းဆွတ်၍ စိတ်နလုံး မကြည်မသာ အာဟာရမသုံးနိုင် ရှိသောကြောင့် နန်းတော်သို့ဝင်ကာ မင်းကြီးအား မခစားနိုင် ဖြစ်နေ၏၊ မင်းကြီးလည်း အလီဒင်ကို မမြင်သောကြောင့် မှူးမတ်တို့အား အကြောင်းကို မေးမြန်းသည်၊ မှူးမတ်တို့က အလီဒင်သည် အရှင်ပေးသနားတော်မူသော ကုတက်ကုလု ကိုလည်း မယူပါ၊ ကွယ်လွန်သူ ဇုဘီဒါကိုသာ လွမ်းဆွတ်၍ အစာအာဟာရမသုံးဘဲ စက်ရာ၌ လဲလျောင်းအိပ်နေပါ တော့သည်ဟု တင်လျှောက်၏၊ မင်းကြီးက မှူးမတ်တော်တို့၊ ကုတက် ကုလုကို အလီဒင်အား အကျွန်ုပ်အပိုင်မပေး၊ မယားကို လွမ်းရေးနှင့် အဆွေးထပ်နှောင် ပူလောင်သောစိတ်မှ ကြေအေးရန်ခေတ္တမျှပေးသည်ဟုဆို၍ အလီဒင်၏ ဖြစ်ပျက်ကို သိရန် ရတ်တရက် နောက်ပါ အခြွေအရံအနည်းငယ်နှင့် သွားလေ၏။

အလီဒင် အိမ်သို့ မင်းကြီးရောက်သောအခါ အလီဒင်လည်း ခရီးဦးကြိုဆို၍ မင်းကြီးရှေ့၌ ရှိသေစွာ ရှိခိုးလျက်နေလေ၏၊ မင်းကြီးက အလီဒင်၊ သင်သည် စောင်းတီးကောင်း၊ အဆိုကောင်းဖြစ်သော အပျိုတော်ကလေး ကုတက်ကုလုထံသို့ သွားပါ၏ လောဟု မေး၏၊ အရှင်မင်းကြီး၏ ဘဏ္ဍာတော်အရာဖြစ်သော ကုတက်ကုလုနှင့် ကျွန်ဖြစ်သူ အကျွန်ုပ်နှင့် မထိုက်မတန်ထင်မှတ်၍ မသွားပါဟု လျှောက်ထားသည်၊ ထိုစကားကိုကြားလျှင်

မင်းကြီးက လူတစ်ယောက်ကို စေလွှတ်၍ ကုတက်ကုလုကို ဤသို့မေးစေ၏၊ ကုတက်ကုလု၊ သင့်ထံသို့ အလီဒင်လာသလော၊ မလာသလောဟု မေးရာ မလာကြောင်းကို ပြန်ပြောကြားသိရ၍ မင်းကြီးက ကုတက်ကုလုအား နန်းတော်သို့ပြန်လာစေဟု မိန့်ဆိုလိုက်၏၊ အလီဒင်လည်း နန်းတော်သို့ ပျက်ကွက်ခြင်းမရှိ အခစားဝင်ရန် မိန့်ဆိုသည့်အတိုင်း ကောင်းပါပြီဟု ဝန်ခံ၍ အိမ်တော်သို့ ပြန်လာလေ၏။

နက်ဖြန်မိုးသောက်သောအခါ အလီဒင်သည် ကိုယ်ရံတော် ခြံရံလိုက်ပါလျက် နန်းတော်သို့ ဝင်ပြီးလျှင် မင်းကြီးထံခစား၏၊ မင်းကြီးလည်း အလီဒင်ကိုမြင်သောအခါ ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက် မေးမြန်းပြောဆိုပြီးမှ မင်းကြီးသည် ရွှေတိုက်စိုး ဝိဇီရျာဖားအမတ်ကို ခေါ်၍ အချင်းရွှေတိုက်စိုး၊ ရွှေတိုက်မှ ရွှေဒင်္ဂါးတစ်သောင်း ထုတ်ယူချေဟု စေလိုက်သည်၊ ရွှေတိုက်စိုးလည်း ထုတ်ယူ၍ မင်းကြီးအား ဆက်သ၏၊ မင်းကြီးက အချင်းရွှေတိုက်စိုး၊ သင်သည် ဤရွှေဒင်္ဂါးများနှင့်အတူ ဈေးသို့သွားပြီးလျှင် အလီဒင်ဖို့ရာ ကျွန်မငယ်တစ်ယောက် ဝယ်ချေဟုဆို၏၊ ရွှေတိုက်စိုးလည်း ကောင်းပါပြီ၊ အရှင်မင်းကြီးဟု ဝန်ခံ၍ အလီဒင်နှင့်အတူ ကျွန်မဝယ်ရန် ဈေးသို့သွားကြလေ၏။

ထိုနေ့၌ ကြုံကြိုက်သည်မှာ ဘက်ဂဒက်မြို့ အမီယားခါလစ် အမည်ရှိသော ထောင်မှူး အရာရှိသည် မိမိသားအတွက် ကျွန်မငယ်ဝယ်ရန် သားကိုခေါ်၍ ဈေးသို့လာ၏၊ ၎င်းထောင်မှူး၌ ခါတွန်အမည်ရှိသော မယားရှိ၏၊ ထိုမယား ခါတွန်က မွေးဖွားသောသားကား ဟာဘာဇလန်ဘာဇာဇာ အမည်ရှိ၏၊ ၎င်းလုလင်သည် အတတ်ပညာတစ်စုံတစ်ခု မရှိသည့် အပြင် မိမိအဖ မြင်းစီးကောင်းသူရဲ ဖြစ်သော်လည်း သူကမူ မြင်းကိုမစီးတတ်၊ ရုပ်ရည်သဏ္ဍာန်မှာလည်း အလွန်ဆိုးယုတ်၍ ကြွယ်ဝချမ်းသာသူတို့၏ သမီးပျိုများက သူ့ကို မကြိုက်မနှစ်သက်ကြ၊ သို့ဖြစ်၍ ၎င်းလုလင်အသက် ၂၀ ရှိသဖြင့် အိမ်ထောင်ပြုဖို့ရာ မိဘနှစ်ပါးတို့ စုံစမ်းရှာဖွေသည်၊ တစ်စုံတစ်ယောက်သော သမီးကညာကိုမျှ မရနိုင်သဖြင့် မယားခါတွန်က မိမိခင်ပွန်းယောကျ်ားကို ဤသို့ဆို၏၊ အို အမီယားခါလစ်၊ ငါတို့သား ဟာဘာဇလန်ဘာဇာဇာသည် အိမ်ထောင်သားမယား ထိမ်းမြားမင်္ဂလာပြုရန် ယခုအချိန် အရွယ် ရောက်ပြီ၊ အကျွန်ုပ်လည်း ၎င်းနှင့်ထိုက်တန်ရာ သတို့သမီးကို ရှာကြံသည်၊ သို့သော် ငါတို့သားသည် အတတ်ပညာလည်းမရှိ၊ ရုပ်အဆင်းလည်း အလွန်ဆိုးယုတ်သဖြင့် သူ့ကိုမြင်လျှင် နောက်သို့သာ ဆုတ်ကုန်၏၊ သို့ဖြစ်၍ သူနှင့်ထိုက်တန်ရာ သတို့သမီးကို

ရအောင်ဈေးသို့သွား၍ ကျွန်မကလေးတစ်ယောက်ကို ဝယ်ပါဟုဆို၏၊ အမီယားခါလစ်လည်း ကောင်းပါပြီဟုဝန်ခံ၍ သားကိုခေါ်ပြီးလျှင် ဈေးသို့လာလေ၏။

ယင်းကဲ့သို့ အလီဒင်အလို့ငှာ ကျွန်မဝယ်ရန်အလာနှင့် အမီယားခါလစ်သားအဖို့ရာ ကျွန်မဝယ်ရန် ကြံကြိုက်၍ ဈေးသို့ နှစ်ဦးရောက်ကြသောအခါ ဒေဝစ္ဆရာမိုးပေါ်ကျသို့ ရှုပနိကာယ် တင့်တယ်လှပသော ရာစမန်အမည်ရှိ ကျွန်မငယ်သတို့သမီး တစ်ယောက်ကို တွေ့လေ၏၊ သတို့သမီး၏ ရုပ်သွင်ကိုမြင်ရလျှင် အလီဒင်သည် ချစ်ခင်စုံမက်နှစ်သက်လှ၍ ရွှေဒင်္ဂါးတစ်ထောင် ပေး၏၊ ဟာဘာဇလန်ဘဇာဇာကလည်း ရာစမန်ကိုမြင်ရလျှင် ရမ္မက်ရာဂ အုံပါကြွလျက် ထိန်းမဆနိုင် မိန်းမူးယိုင်မျှ ချစ်ကြိုက်လှ၍ ထိုနည်းတူပေးလေ၏၊ ရောင်းချသူ မိဘတို့ကလည်း အဖိုးဈေးနှုန်းတူကြ၍ မည်သူကိုမျှ မရောင်းရှိနေရာ အလီဒင်က နှစ်ထောင် တိုးတက်၍ ပေးပြန်၏၊ ဟာဘာဇလန်ဘဇာဇာကလည်း ထိုနည်းတူ တိုးတက်၍ ပေးပြန်၏။

ထိုအခါ အလီဒင်က ငါကဲ့သော၍စွာရှင်ကို ဤစစ်သူရဲသားအဖတို့ တုပြိုင်၍ ပေးရမည်လော၊ ၎င်းတို့ မတုပြိုင်နိုင်အောင် ပေးမည်ဟုကြံရွယ်၍ ရွှေဒင်္ဂါးတစ်သောင်း တိုးတက်ပေးသည်၊ စစ်သူရဲသားအဖတို့ တုပြိုင်၍ မပေးနိုင်သဖြင့် ရှုံးရလေ၏၊ ထိုအခါ အလီဒင်သည် ရာစမန်ကိုရ၍ လက်ထပ်မင်္ဂလာပြုဖို့ရာ အခမ်းအနား စီမံအံ့သောငှာ အိမ်သို့ ခေါ်ဆောင် ပြန်လာလေ၏၊ ထိုအခါ ဟာဘာဇလန်ဘဇာဇာသည် ကေရာဇ်မင်း စည်းစိမ်မှ ကျသော ယောက်ျားကဲ့သို့ စိတ်နှလုံးညှိုးငယ်စွာ ယောက်ျားတို့ဣန္ဒြေကို မချုပ်တည်းနိုင်ဘဲ ရာစမန်ဟု မြည်တမ်းလျက် အိမ်သို့ပြန်လာရာ မိဘနှစ်ပါးလည်း သားကိုဖျောင်းဖျ တရားပြ၍ ဆုံးမပြောဆိုသည်၊ တဏှာရမ္မက် နှိပ်စက်ဖိစီးလျက် ရှိသည့်အတိုင်း အစာရေစာ မလှမ်းညှိုးနွမ်းသော မျက်နှာဖြင့် အိပ်ရာတွင် လဲလျောင်း၍သာနေလေ၏။

ထိုအခါ မိခင်ခါတွန်က ချစ်သား ဟာဘာဇလန်ဘဇာဇာ၊ သင်၏ အမူအရာ ထူးယောင်တကား၊ မည်သည့်အတွက်ကြောင့် အာဟာရမသုံး၊ လဲလျောင်း၍နေရလေသနည်း၊ သင်အလိုဆန္ဒရှိရာကို မရ၍ပင် ဤကဲ့သို့ စိတ်ပူပန်လေသလောဟု မေး၏၊ သား ဟာဘာဇလန်ဘဇာဇာလည်း စကားမဆို မိခင်ကို စိန်းစိန်းကြည့်၍သာနေ၏၊ ထိုအခါ ခါတွန်က အို အမီယားခါလစ်၊ သားချစ်အမူ ရှေးမတူ၍ အပူဖုံးလွှမ်း ပင်ပန်းဒုက္ခ အဆမတန် ဈေးကပြန်မှ ရောက်လာဟန်အကြောင်းကို ရှုံးပေါင်းပြန်ကြားစေချင်ပါသည်ဟုဆို၏။

အမီယားခါလစ်က အို ခါတွန်၊ ငါတို့သားအဖ ကျွန်မသတို့သမီးဝယ်ရန် ဈေးသို့ သွားကြရာ ရာစမန်အမည်ရှိ အလွန်လှပသော သတို့သမီးငယ်ကို တွေ့၍ ဝယ်ယူသည်၊ ငါတို့ထက် အဖိုးငွေများစွာ ပေးကမ်းဝယ်နိုင်သော သူဌေးကြီး အလီဒင်က ဝယ်ယူသဖြင့် ငါတို့မရ၊ ရာစမန်ဒုက္ခနှင့် ငါတို့သား ဤဆင်းရဲကြီးကိုရလေသည်၊ ငါလည်း မိမိထက် ထွတ်မြတ်သော သူဖြစ်၍ တုဖက်ယှဉ်ပြိုင်ခြင်းကို မပြုနိုင်၊ အရှက်ကြီးစွာရလျက် ပြန်လာ ရတော့သည်ဟုဆို၏၊ ထိုစကားကို ခါတွန်ကြားလျှင် သောကထပ်နှောင် သားမီး ဆာလောင်သဖြင့် ထူထောင်မရ ငေးမှိုင်ချလျက် ဒုက္ခကြီးစွာ ဆိုက်ရောက်နေရလေသတည်း။

ထိုအခါ ဘက်ဂဒက်မြို့၌ လုယက်တိုက်ခိုက် အမိုက်အားကိုး ဆိုးသွမ်းညစ်ပေသော လူဆိုးကြီး အာမက်ကမာကင်ဆိုသူကို ဘက်ဂဒက်မင်းကြီး ဖမ်းဆီး၍ ထောင်တွင်း သံခြေကျင်း သုံးဆင့်ခတ်လျက် ချုပ်နှောင်ထားရှိရာ ၎င်းသူခိုးကြီး၏ မိခင်အိုမကြီးသည် သား အာမက်ကမာကင်ကို တွေ့လိုသဖြင့် ထောင်တွင်းသို့ ဝင်နိုင်ရန် ထောင်မှူးမယား ခါတွန်ထံသို့ လာ၍ ဤသို့ပြောဆို၏၊ အို အရှင်၊ အကျွန်ုပ်သားကို အကျဉ်းမှ လွတ်ရန်နှင့် ထောင်တွင်းသို့ အကျွန်ုပ်ဝင်ရရန် ထောင်မှူးကြီးအား ကျေးဇူးပြု၍ ပြောဆိုစေချင်ပါသည်ဟုဆို၏၊ ထိုစကားကို ခါတွန်ကြားလျှင် အို မိခင် သူခိုးလူဆိုးဖြစ်သော သင်၏သားအတွက်ကြောင့် အကျဉ်းမှ လွတ်ပါရမည်အကြောင်း၊ သားကိုတွေ့ရပါမည်အကြောင်းများနှင့် အကျွန်ုပ်ထံ အကြိမ်ကြိမ် လာ၍ သင်ပြောလေပြီ၊ သို့သော်လည်း သူတော်ကောင်းတစ်ယောက်ဖြစ်သော အကျွန်ုပ် သားအရေး ရှုပ်ထွေးရှိနေခြင်းကြောင့် လူဆိုးသူယုတ်ဖြစ်သော အမယ့်သားအရေးကို အကျွန်ုပ် အဘယ်မှာ အရေးပေးသွားနိုင်ပါမည်နည်း၊ အကျွန်ုပ်သား၌ သူဌေးကြီးအလီဒင် ဝယ်ယူ ခေါ်ဆောင်သွားသော ရာစမန်သတို့သမီးကြောင့် ကမ္ဘာမီးလောင်လျက်ရှိသည်၊ အမယ့်သား အတွက် အဘယ်မှာ သတိရနိုင်ပါမည်နည်းဟု ဆိုလေ၏။

ထိုအခါ အမယ်အိုက အို အရှင်မ၊ အကျွန်ုပ်သားကိုသာ ထောင်မှလွတ်အောင် ကြံဆောင်ပါ၊ အကယ်၍ ထောင်မှလွတ်သည်ရှိသော် သူဌေးကြီးအလီဒင်ကို ပယ်ဖျောက်လျက် ရာစမန်ကို အရှင်မသားအဖို့ ဆောင်ယူပေးဆက်ပါမည်ဟု ဆို၏၊ လင် အမီယားခါလစ်ထံ သွားပြီးလျှင် အို အမီယားခါလစ်၊ ကျွန်ုပ်တို့သားချစ် ကျန်းမာချမ်းသာရန်အရေးနှင့် သင့်အား စေတနာတစ်ခွန်း တိုင်ပင်ပြောဆိုလိုသည်၊ သို့ရာတွင် ထိုအကြောင်းအရာကို သင် သဘောတူ

လိုက်နာသည်ဖြစ်စေ၊ မလိုက်နာသည်ဖြစ်စေ၊ မည်သူတစ်စုံတစ်ယောက်ကိုမျှ မပြောဆိုပါကြောင်း သစ္စာပြုရမည်ဟု ပြော၏။

အမီယားခါလစ်လည်း ကောင်းပါပြီဟုဆို၍ သစ္စာပြု၏၊ ထိုအခါ ခါတွန်က အို ရာဇဝင်စစ်သည်သူရဲကြီး အမီယားခါလစ်၊ ငါတို့သားဘေးဥပဒ်အန္တရာယ် ငြိတွယ်ကပ်ရောက်အောင် ကြံဆောင်ပြုလုပ်၍ ရာစမန်ကိုဝယ်ယူသွားသော သူဌေးကြီးအလီဒင်ကို မကြာမီသေဆုံးစေ၍ ရာစမန်ကို ဆောင်ယူပေးပါစေမည်ဟု သူခိုးကြီးအမိက အကျွန်ုပ်ထံ အကြိမ်ကြိမ် တောင်းပန်လာပါသည်၊ အလီဒင်ကို လက်စားချေလို၍ သင်က ၎င်းသူခိုးကြီးကို အကျဉ်းထောင်မှ လွတ်စေချင်ပါသည်ဟု ပြောဆို၏၊ အမီယားခါလစ်က အို ခါတွန်၊ သူခိုးကြီးကို လွှတ်ဖို့ အရေးကား မခဲယဉ်း၊ အလီဒင်ကို ပယ်ဖျောက်ရန်အရေးသာ ခဲယဉ်းသည်၊ သင်ပြောသည့် စကားအတိုင်း မှန်ပါလျှင် သူခိုးကြီးကို လွတ်စေပါမည်ဟုဆို၍ အကျဉ်းထောင်သို့ သွားလေ၏။

ရောက်သောအခါ စစ်သည်အရာရှိကြီးက အို အာမက်ကမာကင်၊ သင် ယခု အကျဉ်းထောင်၌ ဆင်းရဲဒုက္ခကြီးစွာခံနေရသည်ကို နောင်တသတိရပြီလောဟု မေး၏၊ သူခိုးကြီးက အို ကျေးဇူးရှင်၊ ရှေးအထက်ကာလက လုယက်တိုက်ခိုက် သတ်ဖြတ်ပြုလုပ်မိသမျှကို ယခု ဆင်းရဲဒုက္ခတွေ့ကြုံရသဖြင့် ဓမ္မသံဝေဂနောင်တကြီးစွာ ရပါပြီဟုဆို၏၊ ထိုစကားကို အရာရှိကြီးကြားလျှင် အို အာမက်ကမာကင်၊ သင်ပြောသည့်အတိုင်း မှန်မည်လော၊ သင်က အကျွန်ုပ်သည် နောက်နောက်ကကဲ့သို့ ဥစ္စာလုယက် တိုက်ခိုက်ခြင်းကို မပြုပါ၊ ရှေးမှုဟောင်းကိုပစ်၍ မှုသစ်ကို ကျင့်ပါမည်၊ အကျွန်ုပ်ပြောဆိုသည့်အတိုင်း မတည်လျှင် ဓားဘေး၊ လှံဘေး၊ အဆိပ်ဘေး၊ သွေးအန်၍ လတ်တလော သေစေတတ်သော ဘေး အစရှိသော ဘေးအပေါင်းတို့ ကျရောက်၍ သေပါစေသတည်းဟု ဆိုပြီးလျှင် သစ္စာပြုရမည်၊ သင် ဤသစ္စာကိုပြုက သင့်အား ငါလွှတ်မည်ဟု ပြောဆိုသည်။

သူခိုးကြီးက သစ္စာကိုပြုသဖြင့် အရာရှိကြီးက ယုံကြည်ပြီးလျှင် အကျဉ်းထောင်မှ နုတ်ယူ၍ မင်းကြီးနန်းတော်သို့ ခေါ်ဆောင်သွားလေ၏၊ သူခိုးကြီးနှင့် အရာရှိကြီးကိုမြင်လျှင် မင်းကြီးက အချင်းအမီယားခါလစ်၊ ဤသူခိုးလူဆိုးကြီး အသက်ကို အဘယ်ကြောင့် ယခုတိုင် အရှင်ထားရသေးသနည်း၊ ဤသို့ ယုတ်မာဆိုးသွမ်းသူ တစ်ယောက် လောက၌ အသက်ရှည်လျှင် အများသောသူတော်ကောင်းတို့ ပျက်စီးကာ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်း ဒုက္ခကို ရကြပေသည်၊ ငါတို့ မင်းဟူသည်မှာလည်း ပြည်သူတို့၏ မိဘဖြစ်၍ ပြည်သူတို့အား

စောင့်ရှောက်ရသော မင်းကျင့်တရားရှိပေသည်၊ သို့ဖြစ်၍ ဤသူဆိုးသူမိုက်ကို အရှည်မထား သင့်ဟု မိန့်ဆို၏။

ထိုစကားကို အမီယာခါလစ်ကြားလျှင် ဘုန်းတော် အလွန်ကြီးတော်မူလှသော တရားမင်းမြတ်၊ အရှင်မိန့်ဆိုသည့်အတိုင်း ဤသူခိုးကြီး၏ အမူအရာ မပြောင်းလဲဘဲ ရှေးကကဲ့သို့ ရှိနေလျှင် စီရင်ထိုက်ပေသည်၊ လောကတွင် ဆိုးသည်ကောင်းသည်ဟူရာ၌ စိတ်ပင်ပဓာန ဖြစ်ပါသည်၊ စိတ်၌ ကောင်းသော နလုံးကိုထားက သူတော်ကောင်း ဖြစ်ရာသည်၊ ဆိုးသွမ်းသော စိတ်နလုံးကိုထားက သူယုတ်မာဖြစ်ရာသည်၊ သို့ဖြစ်၍ ဤသူကို သတိနောင်တ ကြီးစွာရအောင် အတန်တန်နိပ်စက်ညှဉ်ပန်း၍ ဓမ္မသံဝေဂကြီးစွာ ရလျက်ရှိပါပြီ၊ ၎င်း၌လည်း အမေအိုရှိ၍ ၎င်းအမေအိုမှာလည်း ၎င်းပြင် သားသမီးဟူ၍ မရှိသောကြောင့် ၎င်းပင် ရှာဖွေ ကျွေးမွေး ပြုစုရပါသည်၊ ၎င်းသေသည်ဖြစ်စေ၊ အကျဉ်းထောင်၌ နှစ်လရှည်ကြာစွာ နေရသည် ဖြစ်စေ၊ ၎င်း၏အမိ၌ လုပ်ကျွေးမွေးမြူသူကင်း၍ အမိအိုလည်း မကြာမီသေဆုံးရပါမည်၊ သို့ဖြစ်၍ ၎င်းကိုစီရင်က အမိကိုလည်း စီရင်ရာ ရောက်မည်သောကြောင့် အမေအိုကို လုပ်ကျွေးမွေးမြူပေးသော ဤသူခိုးကြီးအား အသက်ဘေးမှ ချမ်းသာ ပေးသနားတော် မူစေချင်ပါသည်ဟု တင်လျှောက်၏။

မင်းကြီးက အမေအိုကို လုပ်ကျွေးမွေးမြူသူ ဟူသော သူတော်ကောင်း စကား တစ်ခွန်းကို ကြားရ၍ မီးနှင့်ထိသော ချိပ်ကဲ့သို့ လည်းကောင်း၊ နေထိသော ဖယောင်းကဲ့သို့ လည်းကောင်း၊ သံချောင်းလွှစောင်းကဲ့သို့ အလွန်ခက်ထန် ကြမ်းတမ်းသော မာန်စောင်ကို တရားတည်းဟူသော မီးနှင့်တွေ့၍ စိတ်နလုံးနူးညံ့ပြီးလျှင် အချင်းအမီယာခါလစ်၊ ယခုပင် လွှတ်စေ၊ ၎င်းကိုလည်း အခြားတစ်ပါးသို့ မသွားစေနှင့်၊ အကျဉ်းထောင်မှာပင် အကြီးအမှူး ခန့်ထား၍ လစာရိက္ခာ လုံလောက်စွာပေးစေဟု မိန့်တော်မူလေ၏၊ အမီယာခါလစ်နှင့် သူခိုးကြီးသည် ထိုစကားကိုကြားလျှင် မင်းကြီးအား ဝမ်းမြောက် ဝမ်းသာ ရှိသေစွာရှိခိုး၍ ပြန်လာကြပြီးလျှင် အကျဉ်းထောင်သို့ ရောက်သည်ကာလ အကြီးအမှူးဌာနန္တရရာထူးဖြင့် ချီးကျူး ခန့်ထားလေသတည်း။

ထိုနောက် များမကြာမီ သူခိုးကြီး၏ အမေအိုသည် အရာရှိကြီးမိန်းမ ခါတွန်ထံသို့လာ၍ အရှင်မ၊ အရှင်မကျေးဇူးကြောင့် အကျွန်ုပ်သား အကျဉ်းထောင်မှလွတ်သည့်ပြင် မင်းကြီးက ရာထူးဌာနန္တရနှင့် ခန့်ထား၍ အတိုင်းမသိသောကျေးဇူးကို ရပေသည်၊ အကျွန်ုပ်ကလည်း

ဤကျေးဇူးကို ဆပ်ပါမည်ဟု ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ခါတွန်လည်း ကောင်းပြီ မိခင်၊ ကျေးဇူးဆပ်ရန်သာ လိုတော့သည်ဟုဆို၍ အမေအိုကြီးသည် မိမိသား သူခိုးကြီးထံသို့ လာပြီးလျှင် ထောင်မှလွတ်ကြောင်း၊ ရာထူးဌာနန္တရဖြင့် ချီးကျူးမစကြောင်း၊ အလွန် ကျေးဇူးဥပကာရ ကြီးကြောင်းများနှင့် နောက်နောက်က ထားခဲ့သောကတိသစ္စာကို ထုတ်ဖော် ပြောဆိုလေ၏၊ သူခိုးကြီးလည်း မိခင်၊ ကောင်းပါပြီ၊ မစိုးရိမ်ပါနှင့်၊ အကျွန်ုပ်ကြံဆောင်ပါမည်ဟု ဝန်ခံနှစ်သိမ့်စေ၍ မိခင်အားပြန်စေ၏။

တစ်နေ့သ၌ ညချမ်းသောအခါ မင်းကြီးသည် လဆန်းတစ်ရက်နေ့ဖြစ်၍ မိမိ ဝတ်ဆင်သော မင်းမြောက်တန်ဆာတို့နှင့် စိပ်ပုတီး၊ ကျောက်စီရွှေခါးအစရှိသော အဖိုးထိုက် ပစ္စည်းရတနာတို့ကို အဆောင်တော်တွင်း၌ရှိသော ဆင်စွယ်ကုလားထိုင်ပေါ်တွင် တင်ထားခဲ့၍ မိမိကျေးကျွန် အခြွေအရံ၊ ကိုယ်ရံတော်သားမောင်းမ ပရိသတ်တို့ကို လှည့်လည် ကြည့်ရှုသည်၊ သူခိုးကြီး အာမက်ကမာကင်သည် ရုတ်တရက် နန်းတော်အဆောင်တွင်းကို ဖောက်ထွင်း ဝင်ရောက်ပြီးလျှင် မင်းသုံးမင်းဆောင်ထားရာ အရပ်ကို လှည့်လည်ကြည့်ရှုသောအခါ အထက် အဆိုပါ ရတနာများကို မြင်လေ၏။ ထိုအခါ အစောင့်အရှောက် အိပ်ဖန် ကိုယ်ရံတော် နန်းတွင်းသူနန်းတွင်းသားတို့ နိုးကြားခြင်းမရှိရအောင် သူခိုးလူဆိုးတို့ တတ်ကျွမ်းလေ့ရှိသော အိပ်ငွေ့အတတ်ပညာဖြင့် နန်းတွင်းသူအပေါင်းတို့ကိုချ၍ နန်းတွင်းသူအားလုံးတို့လည်း အိပ်မောကျလျက် ရှိကြကုန်၏၊ အာမက်ကမာကင်လည်း မိမိအလိုဆန္ဒရှိသမျှ ယူဆောင် ခဲ့ပြီးလျှင် သူဌေးကြီးအလီဒင်အိမ်သို့ သွားရောက်လျက် အိမ်ကြမ်းပြင်ကို ခွာလှန်၍ အချို့ကို မြှုပ်နှံထားခဲ့ကုန်၏၊ ရတနာအတိစိခြယ်သော မီးအိမ်နှင့်တကွ မိမိအလိုဆန္ဒရှိရာဝတ္ထုများကို မိမိအိမ်သို့ ယူဆောင်ခဲ့လေ၏။

နံနက်မိုးသောက် ရောက်လတ်သော် မင်းကြီးသည် အဆောင်တော်တွင်းသို့ ဝင်ရောက် ကြည့်ရှုရာ နန်းတွင်းသားအပေါင်းတို့ အိပ်မောကျလျက်ရှိနေသည်ကို တွေ့မြင်ရသဖြင့် မိမိ ထားခဲ့သော မင်းမြောက်တန်ဆာ ရတနာပစ္စည်းရပ်များကို ရှာဖွေကြည့်ရှုသည်၊ တစ်စုံတစ်ခု ကိုမျှ မမြင်၊ သူခိုး ခိုးယူသည့် လက္ခဏာများကို မြင်ရသဖြင့် အမျက်ပြင်းထန်စွာ ထွက်လျက် ရှိနေစဉ် ဝိဇီယာအမတ်ကြီး ရုတ်တရက်ဝင်လာ၍ အကြောင်းကိုပြောဆို၏၊ ယင်းသို့ ပြောဆိုနေစဉ် အရာရှိကြီးအမီယားခါလစ်နှင့် သူခိုးကြီးအာမက်ကမာကင်တို့ တက်လာ သည်ကို မင်းကြီးမြင်လျှင် အချင်း အမီယားခါလစ်၊ ငါ၏ ပျောက်ဆုံးသော မင်းမြောက်တန်ဆာ

ရတနာများကို မောင်မင်းရှာဖွေ ဆက်သရမည်၊ အကယ်၍ မရခဲ့လျှင် မောင်မင်းကို အဆုံးစီရင်မည်ဟု မိန့်ဆို၏။

အရာရှိကြီးက အရှင်မင်းမြတ်၊ အကျွန်ုပ်ကို ဤမင်းမြောက်တန်ဆာ ရတနာပစ္စည်းရပ်များ အကြောင်းနှင့် မစီရင်မီ အာမက်ကမာကင်ကို စစ်မေးတော်မူပါဦးဟု တင်လျှောက်၏၊ သူခိုးကြီးအာမက်ကမာကင်ကို စစ်မေးရာ ဘုန်းတော်ကြီးမြတ်တော်မူလှသော အရှင်မင်းကြီး၊ ဤသူခိုး ခိုးယူ၍ ပျောက်ဆုံးရသော မင်းမြောက်တန်ဆာ ရတနာတို့ကြောင့် စိုးရိမ်ကြောင့်ကြတော်မမူဘဲ ရွှေနန်းပေါ်၌ ချမ်းသာစွာစံနေတော်မူပါ၊ တစ်ခုမကျန် အကုန်အစင် ရအောင် ကျွန်ုပ်သူခိုးနှင့်တကွ ဖမ်းဆီးဆက်သပါမည်၊ သို့ရာတွင် ဤတန်ဆာ ရတနာတို့ကား သာမညပြည်သူ ဆင်းရဲသားတို့ ယူဝံ့မည်မဟုတ်ပါ၊ အရှင်မင်းကြီးကို ပယ်ဖျောက်၍ မင်းလုပ်မည်ဟု ကြံစည်လျက်နေသော အရာရှိတို့သာ ခိုးယူလိမ့်မည်ဟု ကျွန်ုပ် အထင်ရပါသည်၊ သို့ဖြစ်၍ အကျွန်ုပ်ရှာဖွေရမည်မှာ လူသာမန်တို့အိမ်တွင် ရှာဖွေရမည်မဟုတ်၊ အကျွန်ုပ်တို့ အထက်အရာရှိကြီးများ အိမ်တွင် ရှာဖွေရမည်ဖြစ်၍ ထောင်မှူးနှင့် နောက်ပါ လူနှစ်ယောက်တို့ကို ထည့်စေချင်ပါသည်ဟု တင်လျှောက်၏။

မင်းကြီးက အချင်းအာမက် ကောင်းပြီ၊ သင်တောင်းဆိုတိုင်း ငါထည့်မည်၊ ရှာဖွေသော အခါ ပထမရှေးဦး ဤနန်းတော်ပေါ်၌ ရှာဖွေရမည်၊ ဒုတိယ မင်းတိုင်ပင်အမတ်ကြီးအိမ်၊ တတိယ ရီအက်စစ်ဝန်အရာရှိအိမ်၊ စတုတ္ထ သူဌေးအလီဒင်အိမ်တို့မှာ ရှာဖွေရမည်ဟု မိန့်ဆို၏၊ အာမက်ကမာကင်သူခိုးကြီးက အရှင်မင်းကြီး ကောင်းပါပြီ၊ သို့ရာတွင် သူခိုးနှင့်တကွ ဝန်ထုပ်ဝန်ပိုးကိုတွေ့လျှင် ရှေ့တော်သို့ သွင်းဆောင်ရဦးမည်လော၊ သို့မဟုတ် မည်သို့ပြုလုပ်ရမည်ကို မေးလျှောက်၏၊ မင်းကြီးက သူခိုးကိုတွေ့လျှင် ငါရှေ့တော်သို့မသွင်းဘဲ တစ်ခါတည်း အဆုံးစီရင်လေဟု အမိန့်ပေးအပ်လိုက်လေသတည်း။

ထိုအခါ အာမက်ကမာကင်သူခိုးကြီးသည် နောက်ပါအခြွေအရံများစွာနှင့် မင်းကြီး၏ အခွင့်အမိန့်အရ လိုက်လံရှာဖွေရန် တစ်ပိုင်းကားသံ၊ တစ်ပိုင်းကားကြေးနီ၊ တစ်ပိုင်းကား သံပျော့ဖြင့် ပြီးသော တုတ်တစ်ချောင်းကို ကိုင်ဆောင်လျက် ပထမရှေးဦး မင်းကြီး၏ နန်းတော်၌ရှာဖွေလေ၏၊ ထို့နောက် ဒုတိယအမတ်ကြီးဂျေဖာအိမ်မှစ၍ အစဉ်အတိုင်း ရှာဖွေလာရာ နောက်ဆုံး အလီဒင်အိမ်သို့ ရောက်လေ၏၊ အလီဒင်လည်း အိမ်၏ပြင်ဘက်၌ အုတ်အုတ်ကျက်ကျက် အသံကိုကြားရလျှင် မိမိဇနီး ရာစမန်နှင့်ထ၍ အပြင်သို့ထွက်လာသည်၊

အမတ်ကြီး၊ ထောင်မှူး၊ သူခိုးကြီးအစရှိသော လူအပေါင်းတို့ကိုမြင်လျှင် အို အရာရှိကြီးတို့၊ မည်သည့် အကြောင်းကိစ္စနှင့် အကျွန်ုပ်နေအိမ်သို့ ကြွလာကြပါသနည်းဟု မေးမြန်းသည်၊ သူခိုးကြီးက အို အလီဒင်၊ မင်းကြီး၏ မင်းမြောက်တန်ဆာ ရတနာသန်လျက် အစရှိသော ပစ္စည်းဝတ္ထုများကို နန်းတော်၌ သူခိုး ခိုးယူပျောက်ဆုံးသည်ဖြစ်၍ ထိုပစ္စည်းရပ်များကို သင်၏ အိမ်၌ရှာဖွေရန် ငါတို့လာရောက်ရသည်၊ အခွင့်ပေးလော့ဟုဆို၏။

ထိုစကားကို အလီဒင်ကြားလျှင် အို အာမက်ကမာကင်၊ သင် သဘောရှိတိုင်း အကျွန်ုပ်အိမ်၌ ရှာဖွေလေလောဟု ခွင့်ပြု၏၊ ထိုအခါ သူခိုးကြီးသည် အလီဒင်၏ အတွင်းခန်း၊ အပြင်ခန်း၊ အတွင်းဆောင်အပြင်ဆောင်တို့ကို လိုက်လံရှာဖွေဟန်ပြု၍ မိမိမြှုပ်နှံထားသော နေရာသို့ ရောက်လျှင် မြေကိုတူးဆွကြည့်ရှုရာ ခိုးရာပါပစ္စည်းတို့ကို တွေ့ရှိသည်နှင့် တစ်ပြိုင်နက် အလီဒင်ကို ဖမ်းဆီးချုပ်နှောင်လျက် ပိုက်နက်ပစ္စည်း သက်ရှိသက်မဲ့အလုံးကို သိမ်းကျုံး ယူငင်သည့်ပြင် ဇနီးခင်ပွန်းဖြစ်သူ ရာစမန်ကိုလည်း ထောင်မှူးကြီးမယား ခါတွန်လက်သို့ ပေးအပ်လိုက်လေ၏။

ခါတွန်လည်း ရာစမန်ကို မိမိအိမ်သို့ ယူဆောင်ခဲ့ပြီးလျှင် သားဖြစ်သူ ဟာဘာဇလန် ဘဇာဇာကိုပြရာ သားလည်း ချစ်ခင်စုံမက်နစ်သက်သော အာရုံကာမဂုဏ် ယစ်မူးရှင်မြူးစွာ နေရာမှ ထပြီးလျှင် ရာစမန်အနီးသို့ ချဉ်းကပ်လာလေ၏၊ ရာစမန်လည်း လင်၏ဒုက္ခ ဆူလောင်ကြွ၍ သောကဗျာပါ မီးစက်ဆင်ကဲ့သို့ရှိနေရာ တဏှာလိုက်စား မတရားပြုမည့် အရေးကို မြင်၍ အသက်ပင်သေစေတော့ စိတ်ထားဖြင့် မိမိဆင်မြန်းထားသည့် ခါးပတ်ထဲမှ ဓားကိုထုတ်ကိုင်ကာ ဟယ် အချင်းလူမိုက်၊ သင်သည် ငါ့အနီးသို့ မချဉ်းကပ်လင့်၊ အကယ်၍ သင်ချဉ်းကပ်ခဲ့လျှင် ဤဓားဖြင့် သင့်ကိုထိုးသတ်၍ ငါ၏ကိုယ်ကိုလည်း ငါ အဆုံးစီရင်မည်ဟု ခြိမ်းခြောက်ပြောဆိုလေ၏။

ထိုအခါ မိခင်ဖြစ်သူ ခါတွန်က အို အကြံစိတ်ကူး ရူးသွပ်ယုတ်မာသောမိန်းမ၊ သင်သည် အကျွန်ုပ်သား စိတ်ညစ်ကျုံစေကြောင်း မကောင်းသော အမူအကျင့်ကို အဘယ်ကြောင့် ဤကဲ့သို့ ပြုလုပ်ရသနည်းဟု မေး၏၊ ထိုစကားကို ရာစမန်ကြားလျှင် ဟယ် တိရစ္ဆာန်ပမာ လွန်စွာ မိုက်ရိုင်းသော မိန်းမကြီး၊ ဤတစ်သက်တွင် အဘယ်ကြောင့် အကျွန်ုပ် လင်နှစ်ယောက် ယူရမည်နည်း၊ တောပေမဝိ ပန်းမာလာနှင့် ရတနာကြိုး ခြသေ့်ဂူတွင် ယုတ်ညံ့ သိမ်ဖျင်းသော တိရစ္ဆာန်ခွေးများကို လက်ခံနိုင်မည်လောဟုဆို၏၊ ထိုအခါ ခါတွန်က

ဟယ် သူယုတ်မ၊ သင့်အတွက်ကြောင့် သင့်လင် အလီဒင်ပါ ကြီးစွာသောဒဏ်ကို ထားစေမည်ဟုဆို၏၊ ရာစမန်လည်း အို သူယုတ်မကြီး၊ ငါ့ချစ်လင်နှင့် သေလျှင်အတူ ရှင်မှုမကွဲ စွဲမြဲကြင်နာ မေတ္တာတောင်းဆု ရေထုပမာ ကြီးလှပါ၍ သင်တို့ မည်သို့ပင်ကြံစည်လေလေ၊ သင်တို့ မတရားမှောက်မှားစေကြောင်း မကောင်းသောအကြံ ပေါ်ပေါက်ပြန်လျှင် ဒဏ်ရှိသမျှ သင်တို့ကြံစည် ပြုလုပ်လေလော့ဟု ဆို၏။

ထိုအခါ သား ဟာဘာဇလန်ဘဇာဇာလည်း ရာစမန်ကိုမရ၍ စိတ်ဒုက္ခဝေဒနာ ကြီးစွာရောက်သောကြောင့် ရောဂါတိုးတက်လာသည်ကို မိခင် ခါတွန်မြင်လျှင် အမျက်ပြင်းစွာ ထွက်၍ ရာစမန် အဝတ်တန်ဆာတို့ကို ချွတ်ယူ၍ ထမင်းချက် ရေခပ် အစေခံကျွန် အဖြစ်၌ထားလေ၏၊ ထိုအခါ ရာစမန်က အို သူယုတ်မကြီး၊ သင် သဘောရှိတိုင်းပြုပါလေ၊ အကျွန်ုပ်မှာကား သင်၏သားမျက်နှာကို မမြင်ရလျှင် မြတ်လှပေပြီဟုဆို၍ အစေခံကျွန် အဖြစ်ဖြင့် နေထိုင်လေ၏။

အလီဒင်မှာမူကား ခိုးရာပါပစ္စည်းများနှင့်တကွ ချုပ်နှောင်ခံရပြီးလျှင် မင်းကြီး ရှေ့တော်သို့ ယူဆောင်လာရာ မင်းကြီးက အချင်း အလီဒင်၊ သင့်ကို ဥစ္စာစည်းစိမ် အမြောက်အမြား ပေးကမ်းမြှောက်စားထားပါလျက် မတရားသောအမှုကို သင်ပြုရမည် လောဟု မေး၏၊ အလီဒင်က အရှင်မင်းကြီး၊ စေ့စေ့ဆင်ခြင်တော်မူပါ၊ ဤပစ္စည်းများကို အကျွန်ုပ် ခိုးယူရသည် မဟုတ်ပါ၊ အကျွန်ုပ်အိမ်၌ အရှင်မင်းကြီး ပေးသနားသော ရွှေငွေ အမြောက်အမြား ရှိပါသည်၊ ဤရတနာများလ်း အကျွန်ုပ်၌ တစ်စုံတစ်ရာအသုံးမဝင်၊ အရှင်မင်းကြီး၏ အထင်တော်များအောင် ကြားသူတို့ မတရားပြုသောလက္ခဏာနှင့်တူပါသည်၊ အရှင်မင်းကြီး၊ မင်းတို့မည်သည်ကား မည်သည့်အရာကိုမဆို စစ်ဆေးမေးမြန်း၍ မိမိ အတပ်သိမှ စီရင်ထိုက်ပါသည်၊ အရှင်မင်းကြီးလည်း ပညာရှိမင်းဖြစ်၍ ဟုတ်တန်ရာသည်၊ မဟုတ်တန်ရာသည်ကို ကြံစည်နိုင်းဆ ပြုလုပ်မှသာလျှင် ပစ္စုပ္ပန်သံသရာ နှစ်ဖြာ ကောင်းနိုင်ရာပါသည်ဟု လျှောက်ထား၏။

မင်းကြီးက အမျက်ပြင်းစွာထွက်၍ စစ်ဆေးမေးမြန်းခြင်းကို မပြုဘဲ ဟယ် အချင်းတို့၊ အလီဒင်ကို ခရီးလမ်းမဆုံးရာ အရပ်တိုင်း၌ ရိုက်ခတ်၍ အသက်ဆုံးရှုံးအောင်စီရင်လေဟု အမိန့်ပေးလေ၏။

ထိုအခါ အလီဒင်အား သားအရင်းကဲ့သို့ ချစ်ခင်စုံမက်သော အာမက် အက်ဒနက် အမည်ရှိသော အရာရှိကြီးသည် မိမိနောက်ပါ အခြွေအရံများစွာနှင့် ဥယျာဉ်ထဲတွင်နေသဖြင့် ဥယျာဉ်မှူးက ဤသို့သွားရောက် ပြောဆို၏၊ အို အာမက် အက်ဒနက် အမည်ရှိသော လက်ယာရံ အရာရှိကြီး၊ အရှင့်မှာမူကား ဥယျာဉ်ထဲ၌ ကိုယ်စိတ်နှစ်ပါးချမ်းသာစွာ မွေ့လျော်ပျော်ပါးနိုင်ပေ၏၊ အရှင့်သား အလီဒင်မှာမူကား သေလောက်သော ပြစ်မှုကြီးရောက်လျက် ရှိချေပြီဟုဆို၍ အကြောင်းစုံကို အကုန်အစင် တင်လျှောက်လေ၏။

အရာရှိကြီးသည် စိတ်နှလုံးမချမ်းသာ မြန်စွာထလာပြီးလျှင် လက်ဝဲရံ ဟက်ဆင်ရှူမင် အမတ်ကို ဤသို့ပြောဆို၏၊ အို အမတ်ကြီး၊ ယခု အကျွန်ုပ်သား အလီဒင်၌ ကြီးလေးသော အမှုရောက်လျက်ရှိချေပြီ၊ ထိုဘေးမှ ကင်းဝေးချမ်းသာအောင် မည်ကဲ့သို့ ကြံစည်ရပါမည်နည်းဟု မေး၏၊ ထိုအခါ ဟက်ဆင်ရှူမင်က အို အမတ်ကြီး၊ အလီဒင်အစား တစ်ပါးသူကို လွှဲ၍ မင်းကြီး အမိန့်အရ သတ်စေရသော် သင့်လျော်လိမ့်မည်ဟုဆို၏၊ ထိုစကားကို အရာကြီးနှစ်ဦးစလုံးပင် သဘောတူညီကြ၍ ဟက်ဆင်ရှူမင်သည် ထောင်သို့သွားပြီးလျှင် ထောင်မှူးအား ဤသို့ဆို၏၊ အချင်းထောင်မှူး အလီဒင်နှင့် သက်တူရွယ်တူ သဏ္ဍာန်တူ၊ သေသင့်သူ လူတစ်ယောက်ရှိပါမူ အကျွန်ုပ်အား ပေးစေချင်ပါသည်ဟု တောင်းဆိုသည်၊ ထောင်မှူးလည်း ရုတ်တရက်ပေးလေ၏၊ ၎င်းသူ၏ ဦးခေါင်းကို အဝတ်ဖုံးလွှမ်းပြီးလျှင် လူသတ်ရာစက်တိုင်သို့ ယူသွား၍ အလီဒင်ကိုယ်စား သွင်းထားလေ၏၊ သူသတ်အာဏာသားတို့လည်း အို အမတ်ကြီးတို့၊ ဖယ်ရှားကြကုန်လော၊ အကျွန်ုပ်ကား မင်းကြီးအမိန့်ရ အလီဒင်ဦးခေါင်းကို ဖြတ်လိုပါသည်ဟုဆိုကြ၏၊ အမတ်ကြီးတို့ကလည်း ဟယ် အချင်းလူမိုက်၊ ဥစ္စာစည်းစိမ် အခြံအရံနှင့် ပြည့်စုံသူသည် ဤမျှသောရတနာကို ခိုးယူသည် ဆိုရာ၌ ဟုတ်နိုင်ပါမည်လော၊ မတရားပြုလုပ် စွပ်စွဲခြင်းမျှဖြစ်၍ မစီရင်ထိုက်၊ ၎င်းကိုယ်စား ပေးသွင်းသူကိုသာ စီရင်ထိုက်သည်ဟုဆို၍ အာဏာသားများကို ခြိမ်းခြောက်ပုတ်ခတ်ကုန်၏၊ အာဏာသားတို့လည်း ကြောက်ရွံ့သဖြင့် ကိုယ်စားသွင်းသူကိုသတ်ကြလေ၏။

ထိုအခါ အမတ်ကြီးအာမက်အက်ဒနက်နှင့် ကိုင်ရိုမြို့ကအရာရှိ အလီအက်ဇီဘက်တို့သည် အလီဒင်ကိုခေါ်ဆောင်၍ အိမ်သို့ပြန်လာကြရာ ရောက်သည်ကာလ အမတ်ကြီး အာမက်အက်ဒနက်က အို ချစ်သားအလီဒင်၊ မင်းကြီးသည် သင့်အား ချီးပမြှောက်စားသနားခြင်းကို ခံပါလျက် ဤမျှသောဝတ္ထုကို သင်ယူရမည်လောဟု မေး၏၊ အလီဒင်က အို

ကျေးဇူးရှင်၊ အကျွန်ုပ်ကား ဤမျှသောဥစ္စာကိုယူဖို့ မဆိုနှင့်ဦး၊ စိတ်ကူးမျှမထည့်ဝံ့ပါ၊ စင်စစ်အားဖြင့် ဝက်နက်ညာဏ် အကောက်ကြံ၍ ပြုသောအမှုမျှသာဖြစ်ပါသည်ဟု ပြန်ပြော၏။

ထိုစကားကို အမတ်ကြီးကြားလျှင် အို ချစ်သား၊ သင်ပြောဆိုသည့်အတိုင်း ဖခင်ယုံကြည်ပါ၏၊ သို့ရာတွင် ယခုအခါ သင် ဤမြို့၌ နေခြင်းငှာမသင့်၊ အခြားမြို့သို့ သွားရောက်နေထိုင်ဦးမှ သင့်လျော်မည်ဟု ပြောဆိုသည်။

အလီဒင်က အို ကျေးဇူးရှင်၊ မည်သည့်အရပ်ဒေသသို့ သွားရောက် နေထိုင်ရမည်နည်းဟု မေး၏၊ အမတ်ကြီးက အို အလီဒင်၊ သင့်အား ငါ အဲလက်ဇန္ဒရာမြို့သို့ ခေါ်ဆောင်သွားမည်ဟုဆိုပြီးမှ အမတ်ဟက်ဆင်ရှုမင်အား ဤသို့ပြောဆို၏၊ အို အမက်ဟက်ဆင်ရှုမင်၊ အကျွန်ုပ်အား မင်းကြီးမေးလျှင် တိုင်းပြည်လှည့်လည် ကြည့်ရှုစုံစမ်းရန် ထွက်သွားကြောင်း တင်လျှောက်ပါလေဟု မှာလေ၏၊ အမက်ဟက်ဆင်ရှုမင်လည်း ကောင်းပါပြီဟုဝန်ခံသဖြင့် အလီဒင်နှင့်အတူ ဘက်ဂဒက်မြို့မှ ထွက်ခွာသွားကြလေ၏၊ ထိုအခါ ခရီးလမ်းစခန်း၌ မင်းကြီး၏ အခွန်တော်ငွေကို လှည့်လည်ကောက်ခံနေသော ရေဝတီလူမျိုး နှစ်ယောက်ကို မြင်းစီးနင်းလျက် တောင်ကြားထဲတွင် တွေ့ကြုံရာ အမတ်ကြီး အာမက်အက်ဒနက်က အချင်းတို့၊ ငါ့အား သင်တို့တောင်စောင့်ခ ပေးရမည်ဟုဆို၏၊ ရေဝတီလူမျိုး နှစ်ယောက်က သင့်အား မည်သည့်အတွက်ကြောင့် ပေးရမည်နည်းဟု မေး၏၊ ငါသည် ဤတောင်ကြား ခရီးလမ်းသို့ ရောက်လာသမျှသော လူအပေါင်းတို့အား အခွန်ငွေကောက်ခံ နေထိုင်သူဖြစ်သည်၊ ဤခရီးလမ်းအတွက် သင်တို့ပေးဆောင်ရမည်ဟု ပြောဆိုသည်။

ရေဝတီလူမျိုးနှစ်ယောက်သည် တစ်ယောက်လျှင် ရွှေဒင်္ဂါး ၂၀၀ စီ ပေးကြလေ၏၊ အမတ်အာမက်အက်ဒနက်လည်း ၎င်းလူမျိုးနှစ်ယောက်ကို သတ်ဖြတ်၍ တိရစ္ဆာန်မြင်းနှစ်ကောင်ကို ယူပြီးလျှင် နှစ်ယောက်စီးနင်းလျက် အာယပ်မြို့သို့ သွားကြ၏၊ ရောက်သောအခါ တည်းအိမ်တစ်ခုတွင် ညဥ့်အဖို့ကို ကုန်လွန်စေ၍ နံနက်မိုးသောက်ရောက်လတ်သော် အလီဒင်သည် မိမိစီးနင်းသော မြင်းကို ရောင်းချ၏၊ အမတ်ကြီးအက်ဒနက်၏ မြင်းကိုမူကား ၎င်းတည်းအိမ်တံခါးမှူးထံ အပ်နှံခဲ့ပြီးလျှင် သင်္ဘောစီး၍ အဲလက်ဇန္ဒရာမြို့သို့ သွားကြလေ၏၊ ထိုအဲလက်ဇန္ဒရာ မြို့၌လည်း အလွန်သိုက်မြိုက်တင့်တယ် ရှုချင်စဖွယ်ရှိသော အိမ်ကြီးတစ်ဆောင်ကို အသုံးအဆောင် ပရိဘောဂ ဝတ္ထုများနှင့်တကွ လေလံတင်၍ ရောင်းချစဉ် အလီဒင်တို့ ရောက်လာကြခြင်းဖြစ်၏။

အလီဒင်နှင့်အမတ်ကြီး အာမက်အက်ဒနက်တို့သည် ထိုအိမ်ကိုဝယ်၍ တံခါးကို ဖွင့်လှစ်ကြည့်ရှုရာ ရောင်းချရန် အဖိုးထိုက်တန်သော ကုန်စည်အမြောက်အမြားကို တွေ့ရ၍ ဝမ်းမြောက်ဝမ်းသာ အမတ်ကြီး အာမက်အက်ဒနက်က ဤသို့ဆို၏၊ အို အလီဒင် သင်၏ ကုသိုလ်ကံ ကောင်းပေစွ၊ ယခုအခါ သင်သည် ၎င်းကုန်စည်များကို အရောင်းအဝယ်ပြုလုပ်၍ ချမ်းသာစွာနေလေလော့၊ ငါမူကား ဘက်ဂဒက်မြို့သို့ပြန်သွား၍ သင့်အား မင်းကြီး စိတ်ကျေနပ်အောင် ပြောဆိုလျက် စိတ်ကျေအေးသောအခါ သင့်ကို ပြန်ခေါ်မည်ဟုဆိုပြီး ခုနစ်ရက်မျှ နေထိုင်ကာ ဘက်ဂဒက်မြို့သို့ ပြန်သွားလေ၏။

အမတ်ကြီး အာမက်အက်ဒနက်ကလည်း ဘက်ဂဒက်မြို့သို့ ပြန်ရောက်လာရာ အမက်ဟက်ဆင်ရှူမင်အား အကြောင်းအရာအလုံးစုံကို ပြန်ပြောပြီးမှ အို ဟက်ဆင်ရှူမင်၊ အကျွန်ုပ်အား မင်းကြီးမေးမြန်းတော်မူသလောဟုမေး၏၊ ဟက်ဆင်ရှူမင်က မမေးမြန်းကြောင်း ပြန်ပြောသဖြင့် သူသည် ရှေးကကဲ့သို့ပင် မင်းကြီးအမှုတော်ကို ထမ်းမြဲထမ်းနေလေ၏၊ တစ်နေ့သ၌ မင်းကြီးသည် အမတ်ကြီး ဂျေဖာကိုခေါ်၍ အို အမတ်ကြီး၊ အကျွန်ုပ်သည် အလီဒင်အား သားရင်းအသွင် ချစ်ခင်စုံမက်၍ အတိုင်းထက်အလွန် ကြီးမြင့်သောစည်းစိမ်ကို ပေးသနားပါလျက် ဤမပြုအပ်သောအမှုကို ပြုလေသည်တကားဟု ပြောဆို၏၊ ထိုစကားကို အမတ်ကြီး ဂျေဖာကြားလျှင် အရှင်မင်းကြီး၊ ဤပြစ်မှုကြောင့် အလီဒင်အား အရှင်မင်းကြီးသည် စက်တိုင်တင်၍ ကွပ်မျက်ထားပြီမဟုတ်လော၊ ယင်းသို့ ကွပ်မျက်ထားပါလျက် အရှင်မင်းကြီး စိတ်ကျေအေးအောင် နေထိုင်တော်မူပါဟု တင်လျှောက်၏၊ မင်းကြီးက အို အမတ်ကြီး၊ စိတ်ကျေအေးသည် ဖြစ်စေ၊ မကျေမအေးသည်ဖြစ်စေ အလီဒင်ကို စက်တိုင်တင်၍ သတ်သော နေရာသို့ သွားရောက်ကြည့်ရှုလိုသည်ဟု ဆိုပြီးလျှင် နောက်ပါ အခြွေအရံ များစွာနှင့် စက်တိုင်တင်သောနေရာသို့ သွားကြလေ၏၊ ရောက်သောအခါ စက်တိုင်တင်သော အလောင်းကောင်ကို မြင်လေသော် အလီဒင်နှင့် ပုံသွင်မတူသဖြင့် အို အမတ်ကြီး၊ အလီဒင်၏ လုံးရပ်ကား နိမ့်၏၊ ဤအလောင်းကောင်၏ လုံးရပ်ကားမြင့်၏၊ အလီဒင်ကား အသားဖြူ၏၊ ဤအလောင်းကောင်ကား အသားမည်း၏၊ စင်စစ် အလီဒင်မဟုတ်ဟု ပြောဆိုလေ၏။

ထိုစကားကို ဂျေဖာအမတ်ကြီးကြားလျှင် အရှင်မင်းကြီး၊ လူတို့၌ အသက်ဝိညာဉ် သေဆုံးသောအခါ အကျောအရေဆန့်၍ အရပ်အမောင်းထွက်၏၊ အသားမည်း၏၊ ရှုံ့ဖွယ်အတိ ပုပ်နံ့လှိုင်၏၊ ဖူးဖူးရောင်၏၊ သို့ဖြစ်၍ ဤအလောင်းကောင်သည် အသုဘဖြစ်သောကြောင့်

အရပ်ရှည်လျား အသားမည်းညစ်ခြင်း ဖြစ်ပါသည်ဟုတင်လျှောက်၏။ မင်းကြီးယုံကြည်တော်မမူသဖြင့် မင်းချင်းယောက်ျားသည် စက်တိုင်မှ အလောင်းကောင်ကို အောက်သို့ချ၏၊ ထိုအခါ မင်းကြီးသည် အလောင်းကောင်ကို စုံစမ်းကြည့်ရှုသည်ရှိသော် အလောင်းကောင်၏ ခြေဖနောင့်ဖက်၌ ရှေးရှေးသော ဘုရင်မင်းမြတ်ရစ်ပါး၏ အမည်နာမတော်ကို ဆေးဖြင့်ထိုးနှံ၍ ထားသည်ကို တွေ့မြင်ရလေ၏။ (ရှေးရှေးသောကာလတို့၌ ရှင်ဘုရင်လုပ်သူကို မုန်းထားရန်ငြိုးပြုလုပ်သောသူတို့သည် ၎င်းရှင်ဘုရင်တို့ ဘုန်းတန်ခိုးနိမ့်စေခြင်းငှာ မိမိတို့ခြေဖနောင့်ဖက်၌ ၎င်းဘုရင်တို့၏ အမည်နာမကို ဆေးဖြင့် ထိုးနှံ၍ ထားလေ့ရှိကြသည်။)

ထိုအခါ မင်းကြီးသည် အလီဒင်မဟုတ်ကြောင်း သေချာ သိမြင်သဖြင့် အို ဂျေဖာ အမတ်ကြီး၊ ဤအလောင်းကောင်သည်ကား ရေမြေကို အစိုးရသော ဘုရင်မင်းများကိုမုန်းထားရန်ငြိုးပြုသောသူ ဖြစ်၏၊ အလီဒင်မူကား ရှင်ဘုရင်ကို ချစ်မြတ်နိုးသောသူ ဖြစ်သည်ဟု ဆို၏၊ ထိုစကားကို အမတ်ကြီးကြားလျှင် အရှင်မင်းကြီး၊ ဤအလောင်းကောင်ကား အလီဒင်ပင်ဖြစ်မည်၊ သို့မဟုတ် အခြားပင်ဖြစ်မည်၊ ရုပ်သွင်သဏ္ဌာန် မထင်မရှား ဖြစ်၍ မသိနိုင်တော့ပါဟု တင်လျှောက်၏။

မင်းကြီးသည် ဤအလောင်းကောင်ကို မြေတွင်မြှုပ်နှံစေ၍ အလီဒင်၏ အကြောင်းကို မေ့လျော့အောင် ပယ်ဖျက်ပြီးလျှင် နန်းတော်သို့ပြန်သွားလေ၏။

ထောင်မှူးကြီးသား ဟာဘာဇလန်ဘဇာဇာလည်း အလီဒင်၏ဇနီး ရာစမန်ကို မရ၍ ဒုက္ခကြီးစွာ ရင်ကွဲနာဖြင့် သေလွန်ရာ နှစ်ဖြာမိဘတို့လည်း ချုန်းချလိုက်ဖို ငိုယိုမြည်တမ်း ပင်ပန်းကြီးစွာ အစာမစား တစ်ယောက်တည်းသော သားကြောင့် ကြီးမားသောဒုက္ခ ခံနေကြရလေသတည်း။

ရာစမန်သတို့သမီးလည်း အလီဒင်နှင့် ဆက်ဆံပေါင်းသင်းရာ ကိုးလခန့်ကြာလျှင် ရွှေစင်ရုပ်အသွင်ရှိသော သားယောက်ျားကိုဖွားမြင်၏၊ ထိုသတို့သားအား အဲဆလင်ဟု မှည့်ခေါ်၏၊ ၎င်းသတို့သားသည် နှစ်နှစ်အရွယ်သို့ရောက်၍ တောင်မြောက်အရပ်လေးပါး သွားလာနိုင်သောအခါ မြင်မြင်သမျှသော လူအပေါင်းတို့က ချစ်ခင်စုံမက်ကြကုန်၏၊ အဲဆလင်၏ မိခင်သည် ထောင်မှူးအိမ်တွင် အစေခံကျွန်အဖြစ်နှင့် နေရသည့်အတိုင်း မီးဖိုခန်းထဲ၌ ထမင်းဟင်း ချက်ပြုတ်၍သာ နေရလေ၏။

တစ်နေ့သ၌ စဖိုခန်းတွင် အလုပ်အကိုင်များ လုပ်ကိုင်နေစဉ် သူငယ်သည် တဖြည်းဖြည်းတွား၍ လေ့ကားတစ်ခုကို တက်သည်၊ အပေါ်ထပ်သို့ရောက်လတ်သော် ထောင်မှူးကြီးထိုင်နေသာ အပါးသို့သွား၏၊ ထောင်မှူးလည်း သတို့သားကို မြင်လျှင် ရွှေစင်ရုပ်ကဲ့သို့ လှပတင့်တယ်သော ရုပ်အဆင်းကိုမြင်သဖြင့် ဤသတို့သားကား အလီဒင်နှင့် ရုပ်သွင်သဏ္ဍာန်အလွန်တူပေ၏ဟု အောက်မေ့လျက် မိမိရင်ခွင်ထက် တင်ထားပြီးလျှင် ၎င်းသတို့သားအား ရွှင်မြူးစေရန် ကျီးစယ်၍နေ၏၊ ရာစမန်လည်း မိမိသားကိုမမြင်၍ လိုက်လံရှာဖွေသည်၊ ထောင်မှူးကြီး၏ ရင်ခွင်ထက်၌တွေ့၏၊ ထိုအခါ ထောင်မှူးကြီးက အို ရာစမန်၊ ဤသတို့သားကား မည်သူ၏ ရင်သွေးဖြစ်သနည်းဟုမေး၏၊ ရာစမန်က အို ထောင်မှူးကြီး၊ အကျွန်ုပ်၏သားချစ်ဖြစ်ပါသည်ဟု ဖြေ၏၊ ထောင်မှူးကြီးက အို ရာစမန်၊ ဤသတို့သား၏ ဖခင်ကား မည်သူနည်းဟု မေးမြန်းသည်၊ အလီဒင်အဘူရှာမက် ဖြစ်ကြောင်း ပြန်ပြောသောအခါ အလီဒင်သည် ခိုးသူတစ်ယောက်ဖြစ်သည်ဟု ရှုံ့ချပြောဆိုသည်ကို ရာစမန်က သည်းခံပါ၊ မဆိုပါလင့်ဟု တောင်းပန်၏။

ထိုအခါ ထောင်မှူးကြီးက အို ရာစမန်၊ ၎င်းသတို့သားကို ယခုကစ၍ အရွယ်ကြီးရင့်သည့်တိုင်အောင် အဖမည်သူနည်းဟု မေးလျှင် အမီယာခါလစ်သည် သင်၏ဖခင်တည်းဟု ကျွန်ုပ်ကိုညွှန်ပြလေဆိုရာ ရာစမန်လည်း ကောင်းပါပြီဟု ဝန်ခံလေ၏၊ အမီယာခါလစ်လည်း သတို့သားကို အလွန်ချစ်ခင်၍ ထုံးစံအတိုင်း ဘာသာသွင်းပြီးလျှင် ဆရာတစ်ယောက်ကိုခေါ်၍ စာပေအတတ်ပညာတို့ကို သင်ကြားစေ၏၊ သတို့သားလည်း စာပေကျမ်းဂန်တတ်မြောက်၍ ၁၄ နှစ်အရွယ်သို့ရောက်လတ်သော် အမီယာဘွဲ့တံဆိပ်ကိုရလေ၏။

တစ်နေ့သ၌ အဲဆလင်သတို့သားသည် သူခိုးကြီး အာမက်ကမာကင်နှင့်တွေ့ကြ၍ အကျွမ်းဝင်ကြ၏၊ ကမာကင်လည်း ထိုသတို့သားကို အရက်ဆိုင်သို့ ခေါ်သွား၍ မိမိအိမ်ထဲ၌ရှိသော ရတနာဖြင့်ပြီးသော မီးအိမ်ကိုထုတ်၍ မိမိရှေ့၌ ချထားပြီးလျှင် အရက်သောက်၏၊ (၎င်းမီးအိမ်သည်ကား သူခိုးကြီးကမာကင်သည် မင်းကြီး၏ ပစ္စည်းဘဏ္ဍာများကို ခိုးယူပြီးလျှင် အလီဒင်အိမ်အောက်၌ မြှုပ်ထားသောအခါ မိမိအလိုရှိသော ၎င်းမီးအိမ်ကိုယူ၍ အခြားပစ္စည်းများကိုသာ မြှုပ်ထားသဖြင့် ၎င်းမီးအိမ်သည် သူ့လက်ထဲ၌ အမြဲရှိနေလေသတည်း။) ထိုအခါ အဲဆလင်သည် ၎င်းမီးအိမ်ကိုမြင်လျှင် အို ကမာကင်၊ ဤမီးအိမ်ကို အကျွန်ုပ်အား ပေးပါလော့ဟု တောင်း၏၊ ကမာကင်က အို အဲဆလင်၊ ဤမီးအိမ်ကို သင်မလိုချင်လင့်၊ ၎င်းမီးအိမ်

အတွက် အသက်များစွာ သေဆုံးရလေပြီ၊ အကြောင်းမူကား မင်းကြီး၏ ပစ္စည်းဘဏ္ဍာ အမြောက်အမြားကို ခိုးယူ၍ အလီဒင်အိမ်အောက်၌ အကျွန်ုပ်မြှုပ်နှံထားရာ ဤရတနာဖြင့်ပြီးသော မီးအိမ်တစ်ခုကိုသာ အကျွန်ုပ်အလိုဆန္ဒရှိ၍ နုတ်ယူထား၏၊ ဤမီးအိမ်သည် မင်းကြီး မီးအိမ်တည်း၊ မင်းကြီးသိလျှင် အလီဒင်ကို သေကြောင်း၊ မကောင်းကြံရင်းဖြစ်သူ သင့်မိခင် ခါတွန်နှင့် ခိုးယူသူအကျွန်ုပ်လည်း အသက်ရှင်နိုင်တော့မည်မဟုတ်ဟု ကွယ်လွန်သေဆုံးသူ ထောင်မှူးကြီးသား ဟာဘာဇလန်ဘဇာဇာ၏ ညီထင်မှတ်၍ မိမိဦးခေါင်းကို မိမိပင်ခွဲသကဲ့သို့ မိမိလျှို့ဝှက်အပ်သောအမှုကို မိမိပင်ထုတ်ဖော်ပြောဆိုလေ၏။

၏ထိုအခါ အဲဆလင်သည် ထိုသူသည်ကား ငါ့အဖနှင့်ငါ့အမိတို့ ဒုက္ခဖြစ်အောင် လုပ်သူဖြစ်တော့သည်ဟု ဝမ်းထဲနှလုံးပိုက်လျက် ထွက်သွားလေသတည်း။

ထို့နောက် အမတ်ကြီး အာမက်အက်ဒနက်သည် မိမိမိတ်ဆွေဖြစ်သော အမတ် ဟက်ဆင်ရှူမင်ကို ခေါ်၍ အို မိတ်ဆွေ၊ ဤသတို့သားကား အလီဒင်အဘူရှာမက်နှင့် ရုပ်သွင်သဏ္ဍာန် တူလှပေစွဟုဆိုရာ ဟက်ဆင်ရှူမင်က အို မိတ်ဆွေ၊ သင်ထင်မြင်သည့် အတိုင်း အလွန်တူသည်ဟု ပြန်ပြော၏။

ထိုအခါ အာမက်အက်ဒနက်သည် အဲဆလင်ကိုခေါ်၍ အို သတို့သား၊ သင် မည်သူ၏ ရင်သွေးနည်းဟု မေးသည်၊ အကျွန်ုပ်ကား ရာစမန်အမည်ရှိသောသူ၏ သားတည်းဟု ဖြေ၏၊ ထိုစကားကို အမတ်ကြီးကြားလျှင် အို သတို့သား၊ သင်၏ အမိရာစမန်ဖြစ်လျှင် သင်၏ အဖကား အလီဒင်ဖြစ်တော့သည်၊ ငါ့စကားကို သင် မယုံကြည်လျှင် အိမ်သို့ပြန်၍ သင်၏ မိခင်ကို မေးလောဟု ပြောဆို၏၊ အဲဆလင်လည်း ထိုစကားကိုကြားလျှင် ချက်ချင်းအိမ်သို့ ပြန်လာကာ အို မိခင်၊ အကျွန်ုပ်အဖကား မည်သူနည်းဟုမေး၏၊ အမိက ချစ်သား၊ သင့်အဖ အမီယာခါလစ်ပင် ဖြစ်သည်ဟု ပြန်ပြောသောအခါ အို မိခင်၊ အကျွန်ုပ်အား အဘယ်ကြောင့် မဟုတ်မမှန် မုသားပြောဆိုဘိသနည်း၊ မှန်ကန်ရာကိုပြောဆိုပါဟု ငိုယိုမေးမြန်းသည်၊ ထိုအခါမှ သင့်အဖကား အလီဒင်အဘူရှာမက် ဖြစ်သည်ဟုပြောဆိုပြီး အို ချစ်သား၊ ဤအကြောင်းကို သင့်အား မည်သူပြောဆိုသနည်းဟု ငိုယိုမေးမြန်းသည်၊ အမတ်ကြီး အာမက်အက်ဒနက် ပြောဆိုပါသည်ဟု ပြန်လည်ဖြေကြားသည်။

ထိုအခါ မိခင်က အို ချစ်သား၊ ကောင်းပြီ၊ သင်သည် အမတ်ကြီး အာမက်ဒနက်ထံ သွား၍ ဤသို့ဆိုလေ၊ အို ဘိုးတော်အမတ်ကြီး၊ အကျွန်ုပ်ကား အလီဒင်၏သားဖြစ်ပါသည်၊

ထောင်မှူးကြီးမယား ခါတွန်နှင့် သူခိုးကြီးကမာကင်တို့ ပူးပေါင်းကြံစည်၍ မတရားသဖြင့် ကျွန်ုပ်အဖ ဆုံးရှုံးရသည်ကို လက်စားချေလိုပါသည်ဟု ပြောဆိုလေဟု မှာထားသွန်သင်လိုက်သည်၊ အဲဆလင်သည် ကောင်းပါပြီဟုဝန်ခံကာ အမတ်ကြီး အာမက်အက်ဒနက်ထံသို့ သွားလေ၏၊ အမတ်ကြီးလည်း သတို့သားကို မြင်လျှင် ချစ်မြေး၊ မည်သည့်အရာကို အလိုရှိ၍ လာသနည်းဟု မေးမြန်းသည်၊ မည်သည့်အရာကိုမှ အလိုမရှိပါ၊ အကျွန်ုပ်အကြောင်းကို ပြန်ပြောင်းပြောဆိုလို၍ လာပါသည်ဟုဆိုပြီးမှ ဤသို့ပြန်ပြောလေ၏။

အကျွန်ုပ်တို့အား အစဉ်သနားလေ့ရှိသော အို ဘိုးတော်၊ နောက်သောကာလ အကျွန်ုပ်တို့ ဖြစ်သမျှကို ယခုမှသိရသဖြင့် အစမချန် ပြန်လည်လျှောက်ထားရပါသည် နားနာတော်မူပါလော့၊ တစ်နေ့သ၌ ခရီးလမ်းကြုံကြိုက်၍ သူခိုးကြီးကမာကင်နှင့် အကျွန်ုပ်တွေ့ရာ အကျွန်ုပ်ကိုခေါ်၍ အရက်ဆိုင်သို့ သွားပြီးလျှင် အရက်များကို သောက်စားသောအခါ ရတနာအတိပြီးသော မီးအိမ်ကို ရှေ့မှာချထား၊ သောက်စားနေလေပါသည်၊ ထိုအခါ ရတနာအတိပြီးသော မီးအိမ်ကို အကျွန်ုပ်လိုချင်သဖြင့် တောင်းဆိုရာ သတို့သား အဲဆလင်၊ သင် မလိုချင်လင့်၊ ဤမီးအိမ်အတွက်ကြောင့် အသက်များစွာသေဆုံးရပြီ၊ အကြောင်းမူကား ထောင်မှူးကြီးသား ဟာဘာဇလန်ဘဇာဇာအဖို့ ကျွန်ုပ်မိန်းမ ရှာဖွေဝယ်ယူရန် ဈေးထဲသို့ သွားရာ ရာစမန်ဆိုသူ ကညာကိုတွေ့သဖြင့် အဖိုးရွှေဒင်္ဂါး များစွာပေး၍ ဝယ်ယူသည်၊ သူဌေး အလီဒင်က တိုးတက်ပေးကမ်း ဝယ်ယူသဖြင့် ၎င်းသတို့သမီးကို မရသောကြောင့် သင့်နောင်တော် ဟာဘာဇလန်ဘဇာဇာ စိတ်ဒုက္ခဝေဒနာ ရောက်၍ ရင်ကွဲနာနှင့် သေဆုံးရလေသည်၊ ထိုအခါ မိခင်ခါတွန် မကျေအေးနိုင်၍ ခိုးမှုနှင့်အကျဉ်းထောင်တွင် ကျခံနေရသော အကျွန်ုပ်အား သင့်ကို အကျဉ်းထောင်မှ လွှတ်မည်၊ အလီဒင် ဆုံးရှုံးပျက်စီးအောင်ပြုရာ ရာစမန်ကို ယူပေးရမည် ပြောဆိုသည်၊ အကျွန်ုပ်လည်း ကောင်းပါပြီဝန်ခံ၍ အကျွန်ုပ်ကို အကျဉ်းထောင်မှ လွှတ်၏၊ အကျဉ်းထောင်မှ လွှတ်သောအခါ ဝန်ခံကတိရှိသည် အတိုင်း မင်းကြီး၏ နန်းတော်သို့တက်၍ မင်းမြောက်တန်ဆာရတနာနှင့်တကွ အရပ်ရပ်ပစ္စည်းများကို ခိုးယူပြီးလျှင် အလီဒင်အိမ်အောက်သို့ သွားရောက်မြှုပ်ထား၏၊ ထိုအရပ်ရပ်ပစ္စည်းတို့တွင် ဤရတနာအတိပြီးသော မီးအိမ်လည်း ခိုးရာပါ ပစ္စည်းမင်းကြီးပိုင် ပစ္စည်းဖြစ်၏၊ မင်းကြီးလည်း ပျောက်ဆုံးသော ပစ္စည်းကို အကျွန်ုပ်ကို လိုက်လံရှာဖွေစေရာ အလီဒင်အိမ်အောက် ကျွန်ုပ်မြှုပ်ထားသည့် နေရာတွင် တူးဆွဖော်ယူ၍ ပစ္စည်းနှင့်တကွ အလီဒင်ကို ဖမ်းဆီး

ချုပ်နှောင်ဆက်သ၏၊ မင်းကြီးလည်း အမျက်ဒေါသ ပြင်းထန်စွာထွက်၍ အလီဒင်ကို စက်တိုင်တင်ကာ ကွပ်မျက်၏၊ သို့ဖြစ်၍ သင် မလိုချင်လင့်၊ အမှုများမည်ဟု အကျွန်ုပ်အား ပြောဆိုဖူးပါသည်ဟု ပြန်ကြားတင်လျှောက်လေ၏။

ထိုစကားကို အမတ်ကြီး အာမက်အက်ဒနက် ကြားသောအခါ အို ချစ်မြေး၊ အဆွေးတောင်ထု နှောင်အမှုကို ဆောင်ပြုကွဲပြား သိကြားရည်ဖြစ်၍ ဘဝင်ဖိုလှိုက်၊ ရှူမရှိုက်နိုင်အောင် ရှိတော့သည်၊ သို့ရာတွင် ဝမ်းထဲနှစ်လုံး ဆို့ပိတ်၍ထားဦးလော့၊ အို ချစ်မြေး ယနေ့ညနေ ငါတို့မင်းကြီး ဗလီကစားလိမ့်မည်၊ ထိုအခါ အမီယာခါလစ်လည်း ပါလိမ့်မည်၊ သင်သည် အိမ်သို့ပြန်၍ သတိပြုကြည့်ရှုလေ၊ အမီယာခါလစ်သည် မင်းကြီး ဗလီပွဲသို့ သွားမည်ကြံသည် ရှိသော်၊ အဝတ်တန်ဆာကို သိုက်မြိုက်စွာဆင်ယင်လိမ့်မည်၊ ထိုအခါ သင်ကလည်း အကျွန်ုပ်လိုက်လိုပါသည်၊ အကျွန်ုပ်ကိုလည်း အဝတ်တန်ဆာဆင်ယင်၍ ပေးပါဟု တောင်းပန်ရမည်၊ တောင်းပန်ရရှိသကာလ အမီယာခါလစ်နှင့်အတူ ဗလီပွဲသို့ သင်လိုက်လာ၍ ဗလီပွဲတွင် သင်၏အစွမ်းသတ္တိကိုပြရမည်၊ သင်၏အစွမ်းသတ္တိကို မင်းကြီး မြင်ရသည်ရှိသော်၊ သင့်ကို ချစ်ခင်စုံမက်၍ အဲဆလင်သတို့သား သင်အလိုရှိရာကို တောင်းလော့၊ ငါပေးမည်ဟုဆိုလိမ့်မည်၊ ထိုအခါ ယခု ပြန်ပြောင်း အကြောင်းအရပ်ရပ်ကို ထုတ်ဖော်တင်လျှောက်လေဟု သွန်သင်မှာထားလေ၏။

အဲဆလင် သတို့သားလည်း အမတ်ကြီးကိုရှိခိုး၍ အိမ်သို့ပြန်လာရာ အမီယာခါလစ်လည်း ညနေချမ်းအချိန်ကျ၍ ဗလီပွဲသို့သွားရန် အဝတ်တန်ဆာကို ဆင်ယင်၏၊ အဲဆလင်လည်း အမတ်ကြီး သွန်သင်မှာထားလိုက်သည့်အတိုင်း တောင်းပန်၍ အခွင့်ရသဖြင့် အဝတ်တန်ဆာ ဆင်ယင်ပြီးလျှင် ဗလီပွဲသို့ လိုက်ရလေ၏။

ထိုအခါ ဗလီပွဲ၌ မင်းကြီးအား အမျက်ရန်ငြိုးထားသော သူတစ်ယောက်သည် မကြောက်မရွံ့ မင်းကြီးမျက်နှာကို ဘောလုံးဖြင့်ချိန်၍ နားအောင်ရိုက်နှက်၏၊ ထိုအမှုအရာကို သတို့သား အဲဆလင်မြင်လျှင် ဟယ် သူယုတ်၊ သင်နှင့်အဖက်လော၊ သင် ဤကဲ့သို့ ပြုရမည်လောဟု ခြိမ်းခြောက်၍ မင်းကြီးမျက်နှာသို့ တစ်စုံတစ်ရာ မထိခိုက်အောင် ကာကွယ်၍ ပစ်ခတ်၏၊ မင်းကြီးလည်း ဘောလုံးဖြင့် ရိုက်ခတ်သူကို ဖမ်းဆီးစေ၍ ဟယ် အချင်း၊ သင်သည် ငါကဲ့သို့သောမင်းကို အဘယ်ကြောင့် ဖမ်းဆီးစေ၍ ဟယ် အချင်း၊ သင်သည် ငါကဲ့သို့သောမင်းကို အဘယ်ကြောင့် ဘောလုံးဖြင့် ရိုက်ခတ်သနည်းဟု မေးမြန်း၏၊

အရှင်မင်းကြီး၊ အရှင်မင်းကြီး သတ်လိုသတ်၊ ဖြတ်လိုဖြတ်၊ အကျွန်ုပ် ပစ်ခတ်ရသည်မှာ အရှင်မင်းကြီး မျက်နှာ၌ ပေါက်ကွဲ နာကျင်စေလိုသောကြောင့် ပစ်ခတ်သည်ဟု ရဲရဲဝံ့ဝံ့ လျှောက်ကြားသည်၊ မင်းကြီးလည်း ဟယ် အချင်းသူသတ်တို့၊ ဤသူယုတ်မာကို ကွပ်မျက်ကြ ဟုဆို၍ သူသတ်တို့ဆွဲငင်ကွပ်မျက်ကြကုန်၏၊ ထို့နောက် မင်းကြီးသည် အဲဆလင်ကိုခေါ်၍ အို သတို့သား၊ သင်သည် ငါ့အား ချစ်ခင်မြတ်နိုးပေစွ၊ သင် အလိုရှိရာဆုကိုတောင်းလော့၊ ငါပေးမည်ဟု မိန့်ကြား၏။

ထိုစကားကို အဲဆလင်သတို့သားကြားလျှင် အရှင်မင်းကြီး၊ အကျွန်ုပ်မည်သည့်ဆုကိုမှ အလိုမရှိပါ၊ အကျွန်ုပ်အဖကား မတရားသဖြင့် သတ်ဖြတ်သူ၊ အရှင်မင်းကြီးအား လှည့်ဖြား၍ တရားအယူလွဲအောင် ပြုလုပ်သူကိုသာ လက်စားချေလိုပါသည်ဟု တင်လျှောက်၏၊ မင်းကြီးက ချစ်သား၊ သင့်အဖသည် ယခု အသက်ရှင်လျက်ရှိသူ အမီယာခါလစ် မဟုတ်လော၊ သင့်အဖကို မည်သူသတ်သနည်းဟု မေး၏။

ထိုအခါ အဲဆလင်က ဘုန်းတော် အလွန်ကြီးတော်မူလှသော အရှင်မင်းကြီး၊ အကျွန်ုပ် အဖကား အမီယာခါလစ်မဟုတ်၊ အလီဒင် ဖြစ်ပါကြောင်း ပြန်ပြောင်းလျှောက်ထားပါမည်၊ နာတော်မူပါလော့ဟုဆိုကာ ဤသို့လျှောက်ကြားလေ၏။

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အရှင်မင်းကြီး၊ ဘက်ဂဒက် ရွှေပြည်တွင် ရောင်ခြည်တစ်ထောင် အလင်းဆောင်သော သူရိယစက် စန်းယုန်ငှက်သို့ လက်လက်အရောင် ဝင့်တိုင်းပြောင်သည့် တန်ဆောင်ဆီမီး ကျွန်းလုံးညီးလျက် သူဌေးကြီး အဖြစ်ဖြင့် လူတိုင်း ချစ်ခင်သော အလီဒင်ကား အကျွန်ုပ်၏ ဖခင်ဖြစ်ပါသည်၊ အကျွန်ုပ်မိခင် ရာစမန်ကို ချစ်ခင်ကြည်ညို ဆက်ဆံလိုသဖြင့် အကုသိုလ်ညွှန် ခါတွန်ငရဲသား ထောင်မှူးကြီးမယားသည် သားဟာဘာဇလန်နှင့် မိတ်နှံဖြစ်စေ အကြောင်းဖွေ၍ လူလေလူလွင့် ခွေးနှင့်မခြား စိတ်ထားတူပင် ခိုးသူကြီးကမာကင်ကို သွန်သင်ပြသ နေ့ညမယုတ် ထောင်မှထုတ်၍ မဟုတ် မမှန် ဝေဇယန်ကြငှန်း ရှင်မင်းကြီးနန်းတွင် ဆင်မြန်းသောမင်းမြောက်တန်ဆာ ရတနာပစ္စည်း တို့ကို ခိုးယူ၍ အကျွန်ုပ် ဖခင်အိမ်အောက်တွင် မြှုပ်ထားခဲ့သည်၊ မြှုပ်ထားပြီးခါ အရှင်မင်းကြီး အထင်မှားအောင် လျှောက်ကြားကုန်းတိုက် လိုက်လံရှာဖွေရာ မိမိမြှုပ်နှံထားရာတွင် အသာလွယ်ကူ သူပင်ဖော်ယူ၍ ပြည်သူတို့သခင် အရှင်မင်းကြီးကို ဆက်သခဲ့ပါသည်၊ အရှင်မင်းကြီးလည်း တရားလမ်းကြောင်း ရေးမင်းကောင်းတို့ ငြိမ်းပောင်းမလွဲ စစ်ဆေးမြဲကို

ပယ်လွှဲခါပစ် မေးမစစ်ဘဲ ထွေးရစ်ကောဓ မျက်ဒေါသကြောင့် စောရအမှန်ပင် အလီဒင်ကို စက်တင်သတ်စေ ခွန်းမိန့်ခြွေသဖြင့် မသေသင့်ဘဲ အခွင့်လွဲ၍ ငရဲမလွတ် ဝဋ်ဒုဝိပါက မကင်းကြ၍ အကျွန်ုပ်အဖသေခဲ့ရပါသည်၊ အို အရှင်မင်းကြီး၊ ဤစကားများကို အခြားသူမပြော သူခိုးကြီးကမာကင်ပင် ယမန်နေ့နံနက်၌ သေအရက်သောက်စား ခိုးရာပါ ရတနာမီးအိမ်ကို ရှေ့မှာထားပြီးလျှင် အကျွန်ုပ်အား ပြောကြားသည်ဖြစ်ပါ၍ အရှင်မင်းကြီး စင်စစ်ယုံကြည်တော် မမူသေးလျှင် ကမာကင်ကို ဖမ်းဆီးလျက် ရတနာအတိပြီးသော မီးအိမ်ကို ရှာဖွေသကာလ တွေ့ရပါလိမ့်မည်ဟု တင်လျှောက်လေ၏။

ထိုစကားကို မင်းကြီးကြားလျှင် ဟယ် အချင်းတို့၊ သူခိုးကြီးအာမက်ကမာကင်ကို အဆောတလျင် ဖမ်းကြကုန်၊ အဆောတလျင်ဖမ်းကြကုန်ဟု အမိန့်ပေးသည့်အတိုင်း မင်းချင်း ယောကျ်ားတို့က ဖမ်းဆီး၍ ရှေ့တော်သို့သွင်းပြီးလျှင် ၎င်း၏ အင်္ကျီအိတ်ထဲ၌ စမ်းသပ်ရှာဖွေရာ ရတနာအတိပြီးသော မီးအိမ်ကိုတွေ့လေ၏။

ထိုအခါ မင်းကြီးက ဟယ် ယုတ်မာဆိုးသွမ်းသော သူခိုးကမာကင်၊ ဤမီးအိမ်ကို သင် အဘယ်အရပ်မှ ရသနည်းဟု မေးတော်မူသည်၊ အခြားသူထံမှ ဝယ်ယူရရှိပါသည်ဟု ပြန်ပြော ၏၊ ထိုအခါ မင်းကြီးက ဟယ် ကမာကင်က သူခိုးကြီး၊ ဤကဲ့သို့ ရတနာဖြင့်ပြီးသောမီးအိမ်ကို သင့်အား မည်သူတစ်စုံတစ်ယောက် ရောင်းနိုင်ပါအံ့နည်း၊ ဟယ် အချင်းတို့၊ ဤသူခိုးသည် မဟုတ်မမှန် ပြောဆို၏၊ ရိုက်နှက်၍ စစ်မေးကြကုန်လောဟုဆိုကာ ရိုက်နှက်စစ်ဆေးသောအခါ အကျွန်ုပ်ခိုးယူကြောင်း၊ အချို့ ပစ္စည်းကို အလီဒင်အိမ်အောက်၌ မြှုပ်ထားကြောင်း၊ ရာဇဝတ် အရာရှိမိန်းမ ခါတွန်က အကြံအစည်ပေး၍ ပြုလုပ်ရပါကြောင်း ဟုတ်မှန်တိုင်း ပြောဆို၏။

ထိုအခါ မင်းကြီးက ဟယ် အချင်းတို့၊ ရာဇဝတ်အရာရှိ အမီယာခါလစ်ကို ဖမ်းဆီး ချုပ်နှောင်၍ ရှေ့တော်သို့သွင်းခဲ့ရမည် ဟု အမိန့်ပေးလေ၏၊ မင်းချင်းယောကျ်ားတို့လည်း မင်းကြီးအမိန့်အရ အမီယာခါလစ်ကို ဖမ်းဆီးချုပ်နှောင်လျက် ရှေ့တော်သို့ သွင်းကြကုန်၏၊ ထိုအခါ မင်းကြီးက ဟယ် အမီယာခါလစ်၊ သင်သည် သူခိုးကမာကင်နှင့် ဆက်စပ်ပူးပေါင်း၍ အလွန်မကြံဖွယ်ခဲ့သော အကြံအစည်ကိုကြံပြီးလျှင် အလီဒင်၏ ပျက်စီးကြောင်း ငါ မင်းတရား မှောက်မှားကြောင်းကို ပြုဘိ၏၊ သင်နှင့် ခိုးသူကမာကင်ကို စက်တိုင်တင်ပြီးလျှင် ဖျက်ဆီး ကွပ်မျက်ရန် သင့်လျော်သည်ဟုဆို၍ မင်းချင်းယောကျ်ားတို့အား အမီယာခါလစ်ကို ရိုက်နှက် စေကုန်၏။

အမီယာခါလစ်လည်း အရှင်မင်းကြီး၊ အကျွန်ုပ်အသက်ကို ချမ်းသာပေးတော်မူပါ၊ ဤအမှုကား အကျွန်ုပ်အကြံအစည် မဟုတ်၊ မယားခါတွန်နှင့် သူခိုးကြီးကမာကင်တို့ အကြံအစည် ဖြစ်ပါသည်ဟု တင်လျှောက်၏။

ထိုစကားကို မင်းကြီးကြားလျှင် ဟယ် အမီယာခါလစ်၊ အဲဆလင်သတို့သား၏မိခင် ယခု အဘယ်မှာရှိသနည်းဟု မေးမြန်းသည်၊ အကျွန်ုပ်အိမ်၌ ရှိပါသည်ဟု တင်လျှောက်ရာ မင်းကြီးက ဟယ် အမီယာခါလစ်သတို့သား၏ မိခင်ကို သင့်မယားခါတွန်က အဝတ်တန်ဆာ ဆင်ယင်စေ၍ ၎င်းပိုင်သမျှ အလုံးစုံကို နှင်းအပ်ရမည်ဟုဆိုပြီး အို သတို့သားအဲဆလင်၊ ဤသူယုတ်မာတို့ အကြံအစည်ကြောင့် ငါမှားပြီ၊ သင် ယခုအခါ အလိုရှိရာကိုတင်လျှောက်လေ ငါပေးမည်ဟု မိန့်ကြား၏။

ထိုစကားကို အဲဆလင်ကြားလျှင် ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အရှင်မင်းကြီး၊ အကျွန်ုပ် မည်သည့် အရာကိုမျှ အလိုမရှိပါ၊ စင်စစ်အားဖြင့် အကျွန်ုပ် ဖခင် အလီဒင်နှင့် တွေ့ကြုံရသောဆုကိုသာ အလိုရှိပါသည်ဟု တင်လျှောက်လေ၏၊ ထိုစကားကို မင်းကြီးကြားလျှင် ငိုယို၍ အို ချစ်သား၊ မတရားအမှု ဤသူယုတ်မာတို့ပြု၍ မာန်ခုဒေါသ ကောဓအလျောက် မဖောက်မပြန် မှန်ကန်သောအလီဒင်ကို စက်တိုင်တင်၍ သတ်မိလေပြီ၊ အကယ်၍ ဘုရားသခင် မစတော်မူပါက ငါချစ်မြတ်နိုးလှသောအလီဒင်ကို သင်သတို့သားနှင့် ငါပြန်၍ ပေါင်းစေရတော့မည်၊ အကယ်၍ ပေါင်းရလျှင် ငါ၌ရှိသော မင်းစည်းစိမ်အားလုံးကို ပေးအပ်မည်ဟု ကြံရွယ်၍ ဆုတောင်းပတ္တနာများစွာပြုလျက် အို သင်ချစ်သား၊ ငါမှားပြီ၊ သည်းခံလောဟုဆို၍ ငိုကြွေးမြည်တမ်းကာ တောင်းပန်၏။

ထိုစကားကို အမတ်ကြီး အာမက်အက်ဒနက် ကြားလျှင် ဘုန်းတော် အလွန်ကြီးတော်မူလှသော အရှင်မင်းကြီး၊ အရှင်အလိုဆန္ဒရှိရာကို အကျွန်ုပ်ဆောင်ရွက်ပါမည်၊ အကျွန်ုပ်နှင့် တကွ အပြစ်မရှိသော အလီဒင်ကို ဘေးမဲ့ပေးတော်မူပါဟု တင်လျှောက်သည်၊ ထိုအခါ မင်းကြီးက အကျွန်ုပ်ဘေးမဲ့ပေးပါမည်၊ အလီဒင်ကိုတွေ့ရှိအောင် ကြံဆောင်ပါဟု မိန့်ကြားသည်၊ ထိုအခါ အာမက်အက်ဒနက်က အို အရှင်မင်းကြီး၊ အလီဒင်သည် အသက်သေသည် မဟုတ်၊ ချမ်းသာစွာရှိသည်ဟု တင်လျှောက်ရာ မင်းကြီးက အို အမတ်ကြီး၊ ကွပ်မျက်စီရင်၍ သေလွန်သောသူသည် အဘယ်ကဲ့သို့ အသက်ရှိနိုင်ပါအံ့နည်းဟု မေး၏။

အမတ်ကြီးက အရှင်မင်းမြတ်၊ အရှင်သည် ထောင်မှူးမယား ခါတွန်နှင့် သူခိုးကြီး ကမာကင်တို့ အကောက်ဉာဏ် ကြံစည်၍ အလီဒင်ကို သတ်စေအမိန့် မှတ်ရာ အကျွန်ုပ်သည် အလီဒင်၌ မတရားသဖြင့် သေရမည်ကို လည်းကောင်း၊ အရှင်မင်းကြီး၌လည်း နောင်တ တစ်ဖန် ပူပန်ဒုက္ခ ကြီးစွာရောက်ရမည့်အပြင် တမလွန်ငရဲလားရမည်ကို လည်းကောင်း စဉ်းစားဆင်ခြင်၍ အလီဒင်နှင့် ပုံသွင်တူသူ အကျဉ်းခံနေရသော သေရမည့် လုလင် တစ်ယောက်ကို ထုတ်၍ အလီဒင်နှင့် လဲယူပါသည်၊ အလီဒင်ကိုမူကား အဲလက်ဇန္ဒရာမြို့သို့ အကျွန်ုပ်ခေါ်ဆောင်၍ ကုန်သည်တို့ဘ၀ အရောင်းအ၀ယ် ပြုလုပ်ရန် ဆိုင်တည်ဖွင့်လှစ်၍ ထားခဲ့ပါသည်ဟု တင်လျှောက်၏။

ထိုစကားကို မင်းကြီးကြားလျှင် အို ငါ၏အကျိုးကို ဆောင်ပေးသော အာမက် အက်ဒနက်၊ သင်သည် ငါ၏ အကျိုးကိုသာ ရှက်ဆောင်ပေးသည်၊ သင်၏ကျေးဇူးကြောင့် အလီဒင်၏ အသက်ကို လည်းကောင်း ငါ၏ မကောင်းမှုသည် လည်းကောင်း ပယ်ရှောင်ဝေးစွာ ချမ်းသာရာ ရပေတော့သည်၊ သင်သည် ရွှေဒင်္ဂါးတစ်ထောင်ကို စရိတ်ပြု၍ ငါ့ထံသို့ ရောက်အောင် အလီဒင်ကို ဆောင်ပါချေဟု မိန့်ကြားလိုက်သည်။

ထိုအခါ အာမက်အက်ဒနက်လည်း ကောင်းပါပြီဟု ဝန်ခံ၍ ရွှေဒင်္ဂါးများကို ယူပြီးလျှင် အဲလက်ဇန္ဒရာမြို့သို့ ထွက်သွားလေ၏။

အလီဒင်မှာမူကား သားရေအိတ်နှင့် အနည်းငယ်မျှသော အခြားဝတ္ထုပစ္စည်းများကို ဆိုင်၌ တည်ခင်းရောင်းချနေ၏၊ ထိုသားရေအိတ်ကိုလက်ဖြင့် ကိုင်ကြွလှုပ်ချလိုက်သည်ရှိသော် လက်သီးဆုပ်မျှလောက်သော ပုတီးစေ့တစ်ကုံး ကျလာ၏၊ ထိုပုတီးစေ့သည်လည်း အန်စာ ကဲ့သို့ ငါးမျက်နှာရှိ၏၊ ထိုမျက်နှာပေါ်၌ ဂါထာမန္တန်နှင့်တကွ အင်းအိုင်တို့ ပါရှိကုန်၏၊ ၎င်း မျက်နှာတို့ကို ပွတ်သပ်၍ ကြည့်ရှုရာ အထူးဝိသေသ တစ်စုံတစ်ခု ဖြစ်သောကြောင့် ဤ ပုတီးစေ့သည်ကား မိမိမူလ ပကတိအတိုင်း မျက်နှာငါးခုသာ ဖြစ်တော့သည်ဟု ဆိုင်၌ ချိတ်ထားလေ၏။

ထိုအခါ အရာရှိတစ်ဦးသည် ခရီးလမ်းတစ်လျှောက်လာရာ အလီဒင်ဆိုင်ရှေ့သို့ ရောက်၍ ကြည့်ရှုသည်ရှိသော် ချိတ်ထားသော ပုတီးစေ့ကိုမြင်၍ အို လုလင်ပျို၊ ၎င်း ပုတီးစေ့ကား ရောင်းချရန်အလို့ငှာ ထားသလောဟု မေး၏၊ အလီဒင်က မိတ်ဆွေ၊ ဤ ပုတီးစေ့သာ မဟုတ်၊ ဆိုင်ပေါ်၌ ရှိသမျှသော ပစ္စည်းအားလုံးတို့ပင် ရောင်းချရန် ဖြစ်ပါသည်ဟု

ဖြေ၏၊ ထိုစကားကို အရာရှိကြားလျှင် အိုလုလင်ပျို၊ ယင်းသို့ဖြစ်လျှင် အကျွန်ုပ်အား ဤပုတီးစေ့ကို ရွှေဒင်္ဂါးရှစ်သောင်းနှင့် ရောင်းချပါသည်ဟု တောင်းပန်သည်၊ အလီဒင်က မိတ်ဆွေ ဤထက်တိုးတက်၍ ပေးစေချင်ဟု ဆို၏။

ထိုအခါ အရာရှိက လုလင်ပျို၊ ရွှေဒင်္ဂါးတစ်သိန်း တိုးတက်၍ ပေးမည်ဆို၏၊ အလီဒင်က အို မိတ်ဆွေ သင့်စကားအတိုင်း ရွှေဒင်္ဂါးတစ်သိန်းပေးလျှင် ဤပုတီးစေ့ကို ယူပါလော့ဟုဆို၏၊ အရာရှိက လုလင်ပျို၊ ငါသည် ရွှေဒင်္ဂါးများကို သင့်ထံသို့ ယူဆောင်၍ မလာနိုင်၊ အကြောင်းမူကား အဲလက်ဇန္ဒရာနယ်ပယ် တစ်ဝန်းလုံး၌ သူခိုးစားပြပေါ်များသည်၊ သင်သည် အကျွန်ုပ်နှင့် အတူ သင်္ဘောသို့ လိုက်ခဲ့ပါလျှင် ရွှေဒင်္ဂါးတစ်သိန်းနှင့်တကွ ပိုးထည်တစ်ထုပ်၊ သိုမွေးတစ်ထုပ်၊ ပိတ်တစ်အုပ်ပါ ပေးမည်ဟုဆို၏။

အလီဒင်က ကောင်းပြီမိတ်ဆွေဆို၍ ဆိုင်ကိုပိတ်ပြီးလျှင် ပုတီးစေ့ကို အပ်၏၊ ထိုအခါ ဆိုင်နီးချင်းတို့အား မိတ်ဆွေတို့၊ အကျွန်ုပ် သင်္ဘောသို့သွားသည့်အခိုက် ဆိုင်သော့ကို ယူထားလိုက်ပါ၊ အကယ်၍ သင်္ဘော၌ ကျွန်ုပ်ကြန့်ကြာနေလျှင် ဤဆိုင်ကို တည်ထောင်ပေးသော အာမက်အက်ဒနက် ရောက်လာခဲ့ပါမူ ဤသော့ကို ပေးအပ်၍ အကျွန်ုပ်အကြောင်းကိုလည်း ပြောပါလေဟု မှာထားခဲ့ပြီးလျှင် အရာရှိနှင့်တကွ သင်္ဘောသို့ လိုက်သွားလေ၏၊ ရောက်သော အခါ အရာရှိက အလီဒင်ကို ကုလားထိုင်ပေါ်၌ ထိုင်နေစေပြီးလျှင် အဖိုးငွေများကို ချေပေး၏။

ထိုအခါ ကပ္ပတိန်က အို လုလင်ပျို၊ အကျွန်ုပ်သည် သင်၏ မျက်နှာကိုမြင်စက ချစ်ခင်စုံမက်ရှိသည်အတိုင်း အကျွန်ုပ် တည်ကျွေးလိုသော စိတ်ကို အေးချမ်းစေရန် ဤခဲဘွယ်ဘောဇဉ်များကို သုံးဆောင်ပါဟု ဆို၏၊ အလီဒင်လည်း ကောင်းပါပြီဟုဆို၍ ၎င်း အရသာများကို စားသောက်ပြီးလျှင် ဆေးခပ်ထားသော ရှလဘက်ရည်ကို သောက်မိသဖြင့် ထိုင်ရာမှလဲ၍ ဦးခေါင်းငိုက်စိုက် ကျသွားလေ၏၊ ထိုအခါ ကပ္ပတိန်သည် သင်္ဘောကိုရွက်ဖွင့်၍ ပင်လယ်ပြင်သို့ လွှင့်၏၊ ပင်လယ်ပြင်သို့ ရောက်သောအခါ ကပ္ပတိန်သည် အစေခံတို့အား အို အချင်းတို့၊ အိပ်ငွေကျနေသော လုလင်ပျိုကို ငါ့ထံသို့ ယူဆောင်လာရမည်ဟုဆို၏၊ အစေခံတို့လည်း အလီဒင်ကို အမိန့်အရ ယူလာကြသောအခါ အိပ်ငွေကိုဖြေလိုက်၏၊ ထိုအခါ အလီဒင်သည် မျက်စိကို ဖွင့်လှစ်ကြည့်ရှုသည်ရှိသော် အကျွန်ုပ် မည်သည့်အရပ် မည်သည့်ဌာနသို့ ရောက်နေပါသနည်းဟု မေး၏၊ ကပ္ပတိန်က သင် ပင်လယ်ပြင်သို့ ရောက်နေသည်၊ အကျယ်ချုပ်နှင့် ကျွန်ုပ်လက်တွင်းမှာရှိသည်၊ ရွှေဒင်္ဂါးရှစ်သောင်းမျှ ဤပုတီးစေ့ကို ပေးသည့်

တိုင် ဤထက်ပိုမို၍ မပေးနိုင်ဘူးလောဟု သင်ပြောဆိုသော စကားသည် သင့်လျော်နိုင်မည်လော၊ သင် တောင်းဆိုသည့်အတွက် အကျွန်ုပ်လည်း ပိုမိုပေးရသည်ဟု ဆို၏၊ ထိုအခါ အလီဒင်က သင် မည်သူနည်းဟု မေးရာ ငါ ကပ္ပတိန်ဟု ပြန်ပြောလေ၏။

ယင်းသို့ စကားပြောဆိုနေစဉ် မဆမန်ကုန်သည် လူပေါင်းများစွာ စီးနင်းလိုက်ပါလာသော သင်္ဘောတစ်စင်းနှင့် ယှဉ်မိရာ အလီးဒင်ကို ချုပ်ထားသော ကပ္ပတိန်သည် ၎င်းသင်္ဘောကို တိုက်ခိုက်၍ ပါသမျှသော ဝန်စည်ပစ္စည်းများနှင့်တကွ လူအားလုံးကို သိမ်းရုံးယူငင်ပြီးလျှင် ဂျီနိုအာမြို့သို့ လွှင့်သွားလေ၏၊ ထိုအခါ ပင်လယ်ကမ်းခြေ၌ တည်ထောင်ဆောက်လုပ် ထားသော နန်းတော်တံခါးဝသို့ ရောက်သည်ရှိသော် မျက်နှာတွင် ဇာထည်ဖုံးလွှမ်းသော သတို့သမီးငယ်တစ်ယောက် ဆင်းလာ၍ အို ကပ္ပတိန်၊ ပုတီးစေ့နှင့် ပုတီးစေ့ရှင်ကို ခေါ်ဆောင်ခဲ့ပြီလောဟု မေး၏၊ ကပ္ပတိန်က ပုတီးစေ့နှင့် ပုတီးစေ့ရှင်ပါ အတူတကွပါကြောင်း ပြောဆို၍ သတို့သမီးငယ်က ပုတီးစေ့ကိုတောင်းသဖြင့် ကပ္ပတိန်က ပေးကမ်းလိုက်သည်၊ ပြီးမှ ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ အမြောက်သေနတ်များကို အချက်ပေါင်း များစွာ ပစ်ဖောက်၏။

ထိုအမြောက်သေနတ်သံကို ကြားသော် ၎င်းမြို့ကို အစိုးရသော ပြည့်ရှင်မင်းကြီးသည် ခရီးဦးကြိုဆိုရန် နောက်ပါအခြွေအရံနှင့်သင်္ဘောသို့ဆင်းလာရာ ကပ္ပတိန်က မဆမန်ကုန်သည် ၄၁ ယောက်ပါသော သင်္ဘောကို တိုက်ခိုက်သိမ်းယူ အောင်မြင်ခဲ့ကြောင်းကို တင်လျှောက်ပြောဆိုသည်၊ အလီဒင်နှင့်တကွ ချုပ်နှောင်လျက်ထားသော လူအပေါင်းတို့ကို မင်းကြီးရှေ့တော်သို့ သွင်းလေ၏၊ ထိုအခါ မင်းကြီးက ဟယ် အချင်းကုန်သည်၊ သင် မည်သည့်အရပ်က လာသနည်းဟု မေးမြန်းသည်၊ အကျွန်ုပ် အဲလက်ဇန္ဒရာမြို့မှ လာခဲ့ပါသည်ဟု ပြောဆို၏၊ မင်းကြီးလည်း ငါ၏ ပါးကွက်အာဏာသားတို့၊ ၎င်း၏ ဦးခေါင်းကို ဖြတ်လေဟု အမိန့်ပေး၍ ဦးခေါင်းကို ဖြတ်ပြီးလျှင် သတ်ကုန်၏၊ ထိုနည်းအတူ တစ်ယောက်ပြီးတစ်ယောက် မေးမြန်းစိစစ်၍ ဦးခေါင်းကိုဖြတ်ပြီးလျှင် သတ်ရာ နောက်ဆုံး၌ အလီဒင်တစ်ယောက်သာ ကျန်လေသည်။

အလီဒင်လည်း ငါသည် ဘက်ဂဒက်မြို့၌ သူခိုးကြီးကမာကင်တို့ အကောက်ဉာဏ်နှင့် မသေ၊ ဤမြို့သို့ကျမှ သေရတော့မည်တကား၊ ဘုရားသခင်သည် အကျွန်ုပ်သူတော်ကောင်းအား ပစ်ထားတော်မမူဘဲ သနားသဖြင့် မစတော်မူမှ ဤသည့်ဘေးမှ ဝေးရတော့မည်

ဘုရားဟု ဆုတောင်းပတ္တနာပြု၍ မင်းကြီးရှေ့တော်သို့ လိုက်ပါသွားရလေ၏၊ မင်းကြီးက ရောက်သောအခါ သင် မည်သည့်အရပ်က လာခဲ့သနည်းဟု မေးမြန်းသည်၊ အကျွန်ုပ် အဲလက်ဇန္ဒရာမြို့မှ လာခဲ့ပါသည်ဟု တင်လျှောက်သဖြင့် ပါးကွက်အာဏာသားတို့အား ဤလုလင်ကို သတ်ဟု အမိန့်ပေး၏၊ ပါးကွက်အာဏာသားတို့သည် ဦးခေါင်းကို ပိုင်းဖြတ်မည်ဟု ဓားသန်လျက်ကို မြှောက်ချီစဉ် လူအပေါင်းတို့ ရှိသေထိုက်သော အလွန်အဆင်းသဏ္ဍာန်နှင့် ပြည့်စုံသော အမယ်အိုကြီးတစ်ယောက် ရုတ်တရက် ဝင်လာသဖြင့် မင်းကြီးသည် နေရာမှထ၍ အမယ်အိုကြီးအား အရိုအသေ ဂါဝရအမှုကို ပြု၏။

ထိုအခါ အမယ်အိုကြီးက အရှင်မင်းကြီး၊ ကပ္ပတိန်သည် လူသူအမြောက်အမြားကို တစ်ပြည်တစ်နိုင်ငံမှ ဖမ်းဆီးလာသည်ဟု ငါကြားရသည်၊ ထိုကြားရသည်အတိုင်း မှန်လျှင် တရားဟော ကျောင်း၌ စေခိုင်းရန် လူတစ်ယောက်ကို အလိုရှိ၍ ငါလာသည်ဟုဆို၏၊ ထိုစကားကို မင်းကြီးကြားလျှင် မင်းကြီးက အို... မိခင်၊ မိခင်သည် ကပ္ပတိန်ဆိပ်ကမ်းသို့ ရောက်စက ကြွလာခဲ့ပါမူ လူအမြောက်အမြား ရနိုင်ပါ၏၊ ယခုမှာမူကား ဤလူတစ်ယောက်မျှ ကြွင်းကျန်ရှိပါတော့သည်၊ မိခင် အလိုရှိက ဤလုလင်ကို ခေါ်သွားပါလေဟုဆို၏။

အမယ်အိုကြီးသည် အလီဒင်ကို စေ့စေ့ကြည့်၍ အိုလုလင်၊ သင်သည် တရားဟော ကျောင်း၌ နေမည်လော၊ သို့မဟုတ် အသက်ကို သေအောင် သတ်ဖြတ်စေရမည်လောဟု မေးသည်၊ အလီဒင်က အို မိခင်၊ တရားဟောကျောင်း၌ နေပါရစေဟု ဆိုသောကြောင့် အမယ်အိုကြီးသည် အလီဒင်ကို တရားဟောကျောင်းသို့ ခေါ်သွားလေ၏၊ ရောက်သောအခါ အလီဒင်က အို မိခင်၊ မည်သည့် အလုပ်အကိုင်မျိုးကို အကျွန်ုပ် ဆောင်ရွက်လုပ်ကိုင် ပေးရပါမည်နည်းဟု မေးမြန်းရာ အမယ်အိုကြီးက သင်သည် နံနက်စောစောထ၍ ဓားတစ် စင်းကို ယူပြီးလျှင် တောထဲသို့သွား၍ ထင်းခွေရမည်၊ တရားဟောကျောင်း၌ ခင်းထားသော မွေ့ရာ ကမ္ဗလာကော်ဇောတို့ကိုမ၍ အမှိုက်သရိုက် သုတ်သင်ရှင်းလင်းရမည်၊ အုတ်အင်္ဂတေ များကို စင်ကြယ်စွာ ရေဖြင့်ပွတ်သပ်ရမည်၊ ဂျုံစပါးများကို ထောင်း၍ ဖွဲနုဖွဲကြမ်းမကျန် ဆန်ခါနှင့်ချပြီးမှ ဂျုံမှုန့်ကို ပျားရည်နှင့်စိမ်ပြီး ကောင်းမွန်စွာ မုန့်လုပ်ကိုင်ရမည်ဟု ပြောဆို၏။

ထိုအခါ အလီဒင်က အို မိခင်၊ လုပ်အင်လုပ်ငန်း အခန်းခန်းကို စိတ်ဝမ်းမသာ ကြားနာရုံမျှ မလုပ်ရခင် ဒုက္ခကို မြင်သောကြောင့် မိခင်တို့ ဘုရင်စံရာ နန်းတော်သို့ ပြန်ပြီးလျှင် အသက်ကို သေစေရန် အသတ်ခံရသော်သာ မြတ်လိမ့်မည် ထင်တော့သည်ဟု ပြောဆို၏၊

ထိုအခါ အမယ်အိုကြီးက အို လုလင်၊ စကားနေစကားထား ကြီးမားလှချေ၏တကား၊ သင်သည် ငါစေခိုင်းသော အလုပ်ကို ကောင်းမွန်ကျေပွန်အောင် မလုပ်က အသက်ဘေးမှ ကင်းဝေးနိုင်မည်မဟုတ်၊ ရိုသေကျိုးနွံစွာ လုပ်ကိုင်မှ သင် အသက်ချမ်းသာမည်ဟု ခြိမ်းခြောက်ပြောဆိုသည်။ အလီဒင်သည် ပူပင်သောက၊ ဒုက္ခကြီးစွာ၊ မျက်နှာညှိုးနွမ်း စိတ်ဝမ်းမသာဖျာပါမီးခဲ၊ ထိန်ထိန်စွဲလျက် ဆင်းရဲကြီးစွာ ခိုင်းစေတိုင်း လုပ်ကိုင်နေထိုင်ရလေသတည်း။

ထိုအခါ အလီဒင်သည် အမယ်အိုကြီးက စေခိုင်းသောအလုပ်ကို လုပ်နေစဉ် တရားဟောကျောင်း၌ မျက်စိမမြင်သော ဒုက္ခိတ ၁၀ ယောက် တစ်ယောက်ပြီးတစ်ယောက် ခိုင်းစေကြ၍ အလုပ်ကိုပြီးစီးအောင် မလုပ်နိုင်ဘဲ ရှိကုန်၏၊ တစ်နေ့သ၌ အမယ်အိုကြီးက တရားဟောကျောင်းသို့ လာ၍ အလုပ်ပြီးစီးခြင်း မရှိသည်ကို မြင်လျှင် အို လုလင်၊ ငါစေခိုင်းသော အလုပ်ကို သင် အလေးမပြု ဂရုမစိုက်ယောင်တကား၊ မည်သည့်နေရာမှ အစအဆုံး ပြီးစီးသည်မရှိ၊ အကြောင်းအသို့နည်းဟု မေး၏။

အလီဒင်က အို မိခင်၊ အကျွန်ုပ်ကား အလုပ်မပြီး၍ မိခင်အပြစ်တင်သော် ခံရမည်၊ သို့ရာတွင် အကျွန်ုပ်လက်နှင့်အလုပ် နာရီမိနစ်မခြား မအားမလပ် လုပ်ကိုင်ပါသည်၊ အကြောင်းမူကား ခိုင်းစေသူများသောကြောင့် ဤကဲ့သို့အလုပ်မပြီး ခရီးကြန့်ကြာ လူမှာပင်ပန်း နားနေခွင့်မရရှိပါတော့သည်ဟု ပြောဆို၏၊ ထိုအခါ အမယ်အိုကြီးက အို လုလင် ကောင်းပြီ၊ အဖျားတဘက် ကန့်လန့်နှင့် ရှိသည့်ကြေးချောင်း တစ်ချောင်းကိုယူ၍ လူများရာအရပ်သို့ သင်သွားလေ၊ သင့်အနားသို့ ချဉ်းကပ်လာသော အရာရှိများကိုတွေ့လျှင် အို အချင်းယောက်ျား၊ ငါတို့တရားဟောကျောင်းများသို့ အလုပ်လုပ်ကိုင်ရန် လိုက်ခဲ့ရမည်ဟု ခေါ်သည့်ကာလ တစ်ခွန်းစကားနှင့် လိုက်လာကြလိမ့်မည်၊ အကယ်၍ မလိုက်လာဘဲ ငြင်းဆန်နေခဲ့လျှင် သင်သည် မကြောက်မရွံ့ ရဲဝံ့စွာ ဤကြေးချောင်းဖြင့် နာကျင်စွာရိုက်နက်လေဟု ဆို၏။

အလီဒင်လည်း အမယ်အိုကြီး သွန်သင်ပြသသော နည်းလမ်းအရ ပင်ပန်းကြီးစွာ လုပ်ကိုင်၍ ၁၇ နှစ်တိုင် နေရလေသတည်း။

တစ်နေ့သ၌ အလီဒင်သည် တရားဟောကျောင်းထဲ၌ တစ်ယောက်တည်းထိုင်နေရာ အမယ်အိုကြီးသည် ရုတ်တရက် ဝင်လာ၍ အို လုလင်ပျို၊ သင် တရားဟော ကျောင်းပြင်ဘက်သို့ ထွက်၍ နေလေလော့ဟု ပြောသည်၊ အလီဒင်က အို မိခင်၊ မည်သည့်အရပ်သို့ သွား၍ နေရမည်နည်းဟု မေးမြန်းရာ သင်သည် ဤယနေ့ည အရက်ဆိုင်မှာဖြစ်စေ၊ သို့မဟုတ်

သင်၏ မိတ်ဆွေတစ်ဦးဦးထံ၌ ဖြစ်စေ သွားရောက် အိပ်နေရမည်၊ ဤယနေ့ည ဤတရားဟော ကျောင်းသို့ ရိုဟန်နာအမည်ရှိသော မင်းကြီး၏သမီးတော် ဟူဆင်မာရန် လာလိမ့်မည်၊ ထိုအခါ မည်သူ တစ်စုံတစ်ယောက်မျှ ဤတရားဟောကျောင်းတွင် မနေရ၊ သို့ဖြစ်၍ သင့်ကို အခြားသို့ ငါစေလွှတ်သည်ဟု ပြောဆို၏။

အလီဒင်လည်း ကောင်းပါပြီဟု ဝန်ခံ၍ ထွက်သွားဟန်ပြုပြီးလျှင် ပြတင်းပေါက် တစ်ခုရှိသော ရေအိမ်ထဲသို့ ဝင်လျက် မင်းသမီးကို အလွန်ကြည့်ရှုလိုသောဆန္ဒဖြင့် ပုန်းအောင်း နေထိုင်လေ၏၊ ယင်းသို့ ရေအိမ်ပြတင်းပေါက်က မေးထောက်လည်မော် တရားဟော ကျောင်းကို မျှော်လျက်ကြည့်ရှုနေရာ မင်းသမီး ရုတ်တရက် ဝင်လာသည်ကို မြင်ရသဖြင့် လပုဏ္ဏမီ ယုန်စန္ဒီနှင့် တညီမယွင်း တင့်တယ်ခြင်းကြောင့် ကိလေသာမီးတောက် မိုးရောက် စွဲလောင် သည်းခေါင်စွဲငင် အလီဒင်မှာ ရှိုက်ငင်မရ ငေးမှိုင်ကျ၍ ဒုက္ခကြီးစွာ ရောက်နေလေ သတည်း။

ထိုအခါ ဟူဆင်မာရန်မင်းသမီးသည် မိမိအပါး၌ရှိသော ဇူဘီဒါခေါ် သတို့သမီးကို ဤသို့ဆို၏၊ အို ဇူဘီဒါ၊ သင်သည် အဆိုကောင်း အကကောင်း အသံကောင်းဖြစ်သည်အတိုင်း သီချင်းခန့် သီချင်းဆန်းတို့ကို သီဆို၍ အကျွန်ုပ်အား ဖြေဖျော်ပါလောဟု ဆိုသည်၊ ဇူဘီဒါက အို သခင်မ၊ အကျွန်ုပ်လင် အလီဒင်နှင့်ပြန်၍ ပေါင်းရလျှင် သီဆိုတီးမှုတ်ပါမည်ဟု ဆို၏၊ ထိုအခါ မင်းသမီးက အို ဇူဘီဒါ၊ သင့်လင်နှင့် ပေါင်းသင်းရမည့် အကြောင်းကိုလည်း နောက်နောင်က သင့်အား ငါကတိသစ္စာ ပေးဖူးလှပြီ၊ ယခု သင် ငါ စေခိုင်းသည့်အတိုင်း သီချင်း သီဆိုပါမူ သင့်အသံကို သင့်လင် အလီဒင်ကြားလိမ့်မည်ဟုဆို၏၊ ဇူဘီဒါက အို သခင်မ၊ အကျွန်ုပ်လင်သည် ယခု အဘယ်အရပ်မှာ ရှိပါသနည်းဟုမေးရာ သင်၏လင်သည် ယခုအိမ်သာထဲ၌ ပုန်းအောင်းနေသည်ဟု ဆို၏။

ထိုအခါ ပုန်းအောင်းချောင်းကြည့်နေသူ အလီဒင်လည်း ကွယ်လွန်သေဆုံးသူ မိမိ မယား ဇူဘီဒါကိုမြင်လျှင် သိ၏၊ မင်းသမီးနှင့် ဇူဘီဒါ အပြန်အလှန် ပြောဆိုကြသော စကားကို လည်း ကြား၏၊ မယားကိုမြင် ဘဝင်ဖိုဟိုက် ပင့်သက်ရှိုက်၍ လိုက်တော့မည် ကြံရွယ် သော်လည်း တရားဟောကျောင်း အမယ်အိုကြီးကို ကြောက်၍ တက်ခေါက်ငေးမှိုင် အနိုင်နိုင် အောင့်လျက် ရှိနေစဉ် ဇူဘီဒါသည် သီချင်းသီဆိုတီးမှုတ်ရန် ဤသို့ နိဒါန်းကျူးရင့်လေ သတည်း။

အပူဗျာပါ ရွှေဖူဒါမှာ ပူတာမအေး လင်နှင့်ဝေး၍ အေးအေးသံချို အလွမ်းပိုအောင် နဂိုကြော့ကြော့ ညိုပျော့ပျော့နှင့် ငိုတော့ငိုမယ် ဟိုတနယ်ကို ပျိုမယ်ရှုမိ လွမ်းမချိခဲ့၊ နွမ်းရိ ရွှေကြာ ကဲ့ပမာသို့ သူဇာငယ်သွေး ချိုသံဆေးဖြင့် ဆိုတေးကဗျာ တံတျာကို ဘယ်ညာ မြှောက်ချိုး လက်ရွယ်သီးသည် မငြီးသာယာလှပါတကားဟု ခံ၍ တီးလေ၏။

ထိုအခါ ဇူဘီဒါအသံကိုကြားရသော အလီဒင်သည် အသက်ကို ကြောက်ရွံ့၍ ပုန်းနေရ သော်လည်း မခံမရပ်နိုင်သဖြင့် သေလိုသေ ကြေလိုကြေ ဖြစ်လိုရာဖြစ်စေဟု သဘောထား ပြီးလျှင် မယားဟောင်း ဇူဘီဒါရှိရာသို့ အိမ်သာမှထွက်၍ ပြေးလာသည်၊ တရားဟော ကျောင်းသို့ တက်၍ ပရိသတ်တို့ရှေ့၌ပင် ဇူဘီဒါကို ပိုက်ပွေ့ထား၏၊ ဤကဲ့သို့ ပိုက်ပွေ့ သောအခါ ရာထောင်သိန်းသန်း အလွမ်းပိုမို ငိုယိုနေ့တိုင်း အရိုင်းကံခေါ် ကွဲကြလေသည်၊ ပန်းရွှေစကား ဝါဇူဘီဒါဟူ၍ လည်းကောင်း၊ ဇူဘီဒါကလည်း စာရေး၍လည်း မပြောနိုင် နှုတ်စကားဖြင့်လည်း မပြောနိုင် ခုတိုင်ကွဲရ အကျွန်ုပ်ဒုက္ခက အဆရာကုဋေ ဖြိုးမောက် စွေသည် မသေ၍သာ တွေ့ရရှာသည်၊ မေတ္တာလည်ရစ် အချစ်မြင့်မိုရ် အစ်ကိုသခင် အလီဒင်ဟူ၍ လည်းကောင်း တစ်ယောက်နှင့်တစ်ယောက် သာမန်သာ ခေါ်နိုင်လျက် အဆုံးသတ်အောင် မပြောမဆိုနိုင်ဘဲ တစ်ယောက်နှင့်တစ်ယောက် ဖက်ပြီးလျှင် သတိမေ့ လျော့လျက် လဲကြေလေသတည်း။

ထိုအခါ ကိုယ်ချင်းစာနာ၍ လွန်စွာသနားတတ်သော မင်းသမီး ဟူဆင်မာရန်သည် ရုတ်တရက်ထ၍ ဟယ် အချင်းတို့၊ အလွန်ဝမ်းနည်းကြေကွဲ သနားဖွယ်ရာ ကောင်းသည်၊ သင်တို့ကြည့်၍ မနေကြနှင့်၊ လာကြကုန် နံ့သာရေမွှေးယူခဲ့ကြဟု ဆို၍ နာနပ်ခြင်းကို ပြု၏။ နာနပ်သောအခါ နှစ်ဦးလုံးသတိရ၍ တစ်ဦးမျက်နှာကို တစ်ဦးကြည့်ပြီးလျှင် ရယ်ငိုတစ်ချက် တစ်ယောက်လက်ကို တစ်ယောက်ဆွဲ၍ မရဲသလို ရဲသလိုနှင့် အချစ်ကိုမယုံတယုံ ရှေးကလို မပုံဝံ့သကဲ့သို့ အာရုံမကြေ ရှိကြလေ၏။

ထိုအခါ အလီဒင်က အို ချစ်နမ၊ သင်သည် ကွယ်လွန်သေဆုံး၍ ငါ၏ကိုယ်တိုင် ယူကျုံးမရ တသငိုကြွေးလျက် သင်္ဂြိုဟ် ရျာပနပြုပြီးမှ သင်သည် သေကြေခြင်းမရှိဘဲ ဤနန်းတော်သို့ အဘယ့်ကြောင့် ရောက်လာရသနည်းဟု မေး၏။ ထိုစကားကို ဇူဘီဒါ ကြားလျှင် အို သခင် အလီဒင်၊ အကျွန်ုပ်၏ ဝိညာဉ်အသက် ပျက်စီးသေဆုံးခြင်း မရှိပါတကား၊ အကြောင်းမှာ ဂျင်ခေါ်သော နတ်ကြီး၏ သားတစ်ယောက်သည် ကျွန်ုပ်ကို ရုတ်တရက်

ယူဆောင်၍ ဤနန်းတော်သို့ ပို့ထား၏၊ သင် ငိုကြွေး၍ မြေ၌ မှောက်ခုံ့စွာပနပြုရသော အလောင်းကောင်ကား အကျွန်ုပ်အလောင်းကောင်မဟုတ်၊ အကျွန်ုပ်၏ သဏ္ဍာန် ဂျင်နီရန် နတ်သမီး ဖန်ဆင်းသော အလောင်းကောင်မျှသာ ဖြစ်ချေသည်၊ အသင်မြှုပ်နှံပြီးသည့်နောက် ဂျင်နီရန် နတ်သမီးသည် သင်္ချိုင်းမြေကို ခွဲဖောက်၍ အကျွန်ုပ်ကို ယူဆောင်ခဲ့ပြီးလျှင် ဟူဆင်မာရန် မင်းသမီး၏ အလုပ်အကျွေး အခြံအရံအလို့ငှာ ဤနန်းတော်၌ ထားလေ၏၊ ထိုအခါ အကျွန်ုပ်သတိရ၍ မျက်စိကို ဖွင့်လှစ်ကြည့်ရှုသည်ရှိသော် နေရင်းဌာန မဟုတ်သည့်ပြင် ချစ်ခင်စုံမက် အသက်အသွင် စိတ်ကထင်သော သင်နှင့်ကွဲရ၍ ဝမ်းထဲနလုံး ယူကျုံးမရ ချွန်းချလိုက်ဖို ငိုယိုမြည်တမ်း၍ အို ကျေးဇူးရှင်တို့၊ အကျွန်ုပ်ကို အဘယ်ကြောင့် ဤနေရာသို့ ယူဆောင်လာရသနည်းဟု မေးသည်၊ မင်းသမီးက အို ဇူဘီဒါ၊ သင့်ကို ဤအရပ်သို့ ယူဆောင်ခဲ့ခြင်းမှာ အခြားကြောင့်မဟုတ်၊ သင်၏လင် အလီဒင်နှင့် ချစ်ခင်စုံမက် နှစ်သက်ကြင်နာစွာ အုံးစက်ရာ ယှဉ်ပြိုင်လျက် ပေါင်းဖက်စေလိုသောကြောင့် သင်နှင့်ကျွန်ုပ် အခြွေအရံမယား မခြားတူကွ ပြုလုပ်အံ့သောငှာ ယူဆောင်လာခဲ့သည်၊ သင် သဘောဆန္ဒ တူမျှ ညီညွတ်ပါ၏လောဟု မေးမြန်းသည်၊ သဘောဆန္ဒ တူမျှညီညွတ်ကြောင်းကို အကျွန်ုပ် ဝန်ခံပြီးမှ အကျွန်ုပ်က အို သခင်မ၊ အကျွန်ုပ်၏လင် အလီဒင်သည် ယခုအခါ အဘယ်မှာ နေထိုင်ပါသနည်းဟု မေးမြန်းသည်၊ မင်းသမီးက အို ဇူဘီဒါ၊ သင့်လင် အလီဒင်၏နဖူး၌ စာတမ်း ရေးထိုးထားလျက်ရှိ၏၊ ထိုစာတမ်း၏ အဓိပ္ပါယ်မှာ အလီဒင်သည် တစ်ဘဝတွင် မတွေ့မကြုံဖူးသော ဒုက္ခကြီးအတန်တန်ကို တွေ့ကြုံခံစားပြီးမှ ဤနန်းတော်သို့ရောက်၍ အသင်နှင့် ကျွန်ုပ် မဆုတ်မနစ် ချစ်ခင်မေတ္တာ တူမကွာပေါင်းဖော်ရလိမ့်မည်ဟု ပါရှိသည်၊ ဤသို့ အကျွန်ုပ်အား ပြန်ပြော၍ နေ့ရောညဉ့်ပါ လာလိမ့်နိုးနိုး မျှော်ကိုးနေထိုင် ယနေ့တိုင် ကြာရှိရလေသည်ဟု ငိုယို၍ ပြန်လှန်ပြောဆိုလေ၏။

ထိုအခါ ဟူဆင်မာရန်မင်းသမီးသည် အလီဒင်မျက်နှာကို စေ့စေ့ကြည့်ရှုတော်မူ၍ အို အလီဒင်၊ သင်သည် အကျွန်ုပ်အား မယားအဖြစ်နှင့် ချစ်ခင်စွာ ပေါင်းသင်းနိုင် ပါမည် လောဟုမေး၏၊ ထိုအခါ အလီဒင်က အို သခင်မ၊ သခင်မနှင့် ကျွန်ုပ် ဘာသာကွဲပြား တရားမတူ၍ အဘယ်သို့ ပေါင်းဖော်နိုင်ပါမည်နည်းဟု ဆို၏၊ ထိုစကားကို မင်းသမီးကြားလျှင် အို အလီဒင်၊ အကျွန်ုပ်ကား ငယ်စဉ်ကသာ ခရစ်ယာန်ဘာသာဝင်၊ ယခုမူကား မဟာမက် ဘာသာတရားကို သိနားလည်ပြီဟု ဆိုလေ၏။

ထိုအခါ အလီဒင်က အို သခင်မ၊ အကျွန်ုပ်နေရပ်ဌာန မိဘတို့စံရာ အောင်ချာကိုင်ရို တိမ်ညိုပိုက်ဆီး ရွှေပြည်ကြီးကိုသာ ပြန်လိုပါသည်ဟု ခွင့်တောင်းသည်၊ မင်းသမီးက အို အလီဒင်၊ သင်၏အလိုဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်စုံစေမည်၊ ဘက်ဂဒက်မြို့၌လည်း ရှေးနဖူးစာ သင်နှင့်အကြောင်းပါသော ရာစမန်ကဖွားမြင်သော သင်၏ ရင်သွေးသည် ယအခုအခါ အသက်အရွယ် ၁၈ နှစ်ရှိ၍ အဲဆလင်ဟူသော အမည်နာမဖြင့် နိုင်ငံအလုံး ကျော်စော ထင်ရှားနေ၏၊ သင်၏သား အဲဆလင်သည် အဆင်အခြင်ဉာဏ်ပညာနှင့် ပြည့်စုံ၍ ဘက်ဂဒက်မင်းကြီးထံ ဆည်းကပ်ခစားရာ မင်းကြီးလည်း အလွန်ချစ်မြတ်နိုးတော်မူ၍ သင်၏ ရာထူးဌာနနန္တရကို ခံစံလျက် နေနေ၏၊ ယခုအခါ သင်၏အပေါ်၌ မတရားသဖြင့် ဖြစ်ရသော အမှုများကိုလည်း တရားသဖြင့်ဖြစ်စေ၍ အာမက်ကမာကင်သူခိုးကြီးကို အကျဉ်းထောင်၌ ချုပ်နှောင်ချထားလေပြီ၊ အို အလီဒင်၊ အလက်ဇန္ဒရာမြို့ သင်၏ ဈေးဆိုင်၌ ဆွဲထားသော ပုတီးစေ့သည်ကား အခြားမဟုတ်၊ အသင်နှင့်အကျွန်ုပ် ဆက်ဆံပေါင်းသင်းဖို့ရာ ဖူးစာ ပုတီးစေ့ကို ရည်မှန်း၍ထားသော အကျွန်ုပ်ပုတီးစေ့ဖြစ်သည်၊ ထိုအလက်ဇန္ဒရာမြို့၌ သင့်ကို ဖမ်းဆီးသော ကပ္ပတိန်သည်လည်း အကျွန်ုပ်ကို ချစ်ခင်စုံမက်၏၊ သို့ရာတွင် အကျွန်ုပ်က ကပ္ပတိန်၊ ဤပုတီးစေ့ရှင်ကို ပုတီးစေ့နှင့်တကွ ရအောင်ဖမ်းဆီး ဆက်သနိုင်မှသာလျှင် သင်အလိုရှိရာဆန္ဒကို လိုက်နာနိုင်မည်ဟု ဆိုသောကြောင့် ကပ္ပတိန်သည် သင့်ကို လိမ်လည် လှည့်ဖြား ယူဆောင်ခဲ့၏၊ ဤပုတီးစေ့သည်လည်း သာမညပုတီးစေ့မဟုတ်၊ မျက်နာ ငါးရပ်သည် စကြောငါးရပ်ဖြစ်၏၊ အကြောင်းကိုဆိုသော် အကျွန်ုပ်မိခင်၏ မိခင်ဖြစ်သော အကျွန်ုပ်၏ အဘွားသည် အာကာဝေဟင် ကောင်းကင်ပျံသန်း အစွမ်းသတ္တိနှင့်ပြည့်စုံသော ကဝေသာရ စုန်းမတို့အတတ်ကို တစ်ဖက်ကမ်းခတ် တတ်၏၊ ထိုအဘွားသည် ဝေဟင်အဇ္ဈာ အာကာနဘံ မိုးပျံစက်ကြိုး တိမ်ညွန့်ထိုးအောင် ပျံသန်းသွားလာနိုင်၏၊ ဤပုတီးစေ့ကို ပိုင်ဆိုင်ဆောင်ထား အဘွားကွယ်လွန်ခါနီး၌ အကျွန်ုပ်အား လေးမြတ်ချစ်ခင်သည့်အတိုင်း ဤပုတီးစေ့ကိုပေးခဲ့၏။ အကျွန်ုပ်၏ အဘွား မကွယ်လွန်မီ အကျွန်ုပ်၏ခမည်းတော်က အကျွန်ုပ်၌ လာလတ္တံ့သော အနာဂတ်ကာလ၌ မည်ကဲ့သို့ဖြစ်မည်ကို ဗေဒင်ကြည့်ရှု ဟောစေ ချင်ပါသည် တောင်းပန်၍ ဟောပြောသည်မှာ သင့်အား အလက်ဇန္ဒရာမြို့က လာသောသူ သတ်၍ သေလိမ့်မည်ဟု ဟောပြောခဲ့သည်၊ ၎င်းမြို့ကလာသော ခရီးသွားကုန်သည်များကို အတန်တန် သတ်ဖြတ်ခြင်းကို လည်းကောင်း၊ ရှေ့တော်သို့ ပို့ဆောင်ခဲ့စေခြင်းကို

လည်းကောင်း ပြုရမည်ဟု ကပ္ပတိန်အား အမိန့်ထုတ်ဆင့်၍ထား၏၊ ကပ္ပတိန်လည်း အမိန့်ကို နာခံ၍ အလက်ဇန္ဒရာမြို့က လာသူဟူသမျှကို ဖမ်းဆီးချုပ်နှောင်ကာ ရှေ့တော်သို့သွင်းသည်၊ ခမည်းတော်မင်းသည် အတင်းသတ်ဖြတ်သည်ကား မရေတွက်နိုင်များပြားကုန်၏၊ ယခုလည်း အသင်နှင့်အတူတကွ ဖမ်းဆီးလာသူ ပသီကုန်သည် ၄၀ တို့ကို သတ်ပြီး၍ အသင်၏ အလှည့်သို့ ရောက်သောအခါ အသင်သည် အကျွန်ုပ်၏ ဖူးစာရှင် ချစ်ကြင်ဇနီး မငြိုးမွေ့လျော် ပေါင်းဖော်ထိုက်သောဘုန်းကံရှင်ဖြစ်၍ အသင့်ကိုမသတ်စေရန် အမယ်အိုကြီးတစ်ယောက်ကို ခမည်းတော်ထံသို့ အကျွန်ုပ် လွှတ်လိုက်သဖြင့် သင် အသက်ချမ်းသာရရတော့သည်ဟု ပြန်ပြောလေသတည်း။

ထိုအခါ အလီဒင်သည် တရားဟောကျောင်းတွင် ဟူဆင်မာရန် မင်းသမီးနှင့် တိတ်တဆိတ် လက်ထပ်ပြီးမှ အို ချစ်နမ၊ မိဘာစံရာ တိမ်လွှာမှိုင်းညို့ ကိုင်ရိုမြို့ကို မချိနေ့စဉ် လွမ်းရေငင်သဖြင့် ပြန်ချင်သောဆန္ဒသာ အကျွန်ုပ်၌ ရှိတော့သည်ဟုဆို၏၊ ထိုစကားကို မင်းသမီးကြားလျှင် ကောင်းပြီဟုဆို၍ အလီဒင်ကိုခေါ်သွားပြီးလျှင် ရေအိမ်ထဲ၌ ခေတ္တ ဝှက်ထားခဲ့ပြီးမှ နန်းတော်သို့ ပြန်သွားလေ၏၊ ရောက်သောအခါ ခမည်းတော်မင်းကြီးထံ ဝင်သည်ရှိသော် ခမည်းတော်မင်းကြီးက အို ချစ်သမီး၊ ယနေ့ ခမည်းတော်စိတ်စက်မရွှင် ပူပင် ကြောင့်ကြ သောကမဆုံး နှလုံးတုန်လှုပ်လျက်ရှိလှ၍ စိတ်နှလုံးသာယာ စေရန် အရက် သောက်လိုသဖြင့် အရက်ကို ထည့်ကပ်စေလိုသည်ဟုဆို၏၊ မင်းသမီးလည်း ထ၍ အရက်ထဲ၌ အိပ်ဆေးထည့်ခပ်လျက် ခမည်းတော်အား ဆက်သရာ ခမည်းတော်လည်း သောက်သည်နှင့် တစ်ပြိုင်နက် မေ့လျော့လဲကျသွားလေ၏။

ထိုအခါ ဟူဆင်မာရန် မင်းသမီးသည် အလီဒင်ထံသို့သွား၍ အို အလီဒင်၊ ယခု သင်၏ ရန်သူခမည်းတော်မင်းကြီးကို အိပ်ငွေ့ဆေးထည့်၍ အရက်တိုက်သောကြောင့် လဲပြိုလျက် ရှိနေလေပြီ၊ သင် အလိုဆန္ဒရှိရာ ပြုလေလော့ဟုဆို၍ အတူတကွ နန်းတော်သို့ သွားကြ လေ၏။

ထိုအခါ အလီဒင်သည် အိပ်ဆေးမိနေသော မင်းကြီးကို အဆိပ်ဖြေပေးရာ သတိရသဖြင့် အလီဒင်နှင့် သမီးတော် ထိုင်နေကြသည်ကို မြင်လျှင် ချစ်သမီး၊ အဘယ်ကြောင့် ဤကဲ့သို့ ပြုရသနည်းဟု မေး၏၊ သမီးတော်က အို ခမည်းတော်၊ အကျွန်ုပ် ယခု ပသီ ဘာသာကို လိုက်နာယုံကြည်ပြီ၊ ဖခင်လည်း ဤကဲ့သို့ ပသီဘာသာကို လိုက်နာ ယုံကြည်စေ

လိုပါသည်၊ အကယ်၍ မယုံမကြည်ရှိနေခဲ့လျှင် ဖခင်အား အလက်ဇန္ဒရာမြို့က လာသောသူ သတ်၍ သေလိမ့်မည်ဟု အကျွန်ုပ်အဘွား ဟောပြောခဲ့သည့်အတိုင်း အသက်သေရ လိမ့်မည်ဟု ပြောဆို၏။

ထိုစကားကို မင်းကြီးကြားလျှင် ချစ်သမီး၊ ငါ ပသီဘာသာကို မယုံကြည်နိုင်ဟု ဆို၍ ငြင်းဆန်လျက် ရှိနေသောကြောင့် အလီဒင်သည် ရတ်တရက်ထ၍ လည်ပင်းကို ဓားသန်လျက် ဖြင့် ပိုင်းဖြတ်ပြီးလျှင် အကြောင်းအရာ အတ္ထုပ္ပတ္တိ အလုံးစုံကို နဖူးပေါ်၌ စာတမ်းထိုးခဲ့ လေသည်။

ထိုအခါ ဟူဆင်မာရန်မင်းသမီးသည် အလီဒင်ကို လက်ဆွဲလျက် တရားဟော ကျောင်းသို့ လာပြီးလျှင် ပုတီးစေ့၏ မျက်နှာတစ်ဖက်ကို လက်နှင့်ပွတ်သပ်ရာ လေယာဉ်ပျံ ရထား ဖြစ်လာ၍ ၎င်းရထားပျံပေါ်သို့ အလီဒင်နှင့် ဇူဘီဒါတို့ကို တင်ပြီးလျှင် မိမိနှင့်တကွ တက်စီး၍ ကောင်းကင်ခရီးဖြင့် ပျံသန်းသွားကြလေ၏၊ လမ်းခရီးသို့ ရောက်သော် မြေသို့ တစ်ဖန်သက်စေ၍ ပုတီးစေ့မျက်နှာတစ်ဖက်ကို ပွတ်သပ်ပြန်ရာ စံအိမ်တော်ငယ်ဖြစ်၏၊ သို့ရာတွင် သစ်ပင်မပေါက်၊ ခန်းခြောက်သော နေရာဌာနဖြစ်၍ အလွန်ပူအိုက်သောကြောင့် ပုတီးစေ့လေးမျက်နှာကို ကောင်းကင်အဇ္ဇ္ဈာသို့ လှည့်လည်ကာ ပွတ်သပ်သည်၊ ရတ်တရက် စိမ်းစိမ်းစိုစို ထိုထိုသော အသီးအပွင့်ပြည့်စုံသော သစ်ပင်များပေါက်ရောက်လျက် နဒီ ရေကြောင်း လေ့လောင်းသဘော် သောသောညာညာ သွားလာနိုင်လောက်အောင် မြစ်ရေ အသွင် ရေအယဉ်ဖြစ်လာလေ၏၊ ထို့နောက် အစာအာဟာရအလို့ငှာ မျက်နှာတစ်ဖက်ကို ပွတ်သပ်သည်ရှိသော် သုဓာဘောဇဉ် ချိုချဉ်ရသာ အမျိုးမျိုးနှင့်ပြည့်စုံသော ထမင်းပွဲတော် ဖြစ်လာ၍ မြိန်ယှက်ပျော်ရွှင်စားသောက်ကြလေသတည်း။

ထိုအခါ ဟူဆင်မာရန်မင်းသမီး၏ မောင်တော်မင်းသားငယ်သည် ခမည်းတော်ကို စက်ပျော်ရာမှ နိုးရန် အဆောင်တော်တွင်းသို့ ဝင်သွားသည်၊ ကွယ်လွန်သေဆုံး၍ နေသည်ကို တွေ့မြင်၍ တောင်မြောက်အရပ်လေးမျက်နှာကို လည်းကောင်း၊ ခမည်းတော်၏ အလောင်းကို လည်းကောင်း စုံစမ်းကြည့်ရှုသည်ရှိသော် အလီဒင်ရေးထိုး၍ ထားခဲ့သော စာတမ်းကို တွေ့ဖတ်ရှုရ၍ အစ်မတော် ဟူဆင်မာရန်မင်းသမီးကို လိုက်လံရှာဖွေစေရာ မတွေ့မြင်သဖြင့် အမယ်အိုကြီးကို စစ်ဆေးသည်၊ အမယ်အိုကြီးလည်း မတွေ့မမြင်ရကြောင်း ပြောဆို

သောကြောင့် စစ်သည်ဗိုလ်ပါ အလုံးအရင်းများစွာကို ရုတ်တရက်စီရင်စေပြီးလျှင် အလီဒင်တို့နောက်သို့ ထက်ကြပ်မကွာလိုက်လေ၏။

ထိုအခါ စစ်သည်ဗိုလ်ပါ အလုံးအရင်း များစွာလိုက်ပါလာသည်ကို မင်းသမီးမြင်လျှင် အို ငယ်ကကျွမ်းဝင်အလီဒင်၊ သင်သည် စစ်မက်ဆိုင်ပြိုင် တိုက်ခိုက်ခြင်း အတတ်ပညာ၌ ကျွမ်းကျင်လိမ္မာပါ၏လောဟု မေးသည်၊ မကျွမ်းကျင်ကြောင်း ပြော၍ မင်းသမီးသည် ဣစ္ဆာသယ လိုတိုင်းရသော မိမိပုတီးစေ့မျက်နာကို ပွတ်သပ်ရာ မြင်းစီးသူရဲကောင်း တစ်ယောက် ထွက်လာကာ မောင်တော်မင်းသားငယ်၏ ဗိုလ်ခြေတို့ကို တွန်းလှန်ဖြိုဖျက်ကာ အောင်မြင်လေ၏။

ထိုအခါ မင်းသမီးက အို အလီဒင်၊ ယခုမောင်တော်မင်းသားငယ်၏ စစ်သည်ဗိုလ်ခြေတို့ကို အောင်မြင်ပြီ၊ သင်သည် အလက်ဇန္ဒရာမြို့ကိုပင် သွားမည်လော၊ သို့မဟုတ် သင့်မိဘတို့စံရာ ကိုင်ရိုမြို့သို့ပင် သွားမည်လောဟု မေး၏၊ အလီဒင်က ချစ်နမ၊ အလက်ဇန္ဒရာမြို့ကို သွားမည်ဟုဆို၍ ရထားပျံကို တက်စီးကြပြီးလျှင် မျက်စိတစ်မှိတ် လျှပ်တပြက်အတွင်း အလက်ဇန္ဒရာမြို့သို့ ရောက်လေ၏၊ ထိုအခါ မိမိဝယ်ထားသော ဈေးဆိုင်ကြီးသို့ မယား ခင်ပွန်းနှစ်ယောက်ကို ခေါ်သွားပြီးလျှင် စားဖွယ်သောက်ရာ အချိုအချဉ်များကို သုံးဆောင်ရန် ပြင်ဆင်နေကြစဉ် ဘက်ဂဒက်မြို့က အာမက်အက်ဒနက်အရာရှိကြီး ရောက်လာလေ၏၊ ၎င်းတို့ကို တွေ့ကြုံရသောအခါ အလီဒင်သည် အာမက်အက်ဒနက်ခြေကို ဦးတိုက်၍ ဝမ်းမြောက် ဝမ်းသာ မိမိဖြစ်ပျက်သမျှသော အကြောင်းအရာ အလုံးစုံကို ပြန်ပြော၏။

ထိုအခါ အလီဒင်က အို အာမက်အက်ဒနက်၊ ယခု ကျွန်ုပ်မိဘစံရာ ကိုင်ရိုမြို့သို့ ပြန်လိုသော ဆန္ဒရှိကြောင်းကို ပြောဆိုသည်၊ အာမက်အက်ဒနက်လည်း သဘောတူ၍ ဟူဆင်မာရန်၊ ဇူဘီဒါ၊ အာမက်အက်ဒနက်၊ အလီဒင်လေးဦးတို့သည် သုတ်ဖြူးလေပြည် ဆော်ရွှမ်းစည်လျက် စိန်ခြည်ရောင်လျှံ လေယာဉ်ပျံသို့ တက်စီးကြပြီးလျှင် ကောင်းကင်ခရီးဖြင့် ကိုင်ရိုမြို့သို့ သွားကြလေ၏၊ ထိုအခါ အလီဒင်မိဘစံနေရာ ကိုင်ရိုပြည် ဒွါအယ်အက်စဖာ အမည်ရှိသော အရပ်သို့ရောက်၍ ရထားပျံမှ ဆင်းသက်ပြီးလျှင် လက်ဝဲလက်ယာခြံရံပါသော ဇနီးမိန်းမနှစ်ယောက်နှင့်တကွ မိဘတို့အိမ်သို့ အရိုအသေရှိခိုးရန် တက်ကြလေ၏။

မိဘနှစ်ပါး သူဌေးလင်မယားတို့လည်း ငါတို့သားကား ကွယ်လွန်သေဆုံးလေပြီဟု နေ့ညမစဲ မျက်ရည်ရွှဲဖြင့် လွမ်းပွဲခံ၍နေစဉ် အိမ်တံခါးခေါက်သံကြား၍ ဖွင့်လှစ်ကြည့်ရှုရာ

အလီဒင်ကို မြင်သဖြင့် ဝမ်းမြောက်ဝမ်းသာ မျက်နှာရွှင်ပြုံးသည် တစ်ချက်၊ ငဲ့ကွက်ထိုထို ငိုယိုသည်တစ်ချက်၊ သား၏လည်ကိုဖက်ပြီးလျှင် အကြောင်းအရာစုံကို မေးမြန်းကုန်၏၊ အလီဒင်လည်း ဖြစ်ပျက်သမျှသော အကြောင်းအရာအလုံးစုံကို အကုန်ပြန်ပြောပြ၏၊ ထို့နောက် အလီဒင်သည် မိဘနစ်ပါး သူဌေးလင်မယားကို နှစ်သိမ့်စေ၍ မယားနှစ်ယောက်နှင့် အာမက်အက်ဒနက်ပါ ကိုင်ရိုမြို့သို့ မိဘအိမ်တွင် ၃ ရက်ခန့်မျှ နေထိုင်ပြီးလျှင် မိဘနစ်ပါး သူဌေးလင်မယားပါ ဆောင်၍ သားချစ်အဲဆလင်ကို ရှုမြင်လိုသောဆန္ဒနှင့် ဘက်ဂဒက်မြို့သို့ သွားကြလေ၏။

ရောက်သောအခါ အက်မက်အက်ဒနက်အမတ်သည် မင်းကြီးထံသို့ဝင်၍ အလီဒင်၊ ဤမြို့တော်သို့ ချမ်းသာစွာ ရောက်လာကြောင်းကို တင်လျှောက်လေ၏၊ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ အလီဒင်ကိုခေါ်စေ၍ ရှေ့တော်သို့ ရောက်လျှင် ချစ်သားအဲဆလင်၊ သင့်ဖခင် အလီဒင်ဖြစ်သည်ဟု မိန့်ကြား၏၊ အဲဆလင်လည်း အလီဒင်ကိုမြင်လျှင် ငိုချင်ရယ်ချင် ဖြစ်အင်အကြောင်း မပြန်ပြောင်းနိုင်ဘဲ ဖခင်၏ ခြေကိုဖက်၍ ငိုကြွေးလေ၏။

ထို့နောက် မင်းကြီးသည် သူခိုးကြီးကမာကင်ကို အကျဉ်းမှဆောင်ယူခဲ့စေကာ အလီဒင်၊ သင် အလိုဆန္ဒရှိရာ ပြုလုပ်လေဟုဆို၍ အပ်လိုက်၏၊ အလီဒင်လည်း ဓား သန်လျက်ကို ဆွဲ၍ တစ်ခါတည်း ခုတ်ပိုင်းပြီးလျှင် နန်းတော်အောက်သို့ ချလိုက်လေ၏၊ ထို့နောက် မင်းကြီးသည် ဟူဆင်မာရန် မင်းသမီးနှင့် အလီဒင်ကို ကြီးကျယ်ခမ်းနားစွာ လက်ထပ်မင်္ဂလာပြုပြီးလျှင် သားအဲဆလင်ကို ကြီးမြင့်သော ရာထူးဌာနန္တရဖြင့် ခန့်ထား၍ အသက်ထက်ဆုံး မပျက်မကွက် နှစ်သက်မေတ္တာ စေတနာထပ်ကူး တစ်ဦးနှင့်တစ်ဦး ကြည်နူးစွာ ဆက်ဆံ ပေါင်းသင်းလျက် အဆုံးသတ်၍ ကောင်းရာသုဂတိသို့ ရောက်ကြလေ သတည်း။ ။

## ပသီပုံပြင်ဝတ္ထုကြီး ပြီး၏။

၏

# တစ်ထောင့်တစ်ည ပြောရသော ပသီပုံပြင်ဝတ္ထုကြီး

မူရင်း

